# ပင်လုံစိတ်ဓါတ်သည်မှ ပင်လုံသစ္စာဆီသို့

## တန်းတူသောပြည်ထောင်စုကို ရည်မှန်းလျက် လျှောက်ခဲ့ကြသော ခရီးရှည်

ဖက်ဒရယ်ယဉ်ကျေးမှု စာစဉ် - ၈





ခွန်းမတ်ရ်ကိုဘန်
Khau Marko Ban


စုစည်းတင်ပြသည်။

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ - ပ–၂၀၀၃၊ ဒု ၂၀၀၇၊ တ–၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ

အုပ်ရေ- ၂၀၀၀

မျက်နှာဖုံး ဒီဇိုင်း - မမွေး

အတွင်းဒီဇိုင်း- ပေါင်းဟွမ်

ထုတ်ဝေဖြန့်ချီသူ- ပြည်ထောင်စုအင်စတီကျူ့

Publication Series - P0122PI13-A

ရေးသားပြုစုသူ- ခွန်းမာတ်ရ်ကိုဘန်

သုတေသနဒါရိုက်တာ- ဒေါက်တာစိုင်းဦး

## ကျေးဇူးတင်စကား

ဤသမိုင်းဝင် စာအုပ်ပြန်လည်ထုတ်ဝေရေးအတွက် ခွင့်ပြုပေးသော မူလစာရေးသားသူ ခွန်းမာတ်ကိုဘန်အား အထူးကျေးဇူးတင်ပါသည်။ စာအုပ်၏ သမိုင်းဆိုင်ရာ အချက်အလက်များ တိကျမှန်ကန်ရေး၊ လိုအပ်ချက်များကို ပိုမိုပြီးပြည့်စုံအောင် အဖက်ဖက်မှ အားကျိုးမာန်တက်စွာ သုတေသနပြုပြီး ကူညီခဲ့ကြသော ပြည်ထောင်စု အင်စတီကျူ့၏ သုတေသီများကိုလည်း အထူးကျေးဇူးတင်ပါသည်။ အထူးသဖြင့် သုတေသန ဒါရိုက်တာ ဒေါက်တာ စိုင်းဦး၊ စာအုပ်အား ပြန်လည်စီစစ်ရေးကို အစမှအဆုံး သေချာစွာ စီစစ်ပေးသော လနန်နှင့် အဖွဲ့သားများ ဖြစ်ကြသော ခါးနူးပန်တိုင်း၊ စလင်းကိုလှိုင်၊ ထန်ဆန်အွေး၊ နန်းနွမ်ခမ်းတို့အား လည်းကောင်း၊ မြန်မာစာ တိကျမှန်ကန်ရေးအတွက် စီစစ်ပေးသော ဇမ်းခန့်ထန်တို့ အထူးပင်ကျေးဇူးတင်ပါသည်။

# ပင်လုံစိတ်ဓါတ်သည်မှ ပင်လုံသစ္စာဆီသို့

# တန်းတူသောပြည်ထောင်စုကိုရည်မှန်းလျက် လျှောက်ခဲ့ကြသောခရီးရှည်

ခွန်းမာတ်ရ်ကိုဘန် စုစည်းတင်ပြသည်။

PYIDAUNGSU INSTITUTE
for peace & dialogue

EBO MYANMAR

# မာတိကာ


| | | |
|---|---|---|
| ခွန်ထွန်းဦး၏ အမှာစာ | ............................... | XIII |
| စိုင်းခွန်းဆေ၏ အမှာစာ | ............................... | XXI |
| ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဌ ဦးဝိုင်ဆာခ့်၏ အမှာစာ | ............................... | XXII |
| ဗိုလ်ချုပ်ကြီးဆေအွန် (ခေါ်) စိုင်းတင်ဖေ၏ အမှာစာ | ............................... | XXIV |
| ဦးလနန်ဘောက်၏ အမှာစာ | ............................... | XXVI |
| ဦးအေးသာအောင်၏ အမှာစာ | ............................... | XXX |
| စာရေးပြုစုသူ၏ အမှာစာ | ............................... | XXXV |

## အခန်း (၁) ပဒေသရာဇ် ခေတ်ကာလ

| | | |
|---|---|---|
| (က) မြေပြန့်ဒေသ ပဒေသရာဇ်မင်းများ | ............................... | 3 |
| (ခ) တောင်တန်းဒေသ ပဒေသရာဇ်မင်းများ | ............................... | 4 |
| (ဂ) ပဒေသရာဇ်ဘုရင်များနှင့် တောင်တန်းဒေသ ပဒေ သ ရာဇ်မင်းများဆက်ဆံရေး | ............................... | 4 |

## အခန်း (၂) အင်္ဂလိပ်ကိုလိုနီခေတ်ကာလမှ လွတ်လပ်ရေးရရှိသည့်အချိန်ထိ တိုင်းရင်းသားလူမျိုးနယ်မြေများ အနေအထား

| | | |
|---|---|---|
| (က) တိုင်းရင်းသားများနယ်မြေအပိုင်းအခြား | ............................... | 10 |
| (ခ) တောင်တန်းဒေသများ (ဇယား (၁) [Part One] ဟု ခေါ်တွင်သည့် နယ်မြေများ) | ............................... | 11 |

(ဂ) တောင်တန်းဒေသများ ( ဇယား (၂) [Part Two] ဟုခေါ် တွင်သည့်နယ်မြေများ) ............................... 14

(ဃ) မြန်မာပြည်လွတ်လပ်ရေး (၁၉၄၈) မတိုင်မီအထိ ကရင်နီပြည်၏ သီးခြားလွတ်လပ်ခြင်းနှင့်ပတ်သက်သော စာချုပ်၊ မှတ်တမ်း၊ ရှင်းလင်းချက်များ ............................... 17

## အခန်း (၃) လွတ်လပ်ရေးကြိုးပမ်းသည့်ကာလ

(က) ဗမာပြည်မ လွတ်လပ်ရေးကြိုးပမ်းခြင်း ............................... 37

(ခ) ဖက်ဆစ်ဂျပန်ခေတ်ကာလနှင့် တိုင်းရင်းသားလူမျိုးများ အခြေအနေ ............................... 38

(ဂ) ဒုတိယကမ္ဘာစစ်အပြီး ဗမာပြည်မ နိုင်ငံရေးနိုးကြားမှု ............................... 40

(ဃ) ဖဆပလ အဖွဲ့ချုပ်နှင့် တောင်တန်းဒေသ ခေါင်းဆောင်များ စတင်တွေ့ဆုံ ရင်းနှီးလာခြင်း ............................... 40

(င) ရှမ်းပြည်လူငယ်များက (၂၁၊ ၁၊ ၄၆) နေ့စွဲဖြင့် ဖဆပလ အဖွဲ့ချုပ်သို့ပေးစာ ............................... 43

(စ) ရှမ်းပြည်လူငယ်များက (၂၀၊ ၂၊ ၄၆) နေ့စွဲဖြင့် ဖဆပလ အဖွဲ့ချုပ်သို့ပေးစာ ............................... 46

## အခန်း (၄) ပင်လုံညီလာခံဖြစ်ပေါ်လာပုံ အခြေခံအချက်များ

(က) ရှမ်းပြည်ခေါင်းဆောင်များ လွတ်လပ်ရေးအတွက် လှုပ်ရှားလာခြင်း ............................... 59

(ခ) ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေး အရေးဆိုရန် ဗြိတိသျှနိုင်ငံသို့ သွားရောက်ခြင်း ............................... 64

(ဂ) ရှမ်းပြည်စော်ဘွားက ဗြိတိသျှအစိုးရထံသို့ ကြေးနန်းစာပေးပို့ခြင်း ............................... 64
(ဃ) ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ (ရပလ) ဗြိသိသျှအစိုးရ ထံသို့ ကြေးနန်းစာပေးပို့ခြင်း ............................... 65
(င) ကြေးနန်းစာများအပေါ်သုံးသပ်ချက် ............................... 66
(စ) ပုဒ်မ (၈) နယ်ခြားဒေသများ ............................... 68

## အခန်း (၅) ဒုတိယ ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်ပေါက်ဖွားလာခြင်း

(က) ပင်လုံအလာ ကွတ်ခိုင်တွင် ကချင်ကိုယ်စားလှယ်များ အစည်းအဝေးပြုလုပ်ခြင်း ............................... 73
(ခ) ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်နေ့ မွန်းလွဲ ၂ နာရီ အချိန်တွင် ပင်လုံမြို့၌ ကျင်းပသော ရှမ်းနှင့်ကချင် ကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက် ............................... 76
(ဂ) ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက် (၉) နာရီ အချိန်တွင်ပင်လုံမြို့၌ ကျင်းပသော ချင်း၊ ကချင်၊ ရှမ်း ပူးတွဲကော်မတီ၏ ဆုံးဖြတ်ချက် ............................... 78
(ဃ) ဗိုလ်ချုပ်အောင်ဆန်း ပင်လုံသို့ရောက်ရှိလာခြင်းနှင့် တွေ့ဆုံဆွေးနွေးကြခြင်း ............................... 81
(င) ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ ပင်လုံ စာချုပ် ချုပ်ဆိုခြင်း ............................... 84

## အခန်း (၆) ပင်လုံစာချုပ်နှင့် ဆက်စပ်သော ကတိကဝတ်များ

၁။ ကချင်အမျိုးသားညီလာခံသဘောထားအပေါ် ဗိုလ်ချုပ် ပြောကြားသည့် ကတိကဝတ် ............................... 96

၂။ ဗိုလ်ချုပ်အောင်ဆန်း လွိုင်ကော်မြို့ဓမ္မာရုံတွင် ပြော ကြားသည့် မိန့်ခွန်း ............................... 98
၃။ တောင်ကြီးမြို့ ညောင်ရွှေဟော်တွင် ဗိုလ်ချုပ်အောင် ဆန်း ၏ဆွေးနွေးချက် ............................... 98
၄။ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြား သည့် မိန့်ခွန်း ............................... 101
၅။ တိုင်းပြုပြည်ပြုလွှတ်တော်ညီလာခံတွင် ဗိုလ်ချုပ် အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း ............................... 103
၆။ တိုင်းပြည်ပြုလွှတ်တော်တွင် ညောင်ရွှေစော်ဘွား ကြီး စဝ်ရွှေသိုက် မြွက်ကြားသည့် မိန့်ခွန်း ............................... 104

## အခန်း (၇) ပင်လုံစာချုပ်နှင့်ဆက်စပ်သောပြင်ဆင်ရေးလုပ်ငန်းများ

(က) ရှမ်း၊ ကချင်၊ ချင်းတို့၏ ပြင်ဆင်ရေးလုပ်ငန်းများ ............................... 109
(ခ) တောင်တန်းသားများ ညီညွတ်ရေးအဖွဲ့၊ ညောင်ရွှေ ဟော်တွင် အစည်းအဝေးပြုလုပ်ခြင်း ............................... 114
(ဂ) တောင်တန်းဒေသများ အထူးစုံစမ်းစစ်ဆေးရေး ကော်မတီ ၏ စုံစမ်းစစ်ဆေးတွေ့ရှိတင်ပြချက် ............................... 117

## အခန်း (၈) ၁၉၄၇ ခု နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရန်ပြင်ဆင်ခြင်း

(က) ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံသဘင်၌ တင် သွင်း သောအဆို (၁၄) ချက် ............................... 167

(ခ) လွတ်လပ်သောအချုပ်အခြာအာဏာပိုင် သမ္မတ မြန်မာနိုင်ငံ အတွက် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ။ (မြန်မာနိုင်ငံ (ဖဆပလ) ၏ ပဏာမညီလာခံကလက်ခံ သည်) ............................... 173

(ဂ) ဗိုလ်ချုပ်အောင်ဆန်းချပေးသော အခြေခံမူ (၄) ချက် ............................... 220

(ဃ) ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက် (၇) ချက် ............................... 221

(င) ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်ချက် (၇) ချက်နှင့် ပတ်သက်၍ ရှင်းလင်းချက်များ ............................... 223

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် တိုင်းပြည်ပြု လွှတ်တော်က ပြည်ထောင်စုနိုင်ငံ ဥပဒေပြုကိစ္စ စာရင်း (၆) ပိုင်း ပြုစုထားခြင်း ............................... 247

## အခန်း (၉) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းနှင့် ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းခြင်း

(က) တောင်တန်းဒေသတိုင်းရင်းသားများက ပြည်ထောင်စု အပေါ် သဘောထား ............................... 281

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအတည်ပြုခြင်း ............................... 284

(ဂ) ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းခြင်း ............................... 287

(ဃ) ပြည်တွင်းစစ်မီး ထပ်ဆင့်လောင်ကျွမ်းခြင်း ............................... 288

## အခန်း (၁၀) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လှုပ်ရှားခြင်းနှင့် စစ်တပ် အာဏာသိမ်းယူခြင်း

(က) ၁၉၄၇ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးအပေါ် ဝန်ကြီးချုပ်ဦးနုဦးဆောင်သော ပြည်ထောင်စုအစိုးရ၏ သဘောထားကောက်နှုတ်ချက် ............................... 293

(ခ) ပြည်နယ်ခေါင်းဆောင်များ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြန်လည်သုံးသပ်ခြင်း ............................ 296
(ဂ) ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း ပြည်နယ် ခေါင်းဆောင်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုစစ်စစ် ဖြင့် ပြင်ဆင်ရေးဆွဲရန်ဆုံးဖြတ်ခြင်း ............................ 351
(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံလူမျိုးပေါင်းစုံပြည်ထောင် စုမူနှင့် ပတ်သက်သောနှီးနှောဖလှယ်ပွဲကြီးကျင်းပခြင်း ............................ 355
(င) ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆွေးနွေးတင်ပြချက် ............................ 355
(စ) အတိုက်အခံပါတီများ၏ သဘောထား ............................ 364
(ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီဖွဲ့စည်း ခြင်း ............................ 366
(ဇ) စစ်တပ်အာဏာသိမ်းခြင်း ............................ 367

## အခန်း (၁၁) ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနှင့် မဆလ တပါတီ စစ် အာဏာရှင်ခေတ်ကာလ

(က) တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး ပြိုကွဲခြင်း ............................ 375
(ခ) မဆလပါတီနှင့် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ............................ 377
(ဂ) ပြည်သူလူထုဆန့်ကျင်ဆန္ဒပြပွဲများ ............................ 377

## အခန်း (၁၂) ပင်လုံကတိကဝတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် တည်ဆောက်ခြင်း

(က) ပထမအကြိမ် ပြည်ထောင်စုစိတ်ဓာတ် တည်ဆောက် ခြင်း ............................ 383

(ခ) ဒုတိယအကြိမ် ပြည်ထောင်စုစိတ်ဓာတ် တည်ဆောက်ရန် ကြိုးပမ်းခြင်း ............................... 385
(ဂ) တတိယအကြိမ် ပြည်ထောင်စုစိတ်ဓာတ် တည်ဆောက်ရန် ကြိုးပမ်းခြင်း ............................... 387
(ဃ) လွတ်မြောက်နယ်မြေ ပင်လုံစိတ်ဓာတ်တည်ဆောက်ရန် ကြိုးပမ်းခြင်း ............................... 390
(င) ပြည်တွင်းနိုင်ငံရေးအင်အားစု ပူးပေါင်းလှုပ်ရှားမှုများ ............................... 392
(စ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လှုပ်ရှားမှုများ ............................... 427
(ဆ) ပြည်တွင်းတိုင်းရင်းသားအင်အားစု၏ လှုပ်ရှားမှုများ ............................... 439
(ဇ) အပစ်အခတ်ရပ်ဆိုင်းထားသော လက်နက်ကိုင်အဖွဲ့အစည်းများ လှုပ်ရှားမှုများ ............................... 454
(ဈ) လွတ်မြောက်နယ်မြေ နိုင်ငံရေးအင်အားစုလှုပ်ရှားမှုများ ............................... 457
(ည) ဝါရင့်နိုင်ငံရေးခေါင်းဆောင်ဟောင်းများ၏ လှုပ်ရှားမှုများ ............................... 489

## အခန်း (၁၃) နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာခြင်း

(က) တပြည်ထောင်နိုင်ငံများ ............................... 510
(ခ) ပြည်ထောင်စုနိုင်ငံများ ............................... 515
(ဂ) အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများမှ ရယူရန် သင်ခန်းစာများ ............................... 530
(ဃ) မြန်မာနိုင်ငံ ၁၉၄၇ ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်သုံးသပ်ချက်။ ............................... 534

## အခန်း (၁၄) စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး


(က) နဝတ၊ နအဖ စစ်အုပ်စုမှ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ပြင်ဆင်ခြင်း ................................ 541

(ခ) စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး ................................ 546


## နိဂုံး


ပင်လုံစိတ်ဓာတ်သည်မှ ပင်လုံသစ္စာသို့ ................................ 559

နောက်ဆက်တွဲ ................................ 561

ကိုးကားစာရင်း ................................ 583

# ခွန်ထွန်းဦး၏အမှာစာ

သမိုင်းပညာရှင်ကြီးများကတော့ မ 'အ' အောင် သမိုင်းကို သင်ကြရမယ်လို့ ဆိုခဲ့ကြပါတယ်။ ဒီနိုင်ငံရဲ့သမိုင်းကို ပြောမယ်ဆိုရင် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံမှုကို ဘယ်လိုမှ ရှောင်ကွင်းသွားလို့ မရပါဘူး။ စာရေးသူ ခွန်းမတ်ရ်ကိုဘန် ကတော့ "ပင်လုံစိတ်ဓါတ် သည်မှ ပင်လုံသစ္စာဆီသို့" ဆိုပြီး တင်စား ရေးသားထားပါတယ်။ စာရေးသူ ဘယ်လို အကြောင်းအရာတွေကို ဦးစားပေး ရေးသားထားတယ်ဆိုတာ ရှေးဦးစွာ လေ့လာကြည့် ကြပါစို့။

စာအုပ်ရဲ့အခန်း(၁) မှာ လက်ရှိပြည်ထောင်စုကြီး မတည်ဆောက်နိုင်သေးခင် ဘုရင်၊ စော်ဘွား၊ ဒူးဝါး၊ စော်ကဲ၊ တောင်ပိုင်၊ ရမ်အုပ် စတဲ့ အုပ်ချုပ်မှုပုံစံအမျိုးမျိုးကို မှတ်တမ်းတင်ထားပြီး သီးခြားလွတ်လပ်စွာ နေထိုင်ခဲ့ ကြတယ် ဆိုတာကိုလဲ ထင်ရှားစေခဲ့ ပါတယ်။ မြေပြန့်ဒေသ ပဒေသရာဇ်မင်းများ၊ တောင်တန်းဒေသ ပဒေသရာဇ် မင်းများလို့ စာရေးသူက လွှမ်းခြုံ သုံးနှုန်းခဲ့ပြီး အပြန်အလှန် ဆက်ဆံခဲ့ပုံများကိုပါ ဖော်ပြထား ပါတယ်။

အခန်း(၂)မှာတော့ ကိုလိုနီခေတ်ကာလကနေ လွတ်လပ်ရေးရတဲ့အချိန်အထိ ဖြစ်တည်ခဲ့တဲ့ နယ်မြေ အနေအထားတွေကို ရှင်းလင်းတင်ပြထားပါတယ်။ နယ်မြေအပိုင်းအခြား လေး မျိုးထဲက ပထမအပိုင်းအခြားမှာ ပါဝင်နေတဲ့ ဇယား(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ တွေ၊ ဇယား(၂) အင်္ဂလိပ်ဘုရင်ခံက အုပ်ချုပ်ရေးသီးသန့် ထားရှိတဲ့ နယ်မြေတွေ၊ ဒုတိယ အပိုင်းအခြားဖြစ်တဲ့ ကရင်နီပြည်၊ တတိယအပိုင်းအခြားဖြစ်တဲ့ အုပ်ချုပ်ရေးသီးသန့် ထား ရှိတဲ့ တောင်ပေါ်စခန်းမြို့များနဲ့ စတုတ္ထအပိုင်းအခြားအဖြစ် တောင်တန်းဒေသများ ဆိုပြီး ခွဲခြားထားပုံကို သမိုင်းမှတ်တမ်းများနဲ့တကွ အသေးစိတ် ရှင်းလင်းတင်ပြထားပါတယ်။ ထူး ထူးခြားခြား လွတ်လပ်ရေးမရမီ ကတည်းက ကရင်နီပြည်နယ်များဟာ ကိုလိုနီတွေရဲ့အောက် မှာ ကျရောက်ခဲ့ခြင်းမရှိဘဲ လွတ်လပ်တဲ့ တိုင်းပြည် အဖြစ် တည်ရှိခဲ့တာကို သမိုင်းမှတ်တမ်း မှတ်ရာများနဲ့ တင်ပြထားတာကို တွေ့ရပါတယ်။

အခန်း(၃)မှာ လွတ်လပ်ရေးကြိုးပမ်းခဲ့တဲ့သမိုင်းများကို ပြန်လည်တင်ပြထားပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံ၊ ဂျပန်သို့ ရဲဘော်သုံးကျိပ် စစ်ပညာသင်ခြင်း၊ ၎င်းနောက် ဖက်စစ်ဂျပန်များကို ပြန်တော်လှန်ခြင်း၊ ဖဆပလ အဖွဲ့ချုပ်တည်ထောင်ခြင်း၊ မဟာမိတ်များနှင့် ပူးပေါင်းကာ ဂျပန်ကို ပြန်လည်တိုက်ထုတ်ခြင်း စတာတွေကို တင်ပြထားပါတယ်။ ဖဆပလအဖွဲ့ချုပ်နဲ့ တောင်တန်းဒေသခေါင်းဆောင်များ ဆက်ဆံရေးကိုလဲ ရေးသား ဖော်ပြ ထားတာကို တွေ့ရပါတယ်။ အဓိကတင်ပြထားတာကတော့ ဖဆပလခေါင်းဆောင်များနဲ့ ရှမ်းပြည် ခေါင်းဆောင် များရဲ့ တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပါတယ်။ ဆွေးနွေးမှုတွေကသာ အဆင်မပြေခဲ့ရင် ပြည်ထောင်စုရဲ့ မြေပုံဟာ အခုလက်ရှိလို ဖြစ်ချင်မှ ဖြစ်မယ်ဆိုတာ သိရှိနိုင်ပါတယ်။ အချိန်အတိုင်းအတာ တစ်ခုထိ စောင့်ပြီး ကိုယ်ပိုင် လွတ်လပ်ရေးကို ရယူနိုင်တယ်လို့လဲ နားလည်နိုင်ပါတယ်။ ရှမ်း - ဗမာ စေ့စပ် ဆွေးနွေးချိန်တွေမှာ ကုန်းတွင်းပိတ် ဖြစ်တဲ့အတွက် စီးပွားရေးဆိုင်ရာ ချိန်းခြောက်မှု (Economic Threat) ကို ဗမာဖက်က ပြောရင် လူမျိုးရေးဆိုင်ရာ ချိန်းခြောက်မှု (Racial Threat) လုပ်ရလိမ့်မယ်လို့ ပြောတဲ့အထိ အချေအတင် ဖြစ်ခဲ့တာကိုလဲ သိရှိနိုင်မှာ ဖြစ်ပါတယ်။

အခန်း(၄)မှာ ပင်လုံညီလာခံ ဖြစ်ပေါ်လာပုံကို အသေးစိတ် ရေးသားထားတာ တွေ့ရပါတယ်။ ၁၉၄၆ ခုနှစ်၊ မတ်လ (၁) ရက်ကနေ (၁၂) ရက်ထိ ကျင်းပခဲ့တဲ့ ပထမအကြိမ်ပင်လုံညီလာခံ၊ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လန်ဒန်ခရီး၊ ရှမ်းစော်ဘွားများ ဗြိတိသျှအစိုးရကို ဗမာကိုယ်စားလှယ်များဟာ ရှမ်းပြည်နဲ့ တောင်တန်းဒေသတို့ရဲ့ ကိုယ်စားလှယ်မဟုတ်ကြောင်း ကြေးနန်းစာ ပေးပို့ခြင်း၊ ရပလ က ဗြိတိသျှအစိုးရဆီ ကြေးနန်းစာ ပေးပို့ခြင်း၊ ကြေးနန်းစာအပေါ် စာရေးသူရဲ့ သုံးသပ်ချက်တွေကို ဖတ်ရှုရမှာ ဖြစ်ပါတယ်။ ဒီ့အပြင် သမိုင်းဝင် အောင်ဆန်းအက်တလီစာချုပ်ရဲ့ အပိုဒ်(၈) "နယ်ခြားဒေသများ" ဆိုတဲ့ အပိုင်းကို လေ့လာနိုင်မှာ ဖြစ်ပါတယ်။

အခန်း(၅) မှာတော့ ဒုတိယပင်လုံညီလာခံနဲ့ သမိုင်းဝင် ပင်လုံစာချုပ်အကြောင်းကို ကျယ်ကျယ် ပြန့်ပြန့် သမိုင်းအကိုးအကားများနဲ့ တင်ပြထားတာကို တွေ့ရပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ ကွတ်ခိုင်နယ် နမ့်ဖတ်ကာကျေးရွာမှာ ပြုလုပ်ခဲ့တဲ့ ကချင်ကိုယ်စားလှယ်များအစည်းအဝေးနဲ့ ဆုံးဖြတ်ချက်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ ရှမ်းနဲ့ ကချင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ရှမ်း၊ ကချင်၊

ချင်း ပူးတွဲ ကော်မတီဆုံးဖြတ်ချက်၊ ဖေဖော်ဝါရီလ ၈ ရက် ဗိုလ်ချုပ်အောင်ဆန်းနဲ့အဖွဲ့ ပင်လုံသို့ ရောက်ရှိပြီး ကြိုတင်ညှိနှိုင်း ဆွေးနွေးခြင်း၊ ဖေဖော်ဝါရီလ ၁၀ ရက် ရှမ်း၊ ကချင်၊ ချင်း သဘောတူညီချက် ၅ ချက် အပေါ် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြန်လည် ဖြေကြားချက်၊ ဖေဖော်ဝါရီလ ၁၂ ရက် ပင်လုံစာချုပ် ချုပ်ဆိုတာတွေကို အသေးစိတ် ရေးသားဖော်ပြ ထားတာ တွေ့ရပါတယ်။

အခန်း(၆) မှာ ပင်လုံစာချုပ် ရေးထိုးချုပ်ဆိုနိုင်ဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းပြောဆိုခဲ့တဲ့ မိန့်ခွန်းပါ ကတိကဝတ်များကို အထိကထားတင်ပြထားပါတယ်။ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ရဲ့ မိန့်ခွန်းကိုပါ တင်ပြ ထားပါတယ်။

အခန်း(၇) မှာတော့ ပင်လုံစာချုပ်ရဲ့ နောက်ဆက်တွဲ လုပ်ငန်းစဉ်များကို ရေးသား တင်ပြ ထားပါတယ်။ ရှမ်းပြည်ကောင်စီဖွဲ့စည်းခြင်းနဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ပါဝင်ရန် ပြင်ဆင်ခြင်းများ၊ ၁၉၄၇ ခုနှစ်၊ မတ်လ ၁၈ ရက်ကနေ ၂၇ ရက်နေ့အထိ ညောင်ရွှေဟော်မှာ ကျင်းပခဲ့တဲ့ တောင်တန်းသားများ စည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့ အစည်းအဝေး၊ နယ်ခြား ဒေသစုံစမ်းရေး ကော်မတီ ဖွဲ့စည်းခြင်းနဲ့ ၎င်းရဲ့ လုပ်ငန်းစဉ်များ၊ သက်ဆိုင်ရာ တောင်တန်း ကိုယ်စားလှယ်တို့၏ ထွက်ဆိုချက်များ၊ ထွက်ဆိုချက်များအပေါ် အခြေခံရေးသားထားတဲ့ နယ်ခြားဒေသစုံစမ်းရေးကော်မတီရဲ့အစီရင်ခံစာ စသဖြင့် အသေးစိတ် ရေးသားထားတာ တွေကို ဖတ်ရှုလေ့လာရမှာ ဖြစ်ပါတယ်။

အခန်း(၈) ကတော့ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲဖို့ ပြင်ဆင်တာတွေကို ရေးသား တင်ပြ ထားတာ ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှာ ကျင်းပတဲ့ ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံမှာ တင်သွင်းခဲ့တဲ့ အဆို ၁၄ ချက်၊ ဖဆပလ ပဏာမညီလာခံကြီးက အတည်ပြုလက်ခံခဲ့တဲ့ အခန်း ၁၄ ခန်း ပါ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း၊ ၁၉၄၇ ဇွန်လ ၁၆ ရက်နေ့ ကျင်းပတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဗိုလ်ချုပ်အောင်ဆန်း အဆိုတင်သွင်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ထားရှိရမယ့် အခြေခံမူ (၄) ချက်နဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရာမှာ လိုက်နာရမယ့် လမ်းညွှန်ချက် (၇) ချက်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရာမှာ ပါဝင်ရမယ့် ဥပဒေပြုစာရင်းရဲ့ အပိုင်း (၆) ပိုင်း ဖြစ်တဲ့ စာရင်း(၁) ပြည်ထောင်စုနိုင်ငံ ဥပဒေပြုစာရင်း၊ စာရင်း(၂) ပြည်နယ်ဥပဒေပြုစာရင်း၊

စာရင်း(၃) တူညီ ဥပဒေပြုစာရင်း၊ စာရင်း(၄) ပြည်ထောင်စု အခွန်တော်စာရင်း၊ စာရင်း(၅) ပြည်နယ်အခွန်တော်စာရင်း၊ စာရင်း (၆) တူညီအခွန်တောစာရင်း တို့ကို အသေးစိတ် ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။

အခန်း(၉) မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲခြင်း၊ အတည်ပြုခြင်းနဲ့အတူ ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းတာတွေကို ရေးသားတင်ပြထားတာ တွေ့ရပါတယ်။ လွတ်လပ်ရေး ရယူပြီး ဖွဲ့စည်းပုံ ရေးဆွဲ ပြီးတာနဲ့ ပြည်တွင်းစစ်မီး ဘာကြောင့် စတင် လောင်ကျွမ်းရတယ်ဆိုတာကို လေ့လာခွင့် ရမှာ ဖြစ်ပါတယ်။

အခန်း(၁၀) မှာတော့ လွတ်လပ်ရေးရပြီး ၁၀ နှစ်ကျော်အကြာမှာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ ကြိုးပမ်းလှုပ်ရှားတာကို ဖတ်ရှု လေ့လာရပါတယ်။ ဖွဲ့စည်းပုံ ကို လက်တွေ့ကျင့်သုံးရာမှာ တွေ့ကြုံ ရတဲ့ ချို့ယွင်းချက်တွေ၊ အခက်အခဲတွေ၊ ပြင်ဆင်သ င့်တဲ့ ပုဒ်မတွေ၊ ဥပဒေပြုစာရင်းတွေကို အသေးစိတ် တင်ပြ ထားပါတယ်။ ပြည်ထောင်စု စစ်စစ် တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံစနစ်၊ အာဏာခွဲဝေရေး၊ အခွန်တော်နှင့် ဘဏ္ဍာ တော်ခွဲဝေရေး၊ ပြည်နယ်များ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး စတဲ့ အခြေခံအချက်များ၊ ဖွဲ့စည်းပုံ ပြင်ဆင်ရေး ရှမ်းပြည်ကြိုးကိုင်ကော်မတီရဲ့ ဆုံးဖြတ်ချက်၊ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် မှာ ကျင်းပခဲ့တဲ့ တောင်ကြီးညီလာခံ (သို့) ပြည်နယ် ပေါင်းစုံညီလာခံ ပြည်ထောင်စုမူ ဆိုင်ရာ ဆုံးဖြတ်ချက်များ၊ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရန်ကုန်မြို့ ပြည်လမ်းအသံလွှင့် ခန်းမမှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုမူနဲ့ ပတ်သက်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ လူမျိုးပေါင်းစုံ နှီးနှောဖလှယ်ပွဲကြီး စတာတွေကို အသေးစိတ် ဖတ်ရှု လေ့လာနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ဗိုလ်နေဝင်း ဦးဆောင်တဲ့ စစ်တပ်က မတ်လ (၂) ရက်နေ့မှာ ဖက်ဒရယ်ကို တိုင်းပြည်အစိပ် စိပ်အမွှာမွှာ ဖြိုခွဲစေမယ့်မူ အဖြစ် ယိုးစွပ်ပြီး တိုင်းပြည်အာဏာသိမ်းခဲ့တာတွေကို ရေးသား ဖော်ပြထားပါတယ်။

အခန်း(၁၁) မှာတော့ အာဏာသိမ်းပြီးကာလနဲ့ မဆလ တစ်ပါတီအာဏာရှင်ကာလ အခြေအနေတွေကို ရေးသားဖော်ပြထားပြီး မဆလပါတီနဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူလူထုဆန့်ကျင်ဆန္ဒပြပွဲတွေကို ပြုစုရေးသားထားတာ တွေ့ရပါတယ်။

အခန်း(၁၂) ကတော့ ပင်လုံစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ် တည်ဆောက်ခြင်းအပိုင်းကို ရေးသား တင်ပြထားပါတယ်။ ၁၉၄၇ ကာလကို ပထမအကြိမ် ပြည်ထောင်စုစိတ်ဓါတ် တည်ဆောက်ခြင်း၊ ၁၉၆၁ ကာလ ကို ဒုတိယအကြိမ် ပြည်ထောင်စုစိတ်ဓါတ် တည်ဆောက်ခြင်း၊ ၁၉၈၈ ကာလကို တတိယအကြိမ် ပင်လုံစိတ်ဓါတ် တည်ဆောက်ရန် ကြိုးပမ်းခြင်းလို့ စာရေးသူက သတ်မှတ်ခဲ့တာကို တွေ့မြင်ရပါတယ်။ ၎င်းအပြင် လွတ်မြောက် နယ်မြေမှာ ပြည်ထောင်စုစိတ်ဓါတ်တည်ဆောက်ဖို့ ကြိုးပမ်းတာတွေ၊ ပြည်တွင်းနိုင်ငံရေး အင်အားစုများ ပူးပေါင်း လှုပ်ရှားခဲ့တာတွေ၊ ၁၉၉၀ ပြည့်နှစ် မိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ဖွဲ့စည်းခဲ့တာတွေ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲက တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ရဲ့လှုပ်ရှားဆောင်ရွက်မှုတွေ၊ အမျိုးသား ဒီမိုကရစီအဖွဲ့ချုပ် (NLD) ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ၊ တိုင်းရင်းသား အင်အားစုများ၊ တိုင်းရင်းသားပါတီများနဲ့ NLD တို့ ပူးပေါင်းဆောင်ရွက်ခဲ့တာတွေ၊ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနဲ့ လွတ်မြောက် နယ်မြေက အဝေးရောက်ညွန့်ပေါင်းအစိုးရတို့ ချုပ်ဆိုခဲ့ကြတဲ့ ၁၉၉၂ ခုနှစ်က "မာနယ်ပလောစာချုပ်"၊ ၁၉၉၇ ခုနှစ် ကျင်းပခဲ့တဲ့ တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲက "မယ်သရောထာ သဘောတူညီချက်"၊ ၁၉၉၈ ခုနှစ် "သူးမွဲကလိုးသဘောတူညီချက်"၊ ၂၀၀၁ ခုနှစ် "လောခီးလာ ထုတ်ပြန်ကြေညာချက်"၊ ၈၁ နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ် "ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များက ထုတ်ပြန်သည့် ပန်ကြားလွှာ"၊ ၁၉၈၉ ခုနှစ် "ဦးထွန်းမြင့်မှ ဒေါ်အောင်ဆန်းစုကြည်ထံ အိပ်ဖွင့်ပေးစာ" စတာတွေကို အသေးစိတ်လေ့လာ ဖတ်ရှုရမှာ ဖြစ်ပါတယ်။

အခန်း(၁၃) မှာတော့ နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာတဲ့အပိုင်းဖြစ်ပါတယ်။ တစ်ပြည် ထောင်နိုင်ငံတွေဖြစ်တဲ့ ဗြိတိန်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စုနိုင်ငံတွေ ဖြစ်တဲ့ ဆွစ်ဇာလန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ၊ ယူဂို စလားဗီးယားပြည်ထောင်စုသမ္မတနိုင်ငံ၊ ချက်ကိုစလိုဗက်ကီးယား စတဲ့နိုင်ငံအကြောင်း ရေးသားတင်ပြထားပါတယ်။ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများကနေ ရယူနိုင်မယ့် သင်ခန်းစာများကို မျှဝေ အကြံပြုထားတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုလည်း သုံးသပ်တင်ပြထားပါတယ်။

အခန်း(၁၄) မှာ န၀တ၊ နအဖ ခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲဖို့ ပြင်ဆင်ပုံ၊ အမျိုးသား ညီလာခံ ကျင်းပခြင်း၊ အမျိုးသားညီလာခံဦးတည်ချက် ၆ ချက်၊ အခြေခံမူ ၁၀၄ မူ၊ အသေးစိတ် အခြေခံရမည့်မူများ စသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုတွေကို ရေးသားထားပါ တယ်။ စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အကြံပြုချက်၊ သုံးသပ် ချက်များ၊ ၂၀၀၅ ခုနှစ်မှာ သဘောတူ လက်မှတ်ရေးထိုးခဲ့တဲ့ ပြည်ထောင်စုတည်ဆောက်ရေး ဆိုင်ရာ အခြေခံမူ ၈ ချက်၊ ဒီမိုကရေစီအခွင့်အရေး ဆိုင်ရာများ၊ တိုင်းရင်းသား လူမျိုးများ တန်တူရေးဖော်ဆောင်ခြင်းဆိုင်ရာ အကြံပြုချက်များ၊ အခြေခံ အခွင့်အရေး ဖော်ဆောင် ခြင်းဆိုင်ရာ အကြံပြုချက်များကို လေ့လာ ဖတ်ရှုရပါတယ်။

စာအုပ်တစ်အုပ်လုံးကို ခြုံငုံသုံးသပ်ကြည့်ရမယ်ဆိုရင် ခွန်းမတ်ရ်ကိုဘန်ဟာ သူရဲ့ သမိုင်းအမြင်ထက် ဖြစ်တည်ခဲ့တဲ့ သမိုင်းကို ပြန်လည်မှတ်တမ်းတင်မှု ပိုကဲတယ်လို့ သုံးသပ်နိုင်ပါတယ်။ သမိုင်းကို ပြန်လည်မှတ်တမ်း တင်ခြင်းလို့တောင် ပြောလို့ရမှာ ဖြစ်ပါတယ်။ ကိုလိုနီခေတ်မတိုင်ခင်သမိုင်း၊ ကိုလိုနီခေတ်ဦးသမိုင်း၊ ကိုလိုနီခေတ် နှောင်းသမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ သီးခြားပြည်ထောင်တွေ တည်ထောင်နိုင်ခွင့်ကို စွန့်လွှတ်ပြီး ပြည်ထောင်ချင်း စုပေါင်းတည်ဆောက်တဲ့ ပြည်ထောင်စုကို တည်ထောင်ခဲ့တဲ့သမိုင်း၊ လွတ်လပ်ရေး ရပြီးခေတ် ကနေစပြီး မျက်မှောက်ခေတ်အထိ တိုင်းပြည်မှာ ဖြစ်ပျက်ခဲ့တာတွေကို အသေးစိတ် အကျယ်တဝင့် ရေးသားတင်ပြ မှတ်တမ်းတင်နိုင်ခဲ့တာကို တွေ့ရပါတယ်။

ကျောင်းသမိုင်းသင်ခန်းစာထဲမှာ မတွေ့ခဲ့ရတဲ့ သမိုင်းမှတ်တမ်းအမှန်တွေကိုလည်း ဒီစာအုပ်မှာ တွေ့မြင် ဖတ်ရှုရမှာ ဖြစ်ပါတယ်။ ဒီစာအုပ်ကို ဖတ်ရှုရင်းနဲ့ အတွေးပေါင်းစုံ ပေါ်ပေါက်နိုင်ပါတယ်။ အချို့သော အချိန်တွေမှာ ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက် အပြောင်းအလဲတွေက တိုင်းပြည်ရဲ့ ဖြစ်တည်မှုကိုပါ ပြောင်းလဲသွားနိုင်တယ် ဆိုတာကိုလဲ တွေ့မြင်ရမှာ ဖြစ်တယ်။ ဒုက္ခ၊ ဒုက္ခတွေကို အခုထိ ခံစားနေရတဲ့ လူမျိုးတစ်ချို့ကတော့ သူတို့ ခေါင်းဆောင်တွေ ဆုံးဖြတ်ခဲ့တာတွေကို အပြစ်တင်ကောင်း တင်နေကြလိမ့်မယ်။ သမိုင်းကို ပြန်လည်ပြောင်းလဲချင်သူတွေလဲ ရှိနိုင် ပါတယ်။ ဒီနေရာတော့ဖြင့် ဒီလိုလုပ်ခဲ့သင့်တယ်လို့ ဝေဖန်သုံးသပ်သူလဲ ရှိကောင်းရှိပါမယ်။ ဘယ်လိုပဲ ဖြစ်နေဖြစ်နေ ဒီစာအုပ်မှာ ရေးသားထားတာတွေဟာ ဖြစ်ပျက်ပြီးခဲ့တဲ့ သမိုင်းတွေပဲ ဖြစ်တယ်။ ပြန်လည် ပြင်ဆင်လို့ မရတော့ ပါဘူး။ ဒါပေမယ့် သမိုင်းမှာ မှားယွင်းခဲ့တာတွေကို သင်ခန်းစာယူပြီး ရှေ့ဆက်လျှောက်ရမယ့် အနာဂတ်လမ်း အတွက် နည်းလမ်းတွေကို

ရှာကြံနိုင်ပါမယ်။ ဒီစာအုပ်ပါ သမိုင်းကို ကျေညက်အောင် ဖတ်တဲ့သူဟာ ဒီနိုင်ငံရဲ့ထွက်ရပ်လမ်းကို ကြံဆရာမှာ အထောက်အကူပြုနိုင်မယ်လို့ ပြောနိုင်ပါတယ်။ ဒီစာအုပ်ဟာ သမိုင်းလေ့လာသူတွေ၊ နိုင်ငံရေးသမားတွေ၊ ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးပမ်းဖော်ဆောင်နေသူတွေ မဖြစ်မနေ ဖတ်ရမယ့်စာအုပ် ဖြစ်ပါတယ်။ သမိုင်းကို ချစ်မြတ်နိုးသူတွေရဲ့ စာအုပ်စင်မှာ မရှိမဖြစ်၊ ရှိကိုရှိရမယ့် သမိုင်းထဲကသမိုင်းဆိုင်ရာ စာအုပ်ကောင်း တစ်အုပ် ဖြစ်ကြောင်း ပြောလိုပါတယ်။

ဒီစာအုပ်ကို ဖတ်ပြီးချိန်မှာ ဒီနိုင်ငံရဲ့ အရင်းခံပဋိပက္ခပြဿနာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပဲ ဖြစ်တယ် ဆိုတာ သိမြင်ပါလိမ့်မယ်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းစစ် စတင်ခဲ့တယ်။ ၁၉၄၇ ဖွဲ့စည်းပုံကို ပြင်ဆင်ဖို့ ကြိုးပမ်းခဲ့တဲ့ ၁၉၆၁ ပြည်နယ်ပေါင်းစုံညီလာခံက အတည်ပြုတဲ့ ဖက်ဒရယ်မူကို တိုင်းပြည် ပြိုကွဲစေမယ့်မူ အဖြစ် ယိုးစွပ်ပြီး စစ်အာဏာသိမ်းခဲ့တယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တဖက်သတ် ရေးဆွဲခဲ့တယ်။ ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံနဲ့ ၁၉၇၄ ဖွဲ့စည်းပုံကို အဆုံးသတ်နိုင်ခဲ့တယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ ဒီမိုဘက်တော်သားတွေ အနိုင်ရခဲ့ပေမယ့် နိုင်ငံရေး အသာစီးမရခဲ့ဘဲ စစ်အုပ်စုက တရွတ်တိုက် ရေးဆွဲခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအောက်မှာ ဒီမိုကရစီရေး အသက်ငင်နေရဆဲဖြစ်တယ်။

ဒီစာအုပ်မှာ ရေးသားဖော်ပြထားတဲ့ လွတ်မြောက်နယ်မြေမှာ တိုင်းရင်းသားပေါင်းစုံနဲ့ လက်တွဲ အလုပ် လုပ်ခဲ့တာတွေ၊ ၁၉၉၀ နောက်ပိုင်း တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီ အဖွဲ့ချုပ် (UNLD) ဖွဲ့စည်းပြီး စည်းစည်းလုံးလုံး လုပ်ဆောင်ခဲ့တာတွေ၊ ၁၉၄၇ ခုနှစ်မှာ တိုင်းရင်းသားပေါင်းစုံ စုစည်းပြီး ပြည်ထောင်စုကြီး ကို စုပေါင်းတည်ထောင်ခဲ့တာတွေကို ဖတ်ရှုလေ့လာ မှတ်သား သင်ခန်းစာယူရင်း နောင် အနာဂတ်မှ စုပေါင်းအင်အား၊ စုပေါင်းဦးဆောင်မှု၊ စုပေါင်းအကောင်အထည်ဖော်မှုတွေနဲ့ ပြည်ထောင်စုသစ် ကြီးကို တည်ဆောက်နိုင်ရေး ဒီစာအုပ်က အထောက်အပံ့ကောင်းတစ်ခု ဖြစ်ကြောင်း ညွှန်းဆိုလိုပါတယ်။

“အကြင်သူသည် သမိုင်းအမှန်ကို ပြုစုရေးသား၏၊ သမိုင်းအမှားကို တည့်မတ်စေ၏၊ ထိုသူကိုယ်တိုင်သည် တချိန်တွင် သမိုင်းဝင်ပုဂ္ဂိုလ် ဖြစ်မည်မှာ အမှန်ပင် ဖြစ်လေသတည်း။”

ခွန်ထွန်းဦး

ဥက္ကဋ္ဌ

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်



## စိုင်းခွန်းဆေ၏အမှာစာ

ပင်လုံညီလာခံ၊ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓါတ်တို့နှင့် ပတ်သက်၍၊ တိုင်းရင်းသားတော်လှန်ရေးခေါင်းဆောင်များက အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် လက်စွဲစာအုပ်ငယ် တစ်ခုကို ၂၀၁၈ နှစ် တွင် ထုတ်ဝေခဲ့ပါသည်။

ကျောင်းသုံးသမိုင်း ဘာသာရပ်တွင် သင်ကြားခဲ့သလို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား အစရှိသည့် သူရဲကောင်းမြန်မာဘုရင်များက ဤပြည်ထောင်စုကြီးကို တည်ထောင်ခဲ့သည်မဟုတ်၊ ဗိုလ်ချုပ်အောင်ဆန်း၊ စဝ်ခွန်ပန်းစိန်၊ ဒူဝါဆင်ဝါးနော်၊ ဦးလွှာမှုန်း အစရှိသည့် တိုင်းရင်းသားခေါင်းဆောင်များက တည်ထောင်ခဲ့ခြင်းဖြစ် ကြောင်း၊ သက်သေသာဓက အထောက်အထားများဖြင့် ရေးသားပြုစုခဲ့သည့် အဆိုပါလက်စွဲစာအုပ်ကို ပြည်ထောင်စုကြီး၏ ငြိမ်းချမ်းမှုကိုလိုလားသည့် ပြည်တွင်းပြည်ပပုဂ္ဂိုလ်များကလက်ခံကြိုဆိုခဲ့ကြပါသည်။။

သို့ရာတွင်အခြားတစ်ဖက်တွင်လည်း အဆိုပါစာအုပ်သည် လိုရင်းတိုရှင်းလွန်းကြောင်း၊ သမိုင်းသက်သေ အထောက်အထားများကိုဤထက် ပိုမိုပြည့်စုံစွာ ဖေါ်ပြသင့်ကြောင်း ထောက်ပြခဲ့ကြပါသည်။ ဤတိုက်တွန်းချက်တို့၏ရလဒ်မှာ ယခုစာရှုသူလက်ဝယ်ရှိ ခွန်းမတ်ရ် ကိုဘန်း၏ ၂၀၀၃ ခုနှစ်ကထုတ်ဝေခဲ့သောစာတမ်းကိုစာရေး သူကိုယ်တိုင်ပြန်လည်စိစစ်မွမ်းမံထား သည့်ဤစာအုပ်ပင်ဖြစ်ပါသည်။

ဤစာအုပ်ကိုလေ့လာဖတ်ရှုခြင်းအားဖြင့်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာသည်မှာ ပင်လုံကြောင့်ဖြစ်သည်၊ ထို့ကြောင့် ပြည်ထောင်စု၏ပြဿနာကို ဖြေရှင်းမည်ဆိုပါက ပင်လုံကိုကျော်၍ အခြားနည်းလမ်းများဖြင့် ဖြေရှင်းရန်ကြိုးစားမည်ဆိုပါက အနာတခြား ဆေးတခြားဖြစ်မည်သာဖြစ်ကြောင်း သဘောတွေ့လာပါက ဤစာအုပ်ကို ထုတ်ဝေရကျိုးနပ်ပြီဟု ယုံကြည်ပါသည်။

စစ်မှန်သော အစွန့်ရှည်ပြည်ထောင်စုကြီးပေါ်ထွန်းလာပါစေ။

ခွန်းဆေ

ပြည်ထောင်စု အင်စတီကျု

4/1/21

## ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

## ဥက္ကဌ ဦးငိုင်ဆာခ့်၏အမှာစာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၁၈၉၅ခုနှစ် ကချင်တောင်တန်းလူမျိုးစုများဥပဒေ (Kachin Hills Tribes Regulation, 1895) အရအုပ်ချုပ်ခဲ့သော ကချင်တောင်တန်းဒေသ၊ ၁၈၉၆ခုနှစ် ချင်းတောင်တန်းစည်းမျဉ်းဥပဒေ (Chin Hills Regulation,1896) အရအုပ်ချုပ်သော ချင်းတောင်တန်းဒေသ ၊ ၁၉၂၂ခုနှစ် ပဒေသရာဇ် ရှမ်းပြည်အက်ဥပဒေ (Federated Shan States Act,1922) အရအုပ်ချုပ်သော ပြည်ထောင်စုရှမ်းပြည်နှင့်၁၉၃၅ခုနှစ် ဗမာ (စီရင်အုပ်ချုပ်မှု)အက်ဥပဒေ (Burma Act,1935) အရအုပ်ချုပ်သည့်နယ်မြေများ (ကိုလိုနီခေတ်မတိုင်မီ မြန်မာမင်းများပိုင်ဆိုင်အုပ်ချုပ်သည့် နယ်မြေများဖြစ်သော ရခိုင်ပြည်၊ မွန်ပြည်၊ ကရင်လူမျိုးအများစုနေထိုင်ရာ မြစ်ဝကျွန်းပေါ်ဒေသ) စသည့် အမျိုးသားနယ်မြေလေးခုကို ပင်လုံစာချုပ်အရပေါင်းစု တည်ထောင်သောနိုင်ငံတော်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် လူမျိုးတစ်မျိုးတည်းက တည်ဆောက်သော နိုင်ငံမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးအားလုံးက ပင်လုံစာချုပ်အရ အတူတကွတည်ထောင် ပိုင်ဆိုင်သော နိုင်ငံတော် ဖြစ်သည့်အလျောက် တိုင်းရင်းသားလူမျိုးအားလုံးသည် ပြည်ထောင်စုတည်မြဲရေးအတွက် ကိုယ်စီတာဝန်ရှိကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ပြဿနာအရင်းအမြစ်မှာ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းချမှတ်ထားခဲ့သော ပင်လုံကတိကဝတ်၊ ပင်လုံစာချုပ် ပါ သဘောတူညီချက်များဖြစ်သည့် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို မျက်ကွယ်ပြုခြင်းဖြစ်သည်။

ပင်လုံကတိကဝတ်၊ပင်လုံစာချုပ်ကို မျက်ကွယ်ပြုပြီးလူမျိုးတစ်မျိုးတည်းက ကြီးစိုးသည့် တစ်ပြည်ထောင်စနစ်ဖြင့်အုပ်ချုပ်နေသမျှကာလပတ်လုံး ပြည်ထောင်စုတိုင်းရင်းသား အချင်းချင်းကြားဖြစ်ပွားသော နှစ်ပေါင်း (၇၀ )ကျော်ကြာ ပြည်တွင်းစစ်သည်လည်း ပျောက်ကွယ်ပြီးဆုံးနိုင်မည်မဟုတ်ကြောင်း သမိုင်းသင်ခန်းစာ ကောင်းစွာရရှိခဲ့ကြပြီးဖြစ်သည်။

ထို့ကြောင့်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်မှာ-ကနဦး တိုင်းရင်းခေါင်းဆောင်များ သဘောတူချမှတ်ခဲ့သော ပင်လုံကတိကဝတ်၊ ပင်လုံစာချုပ်သဘောတူညီချက်များဖြစ်သည်ကို အထူးသတိပြုပြီး

ဤအခြေခံအုတ်မြစ်ပေါ်တွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်မှ သာလျှင် ငြိမ်းချမ်းသာယာပြီး ရေရှည်တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာမည်ဖြစ်သည်။

ဤသမိုင်းသင်ခန်းစာကို စာရေးဆရာ ခွန်းမတ်ရ်ကိုဘန်က "ပင်လုံစိတ်ဓါတ်သည်မှ ပင်လုံသစ္စာဆီသို့" စာအုပ်တွင်မီးမောင်းထိုးပြထားပါသည်။

စာရေးသူခွန်းမတ်ရ်ကိုဘန်သည် "ပင်လုံစိတ်ဓါတ်ရှင်သန်ဖော်ဆောင်ရေးမှစစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆောက်ရေးဆီသို့"၊ "ပင်လုံစာချုပ်ရှင်းတမ်း"၊ "၁၉၄၇ ခုနှစ် ပင်လုံညီလာခံမှ ၂၁ ရာစု ပင်လုံညီလာခံသို့" စာအုပ်များကို ပြုစုထုတ်ဝေခဲ့ပြီးဖြစ်သည့်အလျောက် ယခုထုတ်ဝေသည့်စာအုပ်သည်

ပင်လုံဆိုင်ရာသမိုင်းအချက်အလက်များပိုမိုပြည့်စုံပြီး ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် အထောက်အကူပြုမည်ဟုမျှော်လင့်လျက် လှိုက်လှဲစွာကြိုဆိုပါသည်။ ။

ဦးငိုင်ဆာခ့်

ဥက္ကဋ္ဌ

ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

# ဗိုလ်ချုပ်ကြီးဆေအွန် (ခေါ်) စိုင်းတင်ဖေ၏အမှာစာ

ဤအမှာစာရေးသူသည် ပင်လုံညီလာခံကို မမီလိုက်ပါ။ ထိုစဉ်က အသက် ၅ နှစ်မျှသာ ရှိပါသေးသည်။ သို့ရာတွင် ငယ်စဉ်ကတည်းက ပင်လုံညီလာခံ၊ ပင်လုံစာချုပ်၊ ပင်လုံက ကတိကဝတ်၊ ပင်လုံစိတ်ဓါတ်တို့ကို မေ့လျော့၍ ဗမာပြည်ကိုတန်းတူပြည်နယ်တစ် ရပ်အ ဖြစ်ဖွဲ့ရမည့်အစား ပြည်ထောင်စုဗဟိုအစိုးရအဖြစ် လိမ်ညာယူခဲ့ကြောင်း လူကြီးသူမတို့၏ ပြောကြားချက်ကိုနှလုံးစွဲခဲ့ရပါသည်။

၁၉၆၁ ခုနှစ်တွင် ကျင်းပခဲ့သည့်တောင်ကြီးညီလာခံမှာ ဤလိမ်ညာမှုကြီး၏ရလဒ် ဖြစ်ပါသည်။ ဤလိမ်ညာမှုကြီး၏ရလဒ်ဖြစ်ပါသည်။ ဤညီလာခံတွင် အသက် ၁၉ နှစ် အရွယ် ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ် တက်ကြွစွာပါဝင်ခဲ့ပါသည်။

၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ရှမ်းပြည် ကျောင်းသူကျောင်းသားများအသင်း နှင့် ရကတ လူမျိုးစုကျောင်းသားများ အဖွဲ့ချုပ်တွင် ဒုအတွင်းရေးမှူးအဖြစ် ၎င်း၊ ၁၉၆၃ ခုနှစ်တွင် သဘာပတိ အဖြစ်၎င်း၊ တာဝန်ယူခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် ၁၉၆၁ ခုနှစ်တောင်ကြီး ညီလာခံမှ ထွက်ပေါ်လာသည့်ပြည်ထောင်စု စစ်စစ်မှုကိုလက်မခံ၊ သူရဲဘောကြောင်စွာ လက်နက်အားကိုးဖြင့် အာဏာသိမ်းယူကာ တိုင်းရင်းသားခေါင်းဆောင်များက အတည် ပြုခဲ့သည့် ၁၉၄၇ တခြမ်းပဲ့ပြည်ထောင်စုခြေဥကို ဖျက်သိမ်းလျက် ပြည်ထောင်စုအဆင့်မှ ဗမာအင်ပိုင်ယာ အဆင့်သို့ တွန်းချခဲ့သည့် စစ်အစိုးရကိုယခုအချိန်အထိတော်လှန်ခဲ့ပါသည်။

ယခု ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ထပ်ဆင့်အာဏာသိမ်းခဲ့သည့် စစ်အစိုးရသစ်၏ ဒို့တာဝန်အရေးသုံးပါးတွင် "ပြည်ထောင်စုမပြိုကွဲရေး" ဟူသည့်ကြွေးကြော်သံကို စဉ်းစားကြည့်ပါ။ စင်စစ်တွင် ၁၉၆၂ ခုနှစ် မတ်လကတည်းက ၁၉၄၇ အခြေခံဥပဒေနှင့် အတူ ပြည်ထောင်စုကြီးသည် ပြိုကွဲခဲ့ပြီမဟုတ်ပါလား။ ပြည်ထောင်စုကြီးပြိုကွဲအောင် လုပ်ခဲ့သည့် တရားခံစစ်စစ်ကအခြားသူများကို စွပ်စွဲနေခြင်းမှာ သူခိုးလူဟစ်ခြင်း ပင်မဟုတ်ပါလား။

သို့ဖြစ်ပါ၍၊ ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင်ဘို့ဆိုလျှင် ပြည်ထောင်စုကြီးကို အစပျိုးခဲ့သည့် ပင်လုံညီလာခံ၊ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်တို့ကို ပြန်လည်လေ့လာသုံးသပ်ဖို့လိုအပ်လာပါပြီ။

ဤရည်ရွယ်ချက်ဖြင့် ရေးသားပြုစုခဲ့သူ ခွန်းမတ်ရ်ကိုဘန်းကိုလှိုက်လှဲစွာဖြင့်အလေးပြုအပ်ပါကြောင်း ကြေငြာအပ်ပါသည်။

မိုလ်ချုပ်ကြီးဆေအွန် (ခေါ်) စိုင်းတင်ဖေ

ခေတ္တ၊ ချိန်းမိုင်မြို့။

4/1/21

# ဦးလနန်ဘောက်၏အမှာစာ

၁၉၄၇ ခုနှစ် ပင်လုံစာချုပ်သည် ဗြိတိသျှအစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဟု ခေါ်ဆိုနိုင်သော၊ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) ဥပဒေ (Government of Burma Act of 1935) ဘောင်အတွင်း၌ ချုပ်ဆိုခဲ့သော စာချုပ်ဖြစ်သည်။ ထိုစဉ်က ဖွဲ့စည်းထားရှိ သော ဘုရင်ခံအတိုင်ပင်ခံကောင်စီတွင် နယ်ခြားဒေသ ကိုယ်စားလှယ် တစ်ဦး ကို ထည့်သွင်းလိုခြင်းရှိ မရှိ ဆန္ဒရယူခဲ့ခြင်းသာဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကစာချုပ်ပါ အကြောင်းအရာသည် အရေးမကြီးကြောင်း၊ စာချုပ်ကိုဖြစ်ပေါ်စေသော စိတ်ဓါတ်သည်သာ အရေးကြီးကြောင်း (Not the letter, but the spirit ) ဟူ၍မိန့်ကြားခဲ့ပါသည်။ အမှန်မှာလည်း၊ ပင်လုံစိတ်ဓါတ် သည် ပြည်ထောင်စုစိတ်ဓါတ်ပင်ဖြစ်ပါသည်။ ထိုကြောင့်ပင်၊ ပြည်ထောင်စုအစ၊ ပင်လုံကဟု ဆိုရိုးပြုခဲ့ရသည်မဟုတ်ပါလား။

ပြည်ထောင်စုနိုင်ငံများကို ထူထောင်ကြသည် ဆိုရာဝယ် လုံခြုံရေးနှင့် စီးပွားရေး သည် အဓိက အကြောင်းတရားများအဖြစ်ပါဝင်လေ့ရှိကြသည်။ ထိုစဉ်က မြန်မာပြည်မ (Burma Proper) သည်လည်းကောင်း၊ တိုင်းရင်းသားများ၏ နယ်မြေဖြစ်သော နယ်ခြားဒေသ (Frontier arears) သည်လည်းကောင်း လူဦးရေများပြားသော နိုင်ငံကြီး (၂)နိုင်ငံ၏ အကြားတွင် ရပ်တည်နေရသည်ကို သတိမူမိခဲ့ကြသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံလုံခြုံရေးအတွက် အင်အား အထိုက်အလျောက်ရှိရန်လိုအပ်သည်။ ပူးပေါင်းခြင်းဖြင့် အင်အားကိုတည်ဆောက်ကြမှသာ ဖြစ်မည်။ ထိုစဉ်က ပူးပေါင်းရေးသည် နှစ်ဦးနှစ်ဖက် စလုံး၏ လိုအင်ဆန္ဒဖြစ်ခဲ့ပါသည်။ ထူးခြား ချက်မှာ၊ ဗြိတိသျှ အစိုးရကိုယ်တိုင်က တိုင်းရင်းသားဒေသများကို မြန်မာပြည်မနှင့် ပူးပေါင်းစေလိုခြင်း ဖြစ်ပါသည်။

ပူးပေါင်းကြသည်ဆိုရာ၌၊ မည်သည့်အခြေခံမှုများဖြင့် ပူးပေါင်းကြမည်နည်း။ ဤမေးခွန်းနှင့် ၎င်း၏အဖြေတို့သည် ပင်လုံညီလာခံ၏ အဓိကအကြောင်းအရာများ ဖြစ်ခဲ့ပါသည်။ တိုင်းရင်းသားများသည် အတိတ်ကာလက ကိုယ့်မင်းကိုယ့်ချင်းဘဝဖြင့် အေးချမ်းစွာနေထိုင်ခဲ့

ကြသည်။ လက်ရှိတွင်လည်း မိမိတို့၏ အရေးအရာကိစ္စရပ်များကို ကိုယ်တိုင်စီမံဆောင်ရွက်နိုင်သည့်ဘဝအခြေအနေများကို ဆက်လက်ထိန်းသိမ်းထားလိုကြသည်။ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူရေးအခြေခံမူတို့ဖြင့်ပြည်ထောင်စုဖွဲ့စည်းရေးသည် ၎င်းတို့၏မျှော်မှန်းချက်ဖြစ်ခဲ့ပါသည်။ ၎င်းတို့သည် အပြန်အလှန်အကူညီကိုသာလိုသည်။ ဝင်ရောက်စွက်ဖက်မှုကို မလိုလားကြပေ။

ထို့အပြင်၊ ပင်လုံညီလာခံတွင် တိုင်းရင်းသားကိုယ်စားလှယ်များက ဒီမိုကရေစီနိုင်ငံရေး ကျင့်စဉ်ကို ခံယူကျင့်သုံးရန်အလေးထား၍ တင်ပြတောင်းခံခဲ့ကြသေးသည်။ ၎င်းတို့မျှော်မှန်းသည်မှာ အခြေခံလူ့အခွင့်အရေးများခံစားခွင့်ရရှိရေးနှင့် ပြည်သူလူထုပါဝင်သော အုပ်ချုပ်ရေးစနစ် ထူထောင်နိုင်ရေးတို့အတွက်ဖြစ်သည်။ နိုင်ငံတည်ဆောက်မှု ပုံသဏ္ဍာန်အဖြစ်လည်း ပြည်ထောင်စုစနစ် (Federal system) နှင့် လိုက်လျောညီထွေဖြစ်မည့် သမ္မတနိုင်ငံ (Republic) ပုံစံကိုအလိုရှိကြသည်။

သမ္မတနိုင်ငံများတွင် လူသို့မဟုတ်မင်းများက အုပ်ချုပ်သည်မဟုတ်။ နိုင်ငံ၏ဥသျှောင်နေရာတွင် တရားဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေက နေရာယူထားသည်။ အုပ်ချုပ်သူတို့က အခြေခံဥပဒေနှင့်အညီ တိကျစွာအုပ်ချုပ်ကြရသည်။ လူသားတို့သည် မှားယွင်းတတ်ကြသည်။ ထို့ကြောင့် တိုင်းရင်းသားက ဥပဒေ၏အုပ်ချုပ်မှုကို ပို၍ လိုလားကြခြင်းဖြစ်သည်။

နိုင်ငံသစ်တစ်ခုကို တည်ဆောက်ကြရာတွင်၊ ဆောင်ရန်နှင့်ရှောင်ရန်အချက်များ စွာရှိကြသည်။ ရှောင်ရန်အချက်များတွင်၊ လူမျိုးကြီးဝါဒ (Chauvinism) မလွန်ကဲရေးသည် အဓိက အချက်အဖြစ် ပါဝင်လျက်ရှိသည်။ ဤလူမျိုးကြီးဝါဒသည် လူမျိုးကိုအခြေခံ၍ ပေါ်ပေါက် နိုင်သလို၊ ဒေသကိုအခြေခံ၍လည်း ပေါ်ပေါက်နိုင်သည်။ လူမျိုးကြီးအမြင်ရှိနေခြင်းကို အပြစ် မဆိုသာပါ။ လူမျိုးကြီးအမြင်သည် လူသားတို့၏ပင်ကိုယ်စရိုက် (Human Instinct) အရ ပေါ်ပေါက်လာသော အမြင်သာဖြစ်သည်။ လူမျိုးကြီးအမြင် အလွန်အကျွံမဖြစ်ပေါ်ရေးအတွက် ထိန်းသိမ်းနိုင်သော ကရိယာမှာလူသားတို့၏ဆင်ခြင်တုံတရား (Rationality) ပင်ဖြစ်ပါသည်။

အသိဉာဏ်ကင်းမဲ့သော တိရိစ္ဆာန်တို့၏ ကမ္ဘာတွင် "ကြီးနိုင်ငယ်ညှင်းဓလေ့" သည် လွှမ်းမိုးလျက်ရှိသည်။ ၎င်းဓလေ့စရိုက်ကို "တောတွင်းဥပဒေသ" (Law of the jungle) ဟူ၍

တင်စားခေါ်ဝေါ် ခဲ့ကြသည်။ လူသားတို့၏ နယ်ပယ်တွင်မူကား “ခွန်အားသည်အခွင့်အရေး” (Might is right) ဆိုသည့်ထုံးကို နှလုံးမူခဲ့ကြသည်။ အတိတ်ကာလတွင် ခွန်အားကြီးသူတို့က လက်ရုံးအားကိုးဖြင့် အင်ပါယာနိုင်ငံကြီးများကို ထူထောင်ခဲ့ကြသည်။ သမိုင်းတွင် လက်ရုံးအားကိုးဖြင့် ထူထောင်ခဲ့ကြသော အီဂျစ်၊ ပါရှန်၊ ဂရိ၊ ရောမ၊ ဩစထရို-ဟန်ဂေရီ နှင့် အော့တိုမန် အင်ပါယာများပေါ်ပေါက်ခဲ့သည်။ သို့သော်၊ လက်ရုံးအားကိုးသူတို့သည် လက်ရုံးဖြင့် တုံ့ပြန်အန်တုခြင်းကို ခံရကြစမြဲဖြစ်သည်။

အင်အားကြီးသူတို့၏လက်ဝယ်တွင် လူများစုအခွင့်အရေး (Majority rights) ကို ပိုင်ဆိုင်ထားကြသည်။ ယင်းလူများစုအခွင့်အရေးသည် သဘာဝတရားကပေးသော အခွင့်အရေး (Natural rights) များပင်ဖြစ်သည်။ နောက်ပိုင်းတွင် လူတို့၏အသိအမြင်ဖွံ့ဖြိုးတိုးတက်လာသော အခါ၊ လူနည်းစုတို့ကိုလည်း ထိုက်သင့်သောအခွင့်အရေးများခွဲဝေပေးအပ်လာကြသည်။

ယင်းလူနည်းစုအခွင့်အရေး (Minority rights) များသည် လူလူချင်းတွေ့ဆုံဆွေးနွေး ကြရာမှပေါ်ပေါက်လာသောအခွင့်အရေးများဖြစ်သည်။ တနည်းအားဖြင့်၊ လူတို့၏ဆင်ခြင်တုံတရားမှ ပေါ်ပေါက်လာသော ဆင်ခြင်တုံတရား၏အသီးအပွင့်များပင်ဖြစ်ပါသည်။ ပြည်ထောင်စုနိုင်ငံကို ဖွဲ့စည်းထူထောင်ကြရာတွင် နောက်ခံသမိုင်း၊ ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားခြားနားသောလူမျိုးများ၊ လူဦးရေစီးပွားရေးအခြေအနေ၊ ဖွံ့ဖြိုးမှုအဆင့်အတန်းချင်း မတူညီသော လူအုပ်စုများ စသည်ဖြင့် ပူးပေါင်းနေထိုင်ကြသည်ဖြစ်ရာ၊ ဆင်ခြင်တုံတရား လွှမ်းမိုးသောလူ့အသိုက်အဝန်းဖြစ်ရန် လိုအပ်လှပါသည်။

စာရေးသူ ခွန်းမတ်ရ်ကိုဘန် နှင့် လူချင်းမတွေ့မီကပင် သူ၏ပထမစာအုပ်ဖြစ်သော “ပင်လုံစာချုပ်ရှင်းတမ်း (လက်စွဲစာအုပ်)” ကိုဖတ်ရှုခဲ့ရပါသည်။ ယင်းစာအုပ်တွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၏ နောက်ခံသမိုင်း၊ ပင်လုံညီညာခံ အကြိုကာလအခြေအနေများ၊ တိုင်းရင်းသားများ၏ လိုအင်ဆန္ဒနှင့်မျှော်မှန်းချက်များတို့ကို သမိုင်းဆိုင်ရာအချက်အလက် အပြည့်အစုံ၊ အထောက်အထားခိုင်ခိုင်လုံလုံဖြင့် ရေးသားပြုစုထားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံသမိုင်းသုတေသီများနှင့် တိုင်းရင်းသားများအရေး လေ့လာလိုသူများအဖို့ လက်စွဲပြုရမည့် စာအုပ်ပင်ဖြစ်ပါသည်။

၁၉၄၇ ခုနှစ် ပင်လုံညီလာခံအပြီး၌ နိုင်ငံသစ်တစ်ခုကိုဖွဲ့စည်းတည်ထောင်နိုင်ခဲ့ ကြပြီး ဖြစ်ပါသည်။ သို့ရာတွင် စာရေးသူမှတ်ချက်ပြုသကဲ့သို့ ပင်လုံကတိကဝတ်နှင့်အညီ ဖွဲ့စည်း တည်ဆောက်မည့်ပြည်ထောင်စုကြီး၏အဖြစ်မှာ ရွှေပြည်တော်မျှော်တိုင်းဝေးနေဆဲပင်။ ကတိ ကဝတ်နှင့်အညီဆောင်ရွက်ခြင်းသည် သစ္စာတည်မှုပင်ဖြစ်ပါသည်။

ပင်လုံစိတ်ဓာတ်သည်မှ ပင်လုံသစ္စာဆီသို့ လျှောက်လှမ်းရန်မှာ မျက်မှောက်ကာလ ပြည်ထောင်စုသားတိုင်း၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါလိမ့်မည်။

ဦးလနန်ဘောက်

## ဦးအေးသာအောင်၏အမှာစာ

ခွန်းမတ်ရ်ကိုဘန်က စာရေးသူအား သူပြုစုရေးသားသည့်စာအုပ်တွင် အမှာစာရေးသားပေးရန် တယ်လီဖုန်းဖြင့်ပြောကြားခဲ့သည်။စာမူကိုလည်းပို့ပေးခဲ့သည်။စာရေးသူနှင့် ခွန်းမတ်ရ်ကိုဘန် တို့မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်(UNLD) ကို အကြောင်းပြု၍ သိကျွမ်းရင်းနှီး ခဲ့ကြသည်။ (UNLD) ကို တိုင်းရင်းသားနိုင်ငံရေးပါတီ(၁၈) ပါတီဖြင့် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက် နေ့တွင် မှတ်ပုံတင်ခဲ့သည်။ နောက်ပိုင်းတွင် ၂၁ ပါတီအထိ ရှိလာခဲ့သည်။ အဆိုပါ ၂၁ ပါတီတွင် ခွန်းမတ်ရ်ကိုဘန် တို့၏ ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့ လည်းပါဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့က မဲဆန္ဒနယ်သုံးနေ ရာတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ခွန်းမတ်ရ်ကိုဘန် နှင့် ဦးRPသောင်းတို့ အနိုင်ရရှိခဲ့ကြသည်။ ခွန်းမတ်ရ်ကိုဘန်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ရုံသာမက ၁၉၉၃ ခုနှစ်တွင် နဝတ က ကျင်းပခဲ့သည့် အမျိုးသားညီလာခံကိုယ်စားလှယ်လည်း ဖြစ်သည်။ သို့ရာတွင် အမျိုးသားညီလာခံကို စွန့်ခွာပြီး ပြည်ပသို့တိမ်းရှောင်ထွက်ခွာသွားခဲ့သည်။ ထိုသို့ တိမ်းရှောင်ထွက်ခွာသွားခဲ့ခြင်းမှာ ညီလာခံ ၌ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အဓိကကျသည့် အခြေခံမူများကို ချမှတ်ရာ၌ နဝတ စစ်ခေါင်း ဆောင်များက တစ်ဖက်သတ် ချမှတ်ခဲ့ခြင်း၊ ညီလာခံကျင်းပရာတွင်လည်း ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများနှင့်မညီညွတ်ခြင်း၊ လွတ်လပ်စွာပြောဆိုခွင့်မရှိခြင်း၊ အထူးသဖြင့် တပ်မတော်သည် အမျိုးသားနိုင်ငံရေးတွင် ဦးဆောင်အခန်းကဏ္ဍက ပါဝင်ရမည်ဟု ပြဋ္ဌာန်းခဲ့သည့်အပေါ် မကျေမနပ်ဖြစ်ခြင်း ကြောင့် ညီလာခံကိုစွန့်ခွာ၍ ပြည်ပသို့ တိမ်းရှောင်ထွက်ခွာသွားခဲ့သည်ဟု သိရသည်။ သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လာ ခဲ့သည်ကိုလည်း ကြားသိခဲ့ရသည်။

စာရေးသူသည် ၂၀၁၈ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင်ကျရောက်သော ကယန်းအမျိုးသားနေ့ ကျင်းပသည့် ရှမ်းပြည်တောင်ပိုင်း၊ ဖယ်ခုံမြို့သို့သွားရောက်ခဲ့ရာ ခွန်းမတ်ရ်

ကိုဘန်နှင့် အချိန် အနည်းငယ် တွေ့ဆုံခွင့်ရခဲ့သည်။ နောက်ပိုင်းတွင် ၎င်းကိုယ်တိုင် ရေးသားသည့် “ပင်လုံစာချုပ်ရှင်းတမ်း” နှင့် “၁၉၄၇ ခုနှစ် ပင်လုံညီလာခံမှ ၂၁ ရာစုပင်လုံ ညီလာခံဆီသို့” စာအုပ် ၂ အုပ်ကို စာရေးသူထံသို့ ပို့ပေးခဲ့သည်။ ယခုတစ်ဖန် ၎င်း ကိုယ်တိုင် ပြုစုရေးသားသည့် စာအုပ်တွင် အမှာစာရေးပေးရန် ပြောကြားလာခဲ့သည်။ စာအုပ်၏အမည်မှာ “ပင်လုံစိတ်ဓါတ်သည်မှ ပင်လုံသစ္စာဆီသို့” ဖြစ်သည်။ ဤစာအုပ် သည် မြန်မာနိုင်ငံ၌ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တစ်စုံတစ်ရာ အကျိုးပြုလိမ့် မည်ဟု ယုံကြည်သည်။ စာအုပ်၏ အခန်း(၆)တွင် ပင်လုံစာချုပ်နှင့်ဆက်စပ်သော ကတိကဝတ်များနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကိုဖော်ပြထားသည်။ ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံ ညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် “တောင်တန်းနယ်မျာကို ဗြိတိသျှအုပ်ချုပ်သည်ကို ဗမာများက မကြိုက်ကြောင်း၊ ဗမာများသည် တောင်တန်းဒေသ အတွက် ပြောဆိုခြင်းမှာ ဗမာပြည်နှင့်တန်းတူ အဆင့်အတန်း၊ အခွင့်အရေး ရစေလို သောကြောင့် ဖြစ်ကြောင်း၊ ဗမာလူမျိုးများသည် ဗြိတိသျှကျွန် မဖြစ်လိုကြောင်း၊ ထိုနည်းတူ တောင်တန်းလူမျိုးများသည်လည်း ဗမာကျွန် မဖြစ်စေရကြောင်း” ဟူ၍ ပြောကြား ခဲ့သည်။ ထို့အပြင်တိုင်းပြုပြည်ပြုလွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင်လည်း “တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးများ စိုးရိမ်စရာ အလျဉ်းမရှိပါနှင့်၊ ကျွန်တော်တို့ တောင်တန်းဒေသနှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့တဲ့ စာချုပ်အရဖြစ်စေ၊ နောက်ပြီး တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ အစီရင်ခံစာမှ ထောက်ခံချက်များအရ ကျွန်တော်တို့ လက်ခံလာသည့်အတိုင်းဖြစ်စေ၊ လက်ခံထားတဲ့ သဘောမပါဘဲ (not only the letter of agreement) ဒီစာသဘောကို ကျွန်တော်တို့ သဘောတူညီ လာခဲ့တာတွင် မကဘဲ ကျွန်တော်တို့က (the spirit of agreement) သဘောတူညီလာခဲ့တာကို ပြီးတော့ ဒီအတိုင်းပဲ ဒီတိုင်းပြုပြည်ပြုလွှတ်တော်မှာ လုပ်မှာပဲဆိုတာ တောင်တန်းကိုယ်စားလှယ်များ ကို တိတိလင်းလင်း နားလည်စေချင်ပါတယ်၊ ကျွန်တော်တို့ပေးထားသောကတိ၊ နားလည် ပြီးသား သဘောတူညီချက်များကို နယ်ချဲ့သမားလို ဖောက်ဖျက်ခြင်းမလုပ်ပါဘူး၊ ဒီလို ပေးထားသော ကတိ၊ နားလည်ပြီးသား သဘောတူညီချက်များကိုဖောက်ဖျက်မည်လား၊ သံသယရှိတဲ့လူတွေဟာ ကျွန်တော် တို့ရဲ့ sense of honor, sense of self-respect, sense of pride ကို စော်ကားတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်၊ အဲ့ဒီတော့ ကျွန်တော်တို့ မြန်မာလူမျိုးများဖြစ်တဲ့လူတွေဟာ ခင်ဗျားတို့ သဘောမတူဘဲ မနေနိုင်တဲ့ အခြေအနေမျိုး

ကို လက်တစ်လုံးခြား လိမ်တဲ့နည်းနဲ့လည်း ကျွန်တော်တို့ မလုပ်ပါဘူး ဆိုတာ အတိအလင်း နားလည်စေချင်ပါတယ်” ဟူ၍လည်းကောင်း၊ လွိုင်ကော်မြို့ ဓမ္မာရုံ၌ ပြောကြားခဲ့သည့် မိန့်ခွန်းတွင်လည်း “ကရင်နီပြည်အနေဖြင့် ဖွဲ့စည်းမည့် ပြည်ထောင်စုဗမာနိုင်ငံတွင် ပြည်နယ် တစ်ခုအဖြစ် ပါဝင်ပါက ကရင်နီပြည်သည် ကိုယ်ပိုင်အုပ်ချုပ်ရေး အပြည့်အဝ ရှိစေရမည် ဖြစ်ပြီး ကရင်နီပြည်တွင်းရေးကို ဗမာက လုံးဝ စွက်ဖက်မည်မဟုတ်ကြောင်း၊ ကရင်နီပြည် အရေးကို ကရင်နီ ပြည်သူများကသာ တိုက်ရိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိစေရမည် ဖြစ် ကြောင်း” ကိုလည်း ပြောကြားခဲ့သည်။ အဆိုပါပြောကြားချက် များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ပေး ခဲ့သည့် ကတိကဝတ်များဖြစ်သည်။

အခန်း(၈)တွင် ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံ၌ တင်သွင်းခဲ့သည့် အဆို(၁၄) ချက်၊ ဗိုလ်ချုပ်အောင်ဆန်းချမှတ်ပေးခဲ့သော အခြေခံမူ(၄)ချက်၊ လမ်းညွှန်ချက်(၇)ချက်နှင့် ရှင်းလင်းချက် များကို ဖော်ပြထားသည်။ အဆိုပါ အခြေခံမူများနှင့် လမ်းညွှန်ချက်များမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံညီလာခံ၌ ဆွေးနွေးညှိနှိုင်း သဘောတူခဲ့သည့် သဘောတူညီ ချက်များကို အခြေခံ၍ လမ်းညွှန်ခဲ့သည်ဟု ဆိုရပေမည်။ ပင်လုံညီလာခံ၌ တိုင်းရင်းသားခေါင်းဆောင် များက ပေါင်းစည်းရာတွင် တန်းတူရည်တူ ပြည်ထောင်စုမူဖြင့် ပေါင်းစည်းမည်။ ပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့် အပြည့်အဝရှိရမည်။ ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိရမည် ဟူ၍ တင်ပြခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းကလည်း မူအားဖြင့် သဘောတူခဲ့သည်။ ထို့ကြောင့် အဆိုပါအချက် များသည် ပြည်ထောင်စုကို ဖွဲ့စည်းရန်အတွက် ပင်လုံမူ၊ ပင်လုံသဘောတူညီချက်များ ဖြစ်သည်။

အခန်း(၁၂)တွင် ပြည်ထောင်စုစိတ်ဓာတ် တစ်နည်းအားဖြင့် ပင်လုံစိတ်ဓာတ်ကို ဖော်ပြထား သည်။ အဆိုပါ ဝေါဟာရ၊ စကားလုံးများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနယ်ပယ်၌ အလွန်အပြောများသည့် စကားလုံးများ ဖြစ်ကြသည်။ နိုင်ငံ့အကြီးအကဲများ၊ နိုင်ငံရေး ပါတီ ခေါင်းဆောင်များက ပြည်ထောင်စုနေ့တွင်လည်းကောင်း၊ အခါအားလျော်စွာ ကြုံကြိုက် သည့် အခါများတွင်လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ် စသည်တို့ ကို အစဉ်အမြဲလိုလို ပြောကြားလေ့ရှိကြသည်။ သို့ရာတွင် ပြည်ထောင်စု စိတ်ဓာတ်၊ ပင်လုံ

စိတ်ဓာတ်ကို လေးနက်သည့် အဓိပ္ပါယ်နှင့်တကွ သိရှိ သဘောပေါက်၍ ပြောကြားခြင်းပေလော၊ သို့တည်းမဟုတ် အစဉ်အလာမပျက် ပြောကြားရမည့် ဝေါဟာရ အနေဖြင့် ပြောကြားခြင်းပေလော ဆိုသည်ကိုမူ ပြောသူများသာ သိကြပေလိမ့်မည်။ ပင်လုံ စိတ်ဓာတ်ဆိုသည်မှာ မြန်မာပြည်မနှင့် ရှမ်းပြည်အပါအဝင် တောင်တန်းဒေသများ ပေါင်းစည်းရေး အတွက် ပင်လုံညီလာခံ၌ ဆွေးနွေးညှိနှိုင်းကြစဉ်က ဗိုလ်ချုပ်အောင်ဆန်း နှင့် တိုင်းရင်းသားခေါင်း ဆောင်များတွင် ဖြစ်ပေါ် ခဲ့သည့် စိတ်ဓာတ်များကို ဖော်ညွှန်းခြင်း ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း အနေနှင့် လွတ်လပ်ရေးကို ရယူရာတွင် မြန်မာပြည်မနှင့် ရှမ်းပြည်အပါအဝင် တောင်တန်းဒေသများကိုပါ တစ်ပေါင်းတည်းရယူလိုသည့် စိတ်ဆန္ဒ ရှိခဲ့သည်။ ထို့သို့ တစ်ပေါင်းတည်းရယူလိုခြင်းမှာလည်း ဗမာများက တိုင်းရင်းသားဒေသကို စိုးမိုးအုပ်ချုပ်လို၍မဟုတ်ပေ။ ဘဝတူတိုင်းရင်းသားညီအစ်ကိုများ အားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်စေလိုသည့် စိတ်စေတနာကြောင့်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုး များ အားလုံးပူးပေါင်း၍ ကြိုးပမ်းကြမည်ဆိုပါက တိုင်းပြည်အတွက် ပို၍အကျိုးများ လိမ့်မည်ဟူ၍ ယုံကြည်စိတ်များရှိပေသည်။ ဤကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၌ ရိုးရှင်းသည့် စိတ်စေတနာ များရှိခဲ့သကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များကလည်း မြန်မာပြည်မနှင့် လွတ်လပ်ရေးကို တစ်ပေါင်းတည်းယူခြင်းဖြင့် လွတ်လပ်ရေးအမြန်ရမည်။ ဒီမိုကရေစီအရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်များ အမှန်တကယ်ရရှိလိမ့်မည် ဟူ၍ ယုံကြည်စိတ်များ ရှိခဲ့ကြသည်။ ဤကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ၌ ထိုစဉ် ကရှိခဲ့ကြသော ကောင်းမြတ်သည့် စိတ်စေတနာများ၊ စိတ်ဓာတ်များသည် ပင်လုံညီလာခံ၌ ပေါက်ဖွားခဲ့သည့်အတွက် ပင်လုံစိတ်ဓာတ် တစ်နည်းအားဖြင့် ပြည်ထောင်စုကိုတည်ဆောက်ရန် ဖြစ်ပေါ် ခဲ့သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သွားပြီးနောက်ပိုင်း၌ ဖဆပလခေါင်းဆောင်အချို့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိကတာဝန်ယူရေးဆွဲခဲ့သည့် ဦးချန်ထွန်းတို့က ပင်လုံမူ၊ ပင်လုံသဘောတူညီချက်နှင့်တစ်ကွ ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သည့် အခြေခံမူ များနှင့် လမ်းညွှန်ချက်များကိုသွေဖယ်ကာ ၁၉၄၇ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲ ခဲ့ကြသည်။ လွတ်လပ်ရေးရပြီး မရှေးမနှောင်းမှာပင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ ၁၉၄၇ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ လိုအပ်ချက်၊ ချို့ယွင်းချက်များကို အကြောင်းပြု၍ တိုင်းရင်းသား

များ တော်လှန် ပုန်ကန်မှုများဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ပြည်တွင်း စစ်မီးကို ထပ်ဆင့်တောက်လောင်စေခဲ့သည်။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်က ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် အောင်မြင်မှုမရရှိခဲ့ပေ။ လက်ရှိအချိန်တွင် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဖယ်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရေးအတွက် ၂၁ ရာစု ပင်လုံ ညီလာခံကိုကျင်းပခဲ့ရာ (၄) ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ဖယ်ဒရယ်ဆိုင်ရာ အခြေခံ မူများကို သဘောတူညီမှု ရရှိခဲ့ခြင်းမရှိပေ။ NLD သည် ၂၀၂၀ ရွေးကောက်ပွဲ၌ အပြတ်အသတ်အနိုင် ရရှိခြင်းကြောင့် မကြာမီအစိုးရအဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်သည်။ NLD အစိုးရအနေဖြင့် ၂၁ ရာစုပင်လုံ ညီလာခံကို ဆက်လက်ကျင်းပ၍ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖယ်ဒရယ်ပြည် ထောင်စုဖော်ဆောင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြပေဦးမည်။ ထိုသို့ ကြိုးပမ်းရာ၌ စာရေးသူ၏ အမြင်မှာ ငြိမ်းချမ်းရေးညီလာခံကို ၂၁ ရာစုပင်လုံညီလာခံဟု အမည် ပေးထားခြင်းသည် ကောင်းလေစွ၊ ထို့ထက်မှာမူ "ပင်လုံ" ကို အမည်အားဖြင့် မည်ကာမတ်တပ် ပြောဆိုသုံးစွဲနေကြခြင်းထက် ပင်လုံမူ၊ ပင်လုံသဘောတူညီချက်၊ ပင်လုံ ကတိကဝတ်များကို အကောင်အထည်ဖော်ရန်အတွက် ကြိုးပမ်းကြမည်ဆိုပါက ပိုမို၍ ကောင်းလေစွဟူ၍ တွေးထင်မိပါကြောင်း။

အေးသာအောင်

## စာရေးသူအမှာ

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များတို့သည် သီးခြားစီ တည်ရှိသော Burma Proper ခေါ် ဗမာပြည်မနယ်မြေ၊ Federated Shan States ခေါ် ပြည်ထောင်စု ရှမ်းပြည်နယ်မြေ၊ Kachin Hill Tracts ခေါ် ကချင်ပြည်နယ်မြေ၊ Chin Hill District ခေါ် ချင်းပြည် နယ်မြေ စသည့် ပြည်ထောင် (၄)ပြည်ထောင်ကို အသီးသီးကိုယ်စားပြုကြပြီး အမြော်အမြင်ကြီးမားစွာဖြင့် တိုင်ပင်ဆွေးနွေး အပေးအယူပြုလုပ်ကြပြီးမှ (၁၉၄၇) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ထိုပင်လုံစာချုပ်ကို အခြေခံပြု၍ ပြည်ထောင်စုအမျိုးသားစိတ်ဓာတ်အင်အားဖြင့် (၁၉၄၈) ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် နယ်မြေ (၄) ခုသည် တစ်ပြိုင်တည်းလွတ်လပ်ရေးကိုရရှိကာ ကမ္ဘာ့အလယ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟူ၍ စတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့သည် ပင်လုံစာချုပ် ချုပ်ဆိုရခြင်း အဓိကရည်မှန်းချက်သည်

(၁) ပြည်ထောင် (၄) ပြည်ထောင် တစ်ပြိုင်တည်းလွတ်လပ်ရေး ရယူရန်နှင့်

(၂) လွတ်လပ်ရေးရရှိပြီးပါက အမျိုးသားပြည်နယ်များသည် တန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များတို့သည် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံထားရှိရမည့် အခြေခံမူများ၊ အခြေခံကျောရိုးများကို ချမှတ်ရန်

၁။ (၁၉၄၇) ခုနှစ်၊ မေလ (၂၄) ရက်နေ့၌ ကျင်းပပြုလုပ်သည့် ဖဆပလ (အဖွဲ့ချုပ်) ပဏာမ ညီလာခံသဘင်ကြီးက အခြေခံမူများ (၁၄) ခန်းကို သဘောတူချမှတ်ထားခဲ့သည်။ ယင်း

အခြေခံမူများ (၁၄) ခန်းမှာ တိုင်းရင်းသားများ တန်းတူရည်တူ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိပြီး ပြည်သူများ ဒီမိုကရေစီအခြေခံလူ့အခွင့်အရေးများကိုကာကွယ်ပြဌာန်းနိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်ရန် အခြေခံမူများကို အခိုင်အမာ ချမှတ်ပေးထားခဲ့သည်။ အခန်း(၁) ပုဒ်မ(၂)(က) မှာ ပြည်ထောင်စုအဖွဲ့ဝင် နယ်မြေများကို ဗမာပြည်မ၊ ရှမ်းပြည်၊ ကရင်နီပြည်၊ ကချင်ပြည်၊ ချင်းပြည် စသည့် နယ်မြေ (၅)ခုကို ရာထားသည်။ ပုဒ်မ (၃)(က)အရ ဗမာပြည်မနယ်မြေ တွင် အတူနေထိုင်ကြပြီး မြန်မာစကားနှင့် မတူသော ကရင်၊ မွန်၊ ရခိုင် လူမျိုးများကို ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအဖြစ် ဖော်ထုတ်ပေးရမည့်အပြင်  မြန်မာလူမျိုးသည်လည်း ပင်လုံစာချုပ်အခြေခံမူများအရ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်အဖြစ်ဖော်ထုတ်ရန် ညွှန်းဆိုသတ်မှတ် ထားခဲ့သည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းသည် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအပြီး (၁၉၄၇)ခုနှစ်၊ ဇွန်လ (၁၆)ရက်နေ့ ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးကြီးက ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရန် အခြေခံမူ (၄)ချက်ဖြစ်သော -

၁။ လွတ်လပ်သောနိုင်ငံဖြစ်ရမည် (Independence)

၂။ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ရမည် (Sovereignty)

၃။ ဒီမိုကရေစီသမ္မတနိုင်ငံဖြစ်ရမည် (Republic)

၄။ ပြည်ထောင်စုနိုင်ငံဖြစ်ရမည် (Union State)

ဟူ၍ သဘောတူချမှတ်ထားသည့်အပြင် လမ်းညွှန်ချက် (၇) ချက်ကိုလည်း လွှတ်တော်က တညီတညွတ် တည်း အတည်ပြုချမှတ်ပြီး အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု သမ္မတနိုင်ငံ တည်ထောင်ရန် အခြေခံမူများ၊ အခြေခံကျောရိုးများကို အခိုင်အမာချမှတ်ပေးထားခဲ့ခြင်း ဖြစ်ပေသည်။ အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ပေးထားသည့်အတိုင်း စစ်မှန်သော ဖက်ဒရယ်အခြေခံမူများ၊ အခြေခံကျောရိုးများပါအတိုင်း လိုက်နာ ကျင့်သုံးပြီး စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဌာန်းမည်ဆိုပါက ယခုနှစ်ပေါင်း(၇၂) နှစ် ကျော်ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာ့နိုင်ငံ တကာအလယ်မှာ

ဂုဏ်ယူဝင့်ကြွားစွာ ဒီမိုကရေစီကြွယ်ဝပြီး ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံတော်အဖြစ် တည်ရှိနေမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ ကျဆုံးပြီးသည့်နောက် ဖဆပလ (အဖွဲ့ချုပ်) ဝန်ကြီးချုပ်ဦးနုသည် ပင်လုံစာချုပ်အခြေခံမူလမ်းစဉ်အပေါ် သွေဖယ်အားနည်းသွားရာမှ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရန် ဦးချန်ထွန်းအား ဟန်ပြအဖြစ် အိန္ဒိယနိုင်ငံသို့ လေ့လာရန်စေလွှတ်ပြီး ဦးချန်ထွန်းနှင့် ဦးမြင့်သိန်းတို့အား (၂) လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးရေးဆွဲစေသည်။

ဦးချန်ထွန်းသည် တိုင်းပြုပြည်ပြုလွှတ်တော်သို့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရန် တင်သွင်းခဲ့စဉ်က ဤဖွဲ့စည်းပုံသည် အခြေအနေအရ မလွှဲမရှောင်သာ ပြည်ထောင်စုနိုင်ငံမှာ အမေရိကန်၊ ဆွစ်ဇလန်တို့ကဲ့သို့ ပြည်ထောင်စုစစ်စစ်မျိုးမဟုတ်ကြောင်း၊ ကနေဒါ (Canadian Type) တစ်နည်းအားဖြင့် အလယ်အလတ်တန်းစား (Moderate Type) ပြည်ထောင်စုမျိုးဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြခဲ့သည်။ ဆက်လက်၍ ဦးချန်ထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော အခန်းများ အပိုဒ်များကို ရှင်းပြခဲ့ပြီး နောက်ဆုံးတွင် အတည်ပြုခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းချမှတ်ထားသည့် မူအတိုင်းဆိုလျှင် လူအင်အားအများသုံးရမည် ဖြစ်ကြောင်း၊ ငွေကြေးအကုန်ကျများမည်ဖြစ်ကြောင်း၊ ယခုစစ်ပြီးကာလတွင် တိုင်းပြည် ဆင်းရဲနေသေးကြောင်း၊ အခန်း (၁၀) တွင် ခွဲထွက်ခွင့်ပြုဌာန်းပါရှိပြီး အခန်း (၁၁) ၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သည်ဟု ပြဌာန်းပါ ရှိထားကြောင်း ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုလက်စွဲ မရှိလျှင် လွတ်လပ်ရေးမရနိုင်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံကို အတည်ပြုရန် လိုအပ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် တက်ရောက်လာကြသော တိုင်းရင်းသားခေါင်းဆောင်များသည် ပင်လုံစာချုပ်အခြေခံများ၊ ကတိကဝတ်များ အပေါ် ပြည်ထောင်စုအမျိုးသားစိတ်ဓာတ်အရှိန်ကြောင့် ဦးနုနှင့် ဖဆပလ အဖွဲ့ချုပ်ခေါင်းဆောင်အပေါ် အကြွင်းမဲ့ယုံကြည်ခြင်း၊ နိုင်ငံရေး အတွေ့အကြုံနုနယ်ခြင်း၊ ဥပဒေပြုလုပ်ငန်းနားလည်မှုအားနည်းခြင်း၊ အမျိုးသားခေါင်းဆောင်များကျဆုံး၍ အချင်းချင်းသွေးစည်းညီညွတ်ရေးအတွက် ဆန္ဒပြင်းပြနေခြင်း၊ ဗိုလ်ချုပ်ပြောကြားသည့်အတိုင်း

ဥပဒေစကားလုံးထက် ပင်လုံအခြေခံမူများ ကတိကဝတ်များကို ယုံကြည် အားကိုးခြင်း၊ အခန်း(၁၀)တွင် ခွဲထွက်ခွင့်ရှိခြင်း၊ အခန်း (၁၁)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခွင့် ပါရှိ သဖြင့် လွတ်လပ်ရေးရရှိပြီးသည်နောက် ပြင်ဆင်လိုသောဖွဲ့စည်းပုံအခြေခံဥပဒေကို သွေးသားညီအစ်ကို အချင်းချင်းအကြား ဥပဒေစကားလုံးများကို အတိအကျအဓိပ္ပါယ်ကောက်ခြင်း၊ အကြပ်ကိုင်ခြင်းများ ပြုလုပ် လိမ့်မည်မဟုတ်၊ မူးတင်းမတ်တင်းဈေးဆစ်စရာလိုအပ်မည်မထင်ခဲ့ပါ။ လွတ်လပ်ရေးကိုလည်း အမြန်ဆုံး ရရှိခံစားလိုကြသည်။ ထို့ကြောင့် တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို တောင်တန်းဒေသ ခေါင်းဆောင်ကိုယ်စား တောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းစိန်(ပလောင်)က လှိုက်လှဲစွာ ထောက်ခံလိုက် သဖြင့် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပင်လုံစာချုပ်အခြေခံမူများ၊ ကတိကဝတ်များအပေါ် သွေဖယ်အားနည်းသွားရာမှ ဗမာပြည်မနယ်မြေကို ပြည်ထောင်စုဗဟိုအာဏာနှင့် တွဲထားပြီး ရှမ်း၊ ကချင်၊ ချင်းပြည်နယ်များသည် လက်အောက်ခံဘဝကျရောက်ခြင်း၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ရသင့် ရထိုက်သော ကရင်၊ မွန်၊ ရခိုင် အမျိုးသား ပြည်နယ်များကို ချက်ချင်းအချိန်မီ ဖော်ဆောင်မပေးခြင်း၊ သီးခြား လွတ်လပ်သော ကရင်နီပြည်ကို ကရင်နီစော်ဖွားများ၊ ပြည်သူများ ဆန္ဒအမှန်မရယူဘဲ လက်အောက်ပြည် နယ်အဖြစ် သတ်မှတ်ခြင်း စသည့်တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေး ဆုံးရှုံးခြင်းပြဿနာရပ်များ ကြောင့် လွတ်လပ်ရေးသက်တမ်းအတူ ပြည်တွင်းစစ်မီးစတင်တောက်လောင်ကျွမ်းပြီး ပြည်တွင်းစစ်မီး အရှိန်ကြောင့် ၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင် ဗိုလ်နေဝင်းဦးဆောင်သော စစ်အုပ်စုသည် ဝန်ကြီး ချုပ်ဦးနုထံမှ တိုင်းပြည်အာဏာကိုသိမ်းယူခဲ့သည်။ တိုင်းရင်းသားများတန်းတူအခွင့်ရေး ဆုံးရှုံးခြင်းပြဿနာ ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် (၁၄) နှစ်အကြာတွင် ပျက်စီးသွားပြီး နောက်ဆုံးရလဒ်သည် ဖက်ဆစ် စစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

ဗိုလ်နေဝင်းဦးဆောင်သော ဖက်ဆစ်စစ်အုပ်စုသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ) တပါတီအာဏာရှင်စနစ်ကို တည်ထောင်ပြီး ပင်လုံစာချုပ် အခြေခံမူများနှင့် လုံးဝဆန့်ကျင်သည့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို စိတ်ကြိုက်ရေးဆွဲပြဌာန်းလိုက် သည်။ ယင်းဖွဲ့စည်းပုံသည် တိုင်းရင်းသားများ တန်းတူအခွင့်အရေးအားလုံး ဆုံးရှုံးသည့်အပြင် ဒီမိုက

ရေစီအခြေခံလူ့အခွင့်အရေးဟူသမျှ လုံးဝဆိတ်သုဉ်း သွားသဖြင့် ပြည်တွင်းစစ်မီးသည် အထွဋ်အထိပ်သို့ လောင်ကျွမ်းမဆုံး တောက်လောင်ခြင်းနှင့်အတူ ပြည်သူများ ဒီမိုကရေစီ အခွင့်အရေးတိုက်ပွဲသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုပြင်းထန်လာသဖြင့် ၁၉၈၈ ခုနှစ်တွင် ပြည်သူများပြည်လုံးကျွတ် ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် (မဆလ) တပါတီ အာဏာရှင်စနစ်ချုပ်ငြိမ်းသွားပြီး လည်းကောင်းတို့ကိုယ်တိုင် စိတ်ကြိုက်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံပဒေကို လည်းကောင်းတို့ကိုယ်တိုင် ဖျက်သိမ်းလိုက်ရသည်။ ယင်းတိုင်းရင်းသားများ တန်းတူရေးနှင့် ပြည်သူများ ဒီမိုကရေစီအခွင့်အရေးမရှိသည့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပေဒသည်လည်း (၁၄)နှစ် အကြာတွင် ပျက်စီးသွားခဲ့သည်။ တိုင်းရင်းသား တန်းတူရေးနှင့် ပြည်သူ့ဒီမိုကရေစီ အခြေခံအခွင့်အရေး ဆုံးရှုံးသည့် ရလဒ်သည် ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် အရှေ့တောင်အာရှ နိုင်ငံများအနက် အချမ်းသာဆုံးနိုင်ငံဘဝမှ ကမ္ဘာ့ အဆင်းရဲဆုံးနိုင်ငံဘဝတွင်းနက်ထဲသို့ ကျဆုံးသွားပြီး ပြည်သူ များစားဝတ်နေရေးသည်လည်း အတိဒုက္ခမျိုးစုံကြုံတွေ့နေရခြင်းပင်ဖြစ်သည်။

၁၉၈၈ ခုနှစ် ပြည်သူများ ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် (မဆလ) တပါတီအာဏာရှင်စနစ် ပြုတ်ကျသွားသော်လည်း ဗိုလ်နေဝင်းဦးဆောင်သော စစ်အုပ်စုသည် ပြည်သူများတောင်းဆိုသော ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးကို လုံးဝလက်မခံဘဲ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွှန့် စစ်အုပ်စုကို အမွေစားအမွေခံအဖြစ် မဆလ တဖြစ်လဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ (တစည)ပါတီ နှင့် မဆလအစိုးရ တဖြစ်လဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး နှင့် တည်ဆောက်ရေးအဖွဲ့ (နဝတ) အစိုးရကို ဖွဲ့စည်းပြီး ပခုံးပြောင်းအဖြစ် တိုင်းပြည်အာဏာကို လွှဲအပ်ပေးခဲ့သည်။ (နဝတ) စစ်အုပ်စုသည် မိမိတို့ (တစည) ပါတီ အနိုင်ရရှိမည်ဟု ယုံကြည်ပြီး ၁၉၉၀ ခုနှစ် ပါတီစုံအထွေထွေရွေးချယ်တင်မြှောက်ပွဲ ပြုလုပ်ခဲ့သည်။ ယင်းရွေးချယ် တင် မြှောက်ပွဲတွင် ဒီမိုကရေစီအင်အားစုအပြတ်အသတ် အနိုင်ရရှိခဲ့သော်လည်း အာဏာ လွှဲပြောင်းခြင်း မရှိသည့်အပြင် ပါတီခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးခေါင်းဆောင်များ အများအပြားကို နေအိမ်အကျယ်ချုပ်ထားခြင်း၊ ဖမ်းဆီးနှိပ်စက် ထောင်ချခြင်း စသည့်လုပ်ရပ်များကြောင့် အများအပြားထောင်ထဲတွင် သေဆုံးခဲ့ကြသည်။

နဝတ၊ နအဖ စစ်အုပ်စုသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အနာဂတ်အမျိုးသား နိုင်ငံရေးတွင် တပ်မတော်က အစဉ်တစိုက် ပါဝင်ထမ်းဆောင်နိုင်ရေး ဦးတည်ချက် ချမှတ်ပြီး ၎င်းတို့စိတ်ကြိုက် ရွေးချယ်ထားသော ကိုယ်စားလှယ် လွှမ်းမိုးထားသည့် အတုအယောင် ဟန်ပြ အမျိုးသားညီလာခံတရပ်ကို (၁၄) နှစ်ကာလတိုင် အချိန်ဆွဲကျင်းပကာ ၎င်းတို့ စိတ်ကြိုက်ရေးဆွဲထားသော (၂၀၀၈)ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတင်းအဓမ္မ အတည်ပြု ပြဌာန်းလိုက်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားများ တန်းတူ အခွင့်အရေးနှင့် ပြည်သူများ ဒီမိုကရေစီအခွင့်အရေးများ ဖော်ဆောင်ပေးခြင်းမဟုတ်ဘဲ စစ်အုပ်စုက ပြည်သူတရပ်လုံးအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ရေရှည်စိုးမိုးထားနိုင်ရန် အခိုင်အမာ ရေးဆွဲပြဌာန်းထားခြင်းဖြစ်သည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်တွေ့ကျင့်သုံးလာရာမှာ ၁၀ နှစ်ကျော်လာပြီးဖြစ်သော်လည်း တိုင်းရင်းသားများ တန်းတူရေးနှင့် ပြည်သူများဒီမိုကရေစီအခွင့်အရေးများ မဖော်ဆောင် ပေးနိုင် သည့်အပြင် ယနေ့တိုင်းပြည်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ပြဿနာပေါင်းစုံ ရင်ဆိုင်နေရပြီး ပြည်သူများစားဝတ်နေရေးသည်လည်း အတိဒုက္ခမျိုးစုံ ကြုံတွေ့နေရဆဲပင်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံရေးလောကတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့လွှတ်တော် အတွင်း ပြင်ဆင်ရေးဆွဲရေးလုပ်ငန်းနှင့် ပြည်သူ့လွှတ်တော်ပြင်ပတွင် UPDJC မှ ကြီးမှူးပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁-ရာစု) ပင်လုံကို တစ်ပြိုင်တည်းကျင်းပပြုလုပ် နေခြင်းသည် (၂၀၀၈) ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် အသုံးပြုရန်ဖြစ်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံမှ ရရှိလာမည့် ရလဒ်များအပေါ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ တည်ထောင်ရန် ရည်မှန်းချက်ပန်းတိုင် ချမှတ် ထား ကြောင်းပင်ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေး (၂၁ - ရာစု) ပင်လုံညီလာခံကို **"ပင်လုံစိတ်ဓာတ်"** ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလာရာမှာ (၄) နှစ် ကျော်လွန်လာပြီးဖြစ်သော်လည်း ပြည်ထောင်စု သဘောတူညီချက် ၅၁ ချက်ချမှတ်ထားနိုင်ခြင်းသည် - ဥပမာ တိုက်ကြီးတလုံး တည်ဆောက်ရန် လိုအပ်သော ကျောက်၊ သဲ၊ ဘိလပ်မြေ၊ သံဖြူ၊ သံမှို၊ ပတ္တာ၊ မူလီ စသည့်ပစ္စည်းများသာ

စုစည်းထားခြင်းသည်သာဖြစ်ပြီး အဓိကအခြေခံလိုအပ်သည့် "အခြေခံအုတ်မြစ်" ကို ချမှတ်ထားနိုင်ခြင်းမရှိသေးပေ။ ယင်းကဲ့သို့ အခြေခံအုတ်မြစ် ပန္နက်ချမှတ်ရန် အချိန်ကြန့်ကြာရခြင်းသည် လွတ်လပ် ရေးဗိသုကာကြီး၊ လွတ်လပ်ရေးဖခင်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်း ဆောင်များ သဘောတူချမှတ်ထားသည့် **ပင်လုံစာချုပ် ကတိသစ္စာ** ပါအတိုင်း လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်းပင်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိသည်မှာ ၇၂ နှစ်ကျော်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသုံးခုပေါ်ပေါက်လာပြီးဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခုကိုလေ့လာပါက ဗိုလ်ချုပ်အောင် ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ထားသော ပင်လုံစာချုပ် အခြေခံမူလမ်းစဉ်အပေါ် သွေဖယ်ခြင်း၊ ဆန့်ကျင်ခြင်း စသည့်ဖွဲ့စည်းပုံအခြေခံဥပဒေများသာ ဖြစ်ကြောင်း တွေ့ရှိရသည်။ ယနေ့ အချိန်အထိ ပင်လုံစာချုပ် အခြေခံမူလမ်းစဉ်ကတိကဝတ် သစ္စာအပေါ် မည်သည့်အဖွဲ့အစည်း၊ မည်သည့် အုပ်စု၊ မည်သည့်ခေါင်းဆောင်တစ်ဦးမျှ ပြတ်သားရှင်းလင်းစွာ ဦးဆောင်မှုပေးခြင်း မတွေ့ရှိရပါသဖြင့် လွတ်လပ်ရေးဗိသုကာကြီး၊ လွတ်လပ်ရေးဖခင်ကြီး ချမှတ်ထားသော အခြေခံမူလမ်းစဉ်အပေါ် ဥပက္ခာပြုရာကျနေပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထဝီနယ်မြေအနေအထားကို လေ့လာပါက မြေဧရိယာ အကျယ်အဝန်းနှင့် လူဦးရေသည် အလွန်မျှတပြီး သဘာဝ ရေ၊ မြေ၊ မြစ်၊ ချောင်း၊ အင်းအိုင်ပေါ်များသည်သာမက နိုင်ငံတကာများနှင့် ဆက်သွယ်ရေး၊ ပင်လယ် ရေလမ်းကြောင်းလည်း အထူးကောင်းမွန်သည့်နိုင်ငံဖြစ်သည်။ ထို့အပြင် တိုင်းပြည်၏ သံယဇာတများဖြစ်သော အဖိုးတန်သစ်များ၊ ကျောက်၊ သံ၊ ပတ္တမြား၊ ရွှေတွင်းငွေတွင်း၊ ကျောက်စိမ်း၊ သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝပြီး ပြည်သူများ ရွှေဘုံ၊ ဂုဏ်စ်ဘုံ၊ ပတ္တမြားဘုံ ပေါ်တွင် ထိုင်နေရသော်လည်း ဖောင်စီးပြီးရေငတ်ဆိုသလို ပြည်သူများစားဝတ်နေရေး အတိဒုက္ခမျိုးစုံ ခံစားနေရပြီး ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝကျရောက်ခြင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ပေးထားသော ပင်လုံစာချုပ် ပဋိညာဉ်ကတိသစ္စာပြုခြင်းအပေါ် သွေဖယ်ဆန့်ကျင်သဖြင့် ပင်လုံကျိန်စာသင့်ပြီလား သုံးသပ်ပါက လွန်သည်မဟုတ်ဟု ထင်မြင်မိကြမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရင်းခံအခြေခံပြဿနာသည် ဖွဲ့စည်းပုံအခြေခံဥပဒေများ (၃) ခု ပြဿနာပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများပြဿနာဆိုရာတွင် အဓိက

တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးဆုံးရှုံးခြင်းနှင့် ပြည်သူများဒီမိုကရေစီဆုံးရှုံးခြင်း ပြဿနာပင်ဖြစ်သည်။ တိုင်းရင်းသား များ တန်းတူအခွင့်အရေးသည် ပင်လုံစာချုပ်ချုပ်ဆိုကတည်းက ပြည်ထောင်စုကို တန်းတူပိုင်ဆိုင်ထားပြီး ပြည်ထောင်စုအတွက် တာဝန်အသီးသီးရှိကြသည့်အတိုင်း ပူးပေါင်းဆောင်ရွက်ကြလျက် အချိုးကျအကျိုးခံစားခွင့်မျိုးသည်သာလျှင် လူမျိုးကြီး လူမျိုးငယ် ဖိနှိပ်ချုပ်ချယ်မှုကင်းပြီး စစ်မှန်သောအမျိုးသားစည်းလုံးညီညွတ်ရေးကို အာမခံချက်ပေးနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီအခြေခံလူ့အခွင့်အရေးသည် မွေးရာပါအခွင့်အရေးဖြစ်သည်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားများတန်း တူအခွင့်အရေးနှင့် ပြည်သူများ ဒီမိုကရေစီ အခြေခံလူ့အခွင့်အရေးသည် မည်သည့်လူမျိုး၊ မည်သည့်အဖွဲ့အစည်းမှ ပိုင်ဆိုင်ထားခြင်းမဟုတ်ပါသဖြင့် မည်သူက မည်သူထံသို့ တောင်းစရာ ပေးစရာ မလိုအပ်ပါ။ တိုင်းရင်းသားများအားလုံး တွေ့ဆုံဆွေးနွေးပြီး ချမှတ်သွားရန် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတည်ထောင်လာသည်မှာ ၇၂ နှစ်ကျော်လာပြီးဖြစ်သော်လည်း တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ပြဿနာရပ်များအပေါ် သင်ခန်းစာအဖြစ် ပြန်လည်သုံးသပ်ရန်ကိုလည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး(၂၁ - ရာစု) ပင်လုံညီလာခံ ကျင်းပ ပြုလုပ်ရာတွင်လည်းကောင်း၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တည်ဆောက်ရန်ကိုလည်းကောင်း တဖက်တလှမ်း တထောင့်တနေရာမှ အထောက်အကူပြုစေရန် ရည်သန်၍ ဤ ပင်လုံစိတ်ဓာတ်သည်မှ ပင်လုံသစ္စာဆီသို့ စာအုပ်ကို ပြုစုရေးသားလိုက်ရပေသည်။

ခွန်းမတ်ရ်ကိုဘန်

၁၉၉၀ ခုနှစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း

ဖယ်ခုံမြို့နယ်

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့

# အခန်း (၁)
# ပဒေသရာဇ်ခေတ်ကာလ
# တိုင်းရင်းသားလူမျိုးများ နယ်မြေအခြေအနေ

# အခန်း (၁)

# ပဒေသရာဇ်ခေတ်ကာလ တိုင်းရင်းသားလူမျိုးများ နယ်မြေအခြေအနေ

တိုင်းရင်းသားလူမျိုးများဖြစ်ကြသော ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ဗမာ၊ မွန်၊ ရှမ်း၊ ရခိုင် စသည့် လူမျိုးများသည် ရှေးပဝေသဏီ ပဒေသရာဇ်အုပ်စိုးသည့်ကာလကတည်းက ကိုယ့်ဘုရင့်၊ ကိုယ့်စော်ဘွား၊ ကိုယ့်ဒူးဝါး၊ ကိုယ့်စော်ကဲ၊ ကိုယ့်တောင်ပိုင် ရမ်အုပ်မင်းများတင်မြှောက်၍ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ဟော်၊ ကိုယ်ကြငှန်းနှင့် ထီးဖြူဆောင်း၊ ရွှေထီးဆောင်း၊ ရွှေခါးလွယ်ကိုင်၊ ငွေခါးလွယ်ကိုင် အဆောင်အယောင်အမျိုးမျိုးဖြင့် သီးခြားလွတ်လပ်စွာ အုပ်ချုပ်နေထိုင်လာခဲ့ကြသည်။

## (က) မြေပြန့်ဒေသ ပဒေသရာဇ်မင်းများ

လမ်းပန်းဆက်သွယ်ရေးလွယ်ကူသော ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်ဝှမ်း ဒေသတလျှောက်တွင်ရှိသော ပဒေသရာဇ်မင်းများသည် အာဏာပြိုင်ကြရာမှ မင်းလက်နက်ကိုင်နိုင်ငံထူထောင်ရန် ကိုယ့်လူမျိုး အချင်းချင်း လည်း တိုက်ခိုက်ခဲ့ကြသကဲ့သို့ အခြားလူမျိုးများနှင့်လည်း တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့အာဏာပြိုင်စစ်ပွဲများ အပြန်အလှန်တိုက်ခိုက်ကြသော်လည်း ပုဂံပြည်၊ သုဝဏ္ဏဘူမိ သထုံပြည်၊ မုတ္တမပြည်၊ ပဲခူးဟံသာဝတီပြည်၊ သရေခေတ္တရာပြည်၊ ပင်းယပြည်၊ မြင်စိုင်းပြည်၊ မိုးညှင်းပြည်၊ မိုးကောင်းပြည်၊ စစ်ကိုင်းပြည်၊ အင်းဝပြည်၊ ကေတု မတီ တောင်ငူပြည်၊ အမရပူရပြည်၊ မန္တလေး (ရတနာပုံ) ပြည် စသော မင်းလက်နက်နိုင်ငံများ၊ မြို့ပြနိုင်ငံများ၊ တိုင်းငယ်ပြည်ငယ်များ၊ ခေတ်များပြိုင်၍ ပေါ်ပေါက်ခဲ့သည်။ တစ်ခေတ်ပြီးတစ်ခေတ် အခိုက်အတံ့အားဖြင့် ပေါ်ပေါက်ခဲ့သည်။ သို့သော်လည်း တည်တံ့ခိုင်မြဲ မှုကား မရှိချေ။ မင်းလက်နက်နိုင်ငံများ တည်တံ့ခိုင်မြဲမှုမရှိခြင်းသည် အင်အားကြီးသူက

အင်အား နည်းသူကို စစ်ရေးဖြင့် အနိုင်ကျင့်တိုက်ခိုက်၊ လုယက်၊ ဖျက်ဆီး၊ သတ်ဖြတ်ပြီး မင်းလက်နက် နိုင်ငံ ထူထောင်ရန် အတင်းသွတ်သွင်းသည့် စစ်ဘုရင်စနစ်ဆိုး၏ စစ်အနိဋ္ဌာရုံကြောင့်ပင်ဖြစ်သည်။ စစ်ဘုရင်များခေတ်ကာလတစ်လျှောက်လုံးတွင် တိုင်းရင်းသားလူမျိုးများ အချင်းချင်း စည်းလုံးစုစည်းကြပြီး၊ အမျိုးသား သွေးစည်းညီညွတ်ရေး အင်အားဖြင့် ပြည်ထောင်စု၏ နိုင်ငံပုံစံမျိုး မတည်ဆောက်နိုင်ခဲ့ပေ။

## (ခ) တောင်တန်းဒေသ ပဒေသရာဇ်မင်းများ

တောင်တန်းဒေသ ပဒေသရာဇ်မင်းများဖြစ်ကြသော ရှမ်းစော်ဘွားများ၊ ကချင်ဒူဝါများ၊ ကရင်နီစောဖျာများ၊ ကရင်စော်ကဲများ၊ ချင်းရမ်အုပ်မင်းများသည် ဆက်ဆံရေးမပြေလည်မှုများကြောင့် တစ်နယ်နှင့်တစ်နယ် အပြန်အလှန်တိုက်ခိုက်ခဲ့ကြသည်။ သို့သော်လည်း မင်းလက်နက်နိုင်ငံ၊ မြို့ပြနိုင်ငံ၊ တိုင်းငယ်ပြည်ငယ်များအဖြစ် စုစည်းထူထောင်ရန် တစ်ဦးနယ်မြေ တစ်ဦး သိမ်းယူထားနိုင်သည်အထိ ကြီးကျယ်သော စစ်ပွဲများ တိုက်ခိုက်ကြခြင်း မရှိချေ။ မိမိတို့ပဒေသရာဇ် ကိုယ်ပိုင်နယ်မြေများအဖြစ်သာ ကြီးငယ်မခွဲခြားဘဲ တန်းတူရည်တူ သီးခြားလွတ်လပ်စွာ အတူယှဉ်တွဲကာနေထိုင်လာခဲ့ကြသည်။

## (ဂ) ပဒေသရာဇ်ဘုရင်များနှင့် တောင်တန်းဒေသပဒေသရာဇ်မင်းများ ဆက်ဆံရေး

ပဒေသရာဇ်ဘုရင်များနှင့် တောင်တန်းဒေသ ပဒေသရာဇ်မင်းများ၏ ဆက်ဆံရေးသည် အထက်အောက်အုပ်စိုးသူနှင့် အုပ်စိုးခံရသူတို့၏ ဆက်ဆံရေးမျိုးမဟုတ်ပေ။ အချုပ်အခြာအာဏာ ပိုင်စိုးမိုးမှုလည်း လုံးဝမရှိပေ။

ဥပမာ.... ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် မင်းတုန်းမင်းဘုရင်၏ ရှင်ပြုသား ဖြစ်ပြီး မြန်မာဘုရင်နှင့် အရင်းနှီးဆုံးသော ရှမ်းစော်ဘွားဖြစ်သည်။ သို့ရာတွင် အချုပ်အခြာအာဏာ အားလုံးသည် ၎င်း၏လက်ထဲတွင်ပင်ရှိသည်။ ထိုနည်းတူ ဝန်းသိုစော်ဘွားနယ်ကဲ့သို့သော အချို့နယ်များသည် သြဇာခံအဆင့် ထီးရုံနန်းရုံအဆင့်တွင် ရှိသော်လည်း အချုပ်အခြာ အာဏာ အားလုံးသည် ၎င်းတို့အသီးသီး၏ လက်ထဲတွင်ပင်ရှိသည်။ ပဒေသရာဇ်အာဏာပိုင်ဖြစ်သော ဘုရင်များ၊ စော်ဘွားများ၊ ဒူးဝါးများ၊ စောဖျာများ၊ စော်ကဲများ၊ ရမ်အုပ်များ အချင်းချင်း အပြန်

အလုန်ဆက်ဆံကြသည်။ ဘုရင်များနှင့် နယ်ရှင်များ၏ မှူးကြီးမတ်ရာများ၊ အုပ်ချုပ်ရေး အာဏာပိုင်များ တိုက်ရိုက်ဆက်ဆံမှုမရှိပေ။ အချို့နယ်များသည် သမီးကညာပေးယူခြင်း ဖြင့် ဆွေမျိုးဆက်စပ်ကြခြင်း၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ဒေသထွက်ပစ္စည်းများ အပြန်အလှန် လက်ဆောင် ပေးကြခြင်းဖြင့် ချစ်ကြည်ရေးတည်ဆောက်ကြသည်။ စစ်ချီတက်ကြသည့် အခါ စစ်သားများ စုဆောင်းပေးပို့ကူညီကြသည်။ ဤသည်မှာ ဘုရင်များနှင့် နယ်ရှင်များ၏ ဆက်ဆံရေး ဖြစ်ပြီး မိမိတို့၏ နယ်မြေအုပ်ချုပ်ရေးမှာ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့် အပြည့် အဝရှိကြောင်းတွေ့ရသည်။ ထို့ကြောင့်ဘုရင်ကို နေထွက်ဘုရင်၊ စော်ဘွားကို နေဝင်ဘုရင်ဟု သမိုင်းစာများတွင် တင်စားခေါ်ဝေါ်သုံးစွဲကြ ခြင်းသည် လက်အောက်ခံမဟုတ် ကြောင်းထင်ရှားပေသည်။

# အခန်း (၂)
# အင်္ဂလိပ်ကိုလိုနီခေတ်ကာလမှ လွတ်လပ်ရေးရချိန်အထိ တိုင်းရင်းသားနယ်မြေများအနေအထား

# အခန်း (၂)

# အင်္ဂလိပ်ကိုလိုနီခေတ်ကာလမှ လွတ်လပ်ရေးရချိန်အထိ တိုင်းရင်းသားနယ်မြေများအနေအထား

တိုင်းရင်းသားလူမျိုးများ၏ နယ်မြေများအနေအထားကို သမိုင်းအရခြုံငုံ၍လေ့လာပါက ပဒေသရာဇ်ခေတ်ကအစ ၁၈၄၈ ခုနှစ် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်လာသည်အထိ အာဏာပိုင်တစ်ဦးတည်း၏လက်အောက်တွင် မြန်မာနိုင်ငံတော် (State of Burma) အနေဖြင့် နယ်မြေများ တစ်စုတစည်းတည်းအတွင်း နေထိုင်လာကြခြင်းမဟုတ်ပေ။[1]

ဒေသနယ်မြေအလိုက် လူမျိုးစုအလိုက် သီးခြားနေထိုင်လာခဲ့ကြသည်မှာ သမိုင်းဝင်အချက်အလက်ပင်ဖြစ်သည်။ စုစည်းပြီးစည်းလုံးညီညွတ်သော တိုင်းရင်းသားများနယ်မြေကို နယ်ချဲ့အင်္ဂလိပ်က လာရောက် ပိုင်းခြားခြင်းဖြင့် စိတ်ဝမ်းကွဲပြားမှုရှိသည်ဟူသော အယူအဆသည် နယ်ချဲ့ဆန့်ကျင်ရေး တရားပွဲများ ခေတ်ကာလအတွင်း အာပေါင်အာရင်းသန်သန်ဖြင့် ဟောပြော၍ကောင်းသော အဆင့်တွင်သာရှိသည်။ အမှန်မှာ မူလကပင် သီးခြားစီ တည်ရှိကြသည့် တိုင်းရင်းသား လူမျိုး နယ်မြေများကို သွေးမစည်းအောင် အင်္ဂလိပ်တို့က သပ်သျှိုကြိုးပမ်းခဲ့သည် ဟု မှတ်ယူနိုင်မည်ဖြစ်သည်။

ဤတွင် မဝေးလှသော သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက အင်္ဂလိပ်ကိုလိုနီနယ်ချဲ့က ၎င်းတို့၏ ကိုလိုနီကိုယ်ကျိုးအတွက်နှင့် တိုင်းရင်းသားလူမျိုးနယ်မြေများ၏ နောက်ခံသမိုင်းကြောင်း မတူညီကွဲပြားခြားနားတည်ရှိနေခြင်းကိုအကြောင်းပြုပြီး တိုင်းရင်းသား လူမျိုးနယ်မြေများကို အောက်ပါအတိုင်း အပိုင်း (၄) ပိုင်း ခွဲခြားသတ်မှတ်ထားကြောင်း တွေ့ရသည်။

1 Thant Myint-U (2001), The Making of Modern Burma, pp. 24 - 25.

## (က) တိုင်းရင်းသားများနယ်မြေများအပိုင်းအခြား (၄) မျိုး

၁။ ရခိုင်လူမျိုး၊ မွန်လူမျိုး၊ ကရင်လူမျိုး နှင့် ဗမာလူမျိုးအများစုနေထိုင်သော ဒေသများကို ပေါင်းလျက် ဗမာပြည်မ (Burma Proper) ဟုခေါ်ဝေါ်သုံးစွဲလာသဖြင့် ဗမာပြည်မ Burma Proper ဟုခေါ်ဝေါ်သုံးစွဲလာခဲ့သည်။ အင်္ဂလိပ်အစိုးရက တိုက်ရိုက်အုပ်ချုပ်သည့်နယ်မြေဖြစ်ပြီး နောင်တွင် ၉၁ ဌာနဝန်ကြီးအစိုးရအုပ်ချုပ်သည့် နယ်မြေဖြစ်သည်။ ယနေ့ လက်ရှိမွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်သည် အင်္ဂလိပ်အစိုးရလက်ထက်မှ ၁၉၇၄ ခုနှစ် အထိ ဗမာပြည်မတွင် ထည့်သွင်းထားသည်။ ယခု စစ်ကိုင်းတိုင်းသည် ဗမာပြည်မနယ်မြေ အစိတ်အပိုင်း အပြင် Part One (ခေါ်) ဇယား (၁)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများ ဖြစ်သော အနောက်ဖက်ရှမ်းပြည်ဖြစ်သည့် သောင်သွပ်နယ်၊ ဆင်ကလိုန်ခန္တီးလုံနယ်၊ ခန္တီးလုံနယ်၊ ဆောမရနယ်ပယ် (ခေါ်) နာဂတောင်တန်းဒေသ၊ အထက်ချင်းတွင်းဒေသနယ် မြေငါးခု အပြင်၊ အင်္ဂလိပ်ဘုရင်ခံက အုပ်ချုပ်ရေးသီးသန့်ထားရှိသော Part Two (ခေါ်) ဇယား (၂) နယ်မြေဖြစ်သည့် အထက်ချင်းတွင်း စီရင်စုရှိ ဟုမ္မလင်း ဆမ်ဒီဝီဇံ၊ တမူးမြို့နယ် မော်လိုက်ကျေးလက်ဒေသ အသီးသီးစုစည်းပါဝင်သည်။

၂။ ကရင်နီစောဖျာနယ်များ စုစည်းထားသော ကရင်နီပြည် (ဗမာမင်းတုန်းမင်းကိုယ်စား ကင်းဝန်မင်းကြီးနှင့် အင်္ဂလိပ်ဘုရင်ခံကိုယ်စား ဆာဒေါက်ကလပ်ဖေ့ါဆက်တို့ ၁၈၇၅ ခု၊ ဇွန်လ ၂၁ ရက်နေ့တွင် ချုပ်ဆိုထားသော စာချုပ်အရ သီးခြားလွတ်လပ်သောနယ်မြေအဖြစ် ဆက်လက် အသိအမှတ်ပြုထားသောနယ်မြေဖြစ်သည်။ အင်္ဂလိပ်က စိတ်ကြိုက်နယ်နိမိတ်သတ်မှတ်ထားပြီး၊ ယခုလက်ရှိ ကရင်နီပြည်ဖြစ်သည်။)

၃။ တောင်ကြီး၊ ကလော၊ မေမြို့ လားရှိုး၊ လွိုင်လင်၊ လွိုင်မွေ၊ သံတောင် စသည့်မြို့များ (တောင်ပေါ် စခန်းမြို့များအဖြစ် သီးသန့်အုပ်ချုပ်ရေးထားရှိသည်။ ယခုမေမြို့သည် မန္တလေးတိုင်းတွင်လည်းကောင်း၊ သံတောင်မြို့သည် ကရင်ပြည်တွင်လည်းကောင်း၊ တောင်ကြီး၊ လားရှိုး၊ ကလော၊ လွိုင်လင်၊ လွိုင်မွေမြို့များသည် ရှမ်းပြည်တွင်ပါဝင်သည်။)

၄။ တောင်တန်းဒေသများဟူ၍ အထက်ပါအတိုင်း အပိုင်း (၄) မျိုး ပိုင်းခြားတည်ရှိကြောင်း တွေ့ရှိရ သည်။

အပိုင်း ၄။ တောင်တန်းဒေသများဟုခေါ်ဝေါ်သည့် နယ်မြေများထဲတွင် Part One (ခေါ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေများ (၁၀) ခုနှင့် Part Two (ခေါ်) ဘုရင်ခံက အုပ်ချုပ်ရေး သီးသန့်ထားရှိသောနယ်မြေများ (၃) ပိုင်းဟူ၍ အထက်ပါအတိုင်း နှစ်မျိုးထပ်မံသတ်မှတ် ထားကြောင်း တွေ့ရှိရသည်။[2]

## (ခ) တောင်တန်းဒေသများ [Part One ] ခေါ်တွင်သည့်နယ်မြေများ

Government of Burma Act- 1935

SECOND SCHEDULE!

Areas in Burma to which special provisions apply

Part One – [ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေများ]

(၁) The Federated Shan States as specified in Notification No.31, dated 27th September 1922, of the Political Department of the Government of Burma as amended by any subsequent notification made before the commencement of this Act ဖက်ဒရယ်ပြည်ထောင်စု ရှမ်းပြည်။ (ယခု လက်ရှိရှမ်းပြည်ဖြစ်ပြီး ရှမ်းစော်ဘွားများ Part One နယ်မြေများဖြင့်သာ စုစည်းပါဝင် သည်။)

(၂) The Shan States specified in Notification No.41, dated 5th October, 1992, of the Political Department of the Government of Burma, as amended by any subsequent notification made before the commencement or this Act other than the Federated Shan States. ဖက်ဒရယ်ရှမ်းပြည်ထောင်စုတွင် ထည့်သွင်းခြင်း မပြုသည့် ရှမ်းစော်ဘွားနယ်ဖြစ်သော သောင်သွပ်နယ်၊ ဆင်ကလိုန်ခန္တီးလုံးနယ်၊ ခန္တီးလုံ နယ် တို့ဖြစ်သည်။ (ယခု စစ်ကိုင်းတိုင်း မြောက်ပိုင်းတွင် စုစည်းပါဝင်သည်။)

2 Government of Burma Act, 1935. SECOND SCHEDULE, AREAS IN BURMA TO WHICH SPECIAL PROVISIONS APPLY, p. 94

(၃) The Arakan Hill Tracts.

ရခိုင်တောင်တန်းဒေသများ (ခေါ်) ပလက်ဝဒေသနှင့် မြောက်ပိုင်းရှိ တောင်တန်းဒေသများ။ (ယခု ချင်းပြည်တွင် စုစည်းပါဝင်သည်။)

(၄) The Chin Hill District.

ချင်းရမ်အုပ်များနယ်မြေ ချင်းတောင်တန်းဒေသ၊ (ယခု ချင်းပြည်တွင်ပါဝင်သည်။ လက်ရှိ ချင်းပြည်သည် ချင်းရမ်အုပ်နယ်မြေများနှင့် Part One ရခိုင်တောင်တန်းဒေသနယ်မြေ များဖြင့် စုစည်းပါဝင်သည်။)

(၅) The Kachin Hill Tracts of the Myitkyina, Bhamo and Katha District.

မြစ်ကြီးနား၊ ဗန်းမော်နှင့်ကသာ၊ စီရင်စုများအတွင်း ကချင်ဒူးဝါးများနယ်မြေ၊ ကချင် အမျိုးသားများနေထိုင်သည့်ဒေသဖြစ်သည်။ (ယခု ကချင်ပြည်တွင်ပါဝင်သည်။ လက်ရှိ ကချင်ပြည်သည် ကချင်ဒူးဝါးနယ်မြေများ၊ Part One နယ်မြေများနှင့် Part Two နယ်မြေ များဖြင့် စုစည်းပါဝင်သည်။)

(၆) The Somra Tract.

ဆော်မရနယ်ပယ်။ (နာဂတောင်တန်းဒေသ လက်ရှိစစ်ကိုင်းတိုင်းမြောက်ပိုင်း တွင် စုစည်းပါဝင်သည်။)

(၇) They are known as the Triangle.

တြိဂံနယ်မြေဆိုသည့် မေခနှင့်မလိခမြစ်နှစ်သွယ်ကြားရှိဒေသ။ (ယခု ကချင်ပြည်တွင် စုစည်းပါဝင်သည်။)

(၈) The Area Known as the Hukawng Valley lying to the north of the Upper Chindwin District.

အထက်ချင်းတွင်းဒေသနှင့် ဟူးကောင်းတောင်ကြားဒေသဖြစ်သည်။ (ယခု စစ်ကိုင်းတိုင်း မြောက်ပိုင်းနှင့် ကချင်ပြည်တွင် စုစည်းပါဝင်သည်။)

(၉) The Salween District.

သံလွင်ခရိုင်ဖြစ်သည်။ (ယခုကရင်ပြည်တွင်ပါဝင်သည်။ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့တွင် သံလွင်ခရိုင်ခေါ် ဖာပွန်နယ်နှင့် ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်နယ်များကို စုစည်း၍ ကရင်ပြည်အဖြစ်သတ်မှတ်သည်။ ၁၉၅၄ ခုနှစ် ဇွန်လ (၁) ရက်နေ့တွင် ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးနယ်များအပါအဝင် ကရင်ပြည်အဖြစ် တိုးချဲ့ သတ်မှတ်သည်။ ထို့ကြောင့်လက်ရှိကရင်ပြည်သည် Part One နယ်မြေနှင့် Part Two နယ်မြေများဖြင့် စုစည်းပါဝင်သည်။)

(၁၀) All tribal territories which at the date of coming into operation of this Act are unadministered.

အင်္ဂလိပ်အုပ်ချုပ်ရေး လုံးဝ လက်လှမ်းမမီသော နယ်မြေဒေသများ။ (ဥပမာ ‘ဝ’ စော်ဘွားနယ်မြေ၊ Wa states၊ ယခုလက်ရှိ ရှမ်းပြည်တွင် စုစည်းပါဝင်သည်။

အထက်ဖော်ပြသော Part one နယ်မြေများ (၁၀) ခုသည် သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိသော နယ်မြေများဖြစ်ပြီး၊ အင်္ဂလိပ်ဘုရင်က လုံးဝတာဝန်ယူထားသည်။ ဗမာပြည်မ ဝန်ကြီးအဖွဲ့အစိုးရက ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိချေ။

## (ဂ) တောင်တန်းဒေသများ Part Two ခေါ်တွင်သည့်နယ်မြေများ

Part Two

(၁) Such Parts of the Myitkyina and Bhamo Districts as are not included in Part One of this Schedule.

Part One တွင်မပါဝင်သည့် မြစ်ကြီးနားနှင့် ဗန်းမော်တို့မှ အစိတ်အပိုင်းများ။ (ယခု ကချင်ပြည်တွင် စုစည်းပါဝင်သည်။)

(၂) Such Parts of the Upper Chindwin Districts as constitute the Homalin sub-division together with the village tracts which were included in the former Tamu township of the Mawlaik sub-division on the preceding abolition.

အထက်ချင်းတွင်းစီရင်စုရှိ ဟုမ္မလင်းဆပ်ဒီဗီဇံ၊ ယခုတမူးမြို့နယ် မော်လိုက်ကျေးလက်ဒေသများ။ (ယခု စစ်ကိုင်းတိုင်းမြောက်ပိုင်းတွင် စုစည်းပါဝင်သည်။)

(၃) The Kyain township, the Myawaddy Circle of the Kawkareik township, and so much of the Karen Hill tracts in the eastern half of the Toungoo District and the Thaton District as may be prescribed by His Majesty in Council.

ကြာအင်းမြို့နယ်၊ ကော့ကရိတ်မြို့နယ်မှ မြဝတီတိုက်နယ်၊ ပျဉ်းမနားအရှေ့တောင်တန်းဒေသ၊ တောင်ငူစီရင်စု အရှေ့ဘက်ခြမ်းနှင့် သထုံစီရင်စုရှိတောင်တန်းဒေသများဖြစ်သည်။ (ယခုကရင်ပြည်တွင် စုစည်းပါဝင်သည်။)

Part Two ဒေသများသုံးခုသည် ဗမာပြည်မဝန်ကြီးအစိုးရအဖွဲ့က အကြံဉာဏ်ပေးနိုင်သော်လည်း ဘုရင်ခံ၏အဆုံးအဖြတ်သည်သာ အဓိကအတည်ဖြစ်သည်။

အထက်ဖော်ပြပါ (ဗမာပြည်မ၊ ကရင်နီပြည်၊ တောင်ပေါ်စခန်းမြို့များ၊ Part One တောင်တန်းဒေသများ (၁၀) ခုနှင့် Part Two တောင်တန်းဒေသများသုံးခု နယ်မြေများအားလုံးသည် အင်္ဂလိပ်အစိုးရလက်ထက်မှ လွတ်လပ်ရေးရရှိသည့်အချိန်ထိ တိုင်းရင်းသားလူမျိုးများ၏နယ်မြေများ အနေအထားမှန်ဖြစ်သည်။




Map Section, L&R, FCO, September 1981

Source: Hugh Tinker (ed.) (1984), BURMA: The Struggle for Independence (1944 – 1948) Vol. 1

# အင်္ဂလိပ်ကိုလိုနီခေတ်ကာလ တိုင်းရင်းသားနယ်မြေများအနေအထား




● မြေပုံပေါ်တွင် ဖော်ပြထားသောဂဏန်းများသည် အပိုင်း (၁) နယ်မြေအတွင်း ကျရောက်သောနယ်မြေများဖြစ်သည်။ အပိုင်း(၂)နယ်မြေများအတွက် မြေပုံတွင်ခန့်မှန်းနိုင်ပါသည်။
အနီးစပ်ဆုံး မြေပုံအညွှန်းဖော်ပြခြင်းဖြစ်သည်။

**MAP OF BURMA**
Showing Part I and Part II areas of Second Schedule under Government of Burma Act, 1935

## (ဃ) မြန်မာပြည်လွတ်လပ်ရေး (၁၉၄၈) မတိုင်မီအထိ ကရင်နီပြည်၏ သီးခြားလွတ်လပ်ခြင်းနှင့်ပတ်သက်သော စာချုပ်၊ မှတ်တမ်း၊ ရှင်းလင်းချက်များ

ကရင်နီပြည် သီးခြားလွတ်လပ်ခြင်းနှင့်ပတ်သက်သော စာချုပ်[3]

AGREEMENT REGARDING THE INDEPENDENCE OF WESTERN KARENNI

1875

In accordance with the request of His Excellency the Viceroy of India that Western Karenni should be allowed to remain separate and independent, His Majesty the King of Burma, taking into consideration the great friendship existing between the two great countries and the desire that the friendship may be fasting and permanent, agreed that no sovereignty or governing authority of any description shall be exercised or claimed in Western Karenni and His Excellency the Kinwoon Mengyee, Minister for Foreign Affairs, on the part of His Majesty the King of Burma, and the Honourable Sir Douglas Forsyth, C.B.K.C.S.I.., envoy on the part of His Excellency the Viceroy and Governor-General of India, execute the following agreement;-

Agreement.- It is hereby agreed between the British and Burmese Government that the State of Western Karenni shall remain separate and independent, and that no sovereignty or governing of any description shall be claimed or exercised over that State.

Where unto we have on this day, the 21st day June 1875 corresponding with the 3rd day of the Waning Moon of Nayoung 1237 B.E., affixed our seals and signature.

Seal. (Sd.) TD Forsyth                    Seal. (Sd.) Kin-woon Mengyee

3 Agreement between Burma and Great Britain regarding the Independence of Western Karenni. Signed 21 June 1875. Bilateral treaties, Oxford Historical Treaties, Oxford Public International Law.

# အင်္ဂလိပ်အစိုးရနှင့် ဗမာမင်းအစိုးရချုပ်ဆိုသောစာချုပ်

မြန်မာသက္ကရာဇ် (၁၂၃၇) ခု၊ ခရစ်သက္ကရာဇ် (၁၈၇၅) ခုနှစ် ကရင်နီပြည်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုသောစာချုပ်မှာ အင်္ဂလိပ်လိုချုပ်ဆိုထားပြီး ၎င်းကို ဗမာသို့ပြန်လိုက်ပါက အောက်ပါအတိုင်းဖြစ်ပါသည်။

“ကရင်နီပြည်နယ်ကိုကန့်သတ်သီးသန့်လွတ်လပ်စွာနေထိုင်ခွင့်ဆက်ပြုရန် တောင်းပန်လွှာပို့ဆက်ခဲ့ရာ၊ မြန်မာဘုရင်မင်းမြတ်သည် မြန်မာနှင့် ဗြိတိသျှ နှစ်ပြည်ထောင်တို့၏ မဟာမိတ်ဆက်ဆံမှု ရှေ့သို့ခိုင်မြဲစေမှုကို ရည်ရွယ်လျက် ကရင်နီပြည်ကို မည်သူကမျှ တန်ခိုးလွှမ်းမိုးချုပ်ချယ် အရေးဆိုကျူးလွန်ခြင်းမပြုလုပ်ရန် လိုက်လျောစွာ သဘောတူညီခွင့်ပြုတော်မူခဲ့လေရာ နိုင်ငံခြားရေး ကင်းဝန်မင်းကြီးအား မြန်မာဘုရင်၏ မြန်မာဘုရင်၏ ကိုယ်စားလှယ်တော်အဖြစ်ဖြင့်လည်းကောင်း၊ (Honourable Sir Douglas Forsyth) ဆာဒေါ့ကလပ်(စ်) ဖေါ့ဆက်အား အိန္ဒိယဘုရင်ခံ၏ ကိုယ်စားလှယ်တော်အဖြစ်ဖြင့်လည်းကောင်း၊ သဘောတူမဟာမိတ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

စာချုပ် ။ ။ နှစ်ဦးသဘောတူချုပ်ဆိုသည့် ဤစာချုပ်အရ၊ ကရင်နီပြည်ကို မည်သူတဦး တယောက်ကမျှ စီမံခန့်ခွဲ စိုးမိုးချုပ်ချယ်ခြင်းမပြုရဘဲ သီးသန့်ထားလျက် လွတ်လပ်သော “အင်ဒီပင်းဒင့်” အခွင့်အရေးပေးရန် မြန်မာဘုရင်အစိုးရနှင့် ဗြိတိသျှအစိုးရတို့ နှစ်ဦး နှစ်ဘက်သဘောတူညီကြကြောင်း။ ယင်းသို့သော ပဋိညာဉ်ဝန်ခံချက်ဖြင့် ခရစ်သက္ကရာဇ် (၁၈၇၅) ခုနှစ်၊ ဇွန်လ (၂၁) ရက်၊ မြန်မာသက္ကရာဇ် (၁၂၃၇) ခုနှစ်၊ နယုန်လဆုတ် (၃) ရက်နေ့တွင် ကျွန်ုပ်တို့ဆိုင်ရာ တံဆိပ်တော်များနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးကြကြောင်း။

| | |
|---|---|
| စာခံတော် | တံဆိပ်တော် |
| ပုံ/တီဒီဖေါ်ဆက် | ပုံ/ကင်းဝန်မင်းကြီး |

## LOIKAW 26 JUNE 1947[4]

The Karenni States cannot take part in the Constituent Assembly discussions as Buram and the Shan States are not on the same status as the Karenni State. Burma has not yet become an independent State. The White Karens, Shan, Chins, Kachins and Arakanese are now merely beginning to discuss the future constitution of Burma and any draft constitution they produce will have to be placed before the British Parliament, for the Constituent Assembly itself has no power to finalise the constitution except with the sanction of the British Parliament. It should be clear to all that the present Constituent Assembly is drawing up the constitution with the sanction of the masses but that constitution can never become law until Parliament agrees. Only when the agreement is obtained will Burma become an independent country. At Government House at 3:30 pm on 20-6-47 the Governor informed the Karenni delegation that as Karenni was inhabitants with full sovereign the British Government could do nothing about Karenni without the consent of the inhabitants themselves. Therefore it should be quite clear to anyone who knows about politics that an independent country like Karenni cannot take part in an Assembly which is now merely a proposed constitution for a country merely about to become independent.

When Burma has achieved independence, Karenni will be prepared to enter into a treaty of alliance with her or with whatever is in power at that time.

Karenni Representatives

(sd) U Bee Tu Ree (sd) Saw Thein.

---

4 Hugh Tinker (ed.) (1984), BURMA: The Struggle for Independence (1944 – 1948), Vol. 2, No. 417, Circular issued by Karenni Ministers (Translation), IOR: M/4/3025, p. 619

# ထုတ်ပြန်ကြေညာချက်

နောင်လွတ်လပ်လာမည့် ဗမာပြည်နှင့် ပူးပေါင်းရေး မပူးပေါင်းရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ဇွန်လ (၉) ရက်နေ့တွင်ပြုလုပ်ခဲ့သော တိုင်းပြုပြည်ပြုလွှတ်တော်တွင် အနာဂတ်ဗမာပြည်အတွက် အခြေခံဥပဒေမူကြမ်းရေးဆွဲရာ၌ ကရင်နီကိုယ်စားလှယ်တဦးမျှ ပါဝင်ခြင်းမရှိဘဲ အသစ်ပေါ်ထွန်းလာမည့် ကရင်ပြည်နယ်အတွင်း ကရင်နီပြည်အား အထူးဒေသတခုအဖြစ်ထည့်သွင်းထားခဲ့သည်။ အဆိုပါ တိုင်းပြည်ပြုလွှတ်တော်သို့ တက်ရောက်ခဲ့သည့် မိုးဗြဲနယ်မှ ကိုယ်စားလှယ်တဦးဖြစ်သူ သိုင်းဗဟန်က တိုင်းပြုပြည်ပြုလွှတ်တော်တက်ရောက်ရာမှ ကရင်နီပြည်သို့ ကမန်းကတန်းကားဖြင့်ပြန်ထွက် ခွာလာပြီး မိုဆိုတွင် အစည်းအဝေးထိုင်နေကြသည့် ကရင်နီခေါင်းဆောင်များကို အသိပေးအကြောင်းကြားခဲ့သည်။

ဤသည်ကို ကန့်ကွက်ရန်အတွက် စေလွှတ်လိုက်သော ကရင်နီကိုယ်စားလှယ် ဦးဘီတူရီနှင့် စောသိန်းတို့သည် ကျင်းပဆဲဖြစ်သော တိုင်းပြုပြည်ပြုလွှတ်တော်သို့တက်ရောက်ခြင်းမပြုဘဲ အင်္ဂလိပ်ဘုရင်ခံနှင့် သွားရောက်တွေ့ဆုံကာ ကရင်နီပြည်အားနောင်ပေါ်ထွန်းလာမည့် ကရင်ပြည်သစ်၏ အထူးဒေသတခုအဖြစ် ထည့်သွင်းထားကြောင်း အသိပေးခဲ့သည်။ ထို့နောက် ဦးဘီတူရီနှင့် စောသိန်းတို့သည် ကရင်နီသို့ပြန်လာပြီး ကျင်းပနေသည့် တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေး၊ လက်ရှိဗမာပြည် နိုင်ငံရေးအခြေအနေတို့နှင့် စပ်လျဉ်း၍လွတ်လပ်သော ကရင်နီပြည်ထောင်စုကောင်စီ (The United Karenni Independent States Council) ၏ သဘောထားထုတ်ပြန်တစောင်ကို ၁၉၄၇ ခုနှစ် ဇွန်လ (၂၆) ရက်နေ့တွင်ထုတ်ပြန်ခဲ့သည်။

# ကြေညာစာတမ်း[5]

တိုင်းသူပြည်သားအပေါင်းတို့ ...

ဗမာပြည်ဖြစ် တိုင်းပြုပြည်ပြုလွှတ်တော်တွင် လွတ်လပ်သောဗမာပြည်၏ အနာဂတ် အုပ်ချုပ်ရေးစည်းမျဉ်းရေးဆွဲရာ၌ ကရင်နီနယ်များအတွက် မပါနိုင်ချေ၊ အဘယ်ကြောင့်ဆိုသော် မြန်မာပြည်၊ ရှမ်းပြည်တို့သည် ကရင်နီနယ်များကဲ့သို့ အဆင့်အတန်းမတူချေ။ မြန်မာပြည်သည် မလွတ်လပ်သေးပေ။ လွတ်လပ်စွာအုပ်ချုပ်နိုင်ရန်အတွက် မြန်မာပြည်၏ အနာဂတ် အုပ်ချုပ်ရေးကို ယခုမှသာလျှင် ကရင်ဖြူ၊ ရှမ်း၊ ကချင်၊ ရခိုင်၊ ဂျင်းဖေါစသော ခေါင်းဆောင်ကြီးများနှင့် တိုင်ပင်ဆွေးနွေးလျက် အုပ်ချုပ်ရေးစည်းမျဉ်းကို စတင်ရေးဆွဲလျက်ပင်ရှိပေသည်။ ၎င်းလက်ရှိရေးဆွဲ သောအုပ်ချုပ်ရေးစည်းမျဉ်းကို အင်္ဂလိပ်ပါလီမန်လွှတ်တော်တွင် တင်သွင်းရမည်။ ယခု မြန်မာပြည်အနာဂတ် အုပ်ချုပ်ရေးစည်းမျဉ်းရေးဆွဲသောအဖွဲ့သည် ဘာမှအာဏာမရှိသေးသည်ကို တိုင်းသူပြည်သားတို့သိသင့်ပေသည်။ သို့အတွက် ၎င်းတို့ အလိုရှိရေးဆွဲသော မြန်မာနိုင်ငံ လုံးဝအာဏာပိုင်အုပ်ချုပ်ရေးစည်းမျဉ်းသည် လူထုအပေါ်တွင်ရှိသည်ဟုဆိုထားသော်လည်း အမှန်စင်စစ် အင်္ဂလိပ်ပါလီမန်၏ သဘောတူညီချက်ရရှိမှသာလျှင် လုံးဝအာဏာပိုင်လွတ်လပ်သော မြန်မာပြည်အုပ်ချုပ်ရေးကို ရရှိနိုင်လိမ့်မည်။

ကရင်နီနယ်များသည် လုံးဝအာဏာပိုင်အုပ်ချုပ်ရေးရရှိထားလေပြီ။ ကရင်နီနယ်များ သဘောမတူနိုင်ဘဲ အင်္ဂလိပ်အစိုးရက ဘာမှမလုပ်နိုင်ကြောင်းကို (၂၀-၆-၄၇) ရက်နေ့ ရန်ကုန်မြို့တွင် ညနေ (၃: ၃၀) နာရီခွဲအချိန်တွင် ဘုရင်ခံအိမ်တော်၌ တွေ့ဆုံစဉ်အခါ ဘုရင်ခံကိုယ်တိုင်ဝန်ခံလေသည်။ သို့အတွက် ကရင်နီနယ်များသည် လွတ်လပ်ပြီးသောနယ်များဖြစ်သည့်အတွက် မြန်မာပြည် လုံးဝအာဏာပိုင်လွတ်လပ်ရေးအတွက် ရေးဆွဲသည့်စည်းမျဉ်းထဲတွင် မပါဝင်ထိုက်သေးကြောင်းကို နိုင်ငံရေးနားလည်သူတိုင်း သိသင့်ပေသည်။

မြန်မာပြည်သည် တကယ့်လွတ်လပ်ရေးရပြီးသည့်နောက်မှသာလျှင် နှစ်ပြည်တပြည်စာချုပ်မဟာမိတ်အနေနှင့် ရေးဆွဲသင့်ပေသည်။ မြန်မာပြည်သည် လွတ်လပ်ရေးရရှိပြီးသည့်နောက်မည်သည့်အဖွဲ့၊ ပါတီ၊ အစိုးရဖြစ်မည်ကိုလည်း ကျွန်ုပ်တို့လုံးဝမသိနိုင်ချေ။ သို့အတွက် မြန်မာပြည် သည်လုံးဝလွတ်လပ်ရေးရရှိပြီးနောက် အစိုးရဖြစ်သည့်အဖွဲ့နှင့်အထက်ဖော်ပြပါ

5 တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ (၁၉၉၀)၊ ဒုတိယတွဲ၊ စာ ၆၁၀ - ၆၁၂

အတိုင်း မဟာမိတ်အနေနှင့် စာချုပ်ပြုလုပ်ရမည်ဖြစ်ကြောင်းကို သိရှိနားလည်ရန် ထုတ်ဖော်ရေးသားလိုက်ခြင်းဖြစ်သည်။

လွိုင်ကော်မြို့ ကရင်နီကိုယ်စားလှယ်
၂၆-၆-၄၇ (ပုံ) ဦးဘီတူရီ/ စောသိန်း

ကျနော်စာရေးပြုစုသူသည် အထက်ပါ ထုတ်ပြန်ကြေညာချက်နှင့်ပတ်သက်၍ ကာယကံရှင် စဝ်သိန်းကို မေးဖူးပါသည်။ စဝ်သိန်းသည် ကန္တရဝတီနယ် နယ်ရှင်စောဖျာစဝ်လဝီ၏ သားတော်စပ်သူဖြစ်သည်။ စဝ်သိန်း ရှင်းပြသည်မှာ ကရင်နီခေါင်းဆောင်တဦးဖြစ်သူ သိုင်းဘဟန်သည် ဗမာတိုင်းပြုပြည်ပြုလွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ သီးခြားလွတ်လပ်သော ကျွန်ုပ်တို့ ကရင်နီပြည်ကို ထည့်သွင်းထားကြောင်း အစည်းအဝေးတွင် လာရောက်တင်ပြသည်။ ကရင်နီပြည်ခေါင်းဆောင်များက ကျနော်နှင့်ဦးဘီတူရီကို သွားရောက်ကန့်ကွက်ရန် တာဝန်ပေးအပ်သဖြင့် ကျနော်တို့ရန်ကုန်ဆင်းသွားကြသည်။

ထိုခေတ်ကာလမှာ စာရွက်စာတမ်းအလွန်ရှားပါးသောအချိန်ဖြစ်သည်။ ကျနော်နှင့် ဦးဘီတူရီ လမ်းလျှောက်သွား စဉ် မမျှော်လင့်ဘဲ လမ်းပေါ်မှာ ဖြူဖွေးသောစာရွက်တရွက်ကောက်ရ၍ ကျနော်တို့တိုင်ပင်ကြပြီး အင်္ဂလိပ်ဘုရင်ခံ ထံ စာရေးလိုက်ကြောင်း၊ စာအကြောင်းအရာမှာ သီးခြားလွတ်လပ်သော ကရင်နီပြည်စာချုပ်နှင့်ပတ်သက်၍ ယခု အင်္ဂလိပ်အနေဖြင့် ဘယ်လို သဘောထားပါသလဲဆိုသည့်အချက်နှင့် ဗမာတိုင်းပြုပြည်ပြုလွှတ်တော်သည် အနာဂတ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲရာတွင် ကရင်နီပြည်ကို ထည့်သွင်းထားသည် ဟုသိရကြောင်း၊ သီးခြားလွတ်လပ်သော ကရင်နီပြည်အပေါ် ဘယ်လိုထိခိုက်စေနိုင်သည် ဟု ထင်မြင်ပါ သလဲဆိုသည့် အချက်နှစ်ချက်ကို ဘုရင်ခံကိုယ်တိုင်နှင့် သွားတွေ့မေးမြန်းပြီး ရေးထားသော စာကိုလည်း ပေးလိုက်သည်။

ဘုရင်ခံက အင်္ဂလိပ်နှင့် ဗမာ၊ ကရင်နီပြည်ကို သီးခြားလွတ်လပ်သောနယ်မြေဖြစ်ကြောင်း အသိအမှတ်ပြု ထားသောစာချုပ်ကို အင်္ဂလိပ်က ဆက်လက်လေးစားအသိအမှတ်ပြုကြောင်း၊ ကရင်နီ သဘောထားမပါဘဲ မည်သူကမှ စာချုပ်အပေါ် မဖျက်ဆီးနိုင်ကြောင်း၊

ယင်းစာချုပ်သည် ကရင်နီအပေါ်မှာ အဓိကမူတည်ကြောင်း၊ ဗမာပြည်နှင့် ပေါင်းရေးသည် ကရင်နီပြည်၏သဘောထားအပေါ် မူတည်ကြောင်းဟု ဘုရင်ခံက ရှင်းလင်းပြော ဆိုပါသည်။

ထို့ကြောင့် ကျနော်နှင့် ဦးဘီတူရီသည် ကရင်နီပြည်သို့ပြန်သွားပြီး ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်ဟု စဝ်သိန်းက (စာပြုစုရေးသားသူ) ကျနော့်ကို ရှင်းပြဖူးပါသည်။

# ရှမ်း၊ ကယားပြည်နယ်များနှင့်ဆက်ဆံရေးစည်းမျဉ်းစည်းကမ်းများနှင့်ဆိုင်သော မှတ်စာလွှာ[6]

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်။
ရန်ကုန်။

ဗမာနိုင်ငံတော်၌ တပ်ချလျှက်ရှိသော ဂျပန်တပ်မတော်ကြီး၏ စစ်သေနာပတိနှင့် ဗမာနိုင်ငံဝန်ကြီးချုပ်သည် ဗမာနိုင်ငံနှင့် ရှမ်းနယ်၊ ကရင်နီနယ်များကို တဦးနှင့်တဦး ယခုတည်ရှိဆဲ ရင်းနှီးစွာ ဆက်ဆံမှုမပျက်ပြားစေခြင်းငှာ ထိုဆက်ဆံမှုနှင့်ပတ်သက်၍ အောက်ပါအချက်အလက်များကို သဘောတူညီကြသည်။

(၁) တဦး၏နယ်မှ တဦး၏နယ်အတွင်းသို့ လွတ်လပ်စွာဝင်ထွက်သွားလာနိုင်ခွင့်ကို အသိအမှတ်ပြုရမည်။

(၂) ထိုနယ်များတွင် ကုန်ပစ္စည်းများကို တနယ်မှတနယ်သို့ လွတ်လပ်စွာဆောင်ယူခြင်းတို့ ခွင့်ပြုရမည်။ ထို့အပြင် ထိုနယ်များက မိမိတို့၏နိုင်ငံတွင် ဆိုင်ရာအခွန်တော်စနစ်ကို ကာကွယ်ရန်မှတပါး ယင်းကဲ့သို့ဆောင်ယူသော ကုန်ပစ္စည်းများအပေါ်တွင် အခွန်တော် ကောက်ခံခြင်းမရှိစေရ။

(၃) တနိုင်ငံနှင့်တနိုင်ငံ ဘဏ္ဍာတော်ရေးအတွက် စေ့စပ်ရှင်းလင်းရန်ရှိသောကိစ္စနှင့် စပ်လျဉ်း၍ လက်ငင်းပေါ်ထွက်လာသောအချက်များနှင့် ပတ်သက်၍ ယေဘုယျအားဖြင့် ရှေးက လုပ်ထုံးလုပ်နည်းအတိုင်း သီးခြား သဘောတူညီချက်များပြုလုပ်ရမည်။

(၄) ရှမ်းနယ်၊ ကရင်နီနယ်များတွင် ဗမာနိုင်ငံတော်၌အသုံးပြုလျက်ရှိသော ငွေ နှင့် ငွေစက္ကူများကိုပင် အသုံးပြုရမည်။

6 Memorandum of agreement regarding Shan-Karenni States (Burmese and Japanese versions), 1943 August 1. Burmese Archive Collection (MS 113). Manuscripts and Archives, Yale University Library. https://archives.yale.edu/repositories/ 12/archival objects/1352448 Accessed June 03, 2020

ဤမှတ်စာလွှာသည် လက်မှတ်ရေးထိုးသောနေ့၌ စတင်အတည်ဖြစ်ရမည်။ အောက်တွင် လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်များသည် သဘောတူကြောင်းထင်ရှားစေရန် ဤမှတ်စာလွှာ၌ လက်မှတ်ရေးထိုး၍ မိမိတို့၏တံဆိပ်တော်များကို ခပ်နှိပ်ကြသည်။ ရှိုးဝါ သက္ကရာဇ်(၁၈) နှစ်မြောက် အ၄မလ ဤပထမနေ့ ဗမာသက္ကရာဇ် ၁၃၀၅ ခု၊ ဝါခေါင်လဆန်း (၁) ရက် နေ့တွင် ရန်ကုန်နေပြည်တော်၌ ဂျပန်၊ ဗမာဘာသာနှစ်မျိုးနှင့် မိတ္တူစာလွှာနှစ်ခုဖြင့် ပဋိညာဉ်ကို ချုပ်ဆိုကြသည်။

| | |
|---|---|
| (ပုံ) ရှိုဇိုကဝါဘီ | (ပုံ) ဘမော် |
| ဗမာနိုင်ငံတော် ဂျပန်တပ်မတော်ကြီး၏ စစ်သေနာပတိ | ဗမာနိုင်ငံတော်ဝန်ကြီးချုပ် |

## မြန်မာပြည်နှင့် ကရင်နီပြည်မိတ်ဆက်အဖွဲ့ရန်ကုန်မြို့
## ၁၉၄၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်။*



ရှေ့တန်းမှဝဲယာသို့ - စောသိန်း၊ စဝ်လဝီ၊ စောရွှေ၊ ဦးစိန်၊ (ကရင်နီပဒေါင်ကောင်စီဥက္ကဋ္ဌ)၊ ဗိုလ်ချုပ် ဦးအောင်ဆန်း (ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဦးအေမြလေး၊ ဦးဘဖေ၊ သိုင်းဘဟန်၊ စေဇိနှ၊ ဦးမြ။

အလယ်တန်း - သခင်ဝတင်၊ ဦးလွိဇီ၊ စောပီခဝါး၊ ဦးဗဂျမ်း၊ ဦးတင်၊ မန်းဘခိုင်၊ သခင်သန်းထွန်း (ကွန်မြူနစ်ပါတီအတွင်းရေးမှူး)၊ ဦးတင်၊ ဦးဘသောင်း၊ ဦးဖေခင်၊ သခင်ချစ်။

နောက်တန်း - ဦးကျော်မြင့်၊ ဦးအောင်ဝင်း၊ ဦးဘဆိုင်၊ ဦးအောင်ဇံဝေ၊ ဦးညိမ်း၊ ဦးသိမ်းအောင်၊ စောဘဦးကြီး (ကေအင်(န်)ယူအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဦးထွန်းလှ၊ စောခလူလယ်၊ ဦးတင်မောင်။

*[ဦးဖေခင်၊ ကိုယ်တွေ့ပင်လုံ၊ ၁၉၉၀ မှ ပုံအားပြန်လည်ကူးယူဖော်ပြသည်။]

အထက်ပါခါတ်ပုံ နှင့်စာသားဖော်ပြချက်သည် မူရင်းမိတ္တူ အမှန်အတိုင်းဖြစ်ပြီး၊ (မဆလ၊ နဝတ၊ နအဖ) လက်ထက်ထုတ်ဝေသည့် စာအုပ် စာစောင်များတွင် "မြန်မာပြည်နှင့် ကရင်နီပြည် မိတ်ဆက်အဖွဲ့ရန်ကုန်မြို့ ၁၉၄၆ ခုနှစ်၊ ဧပြီလ (၃၀) ရက်" မူရင်းအစား၊ "ကရင်နီ (ကယား) ခေါင်းဆောင်များနှင့် ရန်ကုန်မြို့(ဖဆပလ) အဖွဲ့ချုပ်၌ တွေ့ဆုံကြစဉ်" ဟု သမိုင်းဖြစ်ရပ်မှန်ကို လွဲမှားစွာ ဖော်ပြထားကြောင်းတွေ့ရှိရသည်။

## တရားလွှတ်တော်တရားဝန်ကြီးချုပ် [အငြိမ်းစား] အဂ္ဂမဟာသရေစည်သူ ဦးမြင့်သိန်း၏ ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း [၁၀] နှင့် ပတ်သက်၍ သူပါဝင်ဆောင်ရွက်ခဲ့သည့်ကဏ္ဍကိုတင်ပြခြင်း

၁၉၄၇ ခုနှစ်၊ ဇူလိုင်လစောစောပိုင်းတွင် ကျနော် ရန်ကုန်မြို့မှ တရားမရုံး တရားသူကြီးချုပ် အဖြစ် အမှုထမ်းနေစဉ် တရားရေးဌာနအတွင်းဝန် ဦးသောင်းစိန်က တယ်လီဖုန်းဖြင့် သတင်းပို့ ပါသည်။ သတင်းအတိုချုပ်မှာ ... ယခုလက်ရှိအလုပ်ကို ချက်ချင်းလွှဲပြီး အခြေခံဥပဒေ ရေးဆွဲနေသောအဖွဲ့၌ နယ်ခြားတောင်တန်းသားများ ဥပဒေရေးဆွဲနေသော အဖွဲ့၌ နယ်ခြား တောင်တန်းသားများ ဥပဒေရေးဆွဲရေး အကြံပေးအရာရှိအဖြစ်ဖြင့် လုပ်စေလိုသည်။ ထို အလုပ်ကို ချက်ချင်းလက်ခံပါဟု ဖြစ်ပါသည်။

ကျနော်က "ဗိုလ်ချုပ်ကြီးအောင်ဆန်းကို ရှမ်း၊ ကချင် စသည့်လူမျိုးစုံက ယုံကြည်မေတ္တာ ရှိပါ သော်လည်း ဗမာတိုင်းကို မယုံကြည်ကြပါ။ သို့ပါ၍ ကျနော်ဗမာတယောက်အနေဖြင့် ဒီအလုပ်ကို လုပ်ရန် သင့်တော်မယ် မထင်ပါ။ တရားရေးဝန်ကြီးကို ကျနော့်အားမပေးနိုင် ကြောင်း၊ ရုံးကလည်း ယခုမှဖွင့်စပင်ဖြစ်နေ၍ ဆက်လုပ်မှဖြစ်မယ်ဖြစ်ကြောင်း" ပြောပြ ရာ ဦးသောင်းစိန်က "တရားရေးဝန်ကြီးက ပြောမည်မဟုတ်ကြောင်း၊ ဦးမြင့်သိန်းကိုယ်တိုင် ဗိုလ်ချုပ်အောင်ဆန်းကို ပြောပြလျှင် သာ၍သင့်တော်ပါလိမ့်မည်။" ဟု ပြန်ပြောပါသည်။

ဗိုလ်ချုပ်ရုံးသို့ တယ်လီဖုန်းဆက်ရာ မကြာခင်ပဲ ကျနော့်ကို လာတွေ့နိုင်သည်ဆို၍ ဗိုလ်ချုပ်ရှိရာ အတွင်းဝန်များ ရုံးသို့ ကျနော်သွားတွေ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို ကျောင်းသားဘဝကတည်းက သိကျွမ်း၍ ရင်းရင်းနှီးနှီးရှိပါသည်။ ကျနော်က ဝင်သွားသွားခြင်း အလေးပြုပြီး "ဗိုလ်ချုပ် ကျနော့်ကို ဘယ်နှယ့် ဂျောက်တွန်းတာလဲ" ပြောတော့ ဗိုလ်ချုပ်မရယ်စဘူး ရယ်ပြီးနောက် ဗိုလ်ချုပ်က "ဦးပြောတာတွေ အားလုံးသိပါတယ်။ ဗမာမို့လို့ ရှမ်း၊ ကရင်၊ ကချင်တွေကို အကြံပေးပါက မှားယွင်းသွားလျှင် ဟိုဘက်လိုက်တယ် ဒီဘက်လိုက်တယ်လို့ပြောကြမှာကို စိုးရိမ်သလား" လို့ပြောပါတယ်။ ဒီတော့ ကျနော်က "ဗိုလ်ချုပ်ကြီးတို့က ကျနော့်တို့ ယခုအားလုံးရှိနေစဉ် ရှောရှောရှူရှူ ဖြစ်နိုင်ပါတယ်။ သို့သော်လည်း နောက်နောင်ဘာဖြစ်မလဲဟု မသိနိုင်ပါဘူး။ အဲ့တော့မှ အပြစ်ဆိုကြသည်ကို ရှောင်လိုပါတယ်" ဟု ပြောပါတယ်။

ဗိုလ်ချုပ်က "ကျနော်လည်း အဲဒါကိုသတိရလို့ မိုင်းပွန်စော်ဘွားကြီးနှင့် ဆမားဒူးဝါး ဆင်ဝါးနောင်တို့က ဦးမြင့်သိန်းကို ဥပဒေအကြံပေးအရာရှိအဖြစ်လိုချင်ကြောင်း လာပြောသည့်အချိန်ခါ ဟိုတုန်းက သူတို့ကို အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဩစတေးလျ၊ အိန္ဒိယပါရဂူတွေကိုငှားပေးပါမယ်။ သူတို့တယောက်ယောက်ကိုရွေးပါလို့ ပြောတော့ သူတို့က ဦးမြင့်သိန်းကိုရမှသာ ကျနော်တို့ကျေနပ်နိုင်မယ်၊ ဦးမြင့်သိန်းက ကျနော်တို့ရဲ့ ယူဆချက်၊ အတွေးအခေါ်၊ အဖြစ်အပျက်အားလုံးကို သိတဲ့သူဖြစ်လို့သူ့ကိုပင်အထူးယုံကြည်တာကြောင့် သူကလွဲလို့ အခြားသူကို လက်မခံနိုင်ပါလို့ပြောကြတယ်" ဟု ပြောပါတယ်။

ဗိုလ်ချုပ်က ရယ်စရာတောင်ထပ်၍ အမိန့်ရှိသည်မှာ "ဘာပီယဆေးများ ကျွေးထားသလဲ" တဲ့။

ကျနော်က "မကျွေးရပါဘူး။ ဂျပန်ခေတ်မှာ ကျနော့်ကို ဂျပန်တွေကလိုက်ရှာနေ၍ ကျနော် ရှမ်းပြည်ထဲမှာ ပုန်းခိုနေစဉ်က စော်ဘွားအချို့နှင့် ရင်းနှီးလာပါတယ်။ ဒူးဝါးကြီးကိုတော့ ရန်ကုန်ကျမှ တွေ့ဘူးပါတယ်" ဟု ပြေရပါသည်။

နောက်ဆုံးတော့ဗိုလ်ချုပ်က "လုပ်လိုက်ပါတော့" ဟုဆိုတာကြောင့် ကျနော်က သဘောတူလိုက်ပါတယ်။

ဗိုလ်ချုပ်ကို ကျနော်က "အခက်အခဲများရှိပါသလား" ဟုမေးရာ ဗိုလ်ချုပ်က "သိပ်ကြီးကျယ်တဲ့ အခက်အခဲတော့မဟုတ်ပါဘူး ကျနော်ပင်လုံကိုရောက်တော့ မိုင်းပွန်စော်ဘွားနှင့် ဆမားဒူးဝါးဆင်ဝါးနောင်တို့လာတွေ့ကြပြီး ဆွေးနွေးကြတယ်။ အဲဒီအခါမှာ စော်ဘွားကြီးက မြန်မာပြည်မနှင့်ပူးတွဲပြီး မြန်မာပြည်တည်ထောင်သွားတာကို သဘောတူပါတယ်။ ဒါ

ပေမယ့် စော်ဘွားအချို့က အခြေခံဥပဒေမှာ ခွဲထွက်နိုင်သော အပိုဒ်မပါပါက မြန်မာပြည်နှင့်ပေါင်းရန် ခဲယဉ်းမည်ဖြစ်မယ်လို့ ပြောကြ၍ ဒီအကြောင်းကို ထုတ်ဖော်ပြရခြင်း ဖြစ်ပါတယ်လို့ပြောတယ်။ ဆမားဒူးဝါးကြီးကလည်း ကျနော့်မှာလည်း ဒီအတိုင်းပါပဲ ဒူးဝါးဇော်လွန်းရဲ့အဖော်များက ဒီလေသံဘဲထွက်လာကြပါတယ်။ သူတို့ အဲဒီလိုပြောကြတော့ ကျနော်လည်း အံ့အားသင့်ပြီး "ခင်ဗျားတို့ဗျာ မိန်းမတောင်းနေတဲ့အခါမှာကွာ စကားပြောဖို့မသင့်ဘူးလို့ပြောတော့၊ စော်ဘွားကြီးနှင့် ဆမားဒူးဝါးတို့က မသင့်တော်တာမှန်ပါတယ်။ ဒါပေမယ့် ကျနော်တို့မှာ ပြဿနာဖြစ်နေပါ၍ ဗိုလ်ချုပ်ကြီး ဒီခွဲထွက်ရန်အပိုဒ်ကို အခြေခံ ဥပဒေတွင် ထည့်သွင်းပေးစေလိုပါတယ်လို့ပြေကြပြန်ပါတယ်။ ဒီတော့ ကျနော်ကလည်း ဒီအပိုဒ်မျိုးဟာ အဆန်းမဟုတ်ပါဘူး။ ရုရှား၊ ယူဂိုဆလပ်၊ အခြေခံဥပဒေများမှာလည်း ပါရှိပါတယ်လို့ဆိုပြီး လွယ်လွယ်နဲ့ပဲသဘောတူလိုက်တယ်။ လက်ခံခဲ့တယ်။ နောက် ကျနော် ရန်ကုန်ကို ပြန်ရောက်လာတဲ့ အခါ၌ (ဖဆပလ) အမှုဆောင်တွင် တင်ပြတော့ ကိုနု ကတော့ မကြိုက်ပါဘူး။ ဒါပေမဲ့ ကျနော်ရှင်းပြတော့ ကိုနုသဘောပေါက်သွားတယ်။ ကိုကျော်ငြိမ်းကတော့ ကန့်ကွက်တုန်းပဲ" ဟု ရှင်းပြတယ်။

ကျနော်က ဗိုလ်ချုပ်ကို "ဗိုလ်ချုပ် ကျနော်ဘာလုပ်ပေးစေလိုပါသလဲ" လို့မေးတော့ ဗိုလ်ချုပ်က "ဖြစ်နိုင်လျှင် ရှမ်းနှင့်ကချင်ကို ဒီခွဲထွက်ရန် အပိုဒ်ကို မထည့်ဖို့ပြောထားပါ" ဟု ပြောပါသည်။

ကျနော်က "ကျနော်ကတော့ ပြောမှာပါဘဲ သူတို့ကတော့ ယခုကထဲက ခွဲထွက်ရန် အပိုဒ်ပါရှိဖို့ပြောနေကြတယ်။ ဒါပေမယ့် ကျနော်အထူးကြိုးစားပါမယ်။ အကယ်၍ ပြောမရခဲ့သော် ကျနော်ဘာလုပ် ရမည်ကို ဗိုလ်ချုပ်သဘောကဘယ်လိုရှိပါသလဲ" လို့မေးရာ ဗိုလ်ချုပ်က "မရလည်း ပြီးရောပေါ့။ အရေးကြီးတာမှမဟုတ်ပဲ။ အခြားနိုင်ငံ အခြေခံဥပဒေတွေမှာ ပါတဲ့ဒီအပိုဒ်ကို ဘယ်တိုင်းပြည်မှာမှ အသုံးပြုခဲ့တယ်လို့မရှိခဲ့ပါဘူး။ လိုလိုလားလားထည့်ထားတဲ့အပိုဒ်ဖြစ်တယ်။ ထို့အပြင် ကျနော်သဘောတူခဲ့တာကို (ဖဆပလ) အဖွဲ့ချုပ်ကလက်ခံအောင်ဆောင်ရွက်ပါမယ်" ဟုပြောပါတယ်။

အဲ့ဒီက ကျနော်ပြန်လာခဲ့ပါသည်။ နောက်တနေ့မှာ အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ကို ဝင်ရောက်ရာမှာ ပြည်နယ်ကိစ္စ ဆွေးနွေးဖို့မရောက်သေးဘဲ တရားစီရင်ရေးကဏ္ဍကပဲရောက်သေး၍ အချိန်ရသောကြောင့် ပြည်နယ်ခေါင်းဆောင်များနှင့်ဆွေးနွေးရာ ချင်းခေါင်းဆောင် ဦးဝမ်ကိုဟောက

ချင်းလူမျိုးများက ပြည်နယ်မလို၊ မြန်မာများ ပေးတာကိုယူမယ်။ ကျေနပ်တယ်လို့ပြောကြတယ်။ (ဖဆပလ) ကိုလည်း ၎င်းအတိုင်း အစီရင်ခံထားပြီးဖြစ်တယ်ဟု ပြောပါသည်။ ဒါကြောင့် ကျနော်ဆက်လက်မဆွေးနွေးတော့ပါ။

ကရင်ခေါင်းဆောင် မန်းဘခိုင်ကလည်း "ကော်သူးလေခေါ် ကရင်ပြည်နယ်ရမယ်လို့ သိထား ရ၍ ကျေနပ်ပါတယ်။ အခြေခံဥပဒေတွင် အသေးစိတ်အကြောင်းချင်းရာများကိုလည်း ရေးသာ ရေးပါ။ လက်ခံပါတယ်" ဟု ပြောပါတယ်။ ဒါကြောင့် ကျနော်ဆက်လက် မဆွေးနွေးတော့ပါ။

ကချင်ခေါင်းဆောင်များက "ရှမ်းခေါင်းဆောင်များနှင့်သာ ဆွေးနွေးပါ။ ရှမ်းပြည်က လက်ခံ လျှင် သူတို့လည်း အခြေခံဥပဒေမှာ လက်ခံမယ်" ဟုပြောတာကြောင့် သူတို့နှင့်လည်း ကျ နော် (၃) ခါလောက်ပဲ တွေ့ခဲ့ရပါတယ်။ ဤအချိန်အခါလောက်မှာ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ပါသည်။ ရှမ်းခေါင်းဆောင်များနှင့် ကျနော်ကြိမ်ဖန်များစွာ ဆွေးနွေးပါသည်။ ဦး ချန်ထွန်းနှင့် ကျနော်မူချထားသည့်အတိုင်း အနည်းငယ် အကျဉ်းမျှသာ ဖြည့်စွက်ပြီး အားလုံး ကိုလက်ခံကြပါသည်။ သို့သော်လည်း ခွဲထွက်ရန်အပိုဒ်ကိုတော့ ဘယ်နည်းနဲ့မှ မဖြုတ်နိုင်၊ ထည့်သွင်းရမယ်လို့ခပ်ကြမ်းကြမ်းပဲ ပြောကြပါသည်။ ခေါင်းဆောင်ပြီးပြောသူကတော့ ညောင်ရွှေမဟာဒေဝီဖြစ်ပါတယ်။ မဟာဒေဝီအား ပြင်းပြင်းထန်ထန်ထောက်ခံသူများမှာ စော်ဘွားများ၏နောက်လိုက်များမဟုတ်ဘဲ လူထုကိုယ်စားလှယ်များသာဖြစ်ကြ၍ ကျနော် နောက်ဆုတ်ခဲ့ရပါသည်။ ဤအကြောင်းကို ဝန်ကြီးချုပ်ဦးနုထံသို့အစီရင်ခံတော့ ဝန်ကြီးချုပ် က "ဘယ်တတ်နိုင်မလဲဗျာ သူတို့က ဗိုလ်ချုပ်အောင်ဆန်းကတိပေးထားတာကို ကိုင်ထား တော့ ပြောလို့တော့ရမှာမဟုတ်ဘူးပေါ့။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ ကချင်ကိုလည်း ဒီအတိုင်း ပဲပေးရမယ်ဆိုတော့ ကချင်ပြည်နယ်နှင့်ဆိုင်တဲ့အခြေခံဥပဒေကို မရေးနဲ့ဦး။ ဆမားဒူးဝါးကြီး ကိုခေါ် ပြီး စကားပြောဦးမယ်" ဟုမိန့်ကြားအပ်ပါသည်။

ထို့နောက်ကျနော်သိရှိရသည်မှာ ဝန်ကြီးချုပ်က ဆမားဒူးဝါးကြီးအား "ကချင်ပြည်နယ် ဖွဲ့စည်းရာတွင် မြစ်ကြီးနားအပြင် ရှေးယခင်တောင်းဆိုထားခဲ့တဲ့ ဗန်းမော်ဒီစတြိတ်ကိုပါ ကချင်ပြည်နယ်တွင် ထည့်သွင်းမယ်။ ၎င်းအပြင် ကချင်ပြည်နယ်ဥက္ကဋ္ဌသည် ကချင်လူမျိုး များသာဖြစ်ရမယ်လို့ အခြေခံဥပဒေတွင် ထည့်သွင်းပေးမယ်။ အပြန်အလှန်အနေဖြင့် ကချင် ခေါင်းဆောင်များက ခွဲထွက်ရန်အပိုဒ်ကို စွန့်လွှတ်ပါ" ဟုပြောဆိုရာ၌ "ဆမားဒူးဝါးကြီး က လက်ခံ၍ ကချင်ပြည်နယ် ဥပဒေ၌ ခွဲထွက်ခြင်းနှင့်ပတ်သက်သော အခြေခံဥပဒေနှင့်မ သက်ဆိုင်စေရ" ဟု ထည့်သွင်းရေးရပါသည်။

ချင်းကိစ္စနှင့်ပတ်သက်၍ ပြည်နယ်မလုဟုဆိုသော်ကြောင့် ချင်းဥပဒေ၌ "ချင်းဝိသေသတိုင်း" ဟု အမည်တပ်၍ ရေးဆွဲခဲ့ပါသည်။ ခွဲထွက်ရန်ပြဿနာ မပေါ်ပေါက်ခဲ့ပါ။ အခြားအပိုဒ်များမှာ ရှမ်းပြည်ဆိုင်ရာ အခြေခံဥပဒေနှင့် အတူတူပဲဖြစ်ပါသည်။

ကရင်ပြည်နယ်အတွက် ကရင်ခေါင်းဆောင်များက ခွဲထွက်ရန်အပိုဒ်လိုချင်သည်ဟု ဘယ်အခါကမှ မပြော၍ ပြဿနာမပေါ်ခဲ့ပါ။

ဤအချိန်အခါ၌ ခွဲထွက်ရန်ကိစ္စမှာ ရှမ်းပြည်နယ်အတွက်သာရှိပါတော့သည်။ လွယ်လွယ်နှင့် ခွဲထွက်ခြင်းမပြုနိုင်ရန် အခြေခံဥပဒေတွင် "အခြေခံဥပဒေ အာဏာတည်သည့်နေ့မှ (၁၀) နှစ်အတွင်း ခွဲထွက်နိုင်သောအခွင့်အရေးကို အသုံးမပြုရဟု ထည့်သွင်းခဲ့ပါသည်။

ကရင်နီပြည်နယ်အကြောင်းမှာ ...

၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်အစိုးရသိမ်းပိုက်ရာ တရုတ်ပြည်နှင့် စသော အနီးအနားရှိ နိုင်ငံများနှင့် နယ်ခြားသတ်မှတ်ခဲ့သည်။ ထိုအခါက အင်္ဂလိပ်က အနောက်ဘက်မှ အရှေ့ဘက်သို့တိုးချဲ့လာသည်မှာ မြန်မာနိုင်ငံအထိရောက်ခဲ့သည်။ ပြင်သစ်က အရှေ့ဘက်မှ အနောက်ဘက်သို့တိုးချဲ့လာသည်မှာ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် အထိရောက်ရှိခဲ့သည်။ အင်္ဂလိပ်အုပ်စိုးသည့်နယ်နှင့် ပြင်သစ်အုပ်စိုးသည့်နယ်တို့ မထိတွေ့ရန်ကြားတွင် တိုင်းပြည်တစ်ခုရှိသင့်သည်ဟု အင်္ဂလိပ်တို့ကယူဆ၍ ကန္တာရဝတီ၊ ဘော်လခဲ၊ ကြက်ဖိုးကြီး အမည်ရှိသော စောဘွားပိုင် (၃) နေရာကို လွတ်လပ်သော ပြည်နယ်ဟု သတ်မှတ်ပြီး မင်းတုန်းမင်း၏ သဘောတူညီချက်ကိုရယူခဲ့သည်။ သို့ဖြစ်၍ ၁၉၄၆၊ ၁၉၄၇ ခုနှစ်များတွင် မြန်မာပြည်အား လွတ်လပ်ရေးရရန် ဆွေးနွေးသည့်အခါ၌ ကရင်နီဒေသသည် မြန်မာပြည်၏အစိတ်အပိုင်းမဟုတ်လွတ်လပ်သောနယ်များဖြစ်၍ ထည့်သွင်းမစဉ်းစားနိုင်။ သို့သော် ထိုနှစ်များတွင် ကရင်နီတဦးဖြစ်သူ သိုင်းဘဟန်ဆိုသူက (ဖဆပလ) အကူအညီဖြင့် သူပုန်ထခဲ့သည်။ သိုင်းဘဟန် ကွယ်လွန်သည့်အခါ၌ ဘော်လခဲက ဦးဘီဆိုသူက မြန်မာဘက်ကိုဆန့်ကျင်၍ သူပုန်ထခဲ့သည်။ ဦးဘီစစ်ပွဲမှာကျဆုံး၍ ထိုအခါ အင်္ဂလိပ်အစိုးရက ကရင်နီနယ်ကို မြန်မာပြည်အတွင်းသို့ထည့်သွင်းချင်သော်လည်း စာချုပ် စာတမ်းများက လွတ်လပ်သော နိုင်ငံဖြစ်နေ၍ ဘာမျှမတတ်နိုင်။ ထိုအခါ ကရင်နီနယ်(၃) နယ်စလုံးတွင် စော်ဘွားကြီး (၃) ဦးစလုံးကွယ်လွန်ကြ၍ ခလေးငယ်များသာကျန်ရာ စကားပြောဆွေးနွေးရမည့် ခေါင်းဆောင်ရှာမတွေ့ခဲ့။ သို့အတွက်

နောက်မှပဲရှင်းမည်ဟု ဆုံးဖြတ်သည်ဟု ကျနော်သိခဲ့ရပါသည်။

အခြေခံဥပဒေကို လွှတ်တော်၌ မြန်မာပြည်လွတ်လပ်ရေးရသော ၄၊ ၁၊ ၁၉၄၈ နေ့တွင် အတည်ဖြစ်ရန် ၂ ရက်စော၍ ၂၊ ၁၊ ၁၉၄၈ ရက်နေ့တွင် တင်သွင်းရပါမည်။

၁၉၄၇ ခု၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုက အရေးကြီး၍လာခဲ့ပါဟု ကျနော့်ကို တယ်လီဖုန်းဖြင့်ခေါ်ပါသည်။ ကျနော်ရောက်သည့်အခါ၌ ဦးချန်ထွန်းရောက်ရှိနေသည်ကို တွေ့ရပါသည်။ ၎င်းအပြင် ကန္တာရဝတီစော်ဘွားကြီးသား (မဟာဒေဝီ၏ သားမဟုတ်ပါ) စဝ်ဝဏ္ဏဆိုသူနှင့် ဦးစိန်ဆိုသူတို့ကို တွေ့ရပါသည်။ ၎င်းနောက် ဝန်ကြီးချုပ်ဦးနုဝင်လာပါသည်။ "ဝန်ကြီးချုပ်က ဦးမြင့်သိန်း သူတို့ကိုသိပါသလား" ဟုမေး၍ ကျနော်က "ဦးစိန်ကိုတော့ မတွေ့ဘူးပါ။ စဝ်ဝဏ္ဏကိုတော့ ကန္တာရဝတီစော်ဘွားကြီး၏သားဆိုတာတော့ သိပါတယ်။ လူချင်းလဲသိပါတယ်" ဖြေဆိုပါသည်။ ဝန်ကြီးချုပ်ကဆက်၍ "စဝ်ဝဏ္ဏနှင့် ဦးစိန်တို့က သူတို့ကရင်နီနယ် (၃) နယ်ကို မြန်မာပြည်နှင့်ပေါင်းလိုကြောင်း လာပြောနေကြတယ်။ အဲဒါဦးမြင့်သိန်းနှင့်ဦးချန်ထွန်းတို့ ဘယ်လိုသဘောပေါက်သလဲ" ဟုမေးရာ ကျနော်က "ကျနော်ပြောနိုင်တာကတော့ ဒီနယ် (၃) ခုစလုံးမှာ ခေါင်းဆောင်မရှိ။ ခလေးတွေသာရှိတယ်။ ကန္တာရဝတီအတွက် စဝ်ဝဏ္ဏကိုခေါင်းဆောင်ဆိုတာ လက်ခံနိုင်ပါတယ်" ဟုပြောပါသည်။ ဤသို့ပြောကြရင်း စဝ်ဝဏ္ဏက "ကျနော့်ကို ကန္တာရဝတီအတွက် ခေါင်းဆောင်အဖြစ်လက်ခံလျှင် ကျန် (၂) နယ်အတွက် ကျနော်နှင့်ဦးစိန်ကို ခေါင်းဆောင်များအဖြစ်လက်ခံပါလို့ အင်တိုက်အားတိုက်ပြောပါသည်။ ဒီတော့ ဝန်ကြီးချုပ်ဦးနု၊ ဦးချန်ထွန်းနှင့် ကျနော်တို့ (၃) ယောက် ဆွေးနွေးကြပါသည်။ ဦးချန်ထွန်းက "ဒီနယ်တွေဟာ ရွာသာသာလေးတွေပါ။ မြန်မာပြည်ထဲကို ထည့်လိုက်လျှင်လည်း ကန့်ကွက်မည့်သူတွေ ရှိမယ်မထင်ပါဘူး။ လက်ခံလိုက်လျှင် ကောင်းပါတယ်" ဟုပြောပါသည်။ ကျနော်က ဦးချန်ထွန်းကိုထောက်ခံပြီး "ကျနော်တို့ဗမာတွေက တဖက်သတ်ကရင်နီနယ်ကိုမြန်မာပြည်အတွင်းသို့ထည့်သွင်းခြင်းမဟုတ်ပါ။ ၎င်းတို့ဘက်ကခေါင်းဆောင်တွေလာပြော၍ လက်ခံခြင်းဖြစ်၍ အပြစ်ဆိုမည့်သူ ရှိမှာမဟုတ်ပါ။ ကန့်ကွက်နိုင်သူ တဦးသာရှိပါသည်။ ထိုသူမှာ အင်္ဂလိပ်သာလျှင်ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုယ်တိုင်ကလည်း ဒီနယ်များကို မြန်မာပြည်အတွင်းထည့်သွင်း၍ ကန့်ကွက်မည် မဟုတ်ပါ" ဟုပြောရာ ဝန်ကြီးချုပ်ဦးနုက ချက်ချင်းလက်ခံရန် ဆုံးဖြတ်ပါသည်။ နောက်ပြီး ဝန်ကြီးချုပ်က ကရင်နီပြည်နယ်အခြေခံဥပဒေကို ရှမ်းပြည်နယ်၏အခြေခံဥပဒေအတိုင်း ရေးဆွဲစေပါသည်။

ကျနော်က စဝ်ဝဏ္ဏကို "ခွဲထွက်ရေးကိစ္စတွင် ကချင်ပြည်နယ်ကခွဲထွက်ရန် စွန့်လွှတ်သကဲ့သို့ စွန့်လွှတ်ရန်တိုက်တွန်းပါသည်။ ၎င်းအပြင်သူ့အား ဒီနယ်တွေက သေးသေးလေးလည်းဖြစ် လို့ခွဲထွက်လို့ဘယ်ဖြစ်နိုင်မှာလဲ။ တဦးတည်းနေနိုင်မှာမှ မဟုတ်ဘဲ" ဟုလည်းပြောရာ၊ စဝ်ဝဏ္ဏက "ရှမ်းပြည်ကိုခွဲထွက်ရန် အခွင့်အရေးပေးလျှင် ကျနော်တို့သဘောအတိုင်း လွတ်လပ်သောတိုင်းပြည်အဖြစ် ဝင်ရောက်လာတဲ့နယ်တွေကို ခွဲထွက်ရန် အခွင့်အရေး ပေးသင့်ပါတယ်။ ယခုကဲ့သို့ကတိုက်ကရိုက် လာရောက်ပူးပေါင်းခြင်းကို နောက်နောင် အပြစ်ပြောလာလျှင် ခွဲထွက်ရန်အခွင့်အရေးရှိသားပဲလို့ချေပနိုင်ပါတယ်။ ဒီအခြေအနေလည်း ရောက်မယ်မထင်ပါ" ဟုပြောပါသည်။ ဒါကြောင့် ဝန်ကြီးချုပ်ဦးနုက "သူတို့ပြောတဲ့အတိုင်းပဲ လက်ခံလိုက်ပါ" ဟု မိန့်ကြားပါသည်။

မှတ်ချက် ။ ။ ၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေရေးဆွဲရာ၌ ကရင်ပြည်နယ်ကို ကော်သူလေးဟုခေါ်ပါသည်။ ကယားပြည်နယ်ကို ထိုစဉ်က ကရင်နီပြည်ဟုခေါ်ပါသည်။

မြင့်သိန်း
၁၄၊ ၆၊ ၉၂
အဂ္ဂမဟာသရေစည်သူ ဦးမြင့်သိန်း
နိုင်ငံတော်တရားဝန်ကြီးချုပ် (အငြိမ်းစား)

အထက်ပါ စာတမ်းသည် နဝတလက်ထက်တွင် အဘယ်ကြောင့် ၁၉၄၇ ခု၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ခွဲထွက်ခွင့်ပုဒ်မ ပြဋ္ဌာန်းရသလဲဟု နိုင်ငံရေးသမားဟောင်းများကို မေးမြန်း သဖြင့် ဦးမြင့်သိန်းမှ နဝတသို့ရေးသားပေးပို့သည့်စာဖြစ်သည်။

# အခန်း (၃)

# လွတ်လပ်ရေးကိုကြိုးပမ်းခြင်း

# အခန်း [၃]
# လွတ်လပ်ရေးကြိုးပမ်းခြင်း

## (က) ဗမာပြည်မ လွတ်လပ်ရေးကြိုးပမ်းသည့်ကာလ

ဗမာပြည်မနိုင်ငံရေးခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် ဦးစွာလှုပ်ရှားကြောင်း တွေ့ရသည်။ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသည် ဗုဒ္ဓကလျာနယုဝအသင်း [Young Monk Buddhist Association (YMBA)] ဘာသာရေး အသင်းအဖွဲ့အမည်ခံပြီး စတင်သည်ဟု ဆိုရပေမည်။ YMBA ဘာသာရေးအသင်းမှ တဆင့် တို့ဗမာအစည်းအရုံး [General Council of Burma Association (GCBA)] အဆင့်သို့တက်လှမ်းနိုင်ပြီး အမျိုးသားရေး၊ နိုင်ငံရေး၊ ကိုယ်ပိုင်လွတ်လပ်ရေးတို့ကို တဆင့်ပြီးတဆင့် ပွင့်လင်းပြတ်သားစွာ ကြိုးပမ်းလာကြခြင်း ဖြစ်သည်။

၁၉၃၆ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်သပိတ်ကြီးပေါ်ပေါက်ပြီး ကျောင်းသားခေါင်းဆောင်များ ဗမာ့နိုင်ငံရေးတွင် ထင်ပေါ်လာသည်။ ၎င်းကျောင်းသားခေါင်းဆောင်များ ကျောင်းသားလောကမှ ပိုမိုကျယ်ဝန်းသော နိုင်ငံရေးလောကသို့ခြေစုံပစ်၍ဝင်ကြသည်။ ဒို့ဗမာအစည်းအရုံး၌ ဝင်ရောက်၍ သခင်ဘွဲ့ခံယူကာ “သခင်မျိုးဟေ့ ဒို့ဗမာ” ဟု ကြွေးကြော်ကြုံးဝါးကြသည်။ သခင်လူငယ်များတွင် သခင်အောင်ဆန်းတဦးလည်းပါဝင်လာခဲ့သည်။

ဗမာသက္ကရာဇ် (၁၃၀၀) ပြည့်နှစ်တိုက်ပွဲသည် ပို၍ပြင်းထန်လာသည်။ ရေနံမြေ အလုပ်သမားတို့ သပိတ်မှောက်၍ ရန်ကုန်သို့ချီလာသည်။ လယ်သမားများ ညာသံပေးပြီး ချီလာသည်။ ကျောင်းသားတို့သည် နိုင်ငံရေးပြင်းထန်စွာ အင်အားပြလာသည်။ ဗိုလ်အောင်ကျော် ကျဆုံးခြင်း၊ ကျောင်းသားခေါင်းဆောင်များ အဖမ်းခံရခြင်းတို့ကြောင့် ပို၍ လွတ်လပ်ရေးအတွက် စိတ်ဓာတ် တက်ကြွလာသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးလည်း ပေါ်လာသည်။ သခင် ခေါင်းဆောင်

လူငယ်များလည်း ဗမာ့တော်လှန်ရေးပါတီကို လျှို့ဝှက်တည်ထောင် ခဲ့သည်။ လက်နက်နှင့် စစ်ကူ နိုင်ငံခြားမှအရယူပြီး လွတ်လပ်ရေးကို တိုက်ယူမည်ကြံစည်ချက်ဖြင့် တော်လှန်ရေးကို စတင်ကြသည်။ ထိုကာလ သခင်အောင်ဆန်းသည် မြေလျှိုး၍ ပျောက်ကွယ်သွားသည်။ ဂျပန်နိုင်ငံသို့ နောက်ဆုံးတွင် ရောက်ရှိသွားကာ ဂျပန်စစ်ကူကိုရရှိသည်။ ဗမာပြည်မှလူငယ်တစ်စုကို ထပ်မံခေါ်ယူပြီး ဂျပန်စစ်ပညာများ သင်ယူသည်။ သို့ဖြင့် ရဲဘော်သုံးကျိပ်နှင့်တကွသော ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးပေါ်လာသည်။ ဗမာပြည်သို့ စစ်ဦးလှည့်လာသောအခါ ကျောင်းသား၊ လယ်သမား၊ အလုပ်သမား၊ နိုင်ငံရေးသမားများလောကအတွင်း ဗမာ့ပြည်လွတ်လပ်လိုသော စိတ်ဓာတ်မှာ အသက်ဝင်ကာ ပေါင်းစပ် စုစည်းခိုင်မာလာပြီး လွတ်လပ်ရေး တပ်မတော်နှင့်အတူ ဗမာတမျိုးသားလုံး အုံကြွပါဝင်လှုပ်ရှားလာကြသည်။

## (ခ) ဖက်ဆစ်ဂျပန်ခေတ်ကာလနှင့် တိုင်းရင်းသားလူမျိုးများအခြေအနေ

ဂျပန်စစ်တပ်၏ အကူအညီဖြင့် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့များကို တိုတောင်းသည့် အချိန်ကာလအတွင်း မောင်းထုတ်နိုင်ခဲ့သည်။ သို့သော် အင်္ဂလိပ်ကိုလိုနီထက် ဖက်ဆစ်ဂျပန်က ပိုမို ဆိုးရွားသည်။ ဗမာပြည်ကို ဂျပန်က လွတ်လပ်ရေးပေးထားသည်မှာလည်း စစ်မှန်သော လွတ်လပ်ရေးမဟုတ်။ အဓိပတိနှင့် အစိုးရဝန်ကြီးများ၊ အစိုးရဌာနများ၊ တရားရုံးများ ပေါ်ထွက်လာသည်။ သို့ရာတွင် ဂျပန်စစ်တပ်သည် ဖက်ဆစ်ဆန်ဆန် ပြည်သူလူထုအပေါ် မတရားညှဉ်းပန်းနှိပ်စက်လာသဖြင့် ပြည်သူလူထုသည် ဖက်ဆစ်ဂျပန်ကို လွန်စွာမုန်းတီး လာသည်။ ဖက်ဆစ်ဂျပန်ခေတ်ကာလတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး အတွက် တစုံတရာအကျိုးဖြစ်ထွန်းခြင်းမရှိသည့်အပြင် စစ်ဒဏ်၊ ဖက်ဆစ်ဒဏ်ကိုသာ အလူးအလဲ လိမ့်ခံခဲ့ကြရသည်။

ထို့အပြင်ဖက်ဆစ်ဂျပန်ခေတ်ကာလတွင် အင်္ဂလိပ်အစိုးရယန္တရားအားလုံး အိန္ဒိယနိုင်ငံသို့ပြန်ဆုတ်သွားသော်လည်း အင်္ဂလိပ်အစိုးရဝန်ထမ်းတွင် တာဝန်ထမ်းဆောင်ကြသည့် ကရင်အမျိုးသားဝန်ထမ်းများ အများအပြားကျန်ရှိနေသည်။ ကရင်အမျိုးသား ဝန်ထမ်းဟောင်းများကို အင်္ဂလိပ်သူလျှို၊ အင်္ဂလိပ်အလိုတော်ရိဟု စွပ်စွဲပြီး ဖမ်းဆီး၊ နှိပ်စက်၊ ထောင်ချ၊ သတ်ဖြတ်လာသဖြင့် ဗမာလူမျိုးနှင့် ကရင်လူမျိုး အဓိကရုဏ်းပြဿနာ မီးမွှေးပေးရာ အစ

ပင်ဖြစ်သည်။ ဂျပန်စစ်သေနာပတိချုပ် ဗိုလ်ချုပ်မိုးကြိုး၊ ဗိုလ်ချုပ်အောင်ဆန်း၊ စောဘဦးကြီး၊ သခင်နုတို့ပူးပေါင်းပြီး စည်းရုံးရေးဝင်ကြရသည်။ ဤပြဿနာသည် ဖက်ဆစ် ဂျပန်ခေတ်ကာလတွင် အဆိုးဆုံးဖြစ်ရပ်တခုဖြစ်ပြီး နောက်ပိုင်းတွင် ဗမာလူမျိုးနှင့် ကရင်လူမျိုးတိုင်းရင်းသားညီအစ်ကိုအချင်းချင်း လူမျိုးရေးပဋိပက္ခ အပြန်အလှန် သတ်ဖြတ်ကြသည်အထိ ဖြစ်ပွားခဲ့သည်ကို ဝမ်းနည်းဖွယ်ရာခံစားကြရသည်။

ဖက်ဆစ်ဂျပန်စစ်တပ်သည် အိန္ဒိယပြည်အင်ဖါနှင့် လီဒိုလမ်းကြောင်းဘက်သို့ စစ်ကြောင်းချီတက်ရာ၌ ကချင်၊ လူရှိုင်းချင်းနှင့်၊ နာဂတိုင်းရင်းသားများတို့သည် မဟာမိတ်နှင့်လက်တွဲပြီး အပြင်းအထန် တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့သဖြင့် ဂျပန်တပ် အိန္ဒိယဘက်သို့ စစ်ဆင်ရေးခါးပြတ်သွားသည်။ ထိုဒေသ၌ ဖက်ဆစ်ဂျပန်စစ်တပ်အုပ်ချုပ်ရေး မချနိုင်ခဲ့ပေ။ ယင်းဒေသရှိတိုင်းရင်းသားများသည်လည်း ဖက်ဆစ်ဒဏ်ကို အချိန်အနည်းငယ်အတွင်းသာ ခံရခဲ့ကြသည်။

ဖက်ဆစ်ဂျပန်ပေးထားသော လွတ်လပ်ရေးအတုအယောင်ခေတ်ကာလတွင် ပြဿနာမျိုးစုံကိုရင်ဆိုင်နေရသော်လည်း စစ်ဘေးဒဏ်ကိုအားခဲရင်း ဂျပန်ကို ပြန်လည်တော်လှန်ဖို့ စည်းရုံးခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော တော်လှန်ရေး အဆင့်ဆင့် အောင်ပွဲဆင်သည်ကို အပြည့်အဝလက်ခံယုံကြည်လာကြသည်။ ထို့ကြောင့် ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်သော ဖတဖ၊ ဖတပလ အဆင့်ဆင့်မှ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ လွတ်မြောက်ရေး (ဖဆပလ) အဖွဲ့ချုပ်တွင် စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ခဲ့ကြသည်။ နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်သည် မဟာမိတ်နှင့် ပူးပေါင်းပြီး ဗမာပြည်မမှ ဖက်ဆစ်ဂျပန်ကို အပြီးတိုက်ထုတ်နိုင်ခဲ့သည်။

ဖက်ဆစ်ဂျပန်ခေတ်ကာလတွင် ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးများသည် ဖက်ဆစ်ဂျပန်၏ ဖိနှိပ်မှုကို မခံမရပ်နိုင်သည့်အဆုံး အင်္ဂလိပ်မဟာမိတ်နှင့် အသီးသီး အဆက်အသွယ်ရယူကြပြီး မိမိနယ်မြေများတွင်တပ်စွဲထားသော ဂျပန်စစ်တပ်များနှင့် စစ်ပြေးလာသော ဂျပန်တပ်များကို အပြီးအပိုင် တိုက်ထုတ်နိုင်ခဲ့ကြသည်။

## (ဂ) ဒုတိယကမ္ဘာစစ်အပြီး ဗမာပြည်မ နိုင်ငံရေးနိုးကြားမှု

ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် ဗြိတိသျှစစ်ပြေးဘုရင်ခံဆာဒေါ်မန်စမစ်သည် ရန်ကုန်သို့ ပြန်ရောက်လာပြီး စစ်မဖြစ်မီက စမ်းသပ်ခဲ့သော (၉၁) ဌာန အုပ်ချုပ်ရေးယန္တရားကို ပြန်ဖော်လိုသည်။ အိန္ဒိယပြည်မှာ ရေးဆွဲလာသော ဆင်းမလားစီမံကိန်းကိုပါ တပါတည်း ယူဆောင်လာသည်။ သို့ရာတွင် အင်္ဂလိပ်လက်အောက်တွင်သာမက ဂျပန်လက်အောက်တွင်ပါ နေလာခဲ့ဘူးပြီး လက်တွေ့ခံစားသိရှိပြီးဖြစ်၍ သူတပါးကို ယုံကြည်ကိုးစားမှု မပြုလိုကြ။ လွတ်လပ်ရေးကို အရယူမည်။ လွတ်လပ်ရေးသည်သာ ပထမ၊ လွတ်လပ်ရေးသည်သာ ဒုတိယ၊ လွတ်လပ်ရေးသည်သာ တတိယဟု ကြွေးကြော်သည့် အချိန်ကာလလည်းဖြစ်သည်။ မိမိတို့ကိုသာ မိမိတို့ယုံကြည်ကိုးစားကြသည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီးကသာ စစ်မှန်သော လွတ်လပ်ရေးကို အရယူပေးနိုင်မည်။ တိုင်းပြည်ကို လည်း အေးချမ်းသာယာအောင် တည်ထောင်အုပ်ချုပ်နိုင်မည်ဟု ဗမာအမျိုးသားစိတ်ဓာတ် အထွဋ်အထိပ်သို့ တက်ကြွသည့် အချိန်ကာလဖြစ်သည်။

## (ဃ) ဖဆပလအဖွဲ့ချုပ်နှင့် တောင်တန်းဒေသခေါင်းဆောင်များ စတင် တွေ့ဆုံရင်းနှီးလာခြင်း[7]

ဗမာပြည်မတွင် အင်္ဂလိပ်လက်အောက်မှလွတ်မြောက်ပြီး လွတ်လပ်ရေးရရှိရန် ဖဆပလခေါင်းဆောင်များ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် အင်္ဂလိပ်ကိုလိုနီ လက်ထက်၌ ဗမာပြည်နှင့် ရှမ်းပြည်၊ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသတို့သည် အုပ်ချုပ်ရေး နယ်မြေ သီးခြားစီ တည်ရှိနေခြင်းကြောင့်လည်းကောင်း၊ အင်္ဂလိပ်က ဥပဒေ ကန့်သတ်ထားခြင်းကြောင့်လည်းကောင်း၊ ဗမာပြည်နိုင်ငံရေးသမားများနှင့် ရှမ်းပြည်၊ ကချင်၊ ချင်းတောင်တန်းဒေသ နိုင်ငံရေးခေါင်းဆောင်များ ရင်းနှီးခြင်းမရှိကြချေ။ ၁၉၄၆ ခု၊ ဇန်နဝါရီလ (၁၇) ရက်နေ့မှ (၂၃) ရက်နေ့အထိ ရွှေတိဂုံအလယ်ပစ္စယံမှာ ကျင်းပပြုလုပ် သော ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် ရှမ်းပြည်လူငယ်ကိုယ်စားလှယ်များသည် စတင်တွေ့ဆုံပြီး ရင်းနှီးမှုရရှိလာကြသည်။

7 ဦးထွန်းမြင့် (၁၉၈၇)၊ အုပ်တချုပ် သဲတပွင့် ၊ စာ ၁၉၄ - ၂၆၂

ဖဆပလအဖွဲ့ချုပ် ပထမအကြိမ်ညီလာခံတွင် ရှမ်းလူငယ်များဖြစ်ကြသော (၁) ကိုတင်အေး၊ (၂) ကိုစံဖေ၊ (၃) ကိုခွန်ထီး၊ (၄) ကိုဘတင်၊ (၅) ကိုအုန်းဖေ၊ (၆) ကိုအေးကျော်၊ (၇) ကိုသုတ၊ (၈) ကိုသန်းဖေ၊ (၉) ကိုထွန်းမြင့်၊ (၁၀) ကိုမြမင်းတို့သည် အင်္ဂလိပ်အာဏာပိုင်တို့ မသိအောင် တိတ်တခိုး တက်ရောက်လေ့လာကြသည်။ ဖဆပလညီလာခံ၊ ညီလာခံကိုယ်စားလှယ်များ အားလုံးထဲမှာ တောင်ကြီးမြို့သို့ ခေတ္တလာရောက်နေထိုင်ဘူးသော ဗမာမူဆလင်ကွန်ရက် ကိုယ်စားလှယ် ဦးဖေခင်တဦးနှင့်သာရင်းနှီးသည်။ ဦးဖေခင်က ညီလာခံတွင် အဆိုတရပ် တင်သွင်းသည်။ ၎င်းအဆိုမှာ ခွင်းချန်ထားသောနယ်မြေများ မြန်မာပြည်မနှင့်ပူးပေါင်းရေး ဖြစ်ပြီး အဆိုစာကိုယ်မှာ စက္ကူဖြူစာတမ်းအရ ရှမ်းပြည်၊ ကချင်တောင်တန်း၊ ချင်းတောင် တန်း၊ စသောနယ်များကို ဗမာပြည်မှ ခွဲထုတ်ထားကြောင်း၊ ၎င်းနယ်များ ဗမာပြည်နှင့် ပေါင်း လိုက နယ်သားများ၏ ဆန္ဒအတိုင်းဖြစ်စေရမယ် ဆိုထားကြောင်း၊ အဲဒီလို တောင်တန်း ဒေသ နယ်များကို ခွဲထုတ်ထားသည့်အတွက် ဖဆပလညီလာခံကြီးက ကန့်ကွက်တယ်လို့ အဆိုတင် ထားကြောင်းပါရှိသည်။

၎င်းအဆိုကို ရှမ်းလူငယ်ကိုယ်စားလှယ်များက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ကြပြီး ဖဆ ပလ အလုပ်အမှုဆောင်အဖွဲ့နှင့် ရှမ်းပြည်အရေးဆွေးနွေးနိုင်ရန် ညီလာခံအတွင်းရေးမှူးထံသို့ စာရေးတင်ပြခဲ့သည်။ ညီလာခံပြီးသည့်နောက် ဖေဖေါ်ဝါရီလ (၈) ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်းဦးဆောင်ပြီး (၁) သခင်ချစ်၊ (၂) ဦးဘဖေ၊ (၃) ဦးတင် (မြန်အောင်)၊ (၄) ဦးချစ် မောင်၊ (၅) ဦးထက်၊ (၆) ဦးဘဂျမ်း၊ (၇) ဦးအောင်ဇံဝေ၊ (၈) မန်းဘခိုင်၊ (၉) ဦးတင် (မြန်မာ့ အလင်း)၊ (၁၀) ဦးတင်မောင်၊ (၁၁) ဦးဗချို၊ (၁၂) သခင်ဗတင်တို့ပါဝင်ကြသည်။

ယင်းဆွေးနွေးပွဲ မတိုင်မီ ရှမ်းပြည်လူငယ်အဖွဲ့ကိုယ်စားလှယ်က ဆွေးနွေးပွဲလမ်းညွှန်အဖြစ် မေးခွန်း (၈) ခုကြိုတင်ပေးပို့ထားသည်။ ၎င်းမေးခွန်း (၈) ခုအနက်မှ အမှတ် (၇) မေးခွန်းမှာ ခြွင်းချန်ထားသော တောင်တန်းဒေသနယ်မြေများမပါဘဲ ဗမာ့လွတ်လပ်ရေးပေးရင် ဖဆ ပလက ယူမလားဟူ၍ သဘောပေါက်နားလည်ရသော မေးခွန်းဖြစ်သည်။ ဆွေးနွေးပွဲတွင် ချင်း နှင့် ရခိုင်ကိုယ်စားလှယ်များလည်း ပါဝင်လာပြီး ပူးတွဲဆွေးနွေးပွဲဖြစ်သွားသည်။ ၎င်း မေးခွန်းများနှင့် ပတ်သက်၍ ဆွေးနွေးပွဲ၏ တရားဝင်ထုတ်ပြန်သော မှတ်တမ်းများအားလုံး အကျဉ်းချုံး ကိုသာရေးထားပြီး မေးခွန်း (၇) နှင့်ပတ်သက်၍ ဆွေးနွေးပွဲ၏ တရားဝင်ထုတ် ပြန်သော မှတ်တမ်းမှာ ဖြစ်ပေါ်လာသောအခြေအနေအရသာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပါရှိသည်။

ယင်းပူးတွဲဆွေးနွေးပွဲတွင် မေးခွန်း (၈) ခုစလုံးကို ဗိုလ်ချုပ်အောင်ဆန်းတဦးတည်းကသာ ဒိုင်ခံဖြေကြားသည်။ ဦးဘဖေ ဝင်စွက်ပြီးပြောလိုက်သောစကားကြောင့် ရှမ်းလူငယ်အဖွဲ့ ကိုယ်စားလှယ်များ များစွာ စိတ်ထိခိုက်သွားကြသည်။ မေးခွန်း (၇) နှင့်ပတ်သက်၍ ခြွင်းချန်ထားသောနယ်မြေများမပါဘဲ ဗမာ့လွတ်လပ်ရေးရနိုင်မည်။ အခြေအနေအရ ယူတန်ယူရမှာပဲဟု ဖြေကြားခဲ့သည်။ တနည်းအားဖြင့် ဖဆပလအဖွဲ့ချုပ်မှုမှာ ခြွင်းချန်နယ်များ မပါချင်နေပါစေ။ ဗမာပြည်အတွက် သီးခြားလွတ်လပ်ရေးကို ယူတန်ယူမည်ဟု ခံယူထား ခြင်းပင်ဖြစ်သည်။

ယင်းဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှမ်းလူငယ်ကိုယ်စားလှယ်အဖွဲ့အတော်ကို မကျေမလည်ဖြစ်သဖြင့် ရှမ်းပြည်ရောက်ပြီး ဖေဖော်ဝါရီလ (၂၀) ရက်နေ့စွဲဖြင့် ဦးတင်ဧ၊ ဦးထွန်းမြင့် (တောင်ကြီး)၊ ဦးစံဖေတို့က ရှမ်းလူငယ်များကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းထံ ဝေဖန်ချက်စာတမ်းပေးပို့ခဲ့သည်။ ၎င်းစာတမ်းအချုပ်မှာ ခြွင်းချန်ထားသော နယ်မြေများသည် တောင်တန်းဒေသများဖြစ်ပြီး ဗမာပြည်ကို မြင်းခွာ သဏ္ဍာန် ဝိုင်းရံထားကာ တရုတ်၊ အိန္ဒိယနိုင်ငံကြီးများနှင့် နယ်နိမိတ်ချင်းဆက်စပ်ကြောင်း၊ ဗမာပြည်မသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး တောင်တန်းဒေသသည် တိုင်းပြည်လုံခြုံရေးအတွက် အရေးပါကြောင်း၊ အပြန်အလှန် အကျိုးပြုမည်ဖြစ်ကြောင်း ပါရှိပြီး၊ မေးခွန်း (၇) နှင့်ပတ်သက်၍ ခြွင်းချန်ထားသော နယ်မြေများမပါဘဲ ဗမာ့လွတ်လပ်ရေး ရနိုင်သည်ဟု ဖဆပလကယူဆနေသည်။ ဤသဘောထားသည် ဖဆပလမူဖြစ်သည်။ ခြွင်းချန်ထားသော နယ်မြေများအရေးကို ဖဆပလသည် ကိုယ့်အရေးဟု သဘောမထားဘဲ သူ့အရေးသဘောထားသည်ဟု ဝေဖန်လိုက်ပြီး ရှမ်းလူငယ်အဖွဲ့၏ ခံယူချက်သဘောထားဖြစ်သော တိုင်းရင်းသားလူနည်းစုမပါဘဲ စစ်မှန်ခိုင်မြဲသော ဗမာ့လွတ်လပ်ရေးကို ဘယ်နည်းနှင့်မျှမရနိုင်။ မရနိုင်သဖြင့် ဗမာလည်းနာမည်။ လူနည်းစုလည်းနာမည်။ ရှမ်းကိုသနားလို့မဟုတ် မြန်မာတမျိုးသားလုံးအရေးပင် ဖြစ်ရမည်ဟု ပါရှိသည်။

နောင်တွင် ဖဆပလအဖွဲ့ချုပ်သည် ခြွင်းချန်ထားသော တောင်တန်းသားနယ်မြေဒေသများ မပါဝင်သောလွတ်လပ်ရေးသည် အဓိပ္ပါယ်မရှိကြောင်း တွင်ကျယ်စွာ စာအုပ်စာစောင် အများအပြားတွင် ပြောဆိုသုံးနှုန်းလာသည်ကို တွေ့ရှိရပေသည်။[8]

---

8 ၁၉၄၇ ခု၊ ဇန်နဝါရီလ၊ (၁၅) နှင့် (၂၂) ရက် (အင်္ဂလန်) မြန်မာပြည်လွတ်လပ်ရေးကိစ္စ ဗြိတိသျှနန်းရင်းဝန် မစ္စတာအက်တလီနှင့် ဆွေးနွေးပွဲ၌ ဗမာပြည်ကိုယ်စားလှယ် ဗိုလ်ချုပ် အောင်ဆန်း ပြောကြားသည့် မိန့်ခွန်းများ

## [င] ရှမ်းပြည်လူငယ်များက [၂၁၊ ၁၊ ၄၆] နေ့စွဲဖြင့် ဖဆပလအဖွဲ့ချုပ်သို့ပေးစာ

... မှ/

ရှမ်းပြည်လူငယ်များ ကိုယ်စားလှယ် (ခေတ္တ) ရန်ကုန်။

... သို့/

အထွေထွေအတွင်းရေးမှူး (ဖဆပလအဖွဲ့ချုပ်)

ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၁၉၄၆ ခု၊ ဇန်နဝါရီလ (၂၁) ရက်။

ကိစ္စ ။ ။ ရှမ်းပြည်နောင်ရေး။

လေးမြတ်စွာ အစီရင်ခံပါသည်ခင်ဗျား ...

(ဖဆပလ) မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီးသို့တက်ရောက်နားထောင်ကြရန် ရှမ်းပြည်မှ ကျနော်တို့လူငယ်ကိုယ်စားလှယ်များ ဆင်းလာကြပါသည်။ သို့သော် ကျနော်တို့သည် တရားဝင်သောကိုယ်စားလှယ်အဖြစ် တက်ရောက်နိုင်ခြင်းမရှိပါ။ သာမန်ဧည့်သည်အဖြစ်နှင့်သာ တက်ရောက်နားထောင်ခွင့်ရပါသည်။ ကိုယ်စားလှယ်အဖြစ် မတက်ရောက်နိုင်ခြင်းမှာ ကျနော်တို့တွင် (ဖဆပလ) စသော အသင်းအပင်းများမရှိသောကြောင့်ဖြစ်ပါသည်။

---

တွင် _ "မြန်မာလူမျိုးတို့လိုလားချက်မှာ လွတ်လပ်ရေးပင်ဖြစ်၍ မိမိတို့စိတ်ထဲတွင် မြန်မာပြည်လွတ်လပ်ရေး တောင်းဆိုရာ၌ ကရင်၊ ရှမ်း၊ ကချင်၊ ကရင်နီစသော နယ်ခြားဒေသများအားလုံး တပြိုင်နက်လွတ်လပ်ရေးကို ဆိုလိုပါသည်။" ___ ဦးထွန်းမြင့် (၁၉၈၇)၊ အုတ်တစ်ချပ် သဲတစ်ပွင့်၊ စာ - ၃၇၅ နှင့် Burma Conversations: Conference Papers. B. C.(47) IOR: M/4/2590, General Statement by the Burma Delegation (15 January 1947), pp. 261 and 264 "မြန်မာပြည်အား ပေါင်းစည်းရန်ဟူသောမူသည် ယနေ့ ဘုရင့်အစိုးရဝါဒ အဖြစ်သည်။ ယခုအခါ ဗမာပြည်မနှင့် နယ်စပ်ဒေသများတို့တွင် တစ်ကွဲတပြားစီဖြစ်နေသည်မှာ ဘုရင့်အစိုးရ လက်ထက်ဆောင်ရွက်ချက်မဟုတ်သည့်တိုင်အောင် မြန်မာပြည်ကို အုပ်ချုပ်သွားခဲ့သော ဗြိတိသျှအရာရှိ များ၏ မူဝါဒများကြောင့် ဖြစ်ပါသည်။ ပထဝီအရ တပေါင်းတစည်းတည်း တည်ရှိနေသည့်အပြင် စီးပွားရေး အရ နယ်စပ်ဒေသများကို ဗမာပြည်နှင့် သီးခြားခွဲထုတ်၍ မရဆိုသောအကြောင်းတရား မြန်မာပြည်၏ ကာကွယ်ရေးသည် နယ်စပ်ဒေသများနှင့် အပြန်အလှန် နီးနွယ်သက်ဆိုင်မှုမပါပဲ မဖြစ်ဆိုသောအချက် စသည်တို့ ကို ထောက်ထားဆင်ခြင်ခြင်းမရှိပဲ နယ်စပ်ဒေသများကို ဘုရင့်အစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထား ရှိသည့် မြန်မာပြည်လွတ်လပ်ရေးဆိုသည်မှာ အဓိပ္ပာယ်မရှိပါ။" ___ ဦးထွန်းမြင့် (၁၉၈၇)၊ အုတ်တစ်ချပ် သဲတစ်ပွင့်၊ စာ - ၃၇၅ နှင့်Burma Conversations: Conference Papers. B. C. (47) 13 IOR: L/PO/9/17, Further Statement by the Burma Delegation pp. 321 - 322

အသင်းအပင်းအဖွဲ့အစည်းများမရှိခြင်းမှာလည်း ကျနော်တို့တွင် အသင်းအပင်း တည်ထောင်နိုင်သော လွတ်လပ်စွာ ဟောပြောခွင့်၊ ရေးသားခွင့်၊ စုရုံးစည်းဝေးခွင့်စသော ပြည်သူ့အခွင့်အရေး မရှိသောကြောင့်သာ ဖြစ်ပါသည်။ ပုဒ်မ (၁၀) နယ်ခြားဥပဒေ စသော ဖက်ဆစ်ဆန်ဆန် ပြင်းထန်သော ချုပ်ချယ်ဖိနှိပ်မှုများ တည်ရှိနေခြင်းကြောင့်ဖြစ်ပါသည်။ အစွမ်းကုန်ပြောရလျှင် စာကြည့်တိုက်ကလေးကိုပင် လွတ်လပ်စွာမတည်ထောင်နိုင်ပါ။

မနေ့ (၂၀၊ ၁၊ ၄၆) ညီလာခံတွင် အဆိုများဖတ်ပြရာ၌ (ဖယ်ထုတ်ထားသောနယ်များ ပူးပေါင်းရေး) အဆိုတရပ်ပါလာသည်ကို တွေ့ရပါသည်။ ကျနော်တို့ ဝမ်းမြောက်အားတက်ခြင်းကား အတိုင်းမသိတော့။ ဗမာ့ခေါင်းဆောင်ကြီးများ၊ ငါတို့ တိုင်းရင်းသားလူနည်းစုများကို ဂရုပြုလာပြီ။ အရေးယူလာပြီဟု ကျေနပ်ရွှင်ပြုံးကြပါသည်။

လူမျိုးရေးကိုယ်ပိုင်ပြဌာန်းခွင့်၊ ဆန္ဒအလျောက် ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ကို မူတည်ထားသည်ဟု သိရသောအခါ ၁၉၄၆ ခု၊ ဗမာမျိုးချစ်ကြီးများ ငါတို့ တိုင်းရင်းသားလူနည်းစုများအပေါ် သဘောထားကြီးပါပေသည်။ မြင့်မြတ်ပါပေသည်။ အမြင်ကျယ်ဝန်းရှည်လျားပါပေသည်ဟု အင်မတန်မှ အားရနှစ်သက် စိတ်တက်ကြွခြင်းဖြစ်ကြပါသည်။

ဤအဆိုမျိုးကို ကျနော်တို့ တိုင်းရင်းသားကိုယ်တိုင်သာ တင်သွင်းလိုက်ရလျှင် ဘယ်လောက် ကောင်းမလဲ။ ကျနော်တို့ လူနည်းစုကိုယ်တိုင် ထောက်ခံလိုက်ရလျှင် ဘယ်လောက် ကောင်းမလဲ။ ကျနော်တို့ တောင်ပေါ်သားတွေကိုယ်တိုင်သာ အတည်ပြုလိုက်ရလျှင် ဘယ်လောက်ကောင်းမလဲ။

သို့သော် ကျနော်တို့အား ပြည်သူ့အခိကအခွင့်အရေးများမရရှိကြ၍ ကိုယ်စားလှယ်များ မဟုတ်နိုင်သောကြောင့် အင်မတန်သည်းခံချုပ်တည်း အောင့်အီးနေကြရပါသည်။ အရေးကား ကျနော်တို့၏ တိုက်ရိုက်အရေးပင်ဖြစ်ပါသည်။

ဤအဆိုမျိုးတင်သွင်းခြင်း၊ ထောက်ခံခြင်းပြုရန်ကို အဆိုထားနှင့်။ ဤညီလာခံသဘင်ကို ကျနော်တို့ တက်ရောက်ကြောင်း အာဏာပိုင်များသိရှိခဲ့ပါလျှင် ကျနော်တို့အား အိမ်အပြန်တွင် အဘယ်ကို နှောက်ရှက် ချုပ်ချယ်ကြဦးမည်မသိပါ။ ထို့ကြောင့် ကျနော်တို့သည်ညီလာခံကြီးကို တိတ်တိတ်လေးတက်ရောက်၍ ငြိမ်ငြိမ်လေးနားထောင်ကြရပါသည်။

ကျနော်တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသော အဆိုပါလာ၍သာ ဤစာအားဖြင့် လူကြီးမင်းများထံတိတ်တိတ်လေးပေးပို့ ထောက်ခံရခြင်းဖြစ်ပါသည်။ လာရကျိုး နည်းနည်းနပ်သည်ဟုလည်း ယူဆပါသည်။ သို့သော် ကျနော်တို့ကား ဤမျှလောက်နှင့် မတင်းတိမ်သေးပါ။

ကျနော်တို့၏ဘဝ အောက်ကျနောက်ကျဖြစ်ရပုံကို လူကြီးမင်းများအား စုံစုံလင်လင်အစီရင်ခံလိုပါသေးသည်။ ရှမ်းပြည်၏ လွတ်လပ်တိုးတက်ကြီးပွားမှုလမ်းစကို ဘယ်လိုရှာကြံရမည်ကိုလည်း လူကြီးမင်းများထံမှ အကြံဉာဏ် အကူအညီ ရယူလိုပါသေးသည်။

ရှမ်း-ဗမာ တကယ်ရင်းနှီးပူးပေါင်းရေးအတွက် မည်ကဲ့သို့ရှေ့ဆက်ဆောင်ရွက်ကြမည်ကိုလည်း သိလိုပါသေးသည်။

ညီလာခံနှင့်ပတ်သက်၍ လူကြီးမင်းများ မအားမလပ်အောင် အလုပ်တွေဖိစီးနေကြောင်းကောင်းစွာသိရှိပါ၏။ သို့သော် ထိုမအားလပ်သည့်ကြားထဲက အချိန်အနည်းငယ် ထုတ်နှုတ်၍ တောင်ကုန်းဒေသမှ လာရောက်ကြသောကျနော်တို့အား ထောက်ထားသဖြင့် တိုင်းပြည်အတွက် ဆောင်ရွက်ချင်သော စိတ်ဓာတ်သာလျှင်ရှိ၍ ဘယ်ကစ၍ ဘာကိုဆောင်ရွက်ရမှန်းသေချာရေရာစွာမသိကြသော ကျနော်တို့အား လမ်းပြရှေ့ဆောင်ပြုကြပါမည့်အကြောင်းလေးမြတ်စွာ တောင်းပန်ပါသည်။

လေးစားလှစွာဖြင့်

၁။ တင်ဧ၊ အင်းသား၊ ညောင်ရွှေ၊ တောင်ပိုင်း။

၂။ ခွန်ထီး၊ ရှမ်း၊ ပင်လုံ၊ တောင်ပိုင်း။

၃။ ထွန်းမြင့်၊ ရှမ်း၊ ဟဲဟိုး။

၄။ သန်းဖေ၊ ရှမ်း၊ ဟိုပုန်း။

၅။ ဘတင်၊ တောင်သူ၊ ဟိုပုန်း။

၆။ အုန်းဖေ၊ ရှမ်း၊ တောင်ကြီး။

၇။ စံဖေ၊ အင်းသား၊ တောင်ကြီး။

၈။ သုတ၊ ဓနု၊ ပင်းတယ။

၉။ ဧကျော်၊ ရှမ်း၊ ကျောက်မဲ၊ မြောက်ပိုင်း။

## [စ] ရှမ်းပြည်လူငယ်များက [၂၀၊ ၂၊ ၄၆] နေ့စွဲဖြင့် [ဖဆပလ] အဖွဲ့ချုပ်သို့ပေးစာ

... မှ/

ရှမ်းလူငယ်ကိုယ်စားလှယ်များ (တောင်ကြီး)

... သို့/

အထွေထွေအတွင်းရေးမှူး (ဖဆပလ) အဖွဲ့ချုပ်

ရန်ကုန်မြို့။

၁၉၄၆ - ခုဖေဖေါ်ဝါရီလ (၂၀)နေ့စွဲ

ကိစ္စ။ ။ ၈၊ ၂၊ ၄၆ ရက်နေ့ဆွေးနွေးပွဲ ထင်မြင်ချက်။

လေးမြတ်စွာ အစီရင်ခံပါသည်ခင်ဗျား ...

(ဖဆပလ) အဖွဲ့ချုပ်ရုံး၌ ကျင်းပသော (ဖဆပလ) ၈၊ ၂၊ ၄၆ အလုပ်အမှုဆောင်များ နှင့် ကျနော်တို့ ရှမ်းလူငယ်ကိုယ်စားလှယ်များဆွေးနွေးပွဲမှ ရရှိပေါ်ပေါက်လာသော ကျနော်တို့၏ ထင်မြင်ယူဆချက်များကို လူကြီးမင်းများ သိရှိတော်မူပါရန် အစီရင်ခံလိုပါသည်။

ရှေးဦးစွာ ကျနော်တို့တင်ပြထားသော မေးခွန်းများအနက် ...

(၁) နှင့်ပတ်သက်၍ (ဖဆပလ) ကရှမ်းပြည်ရေးရာ နှစ်နာချက်၊ လိုလားချက်ကိုလည်းကောင်း သွေးစည်းရေးကိုလည်းကောင်း၊ အပြင်ကနေပြီး ဝါဒဖြန့်ပေးမည်ဆိုသဖြင့်လည်းကောင်း။

(၂) နှင့်ပတ်သက်၍ ခွဲခြင်းချန်ထားသောနယ်များကို လွတ်ပြီး ဝါဒဖြန့်ရန်၊ စည်းရုံးရန်ကြိုးစားမည်ဆိုသဖြင့်လည်းကောင်း။

(၃) နှင့်ပတ်သက်၍ တိုင်းရင်းသားလူနည်းစု၊ ဌာနတခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး၊ ထိုနိုင်ငံရေးဌာနအောက်တွင်ပေးထားရန် ကြိုးစားမည်ဆိုသဖြင့်လည်းကောင်း။

(၄) နှင့်ပတ်သက်၍ လာမည့်နှစ်ညီလာခံနှင့် တွဲလျှက်ဖြစ်စေ၊ ယခုနှစ်အတွင်းဖြစ်စေ ခွဲခြင်းချန်ထားသော နယ်မြေလူထု ညီလာခံခေါ်ယူကျင်းပပေးရန် စီစဉ်ကြိုးပမ်းမည်ဆိုသဖြင့်လည်းကောင်း။

(၈) နှင့်ပတ်သက်၍ ကျနော်တို့ တောင်ပေါ်သားများကိုယ်တိုင်က ဆိုင်ရာနယ်နှင့် စော်ဘွားတို့နှင့်ပူးပေါင်းကာ ကိုယ်ထူကိုယ်ထ အနစ်နာ အပင်ပန်း အဖမ်းအဆီး အသီးသီးဒုက္ခခံပြီး စွမ်းတမံကြိုးစားအားထုတ်ရန် ထက်မြက်စူးရှထိရောက်သော အကြံဉာဏ်သြဝါဒများကို ပေးကမ်းသဖြင့် လည်းကောင်း။

ကျနော်တို့မှာ များစွာမှပင် ဝမ်းသာအားရ စိတ်မာန်တက်ကြွကြပါသည်။ လှိုက်လှိုက် လှဲလှဲလည်း ကျေးဇူးဥပကာရ တင်ရှိကြပါသည်။ ကျနော်တို့ အစွမ်းကုန် ဉာဏ်ရှိသမျှ ကြိုးစားအားထုတ်ပါမည်ဟုလည်း လေးနက်စွာ ကတိပြုကြပါသည်။

ဤသို့ ဝမ်းသာပြီးနောက်၊ ကျေးဇူးတင်ပြီးနောက်၊ ကတိပြုပြီးနောက် အချို့အချို့သော ပုဂ္ဂိုလ်ကြီး များ၏ ပြောပုံဆိုပုံ၊ သဘောထားပုံနှင့် ပတ်သက်၍ ကျနော်တို့ မကျေနပ်ချက်များ၊ မနှစ်သက်ချက်များ၊ မလိုလားချက်များကို ထင်သလောက်၊ မြင်သလောက် တိတိလင်းလင်း အစီရင်ခံလို ပါသေးသည်။ သဘောထားကြီးကြီးထား၍ လက်ခံဖတ်ရှုလေ့လာ ဆင်ခြင် တော်မူကြရန်လည်း တောင်းပန်ပါသည်။

ဤသို့အစီရင်ခံရာ၌ ကျနော်တို့၏ ဗမာပြည်နှင့် သွေးစည်းပူးပေါင်းပြီး နယ်ချဲ့စနစ်ကို တိုက်ဖျက်လိုသော အဓိကစေတနာကို ယုံမှားသံသယ မရှိစေလိုပါ။ ဂျပန်မဝင်မီ ဂျပန် လက်ထက်က ဂျပန်ထွက်ပြီးနောက် ရှမ်းပြည်လူငယ်များက စေတနာနှင့်လုပ်ငန်းကို သိရှိသော ပုဂ္ဂိုလ်မှန်သမျှ ကျနော်တို့၏ ရည်ရွယ်ချက်ကို ယုံမှားသံသယရှိလိမ့်မည်မဟုတ်ပါ။

"ရှမ်း၊ ဗမာ တကယ့်သွေးစည်းပူးပေါင်းရေး" မှုကိုဓမ္မဓိဋ္ဌာန်ပြုလျက် ကျနော်တို့ ဝေဖန်သွား ပါရစေ။ ကျနော်၏ မေးခွန်း (၁) နှင့် (၂) ကိုဖြေဆိုရာ၌ "အပြင်အပ ဝါဒဖြန့်ပေးပါမည်" "လူ လွှတ်ရန် ကြိုးစားပါမည်" ဟုဆိုခြင်းသည် အလုပ်လျှောက်ထားသူအား သူဌေးကြီးက "အေး ... ငါကြည့်ဦးမယ်" ဆိုသည်နှင့်တူပါသည်။ ခွင်းချန်ထားသောနယ်များ၏အရေးသည် ဗမာ ပြည်၏ အတွင်းရေးမဟုတ်။ အပြင်အပအရေးကဲ့သို့ အဓိကအရေးမဟုတ်။ သာမညအရေး ကဲ့သို့ (ဖဆပလ) ကယူဆကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် ပေါ့ပေါ့ဆဆပြောပြီး ပေါ့ပေါ့ဆဆလုပ်ကြသည်နှင့်တူပါသည်။

မေးခွန်း (၇) နှင့်ပတ်သက်၍ "ခွင်းချန်ထားသောနယ်များမပါဘဲ ဗမာ့လွတ်လပ်ရေးရနိုင်သည်ဟုပင် (ဖဆပလ) ကယူဆနေပါသည်။" ဤသဘောထားသည် (ဖဆပလ) "မှု" ဖြစ်နေပါသည်။

ဤကဲ့သို့ 'ကိုယ့်အရေး' သဘောမထားဘဲ 'သူ့အရေး' ဟု သဘောထားခြင်းကြောင့် ...

(၁) ပြင်ပက ဝါဒဖြန့်ပေးမည်။ (မေးခွန်း - ၁)

(၂) လူလွှတ်ရန်ကြိုးစားပါမည်။ (မေးခွန်း - ၂)

(၃) ဗမာလူထုကြီးက လူမျိုးငယ်များအပေါ် မစော်ကားရအောင် "ကျွန်ုပ်တို့အစိုးရမဟုတ်လို့" ထိထိရောက်ရောက်အရေးမယူနိုင်ဘူး။ (မေးခွန်း - ၃) ဟု ပေါ့ပေါ့ဆဆဖြေကြခြင်း၊

အမှန်မှာ ခေါင်းဆောင်ကြီးများက တန်းတူအခွင့်အရေးပေးရမည်။ သွေးစည်းရမည်ဟု မည်ကဲ့သို့ပင် အော်ဟစ်ရေးသားနေစေကာမူ ဗမာလူထု စော်ကားဖိနှိပ်နေမည်ဆိုလျှင် အမြိုက်ကစ ပြာသဒ်မီးလောင်ဆိုသကဲ့သို့ တကယ့်စစ်မှန်သော သွေးစည်းရေးကိုရနိုင်မည်မဟုတ်ပါ။ အမြိုက်ကို သာမန်အမြိုက်ဖြင့် မထားဘဲ ပြာသဒါးကို မီးလောင်စေတတ်သည့် အမြိုက်ဟု သဘောထားပြီး၊ ခေါင်းဆောင်ကြီးများက ထိထိရောက်ရောက်လေးနက်စွာ အရေးယူသင့်ပါသည်။

(၄) တကယ်ညီလာခံကြီးတွင် အချင်းချင်းခေါင်းဆောင်များကို ဖိတ်ခေါ် ဖို့ရန် ဂရုမစိုက်ခြင်း၊ ဖိတ်၍ လာ,မလာမှာ အဖိတ်ခံရသောသူတို့၏အလုပ်၊ ဖိတ်ခေါ်ရန်မှာ (ဖဆပလ) ၏ တာဝန်ဖြစ်ပါသည်။ လူနည်းစုအရေးကို ကိုယ့်အရေးဟု သဘောမထားခဲ့ခြင်းကြောင့်သာ မဖိတ်ခေါ် ခဲ့ခြင်းဖြစ်ရာသည်။ အချိန်မရှိ၍၊ အလုပ်များနေ၍၊ မလာနိုင်ဘူးထင်၍ မဖိတ်ကြောင်းပြောလျှင် ရေရာသောအကြောင်းပြချက်မဖြစ်နိုင်ပါ။ ကျနော်တို့တတွေ လာရောက်ကြခြင်းမှာ ကိုယ့်စေတနာနှင့် ကိုယ်လာရောက်ကြခြင်းမျှ ဖြစ်ပါသည်။ ရှင်းရှင်းပြောရလျှင် အဆိုအမှတ် (၇) ကို တောင်ကြီးမှ ဦးဖေခင်သာမရောက်ခဲ့လျှင် တင်သွင်းမှ တင်သွင်းဖြစ်ပါ့မလားဟု ကျနော်တို့က ယနေ့တိုင် သံသယဖြစ်နေကြပါသည်။ (မေးခွန်း - ၄)

(၅) တိုင်းရင်းသားလူနည်းစုဌာန သီးခြားထားရန်ကိုပင် ငွေကုန်သလေး၊ လူမရှိသလေးဖြင့် ဆင်ခြေပေးနေခြင်း၊ နောက်ဆုံးမှ နိုင်ငံရေးဌာနအောက်တွင် ထားမလိုလို သောင်မတင်ရေမကျ ပြောလိုက်ခြင်းမှာ "ကိုယ့်အရေး" ဟု သဘောမထားကြောင်းထင်ရှားပါသည်။ (မေးခွန်း - ၅)

(၆) (State People's Conference) ခေါ်ပေးရန်ပင် ငွေသိပ်ကုန်သည်ဟု ညည်းတွားလိုက်သေးခြင်း မှာ ငွေမကုန်သင့်သောအရေးဟု ယူဆထားဟန်တူပါသည်။ (မေးခွန်း - ၆)။ သို့သော် ကြိုးစား၍ ကျင်းပပေးမည်ဆိုသဖြင့်သာ ကျေးဇူးတင်ပါသည်။

(၇) ရခိုင်အမျိုးသားများ၏ ကိစ္စနှင့်ပတ်သက်၍ ဂရုစိုက်သင့်သလောက် မစိုက်သည်ကို ရခိုင်ကိုယ်စားလှယ်ပြောပြချက်အရ ကြားသိရခြင်း၊ ရခိုင်ပြည် စုံစမ်းရေးသွားရန် သိပ်ကြန့်ကြာမည်။ သိပ်ပင်ပန်းမည်။ စသည်ဖြင့် အမျိုးမျိုးအကြောင်းပြနေခြင်း၊ အမှန်မှာ ရခိုင်ပြည်သည်ကျနော်တို့ကဲ့သို့ ခွဲထုတ်ထားသော နယ်မဟုတ်။ ဗမာပြည်မှာပင် ပါဝင်နေလျက် "ကိုယ့်အရေး" ဟုလိုက်လိုက်လှဲလှဲ အရေးမယူခြင်းသည် ကျနော်တို့စိတ်ကို အလွန်ထိခိုက်စေသည်။

အထက်ပါအချက်များကို ထောက်ထားလျှက် (ဖဆပလ) ကတိုင်းရင်းသားလူမျိုးငယ်များ၏ အရေးကို "ငါ့အရေး" ဟု သဘောမထားဘဲ "သူ့အရေး" ဟု သဘောထားသည်ဟု ကျနော်တို့ ဝမ်းနည်းကြေကွဲစွာ စွပ်စွဲပါသည်။ ဤသဘောထားမှာ နယ်ချဲ့သမား၏ စက္ကူဖြူစာတမ်းကို ထောက်ခံရာရောက်မရောက် လူကြီးမင်းများ စဉ်းစားတော်မူနိုင်ပါသည်။ ညီလာခံ ဆုံးဖြတ်ချက် "ပယ်ထားသောနယ်များ ပူးပေါင်းရေး" အဆိုအောက်တွင် ...

"စက္ကူဖြူစာတမ်းအရ ရှမ်းပြည်၊ ကချင်တောင်၊ ချင်းတောင်စသည့် နယ်များစွာကို ဗမာပြည်မှ ခွဲထုတ်ထားကြောင်း၊ ထိုနယ်များသည် ဗမာပြည်ကြီးနှင့်ပူးပေါင်းလိုက ထိုနယ်သူနယ်သားများ၏ ဆန္ဒအတိုင်းဖြစ်ရမည်ဟူ၍လည်း ဆိုထားကြောင်း"

ဤကဲ့သို့တောင်တန်းနယ်များကို သီးသန့် ခွဲထုတ်ထားကြောင်းကို ဤညီလာခံကြီးက ကန့်ကွက်ကြောင်းဆိုထားသော်လည်း အလုပ်အမှုဆောင်သဘောထားသည် ထိုကန့်ကွက်ချက်ကို ကန့်ကွက်နေသည်ဟုပင် ကျနော်တို့ထင်မြင်ယူဆပါတော့သည်။

ဤနေရာတွင် သင့်လျော်လျောက်ပတ်သည်ဟု ယူဆပါသဖြင့် အိန္ဒိယပြည်စော်ဘွားနယ်များ နှင့် ပတ်သက်၍ အိန္ဒိယအမျိုးသားများ ကွန်ဂရက်၏သဘောထားကို ထုတ်နုတ် ဖေါ်ပြခွင့် ပြုတော်မူ စေလိုပါသည်။

"The integrity and unity of India was an essential part of the independence we worked for, and the same full measure of political, social and economic freedom was to come to the states as to the rest of India. There could be no compromise on this and the Congress declared afresh in favour of full responsible government and the guaranty of civil liberty in the States. Further it declared to be its right and privilege to work for the attainment of those objectives in the states. There was no question of non-intervention, the congress, as representing the will of the Indian people recognize no bars which limits its freedom of activities in any matter pertaining to India and her people. It is its right and privilege and its duty to intervene any such matter whenever the interests of India demand it. Not do so would be to deny its own function and to betray the cause which it seeks to represent.

The Congress knows well that the backwardness of the states hindered our nation progress and that there can be no freedom for India unless the States cease to be what they are.

_____ Unity of India (February 1928), from the Presidential address of Pandit Jawaharlal Nehru at the All India States Peoples Conference, Ludhiana, p. 29

တိုင်းရင်းသားလူမျိုးငယ်အရေးနှင့်ပတ်သက်၍ ဂျပန်မဝင်မီခေတ်က ဗမာ့နိုင်ငံရေးကို ဂိုဏ်းဂဏတို့အနက် တို့ဗမာအစည်းအရုံးနှင့် ဖေဘီယံပါတီ ကလွဲ၍ ဘယ်သူမှ ဂရုမပြုလာခဲ့ပါ။ သို့သော် ထိုအစည်းအရုံးတို့မှာ ထိုစဉ်က တပြည်လုံးကိုသြဇာပေးနိုင်သော အစည်းအရုံး မဖြစ်ခဲ့သဖြင့်အရေးမပါခဲ့ပါ။ ထိုစဉ်က နိုင်ငံရေးသမားတို့သည် နယ်ချဲ့ဆိုသည့်အတိုင်း မတိုးချဲ့ကြချေ။ ဂျပန်ခေတ်ကလည်း ဘယ်နိုင်ငံရေးမှ ရှမ်းပြည်ကို ဂရုမစိုက်ချေ။ ပူးပေါင်းလိုက်စဉ်ကလည်း ဗမာအစိုးရ၏လုပ်ကိုင်ပုံမှာ ပို၍သွေးကွဲစေခဲ့ပါသည်။ အကျယ်ရှင်းပြရန် လိုအပ်မည်မထင်ပါ။

ယခု အင်္ဂလိပ်ပြန်ဝင်လာသောအခါ၌လည်း စက္ကူဖြူစာတမ်းကခွဲထားတယ်။ သွားမတို့နဲ့ ဆိုသည့်အတိုင်း လိုက်နာထောက်ခံသလိုဖြစ်နေပေသည်။ အပြောအဟောအားဖြင့် တိုးတက်လာသလိုရှိသော်လည်း လက်တွေ့လုပ်ငန်းအားဖြင့် ဂျပန်မဝင်မီခေတ်က ထက်မတိုးတက်သေးဟု ယူဆရပါသည်။

လူကြီးမင်းများခင်ဗျား ...

ယခုအရေးတကာ့အရေးကြီးဆုံးအချက်ကို ကျနော်တို့ညွှန်ပြပါရစေ။

(၈၊ ၂၊ ၄၆) ရက်နေ့ ဆွေးနွေးစဉ်က “ရှမ်းပြည်ဟာ (Land Locked) (ကုန်းခေါင်ခေါင်၊ ချောင်ပိတ်) ဖြစ်နေ၍ (ဗိုလ်ချုပ်) ဗမာပြည်မနှင့် မပူးပေါင်းချင်ဘူးဟု ခေါင်းမာနေလျှင် ဗမာပြည် (လွတ်လပ်ရေးတို့ မဆိုထားနှင့်) ဒိုမီနီယံလောက်ပင်ရသည့်အခါ စီးပွားရေးစီမံကိန်း လုပ်လိုက်ရင် တခါတည်းပေါင်းလာရမှာပဲဟုလည်း ပြောလိုက်ပါသည်။ ဘိလပ် စားဝိုင်းကွန်ဖရင့်တွင် စော်ဘွားတဦးအား ဦးဘဘေက “ရှမ်းပြည်ကရထားလမ်းတွေ ဖြုတ်ပစ်မယ်။ စာတိုက်တွေ၊ ကြေးနန်းတိုင်တွေ ပြန်သိမ်းပစ်မယ်။ အာလူးတွေမဝယ်ဘူး စသည်ဖြင့် (Economic Threat) လုပ်နိုင်သည့်အကြောင်း ခြောက်လှန့် လိုက်သောအခါ ၎င်းစော်ဘွားကြီးက “ဟာ ... ဒီလိုတော့မလုပ်ပါနဲ့” ဟု တောင်းပန်သည့်အကြောင်း ညွှန်ကြားပြီး ရယ်မောပြောဆိုလိုက်ပါသေးသည်။ ကျနော်တို့ရှမ်းများအဖို့ မည်မျှစိတ်ထိခိုက် သွားသည်ကို လူကြီးမင်းများစဉ်းစားမိဟန်မတူပါ။ ဤသို့စီးပွားရေးဖြင့်ခြိမ်းခြောက်၍ ပေါင်းစေလိုခြင်းထက် ဖက်ဆစ်ဆန်သောအရာ ရှိနိုင်ပါဦးမည်လား။ “ဟဲ့ - ကောင်မလေး၊ နင်ငါ့ကိုကြိုက်၊ မကြိုက်ရင် ဟောဒီဓါးကြည့်” ဟု ခြိမ်းခြောက်ပြီး မုဒိန်းကျင့်သည်နှင့် ဘာများထူးခြားသေးပါသလဲ။ သိပ်အခံရခက်လှပါသည်။

ဗမာပြည်ကို ဗမာပြည်ရှိ တိုင်းရင်းသားလူမျိုးအသီးသီးတို့ အားလုံးသဘောတူ လွတ်လပ်စွာ ဖွဲ့စည်းထားသော တိုင်းပြည်ကြီးထူထောင်ရန် ဤသို့တည်ထောင်ရန် ပါဝင်သော လူမျိုးအသီးသီးအား မိမိတို့ ကံကြမ္မာကို မိမိတို့ ဘာသာဖန်တီးနိုင်သောအခွင့်အရေးပေးထားရန် ဟု ဆိုထားသော (ဖဆပလ) ၏ ရည်ရွယ်ချက်နှင့် အလျဉ်းမကိုက်ညီတော့ပါ။

ဤသို့ကျနော်တို့ကို ဂရုမစိုက် ရယ်မောကာ စီးပွားရေးဖြင့်ခြိမ်းခြောက်လိုက်ခြင်းကို ကျနော်တို့ ဘယ်လိုသည်းခံပြီးနားထောင်ရသည်ကို ကိုယ်ချင်းစာကြည့်တော်မူပါ။ (ဖဆပလ) ၏ တကယ့်ခေါင်းဆောင်ကြီးများက ဤလိုဖက်ဆစ်ဆန်ဆန် သဘောထားနေလျှင် ဗမာ့ညီညွတ်ရေးကား ခဲယဉ်းပါသေးသည်။ ဗမာ့လွတ်လပ်ရေးကား ဝေးပါသေးသည်။

ယခု (၁၈၊ ၂၊ ၄၆) ရက်နေ့က ညောင်ရွှေစော်ဘွားက အစိုးရဝိုင်းထမင်းစားပွဲတခုမှာ အခုဗမာတွေက ကျုပ်တို့ ရှမ်းပြည်ကို (Economic Threat) လုပ်တယ်လို့ကြားတယ်။ ဒီလိုသာဆိုရင်

ကျုပ်တို့ကလည်း (Racial Threat) လုပ်ရလိမ့်မယ်။ ယိုးဒယား၊ အင်ဒိုချိုင်းနား၊ တရုတ်တို့နဲ့ကျုပ်တို့ဆက်သွယ်ရလိမ့်မယ်ဟု ပြောကြောင်းကြားသိရပါသည်။[9]

ထိုညောင်ရွှေစော်ဘွားဘယ်ကကြားသည်မသိပါ။ ထိုစော်ဘွားနှင့်လည်း ကျွန်တော်တို့ မသင့်မြတ်ပါ။ သို့သော် ရုတ်တရက်အားဖြင့် သူနှင့်ကျနော်တို့သဘောထားချင်းတိုက်ဆိုင်နေပါသည်။

အင်္ဂလိပ်တို့က ဗမာ့လွတ်လပ်ရေးစကားကိုမပြောသဖြင့် အင်္ဂလိပ်ထက်ဆိုးသော ဂျပန်ကို ဗမာတို့ပူးပေါင်းခဲ့သည် မဟုတ်ပါလော။ လူမျိုးတမျိုးတမျိုးမှာ မျိုးချစ်စိတ်ရှိကြစမြဲပင်၊ မင်းတို့ကို စီးပွားရေးနှင့် ချုပ်ချယ်နိုင်တယ်ကွဟု ခြိမ်းခြောက်လိုက်သဖြင့် ဘာပဲဖြစ်ဖြစ် ဗမာနှင့်မပေါင်းတော့ဘူးဟူသော ပိုင်းဖြတ်ချက်သည် မျိုးချစ်စိတ်ဓါတ်ကို ပိတ်ဖုံးသွားစေပါသည်။ ဗမာနှင့်ပူးပေါင်းရန် အစဉ်လိုလားသည့်ပြင်၊ အားလည်းအားထုတ်လာခဲ့သော ကျနော်တို့အဖို့ပင် ဤမျှပြင်းထန်စွာခံစားရသော နဂိုကပင် ဗမာဆိုရင်ဆေးဖော်ကြောဖက်မှ မလုပ်လိုသော သူများအဖို့ပြောစရာမရှိတော့ပြီ။ တခါမျှ မအောင်မြင်ဘူးသေးသော ကျနော်အလွန်အကျူးအထူးလိုလားသည့် ရှမ်း၊ ဗမာသွေးစည်းရေးသည် ယခုတခါလည်း (ဖဆပလ) ၏ လက်ရှိသဘောတိုင်းမျိုးဆိုလျှင် အောင်မြင်ဖွယ်ရာ လမ်းမမြင်သောကြောင့်ဝမ်းနည်းစွာ ထုတ်ဖော်ပြောဆိုရပါသည်။

9 ဦးထွန်းမြင့် (၁၉၈၇)၊ အုပ်တစ်ချပ် သဲတပွင့် ၊ စာ -၂၁၄ နှင့် Hugh Tinker (ed.)(1983), BURMA: The Struggle for Independence (1944 – 1948), Vol. 1, No. 654, Sir Henry Knight to Lord Pethick-Lawrence, Telegram, IOR: M/4/2835, Rangoon August 11, 1946, p. 945

_ ဤကဲ့သို့ ရှမ်းခေါင်းဆောင်များ အပါအဝင် တောင်တန်းသားတို့သည် စီးပွားရေး အားဖြင့် သော်လည်းကောင်း၊ လူမျိုးရေး အားဖြင့် သော်လည်းကောင်း ဗမာခေါင်းဆောင်များ ထံမှ ခြိမ်းခြောက်မှု ခံရသည့်အပေါ် တောင်တန်းသားတို့၏ ခံစားချက်ကို အင်္ဂလိပ်တို့က သိရှိမြင်တွေ့ပြီး ရှေ့အနာဂတ်ဖြစ်လာနိုင်သည့် အရာကို ခေတ္တ ဘုရင်ခံ Sir Henry Knight (၁၉၄၆ ခုနှစ် ဇွန်လ ၁၁ ရက်မှ ဩဂုတ်လ ၃၀ အထိ မြန်မာနိုင်ငံတွင် ခေတ္တ ဘုရင်ခံ တာဝန် ထမ်းဆောင်ခဲ့သူ) မှ Lord Pethick- Lawrence (အိန္ဒိယနိုင်ငံနှင့် ဗမာနိုင်ငံ ကို ဗြိတိသျှ အစိုးရက အုပ်ချုပ်ခဲ့စဉ်တွင် အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့သူ) ထံသို့ ပေးပို့သော ကြေးနန်းစာ အမှတ် IOR:M/4/2835 ထဲတွင် ဗမာတို့သည် တောင်တန်းဒေသများ၏ ခံစားချက်ကို လစ်လျူရှုလျှင် သူတို့သည် တရုတ်ဘက်သို့ ပါသွားနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။

(ဖဆပလ) သဘောထားကို ဝေဖန်ပြီးနောက် ကျနော်တို့၏ သဘောထားကို ဉာဏ်မီ သမျှ ပြောရမည်ဆို ပါလျှင် ...

(၁) တိုင်းရင်းသားလူနည်းစုတွေ မပါဝင်ဘဲ စစ်မှန်ခိုင်မြဲသော ဗမာ့လွတ်လပ်ရေးကို ဘယ်နည်းနှင့်မျှမရရှိနိုင်။ မရရှိနိုင်သဖြင့် ဗမာလည်းနစ်နာမည်။ လူနည်းစုများလည်း နစ်နာမည်။ ရှမ်းကို သနားလို့မဟုတ်။ ဗမာ့အရေးပင်ဖြစ်သည်။

(၂) တိုင်းရင်းသားလူနည်းစုတို့ အောက်ကျနောက်ကျဖြစ်ခြင်းသည် ဗမာ့လွတ်လပ်ရေး တိုးတက်ရေးကို ဖင့်နှေးလေးကန်စေသည်။ ထို့ကြောင့် တိုင်းရင်းသားလူနည်းစု တိုးတက်ခေတ်မီရေး ဗမာနှင့်တန်းတူလိုက်နိုင်ရေးအတွက် ကြိုးစားရန်လိုသည် တိုင်းရင်းသား လူနည်းစုများ၏အရေးနှင့် အလုပ်လည်းဖြစ်၊ ဗမာတို့၏အရေးနှင့် အလုပ်လည်းဖြစ်သည်။ ထို့ကြောင့် ဗမာမျိုးချစ်များက တောင်ပေါ်သို့အတင်းဝင် အတင်းတက်၍ နိုးကြားစည်းရုံးရေးအားကို ထိရောက်စွာဆောင်ရွက်သင့်သည်။ အတွင်းမှ ကျနော်တို့လည်း စွန့်စွန့်စားစားလုပ်ကြရမည်။

(၃) ထိုသို့ဗမာများက လူနည်းစုအရေးကို ဝင်စွက်ဖက်ရာ၌ ထားသင့်သည့်သဘောထားမျိုး။

(က) ဗမာအရာရှိတွေ များများခန့်ရန်မျိုးမဟုတ်ဘဲ၊ ရှမ်းပြည်ကို ရှမ်း၊ ကချင်ပြည်ကို ကချင် စသည်ဖြင့် မူထားရန်။

(ခ) (Economic Threat) မဟုတ်ဘဲ (Economic Cooperation) မျိုးဖြစ်ရမည်။ မကသေး၊ တတ်နိုင်လျှင် ဗမာဘက်က အနစ်နာခံပြီး ဆက်ဆံရမည်။ ဥပမာ ရှမ်းပြည်က ငွေမလုံလောက်ရင် ဗဟိုအစိုးရထုတ်သုံးပေးရမည်။

(ဂ) နမ္မတူ၊ မော်ချီးသတ္တုတွင်းများနှင့် ရှမ်းပြည်၏အဆီအနှစ်များကို ဗမာကပိုင်သည့် အပြောအဆိုမျိုး မပြောသင့်။ ယခု လောလောဆယ်ပင် စော်ဘွားမျိုးနွယ် ပညာတတ် လူငယ်တချို့က ဗမာတွေက ရှမ်းပြည်ကို အတင်းပေါင်းချင်မှာပေါ့။ တကယ့်အဆီအနှစ် က တို့ရှမ်းပြည်မှာသာရှိတာကို။ ဒါတွေ အင်္ဂလိပ်အစား သူတို့အုပ်ချုပ်ချင်လို့ပေါင်းဖို့ ပြောနေတာဟု ပြောဆိုစွပ်စွဲ နေကြပါသည်။

(ဃ) လူနည်းစုများကို ကာကွယ်ပေးရန်။

(င) လူနည်းစုများက ခွဲထွက်ချင်လျှင် ခွဲထွက်နိုင်ခွင့်ရှိရန်။

(စ) ခေတ်နောက်ကျနေတဲ့ လူနည်းစုမျိုးငယ်တွေကို ခေတ်မှီယဉ်ကျေးလာအောင်၊ ကြီးပွားလာအောင် ဆောင်ရွက်ရန်။

ဤကဲ့သို့ တန်းတူသော၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သဘောကိုမူတည်ပြီး ဆောင်ရွက် စွက်ဖက်မှ သာလျှင် ပူးပေါင်းရေးလုပ်ငန်း အောင်မြင်နိုင်စရာအကြောင်းရှိပါသည်။ ဤသို့မဟုတ် တို့ဗမာတွေက သာတယ်။ မင်းတို့က တို့ဗမာတွေကိုခယပြီး ပေါင်းရမည်ဆိုလျှင် ဆန့်ကျင်ဘက်အကျိုးကို သက်ရောက်စေပါလိမ့်မည်။

လာမည့်မတ်လတွင် စတုတ္တအပတ်လောက်တွင် ရှမ်းပြည်ပင်လုံမြို့၌ ကျင်းပမည်ဖြစ်သော ရှမ်းပြည်ကြီးပွားရေး၊ စီးပွားရေးဆွေးနွေးပွဲသို့ (ဖဆပလ) လူကြီးမင်းများကိုလည်း ဖိတ်မံတက ပြုကြလိမ့်မည်ဟု ကြားရပါသည်။ ထိုအခါ လူကြီးမင်းများက မူမှန်သောသဘောထားမျိုးကို ရှင်းပြနိုင်လျှင် ရှမ်း-ဗမာသွေးစည်းရေး စစ်ပွဲအောင်ပြီဟု ယူဆရပါလိမ့်မည်။ စီးပွားရေးခြိမ်းခြောက်မှုမျိုးနှင့်ဟောလျှင် စွဲလိမ့်မည်မဟုတ်ကြောင်း အတိအလင်း၊ ပညာရှိ သတိဖြစ်ခဲသည့်အတိုင်း စေတနာကောင်းကောင်းနှင့် သတိပန်ရပါသည်။ ရှမ်းထဲတွင် ကျနော်တို့ထက် ရှမ်း - ဗမာ ပူးပေါင်းရေးကို လိုလားသူမရှိကြောင်း ရဲရဲကြီးကြေညာပါသည်။

ရှမ်း - ဗမာညီညွတ်ရေးမှ ရှမ်း - ဗမာလွတ်လပ်မည်ကို တထစ်ချယုံကြည်ပါသည်။ ရှမ်း - ဗမာ ညီညွတ်နိုင်အောင် ရှမ်း - ဗမာ တန်းတူရေးကိုမူတည်မှ ရမည်ကိုလည်း ယုံကြည်ပါသည်။ (၈၊ ၂၊ ၄၆) ရက်နေ့က (ဖဆပလ) သဘောထားမှာ တန်းတူရေးကိုမရှေ့ရှုဟု ဆိုလိုပါသည်။ ထို့ကြောင့် ရှမ်း-ဗမာ စစ်မှန်သော သွေးစည်းရေးရအောင် တကြောင်းတည်းသော ရိုးသားသောရည်ရွယ်ချက်ဖြင့် ဤစာကိုပေးပို့ပါသည်။ ရှမ်းပြည် လွတ်လပ်ရေး တိုးတက်ရေးသည် ရှမ်းလူထုလက်ထဲမှာရှိကြောင်းကိုလည်း ကောင်းစွာသဘောပေါက်ပါသည်။ ဥစ္စာရှင်လို ဥစ္စာရှင်ခဲကြရမည်မှာ မှန်ပါသည်။ တိုင်းရင်းသားလူနည်းစုပြဿနာကို ဖြေရှင်းရန်မည်မျှ အရေးကြီးကြောင်းကို လူကြီးမင်းများထက်ပို၍ မည်သူမျှနားလည်ကြမည်မဟုတ်ပါ။

ထို့ကြောင့် ဤကဲ့သို့ အရေးကြီးနေသောအချိန်တွင် (ဖဆပလ) သည် တိုင်းရင်းသားလူနည်းစုများအပေါ် မှန်ကန်သော သဘောထားတရပ်နှင့်သွေးစည်း ပူးပေါင်းမှုကိုအရယူပြီး လွတ်လပ်ရေး ပန်းတိုင်သို့ ရှေ့ဆောင် ချီတက်သွားနိုင်ပါစေသတည်း။

လေးစားလှစွာဖြင့်

(ပုံ)

တင်ဧ

ထွန်းမြင့်

စံဖေ

လူငယ်များကိုယ်စား

# အခန်း (၄)
# ပင်လုံညီလာခံဖြစ်ပေါ်လာပုံအခြေခံအချက်များ

# အခန်း [၄]

# ပင်လုံညီလာခံ ဖြစ်ပေါ်လာပုံ အခြေခံအချက်များ

## (က) ရှမ်းပြည်ခေါင်းဆောင်များ လွတ်လပ်ရေးအတွက် လှုပ်ရှားလာခြင်း

ပင်လုံအစ မိုင်းပွန်ကဆိုပါလျှင် အံ့သြကြလိမ့်မည်ထင်သည်။ ဖြစ်ပုံက ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီးစ ကမ္ဘာပေါ် ရှိကိုလိုနီနိုင်ငံများက လွတ်လပ်ရေးကြိုးပမ်းနေသည့် အခါသမယ ဖြစ်သည်။ ၁၉၄၅ ခု အောက်တိုဘာလတွင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မဟာဒေဝီ အသုဘအခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ စော်ဘွားကြီးများ တက်ရောက်လာကြသည်။

ထိုစဉ် စော်ဘွားများက ကမ္ဘာ့အခြေအနေ၊ ဗမာ့အခြေအနေများကိုဆွေးနွေးကြရင်း မိမိတို့ ရှမ်းပြည်လည်း အနာဂတ်အတွက် မည်သို့ ဆောင်ရွက်ကြမည်ကို ထည့်သွင်းစဉ်းစားရန် အချိန်ရောက်နေ ပြီဖြစ်ကြောင်း သဘောပေါက်ကြသည်။

စော်ဘွားကြီးများအားလုံးက မိုင်းပွန်စော်ဘွားကြီးအား နည်းလမ်းရှာဖွေရန် တာဝန်ပေး လိုက်သည်။ မိုင်းပွန်စော်ဘွားကြီးက ၁၉၄၆ ခု၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် စော်ဘွားများ ကောင်စီ အစည်းအဝေးတရပ်ကို ကျင်းပရန် မိုင်းကိုင်မြို့သို့ဖိတ်ခေါ်လိုက်သည်။

ယင်းမိုင်းကိုင်မြို့စော်ဘွားကြီးများ အစည်းအဝေးပွဲက ဆွေးနွေးကြရာမှ လာမည့်မတ်လတွင် ကျရောက်မယ့် လဲချားနယ်၊ ပင်လုံမြို့ဘုရားပွဲတွင် "ရှမ်းပြည်နယ်လက်မှုပြပွဲ" တရပ် ကျင်းပ ရန် ဆုံးဖြတ်လိုက်သည်။ ကုန်ကျသည်များကို လဲချားစော်ဘွားကြီးက တာဝန်ယူ လိုက်သည်။

"ရှမ်းပြည်နယ် လက်မှုပြပွဲ" ဟု အမည်တပ်ထားသော်လည်း ယင်းပြပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း နှင့် ဖဆပလ ခေါင်းဆောင်များ၊ ဗမာပြည်မမှ အခြားနိုင်ငံရေးခေါင်းဆောင်များ၊ တောင်တန်း ဒေသမှ ကချင်၊ ချင်း၊ ကရင်နီခေါင်းဆောင်များကိုလည်းဖိတ်ကြားသဖြင့် နိုင်ငံရေးအသွင် လက္ခဏာ အပြည့်အဝဆောင်သည်။ ထို့ကြောင့် ယင်းညီလာခံကို ပထမ ပင်လုံညီလာခံဟု ခေါ်တွင်ကြသည်။

ပထမပင်လုံညီလာခံကို ပင်လုံမြို့တွင် ၁၉၄၆ ခု၊ မတ်လ (၁) ရက်နေ့ မှ (၁၂) ရက်နေ့ အထိ ကျင်းပသည်။ ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရခိုင်ပြည်ဘက်ခရီးလွန်သဖြင့် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်စား ဦးနု၊ ဦးဘဂျမ်း၊ မန်းဘခိုင်၊ ဦးဘအေး၊ သထုံဦးလှဖေအပြင် ဂျေ့နီဦးစောလည်း တက်ရောက်ခဲ့ကြသည်။

ညီလာခံတွင် ရှမ်းပြည်မှ ဦးထွန်းမြင့် (လင်းခေး) နှင့် ဦးတင်ဧတို့ဟောပြောကြသည်။ ဦးနုက ရှမ်း၊ ဗမာ ချစ်ကြည်ရေးသမိုင်းကိုလည်းကောင်း၊ ဂျေ့နီဦးစောက ဒိုမီနီယံအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ဦးနုက ဗိုလ်ချုပ်အောင်ဆန်းမှာ ကြိုတင်စီစဉ်ထားသော အခြားကိစ္စတခုရှိ၍ သမိုင်းဝင် ဤညီလာခံကို မတက်ရောက်နိုင်ကြောင်း၊ ဤသို့ မတက်ရောက်နိုင်သည့်အတွက် တောင်းပန်ကြောင်း၊ မတက်ရောက်နိုင်သော်လည်း အောင်မြင်မှုရပါစေဟု ဆန္ဒပြုသည်ကို ဤအစည်းအဝေးသို့တင်ပြရန် မှာကြားလိုက်ကြောင်းပြောကြားပြီး၊ ရှမ်း - ဗမာ ချစ်ကြည်ရေးသမိုင်းကို အဓိကဆွေးနွေးသွားသည်။ ထို့ပြင် ဖဆပလအဖွဲ့ချုပ် ပထမအကြိမ် ညီလာခံတွင် ရှမ်းလူငယ်(၁၀) ဦးနှင့် တွေ့ဆုံစဉ်က မပြေမလည်ရှိခဲ့ကြသည်ကို ထပ်မံတွေ့ဆုံဆွေးနွေးကြပြီး အတော်အတန် နားလည်မှုရရှိသွားကြသည်။

ဂျေ့နီဦးစောက တောင်တန်းဒေသများသည် ဗမာပြည်မနှင့် တပြိုင်တည်း လွတ်လပ်ရေးရယူကြပြီး လွတ်လပ်ရေးရပြီးပါက ခွဲထွက်လိုပါက ခွဲထွက်ခွင့်ရှိစေရမည်ဟု ဆွေးနွေးသည့်အပြင် ဒိုမီနီယံအုပ်ချုပ်ရေး အကြောင်းကိုပါ ဆွေးနွေးလာသဖြင့် ရှမ်းပြည်ခေါင်းဆောင်များက ဗမာပြည်မှာ ရောင်းမစွံတဲ့ဒိုမီနီယံကို ရှမ်းပြည် လာမရောင်းပါနဲ့ ဟုပြောလိုက်ရာ ဦးစော "လုံးဝ" အရေးနိမ့်သွားသည်။

ရှမ်းနှင့် ကချင်ခေါင်းဆောင်များသည်ဗမာပြည်နှင့် တပြိုင်တည်း လွတ်လပ်ရေး ရယူသွားမည့် နည်းလမ်းများကို သီးသန့် တွေ့ဆုံဆွေးနွေးကြသည်။

ကရင်နီပြည်နယ်ကိုယ်စားလှယ်က မိမိတို့ကရင်နီပြည်မှာ သီးခြားလွတ်လပ်ရေးရရှိပြီဖြစ်၍ လေ့လာသူအဖြစ်သာ တက်ရောက်ကြောင်း၊ အနာဂတ်ပြည်ထောင်စုဖွဲ့စည်းပုံအပေါ်မူတည်ပြီး ကရင်နီပြည်သူများ၏ဆန္ဒသဘောထားရယူသွားမည်ဟုအလွတ်သဘောဖြင့်သာ ဆွေးနွေးသွားသည်။

ပထမ ပင်လုံညီလာခံသည် အိမ်ရှင် ဖက်ဒရယ်ရှမ်းပြည်ထောင်စု စော်ဘွားကြီးများကိုယ်တိုင် စီစဉ်ဖိတ်ကြား၍ ၁၉၄၆ ခု၊ မတ်လ (၁) ရက်နေ့ မှ မတ်လ (၁၂) ရက်နေ့ အထိ ကျင်းပပြုလုပ်သည့်အတွက် ရှမ်း၊ ဗမာ၊ ကချင်၊ ချင်း စသည့် တိုင်းရင်းသားခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု ရရှိစေသည်။ နောက်နှစ်ပင်လုံတွင် ထပ်မံဆုံစည်းကြရန်ကိုလည်း သဘောထားရရှိသွားကြခြင်းသည် တစ်နှစ်အကြာတွင်ဖြစ်လာမည့် သမိုင်းဝင် ပင်လုံညီလာခံ၏ မျိုးစေ့ကို ချပေးလိုက်ခြင်းပင်ဖြစ်တော့သည်။

**၁၉၄၆ ခုနှစ်၊ ပထမ ပင်လုံညီလာခံသို့ တက်ရောက်လာခဲ့သော ကိုယ်စားလှယ်များ***



(၁) ညောင်ရွှေစော်ဘွားကြီး၊ (၂) ဦးဖေခင်၊ (၃) ဦးဘရင်၊ (၄) သိန္နီစော်ဘားကြီး၊ (၅) ဦးစော၊ (၆) တောင်ပိုင်စော်ဘွားကြီး၊ (၇) ဦးနု၊ (၈) မန်းဘခိုင်၊ (၉) မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချို၊ (၁၀) ဦးဘဂျမ်း

*[ဦးဖေခင်၊ ကိုယ်တွေ့ပင်လုံ၊ ၁၉၉၀ မှ ပုံအားပြန်လည်ကူးယူဖော်ပြသည်။]

## ပထမပင်လုံအစည်းအဝေးသို့ တက်ရောက်လာခဲ့ကြသော ကိုယ်စားလှယ်များ (၁၉၄၆ ခုနှစ်)*




ရှေ့တန်း (ဝဲမှယာ) X ၊ X ၊ X ၊ သခင်နု၊ တောင်ပိုင် စော်ဘွား စဝ်ခွန်ပန်းစိန်၊ ဒူးဝါးဇော်လွန်း၊ ဦးစော၊ ညောင်ရွှေစော်ဘွား၊ မိတ္တီလာ ဦးဘရင်၊ X ၊ X ၊ X ၊ သာမိုင်းခမ်း စော်ဘွား စဝ်ထွန်းအေး၊ ပင်မှီစော်ဘွား။
နောက်တန်း (ဝဲမှယာ) X ၊ X ၊ မန်းဘခိုင်၊ မြောက်သိန္နီ စော်ဘွား၊ ဦးဘဂျမ်း၊ X ၊ X ၊ ဦးဖေခင်၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ X ၊ X ၊ X ၊ X ၊ X ၊ X ၊ X ။

*[ပုံ - ဦးဖေခင်၊ ကိုယ်တွေ့ပင်လုံ၊ ၁၉၉၀]

## ပထမ ပင်လုံအစည်းအဝေးကျင်းပစဉ်ကာလမြင်ကွင်းတခု*



ဝဲမှယာ - (၁) ဦးဘရင်၊ (၂) ဦးစော၊ (၃) ဦးဖေခင်၊ (၄) ဦးနု

*[ပုံ - ဦးဖေခင်၊ ကိုယ်တွေ့ပင်လုံ ၁၉၉၀]

## (ခ) ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေး အရေးဆိုရန် ဗြိတိသျှနိုင်ငံသို့ သွားရောက်ခြင်း

အင်္ဂလိပ်ဘက်က ဗမာပြည်အနာဂါတ်ရေးအတွက် ဆွေးနွေးရန် ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် ဗမာကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်သို့စေလွှတ်ရန် ဖိတ်ခေါ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ "တစ်နှစ်အတွင်းလုံးဝလွတ်လပ်ရေးရရှိစေရမည်" ဟူသောကြွေးကြော်သံမှာ ဖဆပလ၏ တရားဝင်ကြွေးကြော်သံဖြစ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာပြည်အစိုးရကိုယ်စားလှယ်အဖွဲ့သည် ယင်းကြွေးကြော်သံကိုကိုင်ဆွဲလျက် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် လန်ဒန်သို့ထွက်ခွာသွားသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လန်ဒန်တွင် ဗမာပြည်နှင့်အတူ တောင်တန်းဒေသနယ်မြေများကိုပါ တပြိုင်တည်းလွတ်လပ်ရေးပေးရန် အရေးဆို တင်သွင်းလိုက်သည်။[10]

## (ဂ) ရှမ်းပြည်စော်ဘွားများ ဗြိတိသျှအစိုးရထံသို့ကြေးနန်းစာပေးပို့ခြင်း

ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာပြည်နှင့် တောင်တန်းဒေသနယ်မြေများအတွက် တပြိုင်တည်း လွတ်လပ်ရေးပေးရန် အရေးဆိုနေစဉ် ရှမ်းစော်ဘွားများကောင်စီက ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာပြည်ကိုယ်စားလှယ်အဖွဲ့သည် ဗမာပြည်ကိုသာ ကိုယ်စားပြုပြီး ရှမ်းပြည် နှင့် တောင်တန်းဒေသများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ဗြိတိသျှအစိုးရထံသို့ ကြေးနန်းစာပေးပို့သည်။[11]

ကြေးနန်းစာပါအချက်များ

၁။ ဗမာမင်းများလက်ထက်ကတည်းက ရှမ်းပြည်သည် သီးခြားနယ်အဖြစ်တည်ရှိကြောင်း။

10 Hugh Tinker (ed.)(1984), BURMA: The Struggle for Independence, Vol. 2, No. 186, Burma Conversations: Conference Papers. B.C. (47) 5, IOR: M/4/2590, GENERAL STATEMENT BY THE BURMA DELEGATION, January 15, 1947, p. 276

11 Hugh Tinker (ed.) (1984), Burma: The Struggle for Independence (1944 – 1948), Vol. 2, No. 156, Director Frontier Areas Administration to Secretary of State for Burma, Telegram, IOR: M/4/2804, Rangoon, 2 January 1947, p. 218
ဦးဖေခင်၊ ကိုယ် တွေ့ပင်လုံ၊ ၁၉၉၀၊ စာ - ၅၁။

၂။ ဗမာပြည်အား လွတ်လပ်ရေးပေးရန် ဆုံးဖြတ်ပါက ဖက်ဒရယ်ရှမ်းပြည်သည်လည်း အလားတူ အခွင့်အရေးရသင့်ကြောင်း။

၃။ ရှမ်းပြည်သည် ဗမာပြည်မနှင့်ပူးပေါင်းရန် အချိန်မကျရောက်သေးကြောင်း။

၄။ စော်ဘွားများအား အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးများတွင် စီမံခန့်ခွဲခွင့်ကို အပ်သင့်ကြောင်း။

၅။ ရှမ်းပြည်နှင့်နယ်ချင်းစပ်နေသော တိုင်းပြည်များနှင့် လွတ်လပ်စွာဆက်ဆံခွင့်ကို ပေးသင့်ကြောင်း။

၆။ ရှမ်းပြည်သည် အခြားတောင်တန်းဒေသများနည်းတူ နယ်ခြားဒေသအုပ်ချုပ်ရေး၏ ဘောင်အတွင်း၌သာ နေထိုင်လိုကြောင်း။

၇။ ဗမာပြည်နှင့် ပူးပေါင်းရမည်ဆိုပါက ရှမ်းပြည်အတွက် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရမည်ဟူသော မူဖြင့်သာ ဆွေးနွေးလိုကြောင်း။

၈။ ပြည်ထောင်စုနိုင်ငံအတွင်းမှ ခွဲထွက်လိုလျှင် ခွဲထွက်နိုင်ခွင့်ကို နောင်ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံချက်ပေးရမည်ဖြစ်ကြောင်းဟူ၍ ပါရှိသည်။

## (ဃ) ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့[ရပလ] ဗြိတိသျှအစိုးရထံသို့ကြေးနန်းစာပေးပို့ခြင်း

ရှမ်းပြည်စော်ဘွားများက ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာပြည်အစိုးရကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်အတွက်ကိုယ်စားမပြုကြောင်းဟူ၍ဗြိတိသျှအစိုးရထံသို့ ကြေးနန်းစာပေးပို့ကြောင်း ကြားသိရသည့်အခါ ရပလအဖွဲ့သည်တောင်ကြီးမြို့ဈေးနေ့တွင် ပြည်သူလူထု (၂၀၀၀) ကို စုစည်း၍ လူထု အစည်းအဝေးတရပ် ကျင်းပပြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာပြည်နှင့်တောင်တန်းဒေသ နယ်မြေများအတွက် တပြိုင်တည်း လွတ်လပ်ရေးပေးရန် လန်ဒန်တွင် အရေးဆိုကြောင်း၊ ထို့ကြောင့် ဗမာပြည်နှင့်အတူ ရှမ်းပြည်ကိုပါ လွတ်လပ်ရေးတပြိုင်တည်းချက်ချင်းပေးရန် ဗိုလ်ချုပ်အောင်ဆန်းအား တညီတညွတ်တည်း ထောက်ခံကြောင်း အဆိုတင်သွင်းပြီး ထောက်ခံအတည်ပြုကြသည်။[12]

12 ဦးဖေခင်၊ ကိုယ်တွေ့ပင်လုံ၊ ၁၉၉၀၊ စာ - ၅၃။ နှင့် ဦးထွန်းမြင့်၊ အုပ်တချုပ် သဲတပွင့် (၁၉၈၇)၊ စာ ၃၂၈ - ၃၂၉

ကြေးနန်းစာပါအချက်များ

၁။ ဗိုလ်ချုပ်အောင်ဆန်းကို ရှမ်းပြည်လူထုက ထောက်ခံကြောင်း။

၂။ ဗမာပြည်နှင့်အတူ ရှမ်းပြည်ကို လွတ်လပ်ရေးတပြိုင်တည်းချက်ချင်းပေးရန် တညီတညွတ်တည်းတောင်းဆိုကြောင်း။

၃။ ရှမ်းပြည်လူထုသည် ပဒေသရာဇ်စနစ်အောက်မှ မနေ့းအမြန် လွတ်မြောက်ရေးကို တောင်းဆိုကြောင်းဟူ ၍ပါရှိသည်။

## (c) ကြေးနန်းစာများအပေါ်သုံးသပ်ချက်

စော်ဘွားများနယ် (၃၃) နယ် ပါဝင်စုစည်းထားသော ဖက်ဒရယ်ရှမ်းပြည်ထောင်စု၏ အာဏာပိုင်များသည် ယင်းအချိန်ကာလက စော်ဘွားကြီးများပင်ဖြစ်သည်။ ရှမ်းပြည်နှင့် တောင်တန်းဒေသများသည် ဗမာပြည်အစိုးရနှင့် လုံးဝပတ်သက်ခြင်းမရှိချေ။ ထို့ကြောင့် ကြိုတင်ညှိနှိုင်းသဘောတူညီမှု မရရှိဘဲလျက် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာပြည်အစိုးရကိုယ်စားလှယ် သည်ရှမ်းပြည်ကို ကိုယ်စားမပြုနိုင်ကြောင်းဆိုသည်မှာ ရှင်းနေပေသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဗမာများသည် တောင်တန်းဒေသ အတွက် ပြောဆိုခြင်းမှာ ဗမာပြည်နှင့်တန်းတူ အဆင့်အတန်းအခွင့်အရေး ရစေ လိုသောကြောင့် ဖြစ်ကြောင်း၊ ဗမာလူမျိုးသည် ဗြိတိသျှကျွန်မဖြစ်လိုကြောင်း၊ ထို့နည်းတူ တောင်တန်း လူမျိုးများ ဗြိတိသျှကျွန်ဖြစ်သည်ကို ဗမာက မကြိုက်ကြောင်းဆိုပြီး စေတနာ သန့်သန့်ဖြင့် ဗမာပြည် မအပါအဝင် တောင်တန်းဒေသတွက် တပြိုင်တည်းလွတ်လပ်ရေးကို တောင်းဆိုခြင်း ဖြစ်ကြောင်းကို ခံယူရမည်ဖြစ်သည်။

ထို့ကြောင့် ဗမာပြည်မနှင့်ပူးပေါင်းမည်ဆိုပါက လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရရှိမည်။ ထို့ပြင် ပြည်ထောင်စု နိုင်ငံအတွင်းမှ ခွဲထွက်လိုလျှင် ခွဲထွက်နိုင်ခွင့်ကို နောင်ရေးဆွဲမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အာမခံချက်ပေးထားရမည်ဖြစ်ကြောင်း ကြေးနန်းစာတွင် ဖော်ပြခြင်းသည် ဗမာပြည်အစိုးရနှင့် ရှမ်းပြည်၊ တောင်တန်းဒေသ နယ်မြေများမှ ခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက် ရရှိရန်လိုကြောင်းကို ထုတ်ဖော် ပြခြင်းပင်ဖြစ်သည်။

သို့ရာတွင် အုပ်ချုပ်သူအဆင့်အဆင့်ဖော်ပြသော သမိုင်းစာမျက်နှာများတွင် ရှမ်းစော်ဘွား များကို ပုတ်ခတ်ရေးသားဖော်ပြခြင်းသည် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေး ကို ထိခိုက်စေကြောင်း သတိချပ်ရမည်ဖြစ်သည်။

ရပလအဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ဦးထွန်းမြင့်ကြီး (လင်းခေး)၊ ဦးတင်ဧ၊ ဦးထွန်း မြင့်လေး (တောင်ကြီး)၊ ဦးခွန်ထီး၊ ဦးအုန်းဖေ၊ ဦးရွှေအုံး၊ ဦးစံဖေ စသည့်ပုဂ္ဂိုလ်တို့သည် ယင်းကာလတွင် အာဏာပိုင် အဖွဲ့အစည်းများမဟုတ်ကြပေ။ တရားဝင်နိုင်ငံရေးပါတီ အဖွဲ့ အစည်း တခုလည်း မဆိုနိုင်။ ရှမ်းပြည်တွင် နိုင်ငံရေးပါတီအဖွဲ့အစည်း လွတ်လပ်စွာ ဖွဲ့စည်း ခွင့် မရရှိသည့် ကာလလည်းဖြစ်သည်။ ယင်းပုဂ္ဂိုလ်များသည် ပဒေသရာဇ်စနစ်ကို ဆန့်ကျင် ပြီး ဗမာပြည်နှင့် ရှမ်းပြည်တောင်တန်းဒေသနယ်များ တပြိုင်တည်း လွတ်လပ်ရေးရယူ၍ အမျိုးသား ပြည်နယ် ပေါင်းစု ပါဝင်ဖွဲ့စည်းထားသော တန်းတူသည့်ပြည်ထောင်စု နိုင်ငံတော် တည်ထောင်ရေးကို မျှော်လင့်အားကြီးစွာဖြင့် စွမ်းစွမ်းတမံ တက်တက်ကြွကြွ လှုပ်ရှားကြ သည့် လူငယ်တစ်စုပင်ဖြစ်သည်။

ဖက်ဒရယ်ရှမ်းပြည်ထောင်စုတွင် ရှမ်းစော်ဘွားများနယ် (၃၃) နယ်ပါဝင်စုစည်းထားသည်။ ထို့ကြောင့် တောင်ကြီးမြို့ဈေးနေ့တွင်လာရောက်ကြသော လူထု (၂၀၀၀) အရေအတွက်သည် ရှမ်းပြည်လူထုအား ကိုယ်စားပြုသည်ဟု မဆိုနိုင်ချေ။

ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာပြည်မနှင့်အတူ ရှမ်းပြည်တောင်တန်းဒေသနယ်မြေများပါ တပြိုင်တည်းလွတ်လပ်ရေးပေးရန် အရေးဆိုခြင်းသည်လည်းကောင်း၊ ရှမ်းစော်ဘွားများ ပေးပို့သော ကြေးနန်းစာသည်လည်းကောင်း၊ ရပလအဖွဲ့ကပေးပို့သည် ကြေးနန်းစာသည် လည်းကောင်း၊ အကျိုးသက်ရောက်မှုမည်၍ မည်မျှရှိသည်ကို ၁၉၄၇ ခု၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ချုပ်ဆိုထားသော အောင်ဆန်းအက်တလီစာချုပ်မှာ တောင်တန်းဒေသနယ်မြေ များနှင့် ပတ်သက်၍ ပုဒ်မ (၈) တွင် ဖော်ပြထားသည့်အတိုင်း သုံးသပ်နိုင်ပေသည်။

## (စ) အောင်ဆန်းအက်တလီ စာချုပ်[13]

အပိုဒ် [၈] နယ်ခြားဒေသများ[14]

နယ်ခြားဒေသများနှင့် ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံတော်ကို ထိုဒေသများတွင် နေထိုင်ကြသောသူများ၏ လွတ်လပ်သောသဘောတူချက်ဖြင့် အချိန်မနှောင်း ပေါင်းစည်းခြင်း အောင်မြင်ရန်မှာ ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာကိုယ်စားလှယ်တော်များ နှစ်ဦးနှစ်ဘက်၏ သဘောတူပြီးသော ရည်ရွယ်ချက်ဖြစ်သည်။ ဤအတောအတွင်း နယ်ခြားရှိလူများသည် နှစ်ဦးနှစ်ဘက်ရှိသောကိစ္စများနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက် လက်ခံနိုင်သော နည်းဖြင့် မြန်မာနိုင်ငံတော်အစိုးရတို့နှင့်ရင်းနှီးစွာ ပေါင်းသင်းတွဲဘက်ရာတွင် ဤသည်တို့ကို မျှော်ကိုး၍ သဘောတူညီကြသည်မှာ ...

(က) နယ်ခြားဒေသလူများနှင့် ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံတော်လူများသည် အတားအဆီးမရှိဘဲ လွတ်လပ်စွာ ကူးလူးဆက်ဆံခြင်းရှိစေရမည်။

(ခ)၁။ နယ်ခြားကိစ္စများပေါ်တွင် ဘုရင်ခံမင်းကြီးကို အကြံဉာဏ်များပေးရန်နှင့် အမှုဆောင်ကောင်စီနှင့်ရင်းနှီးစွာဆက်ဆံရန်၊ နယ်ခြားကိုယ်စားလှယ်ခန့်ထားခြင်းဖြင့်လည်းကောင်း (သို့)

၂။ နယ်ခြားကိစ္စများကိုအုပ်ချုပ်သော အမှုဆောင်ဝန်ကြီးအဖြစ်ဖြင့် နယ်ခြားဒေသကိုယ်စားလှယ်တဦးခန့်ထားခြင်းဖြင့်လည်းကောင်း (သို့)

၃။ အခြားနည်းဖြင့်လည်းကောင်း၊ ခေတ်ပြောင်းခေတ်လွဲကာလအတွင်း လက်ခံနိုင်မည်ဟု မိမိတို့ထင်မြင်သော မြန်မာနိုင်ငံတော်အစိုးရနှင့် ပူးတွဲပေါင်းဘက်ပုံနှင့်ပတ်သက်၍ မိမိတို့ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် နောက်လဆန်းတွင် ကျင်းပမည်ဖြစ်သော ဝန်ကြီးကွန်ဖရင့်တွင်လည်းကောင်း (သို့) ဤကိစ္စအတွက် ကျင်းပသောကွန်ဖရင့်တွင် လည်းကောင်း၊ နယ်ခြားဒေသရှိလူများ၏ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မေးမြန်းရမည်။

---

13 အောင်ဆန်း- အက်တလီစာချုပ် အင်္ဂလိပ်မူရင်း နောက်ဆက်တွဲတွင်ဖော်ပြထားသည်။

14 Hugh Tinker (ed.) (1984), BURMA: The Struggle for Independence, (19 44 – 1948), Vol. 2, No. 258, Conclusions reached in the Conversations between His Majesty's Government and the Delegation from the Executive Council of the Governor of Burma, January 1947. Cmd. 7029, DOWNING STREET, 27 January 1947, p. 381

(ဂ) ပင်လုံအစည်းအဝေး (သို့) အထူးကွန်ဖရင့်အစည်းအဝေး ပြီးဆုံးသည့်အခါတွင် ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရတို့သည် နယ်ခြားလူမျိုး ထုတ်ဖော်ပြောဆိုသော ထင်မြင်ချက်များနှင့် လိုက်လျောညီစွာ အများသဘောတူ လိုလားချက်များကို ဖြည့်စွမ်းရန် အကောင်းဆုံးနည်းစနစ်ကို သဘောတူညီချက်ယူရလိမ့်မည်ဖြစ်ကြောင်း။

(ဃ) မြန်မာနိုင်ငံတော်အုပ်ချုပ်ရေး ဥပဒေသစ်အတိုင်းဆောင်ရွက်ရာ၌ နယ်ခြားသားများ ပေါင်းစည်းဆက်ဆံနိုင်ရန် အကောင်းဆုံးသောနည်းစနစ်ရှာဖွေရန်အတွက် စုံစမ်းရေး ကော်မတီတခုကို ချက်ချင်းတည်ထောင်ရန် ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံတော် ရပ်ကွက်ဒေသမှ အမှုဆောင်ကောင်စီအဖွဲ့က တင်မြှောက်သော အဖွဲ့ဝင်များနှင့် နယ်ခြား ဒေသခေါင်းဆောင်များ တိုင်ပင်နှီးနှောလျက် တင်မြှောက်သော အဖွဲ့ဝင်များ ထိုကော်မတီ တွင် ဦးရေအညီအမျှ ပါဝင်လိမ့်မည်အပြင် သဘောတူရွေးချယ်သော မြန်မာနိုင်ငံတော် အပြင်အပမှ ကြားနေပုဂ္ဂိုလ်တဦးကို ဥက္ကဋ္ဌ ခန့်ထားမည်ဖြစ်ကြောင်း ဤကော်မတီက တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးမစမီ အစီရင်ခံစာတင်သွင်းရန် တောင်းဆိုမည်။

ရှမ်းစော်ဘွားများကောင်စီက ဗိုလ်ချုပ်အောင်ဆန်းသို့ပေးပို့သော ကြေးနန်းပါစာသည် အလွန် အရေးပါကြောင်းကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့ ရှမ်း - ကချင် ကိုယ်စားလှယ် များ သဘောတူညီချက် နံပါတ် (၄) တွင် ဗမာပြည်အစိုးရနှင့် ဗြိတိသျှအစိုးရ (အောင်ဆန်း - အက်တလီစာချုပ်) သဘောတူညီချက်များသည် ရှမ်း၊ ကချင်တို့နှင့်ပတ်သက်ခြင်းမရှိစေ ရဟူ၍ ပါရှိသည်ကို သတိပြုရမည်ဖြစ်သည်။[15]

15 Hugh Tinker (ed) (1984), BURMA: The Struggle for Independece (1944 – 1948), Vol. 2, No. 279, Sir Hubert Rance to Lord Pethick-Lawrence, Telegram, IOR: M/4/2811, Rangoon, 11 February 1947, p. 403, footnote 1
ဦးထွန်းမြင့် အုပ်တချုပ်သဲတပွင့်၊ စာ-၃၇၁။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့ ပင်လုံမြို့၊ ရှမ်း-ကချင် ကိုယ်စားလှယ်များ သဘောတူညီချက် နံပါတ် (၄) "မြန်မာပြည်အစိုးရကိုယ်စားလှယ် နှင့် ဗြိတိသျှအစိုးရတို့ သဘောတူသော အကြောင်းအရာကိစ္စများသည် ရှမ်း၊ ကချင်များအား မပတ်သက်စေရ။"

ဗြိတိသျှအင်ပါယာနှင့် မြန်မာပြည်လွတ်လပ်ရေးကိစ္စ ညှိနှိုင်းဆွေးနွေးဖို့ သွားရောက်
စဉ် အမှတ် ၁၀၊ ဒေါင်းနင်းလမ်း၌ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့က ရိုက်ကူးခဲ့ခြင်း
ဖြစ်သည်။ ________ ပုံ . အမေ့ခံအတိတ်[16]



16 အမေ့ခံအတိတ် | ခေတ်ကာလများပြပုံ )lostfootsteps.org) https://www.lostfootsteps.org/my/history/photograph-of-31-year-old-general-aung-san

# အခန်း (၅)

# ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်

# အခန်း [၅]

# ဒုတိယပင်လုံညီလာခံနှင့် ပင်လုံစာချုပ်

## (က) ပင်လုံအလာ ကွတ်ခိုင်တွင် ကချင်ကိုယ်စားလှယ်များအစည်းအဝေးပြုလုပ်ခြင်း[17]

ကချင်ကိုယ်စားလှယ်များက ပင်လုံညီလာခံသို့တက်ရောက်ရန်လာကြစဉ် ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကွတ်ခိုင်နယ်နမ့်ဖတ်ကာရွာတွင် ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အောက်ပါလိုလားချက်များကို တညီတညွတ်တည်း ချမှတ်ခဲ့ပါသည်။

(၁) ကချင်အမျိုးသားများဟာ ဗမာအမျိုးသားတွေနှင့် တပြိုင်တည်းလွတ်လပ်ရေးရရန်။

(၂) ကချင်အမျိုးသားများရဲ့ဆန္ဒနဲ့အညီ ကချင်သီးခြားလွတ်လပ်တဲ့ နိုင်ငံထူထောင်ရန်အတွက် ကချင်အမျိုးသားပြည်နယ် ဖွဲ့စည်းရန်။

(၃) လွတ်လပ်တဲ့ ကချင်သီးခြားနိုင်ငံထဲမှာ ဗန်းမော်နဲ့မြစ်ကြီးနားခရိုင်များ၊ ကချင်တောင်တန်းဒေသများနဲ့ကသာမြို့ရဲ့မြောက်ဘက် မြေပြန့်ဒေသများပါဝင်စေရန်။

(၄) ဗမာအမျိုးသားများနဲ့ကချင်မျိုးသားများ၊ နှစ်ဦးနှစ်ဘက်လက်ခံနိုင်တဲ့နယ်နိမိတ် ချက်ချင်းသတ်မှတ်ရန်။

(၅) နယ်နိမိတ်သတ်မှတ်ပြီးပြီးခြင်း မြန်မာဘုရင်ခံလက်တွင်ရှိတဲ့ အခွင့်အာဏာများ၊ ကချင်အမျိုးသားများ လက်သို့ပေးအပ်ရန်နဲ့ မြန်မာပြည်ကြားဖြတ်အစိုးရအဖွဲ့မှာ ကချင်အမျိုးသားဝန်ကြီး တဦးခန့်အပ်ရန်။

17 The Secretary of State for Burma to Parliament (June, 1947), REPORT OF THE FRONTIER AREAS COMMITTEE OF ENQUIRY, 1947, pp. 173 - 174

(က) ယင်းကချင်ဝန်ကြီးသည် သီးခြားကချင်ပြည်နယ်တွင် ပြည်ထဲရေးဝန်ကြီးတာဝန် ထမ်းရွက်ရန်။

(ခ) ကချင်ဝန်ကြီးမှာ နိုင်ငံခြားရေးနဲ့ဘဏ္ဍာရေးကိစ္စများတွင် ပါဝင်နိုင်ရန်။

(ဂ) ကာကွယ်ရေးဝန်ကြီးကို အကြံပေးရန်အတွက် ကချင်အမျိုးသားတဦးခန့်ထားပေးရန်။

(၆) ကချင်သီးခြားပြည်နယ်သည် ရှမ်းသီးခြားပြည်နယ်နဲ့အတူ မြန်မာတနိုင်ငံလုံးစောလျင်စွာ လွတ်လပ်ရေးရရှိရန်အတွက် တိုင်းပြုပြည်ပြုလွှတ်တော်မှာ ချက်ချင်းပါဝင်ကြရန်။

(၇) အထက်မှာ ဖော်ပြတဲ့အတိုင်း မြန်မာအမျိုးသားအားလုံး လွတ်လပ်ရေးရသည့်အခါ သီးခြားလွတ်လပ်သည့်ကချင်နိုင်ငံအပါအဝင် လွတ်လပ်သည့်မြန်မာပြည်ထောင်စု အစိုးရဖွဲ့စည်းရန်။

ခြွင်းချက်။

(က) သီးခြား ကချင်နိုင်ငံက ပြည်ထောင်စုအတွင်း ပါဝင်မည် မပါဝင်ဘူးဆိုသည့်ကိစ္စကို သီးခြားကချင်နိုင်ငံရဲ့ပြည်သူလူထုကသာ ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုဖွဲ့စည်းပြီးသည့်နောက်တွင် ကချင်အမျိုးသားများသည် လွတ်လပ်စွာခွဲထွက်ခွင့်ရှိရမည်။

(ဂ) မြန်မာနိုင်ငံဗဟိုအစိုးရက ကချင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ပေးရမည်။

(၈) အထက်ပါတညီတညွတ်တည်း ဆုံးဖြတ်ချက်များကို နယ်ခြားဒေသလူမျိုးများအားလုံး၏ သဘောတူညီမှုကို ရယူရန်။

လက်မှတ်ရေးထိုးကြသူများ ...

(၁) ဆမားဒူးဝါးဆင်ဝါးနောင် (မြစ်ကြီးနား)

(၂) ထိန်နန်ဂွမ်ဂျာ (မြစ်ကြီးနား)

(၃) ဇော်နော် (မြစ်ကြီးနား)

(၄) ဇော်ရစ် (မြစ်ကြီးနား)

(၅) ကရင်နော် (မြစ်ကြီးနား)

(၆) ဒိန်ရတန် (မြစ်ကြီးနား)

(၇) ချန်ဇွန် (မြစ်ကြီးနား)

(၈) တောင်ဦး (မြစ်ကြီးနား)

(၉) ဇော်လ (ဗန်းမော်)

(၁၀) ဒူးဝါးဇော်လွန်း (ဗန်းမော်)

(၁၁) မရန်းလ (ဗန်းမော်)

(၁၂) လဘန်ဂရောင်း (ဗန်းမော်)

## (ခ) ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မွန်းလွဲ ၂ နာရီအချိန်တွင် ပင်လုံမြို့၌ ကျင်း သော ရှမ်းနှင့် ကချင်ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်[18]

အနာဂတ်ပြည်ထောင်စုမဖွဲ့စည်းမီ ကြားဖြတ်ကာလအတွက် ဗမာပြည်မနှင့် ဘယ်ပုံဘယ်နည်း ပူးပေါင်းဆက်သွယ်မည်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ပင်လုံတွင်ကျင်းပသော ရှမ်းစော်ဘွားကိုယ်စားလှယ်များ၊ ရှမ်းလူထုကိုယ်စားလှယ်များ၊ ကချင်ခေါင်းဆောင်များပါဝင်သော အစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ကြသည်။

၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၃ရက်နေ့မှ ၁၃ ရက်နေ့ထိကျင်းပသော ဒုတိယပင်လုံညီလာခံတွင် နယ်စပ်ဒေသခေါင်းဆောင်များသည် အနာဂတ်ပြည်ထောင်စုဖွဲ့စည်းရေးနှင့်ပတ်သက်၍ တိုင်းပြုပြည်ပြုလွှတ်တော်သို့တက်ရောက်ရန် တညီတညွတ်တည်း သဘောတူကြသည်။

ရှမ်းနှင့် ကချင်ကော်မတီအစည်းအဝေးက ဗမာပြည်မနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရှမ်းနှင့် ကချင်တို့သည် လွတ်လပ်ရေးကို ပိုမိုလျင်မြန်စွာရရှိမည်ဟု ယုံကြည်သည့်အလျောက် အကူးအပြောင်းကာလတွင် ဗမာပြည်အစိုးရအမှုဆောင်ကောင်စီတွင် ပါဝင်ဆောင်ရွက်ရန် မိမိတို့လူမျိုးအသီးသီး ကိုယ်စားလှယ်များကို အောက်ပါအချက်အလက်များအရ ပို့လွှတ်မည်။

၁။ ဗမာတို့နှင့် အဆင့်အတန်းတူ၊ အခွင့်အရေးတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျ ခံစားခွင့် ရှိရမည်။

၂။ အမှုဆောင်ကောင်စီတွင်ပါဝင်ဆောင်ရွက်ကြသောရှမ်းကိုယ်စားလှယ်နှင့်ကချင်ကိုယ်စား လှယ်တို့သည် မိမိတို့လူမျိုးအသီးသီး၏ ပြည်တွင်းရေးရာအားလုံးအတွက်တာဝန်ယူ ဆောင်ရွက် ကြရမည်။ ထို့အပြင် ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ မီးရထား၊ အကောက်တော် အစရှိသော အားလုံးနှင့် သက်ဆိုင်သည့် ကိစ္စများအတွက် အားလုံးစုစုပေါင်း တာဝန်ယူဆောင်ရွက်ကြ ရမည်။

၃။ ကချင်တို့က သီးခြားကချင်ပြည်နယ်အလိုရှိကြောင်း တောင်းဆိုချက်ကို ဤကော်မတီ က ထောက်ခံသည်။

---

18 တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ (၁၉၉၀)၊ စာ ၂၅ - ၂၅၄၊ ကိုးကား - Decision arrived at by the Shan-Kachin Committee at its meeting at Pang long on 6 February 1947 at 2:30 p.m. တပ်မတော်မော်ကွန်းတိုက်၊ ဒီအာ ၅၉၆၆။

၄။ ဗမာပြည်အစိုးရနှင့်ဗြိတိသျှအစိုးရတို့၏ (အောင်ဆန်းအက်တလီစာချုပ်) သဘောတူညီချက်များသည် ရှမ်း၊ ကချင်တို့နှင့် ပတ်သက်ခြင်းမရှိစေရ။

၅။ လွတ်လပ်ရေးရပြီးသည့်နောက် မြန်မာ "ပြည်ထောင်စု" မှ ကျွန်ုပ်တို့သဘောကျသည့်အချိန်တွင် ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိစေမည်။

| ရှမ်းကော်မတီ | ကချင်ကော်မတီ |
|---|---|
| (ပုံ) ခွန်ပန်းစိန် (တောင်ပိုင်စဝ်ဖလုံ) | (ပုံ) ဒူးဝါးဆင်ဝါနောင် (မြစ်ကြီးနား) |
| (ပုံ) စဝ်ရွှေသိုက် (ညောင်ရွှေစဝ်ဖလုံ) | (ပုံ) ဒူးဝါးဇော်ရစ် (မြစ်ကြီးနား) |
| (ပုံ) စဝ်ဟုမ်ဖ (မြောက်သိန္နီစဝ်ဖလုံ) | (ပုံ) ဒူးဝါးဒိန်ရတန် (မြစ်ကြီးနား) |
| (ပုံ) စဝ်နွံ (လဲချားစဝ်ဖလုံ) | (ပုံ) ဒူးဝါးဇော်လ (ဗန်းမော်) |
| (ပုံ) စဝ်စံထွန်း (မိုင်းပွန်စဝ်ဖလုံ) | (ပုံ) ဒူးဝါးဇော်လွန်း (ဗန်းမော်) |
| (ပုံ) စဝ်ထွန်းဧ (သာမခန်းစဝ်ဖလုံ) | (ပုံ) ဒူးဝါးလဗန်းဂရောင်း (ဗန်းမော်) |
| (ပုံ) ဦးဖြူ (သထုံစဝ်ဖလုံကိုယ်စားလှယ်) | |
| (ပုံ) ခွန်ဖုံး | |
| (ပုံ) ဦးတင်ဧ | |
| (ပုံ) ဦးထွန်းမြင့် | |
| (ပုံ) ဦးကြာပု | |
| (ပုံ) ခွန်စော | |
| (ပုံ) စဝ်ယိပ်ဖ | |
| (ပုံ) ခွန်ထီး | |

ထိုဆုံးဖြတ်ချက်ကို နောက်တနေ့ (၇၊၂၊၄၇) တွင်ထပ်မံရောက်ရှိလာသော ချင်းကိုယ်စားလှယ်များပါဝင်သည့် နယ်စပ်ဒေသကိုယ်စားလှယ်စုံညီအစည်းအဝေးမှ အောက်ပါအတိုင်း ထပ်မံအတည်ပြုသည်။

## (ဂ) ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့နံနက် [၉] နာရီအချိန်တွင် ပင်လုံမြို့၌ ကျင်းပသော ချင်း၊ ကချင်၊ ရှမ်း ပူးတွဲကော်မီတီ၏ ဆုံးဖြတ်ချက်[19]

ချင်းကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၆ ရက်ညတွင် ရောက်ရှိလာရာ ၎င်းတို့အား ညီလာခံက လှိုက်လှဲစွာကြိုဆိုကြလေသည်။ ထိုချင်းကိုယ်စားလှယ်အဖွဲ့တွင် ...

(၁) ဦးလှဲမှုန်း (အေတီအမ်)၊ (အိုင်ဒီအက်စ်အမ်)၊ (ဘီအီးအမ်)၊ (ဖလမ်း၊ ချင်းတောင်တန်း)

(၂) ဦးသောင်ဇာခပ်၊ (အေတီအမ်)၊ (တစ်ဒင်၊ ချင်းတောင်တန်း)

(၃) ဦးကွယ်မန်း၊ (အေတီအမ်)၊ (ဟားခါ၊ ချင်းတောင်တန်း) တို့ပါဝင်ကြပါသည်။

(၁) ယမန်နေ့မွန်းလွဲ ၂ နာရီခွဲအချိန်တွင်ကျင်းပသည့် ရှမ်းနှင့် ကချင်ကိုယ်စားလှယ်အဖွဲ့ တို့၏ ဆုံးဖြတ်ချက်တို့ကို ဖတ်ကြားရှင်းလင်းပြရာ၊ ချင်းကိုယ်စားလှယ်အဖွဲ့က အောက်ပါ အချက်များကိုဖြည့်စွက်၍ထောက်ခံကြသဖြင့် အားလုံးသဘောတူ လက်ခံကြလေသည်။

(က) ဗဟိုအခွန်တော်ငွေ နှင့်စပ်လျဉ်း၍ ရှမ်းတို့ခံစားရသော အခွင့်အရေးနှင့် ရပိုင်ခွင့် အားလုံးတို့အတိုင်း ချင်းနှင့်ကချင်တို့ကလည်း လူဦးရေအလိုက်ခံစားခွင့် ရှိစေရမည်။

(ခ) ချင်းတို့ဒေသတွင် ဘဏ္ဍာရေးမလုံလောက်ရှိခဲ့သော် မြန်မာပြည်အခွန်တော်ဆက်ငွေများမှ ဖြည့်တင်းသုံးစွဲရမည်။

(ဂ) ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များပါဝင်သော တောင်တန်းဒေသများစည်းလုံး ညီညွတ်ရေး အဖွဲ့ဦးစီးအမှုဆောင်ကောင်စီတရပ်ကို ဖွဲ့စည်းတည်ထောင်ရမည်။ ၎င်း အမှုဆောင်ကောင်စီ၌ တောင်တန်းသားများနှင့် မြန်မာပြည်အစိုးရတို့အကြားတွင်

19 Hugh Tinker (ed.)(1984), BURMA: The Struggle for Independence (1944 – 1948), Vol. 2, No. 279, p. 403, footnote 1.

ပေါ်ပေါက်သမျှသော ပေါ်လစီဆိုင်ရာ ကိစ္စရပ်အားလုံးနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သော အာဏာအပြည့်အစုံရှိရမည်။

## ရှမ်းကော်မတီ

(ပုံ) ခွန်ပန်းစိန် (တောင်ပိုင်စဝ်ဖလုံ)

(ပုံ) စဝ်ရွှေသိုက် (ညောင်ရွှေစဝ်ဖလုံ)

(ပုံ) စဝ်ဟုမ်ဖ (မြောက်သီန္နီစဝ်ဖလုံ)

(ပုံ) စဝ်နွံ (လဲချားစဝ်ဖလုံ)

(ပုံ) စဝ်စံထွန်း (မိုင်းပွန်စဝ်ဖလုံ)

(ပုံ) စဝ်ထွန်းဧ (သာမခန်းစဝ်ဖလုံ)

(ပုံ) ဦးဖြူ (သထုံစဝ်ဖလုံကိုယ်စားလှယ်)

(ပုံ) ခွန်ဖုံး

(ပုံ) ဦးတင်ဧ

(ပုံ) ဦးထွန်းမြင့်

(ပုံ) ဦးကြာပု

(ပုံ) ခွန်စော

(ပုံ) စဝ်ယိပ်ဖ

(ပုံ) ခွန်ထီး

## ကချင်ကော်မတီ

(ပုံ) ဒူးဝါးဆင်ဝါနောင် (မြစ်ကြီးနား)

(ပုံ) ဒူးဝါးဇော်ရစ် (မြစ်ကြီးနား)

(ပုံ) ဒူးဝါးဒင်ရာတန် (မြစ်ကြီးနား)

(ပုံ) ဒူးဝါးဇော်လ (ဗန်းမော်)

(ပုံ) ဒူးဝါးဇော်လွန်း (ဗန်းမော်)

(ပုံ) ဒူးဝါးလဗန်းဂရောင်း(ဗန်းမော်)

## ချင်းကော်မတီ

(ပုံ) ဦးလှာမှုန်း (အေတီအမ်၊ အိုင်ဒီ၊ အက်စ်အမ်၊ ဘီအီးအမ်)၊ ဖလမ်း။

(ပုံ) ဦးသောင်ဇာခပ်၊ (အေတီအမ်) တစ်ဒင်။

(ပုံ) ဦးကွယ်မန်း(အေတီအမ်) ဟားခါး။

အထက်ပါ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့နှင့် ၇ ရက်နေ့များတွင် ဆုံးဖြတ်ပြဋ္ဌာန်းသည့် အတိုင်း ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဗမာ့ခေါင်းဆောင်များနှင့်ဆွေးနွေးညှိနှိုင်းရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဆပ်ကော်မတီသို့ တာဝန်လွှဲအပ်လိုက်သည်။

(၁) ဦးကြာပု (ရှမ်း)

(၂) မိုင်းပွန်စော်ဘွားကြီး (ရှမ်း)

(၃) ဆမားဒူးဝါးဆင်ဝါးနောင် (ကချင်)

(၄) ဒူးဝါးဇော်လွန်း (ကချင်)

(၅) ဦးလွှာမှုန်း (ချင်း)

(၆) ဦးသောင်ဇာခပ် (ချင်း)

ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသည် တောင်တန်းဒေသများ ဗမာပြည်မနှင့် တပြိုင်တည်း လွတ်လပ်ရေးရယူရန် မိမိတို့သဘောတူညီချက်များကို ၁၉၄၇၊ ဖေဖေါ်ဝါရီလ (၇) ရက်နေ့တွင် အပြီးပြင်ဆင်ထားပြီးဖြစ်၍ ရှမ်း၊ ကချင်၊ ချင်း ခေါင်းဆောင်များ သဘောတူညီချက်သည် သမိုင်းဝင် ပင်လုံစာချုပ်ကြီး၏ ရှေ့ပြေး အခြေခံမူ (၅) ချက်ပင်ဖြစ်သည်။ ပင်လုံစာချုပ်၏ ပဋိညာဉ် အခြေခံချက်များလည်း ဖြစ်ပေသည်။

အထက်ဖော်ပြထားသော ဆုံးဖြတ်ချက်များသည် သမိုင်းမော်ကွန်းဝင် ပင်လုံစာချုပ်ကြီး၏ ရှေ့ပြေးများပင်ဖြစ်သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၈ ရက်နေ့တွင် ပင်လုံသို့ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာခေါင်းဆောင်များနှင့်အတူ ဗြိတိသျှအစိုးရကိုယ်စားလှယ် မစ္စတာဘော်တွမ်လီတို့ ရောက်ရှိလာရာ ဗမာပြည်မနှင့် နယ်စပ်ဒေသ ပူးပေါင်းရေးပြဿနာမှာ အထူးအလည် ဆွေးနွေးစရာမလိုတော့ဘဲ ပြီးစီးသလောက်ပင်ဖြစ်ပေသည်။ နယ်စပ်ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်များကို အချောကိုင်လိုက်ခြင်းဖြင့် ပင်လုံစာချုပ်ကြီး ပေါက်ပွားလာလေသည်။

## (ဃ) ဗိုလ်ချုပ်အောင်ဆန်း ပင်လုံသို့ရောက်ရှိလာခြင်းနှင့် အကြိုဆွေးနွေးကြခြင်း

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာပြည်အစိုးရကိုယ်စားလှယ်များနှင့်အတူဗြိတိသျှကိုယ်စားလှယ် မစ္စတာဘော်တွမ်လီတို့ပင်လုံသို့ရောက်ရှိလာကြသည်။[20]

ထို့ကြောင့်ပင်လုံညီလာခံကြီး ဆက်လက်ကျင်းပနိုင်ရန်အတွက် ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များ သဘောတူဆုံးဖြတ်ချက် (၅) ချက်နှင့်ပတ်သက်၍ ပဏာမညှိနှိုင်းကြရာတွင် ဗိုလ်ချုပ်အောင်ဆန်းက ဆုံးဖြတ်ချက် အပိုဒ် (၁၊ ၂၊ ၄) နှင့်ပတ်သက်၍ ဆွေးနွေးစရာမရှိကြောင်း၊ ဆုံးဖြတ်ချက် အပိုဒ် (၅) ခွဲထွက်ခွင့်နှင့်ပတ်သက်၍ ဤညီလာခံက ဆုံးဖြတ်နိုင်မည်မဟုတ်ကြောင်း တိုင်းပြုပြည်ပြုတွင် တင်သွင်း၍ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ကြောင်း သဘောထားပေးရာ အားလုံးက အထူးဆွေးနွေးစရာမရှိပါ။

သို့သော် ဆုံးဖြတ်ချက်အပိုဒ် (၃) နှင့်ပတ်သက်၍ ကချင်ပြည်နယ်ကို Part One နယ်မြေဖြစ်သော ကချင်ဒူးဝါးကြီးနယ်မြေများနှင့် Part Two နယ်မြေများပေါင်းပြီး တည်ထောင်ပေးရေး ဆိုသည့်အချက်ကို ကချင်ခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းအား ချက်ချင်းသဘောတူလက်ခံစေလိုသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် Part Two နယ်မြေများနှင့်ပတ်သက်၍ ဗမာပြည်မနယ်မြေမဟုတ်သည့်အတွက် မိမိတဦးတည်း သဘောဖြင့်အဆုံးအဖြတ်ပေးနိုင်မည်မဟုတ်ကြောင်း အမှန်အတိုင်းရှင်းပြသည်ကို ကချင်ကိုယ်စားလှယ်များက ဗိုလ်ချုပ်အပေါ် အယုံအကြည်လွန်ပြီး ဗိုလ်ချုပ်ဆုံးဖြတ်ပါက ပြီးပြတ်နိုင်မည်ဟု အတင်းဖိအားပေးသဖြင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြရာတွင် အခက်အခဲများစွာ ကြုံတွေ့ရသည်။

သို့သော် ပင်လုံစာချုပ်သမိုင်းရေးသားထားသော အချို့စာရေးဆရာများသည် ခွဲထွက်ခွင့်ပြဿနာရပ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်ပြန်သွားရန် လေယာဉ်ပျံ မှာခိုင်းလိုက်သည်အထိ ပြဿနာဖြစ်သည်ဟု မဟုတ်မမှန် ရေးသားဖော်ပြထားကြောင်းတွေ့ရှိရသည်။ ကျနော် စာရေးပြုစုသူကိုယ်တိုင် ရှမ်းပြည်ခေါင်းဆောင်များဖြစ်ကြသော ဦးတင်ဧ၊ ဦးခွန်ထီး၊ ဦးထွန်းမြင့်၊ ဦးဖြူတို့၏ပြောပြချက်အရ ခွဲထွက်ခွင့်နှင့်လုံးဝမပတ်သက်ကြောင်း၊ ကချင်ပြည်

20 Hugh Tinker (ed.)(1984), BURMA: The Struggle for Independence (1944 – 1948), Vol. 2. No. 279, Sir Hubert Rance to Lord Pethick-Lawrence, Telegram, IOR: M/4/2811, Rangoon, 11 February 1947, p. 403

ကို Part One ဇယား (၁) နယ်မြေနှင့် Part Two ဇယား (၂) နယ်မြေပူးပေါင်းပြီး သတ်မှတ်ခြင်းနှင့်ပတ်သက်သော ပြဿနာဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက Part Two နယ်မြေသည် မိမိတဦးတည်းသော သဘောဖြင့် ဆုံးဖြတ်၍မရကြောင်း ပြောဆိုသည်မှာ ရိုးသားစွာပြောဆိုခြင်းဖြစ်ပြီး ကချင်ခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းအပေါ် အယုံအကြည်လွန်ပြီး ဖိအားပေးခြင်းကြောင့် ဖြစ်သည်ဟု ရှင်းပြခဲ့သဖြင့် သိရှိရပါသည်။

သို့သော် ခေါင်းဆောင်ကြီးများသည် အမြော်အမြင်ကြီးမားစွာဖြင့် အချိန်ယူပြီး ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြရာ သဘောတူညီနိုင်မည့်အဆင့်သို့ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့်၁၉၄၇ ခု၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာပြည်အစိုးရကိုယ်စားလှယ်များ၊ ရှမ်းစော်ဘွားကြီးများ၊ ရှမ်းပြည်လူထုကိုယ်စားလှယ်များ၊ ကချင်ဒူးဝါးကြီးများ၊ ကချင်လူထုကိုယ်စားလှယ်များနှင့် ချင်းတောင်တန်းဒေသမှ ခေါင်းဆောင်များသည် ဒုတိယပင်လုံညီလာခံကြီးကို စတင်ကျင်းပနိုင်ခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ပင်လုံညီလာခံကြီး စတင်ကျင်းပလျှင်ကျင်းပခြင်း ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာမှာ တောင်တန်းနယ်များကို ဗြိတိသျှအုပ်ချုပ်သည်ကို ဗမာများက မကြိုက်ကြောင်း၊ ဗမာများသည် တောင်တန်းဒေသအတွက်ပြောဆိုခြင်းမှာ ဗမာပြည်နှင့်တန်းတူအဆင့်အတန်း အခွင့်အရေး ရစေလိုသောကြောင့်ဖြစ်ကြောင်း၊ ဗမာလူမျိုးသည် ဗြိတိသျှကျွန်မဖြစ်လိုကြောင်း၊ ထိုနည်းတူတောင်တန်းလူမျိုးများသည် ဗမာကျွန်အဖြစ် မဖြစ်စေရကြောင်း ရှေးဦးစွာပြောကြားသွားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်ကြီးများ၏ သဘောတူညီ ဆုံးဖြတ်ချက်များ (၅) ချက်အပေါ် တချက်ချင်းအလိုက် အောက်ပါအတိုင်း ပြန်လည်ဆွေးနွေးရှင်းလင်းတင်ပြသွားသည်။

၁။ ဆုံးဖြတ်ချက် (၁) နှင့်ပတ်သက်၍ ဗမာတို့နှင့် အဆင့်အတန်းတူ၊ အခွင့်အလမ်းတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျ ခံစားခွင့်ရရှိစေရမည်ဆိုသည့်အချက်နှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင် အဆင့်အတန်းခွဲခြားခြင်း မရှိစေရန်နှင့် အားလုံးတန်းတူရည်တူ ခံစားခွင့်ရရှိစေရန် အစည်းအဝေးကြီးတွင် အာမခံချက်ပေးကြောင်းပြောကြားရာ ကိုယ်စားလှယ်များက တခဲနက်သြဘာပေးကြသည်။

၂။ ဆုံးဖြတ်ချက် (၂) နှင့်ပတ်သက်၍ မူအားဖြင့်လက်ခံပြီး အထူးပြောစရာမရှိကြောင်း ပြောကြားသည်။ ကိုယ်စားလှယ်အားလုံးကလည်း ထပ်မံဆွေးနွေးကြခြင်းမရှိချေ။

၃။ ဆုံးဖြတ်ချက် (၃) နှင့်ပတ်သက်၍ ကချင်တောင်တန်းဒေသတွင် အကျုံးမဝင်သည့် မြစ်ကြီးနား၊ ဗန်းမော်ခရိုင်နှင့် ကသာမြေပြန့်ဒေသများမပါဘဲ ကချင်ပြည်ဟု ပြည်နယ်တခုအဖြစ် ရပ်တည်နိုင်လိမ့်မည်ဟု မိမိမယုံကြည်ကြောင်း၊ သို့သော်မိမိအနေဖြင့် လုပ်ပိုင်ခွင့်မရှိသော်လည်း ကချင်လူမျိုးများ လိုလားတောင့်တလျက်ရှိသည့် ကချင်ပြည်နယ် ဖြစ်လာရေးကို လေးစား၍ မူအားဖြင့် မိမိထောက်ခံကြောင်း၊ ယင်းကိစ္စကိုလည်း ရက်သတ္တပတ်အနည်းငယ်အတွင်း ရန်ကုန်၌ကျင်းပမည့် ဖဆပလညီလာခံတွင် မိမိကိုယ်တိုင် အဆိုတင်သွင်းမည်ဖြစ်ကြောင်း ပြောကြားရာ ကိုယ်စားလှယ်များက တခဲနက်သြဘာပေးကြသည်။

၄။ ဆုံးဖြတ်ချက် (၄) နှင့်ပတ်သက်၍ အောင်ဆန်းအက်တလီစာချုပ်ကို လက်ခံခြင်း မပြုဟူသော ကိစ္စမှာ ယခုဆွေးနွေးနေသည့်ကိစ္စနှင့် စပ်ဆိုင်ခြင်းမရှိသဖြင့် ဝေဖန် ဆွေးနွေးရန် မလိုကြောင်း ပြောကြားသွားသည်။

၅။ ဆုံးဖြတ်ချက် (၅) ခွဲထွက်ခွင့်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက မူအားဖြင့်လက်ခံပြီး ဤအစည်းအဝေးက ဆုံးဖြတ်နိုင်မည်မဟုတ်ကြောင်း၊ တိုင်းပြုပြည်ပြုတွင် တင်သွင်း၍ ဆုံးဖြတ်ရမည့်ကိစ္စ ဖြစ်ကြောင်းတင်ပြရာ အများလက်ခံကြသည်။ (နောင်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ခွဲထွက်ခွင့်သည် တိုင်းရင်းသားလူနည်းအစုအခွင့်အရေး ဖြစ်ပြီး မခွဲထွက်ချင်အောင် ဗမာလူမျိုးကြီးက လုပ်ပြရမည်ဟု ပြောဆို လာသည်အထိ ခွဲထွက်ခွင့်ကိစ္စကို အမျိုးသားသွေးစည်းညီညွတ်ရေးအတွက် အလေးပေးထားကြောင်း တွေ့ရသည်။)

တောင်တန်းဒေသခေါင်းဆောင်များသည် ဘဏ္ဍာရေးငွေ ခွဲဝေသုံးစွဲရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းချက်များကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးတင်ထွဋ်တို့က ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးနှင့် စပ်လျဉ်း၍ အချိုးကျခွဲဝေသုံးစွဲရမည်ဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရလက်အောက်တွင် ရရှိစဉ်ကထက် ပို၍ရရှိစေရမည်။ အာမခံချက်ပေးသည်ဟု ပြန်လည်ရှင်းလင်းသွားသည်။

ဤကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာပြည်အစိုးရနှင့် ရှမ်း၊ ကချင်၊ ချင်း ခေါင်းဆောင်တို့သည် တောင်ပေါ်မြေပြန့်တပြိုင်တည်း လွတ်လပ်ရေးရယူနိုင်ရန် ရှမ်း၊ ကချင်၊ ချင်း ခေါင်းဆောင်တို့၏ သဘောတူချက်အတိုင်း အမြော်အမြင်ကြီးမားစွာဖြင့် အပြန်အလှန် ဆွေးနွေးတိုင်ပင်အပေးအယူ ပြုလုပ်ကြပြီး အချောကိုင်လိုက်ခြင်းဖြင့် သမိုင်းမော်ကွန်းဝင် မှတ်တိုင် ပင်လုံစာချုပ်ကြီးပေါက်ဖွားလာပေသည်။

## (င) ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ [၁၂] ရက်နေ့ပင်လုံစာချုပ်[21]

မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်အချို့နှင့် စဝ်ဖများအားလုံးတို့အပြင်၊ ရှမ်းပြည်နယ်များ၊ ကချင်တောင်ဒေသများနှင့်၊ ချင်းတောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များတို့ တက်ရောက်ကြသော ပင်လုံမြို့တွင်ကျင်းပသည့် အစည်းအဝေးကြီးတရပ်တွင် ...

ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ခြင်းပူးပေါင်းခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့်ချင်းတို့သည် လွတ်လပ်ရေးကို ပိုမို၍လျင်မြန်စွာရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူ အဖွဲ့ဝင် တို့သည် ကန့်ကွက်သူမရှိ အောက်ပါအတိုင်း သဘောတူညီကြလေသည်။

၁။ တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့ (တ-စ-ည-ဖ) ၏ကြိုးကိုင်အဖွဲ့ ကိုယ်စားလှယ်များက ထောက်ခံချက်အရ၊ တောင်တန်းသားများ၏ ကိုယ်စားလှယ်တဦး ကိုဘုရင်ခံကရွေးချယ်၍ နယ်စပ်ဒေသများ ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန် အတွက် ဘုရင်ခံ၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားရမည်။

၂။ ဤအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ၊ ကောင်စီဝင် တဦးအဖြစ် ခန့်ထား၍ ကာကွယ်ရေးနှင့် ပြည်ပကိစ္စရပ်များတွင် ထုံးနည်းဥပဒေအရ အမှုဆောင်ကောင်စီ၏အာဏာ လက်အောက်သို့ရောက်ရှိစေရမည်။ ဤနည်းလမ်းများ အတိုင်း နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကိုပေးအပ်ရမည်။

၃။ အဆိုပါအတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းနှင့်လူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ် နှစ် ဦးက ကူညီစေရမည်။ ရှေးဦးစွာ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် ၎င်းတို့အသီးသီး

21 ပင်လုံစာချုပ် အင်္ဂလိပ်မူအား နောက်ဆက်တွဲတွင်ဖော်ပြထားသည်။

သက်ဆိုင်သည့်နယ်များ၏ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍၊ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားနယ်စပ်ဒေသအားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်စေရန်ဖြစ်သည်။

၄။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် နယ်စပ်ဒေသများ၏ တဦးတည်းသော ကိုယ်စားလှယ်အဖြစ် ပါဝင်ရမည်ဖြစ်သော်လည်း၊ ဒုတိယ အတိုင်ပင်ခံပုဂ္ဂိုလ်များသည် နယ်စပ်ဒေသများနှင့် သက်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အမှုဆောင်ကောင်စီတွင် တက်ရောက်နိုင်ခွင့်ရှိစေရမည်။

၅။ အထက်တွင် သဘောတူညီသည့်အတိုင်း၊ ဘုရင်ခံ၏အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း၊ နယ်စပ်ဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားနေရသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို မည်သည့်နည်းနှင့်မဆို တစုံတရာ လက်လွှတ်စေရန် အဆိုပါ ကောင်စီက ပြုလုပ်ခြင်းမရှိစေရ။ နယ်စပ်ဒေသများအတွက် နယ်တွင်း အုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့်ရှိစေရမည်ဟူသောမူကို သဘောတူညီကြသည်။

၆။ ပူးပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့်ကချင်ပြည်နယ်တခု နယ်နိမိတ် သတ်မှတ်၍ တည်ထောင်ရန်ပြဿနာမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန် ဖြစ်သော်လည်း ဤကဲ့သို့သီးခြားပြည်နယ်တခုထားရှိသင့်ကြောင်းကို သဘောတူညီကြသည်။ ဤရည်ရွယ်ချက် အထမြောက်စေရန်အလို့ငှာ ပထမခြေလှမ်း အနေဖြင့် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေအရ နောက်ဆက်တွဲစာရင်းပါ အပိုင်း ၂ ဒေသများ ကဲ့သို့ မြစ်ကြီးနားနှင့်ဗန်းမော်ခရိုင်တို့၏အုပ်ချုပ်ရေးတွင် နယ်စပ်ဒေသအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ဆွေးနွေးတိုင်ပင်ရမည်။

၇။ နယ်စပ်ဒေသများ၏ နယ်သူနယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများ အဖြစ် အသိအမှတ်ပြု ထားပြီးသော အခွင့်အရေးများတို့ကို ခံစားပိုင်ခွင့်ရှိစေရမည်။

၈။ ဤစာချုပ်တွင် သဘောတူညီကြသည် အစီအစဉ်မှာ ပဒေသရာဇ်ရှမ်းပြည်နယ်စုတွင် ယခုအပ်နှင်း ထားပြီးသော ဘဏ္ဍာရေးနှင့်ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေး[22] ကို ထိခိုက်ခြင်းမရှိစေရန်။

22 မူရင်းစာချုပ်ပါ အင်္ဂလိပ်အသုံး Autonomy ဆိုသည်မှာဂရိစကားဖြစ်ပြီး "ကိုယ်ပိုင်ဥပဒေဖြင့် စီမံအုပ်ချုပ်ခြင်း" ဟုအဓိပ္ပါယ်ရပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး (Self-Administration) ဟူမျှကိုသာ ဆိုသည်မဟုတ်ပေ။

၉။ ဤစာချုပ်တွင် သဘောတူညီကြသည့်အစီအစဉ်တို့မှာ မြန်မာပြည်အခွန်တော်ငွေများမှ ကချင်တောင်တန်းနယ်များနှင့် ချင်းတောင်တန်းနယ်များက ရသင့်ရထိုက်သော ဘဏ္ဍာရေးအကူအညီကို ထိခိုက်ခြင်းမရှိစေရ။ မြန်မာပြည်နှင့် ရှမ်းပြည်နယ်မြေစု၏ ဘဏ္ဍာရေးအစီအစဉ်များကဲ့သို့ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းများတို့အတွက် အလားတူအစီအစဉ်များကို ထားရှိကျင့်သုံးရန် ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီက၊ နယ်စပ်ဒေသများ၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယ အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေးကြည့်ရှုရမည်။

### ရှမ်းကော်မတီ

(ပုံ) ခွန်ပန်းစိန်
(တောင်ပိုင်စဝ်ဖလုံ)

(ပုံ) စဝ်ရွှေသိုက်
(ညောင်ရွှေစဝ်ဖလုံ)

(ပုံ) စဝ်ဟုံဖ
(မြောက်သိန္နီစဝ်ဖလုံ)

(ပုံ) စဝ်နွံ
(လဲချားစဝ်ဖလုံ)

(ပုံ) စဝ်စံထွန်း
(မိုင်းပွန်စဝ်ဖလုံ)

(ပုံ) စဝ်ထွန်းအေး
(သာမိုင်းခမ်းစဝ်ဖလုံ)

(ပုံ) ဦးဖြူ
(သထုံစဝ်ဖလုံ၏ကိုယ်စားလှယ်)

(ပုံ) ခွန်ဖုံး
(ကချင်ကိုယ်စားလှယ်) မြောက်သိန္နီ။

### ကချင်ကော်မတီ

(ပုံ) ဆမားဒူးဝါးဆင်ဝါးနော်
(မြစ်ကြီးနား)

(ပုံ) ဒူးဝါးဇော်ရစ်
(မြစ်ကြီးနား)

(ပုံ) ဒူးဝါးဒိန်ရတန်
(မြစ်ကြီးနား)

(ပုံ) ဒူးဝါးဇော်လ
(မြစ်ကြီးနား)

(ပုံ) ဒူးဝါးဇော်လွန်း
(ဗန်းမော်)

(ပုံ) ဒူးဝါးလဗန်းဂရောင်း
(ဗန်းမော်)

### ချင်းကော်မတီ

(ပုံ) ဦးလှာမှုန်း
(အေတီအမ်-အိုင်အေအက်(စ်))
အမ်၊ဖလမ်း။

### မြန်မာနိုင်ငံတော် အစိုးရ

(ပုံ) အောင်ဆန်း

(ပုံ) ဦးတင်ဧ

(ပုံ) ဦးထွန်းမြင့်

(ပုံ) ဦးကြာပု

(ပုံ) ဦးခွန်စော

(ပုံ) စဝ်ယိပ်ဖ

(ပုံ) ခွန်ထီး

(ပုံ) ဦးသောင်ဇာခပ်

(အေတီအမ်)၊ တစ်ဒင်။

(ပုံ) ဦးကွယ်မန်း

(အေတီအမ်) ဟားခါး။

ပင်လုံစာချုပ်နှင့်ပင်လုံစိတ်ဓာတ်ပဋိညာဉ်များသည် တိုင်းရင်းသားလူမျိုးများအတွက် စစ်မှန်သော အမျိုးသားသွေးစည်းညီညွတ်ရေးအင်အားကို တည်ဆောက်ပေးနိုင်သဖြင့် ဗမာပြည်နှင့်ရှမ်းပြည်၊ ကချင်ပြည်၊ ချင်းပြည် စသည့် တောင်တန်းနယ်မြေများ တပြိုင်တည်း လွတ်လပ်ရေးကိုလည်း အမိအရ ဆွတ်ခူးပေးနိုင်ခဲ့ပေသည်။

မှတ်ချက်။ ။ ပင်လုံစာချုပ်သည် လူမျိုးကိုယ်စားပြုစာချုပ်မဟုတ်ပါ။ နယ်မြေ (၄) ခုကို ကိုယ်စားပြုထားသည့် စာချုပ်ဖြစ်သည်။ ထို့ကြောင့် နယ်မြေအစိတ်အပိုင်းများသည် ရှမ်း၊ ကချင်၊ ချင်း နယ်မြေကို ကိုယ်စားပြုပြီး ခေါင်းဆောင်များ (၁၆) ဦး၊ (၆) ဦး၊ (၃) ဦး လက်မှတ်ရေးထိုးကြသည်။ ဗမာပြည်မ အစိုးရကိုယ်စားလှယ်အဖြစ် ဝန်ကြီးချုပ် ဗိုလ်ချုပ်အောင်ဆန်း တဦးတည်း လက်မှတ်ရေးထိုးသည်ကို သတိပြုရမည်ဖြစ်သည်။

**၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်နေ့ ပင်လုံညီလာခံ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက် လာကြသော ဗမာပြည်ကိုယ်စားလှယ် ဗိုလ်ချုပ်အောင်ဆန်း နှင့် ဗြိတိသျှ လေဘာပါတီအမတ် မစ္စတာဘော်တွန်မ်လီတို့ စကားလက်ဆုံ ကျနေစဉ်။**



ပုံ. အမေ့ခံအတိတ်[23]

23 အမေ့ခံအတိတ် | ခေတ်ကာလများပြပုံ )lostfootsteps.org) https://www.lostfootsteps.org/my/history/union-day-anniversary-of-the-1947-panglong-agreement

## ပင်လုံမြို့ရှိ "တောင်တန်း ပြည်မ ပူးပေါင်းရေးစာချုပ် အထိမ်းအမှတ်ကျောက်တိုင်" (၁ - ၂ - ၄၇) မူလကျောက်တိုင်



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို
အောင်မြင်စွာချုပ်ဆိုခဲ့သည့် အထိမ်းအမှတ်အဖြစ် စိုက်ထူခဲ့သော
"တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ်" ကျောက်တိုင်

ပင်လုံမြို့ရှိ "တောင်တန်း ပြည်မ ပူးပေါင်းရေးစာချုပ် အထိမ်းအမှတ်ကျောက်တိုင်"

# ပြန်လည်ပြုပြင်ထားသော ကျောက်တိုင်



# အခန်း (၆)
# ပင်လုံစာချုပ်နှင့် ဆက်စပ်သောကတိကဝတ်များ

# အခန်း (၆)

# ပင်လုံစာချုပ်နှင့် ဆက်စပ်သော ကတိကဝတ်များ

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ရှမ်း၊ ကချင်၊ ချင်း ခေါင်းဆောင်များ၏ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၆ - ၇) ရက်နေ့ သဘောတူညီချက်ကို အပြန်အလှန်တိုင်ပင်ဆွေးနွေး၍ မူအားဖြင့် လက်ခံကြပြီး တိုင်းပြုပြည်ပြုလွှတ်တော်တွင်မှ အသေးစိတ် ထပ်မံညှိနှိုင်းကြရမည်ဖြစ်သဖြင့် ပင်လုံစာချုပ်တွင် ထည့်သွင်းဖော်ပြခြင်းမရှိပေ။ စာချုပ်တွင် ဖော်ပြထားခြင်းမပြုသော်လည်း ပင်လုံစာချုပ်၏ ပထမဦးဆုံး အခြေခံပဋိညာဉ်အဖြစ် အလေးအနက် လက်ခံယုံကြည်ထားကြသည်။

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ပင်လုံစာချုပ် အပြင် စာချုပ်တွင် ဖော်ပြမထားသော သဘောတူညီချက်များ၊ စာချုပ်နှင့် ဆက်စပ်နေသည့် သဘောထားများ၊ မိန့်ခွန်းများ နှင့် ဆွေးနွေးချက်များကိုပါ ပင်လုံစာချုပ် ပင်လုံပဋိညာဉ်အဖြစ် အလေးအနက်ခံယူထားကြသည်။

ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက်ပိုင်းတွင် ဗမာပြည်မနှင့် တောင်တန်းဒေသနယ်မြေများသည် နိုင်ငံတစ်ခုတည်းအဖြစ် ပူးပေါင်းထားခြင်းမရှိသေးပေ။ သို့သော်လည်း တိုင်းပြုပြည်ပြု လုပ်ငန်း များ နှင့် ပြည်ထောင်စုတည်ထောင်ရေးလုပ်ငန်းများကို တိုင်ပင်ဆွေးနွေးကြပြီး အတူတကွ ပူးပေါင်းဆောင်ရွက် ကြမည်ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များသည် ပင်လုံစာချုပ် ပဋိညာဉ်များ၊ ပင်လုံစာချုပ်နှင့် ဆက်စပ်သည့် စာချုပ် တွင်ဖော်ပြမထားသော သဘောတူညီချက်များ၊ ပင်လုံစာချုပ်နှင့် ဆက်စပ်သည့်သဘောထား များ၊ မိန့်ခွန်းများ၊ ဆွေးနွေးချက်များအားလုံးကို ပင်လုံစိတ်ဓာတ်အဖြစ် အလေးအနက်ခံယူ ထားကြသည်။ ယင်းပင်လုံစိတ်ဓာတ်ကပင် တိုင်းရင်းသားလူမျိုးများ အားလုံး အမျိုးသား သွေးစည်းညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ကြပြီး လွတ်လပ်ရေးကိုလည်း တ ပြိုင်တည်းဆွတ်ခူးနိုင်ဖို့ အမိအရတွန်းပို့နိုင်ခဲ့ပေသည်။

ပင်လုံစာချုပ်၊ ပဋိညာဉ်၊ ပင်လုံစိတ်ဓာတ်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော မိန့်ခွန်းများ၊ ဆွေးနွေးချက်များ များစွာရှိသည့်အနက် ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနား၊ လွိုင်ကော်၊ တောင်ကြီးအစည်းအဝေး၊[24] ပင်လုံညီလာခံ နှင့် တိုင်းပြုပြည်ပြုလွှတ်တော်တို့တွင် ပြောကြားသည့် ကတိကဝတ် မိန့်ခွန်းအချို့ကို အောက်ပါအတိုင်း ကောက်နှုတ်ဖော်ပြလိုပေသည်။

## (က) ကချင်အမျိုးသားညီလာခံ သဘောထားအပေါ် ဗိုလ်ချုပ်ပြောကြားသည့် ကတိကဝတ် ထုတ်နုတ်ချက်[25]

၁၉၄၆ ခု၊ နိုင်ဝင်ဘာလ (၁၈)ရက်နေ့ မြစ်ကြီးနားမြို့တွင် ဒူးဝါးကြီးများဦးဆောင်ပြီး ပြည်သူလူထု (၅၀၀၀)ကျော် ပါဝင်တက်ရောက်သော ကချင်အမျိုးသားညီလာခံ မနောပွဲတော်ကြီးကို ကျင်းပပြုလုပ်သည်။ ယင်းညီလာခံကြီးမှ ကချင်အမျိုးသားသည် ဗမာပြည်မနှင့် တပြိုင်တည်း လွတ်လပ်ရေးရယူပြီး လွတ်လပ်သော ကချင်သမ္မတနိုင်ငံထူထောင်ရန် ဆုံးဖြတ်ကြသည်။ ယင်းဆုံးဖြတ်ချက်အတိုင်း ဗိုလ်ချုပ်အောင်ဆန်း နှင့် ညှိနှိုင်းရန် ဒူးဝါးကြီး ဆမားဒူးဝါးဆင်ဝါးနောင်အား တာဝန်ပေးလိုက်သည်။

ကချင်အမျိုးသားများ လွတ်လပ်ရေးတက်ကြွနေစဉ် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနားသို့ ရောက်ရှိလာသည်။ ဒူးဝါးကြီးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်သေနတ်ကိုင် တပ်ရင်း (၂) သီးသန့် ရိပ်သာတွင် အင်္ဂလိပ် မသိအောင် လျှို့ဝှက်တွေ့ဆုံပြီး ကချင်အမျိုးသားညီလာခံမှ ဆုံးဖြတ်ထားသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းကို တင်ပြရာ ဗိုလ်ချုပ်အောင်ဆန်းက ကချင်ပြည်သည် ဗမာပြည်မနှင့် တပြိုင်တည်း လွတ်လပ်ရေးရယူလိုခြင်းသည် အင်မတန်မှ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူကြောင်း၊ သို့ရာတွင် သီးခြား ကချင် သမ္မတနိုင်ငံမထူထောင်ဘဲ ဗမာပြည်နှင့်တန်းတူရည်တူ ပြည်ထောင်စု တည်ထောင်သွားပါက နှစ်ဦးနှစ်ဖက် အကျိုးပိုရှိစေမည် ဖြစ်ကြောင်း ပြန်လည် ရှင်းပြသည်။ ဒူးဝါးကြီး

24 ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနား၊ လွိုင်ကော်၊ တောင်ကြီးအစည်းအဝေး တို့တွင်ပြောကြားသည့် ကတိကဝတ် မိန့်ခွန်းများသည် ဗြိသိသျှအစိုးရ နန်းရင်းဝန်မစ္စတာအက်တလီ၏ မြန်မာအမျိုးသားတို့ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကို စောနိုင်သမျှပေးရန် လန်ဒန်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့အား လာရောက် ဆွေးနွေးပါရန် ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်လွတ်လပ်ရေးအတွက် လန်ဒန်တွင် ဆွေးနွေးပွဲသို့ မထွက်ခွာမီ နယ်စပ်ဒေသလူမျိုးစုများနှင့် ညှိနှိုင်းပြီး သဘောထားရယူနိုင်ရန် အတွက် နယ်စပ်ဒေသ မြစ်ကြီးနား၊ လွိုင်ကော်၊ တောင်ကြီး များသို့ ခရီးထွက်လာခဲ့ရင်းပြောကြားခဲ့သော ကတိကဝတ် မိန့် ခွန်းများဖြစ်သည်။

25 မရမ်ဘောက်ဘာ၊ (၁၉၈၀)၊ ဆမားဒူဝါ ဆင်ဝါးနောင် အတ္ထုပ္ပတ္တိ၊ စာ ၃၉ - ၄၀

မှ ကချင်အမျိုးသားများသည် လူနည်းစုဖြစ်သဖြင့် ဗမာအမျိုးသား အများစုအနိုင်ကျင့်ခံရမည်ကို အထူးစိုးရိမ်ကြောင်း၊ ဗိုလ်ချုပ်က ဖဆပလအဖွဲ့ချုပ်ကို တာဝန်ယူနိုင်မလားဟု ပွင့်လင်းစွာမေးရာ၊ ဗိုလ်ချုပ်မှ လုံးဝတာဝန်ယူမည်ဖြစ်ကြောင်း အကယ်၍ ဖဆပလအဖွဲ့ချုပ်ကို မပြောနိုင်ပါက မိမိကိုယ်တိုင် ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌမှ နုတ်ထွက်ပြီး သီးသန့်ကချင်သမ္မတနိုင်ငံထူထောင်ရေးတွင် ကိုယ်တိုင်ကိုယ်ကျတက်ကြွစွာ ပါဝင်သွားမည် ဖြစ်ကြောင်း ပြတ်သားစွာ ပြန်လည်ရှင်းပြရာ ကချင်ဒူးဝါးကြီးများက ဗိုလ်ချုပ်အပေါ် များစွာလေးစားပြီး ယုံကြည်မှုရရှိသွားသည်။



## (ခ) ဗိုလ်ချုပ်အောင်ဆန်း လှိုင်ကော်မြို့ ဓမ္မာရုံတွင်ပြောကြားသည့်မိန့်ခွန်း[26]

၁၉၄၆ ခု၊ ဒီဇင်ဘာလ (၂၃) ရက်၊ လှိုင်ကော်မြို့ ဓမ္မာရုံတွင် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းကြွရောက်လာပြီး ပြောကြားချက်မှာ အင်္ဂလိပ်ပေးထားသော ကရင်နီပြည်လွတ်လပ်ရေးသည် ပြည့်ဝသောလွတ်လပ်ရေးဟု မဆိုနိုင်ကြောင်း၊ မြန်မာပြည် ရရှိမည့် လွတ်လပ်ရေးသည်အပြည့်အဝလွတ်လပ်ရေး ရရှိမည်ဖြစ်ကြောင်း၊ ကရင်နီပြည် အနေဖြင့် ဖွဲ့စည်းမည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင်ပြည်နယ်တစ်ခုအဖြစ် ပါဝင်ပါက ကရင်နီပြည်သည် ကိုယ်ပိုင်အုပ်ချုပ်ရေး အပြည့်အဝရှိစေရမည်ဖြစ်ပြီး ကရင်နီ ပြည်အတွင်းရေးကို ဗမာက လုံးဝဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း၊ ကရင်နီပြည် အရေးကို ကရင်နီ ပြည်သူပြည်သားများကသာ တိုက်ရိုက် ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိစေရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဤသည်မှာလည်း ပင်လုံစိတ်ဓာတ်ပဋိညာဉ်နှင့် ဆက်စပ်သည်ဟု ဆိုနိုင်ပေမည်။

## (ဂ) တောင်ကြီးမြို့ ညောင်ရွှေဟော်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ဆွေးနွေးချက်[27]

ဒီဇင်ဘာလ ၂၅ ရက်နေ့ ၁၉၄၆ ခုနှစ် နံနက် တောင်ကြီးမြို့ ညောင်ရွှေဟော်တွင် ရောက်ရှိနေကြသော နယ်ရှင်စဝ်ဖများနှင့် တွေ့ဆုံကြရာတွင် ဗိုလ်ချုပ်အောင်ဆန်းက ...

"ဗမာ့ပြည်လွတ်လပ်ရေးစခန်းမှာ နီးကပ်နေပါပြီ။ ကျွန်တော်တို့ ဗမာပြည် လွတ်လပ်တဲ့ အခါမှာ ရှမ်းပြည်ကိုလည်း ဗမာနဲ့အတူ လွတ်လပ်စေချင်ပါတယ်။ ဗမာနဲ့ ပူးပေါင်းတဲ့အခါ ရှမ်းပြည်တွင်းရေးကိစ္စများကို ရှမ်းလူမျိုးများရဲ့ သဘောအတိုင်း ဖြစ်စေမှာပဲ၊ ဗမာပြည် တစ်ဝန်းနဲ့ သက်ဆိုင်တဲ့ ကိစ္စမျိုးကျတော့ ရှမ်းပြည်ဝန်ကြီးတွေပါဝင်တဲ့ အစိုးရအဖွဲ့က စဉ်းစားဆုံးဖြတ်နိုင်ခွင့် ရှိပါလိမ့်မယ်။ အဲဒီအခါ ဘယ်အင်္ဂလိပ် တစ်စုံတစ်ယောက်မှ စော်ဘွားတွေအပေါ် ခြယ်လှယ်ခွင့်ရှိမှာ မဟုတ်ပါဘူး၊ စော်ဘွားများကသာ သူတို့အပေါ် ခြယ်လှယ်ခွင့် ရှိပါတယ်။

ဘိလပ်အစိုးရက ကျွန်တော်တို့ကို ဖိတ်ကြားထားလို့ ဇန်နဝါရီလ ၂ ရက်နေ့မှာ သွားရပါမယ်၊

26 တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ (၁၉၉၀)၊ ဒုတိယတွဲ၊ စာ - ၆၀၄
27 ဦးအုန်းဖေ (၂၀၁၃ ဒုကြိမ်)၊ ပင်လုံစစ်တမ်း၊ စာ ၃၄၅ - ၃၄၆

ဒီအခါမှာ ရှမ်းပြည်နဲ့ ဗမာပြည် ပူးပေါင်းရေး ပြောရပါလိမ့်မယ်၊ ဒါကြောင့် စော်ဘွားတွေရဲ့ သဘောတူညီချက်ကို အလိုရှိပါတယ်။ မူကြမ်းတစ်ခု ရေးဆွဲပေးခဲ့ပါမယ်၊ စော်ဘွားတွေ လက်မှတ်ထိုးပြီး တစ်ပါတည်း ယူသွားချင်ပါတယ်။ အခု ကျွန်တော် အကြံပေးတာကို သဘောမတူဘဲ အင်္ဂလိပ်လက်အောက်မှာ ဆက်ပြီး နေချင်သေးတယ်၊ သူတို့ပြုသမျှ ခံချင်သေးတယ် ဆိုရင်တော့ ခင်ဗျားတို့ သဘောအတိုင်းပါဘဲ၊ ဒါပေမယ့် နောက်ကို ကျွန်တော့်ကို အဆိုးမဆိုပါနဲ့၊ ကျွန်တော်တို့က နယ်ချဲ့သမားကို အပြင်းအထန်ချရတော့မှာဖြစ်လို့ နယ်ချဲ့သမားနဲ့ ပူးပေါင်းနေတဲ့ သူတွေကိုလည်း ချမှာပဲ”

သို့သော် စော်ဘွားများက မရှင်းသေးသောအချက်များကို မေးမြန်းပြီး ယတိပြတ် အဖြေမပေးနိုင်ဘဲ၊ ထိုနေ့ည ညောင်ရွှေ၌ ထပ်မံတွေ့ဆုံရန် ချိန်းဆိုလိုက်သည်။

ထိုနေ့ညတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နှင့်အတူ ညောင်ရွှေမြို့သို့ သွားရောက်ကာ စော်ဘွားများနှင့် ထပ်မံဆွေးနွေးသည်။ စော်ဘွားများက မိမိတို့အနေနှင့် လူစုံတက်စုံမရှိသေးသဖြင့် တိကျသော အဖြေကို မပေးနိုင်သေးကြောင်း၊ ဗိုလ်ချုပ်လိုချင်သောမူကို ရှမ်းပြည်မြောက်ပိုင်း သိန္နီတွင် အစည်းအဝေးပြုလုပ်ပြီးမှ လက်မှတ်ထိုးပေးမည်ဖြစ်ကြောင်း ပြန်ကြားလိုက်သည်။

## ၁၉၄၆ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရှမ်းပြည်ခရီး ဗိုလပ် (အင်္ဂလန်) မသွားမီတောင်ကြီးမြို့ ညောင်ရွှေဟော်တွင် စော်ဘွားများနှင့် တွေ့စဉ်*



ရှေ့တန်း (ဝဲမှယာ) သာမိုင်းခမ်းစော်ဘွား၊ မိုင်းပွန်စော်ဘွား၊ ဗိုလ်ချုပ်အောင်ဆန်း၊ ညောင်ရွှေစော်ဘွား၊ XX၊ XX။

နောက်တန်း (ဝဲမှယာ) ဦးဖေခင် (ဖော့ဦးထုတ်ဖြင့်)၊ ဗိုလ်ထွန်းလှ (စစ်ယူနီဖောင်းဖြင့်)။

*[ဦးဖေခင်၊ ကိုယ်တွေ့ပင်လုံ၊ ၁၉၉၀ မှ ပုံအားပြန်လည်ကူးယူဖော်ပြသည်။]

## (ဃ) ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း[28]

ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇၊ ဖေဖော်ဝါရီ ၈ ရက်နေ့ ပင်လုံမြို့သို့ရောက်ရှိလာပြီး ညနေပိုင်းတွင် ကချင်၊ ချင်း၊ ရှမ်းကိုယ်စားလှယ်များ၊ နယ်ရှင်စော်ဘွားများနှင့် အစည်းအဝေးလုပ်သည်။ ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် တောင်ပေါ်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်က သဘာပတိမိန့်ခွန်းပြောသည်။ သဘာပတိမိန့်ခွန်း အပြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက...

"ဗြိတိသျှအစိုးရ ဖိတ်ခေါ်ချက်ကြောင့် ဘိလပ်သို့သွားရောက်ကာ အင်္ဂလိပ်မြန်မာစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း၊ ၁၉၄၈ နှစ်ဦးပေါက်တွင် မြန်မာပြည် လွတ်လပ်ရေးရရှိတော့မည် ဖြစ်ကြောင်း၊ ရှမ်းလွတ်လပ်ရေးရလိုလျှင် မြန်မာပြည်နှင့် ပူးပေါင်းပါက မြန်မာပြည် လွတ်လပ် သည်နှင့် ရှမ်းပြည်လွတ်လပ်မည်ဖြစ်ကြောင်း မပူးပေါင်းဘဲ ကိုယ့်ဟာကို တိုက်ယူနိုင် လျှင်လည်း တိုက်ယူနိုင်ကြောင်း၊ ဆယ်နှစ်ကြာမလား၊ နှစ်ပေါင်းတစ်ရာကြာမလား မိမိ မခန့်မှန်းနိုင်ကြောင်း၊ ဗမာနှင့်ပူးပေါင်းလျှင်ကား ဗမာတို့နှင့် တစ်ပြိုင်တည်းရမည်မှာ သေချာကြောင်း၊ ထို့ကြောင့် ဗမာနှင့်ပူးပေါင်းပါဟုလည်း မတိုက်တွန်းနိုင်၊ မပေါင်းပါနှင့်ဟုလည်း မပြောနိုင်ကြောင်း ပေါင်းဖို့မပေါင်းဖို့ ဆုံးဖြတ်ရန်မှာ တောင်ပေါ်သား ကချင်၊ ချင်း၊ ရှမ်း တို့၏ တာဝန်သာဖြစ်ကြောင်း၊ ပူးပေါင်းရန် မပူးပေါင်းရန် တောင်ပေါ်သားတို့၏ ဆန္ဒကို သိလိုကြောင်း၊ အကယ်၍ ပူးပေါင်းလိုက တောင်ပေါ်သားများ မနစ်နာစေရန် စာချုပ်ပြုလုပ် လက်မှတ်ရေးထိုးရန် မိမိလာရောက်ကြောင်း၊ မိမိနှင့်တကွ ဖဆပလအစိုးရ မှာ ကမ္ဘာတည်အောင်ခိုင်မြဲမည် မဟုတ်သည်ကို မိမိသိပါကြောင်း၊ အကယ်၍ ဖဆပလ အစိုးရ ပျက်သွားစေကာမူ မိမိတို့အချင်းချင်း သဘောတူညီချက်ကို မဖျက်နိုင်အောင် ဥပဒေပြုလုပ်ထားမည် ဖြစ်ကြောင်း၊ ထို့ကြောင့်နောင်ရေးအတွက် ဘာမျှ စိုးရိမ်ကြောက်ရွံ့နေစရာ မရှိကြောင်း" စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ ပင်လုံတွင် ကျင်းပပြုလုပ်သည့် တောင်တန်းဒေသညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားရာမှာ...

ဘိလပ်ဆွေးနွေးပွဲ၌ မြန်မာကိုယ်စားလှယ်များက တောင်တန်းနယ်လွတ်လပ်ရေးကို တစ်ချိန်တည်းမပေးခဲ့ရင် မြန်မာပြည်လွတ်လပ်ရေးမှာလည်း တကယ့်လွတ်လပ်ရေး မဖြစ်နိုင်ကြောင်း၊ တောင်တန်းနယ်များကို ဗြိတိသျှအုပ်ချုပ်သည်ကို ဗမာများက မကြိုက်ကြောင်း၊ ဗမာများသည်

28 အုန်းဖေ (၁၉၈၄)၊ ပင်လုံစစ်တမ်း၊ စာ ၄၀၉ - ၄၁၀

တောင်တန်းဒေသအတွက် ပြောဆိုခြင်းမှာ ဗမာပြည်နှင့် တန်းတူအဆင့် အတန်းအခွင့်အရေး ရစေလိုသောကြောင့်ဖြစ်ကြောင်း၊ ဗမာလူမျိုးသည် ဗြိတိသျှကျွန်မဖြစ်လိုကြောင်း၊ ထို့နည်းတူ တောင်တန်းလူမျိုးများ ဗြိတိသျှကျွန် ဖြစ်သည်ကို ဗမာကမကြိုက်ကြောင်း၊ ထိုနည်းတူ တောင်တန်းလူမျိုးများသည် ဗမာကျွန် အဖြစ် မဖြစ်စေရကြောင်း ပင်လုံစာချုပ်ပဋိညာဉ်အဖြစ် ပွင့်လင်းသည့် သမိုင်းဝင် ကတိကဝတ်မိန့်ခွန်းများ မြွက်ကြားသွားသည်။



ပင်လုံညီလာခံတွင် မိန့်ခွန်းပြောကြားနေသော ဗိုလ်ချုပ်အောင်ဆန်း[29]

29 https://kite-tales.org/files/uploads/img/img_9554.jpg

## (င) တိုင်းပြုပြည်ပြု လွှတ်တော်ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း[30]

တိုင်းပြုပြည်ပြုလွှတ်တော် ပထမညီလာခံကို ၁၉၄၇၊ ဇွန်လ ၁၀- ၁၈ ရက်နေ့အထိ ကျင်းပခဲ့ပြီး ညီလာခံလွှတ်တော်အမတ် ၂၅၅ ဦးအနက်မှ ၂၄၆ ဦး တက်ရောက်ခဲ့ကြသည်။ ဤပထမညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းကဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် လမ်းညွှန်အဆို (၇) ချက်ကို ဇွန်လ ၁၆ ရက်နေ့တွင် တင်သွင်းပြီး ဇွန်လ ၁၇ ရက်နေ့တွင် လွှတ်တော်က အတည်ပြုသည်။

၁၉၄၇ ခု၊ ဇွန်လ (၁၆) ရက်  တိုင်းပြုပြည်ပြုလွှတ်တော်၏ ပထမကြိမ်ညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏မိနစ် (၉၀) ကြာ လမ်းညွှန်အဆိုကိုတင်သွင်းသော မိန့်ခွန်း ပြောကြားချက်တွင်...

ပြည်ထောင်စုကြီးတွင် တောင်တန်းဒေသအားလုံး ပါဝင်ရမည့်သဘော သက်ရောက်နေသည် ဟု သံသယရှိနေကြောင်းကြားသိခြင်းကြောင့် ယခုလမ်းညွှန်အဆိုအမိန့်တွင် ထိုသို့မဟုတ်ကြောင်း တောင်တန်းဒေသကိုယ်စားလှယ်များအနေနှင့် "ပြည်ထောင်စု မြန်မာနိုင်ငံတော်လို့ ဒီအဆိုထဲမှာ တင်သွင်းထားခြင်းဖြစ်ပေမဲ့၊ ဒီပြည်ထောင်စု နိုင်ငံတော်ထဲမှာ ဘယ်နယ်တွေ ပါတယ်လို့ သတ်မှတ်ထားခြင်း မရှိသေးဘူး။ အဲဒီတော့ တောင်တန်းဒေသမှနေ၍ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေဟာ ဘာမျှ ဒီကိစ္စနှင့်ပတ်သက်လို့ စိုးရိမ်စရာမရှိဘူး။ ဒီပြည်ထောင်စု နိုင်ငံတော်ထဲမှာ ကိုယ်ပါချင်မှ ပါနိုင်တယ်။"

"တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးများ စိုးရိမ်စရာအလျဉ်းမရှိပါနှင့်။ ကျွန်တော်တို့ တောင်တန်းဒေသနှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့တဲ့စာချုပ်အရဖြစ်စေ၊ နောက်ပြီး တောင်တန်းဒေသစုံစမ်းရေးအဖွဲ့အစီရင်ခံစာမှ ထောက်ခံချက်အရများကို ကျွန်တော်တို့လက်ခံလာသည့်အတိုင်းဖြစ်စေ၊ လက်ခံထားတဲ့သဘောမပါဘဲ (Not only the letter of agreement) ဒီစာသဘောကို ကျွန်တော်တို့သဘောတူညီလာခဲ့တာတွင် မကဘဲ ကျွန်တော်တို့မှ (The spirit of agreement) သဘောတူညီလာခဲ့တာကို၊ ပြီးတော့ ဒီအတိုင်းဘဲ ဒီတိုင်းပြုပြည်ပြုလွှတ်တော်

30 ဦးအုန်းဖေ (၂၀၁၃၊ ဒုတိယအကြိမ်)၊ ပင်လုံစစ်တမ်း၊ စာ ၄၄၇ - ၄၄၈
တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဒုတိယတွဲ (၁၉၉၀)၊ စာ ၄၅၈ - ၄၆၁
ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပေါင်းချုပ် (၁၉၇၁)၊ စာ ၃၇၇ - ၃၇၈

မှာ လုပ်မှာပါဘဲဆိုတာ တောင်တန်းကိုယ်စားလှယ်များကို တိတိလင်းလင်း နားလည်စေချင်ပါတယ်။ ကျွန်တော်တို့ပေးထားသောကတိ၊ နားလည်ပြီးသား သဘောတူညီချက်များကို နယ်ချဲ့သမားလို ဖောက်ဖျက်ခြင်းမလုပ်ဘူး။ ဒီလိုပေးထားသောကတိ၊ နားလည်ပြီးသား သဘောတူညီချက်များကို ဖောက်ဖျက်မည်လား။ သံသယရှိတဲ့သူတွေဟာ ကျွန်တော်တို့ရဲ့ Sense of honor, sense of self - respect, sense of pride ကို စော်ကားတယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ဗမာလူမျိုးစုဖြစ်တဲ့ လူတွေဟာ ခင်ဗျားတို့သဘောမတူဘဲ မနေနိုင်တဲ့အခြေအနေမျိုးကို လက်တလုံးခြားလိမ်တဲ့နည်းနဲ့လည်း ကျွန်တော်တို့မလုပ်ပါဘူးဆိုတာ အတိအလင်းနားလည်ပေးစေချင်ပါတယ်" ဟုပင်လုံ စာချုပ်ပဋိညာဉ်အဖြစ် ကတိကဝတ်မိန့်ခွန်းများကို မြွက်ကြားခဲ့သည်။

## (စ) တိုင်းပြုပြည်ပြုလွှတ်တော်တွင် ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက် မြွက်ကြားသည့် မိန့်ခွန်း[31]

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ၁၉၄၇ ခု၊ ဇွန်လ (၁၃) ရက်နေ့က ကျင်းပပြုလုပ်သော တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဦးနုအား လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ရန် အဆိုတင်သွင်းမိန့်ခွန်းမြွက်ကြားခဲ့သည်။ ယင်းမိန့်ခွန်းမြွက်ကြားချက်မှ အချို့ကို ကောက်နုတ်တင်ပြလိုပေသည်။

"ကျွန်တော်တို့ ရှမ်း၊ ကချင်၊ ချင်း တောင်ပေါ်တိုင်းရင်းသားများဟာ အင်္ဂလိပ်နယ်ချဲ့စနစ်အောက်က လွတ်မြောက်ဖို့ ဗမာပြည်မနဲ့ ပူးပေါင်းသွေးစည်းနေကြရပေမည်။ ဟိုရှေး ရာဇဝင်က အဖြစ်အပျက်တွေကို သတိရပြီး ဗမာတွေဟာ တို့ထက်ပိုပြီး လူလည်းများတယ်။ ဉာဏ်လည်းသာတယ်။ ဒီတော့ တစ်နေ့နေ့မှာ မတော်တဆများ တို့ကိုလူမျိုးငယ်ဆိုပြီး ဖိနှိပ်စော်ကားလုပ်များနေမလားဆိုပြီး ဓမ္မတာအတိုင်း တထိပ်ထိပ် တွေးပူစိုးရိမ်လျက် ရှိကြပါတယ်။"

သခင်မြ[32] (သာယာဝတီ ကျေးလက်တောင်ပိုင်း) "မဖြစ်ရပါဘူး"

31 မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်ညီလာခံမှတ်တမ်း၊ အစည်းဝေးအမှတ် (၃)၊ ဇွန်လ ၁၃ ရက်၊ ၁၉၄၇ ခုနှစ်၊ စာ ၄၈ - ၅၀

32 ဖဆပလ အလုပ်အမှုဆောင်ကော်မတီဝင်၊ သာယာဝတီ ကျေးလက်တောင်ပိုင်း (၁၉၄၇ ခုနှစ်) တိုင်းပြည်ပြုလွှတ်တော်အမတ်

ညောင်ရွှေစော်ဘွားကြီးက " ကျွန်ုပ်တို့ အင်မတန်မြတ်နိုးတဲ့ တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်တွေကိုများ ထိပါးကျူးကျော်ပြုလေမလားလို့လည်း အထင့်ထင့်ဖြစ်မယ်ဆိုလျှင် ဓမ္မတာအတိုင်း ကျွန်ုပ်တို့မလွန်ဘူးလို့ထင်ပါတယ်။ မတော်တဆ ဒီလိုမဖွယ်မရာ၊ မတရားမှုတွေ များ ဖြစ်ပေါ်လာလို့ရှိရင် အားနည်းတဲ့ဘက်က အစဉ်နေလာတဲ့ သခင်နုဟာ တရားလမ်းမှန်အတိုင်း ကျွန်ုပ်တို့ ဘက်က ရှုပ်ရှုပ်ချွံချွံ ကာကွယ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်အားထားပါတယ်။ (သြဘာသံများ) ကျွန်ုပ်တို့ သဘောကတော့ ရိုးရိုးနဲ့ခပ်ရှင်းရှင်းပဲ။ လောလောဆယ် အင်္ဂလိပ်ကျွန်ဘဝက လွတ်ချင်တယ်။ သည်လိုလွတ်လပ်ရေးရဖို့ ဗမာပြည်နဲ့ ပူးပေါင်းဆောင်ရွက်မှ ဖြစ်မယ်ဆိုပြီး ယုံကြည်လို့ ယခုဒီလွှတ်တော်မှာ ရောက်လာ ကြပါတယ်။ (သြဘာသံများ) ဒါပေမယ့် အင်္ဂလိပ်ကျွန်ဘဝကလွတ်ပြီး ပုခုံးပြောင်း အဖြစ် ဗမာတွေရဲ့ ကျွန်ဖြစ်သွားမှာကိုလည်း မလိုချင်ပါဘူး။ (ရယ်သံနှင့်သြဘာသံများ) နှစ်ဦးနှစ်ဘက်စလုံး လွတ်လပ်ကြီးပွားရေးအတွက် တန်းတူရည်တူ အခွင့်အရေးတွေနှင့် ပူးပေါင်းဆောင်ရွက်သွားကြဘို့ဆိုရင် အစဉ်သဖြင့် အဆင်သင့် ရှိတယ်ဆိုတာလည်း ရှင်းရှင်းဘွင်းဘွင်းပဲ ကတိပေးပါတယ်။ (သြဘာသံများ)"

ယင်းကဲ့သို့ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်က မိန့်ခွန်းမြွက်ကြားခြင်းသည် တန်းတူရေးကို ဘယ်လောက်မြတ်နိုးကြောင်း၊ တည်တံ့ခိုင်မြဲ၍ ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ထောင်ရေးအတွက် မည်မျှတန်ဖိုးထားကြောင်းတို့ကို ဖော်ပြသည့် ပင်လုံစိတ်ဓာတ်ကို ဖော်ထုတ်သွားခြင်းပင်ဖြစ်သည်။

ထိုမိန့်ခွန်းနှင့် ပတ်သက်၍ ရပလအဖွဲ့ခေါင်းဆောင်များသည်ပင်လျှင် ထိုစဉ်က စော်ဘွားကြီး စဝ်ရွှေသိုက် အပေါ်အမြင်မှာ ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ရှိသည်။ ဗမာတွေ အပေါ်စိုးရိမ်မှု လွန်ကဲလွန်းသည်။ အယုံအကြည်ကင်းမဲ့လွန်းသည်။ ရှမ်း - ဗမာ သွေးစည်းညီညွတ်ရေးကို ထိခိုက်စေနိုင်သည်ဟု သတ်မှတ်နိုင်ပေသည်။ ယခုအခါ နှစ်ပေါင်း (၅၀) ကျော်ခဲ့ပြီ။ ထိုစဉ်က စော်ဘွားကြီးစဝ်ရွှေသိုက်၏ မိန့်ခွန်းနှင့်ပတ်သက်၍ ဘယ်လို ထင်မြင်ပါသလဲ ဟု ယနေ့မေးလာလျှင် စော်ဘွားကြီးကပင် ကျဉ်းမြောင်းလွန်းသည်လား၊ တန်းတူရည်တူ ပြည်ထောင်စုကို မြတ်နိုးတန်ဖိုးထားသည်လား သို့မဟုတ် ရပလလူငယ် အပိုင်းကပဲ ဖဆပလကို ယုံကြည်မှုလွန်ကဲသည်လားဆိုသည်ကို သမိုင်းကဖြေဆိုနေပေပြီ။

# အခန်း (၇)
# ပင်လုံစာချုပ်နှင့် ဆက်စပ်သောပြင်ဆင်ရေးလုပ်ငန်းများ

# အခန်း (၇)

# ပင်လုံစာချုပ်နှင့် ဆက်စပ်သော ပြင်ဆင်ရေးလုပ်ငန်းများ

## (က) ရှမ်း၊ ကချင်၊ ချင်းတို့၏ ပြင်ဆင်ရေးလုပ်ငန်းများ

ပင်လုံစာချုပ်အရ မိုင်းပွန်စော်ဘွားကြီးအား ဗမာပြည်ဘုရင်ခံ၏ နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံဝန်ကြီးအဖြစ် ရွေးချယ်ခဲ့သည်။ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းဒေသများ အတွက် ဒုတိယအတိုင်ပင်ခံဝန်ကြီးများအဖြစ် ဆမားဒူးဝါးဆင်ဝါးနောင်နှင့် ဦးဝမ်ကိုဟော တို့အား အသီးသီးရွေးချယ်ခဲ့ကြသည်။ ဤသို့လျှင် ဗမာပြည်မနှင့် ပူးတွဲ၍ လွတ်လပ်ရေးယူဟူသော နယ်စပ်ဒေသ ဗမာပြည်မ နှင့် နယ်စပ်ဒေသများ ယာယီပူးပေါင်းခြင်းသာဖြစ်သည်။

ဗမာပြည်မနှင့် နယ်စပ်ဒေသများ ထာဝစဉ်ပူးပေါင်းခြင်း (ဝါ) အနာဂတ်ပြည်ထောင်စုနိုင်ငံတည် ဆောက်ခြင်းနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၆ - ၇) ရက်နေ့တွင်ပြဌာန်းသော ဆုံးဖြတ်ချက်၌ ဖော်ပြခဲ့သော်လည်း ဤကိစ္စများမှာ တိုင်းပြည်ပြုလွှတ်တော်မှ အသေးစိတ် ထပ်မံညှိနှိုင်းရန် ဖြစ်သဖြင့် ပင်လုံစာချုပ်တွင် ဖော်ပြထားခြင်းမပြုဘဲ ချန်လှပ်ခဲ့ကြသည်။

မိုင်းပွန်စော်ဘွားနှင့် ဦးကြာပုအမှူးပြုသော တောင်တန်းသားစည်းလုံးညီညွတ်ရေး အဖွဲ့ချုပ်၏ ဆွေးနွေးညှိနှိုင်းရေး ကော်မတီနှင့် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာကိုယ်စားလှယ်များ ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့က တွေ့ဆုံ ညှိနှိုင်းကြရာ နယ်စပ် ဒေသများ၏အတွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ သီးခြားကချင်ပြည်နယ် ထူထောင်ရေး၊ ဗဟိုဌာန၊ ဆိပ်ကမ်းအကောက်တော်အခွန်ဌာန စသည်တို့ကို ထားရှိရေး ဟူသော နယ်စပ်ဒေသကိုယ်စားလှယ်များ၏တင်ပြချက်ကို ဗိုလ်ချုပ်အောင်ဆန်းက (မူ) အားဖြင့် လက်ခံခဲ့သည်။

ဆုံးဖြတ်ချက် အမှတ် (၅) ဖြစ်သော လွတ်လပ်ရေးရရှိပြီးဖြစ်သည့်နောက် ပြည်ထောင်စုမှ အချိန် မရွေးခွဲထွက်ခွင့်ကိုမူ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်ပြုလွှတ်တော်ရောက်မှ ဆုံးဖြတ်ကြရန် ပန်ကြားခဲ့သည်။

အောင်ဆန်း - အက်တလီစာချုပ် အပိုဒ် ၈ (ဃ) အရ၊ နယ်စပ်ဒေသမှ ကိုယ်စားလှယ်များသည် အခြေခံဥပဒေအသစ်များ ရေးဆွဲရာတွင် ဘယ်ပုံဘယ်နည်း ပါဝင်ဆောင်ရွက်သင့်သည်ကို စုံစမ်းရန် လေဘာပါတီအမတ် ကာနယ်ရီးစ်ဝီလျံ (Lt. Col. D. R. Rees-Williams) ခေါင်းဆောင်သော နယ်စပ်စုံစမ်းရေးကော်မတီ (Frontier Areas Committee of Inquiry) တစ်ရပ် ဖွဲ့စည်းခဲ့ပေသည်။

ထိုစုံစမ်းရေးကော်မတီသည် ၁၉၄၈ ခုနှစ်၊ ဧပြီလတွင် လုပ်ငန်းစပြီး ဇွန်လ တိုင်းပြုပြည်ပြုလွှတ်တော် မတိုင်မီ အစီရင်ခံစာရေးသွင်းရမည်ဖြစ်ရာ နယ်စပ်ဒေသခေါင်းဆောင်များသည် ဗမာပြည်မနှင့် ပူးပေါင်းရေး (မူ) ကို စုံစမ်းရေးကော်မတီတွင် အစစ်ခံရန် ရှေ့တန်းသို့ထုတ်၍ အပူတပြင်း ဆွေးနွေးကြလေသည်။

နယ်စပ်ဒေသများတွင် ရွေးကောက်ပွဲ မဲဆန္ဒပေးပွဲများကို ဗြိတိသျှအုပ်ချုပ်ရေး လက်အောက်တွင် တကြိမ်တခါမျှ ကျင်းပခြင်းမရှိခဲ့ရာ ဗမာပြည် တိုင်းပြုပြည်ပြု လွှတ်တော်သို့ နယ်စပ်ဒေသများမှ ကိုယ်စားလှယ်စေလွှတ်ရေးနှင့်ပတ်သက်၍ နယ်စပ်ဒေသခေါင်းဆောင်များ အချင်းချင်း ညှိနှိုင်းကြသည်။

ဗမာပြည်မအတွက် အောင်ဆန်း - အက်တလီစာချုပ် အပိုဒ် (၁) အရ ၁၉၃၅ ခုနှစ် အက်ဥပဒေအသုံးပြု၍ ကိုယ်စားလှယ်များကို ပြည်သူ့မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပေသည်။ နယ်စပ်ဒေသများမှာ ရွေးကောက်ပွဲ အတွေ့အကြုံ တကြိမ်တခါမျှ မရှိခဲ့လေရာ တိုတောင်းသောကာလအတွင်း မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ရန်မဖြစ်နိုင်ချေ။ ထို့ကြောင့် နယ်စပ်ဒေသခေါင်းဆောင်များသည် ဒေသအခြေအနေအလိုက် ကိုယ်စားလှယ်များကို ရွေးချယ်ခန့်ထားကြရန် သဘောတူကြသည်။

ရှမ်းပြည်အတွင်း စစ်မဖြစ်မီက တည်ရှိခဲ့သောစော်ဘွားများသာပါဝင်သည့် ရှမ်းပဒေသရာဇ်ကောင်စီ ကို ပြန်လည်ဖွဲ့စည်းရန် ဗမာပြည်ဘုရင်ခံက ရှမ်းပြည်စော်ဘွားများအား ဆင့်ခေါ်ခဲ့သည်ကို ပင်လုံညီလာခံအတွင်း စော်ဘွားများနှင့် လူထုခေါင်းဆောင်များပူးပေါင်း၍ အောင်မြင်စွာ တိုက်ဖျက်ခဲ့သည်။

စော်ဘွားများကောင်စီဟောင်းတစ်ဝက်၊ လူထုကိုယ်စားလှယ်တစ်ဝက်ပါဝင်သော ရှမ်းပြည်ကောင်စီ ကို ဖွဲ့စည်းရန်တောင်းဆိုခဲ့သည်။ ထိုရှမ်းပြည်ခေါင်းဆောင်ကို အောက်ပါ အတိုင်း ဖွဲ့စည်းတည်ထောင်ရန် စော်ဘွားများကောင်စီက ဆုံးဖြတ်ခဲ့သည်။

## ရှမ်းပြည်ကောင်စီ[33]

၁။ ထိုကောင်စီကို ရှမ်းပြည်ကောင်စီဟု ခေါ်တွင်စေရမည်။

၂။ ကောင်စီတွင်စော်ဘွားများ၏ ကိုယ်စားလှယ်များနှင့် လူထုကိုယ်စားလှယ်များ ညီတူညီမျှ ပါဝင်စေရမည်။ (စော်ဘွား ၃၃ ဦးနှင့် လူထုကတင်မြှောက်သည့် ကိုယ်စားလှယ် ၃၃ ဦး)

၃။ ယခုလောလောဆယ်အရေးများအတွက် လူထုကိုယ်စားလှယ်များ အရည်အချင်းလိုက်၍ တင်မြှောက်ရန်။ သို့သော် ရွေးကောက်ပွဲ ပြုလုပ်သည့်အခါတွင် အဓိကအချက်မှာ လူဦးရေ အလိုက်ရွေးချယ်ရန်ဖြစ်သည်။

၄။ ကောင်စီတွင် တက်ရောက်ရန် လူထုကိုယ်စားလှယ်များတင်မြှောက်ရေးကို ယခုလက်ရှိ လူထုကိုယ်စားလှယ်များသို့ လွှဲအပ်၍ လက်ရှိကိုယ်စားလှယ်များက ရှမ်းပြည်၏အကျိုးစစ်စစ်ကို စိတ်ဝယ်ထားသော ပုဂ္ဂိုလ်များအားခေါ်ယူ၍ အကြံအဉာဏ်အကူအညီတောင်း ယူနိုင်သော အာဏာများထားရှိစေရမည်။

၅။ ဤကောင်စီကို အောက်ပါအာဏာများနှင့် အပ်နှင်းထားရမည်။

(က) ဥပဒေပြုအာဏာ၊

(ခ) အုပ်ချုပ်ရေးအာဏာ နှင့်

(ဂ) ဘဏ္ဍာရေးအာဏာ။

33 The Secretary of State of Burma to Parliament (1947), Report of Frontier Areas Committee Enquiry, 1947, Appendix 1, The Shan States Council, p. 5 - 6

၆။ ကောင်စီဝင်များထဲမှ အမှုဆောင် ၈ ဦး (စော်ဘွား ၄ ဦး၊ လူထုကိုယ်စားလှယ် ၄ ဦး) ရွေးချယ်၍ ရှမ်းပြည်အစိုးရ အုပ်ချုပ်ရေးဌာနများအားလုံးကို ၎င်းအမှုဆောင်အဖွဲ့မှ ဦးစီးတာဝန်ယူရန်။

၇။ အပိုဒ် ၃နှင့်၄အရ၊ ရည်ရွယ်ထားသည့်ကောင်စီနှင့် အမှုဆောင်အဖွဲ့မပေါ်ပေါက်လာမီ အချိန်အတွင်း လက်ရှိရှမ်းစော်ဘွားများ ကောင်စီအမှုဆောင်အဖွဲ့နှင့် လူထုကိုယ်စားလှယ် ၂ ယောက်တို့ ပူးပေါင်းဆောင်ရွက်သွားရန်။

၈။ ရှမ်းပြည်စော်ဘွားများ ဘဏ္ဍာတော်ရံပုံငွေကို ပြန်လည်ထားရှိ၍ အမှုဆောင်အဖွဲ့၏ ဘဏ္ဍာရေးအာဏာ အတွင်းရှိစေရမည်။

(ပုံ) ခွန်ပန်းစိန် (ဥက္ကဋ္ဌ)

ရှမ်းစော်ဘွားများကောင်စီ

တောင်ကြီးမြို့ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်။

အထက်ပါ ၅ ၏ အဆက်၊ (ဃ) တရားစီရင်ရေး၊ ရှမ်းပြည်နယ်အတွက် ရှမ်းပြည်နယ်အတွင်း သီးခြား တရားလွှတ်တော် ရှိစေရမည်။

အထက်ပါ ၆ ၏ အဆက်၊ အဖွဲ့ဝင် (၈) ယောက်မှာ များသည်ဟုယူဆလျှင် အရေးကြီးသောဌာန ၄ - ၅ ဌာနမျှနှင့် စတင်ဆောင်ရွက်သွားရန်။

(ပုံ) ခွန်ပန်းစိန် (ဥက္ကဋ္ဌ)

ရှမ်းပြည်နယ်များကောင်စီ

မေမြို့ ၁၉၄၇ ခုနှစ်၊ မေ ၂၁ ရက်။

ဗမာပြည် တိုင်းပြည်ပြုလွှတ်တော်သို့ ရှမ်းပြည်မှ ကိုယ်စားလှယ်များစေလွှတ်ရန်ကိစ္စ အတွက် စော်ဘွား (၃၃) ဦး၊ လူထုကိုယ်စားလှယ် (၃၃) ဦး ပါဝင်သော ထိုရှမ်းပြည်ကောင်စီမှ ရွေးချယ်ခန့်ထားရန် သဘောတူညီကြပြီး နယ်စပ်ဒေသ စုံစမ်းရေးကော်မတီတွင် တိုင်းပြည်ပြု လွှတ်တော်၌ ပါဝင်ပုံနည်းလမ်းနှင့် ရှမ်းပြည်၏ လိုလားချက်များကို အောက်ပါအတိုင်း တင်ပြရန် ဆုံးဖြတ်ကြသည်။

သက်ဆိုင်ရာအစိုးရများသို့ နယ်စပ်ဒေသစုံစမ်းရေးကော်မရှင်က အစီရင်ခံစာတင်သွင်းသည့်အခါ အောက်ပါ တိကျမှန်ကန်သော အချက်အလက်များကို စဉ်းစားရန် ရှမ်းပြည်နယ်များကလိုလားပါသည်။

(၁) ရှမ်းပြည်သည် လာမည့်တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးတွင် ပါဝင်ဆင်နွှဲမည့် ကိုယ်စားလှယ်များကို ရှမ်းပြည်နယ်ကောင်စီက လူဦးရေအလိုက် တင်မြှောက်ရမည်။

(၂) တိုင်းပြုပြည်ပြုလွှတ်တော်အတွင်းတွင် ရှမ်းပြည်ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံသော မဲအများစုကို အတိအကျမရရှိဘဲ၊ ရှမ်းပြည်နယ်နှင့်သက်ဆိုင်သော ကိစ္စရပ်များအပေါ်တွင် ဆုံးဖြတ်ချက်ချခြင်း၊ သို့မဟုတ် နောင်အနာဂတ်ကာလတွင် ပြဋ္ဌာန်းမည့် ပြည်ထောင်စုနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ရှမ်းပြည်အား ထိခိုက်စေမည့် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်းများကို မပြုရ။

(၃) မြန်မာပြည်နှင့် ဆက်ဆံရာတွင် ပြည်ထောင်စုမူအရဖြစ်စေ၍

(က) တန်းတူညီမျှသော အခွင့်အရေးနှင့်အဆင့်အတန်း၊

(ခ) ရှမ်းပြည်အတွက် ရာခိုင်နှုန်းပြည့်ကိုယ်ပိုင်အုပ်ချုပ်ရေး၊

(ဂ) လွတ်လပ်ရေးရပြီးသည့်နောက် အချိန်မရွေး ပြည်ထောင်စုမှ ခွဲထွက်နိုင်ခွင့်ရှိစေရမည်။

(၄) ရှမ်းပြည်တစ်ပြည်တည်းနှင့်ဆောင်ရွက်ခြင်းမပြုနိုင်သည့် အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို အားလုံးက ပူးပေါင်းဆောင်ရွက်ရန်။

ဥပမာ ...

(က) ကာကွယ်ရေး

(ခ) နိုင်ငံခြားနှင့် ပြည်ပရေးရာကိစ္စများ

(ဂ) မီးရထား၊ စာတိုက်နှင့် ကြေးနန်း

(ဃ) ဒင်္ဂါးသွန်းခပ်ရေးနှင့် ငွေစက္ကူထုတ်လုပ်ရေး

(င) အကောက်တော် အစရှိသည့် တိုင်းပြုပြည်ပြုလွှတ်တော်က ပြည်နယ်အားလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များဟု လက်ခံသတ်မှတ်သည့်ကိစ္စရပ်များ။

(၅) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အဓိပ္ပါယ်ပိုင်းခြားဖော်ပြရမည့် တရားလွှတ်တော်ချုပ် တရားဝန်ကြီးများကို ရွေးချယ်ခန့်ထားခြင်းတို့သည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် နယ်စပ်ဒေသဝန်ကြီးအများစု၏ သဘောတူညီမှုကိုရယူသည့် အစဉ်အလာတစ်ရပ် ထားရှိစေရမည်။

## (ခ) တောင်တန်းသားများ ညီညွတ်ရေးအဖွဲ့ ညောင်ရွှေဟော်တွင် အစည်းအဝေးပြုလုပ်ခြင်း[34]

ရှမ်းပြည်၏ နမူနာအတိုင်း ကချင်ကိုယ်စားလှယ်များကလည်း ဆောင်ရွက်ရန် သဘောတူညီသည့် အလျောက် ၁၉၄၇ ခုနှစ် ၊မတ်လ ၁၈ ရက်နေ့မှ ၂၇ ရက်နေ့အထိ ညောင်ရွှေမြို့ ညောင်ရွှေစော်ဘွားကြီး၏ဟော်တွင် ကျင်းပသော တောင်တန်းသား စည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့ချုပ်၏ ညီလာခံမှ အောက်ပါအတိုင်း ဆုံးဖြတ် အတည်ပြုကြသည်။

(၁) တောင်တန်းဒေသမှ တိုင်းပြုပြည်ပြုလွှတ်တော်သို့ စေလွှတ်သည့် ကိုယ်စားလှယ်များကို လူမျိုးဘာသာမရွေးဘဲ ပညာအရည်အချင်းကိုသာ အဓိကထား၍ ပြည်နယ်ကောင်စီများက အချိုးကျရွေးချယ်စေလွှတ်ရန်။

34 Report of Frontier Areas Committee, 1947, Appendix 1, Decisions and Resolutions of the Meeting of the Supreme Council of the United Hill Peoples held in Yawnghwe lfaw, Yawnghwe, from 18th to 25th March 1947, p. 6

(၂) မြန်မာပြည်တိုင်းပြုပြည်ပြုလွှတ်တော်တွင် လူဦးရေအလိုက် ကိုယ်စားလှယ်စေလွှတ်၍ ပါဝင်ဆောင်ရွက်ရန်။ သို့သော် သီးခြားဒေသတစ်ခုခုနှင့် ပတ်သက်သောကိစ္စများတွင် ထိုဒေသမှ ကိုယ်စားလှယ်များအနက် သုံးပုံနှစ်ပုံ မဲအများစုမရရှိဘဲ မည်သည့်ဆုံးဖြတ်ချက်မှ ချမှတ်ခြင်းမပြုရ။*

(က) အားလုံးအတွက် တန်းတူညီမျှအခွင့်အရေး။

(ခ) တောင်တန်းဒေသကိုယ်စားလှယ်များအားလုံးအတွက် ပြည့်ဝသော ပြည်တွင်းကိုယ်ပိုင်အုပ်ချုပ်ရေး။

(ဂ) လွတ်လပ်ရေးရရှိပြီးသောအခါ အချိန်မရွေး ဗမာပြည်မှ ခွဲထွက်နိုင်သည့် အခွင့်အရေး။

(၃) နိုင်ငံခြားတိုင်းပြည်များနှင့် စာချုပ်ခြင်း၊ နိုင်ငံခြားသို့ပို့သော သံတမန်များခန့်ထားခြင်း စသည်တို့ကို တောင်တန်းပြည်နယ်များအား ရှေးဦးစွာတိုင်ပင်ပြီးမှ ပြုလုပ်ရမည်ဟု လာမည့်မြန်မာဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ရေးသားထည့်သွင်းပြဋ္ဌာန်းရန် ဆုံးဖြတ်သည်။

(၄) ကာကွယ်ရေးစသည့်ပြည်နယ်အားလုံးနှင့် သက်ဆိုင်သောကိစ္စရပ်များတွင် မြန်မာမဲဘယ်မျှပင်များစေကာမူ ကိုယ်စားလှယ်များ၏မဲများစုက ထောက်ခံချက်မရဘဲ ဆုံးဖြတ်ချမှတ်ခြင်းမပြုရ။

(၅) တောင်တန်းဒေသ၏ အခွင့်အရေးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းအားဖြင့်ဖြစ်စေ၊ ထိခိုက်လျော့ပါးစေမည့် အခြေခံဥပဒေပြုပြင်ပြောင်းလဲခြင်းတို့ကို ထိုဒေသများမှ ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံသောမဲများ၊ အများစုကို မရရှိဘဲ ပြုပြင်ပြောင်းလဲခြင်းမပြုရဟု ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

(၆) အခြေခံဥပဒေကို အဓိပ္ပါယ်ဖော်ထုတ်ခြင်း၌ ကွဲလွဲမှုရှိပါက ထိုကိစ္စကိုဆုံးဖြတ်ပေးရန်၊ ရန်ကုန်မြို့ရှိ (High Court) တရားလွှတ်တော်** သို့ တင်ပြ၍ တရားဝန်ကြီးချုပ်နှင့် အခြားတရားဝန်ကြီး နှစ်ဦးပါဝင်သော တရားခွင်က ဆုံးဖြတ်ပေးရမည်။

(၇) ပြည်ထောင်စုဝန်ကြီးအဖွဲ့တွင် မြန်မာပြည်မဝန်ကြီးများသည် တောင်တန်းဒေသဝန်ကြီးများ၏ အရေအတွက်ထက် မပိုစေရ။

* ဘာသာစကားနှင့် ဓလေ့ထုံးစံကွဲလွဲခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကို တွေ့ကြုံရသော ချင်းအမျိုးသားအတွက် အထူးအခွင့်အရေး။

** (Supreme Court) တရားလွှတ်တော်ချုပ် တရားဝန်ကြီးများကို ခန့်ထားခြင်း သို့တည်းမဟုတ် ရွေးချယ်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် နယ်စပ်ဒေသဝန်ကြီးများ၏ သဘောတူညီမှုကို ရယူသည့်အစဉ်အလာတစ်ရပ်ထားရှိရမည်။

နယ်စပ်ဒေသစုံစမ်းရေးကော်မရှင်သည် မေမြို့၌ စစ်ဆေးသည့်အခါ ရှမ်းပြည်မှ ကိုယ်စားလှယ်အဖွဲ့ (၁၀) ဖွဲ့၊ ဗန်းမော်နှင့်မြစ်ကြီးနား ဒိစ တြိတ်များမှ ကချင်ကိုယ်စားလှယ် အဖွဲ့ (၈) ဖွဲ့နှင့် ချင်းတောင်တန်း ကိုယ်စားလှယ်အဖွဲ့ (၁၀) ဖွဲ့အနက် အများစုတို့သည် အထက်ဖော်ပြပါ ညောင်ရွှေဟော်တွင် ကျင်းပခဲ့သော တောင်တန်းသားစည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်သဘောထားအတိုင်း အစစ်ခံခဲ့ကြသည်။

ထို့ကြောင့် စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ အပိုင်း (၃) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ နယ်စပ်ဒေသများ၏ အနာဂတ်အရေး။ ။ ရှမ်းပြည်နယ်နှင့် ကချင်တောင်တန်းမှ သက်သေများသည် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အဖြစ် ဖွဲ့စည်းပါဝင်သော ဗမာ ပြည်ထောင်စုဖွဲ့စည်းရန် အပြင်းအထန်လိုလားကြောင်း၊ ပြည်ထောင်စုအတွင်းရှိ မိမိ တို့ပြည်နယ်များအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိနိုင်သမျှ ရရှိရန်ဆန္ဒရှိကြကြောင်း၊ သို့သော်လည်း အများနှင့်သက်ဆိုင်သောဌာနအချို့ကို ပြည်ထောင်စုသို့ လွှဲအပ်ရန် သဘောတူညီကြကြောင်း။

တိုင်းပြည်ပြုလွှတ်တော်သို့ ရှမ်းပြည်မှ ကိုယ်စားလှယ် (၂၅) ဦး စေလွှတ်ရမည်ဖြစ်ရာ ကိုယ်စားလှယ်ဦးရေကို အောက်ပါအတိုင်း ခွဲဝေသတ်မှတ်ပါသည်။

၁။ စော်ဘွား (၁၁) ဦး

၂။ လူထုကိုယ်စားလှယ် (၁၁) ဦး

၃။ ကိုးကန့်နယ်ကိုယ်စားလှယ် (၁) ဦး

၄။ ရှမ်းပြည်မြောက်ပိုင်းရှိ ကချင်အမျိုးသားကိုယ်စားလှယ် (၂) ဦး

စုစုပေါင်း (၂၅) ဦး

## (ဂ) တောင်တန်းဒေသများ အထူးစုံစမ်းစစ်ဆေးရေးကော်မတီ၏ စုံစမ်းစစ်ဆေးတွေ့ရှိတင်ပြချက်[35]

တောင်တန်းဒေသနယ်မြေများရှိ လူထု၏သဘောထားရယူရန် တောင်တန်းဒေသများ အထူးစုံစမ်းစစ်ဆေးရေးကော်မတီ၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းကို ၁၉၄၇ ခု၊ မတ်လ(၁၈) ရက်နေ့မှ ၁၉၄၇ ခု၊ ဧပြီလ (၂၁) ရက်နေ့အထိ အချိန်ယူတွေ့ဆုံမေးမြန်းပြီးနောက် ၁၉၄၇ ခု၊ ဧပြီလ (၂၄) ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းနိုင်ခဲ့ပေသည်။

## တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံတော် အုပ်ချုပ်ရေးဥပဒေသစ်အတိုင်း ဆောင်ရွက်ရာ၌ နယ်ခြားသားများ ပေါင်းစည်းဆက်ဆံနိုင်ရန် အကောင်းဆုံးသောနည်းစနစ်ရှာဖွေရန်အတွက် စုံစမ်းရေးကော်မတီတစ်ခုကို ချက်ချင်းတည်ထောင်ရန် ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံတော်ရပ်ကွက်ဒေသမှ အမှုဆောင်ကောင်စီအဖွဲ့က တင်မြှောက်သော အဖွဲ့ဝင်များ နှင့် နယ်ခြားဒေသခေါင်းဆောင်များ တိုင်ပင်နှီးနှောလျက် တင်မြှောက်သောအဖွဲ့ဝင်များ၊ ထိုကော်မတီတွင် ဦးရေအညီအမျှပါဝင်လိမ့်မည့်ပြင်၊ သဘောတူရွေးချယ်သော မြန်မာ နိုင်ငံတော်အပြင်အပ မှ ကြားနေပုဂ္ဂိုလ်တစ်ဦး

35 The Secretary of State of Burma to Parliament (1947), Report of The Frontier Areas Committee of Enquiry, 1947, LONDON, HIS JAJESTY'S STATIONERY OFFICE.
The Secretary of State of Burma to Parliament (1947), Report of The Frontier Areas Committee of Enquiry, 1947, LONDON, HIS JAJESTY'S STATIONERY OFFICE.
ကာနယ်ရီးစ်ဝီလျံ၏ လေ့လာတွေ့ရှိချက်များကို Lord Pethick Lawrence* (Secretary of State for India and Burma) သို့ပေးပို့သောကြေးနန်းစာ
Hugh Tinker (ed.) (1984), BURMA: The Struggle for Independence (1948 – 1944), Vol. 2, No. 336, Report of the Frontier Areas Committee of Enquiry: Chapter 3, IOR: M/2854/4, Maymyo, 24 April 1947, pp. 492 – 483
* Lord Pethick-Lawrence သည် အိန္ဒိယနိုင်ငံနှင့် ဗမာနိုင်ငံဆိုင်ရာဝန်ကြီးတာဝန်ကို (၁၉၄၅ - ၁၉၄၇) ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကို ဥက္ကဋ္ဌခန့်ထားမည်ဖြစ်ကြောင်း ဤကော်မတီက တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေး မစမီ အစီရင်ခံစာတင်သွင်းရန် တောင်းဆိုမည်ဟု အောင်ဆန်းအက်တလီစာချုပ် အပိုဒ် (၈)၊ အပိုဒ်ခွဲ (ဃ) တွင် ဖော်ပြခဲ့ သည်။ ပင်လုံညီလာခံတွင် ရရှိခဲ့သော သဘောတူညီချက်များကို တွေ့မြင်ရသောအခါ ဗြိတိသျှအစိုးရသည် တောင်တန်းဒေသ ပြည်သူလူထု၏သဘောထားကို ဗမာခေါင်းဆောင် များနှင့် တောင်တန်းဒေသခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် လည်း ရရှိနိုင်မည်ဟု ထင်မြင်လာသည်။ ဗမာခေါင်းဆောင်တို့ကလည်း ပင်လုံညီလာခံကြီး ကို အောင်မြင်စွာကျင်းပနိုင်သဖြင့် တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းရန်မလိုအပ် တော့ဟု ယူဆလာခဲ့သည်။ သို့သော် ဘုရင်ခံဆာဟူးဗတ်ရန့်(စ်) နှင့် ဘော်တွမ်လေတို့က တောင်တန်း ဒေ စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းရန် လိုအပ်ကြောင်း အကြံပေးသောကြောင့်သာ ထိုအဖွဲ့ကို ဖွဲ့စည်း၍ တောင်တန်းဒေသ၏ သဘောထားကို စုံစမ်းရန်လက်ခံပြီး လုပ်ငန်းများ ကို ဆက်လက်ဆောင်ရွက်ခဲ့ကြလေသည်။

တောင်တန်းဒေသစုံစမ်းရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် ဗြိတိသျှအစိုးရက အကြံပြု သော ရီး(စ်)ဝီလျံ အား ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ကျင်းပသော ဘုရင်ခံ၏အမှုဆောင် (ဝန်ကြီး) အဖွဲ့အစည်းအဝေးက သဘောတူလက်ခံခဲ့သည်။ တောင်တန်း ဒေသ စုံစမ်းရေးအဖွဲ့တွင် ပါဝင်ကြမည့်ပုဂ္ဂိုလ် အချို့ကိုလည်း ဖေဖော်ဝါရီလအတွင်းကပင် ဘုရင်ခံ၏အမှုဆောင် (ဝန်ကြီး) အဖွဲ့က လျာထား သတ်မှတ်ခဲ့သည်ကိုတွေ့ရ၏။ မြန်မာနိုင်ငံမှ လန်ဒန်သို့ ပြန်လည်ရောက်ရှိလာခဲ့သော ဘော်တွမ်လေက မြန်မာ့နိုင်ငံရေး အခြေအနေမှာ လျင်မြန်စွာပြောင်းလဲနေသောကြောင့် တောင်တန်းဒေသ စုံစမ်းရေးလုပ်ငန်းများကို အချိန် ဆွဲ၍ မနေသင့်ကြောင်း ရီး(စ်)ဝီလျံအား အကြံပြုခဲ့သည်။

အဖွဲ့ဥက္ကဋ္ဌ ရီး(စ်)ဝီလျံသည် ၁၉၄၇ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်လာ သည်။ ရီး(စ်)ဝီလျံရောက်ရှိပြီးနောက် မကြာမီတွင်ပင် အဖွဲ့ဝင်များအဖြစ် မြန်မာပြည်မဘက် မှ ဝန်ကြီး ဦးတင်ထွဋ်၊ ဖဆပလ ဒုဥက္ကဋ္ဌ သခင်နု၊ ဖဆပလအဖွဲ့ဝင် ဗိုလ်ခင်မောင်ကလေးနှင့် ဝန်ကြီးဦးကျော်ငြိမ်း၊ တောင်တန်းဒေသဘက်မှ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ ဆမားဒူးဝါး ဆင် ဝါးနောင်၊ ဦးဝမ်ကိုဟော၊ စောစံကေတို့ ပါဝင်သော တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်း ခဲ့သည်။ ထိုအဖွဲ့၏ အတွင်းရေးမှူးအဖြစ် လက်ဒဝစ်က ဆောင်ရွက်၍ တွဲဘက်အတွင်းရေးမှူး အဖြစ် ဦးထွန်းဖေကဆောင်ရွက်သည်။ လက်ထောက်အတွင်းရေးမှူးအဖြစ် ဗိုလ်မှူးရှမ်းလုံ

က ဆောင်ရွက်သည်။ ဦးကျော်ငြိမ်းမှာ ရန်ကုန်မြို့တွင် တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ ရုံးထိုင်၍ ကြားနာစုံစမ်းချိန်အထိသာ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ မေမြို့သို့ ပြောင်းရွှေ့ရုံးထိုင်သောအခါ မိမိတွင် တာဝန်များပြားသည်ဟု အကြောင်းပြကာ အဖွဲ့မှနုတ်ထွက်ခဲ့သည်။ ရီး(စ်)ဝီလျံကမူ ဦးကျော်ငြိမ်းနုတ်ထွက်ခြင်းမှာ တာဝန်ဝတ္တရား များပြားသောကြောင့် မဟုတ်ဘဲ စောမြင့်သိန်းအား ကော်မတီဝင်အဖြစ် ထည့်သွင်းလိုသောကြောင့် ဖြစ်တန်ရာသည်ဟုဆိုသည်။ မေမြို့တွင် စုံစမ်းရေးအဖွဲ့ရုံးထိုင်၍ တောင်တန်းဒေသ ကိုယ်စားလှယ်များ၏ ထွက်ဆိုချက်များကို ကြားနာနေစဉ် ဦးကျော်ငြိမ်းသည် လေ့လာသူအဖြစ် တက်ရောက်နားထောင်သည်ကများ၏။ ထို့ကြောင့်လည်း ရီး(စ်)ဝီလျံက ယင်းသို့ယူဆခြင်းဖြစ်ပေသည်။

တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ဝင်များမှာ အကြံပေးပုဂ္ဂိုလ်တစ်ဦးစီ ထားပိုင်ခွင့်ရကြသည်။ သို့သော် အဖွဲ့ဝင်တိုင်းတွင် အကြံပေးပုဂ္ဂိုလ်တစ်ဦးစီ ရှိသည်မဟုတ်ပေ။ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးဝမ်ကိုဟော၏ တင်ပြချက်အရ စုံစမ်းရေးအဖွဲ့၏ အစည်းအဝေးများသို့ အကြံပေးပုဂ္ဂိုလ်များ တက်ရောက်ခွင့်ရကြသည်။ သို့သော် ပါဝင်ဆွေးနွေးခွင့်မရကြပေ။ စုံစမ်းရေးအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသော အကြံပေးပုဂ္ဂိုလ်တို့မှာ (၁) မိုင်းပွန်စော်ဘွားစဝ်စံထွန်း၏ အကြံပေးပုဂ္ဂိုလ် စဝ်ဘွန်ဝပ်၊ (၂) ဆမားဒူးဝါးဆင်ဝါးနောင်၏ အကြံပေးပုဂ္ဂိုလ် ဦးလဘန် ဂရောင်၊ (၃) ဦးဝမ်ကိုဟော၏ အကြံပေးပုဂ္ဂိုလ် ဦးထောင်ကျင့်ထန်တို့ဖြစ်ကြပေသည်။ တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့သည် အသွားအလာ အဆင်ပြေလွယ်ကူမှုကို ရှေးရှု၍ ရခိုင်တောင်တန်းဒေသနှင့် သံလျင်ခရိုင်တို့မှ ကိုယ်စားလှယ်များ၏ ထွက်ဆိုချက်များကို ရန်ကုန်မြို့တွင် ကြားနာရန်နှင့် အခြားတောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များ၏ ထွက်ဆိုချက်များကို မေမြို့တွင် ကြားနာရန်စီစဉ်ခဲ့သည်။

## တောင်တန်းဒေသခရီး

အဖွဲ့ဥက္ကဋ္ဌ ရီး(စ်)ဝီလျံသည် တောင်တန်းဒေသမှကိုယ်စားလှယ်တို့ကို တွေ့ဆုံမေးမြန်းခြင်းမပြုမီ တောင်တန်းဒေသခေါင်းဆောင် အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိခဲ့သည်။ ထို့ကြောင့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးတင်ထွဋ်၊ ဗိုလ်ခင်မောင်ကလေးတို့နှင့်အတူ ၁၉၄၇ ခုနှစ်၊ မတ်လ (၇) ရက်နေ့မှ (၁၇) ရက်နေ့အထိ ကချင်၊ ရှမ်းနှင့် ကရင်နီနယ်များသို့ ခရီးထွက်ခဲ့သည်။ ၎င်းတို့အဖွဲ့သည် ရန်ကုန်မှ မြစ်ကြီးနားသို့ လေယာဉ်ဖြင့်ထွက်ခွာပြီး မြစ်ကြီးနားမှ ဗန်းမော်၊ လားရှိုး၊ လွိုင်လင်၊ တောင်ကြီး၊ လွိုင်ကော်၊ မော်ချီး၊ တောင်ငူသို့ ကားဖြင့်သွားကာ မတ်လ (၁၇) ရက်နေ့တွင် တောင်ငူမှရန်ကုန်သို့ ကားဖြင့်ပြန်လာခဲ့ကြသည်။ ဦးတင်ထွဋ်နှင့် ဗိုလ်ခင်မောင်ကလေးတို့မှာ ခရီးစဉ်အစအဆုံး လိုက်ပါခြင်းမရှိဘဲ လားရှိုးအထိသာ လိုက်ပါခဲ့ပြီး မန္တလေးနှင့် မိတ္ထီလာမှတစ်ဆင့် ရန်ကုန်မြို့သို့ပြန်ခဲ့ကြသည်။

## လုပ်ငန်းစဉ်

တောင်တန်းဒေသစုံစမ်းရေးအဖွဲ့၏ ပထမအစည်းအဝေးကို ၁၉၄၇ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့တွင် ကျင်းပသည်။ ထိုအစည်းအဝေးတွင် စုံစမ်းရေးအဖွဲ့ထံသို့ လာရောက်ထွက်ဆိုကြမည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား မေးမြန်းမည့်မေးခွန်းများကို ရွေးချယ်စိစစ်အတည်ပြုကြသည်။ အခြေခံ မေးခွန်းပေါင်း (၁၈) ခုရသည်။ ယင်းတို့အနက် အရေးပါသော မေးခွန်းတို့မှာ ....

တိုင်းပြည်ပြုလွှတ်တော်၏ လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ကိုယ်စားလှယ် စေလွှတ်မည်လား။ စေလွှတ်မည်ဆိုလျှင် ကိုယ်စားလှယ်ဦးရေ မည်မျှလွှတ်လို၍ ကိုယ်စားလှယ်တို့ကို မည်သို့ရွေးချယ်မည်နည်း။ တိုင်းပြည်ပြုလွှတ်တော်တွင် ပါဝင်ဆောင်ရွက်ခြင်းသည် သင်တို့၏ ဒေသအား စည်းလုံးညီညွတ်သော မြန်မာနိုင်ငံအတွင်းပါဝင်ခြင်း FR ဖြစ်သည်ဟု ဆိုနိုင်ပါသလား။ မြန်မာနိုင်ငံနှင့်ပေါင်းစည်း၍ နေလိုသလော။ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင် အဖြစ်ဖြင့် နေလိုသလော။ တိုင်းပြည်ပြုလွှတ်တော်သည် တောင်တန်းဒေသများ၏ ပြည်နယ်တွင်း ရေးရာကိစ္စများနှင့်စပ်လျဉ်း၍ မည်သို့စီစဉ်ဆောင်ရွက်သင့်သနည်း။ ဗဟို အစိုးရနှင့် ပြည်နယ်အစိုးရတို့ ကိုင်တွယ်ဆောင်ရွက်ရမည့်အရေးကိစ္စတို့ကို လျာထား

သတ်မှတ်ပေးရန် ကော်မတီတစ်ရပ် ဖွဲ့စည်းသင့်ပါသလား။ မည်သည်တို့သည် ပြည်ထောင်စု အစိုးရက ကိုင်တွယ်ရမည့် တစ်နိုင်ငံလုံးနှင့်ဆိုင်သော အရေးကိစ္စများ ဖြစ်သင့်သနည်း။ သင်တို့၏ဒေသကို နယ်နမိတ်သတ်မှတ်ရန် လေ့လာစူးစမ်းလျှာထားပြီးပြီလား။ မြန်မာ နိုင်ငံအနေဖြင့် ဓနသဟာယအဖွဲ့ဝင်ဖြစ်ခြင်း၊ မဖြစ်ခြင်းသည် သင်တို့အတွက် ထူးခြားမှု ရှိပါသလား။ သဘောတူညီချက်များအတိုင်း မြန်မာနိုင်ငံဗဟိုအစိုးရက လိုက်နာဆောင်ရွက် စေရန် မည်သို့သော အကာအကွယ်များ ယူလိုသနည်းဟူ၍ဖြစ်သည်။ မေးခွန်းများကို စုံစမ်းရေးအဖွဲ့ထံသို့ လာရောက်ထွက်ဆိုကြမည့် ကိုယ်စားလှယ်တို့ထံသို့ အနည်းဆုံး(၂၄) နာရီ ကြိုတင်၍ ဝေငှထားခဲ့သည်။

တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့သည် ၁၉၄၇ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့မှ (၂၆) ရက်နေ့ အထိ ရန်ကုန်မြို့တွင် ရုံးထိုင်၍ သံလွင်ခရိုင် ရွှေကျင်နယ်၊ ရခိုင်တောင်တန်းဒေသနှင့် ကရင်လူငယ်များ အစည်းအရုံးတို့မှ ကိုယ်စားလှယ်များ၏ ထွက်ဆိုချက်များကို ကြားနာသည်။ ထိုနောက် မေမြို့သို့ ပြောင်းရွှေ့၍ ရုံးထိုင်သည်။ ဥက္ကဋ္ဌ ရီး(စ်)ဝီလျံသည် မေမြို့သို့ ရောက်လျှင်ရောက်ချင်း စုံစမ်းရေးအဖွဲ့၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့ပေ။ ၁၉၄၇ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့တွင် ကျင်းပသော တောင်တန်းဒေသစုံစမ်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ရွေးကောက်ပွဲပြီးချိန် အထိ စောင့်ဆိုင်းခဲ့ရသည်။ ဧပြီလ (၁၀) ရက်နေ့တွင်မှ တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့အစည်းအဝေးကို ကျင်းပနိုင်ခဲ့သည်။ ထိုနေ့တွင်ပင် သခင်နုရောက်ရှိလာသဖြင့် ဧပြီလ (၁၁) ရက်နေ့တွင် စီစဉ်ထားသည့်အတိုင်း စုံစမ်းရေးအဖွဲ့၏ ကြားနာရေးလုပ်ငန်းများကို ပြန်လည်စတင်နိုင်ခဲ့ပေသည်။ စုံစမ်းရေးအဖွဲ့သည် သင်္ကြန်ရက်အတွင်းတွင်ပင် လုပ်ငန်းရပ်နားခြင်းမပြုခဲ့ပေ။ ဧပြီလ (၁၁) ရက်နေ့မှ(၂၁) ရက်နေ့အတွင်း ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၊ ကရင်အမျိုးသားအဖွဲ့ချုပ် (ကေအဲန်ယူ)၊ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့၊ ကလော၊ တောင်ကြီး၊ လားရှိုး၊ လွိုင်လင်၊ ‘ဝ’ နယ်၊ ကိုးကန့်နယ်၊ သိန္နီနယ်၊ တောင်ပိုင်နယ်၊ ကရင်နီနယ်၊ မိုးမိတ်နှင့် ကျိုင်းတုံနယ်၊ ဖာပွန်(သံလွင်ခရိုင်)၊ မြစ်ကြီးနား၊ ဗန်းမော်၊ ခန္တီးလုံ၊ ကချင်၊ ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ကန်ပက်လက်၊ ဆွမ္မရာဒေသ၊ သောင်သွတ်၊ ဟုမ္မလင်း၊ ဆင်းကလိန်ခန္တီး၊ ဗန်းမော်မှ ဗမာကိုယ်စားလှယ်များ၏ ထွက်ဆိုချက်များကို ကြားနာခဲ့ကြသည်။

## တောင်တန်းဒေသများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့၏ ထွက်ဆိုချက်

တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ထံသို့ လာရောက်ထွက်ဆိုကြသော ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းများအနက် အခိုင်အမာဆုံးနှင့် စနစ်အကျဆုံး ထွက်ဆိုနိုင်သောအဖွဲ့အစည်းမှာ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့ပင်ဖြစ်သည်။ ထိုအဖွဲ့၏ ကိုယ်စားလှယ်တို့မှာ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၊ မြောက်သီနီစော်ဘွား စဝ်ဟုံဖ၊ ဦးထွန်းမြင့် ဒူဝါးဇော်လွန်း၊ ဒူဝါးဇော်ရစ်၊ ဦးပုမ်ဇာမန်း၊ ဦးဗန်ကီးယိုး၊ ဦးဆန်ဆမ်တို့ ဖြစ်ကြသည်။ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်က တာဝန်ခံထွက်ဆို၍ ဦးဆန်ဆမ်က စကားပြန်အဖြစ် ဆောင်ရွက်သည်။

တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သော ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်က ပြည်နယ်အုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရလျှင် မြန်မာနိုင်ငံနှင့်ပူးပေါင်းမည်။ အမေရိကန်ပြည်ထောင်စုနှင့် သဏ္ဌာန်တူသော ပြည်ထောင်စု အစိုးရပုံစံမျိုးကို အလိုရှိသည်။ ကာကွယ်ရေး၊ ပြည်ပရေးရာ၊ ငွေကြေးနှင့်ဒင်္ဂါး သွန်းလုပ်ရေး၊ အကောက်အခွန်၊ ယစ်မျိုး၊ မီးရထားဌာနတို့ကို ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သော အရေးကိစ္စများအဖြစ် သတ်မှတ်မည်။ ပြည်ထောင်စုအစိုးရတွင် ဗမာ၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်တို့၏ ကိုယ်စားလှယ်များပါဝင်မည်။ ရှမ်း၊ ကချင်၊ ချင်းတို့က မိမိတို့၏ ကိုယ်စား လှယ်များကို တောင်တန်းသားများ စည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့သို့ စေလွှတ်၍ ထိုအဖွဲ့မှ တစ်ဖန် ကိုယ်စားလှယ်များရွေးချယ်ပြီး ပြည်ထောင်စုကောင်စီသို့ စေလွှတ်မည်။ တိုင်းပြည်ပြုလွှတ်တော် တက်မည့် ကိုယ်စားလှယ်များကိုမူ ထိုအဖွဲ့မှ စေလွှတ်မည် မဟုတ်ဘဲ ရှမ်း၊ ကချင်နှင့်ချင်းဒေသတို့မှ ရွေးချယ်၍ တိုက်ရိုက်စေလွှတ်မည်ဟု ပြောကြား ခဲ့သည်။ ထို့အပြင် မြန်မာပြည်မကဲ့သို့ပင် တိုင်းပြည်ပြုလွှတ်တော် ကိုယ်စားလှယ်များကို လူဦးရေ အချိုးအစားအလိုက် ရွေးချယ်ရမည့်မှုကို တောင်တန်းသားများ စည်းလုံးညီ ညွတ်ရေးဦးစီးအဖွဲ့က သဘောတူကြောင်း ဤမူအရဆိုလျှင် ချင်းတောင်တန်းဒေသအနေဖြင့် ကိုယ်စားလှယ် (၃) ဦး သို့မဟုတ် (၄) ဦးသာ ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ချင်းအမျိုးသား တို့က ကိုယ်စားလှယ်(၁၄) ဦး ရွေးချယ်ခွင့်ပြုရန် တောင်းဆိုသော်လည်း တောင်တန်းသား များ စည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့အနေဖြစ်မူ အမှန်ရသင့်သည့် ချင်းကိုယ်စားလှယ် (၃) ဦး သို့မဟုတ် (၄) ဦးထက် (၁) ဦး သို့မဟုတ် (၂) ဦးသာတိုး၍ ရွေးချယ်ရန် ထောက်ခံမည် ဖြစ်ကြောင်း၊ ရှမ်းပြည်အနေဖြင့် အချိုးကျ ကိုယ်စားလှယ် (၃၀) စေလွှတ်မည်ဖြစ်ကြောင်း၊

ယင်းတို့အနက် (၂) ဦးမှာ ရှမ်းပြည်ရှိ ကချင်တို့အတွက် ကိုယ်စားလှယ်လျာထားကြောင်း၊ ကချင်ပြည်နယ်အဖြစ်တောင်းဆိုသည့် နယ်နိမိတ်ကိုလည်း တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့က လက်ခံကြောင်း၊ ကချင်ကိုယ်စားလှယ် ဒူဝါးဇော်ရစ်က မြစ်ကြီးနားနှင့်ဗန်းမော်အတွက် ကိုယ်စားလှယ်(၁၀) ဦး စေလွှတ်လိုကြောင်းတို့ကို ထွက်ဆိုသွားသည်။

တောင်တန်းသားများစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့သည် အသင့်ယူဆောင်လာသော ဧပြီလ (၂၁) ရက်နေ့စွဲပါစာတမ်းကို စုံစမ်းရေးအဖွဲ့ထံ တင်သွင်းသည်။ ထိုစာတမ်းတွင် ....

၁။ တိုင်းပြည်ပြုလွှတ်တော်သို့စေလွှတ်မည့် တောင်တန်းဒေသဆိုင်ရာ ကိုယ်စားလှယ်များကို လူမျိုးဘာသာမရွေး၊ ပညာအရည်အချင်းပေါ်မူတည်၍ ဆိုင်ရာပြည်နယ်ကောင်စီများက အချိုးကျ ရွေးချယ်မည်။

၂။ တိုင်းပြည်ပြုလွှတ်တော်တွင် ပါဝင်မည့်ကိုယ်စားလှယ်များကို လူဦးရေအချိုးကျ ရွေးချယ်မည်။ သို့သော် ဒေသတစ်ခုနှင့် သက်ဆိုင်မည့်ဆုံးဖြတ်ချက်သည် ထိုဒေသ၏ ကိုယ်စားလှယ်(၃) ပုံ (၂) ပုံက ထောက်ခံမဲ မပေးလျှင် အတည်မဖြစ်စေရ။ ထို့ပြင် ...

(က) မည်သူမဆို တန်းတူအခွင့်အရေးရရှိမည်။

(ခ) တောင်တန်းဒေသ ကိုယ်စားလှယ်အားလုံးတွင် မိမိတို့၏ ပြည်နယ်တွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိရမည်။

(ဂ) လွတ်လပ်ရေးရရှိပြီးသည့်နောက်တွင် မြန်မာပြည်မှ အချိန်မရွေး ခွဲထွက်နိုင်ခွင့် ရှိရမည်။

၃။ တောင်တန်းဒေသပြည်နယ်များအား ကြိုတင်အသိမပေးဘဲ သံတမန်ဆက်သွယ်ခြင်းနှင့် ခန့်ထားခြင်း မပြုရန်ဟူသောအချက်ကို အနာဂတ်တွင် ရေးဆွဲမည့် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရမည်ဟု ဆုံးဖြတ်သည်။

၄။ ကာကွယ်ရေးအစရှိသော တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် အရေးကိစ္စများတွင် တောင်တန်းဒေသပြည်နယ်ကိုယ်စားလှယ်အများစု၏ သဘောတူညီမှုမရရှိဘဲ ဆုံးဖြတ်ချက်မချရ။

၅။ တောင်တန်းဒေသများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ အကျိုးသက်ရောက်မည့် ပြောင်းလဲချက်၊ ပြင်ဆင်ချက်၊ မွမ်းမံချက်များကို တောင်တန်းဒေသကိုယ်စားလှယ်များ၏

ဆန္ဒမဲ (၃) ပုံ (၂) ပုံ မရလျှင် မပြုလုပ်ရဟူသောအချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ထည့်သွင်းရမည်။

၆။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အချက်များအပေါ် အဓိပ္ပါယ်ကောက်ယူမှု ဝိဝါဒကွဲပြားနေလျှင် ရန်ကုန်မြို့ရှိ ဟိုက်ကုတ်တရားလွှတ်တော်တွင် တရားဝန်ကြီးချုပ်နှင့် အခြားတရားဝန်ကြီး နှစ်ဦး ပါဝင်သည့်ခုံ၏အဆုံးအဖြတ်ကို ခံယူရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ပါဝင်မည့် စုစုပေါင်းဗမာဝန်ကြီးအရေအတွက်သည် တောင်တန်းဒေသပြည်နယ်များ၏ စုစုပေါင်းဝန်ကြီးအရေအတွက်ထက် မများစေရဟု ဖော်ပြထားသည်။

ဤအချက် (၇) ချက်အနက် အချက် (၁) နှင့် (၂) မှာ မတ်လ (၂၃) ရက်နေ့တွင် ကျင်းပသော တောင်တန်းဒေသများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များဖြစ်၍ အချက် အမှတ် (၃) မှ (၆) အထိမှာ မတ်လ (၂၇) ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်များ ဖြစ်ကြသည်။

## ရှမ်းပြည်ကိုယ်စားလှယ်များ၏ ထွက်ဆိုချက်

ရှမ်းစော်ဘွားတို့က စုံစမ်းရေးအဖွဲ့သို့ ကိုယ်စားလှယ် (၈) ဦးစေလွှတ်၍ မိမိတို့၏ သဘောထားများကို ပြောကြားခဲ့သည်။ စော်ဘွားတို့စေလွှတ်ခဲ့သော ကိုယ်စားလှယ်တို့မှာ တောင်ပိုင်စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ မြောက်သီနီစော်ဘွား၊ လဲချားစော်ဘွား၊ သာမိုင်းခမ်းစော်ဘွား၊ ဦးထွန်းမြင့်၊ ဦးခွန်ထီး၊ ဦးဖြူတို့ ဖြစ်ကြသည်။ ဘာသာပြန်အဖြစ်ဆောင်ရွက်ရန် ဦးဆန်ဆမ် လည်း လိုက်ပါလာခဲ့သည်။ ရှမ်းစော်ဘွားတို့၏ သဘောထားကို ကိုယ်စားလှယ်များ ယူဆောင်လာခဲ့သည့် စာတမ်းတွင် ...

၁။ လာမည့် တိုင်းပြည်ပြုလွှတ်တော်တွင် ရှမ်းပြည်ကိုယ်စားလှယ်များပါဝင်ကြမည်။ ရှမ်းပြည်လွှတ်တော်သည် ကိုယ်စားလှယ်များကို လူဦးရေအချိုးကျ ရွေးချယ်ပေးမည်။

၂။ တိုင်းပြည်ပြုလွှတ်တော်တွင် ရှမ်းပြည်နှင့် ပတ်သက်သောဆုံးဖြတ်ချက် (သို့မဟုတ်) အနာဂတ် ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ရှမ်းပြည်နှင့်ပတ်သက်သော ပြောင်းလဲ ပြင်ဆင် မွမ်းမံမှုတစ်ခုခုကို ပြုလုပ်မည်ဆိုလျှင် ရှမ်းပြည်ကိုယ်စားလှယ်များ၏ ခေါင်းဆောင် တောင်ပိုင်စော်ဘွားက ရှမ်းပြည်မှ ရွေးချယ်စေလွှတ်မည့် ကိုယ်စားလှယ် များသည် တောင်တန်းသားများစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စု အစိုးရတွင် ပါဝင်ကြမည်ဖြစ်ကြောင်း တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ သည် တောင်တန်းဒေသပြည်သူလူထု၏ ပြည်ထောင်စုအဖွဲ့ငယ် သဖွယ်ဖြစ်ပြီး သီးခြား အစိုးရအဖွဲ့ငယ်သဘောမျိုးလည်း ဖြစ်လိမ့်မည်။ တောင်တန်းဒေသတစ်ခုလုံးနှင့် သက်ဆိုင် သော ကိစ္စများကို ဤတောင်တန်းဒေသဆိုင်ရာ ပြည်ထောင်စုအဖွဲ့ကကိုင်တွယ် ဆောင်ရွက် မည်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ ရှမ်းစော်ဘွားတို့သည် ဆန္ဒသဘောထား စာတမ်းကို သာမက စုံစမ်းရေးအဖွဲ့က ဝေငှထားသည့် မေးခွန်း (၁၈) ခု၏ အဖြေလွှာကိုလည်း စုံစမ်း ရေးအဖွဲ့ထံ ပေးအပ်ခဲ့သည်။ အဖြေလွှာတွင် ...

တိုင်းပြည်ပြုလွှတ်တော်သို့ ရှမ်းပြည်မှ ကိုယ်စားလှယ်စေလွှတ်မည်။ ကိုယ်စားလှယ်တို့ ကို လူဦးရေ အချိုးအတိုင်း ရွေးချယ်မည်။ အများဆန္ဒဖြင့် ရွေးချယ်သည့်နည်းထက် ပိုမို သင့်လျော်သည့်နည်းကိုသုံး၍ ရွေးချယ်မည်။ တိုင်းပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ် စေလွှတ်ခြင်းသည် စည်းလုံးညီညွတ်သော မြန်မာနိုင်ငံအတွင်း ပါဝင်ခြင်းပင်ဖြစ်သည်ဟု မ ယူဆသင့်။ ရှမ်းပြည်အနေဖြင့် မြန်မာနိုင်ငံနှင့် တပေါင်းတည်းဖြစ်ရေး ယူနီယံကို မလိုလား။ ပြည်ထောင်စုဖွဲ့စည်းခြင်း ဖယ်ဒရယ်ကိုသာလိုလားသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အ ဝရလို၍ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ ကိုယ်တိုင်ဆောင်ရွက်ရမည့် အရေးကိစ္စများ ကို လျာထားသတ်မှတ်ပေးရန်အတွက် ကော်မတီငယ်တစ်ခု ရှိစေလိုသည်။ ဓနသဟာယ အဖွဲ့အတွင်း ပါဝင်ခြင်း မပါဝင်ခြင်းသည် ရှမ်းပြည်နယ်အတွက် ထူးခြားမှုမရှိ။ သဘောတူ ညီချက်အတိုင်း ဗဟိုအစိုးရက လိုက်နာဆောင်ရွက်စေရေးအတွက် ဗြိတိသျှ အစိုးရအား ကြီးကြပ်သူအဖြစ် ဆောင်ရွက်ပေးစေလိုသည်ဟူ၍ ဖြေဆိုထားသည်။ ကျိုင်းတုံနယ် မပါဝင် သော ရှမ်းပြည်တောင်ပိုင်း ကိုယ်စားလှယ်များဖြစ်သည့် ဦးခွန်ထီး၊ ဦးထွန်းမြင့်၊ ဦးဖြူ၊ ဦး စိန်တို့ကလည်း စော်ဘွားများတင်သွင်းသည့် စာတမ်းပါအချက်များကို သဘောတူကြောင်း ထွက်ဆိုကြသည်။

ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကိုယ်စားလှယ် ဦးထွန်းမြင့်နှင့် ဦးခွန်စော၊ သီပေါနယ် ကိုယ်စားလှယ် ဦးစိန်တို့သည် တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ထံသို့ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့ တွင် လာရောက်ထွက်ဆိုကြသည်။ ဦးထွန်းမြင့်က မကြာမီ ရန်ကုန်တွင် ကျင်းပမည့် တိုင်းပြည်ပြု လွှတ်တော်သို့ ရှမ်းပြည်သူလူထု၏ကိုယ်စားလှယ် စေလွှတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ဝန်ကြီးများ အုပ်ချုပ်သော မြန်မာနိုင်ငံမှာကဲ့သို့ လူဦးရေအချိုးကျ ရွေးချယ်ရရှိသော ကိုယ်စားလှယ်တို့ကို စေလွှတ်မည် ဖြစ်ကြောင်း၊ ရှမ်းပြည်သည် ပြည်ထောင်စုဖွဲ့စည်းပုံအသွင်ဖြင့် မြန်မာနိုင်ငံနှင့်ပူးပေါင်းရန် ရည်ရွယ် ကြောင်း၊ တစ်နိုင်ငံလုံးနှင့်ဆိုင်သော နိုင်ငံခြားဆက်ဆံရေး၊ ကာကွယ်ရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ငွေရေးကြေးရေးကိစ္စများကို ပြည်ထောင်စုအစိုးရက ကိုင်တွယ်၍ ကျန်ကိစ္စများကို ပြည်နယ်များက ကိုင်တွယ်ကာ ပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိရမည်ဖြစ်ကြောင်း၊ တိုင်းပြည်ပြု လွှတ်တော်ခေါ် ပြီးသောအခါတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိရမည်ဖြစ်ကြောင်း ဤလွှတ်တော်နှစ်ရပ်မှာ ပြည်ထောင်စုပါလီမန်ပင် ဖြစ်ကြောင်း၊ အထက်လွှတ်တော် ကိုယ်စားလှယ်များမှာ နယ်မြေထက် လူမျိုးစုကိုအခြေခံ၍ ရွေးချယ်သင့်ကြောင်း၊ ၎င်းတို့အဖို့ ဓနသဟာယ အဖွဲ့အတွင်း မြန်မာနိုင်ငံပါဝင်သည်ဖြစ်စေ၊ နုတ်ထွက်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပြဿနာမရှိကြောင်း၊ 'ဝ' နယ်အား ရှမ်းပြည်နယ်အတွင်း ဆက်လက်ပါဝင်လိုခြင်း ရှိ၊ မရှိကို 'ဝ' နယ်သား များအား လွတ်လပ်စွာ ဆုံးဖြတ်ပေးသင့်ကြောင်း ထွက်ဆိုသွားခဲ့သည်။ သီပေါနယ်ကိုယ်စားလှယ် ဦးစိန်ကလည်း ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ကိုယ်စားလှယ်များ၏ ထွက်ဆိုချက်ကို လက်ခံပါသည်ဟု ပြောကြားသွားသည်။

ဧပြီလ (၁၂) ရက်နေ့တွင် မြောက်သိန္နီနယ်၊ တောင်သိန္နီနယ်နှင့် တောင်ပိုင်နယ် ကိုယ်စားလှယ်တို့သည် စုံစမ်းရေးအဖွဲ့ထံသို့ လာရောက်ထွက်ဆိုကြသည်။ မြောက်သိန္နီ နယ်ကို ကိုယ်စားပြု၍ ရောက်ရှိလာသော ဟိုဝဒူဝါခွန်ဖုန်းမှာ ကချင်အမျိုးသား ကွတ်ခိုင် ကောင်စီဥက္ကဋ္ဌဖြစ်သည်။ မြောက်သိန္နီနယ်ရှိ ကချင်နှင့် ရှမ်းတို့ စုပေါင်းဖွဲ့စည်းထားသော နယ်အကြံပေးကောင်စီဝင် ဖြစ်သည်သာမက တောင်တန်းသားများ စည်းလုံးညီ ညွတ်ရေး ဦးစီးအဖွဲ့ဝင်လည်း ဖြစ်သည်။ ဟိုဝဒူဝါခွန်ဖုန်းက ပင်လုံသဘောတူညီချက်အတိုင်း ချင်း၊ ကချင်နှင့် ရှမ်းတို့သည် မြန်မာအစိုးရနှင့် ပူးပေါင်းကြမည်သာဖြစ်ကြောင်း၊ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီး

အဖွဲ့ဝင်တို့သည် တိုင်းပြည်ပြုလွှတ်တော်သို့ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ တောင်တန်းဒေသ ပြည်သူလူထုသည် ဗမာတို့နှင့် တူညီသောအခွင့်အရေးကိုခံစား၍ မိမိတို့နယ်အသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရလိုကြောင်း၊ မြောက်သိန္နီနယ်အတွင်း နေထိုင်ကြသော ကချင်၊ ရှမ်းနှင့် တရုတ်တို့အားလုံးသည် တစ်နယ်တည်းအတွင်း အတူတကွပေါင်းစည်းနေထိုင်ခြင်းကို လိုလားကြောင်း၊ မြောက်သိန္နီနယ်ကို ပြည်ထောင်စုရှမ်းပြည်၊ တောင်တန်းသားများစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့တို့နှင့်ပင် ပူးပေါင်းပါဝင်စေလိုကြောင်း ထွက်ဆိုသည်။ တောင်သိန္နီနယ်မှ လူထုကိုယ်စားလှယ် ဦးမွဲ့ကလည်း ပင်လုံသဘောတူညီချက်ကို လက်ခံကြောင်း၊ ရှမ်းပြည်ကို ဝန်ကြီးများအုပ်ချုပ်သော မြန်မာပြည်မနှင့် ပြည်ထောင်စုအသွင်ဖြင့် ပူးပေါင်းရန် ဆုံးဖြတ်ချက် ချပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးနှင့်ဆိုင်သော ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ လမ်းပန်း ဆက်သွယ်ရေးကိစ္စများကိုသာ ပြည်ထောင်စုအစိုးရက ကိုင်တွယ်၍ ပြည်နယ်တွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပေးစေလိုကြောင်း၊ တိုင်းပြည်ပြုလွှတ်တော်သို့ တောင်သိန္နီနယ်မှ ကိုယ်စားလှယ်များ စေလွှတ်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ပြုလွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း နာယူမည်ဖြစ်ကြောင်း ထွက်ဆိုသည်။

တောင်ပိုင်နယ် လူထုကိုယ်စားလှယ် ဦးနွယ်နှင့် ဦးပွင့်တို့ကလည်း ပင်လုံသဘောတူညီချက်ကို လက်ခံကြောင်း တိုင်းပြည်ပြုလွှတ်တော်သို့ ရှမ်းပြည်မှ ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်သင့်သည်ဟု ဆုံးဖြတ်ချက်ချပြီးဖြစ်ကြောင်း၊ စေလွှတ်မည့် ကိုယ်စားလှယ်အရေအတွက်မှာ လူဦးရေအလိုက် အချိုးကျ ဖြစ်စေလိုကြောင်း၊ ရှမ်းပြည်များသည် မြန်မာပြည်မနှင့် တူညီသောအခွင့်အရေးများ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်နှင့် ပြည်ထောင်စုမှ ခွဲထွက်ခွင့်များ ရလိုကြောင်း၊ ပြည်ထောင်စုအစိုးရက ကာကွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံခြားရေးနှင့် အကောက်ခွန်တို့ကို ကိုင်တွယ်စေလိုကြောင်း၊ ထွက်ဆိုသွားကြသည်။

ရှမ်းပြည်မှာ အခြားပြည်နယ်များနှင့်မတူပဲ ထူးခြားချက်များစွာရှိသည်။ ‘ဝ’ နယ်အချို့သာ ပဒေသရာဇ် ရှမ်းပြည်တွင် ပါဝင်၍ အချို့မှာ မပါဝင်ကြပေ။ တရုတ်လူမျိုးများစွာနေထိုင်သော ကိုးကန့်နယ်မှာ ရှေးအခါက မြောက်သိန္နီနယ်အတွင်း ပါဝင်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ် ပြီးသည့်နောက် သီးခြားနယ်တစ်နယ်အဖြစ် ရပ်တည်ခဲ့သည်။ အချို့သော ရှမ်းနယ်များတွင် ကချင်များစွာနေထိုင်လျက် ရှိကြသည်။ ပဒေါင်များစွာနေထိုင်သော မိုးဗြဲနယ်မှာလည်း ရှမ်းပြည်တွင်ပါဝင်နေသည်။ ကလော၊ တောင်ကြီးနှင့် လားရှိုးတို့ကို ဗြိတိသျှအစိုးရ

က ကြေငြာချက်ထုတ်ပြန်၍ စခန်းမြို့များအဖြစ် သတ်မှတ်ထားခဲ့သည်။ လွိုင်လင်နှင့် လွိုင်မွေတို့မှာလည်း ဗြိတိသျှအစိုးရ၏ မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ စခန်းမြို့များဖြစ်ကြသည်။ ထို့ကြောင့် စုံစမ်းရေးအဖွဲ့သည် ထိုနယ်များမှ ကိုယ်စားလှယ်တို့အား မိမိတို့နယ် အသီးသီး၏ အနာဂတ်ရေးကိုပါ မေးမြန်းခဲ့ကြရသည်။

တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ထံသို့ ရောက်လာခဲ့သော ကိုယ်စားလှယ်အချို့နှင့် အဖွဲ့အစည်း အချို့တို့မှာ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့၊ ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ်အဖွဲ့၊ ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်တို့ကဲ့သို့ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့နှင့် တွေ့ဆုံရန်အတွက် ကြိုတင်ပြင်ဆင်ထားခဲ့ခြင်းမရှိချေ။ ထို့ကြောင့် စည်းစနစ်ကျစွာဖြင့် ပိုင်ပိုင်နိုင်နိုင် မဖြေဆိုနိုင်ခဲ့ကြပေ။ အုပ်ချုပ်ရေးနှင့် ပတ်သက်သော ကိစ္စအဝဝကို နားလည်ခြင်းမရှိသဖြင့် မေးသမျှကို ဖြေနိုင်စွမ်း မရှိသည့် ကိုယ်စားလှယ်များကိုလည်း တွေ့ရသည်။ ယင်းတို့အနက် မြောက်ပိုင်း 'ဝ' နယ်များမှ ရောက်လာကြသော ကိုယ်စားလှယ်တို့၏ အခြေအနေကား အထင်ရှားဆုံးသော နမူနာပင်ဖြစ်သည်။ စုံစမ်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြောက်ပိုင်း 'ဝ' နယ် ကိုယ်စားလှယ်တစ်ဦးဖြစ်သော စဝ်မဟာတို့၏ အမေးအဖြေကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။

ဥက္ကဋ္ဌ ။ ။ စဝ်မဟာ၊ ခင်ဗျားဒီကိုလာဖို့ ဘယ်သူကလွှတ်လိုက်သလဲ။

စဝ်မဟာ။ ။ ဝန်ထောက်တစ်ယောက်က လွှတ်လိုက်တာပါ။ ကျွန်တော်က သူ့နာမည်ကို မသိဘူး။ ကျွန်တော် မိုင်းမောကလာတာပါ။

ဥက္ကဋ္ဌ ။ ။ ခင်ဗျားဒီကိုလာတဲ့အကြောင်း ခင်ဗျားရဲ့နယ်ကလူတွေ သိလား။

စဝ်မဟာ ။ ။ မသိကြဘူး။

ဥက္ကဋ္ဌ ။ ။ ဒီစုံစမ်းရေးအဖွဲ့ ဒီမှာဘာလာလုပ်တယ်ဆိုတာရော သိလား။

စဝ်မဟာ ။ ။ ကျွန်တော်မသိဘူး။ ကျွန်တော့်နယ်မှာ မိုင်းမောကို သွားဖို့လွှတ်လိုက်တယ်။ အဲ့ဒီမှာ (၁၀)ရက်နေခဲ့တယ်။ အဲ့ဒီကတစ်ဖန် လားရှိုးကိုလွှတ်လိုက်ပြန်တယ်။ လားရှိုးကနေပြီး ဒီကိုလွှတ်လိုက်တာပါ။

ဥက္ကဋ္ဌ ။။ အနာဂတ်မှာ ‘ဝ’ နယ်များအပေါ် ဘယ်လိုအုပ်ချုပ်ရန် ကောင်းမယ်ဆိုတာနဲ့ ပတ်သက်လို့ ခင်ဗျားမှာ စိတ်ကူးတစ်ခုခုရှိပါသလား။

စဝ်မဟာ ။ ။ မရှိပါ။

ပြည်ထောင်စုရှမ်းပြည်အတွင်း ပါဝင်သည့် တောင်ပိုင်း ‘ဝ’ နယ်များမှ စေလွှတ်ခဲ့သော နော်ခမ်းဦးနှင့် စပ်နော်ဆန်းတို့သည် စုံစမ်းရေးအဖွဲ့ထံသို့ ဧပြီလ (၁၂) ရက်နေ့တွင် ရောက်ရှိလာခဲ့သည်။ မိုင်းလွန်းနယ် ကိုယ်စားလှယ်နော်ခမ်းဦးက မိမိတို့၏နယ်တွင် နယ်အကြီးအကဲအား အကြံပေးရန် နယ်ကောင်စီတစ်ရပ်ကို ဖွဲ့စည်းထားကြောင်း၊ ထိုကောင်စီ၏သဘောထားမှာ ပြည်ထောင်စုရှမ်းပြည်အတွင်း ဆက်လက်နေထိုင်၍ ရှမ်းပြည်လွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာရန်ဖြစ်ကြောင်း ထွက်ဆိုသည်။ စုံလုံနယ်ကိုယ်စားလှယ် စပ်နော်ဆန်းကမူ အစိုးရစီစဉ်သည့်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ ‘ဝ’ နှင့် ရှမ်းလူမျိုးချင်း မတူသဖြင့် ‘ဝ’ နယ်သည် ပြည်ထောင်စုရှမ်းပြည်တွင် မပါဝင်လိုကြောင်း ထွက်ဆိုသွားသည်။

ကိုးကန့်နယ်မှ ရန်ချေဂျေနှင့် ရန်ကြင်စိန်တို့နှစ်ဦးအား ကိုယ်စားလှယ်များအဖြစ် ရွေးချယ်စေလွှတ် ခဲ့သည်။ ရန်ချေဂျေမှာ ကိုးကန့်မြို့စား၏သားဖြစ်သည်။ ကိုးကန့်နယ်တွင် တရုတ်လူမျိုးများစွာနေထိုင်သည်။ လူဦးရေ (၄၀,၈၀၄) ဦး ရှိသည့်အနက် (၃၃,၄၇၄)ဦးမှာ တရုတ်လူမျိုးများဖြစ်သည်။ အခြားလူမျိုးများတွင် ပလောင် (၃,၂၄) ဦး၊ ရှမ်း(၁,၄၀၅) ဦး၊ လီဆူး (၇၂၀) ဦး၊ မြောင် (၆၄၉) ဦး၊ ‘ဝ’ လူမျိုး (၆၃၆) ဦး၊ ကချင် (၆၀၀) နှင့် ရှမ်းတရုတ် (၉၆) ဦးတို့ ပါဝင်သည်။ မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီးကြီး မကူးစက်မီအချိန် အထိ ကိုးကန့်နယ်မှာ မြောက်သိန္နီနယ်တွင် ပါဝင်သောနယ်ကလေးတစ်နယ်သာ ဖြစ်ခဲ့သည်။ ဂျပန်ခေတ် တွင် ရှမ်းပြည်မှ ခွဲထုတ်ထားသော ဂျပန်စစ်အုပ်ချုပ်ရေးဒေသ ဖြစ်ခဲ့သည်။ စစ်အတွင်းက ကိုးကန့်မြို့စား သည် အိန္ဒိယသို့တိမ်းရှောင်နေထိုင်စဉ် စစ်ပြေးဘုရင်ခံ ဒေါ်မန်စမစ်နှင့်တွေ့ဆုံခဲ့သည်။ ကိုးကန့်မြို့စားက သိန္နီစော်ဘွားသည် ကိုးကန့်နယ်ကို အကာအကွယ်မပေးနိုင်ပဲ ဂျပန်နှင့်ပူးပေါင်းသဖြင့် မိမိ၏နယ်ကို စော်ဘွား၏လက်အောက်တွင် မထားရန်နှင့် သီးခြားနယ်အဖြစ် အသိအမှတ်ပြုရန် ဘုရင်ခံထံတောင်းဆိုရာ နှုတ်ကတိ ရခဲ့သည်ဟုဆို၏။ ထို့ကြောင့် စစ်ကြီးပြီးသောအခါ ကိုးကန့်မြို့စားသည် သိန္နီစော်ဘွားထံ ဆက်ကြေးမပေးတော့ဘဲ သီးခြားနေထိုင်ခဲ့သည်။ ယခုတောင်တန်းဒေသစုံစမ်းရေး အဖွဲ့ထံသို့

ရောက်လာသော ကိုးကန့်မြို့စား၏သားက ကိုးကန့်နယ်အား ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် နှင့် စော်ဘွားတို့၏ ရပိုင်ခွင့်ဟူသမျှကို လိုက်နာဆောင်ရွက်မည်။ ရှမ်းပြည်ထောင်စုတွင် ပါဝင်မည်။ ရှမ်းပြည်ပါဝင်မည့် မည်သည့် ပြည်ထောင်စုမျိုးကိုမဆို လက်ခံမည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မရလျှင်မူ ပြည်ထောင်စုအတွင်း ပါဝင်မည်မဟုတ်ဟု ထွက်ဆိုခဲ့သည်။ ကိုးကန့်လူထုကိုယ်စားလှယ် ရန်ကြင်စိန်ကလည်း ကိုးကန့်မြို့စား၏ သား ထွက်ဆိုခဲ့သည့်အတိုင်း လိုလားကြောင်းနှင့် ပြည်နယ်အတွင်း စွက်ဖက်မှုကင်းသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရလိုကြောင်း ထွက်ဆိုခဲ့သည်။

မြောက်သိန္နီနှင့် မိုးမိတ်နယ်များတွင် နေထိုင်ကြသော ကချင်ကိုယ်စားလှယ်များ၏ကိုယ်စား ဒူးဝါးဇော်ဘောက်ကထွက်ဆိုရာတွင် မြောက်သိန္နီနယ်အတွင်းတွင် စော်ဘွား၏လက်အောက်ခံ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရသော ကချင်နယ်ကလေး ထူထောင်လိုကြောင်း၊ ရှမ်းလူမျိုးတို့နှင့် တန်းတူအခွင့်အရေးရလိုကြောင်း၊ မိမိတို့နယ်ကလေးမှ လူဦးရေအချိုးကျကိုယ်စားလှယ် ရွေး၍ တိုင်းပြည်ပြုလွှတ်တော်သို့ စေလွှတ်လိုကြောင်းတို့ပါရှိသည်။ ကလောစခန်းမြို့ ကိုယ်စားလှယ် ဦးမြတ်ထွန်းကထွက်ဆိုရာတွင် တောင်တန်းဒေသစုံစမ်းရေးအဖွဲ့နှင့် လာရောက်မတွေ့ဆုံမီက တစ်မြို့လုံး စုရုံးဆွေးနွေးခဲ့ကြကြောင်း၊ ကလောမြို့နေပြည်သူလူထုက မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်များ ပေါင်းစည်းပြီး လွတ်လပ်ရေးကို အရယူဖို့ဆုံးဖြတ်ခဲ့ ကြကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်သကဲ့သို့ ရှမ်းပြည်လည်း လွတ်လပ်လိုကြောင်း၊ ရှမ်းပြည်ကို မြန်မာနိုင်ငံနှင့် ပူးပေါင်းပေးလိုကြောင်း၊ မြန်မာနိုင်ငံအစိုးရဝန်ကြီးအဖွဲ့တွင် လူဦးရေ အချိုးအတိုင်း ရှမ်းပြည်ဝန်ကြီးများ ပါဝင်စေလိုကြောင်း၊ ရှမ်းပြည်သည် မြန်မာနိုင်ငံနှင့်ပူးပေါင်းမည်ဖြစ်သော်လည်း ပြည်ထောင်စုအတွင်း ပါဝင်ခြင်းမပြုလိုက ခွဲထွက်နိုင်ခွင့်ရလိုကြောင်း၊ ပြည်ထောင်စုဝင် ပြည်နယ်အဖြစ် မြန်မာနိုင်ငံနှင့်ပူးပေါင်းထားသော ရှမ်းပြည်တွင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရလိုကြောင်း၊ ကလောစခန်းမြို့သည်သက်ဆိုင်ရာ ရှမ်းပြည်နယ်ဖြစ်သော သာမိုင်းခမ်းနယ်နှင့် ပေါင်းစည်းမည်ဖြစ်ကြောင်း၊ ဗြိတိသျှ ဓနသဟာယအဖွဲ့ဝင်အဖြစ်မှ မြန်မာနိုင်ငံနုတ်ထွက်လျှင်လည်း ယခုထွက်ဆိုချက်များကို ပြောင်းလဲမည် မဟုတ်ကြောင်း ပြောကြားသွားသည်။ တောင်ကြီးစခန်းမြို့မှ ရွေးချယ်စေလွှတ်သော ဦးဘစံကလည်း ရှမ်းပြည်ကို ပြည်ထောင်စုဝင် ပြည်နယ်အဖြစ် မြန်မာနိုင်ငံနှင့် ပူးပေါင်းစေလိုကြောင်း တောင်ကြီးစခန်းမြို့ကိုလည်း ရှေးယခင်အတိုင်း ညောင်ရွှေနယ်အတွင်း ပြန်လည်ထည့်သွင်းသင့်ကြောင်း၊ လွိုင်လင်စခန်းမြို့ကိုလည်း လဲချားနယ်နှင့် ပေါင်းစည်းမည်ဖြစ်ကြောင်း ထွက်

ဆိုသည်။ လာရှူးစခန်းမြို့ ကိုယ်စားလှယ် ဦးအောင်ညွန့်ကလည်း မြန်မာနိုင်ငံနှင့် ရှမ်းပြည်တို့ လွတ်လပ်ရေးရတော့မည်ဖြစ်၍ လွတ်လပ်ရေး၏အရသာကို ခံစားနိုင်ရန် လာရှူးမြို့သားတို့သည် မြောက်သိန္နီနယ်နှင့် ပေါင်းစည်းနေထိုင်လိုကြောင်း၊ ရှမ်းပြည်နယ်သည် မြန်မာပြည်ထောင်စုနှင့် ပူးပေါင်း စေလိုကြောင်း ထွက်ဆိုသွားခဲ့သည်။

## မိုးဗြဲနယ်ကိုယ်စားလှယ် ထွက်ဆိုချက်

မိုးဗြဲနယ်ကိုယ်စားလှယ် ဦးသိုင်းဘဟန်သည် ကရင်နီနယ်ကိုယ်စားလှယ်များနှင့်အတူ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ထံသို့ရောက်လာခဲ့သည်။ ဦးသိုင်းဘဟန်က မိုးဗြဲနယ်သည် ပဒေသရာဇ် ရှမ်းပြည်အတွင်းပါဝင်သောနယ်ဖြစ်သော်လည်း ထိုနယ်တွင် နေထိုင်သူတို့၏ (၉၀) ရာခိုင်နှုန်းမှာ ပဒေါင်များဖြစ်ကြောင်း၊ မိုးဗြဲနယ်ပြည်သူလူထုသည် ကရင်နီနယ်နှင့် ပူးပေါင်းနေထိုင်လိုကြောင်း၊ မိုးဗြဲစော်ဘွားကို ပြည်သူလူထုက မနှစ်သက်သဖြင့် စော်ဘွားကိုယ်တိုင် မိုးဗြဲတွင်မနေနိုင်ဘဲ ပင်လောင်းတွင်နေထိုင်ရကြောင်း၊ မိမိသည်နယ်အုပ်အဖြစ် အုပ်ချုပ်နေရကြောင်း၊ မိုးဗြဲနယ်အနေဖြင့် တိုင်းပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ်စေလွှတ်လိုကြောင်း ထွက်ဆိုသည်။ ဦးသိုင်းဘဟန်သည် ကရင်နီနယ်ကိုယ်စားလှယ်တို့ တင်သွင်းသောစာတမ်းကိုလည်း ပါဝင်လက်မှတ်ထိုးခဲ့သည်။ ရှမ်းစော်ဘွားတို့၏ ကိုယ်စားလှယ်တို့ကမူ မိုးဗြဲနယ်ကို ရှမ်းပြည်အတွင်းတွင် ဆက်လက်ထားရှိသင့်ကြောင်း ဖြေကြားသွားခဲ့ကြသည်။

## ကချင်နယ်မှ ကိုယ်စားလှယ်များထွက်ဆိုချက်

မြစ်ကြီးနားနှင့် ဗန်းမော်၊ ကချင် ခန္တီးလုံ့ရှမ်း၊ ကချင်လူငယ်များအဖွဲ့ချုပ်၊ ဂျင်းဖော အမျိုးသားခေတ်သစ်ယဉ်ကျေးမှု တိုးတက်ရေးအဖွဲ့၊ ကချင်စစ်တပ်၊ နယ်စပ်လုံခြုံရေး၊ ကချင်ပုလိပ်တပ်ဖွဲ့၊ မြစ်ကြီးနားမြို့ရှိ နီပေါအသင်းတို့မှ ကိုယ်စားလှယ်များသည် ၁၉၄၇ ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့၌ တောင်တန်းဒေသစုံစမ်းရေး အဖွဲ့ထံတွင် မိမိတို့ဆန္ဒသဘောထားများကို ထွက်ဆိုကြသည်။

မြစ်ကြီးနား၊ ဗန်းမော် ကချင်ကိုယ်စားလှယ်တို့၏ကိုယ်စား ဒူဝါးဇော်လွန်းက ထွက်ဆိုသည်။ ဦးစွာ ဒူဝါးဇော်လွန်းသည် မြစ်ကြီးနား၊ ဗန်းမော်၊ ခန္တီးလုံနှင့် မိုးမိတ်ကိုယ်စားလှယ်(၅၀) တို့၏

၁၉၄၇ ခုနှစ်၊ ဧပြီလ (၁၅) ရက် နေ့စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်စာတမ်းကို တင်သွင်းသည်။ ထိုစာတမ်းတွင် ဗမာနှင့်ကချင် တို့သည် သဘာဝအရလည်းကောင်း၊ ပထဝီအနေအထားအရလည်းကောင်း၊ ဆက်နွယ်မှုများစွာရှိသော်လည်း အမူအရာ၊ ဓလေ့ ထုံးတမ်း ယုံကြည်မှုနှင့် မျိုးနွယ်အရ ကွာခြားမှုများစွာရှိသဖြင့် ဗမာနှင့်ကချင်တို့ကို လူမျိုးတစ်မျိုးတည်းအဖြစ်သို့ ရောက်အောင် ရောနှောပေါင်းယှက်ရန် အချိန်မတန်သေးဟု ထင်မြင်ကြောင်း၊ ဗမာနှင့်လုံးဝခွဲခွာ၍နေလျှင် နှစ်ဦးစလုံး၏ သာယာစည်ပင်ရေးနှင့် စီးပွားရေးတိုးတက်မှုတို့ကို ထိခိုက်စေလိမ့်မည်။ ထို့ကြောင့် ကချင်တို့အတွက် အကောင်းဆုံးသောနည်းလမ်းမှာ မြန်မာပြည်ထောင်စုအတွင်း သီးခြား ပြည်နယ်ထူထောင်ရေး ပင်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း တောင်တန်းဒေသများသာမက မြစ်ကြီးနားခရိုင်တစ်ခုလုံး၊ ဗန်းမော်နှင့် ကသာခရိုင်မြောက်ပိုင်း တစ်ခွင်လုံးဖြစ်သော မြေပြန့်နှင့် တောင်တန်းဒေသတို့လည်း ပါဝင်စေရန် ကချင်အမျိုးသားတို့ ဆန္ဒပြင်းပြကြောင်း၊ သီးခြားကချင်ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားအားလုံးကို တန်းတူညီမျှအခွင့်အရေးများ ရရှိခံစားစေမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားတိုင်း၏ ကိုယ်စားလှယ်များပါဝင်မည့် ကောင်စီကိုဖွဲ့စည်း၍ ပြည်နယ်အတွင်း နေထိုင်ကြသူများအားလုံးအကျိုးအတွက် အုပ်ချုပ်နိုင်မည့် သြဇာအာဏာ ပေးအပ်ထားမည်ဖြစ်ကြောင်း၊ ဗမာလူမျိုးတို့နှင့် တန်းတူအခွင့်အရေး ရရှိစေမည် ဖြစ်ကြောင်း၊ သီးခြားကချင်ပြည်နယ်၏ ပြည်တွင်းကိစ္စများကို ထိုပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူလူထုကသာ ထိန်းသိမ်းကွပ်ကဲမည်ဖြစ်ကြောင်း၊ ကာကွယ်ရေး၊ ပြည်ပရေးရာ၊ လမ်းပန်းဆက်သွယ်ရေး၊ စာပို့တိုက်နှင့် ကြေးနန်း၊ ငွေကြေးနှင့်ဒင်္ဂါး သွန်းလုပ်ရေး၊ ဘွဲ့ထူး ဂုဏ်ထူး အပ်နှင်းရေး၊ ဒါဘာသဘင်၊ အကောက်ခွန် စသည်တို့ကို ပြည်ထောင်စုအစိုးရအား ကိုင်တွယ်စေမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့တွင် ကချင်တို့လည်းပါဝင်မည်ဖြစ်ကြောင်း၊ သီးခြားကချင်ပြည်နယ်၏ ဘဏ္ဍာတော် မတောင့်တင်းသမျှ ဗဟိုအစိုးရ၏အထောက်အပံ့ကို ခံယူမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမှ အချိန်မရွေးခွဲထွက်ခွင့်ရလိုကြောင်း၊ ဓနသဟာယအဖွဲ့အတွင်း ပါဝင်သင့် မသင့်ကိစ္စကို တိုင်းပြုပြည်ပြုလွှတ်တော်တွင် အဆုံးဖြတ်ခံယူမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ခန္တီးလုံကိုယ်စားလှယ် ဦးအောင်ဘက ခန္တီးလုံငယ်သားအများစုသည် ကချင်ပြည်နယ်နှင့်ပူးပေါင်းနေထိုင်လိုသည်ဟု ပြောကြားသည်။ ဒူးဝါးဇော်လွန်းက တိုင်းပြုပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ်များစေလွှတ်၍ လိုလားချက်များကို တောင်းဆိုမည်ဖြစ်ကြောင်း၊

တောင်းဆိုချက်များကို လက်မခံလျှင် ပြည်ထောင်စုနှင့် ပူးပေါင်းမည်မဟုတ်ကြောင်း၊ လောလောဆယ်အားဖြင့် ပြည်ထောင်စု စနစ်ကို အပြည့်အဝအကောင်အထည် မဖော်နိုင်သေးလျှင် (၅) နှစ် သို့မဟုတ် (၆) နှစ်ခန့်ကာလအတွင်း ကြားကာလအုပ်ချုပ်ရေးပုံစံဖြင့် နေထိုင်မည်ဖြစ်ကြောင်း၊ ဤကိစ္စကို တိုင်းပြည်ပြုလွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ကချင်လူငယ်များအဖွဲ့ချုပ် ကိုယ်စားလှယ် ကင်ရော့တန်ကွန်း (မြစ်ကြီးနား)၊ လဝမ်လီ (ဗန်းမော်) နှင့် ဇိန်ဟန်လခေါင် (မြောက်သိန္နီ) တို့က သီးခြားကချင်ပြည်နယ် အလိုရှိကြောင်း၊ ထိုသီးခြားကချင်ပြည်နယ်သည် ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ငွေကြေးနှင့် ဒက်ါသွန်းလုပ်ရေး၊ ဘွဲ့ထူးဂုဏ်ထူးအပ်နှင်းရေးတို့တွင် မြန်မာနှင့်ပူးပေါင်းလုပ်ကိုင်မည်ဖြစ်ကြောင်း၊ မြစ်ကြီးနား၊ ဗန်းမော်နှင့်ခန္တီးလုံမှ ကချင်နှင့်ရှမ်းကိုယ်စားလှယ်တို့တင်သွင်းသော စာတမ်းကိုသဘောတူကြောင်း ထွက်ဆိုသွားသည်။

ဂျိန်းဖောအမျိုးသားခေတ်သစ်ယဉ်ကျေးမှုတိုးတက်ရေးအဖွဲ့ကိုယ်စားလှယ် ဖေါ်ယမ်ဂမ်နှင့် ပဒစ်လတောင် တို့က မိမိတို့၏အဖွဲ့သည် ကချင်လူငယ်များအဖွဲ့ချုပ်နှင့် ပူးတွဲလုပ်ဆောင်ကြောင်း၊ မိမိတို့အဖွဲ့၏ ရည်ရွယ်ချက်မှာ ခေတ်နောက်ကျသော ဓလေ့ထုံးတမ်းများနှင့် အုပ်ချုပ်ရေးကို ဖျက်သိမ်းရန်ဖြစ်ကြောင်း ပြောကြား၍ ရည်ရွယ်ချက်ပါစာတမ်းကို စုံစမ်းရေးအဖွဲ့ထံ အပ်နှင်းသည်။ ဤစာတမ်းတွင် ဒီမိုကရေစီဝါဒကိုအခြေခံသော ကချင်ပြည်နယ်ထူထောင်၍ ကချင်ပြည်နယ်နှင့် ပြည်သူလူထုကို လုံးဝလွတ်လပ်အောင်ဆောင်ရွက်ရန်၊ စစ်ပြီးခေတ်ဗြိတိသျှတို့ ကျင့်သုံးသော ဖိနှိပ်ချုပ်ချယ်ရေးနှင့် သွေးခွဲအုပ်ချုပ်ရေးတို့ကို ကန့်ကွက်ရန်၊ ကချင်ပြည်သူလူထု၏ ကိုယ်စားလှယ်တို့က တိုင်းပြည်ပြုလွှတ်တော်တွင် ရေးဆွဲခဲ့သော အုပ်ချုပ်ရေးကို လက်ခံရန်၊ မြန်မာအမျိုးသားတို့၏ ပြည်ထောင်စုအစိုးရတည်ထောင်ခြင်းကို ထောက်ခံရန်၊ တိုင်းရင်းသားကိုယ်စားလှယ် အားလုံးပါဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံက သီးခြား ကချင်ပြည်နယ်ကို အသိအမှတ်ပြု၍ လိုအပ်သမျှအကူအညီပေးရန်၊ သီးခြားကချင်ပြည်နယ်တွင် မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ ကသာမြောက်ဘက်ရှိ ကချင်တောင်တန်းဒေသများနှင့် မြေပြန့်ရှိ ကချင်ဒေသများပါဝင်စေရန် လိုလားကြောင်းဖော်ပြထားသည်။

ကချင်စစ်တပ်မှ ဗိုလ်မှူးလဖွမ်တန်၊ ဗိုလ်ကြီးဇော်ဆိုင်း၊ ဗိုလ်ကရိုင်းတန်တို့ကလည်း ကချင်စစ်သားများသည် သီးခြားကချင်ပြည်နယ်အလိုရှိကြောင်း၊ မိမိတို့သည် စစ်သားဖြစ်သဖြင့် နိုင်ငံရေးမေးခွန်းကို ဖြေရန်ခက်ခဲကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်လျှင် လူကြီးများစီစဉ်သည့်အတိုင်း နာခံမည်ဖြစ်ကြောင်း ထွက်ဆိုကြသည်။ နယ်စပ်လုံခြုံရေး ကချင်ပုလိပ်တပ်ဖွဲ့များဖြစ်ကြသော မြစ်ကြီးနားတပ်ဖွဲ့၊ ဗန်းမော်တပ်ဖွဲ့၊ လားရှိုးတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ၏ကိုယ်စား ဗိုလ်အယ်နော်တောင်နှင့်ဦးဇော်နောင်တို့က ထွက်ဆိုရာတွင် ကချင်ပြည်နယ်ရလိုကြောင်း၊ နိုင်ငံရေးကိစ္စနှင့်ပတ်သက်၍ ကချင်အကြီးအကဲများ စီစဉ်ဆုံးဖြတ်သည်တို့ကို နာခံမည်ဖြစ်ကြောင်း၊ မြောက်ပိုင်းနယ်များတွင် ရှမ်းလူဦးရေနှင့် ကချင်လူဦးရေ တန်းတူညီမျှရှိကြောင်း၊ ရှမ်းများနှင့် ချစ်ခင်စွာဆက်ဆံနေထိုင်လိုကြောင်း၊ ရှမ်းစော်ဘွား၏လက်အောက်တွင် ကချင်ဒူးဝါးအုပ်ချုပ်သော သီးခြားပြည်နယ်ကလေး ဖွဲ့စည်းပေးစေလိုကြောင်းတို့ ပါဝင်သည်။

မြစ်ကြီးနားရှိ နီပေါအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်တို့၏ ကိုယ်စားလှယ်များဖြစ် ကြသော မန်ဘဟာဒူးလင်ဘူးနှင့် ဂေါပါဆင်းပါဒါးတို့လည်း စုံစမ်းရေးအဖွဲ့ထံသို့ လာရောက် ကြသည်။ မန်ဘဟာဒူးလင်ဘူးက ကိုယ်စားလှယ်ပြု၍ထွက်ဆိုရာတွင် မြစ်ကြီးနား၊ ဗန်းမော်နှင့် အခြားကချင် တောင်တန်းဒေသများကို ကချင်ပြည်နယ်တွင် ပါဝင်စေလိုကြောင်း၊ ပင်လုံသဘောတူညီချက်နှင့်အညီ ပြည်ထောင်စုဖွဲ့စည်းရေးကို လိုလားကြောင်း၊ ဂေါ်ရခါးလူမျိုးသည် မြန်မာနိုင်ငံတွင်သာနေထိုင်၍ မြန်မာနိုင်ငံသားအဖြစ် ခံယူရန် ဆုံးဖြတ်ထားကြောင်းတို့ ပါဝင်သည်။

ဗန်းမော် (ဖဆပလ) အဖွဲ့ချုပ်ကိုယ်စားလှယ် ဦးငွေနှင့် ဦးဘလှတို့က ဗန်းမော်မြို့တွင် နေထိုင်သူဟူ သမျှသည် (ဖဆပလ) အဖွဲ့ဝင်များဖြစ်ကြောင်း၊ သီးခြားကချင်ပြည်နယ်တောင်းဆိုကြောင်းကို သဘောတူကြောင်း၊ ထိုကချင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ပူးပေါင်းစေလိုကြောင်း ထွက်ဆိုကြသည်။

၁၉၄၇ ခုနှစ်၊ ဧပြီလ (၂၁) ရက်နေ့တွင်မူ ဗန်းမော်အပိုင်း (၂) ဒေသနေ ဗမာတို့က ရွေးချယ်စေလွှတ်လိုက်သော ဦးဖိုးတီ၊ ဦးစောရီ၊ ဦးဘအောင်၊ ဦးဘဆင်တို့သည် စုံစမ်းရေးအဖွဲ့ထံသို့ လာရောက်၍ ၎င်းတို့၏ ဆန္ဒသဘောထားကို ပြောဆိုကြသည်။ ရှေးဦးစွာ အသစ်

ရေးသားပြုစုလာခဲ့ကြသော စာတမ်းကို စုံစမ်းရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်သည်။ ထိုစာတမ်းတွင် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြေပြန့်ဒေသနှင့် ကချင်တောင်တန်းဒေသတို့ကို နယ်နမိတ်အသစ်ခွဲခြားသတ်မှတ်ရန် အစိုးရအာဏာပိုင်တို့က အထူးအရာရှိတစ်ဦးကို တာဝန်ပေးအပ်သည်ဟု ကြားရကြောင်း၊ ထိုအရာရှိက မြေပြန့်ဒေသနေ ကျေးရွာသားများအား ရန်ကုန်ရှိ မြန်မာအစိုးရလက်အောက်တွင် နေလိုသလော၊ သို့တည်းမဟုတ် ဗြိတိသျှအစိုးရလက်အောက် တွင်နေလိုသလောဟု မေးမြန်းခဲ့ကြောင်း၊ ဗြိတိသျှအစိုးရဟူသည်မှာ ကချင်တောင်တန်းဒေသ အုပ်ချုပ်ရေးဖြစ်သည်ကို အရာရှိက ခွဲခြား၍မပြော စသဖြင့် ရွာသားတို့က မြန်မာအစိုးရလက်အောက်တွင် နေရခြင်းနှင့် ဗြိတိသျှအစိုးရလက်အောက်တွင် နေထိုင်ခြင်းတို့မှာ ကွာခြားမှုမရှိဟု ဖြေကြားခဲ့ကြောင်း၊ အခြေအနေမှန်ကိုသိရှိသောအခါ မြို့လူထုနှင့် ကျေးရွာ (၂၂) ရွာတို့ ပူးပေါင်း၍ အစည်းအဝေး တစ်ရပ်ကျင်းပကြောင်း၊ အစည်းအဝေးတွင် ကချင်ပြည်နယ်အတွင်း မြေပြန့်ဒေသများ ထည့်သွင်းရန်အတွက် ဗြိတိသျှအာဏာပိုင်တို့၏ လျှို့ဝှက်သောဆောင်ရွက်ချက်ကို ရှုတ်ချသည်ဟု ဆုံးဖြတ်ကြောင်း၊ ကချင်ပြည်နယ်သစ်ဖွဲ့စည်းရန် မြေပြန့်ဒေသများကို ဖဲ့ထုတ်ပေးရမည် ဟူသော အဆိုပြုချက်ဟူသမျှကို မိမိတို့လက်ခံမည်မဟုတ်ကြောင်း၊ မြေပြန့်နေ ပြည်သူလူထုသည် ၎င်းတို့ပိုင်မြေများမှ ထွက်ခွာမည်မဟုတ်ကြောင်း၊ ကချင်ပြည်နယ်သစ် အတွင်း မြေပြန့်ဒေသများ ထည့်သွင်းပေးမည့် အစီအစဉ်ဟူသမျှကို ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသော မိမိတို့က သဘောတူနိုင်မည်မဟုတ်ကြောင်း၊ ဒုတိယဇယားဝင်နယ် အပိုင်း (၁) ဒေသ (၁) နေ ပြည်သူတို့က ပြည်ထောင်စုနှင့် ပူးပေါင်းလိုသည်ဟူသော ဆန္ဒကို ကြိုဆိုကြောင်း၊ ကိုယ်ပိုင်ပြည်နယ်များထူထောင်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြင့် ရပ်တည်ခြင်း တို့ကို ကိုယ်စားလှယ်တို့က လိုလားထောက်ခံကြောင်း၊ သို့ရာတွင် ပြည်ထောင်စုမှ ခွဲထွက်နိုင်ခွင့်တောင်းခြင်းကို သဘောမတူနိုင်ကြောင်း၊ မြန်မာနိုင်ငံမှာ အင်အားကြီးနိုင်ငံ (၂) နိုင်ငံ အကြားတွင် တည်ရှိသဖြင့် ထိုနိုင်ငံတို့၏ နယ်ပယ်ချဲ့ထွင်လာမှု အန္တရာယ်ကို စိုးရိမ်ရကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးတို့ ဆက်လက်ရပ်တည်နိုင်ရေးမှာ ပထဝီသဘောအရ စည်းလုံးခြင်းသာမက နိုင်ငံရေးနှင့် စီးပွားရေးအရ စည်းလုံးခြင်းလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမှ ပြည်နယ်တစ်ခုခုအား ခွဲထွက်ခွင့်ပေးမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမျိုးကို လက်မခံနိုင်ကြောင်း ဖော်ပြ၍ ဦးဖိုးတီ၊ ဦးစောရီ၊ ဦးဘအောင်နှင့် ဦးဘဆင်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဤစာတမ်းကို တင်သွင်းပြီးနောက် ဦးဖိုးတီက ဗန်းမော်၊ မြစ်ကြီးနားမြေပြန့်ဒေသတွင် မိမိတို့ နေထိုင်ခဲ့ကြသည်မှာ ကာလရှည်ကြာပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံဥပဒေပြုလွှတ်တော်က ပေးအပ်သည့် အခွင့်အရေးများကို ရရှိနိုင်ရန် အပြင်းအထန်ကြိုးပမ်းခဲ့ကြရကြောင်း၊ ယခုရရှိထားသော အခွင့်အရေးများ အတိုင်းရရှိခံစားနိုင်မည်ဟု ဆိုသည့်တိုင်အောင် ဗမာများ နှင့်သာ အတူတူနေလိုသဖြင့် ကချင်ပြည်နယ်အတွင်း မပါဝင်လိုကြောင်း၊ ကချင်တို့က မြန်မာပြည်မတွင် မနေလိုသကဲ့သို့ မိမိတို့လည်း ကချင်ပြည်နယ်တွင် မနေလိုကြောင်း၊ လူထုဆန္ဒခံယူပွဲပြုလုပ်နိုင်ကြောင်း၊ ဆန္ဒခံယူပွဲက ကချင်ပြည်နယ်နှင့် ပူးပေါင်း လိုသည်ဟု ဆုံးဖြတ်လျှင် နာခံမည်ဖြစ်ကြောင်းပြောကြားသည်။ ဦးစောရီကလည်း သမိုင်းကို ပြန်ကြည့် လျှင် ကချင်တို့သည် မြန်မာနိုင်ငံအတွင်း ဗမာများနှင့်အတူတကွ ချစ်ခင်စွာနေထိုင်ခဲ့ကြသည်ကိုတွေ့ရသဖြင့် ယခု လွတ်လပ်ရေးရတော့မည့် မြန်မာနိုင်ငံတွင်လည်း ဆက်လက်၍သာ အတူတကွ ချစ်ချစ်ခင်ခင် နေထိုင်သင့်ကြောင်း၊ မြန်မာပြည်မတွင် ရှမ်း၊ ချင်း၊ ကချင်တို့ အတူတကွ ဆက်လက်၍နေထိုင်ကြလျှင် ဗမာများခံစားရသည့် အခွင့်အရေး ထက်ပင်ပို၍ ခံစားရမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

## ချင်းတောင်တန်းဒေသ၏ ကိုယ်စားလှယ်များ၏ဆန္ဒ

ချင်းတောင်တန်းဒေသတွင် ချင်းမျိုးနွယ်စုများစွာ နေထိုင်ကြသည်။ ထို့ကြောင့် တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ထံသို့ ချင်းအစုအဖွဲ့များစွာတို့၏ ကိုယ်စားလှယ်များ ရောက်လာ ထွက်ဆိုခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် စုံစမ်းရေးအဖွဲ့ရုံးထိုင်၍ ကြားနာစဉ်က ရခိုင်တောင်တန်းဒေသနေ ခမီနှင့်လခဲ(ရ်) ချင်း ကိုယ်စားလှယ်တို့က ဟားခါးနှင့် ကန်ပက်လက်ချင်း တို့သည် ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံနှင့် ပူးပေါင်းလျှင် မိမိတို့လည်း ပူးပေါင်း ကြမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသနှင့် ပို၍နီးကပ်သော ဟားခါးချင်းတို့ ဆောင်ရွက် သမျှကို မိမိတို့ လိုက်ပါဆောင်ရွက်ကြမည်ဖြစ်ကြောင်း ထွက်ဆို၍ လွန်ပုမရှိချင်းတို့က မိမိတို့ ဒေသကို မိမိတို့ဓလေ့ထုံးစံနှင့်အညီအုပ်ချုပ်၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းလိုကြောင်း ထွက်ဆို ခဲ့ကြသည်။ လေးမြို့ချင်းတို့၏ ကိုယ်စားလှယ် ဦးမြားနှင့် စကားပြန်ဦးသာအောင်တို့က လက်ရှိအုပ်ချုပ်ရေးစနစ်အတိုင်း ဆက်လက်အုပ်ချုပ်စေလိုကြောင်း၊ ထိုသို့မဖြစ်နိုင်လျှင်လည်း ပလက်ဝချင်းတို့၏ ဆုံးဖြတ်ချက်ကို လိုက်နာလက်ခံမည်ဖြစ်ကြောင်း ထွက်ဆိုကြသည်။

ရခိုင်တောင်တန်းဒေသ (ဖဆပလ) ကိုယ်စားလှယ် ဦးထွန်းမြနှင့် ဦးစောလှတို့က မြန်မာပြည်မနှင့် တစ်ပြိုင်တည်း လွတ်လပ်ရေးရလိုကြောင်း၊ တန်းတူအခွင့်အရေးရလျှင် သီးခြားနယ် အဖြစ် မရပ်တည်လိုဘဲ မြန်မာပြည်မတွင်သာနေလိုကြောင်း ထွက်ဆိုသွားကြသည်။

မေမြို့တွင် စုံးစမ်းရေးအဖွဲ့ ရုံးထိုင်၍ကြားနာသောအခါ ဖလမ်းချင်း၊ ဟားခါးချင်း၊ တီးတိန် ချင်း၊ ကန်ပက်လက်ချင်း၊ သိက္ခာတော်ရ ချင်းအမျိုးသားအစည်းအရုံးတို့မှ ကိုယ်စားလှယ် တို့သည် စုံစမ်းရေးအဖွဲ့ထံသို့ လာရောက်ထွက်ဆိုကြသည်။

ဖလမ်း၊ တီးတိန်၊ ဟားခါးနှင့် ကန်ပက်လက်တို့မှ ချင်းကိုယ်စားလှယ်တို့သည် အချက် (၁၆) ချက်ပါသော သဘောထားစာတမ်း (၁) စောင်ကို စုပေါင်းပြုစု၍ စုံစမ်းရေးအဖွဲ့ထံ တင်သွင်း ခဲ့ကြသည်။ ထိုစာတမ်းတွင် ပြည်ထောင်စုဝင်အဖြစ် မြန်မာနိုင်ငံနှင့် ပူးပေါင်းပြီးသော အခါ ချင်းလူမျိုးတို့အား ဗမာများနှင့် တန်းတူအခွင့်အရေး ခံစားခွင့်ပေးရန်၊ ပြည်နယ် အတွင်းအရေးကိစ္စများနှင့် ချင်းတောင်တန်းဒေသ၏ ရှေးဓလေ့ထုံးထမ်းများမှ တစ်ပါး နိုင်ငံခြား ဆက်ဆံရေး၊ ကာကွယ်ရေး၊ စာပို့တိုက်၊ ကြေးနန်းနှင့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ အကောက်ခွန်၊ ငွေကြေးနှင့် ဒင်္ဂါးသွန်းလုပ်ရေး၊ ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ရေး၊ ဒါဘာသဘင်စီရင်ရေး စသောကိစ္စများတွင် ဗဟိုအစိုးရနှင့် ပူးပေါင်းရန်၊ ချင်းတောင်တန်းဒေသ၏ အရေးကိစ္စများကို စီစဉ်အုပ်ချုပ်ရေးအတွက် မြန်မာအစိုးရ၏ ငွေကြေး အထောက်အပံ့ခံကောင်စီတစ်ရပ် ထူထောင်ရန် ချင်းမျိုးနွယ် (၄၂) စုမှ ကိုယ်စားလှယ် (၁၆) ဦး ရွေးချယ်၍ တိုင်းပြည်ပြုလွှတ်တော်သို့ စေလွှတ်ရန်၊ ဆန္ဒမဲပေး၍ ရွေးချယ်သည့် စနစ်ကို မသိသဖြင့် တိုင်းပြည်ပြုလွှတ်တော်ကိုယ်စားလှယ်တို့က ချင်းတောင်တန်းကောင်စီနှင့် ဒေသဆိုင်ရာ အစိုးရတို့က ရွေးချယ်ခွင့်ပြုရန်၊ အထက်လွှတ်တော်တွင် ချင်းတောင်တန်းဒေသမှ ကိုယ်စားလှယ် (၄) ဦးရရှိရန်၊ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့တွင် ချင်းကိုယ်စားလှယ် (၁) ဦးရရန်၊ ချင်းဝန်ကြီး သို့မဟုတ် အမှုဆောင်(ဝန်ကြီး) အဖွဲ့ဝင်(၁) ဦး ရရန်၊ ချင်းအမျိုးသားတို့သည် မြန်မာစည့်သဖြင့် ရာထူးခန့်ထားရေးသင်တန်းများ၊ လေ့လာရေး သင်တန်းများ၊ တက္ကသိုလ်နှင့်ကောလိပ်များတွင် အထူးအခွင့်အရေးများပေးရန်၊ နေရာဌာနအလိုက် နိုင်ငံခြားသို့ ချင်းပညာတော်သင်များ စေလွှတ်ရန်၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရေးအတွက် ချင်းဝန်ကြီး(၁) ဦးကို အမြန်ခန့်ထားရန်၊ ချင်းအမျိုးသားတို့အနေဖြင့် ဗြိတိသျှဓနသဟာယအဖွဲ့တွင် ပါဝင်လို သော်လည်း ဗမာများဆုံးဖြတ်သည့်အတိုင်း လိုက်နာရန်နှင့် ခွဲထွက်နိုင်ခွင့်ပေးရန်တို့

ပါဝင်သည်။ ချင်းအမျိုးသားတို့သည် အရာရာတွင် ဗမာ၊ ရခိုင်၊ ကရင်၊ မွန်စသော အခြားတိုင်းရင်းသားတို့နှင့် တန်းတူအခွင့်အရေးများ ရရှိခံစားလိုသည်ဟုလည်း ဖော်ပြထားသည်။ ဤဆန္ဒသဘောထားစာတမ်းကို ဖလမ်းမှ ကိုယ်စားလှယ် (၆) ဦး၊ တီးတိန်မှ ကိုယ်စားလှယ် (၆) ဦး၊ ဟားခါးမှ ကိုယ်စားလှယ် (၃) ဦး၊ ကန်ပက်လက်မှ ကိုယ်စားလှယ် (၄) ဦးတို့က လက်မှတ်ရေးထိုး၍ တင်သွင်းခဲ့ခြင်းဖြစ်သည်။ ဖလမ်းချင်းကိုယ်စားလှယ် ဦးထန်တင်လျန်းက မိမိတို့၏ ဓလေ့ထုံးတမ်းများကို မိမိတို့ ကိုယ်တိုင်ထိန်းသိမ်းခွင့်ရလျှင် မြန်မာပြည်မအတွင်းတွင်ပင် ပါဝင်နိုင်မည်ဖြစ်ကြောင်း မိမိတို့သည် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းလိုကြောင်း ထွက်ဆိုသွားခဲ့သည်။

ဖလမ်းချင်းအမျိုးသား ဦးဇာရဲက ချင်းနယ်ကို ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံအတွင်း သွတ်သွင်းသင့်ကြောင်း၊ လက်ထပ်ထိမ်းမြားသည့်ဥပဒေနှင့် ဒေသဆိုင်ရာဓလေ့များကိုသာ ချင်းတို့က ထိန်းသိမ်း၍ အခွန်တော်၊ စာပို့တိုက်၊ ကြေးနန်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ လူထုကျန်းမာရေးတို့ကို မြန်မာအစိုးရက ကိုင်တွယ်သင့်ကြောင်း ပြောဆိုသွား သည်။ ဟားခါးချင်း ကိုယ်စားလှယ် ဦးမန်းလိန်၊ ဦးဗန်ကီးယို၊ ဦးမန်းကီးယိုးတို့က ပြည်ထောင်စု (ဖယ်ဒရေးရှင်း) ဟူသော စကားအဓိပ္ပါယ်ကို မသိကြောင်း မြန်မာနိုင်ငံနှင့် ခရိုင်နယ်တစ်နယ်အဖြစ် ပူးပေါင်းလိုကြောင်း ပြောကြားသည်။

တီးတိန်ချင်း ကိုယ်စားလှယ် ဦးပုန်ဇာမန်း၊ ဦးထောင်ဇာခုပ်၊ ဦးထွမ်ဇာမန်း၊ ဦးခုပ်ခင်ခမ်းတို့၏ကိုယ်စား ဦးပုန်ဇာမန်းက ပင်လုံသဘောတူညီချက်အတိုင်း ပြည်ထောင်စုနှင့် ပူးပေါင်းလိုကြောင်း၊ မိမိတို့တွင် အုပ်ချုပ်ရေးကို တာဝန်ယူရန်ငွေကြေးအလုံအလောက်မရှိကြောင်း၊ အစဉ်အလာရှေးဟောင်းဓလေ့များကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းပိုင်ခွင့်ရလျှင် ကျေနပ်ပြီဖြစ်သဖြင့် ငွေကြေးအကူအညီရနိုင်ရန် မြန်မာနိုင်ငံနှင့် ပူးပေါင်းလိုကြောင်း ထွက်ဆိုသွားသည်။

စီယင်ချင်းကိုယ်စားလှယ် ဦးစိန်လျန်နှင့်သိက္ခာတော်ရ ချင်းအမျိုးသားများအစည်းအရုံး ကိုယ်စားလှယ် ကပ္ပတိန်ပေါ်ကျင်တို့က ဗဟိုအစိုးရအဖွဲ့ဝင် ချင်းအမျိုးသားဝန်ကြီး၏ အုပ်ချုပ်မှုကို ခံယူလိုကြောင်း၊ ပြည်နယ်တွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရလျှင် မြန်မာပြည်မနှင့် ပူးပေါင်းလိုကြောင်း ထွက်ဆိုကြသည်။

ကန်ပက်လက်ချင်းကိုယ်စားလှယ်  ဦးဘူကီး၊ ဦးလောဟာ၊ ဦးပြန်ထန်း၊ ဦးလိန်ဂေးတို့၏ ကိုယ်စား ဦးဘူကီးကထွက်ဆို၍ ကန်ပက်လက်ချင်းတို့သည် သီးခြားဆန္ဒသဘောထား

စာတမ်းကို တင်သွင်းသည်။ ထိုစာတမ်းတွင် ကန်ပက်လက်ချင်းတို့သည် ဗမာများနှင့် တန်းတူအခွင့်အရေး ရမည်ဆိုလျှင် တိုင်းပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ် စေလွှတ်မည်ဖြစ်ကြောင်း၊ ကာကွယ်ရေး၊ နိုင်ငံခြားဆက်ဆံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စာပို့တိုက်နှင့် ကြေးနန်းတို့ကို ဗဟိုအစိုးရက ကိုင်တွယ်၍ ကန်ပက်လက်သီးခြားနယ်၏ ငွေကြေးတောင့်တင်းလာချိန်အထိ ဗဟိုအစိုးရက ငွေကြေးထောက်ပံ့ပေးစေလိုကြောင်း၊ ပြည်ထောင်စုမှ အချိန်မရွေး ခွဲထွက်ခွင့် ရလိုကြောင်း၊ တိုင်းပြည်ပြုလွှတ်တော်တွင် ပြည်နယ်တစ်ခုခုနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာပြည်နယ်အဖွဲ့ဝင် သုံးပုံနှစ်ပုံ၏ သဘောတူညီမှ ရမှသာ ချမှတ်စေလိုကြောင်း၊ ဗြိတိသျှအစိုးရက နှစ်ပေါင်းများစွာအုပ်စိုးခဲ့သော်လည်း ထူးခြားသော တိုးတက်မှုမရှိခဲ့ကြောင်း၊ ဗမာနှင့် ကန်ပက်လက်ချင်းတို့မှာ တိုးတက် မှုချင်းကွာခြားလွန်းသဖြင့် အသွင်ကူးပြောင်းရေးကာလအတွင်း ချင်းပြည်နယ် တိုးတက်ရေးလုပ်ငန်းကို တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့က တာဝန်ယူ စေလိုကြောင်း၊ ရှေးကအတိုင်း မြန်မာနိုင်ငံနှင့် တသီးတခြားမဖြစ်စေရန် ကန်ပက်လက်နယ်ကို ပခုက္ကူခရိုင်အတွင်း သွတ်သွင်းပြီး ချင်းအမျိုးသားတို့ ကွပ်ကဲသည့် သီးခြား အုပ်ချုပ်ရေးပေးစေလိုကြောင်း၊ ရခိုင်တောင်တန်းဒေသကို ကန်ပက်လက်နယ်နှင့် ပူးပေါင်းစေလိုကြောင်း၊ ကန်ပက်လက်နှင့် ချင်းတောင်တန်းအတွက် အင်အား (၂၀၀) ထက်မနည်းသော လက်နက်ကိုင်ပုလိပ်တပ်ဖွဲ့ဖွဲ့စည်းပေးစေလိုကြောင်းတို့ပါဝင်သည်။

ကန်ပက်လက်နယ်မှာ ၁၉၂၉ ခုနှစ်မှစတင်၍ ခရီးလမ်းပန်းအဆက်အသွယ် ညံ့ဖျင်းသော ဖလမ်းချင်းတောင်တန်းနှင့် ပူးပေါင်းခဲ့ရသဖြင့် အစိုးရထံမှ အခွင့်အလမ်းများတောင်းဆိုရာတွင် နှောင့်နှေးကြန့်ကြာမှုနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ချင်းတောင်တန်းနှင့်မပူးပေါင်းဘဲ ပြည်ထောင်စုဝင် သီးခြားပြည်နယ်အဖြစ် မြန်မာနိုင်ငံနှင့်ပူးပေါင်းလိုသည်ဟု ကန်ပက်လက်နယ်မှ ကိုယ်စားလှယ်တို့က ဆန္ဒပြုကြသည်။

## မေမြို့သို့ရောက်လာသော ဗိုလ်ချုပ်အောင်ဆန်း

ချင်းကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားကို မေးမြန်းသည့် ဧပြီလ (၁၉) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် မေမြို့သို့ရောက်ရှိလာသည်။ စုံစမ်းရေးအဖွဲ့၏ လုပ်ငန်းတိုးတက်မှု အခြေအနေများကို သိရှိလိုသောကြောင့် ရောက်ရှိလာခြင်းဖြစ်မည်ဟု ရီး(စ်)ဝီလျံက မှတ်ထင်ခဲ့သည်။ စင်စစ် မေမြို့သို့ ရောက်ရှိနေကြသော တောင်တန်းဒေသကိုယ်စားလှယ်များအား တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ရေးအတွက် ရှင်းလင်းညှိနှိုင်းစည်းရုံးရန် ရောက်ရှိ လာခဲ့ခြင်းဖြစ်သည်။ မေမြို့တွင် တောင်တန်းသားများ စည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းဒေသ ကိုယ်စားလှယ်များ အား ပင်လုံတွင်ပေးခဲ့သောကတိအတိုင်း ဆက်လက်ဆောင်ရွက်မည်ကို ယုံကြည်စေလိုကြောင်း၊ (၁၀) နှစ် အချိန်ပေးစေလိုကြောင်း၊ ထို (၁၀) နှစ် အတွင်း တောင်တန်းသားများ ကျေနပ်မှုရှိလာ အောင် ဆောင်ရွက်ပြမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရလျှင် ရှမ်းခေါင်းဆောင်အား သမ္မတ တင်မြှောက်၍ ကရင်အမျိုးသားအား စစ်သေနာပတိ ခန့်ထားမည်ဖြစ်ကြောင်း၊ တောင်တန်းဒေသ ခေါင်းဆောင်များအား ဝန်ကြီးများအဖြစ်လည်း တင်မြှောက်မည် ဖြစ်ကြောင်း၊ ခွဲထွက်ခွင့်နှင့် ပြည်နယ်တောင်းဆိုရေးကိစ္စကို တိုင်းပြည်ပြုလွှတ်တော်တွင်သာ ညှိနှိုင်း ဆောင်ရွက်စေလိုကြောင်း၊ ရှမ်းပြည်က မြန်မာနှင့်မပူးပေါင်းဟု ဆိုလျှင် (၁၀) နှစ် ကြာသည့်အခါ တိုက်ခိုက်သိမ်းသွင်းမည်ဖြစ်ကြောင်း မြွက်ကြားခဲ့သည်။ ဤသို့ ဗိုလ်ချုပ် အောင်ဆန်းက ချော့၍တစ်မျိုး၊ ခြောက်၍တစ်ဖုံ မြွက်ကြားခဲ့ခြင်းကြောင့်လည်း တိုင်းရင်းသားများ ပို၍စည်းလုံးမိကြသည် ဟုဆိုသည်။

## ချင်းကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်အသစ်

ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ကန်ပက်လက်တို့မှ ချင်းကိုယ်စားလှယ်များသည် စုံစမ်းရေးအဖွဲ့ထံတွင် မိမိတို့၏ ဆန္ဒသဘောထားများကို ထွက်ဆိုကြပြီးသည့် နောက်တစ်နေ့ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် မေမြို့၌ အစည်းအဝေးတစ်ရပ်ကျင်းပပြီး ၎င်းတို့ထွက်ဆိုခဲ့သမျှကို ပြင်ဆင်၍ ဆုံးဖြတ်ချက်အသစ်များချခဲ့သည်။ ထိုဆုံးဖြတ်ချက်များကို ချင်းတို့၏ ဆန္ဒသဘောထားအသစ်အဖြစ် စုံစမ်းရေးအဖွဲ့ထံ တင်သွင်းခဲ့ပြန်သည်။

ဆန္ဒသဘောထားအသစ်တွင် ချင်းတို့သည် ခရိုင်နယ်တစ်နယ်အဖြစ်ဖြင့် မြန်မာပြည်မနှင့် ပူးပေါင်းလိုသော ရည်ရွယ်ချက်မရှိခဲ့ဘူးကြောင်း၊ ချင်းပြည်နယ်သည် တောင်တန်းသားများ စည်းလုံး ညီညွတ်ရေး ဦးစီးအဖွဲ့ဝင်အဖြစ်ဖြင့်သာ နေမည်ဖြစ်ကြောင်း၊ တောင်တန်းသားများ စည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့နှင့် မြန်မာအစိုးရတို့ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်ပါမူကို စွဲစွဲမြဲမြဲ လက်ကိုင်ထားကြောင်း၊ ကိုယ်စားလှယ်တို့သည် တစ်ပြည်ထောင်အစိုးရနှင့် ပြည်ထောင်စု အစိုးရ ဟူသော အသုံးအနှုန်းတို့ကို မသိနားမလည်သဖြင့် မှားယွင်းစွာထွက်ဆိုခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည်ထောင်စုဟူသော အခြေခံသဘောထားအဖြစ် မြန်မာနိုင်ငံနှင့်ပူးပေါင်းရန် ရည်ရွယ်ကြောင်း၊ စုံစမ်းရေးအဖွဲ့ထံသို့ တင်သွင်းခဲ့သည့်စာတမ်းတွင် ပါရှိခဲ့သော ဗဟိုအစိုးရ ဟူသည်မှာ ပြည်ထောင်စုအစိုးရကို ဆိုလိုကြောင်း၊ မြန်မာနိုင်ငံနှင့်ပူးပေါင်းမည့် အသေးစိတ်နည်းလမ်းများကို တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့က ပြဋ္ဌာန်းမည်ဖြစ်ကြောင်း ဖော်ပြပြီး တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ကန်ပက်လက်နယ်တို့မှ ကိုယ်စားလှယ် (၁၉) ဦးတို့က လက်မှတ်ရေးထိုး၍ တင်သွင်းခဲ့ကြသည်။

## အခြားချင်းကိုယ်စားလှယ်အဖွဲ့

ဧပြီလ (၂၁) ရက်နေ့တွင် အခြားတီးတိန်နှင့် ကန်ပက်လက် ချင်းကိုယ်စားလှယ်များဖြစ်ကြသော ကပ္ပတိန် မန်းတုန်းနုန်း၊ ဦးဝမ်းသူမောင်၊ ဦးထန်ဇာခိုင်၊ ဦးထောင်ဟန်း၊ ဦးထန်ကိုခိုင်၊ ဦးလျန်ကိုမန်း၊ ဦးအွန်ကိုမန်း၊ ဦးလက်ဆွားတို့သည် စုံစမ်းရေးအဖွဲ့ထံသို့ ရောက်လာကြပြီး ၎င်းတို့၏သဘောထားကို ထွက်ဆိုကြသည်။ တီးတိန်ချင်း ကိုယ်စားလှယ်တို့က အသင့် ယူဆောင်လာသော ဆန္ဒသဘောထား စာတမ်းကို ဦးစွာတင်သွင်းသည်။ ထိုစာတမ်းတွင် ...

(က) ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက တောင်တန်းဒေသကိုယ်စားလှယ်များနှင့် မြန်မာအစိုးရတို့ ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်ကို အတည်ပြုသည်။

(ခ) ၁၉၄၇ ခုနှစ်၊ မတ်လအတွင်း ညောင်ရွှေတွင် ကျင်းပသော တောင်တန်းဒေသများမှ ကိုယ်စားလှယ်အားလုံးတို့ တက်ရောက်သည့် အစည်းအဝေးဆုံးဖြတ်ချက်များကို ထောက်ခံ၍ အတည်ပြုသည်။

(ဂ) မကြာမီကျင်းပမည့် တိုင်းပြည်ပြုလွှတ်တော်တွင် ပါဝင်မည့် ချင်းအမျိုးသားတို့တွင် မျိုးနွယ်စု (၄) စု ရှိနေခြင်း၊ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာရန် ခက်ခဲခြင်း၊ စကားပြောဆိုပုံ ကွဲပြားခြင်း၊ တစ်ဒေသနှင့် တစ်ဒေသ အလှမ်းကွာဝေးခြင်းတို့ကြောင့် တိုင်းပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ် (၁၂) ဦး လွှတ်လိုသည်။ ထိုကိုယ်စားလှယ်များကို ဒီမိုကရေစီမူဝါဒအတိုင်း ဆန္ဒမဲဖြင့် ရွေးချယ်လိုသည်။

(ဃ) အောက်ပါအခြေအနေ နှစ်ရပ်ရလျှင် မြန်မာနိုင်ငံနှင့်ပူးပေါင်းမည်။

၁။ ပြည်ထောင်စုအသွင်ဖြင့် ပူးပေါင်းခြင်းဖြစ်ရမည်။

၂။ အချိန်မရွေး ခွဲထွက်နိုင်ခွင့်ရှိရမည်။

(င) ချင်းတောင်တန်းဒေသတွင် နာဂတောင်တန်းဒေသနှင့် ရခိုင်တောင်တန်းခရိုင်၊ ပလက်ဝ မြို့နယ် တို့ပါဝင်ရမည်။ ဖော်ပြပါဒေသတို့တွင်နေထိုင်သူတို့မှာ ချင်းအမျိုးသားများ ဖြစ်၍ ဒေသတစ်ခုနှင့်တစ်ခုလည်း ပထဝီသဘောအရ ဆက်စပ်နေကြသည်။

(စ) ၁။ အစိုးရက ဘိုးဘွားပိုင်မြေကို အရာတော်မြေအဖြစ် ပြောင်းလဲခဲ့သည်။

၂။ အစိုးရက အရာတော်မြေအဖြစ် ပြောင်းလဲခဲ့သော (ဘိုးဘွားများလက်ထက်က ဝယ်ထားခဲ့သည့်) မြေများကို ရပိုင်ခွင့်ရှိသော ပိုင်ရှင်များထံ ပြန်လည်ပေးအပ်စေလိုသည်ဟူ၍ ဖော်ပြထားသည်။ ထိုစာတမ်းကို တင်သွင်းပြီးနောက် တီးတိန်ချင်းကိုယ်စားလှယ် ကပ္ပတိန် မန်းတုန်းနုန်းက တိုင်းပြည်ပြု လွှတ်တော်သို့ ကိုယ်စားလှယ် ရွေးချယ်စေလွှတ်လိုကြောင်း၊ အကြီးအကဲအုပ်ချုပ်သည့်စနစ်ကို မလိုလားဘဲ ဒီမိုကရေစီမူဝါဒနှင့် လျော်ညီသော အုပ်ချုပ်ရေးကို လိုလားကြောင်း၊ ပြည်ထောင်စုဝင်ပြည်နယ် ဖြစ်လိုကြောင်းတို့ကို ပြောကြားသွားခဲ့သည်။

ကန်ပက်လက်ချင်းကိုယ်စားလှယ် ဦးဝမ်းသူမောင်က ၁၉၂၇ - ၁၉၂၈ ခုနှစ်မတိုင်မီက ကျင့်သုံးခဲ့သော အုပ်ချုပ်ရေးမျိုးကို လိုလားကြောင်း၊ ပြည်ထောင်စုဝင်ပြည်နယ်ဖြစ်လိုသော်လည်း ဘဏ္ဍာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့တွင် အခက်အခဲများရှိသဖြင့် ဝန်ကြီးများ အုပ်ချုပ်သောမြန်မာနိုင်ငံအတွင်းတွင်သာ နေသင့်ကြောင်း၊ မိမိသည် လူထု ကိုယ်စားလှယ် အဖြစ်ဖြင့် စုံစမ်းရေးအဖွဲ့ထံ လာရောက်ခြင်းဖြစ်၍ ဦးဘူးကီးပါဝင်သော ကိုယ်စားလှယ်

အဖွဲ့မှာ အုပ်ချုပ်သူအကြီးအကဲတို့က စေလွှတ်သောအဖွဲ့သာဖြစ်ကြောင်း၊ တိုင်းပြည်ပြုလွှတ်တော်တက်မည့် ကိုယ်စားလှယ်များကို အုပ်ချုပ်သူအကြီးအကဲက ရွေးချယ်ခြင်းမပြုစေဘဲ ရွေးကောက်ပွဲကျင်းပ၍ ရွေးချယ်သင့်ကြောင်းတို့ကို ပြောကြား၍ မိမိတို့လိုလားသည့် အနာဂတ်အုပ်ချုပ်ရေးဆိုင်ရာ သဘောထားစာတမ်းကိုလည်း တင်သွင်းသည်။ ထိုစာတမ်းတွင် ...

၁။ ပင်လုံစာချုပ်ကို လေးစား၍ အတည်ပြုသည်။

၂။ မကြာမီကျင်းပမည့် တိုင်းပြည်ပြုလွှတ်တော်တွင် ပါဝင်မည်။ ချင်းတောင်တန်းဒေသတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် နယ်ပိုင်ဝန်ထောက်တစ်ဦးအုပ်ချုပ်သည့် နယ် (၁) နယ်စီမှ ကိုယ်စားလှယ်တစ်ဦးစီကို ဒီမိုကရေစီမူအတိုင်း လူထုဆန္ဒဖြင့်ရွေးချယ်၍ တိုင်းပြည်ပြုလွှတ်တော်သို့ စေလွှတ်မည်။

၃။ ဒေသအလိုက် ချင်းတို့ပြောဆိုသောစကား၊ အသွင်အပြင်နှင့် ဓလေ့ထုံးစံများ ကွဲပြားသဖြင့် ဒေသတစ်ခုစီအတွက် ဒေသန္တရအစိုးရဖွဲ့စည်း၍ ဖြစ်ပေါ်လာသော အကြောင်းတရားအလိုက် အပြောင်းအလဲပြုလုပ်မည်။

၄။ ချင်းတောင်တန်းဒေသ ခရိုင်ခွဲတစ်ခုနေ လူထုကဖြစ်စေ၊ ချင်းတောင်တန်းဒေသတစ်ခုလုံးကဖြစ်စေ၊ ယခုဝင်ရောက်လိုသည့် ပြည်ထောင်စုအစိုးရမှ ခွဲထွက်လိုသော်လည်းကောင်း၊ ဝန်ကြီးများအုပ်ချုပ်သောမြန်မာနိုင်ငံနှင့် ပူးပေါင်းလိုသော်လည်းကောင်း အဟန့်အတားမရှိစေရ။

၅။ ပလက်ဝဒေသနှင့် ပူးပေါင်း၍ အမျိုးသားအစိုးရဖွဲ့စည်းပြီး မြန်မာနိုင်ငံဗဟိုအစိုးရနှင့် တိုက်ရိုက်ဆက်သွယ်မည်။

၆။ လက်ရှိ (ဖဆပလ) အစိုးရသည် ကြေညာထားသည့်အတိုင်း ချင်းတောင်တန်းဒေသအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ စီမံကိန်းများကို ဆောင်ရွက်ပေး စေလိုသည်။

၇။ ယခုအခါ မြန်မာအစိုးရ၏ ထောက်ပံ့ငွေများသည် နိုင်ငံခြားတိုင်းပြည်များကို ရောက်လျှက်ရှိသည်။ ထိုငွေများကို တိုင်းရင်းသားတို့အတွက်သာ အသုံးပြုသင့်သည်။

သံလွင်ခရိုင်မှ ကရင်ကိုယ်စားလှယ်နှစ်ဖွဲ့ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ထံသို့ သံလွင်ခရိုင်မှ ကိုယ်စားလှယ်အဖွဲ့ နှစ်ဖွဲ့ရောက်ရှိလာခဲ့သည်။ ထိုအဖွဲ့နှစ်ဖွဲ့သည် ဆန္ဒသဘောထား တစ်မျိုးစီထွက်ဆို သဖြင့် သံလွင်ခရိုင်၏ နိုင်ငံရေးပြဿနာမှာ ရှုပ်ထွေးခဲ့ရသည်။ ကေအဲန်ယူ အဖွဲ့ချုပ်နှင့် ဆက်နွယ်နေသော သံလွင်ကရင်အမျိုးသား ညီညွတ်ရေးအဖွဲ့ချုပ်သည် ၁၉၄၇ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ဖာပွန်၌ လူထုအစည်းအဝေးတစ်ရပ်ကျင်းပပြီး "သံလွင်ခရိုင် အတွင်း နေထိုင်ကြကုန်သော ကရင်အမျိုးသားတို့သည် မြန်မာပြည်မမှ သီးခြားကင်းလွတ်၍ ဗြိတိသျှအစိုးရက တိုက်ရိုက်ကွပ်ကဲသော အုပ်ချုပ်ရေးအောက်တွင်နေရခြင်းကို ပို၍အလိုရှိကြသည်" ဟူသော ဆုံးဖြတ်ချက်ကို ချခဲ့ကြသည်။ ထို့နောက် သံလွင်ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်၏ အတွင်းရေးမှူးဖြစ်သူ စော်တီဖိုးကူးနှင့် အေဒါလင်တန် တို့အား စုံစမ်းရေးအဖွဲ့ထံသို့ စေလွှတ်ရန် ရွေးချယ်လိုက်ကြသည်။ အရွေးချယ်ခံရသော စောတီဖိုးကူးနှင့် စောဒါလင်တန်တို့သည် ဒိစတြိတ်ကောင်စီဝင်များဖြစ်ကြသော စောချစ်တီး၊ စောပန်းဦး၊ စောဘဟန်၊ စောထွန်းလင်း၊ စောလှဘော်၊ စောစံဖိုး၊ စောသာကျော်၊ စောစီး၊ စောထွန်းကျော်တို့နှင့်အတူ ရန်ကုန်တွင် ရုံးထိုင်လျက်ရှိကြသော တောင်တန်းဒေသစုံစမ်းရေး အဖွဲ့ထံသို့ ရောက်လာကြသည်။ ထိုကိုယ်စားလှယ်အဖွဲ့သည် စုံစမ်းရေးအဖွဲ့နှင့် မတွေ့ဆုံမီ ၁၉၄၇ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် အင်းစိန်၌ ရွှေကျင်ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမာရှယ်ရှင်ခေါင်းဆောင်သည့် တောင်ငူခြွင်းချန်ဒေသ ကရင်ကိုယ်စားလှယ်အဖွဲ့နှင့် ပူးပေါင်းကာ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ဤအစည်းအဝေးက တောင်တန်းဒေသ ပြည်သူလူထုရေးရာတို့ကိုသာ စုံစမ်းရန်ဖြစ်သော ရီး(စ်)ဝီလျံ ကော်မရှင်တွင် ဗမာအဖွဲ့ဝင်များ ပါဝင်ခြင်းကို ကန့်ကွက်ကြောင်း၊ ဗမာများ၏ သြဇာလွှမ်းမိုးမှုမရှိဘဲ တောင်တန်းဒေသ ပြည်သူလူထု၏ဆန္ဒသဘောထားကို လွတ်လပ်စွာစုံစမ်းနိုင်စေလိုသောကြောင့် ယင်းသို့ကန့်ကွက်ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ဤဆုံးဖြတ်ချက်ကို တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ဝင်သို့လည်း ပေးပို့ခဲ့သည်။ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့က ဤဆုံးဖြတ်ချက်မှာ အောင်ဆန်း-အက်တလီ စာချုပ်ပါ သဘောတူညီချက်ကို နားလည်မှုလွဲမှားသောကြောင့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်ချမှတ်သူတို့ထံ စုံစမ်းရေးအဖွဲ့အတွင်းရေးမှူးက ရှင်းလင်းချက်ပေးပို့သင့်သည်။ ၁၉၄၇ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ကျင်းပသော တောင်တန်းဒေသစုံစမ်းရေးအဖွဲ့အစည်းအဝေး၌ အဖွဲ့ဝင်များက သဘောတူဆုံးဖြတ်ကြသည်။

မတ်လ (၁၉) ရက်နေ့တွင် သံလွင်ခရိုင် ကရင်ကိုယ်စားလှယ်အဖွဲ့ကို စောတီဖိုးကူးက ကိုယ်စားပြု၍ စုံစမ်းရေးအဖွဲ့ထံထွက်ဆိုရာတွင် မိမိတို့သည် ဖာပွန်၌ လူထုအစည်းအဝေး တစ်ရပ်ကျင်းပ၍ ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရ သံလွင်ခရိုင် အတွင်း နေထိုင်ကြသော ကရင်အမျိုးသားတို့သည် တောင်တန်းဒေသအတွက်သာ ဆက်လက် နေထိုင်ကြ၍ မြန်မာပြည်မနှင့် မပူးပေါင်းသေးကြောင်း၊ မြန်မာပြည်မနှင့် တစ်သီးတစ်ခြား ဖြစ်၍ ဗြိတိသျှအစိုးရက တိုက်ရိုက်ကွပ်ကဲသော အုပ်ချုပ်ရေးအောက်တွင်သာ နေထိုင်လို ကြောင်း ပြောကြားသည်။ စုံစမ်းရေးအဖွဲ့ဝင်တစ်ဦးဖြစ်သော သခင်နုက မြန်မာနိုင်ငံနှင့် တစ် ချိန်တည်းလွတ်လပ်ရေးရစေရန် မြန်မာနှင့် မပူးပေါင်းလိုဘူးလားဟု မေးသောအခါ စောတီး ဖိုးကူးက မိမိတို့လွတ်လပ်ရေးရလိုသည့်တိုင်အောင် မြန်မာနိုင်ငံ၏ပြည်ပတွင် နေလိုသည်ဟု ဖြေကြားသည်။ စောတီဖိုးကူးက ပြောကြားရာတွင် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံ (စီရင်အုပ်ချုပ် မှု) ဥပဒေအကျိုး သက်ရောက်ချိန်မှစ၍ သံလွင်ခရိုင်ကို ဦးခင်ဖေ အမည်ရှိသော ဗမာပုလိပ် အရာရှိတစ်ဦးက အုပ်ချုပ်ခဲ့ကြောင်း၊ ထိုအရာရှိ လက်ထက်တွင် သံလွင်ခရိုင်မှာ တိုးတက်မှု တစ်စုံတစ်ရာမရှိသည့်အပြင် ရာဇဝတ်မှုပွားများ လာခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်မီးကြီး ကူးစက်လာသောအခါ ဖာပွန်သို့ ရောက်ရှိလာသော စစ်တပ်က ကရင်ခေါင်းဆောင်များကို သတ်ဖြတ်၍ ဥစ္စာပစ္စည်းတို့ကို လုယက်ဖျက်စီး ခဲ့ကြောင်း၊ ထို့ကြောင့် ဗမာအုပ်ချုပ်ရေး ကို အယုံအကြည်မရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးများ အုပ်ချုပ်သော မြန်မာနိုင်ငံနေ ကရင် အမျိုးသားတို့က ဗြိတိသျှအစိုးရထံ သီးခြား လွတ်လပ်သော ပြည်နယ်တောင်းဆိုခဲ့ကြောင်း၊ သံလွင်ခရိုင်မှာ ထိုပြည်နယ်၏ တစ်စိတ်တစ်ပိုင်း အဖြစ်ပါဝင်လိုကြောင်း၊ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ငွေရေးကြေးရေးကဲ့သို့သော ကိစ္စအနည်းငယ် မှတစ်ပါး ပြည်နယ်တွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရမည်ဟု အာမခံချက်ရှိလျှင် မြန်မာပြည်ထောင်စုတွင် ပါဝင်ရေးကို မူအားဖြင့်လက်ခံနိုင်ကြောင်း၊ သို့သော်လက်တွေ့တွင် အာမခံချက်မရှိကြောင်း ပြောကြားသည်။

ကိုယ်စားလှယ်တစ်ဦးဖြစ်သော စောချစ်တီးက ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေနှင့် စပ်လျဉ်းသော ပြဿနာ တို့ကို နားမလည်ကြောင်း၊ ဗမာတစ်ကျပ်ရလျှင် ကရင်တစ်ကျပ်ရလိုသဖြင့် ကရင် များအား ဗမာများနှင့် တန်းတူညီမျှ ခံစားခွင့်ပေးရမည်ဖြစ်ကြောင်း၊ သံလွင်ခရိုင်မှ ကရင် အမျိုးသား (၄) ဦးတို့သည် ပင်လုံညီလာခံသို့ တက်ရောက်ခဲ့ကြသော်လည်း ကိုယ်စားလှယ်

အဖြစ် တက်ရောက်ခဲ့ခြင်းမဟုတ်ဘဲ လေ့လာသူများအဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသွားခဲ့သည်။ ဤကိုယ်စားလှယ်အဖွဲ့ ဖာပွန်သို့ ပြန်လည်ရောက်ရှိသောအခါ အခြေအနေသည် တစ်မဟုတ်ချင်း ပြောင်းလဲသွားခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် လူထုအစည်းအဝေးတစ်ရပ်ကို ကျောက်တောင်ရွာ၌ ဒုတိယအကြိမ် ကျင်းပကာ မတ်လ (၆) ရက်နေ့က ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်မပြုကြောင်း၊ သံလွင်ခရိုင်နေပြည်သူလူထု၏ အခွင့်အရေးများကို ရရှိရန် လာမည့်တိုင်းပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ်စေလွှတ်မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။ ထိုအစည်းအဝေးကပင် ပြည်နယ်တွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရန်၊ ပြည်နယ်အချင်းချင်း ဆက်ဆံရေးကိစ္စများကို တိုင်းပြည်ပြုလွှတ်တော်တွင် အခြားကရင်အမျိုးသားနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် စုံစမ်းရေးအဖွဲ့သို့ ကိုယ်စားလှယ်အဖွဲ့အသစ်တစ်ဖွဲ့ ရွေးချယ်ဖွဲ့စည်း၍ ထပ်မံစေလွှတ်ရန် တို့ကိုလည်း ဆုံးဖြတ်သည်။

သံလွင်ခရိုင်မှ ထပ်မံစေလွှတ်ခဲ့သော ဒုတိယကိုယ်စားလှယ်အဖွဲ့သည် သံလွင်ခရိုင်အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ စောချစ်တီးနှင့် အတွင်းရေးမှူး စောတီဖိုးကူးတို့ လက်မှတ်ရေးထိုး ထားသော ထောက်ခံစာနှင့်အတူ မေမြို့တွင် ရုံးထိုင်သော စုံစမ်းရေးအဖွဲ့ထံသို့ ဧပြီလ (၁၄) ရက်နေ့တွင် ရောက်ရှိလာသည်။ ဒုတိယကိုယ်စားလှယ်အဖွဲ့ဝင် ပါဝင်သူတို့မှာ စောလူးလူ၊ နယူတန်ပန်းကြီး၊ စောမောင်ငြိမ်း၊ စောမြတ်ရွှေ၊ စောရောဘတ်ဒီး၊ စောငွေအိုး၊ စောအောင်ရှင် တို့ဖြစ်ကြသည်။ ကိုယ်စားလှယ်အဖွဲ့ကို ကိုယ်စားပြု၍ ထွက်ဆိုသော စောလူးလူက စုံစမ်းရေးအဖွဲ့အား ဧပြီလ (၅) ရက်နေ့က ကျင်းပသော အစည်းအဝေး ဆုံးဖြတ်ချက်များ အကြောင်း ရှင်းပြ၍ တိုင်းပြည်ပြု လွှတ်တော်သို့ ကိုယ်စားလှယ် (၄) ဦးစီ လွှတ်လိုကြောင်း၊ မိမိတို့သည် တောင်တန်းဒေသ စည်းလုံးညီညွတ်ရေးဦးစီး အဖွဲ့နှင့် မပူးပေါင်းလိုကြောင်း၊ အမြင်ချင်းမတူသော ကရင်နီနယ်များနှင့်လည်း မပူးပေါင်း လိုကြောင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရလိုကြောင်း၊ ခရိုင်နယ်တစ်ခုအဖြစ်ဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းလိုကြောင်း၊ ဓနသဟာယအဖွဲ့မှ မြန်မာနိုင်ငံနုတ်ထွက်လျှင်လည်း သံလွင်နယ် ပူးပေါင်းရေး ကိစ္စကို မထိခိုက်ကြောင်း ထွက်ဆိုခဲ့သည်။

သံလွင်ခရိုင်ကို ကိုယ်စားပြု၍ စုံစမ်းရေးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်သော စောစံကေကပထမကိုယ်စားလှယ်အဖွဲ့နှင့် နှိုင်းယှဉ်လျှင် ဤဒုတိယကိုယ်စားလှယ်အဖွဲ့သည် သံလွင်ခရိုင်ပြည်သူလူထု အတွက် ပို၍ခိုင်မာစွာ ပြောဆိုနိုင်စွမ်းရှိသည်ဟုပင် အတည်ပြုခဲ့သည်။

တပ်ဖွဲ့အမှတ် (၁၃၆) တွင် အမှုထမ်းခဲ့ဖူးသော ကရင်စစ်သားဟောင်းကြီး (၄) ဦးက တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ထံသို့ ရေးသည့်စာနှင့် စောမာရှယ်ရှင်က ဗြိတိသျှနန်းရင်းဝန်ထံ ရေးသည့်စာတို့တွင်မူ စောလူးလူပါဝင်သောအဖွဲ့သည် လူထုကိုယ်စားလှယ် အစစ်အမှန် မဟုတ်ကြောင်း၊ စောလူးလူနှင့် အဖွဲ့၏ မှားယွင်းသောထွက်ဆိုချက်ကို ရီး(စ်)ဝီလျံက မစူးမစမ်းအတည်ပြုလျှင် ရီး(စ်)ဝီလျံ၏ ဆုံးဖြတ်ချက်ကို အယုံအကြည်ရှိမည်မဟုတ်ကြောင်း၊ သံလွင်ခရိုင်အား ဝန်ကြီးများအုပ်ချုပ်သော မြန်မာနိုင်ငံနှင့် ပူးပေါင်းမည်ဆိုခြင်းကို ကန့်ကွက်ကြောင်း၊ ကန့်ကွက်သူ (၁၄၄၁) ဦး၏ လက်မှတ်များကို ပူးတွဲတင်ပြအပ်ပါကြောင်း ဖော်ပြထားသည်။

## ကရင်လူငယ်များ အစည်းအရုံး၏ သဘောထား

ကရင်လူငယ်များ အစည်းအရုံးနှင့် ကရင်အမျိုးသားအဖွဲ့ချုပ် (အေအဲန်ယူ) တို့ကလည်း သံလွင်ခရိုင်၏ အနာဂတ်အရေးနှင့်ပတ်သက်သော ၎င်းတို့၏ သဘောထားများကို စုံစမ်းရေးအဖွဲ့ထံသို့ လာရောက်ထွက်ဆိုကြသည်။ ကရင်လူငယ်များအစည်းအရုံးက စေလွှတ်ခဲ့သော ကိုယ်စားလှယ်တို့မှာ စောစံဖိုးသင်နှင့် စောနော်တင်ဘွားတို့ ဖြစ်ကြသည်။

စောစံဖိုးသင်က သံလွင်ခရိုင်မှာ မြန်မာနိုင်ငံအတွင်းရှိ အခြားပြည်နယ်များကဲ့သို့ပင် ကိုယ်ပိုင် လွတ်လပ်ခွင့် ရရှိသင့်ကြောင်း၊ ပြည်နယ်အတွင်း လွတ်လပ်စွာ အုပ်ချုပ်ခွင့်ရသော ပြည်နယ် အဖြစ် မြန်မာပြည်ထောင်စုနှင့် ပူးပေါင်းခွင့်ရလျှင် ကျေနပ်ကြောင်း၊ ယခင်က ကရင်အမျိုးသား တို့ တောင်းဆိုခဲ့ကြသည့် ယိုးဒယားနယ် အပါအဝင် ကရင်ပြည်နယ်ကြီး ထူထောင်လိုစိတ်မ ရှိကြောင်း၊ "တစ်အိမ်လုံး လွတ်လပ်ခွင့်ရလျှင် မီးဖိုဆောင်အတွက် တောင်းဖို့" လိုတော့မည် မဟုတ်ကြောင်း၊ သံလွင်ခရိုင်ကို ကရင်နီနယ်နှင့် ဆက်စပ်ပေးနိုင်လျှင် ကောင်းမွန်ကြောင်း၊ မြန်မာနိုင်ငံကို အမေရိကန် ပြည်ထောင်စုပုံစံမျိုး ဖွဲ့စည်းသင့်ကြောင်း၊ တိုင်းပြည်ပြုလွှတ်တော် သို့ သံလွင်ခရိုင်မှကိုယ်စားလှယ်များ တက်ရောက်ခွင့်ရလိုစေကြောင်း၊ သံလွင်ခရိုင်အား တောင်တန်းဒေသ အုပ်ချုပ်ရေးအောက်တွင် မထားလိုပဲ မူလအတိုင်း မြန်မာနိုင်ငံနှင့်သာ ပူးပေါင်းထားစေလိုသည်။ အကူအညီလိုအပ်သမျှကို မြန်မာအစိုးရက ပေးအပ်စေလိုကြောင်း သံလွင်ခရိုင်မှာ ခေတ်နောက်ကျနေသေးပြီး ခရိုင်အတွင်းနေ ကရင်တို့မှာ ကရင်စကားကိုသာ

တတ်ကျွမ်းနားလည်သဖြင့် ပြည်မမှ ကရင်အမျိုးသားအရာရှိများကိုသာ စေလွှတ်၍ အုပ်ချုပ်သင့်ကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် သံလွင်ဒေသအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးထားပြီး ထိုအုပ်ချုပ်ခွင့်ကို ပါလီမန်အက်ဥပဒေဖြင့်လည်း အာမခံချက် ပေးထားလျှင်လုံလောက်ပြီး ဖြစ်ကြောင်း၊ ဗမာနှင့် ကရင်တို့မှာ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြသူများဖြစ်၍ အေးအတူပူအမျှ နေထိုင်ကြရမည်ဖြစ်ကြောင်း၊ ယခုလာရောက်ထွက်ဆိုကြသော ကရင်လူငယ်များ အစည်းအရုံးဝင်တို့မှာ သံလွင်ခရိုင်မှ ရောက်လာကြသူတို့ မဟုတ်သော်လည်း သံလွင်ခရိုင်နေကရင်အမျိုးသားတို့၏ သွေးချင်း သားချင်းများဖြစ်၍ ထိုသူတို့၏အကျိုးကို စောင့်ရှောက်ကြရမည့်သူများဖြစ်ကြောင်း ထွက်ဆိုသွားကြသည်။

## ကေအဲန်ယူအဖွဲ့၏ သဘောထား

ကရင်အမျိုးသားအဖွဲ့ချုပ် (ကေအဲန်ယူ) ကိုယ်စားလှယ်များဖြစ်ကြသော သရာသာထို၊ မန်းဂိုမ်းထွန်းအောင်၊ စောမောင်ဒေါက်၊ မန်းဘဇံတို့၏ ထွက်ဆိုချက်များတွင် သံလွင် ခရိုင်နေ ကရင်အမျိုးသားတို့အား အစိုးရကအပြောသာမဟုတ် အလုပ်ဖြင့်လက်တွေ့ကူညီဆောင်ရွက်ပေးနိုင်လျှင် ကရင်အများအပြား သည် ကျေနပ်နှစ်သက်ကြလိမ့်မည်ဖြစ်ကြောင်း၊ လူမျိုးစုငယ်တို့၏ ရပိုင်ခွင့်များကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အပြည့်အဝထည့်သွင်းပေးနိုင်လျှင်ကရင်အမျိုးသားတို့ ကျေနပ်မှုရရှိပြီးပြေလည်စွာ ဆက်ဆံနိုင်သောအဆင့်သို့ ရောက်လာမည်ဖြစ်ကြောင်း၊ စုံစမ်းရေးအဖွဲ့ထံသို့ ရောက်ရှိ လာကြသော သံလွင်ခရိုင်မှ ကိုယ်စားလှယ်အဖွဲ့နှစ်ဖွဲ့အနက် ပထမအဖွဲ့မှာ စနစ်တကျရွေးချယ် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ကြောင်း၊ ဒုတိယအဖွဲ့မှာ အလျင်အမြန်ဖွဲ့စည်းရသည့်အဖွဲ့ဖြစ်သဖြင့် လူထုကရွေးချယ်သောအဖွဲ့ဖြစ်မည်မထင်ကြောင်း၊ အဖွဲ့ဝင်တို့မှာလည်း ငယ်ရွယ်သူများဖြစ်သဖြင့် ဦးဆောင်မှုပေးနိုင်သူများမဟုတ်ကြောင်း၊ သံလွင်ကရင်အမျိုးသားတို့သည် ရှေးဦးစွာ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့သို့ ဝင်သင့်ကြောင်း၊ ကရင်နီ၊ ဖာပွန် နှင့် ကရင်များနေထိုင်သည့် ဇယားဝင်နယ်တို့ကိုပေါင်း၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ကရင်ပြည်နယ် ထူထောင်သင့်ကြောင်း၊ တောင်တန်းသားများစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့သို့ ဝင်ပြီးသည့်နောက်တွင်မှ မြန်မာပြည်မနှင့် ပြည်ထောင်ဝင်အဖြစ် ပူးပေါင်းသင့်ကြောင်း၊ ခနသဟာယအဖွဲ့မှ မြန်မာနိုင်ငံနုတ်ထွက်

လျှင် ကရင်တို့အဖို့ ဓနသဟာယအဖွဲ့အတွင်းနေခြင်းက ပို၍လုံခြုံမှုရှိကြောင်း၊ သံလွင်ခရိုင်မှာ နိုင်ငံရေးသဘောသဘာဝကို နားမလည်သေးသဖြင့် ဦးစွာနိုင်ငံရေးနှင့် အကျွမ်းတဝင်ရှိအောင် ကြိုးပမ်းသင့်ကြောင်း၊ နိုင်ငံရေးအကြောင်းကို နားလည်လာသောအခါတွင်မှ မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ စည်ပင်တိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း၊ ကရင်အမျိုးသား တို့မှာ စစ်အတွင်းက ဖြစ်ပွားခဲ့သော မြောင်းမြ အရေးအခင်းမျိုး နောက်တစ်ကြိမ် ထပ်၍ ဖြစ်ပွားမည်ကို စိုးရိမ်ကြောင်းတို့ကို ထွက်ဆို သွားကြသည်။

## စောမာရှယ်ရှင်၏ ထွက်ဆိုချက်

ရွှေကျင်ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမာရှယ်ရှင်က စုံစမ်းရေးအဖွဲ့ထံ လာရောက်၍ ထွက်ဆိုရာတွင် ရွှေကျင်ခရိုင်ခွဲသည် အပိုင်း (၂) ဒေသအတွင်းပါဝင်သောကြောင့် အပိုင်း (၁) ဒေသ ဖြစ်သော သံလွင်ခရိုင်နှင့် ဆက်စပ်လျက်ရှိကြောင်း၊ ရွှေကျင်ခရိုင်ခွဲနှင့် တောင်ငူခရိုင်အတွင်းရှိ ကရင် အမျိုးသားတို့သည် သံလွင်ခရိုင်ရှိ ကရင်အမျိုးသားတို့နှင့် ပူးပေါင်းနေထိုင်လိုကြောင်း၊ ကေအဲန်ယူအဖွဲ့ ချုပ်က ကရင်ပြည်နယ်ထူထောင်ပေးရေးအတွက် တောင်းဆိုထားကြောင်း၊ ထိုပြည်နယ်တွင် တနင်္သာရီတိုင်း ပါဝင်စေလိုကြောင်း၊ ကရင် ပြည်နယ်ကို ရှမ်း၊ ချင်း၊ ကချင်တို့ကဲ့သို့သော အခြားတိုင်းရင်းသားများနှင့် ပေါင်းစည်း၍ ပြည်ထောင်စုဖွဲ့စည်းလိုကြောင်း၊ ထိုပြည်ထောင်စုမှ ဝန်ကြီးများအုပ်ချုပ်သော မြန်မာ နိုင်ငံနှင့် မသက်ဆိုင်ဘဲ ဘုရင်ခံ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်သာ ရှိသင့်ကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် အလားတူသည့် ပြည်ထောင်စုဖွဲ့စည်းလျှင်မူ ဝန်ကြီးများ အုပ်ချုပ်သော မြန်မာနိုင်ငံပါဝင် သည့် ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံး စည်းလုံးညီညွတ်သည့်တိုင်အောင် နိုင်ငံရပ်ခြားကျူးကျော်မှု အန္တရာယ်ကို လုံခြုံစွာ ကာကွယ်နိုင်စွမ်းမရှိသေးကြောင်း၊ ဗြိတိသျှဓနသဟာယအဖွဲ့မှ ခွဲထွက်လျှင် ဗြိတိသျှအစိုးရ၏ အကူအညီကို မရနိုင်တော့သဖြင့် ခွဲမထွက်စေလိုခြင်း ဖြစ်ကြောင်း၊ ခွဲမထွက်နိုင်မှသာ ကရင်အမျိုးသားတို့မှာ ဖိနှိပ်ခံရမှု အန္တရာယ်မှ လွတ်ကင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

## ကရင်နီနယ်

ကရင်နီနယ်များမှာ ဖယားဝင်နယ်များအတွင်းမပါဝင်သဖြင့် တောင်တန်းဒေသစုံစမ်းရေးအဖွဲ့သည် ထိုနယ်များ၏သဘောထားကို မေးမြန်းရန်မလိုပေ။ ထို့ကြောင့်လည်း စုံစမ်းရေးအဖွဲ့အတွင်း ကရင်နီနယ် ကိုယ်စားလှယ် မပါဝင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ကရင်နီနယ်များသည် ဖယားဝင်နယ်များနှင့်လည်းကောင်း၊ မြန်မာပြည်မနှင့်လည်းကောင်း၊ စီးပွားရေးနှင့် လူမျိုးရေးအရ နီးစပ်စွာဆက်နွယ်နေသော ကြောင့် ၎င်းတို့၏ဆန္ဒသဘောထားကို သိရှိနိုင်စေရန် စုံစမ်းရေးအဖွဲ့က ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၁၄) ရက် နေ့တွင် စုံစမ်းရေးအဖွဲ့ထံသို့ အဖွဲ့ဝင် (၁၀) ဦးပါဝင်သော ကရင်နီ ကိုယ်စားလှယ်အဖွဲ့ ရောက်လာခဲ့သည်။

ကရင်နီကိုယ်စားလှယ်အဖွဲ့ဝင်တို့မှာ စောဂေးဘတ်ကရာစူး၊ ဦးဘီတူးရယ်၊ ဦးစိန်၊ ဦးအေးမြလေး၊ ဦးစောရွှေ၊ ဦးသိုင်းဘဟန်၊ ဦးဘသောင်း၊ စဝ်လဝီ၊ စဝ်ရွှေလေး၊ စောပေါ်လေးတို့ ဖြစ်ကြသည်။ အဖွဲ့ကို ကိုယ်စားပြု၍ ထွက်ဆိုသော စောဂေးဘတ်ကရာစူးက စုံစမ်းရေးအဖွဲ့ထံသို့ မလာရောက်မီ လွိုင်ကော်တွင် လူထုအစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပုံ၊ ထိုအစည်းအဝေးက စုံစမ်းရေးအဖွဲ့နှင့် တွေ့ဆုံရန် ကိုယ်စားလှယ် ရွေးချယ်ခဲ့ပုံ၊ ယခုကိုယ်စားလှယ်အဖွဲ့တွင် ကရင်နီနယ် (၃) နယ်နှင့် မိုးဗြဲနယ်တို့မှကိုယ်စားလှယ်များပါဝင်ပုံ၊ ကရင်နီနယ်တို့မှာ လွတ်လပ်သော နယ်များဖြစ်သည်ဟုဆိုသော်လည်း တောင်တန်းဒေသအုပ်ချုပ်ရေးအဖွဲ့၏သြဇာကို နာခံရပုံတို့ကို ပြောကြား၍ အသင့်ယူဆောင်လာခဲ့သော သဘောထားစာတမ်းကို စုံစမ်းရေးအဖွဲ့ထံတင်သွင်းသည်။

ထိုစာတမ်းတွင် ...

(၁) လွတ်လပ်သော ကရင်နီနယ်၏ အခွင့်အရေးများကို မထိခိုက်စေလျှင် တောင်တန်းဒေသအုပ်ချုပ်ရေးနှင့် ပူးပေါင်းရမည်။

(၂) တောင်တန်းဒေသအုပ်ချုပ်ရေးနှင့် ပူးပေါင်းမိခဲ့လျှင် ကရင်နီကိုယ်စားလှယ်တစ်ဦးအား တောင်တန်းသားများစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့တွင် အတိုင်ပင်ခံကောင်စီဝင်အဖြစ် ခန့်ထားရမည်။

(၃) ကရင်နီနယ်များအား လုံးဝကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးရမည်။

(၄) တောင်တန်းဒေသအုပ်ချုပ်ရေးနှင့် ပူးပေါင်းသော်လည်း ကရင်နီနယ်ပြည်သူလူထုက ထိုအဖွဲ့မှ ခွဲထွက်လိုလျှင် ခွဲထွက်နိုင်ခွင့် ရှိရမည်။

(၅) နိုင်ငံခြားရေး၊ စာပို့တိုက်နှင့် ကြေးနန်း၊ လမ်းပန်းဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ ကာကွယ်ရေး စသည်တို့ကဲ့သို့ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သောအရေးကိစ္စများကို တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့တွင် ပါဝင်သော ကရင်နီအတိုင်ပင်ခံကောင်စီဝင်နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

(၆) ကရင်နီကျေးလက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သောအကူအညီကို ကရင်နီနယ်၏ အင်အားမပြည့်စုံမီအတွင်း မြန်မာအစိုးရထံမှ ရယူမည်။

(၇) ကောက်ခံရရှိသော အမြတ်တော်ခွန်၊ ပြန်အမ်းငွေနှင့် အကောက်တော်ခွန်စသည်တို့ကို ကရင်နီနယ်က အချိုးကျရယူမည်။

(၈) ကရင်နီပြည်တွင်းရေးကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ ကရင်နီနယ်ကောင်စီကို ဖွဲ့စည်းမည်။ အတိုင်ပင်ခံကောင်စီဝင်လူကြီးများကို လူထုကရွေးချယ်မည်။ ကရင်မှအပ ကရင်နီနယ်အတွင်း အနည်းဆုံး (၇) နှစ်နေထိုင်သူအား ကရင်နီနယ်သားအဖြစ် မှတ်ယူမည်။

(၉) ကရင်နီပြည်သူလူထုသည် ဒီမိုကရေစီနိုင်ငံများတွင်ရရှိသော အခွင့်အရေးနှင့် အကျိုး ကျေးဇူးများကို ရရှိခံစားနိုင်ရမည်။

(၁၀) ကရင်နီနယ်ကောင်စီသည် ရသုံးငွေ ပြဋ္ဌာန်းခွင့်အာဏာ၊ ဥပဒေပြုအာဏာ၊ အမှုထမ်း များ ခန့်အပ်သော တာဝန်ချထားခွင့်အာဏာများရှိစေရမည်။

ဟူ၍ ဖော်ပြထားပြီး မိုးဗြဲနယ် ကိုယ်စားလှယ် ဦးသိုင်းဘဟန်နှင့် စော်ပေါ်လေးတို့ကလည်း သဘောတူလက်မှတ်ရေးထိုးကြသည်။ ဤစာတမ်းကို တင်သွင်းပြီးနောက် စောဂေးဘတ် ကရာစူးက ဆက်လက်ထွက်ဆိုသည်မှာ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီး အဖွဲ့က ကရင်နီနယ်မှ ကိုယ်စားလှယ်အား ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် မသတ်မှတ် ဘဲ တင်းပြည့်အတိုင်ပင်ခံ ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ရွေးချယ်လျှင် ကရင်နီသည် ထိုဦးစီး အဖွဲ့သို့ ဝင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးများအုပ်ချုပ်သော မြန်မာပြည်မနှင့် ပေါင်းစည်းရေး အတွက် ဆုံးဖြတ်ချက် မချရ သေးကြောင်း၊ လိုအပ်လျှင်မူ မြန်မာပြည်မနှင့် ပေါင်းစည်းမည်

ဖြစ်ကြောင်း၊ ယခုအခါ တောင်တန်းဒေသများနှင့်သာ ပူးပေါင်းရန် ရည်ရွယ်ကြောင်း၊ သံလွင်ခရိုင်နှင့် ပူးပေါင်းရေးကို လိုလားကြောင်း၊ သံလွင်ခရိုင်နှင့်သာမက စစ်တောင်းမြစ်အရှေ့ခြမ်းရှိ ကရင်များနေထိုင်သော တောင်တန်းဒေသ၊ မိုးဗြဲနယ်တို့နှင့်ပူးပေါင်း၍ ပြည်နယ်ကြီးတစ်နယ် ဖွဲ့စည်းလိုကြောင်း၊ တိုင်းပြည်ပြု လွှတ်တော်သို့လည်း ကိုယ်စားလှယ် (၃) ဦး ရွေးချယ်စေလွှတ်လိုကြောင်း၊ ခနသဟာယ အဖွဲ့အတွင်း မြန်မာနိုင်ငံပါဝင်လျှင်သာ မြန်မာများနှင့် ပူးပေါင်းလိုကြောင်း၊ ကရင်နီနယ်သည် ဦးစွာတောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့နှင့် ပူးပေါင်းမည်။ ထိုအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးပြီး မြန်မာပြည်မနှင့် ပေါင်းသင့် မပေါင်းသင့်ကို အဖြေပေးမည်ဖြစ်ကြောင်း၊ တောင်တန်းသား များစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့က မြန်မာပြည်မနှင့်ပေါင်းမည်ဟု ဆုံးဖြတ်သည့်တိုင်အောင်လည်း ကရင်နီခေါင်းဆောင် တစ်ဦးချင်း၏ ဆန္ဒကို ပြန်လည်ခံယူမည်ဖြစ်ကြောင်း၊ တောင်တန်းဒေသအုပ်ချုပ်ရေးကို မနှစ်သက်လျှင် ခွဲထွက်နိုင်လည်း ရလိုကြောင်း ထွက်ဆိုသွားခဲ့သည်။

## ဆွမ္မရာ၊ သောင်သွတ်၊ ဆင်းကလိန်ခန္တီး၊ ဟုမ္မလင်းတို့မှ ကိုယ်စားလှယ်များ

နာဂတောင်တန်းခရိုင်၏ သဘောထားကို သိရှိနိုင်ရန်အတွက် စုံစမ်းရေးအဖွဲ့သည် ဆွမ္မရာဒေသ၊ သောင်သွတ်နယ်၊ ဆင်ကလိန်ခန္တီးနယ်နှင့်၊ ဟုမ္မလင်းခရိုင်ခွဲတို့မှ ရောက်ရှိလာသော ကိုယ်စားလှယ်တို့၏ ထွက်ဆိုချက်များကို ကြားနာသည်။ ချင်းတို့နေထိုင်သော ဆမ္မရာဒေသမှ ကိုယ်စားလှယ်တို့က ၁၉၄၇ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့နှင့် (၂၆) ရက်နေ့များတွင် မိမိတို့၏ အကြီးအကဲများနှင့် ကျေးရွာလူကြီးများ စုဝေးကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်ကို စုံစမ်းရေးအဖွဲ့ ထံပေးအပ်သည်။ ဆုံးဖြတ်ချက်တွင် ...

ဗြိတိသျှအစိုးရအုပ်စိုးနေသမျှ အခြားမည်သည့်အုပ်စိုးမှုကိုမှ ခံယူလိုစိတ်မရှိပါ။ ဗြိတိသျှအစိုးရ ထွက်ခွာသွားလျှင်မူ ကျွန်ုပ်တို့သည် မြန်မာ့အုပ်စိုးမှုအောက်သို့ ရောက်ရမည်မှာ သေချာ၏။ ထိုအခါ ယခင်က မိမိတို့ခံစားရသော အခွင့်အရေးများအတိုင်း ဆက်လက်ခံစားခွင့် ပြုရန်သာ လိုပါသည်ဟုဖော်ပြထားသည်။ ထို့နောက် ကိုယ်စားလှယ်များသည် မိမိတို့ ၏ ဆန္ဒသဘောထားဖော်ပြသည့် စာတမ်းကို စုံစမ်းရေးအဖွဲ့ထံ တင်သွင်းသည့် ထိုစာတမ်းတွင် အခြားလူမျိုးစုငယ်များနည်းတူ မြန်မာပြည်ထောင်စုနှင့် ပူးပေါင်းရန်၊ နာဂတောင်တန်းတွင်

ချင်းမျိုးနွယ်စု (၃) စုရှိရာ တစ်စုစီမှ ကိုယ်စားလှယ်တစ်ဦးစီရွေးချယ်၍ လာမည့်တိုင်းပြည်ပြုလွှတ်တော်သို့စေလွှတ်ရန်၊ အခြားလူမျိုးစုငယ်တို့ကဲ့သို့ပင် ခွဲထွက်ခွင့်ရရှိရန်၊ တိုင်းပြည်ပြုလွှတ်တော်အတွက် ကိုယ်စားလှယ်များကို ခရိုင်တစ်ခုလုံး၏ လူထု အစည်းအဝေးမှ ရွေးချယ်ရန်၊ နာဂတောင်တန်းဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကို အလျင်အမြန် အရေးယူဆောင်ရွက်ပေးရန်၊ ဗြိတိသျှအစိုးရက ဤလိုအပ်ချက်များ ရရှိစေရေးအတွက် ကြီးကြပ်ကွပ်ကဲသူအဖြစ် တာဝန်ယူ ပေးပြီး အသိသက်သေအဖြစ် လက်မှတ်ထိုးရန်တို့ ပါဝင်သည်။ ဆွမ္မရာဒေသ ချင်းကိုယ်စားလှယ် တို့၏ကိုယ်စား ထွက်ဆိုသော ဦးရွှန်ခိုထောင်က မိမိတို့တွင် ငွေကြေးအလုံအလောက်မရှိသဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းနေထိုင်လိုကြောင်း၊ မိမိတို့တွင် တိကျသောခံယူချက်မရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းလိုသော်လည်း မည်သို့ပူးပေါင်းသင့်သည့်ကို မသိကြောင်း ဝန်ခံသွားကြသည်။

သောင်သွတ်နှင့် ဆင်ကလိန်ခန္တီးနယ်တို့မှ ကိုယ်စားလှယ်များသည် စုံစမ်းရေးအဖွဲ့ထံသို့ အသင့်ရေးသားလာခဲ့သော ဆန္ဒသဘောထားစာတမ်းကို ပေးအပ်သည်။

ထိုစာတမ်းတွင် အောက်ပါအခွင့်အရေးနှင့် ခံစားခွင့်များရလျှင် မြန်မာပြည်မနှင့် ပူးပေါင်း မည်။

(၁) မြန်မာအစိုးရသည် ကျွန်ုပ်တို့၏စော်ဘွားများအား ဆက်လက်အသိအမှတ်ပြု၍ သက်ဆိုင်ရာနယ်ပယ်ကို ဆက်လက်အုပ်စိုးခွင့်ပြုရန်။

(၂) စော်ဘွားတစ်ဦးဦးသည် မိမိ၏နယ်ကို ဒီမိုကရေစီနည်းအရ အုပ်စိုးခြင်းမပြုနိုင်လျှင် မိမိ၏စော်ဘွားအရာ ကို စွန့်၍ ဆွေမျိုးတစ်ဦးဦးအား စော်ဘွားအရာလွှဲအပ်ရန်။

(၃) စော်ဘွားများသည် မိမိတို့အုပ်ချုပ်သည့်နယ်များမှ စွန့်ခွာရွှေ့ပြောင်းသွားခြင်းမပြုရန်။

(၄) စော်ဘွားတစ်ဦးဦးတိမ်းပါး၍ အရိုက်အရာကို ဆက်ခံနိုင်သည့် ဆွေမျိုးမရှိလျှင် ပြည်သူလူထုက နှစ်သက်ရာပုဂ္ဂိုလ်တစ်ဦးဦးကို ရွေးချယ်ခွင့်ပြုရန်

ဟု ဖော်ပြထားသည်။ ဆင်ကလိန်ခန္တီးစော်ဘွားစဝ်မြစိန်က မိမိတို့သည် တိုင်းပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ်စေလွှတ်ရန် ဆန္ဒမရှိကြောင်းလည်း ဖွင့်ဟထွက်ဆိုသည်။ ဟုမ္မလင်းခရိုင်ခွဲမှ ကိုယ်စားလှယ် ဦးဘစံနှင့်ဦးသိန်းဖေတို့က မိမိတို့၏နယ်သည် အပိုင်း (၂) ဒေသဖြစ်ကြောင်း၊ မိမိတို့၏နယ်သားများမှာ ဗမာဆန်သောရှမ်းများဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်မနှင့်

ပေါင်း၍နေလိုကြောင်း၊ မိမိတို့နယ်မှ တိုင်းပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ် (၂) ဦး ကို ရွေးချယ်စေလွှတ်ခွင့်ရလိုကြောင်း တင်ပြသွားကြသည်။

## စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာ

တောင်တန်းဒေသကိုယ်စားလှယ်များ၏ ထွက်ဆိုချက်တို့မှာ ၁၉၄၇ ခုနှစ်၊ ဧပြီလ(၂၀) ရက်နေ့ နေ့လည်ပိုင်းတွင် ပြီးဆုံးသွားခဲ့သည်။ ထိုနေ့ညနေတွင်ပင် တောင်တန်းဒေသ ကိုယ်စားလှယ်များ၏ ထွက်ဆိုချက်အားလုံးကို လေ့လာဆန်းစစ်၍ ရေးသားပြုစု ခဲ့သော ရီး(စ်)ဝီလျံ၏ အစီရင်ခံစာမူကြမ်းလည်း ပြီးစီးခဲ့သည်။ တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့အနေဖြင့် အဓိက လုပ်ဆောင်ရမည့်တာဝန်မှာ (ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးဆွဲရာတွင် တောင်တန်း ဒေသရှိ ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်မည့် အကောင်းဆုံးသော နည်းလမ်းကို ရရှိနိုင်ရန်) စုံစမ်းအစီရင်ခံရေးပင်ဖြစ်သည်။ သို့သော် ရီး(စ်)ဝီလျံ သည် အဆိုပါသတ်မှတ်ချက်ဘောင် ကိုကျော်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြမ်း သွန်းလောင်းပေးနိုင်ရန်အထိ ကြိုးပမ်းခဲ့ သည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းမပြုနိုင်လျှင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် တောင်တန်းဒေသ ပြည်သူလူထုပူးပေါင်း ပါဝင်နိုင်မည့် အကောင်းဆုံးသောနည်းလမ်းကို ညွှန်ပြ ရာရောက်မည်မဟုတ်ဟု လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တောင်တန်း ဒေသနေ ပြည်သူလူထု၏ရပိုင်ခွင့်ကို ဖော်ပြနိုင်မည် မဟုတ်ဟုလည်းကောင်း ရီး(စ်)ဝီလျံက ခံယူသည်။ ထို့ပြင်တောင်တန်းဒေသစုံစမ်းရေးလုပ်ငန်းကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ရန် ဟူသော ဘော်တွမ်လေ၏ အကြံပြုချက်သည် ရီး(စ်)ဝီလျံ၏စိတ်တွင် ကိန်းအောင်းလျက်ရှိနေ သော ကြောင့်လည်း စုံစမ်းရေးလုပ်ငန်းမှာ အရှိန်အဟုန်ပျက်သည်ဟူ၍ မရှိခဲ့ပေ။ ရန်ကုန်မှ မေမြို့သို့ ပြောင်းရွှေ့ရုံးထိုင်ရန်စီစဉ်သည့် ကြားကာလအတွင်းတွင်ပင် အဖွဲ့ဥက္ကဋ္ဌ ရီး(စ်)ဝီလျံ နှင့် အတွင်းရေးမှူး လက်ဒဝစ်တို့သည် တောင်တန်းဒေသများ၏ သမိုင်းနောက်ခံအကျဉ်းချုပ် နှင့် ဗြိတိသျှ အုပ်ချုပ်ရေးအသွင်အပြင်ကို ဖော်ပြထားသော အစီရင်ခံစာမူကြမ်းပထမပိုင်း ကို ရေးသား ပြီးစီးခဲ့သည်။ ကိုယ်စားလှယ်များ၏ ထွက်ဆိုချက်များကို ကြားနာနေသည့် နေ့ ရက်များ အတွင်းနှင့် ကြားနာမှုပြီးလျှင်ပြီးချင်းလည်း ဥက္ကဋ္ဌရီး(စ်)ဝီလျံသည် အစီရင်ခံစာ မူ ကြမ်းကို အချိန်မလပ်ရေးသားခဲ့သည်။ ထို့ကြောင့် ကြားနာမှုပြီးစီးသည့် ဧပြီလ (၂၁) ရက်နေ့

ညနေတွင် အစီရင်ခံစာမူကြမ်းကို ရေးသားပြီးစီးခဲ့ခြင်း ဖြစ်သည်။ အဖွဲ့ဝင်တို့က ရေးသားပြီးစီးသော အစီရင်ခံစာမူကြမ်းကို ဆန်းစစ်ဝေဖန်နိုင်စေရန် ရီး(စ်)ဝီလျံ သည် စာကူးစက်ဖြင့်လှည့်၍ ဝေငှခဲ့သည်။ အဖွဲ့ဝင် ဦးတင်ထွဋ်ကလည်း လုပ်ငန်းကို ဆိုင်းငံ့ခြင်း မပြုခဲ့ပေ။ အစီရင်ခံစာမူကြမ်းနှင့်ပတ်သက်သော အဖွဲ့ဝင်တို့၏ သဘောထားကို အလျင်အမြန်ယူ၍ ထို့နေ့ညနေ စော်ဘွားများနှင့် ရီး(စ်)ဝီလျံတို့ ညစာ စားနေချိန်တွင်ပင် ပြန်လည်ပေးအပ်နိုင်ခဲ့သည်။ အစီရင်ခံစာမူကြမ်းကို စတင် ဖတ်ရချိန်တွင် အချို့ဖော်ပြချက်များနှင့် ပတ်သက်၍ ဗမာအဖွဲ့ဝင်များနှင့် တောင်တန်း ဒေသ အဖွဲ့ဝင်များသည် သဘောထားအနည်းငယ် ကွဲပြားခဲ့ကြသည်။ ထို့ကြောင့် အဖွဲ့ဝင်များဆွေးနွေးညှိနှိုင်း၍ ပြုပြင်ခဲ့ကြရသည်။ ပြုပြင်ချက်များကို ဦးတင်ထွဋ်က အချောရေးသားသည်။ ထိုပြုပြင်ရေးသားချက်များ ကိုလည်း ရီး(စ်)ဝီလျံက သဘောတူလက်ခံခဲ့သည်။ သို့ဖြင့်အစီရင်ခံစာအပေါ် တစ်ညီတစ်ညွတ်တည်းသော သဘောတူညီချက်ကို ရရှိခဲ့သည်။ ထိုသို့ သဘောတူညီချက်ရရှိသောနေ့မှာ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့ ဖြစ်သည်။ ဧပြီလ (၂၄) ရက်နေ့တွင် အဖွဲ့ဝင်အားလုံးတို့သည် အစီရင်ခံစာကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံအစိုးရနှင့် ဗြိတိသျှအစိုးရတို့ထံ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့က တင်သွင်းခဲ့သည့် အစီရင်ခံစာ၏ အရေးပါဆုံးသောအပိုင်းမှာ အပိုင်း (၁)၊ အခန်း (၃) ဖြစ်သည်။ ထိုအခန်းကိုလည်း နှစ်ကဏ္ဍ ခွဲခြားနိုင်ခဲ့ပြန်သည်။ ပထမကဏ္ဍတွင် တိုင်းပြည်ပြုလွှတ်တော်သို့ တောင်တန်းဒေသများနှင့် ကရင်နီနယ်များမှ ကိုယ်စားလှယ်များစေလွှတ်မည့်နည်းလမ်းကို ထောက်ခံဖော်ပြထားသည်။ ဒုတိယကဏ္ဍတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် ရေးဆွဲသောအခါ ထည့်သွင်းဖော်ပြသင့်သည့်အချက်များကို စူးစမ်းလေ့လာပြီး မှတ်ချက်ပြု၍ ဖော်ပြထားသည်။ ထောက်ခံဖော်ပြချက်တွင် တိုင်းပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ် စေလွှတ်ရမည့်အရေအတွက်၊ ကိုယ်စားလှယ်ရွေးချယ်နည်း၊ တိုင်းပြည်ပြုလွှတ်တော်တွင် လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းတို့နှင့် စပ်လျဉ်း၍ ဖော်ပြထားသည်။

တောင်တန်းဒေသများနှင့် ကရင်နီနယ်တို့မှ တိုင်းပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ်စေလွှတ်ရမည့်အရေအတွက်နှင့်စပ်လျဉ်း၍ စုံစမ်းရေးအဖွဲ့က အောက်ပါအတိုင်း ထောက်ခံချက်ပေးသည်။

| | |
|---|---|
| ပဒေသရာဇ်ရှမ်းပြည် (ကိုးကန့်နှင့် မိုးမြဲနယ်အပါအဝင်) | - ၂၆ ဦး |
| ကချင်တောင်တန်းဒေသ | - ၇ ဦး |
| ချင်းတောင်တန်းဒေသ (ရခိုင်တောင်တန်းဒေသအပါအဝင်) | - ၆ ဦး |
| ကရင်နီ | - ၂ ဦး |
| သံလွင်ခရိုင် | - ၂ ဦး |
| ဆွမ္မရာဒေသ | - ၁ ဦး |
| ဟုမ္မလင်းခရိုင် | - ၁ ဦး |
| စုစုပေါင်း | - ၄၅ ဦး |

သောင်သွတ်နှင့် ဆင်ကလိန်ခန္တီးနယ်မှ ကိုယ်စားလှယ်တို့က မိမိတို့၏နယ်ကို ဝန်ကြီးများအုပ်ချုပ်သောမြန်မာနိုင်ငံနှင့် ပူးပေါင်းလိုကြောင်းနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မည်သို့ပင်ရေးဆွဲသည်ဖြစ်စေ လက်ခံမည်ဖြစ်ကြောင်း ထွက်ဆိုသွားကြသောကြောင့် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် နာဂတောင်တန်းနှင့် 'ဝ' နယ်များမှ ပါဝင်ကူညီနိုင်မည့် ပုဂ္ဂိုလ်ကို မရရှိနိုင်ဟု ထင်မြင်သောကြောင့်လည်းကောင်း၊ ထိုနယ်များမှ ကိုယ်စားလှယ်စေလွှတ်ရန် ထောက်ခံချက်မပေးခဲ့ခြင်းဖြစ်သည်ဟု ရှင်းလင်းဖော်ပြသည်။ ထို့ပြင် လူဦးရေအချိုးအလိုက် အတိအကျသတ်မှတ်ရလျှင် တောင်တန်းဒေသများမှ တိုင်းပြည်ပြုလွှတ်တော်သို့ စေလွှတ်ရမည့်ကိုယ်စားလှယ် အရေအတွက်မှာ (၃၅) ဦးခန့်သာ အများဆုံးရနိုင်ကြောင်း၊ စုံစမ်းရေးအဖွဲ့သည် လူဦးရေအချိုးကိုသာမကြည့်ဘဲ နယ်မြေ အကျယ်အဝန်းအချိုးအစားကို ကြည့်၍လည်းကောင်း၊ ပထဝီအနေအထားအလိုက် လူမျိုးစုငယ်များ အဖြစ် သီးခြား၍ ကွဲပြားနေပုံကို ထောက်ထား၍သော်လည်းကောင်း၊ အချို့လူမျိုးစုတို့မှာ လူဦးရေနည်းပါးသော်လည်း ကိုယ်စားလှယ် (၁) ဦးရသင့်သည်ဟုလည်းကောင်း၊ အစုစု ကိုယ်စားလှယ် (၄၅) ဦး ရွေးချယ်ရန် ထောက်ခံခဲ့ခြင်းဖြစ်သည်ဟုလည်း ရှင်းလင်းဖော်ပြခဲ့သည်။ သို့ရာတွင်စုံစမ်းရေးအဖွဲ့သည် တောင်တန်းဒေသများမှ ကိုယ်စားလှယ်များ တောင်းဆိုခဲ့သည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း ပေးအပ်ခြင်းက မပြုခဲ့ပေ။

ကိုယ်စားလှယ်ရွေးချယ်နည်းနှင့်စပ်လျဉ်း၍ စုံစမ်းရေးအဖွဲ့က လူအများဆန္ဒပေးရွေးချယ်နည်းကို သာသုံးရန် ထောက်ခံခြင်းမပြုပေ။ တောင်တန်းဒေသနေပြည်သူလူထုမှာ ဆန္ဒမဲပေး၍ ရွေးချယ်နည်းနှင့် အကျွမ်းတဝင်မရှိသည်သာမက ဆန္ဒမဲပေး၍ရွေးချယ်ရန်လည်း အချိန်မရတော့သောကြောင့် ဒေသအလိုက် သင့်လျော်သောနည်းကိုသုံး၍ ရွေးချယ်ရန်သာ ထောက်ခံခဲ့သည်။ ရှမ်းပြည်အတွက် ရှမ်းပြည်လွှတ်တော်က ရွေးချယ်ရန်၊ ကချင်တောင်တန်း အတွက် ဒိစတြိတ်ကောင်စီများ၊ ခရိုင်ခွဲ သို့မဟုတ် ကျေးရွာအုပ်စု ကောင်စီများ၊ ဒေသဆိုင်ရာ ဒူဝါများက ရွေးချယ်ပေးသူများနှင့် လူထုကိုယ်စားလှယ်များ ပါဝင်ရန်၊ ချင်းတောင်တန်း၊ ရခိုင်တောင်တန်းဒေသ၊ သံလွင်ခရိုင်၊ ဆွမ္မရာဒေသ၊ ဟုမ္မလင်းခရိုင်ခွဲတို့အတွက် လူထု အစည်းအဝေးများက ရွေးချယ်ပေးရန်၊ ချင်းတောင်တန်းနှင့် ရခိုင်တောင်တန်းဒေသအတွက် ပြုလုပ်သည့် ရွေးချယ်ရေးဆိုင်ရာ အစည်းအဝေးများသည် တောင်တန်းသားများ စည်းလုံး ညီညွတ်ရေးဦးစီးအဖွဲ့ဝင် ချင်းတောင်တန်းဆိုင်ရာ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်၏ သဘော တူညီချက်ရရှိရန်၊ သံလွင်ခရိုင်တွင် ကျင်းပမည့် ရွေးချယ်ရေးဆိုင်ရာ အစည်းအဝေးကို တောင်တန်းဒေသတာဝန်ခံဖြစ်သော အတိုင်ပင်ခံဝန်ကြီးက သဘောတူလက်ခံရန်၊ ဆွမ္မရာ ဒေသနှင့် ဟုမ္မလင်းခရိုင်ခွဲအတွက် လူထုအစည်းအဝေးကို ထိုဒေသတစ်ခုစီရှိ ဝန်ထမ်း အကြီးအကဲက ခေါ်ယူပေးရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

လွှတ်တော်အတွင်းတွင် တောင်တန်းဒေသဆိုင်ရာ တိုင်းပြည်ပြုလွှတ်တော်ကိုယ်စားလှယ် များသည် ဝန်ကြီးများအုပ်ချုပ်သော မြန်မာပြည်မှ ရွေးချယ်သည့်ကိုယ်စားလှယ်များနှင့် တူညီသော အခွင့် အတန်းများရရှိသင့်ပြီး အပြည့်အဝ ပါဝင်ဆွေးနွေးခွင့်၊ လွှတ်တော်တွင် ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်ခွင့်များ ရရှိစေရန် လည်း စုံစမ်းရေးအဖွဲ့က ထောက်ခံသည်။ ထို့ပြင် တိုင်းပြည်ပြုလွှတ်တော်၏ လုပ်ငန်းများ တွင် တောင်တန်းဒေသအနှံ့အပြားမှ ကိုယ်စားလှယ်များပါဝင် ဆောင်ရွက်ခြင်းသည် မြန်မာ နိုင်ငံနှင့်ပူးပေါင်းခြင်း၊ ပြည်ထောင်စုနှင့်ပူးပေါင်းခြင်းဖြစ်သည်ဟု မယူဆရန်၊ တိုင်းပြည်ပြု လွှတ်တော်အတွင်းတွင် သက်ဆိုင်ရာနယ်ပယ်ကိုယ်စားလှယ်အများစု၏ ဆန္ဒကိုမရလျှင် လွှတ်တော်ကိုယ်စားလှယ်အများစုက ဆန္ဒရှိသည့်တိုင်အောင် ပဒေသရာဇ်ရှမ်းပြည်၊ ကချင် တောင်တန်းဒေသ၊ ချင်းတောင်တန်း၊ ကရင်နီနယ်များ၏ အစိုးရအဖွဲ့များကို မည်သို့ဖွဲ့စည်းကြ ရမည်ဟု အဆုံးအဖြတ်ပေးရန် အလားတူစွာပင် တိုင်းပြည်ပြုလွှတ်တော်တွင် သက်ဆိုင်ရာ

ပြည်နယ် ကိုယ်စားလှယ်အများစု၏ဆန္ဒမဲကို မရလျှင် လွှတ်တော်ကိုယ်စားလှယ်အများစုက ဆန္ဒရှိသည့်တိုင်အောင် ထိုပြည်နယ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် မည်သို့ဖော်ပြရမည်ဟု အဆုံးအဖြတ် မပေးရန်အတွက်လည်း ထောက်ခံခဲ့သည်။

ဤသည်တို့မှာ စုံစမ်းရေးအဖွဲ့ထံ ရောက်လာကြသော ကိုယ်စားလှယ်အချို့၏ တောင်းဆိုချက်များကို အဖွဲ့ကပြုပြင်မွမ်းမံကာ ဖော်ပြလိုက်ခြင်းလည်းဖြစ်သည်။

ကိုယ်စားလှယ်တို့၏ ထွက်ဆိုချက်များကို စုံစမ်းရေးအဖွဲ့က ဆန်းစစ်လေ့လာ၍ အနာဂတ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးနှင့် နယ်မြေပိုင်းခြားသတ်မှတ်ရေး အစီအစဉ်ဆိုင်ရာ အကြံဉာဏ်များလည်း ပေးခဲ့သည်။ တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ထံ ရောက်လာခဲ့ကြသော ရှမ်းပြည်နှင့် ကချင်တောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပြည်ထောင်စုရှမ်းပြည်က ပြည်နယ်တစ်ပြည်နယ်အဖြစ် လည်းကောင်း၊ ကချင်တောင်တန်းဒေသက ပြည်နယ်တစ်နယ် အဖြစ်ဖြင့်လည်းကောင်း ပါဝင်လိုကြောင်း ထွက်ဆိုခဲ့ကြသည်။ ချင်းတောင်တန်းဒေသမှ ကိုယ်စားလှယ်များက တစ်နေ့တည်းတွင်ပင် နှစ်ကြိမ်လာရောက်၍ မတူညီသောဆန္ဒသဘောထားနှစ်မျိုးကို ထွက်ဆို ကြသည်။ ပထမအကြိမ်တွင် မိမိတို့၏လူမျိုးစုဆိုင်ရာ ဓလေ့ထုံးတမ်းများကို အနှောက်အယှက် မပြုဘဲ မိမိတို့၏ဒေသကို မိမိတို့၏အကြီးအကဲများအား အုပ်စိုးခွင့်ပြုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဖွဲ့ဝင်အဖြစ် မပူးပေါင်းလိုဘဲ ဝန်ကြီးများအုပ်ချုပ်သော မြန်မာပြည်မနှင့်သာ ပို၍ပေါင်းစပ်လိုကြောင်း ထွက်ဆိုသည်။ ဒုတိယအကြိမ်တွင် မိမိတို့သည် ပြည်ထောင်စုဖက်ဒရယ်ဟူသော အသုံးအနှုန်း၏ အဓိပ္ပါယ်ကို နားမလည်ခဲ့ကြောင်း၊ ချင်းတောင်တန်းဒေသကို သီးခြားနယ်အဖြစ်ထူထောင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ရန်သာရည်ရွယ်၍ ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ရေးသားထားသည့်စာကို တင်သွင်း ခဲ့ကြသည်။ ဤသို့ကွဲပြားနေသောသဘောထားနှစ်မျိုးကို တိုင်းပြည်ပြုလွှတ်တော်တွင်သာ တိကျစွာဆုံးဖြတ်သင့်သည်ဟု စုံစမ်းရေးအဖွဲ့ကအကြံပြုသည်။

ချင်းအမျိုးသားများစွာနေထိုင်သော ရခိုင်တောင်တန်းဒေသမှ ကိုယ်စားလှယ်တို့ကမူ ၎င်းတို့၏ သီးခြား သဘောထားကို ပြောကြားခြင်းမရှိဘဲ ချင်းတောင်တန်းဒေသ၏ ဆန္ဒ အတိုင်း လိုက်နာမည်ဟုသာ ထွက်ဆိုကြသည်။ ကရင်နီနယ်မှ ကိုယ်စားလှယ်တို့က ပြည်ထောင်စု

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရေးနှင့် ပတ်သက်၍ တိကျသော သဘောထား ဝန်ခံချက်ကို မပေးခဲ့ကြပေ။ သံလွင်ခရိုင်မှ ကိုယ်စားလှယ်အဖွဲ့ နှစ်ဖွဲ့ရောက်လာပြီး ဆန္ဒသဘောထား တစ်မျိုးစီ ထွက်ဆိုခဲ့ကြသည်။ ပထမရောက်လာသောအဖွဲ့က မြန်မာပြည်ထောင်စုအတွင်း ပါဝင်သော ပြည်နယ်တစ်နယ်အဖြစ် ထူထောင်လိုကြောင်းထွက်ဆို၍ ဒုတိယအဖွဲ့က ဝန်ကြီးများ အုပ်ချုပ်သော မြန်မာပြည်မနှင့် ပူးပေါင်းလိုကြောင်းထွက်ဆိုသည်။ သောင်သွတ်၊ ဆင်ကလိန်ခန္တီး၊ ဆွမ္မရာဒေသနှင့် ဟုမ္မလင်းခရိုင်ခွဲတို့မှ ကိုယ်စားလှယ်တို့ကလည်းၚင်းတို့၏ ဒေသအသီးသီးကို ဝန်ကြီးများအုပ်ချုပ်သော မြန်မာပြည်မနှင့် ပူးပေါင်းလိုကြောင်း ထွက်ဆိုကြသည်။

နယ်အသီးသီးက အထက်ပါအတိုင်း ထွက်ဆိုကြသဖြင့် စုံစမ်းရေးအဖွဲ့သည် မြန်မာနိုင်ငံကို ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် တည်ထောင်ရန် ရှမ်းပြည်နှင့် ကချင်တောင်တန်း ဒေသတို့သည် ဤပြည်ထောင်စုအတွင်း ပြည်နယ်များအဖြစ်ပါဝင်ရန် ကရင်နီနယ်များသည်လည်း ပြည်နယ်တစ်နယ်အဖြစ် ပါဝင်လိုကပါဝင်ရန် ချင်းတောင်တန်းနှင့် သံလွင်ခရိုင်တို့မှာလည်း မြန်မာပြည်မနှင့် ပူးပေါင်းလိုက ပူးပေါင်းရန်အကြံပြုခဲ့သည်။

မြန်မာပြည်မနှင့် တောင်တန်းဒေသများကို နှိုင်းယှဉ်လျှင်ဖြစ်စေ၊ တောင်တန်းဒေသ အချင်းချင်းကို နှိုင်းယှဉ်လျှင်ဖြစ်စေ၊ နိုင်ငံရေးအတွေ့အကြုံရင့်ကျက်မှုခြင်း ကွာခြားလျက်ရှိသောကြောင့် ပြည်ထောင်စုကြီး ထူထောင်ရန် ဆုံးဖြတ်ထားသည့်တိုင်အောင် တင်းပြည့်ကျပ်ပြည့် ပြည်ထောင်စုကြီး၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမျိုးကို တိုင်းပြည်ပြုလွှတ်တော်တွင် ရေးဆွဲရန် ခက်ခဲမည်ဟု စုံစမ်းရေးအဖွဲ့ကဆိုသည်။ လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေ အရ ဥပဒေပြုလွှတ်တော်နှင့် အလားသဏ္ဌာန်တူပြီး ပြည်ထောင်စု အသွင်ဖော်ပေးမည့် ပြည်ထောင်စု ကောင်စီ ဖော်ဆောင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမျိုး ရေးဆွဲရန်သာ သင့်လျော်ပေမည်ဟု စုံစမ်းရေးအဖွဲ့က အကြံပြုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတည်ထောင်လျှင် ပြည်ထောင်စုအစိုးရက ပြည်ပရေးရာ၊ ကာကွယ်ရေး၊ စာပို့တိုက်နှင့် ကြေးနန်း၊ လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးနှင့် ဒင်္ဂါးသွန်းလုပ်ရေး၊ အကောက်အခွန်၊ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ရေးတို့ကို ကိုင်တွယ်သင့်သည်ဟု တောင်တန်းဒေသကိုယ်စားလှယ်များက ထွက်ဆိုခဲ့ကြသည်။ ကိုယ်စားလှယ်တို့သည် နိုင်ငံခြားကုန်သွယ်ရေး၊ ပြည်နယ်ချင်း ကူးသန်းရောင်းဝယ်ရေး၊ ပြည်ထောင်စုဘဏ္ဍာရေးစသည်တို့ကို ပြည်ထောင်စုအစိုးရက

ကိုင်တွယ် ရမည့် အရေးကိစ္စများတွင် ထည့်သွင်းရန် ထွက်ဆိုခြင်းမပြုဟု စုံစမ်းရေးအဖွဲ့က ထောက်ပြခဲ့ သည်။ ပြည်ထောင်စုအတွင်းပါဝင်သော ပြည်နယ်များက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝဆုံးရရှိရန် စိတ်အားသန်နေကြခြင်းသည် ပြည်ထောင်စုအစိုးရအား အလွန်အင်အားနည်းပါးစေမည့် အခြေအနေမျိုးသို့ ရောက်ရှိသွားစေနိုင်မည်ဟုလည်း စုံစမ်းရေးအဖွဲ့က သတိပေးသည်။

ပြည်ထောင်စုဝန်ကြီးတွင် မြန်မာပြည်မ၏အခန်းကဏ္ဍက ပို၍ကြီးမားသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် မြန်မာပြည်မ၏ ကိုယ်စားလှယ်အရေအတွက်မှာ အများစုဖြစ်သင့်သည်ဟု စုံစမ်းရေးအဖွဲ့က အကြံပြုသည်။ သို့ရာတွင် ပြည်ထောင်စုကြီးကို ထိန်းသိမ်းကွပ်ကဲရာတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များလည်း အမှန်တကယ်ပါဝင်နိုင်ရန် အခြားပြည်နယ်များ၏ ကိုယ်စားလှယ်အရေအတွက်ကိုလည်း အများအပြား သတ်မှတ်ပေးသင့်သည်ဟု အဆိုပြုသည်။ အနာဂတ်တွင် တောင်တန်းဒေသများ၏ အခြေအနေ တိုးတက်လာသောအခါ တိုင်းပြည်ပြုလွှတ်တော်က တည်ထောင်ပေးခဲ့သော ပြည်ထောင်စုကောင်စီသည် တင်းပြည့်ပြည်ထောင်စုကြီးဘဝသို့ ရောက်လာမည်ဟု စုံစမ်းရေးအဖွဲ့က မျှော်မှန်းသည့် ထိုအချိန်တွင် ပြည်ထောင်စုကောင်စီသည် ပြီးပြည့်စုံသောဆီးနိတ် အထက်လွှတ်တော် သို့မဟုတ် ပြည်ထောင်စုဥပဒေပြုလွှတ်တော် ဖြစ်လာမည်ဟုလည်း ဆိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံထူထောင်ရန် ဦးစားပေးထွက်ဆိုကြသော ကိုယ်စားလှယ် အများစုက ပြည်ထောင်စုမှ အချိန်မရွေးခွဲထွက်နိုင်ခွင့် တောင်းဆိုကြောင်းလည်း စုံစမ်းရေးအဖွဲ့က သတိပြုမိသည်။ ကမ္ဘာတွင်ပေါ်ခဲ့သမျှသော ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတို့တွင် ပြည်နယ်များ၏ခွဲထွက်ခွင့်ကို ထည့်သွင်းဖော်ပြသည်မှာ အလွန်နည်းပါးသည်ဟု စုံစမ်းရေးအဖွဲ့က ဆိုသည်။ အကယ်၍ ထိုအခွင့်အရေးမျိုးကို မြန်မာနိုင်ငံအတွက် ရေးဆွဲမည့် ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းလျှင် စည်းမျဉ်းကန့်သတ်ချက်များကို သေချာစွာချမှတ်ထားရလိမ့်မည်ဟု စုံစမ်းရေးအဖွဲ့က အကြံပြုသည်။ ဤသည်မှာ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် အရေးကြီးသော အကြံပြုချက်ဖြစ်ကြောင်း သတိမူအပ်သည်။ နယ်မြေပိုင်းခြားသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ပဒေသရာဇ်ရှမ်းပြည်ကို လက်ရှိနယ်မြေများ အတိုင်း ထားရှိပြီး စခန်းမြို့များဖြစ်ကြသော လာရှိုး၊ တောင်ကြီး၊ ကလော၊ လွိုင်လင်၊ လွိုင်မွေ တို့ကိုလည်း ထိုစခန်းမြို့များတည်ရှိရာ သက်ဆိုင်ရာပြည်နယ်များအတွင်း

ပေါင်းစပ်ပေးသင့်သည်ဟု စုံစမ်းရေးအဖွဲ့က အကြံပြုသည်။ ကိုးကန့်နယ်ကို မြောက်သိန္နီနယ်ခွဲအဖြစ် ဆက်လက်ထားရှိရန်၊ မိုးဗြဲနယ်၏ အနာဂတ်အရေးကို ရှမ်းပြည်လွှတ်တော်၊ မိုးဗြဲနှင့် ကရင်နီနယ်တို့မှ ကိုယ်စားလှယ်တို့ပါဝင်သောကော်မတီက အဆုံးအဖြတ်ပေးရန် အကြံပြုသည်။ ထူထောင်လတ္တံ့သော ကချင်ပြည်နယ်တွင် ဗန်းမော်ခရိုင်၏ အပိုင်း (၂) ဒေသ ပါသင့် မပါသင့်ပြဿနာကို တိုင်းပြည်ပြုလွှတ်တော်တွင် ညှိနှိုင်းဆွေးနွေးရေး အဆုံးအဖြတ်ယူသင့်သည်ဟု အကြံပြုသည်။

ချင်းတောင်တန်းဒေသနှင့် ကရင်နီနယ်များ၏ အနာဂတ်အရေးနှင့် ပတ်သက်၍လည်း တိုင်းပြည်ပြု လွှတ်တော်တွင်သာ ညှိနှိုင်းဆွေးနွေးသင့်သည်ဟု စုံစမ်းရေးအဖွဲ့က အကြံပြုသည်။ ထို့အပြင် စုံစမ်းရေးအဖွဲ့က သံလွင်ခရိုင်၊ သောင်သွတ်၊ ဆင်ကလိန်ခန္တီး၊ ဆွမ္မရာဒေသ၊ ဟုမ္မလင်းခရိုင်ခွဲတို့ကို ဝန်ကြီးများအုပ်ချုပ်သော မြန်မာပြည်မနှင့် ပူးပေါင်းသင့်သည်ဟုဆိုသည်။ နာဂတောင်တန်းနှင့် ‘ဝ’ နယ်တို့သည် မြန်မာပြည်မ၏ အစိတ်အပိုင်းများအဖြစ်ဖြင့်လည်းကောင်း၊ ထိုနယ်များ ဖွံ့ဖြိုးတိုးတက်လာချိန်အထိ ထိုနယ်များ၏ အုပ်ချုပ်ရေးကို အခြားပြည်နယ်တစ်ခုခု၏အစိုးရက ကြီးကြပ်ကွပ်ကဲထားသင့်ကြောင်း၊ နာဂတောင်တန်းကို မြန်မာပြည်မကလည်းကောင်း၊ ‘ဝ’ နယ်များကို ပဒေသရာဇ်ရှမ်းပြည်သို့မဟုတ် ပြည်ထောင်စုကောင်စီကလည်းကောင်း ကြီးကြပ်ကွပ်ကဲအုပ်ချုပ်သင့်ကြောင်း အကြံပြုသည်။ ယခုအခါ ‘ဝ’ နယ်များမှာ ရှမ်းပြည်မြောက်ပိုင်းရှိ အရေးပိုင်က အုပ်ချုပ်ထားသဖြင့် ပြည်ထောင်စုအာဏာပိုင်များထက် ရှမ်းပြည်အစိုးရက ‘ဝ’ နယ် အုပ်ချုပ်ရေးကို ပို၍ကြီးကြပ်ကြိုးကိုင် အုပ်ချုပ်သင့်သည်ဟု စုံစမ်းရေးအဖွဲ့က ထင်မြင်သည်။

တောင်တန်းဒေသစုံစမ်းရေးအဖွဲ့က တင်သွင်းသည့်အစီရင်ခံစာကို ဘုရင်ခံ၏ အမှုဆောင်ဝန်ကြီး အဖွဲ့က ၁၉၄၇ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် လက်ခံ၍ ဗြိတိသျှအစိုးရက မေလ (၁၈) ရက် နေ့တွင် လက်ခံခဲ့သည်။ ဘုရင်ခံ၏ အမှုဆောင်ဝန်ကြီးအဖွဲ့နှင့် ဗြိတိသျှအစိုးရတို့သည် ထိုအစီရင်ခံစာကို ကျေနပ်နှစ်သက်စွာဖြင့် လက်ခံခဲ့ကြခြင်းလည်းဖြစ်ပေသည်။

## နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် တောင်တန်းသားများ ပူးပေါင်းပါဝင်နိုင်သည့် အကောင်းဆုံးနည်းကိုရှာဖွေရန် ဖွဲ့စည်းထားသော တောင်တန်းဒေသစုံစမ်းရေးအဖွဲ့



Members of the Frontier Area Committee of Enquiry.

Seated, Left to ritht: Khin Maung Gale, Thakin Nu, Tin Tut, D. R. Rees-Williams, Sao Sam Htun, Hsinwa Nawng, Vum Ko Hau, Saw Sankey.

Standing, in centre, W. B. J. Ledwidge, Secretary (One member of the Committee, Myint Thein, was not present).

[ပုံ - BSI (1944 – 1948), Vol II, pp. 460]

# အခန်း (၈)

# ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရန်ပြင်ဆင်ခြင်း

# အခန်း (၈)

# ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရန် ပြင်ဆင်ခြင်း

၁၉၄၇ ခုနှစ်ဇန်နဝါရီလ ၂၇ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ဗြိတိသျှ နန်းရင်းဝန်ကြီးအက်တလီတို့ ဗြိတိသျှ-မြန်မာ သဘောတူညီချက် (အောင်ဆန်း-အက်တလီစာချုပ်) ကိုလက်မှတ်ရေးထိုးခဲ့သည်။ ထိုစာချုပ်အရ အနာဂတ်တွင် ပေါ်ထွန်းလာမည့် တိုင်းပြည်သစ်အတွက် လိုအပ်မည့် နိုင်ငံတော်ဖွဲ့စည်း အခြေခံဥပဒေရေးဆွဲရန် တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်တွင် ကျင်းပခဲ့သည်။ (ဤရွေးကောက်ပွဲကျင်းပစဉ်ကာလ ဗမာပြည်သည် ၁၉၃၅ ဘားမားအက်ဥပဒေ အုပ်ချုပ်ရေးအောက်တွင်ရှိနေသည်။) ဗမာပြည်မ အမတ်နေရာ ၁၈၂ တွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ် မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ)က အမတ်နေရာ (၁၇၃) ဦးခန့်ရွေးကောက်တင်မြှောက်ခံရသည်။ ထိုရွေးကောက်ပွဲသည် လွတ်လပ်လာမည့် မြန်မာပြည်အတွက်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရန် ကျင်းပသည့် ရွေးကောက်ပွဲဖြစ်သည်။

ဖဆပလအဖွဲ့ချုပ်သည် နောင်တွင် လွတ်လပ်ရေးရရှိသည့်အခါ ကျင့်သုံးပြဋ္ဌာန်းနိုင်ရန် အခြေခံဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲနိုင်ရေးအတွက် ဖဆပလပဏာမ ပြင်ဆင်မှုညီလာခံကို ၁၉၄၇ ခုနှစ်၊ မေလ ၁၉ မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး၊ အခြေခံဥပဒေမူကြမ်းကို ထိုညီလာခံတွင်ပင် အတည်ပြုခဲ့သည်။ ထိုအခြေခံဥပဒေ မူကြမ်းတွင် ပုဒ်မပေါင်း (၁၂၇) ၊ အခန်းကြီး (၁၄) ခန်း၊ ဇယား (၁) ခု ပါဝင်သည်။ ဇယားတွင် လူမျိုးစုလွှတ်တော် ဖွဲ့စည်းပုံ နှင့် လွှတ်တော်သို့ အမတ်များရွေးကောက်တင်မြှောက်သည့်နည်းများ ပါဝင်သည်။ ညီလာခံမှ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းနှင့်ပတ်သက်၍ အဆိုပြုချက် (၁၄) ချက်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီတခု၏ အစည်းအဝေး*



(ဝဲမှယာ) ပထမခေါင်းပေါင်းနှင့်ပုဂ္ဂိုလ်မှစ၍ (၁) ဒီးဒုတ်ဦးဘချို၊ (၂) ဆာမောင်ကြီး၊ (၃) ဦးချန်ထွန်း၊ (၄) ဗိုလ်ချုပ်အောင်ဆန်း၊ (၅) ဦးစိန် (လွှတ်တော်အတွင်းဝန်)၊ (၆) ဦးဖေခင် (ဆေးတံဖြင့်) (၇) သခင်မြ။

*[ဦးဖေခင်၊ ကိုယ်တွေ့ပင်လုံ၊ ၁၉၉၀ မှ ပြန်လည်ကူးယူဖော်ပြသည်။]

## (က) ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံသဘင်၌ တင်သွင်းသောအဆို (၁၄) ချက်[36] *

ရန်ကုန်မြို့ ဂျူဘလီခန်းမကြီး၌ (၁၉၄၇ ခုနှစ်၊ မေလ ၂၄) ရက်နေ့တွင် ကျင်းပသော (ဖဆပလ) ပဏာမပြင်ဆင်မှု ညီလာခံသဘင်၌ အဆို (၁၄) ချက်ကို တင်သွင်းခဲ့ပါသည်။

၁။ မြန်မာနိုင်ငံတော်ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံအဖြစ်ဖြင့် ကြေညာရန်။ ဤပဏာမပြင်ဆင်မှုညီလာခံသဘင်က လေးနက်ခိုင်မာစွာ ပြဋ္ဌာန်းလိုက်သည်။

၂။ တိုင်းပြည်ပြုလွှတ်တော်က ရေးဆွဲအပ်သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အဆိုပါ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံတော်သည် ....

(က) ယခုအထိ ဗြိတိသျှမြန်မာပြည်အတွင်းတွင် ပါဝင်နေသော ...

၁။ မြန်မာပြည်ဝန်ကြီးအဖွဲ့က အုပ်ချုပ်သောမြန်မာပြည်မ၊

၂။ ဟုမ္မလင်းခရိုင်ခွဲ၊

၃။ ဆင်ကလိန်ခမ်းတီး၊

၄။ သောင်ဒွတ်၊

၅။ ဆော်မရနယ်ပယ်၊

၆။ နာဂတောင်တန်းများ၊

၇။ သံလွင်ခရိုင်၊

၈။ ကန်ပက်လက်ခရိုင်ခွဲ၊

၉။ ရခိုင်တောင်တန်းနယ်ပယ်များ ဟူ၍ ခေါ်ဝေါ်သောဒေသများ

(ခ) ကိုးကန့်နှင့် မောင်းပိုင်(မိုးမြဲ) တို့ အပါအဝင်ဖြစ်သော - ရှမ်းပြည်ထောင်စု**

(ဂ) ကရင်နီပြည်နယ်များ

36 တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ ခု အခြေခံဥပဒေ၊ ၁၉၉၀၊ စာ ၄၂၃ - ၄၂၉

(ဃ) ကချင်တောင်တန်းများ

(င) ကန်ပက်လက်ခရိုင်ခွဲမပါသော ချင်းတောင်တန်းခရိုင်တို့ပါဝင်သော ပြည်ထောင်စု နိုင်ငံတော် ဖြစ်ရမည်။

၃။ (၁) အောက်ပါ ဂုဏ်အင်္ဂါအားလုံးနှင့် သော်လည်းကောင်း၊ အချို့နှင့် သော်လည်းကောင်း၊ ပြည့်စုံ၍ (ခ) (ဂ) (ဃ) (င) တို့၌ ဖော်ပြထားသောဒေသများသည် ဤတိုင်းပြည်ပြုလွှတ်တော်တွင်က ဆုံးဖြတ်ပြဋ္ဌာန်း၍ နောင်အခါ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် "ပြည်ထောင်စုပြည်နယ်" အဆင့်အတန်းကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ် အဆင့်အတန်းကိုဖြစ်စေ၊ "လူမျိုးစုပြည်နယ်" အဆင့်အတန်းကိုဖြစ်စေ ရရှိရမည်။ ထိုဒေသများသည် မိမိတို့အား အပ်နှင်း၍သော်လည်းကောင်း၊ လွှဲပြောင်း၍သော်လည်းကောင်း ရရှိသောအာဏာနှင့် တာဝန်များကို သုံးစွဲဆောင်ရွက်ရမည်။

## ဂုဏ်အင်္ဂါများကား

၁။ ပထဝီအနေအထားအရ နယ်နိမိတ်အထင်အရှားရှိခြင်း၊

၂။ မြန်မာစကားနှင့်မတူသော ဘာသာတစ်မျိုးတည်းရှိခြင်း၊

၃။ ယဉ်ကျေးမှုတစ်မျိုးတည်းရှိခြင်း၊

၄။ ရာဇဝင်အစဉ်လာ တစ်မျိုးတည်းရှိသော လူစုရှိခြင်း၊

၅။ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးနှင့် စီးပွားရေးလုံလောက်မှုတို့ရှိသော လူစု ရှိခြင်း၊

၆။ လူဦးရေအတော်အတန်ရှိခြင်း၊

၇။ ပြည်ထောင်စုအဖွဲ့ဝင်သီးခြားဒေသတစ်ခုအဖြစ်ဖြင့် မိမိ၏ ကိုယ်ပိုင်ထင်ရှားချက် အတိုင်း နေထိုင်သော ဆန္ဒရှိခြင်းတို့ ဖြစ်လေသည်။

(၂) ထိုအာဏာများနှင့်တာဝန်များသည် ပဏာမပြင်ဆင်မှုညီလာခံသဘင်က ခန့်သော ကော်မတီအဖွဲ့၏ စေ့စပ်ချက်ဖြင့် နှစ်ဦးနှစ်ဘက် သဘောတူညီချက်ကို ရပြီးမှ စဉ်းစား ဆုံးဖြတ်ရမည့် အာဏာနှင့် တာဝန်များဖြစ်သည်။ ဆိုခဲ့ပြီးသော ကော်မတီအဖွဲ့၏ စေ့စပ်

ချက်ဖြင့်ရရှိသော တူညီချက်သည် (ဖဆပလ) အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ကို ရရှိရမည်။

၄။ (ဤနေရာမှစ၍ လာမည့်အပိုဒ်များတွင် "ပြည်ထောင်စုဥပဒေပြုအဖွဲ့" ဟုခေါ်ဆိုအပ်သော) ဗဟိုဥပဒေပြုအဖွဲ့၏ အာဏာပိုင်နက်သည် ပြည်ထောင်စုနိုင်ငံတစ်ဝှမ်းလုံးဖြစ်ရ မည်။ "ပြည်ထောင်စုပြည်နယ်" သို့မဟုတ် "ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်" သို့မဟုတ် "လူမျိုးစုပြည်နယ်" တို့၏ ဥပဒေပြုအဖွဲ့များသို့ သီးခြားလွှဲပြောင်းပေးသည့်ကိစ္စအမျိုးအစားထဲတွင် မပါဝင်သော ကိစ္စခပ်သိမ်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ မည်သို့ ပင်ဆိုထားသည် ဖြစ်စေ၊ ပြည်ထောင်စုဥပဒေပြုအဖွဲ့သည် အောက်၌စီစဉ်ဖော်ပြထားသောကိစ္စအမျိုးအစားတွင် ပါဝင်သည့်ကိစ္စအားလုံးတို့အပေါ်၌ ဥပဒေပြုအာဏာရှိရမည်။

၁။ ပြည်ထောင်စုအစိုးရဌာနများ၊

၂။ ပြည်နယ်ချင်းချင်းကိစ္စများ၊

၃။ ကျန်ကိစ္စများ၊ (Residual Matters)

၄။ ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သောစီးပွားရေးတိုးတက်မှုကိစ္စများ၊

၅။ "ပြည်ထောင်စုနယ်" "ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်" "လူမျိုးစုပြည်နယ်" တို့မှ လွဲ၍ ကျန်ဒေသများနှင့်စပ်လျဉ်းသောကိစ္စများ၊

မှတ်ချက်။ ။ (အထက်ပါ အပိုဒ်ကြီး - ၄၊ အပိုဒ်ခွဲ (၅) တွင် ဆိုထားသောကျန်ဒေသများ အတွက်ဥပဒေပြု အဖွဲ့များ သပ်သပ်ထားရှိမည်မဟုတ်ချေ။)

၅။ ဤလွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတမြန်မာနိုင်ငံသည် လည်းကောင်း၊ ထိုနိုင်ငံအဖွဲ့ ဝင်ပြည်နယ်ဒေသများသည်လည်းကောင်း၊ ထိုနိုင်ငံ၏ အစိုးရ ဌာနများသည် လည်းကောင်း၊ အသီးသီးတို့သည် မိမိတို့၏ တန်ခိုးတေဇောနှင့် အာဏာ အားလုံးတို့ကို တိုင်းသူပြည်သားတို့ထံမှ ထုတ်ယူသုံးစွဲရမည်။

၆။ လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်း တူညီမှု၊ အခွင့်အလမ်းတူညီမှု၊ တရားဥပဒေအရတူညီမှုတို့အပြင် တရား

ဥပဒေ နှင့်လည်းကောင်း၊ လောကဝတ္တရားတို့နှင့်လည်းကောင်း၊ သင့်မြတ်လျော်ကန် စေရမည် ဖြစ်သော လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာဖွင့်ဟရေးသား ဖော်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန် သွားခွင့်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာ မှီးနိုင်မှု၊ လွတ်လပ်စွာစည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုတို့ကို ပြည်သူပြည်သားအားလုံး တို့ ရရှိနိုင်အောင်ဝန်ခံချက်ရှိရမည်။

၇။ (၁) "တိုင်းရင်းသားလူနည်းစုများ"၏ အခွင့်အရေးများဖြစ်သော -

၁။ လူတို့၏အခွင့်အရေး၊

၂။ လူမျိုးနှင့် ယဉ်ကျေးမှုအခွင့်အရေး၊

၃။ ယဉ်ကျေးမှုတွင် မိမိတို့စရိုက်အရ ပြဋ္ဌာန်းနိုင်ခွင့်နှင့်တကွ လွတ်လပ်စွာ ပေါင်းသင်း ဆက်ဆံနိုင်သောအခွင့်အရေး၊

၄။ ဥပဒေပြုအဖွဲ့တွင် ထိုက်သင့်သောကိုယ်စားလှယ်ဦးရေပါဝင်နိုင်ရေး။

ထိုအခွင့်အရေးတို့ကို လူများစုနှင့် လူမျိုးအားဖြင့်လည်းကောင်း၊ ဘာသာစကားအားဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်လည်းကောင်း၊ ရာဇဝင်အစဉ်အလာအားဖြင့် လည်းကောင်း၊ ကွဲပြားသောသူများလည်းဖြစ်၍ သက်ဆိုင်ရာအဖွဲ့ဝင်ဒေသတွင် လူဦးရေ (၁၀) ပုံ (၁) ပုံထက်မနည်း ရှိသည့်သူများလည်းဖြစ်သော ပြည်သူတစ်စုသည် ခံစားနိုင် ပါသည်ဟု ခံဝန်ချက်ရှိရမည်။

(၂) ကရင်အမျိုးသားတို့နှင့် သက်ဆိုင်သောကိစ္စများတွင် ပြည်ထောင်စုအစိုးရအား ကူညီ အကြံ ပေးရန် "ကရင်ရေးရာအဖွဲ့" တစ်စုကို ဖွဲ့စည်းရမည်။

၈။ "ပြည်ထောင်စုပြည်နယ်" ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်၊ "လူမျိုးစုပြည်နယ်" တို့အား ပိုင်းခြားသတ်မှတ် အပ်နှင်းလွှဲပြောင်းပေးထားသော အာဏာများမှတစ်ပါး လွတ်လပ် သော အချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှု အာဏာ၊ တရားစီရင်မှုအာဏာတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၌ရှိ၍ ထိုအာဏာတို့ကို နိုင်ငံဖွဲ့စည်းအုပ်ချုပ် ပုံ အခြေခံဥပဒေက တည်ထောင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံ

တော် အစိုးရဌာနများက သော်လည်းကောင်း ထိုဌာနများ၏ အမိန့်အရသော်လည်းကောင်း သုံးစွဲနိုင်ရမည်။

၉။ ပြည်ထောင်စုနိုင်ငံတော်အတွင်းရှိ ပြည်သူအားလုံးတို့၏ အထွတ်အမြတ်ဖြစ်ထိုက်သော နိုင်ငံတော်၏ အကြီးအမှူးဖြစ်သည့် သမ္မတနှင့်တကွ ပြည်သူ့လွှတ်တော်လူမျိုးစုလွှတ်တော် နှစ်ရပ် ပါဝင်သော ပြည်ထောင်စု၊ မဟာလွှတ်တော်တို့တွင် ပြည်ထောင်စုဥပဒေပြုအာဏာ ကို အပ်နှင်း ထားရှိစေရမည်။ သမ္မတအား ပြည်ထောင်စုမဟာလွှတ်တော်က ရွေးကောက် တင်မြှောက်ရ မည်။ ပြည်သူ့လွှတ်တော်အမတ်များကို လျှို့ဝှက်သော မဲဆန္ဒပေးစနစ် အရ၊ အရွယ်ရောက်သူတိုင်း က ရွေးကောက်တင်မြှောက်ရမည်။ လူမျိုးစုလွှတ်တော်တွင် "ပြည်ထောင်စုပြည်နယ်"မှလည်းကောင်း၊ "ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်"မှလည်းကောင်း၊ "လူမျိုးစုပြည်နယ်"မှလည်းကောင်း၊ "တိုင်းရင်း သားလူနည်းစု" မှလည်းကောင်း၊ အဖွဲ့ဒေသ တစ်ခုအဖြစ်ဖြင့် စုံရုံးဖွဲ့စည်းအပ်သော ကျန်ဒေသများမှ လည်းကောင်း ကိုယ်စားလှယ် အမတ်များ ပါဝင်ရမည်။

၁၀။ တရားဥပဒေနှင့် ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတို့က ပြဋ္ဌာန်းမည့် စည်းကမ်း ချက်များ ကို ထောက်၍ ပြည်သူတို့တွင် မိမိတို့ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်အမတ်ကို နုတ်ပယ်ခေါ်ယူနိုင်သော အခွင့်အရေးရှိစေရမည်။

၁၁။ ပြည်ထောင်စုအစိုးရဟူ၍ ခေါ်ဆိုအပ်သည့် ပြည်ထောင်စုနိုင်ငံတော်၏ အချုပ်အခြာအုပ်ချုပ်မှု အာဏာတည်ရှိရာဖြစ်သော အစိုးရအဖွဲ့သည် ပြည်သူ့လွှတ်တော်အား တာဝန်ခံရမည်။

၁၂။ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကသော်လည်းကောင်း၊ တရားဥပဒေကသော်လည်း ကောင်း၊ တည်ထောင်ထားသော တရားရုံးတော်များသည် တရားစီရင်ခြင်းကိုပြုရမည်။ ထိုတရားရုံး များက မဟာတရားရုံးတော်နှင့်တကွ ထိုတရားရုံးတော်၏ လက်အောက်ခံတရားရုံးများ ဖြစ်သည်။ တရားသူကြီးများသည် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် တရားဥပဒေတို့ကိုသာ ထောက်၍ လွတ်လပ်စွာတရားစီရင်ရမည်။ မဟာတရားရုံးတော်၏ တရားဝန်ကြီးများကို "ပြည်ထောင်စုမဟာ လွှတ်တော်" က ရွေးကောက်တင်မြှောက်ရမည်။

၁၃။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံ၏ နယ်မြေတို့ တစ်ပေါင်း တစ်စည်း တည်းတည်ရှိနေသည်ဟူသော ဂုဏ်သိက္ခာသည်လည်းကောင်း၊ နိုင်ငံတော်၏

ကြည်း၊ ရေ၊ လေ တို့ကို အချုပ်အခြာစိုးမိုးအုပ်ချုပ်နိုင်သော အခွင့်အရေးများသည် လည်းကောင်း၊ ထိုဂုဏ်သိက္ခာ ထိုအခွင့်အရေးများသည် တရားမျှတမှုနှင့်လည်းကောင်း၊ တိုင်းကြီးပြည်ကြီးတို့၏ ဥပဒေနှင့် လည်းကောင်း၊ လျော်ညီစွာ တည်တံ့ခိုင်မြဲနေရမည်။

၁၄။ ကျွန်ုပ်တို့ ချစ်မြတ်နိုးသောနိုင်ငံတော်သည် ကမ္ဘာပေါ်တွင် တရားသဖြင့် ရသင့်ရထိုက်သည် လည်းဖြစ်၍ ဂုဏ်ကျက်သရေနှင့်လည်း ပြည့်စုံသောအဆင့်အတန်းကိုရရှိ၍ လူသတ္တဝါခပ်သိမ်းတို့၏ အကျိုးစီးပွားကို တိုးတက်စေရန် မိမိ၌ တာဝန်ရှိသည့်အလျောက် အစွမ်းကုန်အားထုတ်ဆောင် ရွက်ပြီးလျှင် ပြည်ထောင်စုအချင်းချင်း တရားမျှတမှုနှင့် လောကဝတ္တရားတို့ကို ထောက်ခံ၊ အနိုင် နိုင်ငံတို့နှင့် ချစ်ကြည်ငြိမ်းချမ်းစွာ ပူးပေါင်း ဆောင်ရွက်မည်ဟု ခိုင်မြဲသောအဓိဋ္ဌာန်ကို ပြုထားလေ သည်။

* အထက်ဖော်ပြပါ ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံသဘင်၌ တင်သွင်းရန် အဆို(၁၄) ချက်သည် ဖဆပလပဏာမပြင်ဆင်မှုညီလာခံတွင် တင်သွင်းနိုင်ရန် ပြင်ဆင်ထားသော အဆိုမျှသာ ဖြစ်သည်။

** အထက်ဖော်ပြပါ ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံသဘင်၌ တင်သွင်းသောအဆိုနှင့် ပတ်သက်၍ အချက် (၂)၊ အပိုဒ် (က) တွင် မြန်မာပြည်ဝန်ကြီးအဖွဲ့က အုပ်ချုပ်သော မြန်မာပြည်မအပြင် Part One နယ်မြေများ၊ Part Two နယ်မြေများအပါအဝင် နယ်မြေပေါင်း (၉)ခု၊ စုစည်းဖော်ပြ ထားကြောင်း တွေ့ရှိရသည်။ ယင်းနယ်မြေများအတွင်း (ရခိုင်၊ ကရင်၊ မွန်) ကဲ့သို့သော အမျိုးသားပြည်နယ် သစ်များ ဖော်ထုတ်ပေးရန်ရှိကြောင်း သုံးသပ်ရသည်။

*** အပိုဒ် (၂) တွင် အပိုဒ် (က) နယ်မြေနှင့်ပတ်သက်၍ (ခ၊ ဂ၊ ဃ၊ င) နယ်မြေများကဲ့သို့ အမျိုးသား ပြည်နယ်အတွက် သတ်မှတ်ဖော်ပြထားခြင်း မရှိကြောင်းတွေ့ရသည်။ သို့ရာတွင် ပင်လုံစိတ်ဓာတ် ပဋိညာဉ်အရ ဗမာပြည်မသည် ရှမ်းပြည်နှင့်အဆင့်အတန်း တူညီသည်ဟု ယူဆရပေသည်။

## (ခ) လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံအတွက် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ (ဖဆပလ မူကြမ်း)[37]

ရန်ကုန်မြို့ ဂျူဗလီခန်းမကြီး၌ ၁၉၄၇ ခု၊ မေလ (၂၄)ရက်နေ့တွင် ကျင်းပသော (ဖဆပလ) ပဏာမ ညီလာခံသဘင်၌ အဆို (၁၄)ချက် တင်သွင်းသည့်အပေါ် မြန်မာနိုင်ငံဖဆပလ၏ ပဏာမ ညီလာခံက လက်ခံသည်။

### အခန်း(၁)

### နိုင်ငံဖွဲ့စည်းပုံ

၁။ မြန်မာနိုင်ငံတော်ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံဟူ၍ ကြေညာရမည်။

၂။ ဆိုခဲ့ပြီးသော၊ လွတ်လပ်ပြီးသော အချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံတော်တွင် ...

(က) ၁။ မြန်မာပြည်ဝန်ကြီးအဖွဲ့က အုပ်ချုပ်သော မြန်မာပြည်မ

၂။ ဟုမ္မလင်းခရိုင်ခွဲ

၃။ ဆင်ကလိန်ခန္တီး

၄။ သောက်သွတ်

၅။ ဆောမရနယ်ပယ်

၆။ နာဂတောင်တန်းများ

၈။ ကန်ပက်လက်ခရိုင်ခွဲ

၉။ ရခိုင်တောင်တန်းဒေသ ဟူ၍ ခေါ်ဝေါသောဒေသများ

(ခ) ကိုးကန့်နှင့် မောင်းပိုင်းတို့ အပါအဝင်ဖြစ်သော ရှမ်းပြည်ထောင်စု

(ဂ) ကရင်နီပြည်နယ်များ

37 တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ ခုအခြေခံဥပဒေ၊ ၁၉၉၀၊ နောက်ဆက်တွဲ (၁၂)၊ စာ ၆၈၅ - ၇၃၈

(ဃ) ကချင်တောင်တန်းများ

(င) ကန်ပက်လက်ခရိုင်ခွဲမပါသော ချင်းတောင်တန်းခရိုင်တို့ ပါဝင်ရမည်။

၃။ ဆိုခဲ့ပြီးသောလွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟုခေါ်တွင်ရမည်။

(၁) အောက်ပါ ဂုဏ်အင်္ဂါများရှိသောပြည်သူပြည်သားများအား ပြည်ထောင်စုပြည်နယ် အဆင့်အတန်းကိုပေးအပ်ရမည်။

၁။ ပထဝီအနေအထားရနယ်နိမိတ်အထင်အရှားရှိခြင်း။

၂။ မြန်မာစကားနှင့်မတူသော ဘာသာစကားတစ်မျိုးတည်းရှိခြင်း။

၃။ ယဉ်ကျေးမှုတစ်မျိုးတည်းရှိခြင်း။

၄။ ရာဇဝင်အစဉ်အလာတစ်မျိုးတည်းရှိသောလူစုရှိခြင်း။

၅။ စီးပွားရေးဆိုင်ရာအကျိုးကျေးဇူးနှင့် စီးပွားရေးလုံလောက်မှုတို့ရှိသော လူစုရှိခြင်း။

၆။ လူဦးရေအတော်အတန်ရှိခြင်း။

၇။ သီးခြားပြည်ထောင်စုဒေသတစ်အခုအဖြစ်ဖြင့် မိမိ၏ကိုယ်ပိုင်ထင်ရှားချက် အတိုင်းနေထိုင်သောဆန္ဒရှိခြင်း။

(၂) ကိုယ်ပိုင်အုပ်ချုပ်ရမည့်နယ်များ အဆင့်အတန်းကို အထက်ပါ ဂုဏ်အင်္ဂါများ နည်းများ မဆိုရှိပါ သော်လည်း စီးပွားရေးလုံလောက်မှု ချို့ငဲ့နေသော ပြည်သူပြည်သားများအား ပေးအပ်ရမည်။

(၃) လူမျိုးစုပြည်နယ်အဆင့်အတန်းကို နည်းများမဆို သီးခြားဘာသာစကားရှိခြင်း၊ ထိုဘာသာစကားကို အတော်အတင့်အားဖြင့် တစ်စုတစ်ပေါင်းတည်းပြောဆိုသောဒေသ ရှိခြင်း၊ မိမိ၏ကိုယ်ပိုင်ထင်ရှားချက် အတိုင်းနေလိုသော ဆန္ဒရှိခြင်းတို့မှတစ်ပါး အထက်ပါ အားလုံးသောဂုဏ်အင်္ဂါများ၌ ချို့ငဲ့နေသော ပြည်သူပြည်သားများအား ပေးအပ်ရမည်။

(၄) တိုင်းရင်းသားလူနည်းစုအခွင့်အရေးများကို ...

၁။ လူမျိုးအားဖြင့်လည်းကောင်း၊ ဘာသာစကားအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်လည်းကောင်း၊ ရာဇဝင်အစဉ်အလာအားဖြင့်လည်းကောင်း လူများစုနှင့် ကွဲပြားခြားနား၍၊

၂။ မြန်မာတစ်ပြည်လုံး၌ဖြစ်စေ၊ အဖွဲ့ဝင်ဒေသတစ်ခုခု၌ဖြစ်စေ ရှိသောလူဦးရေအားလုံးတွင် အနည်းဆုံး (၁၀) ပုံ (၁) ပုံမျှ လူဦးရေရှိသော လူတစ်စုအားရရှိနိုင်စေရန် ဝန်ခံချက်ပြုရမည်။

မှတ်ချက် ။ ။ ဗမာပြည်ဝန်ကြီးအဖွဲ့ကအုပ်ချုပ်သော ဗမာပြည်မအပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ Part One ဇယား (၁) နယ်မြေများနှင့် အင်္ဂလိပ်ဘုရင်ခံက သီးခြားအုပ်ချုပ်ရေးထားရှိသော Part Two ဇယား (၂) နယ်မြေများဖြစ်သော ....

၁။ ဟုမ္မလင်းခရိုင်ခွဲ

၂။ ဆင်ကလိန်ခန္တီး

၃။ သောင်သွတ်

၄။ ဆောမရနယ်ပယ်

၅။ နာဂတောင်တန်းများ

၆။ သံလွင်ခရိုင်

၇။ ကန်ပက်လက်ခရိုင်ခွဲ

၈။ ရခိုင်တောင်တန်းဒေသဟူ၍ ခေါ်ဝေါ်သောဒေသများကိုပါ စုစည်းထည့်သွင်းထားကြောင်း တွေ့ရှိရသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရခိုင်တောင်တန်းဒေသကို ချင်းပြည်တွင်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် သံလွင်ခရိုင်ကို ကရင်ပြည်နယ်တွင်လည်းကောင်း ထည့်သွင်းထားပြီး ကျန်ရှိသည့် နယ်မြေ (၆)ခုကို ဗမာပြည်မတွင် ဆက်လက်ထည့်သွင်းထားသည်။

ဖဆပလ၏ညီလာခံက လက်ခံထားသည့် အခန်း ၁၊ ပုဒ်မ ၃၊ အပိုဒ် (၁) ဂုဏ်အင်္ဂါရပ်ပါ အချက် (၇) ချက် ဖော်ပြရာ၌ အချက် (၂) တွင် ဗမာစကားနှင့် မတူသော ဟူ၍ပါရှိခြင်းသည် ပြည်နယ်ရထားပြီးဖြစ်သော ရှမ်း၊ ကချင်၊ ချင်းအမျိုးသား ပြည်နယ်များအတွက် ဖော်ပြခြင်း မဟုတ်ကြောင်း၊ ဗမာပြည်မတွင် အတူနေထိုင်သော ရခိုင်၊ မွန်၊ ကရင် လူမျိုးကဲ့သို့သော လူမျိုးများအတွက် ပြည်နယ်များကို ဖော်ပြပေးရမည်ဟူသည်မှာ ရှင်းလင်းပေသည်။

ဗမာပြည်မနယ်မြေတွင်ပါဝင်ပြီး အမျိုးသားပြည်နယ်အဆင့်အတန်း ဂုဏ်အင်္ဂါများနှင့်ပြည့်စုံသော ရခိုင်၊ မွန်၊ ကရင် အမျိုးသားပြည်နယ်များကို ဖော်ဆောင်ပေးရမည့်အပြင် ကျန်နယ်မြေများ (၆) ခုကိုလည်း တိုင်းရင်းသားလူနည်းစုများ အခွင့်အရေးအတွက် ဖော်ဆောင်ပေးရမည်ဟု ရှင်းလင်းစွာဖော်ပြခြင်းဖြစ် သည်။

၁၉၅၂ ခုနှစ်တွင် သံလွင်ခရိုင် အပါအဝင် ကရင်ပြည်နယ်ဖော်ဆောင်ပေးပြီး ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဗမာပြည်မနယ်မြေထဲမှ ရခိုင်နှင့်မွန်ပြည်နယ်များကို ဖော်ဆောင်ပေးသည်။ ကျန်ရှိသည့်နယ်မြေအား တိုင်း (၇) တိုင်းအဖြစ်ပြောင်းလဲဖွဲ့စည်းကာ မူလ (၈ယား ၂) နယ်မြေများသည် စစ်ကိုင်းတိုင်းမြောက်ပိုင်း၊ ပျဉ်းမနားအရှေ့တောင်တန်း၊ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသများတွင် ထည့်သွင်းပါဝင်သည်။

# အခန်း (၂)

## မူလအခွင့်အရေးများ

ပြည်သူပြည်သားဟု ခေါ်သောသဘော ....

၁။ ပြည်ထောင်စုနိုင်ငံတော်တစ်ဝန်းလုံးရှိ လူမျိုးအားလုံးအတွက် နိုင်ငံတော်သားဟူ၍သော်လည်းကောင်း၊ ပြည်သူပြည်သားဟူ၍သော်လည်းကောင်း၊ သဘောတစ်မျိုးတည်းသာ ဖြစ်ရမည်။

၂။ ပြည်ထောင်စုနိုင်ငံတော်၏ တရားဥပဒေကိုထောက်၍ ...

(က) ပြည်ထောင်စုနိုင်ငံတော်၌ဖြစ်စေ၊ နယ်နိမိတ်သတ်မှတ်ချက်အရ အဖွဲ့ဝင်ပြည်နယ်လည်းဖြစ်သော ဒေသတစ်ခုခု၌ဖြစ်စေ၊ မွေးဖွားသူမှန်သမျှသော်လည်းကောင်း၊

(ခ) ထိုဒေသတစ်ခုခု၏ တိုင်းရင်းသားအဖြစ်ကို ခံယူသူမှန်သမျှသော်လည်းကောင်း၊ ဖြစ်လျှင်

ထိုသူသည် ပြည်ထောင်စုနိုင်ငံတော်၏ ပြည်သူပြည်သားအဖြစ်ကို ရရှိရမည်။

ပြည်ထောင်စုနိုင်ငံတော်၏ ပြည်သူပြည်သားအဖြစ်ကို ခံယူနိုင်ခြင်း၊ အဆုံးခံရခြင်းတို့နှင့်စပ်လျဉ်းသော နောက်ထပ်ပြဋ္ဌာန်းချက်များကို တရားဥပဒေဖြင့်ပြဋ္ဌာန်းနိုင်သည်။

၃။ တိုင်းတစ်ပါးနိုင်ငံ၏ ကျေးတော်မျိုး၊ ကျွန်တော်မျိုး (သို့) ပြည်သူတစ်ဦးသည် တစ်ချိန်တစ်ခါတည်းတွင် ဤပြည်ထောင်စုနိုင်ငံတော်၏ ပြည်သူ့အဖြစ်ကို မရရှိထိုက်စေရ။

## တန်းတူအခွင့်အရေးများ

၄။ ဇာတိအားဖြင့်လည်းကောင်း၊ လူတန်းစားအားဖြင့်လည်းကောင်း၊ ကိုးကွယ်သောဘာသာအား ဖြင့်လည်းကောင်း၊ လူမျိုးအားဖြင့်လည်းကောင်း၊ ကျား,မ မမူ ပြည်သူအပေါင်းတို့သည် နိုင်ငံတော် တရားဥပဒေ၏ မျက်မှောက်၌ အတူတူသာလျှင်ဖြစ်သည်။ ဆိုလိုရင်းမှာ ပြည်သူတစ်ဦးနှင့်တစ်ဦး (သို့) ပြည်သူလူတန်းစား တစ်စားနှင့်တစ်စား ထင်သလိုခွဲခြားခြင်း တစ်စုံတစ်ရာမရှိစေရ။

၅။ ပြည်သူလူအများနှင့် သက်ဆိုင်သော လုပ်ငန်းရပ်တို့၌လည်းကောင်း၊ လုပ်ရေးကိုင်ရေး၊ ကုန်သွယ်ရေး၊ အတတ်ပညာတို့ဖြင့် အသက်မွေးရေးတို့၌လည်းကောင်း၊ ပြည်သူခပ်သိမ်းတို့ဝယ် အခွင့်အလမ်းတန်းတူရှိရမည်။ နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း၊ တစ်ဦးနှင့် တစ်ဦး၊ တစ်ဘက်နှင့်တစ်ဘက်၊ မုန်းတီးမှု၊ ရန်မူမှု၊ စိတ်ဝမ်းကွဲမှုတို့ ပေါ်ပေါက်လာရန် အကြောင်း ရှိသော (သို့) ရည်ရွယ်သော အပြုအမူတစ်စုံတစ်ရာသည် ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့် ဆန့်ကျင်သဖြင့် ထိုအပြုအမူအတွက် တရားဥပဒေအရ အပြစ်ဒဏ်ပေးခြင်းကို ခံရမည်။

၆။ (၁) ပြည်သူလူအများတို့နှင့်ဆိုင်သော လုပ်ငန်းတို့၌လည်းကောင်း၊ စီးပွားရေး၊ လူမှုဆက်ဆံရေး၊ နိုင်ငံရေးအရပ်ရပ်၌လည်းကောင်း၊ မိန်းမတို့သည် အခွင့်အရေးတန်းတူရရှိရမည်။

(၂) တူသောအလုပ်အတွက် ယောကျာ်းတို့ရသော လခစားမျိုးကိုပင်ရနိုင်ရန် မိန်းမတို့၌ အခွင့်အရေးရှိရမည်။ ထို့အပြင် အလုပ်သမား လစာစားအဖြစ်ဖြင့်လည်း ကာကွယ်စောင့်ရှောက်ခြင်းကို ရရှိရမည်။

(၃) နိုင်ငံတော်သည် မီးဖွားရေးနှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကလေးဂေဟာများ၊ ကလေးထိန်းဌာနများတို့ကို ဖွင့်လှစ်ခြင်းဖြင့်လည်းကောင်း၊ မီးမဖွားမီနှင့် မီးဖွားပြီးသောကာလများအတွက် လစာအပြည့်နှင့် နားခွင့်ရရန်အခွင့်အရေးကို မိခင်တို့အားပေးခြင်းအားဖြင့်လည်းကောင်း၊ မိခင်နှင့်ကလေးတို့၏အကျိုးကို စောင့်ရှောက်ရန် အထူးဆောင်ရွက်စီမံပေးရမည်။

## လွတ်လပ်မှုအခွင့်အရေးများ ...

၇။ နိုင်ငံတော်၏တရားဥပဒေအရမဟုတ်ဘဲ မည်သည့်ပြည်သူတစ်ဦးတစ်ယောက်မျှ မိမိ၏ကိုယ် ပိုင်လွတ်လပ်မှုကို မဆုံးရှုံးစေရ။ မိမိ၏ပိုင်နယ်အတွင်းသို့ အဝင်ခံရခြင်း၊ ပစ္စည်းအသိမ်းခံရခြင်းတို့ မရှိစေရ။

၈။ တရားဥပဒေကိုလည်းကောင်း၊ ပြည်သူလူထုအများလိုက်နာရန် အမိန့်ကိုလည်းကောင်း၊ လောကဝတ္တရားကိုလည်းကောင်း ထောက်၍ အောက်ပါအခွင့်အရေးများကို သုံးစွဲပိုင်ခွင့်ရှိစေရမည်။

(၁) ပြည်သူပြည်သားများသည် မိမိတို့၏ယုံကြည်ချက်၊ ထင်မြင်ချက်တို့ကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်သော အခွင့်အရေး၊

(၂) ပြည်သူပြည်သားများသည် လက်နက်စွဲကိုင်ခြင်းမပြုဘဲ အေးချမ်းစွာစုဝေးနိုင်သော အခွင့်အရေး၊

(၃) ပြည်သူပြည်သားများသည် အစည်းအရုံးများ၊ သမဂ္ဂများကို ဖွဲ့စည်းနိုင်သော အခွင့်အရေး တို့ဖြစ်သည်။ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖျက်ရန်ရည်ရွယ်သော (သို့) ရည်ရွယ် ရန်အကြောင်းရှိသော (သို့) ဖျက်ရန်အားထုတ်သော (သို့) အားထုတ်ရန် အကြောင်း ရှိသော အစည်းအရုံးမျိုးကိုလည်းကောင်း၊ ဒီမိုကရေစီဝါဒအရ မဟုတ်သော ရည်ရွယ်ချက်များ နှင့် ဖွဲ့စည်းသော အစည်းအရုံးများကို သော်လည်းကောင်း တားမြစ်သည်။

(၄) ပြည်သူပြည်သားများသည် ပြည်ထောင်စုနိုင်ငံတော် အတွင်းတွင် မည်သည့်ဒေသ၌ မဆို နေထိုင်အခြေစိုက်ရန် ပစ္စည်းရှာမှီးရန်၊ အလုပ်လုပ်ကိုင်ရန်၊ ကုန်သွယ်ရန်၊ ရောင်းဝယ် ဖောက်ကားရန်၊ အတတ်ပညာဖြင့် အသက်မွေးရန် အခွင့်အရေးများကို ရရှိရမည်။ လူနည်းစု များနှင့် တိုင်းရင်းသားစုများ၏အကျိုးအတွက် ကာကွယ်စောင့်ရှောက်ခြင်းလည်း ပါသော အများပြည်သူတို့၏ အကျိုးကိုထောက်ထား၍ နိုင်ငံတော်၏တရားဥပဒေသည် လျော်ကန် သင့်မြတ်သော ကန့်သတ်ချက်၊ စည်းကမ်းများကို လိုအပ်သလောက်ပြဋ္ဌာန်းနိုင်သည်။

၉။ ပြည်ထောင်စုနိုင်ငံ တရားဥပဒေ၏ နည်းလမ်းဥပဒေကို ထောက်၍ ပြည်ထောင်စု နိုင်ငံ အတွင်း တွင် ပြည်သူတို့ကလည်းကောင်း၊ ပြည်သူအချင်းချင်းလည်းကောင်း၊ ပြုကြသော ကုန်သွယ်ခြင်း၊ ရောင်းဝယ်ခြင်း၊ အဆက်အသွယ်ပြုခြင်းတို့သည် လွတ်လပ်ရမည်။ သို့ရာတွင် ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုသည် ပြည်နယ်ဒေသငြိမ်ဝပ်မှုအတွက် သော်လည်း ကောင်း၊ လောကဝတ္တရားနှင့်အညီ၊ ဆောင်ရွက်ရေးအတွက် သော်လည်းကောင်း၊ ကျန်းမာရေး အတွက် သော်လည်းကောင်း၊ မိမိပြည်နယ်ဒေသ၌ အရေးတကြီး ကြုံကြိုက်သော အခါ၌ သော်လည်းကောင်း၊ တရားဥပဒေနှင့် လျော်ကန်သင့်မြတ်သော ကန့်သတ်ချက်စည်းကမ်း များကို ပြဋ္ဌာန်းနိုင်သည်။

၁၀။ (၁) လူကို အရောင်းအဝယ်ပြုခြင်း၊

(၂) တရားအတိုင်း တရားရုံး၏ အပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် ထိုအပြစ်ဒဏ်ကြောင့် အလုပ်လုပ်ပေးရသည်မှတစ်ပါး၊ စိတ်မပါကျွန်အစေခံလုပ်ရခြင်း၊ နိုင်ထက်စီးနင်းပြုခြင်းကြောင့် အလုပ်လုပ်ပေးရခြင်းတို့ကို တားမြစ်ရမည်။

ရှင်းလင်းချက် ။ ။ အထက်ပါအပိုဒ်ခွဲရှိစကားကြောင့် လူမျိုးအလိုက်သော်လည်းကောင်း၊ ကိုးကွယ်သော ဘာသာအလိုက်သော်လည်းကောင်း၊ အတန်းအစားအလိုက်သော်လည်းကောင်း၊ ခွဲခြားခြင်းမရှိဘဲ၊ အများပြည်သူတို့အကျိုးငှာ မလုပ်မနေရလုပ်ကြစေရန်နိုင်ငံတော်က တာဝန်ပေးနိုင်ခြင်း မရှိစေရ။

၁၁။ ဓာတ်အားကိုအသုံးပြုသော အလုပ်ရုံများ၌လည်းကောင်း၊ သတ္တုတွင်းများ၌လည်းကောင်း အသက် (၁၄)နှစ်အောက် ကလေးများကို မခိုင်းစေရ။

၁၂။ တရားဥပဒေကိုလည်းကောင်း၊ အများလိုက်နာရန် အမိန့်ကိုလည်းကောင်း၊ လောကဝတ္တရားကိုလည်းကောင်းထောက်၍ ပြည်သူအားလုံးနှင့် အလုပ်သမားအတန်းအစားအားလုံးတို့၌ လွတ်လပ်စွာ အစည်းအရုံးဖွဲ့စည်းနိုင်ခွင့် ရရှိစေရမည်။

## ကိုးကွယ်သောဘာသာနှင့် သက်ဆိုင်သောအခွင့်အရေးများ ...

၁၃။ (၁) အများလိုက်နာရန်၊ အမိန့်ကိုလိုက်နာရန် အမိန့်ကိုလည်းကောင်း၊ လောကဝတ္တရားကိုလည်းကောင်း၊ ပြည်သူအများ ကျန်းမာရေးကိုလည်းကောင်း၊ ဤအခန်းရှိ အခြားပြဋ္ဌာန်းချက်တို့ ကိုလည်းကောင်း၊ ထောက်၍ ပြည်သူခပ်သိမ်းတို့သည် လွတ်လပ်စွာ တွေးတောကြံဆယုံကြည်နိုင်သောအခွင့်အရေးနှင့်လွတ်လပ်စွာ ကိုးကွယ်လိုက်နာကျင့်ဆောင်နိုင်သော အခွင့်အရေးတို့ကို တန်းတူခွင့်ရရှိသည်။

## ရှင်းလင်းချက်

(၁) ကိုးကွယ်သည့်ဘာသာအရ ကျင့်သုံးတည်ဆောက်ရေးနှင့် တွဲယှဉ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေး၊ ဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ အထက်အဆိုပါ အခွင့်အရေးတွင် မပါဝင်စေရ။

(၂) ဤအပိုဒ်တွင် ကိုးကွယ်သည့်ဘာသာတရားအရ လွတ်လပ်စွာကျင့်သုံးဆောက်တည်နိုင်သော အခွင့်အရေး ပေးထားသော်လည်း၊ ထိုပေးထားမှုကြောင့် နိုင်ငံသည် ပြည်သူ့အကျိုးစီးပွားကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် တရားဥပဒေတို့ကို မပြုနိုင်မရှိစေရ။

၁၄။ (၁) နိုင်ငံရေးကိစ္စအလို့ငှာ ကိုးကွယ်သောဘာသာနှင့်တကွ ဘာသာနှင့်သက်ဆိုင်သော အဖွဲ့အစည်းတို့ကို မလျော်သောသဘောဖြင့် သုံးစွဲခြင်းမပြုရ။

(၂) ကိုးကွယ်သော ဘာသာရေးကိစ္စများတွင် နိုင်ငံတော်သည် ကြားနေအဖြစ်ဖြင့် ပြုမူရမည်။ သို့ရာတွင် ကိုးကွယ်သော ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများအား ပစ္စည်းဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ အကူအညီအထောက်အပံ့ ပေးနိုင်သည်။

(၃) နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သော ဝါဒရှိသည့် ဘာသာရေး အစုအဖွဲ့ ဂိုဏ်းဂဏတို့သည် ဘာသာအရကျင့်သုံးဆောက်တည်ရာ၌လည်းကောင်း၊ ဘာသာရေးဆိုင်ရာ အခမ်းအနားပွဲသဘင်များကို ကျင်းပပြုလုပ်ရာ၌လည်းကောင်း၊ လွတ်လပ်ခွင့်ရှိသည့်အပြင် ရှင်ရဟန်းများ၊ တရားပညာတတ်မြောက်ရေးအတွက် ကျောင်းတည်ဆောက်ဖွင့်လှစ်ပေးရာ၌လည်း လွတ်လပ်ခွင့်ရရှိသည်။ သို့ရာတွင် ထိုကျောင်းတို့သည် နိုင်ငံတော်၏ ကြီးကြပ်စစ်ဆေးခြင်းကိုခံ ရမည်။

## ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာအခွင့်အရေးများ ...

၁၅။ နိုင်ငံတော်စာသင်ကျောင်းများသို့ ဝင်ခွင့်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ကိုးကွယ်သောဘာသာအားဖြင့် သော်လည်းကောင်း၊ လူမျိုးအားဖြင့် သော်လည်းကောင်း၊ ဘာသာစကားအားဖြင့်သော်လည်းကောင်း၊ ထိုအချက်တို့ကို အကြောင်းပြု၍ မည်သည့်လူနည်းစုကိုမျှ ခွဲခြားခြင်းမပြုရ။ မည်သည့်ဘာသာရေး သင်ခန်းစာကိုမျှလည်း ထိုလူနည်းစုအား အတင်းအကြပ် လိုက်နာသင်ယူစေရန် ပညတ်ခြင်းမပြုရ။

## စီးပွားရေးဆိုင်ရာအခွင့်အရေးများ...

၁၆။ (၁) စီးပွားရေးဘက်တွင် ကိုယ်ပိုင်ပစ္စည်းရင်းနှီးအသုံးချမှုနှင့် ကိုယ်ပိုင်လုပ်ကိုင်တီထွင်မှု အခွင့်အရေးတို့ရှိရမည်ဟု ခံဝန်ချက်ထားရမည်။

(၂) တိုင်းသူပြည်သားအားလုံးတို့ နစ်နာအောင် မည်သူမျှ မိမိကိုယ်ပိုင် စီးပွားရှာမှီးနိုင်သော အခွင့်အရေးတို့ကို အသုံးမပြုရ။

(၃) ဈေးနှုန်းများကို ချုပ်ကိုင်ထားရန်အလို့ငှာလည်းကောင်း၊ ရောင်းရေးဝယ်တာတို့ကို လက်ဝါးကြီးအုပ်ရန်အလို့ငှာလည်းကောင်း၊ နိုင်ငံတွင်းစီမံမှု၏အကျိုးကို ပျက်စီးစေရန် အလို့ငှာလည်းကောင်း၊ ဖွဲ့စည်းတည်ရှိသော ကာကွယ်ရေးအဖွဲ့များ၊ ဆင်ဒီကိတ်အဖွဲ့များ (ဘဏ္ဍာထိန်းအဖွဲ့များ)၊ ထို့အပြင် အလားတူအဖွဲ့များဖြစ်သော ကိုယ်ပိုင်လက်ဝါးကြီးအုပ် အဖွဲ့များမရှိစေရ။

(၄) လူအများ၏အကျိုးစီးပွားအတွက် လိုအပ်လျှင် နိုင်ငံတော်သည် ကိုယ်ပိုင်ပစ္စည်းကို ကန့်သတ်နိုင်သည်။ သို့မဟုတ် သိမ်းပိုက်နိုင်သည်။ သို့ရာတွင် ပိုင်ရှင်အား မည်သည့်ကိစ္စတွင် မည်မျှလျော်ကြေးပေးရမည်ဟု ပြဋ္ဌာန်းပေးသော တရားဥပဒေနှင့်အညီသာလျှင် ကန့်သတ် ရန် သို့မဟုတ် သိမ်းပိုက်ရန်ဖြစ်သည်။

(၅) အထက်ပါ အလားတူစည်းကမ်းချက်များအတိုင်း လူအများ၏အကျိုးစီးပွားအတွက် လိုအပ်လျှင် နိုင်ငံအတွင်းစီမံမှုတွင် အချက်အလက်သဖွယ်ဖြစ်သော လုပ်ငန်းများကို သော်လည်းကောင်း၊ တစ်ဦးတည်းပိုင်လုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံပိုင်အဖြစ်ဖြင့် နိုင်ငံတော်က သိမ်းပိုက်ဆောင်ရွက်နိုင်သည်။

## ပြည်သူ့အခွင့်အရေး ....

၁၇။ ပြစ်ချက်တစ်ခုအဖြစ်ဖြင့် စွဲချက်တင်လောက်သော တရားဥပဒေတစ်ရပ်ကို ဖောက်ဖျက် ပါက ထိုဖောက်ဖျက်သော ပြစ်မှုအတွက်သာလျှင် တရားဥပဒေအရ အပြစ်ရှိ သည်ဟု စွပ်စွဲခြင်းခံရစေမည်။ အခြားပြစ်မှုများဖြင့် မည်သူမျှစွပ်စွဲခြင်း မခံစေရ။ ထို့အပြင် ပြစ်မှုကို ကျူးလွန်သည့်ကာလတွင် ပေးရမည်ဖြစ်သော အပြစ်ဒဏ်ထက် ပို၍ကြီးလေး သော အပြစ်ဒဏ်ကိုလည်း မခံစေရ။

၁၈။ ပြစ်ချက်တစ်မျိုးအတွက် တစ်ကြိမ်ထက်ပို၍ တရားစီရင်ခြင်းကို မည်သူမျှမခံစေရ။ ထို့ပြင် ရာဇဝတ်ပြစ်မှုမျိုးတွင်လည်း မိမိနှင့်ဆန့်ကျင်၍ မိမိကိုယ်ကိုပင် မိမိသက်သေတင်စေရန် အတင်း အကြပ်ပြုခြင်းမခံစေရ။

၁၉။ ပြည်ထောင်စုနိုင်ငံတစ်ဝှမ်းလုံးတွင် ပြည်ထောင်စုနှင့်တကွ ပြည်ထောင်စုဝင်အဖွဲ့တို့၏ တရား ဥပဒေကိုလည်းကောင်း၊ အများနှင့်ဆိုင်သော ဥပဒေများကိုလည်းကောင်း၊ မှတ်တမ်းများ ကိုလည်း ကောင်း၊ တရားစစ်ဆေးစီရင်ချက်များကိုလည်းကောင်း၊ လုံးဝ ယုံကြည်၍ အကိုးအကားမှတ်တမ်း များပြုလုပ်ရမည်။ အဆိုပါ အများနှင့်သက်ဆိုင်သော အက်ဥပဒေများနှင့် တရားစစ်ဆေးစီရင်ချက် များကို ယုံကြည်၍ အကိုးအကားပြုစရာ ဖြစ်အောင်နည်းနာနှင့် စည်းကမ်းချက်များကိုလည်းကောင်း၊ အထက်ပါ အများနှင့် သက်ဆိုင်သော အက်ဥပဒေမှတ်တမ်းများနှင့် တရားစီရင်ချက်များ၏ အကျိုး အာနိသင်ကို လည်းကောင်း၊ ပြည်ထောင်စုတရားဥပဒေက ပြဋ္ဌာန်းရမည်။

၂၀။ ပြည်ထောင်စု၏တရားဥပဒေက ပြဋ္ဌာန်းနိုင်သော စည်းကမ်းချက်တို့ကို ထောက်၍ မည်သည့် ပြည်ထောင်စုအဖွဲ့ဝင်အတွင်း၌မဆို အပြီးအပိုင်အမိန့်ချသော တရားမကြောင်း စီရင်ချက်တို့သည် ပြည်ထောင်စုနိုင်ငံတစ်ဝှမ်းလုံးတွင် အာဏာတည်ရမည်။

၂၁။ ပြည်သူတိုင်းသည် နိုင်ငံခြားများနှင့်စပ်လျဉ်း၍ ဆက်ဆံရာတွင် ပြည်ထောင်စုနိုင်ငံ၏ အပြင်၌ သော်လည်းကောင်း၊ အတွင်း၌လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံတော်၏ ကာကွယ်စောင့်ရှောက် ခြင်းကို ရရှိစေရမည်။

၂၂။ တရားဥပဒေနှင့်အညီမဟုတ်လျှင် မည်သည့်ပြည်သူကိုမဆို နိုင်ငံခြားအစိုးရ၏လက်သို့ တရားစွဲဆိုခြင်း၊ အပြစ်ပေးခြင်းခံစေရန် လွှဲအပ်ခြင်းမပြုရ။

## နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်စပ်လျဉ်းသော ချို့ငဲ့ချက်တို့ကို ပြင်ဆင်နိုင်သည့် အခွင့်အရေးများ

၂၃။(၁) ဤအခန်းက အပ်နှင်းသောအခွင့်အရေးတစ်ခုခုကို ကာယကံမြောက်ပြုနိုင်စေ၍ မဟာတရားရုံးတော်အား သင့်လျော်လျှောက်ပတ်စွာလျှောက်ထား၍ တိုက်တွန်းနှိုးဆော်ပိုင်ခွင့်ရှိကြောင်းကို နိုင်ငံတော်အစိုးရက ဆန့်ကျင့်ချက်ပြုထားသည်။

(၂) ဤကိစ္စနှင့်စပ်လျဉ်း၍ အခြားတရားရုံးများ၌ အပ်နှင်းထားသောအာဏာတို့ကို မဆန့်ကျင်စေဘဲ မဟာတရားရုံးတော်၌ (HABEAS CORPUS) ဟေဗျာကော်ပါခေါ် ရှေ့တော်သွင်း စာချွန်တော် အမိန့် (MADAMUS) မဒေမာခေါ် နစ်နာချက်ပြင် စာချွန်တော် အမိန့် (PROHIBITION) ဖရော်ဟေဘေးရှင်းခေါ် အာဏာမရှိစစ်ဆေးခြင်းကို တားမြစ်နိုင်သော တားမြစ်မှု စာချွန်တော် အမိန့် (QUOWARRANTO) ကိုရန်တိုခေါ် အမိန့်အာဏာအရ ပြုပိုင်ခွင့် ရှိ၊ မရှိ ဖြေဆိုခိုင်းသော အာဏာပိုင်မေး စာချွန်တော်အမိန့် (CERTIORARI) ဆက်ရှုယယ်ရိုင်းခေါ်အောက်ရုံးမှ အမှုများကို ခေါ်ယူတောင်းဆိုနိုင်သော အောက်ရုံးအမှုခေါ် စာချွန်တော်အမိန့်၊ ထိုစာချွန်တော်အမိန့်သဘောမျိုး ပါသော ညွှန်ကြားချက်အမိန့်များကို ထုတ်ရန်အာဏာရှိရမည်။

(၃) သူပုန်ထကြွနေသောအခါ၌သော်လည်းကောင်း၊ တိုင်းတစ်ပါးက ဝင်ရောက်တိုက်ခိုက်လာသောအခါ သော်လည်းကောင်း၊ အရေးတကြီး ဖြစ်နေသောအခါ၌ လည်းကောင်း၊ ပြည်သူအများအတွက် လုံခြုံမှုကို မလိုသမျှကာလပတ်လုံး အထက်ပါ ချို့ငဲ့ချက် ပြင်ဆင်နိုင်ခွင့် တို့ကို ဆိုင်းငံ့ထားခြင်း မရှိစေရ။

၂၄။ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ (သို့) တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ယူဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မိမိတို့၏ ဝတ္တရားများကို ကျေပြွန်စွာဆောင်ရွက် နိုင်စေရန်နှင့် စည်းကမ်းစောင့်စည်းနိုင်စေရန်အလို့ငှာ ဤအခန်းတွင် ပေးထားသော အခွင့်အရေးများကို မည်၍မည်မျှ ကန့်သတ်ထားရမည်ဟူ၍ သော်လည်းကောင်း၊ မည်၍မည်မျှ ဖျက်သိမ်းရမည်ဟူ၍ သော်လည်းကောင်း၊ ပြည်ထောင်စု ဥပဒေပြု အဖွဲ့က တရားဥပဒေပြုခြင်းဖြင့် ဆုံးဖြတ်နိုင်သည်။

၂၅။ ဥပဒေပြုရန်လိုအပ်သော ဤအခန်းရှိ ပြဋ္ဌာန်းချက်များကို အရာရောက်နိုင်စေရန် လည်းကောင်း၊ ဤအခန်းတွင် ကျူးလွန်ရာရောက်သည်ဟု ဖော်ပြထားသော်လည်း အပြစ်ပေးပိုင်ခွင့် မရှိခဲ့သေးသော အပြုအမူများအတွက် အပြစ်ဒဏ်များကို သတ်မှတ်ပြဋ္ဌာန်းရန်လည်းကောင်း ပြည်ထောင်စုဥပဒေအဖွဲ့သည် တရားဥပဒေများကို ပြုရမည်။

## အခန်း (၃)

## နိုင်ငံတော်ဝါဒ၏ ရည်ရွက်ချက်သဘောတရားများ

၁။ ဤအခန်းတွင် ဖော်ပြထားသော ရည်ရွယ်ချက်သဘောတရားများသည် နိုင်ငံတော်၏ လမ်းညွှန်လက်စွဲပင်ဖြစ်သည်။ နိုင်ငံတော်သည် ထိုသဘောတရားများကို ဥပဒေပြုရာ၌ လည်းကောင်း၊ အုပ်ချုပ်ရာ၌လည်းကောင်း သုံးစွဲရန် လေးနက်စွာ ဂရုပြုရမည်။

၂။ ပြည်သူတိုင်း၌ အောက်ပါအခွင့်အရေးများရရှိနိုင်စေရန် နိုင်ငံတော်သည် မိမိ၏ဝါဒကို ညွှန်ကြားရမည်။

(က) အလုပ်လုပ်ပိုင်ခွင့်၊

(ခ) အိုမင်းမစွမ်းဖြစ်သောအခါ၌လည်းကောင်း၊ နာဖျားမကျန်း ဖြစ်သောအခါ၌လည်းကောင်း၊ အလုပ်လုပ်ကိုင်ခြင်းငှာ မစွမ်းသောအခါ၌လည်းကောင်း၊ အထောက်အပံ့ရနိုင်သော အခွင့်အရေး၊

(ဂ) အနားယူနိုင်ခွင့်၊ အားလပ်ခွင့် ယူနိုင်သော အခွင့်အရေး၊

(ဃ) ပညာသင်ကြားနိုင်သော အခွင့်အရေး။

အထူးသဖြင့် နိုင်ငံတော်သည် အခလွတ် မသင်မနေရ မူလတန်းပညာသင်ကြားရေး ကို ပြဋ္ဌာန်းပေးရမည်။

၃။ နိုင်ငံတော်သည် ငယ်ရွယ်သူများကို အထူးဂရုပြု၍ ထိုသူတို့၏ ပညာသင်ကြားရေးကို အားပေးရမည်။

၄။ နိုင်ငံတော်အစိုးရ စာသင်ကျောင်းများမှတစ်ပါး အခြားစာသင်ကျောင်းများမရှိစေရ။ ကိုယ်ပိုင် စာသင်ကျောင်းများထားလိုသော် တရားဥပဒေအရခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ ကျောင်းများကို နိုင်ငံတော်က ကြီးကြပ်စိုးမိုးထားရမည်။

၅။ နိုင်ငံတော်သည် အင်အားနည်း၍ အောက်ကျနောက်ကျဖြစ်နေသော သူတို့၏ ပညာရေးနှင့် စီးပွားရေးတို့ကို အထူးဂရုပြု၍ အားပေးရမည်။ ထို့အပြင် လူမှုဆက်ဆံရေး၌ ထိုသူတို့ကို မတရားသဖြင့် အပြုနိုင်ကြစေရန်လည်းကောင်း၊ သူတစ်ပါး၏ အုပ်စိုး၊ ခေါင်းပုံဖြတ်ခြင်း အမျိုးမျိုးကို မခံရစေရန် နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ပေးရမည်။

၆။ ပြည်သူတို့၏ အဆင့်အတန်းတိုးမြှင့်ရေးနှင့် ပြည်သူတို့၏ ကျန်းမာမှုကောင်းမွန်တိုးတက်ရေး တို့သည် နိုင်ငံတော်၏ အဓိကတာဝန်တစ်ခုဖြစ်ရမည်။

၇။ နိုင်ငံတော်သည် အလုပ်သမား ယောက်ကျား မိန်းမတို့၏ ကာယဗလနှင့် ကျန်းမာရေး တို့ကို ထိခိုက်ခြင်းမဖြစ်စေရန်လည်းကောင်း၊ ကလေးသူငယ်တို့၏ နုနယ်သောအရွယ် ကို ထိခိုက်ခြင်း မဖြစ်စေရန်လည်းကောင်း၊ ထို့အပြင် ထိုသူတို့သည် စီးပွားရေးချို့ငဲ့မှုတို့ ကြောင့် မိမိတို့ ကျားမ ဇာတိအသက်ကာယဗလတို့နှင့် မလျော်သော အသက်မွေးမှုတို့တွင် ဝင်ရောက်လုပ်ကိုင်ရခြင်း မရှိစေရန်လည်းကောင်း ကာကွယ်စောင့်ရှောက်ပေးရမည်။

၈။ နိုင်ငံတော်သည် ကျန်းမာရေးဆိုင်ရာဝန်ထမ်းများ၊ ဆေးရုံများ၊ ဆေးပေးရုံများ၊ လူမမာ ခန်းများ၊ သားဖွားရုံများ၊ နလံထလူမမာရုံများနှင့် အခြားကျန်းမာရေး အစည်းအရုံး များကို ဖွင့်လှစ်စီမံအုပ် ချုပ်ပေးခြင်းအားဖြင့် ပြည်သူတို့၏ကျန်းမာရေးကို ကောင်းသည် ထက်ကောင်းအောင် ဆောင်ရွက် ရမည်။

၉။ နိုင်ငံတော်သည် ယေဘုယျအားဖြင့် ပြည်သူများအတွက်လည်းကောင်း၊ အထူးသဖြင့် လူငယ်များအတွက်လည်းကောင်း၊ ကာယဗလပညာသင်ကြားရေးကို အထူးဂရုပြု၍ ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်သူလူအများ၏ ကျန်းမာရေးနှင့်တကွ အလုပ်လုပ်ကိုင်နိုင်သော လုပ်ရည်စွမ်းအားကို တိုးပွားစေလိုသောကြောင့် လည်းကောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်သော ကာကွယ်ရေးစွမ်းအားကို ဖြည့်တင်းလိုသောကြောင့် လည်းကောင်း ဖြစ်သည်။

၁၀။ ပြည်ထောင်စုနိုင်ငံတော်၏ စီးပွားရေးကို နိုင်ငံတော်စီးပွားရေးစီမံကိန်းများဖြင့် ဆုံးဖြတ်၍ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ထိုသို့ထားရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ ဓနစီးပွားရေးကို တိုးတက်စေရန်လည်းကောင်း၊ ပြည်သူလူအများ၏ ပစ္စည်းဉစ္စာ အခြေအနေကို တစ်စတစ်စ ကောင်းသထက်ကောင်းအောင် ဆောင်ရွက် နိုင်စေရန် လည်းကောင်း၊ ပြည်သူလူအများ၏ စိတ်ချမ်းသာရေးဖြစ်သော ယဉ်ကျေးမှုအဆင့် အတန်းကို မြင့်တက်လာစေရန်လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံ၏ လွတ်လပ်ရေးကို တည်မြဲခိုင်ခန့်စေရန်လည်းကောင်း၊ နိုင်ငံတော် ကာကွယ်ရေးစွမ်းအားကို ကြီးမား လာစေရန်လည်းကောင်း ဖြစ်သည်။

၁၁။ (၁) နိုင်ငံတော်တွင် မြေယာပိုင်ခွင့်များကို နည်းလမ်းတကျဖြစ်စေရန် သော်လည်းကောင်း၊ ပြောင်းရန်သော်လည်းကောင်း၊ ဖျက်သိမ်းရန်လည်းကောင်း၊ အခွင့်အရေးရှိရမည်။ သို့မဟုတ် မည်သည့်မြေယာကို ပြန်လည်သိမ်းယူပြီးလျှင် ထိုမြေယာကို စုပေါင်းလယ်ထွန် လုပ်ကိုင်ရေးအတွက်ဖြစ်စေ၊ သမဝါယမလယ်ထွန်လုပ်ကိုင်ရေးအတွက်ဖြစ်စေ၊ ဝေငှ ပေးရန် သော်လည်းကောင်း၊ လယ်သီးစားသမားအား ဝေငှပေးရန်သော်လည်းကောင်း အခွင့်အရေး ရှိရမည်။

(၂) မည်သည့်အခြေခံစနစ်နှင့်မျှ မြေယာအမြောက်အမြားကို ပိုင်ဆိုင်နိုင်ခွင့်မရှိစေရ။ တစ်ဦးတည်း ပိုင်ဖြစ်သော မြေယာ၏ အများဆုံးမြေကေအရေအတွက်ကို တရားဥပဒေက ဆုံးဖြတ်ပေးလိမ့် မည်။

၁၂။ စီးပွားရေး၊ အုပ်စိုး၊ ခေါင်းပုံဖြတ်မှုဘေးမှ ကင်းလိုသဖြင့် အကာအကွယ်ထားရန်တို့ မှာ အလုပ်သမားတို့သည် မိမိတို့အချင်းချင်း ပေါင်းသင်း ဖွဲ့စည်းကြရာတွင် နိုင်ငံတော် သည် ထိုအလုပ်သမားများအား စီးပွားရေးဆောင်ရွက်ချက်ဖြင့်လည်းကောင်း၊ အခြား ဆောင်ရွက်ချက်ဖြင့်လည်းကောင်း ကူညီနိုင်သည်။ နိုင်ငံတော်သည် အလုပ်သမားများ အား စည်းရုံးပိုင်ခွင့်ပေးခြင်းအားဖြင့် လည်းကောင်း၊ အလုပ်လုပ်ရက်ကို ကန့်သတ် ပေးခြင်းအားဖြင့် လည်းကောင်း၊ နှစ်စဉ်အားလပ် ရက်များရပိုင်ခွင့်ကို အာမခံထားခြင်း အားဖြင့် လည်းကောင်း၊ လုပ်ရကိုင်ရသော အခြေအနေတို့ကို ကြီးကြပ်အုပ်ချုပ်ပေး ခြင်း အားဖြင့် လည်းကောင်း၊ နေရေးထိုင်ရေးတို့ကို ဂရုပြုဆောင်ရွက်ပေးခြင်း အားဖြင့်

လည်းကောင်း၊ ထောက်ပံ့မှုစနစ် ထားရှိခြင်းအားဖြင့်လည်းကောင်း၊ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရမည်။

၁၃။ အမြတ်အစွန်းအတွက်မဟုတ်ဘဲ အလုပ်လုပ်ကိုင်နေရသော နိုင်ငံတော်စီးပွားရေးလုပ်ငန်း အဖွဲ့များအား ပစ္စည်း၊ ငွေကြေး အထောက်အပံ့ပေးရန် နိုင်ငံတော်သည် မိမိ၏ဝါဒကို ညွှန်ကြားရမည်။ သမဝါယမအစည်းအရုံးများနှင့် အလားတူ စီးပွားရေးအစည်းအရုံးများအား အထူးအရေး ပေးလိမ့်မည်။

၁၄။ အသုံးဝင်သော အတတ်ပညာ၊ သိပ္ပံပညာအသင်းများ၊ သုတေသနအသင်းများ၊ ယဉ်ကျေးမှု အသင်းများတို့သည် နိုင်ငံ၏ စောင့်ရှောက်ကာကွယ် ထောက်ပံ့ခြင်းတို့ကို ခံစားနိုင်ရမည်။

၁၅။ (၁) ပြည်ထောင်စုနိုင်ငံအတွင်းတွင် ကုန်ပစ္စည်းဖြစ်ထွန်းအောင် ပြုလုပ်ဖန်တီးသောအရာများ သည် ပြည်သူလူထုခပ်သိမ်းတို့၏ ပစ္စည်းသော်လည်းကောင်း၊ ပြည်သူ့သမဝါယမ အစည်း အရုံးများ၏ပိုင်ပစ္စည်း သော်လည်းကောင်း၊ ထိုသို့မဟုတ်လျှင်လည်း ကိုယ်ပိုင် ပစ္စည်း သော်လည်းကောင်း၊ တရားဥပဒေ၏အခွင့်ကိုရသော သူတို့၏အပိုင်ပစ္စည်း သော်လည်းကောင်း ဖြစ်သည်။

(၂) သစ်တောဟူသမျှသည် လည်းကောင်း၊ မြေတွင်းမြေအောက်ရှိ သတ္တုရတနာဥစ္စာ ဟူသမျှသည် လည်းကောင်း၊ သတ္တုအနှစ်ရေ ဆေးဘက်ဝင်ရေတို့ပါဝင်သောရေတို့သည် လည်းကောင်း၊ သဘာဝဓာတ်အားတို့၏ မူလအခြေအမြစ်တို့သည်လည်းကောင်း၊ သံလမ်း ဖြင့် သယ်ယူပို့ဆောင်သော ယာဉ်များသည် လည်းကောင်း၊ စာတိုက်ဌာနသည်လည်းကောင်း၊ ကြေးနန်းဌာနသည်လည်းကောင်း၊ စကားပြောကြေးနန်းဌာနသည်လည်းကောင်း၊ အသံလွှင့် ဌာနသည်လည်းကောင်း၊ ထိုအရာတို့သည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်။

(၃) ကိုယ်ပိုင်ပစ္စည်းဖြစ်သော ကုန်ပစ္စည်း ပြုလုပ်ဖန်တီးနိုင်သည့် အရာများကို နိုင်ငံတော်သည် တရားဥပဒေနှင့်အညီ သိမ်းယူနိုင်သည်။

၁၆။ နိုင်ငံတော်အကျိုးစီးပွားကို တိုးတက်ထွန်းကားအောင်ပြုရာတွင် ပြည်သူလူထုခပ်သိမ်းတို့၏ ပစ္စည်းသည် အဓိက အထောက်အပံ့ဖြစ်သည်။ ပြည်သူလူထုခပ်သိမ်းတို့၏ပစ္စည်းကို နိုင်ငံတော်က အထူးဂရုပြု၍ စောင့်ရှောက်ကာကွယ်သည်။ ပြည်သူလူထုခပ်သိမ်းတို့၏

ပစ္စည်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲအုပ်ချုပ်ခြင်း၊ ထုခွဲခြင်းတို့ကို တရားဥပဒေက ဆုံးဖြတ်ပြဋ္ဌာန်းသည်။

၁၇။ နိုင်ငံတော်သည် နိုင်ငံတော်၏ စီးပွားရေးနှင့် စီးပွားရေးတိုးတက်မှုတို့ကို အထွေထွေ စီးပွားရေး စီမံကိန်းနှင့်အညီ ညွှန်ကြားသည်။ ထိုသို့ညွှန်ကြားခြင်းသည် ပြည်သူတို့၏ အချက်အချာဖြစ်သော အကျိုးကျေးဇူးတို့ကို ကာကွယ်ပေးလိုသောကြောင့်လည်းကောင်း၊ ပြည်သူတို့ ဝပြောသာယာမှုကို တိုးတက်စေလိုသောကြောင့်လည်းကောင်း၊ ရှေ့အလားအလာ သြဇာဗီဇရှိသော စီးပွားရေးမျိုးစေ့ များနှင့် စီးပွားရေး၏အင်အားများကို အကျိုးရှိအောင် အသုံးပြုတတ်ကြစေလိုသောကြောင့် လည်းကောင်း ဖြစ်သည်။ တစ်ဖန် ထိုသို့ ညွှန်ကြားရာတွင် တစ်ဖက်၌ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို စိုးမိုးအုပ်ချုပ်၍ တစ်ခြားတစ်ဘက်တွင် နိုင်ငံတော်အစိုးရနှင့် သမဝါယမစီးပွားရေး လုပ်ငန်းများတို့ကို မှီခိုအားထားလျက် ညွှန်ကြားခြင်းဖြစ်သည်။

## အခန်း(၄)

## ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ

၁။ 'နိုင်ငံတော်သမ္မတ' ဟု ခေါ်ဝေါ်အပ်သော ပြည်ထောင်စုနိုင်ငံတော်၏ သမ္မတတစ်ဦးရှိရမည်။ ထိုသမ္မတကို ပြည်ထောင်စုမဟာလွှတ်တော်၏ လွှတ်တော်နှစ်ရပ် တွဲဘက်ညီလာခံတွင် လွှတ်တော်နှစ်ရပ်က ရွေးကောက်တင်မြှောက်ရမည်။

၂။ နိုင်ငံတော်သမ္မတသည် မဟာလွှတ်တော်ရှိ လွှတ်တော်နှစ်ရပ်လုံး၏ အမတ်မဖြစ်စေရ သို့မဟုတ် ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခုရှိ ဥပဒေပြုအဖွဲ့၏ အမတ်မဖြစ်စေရ။

၃။ နိုင်ငံတော်သမ္မတသည် အစိုးရ ရာထူးတစ်ခုခုကိုဖြစ်စေ၊ လစာစရိတ်ရသော ရာထူးတစ်ခုခု ကိုဖြစ်စေ ရှိထားသူမဖြစ်စေရ။

၄။ နိုင်ငံတော်သမ္မတသည် မိမိ၏ရာထူးကို ခံယူသည့်နေ့မှစ၍ ထိုရာထူးကို ခံယူထားသည့် ကာလအတွင်းတွင် အနိစ္စရောက်လျှင်သော်လည်းကောင်း၊ နုတ်ထွက်လျှင် သော်လည်း

ကောင်း၊ ရာထူးမှ နုတ်ပယ်ခြင်းခံရလျှင်သော်လည်းကောင်း၊ ထာဝရအားဖြင့် ကိုယ်စိတ်မစွမ်းဖြစ်လျှင် သော်လည်းကောင်း၊ ထိုအကြောင်းတို့ကြောင့်မဟုတ်လျှင် လေးနှစ် တိုင်တိုင် ရာထူးခံယူထားရမည်။ ထာဝရအားဖြင့် ကိုယ်စိတ်မစွမ်းဖြစ်လျှင် ဟူရာ၌ ထိုသို့ဖြစ်ကြောင်း ထင်ရှားသည်ဟု တရားဝန်ကြီး (၃) ဦးထက်မနည်းပါဝင်သော မဟာတရားရုံးတော်က ကျေနပ်ပြီးဖြစ်ရမည်။

၅။ မည်သူမဆို နိုင်ငံတော်သမ္မတရာထူးကို တစ်ဆက်တည်း (၈) နှစ်ထက်ကျော်လွန်၍ ခံယူခြင်း မပြုစေရ။

၆။ ပြည်ထောင်စုနိုင်ငံတော်၌ဖြစ်စေ၊ အဖွဲ့ဝင်ပြည်နယ်ဒေသ တစ်ခုခု၌ဖြစ်စေ၊ ဇာတိအားဖြင့် ပြည်သူမဟုတ်လျှင်လည်းကောင်း၊ ထိုသူတို့သည် နိုင်ငံတော်သမ္မတရွေးကောက်ပွဲ မတိုင်မီ ထိုပြည်နယ်ဒေသ၌ (၁၄) နှစ်နေထိုင်ခဲ့သောသူ မဟုတ်လျှင်လည်းကောင်း၊ ထိုသူသည် နိုင်ငံတော်သမ္မတရာထူးအတွက် ရွေးကောက်ပွဲဝင်ခွင့်မရှိစေရ။

၇။ ဖွင့်ဟထုတ်ဖော်ခြင်းခံရသော ကိုယ်နှုတ်နှလုံး၊ သိက္ခာပျက်ပြားခြင်းရှိလျှင် နိုင်ငံတော်သမ္မတအား စွပ်စွဲပြစ်တင်ခြင်းပြုနိုင်သည်။

၈။(၁) နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်က ရွေးချယ်နှင်းအပ်သော ပုဂ္ဂိုလ်အား ဝန်ကြီးချုပ်အဖြစ်ဖြင့် ခန့်ရမည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ဦးစီးအကြီးအမှူး ဖြစ်လေသည်။

(၂) နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ရှေးဦးစွာ ယူပြီးမှ ရွေးချယ်အပ်နှင်းသောပုဂ္ဂိုလ်တို့အား အစိုးရအဖွဲ့၏အခြားအဖွဲ့ဝင်များ အဖြစ်ဖြင့် ခန့်ရမည်။

(၃) နိုင်ငံတော်သမ္မတသည် "လူမျိုးစုဝန်ကြီး" ဟုခေါ်အပ်သော အစိုးရအဖွဲ့၏ အဖွဲ့ဝင် တစ်ဦးကို ခန့်ရမည်။ ထိုအစိုးရအဖွဲ့သည် ဝန်ကြီးချုပ်က ပြည်ထောင်စုပြည်နယ်က၊ ကိုယ်ပိုင် အုပ်ချုပ်ရပြည်နယ်၊ လူမျိုးစုပြည်နယ်နှင့် တိုင်းရင်းသားလူနည်းစုတို့၏ ကိုယ်စားလှယ် လွှတ်တော်ဖြစ်သော လူမျိုးစုလွှတ်တော်အမတ်များထဲမှ ရွေးချယ် အပ်နှင်းလိုက်သော ပုဂ္ဂိုလ်ဖြစ်စေရမည်။

၉။ (၁) နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်၏အကြံပေးချက်အရ ပြည်ထောင်စုမဟာလွှတ်တော်ကို ဆင့်ခေါ်ရမည်။

(၂) နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်တွင် အမတ်အများစု၏ ထောက်ခံချက်ကို မရနိုင်တော့ ပြီဖြစ်သော ဝန်ကြီးချုပ်၏ မဟာလွှတ်တော်ဖျက်သိမ်းရေး အကြံညာဏ်ကို မိမိ၏ မျှော်မြင်ယူဆချက်အတိုင်း ပယ်နိုင်သည်။

(၃) နိုင်ငံတော်သမ္မတသည် မဟာလွှတ်တော်၏ လွှတ်တော်တစ်ရပ်ရပ်ကိုဖြစ်စေ၊ နှစ်ရပ်စလုံး ကိုဖြစ်စေ၊ အစည်းအဝေးကျင်းပရန် မည်သည့်အခါ၌မဆို ဆင့်ခေါ် နိုင်သည်။

၁၀။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုမဟာလွှတ်တော်က အတည်ပြုလိုက်သော ဥပဒေအကြမ်းအတိုင်းကို လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာရမည်။

၁၁။ (၁) နိုင်ငံတော်သမ္မတသည် လက်နက်ကိုင်တပ်ဖွဲ့များကို ဦးစီး၍အုပ်ချုပ်နိုင်သော ဦးစီးအုပ်ချုပ်မှုအာဏာကို အပ်နှင်းထားရမည်။ သို့ရာတွင် ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် နိုင်ငံတော် သမ္မတကခန့်ထားသော မဟာသေနာပတိမှတစ်ဆင့်မဟုတ်လျှင် နိုင်ငံတော်သမ္မတသည် ထိုဦးစီးအုပ်ချုပ်မှုအာဏာကို အသုံးမပြုရ။

(၂) ဤပြဋ္ဌာန်းချက်များကိုထောက်၍ လက်နက်ကိုင်တပ်ဖွဲ့များ ဦးစီးအုပ်ချုပ်မှုအာဏာကို တရားဥပဒေဖြင့် နည်းလမ်းတကျဖြစ်အောင် သတ်မှတ်ထားရမည်။

(၃) လက်နက်ကိုင်တပ်ဖွဲ့များ၏ရေးရာပိုင်အရာရှိအားလုံးသည် မိမိတို့၏ ရေးရာပိုင်အခွင့်အရေး များကို နိုင်ငံတော်သမ္မတထံမှ ခံယူရမည်။

၁၂။ သနားညှာတာခွင့်ပေးနိုင်သော အခွင့်အရေးနှင့်တကွ အပြစ်ဒဏ်တို့ကို ပြောင်းနိုင်သော (သို့) ပလပ်နိုင်သောအာဏာတို့ကို နိုင်ငံတော်သမ္မတတွင် နှင်းအပ်ထားရမည်။ သို့ရာတွင် သေဒဏ် ထိုက်သောသူများမှတစ်ပါး အခြားပြစ်မှုများအတွက် ထိုအာဏာကို အခြားအာဏာပိုင်တို့တွင် တရားဥပဒေအရ နှင်းအပ်နိုင်သည်။

၁၃။ (၁) နိုင်ငံတော်သမ္မတသည် မိမိ၏ မျှော်မြင်ယူဆချက်အတိုင်း တိုင်းနိုင်ငံတော်အရေးနှင့်ဖြစ်စေ၊ ပြည်သူလူအများအရေးနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ မေတ္တာအမှာလွှာဖြင့်

သော်လည်းကောင်း၊ မိန့်ခွန်းဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုမဟာလွှတ်တော်နှင့် အဆက် အသွယ်ပြုနိုင်သည်။

(၂) နိုင်ငံတော်သမ္မတသည် မည်သည့်ကိစ္စနှင့်ပင်ဖြစ်စေ၊ မည်သည့်အချိန်အခါ၌မဆို တစ်နိုင်ငံလုံး သို့လည်း မှာကြားမိန့်မြွက်နိုင်သည်။

(၃) ဤကဲ့သို့သော မေတ္တာအမှာလွှာတိုင်း မိန့်ခွန်းတိုင်းသည် အစိုးရ၏ အတည်ပြုချက်ကို ရပြီး ဖြစ်ရမည်။

၁၄။(၁) နိုင်ငံတော်သမ္မတ၏အာဏာများနှင့် တာဝန်များကို သုံးစွဲခြင်း၊ ဆောင်ရွက်ခြင်းတို့ အတွက်ဖြစ်စေ၊ ထိုအာဏာများနှင့် တာဝန်များကို သုံးစွဲရာတွင် ပြုမူခဲ့သော (သို့) ပြုမူရန် ကြံရွယ်သော အပြုအမူတို့အတွက်ဖြစ်စေ၊ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု မဟာလွှတ်တော်၏ လွှတ်တော်နှစ်ရပ်စလုံးကို သော်လည်းကောင်း၊ တရားရုံးများကို သော်လည်းကောင်း၊ ဖြေရှင်း ပြန်ကြားရန်မလိုချေ။

(၂) သို့ရာတွင် ပြစ်တင်စွပ်စွဲရန်အလို့ငှာ နိုင်ငံတော်သမ္မတ၏ ကိုယ်နှုတ်နှလုံး၊ အမူအယာ သိက္ခာ တို့ကိုပါ ပြည်ထောင်စုမဟာလွှတ်တော်၏လွှတ်တော်နှစ်ရပ်တွင် နှစ်ရပ်လုံးက စစ်ကြောမေးမြန်းခြင်း ပြုနိုင်သည်။

၁၅။ ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် မိမိ၏မျှော်မြင်ချက်အတိုင်း ပြုမူရမည်ဟု ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်အရ မဟုတ်လျှင် နိုင်ငံတော်သမ္မတသည် မိမိ၏ နှင်းအပ်ထားသော အာဏာများနှင့် တာဝန်များကို အစိုးရ၏ အကြံပေးချက်အတိုင်းသာ သုံးစွဲဆောင်ရွက်ရမည်။

၁၆။ ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုထောက်၍ နိုင်ငံတော်သမ္မတအား၊ အပိုအာဏာ နှင့်တာဝန်များကို ထပ်လောင်း၍ ပေးအပ်နိုင်သည်။

၁၇။ (၁) နိုင်ငံတော်သမ္မတအလုပ်ခွင်၌ မရှိသောအခါ (သို့) ခေတ္တခဏ ကိုယ်စိတ်မစွမ်း၍ မဆောင်ရွက်နိုင်သောအခါ (သို့) ထာဝရ ကိုယ်စိတ်မစွမ်း၍ မဆောင်ရွက်နိုင်သောအခါ (သို့) အနိစ္စရောက်သောအခါ၊ နုတ်ထွက်သောအခါ၊ နုတ်ပယ်ခြင်းခံရသောအခါ (သို့) အာဏာနှင့် တာဝန်များကို သုံးစွဲဆောင်ရွက်ရန်ပျက်ကွက်သောအခါ (သို့) နိုင်ငံတော်သမ္မတရာထူးနေရာ

လစ်လပ်သောအခါ၊ ထိုအခါ တစ်ခုခုတွင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက နိုင်ငံသမ္မတအား ပေးအပ်ထားသော အာဏာနှင့်တာဝန်များကို အောက်ပါပြဋ္ဌာန်းချက်အတိုင်း ဖွဲ့စည်းသော ပြည်ကြီးဦးသျှောင်အဖွဲ့က သုံးစွဲဆောင်ရွက်ရမည်။

(၂) ဤပြည်ကြီးဦးသျှောင်အဖွဲ့တွင် တရားဝန်ချုပ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လူမျိုးစုလွှတ်တော် သဘာပတိတို့ ပါဝင်ရမည်။

## အခန်း (၅)

## ပြည်ထောင်စု ဥပဒေပြုအဖွဲ့

၁။(၁) ပြည်ထောင်စုနိုင်ငံ၏ ဥပဒေပြုအာဏာကို ပြည်ထောင်စုမဟာလွှတ်တော်တွင် အပ်နှင်းထားရမည်။ ထိုပြည်ထောင်စု မဟာလွှတ်တော်တွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်တစ်ရပ်နှင့် လူမျိုးစုလွှတ်တော်တစ်ရပ်တို့ ပါဝင်ရမည်။

(၂) နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် လာမည့်အပိုဒ်များ၌ ဖော်ပြထားသော ပြဋ္ဌာန်းချက်များကို ထောက်၍ ပြည်ထောင်စုနိုင်ငံအတွင်းတွင် အကြွင်းမဲ့ ဥပဒေပြုအာဏာကို ပြည်ထောင်စု မဟာလွှတ်တော်၌ အပ်နှင်းထားသည်။

(၃) ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည် ဟူသောသဘောကို အခြေခံ၍ ပြည်ထောင်စု ပြည်နယ်အားလည်းကောင်း၊ 'ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်' အား လည်းကောင်း၊ 'လူမျိုးစုပြည်နယ်' အား လည်းကောင်း၊ ဥပဒေပြုအာဏာများကို (သို့) စီမံခန့်ခွဲအုပ်ချုပ်ရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးကိစ္စများအတွက် အာဏာများကို ကိုယ်စားလှယ် လွှဲပေးရန် ပြဋ္ဌာန်းနိုင်သည်။ ထိုပြဋ္ဌာန်းချက်သည် အခွင့်အရေးများ၊ အာဏာများ၊ ဝတ္တရားများကိုလည်းကောင်း၊ ပြည်နယ်များနှင့် ပြည်ထောင်စု မဟာ လွှတ်တော်တို့၏ ဆက်သွယ်ရေးကိုလည်းကောင်း၊ ပြည်နယ်များနှင့် ပြည်ထောင်စု အစိုးရတို့ ဆက်သွယ်ရေးကိုလည်းကောင်း ဆုံးဖြတ်ရမည်။

(၄) 'ပြည်ထောင်စုပြည်နယ်' (သို့) 'ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်' သို့မဟုတ် 'လူမျိုးစုပြည်နယ်' တို့၏ ဥပဒေပြုအဖွဲ့များကို သီးခြားလွှဲပြောင်းပေးသည့်ကိစ္စ အမျိုးအစားထဲတွင် မပါဝင်သော ကိစ္စခပ်သိမ်းတို့နှင့်စပ်လျဉ်း၍ ဤအပိုဒ်တွင် ရှေ့ကဖော်ပြခဲ့သော ပြဋ္ဌာန်းချက်တို့နှင့် ယေဘုယျ သဘောကို ကန့်သတ်ခြင်းမပြုလိုသော်လည်း သေချာသည်ထက် သေချာအောင် ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ မည်သို့ပင် ဆိုထားသည်ဖြစ်စေ ပြည်ထောင်စု မဟာလွှတ်တော်၏ အကြွင်းမဲ့ဖြစ်သော ဥပဒေပြုတန်ခိုးအာဏာသည် အောက်၌စီစဉ်ဖော်ပြ ထားသော ကိစ္စအမျိုးအစားတွင် ပါဝင်သည့်ကိစ္စအားလုံးတို့အပေါ်တွင် တည်ရမည်။

၁။ ပြည်သူတို့က ဆပ်ရမည့်အကြွေးနှင့် ပြည်သူ့ပစ္စည်း၊

၂။ ရောင်းရေးဝယ်ရေးတို့ကို နည်းလမ်းတကျဖြစ်အောင်ပြုသော ရောင်းဝယ်မှုနည်းလမ်း၊

၃။ အခွန်ကောက်ခံသော နည်းစနစ်ဖြင့် ငွေကို ရအောင်ပြုခြင်း၊

၄။ ပြည်သူတို့ထံမှ ငွေချေးယူခြင်း၊

၅။ စာတိုက်ဌာန၊ ကြေးနန်းဌာန၊ စကားပြောကြေးနန်းဌာန၊ အသံလွှင့်ဌာန၊

၆။ သန်းခေါင်စာရင်းကောက်ခြင်းနှင့် စာရင်းအင်းယူခြင်း၊

၇။ မြို့စောင့်ပြည်စောင့်တပ်၊ ကုန်းတပ်၊ ရေတပ်၊ လေတပ်များနှင့်တကွ ထိုတပ်များနှင့်ဆိုင်သော အလုပ်များ ကာကွယ်ရေးနှင့်တကွ ကာကွယ်ရေးဆိုင်ရာအလုပ်များ၊

၈။ ပြည်ထောင်စုအစိုးရတွင် အမှုထမ်းသော မြို့ပြဆိုင်ရာအရာရှိနှင့် အခြားအရာရှိများ၏ လစာ နှင့်စရိတ်များ သတ်မှတ်ရေးနှင့် ထားရှိရေးကိစ္စ၊

၉။ အထိမ်းအမှတ်မီးများ၊ ရေကြောင်းမှ သင်္ဘောများ၊ မီးပြတိုက်များနှင့်အလားတူ စီမံထားချက်များ၊

၁၀။ ရေကြောင်းနှင့် လေှသင်္ဘောဝင်ထွက်သွားလာရေးကိစ္စများ၊

၁၁။ ကူးစက်တတ်သောရောဂါများကို ပြည်တွင်းသို့မဝင်အောင် တားဆီးရသော ရောဂါကူးစက် တားဆီးရေးကိစ္စ၊

၁၂။ ငွေစက္ကူနှင့်ဒင်္ဂါးမူးပဲ စသောငွေကိစ္စ၊ ငွေကြေးစနစ်ဝါဒ၊

၁၃။ ဘဏ်လုပ်ငန်း၊ ကုမ္ပဏီနှင့် ဘဏ်တိုက်ဖွဲ့စည်းခြင်း၊ ငွေစက္ကူထုတ်ခြင်း၊

၁၄။ ငွေစုဘဏ်၊

၁၅။ အလေးချိန်နှင့် အတိုင်းအတာ၊

၁၆။ ငွေလွှဲလက်မှတ်၊ အစိုးရအာမခံစာချုပ်များ၊ အခြားငွေလွှဲစာချုပ်များ၊

၁၇။ အတိုး၊ တရားဝင်ခွင့်ပြုခြင်း၊

၁၈။ ကုန်ရှုံးကြွေးတင်ဖြစ်ခြင်း၊ လူပွဲစားခံခြင်း၊

၁၉။ မူပိုင်များ၊ ကုန်တံဆိပ်များ၊ အသစ်ထွင် အသစ်တွေ့တို့ကို မှတ်ပုံတင်ခြင်း၊

၂၀။ တိုင်းရင်းသားအဖြစ်ခံယူခြင်း၊ တိုင်းတစ်ပါးသားများ၊

၂၁။ ရာဇဝတ်တရားဥပဒေနှင့် ရာဇဝတ်ကျင့်ထုံး၊

၂၂။ ပြည်ထောင်စု၏ အကျင့်ပျက်အကျဉ်းထောင်များ တည်ထောင်ထိန်းသိမ်း စီမံခန့်ခွဲရေး၊

၂၃။ 'ပြည်ထောင်စုပြည်နယ်' သို့မဟုတ် 'ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်' (သို့) 'လူမျိုးစုပြည်နယ်' တို့၏ ဥပဒေပြုအဖွဲ့များအား နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သီးခြားလွှဲပြောင်း စီစဉ်ရေတွက်ပေးထားသော ကိစ္စအမျိုးအစားထဲတွင် ထုတ်ဖော်၍ ဆိုမထားသည့်ကိစ္စ အမျိုးအစားများ။

ဤအပိုဒ်ခွဲတွင် စီစဉ်ရေတွက်ထားသော ကိစ္စအမျိုးအစားများတွင် ပါဝင်နေသည့် ကိစ္စဟူသမျှသည် 'ပြည်ထောင်စုပြည်နယ်' သို့မဟုတ် 'ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်' သို့မဟုတ် 'လူမျိုးစုပြည်နယ်' တို့၏ ဥပဒေ ပြုအဖွဲ့များအား နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သီးခြားရေတွက်လွှဲပြောင်းပေးထား၍ ဒေသန္တရ သဘော သို့မဟုတ် ပြည်နယ်ရေးရာသဘော၊ သက်ဝင်နေသောကိစ္စ အမျိုးအစားများထဲတွင် မပါဝင်စေရ။

၂။ (၁) ကုန်းတပ်၊ ရေတပ်၊ လေတပ်တို့ကို ဖွဲ့စည်းထိန်းသိမ်းရသောအခွင့်အရေးအား ပြည်ထောင်စုမဟာလွှတ်တော်တွင် အကြွင်းမဲ့ အပ်နှင်းထားရမည်။

(၂) ပြည်ထောင်စုမဟာလွှတ်တော်က ဖွဲ့စည်းထိန်းသိမ်းထားသော ကုန်းတပ်၊ ရေတပ်၊ လေတပ်များမှတစ်ပါး မည်သည့် ကုန်းတပ်၊ ရေတပ်၊ လေတပ်ကိုမျှ သို့မဟုတ် မည်သည့် စစ်တပ်အစည်းအရုံးကိုမျှသော်လည်းကောင်း၊ စစ်သပ်သဘော အချို့တစ်ဝက်ပါသော မည်သည့် အစည်းအရုံးကိုမျှသော်လည်းကောင်း၊ မည်သည့်အကြောင်းကိစ္စနှင့်မျှ မဖွဲ့စည်း မထိန်းသိမ်းရ။

၃။ (၁) ပြည်ထောင်စု မဟာလွှတ်တော်သည် နှစ်စဉ်အနည်းဆုံး သာမန်ညီလာခံတစ်ရပ်ကို ကျင်းပရမည်။

(၂) ပြည်သူ့လွှတ်တော်သည် မိမိ၏အမတ်များထဲမှ ပုဂ္ဂိုလ် (၂) ဦးအား ရွေးကောက်တင်မြှောက် ရမည်။ ပထမတစ်ဦးမှာ လွှတ်တော်ဥက္ကဋ္ဌအဖြစ်ဖြင့်၊ ဒုတိယတစ်ဦးမှာ ဒုဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ကြရန်ဖြစ်သည်။ လူမျိုးစုလွှတ်တော်သည် မိမိ၏အမတ်များထဲမှ ပုဂ္ဂိုလ် (၂) ဦးအား ရွေးကောက်တင်မြှောက်ရမည်။ ပထမတစ်ဦးမှာ လွှတ်တော်သဘာပတိအဖြစ်ဖြင့်၊ ဒုတိယတစ်ဦးမှာ လွှတ်တော်ဒုတိယသဘာပတိအဖြစ် ဆောင်ရွက်ကြရန်ဖြစ်သည်။

၄။ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက တခြားတနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် လွှတ်တော်အသီးသီး၏ အစည်းအဝေးတိုင်း၌သော်လည်းကောင်း၊ လွှတ်တော်နှစ်ရပ်၏ တွဲဘက် အစည်းအဝေးတိုင်း၌လည်းကောင်း၊ ပြဿနာအားလုံးတို့ကို အစည်းအဝေး၌ရှိ၍ မဲပေးသော အမတ်များ၏ မဲများရာဖြင့် ဆုံးဖြတ်ရမည်။

## ပြည်သူ့လွှတ်တော်

၅။ (၁) နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရလည်းကောင်း၊ တရားဥပဒေအရလည်းကောင်း၊ အရည်အချင်းချို့ငဲ့နေသောသူ မဟုတ်လျှင် အသက် (၂၁) နှစ်အရွယ်သို့ရောက်သော ပြည်သူတိုင်းသည် ပြည်သူ့လွှတ်တော်အမတ်အဖြစ်ဖြင့် အရွေးခံနိုင်ရမည်။

(၂) အခြားတစ်နည်းနည်းဖြင့် အရည်အချင်းချို့ငဲ့နေသော မဟုတ်လျှင် အသက် (၁၈) နှစ်ပြည့်သော ပြည်သူတိုင်းသည် ပြည်သူ့လွှတ်တော်အမတ်ရွေးကောက်ပွဲတွင် မဲဆန္ဒပေးပိုင်ခွင့် ရရှိစေရမည်။

(၃) ပြည်သူ့လွှတ်တော်အမတ်အဖြစ်ဖြင့် အရွေးခံရန် ကျား၊မ ဇာတိကိုသော်လည်းကောင်း၊ လူမျိုးကိုသော်လည်းကောင်း၊ ကိုးကွယ်သောဘာသာကိုလည်းကောင်း၊ အကြောင်းပြုကာ ပြည်သူတစ်ဦးဦးအား အရည်အချင်းမဲ့စေ၍ ကိုယ်စိတ်ချို့ငဲ့စေ၍ အရွေးမခံနိုင်အောင် မည်သည့်တရား ဥပဒေကိုမျှ မပြုရ။ သို့မဟုတ် ထိုအချက်များကိုပင် အကြောင်းပြု၍ ပြည်သူ့လွှတ်တော်အမတ် ရွေးကောက်ပွဲအတွက် မဲဆန္ဒပေးရန် ပြည်သူတစ်ဦးဦးအား အရည်အချင်းမရှိအောင်၊ မည်သည့် တရားဥပဒေကိုမျှ မပြုရ။ သို့ရာတွင် ကိုးကွယ်သော ဘာသာရေးဆိုင်ရာ ရဟန်းသံဃာတို့အား ပြည်ထောင်စု မဟာလွှတ်တော်ရှိ လွှတ်တော် တစ်ရပ်ရပ်အတွက် အမတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒပေး ခြင်းကို ပေးခွင့်မရှိစေရန် သို့မဟုတ် ထိုလွှတ်တော် တစ်ရပ်ရပ်အတွက် အမတ်အဖြစ်ဖြင့် ရွေးခံခြင်း မရှိစေရန် တရားဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သည်။

၆။ (၁) ပြည်သူ့လွှတ်တော်တွင် တရားဥပဒေက ဆုံးဖြတ်ပြဋ္ဌာန်းထားသော မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်အမတ်များ ပါဝင်ရမည်။

(၂) အမတ်ဦးရေကို ကာလအားလျော်စွာ တရားဥပဒေက သတ်မှတ်ရမည်။ သို့ရာတွင် ပြည်သူ့လွှတ်တော်အမတ်ဦးရေ စုစုပေါင်းကို လူဦးရေ (၇၅,၀၀၀) လျှင် အမတ်တစ်ဦးကျနှင့် တွက်သဖြင့် ရရှိသောအမတ်ဦးရေထက်လျော့၍ဖြစ်စေ လူဦးရေ (၃၀,၀၀၀) လျှင် အမတ်တစ်ဦးကျနှင့် တွက်သဖြင့် ရရှိသောအမတ်ဦးရေထက်ပို၍ဖြစ်စေ မသတ်မှတ်ရ။

(၃) မဲဆန္ဒနယ်အသီးသီးအတွက် မည်သည့်အခါ၌မဆို ရွေးကောက်တင်မြှောက်ရသော အမတ်ဦးရေထားရှိပုံနှင့် နောက်ဆုံးအကြိမ် သန်းကောင်စာရင်းကောက်ယူချက်အရ အမှန်အကန် ဖြစ်သော ထိုမဲဆန္ဒနယ်အသီးသီး၏ လူဦးရေထားရှိပုံတို့၏ အချိုးအစား ကို ပြည်ထောင်စုတစ်ဝှမ်းလုံးတွင်ဖြစ်မြောက်နိုင်သမျှ ဖြစ်မြောက်အောင် အကူအညီ ဖြစ်စေရမည်။

(၄) နိုင်ငံတော်အတွင်းရှိ ပြည်သူလူထုအပေါင်းတို့သည် အနှံ့အပြား ပြောင်းရွှေ့နေထိုင်တတ် ကြရာ ထိုသို့ပြောင်းရွှေ့နေထိုင်တတ်ခြင်းကို သတိမူအပ်သည်ဖြစ်သောကြောင့် ပြည်ထောင်စု မဟာလွှတ်တော်သည် အနည်းဆုံး (၁၀) နှစ်လျှင် တစ်ကြိမ်ကျ မဲဆန္ဒနယ်မြေကို ပြန်လှန်စစ်ဆေးရမည်။ သို့ရာတွင် ထိုသို့ပြန်လှန်စစ်ဆေးသဖြင့် မဲဆန္ဒနယ်များတွင်

အပြောင်းအလဲတို့ကို ပြုရန်လိုအပ်သည်ဆိုစေကာမူ လက်ရှိပြည်သူ့လွှတ်တော်၏ သက်တမ်းကာလအတွင်း ထိုပြောင်းလွဲချက်များအတိုင်း မဆောင်ရွက်စေရ။

၇။ (၁) ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်သူ့လွှတ်တော်ကို ဆင့်ခေါ်ရမည်။ ထိုအတိုင်းပင် ဖျက်သိမ်းရမည်။

(၂) နောက်ထပ်ဖွဲ့စည်းရမည့် ပြည်သူ့လွှတ်တော်အသစ်အတွက် အမတ်ရွေးကောက်ပွဲများကို လွှတ်တော်ဟောင်းအား ဖျက်သိမ်းပြီးနောက် ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ကျင်းပရမည်။

(၃) မဲများရေတွက်ပြီးစီးသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်းတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကျင်းပရမည်။

၈။ (၁) တစ်ကြိမ်ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်သည် ပထမ အစည်းအဝေးကို ကျင်းပသည့်နေ့မှစ၍ (၄) နှစ်ထက်ကျော်၍ ဆက်လက်ကာ မတည်စေရ။

(၂) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်သော လွှတ်တော်အမတ်အား လွှတ်တော်ကို မဖျက်သိမ်းခင်ပင် အသစ်ကျင်းပမည့် အမတ်ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ရွေးကောက်ခြင်း မခံရစေဘဲ၊ လွှတ်တော်သစ်၏ အမတ်ဖြစ်သည်ဟု ယူဆနိုင်အောင် တရားဥပဒေကပြဋ္ဌာန်းထားရမည်။

၉။ (၁) မည်သည့်ဘဏ္ဍာတော်နှစ်အတွက်မဆို ပြည်ထောင်စုနိုင်ငံ၏ ရငွေ၊ သုံးငွေခန့်မှန်းခြေ စာရင်း ကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းပြီးသောအခါ လွှတ်တော်က ထိုခန့်မှန်းခြေ စာရင်းကို စဉ်းစားရမည်။ ကိစ္စအသီးသီးအတွက် သီးခြားဥပဒေပြုချက်ဖြင့် မပြဋ္ဌာန်းထား သမျှကာလပတ်လုံးနှင့် အသီးသီး၏ ဘဏ္ဍာတော်နည်းဥပဒေပြုမှုကို ထိုနှစ်အတွင်း၌ပင် ဆောင်ရွက်ရမည်။

(၂) အစိုးရထံမှ ဝန်ကြီးချုပ်လက်မှတ်ထိုးထားသော အမှာလွှာတစ်စောင်ဖြင့် ငွေသုံးစွဲရ မည့် ရည်ရွယ်ချက်များကို ထောက်ခံခြင်းမပြုပြီးသမျှ ကာလပတ်လုံး အခွန်တော်ကိုဖြစ်စေ ပြည်သူ့ငွေ ကိုဖြစ်စေ သုံးစွဲရန် ပြည်သူ့လွှတ်တော်သည် မဲဆန္ဒပေးခြင်းကို သို့မဟုတ် ဆုံးဖြတ်ပြဋ္ဌာန်းခြင်းကို မပြုရ။ ထို့ပြင် တရားဥပဒေကိုလည်း မပြုရ။

## လူမျိုးစုလွှတ်တော်

၁၀။ လူမျိုးစုလွှတ်တော်တွင် အမတ်ပေါင်း (၁၆၀) ပါဝင်ရမည်။ ထိုအမတ်များကို နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ပထမဇယားတွင် ထိုကိစ္စအတွက်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ရွေး ချယ်ရမည်။

၁၁။ လူမျိုးစုလွှတ်တော်အတွက် အမတ်ရွေးကောက်ပွဲများကို ပြည်ထောင်စုမဟာလွှတ်တော်အား ဖျက်သိမ်းပြီးနောက် ရက်ပေါင်း (၆၀) ထက် နောက်မကျစေဘဲ ကျင်းပရမည်။ ရွေးကောက်ပွဲများ ပြီးသည့်နောက် လူမျိုးစုလွှတ်တော်၏ ပထမအစည်းအဝေးကို ဝန်ကြီးချုပ်၏ အကြံပေးချက်အရ နိုင်ငံတော်သမ္မတက သတ်မှတ်သောနေ့ရက်တွင် ကျင်းပရမည်။

## ဥပဒေပြုခြင်း

၁၂။ (၁) ငွေဥပဒေကြမ်းမှတစ်ပါး ဥပဒေကြမ်းတိုင်းကို လွှတ်တော်တစ်ရပ်ရပ်၌ စတင်သွင်းနိုင်သည်။ လွှတ်တော်နှစ်ရပ်၏ ဆုံးဖြတ်ချက်ကို ဗီလာဆန့်ကျင်ဖြစ်နေသော လွှတ်တော်နှစ်ရပ်၏ တွဲဘက်အစည်းအဝေးတွင် ထိုဥပဒေကြမ်းကို ဆုံးဖြတ်ရမည်။

(၂) “တိုင်းရင်းသားလူနည်းစုများ”၏ အခွင့်အရေးကို လျော့ပါးစေသည့် ဥပဒေကြမ်းအား သက်ဆိုင်ရာ တိုင်းရင်းသားလူနည်းစု၏ ကိုယ်စားလှယ်အမတ်များတို့ အစည်းအဝေးသို့ တက်ရောက်ခါ လွှတ်တော်နှစ်ရပ်စလုံးတွင် ထိုဥပဒေကြမ်းကို ထောက်ခံမဲမပေးဘဲ နေသမျှကာလပတ်လုံး အတည်ပြုသည်ဟု မယူဆရ။

၁၃။ (၁) ငွေဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌သာလျှင် စတင်စီမံရမည်။

(၂) ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်သော ငွေဥပဒေကြမ်းတိုင်းကို လူမျိုးစုလွှတ်တော်သို့ ထိုလွှတ်တော်၏ ထောက်ခံချက်အတွက် တင်ပို့ရမည်။

(၃) ထိုသို့ လူမျိုးစုလွှတ်တော်သို့တင်ပို့သော ဥပဒေကြမ်းတိုင်းကို ထိုလွှတ်တော်သို့ တင်ပို့ပြီး၍ ရက်ပေါင်း (၂၁) ရက်ထက် နောက်မကျသောကာလ ကုန်ဆုံးသောအခါ ပြည်သူ့လွှတ်တော် သို့ ပြန်ပို့ရမည်။ ပြည်သူ့လွှတ်တော်သည် လူမျိုးစုလွှတ်တော်၏ ထောက်ခံချက်များအားလုံးကိုသော် လည်းကောင်း၊ အချို့ကိုသော်လည်းကောင်း လက်ခံနိုင်သည် သို့မဟုတ် ပယ်နိုင်သည်။

(၄) ထိုကဲ့သို့သော ငွေဥပဒေကြမ်းကို လူမျိုးစုလွှတ်တော်က ပြည်သူ့လွှတ်တော်သို့(၂၁) ရက်အတွင်းတွင် ပြန်မပို့သော် သို့မဟုတ် ပြည်သူ့လွှတ်တော်က လက်မခံသော် ထောက်ခံချက်များဖြင့် (၂၁) ရက်အတွင်းတွင် ပြန်ပို့သော် ထိုငွေဥပဒေကြမ်းသည်(၂၁) ရက်ကာလကုန်ဆုံးသောအခါတွင် လွှတ်တော်နှစ်ရပ်စလုံး၏ အတည်ပြုခြင်းကို ခံရပြီဟု ယူဆရမည်။

(၅) ပြည်သူ့လွှတ်တော်၏ ဥက္ကဋ္ဌသည် မိမိ၏ထင်မြင်ချက်တွင် ငွေဥပဒေကြမ်းဟု ယူဆသော မည်သည့်ဥပဒေကြမ်းကိုမဆို ဟုတ်မှန်ကြောင်း ထောက်ခံရေးသားရမည်။ ဤအပိုဒ်တွင် နောက်ထပ်ဖော်ပြသည့် ပြဋ္ဌာန်းချက်များကိုထောက်၍ ထိုထောက်ခံရေးသားချက်အား အပြီးအပြတ် အတည်ယူရမည်။

(၆) လူမျိုးစုလွှတ်တော်သည် အမတ် (၇၅) ဦးထက်မနည်း တက်သောအစည်းအဝေးတစ်ခု၏ ဆုံးဖြတ်ပြဋ္ဌာန်းချက်ဖြင့် ငွေဥပဒေကြမ်းတစ်ခုအား ငွေဥပဒေ ဟုတ်၊ မဟုတ်ကို ငွေဥပဒေ ကြမ်းကော်မတီသို့ တင်သွင်းစဉ်းစားစေရန် နိုင်ငံတော်သမ္မတအား ပန်ကြားနိုင်သည်။

(၇) နိုင်ငံတော်သမ္မတသည် မိမိ၏ လုံးဝသဘောအတိုင်း၊ ထိုပန်ကြားချက်ကို လက်ခံရန် ဆုံးဖြတ်လျှင် ငွေဥပဒေကြမ်းကော်မတီတစ်ခုကို ခန့်ရမည်။ ထိုကော်မတီတွင် ပြည်သူ့ လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်မှ အမတ်ဦးရေ အညီအမျှပါဝင်ရမည်။ ထို့ပြင် သဘာပတိ တစ်ဦးကိုလည်း ခန့်ရမည်။ ထိုသဘာပတိသည် မဟာတရားရုံးတော်က တရားဝန်တစ်ဦးဖြစ်ရမည်။

(၈) နိုင်ငံတော်သမ္မတသည် ထိုသို့ခန့်ထားသော ငွေဥပဒေကြမ်းကော်မတီ၏သဘောကို ထောက်လှမ်းရမည်။ ထိုကော်မတီသည် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်ပို့ပြီးသည့် နောက်တစ်နေ့မှစ၍ (၂၁) ရက်အတွင်းတွင် ထိုဥပဒေကြမ်းနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံသို့ အစီရင်ခံရမည်။ ထိုကော်မတီ၏ ဆုံးဖြတ်ချက်ကို အပြီးအပြတ်အတည်ယူရမည်။

မှတ်ချက် ။ ။ (၁) ပြည်ထောင်စုအဖွဲ့ဝင်ဒေသတစ်ခုနှင့်သာ သက်ဆိုင်သည့် ဥပဒေပြုမှုကိစ္စကို စဉ်းစားသောအခါတိုင်း ထိုအဖွဲ့ဝင်ဒေသက ကိုယ်စားလှယ်မဟုတ်သော သူတို့သည် မိမိတို့၏ မဲဆန္ဒကို မသုံးဘဲနေကြမည်ဟူသော သဘောတူချက် အစဉ်အလာတစ်ရပ်ကို ပြုထားနိုင်သည်။

(၂) (ဖဆပလ) ပဏာမညီလာခံသဘင်က ခန့်လိုက်သော စေ့စပ်ရေးကော်မတီကတစ်ဖက်၊ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များမှ ရွေးကောက်တင်မြှောက်လိုက်သော တိုင်းပြည်ပြုလွှတ်တော်အမတ်များကတစ်ဖက် ထိုနှစ်ဖက်တို့၏ သဘောတူချက်ကို (ဖဆပလ) အမှုဆောင်အဖွဲ့က အတည်ပြုပြီးသောအခါ ပြည်ထောင်စုပြည်နယ်သို့လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရ ပြည်နယ်သို့လည်းကောင်း၊ လူမျိုးစုပြည်နယ်သို့လည်းကောင်း စီစဉ်လွှဲပြောင်းပေးထားသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ၌ ဖော်ပြ ထားသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်သင့်က ပြင်ဆင်နိုင်ခွင့်ရှိသည်။

## လက်မှတ်ထိုးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း

၁၄။ (၁) ပြည်ထောင်စုမဟာလွှတ်တော်၏ လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလိုက်သော ဥပဒေကြမ်းတိုင်းကို ဤအပိုဒ်၏ ပြဋ္ဌာန်းချက်များနှင့်လျော်ညီစွာ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးရန်နှင့် အက်ဥပဒေတစ်ရပ်ဖြစ်ကြောင်း၊ ထုတ်ပြန်ကြေညာရန် နိုင်ငံတော်သမ္မတထံသို့ တင်သွင်းရမည်။

(၂) ဆန့်ကျင်သော ရည်ရွယ်ချက်မပေါ်ခဲ့သော် နိုင်ငံတော်သမ္မတ လက်မှတ်ထိုးသော ဥပဒေကြမ်းသည် ထိုဥပဒေကြမ်းကို လက်မှတ်ထိုးသောနေ့၌ လည်းကောင်း၊ ထိုနေ့မှစ၍ လည်းကောင်း အက်ဥပဒေ တစ်ရပ်ဖြစ်လာရမည်။

(၃) နိုင်ငံတော်သမ္မတလက်မှတ်ထိုးသော ဥပဒေကြမ်းတိုင်းကို အစိုးရပြန်တမ်းတွင် ဖြန့်ချိခြင်း အားဖြင့် နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။

(၄) နိုင်ငံတော်သမ္မတက လက်မှတ်ထိုးပြီး၍ ထုတ်ပြန်ကြေညာပြီးဖြစ်သော ဥပဒေကြမ်း၏စာမူကို မဟာတရားရုံးတော် မော်ကွန်းထိန်းဝန်ထောက်၏ရုံးတွင် မော်ကွန်းတင်စေရမည်။

(၅) အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားရှိသော အက်ဥပဒေအတိုင်းကို အစိုးရက မြန်မာဘာသာပြန်ဆို၍ ထုတ်ရမည်။

၁၅။ ပြည်ထောင်စုမြန်မာနိုင်ငံတရားဥပဒေများ၏ တန်ခိုးအာဏာနှင့် အကျိုးအာနိသင်တို့သည် ပြည်ထောင်စုနိုင်ငံတစ်ဝန်းအတွက် အတူတူဖြစ်စေရမည်။

၁၆။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တစ်ခု၏ တရားဥပဒေတစ်ရပ်နှင့် ပြည်ထောင်စု၏ တရားဥပဒေ တစ်ရပ်တို့ သဘောခြင်းမညီဖြစ်နေခဲ့သော် ပြည်ထောင်စု၏ တရားဥပဒေသဘောအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၁၇။ မည်သည့်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်မဆို မိမိ၏ဒေသနယ်ပယ်များကိုသော်လည်းကောင်း၊ တန်ခိုးအာဏာများကိုသော်လည်းကောင်း၊ အလုပ်ဝတ္တရားများသော်လည်းကောင်း၊ အခွင့်အရေး များကိုသော်လည်းကောင်း၊ ပြည်ထောင်စုသို့ ချမှတ်နိုင်သည်။

၁၈။ ပြည်ထောင်စု သဘောမတူဘဲ မည်သည့်ပြည်ထောင်စုအဖွဲ့ဝင်မျှ ကြည်း၊ ရေ၊ လေတပ် များကို မဖွဲ့စည်းရ သို့မဟုတ် မထိန်းသိမ်းရ။

## အမတ်အဖြစ်မှ ပြန်ထွက်စေ အခွင့်အရေး

၁၉။ မဲဆန္ဒရှင်များသည် ပြန်ထွက်စေအခွင့်အရေးကို အသုံးပြုနိုင်သည်။ တရားဥပဒေက ပြဋ္ဌာန်းရန်ရှိသော မဲဆန္ဒရှင်ဦးရေ မည်၍မည်မျှက (မဲဆန္ဒရှင်အားလုံး၏ ထက်ဝက်ထက် မနည်းသော ဦးရေ သည် နှစ်သက်ဖွယ်ဖြစ်သည်။) ပြည်ထောင်စုမဟာလွှတ်တော်သို့ ရွေးကောက်တင်မြှောက် လိုက်သော အမတ်တစ်ဦးအား အမတ်မဖြစ်မှ ပြန်ထွက်စေရန် နိုင်ငံတော်သမ္မတထံသို့ ပန်ကြား လွှာရေးသားတင်သွင်းသောအခါ နိုင်ငံတော်သမ္မတသည် လူထုခုံတစ်ရပ်ကိုဖွင့်လှစ်ရန် အမိန့်ချ မှတ်ရမည်။ ထိုလူထုခုံတွင် မဲဆန္ဒပေးသူများ၏ဦးရေ သုံးပုံနှစ်ပုံက မထွက်စေလိုလျှင် သက်ဆိုင်ရာ အမတ်အား အမတ်အဖြစ်မှ မထွက်စေရ။

## ပြည်နယ်သစ်များ

၂၀။ ပြည်ထောင်စုမဟာလွှတ်တော်သည် အဖွဲ့ဝင်ပြည်နယ်သစ်တစ်ခုကို ပြည်ထောင်စုနိုင်ငံ အတွင်းသို့ ဝင်ခွင့်ပြုနိုင်သည် သို့မဟုတ် တည်ထောင်နိုင်သည်။ ထိုသို့ဝင်ခွင့်ပြုသောအခါ (သို့) တည်ထောင်သောအခါ ပြည်ထောင်စုမဟာလွှတ်တော်သို့ အမတ်ဦးရေ မည်၍မည်မျှ ရွေးကောက် တင်မြှောက်နိုင်သည်ဟူသော အချက်လည်းပါဝင်သော စည်းကမ်းများကို ပြုနိုင်သည် သို့မဟုတ် ပေးနိုင်သည်။

၂၁။ ပြည်ထောင်စုမဟာလွှတ်တော်သည် အဖွဲ့ဝင်တစ်ခု၏ သဘောတူချက်ဖြင့် ထိုအဖွဲ့ဝင်၏မြေ နယ်နမိတ်တို့ကို တိုးနိုင်လျော့နိုင် သို့မဟုတ် တစ်နည်းနည်းဖြင့်ပြောင်းနိုင်သည်။ ထို့အပြင်

မြေနယ် နိမိတ်တိုးခြင်းကြောင့် သို့မဟုတ် လျော့ခြင်းကြောင့် သို့မဟုတ် ပြောင်းခြင်းကြောင့် ထိခိုက်သည့် အဖွဲ့ဝင်ပြည်နယ်များ၏ အလားတူသဘောတူချက်မျိုးဖြင့်သာလျှင် ထိုသို့တိုးခြင်းကို သို့မဟုတ် လျော့ခြင်းကို သို့မဟုတ် ပြောင်းခြင်းကို ဖြစ်မြောက်စေသော ပြဋ္ဌာန်းချက်များကို ပြုနိုင်သည်။

၂၂။ အဖွဲ့ဝင်သစ်တစ်ခုကိုရှိပြီး အဖွဲ့ဝင်တစ်ခုခု၏ နယ်မြေမှ ခွဲထုတ်၍ဖွဲ့စည်းနိုင်သည်။ ပြည်ထောင် စု မဟာလွှတ်တော်သည် ပြည်နယ်သစ်တစ်ခုကိုလည်းရှိပြီး အဖွဲ့ဝင်နှစ်ခုဖြင့် ဖြစ်စေ၊ ဖွဲ့စည်းနိုင် သည်။ သို့ဖွဲ့စည်းရာတွင် ပြည်ထောင်စုမဟာလွှတ်တော်နှင့် သက်ဆိုင်ရာ အဖွဲ့ဝင်များ၏သဘော တူညီချက်ကိုရမှသာလျှင် ဖြစ်နိုင်သည်။

## အခန်း(၆)

## ပြည်ထောင်စုအုပ်ချုပ်ရေးအဖွဲ့

၁။ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရကို ခန့်ရမည်။ ပြည်ထောင်စုနိုင်ငံ၏ အုပ်ချုပ်မှုအာဏာကို အစိုးရက လည်းကောင်း၊ အစိုးရ၏အမိန့်အရလည်းကောင်း အသုံးပြုရမည်။

၂။ ပြည်ထောင်စုမဟာလွှတ်တော်၏ သဘောတူချက်ကိုမရဘဲ စစ်မကြေညာရသည့်အပြင် ပြည်ထောင်စု နိုင်ငံသည်လည်း စစ်ထဲ၌မပါဝင်ရ။

၃။ အစိုးရသည် ပြည်သူ့လွှတ်တော်အား တာဝန်ခံရမည်။

၄။ အစိုးရအဖွဲ့သည် အစည်းအဝေးဆွေးနွေး၍ အဖွဲ့၏အာဏာဖြစ်အောင် ဆောင်ရွက်ရမည်။

၅။ ပြည်ထဲပြည်ပကိစ္စများနှင့်စပ်လျဉ်း၍ ထားရှိသောဝါဒကို ဝန်ကြီးချုပ်သည် နိုင်ငံတော် သမ္မတအား အသိပေးထားစေရမည်။

## အခန်း (၇)

## ပြည်ထောင်စုတရားဥပဒေအဖွဲ့

၁။ ပြည်ထောင်စုနိုင်ငံတော်တစ်ဝှမ်းလုံးတွင် တရားစီရင်မှုကို အစိုးရတရားရုံးများ၌ ပြုလုပ်ရမည်။ ထိုတရားရုံးများကို နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့်လည်းကောင်း၊ တရားဥပဒေဖြင့်သော် လည်းကောင်း တည်ထောင်ရမည်။ ထိုတရားရုံးများတွင် မဟာတရားရုံးတော်တစ်ရပ်နှင့် ထိုတရား ရုံးတော်၏လက်အောက်ခံ အခြားတရားရုံးများ ပါဝင်ရမည်။

၂။ မဟာတရားရုံးတော်၏ တရားရေးဝန်များကို ပြည်ထောင်စုမဟာလွှတ်တော်၏ လွှတ်တော်နှစ် ရပ်က တွဲဘက်စုံညီအစည်းအဝေးတွင် ရွေးကောက်တင်မြှောက်ရမည်။

၃။ မဟာတရားရုံးတော်၏ တရားရေးဝန်တစ်ဦးသည် ရာထူးမှ မနုတ်ထွက်သမျှကာလပတ်လုံး ကိုယ်စိတ်မစွမ်း မဖြစ်သမျှကာလပတ်လုံး (၁၀) နှစ်ကာလ သက်တမ်းအတွက် ရာထူးကို ခံယူရမည်။

## အခန်း(၈)

## ပြည်ထောင်စုပြည်နယ်

၁။ ပြည်ထောင်စုပြည်နယ်တွင် ပြည်ထောင်စုနိုင်ငံ၏ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေနှင့် သင့်မြတ်သော ပြည်ထောင်စုပြည်နယ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မျိုးရှိရမည်။ ထိုအခြေခံ ဥပဒေတွင် ထူးခြားသောဂုဏ်အင်္ဂါများနှင့် ထူးခြားသောအသွင်အပြင်များလည်း ရှိရမည်။

၂။ ပြည်ထောင်စုပြည်နယ်၏ အကြီးအမှူးအား ထိုပြည်နယ်ရှိ ဥပဒေပြုအဖွဲ့က ရွေးကောက်တင်မြှောက်သော ပြည်စိုးမင်းကြီးဟုခေါ်ဝေါ်ရန် အကြံပေးသည်။

၃။ ပြည်ထောင်စုပြည်နယ်တွင် ဥပဒေအဖွဲ့သည် အောက်၌ စီစဉ်ရေတွက်ပြထားသောကိစ္စအမျိုးအစားများတွင်ပါဝင်သော ကိစ္စများနှင့်စပ်လျဉ်း၍ အကြွင်းမဲ့ဥပဒေပြုနိုင်သည်။

## (၁) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာကိစ္စများ

၁။ ပြည်ထောင်စုနိုင်ငံ၏ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုထောက်၍ ပြည်နယ်၏ ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေကို ကာလအားလျော်စွာ ပြင်ဆင်ခြင်း။

၂။ ပြည်ထောင်စုပြည်နယ်၏ ဥပဒေပြုအဖွဲ့နှင့် အခြားဒေသန္တရအဖွဲ့များအတွက် ရွေးကောက်ပွဲကျင်း ပပေးခြင်း။

၃။ ပြည်ထောင်စုပြည်နယ် အစိုးရအရာရှိများကို ဖွဲ့စည်းထားခြင်းနှင့် ထိုအရာရှိတို့၏ အခွင့်အရေး အလုပ်ဝတ္တရားသက်တမ်း အစရှိသောကိစ္စတို့အပြင် ထိုအရာရှိတို့ကိုခန့်ခြင်း၊ လစာပေးခြင်း။

## (၂) ဘဏ္ဍာရေး ...

၁။ ပြည်ထောင်စုပြည်နယ်အတွက် အခွန်ရရှိရန် ပြည်ထောင်စုနိုင်ငံတော်၏ အကောက်အခွန်မျိုးမှ တစ်ပါး ပြည်ထောင်စုပြည်နယ်အတွင်းတွင် တိုက်ရိုက်အခွန်ကောက်ခြင်း။

၂။ မြေခွန်တော်။

၃။ ရှမ်းပြည်လက်စွဲ အခန်း (၈) ၌ ဖော်ပြထားသော အသေးအဖွဲ တွင်းထွက်သတ္တုများ။

၄။ နိုင်ငံခြားသို့တင်ပို့သော သစ်မဟုတ်သောသစ်။

၅။ စည်းစိမ်ခံပစ္စည်းများနှင့် ပျော်ပွဲရွှင်ပွဲများအပေါ်တွင် ကောက်ခံသောအခွန်။

၆။ အရောင်းအဝယ်အခွန်။

၇။ အတတ်ပညာဖြင့် အသက်မွေးသောအလုပ်၊ ရောင်းဝယ်မှု၊ ကိုယ်ပိုင်အလုပ်၊ လခစား အလုပ်တို့ အပေါ်တွင် ကောက်ခံသောအခွန်။

၈။ သေရေသေရက်နှင့် ဘိန်းကင်းအစရှိသော မူးယစ်စေတတ်သော ဆေးအမျိုးများအပေါ် တွင် ကောက်ခံသော ယစ်မျိုးခွန်။

၉။ ပြည်နယ်အတွက်သော်လည်းကောင်း၊ ဒေသန္တရအဖွဲ့အတွက်သော်လည်းကောင်း၊

မြူနီစပယ် အတွက်သော်လည်းကောင်း အခွန်ဘဏ္ဍာရရှိရန် ဈေးဆိုင်၊ ဇာတ်ခုံစသော တရုံ၊ အဆောက်အအုံ အိပ်ခန်း၊ စားခန်း၊ လေလံနှင့်အခြားလိုင်စင်များ အပေါ်တွင် ကောက်ခံသောအခွန်။

## (၃) စီးပွားရေးကိစ္စများ

၁။ စိုက်ပျိုးရေးနှင့် တိရိစ္ဆာန်ကုသစောင့်ရှောက်ရေး။

၂။ ပြည်နယ်အတွင်းရှိအင်းများ။

၃။ မြေငှားစနစ်ကို နည်းလမ်းတကျဖြစ်အောင်ဆောင်ရွက်ခြင်း။

၄။ ပြည်နယ်အတွင်း အရောင်းအဝယ်။

၅။ ရေပေးခြင်းနှင့် ဆည်မြောင်းတူးဖောက်ခြင်း။

၆။ အလုပ်လက်မဲ့နှင့် ဆင်းရဲသားတို့အား ထောက်ခံခြင်း။

## (၄) လုံခြုံရေးကိစ္စ

၁။ ရာဇဝတ်အမှုထမ်းအဖွဲ့ စီမံခန့်ခွဲအုပ်ချုပ်ခြင်း။

၂။ အထက်တရားရုံးတော်၏ လက်အောက်ခံဖြစ်သော တရားရုံးများ၏ တရားစီရင်ရေးကို စီမံခန့်ခွဲ အုပ်ချုပ်ခြင်း။

၃။ ဤအပိုဒ်တွင် ရေတွက်ဖော်ပြထားသောကိစ္စအမျိုးအစားများတွင် ပါဝင်သောကိစ္စများ နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသောပြည်ထောင်စု ပြည်နယ်တရားဥပဒေကို အာဏာတည် စေရန် ငွေဒဏ်တပ်ခြင်း၊ အပြစ်ဒဏ်ပေးခြင်း၊ သို့မဟုတ် ထောင်သွင်းအကျဉ်းချခြင်း။

## (၅) လမ်းပန်းဆက်သွယ်ရေးကိစ္စ

၁။ မည်သည့်အလုပ်မဆို နိုင်ငံတော်ပိုင်ဖြစ်သည်ဟု ကြေညာနိုင်သော၊ ထို့ပြင် ဆောက် လုပ်ရေးအတွက် ပေးထောက်နိုင်သော ပြည်ထောင်စုမဟာလွှတ်တော်၏ အာဏာကို ထောက်၍ ပြည်နယ်ဥပဒေပြုအဖွဲ့နှင့် သော်လည်းကောင်း၊ အခြားတစ်နည်းနှင့် သော်လည်းကောင်း

စီစဉ်စေ့စပ်ပြီးလျှင် မီးရထားမှတစ်ပါး ပြည်နယ်အတွင်းရှိ ဒေသန္တရဆိုင်ရာ အလုပ်များနှင့် စီမံချက်များကို လုပ်ဆောင်ခြင်း။

## (၆) ပညာရေးကိစ္စ

၁။ အထက်တန်းပညာသင်ကြားရေး မဟုတ်သော ပညာသင်ကြားရေး။

၂။ စာသင်ကျောင်းအားလုံးကို စီမံခန့်ခွဲအုပ်ချုပ်ခြင်း။

၃။ ပြည်ထောင်စုနိုင်ငံတော် စာကြည့်တိုက်၊ ပြတိုက်နှင့် ပြည်ထောင်စုနိုင်ငံတော်၏ အခြား အဖွဲ့အစည်းဌာန၊ တိုက်၊ ရုံးတို့မဟုတ်သော စာကြည့်တိုက်၊ ပြတိုက်နှင့် အခြား အဖွဲ့အစည်း၊ ဌာန၊ တိုက်ရုံးများ။

၄။ ဇာတ်ရုံ၊ ဇာတ်ပွဲ၊ ကပွဲခုံပွဲနှင့် ရုပ်ရှင်များ။

## (၇) ကျန်းမာရေးကိစ္စ

၁။ ပြည်သူလူထုအများ ကျန်းမာရေးနှင့် သန့်ရှင်းရေး။

၂။ ဆေးရုံများ၊ ဒုက္ခိတရုံများ၊ ဆေးပေးရုံများ ဖွင့်လှစ်ထိန်းသိမ်းစီမံခန့်ခွဲခြင်း။

## (၈) ဒေသန္တရအုပ်ချုပ်ရေးကိစ္စ

၁။ မြူနီစပါယ်နှင့် အခြားဒေသန္တရအဖွဲ့များ။

၂။ ကုသိုလ်ဖြစ်ပေးကမ်းလှူဒါန်းခြင်းနှင့် ကုသိုလ်ဖြစ်အဖွဲ့အသင်းများ။

## အခန်း (၉)
## ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်

### ပြည်နယ်၏အကြီးအမှူး

၁။ ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်တွင် ပြည်နယ်ကောင်စီအဖွဲ့က ရွေးကောက်တင်မြှောက်သော နယ်အုပ်မင်းကြီးရှိရမည်။ ပြည်နယ်ကိစ္စအရပ်ရပ်ကို နယ်အုပ်မင်းကြီးအဖြစ်ဖြင့် အုပ်ချုပ်ဆောင် ရွက်ရမည်။

၂။ ထိုနယ်အုပ်မင်းကြီးသည် (၄) နှစ်ထက် မပိုသောကာလအတွက် ရာထူးကိုခံယူ၍ စွပ်စွဲပြစ် တင်ခြင်းခံရလျှင်သော်လည်းကောင်း၊ ကိုယ်စိတ်မစွမ်းလျှင် သော်လည်းကောင်း၊ နုတ်ပယ်ခြင်း ခံရမည်။

၃။ ပြည်နယ်ကောင်စီအဖွဲ့ တစ်ဖွဲ့ရှိရမည်။ အဖွဲ့ဝင်ဦးရေနှင့်တကွ အဖွဲ့ဝင်ရွေးပုံရွေးနည်း သို့မဟုတ် ခန့်ပုံခန့်နည်းတို့ကို တရားဥပဒေက နည်းလမ်းတကျဖြစ်အောင်ပြုရမည်။

၄။ ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ပြဋ္ဌာန်းချက်များနှင့်တကွ နောင်အခါဖော်ပြမည်ဖြစ်သော နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်တို့ကို ထောက်လျက် အောက်ပါကိစ္စ အမျိုးအစားများတွင် ပါဝင်သောကိစ္စများနှင့်စပ်လျဉ်း၍ ပြည်နယ်ကောင်စီအဖွဲ့သည် တစ်ချက်လွှတ်တော်ဥပဒေများကို ပြုနိုင်သည်။

(၁) ပြည်နယ်အတွက် အခွန်တော်ရရှိရန် ပြည်နယ်အတွင်းတွင် တိုက်ရိုက်အခွန်ကောက်ခံခြင်း။

(၂) နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုမဟာလွှတ်တော်ကရေးဆွဲရန်ရှိသည့် နည်းလမ်းဥပဒေများနှင့် အညီလည်းကောင်း၊ ပြည်နယ်၏ အကျိုးသက်သက် အတွက် ငွေချေးယူခြင်း။

(၃) အထက်တန်းပညာသင်ကြားရေး မဟုတ်သော ပညာသင်ကြားရေး။

(၄) ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ဖော်ပြရန်ရှိသော စည်းကမ်းချက်များကိုထောက်၍ လည်းကောင်း၊ ထိုလွှတ်တော်ကပင် သတ်မှတ်ဖော်ပြရန်ရှိသော အတိုင်းအရှည်အထိ လည်းကောင်း၊ စိုက်ပျိုးရေးကို ဆောင်ရွက်ခြင်း။

(၅) ဆေးရုံများနှင့် ကုသိုလ်ဖြစ်အဖွဲ့အသင်းများ ဖွင့်လှစ်ထိန်းသိမ်း စီမံခန့်ခွဲခြင်း။

(၆) မည်သည့်နေရာတွင်မဆို ထိုနေရာ၏ ဒေသန္တရအုပ်ချုပ်ရေးနှင့် စပ်လျဉ်းသည့် အခွန် အာဏာနှင့် တာဝန်များရှိသော သို့မဟုတ် ထိုနေရာ၏ ကျန်းမာမှုထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် အခွင့်အာဏာနှင့် တာဝန်များရှိသော မြူနီစီပယ်အဖွဲ့များ၊ ခရိုင်ကောင်စီ အဖွဲ့များနှင့်တကွ အခြား ဒေသန္တရအဖွဲ့များ။

(၇) မည်သည့်အလုပ်ကိုမဆို နိုင်ငံတော်ပိုင်ဖြစ်သည်ဟု ကြေညာနိုင်သော ထို့အပြင် ဆောက်လုပ်ရေးအတွက် ပေးထောက်နိုင်သော ပြည်ထောင်စုမဟာလွှတ်တော်၏ အာဏာကိုထောက်၍ ပြည်နယ်ကောင်စီအဖွဲ့နှင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း၊ စီစဉ်စေ့စပ်ပြီးလျှင် မီးရထားမှတစ်ပါး ပြည်နယ်အတွင်းရှိ ဒေသန္တရဆိုင်ရာ အလုပ်များနှင့် စီမံချက်များကို လုပ်ဆောင်ခြင်း။

(၈) ဤအပိုဒ်တွင် ရေတွက်ဖော်ပြထားသော ကိစ္စအမျိုးအစားများတွင် ပါဝင်သော ကိစ္စများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းသော တရားဥပဒေကိုလည်းကောင်း၊ ပြည်နယ်၏ တစ်ချက်လွှတ်ဥပဒေကို လည်းကောင်း၊ အာဏာတည်စေရန် ငွေဒဏ်တပ်ခြင်း၊ အပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ထောင်သွင်း အကျဉ်းချခြင်း။

(၉) ယေဘုယျအားဖြင့် ပြည်နယ်အတွင်းတွင် ဒေသန္တရသဘောမျှသာဟူ၍ သော်လည်းကောင်း၊ ပြည်နယ်ရေးရာသဘောမျှသာ ဟူ၍လည်းကောင်း၊ နိုင်ငံတော်သမ္မတက ထင်မြင်ယူဆသော ကိစ္စများအားလုံး။

၅။ ပြည်ထောင်စုမဟာလွှတ်တော်၏ အက်ဥပဒေတစ်ခုခုနှင့် မဆန့်ကျင်သမျှကာလပတ်လုံး သို့မဟုတ် မဆန့်ကျင်မှသာ ပြည်နယ်ကောင်စီအဖွဲ့ကပြုသော တစ်ချက်လွှတ်ဥပဒေသည် ပြည်နယ်အတွက် ပြည်နယ်အတွင်းတွင် အာဏာတည်ရမည်။

၆။ တစ်ချက်လွှတ်ဥပဒေများကိုပြုရန် ပြည်နယ်ကောင်စီအဖွဲ့တွင် အာဏာမရှိသည့်ကိစ္စများနှင့် စပ်လျဉ်းသော တရားဥပဒေတစ်ခုခုကို အတည်ပြုစေရန် ပြည်နယ်ကောင်စီအဖွဲ့သည် ပြည်ထောင်စုမဟာအား ထောက်ခံနိုင်သည်။

၇။ ပြည်နယ်အခွန်တော်ရံပုံငွေဟူ၍ ထားရှိရမည်။ ထိုရံပုံငွေထဲသို့ ပြည်နယ်ကကောက်ခံသော အခွန်တော်အားလုံးကို သော်လည်းကောင်း၊ ပြည်နယ်အဖွဲ့သို့ ပေးစရာရှိသော ငွေအားလုံးကို သော်လည်းကောင်း ပေးသွင်းထားရမည်။ နိုင်ငံတော်သမ္မတက ပြည်နယ် ကောင်စီအဖွဲ့သို့ အပ်နှင်းသော ငွေအားလုံးကိုလည်း ပေးသွင်းထားရမည်။ ယေဘုယျ အားဖြင့် ပြည်နယ်ကောင်စီအဖွဲ့သည် ပြည်နယ်စီမံခန့်ခွဲ အုပ်ချုပ်ရေးအတွက် ထိုရံပုံငွေကို တစ်ချက်လွှတ်ဥပဒေများပြုကာ သုံးစွဲရမည်။ သို့မဟုတ် သီးခြားဖော်ပြသောကိစ္စများအတွက် သုံးစွဲရန် နိုင်ငံတော်သမ္မတက အပ်နှင်းသောငွေများအဖို့မှာ ထိုသီးခြားဖော်ပြသောကိစ္စများ အတွက် သုံးစွဲရမည်။

## ပြည်နယ်အစိုးရအဖွဲ့

၈။(၁) ပြည်နယ်ကောင်စီအဖွဲ့သည် ပထမအစည်းအဝေးတွင် အဖွဲ့ဝင်အမတ်များထဲမှ သော်လည်းကောင်း၊ တခြားတစ်နည်းဖြင့်သော်လည်းကောင်း၊ (၄) ဦးကို ရွေးကောက် တင်မြှောက် ရမည်။ အဖွဲ့တွင် သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သော နယ်အုပ် မင်းကြီးနှင့်တကွ ထိုအဖွဲ့ဝင် အမတ်(၄) ဦးတို့သည် အောက်ပိုဒ်များတွင် “အစိုးရအဖွဲ့” ဟု ရည်ညွှန်းခေါ်ဝေါ်အပ်သော ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်၏ အစိုးရအဖွဲ့ကို ဖွဲ့စည်း ရန် ဖြစ်သည်။ နယ်အုပ်မင်းကြီးမှတစ်ပါး အစိုးရအဖွဲ့ဝင်အမတ်များသည် ဆက်ခံရမည့် အမတ်များကို ဤနည်းအတိုင်းရွေးကောက် တင်မြှောက်သည့်တိုင်အောင် ရာထူးများကို ခံယူရမည်။

(၂) နယ်အုပ်မင်းကြီး၌လည်းကောင်း၊ ပြည်နယ်ကောင်စီအဖွဲ့ဝင် အမတ်မဟုတ်သော အစိုးရအဖွဲ့ဝင်တစ်ဦးဦး၌ သော်လည်းကောင်း၊ ကောင်စီအဖွဲ့အစည်းဝေးဆွေးနွေး ဆုံးဖြတ် ရာတွင်ဆုံးဖြတ်ရန် အခွင့်အရေးရှိရမည်။ သို့ရာတွင် မဲပေးရန် အခွင့်အရေးမရှိချေ။

၉။ အစိုးရအဖွဲ့သည် ပြည်နယ်ကောင်စီအဖွဲ့၏ကိုယ်စား ပြည်နယ်ကိစ္စအရပ်ရပ် စီမံခန့်ခွဲ အုပ်ချုပ်ရေး တို့ကို ဆောင်ရွက်ရမည်။ အစိုးရအဖွဲ့တွင် ဝင်ရောက်ထမ်းရွက်စေရန် အဖွဲ့ ဝင်အမတ်များကို ပထမ အကြိမ် ရွေးကောက်တင်မြှောက်ပြီးသည့်တိုင်အောင် နယ်အုပ် မင်းကြီးသည် စီမံခန့်ခွဲ အုပ်ချုပ်ရေး ကို ဆောင်ရွက်ပေးရမည်။

၁၀။ အစိုးရအဖွဲ့တွင် ပေါ်ပေါက်လာသမျှသော ပြဿနာအားလုံးကို အစည်းအဝေးတက်သော အဖွဲ့ဝင်များ၏ မဲအများဆုံးဖြင့် ဆုံးဖြတ်ရမည်။ နှစ်ဦးနှစ်ဘက် မဲအရေအတွက်ခြင်း တူညီခဲ့သော နယ်အုပ်မင်းကြီးသည် မိမိနှစ်သက်ရာတစ်ဘက်အား မဲပေးနိုင်ရမည်။ နိုင်ငံတော်သမ္မတ၏ သဘောတူချက်ကိုထောက်၍ အစိုးရအဖွဲ့သည် အဖွဲ့၏ဆွေးနွေးဆုံးဖြတ်ပုံနည်းနာများအတွက် နည်းဥပဒေများကို ပြုနိုင်သည်။

၁၁။ ပြည်ထောင်စုမဟာလွှတ်တော်က ရာထမ်းမှုထမ်း ခန့်ထားရေးကိစ္စ၊ ရာထမ်း မှုထမ်းတို့၏ သက်တမ်းကိစ္စ၊ ထုံးစံအတိုင်း ပင်စင်ယူသောကိစ္စ၊ အိုမင်းလွန်းသဖြင့် အငြိမ်းစားပေး၍ အလုပ်မှ ထွက်စေသောကိစ္စ၊ ထိုကိစ္စများအတွက် စည်းကမ်းများကို နည်းလမ်းတကျ ပြုကြာ ထိုလွှတ်တော် ကပင် အတည်ပြုလိုက်သော တရားဥပဒေ၏ပြဋ္ဌာန်းချက်များကိုထောက်၍ အစိုးရအဖွဲ့တွင် ဤနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကခန့်၍ ပြည်နယ်သို့စေလွှတ်သော အရာရှိ များအဖြစ် မိမိတို့အဖွဲ့မှ လိုအပ်သည်ဟုထင်သော အရာရှိများကိုလည်း ခန့်ရန်အာဏာရှိရမည်။ ထိုအရာရှိများသည် မိမိအားလွှဲအပ်ထားသော အမှုကိစ္စများကို ဆောင်ရွက်ရန်ဖြစ်သည်။ ထို့အပြင် အစိုးရအဖွဲ့တွင် အရာရှိများအား စီမံဖွဲ့စည်းထားရေးနှင့် စည်းကမ်းသေဝပ်အောင်ပြုရေးတို့အတွက် နည်းလမ်းဥပဒေများကိုပြုရန် သို့မဟုတ် ထိုနည်းလမ်းဥပဒေများအတိုင်း ဆောင်ရွက်စေရန် အာဏာလည်း ရှိရမည်။

၁၂။ ပြည်နယ်ကောင်စီအဖွဲ့သို့ အာဏာသီးခြားပေးမထားသော သို့မဟုတ် ကိုယ်စားလှယ်လွှဲမထားသောကိစ္စများအတွက် နယ်အုပ်မင်းကြီးသည် လိုအပ်သောအခါ၌ နိုင်ငံတော်သမ္မတ၏ ကိုယ်စားဆောင်ရွက်ရမည်။ ထိုကိစ္စများအတွက် နယ်အုပ်မင်းကြီးသည် အစိုးရအဖွဲ့ဝင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်းမပြုဘဲ ဆောင်ရွက်ရမည်။

## အခန်း(၁၀)

## လူမျိုးစုပြည်နယ် အုပ်ချုပ်ရေးအရာရှိ

၁။ လူမျိုးစုပြည်နယ်အသီးသီးတွင် နိုင်ငံတော်သမ္မတကခန့်သော အုပ်ချုပ်ရေးအကြီးအကဲတစ်ဦး ရှိရမည်။ ထိုအကြီးအကဲအား အုပ်ချုပ်ရေးအရာရှိဟု ခေါ်ရမည်။ ပြည်နယ်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို အုပ်ချုပ်ရေးအရာရှိအဖြစ်ဖြင့် အုပ်ချုပ်ဆောင်ရွက်ရမည်။

၂။ ပြည်နယ်တစ်ခုခု၏ အုပ်ချုပ်ရေးအရာရှိကို ခန့်ရာတွင် နိုင်ငံတော်သမ္မတသည် ထိုပြည်နယ်၏ လုပ်ငန်းကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင် မဆောင်ရွက်နိုင်စသော အရည်အချင်းကိုထောက် ထားနိုင်သမျှ ထောက်ထားကာ ထိုပြည်နယ်၌နေသောပုဂ္ဂိုလ်အား အထူးအရေးပေးရမည်။

၃။ ထိုအုပ်ချုပ်ရေးအရာရှိသည် (၃) နှစ်ထက် ပို၍ကြာမြင့်အောင် ရာထူးကိုမခံယူရ။ နိုင်ငံတော် သမ္မတက ညွှန်ကြားပြသော အကြောင်းမရှိသော ထိုရာထူးခံယူထားသောကာလ မကုန်ဆုံးခင် အုပ်ချုပ်ရေးအရာရှိအား ရာထူးမှနုတ်ပယ်ခြင်း မခံစေရ။

၄။ အုပ်ချုပ်ရေးအရာရှိ အလုပ်ခွင့်၌ မရှိသောအခါတွင်သော်လည်းကောင်း၊ နာဖျားမကျန်းဖြစ် နေသောအခါတွင်လည်းကောင်း၊ ကိုယ်စိတ်မစွမ်းသောအခါတွင်လည်းကောင်း၊ ထိုအခါမျိုးတွင် နိုင်ငံတော်သမ္မတသည် ဒုတိယအုပ်ချုပ်ရေး၊ အရာရှိတစ်ဦးအား အုပ်ချုပ်ရေးအရာရှိ၏ ရာထူးယူ၍ တာဝန်များကို ဆောင်ရွက်စေရန် ကာလအားလျော်စွာ ခန့်နိုင်သည်။ ထို့အပြင် အထွေထွေကိစ္စများ ၌ အုပ်ချုပ်ရေးအရာရှိကို ကူညီစေရန်လည်း ကာလအားလျော်စွာ ခန့်နိုင်သည်။

၅။ ပြည်နယ်အသီးသီးတွင် အုပ်ချုပ်ရေးအရာရှိကို ကူညီရန်နှင့်အကြံပေးရန် အကြံဉာဏ် ပေးအဖွဲ့ တစ်ခုရှိရမည်။ အဖွဲ့ဝင်ဦးရေနှင့်တကွ အဖွဲ့ဝင်ရွေးချယ်နည်း ရွေးချယ်ပုံ (သို့) ခန့်ပုံခန့်နည်းကို တရားဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သည်။

## အကြံဉာဏ်ပေးအဖွဲ့၏ အာဏာများ

၆။ ထိုအဖွဲ့တွင် အောက်ပါအာဏာများနှင့် တာဝန်များရှိရမည်။

(၁) မြန်မာပြည်ရှိ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့များ၏ အာဏာနှင့်တာဝန်အားလုံး။

(၂) နိုင်ငံတော်သမ္မတက ဒေသန္တရသဘော သို့မဟုတ် ပြည်နယ်ရေးရာသဘော သက်ဝင်နေသည် ဟူ၍လည်းကောင်း၊ သက်ဆိုင်ရာ အကြံဉာဏ်ပေးအဖွဲ့သို့ လွှဲလိုက်လျှင် သာ၍သင့်လျော်မည် ဟူ၍လည်းကောင်း ထင်မြင်ယူဆသောကိစ္စများအားလုံး။

၇။ ပြည်ထောင်စုမဟာလွှတ်တော်သည် လိုအပ်သည်ဟူ၍လည်းကောင်း၊ အလိုရှိထိုက်သည် ဟူ၍ လည်းကောင်း၊ ယူဆသော အခြားအာဏာများကို တရားဥပဒေနှင့် ကိုယ်စားလှယ် လွှဲနိုင်သည်။

## အခန်း (၁၁)

## တိုင်းရင်းသား လူနည်းစုများ

၁။ "တိုင်းရင်းသားလူနည်းစု" ဟူသော အဓိပ္ပါယ်တွင် အကြုံးဝင်သောလူစုသည် အောက်ပါ အခွင့်အရေးများကို ရရှိစေရန် ခံဝန်ချက်ထားရှိရမည်။

(၁) လူတို့၏ အခွင့်အရေးများ။

(၂) လူမျိုး၏ စရိုက်ထုံးစံဓလေ့ စသည်တို့နှင့်ဆိုင်သော သို့မဟုတ် ယဉ်ကျေးမှုနှင့်ဆိုင်သော အခွင့်အရေးများ။

(၃) ကိုယ်ပိုင်ယဉ်ကျေးမှု ပြဌာန်းနိုင်ခွင့်ကို မထိခိုက်စေဘဲ လွတ်လပ်စွာပေါင်းသင်း ဆက်ဆံနိုင်သော အခွင့်အရေး။

(၄) ဥပဒေပြုအဖွဲ့တွင် ထိုက်သင့်သော ကိုယ်စားလှယ်ဦးရေ ပါဝင်နိုင်ရေး။

(၁) လူတို့၏အခွင့်အရေးများတွင် ကာလအစွန့်ရှည်ကြာစွာကပင် လေးစားခြင်းခံခဲ့ရသော

အောက်ပါတို့၏ အခြေခံထုံးတမ်းစဉ်လာ အခွင့်အရေးများပါဝင်သည်။

- ပြည်သူဖြစ်ခွင့်ရှိခြင်း။
- အသက်နှင့် ကိုယ်ပိုင်လွတ်လပ်ရေးအတွက် ကာကွယ်ခွင့်ရရှိခြင်း။
- ပြည်သူ့အခွင့်အရေးနှင့် နိုင်ငံမှုဆိုင်ရာအခွင့်အရေးများ။
- ဘာသာကိုးကွယ်မှုအခွင့်အရေး။
- ခွဲခြားခြင်းမခံရဟူသောအခွင့်အရေး (ထိုအခွင့်အရေးတွင် စီးပွားရေးအခွင့်အလမ်း တူညီမှု လည်းပါဝင်သည်။

မှတ်ချက်။ ။ ဤအချက်တို့ကို မူလအခွင့်အရေးအကြောင်းနှင့် လူမျိုးစုလွှတ်တော်အကြောင်း တို့ပါသော အခန်းများတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်သည်။ ဤအခန်း၌ ထပ်၍ဖော်ပြ ရခြင်းမှာ တိုင်းရင်းသားလူနည်းစုများအတွက် ကာကွယ်ချက်များပေးထားပုံ အစုံအလင် သိမြင်စေချင် သောကြောင့်ဖြစ်သည်။

(၂) လူမျိုး၏ စရိုက်ထုံးစံဓလေ့ စသည်တို့နှင့်ဆိုင်သော သို့မဟုတ် ယဉ်ကျေးမှုနှင့်ဆိုင်သော အခွင့်အရေးများ၊ ဘာသာစကားမတူ၊ ပညာသင်ကြားရေးမတူမှုတို့ကြောင့် ခွဲခြားခြင်း မရှိစေရန် အထူး ကာကွယ်ချက်များကိုပြဋ္ဌာန်းသင့်သည်။

(၃) ကိုယ်ပိုင်ယဉ်ကျေးမှုပြဋ္ဌာန်းခွင့်ကိုမထိခိုက်စေဘဲလွတ်လပ်စွာ ပေါင်းသင်းဆက်ဆံနိုင်သော အခွင့်အရေး။ ဤအခွင့်အရေးသည် လူနည်းစုအား ခွဲခြားခြင်းကို ကာဆီးနိုင် ရန်၊ မိမိတို့ဘာသာအလျောက်တည် နိုင်၊ တိုးတက်နိုင်သောအခြေကို ပေးထားသည့် အခွင့်အရေးဖြစ်သည်။ ပြည်ထောင်စုနိုင်ငံသည် ပညာသင် ကြားမှု၊ ယဉ်ကျေးမှုတို့တွင် ကိုယ်ပိုင်စီမံခန့်ခွဲရေးတို့ကို လူနည်းစုတို့အား ယုံကြည်လွှဲအပ်သင့်သည်။ တစ်နည်းအားဖြင့်ဆိုသော် လူနည်းစုများအထဲမှာပင် ဒီမိုကရေစီဝါဒအတိုင်း၊ ရွေးချယ်ဖွဲ့စည်းအပ်သော အဖွဲ့တစ်ဖွဲ့ရှိရန်ဖြစ်သည်။ ထိုအဖွဲ့သည် လူနည်းစုတစ်စု၏ ပညာသင်ကြားမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ကျောင်း၊အသင်း စသည်တို့၏ စီမံခန့်ခွဲရေးအတွက် ပြည်ထောင်စုနိုင်ငံ၏ အချက်အခြာလုပ်ငန်းဌာနဖြစ်လိမ့်မည်။ နိုင်ငံတော်အစိုးရတွင်

နိုင်ငံတွင်းရှိ ပြည်သူအားလုံးအတွက်မူ၊ စံချိန်များကိုပြုရန် အာဏာရှိရမည်။ ထို့အပြင် နိုင်ငံတော်အစိုးရသည် စစ်ဆေးကြီးကြပ်သော လုပ်ငန်းကို ဆောင်ရွက်သင့်သည်။ သို့ရာတွင် ထိုလူနည်းစု တို့၏ ကျောင်းအသင်း၊ စသည်တို့အတွက် ညွှန်ကြားခြင်း၊ စီမံခန့်ခွဲခြင်းတို့ကိုကား ထိုလူနည်းစုတို့၏ လက်တွင် ထားသင့်သည်။

လူနည်းစုတစ်ခုက ဆောင်ရွက်သော ပညာသင်မှုနှင့်ယဉ်ကျေးမှုတို့အတွက် နိုင်ငံတော်အစိုးရသည် ငွေအထောက်အပံ့ပေးရန် တာဝန်များများယူသင့်ပေသည်။ အထောက် အပံ့တောင်းဆိုကြရာတွင် "ရထိုက်သောဝေစု" ကို ပေးသင့်သည် သို့မဟုတ် "တူညီသော ဝေစု" ပေးသင့်သည် စသည်ဖြင့် အငြင်းမပွားကြစေရန် လူနည်းစုရှိ လူဦးရေ အချိုးကျ အတိုင်း အထောက်အပံ့ကို သတ်မှတ်စေရန် ပြဋ္ဌာန်းချက်ပြုသင့်သည်။ သို့ရာတွင် လူနည်းစု တစ်စုသည် နိုင်ငံတော်အစိုးရ အာဏာပိုင်အရာရှိများ၏ စစ်ဆေးကြီးကြပ်ခြင်းကို အစဉ်သဖြင့်ခံယူကာ နိုင်ငံတော်အစိုးရကပေးသော အထောက်အပံ့ရံပုံငွေကို မိမိတို့ လူနည်းစုဝင်များထံမှ အခွန်ကောက်ယူခြင်းအားဖြင့် ထပ်လောင်းပေါင်းဖြည့်နိုင်ရန် အာဏာရသင့်သည်။

(၄) ဥပဒေပြုအဖွဲ့တွင် ထိုက်သင့်သော ကိုယ်စားလှယ်ဦးရေပါဝင်နိုင်ရေး၊ ပြည်သူ့လွှတ်တော်တွင် လူနည်းစုများ၏ လူဦးရေအချိုးကျအတိုင်း အမတ်နေရာများကို ထိုလူနည်းစုများ အတွက်ထားရမည်။ ပြည်သူ့လွှတ်တော်တွင်လူဦးရေအချိုးကျသဘောအတိုင်းအမတ်နေရာထားရှိသည်ထက် ပို၍ထားနိုင်သည်။

## အခန်း (၁၂)

## ခွဲထွက်နိုင်သောအခွင့်အရေး

၁။ အောက်တွင်ပြုထားသော ပြဌာန်းချက်များကိုထောက်၍ ခွဲထွက်နိုင်သော အခွင့်အရေးကို ပြည်ထောင်စုပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်များအား ပေးထားရမည်။

၂။ သက်ဆိုင်ရာပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်လာသည့်နေ့မှစ၍ (၁၀) နှစ် အတွင်းတွင် ခွဲထွက်နိုင်သောအခွင့်အရေးကို အသုံးမပြုရ။

၃။ (၁) ခွဲထွက်ရန် ပြဌာန်းချက်အဆိုကို သက်ဆိုင်ရာပြည်နယ်၏ ဥပဒေပြုအဖွဲ့ဝင် အမတ်ဦးရေ(၃) ပုံ (၂) ပုံက အတည်ပြုပြီး ဖြစ်ရမည်။

(၂) ထို့နောက် ပြည်ထောင်စုမဟာလွှတ်တော်သည် လူထုခုံ၌တင်၍ ဆုံးဖြတ်စေရန် အမိန့်ချရမည်။ လူထုခုံ၌တင်၍ သက်ဆိုင်ပြည်နယ်ရှိ ပြည်သူခပ်သိမ်း၏ဆန္ဒအမှန်ကို သိရန်ဖြစ်လေသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံမှလည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်မှလည်းကောင်း၊ ကိုယ်စား လှယ်အမတ်အညီအမျှပါဝင်သော လူထုခုံအဖွဲ့တစ်ခုကို ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းမှသာလျှင် လူထုခုံတင်ပုံကို မျှမျှတတနှင့် လွတ်လပ်စွာ ဆောင်ရွက်သည်၊ မဆောင်ရွက်သည် ကြီးကြပ်ကြည့် ရှုနိုင်မည်ဖြစ်သည်။

## အခန်း (၁၃)

## နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုပြင်ဆင်ခြင်း

၁။ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များကို ပြောင်းလိုက်ခြင်းအားဖြင့်သော်လည်းကောင်း၊ ဖြည့်စွက်ခြင်းအားဖြင့်သော်လည်းကောင်း၊ ဖျက်သိမ်းခြင်းအားဖြင့်သော်လည်းကောင်း၊ အောက်၌ဖော်ပြထားသောနည်းအတိုင်း ပြင်ဆင်နိုင်သည်။

၂။ (၁) နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းထားသောအဆိုတိုင်းကို "နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရန် အက်ဥပဒေ" ဟူ၍ ဖော်ပြရမည်။

(၂) ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုပြင်ဆင်ရန် တင်သွင်းသည့်အဆိုတစ်ခုပါသော သို့မဟုတ် အဆိုများပါသော ဥပဒေကြမ်းတွင် ပြင်ဆင်ရေးနှင့်မဆိုင်သော အခြားအဆိုများ မပါစေရ။

၃။ (၁) နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရန်ဖြစ်သော ဥပဒေကြမ်းကို ပြည်ထောင်စုမဟာလွှတ်တော်၏ လွှတ်တော်အရပ်ရပ်တွင် စတင်စီမံနိုင်သည်။

(၂) စတင်စီမံရာဖြစ်သောလွှတ်တော်က ထိုဥပဒေကြမ်းကို အတည်ပြုပြီးနောက် ထိုဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်၏ တွဲဘက်အစည်းအဝေးတွင် စဉ်းစားရမည်။

(၃) အစည်းအဝေးရှိ အမတ်ဦးရေ (၃) ပုံ (၂) ပုံက ထောက်ခံမဲပေးကြမှသာလျှင် ထိုဥပဒေကြမ်းကို အတည်ပြုပြီး ဖြစ်သည်ဟု ယူဆရမည်။

(၄) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုခုသို့ သီးခြားလွှဲပြောင်းအပ်နှင်းထားသော ကိစ္စများနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုသော ထိုသို့ပြင်ဆင်လိုသော ဥပဒေကြမ်းအား အစည်းအဝေး၌ရှိသော သက်ဆိုင်ရာပြင်နယ်၏ ကိုယ်စားလှယ်အမတ်များ ထောက်ခံမဲမပေးသမျှကာလပတ်လုံး အတည်ပြုပြီးဖြစ်သည်ဟု မယူဆရ။

## အခန်း (၁၄)

## စပ်ကူးမတ်ကူးကာလနှင့် သက်ဆိုင်သောပြဋ္ဌာန်းချက်များ

၁။ "တရားဥပဒေနှင့်အညီ ဖွဲ့စည်းသောပြည်ထောင်စု မဟာလွှတ်တော်"ဟု အောက်၌ ဖော်ပြ လတ္တံ့သော နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု မဟာလွှတ်တော် ၏ ပထမအစည်းအဝေးကို ကျင်းပသည့်တိုင်အောင် ဤတိုင်းပြည်ပြု လွှတ်တော်သော နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆိုင်ရာ ကိစ္စများအလို့ငှာ ပြည်ထောင်စုမဟာလွှတ်တော်ဟူ၍ ယူဆရမည်။

၂။ တရားဥပဒေနှင့်အညီဖွဲ့စည်းသော ပြည်ထောင်စုမဟာလွှတ်တော်က မိမိ၏ဥက္ကဋ္ဌကို ရွေးကောက်တင်မြှောက်သည့်တိုင်အောင် (အောက်တွင်ယာယီဥက္ကဋ္ဌမှ ခေါ်ဆိုအပ်သော) တိုင်းပြည်ပြုလွှတ်တော်က ယာယီဥက္ကဋ္ဌအဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ပြီးဖြစ်သော ပုဂ္ဂိုလ်အား ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာ ကိစ္စများအလို့ငှာ ရွေးကောက် တင်မြှောက် ထားသောဥက္ကဋ္ဌဟူ၍ ယူဆရမည်။

၃။ တရားဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတက တခြားပုဂ္ဂိုလ်များကို ခန့်သည့်တိုင်အောင် ဤတိုင်းပြည်လွှတ်တော်က ယာယီအစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ်ဖြင့်လည်းကောင်း၊ ဝန်ကြီးများ အဖြစ်ဖြင့်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ထားသော ပုဂ္ဂိုလ်များအား ယာယီအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဟူ၍လည်းကောင်း၊ ဝန်ကြီးများဟူ၍လည်းကောင်း ယူဆရမည်။

၄။ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတည်ဖြစ်သည့်နေ့မှစ၍ (၁၈) လအတွင်းတွင် ပထမ အကြိမ် ရွေးကောက်ပွဲများကို ကျင်းပရမည်။

၅။ ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ယာယီဥက္ကဋ္ဌက ထုတ်ပြန်ကြေညာသည့် နေ့ ရက်တွင် အတည်ဖြစ်စေရမည်။ ထိုနေ့ရက်သည် ၁၉၄၈ ခုနှစ်၊ ဇွန်လ ပထမနေ့ထက် နောက်မကျ စေရသော နေ့ရက်ဖြစ်ရမည်။

## တင်သွင်းသောအဆိုများ ပထမဇယား

## လူမျိုးစုလွှတ်တော်ဖွဲ့စည်းပုံနှင့် ထိုလွှတ်တော်သို့ အမတ်များ ရွေးကောက်တင်မြှောက်သည့်နည်းများ

၁။ လူမျိုးစုလွှတ်တော်တွင် အမတ်ဦးရေ (၁၆၀) ရှိသည့်အနက် ...

| | |
|---|---|
| (က) ရှမ်းပြည်ထောင်စုအတွက် ကိုယ်စားလှယ်အမတ်နေရာ | (၃၂) |
| (ခ) ကချင်ပြည်နယ်အတွက် ကိုယ်စားလှယ်အမတ်နေရာ | (၁၃) |
| (ဂ) ကရင်နီပြည်ထောင်စုအတွက် ကိုယ်စားလှယ်အမတ်နေရာ | (၄) |
| (ဃ) ချင်းတောင်ပြည်နယ်အတွက် ကိုယ်စားလှယ်အမတ်နေရာ | (၉) |
| (င) ကရင်များအတွက် ကိုယ်စားလှယ်အမတ်နေရာ | (၃၂) |
| (စ) မြန်မာပြည်မ ပါဝင်သော ကျန်ဒေသများအတက် | (၇၀) |

မှတ်ချက်။ ။ အထက်ပါ ဖွဲ့စည်းထားပုံသည် အကြံပေးချက်မျှသာဖြစ်သည်။ ပြည်ထောင်စုပြည်နယ်အတွက်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ် အတွက် လည်းကောင်း၊ လူမျိုးစု ပြည်နယ်အတွက်လည်းကောင်း၊ တိုင်းရင်းသားလူနည်းစုအတွက်လည်းကောင်း၊ ကိုယ်စားလှယ် အမတ်ဦးရေ မည်၍မည်မျှရှိသင့်သည်၊ မည်သို့ဖွဲ့စည်းသင့်သည်ဟူသော အချက်များနှင့် စပ်လျဥ်း ၍ သဘောတူညီချက်ရရှိရမည်။ ထိုသို့သဘောတူညီချက်ရရှိပြီးမှသာ ဆုံးဖြတ်နိုင်သည်။

၂။ မြန်မာပြည်မအတွက် ကိုယ်စားလှယ်အမတ်များကို တိုင်းကောင်စီအဖွဲ့များက ရွေးကောက်တင်မြှောက်ရမည်။

၃။ ကရင်များအတွက် ကိုယ်စားလှယ်အမတ်များကို ကရင်ရေးရာကောင်စီအဖွဲ့က ရွေးကောက်တင်မြှောက်ရမည်။

မှတ်ချက်။ ။ အထက်ပါ စာတမ်းသည် (ဖဆပလ) ပဏ္ဍာမပြင်ဆင်မှုညီလာခံသဘင်၌ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရာတွင် အခြေခံထားရှိရမည့် အချက်များ အဖြစ် လက်ခံထားသော အခြေခံမူဖြစ်ပြီး တိုင်းပြုပြည်ပြုလွှတ်တော်တွင် တင်ပြရမည်ဖြစ်သည်။

## (ဂ) ဗိုလ်ချုပ်အောင်ဆန်းချပေးထားသော အခြေခံမူ (၄)ချက်[38]

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ်ချုပ်ဆိုကြပြီး ဒီမိုကရေစီ ပြည်ထောင်စု မြန်မာနိုင်ငံထူထောင်ရန် ရည်မှန်းချက်အဖြစ် ထားရှိကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော် ပထမ ညီလာခံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာမှာ ထားရှိရမည့်အခြေခံ (၄) ချက်ကို အဆိုတင် သွင်းကြောင်း တွေ့ရသည်။

၁။ လွတ်လပ်တဲ့ နိုင်ငံဖြစ်ရမည်။ (Independence)

၂။ အချုပ်အခြာအာဏာ ပိုင်ရမည်။ (Sovereignty)

၃။ ဒီမိုကရေစီသမ္မတနိုင်ငံ ဖြစ်ရမည်။ (Republic)

၄။ ပြည်ထောင်စုနိုင်ငံ ဖြစ်ရမည်။ (Union State)

ဟု ရှင်းလင်းအဆိုတင်ပြီး၊ ၎င်းအဆိုအပေါ် တစ်ညီတစ်ညွတ်တည်းသြဘာပေးပြီး ထောက်ခံကြကြောင်း တွေ့ရှိရသည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်၍ အခြေခံလမ်းညွှန်ချက်(၇) ချက်ကိုလည်း ချမှတ်ထားသည်။

38 မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်ညီလာခံ မှတ်တမ်း၊ အစည်းအဝေးအမှတ် (၄)၊ ဇွန်လ ၁၆ ရက်၊ ၁၉၄၇ ခုနှစ်၊ စာ ၇၁ - ၈၈ တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တင်သွင်းသည့် လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင် မြန်မာနိုင်ငံတော် အတွက်ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်သည့်လမ်းညွှန်ပြဋ္ဌာန်းချက် အဆို ကောက်နုတ်ချက်

## (ဃ) ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက် (၇) ချက်[39]

လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ချက် (၇) ချက်ကို ဇွန်လ (၁၆) ရက် နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းမှ တင်သွင်းပြီး ဇွန်လ (၁၇) ရက်နေ့တွင် လွှတ်တော်မှ အတည်ပြုခဲ့သည်။

တောင်တန်းဒေသများနှင့် ကရင်နီနယ်များ အပါအဝင်ဖြစ်သော မြန်မာနိုင်ငံတော်သူ/နိုင်ငံတော်သားတို့၏ ကိုယ်စားလှယ်များသည် တိုင်းသူပြည်သားတို့၏ အာသီသဆန္ဒနှင့် လျော်ညီစွာ နိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို စီစဉ်ရေးဆွဲရန် အလို့ငှာ၊ စုံညီစုဝေးကြလျက် အောက်ပါပြဋ္ဌာန်းချက်များကို ချမှတ်ကြကြောင်း။

၁။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် မြန်မာပြည်ထောင်စုနိုင်ငံတော်ဟု ခေါ်တွင်စေသော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်စေရမည်။ ထို့ပြင် ...

၂။ ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သတ်မှတ်ဖော်ပြသည့် တစ်သီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ရရှိစေရမည်။ ထို့ပြင် ...

၃။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သား တို့ထံမှ သက်ဆင်းစေရမည်။ ထို့ပြင် ...

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌လည်းကောင်း၊ စီးပွားရေး၌လည်းကောင်း၊ နိုင်ငံရေးရာ၌လည်းကောင်း၊ တရားမျှတမှုရှိစေလျှက်၊

39 မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်ညီလာခံ မှတ်တမ်း၊ အစည်းအဝေးအမှတ် (၄)၊ ဇွန်လ ၁၆ ရက်၊ ၁၉၄၇ ခုနှစ်၊ စာ ၇၁ - ၈၈ တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တင်သွင်းသည့် လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင် မြန်မာနိုင်ငံတော် အတွက်ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်သည့်လမ်းညွှန်ပြဋ္ဌာန်းချက် အဆို ကောက်နုတ်ချက် နှင့် Hugh Tiker (ed.)(1984), BURMA: The Struggle for Independence (1944 – 1948), Vol. 2, No. 403, Sir Hubert Rance to the Earl of Listowel, Telegram, PRO: PREM 8/412 Pt 2, Rangoon, 18 June 1947, footnote 2, pp. 591 – 592 နှင့် တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ ခု အခြေခံဥပဒေ၊ ၁၉၉၀၊ စာ ၄၅၉ - ၄၆၁

အဆင့်အတန်း အခွင့်အရေးနှင့် ဥပဒေသက်သေခံမှုတို့တွင် ဆူကြံနိမ့်မြင့်မရှိ။ ပကတိ တူညီစေရမည့်အပြင် တရားဥပဒေနှင့်သော်လည်းကောင်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း မဆန့်ကျင်သမျှ လွတ်လပ်စွာကြံစည်ပိုင်ခွင့်၊ လွတ်လပ်စွာဖော်ထုတ် ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ကို ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားရှိစေရမည်။ ထို့ပြင် ...

၅။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် လူနည်းစုများအဖို့ လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်။ ထို့ပြင် ...

၆။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတမြန်မာနိုင်ငံ၏ နယ်မြေကို တစ်ပေါင်းတစ်စည်းတည်း တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေတို့ကို အချုပ်အခြာစိုးမိုး အုပ်ချုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ တရားဓမ္မနှင့်တကွ ပြည်ထောင်အချင်းချင်း ဥပဒေအရ ထိန်းစောင့်ထားရှိစေရမည်။ ထို့ပြင် ...

၇။ ရာဇဝင်ထင်ရှားခဲ့သော ဤမြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ဂုဏ်ကျက်သရေနှင့်လျော်ညီစွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်အပြင် လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာပြည့်ဝရေးတို့ကို တာဝန်အလျောက်စေတနာဖြင့် အစွမ်းကုန် ဖြည့်စွက်ထမ်းရွက်ကာ၊ ပြည်ထောင်ချင်းချင်းဆိုင်ရာ တရားဓမ္မနှင့် ကျင့်ဝတ်သိက္ခာကို အခြေခံပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရှေ့ရှုလျက် နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက်ဘဲ တွဲဘက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသောအဓိဋ္ဌာန်ဖြင့် စောင့်ထိမ်းတော့အံ့။

## (င) ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်ချက် (၇) ချက်နှင့်ပတ်သက်၍ ရှင်းလင်းချက်များ[40]

သည်အဆိုကို ကျွန်တော်တင်သွင်းရတဲ့အကြောင်းကတော့ကာ၊ ကျွန်တော်တို့အနယ်နယ်အရပ်ရပ်က လူမျိုးပေါင်းစုံကိုယ်စားလှယ်တို့အစရှိသည်အားဖြင့် လာရောက်စုဝေးပြီးတော့ တိုင်းပြုပြည်ပြု လွှတ်တော်ဆိုပြီး ကျွန်တော်တို့ဖွဲ့စည်း ပြီးတဲ့နောက် ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲဖို့ ဆိုပြီး ဒီလွှတ်တော်မှာတာဝန်ကျလာပါတယ်

ယခုလာပြီးဆွေးနွေးကြတဲ့အခါမှာ ဘယ်လိုအခြေခံဥပဒေနှင့် ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို ဘယ်လိုရေးဆွဲရမည်လဲဆိုတာကို ပထမဦးစွာ သိထားဖို့လိုပါ လိမ့်မည်။ ဒီလို အခြေခံ အချက်အလက်တွေမသိဘဲနှင့် ကျွန်တော်တို့ရှေ့ဆက်လက်ပြီး ဗမာ ပြည်ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို ရေးဆွဲမယ်ဆိုလို့ရှိရင် တစ်ယောက်တစ်ပေါက် ဆိုတဲ့ သဘောမျိုးဖြစ်ပြီး ဘာမျှအခြေခံမရှိဘူး။ လမ်းစဉ်လည်းမရှိဘူး၊ လမ်းစဉ်ညွှန် ပြထားခြင်းမရှိ ဖြစ်ပြီးတော့ကာ လိုချင်ရာကို အမြန်ရမှာမဟုတ်ဘူး။ ယခု ကျွန်တော် တင်သွင်းတဲ့အဆိုဟာ Directive Resolution နောက် ဒီအစည်းအဝေးမှာပဲ ခန့်ရမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲတဲ့ အဖွဲ့အသီးသီးကို လမ်းညွှန်အမှာသဖွယ် ဖြစ်တဲ့အဆိုသာ ဖြစ်ပါ တယ်။ အဲဒီကော်မတီအသီးသီးတွေက ဆက်လက်ပြီး ဗမာ ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာ ဘာတွေထည့်သွင်းတယ်ဆိုတာ အသေးစိတ် အားဖြင့်သော်လည်းကောင်း၊ မူအားဖြင့်သော်လည်းကောင်း၊ သေသေချာချာဆွေးနွေးနိုင် တဲ့အခါ အခြေခံအားဖြင့် ဘယ်အပေါ်မှာမူထားပြီး ဆွေးနွေးရမည်ဆိုတာ သိထားမှဖြစ်နိုင် ပါလိမ့်မည်။ တစ်ဦး နှင့်တစ်ဦး သိရှိထားတာချင်း မတူလို့ရှိလျှင် ကျွန်တော်တို့ ကော်မတီ တွေ လုပ်မည့် လုပ်ငန်းတွေဟာ အင်မတန် အခက်အခဲတွေကို တွေ့စရာရှိပါလိမ့်မယ်။ အဲ့ ဒီတော့ အခြေခံသဘောအားဖြင့် လမ်းပြတဲ့ လမ်းညွှန်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို တိုင်း ပြုပြည်ပြု လွှတ်တော်ကပင် ပဌမဦးစွာ ဆုံးဖြတ်ရန်လိုပါလိမ့်မည်။ အဲ့ဒီလို လမ်းညွှန်တဲ့ ဆုံးဖြတ်ချက်ရပြီးမှ ကော်မတီက "သမ္မတ" စံနစ်အရသဘောမျိုးနှင့် ဆွေးနွေးသွားချင် သွားမည်။ တစ်ချို့ကလည်း "ရှင်ဘုရင်" စံနစ်အရ ဆွေးနွေး ချင်ဆွေးနွေးမည်။ နောက်ပြီး တော့ "ပြည်ထောင်စုနိုင်ငံ" သဘောကို လက်ခံတဲ့လူတွေကလက်ခံ၊ လက်မခံတဲ့လူတွေ

40 မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်ညီလာခံ မှတ်တမ်း၊ အစည်းအဝေးအမှတ် (၄)၊ ဇွန်လ ၁၆ ရက်၊ ၁၉၄၇ ခုနှစ်၊ စာ ၇၁ - ၈၈ တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တင်သွင်းသည့် လွှတ်လပ်သည့် အချုပ်အခြာ အာဏာပိုင် မြန်မာနိုင်ငံတော် အတွက်ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်သည့်လမ်းညွှန်ပြဌာန်းချက် အဆို

ကလည်း သူတို့သဘောအတိုင်းလုပ် ဆိုသလိုဖြစ်လျှင် အဖွဲ့အမျိုးမျိုးက တိုင်းပြည်ပြု လွှတ်တော်မှ ပြန်ပြီးအစီရင်ခံတဲ့အခါမှာ ဆက်စပ်လို့မရနိုင်တဲ့ အစီရင်ခံစာအမျိုးမျိုး ကို ကျွန်တော်တို့ဘယ်လိုမှလုပ်ပြီး ဆုံးဖြတ်တတ်မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီအခြေခံမူ ကို ပြဌာန်းထားပြီးမှသာလျှင် ရှေ့ဆက်လက်ပြီး နိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကို စီမံဖန်တီးလို့ရနိုင်ပါလိမ့်မည်။ ဒီတော့ ကျွန်တော်တို့ ဒီလိုအခြေခံလိုတဲ့အတွက် ဒီလွှတ်တော်တွင် ဒီအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်ပဲ စဉ်း စဉ်းစားစားနှင့် ရေးဆွဲပြီး တင်သွင်းထားပါတယ်။ မူလပဌမတုန်းက ကျွန်တော် တင်သွင်း ရမည့်အဆိုဟာ ဖဆပလပဏာမညီလာခံတုန်းက ဆုံးဖြတ်ခဲ့တဲ့ အဆိုပဲ ဖြစ်ပါတယ်။

သို့သော်လည်း အဲ့ဒီအဆိုကို ဖတ်ကြည့်တဲ့အခါ ပြင်စရာလိုနေတဲ့ အချို့အချက်အလက် တွေ ကို တွေ့ရပါတယ်။ ဖဆပလညီလာခံတုန်းက ဆုံးဖြတ်ခဲ့တဲ့ အဆိုတွေနဲ့ ပတ်သက်လို့ တိုင်းပြည်ပြု လွှတ်တော်ကနေပြီးတော့ ရိုက်ပြီးပေးထားတဲ့ စာအုပ်ရှိပါတယ်။ အဲ့ဒီထဲမှာ ကြည့်မယ်ဆိုလိုရှိလျှင် တွေ့ရပါလိမ့်မည်။ အဲ့ဒီဆုံးဖြတ်ချက်မူကို ကျွန်တော်ပြင်ဆင် ထားတယ်။ ပြင်ထားတာကတော့ နိဒါန်းစကားချီမှာ တောင်တန်းဒေသများနှင့် ကရင်နီ နယ်များ အပါအဝင်ဖြစ်သော မြန်မာနိုင်ငံတော်သူ/နိုင်ငံတော်သားတို့၏ ကိုယ်စားလှယ် များသည် တိုင်းသူပြည်သားတို့၏ အာသီသဆန္ဒနှင့်လျော်ညီစွာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ် ပုံ အခြေခံဥပဒေကို စီစဉ်ရေးဆွဲရန်အလို့ငှာ စုံညီစုဝေးကြရုံလောက်ကလွဲပြီး အခြား သဘော မပါဝင်အောင် ပြင်ဆင်ထားပါတယ်။

ယခု (State) ဆိုတဲ့နိုင်ငံတော်ကြီးကို ကျွန်တော်မှာ ဘယ်နယ်တွေ ဘယ်နယ်တွေ ပါမည် ဆိုတာ ကျွန်တော်တို့ ကျကျနနသတ်မှတ်ပြီးသား မဖြစ်နိုင်သေးပါဘူး။ ယခု ကျွန်တော်တို့ ဆွေးနွေးရန်အချက်ဟာ "နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် မြန်မာ ပြည်ထောင်စု နိုင်ငံဟု ခေါ်တွင်စေသော အချုပ်အခြာ အာဏာပိုင် သမ္မတနိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေဖြစ်စေရမည်" ဆိုတဲ့အချက်ကိုသာ ဆွေးနွေးရန် ဖြစ်ပါတယ်။

မြန်မာပြည်ထောင်စုနိုင်ငံတော်ဆိုတာကို ကျွန်တော်အထူးရှင်းပြနေစရာ မလိုပါဘူး။ ဒီ နိုင်ငံတော်ကို ပြည်ထောင်စုတွေ စုထားမည်ဆိုတဲ့ သဘောလောက်ပါဘဲ။ ပြည်ထောင်စု နိုင်ငံတော်ဆိုကလည်း ကျွန်တော်တို့ အခုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ (Unitary

Constitution) လူတစ်မျိုးတည်းဆိုတဲ့ နိုင်ငံမဟုတ်ဘဲနှင့် လူမျိုးပေါင်းစုံ ပြည်ထောင်စုနိုင်ငံဆိုတဲ့ အဓိပ္ပါယ်ရောက်သွားပါတယ်။ အဲ့သည်တော့ ကျွန်တော်ကနေပြီး ပြည်ထောင်စုနိုင်ငံတော်အဖြစ်နှင့် ဖွဲ့စည်းအပ်တယ်လို့ အဆိုတင်သွင်းတဲ့ကိစ္စမှာ ယခု ကြွရောက်လာကြတဲ့ အမတ်မင်းများက ဗမာနိုင်ငံတော်ကို သည်လိုပြည်ထောင်စု နိုင်ငံတော်ကြီးအဖြစ်နှင့် ဖွဲ့စည်းအပ်တယ်လို့ဆိုတဲ့ အခြေခံမူဟာ သင့်၊ မသင့်ကို ဒီလွှတ်တော်ကြီးက စဉ်းစားဖို့ပါဘဲ။

ကျွန်တော်တို့ အခုဖြစ်နေတဲ့ ဗမာပြည်ရဲ့ အခြေအနေတွေကို ထောက်လို့ကြည့်လျှင် ကျွန်တော်တို့နိုင်ငံကို ပြည်ထောင်စုနိုင်ငံအဖြစ်နှင့် ဖွဲ့စည်းတည်ထောင်မှသာလျှင် သင့်လျော်လျောက်ပတ်ပါလိမ့်မည်လို့ ယူဆတဲ့အတိုင်း၊ ဒီအခြေခံသဘောကို သည်အဆိုထဲမှာ ထည့်သွင်းပြီး ဒီလွှတ်တော်ကြီးမှာ တင်သွင်းခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုနိုင်ငံတော်ဆိုသည်မှာ တင်ပြထားခြင်းအားဖြင့် ယခု ဒီတိုင်းပြည် ပြုလွှတ်တော်မှာ ကြွရောက်လာကြတဲ့ တောင်တန်းဒေသများက ကိုယ်စားလှယ်အမတ်မင်းများဟာသည် ပြည်ထောင်စုနိုင်ငံတော်တွင် သူတို့ သက်ဆိုင်ရာနယ်များက ပါဝင်ပြီးသားဖြစ်သွားမည်ဆိုပြီး သံသယရှိနေတယ်လို့ ကျွန်တော်သိရပါတယ်။

အဲ့သည်တော့ ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော်တည့်တည့်လင်းလင်း ရှင်းချင်တာကတော့ ဗမာပြည်ထောင်စုနိုင်ငံလို့ ခေါ်တွင်ဖို့ဆိုပြီးတော့ ဒီအဆိုထဲမှာ တင်ပြထားပေမယ့် ဒီပြည်ထောင်စုနိုင်ငံထဲမှာ ဘယ်နယ်တွေပါလို့ ဘယ်နယ်တွေပါရမည်လို့ သတ်မှတ်ထားခြင်း မရှိသေးပါ။ ဒီတော့ တောင်တန်းဒေသ ကနေပြီးတော့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေဟာ ဘာမှသည်ကိစ္စနှင့်ပတ်သက်ပြီး စိုးရိမ်စရာ အလျဉ်းမရှိပါဘူး။ ဒီပြည်ထောင်စုနိုင်ငံတော်ထဲမှာ ကိုယ်ပါချင်မှ ကိုယ့်နယ်ဆိုင်ရာမှာနေပြီးတော့ ပါချင်မှ ပါနိုင်တာပဲ။ သည်တိုင်းပြည်ပြုလွှတ်တော် မဖွဲ့စည်းမီအခါမှာ တိုင်းပြည်ပြုလွှတ်တော် ဖွဲ့စည်းရန်အလို့ငှာ ကျွန်တော်တို့ သဘောတူညီချက်တွေ စာချုပ်အမျိုးမျိုးချုပ်တဲ့အခါတုန်းက တောင်တန်းဒေသက ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့ချုပ်ဆိုတဲ့ စာချုပ်အရ ဆိုလို့ရှိလျှင်ဖြင့်ဖြစ်စေ၊ တနောက်ပြီးတော့ တောင်တန်းဒေသ ဆိုင်ရာစုံစမ်းရေးအဖွဲ့ အစီရင်ခံစာမှ ထောက်ခံချက်များကို ကျွန်တော်တို့ လက်ခံလာခဲ့သည့်အတိုင်းဖြစ်စေ၊ အဲ့ဒီလို လက်ခံထားတဲ့ ဒီစာသဘောတင်မကဘဲ (Not only the letter of agreement) ဒီစာသဘောကို

ကျွန်တော်တို့ သဘောတူညီလာခဲ့သည်တင်မကဘဲ ကျွန်တော်တို့ အဖို့ ဆိုလိုရှိရင် (The spirit of agreement) သဘောတူညီလာခဲ့တဲ့ တကယ့်အရင်းခံ သဘောတရားကို လက်ခံပြီးတော့၊ ဒီအတိုင်းဘဲ ဒီတိုင်းပြည်ပြုလွှတ်တော်မှာ လုပ်မှာပါဘဲဆိုတာ တောင်တန်းနယ်ဆိုင်ရာကိုယ်စားလှယ်များ တည့်တည့် လင်းလင်း နားလည်စေချင်ပါတယ်။ ကျွန်တော်တို့ ပေးပြီးသားကတိ၊ နားလည်ပြီးသား သဘော တူညီချက် တွေကို နယ်ချဲ့သမားလို ကျွန်တော်တို့ ဖောက်ဖျက်ခြင်း မလုပ်ပါဘူး။ အဲ့သည်လို ပေးပြီးသားကတိနှင့် နားလည်ပြီးသား သဘောတူညီချက်တွေကို ဖောက်ဖျက်မည်လားလို့ သံသယရှိတဲ့လူတွေဟာ ဥက္ကဋ္ဌမင်း ခွင့်ပြုချက်အရပြောရလျှင် ကျွန်တော်တို့ရဲ့ (Sense of honor, Sense of self - respect, Sense of pride) တို့ကို စော်ကားတယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲ့သည်တော့ ကျွန်တော်တို့ပေးပြီးသားကတိ၊ နားလည်ပြီးသား သဘောတူညီချက်တို့ကို တောင်တန်းနယ်က ကိုယ်စားလှယ်တွေဟာ တိုင်းပြည်ပြု လွှတ်တော်ထဲရောက်တဲ့အခါ သေသေချာချာ နားလည်စေချင်တာက ဘယ်နည်းနှင့်မျှ ကျွန်တော်တို့ ဗမာလူမျိုးစုဖြစ်တဲ့လူတွေဟာ ခင်ဗျားတို့ကို အတင်း အားဖြင့် ကျွန်တော်တို့ပြည်ထောင်စုထဲမှာ မသွင်းပါဘူး။ သဘောမတူဘဲ မနေနိုင်တဲ့ အခြေအနေမျိုးကို လက်တစ်လုံးခြားလိမ်တဲ့နည်းနဲ့လည်း ကျွန်တော်တို့ မလုပ်ပါဘူး ဆိုတာ အတိအလင်းနားလည်စေချင်ပါတယ်။

ဒီနေရာမှာ ကျွန်တော်ထပ်ရှင်းချင်တာက တစ်နေ့တုန်းက ကျွန်တော်တို့ဆီကို စာတစ်စောင် ရောက်လာပါတယ်။ အမှန်စင်စစ်က ကျွန်တော်တို့ တောင်တန်းနယ်ဆိုင်ရာဌာန ညွှန်ကြားရေးဝန်က သူ့ဖွာသာ အနေသာချည်း၊ မြင်းကမလှုပ်၊ ခုံကလှုပ်တာလား။ ဒါတော့ ကျွန်တော်မပြောတတ်ဘူး။ သို့သော်လည်း တစ်ဆင့်ကနေပြီးတော့ တောင်တန်းဒေသဆိုင်ရာကိစ္စတွေနှင့်ပတ်သက်ပြီး တိုင်းပြည်ပြုလွှတ်တော်မှာ ဆွေးနွေးတဲ့အခါမှာ အင်မတန် စိုးရိမ်ကြောင့်ကျနေတဲ့အကြောင်း စာတစ်စောင်ရပါတယ်။ ဒီတိုင်းပြည်ပြုလွှတ်တော်ရုံးကလည်း ရသလားမပြောတတ်ဘူး။

အဲ့ဒီစာထဲမှာ ဘာပါလဲဆိုရင် ကျွန်တော်မှတ်သိသလောက်ပြောရရင် တောင်တန်းနယ်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဆုံးဖြတ်တဲ့အခါ ဆိုင်ရာဆိုင်ရာနယ်ရဲ့ကိုယ်စားလှယ်များ စုရုံးသဘောတူညီချက်မရဘဲနှင့် တိုင်းပြည်ပြုလွှတ်တော်ကနေပြီး မဆုံးဖြတ်နိုင်ဘူးဆိုတာ ကျွန်တော်တို့အကြံပေးတဲ့အတိုင်း ထည့်ခဲ့ခြင်းဖြစ်ပါ

တယ်။ အဲ့သည်မှာဆိုရင် ကိုယ်စားလှယ်တွေ အချင်းချင်းဘဲ လူများစု လူနည်းစု မဖြစ်ဘဲနှင့် သဘောကွဲလွဲနေတဲ့နေရာမှာ ညီတူမျှတူ သဘောကွဲလဲနေကြလျှင် ဘယ်လိုနည်းနှင့် တိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဆုံးဖြတ်မှာလဲဆိုတဲ့ ဒီမေးခွန်းကို တောင်တန်းနယ်ဆိုင်ရာကိုယ်စားလှယ်တွေဟာ ဒီကိုတော့ လာမမေးကြဘူး။ သို့သော်လည်း မဆိုင်တဲ့ တောင်တန်းနယ်ဆိုင်ရာ ဌာနညွှန်ကြားရေးဝန်ကနေပြီး နှိုးဆော်ချက်အရ ဘုရင်ခံမင်းကြီးကနေပြီး စိတ်ပူပြီးမေးတယ်။ ကျွန်တော့်သဘောမှာ ဒါဟာ နည်းလမ်းစည်းကမ်း မမှန်ဘူးလို့ယူဆတယ်။ ဘာဖြစ်လို့လဲဆိုရင် ယခုပြောဆိုနေခြင်းဟာလည်း တောင်တန်းနယ် ဆိုင်ရာကိုယ်စားလှယ်များကနေပြီး တော့ အင်္ဂလိပ်သွားကပ်တယ်လို့ ကျွန်တော် မဆိုလိုပါဘူး။ သို့သော်လည်း ဒီတိုင်းပြည်ပြုလွှတ်တော်က ဆုံးဖြတ်တဲ့ကိစ္စမှာ အင်္ဂလိပ်ရဲ့အကာအကွယ်ကို ငါတို့တော့ဖြင့်ယူမှ ချမ်းသာရာရမယ်လို့ထင်လျှင် ကျွန်တော် ရှင်းရှင်းဘဲ ပြောချင်ပါတယ်။ အင်္ဂလိပ် အမှန်စင်စစ် အနေးနှင့်အမြန် သူ့လက်အောက်ခံ တိုင်းနိုင်ငံတွေက ထွက်သွားရတော့မှာဘဲ။ ဘယ်လိုပဲဖြစ်ဖြစ် သည်လိုဖြစ်နေပြီး ကမ္ဘာ့အလားအလာကြီးထဲမှာ ဒီလိုစိတ်ထားရှိတဲ့သူတွေဟာ ကိုးကွယ်ရာ ဘယ်နည်းနှင့်မျှ ရှိနိုင်မည် မဟုတ်ဘူးဆိုတာ ကျွန်တော်သတိပေးလိုက်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော် အကြောင်းပြောရရင် ဘယ်အင်္ဂလိပ်ရဲ့ အကူအညီနှင့်မျှ သည်တိုင်းပြည်ပြုလွှတ်တော်ကိုလာပြီးတော့ ဩဇာမပေးနိုင်ဘူးဆိုတာ သိစေချင်ပါတယ်။ ဒီတိုင်းပြည်ပြုလွှတ်တော်မှာ တောင်တန်းဆိုင်ရာကိစ္စတွေကို စဉ်းစားဆွေးနွေးတဲ့အခါမှာ ခင်ဗျားတို့ သက်ဆိုင်ရာတောင်တန်းနယ်ကိုယ်စားလှယ်အချင်းချင်း ဘယ်သူ့ဘယ်သူမှ မဲမသာဘဲနဲ့ တူနေကြတယ်ဆိုရင် ဒီလွှတ်တော်ထဲမှာ ဖဆပလအမတ်များဆုံးဖြတ်တဲ့အတိုင်း အများဆုံးအဖွဲ့ရဲ့ခေါင်းဆောင်အဖြစ်နဲ့ ကျွန်တော်တို့ တည့်တည့်လင်းလင်း သတိပေးလိုတာက ခင်ဗျားတို့အချင်းချင်း အဲဒီလို ဘယ်သူ့မှ မဲမသာဘဲနှင့် မဲပြိုင်နေကြတဲ့အခါမှာ ကျွန်တော်တို့ ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီးတော့ အတင်းဖိပြီးတော့ မဆုံးဖြတ်စေပါဘူးဆိုတာကို ကျွန်တော် ကတိပေး ပေးပါတယ်။

အဲ့ဒီတော့ တောင်တန်းနယ်ဆိုင်ရာကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ စေတနာဟာ အင်မတန် ရှင်းရှင်းထားပါတယ်။ ကျွန်တော်တို့ တင်သွင်းတဲ့အဆိုပြီးတဲ့နောက် ဆက်လက်ပြီးတော့ကာ ပြည်ထောင်စုဖွဲ့စည်းတဲ့နေရာမှာ၊ ပြည်ထောင်စုထဲပါချင်တဲ့ ပြည်နယ်တွေဟာ ဘယ်လိုအချက်အလက်တွေ ဘယ်လိုအခွင့်အရေးတွေ ဘယ်လိုအခြေခံတွေ အဲ့ဒီလို အချက်အလက်တွေအရ စုပေါင်းသင့်တယ်ဆိုတဲ့ ကိစ္စတွေ ဆွေးနွေး

တဲ့အခါမှာ ကျွန်တော်တို့တင်သွင်းတဲ့အဆိုတွေ ကျွန်တော်တို့တင်သွင်းတဲ့ အကြံဉာဏ်တွေ ဒါတွေကို သဘောမကျလို့ရှိရင် သဘောမကျတဲ့အတိုင်း တောင်တန်း နယ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်တွေဟာ သဘောရှိ ဗမာပြည်နှင့် မပေါင်းဘဲ နေချင်နေနိုင်တယ်။ ဒါ ကျွန်တော် ယနေ့ဒီတိုင်းပြည်ပြုလွှတ်တော်ထဲမှာ ဒီစကားကိုပြောခြင်းပဲ။ ကျွန်တော်တို့ စိတ်စေတနာကို ဘယ်လောက်ထိအောင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားထားတယ်ဆိုတာကို သိစေချင်လို့ ပြောဆိုခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့တစ်ချက် ဒီလိုခင်ဗျားတို့သဘောမတူ လို့ရှိလျှင် မပါချင်နေလို့ ပြောတဲ့နေရာမှာလည်း နယ်ချဲ့သမားတွေကို တစ်ဘက် ကနေပြီးတော့ကာ မပါချင် နေပါကွာဆိုပြီးတော့ မပါဘူးလို့ ထင်တဲ့အခါကျတော့ တစ်ဘက်ကဝင်ပြီးတော့ မရှုပ်ဘူး။ သို့သော် ကျွန်တော်တို့အမြင်တော့ရှိတယ်။ ဘယ်နိုင်ငံ ဘယ်နယ်မှာဖြစ်ဖြစ် ယခုခေတ်မှာ ဒီတိုင်းနိုင်ငံမှာ ကမ္ဘာကြီးမှာ ဖြစ်နေတဲ့ဝါဒနဲ့ ကမ္ဘာကြီးမှာ ဒီမိုကရေစီသဘောထား မထားနိုင်တဲ့နယ်ဟာ အနေးနှင့်အမြန် အဲ့ဒီနယ်မှာရှိတဲ့လူတွေ နိုးကြားထကြွလာပြီး ဒီလိုကမ္ဘာကြီးရဲ့ သဘောတရားတွေနှင့် ဖြစ်ပျက်နေတဲ့ ခေတ်သဘောတရားတွေနှင့် ဆန့်ကျင်ဘက်သဘောတရားတွေကို တွန်းလှန်ပစ်ကြမှာပဲဆိုတာ ကျွန်တော်နိမိတ်ဖတ်ထားချင်ပါတယ်။ အဲ့ဒီတော့ ဒီလိုကျွန်တော်တို့သည် နားလည်ထားတဲ့အတိုင်း ကျွန်တော်တို့နှင့်အတူတူပါပြီး မလုပ်ချင်ဘူးဆိုလျှင် ကျွန်တော်တို့ အတင်းမတိုက်တွန်းပါဘူး။ အဲ့သည်လို မပါပါအောင်ဆိုပြီးတော့ ကရင်စကားဘဲလို့ထင်တယ်။ အတင်း နသားပါးယား လုပ်တဲ့နည်းမျိုးလည်း ကျွန်တော်တို့မလုပ်ပါဘူး။ အဲ့ဒါကို တည့်တည့်လင်းလင်း တောင်တန်းနယ်ဘက်က ကျွန်တော်တော့မိတ်ဆွေများကို ကျွန်တော် နားလည် စေချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုလျှင် ကျွန်တော်တို့ အင်မတန်ရှင်းရှင်းလင်းလင်း သဘောထားနေတဲ့အထဲက နေပြီးတော့ ရှုပ်အောင်လုပ်နေကြတဲ့လူတွေက ယခုတလောမှာ တော်တော်များနေတော့ ဒါကို ရှင်းသည်ထက်ရှင်းအောင် ထပ်ပြီးပြောရခြင်းဖြစ်ပါတယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို ပြောသလိုပဲခင်ဗျာ။ အဲ့သည်လို ရှင်းရှင်းပြောတာကိုပဲ သူတို့စိတ်ထဲမှာ ရှုပ်နေတယ်ဆိုတော့ အဲ့တာတော့ မတတ်နိုင်ဘူး။

အဲ့ဒီတော့ ပြည်ထောင်စုနိုင်ငံတော်မှာ ဘယ်နယ်တွေပါရမည်ဆိုတာ ကျွန်တော်တို့ အဲ့ထဲမှာ ထည့်ထားတာလည်း မရှိသေးပါဘူး။ ပါချင်တဲ့လူတွေမှပါကြ။ အဓိပ္ပါယ်က နယ်ကိုသတ်မှတ်မထားဘဲ နှင့် ပြည်ထောင်စုနိုင်ငံတော်လို့ သာမညထည့်ထားခြင်းဖြစ်ပါသည်။

နောက်ပြီး အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံတော်လို့ဆိုရခြင်းဟာ လွတ်လပ်တယ် ဆိုတဲ့ အဓိပ္ပါယ်ကို ကျွန်တော်သိပ်ပြီးတော့ ရှင်းပြနေစရာမလိုပါဘူး ထင်ပေမယ့် ဘာပြု လို့ အချုပ်အခြာအာဏာ (Sovereign Power) အချုပ်အခြာအာဏာရှိရမယ်လို့ ထပ်ပြီး ပါရသလဲဆိုရင် အချုပ်အခြာအာဏာဆိုတာ သဘောတရားအမျိုးမျိုးရှိပါတယ်။ အမှန် ကတော့ (State) နိုင်ငံတော်ဆိုကတည်းက အချုပ်အခြာအာဏာဟာ အကြုံးဝင် ပြီးသား ဘဲ။ ဒီသဘောတရားနှင့် ရှိတဲ့ဟာလည်း ရှိပါတယ်။ သို့သော် ဒီနိုင်ငံတော်ဆိုပေမည့် အား မရမကျေနပ်သေးဘဲနှင့် အချုပ်အခြာ အာဏာပိုင်တဲ့ နိုင်ငံဆိုမှသာလျှင် ပြည့်စုံ လောက် တဲ့ သဘောတရားမျိုးလည်း ရှိပါတယ်။

ပဥ္စမ သဘောတရားကတော့ကာ (Theory) စာသဘောလောက်သာ ဖြစ်ပါတယ်။ ဒုတိယသ ဘောကတော့ လက်တွေ့ဖြစ်တဲ့သဘောတရားပါဘဲ။ ဘယ်လိုလက်တွေ့ဖြစ် တဲ့ သဘောတရားမျိုးတွေ ဘာလဲ ဆိုရင် ဒီလွတ်လပ်တဲ့နိုင်ငံတော်ဆိုပြီးတော့ ဖွဲ့စည်း တည်ထောင်လိုက်ကြတဲ့ နိုင်ငံတော်အသီးသီးတို့ ရှိကြပေမည်။ အချုပ်အခြာအာဏာ နှင့် ပြည့်စုံတဲ့နိုင်ငံတော် (Sovereign State) အချို့နိုင်ငံတွေကတော့ အဲ့ဒီလိုမဟုတ်ဘဲ နှင့် ပြည်ထောင်အချင်းချင်းဆက်သွယ်တဲ့ နိုင်ငံရေးစကားမှာဆိုလျှင် (Vassal State) လို့ ဆိုခံရပါတယ်။ (Vassal) ဆိုလို့ရှိတာက တပည့်ကျွန်နိုင်ငံတွေသဘောမျိုးဘဲ။ ကျွန်ပေ မယ့်လို့ (Colony) လည်း မဟုတ်ဘူး။ သူ့ဘာသာသူ သူ့မင်းနှင့်သူချင်းနှင့်၊ သူ့အစိုးရနှင့် ဘဲ အပြင်ပန်းအားဖြင့်တော့ လွတ်လပ်တယ်။ သို့သော်လည်း နိုင်ငံကြီး တစ်နိုင်ငံရဲ့ သြ ဇာလွှမ်းမိုးမှု၊ ချုပ်ခြယ်မှုကို အထူးတလည်ခံနေတဲ့ နိုင်ငံဖြစ်လို့ (Vassal State) လို့ ခေါ် တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံကြီးနှစ်နိုင်ငံအကြားမှာ နယ်နိမိတ်ခြားပေးရုံ လောက်ဖြစ်တဲ့ (Buffer State) မျိုးလို နယ်ခြားနိုင်ငံကလေးမျိုးလည်း မဖြစ်ချင်ဘူး။ နောက်ပြီးတော့ နိုင်ငံကြီးတစ်နိုင်ငံရဲ့သြဇာလွှမ်းမိုးမှု အထူးတလည်ခံရတဲ့ (Vassal State) မျိုးလည်း မဖြစ်ချင်ဘူး။ ကျွန်တော်တို့ ဖြစ်ချင်တာကတော့ ဆန်မရှိ သောက်စားကြီးပဲ ခေါ်ခေါ် ကျွန်တော်တို့ ဖြစ်ချင်တဲ့နိုင်ငံကတော့ လွတ်လပ်ပြီး အချုပ် အခြာအာဏာပိုင် တဲ့ နိုင်ငံတော် ဖြစ်ချင်တယ်။

အဲ့သည်နိုင်ငံဖြစ်တဲ့အခါမှာလည်း ကျွန်တော်တို့နိုင်ငံတော်မှာ သမ္မတစနစ်အားဖြင့် ဖွဲ့စည်း ရမည်။ တခြားစနစ်အရဖွဲ့စည်းတာကို ကျွန်တော်တို့မလိုလားဘူး။ သမ္မတစနစ် ဆိုတာ ဟာ ကျွန်တော်တို့ ဒီခေတ်ဒီအခါကျမှသာလျှင် ကျွန်တော်တို့ ဗမာစာမှာပေါ်လာတဲ့စကား

ပါ။ ဘာဖြစ်လို့လဲဆိုလျှင် တစ်တိုင်းပြည်လုံးကို တစ်နိုင်ငံလုံးကို မင်းလုပ် အုပ်ချုပ်ရမည့် ပုဂ္ဂိုလ်ကို (၄) နှစ် တစ်ကြိမ်ဖြစ်စေ၊ (၅) နှစ် တစ်ကြိမ်ဖြစ်စေ၊ (၁၀) နှစ် တစ်ကြိမ်ဖြစ်စေ စသည်အားဖြင့် အဲ့ဒီလိုရွေးကောက်တင်မြှောက်တယ် ဆိုတဲ့ ထုံးစံဟာ ယခုသည်ဘက် ခေတ်တွေကျမှ ပေါ်လာတဲ့စနစ်မျိုးဖြစ်ပါတယ်။

အဲ့သည်တော့ ကျွန်တော်တို့ အဖို့မှာတော့ (မင်း) ဆိုလို့ရှိလျှင်၊ တိုင်းသူပြည်သား လုပ်တဲ့ လူတွေက အရမ်းလွတ်ထားအပ်တဲ့လူတွေမဟုတ်ဘူး။ အချုပ်အခြာ ရှိတန်သလောက် ရှိသင့်တယ်။ အမှန်စင်စစ် နိုင်ငံတော်မှာရှိတဲ့ အချုပ်အခြာအာဏာကို ပိုင်တဲ့လူတွေဟာ ဘယ်သူတွေ ဖြစ်ရမလဲ ဆိုလို့ရှိရင်၊ ကျွန်တော်တို့ ယုံကြည်ယူဆချက်ကတော့ နိုင်ငံတော်သူ နိုင်ငံတော်သားတို့ဟာ အဲ့သည်လို ပိုင်ဆိုင်တဲ့ လူတွေကနေပြီး လွှဲပေးလို့သာ (မင်း) အစိုးရတို့ဆိုတာ ပေါ်လာရခြင်းဖြစ်ပါတယ်။

အဲ့သည်လိုလွှဲပေးတဲ့အတိုင်း (မင်း) တို့၊ အစိုးရတို့အပေါ်လာတဲ့အခါမှာ အဲ့ဒီ (မင်း) တို့ အစိုးရတို့ဟာ အချုပ်အခြာအာဏာကို ပိုင်ထားတဲ့ နိုင်ငံသူနိုင်ငံသားတွေက မလိုချင်တဲ့ အခါမှာ မလိုတဲ့အလျောက် တားဆီးနိုင်တဲ့ အခြေအနေမျိုးရှိရမယ်။ အဲ့သည်တော့ ကျွန်တော့် အဖို့မှာဆိုလို့ရှိလျှင် ဗမာနိုင်ငံအတွက် လိုလားအပ်တဲ့စနစ်ဟာ အချိန်အခါ အလျောက် ရွေးကောက်တင်မြှောက်တဲ့ သမ္မတစနစ်ကိုသာလျှင် ကျွန်တော်တို့ လိုလားတဲ့ အတိုင်း ဒီတိုင်းပြည်ပြုလွှတ်တော်မှာ အဆိုသွင်းတဲ့အခါမှာ သမ္မတနိုင်ငံဆိုတဲ့ စာလုံးကို သွင်းထားခြင်းဖြစ်ပါတယ်။

အဲ့ဒီတော့ ပဌမအပိုဒ်ဆိုလျှင် "နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် မြန်မာ ပြည်ထောင်စုနိုင်ငံဟု ခေါ်တွင်သော လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဖြစ်စေရမည်"။ ဒီအဓိပ္ပါယ်ကတော့ ကျွန်တော်တို့တိုင်းပြည် ကို လွတ်လပ်တဲ့အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံအဖြစ်ကြေငြာမည်။

အဲသည်နိုင်ငံဟာလည်း သမ္မတနိုင်ငံဖြစ်ရမည်။ သမ္မတစနစ်အရ ဖွဲ့စည်းထားတဲ့ နိုင်ငံတော် ဖြစ်ရမယ်ဆိုတဲ့မူတွေကို ထည့်ထားပါတယ်။ ဒီနိုင်ငံတော်ဟာလည်း ပြည်ထောင်စု နိုင်ငံတော်ဖြစ်ရမည်။

ဒုတိယအပိုဒ်ဖြစ်တဲ့ "ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သတ်မှတ် ဖော်ပြသည့် တစ်သီးပုဂ္ဂလပြည်နယ်များပါဝင်စေလျက်" အဲဒါက ကျွန်တော် တို့သည် ပြည်ထောင်စုထဲမှာ ဘယ်နယ်ဘယ်နယ်တွေပါမလဲဆိုတာကို သတ်မှတ်ရမည်။ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေတွေ ရေးဆွဲတဲ့အခါမှာ ဘယ်နယ်ဘယ်နယ်တွေ ပါမယ် ဆိုတာကို သတ်မှတ်ရမည်။ အခု မသတ်မှတ်ရသေးဘူး။ ပါချင်တဲ့ နယ်တွေသာ သတ်မှတ် ရမည်။ အခု မသတ်မှတ်ရသေးဘူး။ ပါချင်တဲ့နယ်မှ ပါကြပါဆိုတာ ရှင်းပါတယ်။ "သို့ သတ်မှတ်ဖော်ပြထားသည့် တစ်သီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများ ရှိစေ ရမည်"။

ထိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ နောက်ကျွန်တော်တို့အချင်းချင်း ဆွေးနွေးတိုင်ပင် ညှိနှိုင်း ဆုံးဖြတ်ပြီးတဲ့နောက် သတ်မှတ်ဖော်ပြထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများ လည်း ရှိလိမ့်မယ်။ အဲ့သည်တော့ ဒီကိစ္စမှာ ရှင်းရှင်းနားလည်ချင်တာက ဒီလိုပြည်ထောင်စု နိုင်ငံတော်ထဲမှာ တစ်သီးပုဂ္ဂလ ပြည်နယ်များဟာ ဘယ်ပြည်နယ်တွေလဲဆိုတာ ဒီအထဲ မှာ မပါသေးဘူး။ ဘယ်နယ်တွေက ပါချင်လို့ ဘယ်နယ်တွေက မပါချင်ဘူးဆိုတာ နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ပြည်နယ်များဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများ ရှိစေရမယ်ဆိုတဲ့အတိုင်း အဲ့ဒီကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာတွေကို သတ်မှတ်ဖို့လိုသေးတယ်။ အထူးသဖြင့် တောင်တန်းနယ်ပယ် ကိုယ်စားလှယ် များနှင့် တိုင်ပင်ဆွေးနွေးပြီး လုပ်ရမည့်ကိစ္စဖြစ်ပါတယ်။

အဲ့သည်လိုလုပ်ပြီးမှ သဘောတူသည်ဖြစ်စေ၊ နောက်ဆုံး ဆုံးဖြတ်ချက်ချသည်ဖြစ်စေ၊ အဲ့ သည်လို ဆုံးဖြတ်ကြတဲ့အခါမှာ သတ်မှတ်ဖော်ပြထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ များကို သဘောတူကျေနပ်လို့ ဝင်လာတဲ့ ပြည်နယ်များသာပါလိမ့်မယ်။ ပြည်ထောင်စုနိုင်ငံ ဆိုပြီး အဲ့သည်လိုသဘောလောက်သာ ထည့်ထားတယ်။ ဘယ်နယ် ကိုမှ ကျွန်တော်တို့ ဘယ်နယ်ကိုမှ အတင်းထည့်တာမဟုတ်ပါဘူး။

"အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင် ဖြစ်သည့် ပြည်နယ်များနှင့်အစိုးရ အဖွဲ့အစည်းများအားလုံးတို့၏ အခွင့်အာဏာဟူသမျှ တို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည်" ဒါကတော့ ကျွန်တော်ယခုတွင်က

ပြောခဲ့တဲ့အတိုင်း လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံတော်လို့ ဖွဲ့စည်းလိုက်တဲ့အခါမှာ အဲ့ဒီနိုင်ငံတော်ပိုင်တဲ့၊ အဲ့ဒီနိုင်ငံတော်လက်ထဲမှာရှိတဲ့ အချုပ်အခြာ အာဏာဟာ ဘယ်သူတွေရဲ့ လက်ထဲမှာ ဘယ်သူတွေကသာလျှင် ပိုင်ဆိုင်သင့်တယ်ဆိုတဲ့ ပြဿနာသဘောတရားကို ကျွန်တော်တို့ ဖြေရမယ်ဆိုလို့ရှိရင် တိုင်းသူပြည်သား တွေကသာလျှင် မူလယေဘုယျအားဖြင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ပိုင်တဲ့လူတွေ ဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆတယ်။ ယုံကြည်တယ်။

ရာဇဝင်ကြောင်း လိုက်ကြည့်။ ဗမာရာဇဝင်ကြောင်းကို ကြည့်မလား၊ ကမ္ဘာ့ရာဇဝင်ကြောင်းကိုပဲ ကြည့်ကြည့်၊ ဘယ်လိုပဲကြည့်ကြည့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတွေဆိုတာ မူလဘူ တလိုက်ကြည့်မယ်ဆိုလျှင် တိုင်းသူပြည်သားတွေလက်ထဲမှာ ရှိတယ်ဆိုတာကို တွေ့ရပါလိမ့်မည်။ ကျွန်တော်တို့ အယူအဆမှာဆိုလျှင် ကမ္ဘာအစ သမ္မတမင်းကဆိုတဲ့ အတိုင်း သမ္မတမင်းကို လူတွေကတင်မြှောက်ခဲ့တာဘဲ။ အဲ့ဒီအတိုင်း ရှေ့လျှောက်ပြီး ဖြစ်ရမှာပဲ။ အဲ့ဒီအတိုင်း ကျွန်တော်တို့ဟာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ် များနှင့်အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည် ဆိုလိုခြင်းဖြစ်ပါသည်။

အဲ့ဒီတော့ဒီသဘောကို ကျွန်တော်တို့ချထားလိုက်တဲ့အခါ မြန်မာနိုင်ငံတော်ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲတဲ့အခါမှာ တိုင်းသူပြည်သားတွေဆီက အခွင့် အာဏာရတယ်ဆိုတဲ့ အချက်အလက်တွေဆိုလို့ရှိရင် မပါဘူးဆိုတဲ့အဓိပ္ပါယ်ဘဲ။ ဘယ်အချက်ဟာဖြင့် ဒီမူနှင့်ဆန့်ကျင်နေမည်။ မဆန့်ကျင်ဘူးဆိုတာ အသေးစိတ်ကျမှဘဲ ဆွေးနွေးကြည့်နိုင်မယ်။

အမှတ် (၃) အချုပ်အခြာအာဏာဟာ တိုင်းသူပြည်သားတွေ လက်ထဲမှာရှိတယ်ဆိုတဲ့ သဘောတရားကို အခြေခံထားခြင်းဖြစ်ပါတယ်။

(၄) ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌ လည်းကောင်း၊ စီးပွားရေး၌လည်းကောင်း၊ နိုင်ငံရေး၌လည်းကောင်း၊ တရားမျှတမှုရှိစေ လျက်သည် ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေရေးဆွဲဖို့ စီစဉ်တဲ့အခါမှာ လူမှုရေးရာ၌လည်းကောင်း၊ စီးပွားရေးရာ၌လည်းကောင်း၊ နိုင်ငံရေးရာ၌ လည်းကောင်း တရား

မျှတမှုရှိအောင် ဖန်တီးထားရတယ်။ အဓိပ္ပါယ်က လူမှုရေးရာ၌ တရားမျှတမှု ရှိစေရမယ်ဆိုတဲ့ အဓိပ္ပါယ်က ကျွန်တော်တို့အလုပ်သမားနှင့် အလုပ်ရှင်ကိစ္စတွေ၊ လယ်သမားနှင့် လယ်ရှင် ဆက်ဆံတဲ့ကိစ္စမျိုးတွေ အစရှိသည်အားဖြင့် လူအချင်းချင်း ပေါင်းသင်းဆက်ဆံ တဲ့ကိစ္စမျိုးတွေ တစ်ယောက်နှင့်တစ်ယောက် တန်းတူအခွင့်အရေး ရအောင် စီမံဖန်တီးထားဘို့လိုတယ်ဆိုတဲ့ သဘောပါဘဲ။

စီးပွားရေး၌ဆိုလို့ရှိရင် တစ်ဘက်စီးနင်းအားဖြင့် လုပ်နိုင်တဲ့အခြေအနေတွေကို ဖယ်ရှင်းပြီးတော့ စီးပွားရေး၌ အလုပ်တူလျှင် အဲ့ဒီအတိုင်း အခွင့်အရေးအတူတူ ဖြစ်နိုင်သမျှဖြစ်အောင်ဆိုတဲ့ သဘောကို စီမံဖန်တီးပေးထားရန်ဖြစ်ပါတယ်။ နိုင်ငံရေးမှာလည်း တရားမျှတဖို့လိုတယ်။ နိုင်ငံရေးမှာဆိုလို့ရှိရင် ဘယ်သူကတော့ဖြင့် မဲမရထိုက်ဘူး။ ဘယ်သူကတော့ဖြင့် မဲရထိုက်တယ် စသည်ဖြင့် နိုင်ငံရေးညှဉ်းဆဲမှု တွေ ချုပ်ခြယ်မှုတွေ မရှိစေရဘူး။ နောက်ပြီးတော့ ဘယ်သူဟာ ဘယ်ရာထူးမျိုးကို မရစေရဘူး။ ဘယ်သူသာလျှင် ရရမယ်ဆိုတဲ့ ချုပ်ခြယ်မှုတွေဟာ နိုင်ငံရေးတရားမျှတမှုကို ထိခိုက်တယ်။

အဲ့သည်တော့ နိုင်ငံရေးမှာ နိုင်ငံသူနိုင်ငံသားဖြစ်တဲ့သူတိုင်း မိမိတို့အရည်အချင်းကြောင့် အခွင့်အရေးရသွားနိုင်ဖို့ပါဘဲ။ အားလုံးရရင်လည်း အားလုံးရဖို့၊ ဒီသဘောမျိုးနှင့် တရားမျှတမှုရှိရမယ်။ နောက် အဆင့်အတန်း (Equality of status) အဆင့်အတန်းမှာလည်း တူညီရမယ်။ အဆင့်အတန်းမှာ တူညီရမယ် ဆိုတဲ့သဘောကတော့ သူဌေးရယ်၊ ဆင်းရဲသားရယ်၊ ဘာရယ် အစရှိသဖြင့် ဒီလိုကွဲခြားထားတာ မရှိဘဲနဲ့ သူဌေးရယ်၊ ဆင်းရဲသားရယ်ဆိုတာက ပစ္စည်းအခြေအနေအလျောက် ရှိနေတုန်းရှိပေမည်။ အဆင့်အတန်း မှာဆိုလို့ရှိရင် တူညီစေရမယ်။ အဆင့်အတန်းမှာ တူညီစေရမယ်ဆိုတဲ့သဘောဟာ ကျွန်တော်တို့နေရာမှာ ဘဲဖြစ်ဖြစ်၊ သူဌေးဆိုရင်တော့ ဘယ်လိုပိုပြီးတော့ အခွင့်အရေးရမယ်၊ ဆင်းရဲသားဆိုရင်တော့ ဘယ်လိုမရဘူး စသည်ဖြင့် သည်လိုမရှိစေရဘဲနှင့် အဆင့်အတန်းတွင် အားလုံးဆူကြုံနိမ့်မြင့်မရှိ၊ ပကတိတူညီစေရ မယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။

နောက်အခွင့်အရေး (Equality of opportunity) အခွင့်အရေးမှာလည်း တန်းတူရမယ်ဆိုတဲ့ အဓိပ္ပါယ်က ပညာသင်ကြားကြတဲ့နေရာမှာ ဥပမာဆိုရင် ဉာဏ်အရည်အချင်းအတူတူ ဖြစ်လို့ရှိလျှင် ဉာဏ်ရှိသလောက် သူ့ပညာအလိုက်ရလို့ အခွင့်အရေးဟာလည်း ရှိသင့်တယ် ဆိုတဲ့ သဘောမျိုးဘဲ။ ဆင်းရဲတဲ့သူတော့ ဆင်းရဲတယ်ဆိုလို့ အခွင့်အရေး

မရဘူး။ ချမ်းသာတဲ့ လူသာလျှင် အခွင့်အရေးရမယ်ဆို တဲ့ ဒီလိုသဘောမျိုး မဟုတ်ဘဲနှင့် အားလုံး အခွင့်အရေးမှာ (Opportunity) အခွင့်အရေးပေးတဲ့နေရာမှာ မယူတတ်လျှင် ယူတတ်တဲ့လူမှန်သမျှ အချုပ်အခြယ်မရှိဘဲနှင့် ယူနိုင်တဲ့အခွင့်အရေး ရှိရမည်ဆိုတဲ့ သဘောတရားသာ ဖြစ်ပါတယ်။

နောက်ဥပဒေသက်ရောက်မှု (Before the law) ၊ ဥပဒေသက်ရောက်မှုမှာ တူညီရမယ်ဆိုတဲ့ သဘောကတော့ ဥပဒေရှေ့မှောက်၌ ဘယ်သူမဆို သမ္မတပဲဖြစ်ဖြစ်၊ တောသားပဲဖြစ်ဖြစ် ဥပဒေစည်းကမ်းကို ဖောက်ဖျက်လို့ရှိရင် ဖောက်ဖျက်တဲ့အလျောက် အပြစ်ဒဏ်ခံရလိမ့်မည်။ ကောင်းတာလုပ်လို့ ရှိရင်လည်း ကောင်းတဲ့အလျောက် ဥပဒေရဲ့ချီးမြှင့်ခြင်းကိုခံရမယ်။ သည်လို ဥပဒေရှေ့မှောက်မှာဆိုလျှင် ဘယ်သူမဆို (မင်း) ဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ်၊ သူဌေးသားဖြစ်ဖြစ် အားလုံးဟာ တန်းတူဖြစ်ရမယ်ဆိုတဲ့ သဘောပဲ။

အဲ့ဒီလို လူမှုရေးရာ၌လည်းကောင်း၊ စီးပွားရေးရာ၌လည်းကောင်း၊ နိုင်ငံရေးရာ၌ လည်းကောင်း၊ တရားမျှတမှုရှိစေလျက် အခွင့်အရေးဥပဒေသက်ရောက်မှုတို့တွင် ဆူကြုံနိမ့်မြင့်မရှိ ပကတိ တူညီစေရမည့်အပြင် တရားဥဒေနှင့်သော်လည်းကောင်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း၊ မဆန့်ကျင်သမျှ လွတ်လပ်စွာကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခိုင်အလုံသတ်မှတ်ထား ရှိစေရမည်။

ဒါကတော့ ကျွန်တော်တို့ ပြည်သူ့လွတ်လပ်ရေးပါရမည်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ အဲ့အထဲမှာ အကျဉ်းရုံးပြီး လွတ်လပ်စွာကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်လို့ ဆိုထားပါတယ်။ နောက် ကျွန်တော်တို့ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲတဲ့အခါကျလျှင် သည့်ထက်ပိုပြီးတော့ ကျကျနနနှင့် ရှင်းရှင်းလင်းလင်း ကျွန်တော်တို့ရေးရပါလိမ့်မယ်။ ဒီတော့မှ အကျဉ်းမျှနှင့် ဘယ်လို အခွင့်အရေးမျိုးတွေနှင့် လူတိုင်း လူတိုင်းရှိထိုက်တဲ့အခွင့်အရေးမျိုးတွေလည်း ပေးထား ရမယ်ဆိုပြီးတော့ ညွှန်ကြားခြင်းမျှဖြစ်ပါ တယ်။

အဲ့ဒီလို ညွှန်ကြားတဲ့နေရာမှာ ဒီလိုလွတ်လပ်မှုတွေကို ပေးတဲ့နေရာမှာ (Subject to law & Public morality) တရားဥပဒေနှင့်သော်လည်းကောင်း၊ အများပြည်သူတို့၏ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း မဆန့်ကျင်သမျှ၊ ကျွန်တော်တို့ နောက်ကျလို့ရှိရင် တိုင်းပြည်ကလူတွေက တင်မြှောက်လိုက်တဲ့ လွှတ်တော်တို့၊ အဲ့ဒီလွှတ်တော်က လုပ်ထားတဲ့ဥပဒေ၊ နောက်ပြီးတော့ ဥပဒေမလုပ် ပေမည့် ကျွန်တော်တို့ လူ့ထုံးစံမှာ မလုပ်အပ်တဲ့သဘောတရားတွေ ရှိသေးတယ်။ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း၊ မဆန့်ကျင်သမျှ၊ ဥပမာဆိုလို့ရှိရင် လွတ်လပ်ရေးရပြီဆိုပြီးတော့ လွတ်လပ်စွာပြုမူ ဆောင်ရွက် ပိုင်ခွင့်ရှိတယ်ဆိုပြီးတော့ လူတစ်ယောက်နေပြီး ကိုယ်တုံးလုံးနှင့် လမ်းမှာပေါ်သူလျှောက်ပြီးတော့ ပြေးချင်တိုင်းပြေးလို့ မဖြစ်နိုင်ဘူးဆိုတာဟာ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့် ဆန့်ကျင်နေတယ်။

အမှန်မှာတော့ ဒီလိုသတ်မှတ်ထားတာမရှိဘူးဆိုရင်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်အတိုင်း ဆိုလျှင် ကျွန်တော်တို့ကြည့်နေရမယ်။ ဘာဖြစ်လို့လဲဆိုလျှင် ဘယ်သူမှလည်း သွားမထိခိုက်ဘူး၊ သူ့ဟာသူ လွတ်လွတ်လပ်လပ်နှင့် ပြုမူဆောင်ရွက်ပိုင်ခွင့်အတိုင်း လုပ်တာဖြစ်နေတယ်။ ဒီလိုဟာမျိုးမှာ အဲ့ဒီလို တရားလွန်လာတဲ့ကိစ္စမျိုးတွေကျတော့ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့် ဆန့်ကျင်လျှင် ကျွန်တော်တို့ စဉ်းစားကြည့်ရမယ်။

အဲ့ဒါ ဆန့်ကျင်တယ်လို့ရှိရင် ဒီလိုနေရာမျိုးမှာ လွတ်လပ်မှုဆိုတိုင်း တကယ်လွတ်လပ်မှု မခေါ်နိုင်ဘူး။ လွတ်လပ်မှုဟာ အမှန်စင်စစ်စည်းကမ်းရှိမှ လွတ်လပ်မှုဖြစ်နိုင်တယ်လို့ ကျွန်တော်ယူဆတယ်။

အဲ့ဒီလို စည်းကမ်းသတ်မှတ်ပြီးတော့ လူတိုင်းလူတိုင်းလွတ်လပ်မှုတွေကို သတ်မှတ်ပေးပါဆို ပြီးတော့ ဒီအဆိုမှာ ညွှန်ကြားထားခြင်းဖြစ်ပါတယ်။ အဲ့ဒီလိုပြီးတဲ့နောက် အမှတ် (၅) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ လူနည်းစုအဖို့ လုံလောက်သော ကာကွယ်ခြင်းများ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမယ်။ အဲ့သည်မှာလည်း ကျွန်တော်တို့ လူမျိုးရေးအတွက် လူနည်းစုဆိုတာရှိပါသေးတယ်။ ဒီတော့ သူတို့တစ်တွေ အတွက်လည်း လုံလောက်တဲ့ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားဖို့ လိုပါတယ်။ ဘယ်လို ထည့်ရင် တော့ လုံလောက်မယ်၊ ဘယ်လိုထည့်ရင်တော့ မလုံလောက်ဘူးဆိုတဲ့ ကိစ္စအရပ်ရပ် ကို ကျွန်တော်တို့ နောက်

ကော်မတီတွေ ဖွဲ့စည်းပြီး ဆွေးနွေးတဲ့အခါကျတော့ လူနည်းစုကာကွယ်ဖို့အချက်တွေလည်း ထည့်ပြီးစဉ်းစားခဲ့ပါလို့ မှာခဲ့တဲ့သဘောပါဘဲ။ အမှန်ကတော့ ဒီအဆိုဟာ နောက်ဖွဲ့စည်းမယ့် ကော်မတီတွေ ကို မှာခဲ့တဲ့စကားသာ ဖြစ်ပါတယ်။ ဘာတွေ ဘာတွေ လုပ်လာခဲ့ပါဆိုတဲ့ သဘောတွေပါဘဲ။

နံပါတ် (၆) ကတော့ "လွတ်လပ်သောအချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံတော်၏နယ်မြေတို့ တစ်ပေါင်းတစ်စည်းတည်း တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေ တို့ကို အချုပ်အခြာစိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ တရားဓမ္မနှင့်တကွ ပြည်ထောင်ချင်းချင်း ဥပဒေအရ ထိန်းသိမ်းထားရှိစေရမည်"။ ထို့ပြင် ဒါကတော့ လိုတော့လိုတယ်။ သို့သော်လည်း ကျွန်တော် ပုဂ္ဂိုလ် သဘောပြောရမယ်ဆိုလျှင် တစ်မျိုးကတော့ ကြီးကြီးကျယ်ကျယ် ရေးတာတစ်မျိုးပါဘဲ။ အမှန်ကတော့ ဥပဒေတတ်တဲ့ ဦးချစ်ထွန်းတို့လို ပုဂ္ဂိုလ်တွေက ကြီးကျယ်သည်ထက် ကြီးကျယ်အောင်၊ ခမ်းနားသည်ထက် ခမ်းနားအောင် ထည့်ထားတာပါ။ ဒါတွေကတော့ သိပ်ရှင်းနေစရာမလိုပါဘူး။ ကြည်း၊ ရေ၊ လေသည် အထဲမှာပါတဲ့ အခွင့်အရေးတွေ ပိုင်ဆိုင်ရမယ်။ နောက်ပြီးတော့ (According to justice international law) ပြည်ထောင်စုအချင်းချင်း ဥပဒေအရ တရားဓမ္မ နှင့်တကွ ထိန်းစောင့်ထားရှိရမယ်။ ကျွန်တော်တို့ တိုင်းပြည်တည်နေကြတာကို ခန့်ခန့်ညားညား တိုင်းပြည်တည်ထောင်ရမှာကိုး။ အဲဒီတော့ ကျွန်တော်တို့ဟာ ကြည်း၊ ရေ၊ လေတို့ကို အချုပ်အခြာ စိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ တရားဓမ္မနှင့် တကွ ပြည်ထောင်အချင်းချင်း ဥပဒေအရ ထိန်းစောင့်ထားရှိရမည်။ တစ်မျိုးကတော့ ဥပဒေရေးတဲ့အခါမှာ တစ်ခမ်းတစ်နားရေးရမယ့် အချက်အလက်တွေပါပဲ။ အရေးလည်း ကြီးပါတယ်။ ခမ်းခမ်းနားနားလည်း ရေးဖို့လိုပါတယ်။

နံပါတ် (၇) က "ရာဇဝင်တွင် ထင်ရှားခဲ့သော မြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ဂုဏ်ကျက်သရေနှင့် လျော်ညီစွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်အပြင်၊ လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာပြည့်ဝရေး တို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန် ဖြည့်စွက်ထမ်းရွက်ကာ၊ ပြည်ထောင်အချင်းချင်းဆိုင်ရာ တရားဓမ္မနှင့် ကျင့်ဝတ်သိက္ခာကိုအခြေခံပြု၍ ကမ္ဘာငြိမ်းချမ်းရေး ရှေ့ရှုလျက် နိုင်ငံတကာ တို့နှင့် မိတ်ဝတ်မပျက်ဘဲ တွဲဘက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသော အဓိဋ္ဌာန်တို့ဖြင့် ထိန်းတော့အံ့"။

ဒါကတော့ ဥဒါန်းကျူးရင့်တဲ့သဘောမျိုးပါဘဲ။ ငါတို့ နိုင်ငံတော်ကြီးဟာ ကမ္ဘာကြီးရဲ့ အလယ်မှာ လူသတ္တဝါတို့၏ ကောင်းကျိုးချမ်းသာတို့ကို လုပ်ဖို့ရော၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ထောင်ပြီး အမြဲတမ်း စောင့်ထိန်းမည်ဆိုတဲ့ဟာဘဲ။ ဒါကတော့ နိုင်ငံတကာတိုင်း၊ နိုင်ငံသားတိုင်း ကြီးကြီးကျယ်ကျယ် ပြောတဲ့စကားတွေဘဲ။ တကယ်လုပ်သလားဆိုတော့ သိပ်မလုပ်ကြပါဘူး။

ဒါကတော့ ကျွန်တော်တို့ လူအများကြည့်ကောင်းအောင်၊ ကမ္ဘာကကြည့်ကောင်းအောင် ထည့်ရမည်။ ဖတ်လိုက်ရလို့ရှိရင် ပါးစပ်ထဲမှာ ပြည့်သွားအောင်လုပ်ထားတာပါ။ တောကလူတွေ ဖတ်ရင်တော့ ဘာမှ နားလည်မှာ မဟုတ်ဘူး။ အရေးကြီးတာကတော့ နံပါတ် ၁ - ၂ - ၃ - ၄ - ၅။ ကျွန်တော်တို့ နံပါတ် ၁ မှ ၅ အထိ၊ ကျွန်တော်မြင်သလောက် (The most practical points) တာက တကယ့်အသုံးအဝင်ဆုံး အချက်အလက်တွေ ဖြစ်နေတယ်။ ဒီအသုံးဝင်တဲ့အချက်အလက်တွေဟာ အဆိုထဲမှာပါတယ်။ ၆ နှင့် ၇ ကတော့ အမှန်စင်စစ်စကားတွေ ကြည့်ကောင်းအောင် ခန့်ခန့်ညားညား သုံးထားခြင်းပဲလို့ တစ်နည်းဆိုနိုင်ပါတယ်။

ဒီတော့ ကျွန်တော်တို့ ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဗမာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲဖို့ အဖွဲ့အသီးသီးခန့်ထားတဲ့နေရာမှာ ဒီအတိုင်းစဉ်းစားပြီး ဒီအချက်တွေကို စဉ်းစားပြီး ခင်ဗျားတို့ အကြံဉာဏ်တွေ ယူလာခဲ့ပါလို့ မှာလိုက်ဖို့အတွက် ဒီအခြေခံ အချက်တွေကို ပြည့်ပြည့်စုံစုံ ထည့်တာရှိတယ်။ ပဌမ ၁ အချက်မှာဆိုရင် လွတ်လပ်သည့်အခါ အာဏာပိုင်သမ္မတနိုင်ငံလုပ်ရမယ်။ အချုပ်အခြာပိုင် သမ္မတနိုင်ငံ ဖြစ်ရမယ်။ နောက်ပြီးတော့ ဗမာနိုင်ငံကို ပြည်ထောင်စုနိုင်ငံတော်ခေါ် ဖို့ အဲ့ဒီမူ တစ်ခုပါတယ်။ မူအားလုံးလေးခုပါတယ်။

လွတ်လပ်တဲ့နိုင်ငံဖြစ်ရမယ် (Independence)။ အချုပ်အခြာအာဏာပိုင်ရမယ် (Soverignty)။ နောက်ပြီးတော့ သမ္မတနိုင်ငံဖြစ်ရမယ် (Republic)။ အဲ့ဒါနောက်ပြီးတော့မှ တစ်ခါ ပြည်ထောင်စုနိုင်ငံ ဖြစ်ရမယ်။ အဲ့ဒီလိုမူလေးခုရှိပါတယ်။ အဲ့ဒီမူလေးခုကို အပိုဒ်(၁) ထဲမှာ အကုန်လုံးသွင်းထားတယ်။ သွင်းထားတော့ကာ ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲတဲ့အခါ ဒီမူလေးခုကို အခြေခံထားပြီး ရေးဆွဲပါလို့ မှာခြင်းဖြစ်ပါတယ်။ အဲ့ဒီမူလေးခုနှင့် ကျွန်တော်တို့ လွတ်လပ်တဲ့နိုင်ငံအဖြစ် ကြေငြာမယ်ဆိုတာ ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီး သဘောကျတယ်၊ ကျေနပ်တယ်၊

မကျေနပ်ဘူး စဉ်းစားဖို့ အချုပ်အခြာအာဏာပိုင် ပြည့်စုံရမယ်ဆိုတာ သဘောကျတယ်၊ မကျဘူးဆုံးဖြတ်ဖို့၊ နောက်ပြီး ပြည်ထောင်စုနိုင်ငံတော်ဖွဲ့စည်းဖို့ဆိုတာ ဟာလည်း ဖွဲ့စည်းထိုက်၊ မဖွဲ့စည်းထိုက်ဆိုတာ ဆွေးနွေးဖို့ပါဘဲ။ အဲ့ဒါပြီးမှ ဒုတိယအချက်က ဒီပြည်ထောင်စုနိုင်ငံထဲမှာ ဘယ်နယ်တွေ ဘယ်နယ်တွေပါလို့ ဘယ်လိုအာဏာရရှိမည်ဆိုတာ ခင်ဗျားတို့လာပြီး တင်ပြပါလို့ မှာလိုက်ခြင်းဖြစ်ပါတယ်။ ဒီအချက်မှာ တော်တော်ပဲ အရှင်လုပ်ထားတယ်။ ဘာဖြစ်လို့လဲဆိုလျှင် ဒီအချက်ထဲမှ ဘာမှတိတိကျကျမှုရယ်လို့ မရှိပါဘူး။

မူကဘာလဲဆိုရင် ကိုယ်ပိုင်အာဏာပေးရမည်ဆိုတဲ့ မူပါဘဲ။ ဘယ်လိုပေး၊ ဘယ်လောက်ပေးဆိုတာ ဘာမှမပါပါဘူး။ ခင်ဗျားတို့ စဉ်းစားပြီးလာခဲ့ကြပါဆိုတဲ့ သဘောမျိုးနဲ့ အရှင်လုပ်ပြီးထားပါတယ်။ ဘယ်ပြည် နယ်တွေ ပါသင့်တယ်ဆိုတာလဲ အရှင်လုပ်ပြီး ထားပါတယ်။ ကျွန်တော်တို့ မူလ ဖဆပလညီလာခံမှာ တင်တဲ့အဆိုမှာတော့ ဖော်ပြ ထည့်ထားပါတယ်။

အဲ့ဒါ ကျွန်တော်တို့ အမှတ်တမဲ့ထည့်ထားမိတာပါဘဲ။ နောက်ပြန်စဉ်းစားကြည့်တော့မှ ပြည်ထောင်စုနိုင်ငံထဲက ဒီနယ်တွေဝင်သွားပြီးသား ဖြစ်သွားမလားဆိုပြီး စဉ်းစားမိတာနှင့် ဖြုတ်ပစ်ခဲ့ပြီး အခုလို သာမည ဆိုထားခြင်း ဖြစ်ပါတယ်။

(၃) ကတော့ "အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာ ဟူသမျှတို့သည် တိုင်းသူ ပြည်သားတို့လက်ထဲမှာ သက်ဆင်းစေရမည်" သည်မှာတော့ မူက တိုင်းသူပြည်သားများဟာ အချုပ်အခြာအာဏာပိုင်တဲ့လူတွေပဲဆိုတဲ့မူကို ထည့်ထားခြင်းဖြစ်ပါတယ်။ ဒီမူအရ၊ ကျွန်တော်တို့နိုင်ငံ အဖွဲ့အစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲတဲ့အခါ၊ ဒီမူသဘောမျိုးနဲ့ အကြံဉာဏ်တွေ ရေးဆွဲလာခဲ့ပါဆိုပြီး မှာထားခြင်းဖြစ်ပါတယ်။

နောက်အချက် (၄) က "ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေး၌လည်းကောင်း၊ စီးပွားရေး၌လည်းကောင်း၊ နိုင်ငံရေး၌လည်းကောင်း၊ တရားမျှတမှုရှိစေလျက်၊ အဆင့် အတန်းအခွင့်အရေးနှင့် ဥပဒေသက်ရောက်မှုတို့တွင် ဆူကြုံနိမ့်မြင့်မရှိစေရ၊ ပကတိ တူညီစေရမည့်အပြင် တရားဥပဒေနှင့်သော်လည်းကောင်း၊ အများ

ပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်လည်းကောင်း၊ မဆန့်ကျင် သမျှ လွတ်လပ်စွာကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာ တရား ကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူ ဆောင်ရွက် ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားရှိ စေရမည်။"

ဒါကတော့ ကျွန်တော်တို့ ဒီအထဲမှာ မူတွေကတော့ လူမှုရေးရာ၌ တရားမျှတမှု ရှိစေ ခြင်းမူ၊ စီးပွားရေးမျှတစေခြင်းမူ၊ နိုင်ငံရေးတရားမျှတမှု ရှိစေခြင်းမူ၊ အဆင့်အတန်းတွင် ဆူကြုံနိမ့်မြင့်မရှိ၊ ပကတိတူညီ စေရမည့်အပြင် တရားဥပဒေနှင့်သော်လည်းကောင်း၊ အများပြည်သူတို့ကို စောင့်စည်းအပ်သော အကျင့် သိက္ခာနှင့်သော်လည်းကောင်း မ ဆန့်ကျင်သမျှ ပြည်သူတို့ရဲ့ လွတ်လပ်ခွင့်များ ရရှိဖို့ မူ (၇) မူ ပါတယ်။

အဲ့ဒီမူ (၇) မူရဲ့အခြေခံသဘောတရား (၇) ချက်ပေါ်တွင် အခြေခံပြုပါလို့ ဒီအမှတ် (၄) ကဆိုခြင်းဖြစ်ပါတယ်။ အမှတ် (၅) ကတော့ "ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် လူနည်းစုများအဖို့ လုံလောက်သောကာကွယ်ချက်များ ထည့်သွင်း ပြဋ္ဌာန်းထားရှိစေရ မည်" ဆိုတာကတော့ ယခုတွင်ကအချက် (၂) ရဲ့သဘောမျိုးပဲ သာမည်ပဲဆိုထားလိုက် တာပဲ။ လူနည်းစုတွေအတွက်လည်း လုံလုံ လောက်လောက် ထည့်သွင်းထားပါ။ ဘာလုပ် ပါဆိုတာ သည်အထဲမှာ ကျွန်တော်တို့ မထည့်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုလျှင် ဒီကိစ္စ ဟာ အထူးတလည်ပဲ ရေရေလည်လည် စဉ်းစားဆွေးနွေးရမည့်အချက်တွေ ဖြစ်ပါတယ်။

ဒါတင်မကသေးဘူး။ ကျွန်တော်တို့အဖို့မှာ အထူးရှင်းလင်းစေချင်တာကတော့ ဒီလူစု တွေ အပေါ်မှာ အရှင်းဆုံး စိတ်ထားပါတယ်။ မလိမ့်တစ်ပတ်ဖြစ်စေ၊ ခြေရှုပ်လို့ဖြစ် စေ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ လက်တစ်လုံးကြားအားဖြင့် သူတို့ ပြောပြီး တော့ကာ၊ လုံလောက်တဲ့ ကာကွယ်ချက်တွေကို ဟုတ်တယ်၊ မဟုတ်ဘူး တရားသဖြင့် အခွင့်အရေးတွေ ဟုတ်တယ်၊ မဟုတ်ဘူး။ ဒါတွေကို စိစစ်ပြီးတဲ့နောက်မှ ကျွန်တော်တို့ သဘောတူလို့ ဖြစ်စေ၊ ကျွန်တော်တို့ သဘောမတူလို့ဖြစ်စေ၊ ကျွန်တော်တို့ ဆုံးဖြတ်တဲ့ အခါမှာ ဒီလောက်ပဲရနိုင်မယ်၊ ဒီထက်တော့ပိုမရဘူး ပြောတဲ့အခါမှာ ဒီလိုရေရေလည်လည် ဆွေးနွေး မှသာလျှင် သဘောတူလို့ဖြစ်စေ၊ သဘောမူလို့ဖြစ်စေ အဲ့ဒီလိုလုပ်ဖို့ပါပဲ။ ဒီမှာ လူနည်းစုတွေအတွက် ကာကွယ်ချက် များဆိုပြီး ပါရုံလောက်သာပါတယ်။ တစ်သီး တစ် ခြား ဖော်ပြခြင်းမရှိပါဘူး။

ဒီအတိုင်းမှာ သဘောဖြစ်တဲ့ဒီအဆိုကိုတင်သွင်းတဲ့အခါမှာ အခုလိုဖြစ်နေတဲ့ဗမာပြည်မှာ လက်ငင်း အခြေအနေကိုအနည်းငယ် သုံးသပ်ဖို့ လိုပါတယ်။ အခုလက်ငင်းဖြစ်နေတဲ့ ဗမာပြည်ရဲ့အခြေအနေမှာဆိုလို့ရှိလျှင်၊ အခုဖွဲ့စည်း စည်းဝေးနေတဲ့တိုင်းပြည်ပြုလွှတ်တော်ကြီးဟာ အချုပ်အခြာအာဏာပြည့်စုံတဲ့လွှတ်တော်လို့ယူဆတယ်။

ဒီအတိုင်းလည်း ဆောင်ရွက်နေတယ်။ ဒီလိုဆောင်ရွက်နေတဲ့အခါမှာ ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီးတော့ ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ဆုံးဖြတ်ပြီးတဲ့နောက် လွတ်လပ်တဲ့ နိုင်ငံတည်ထောင်ဖို့ ရောက်တဲ့အခါကျတော့ တကယ့်လက်တွေ့ ရောက်တဲ့ အခါကျတော့ အာဏာဟာ ဒီတိုင်းပြည်ပြုလွှတ်တော်လက်ထဲမှာ မရှိသေးဘူး။ ဘာဖြစ်လို့ မရှိသေးသလဲဆိုရင် ဒီတိုင်းပြည်ကို အုပ်ချုပ်နေတာ ဘိလပ်ပါလီမန်က အုပ်ချုပ်နေတော့ ဘိလပ်ပါလီမန်ကနေပြီး ဒီတိုင်းပြည်ပေါ်မှာ အချုပ်အခြာအာဏာပိုင်တဲ့ သဘောမျိုးအဖြစ်နှင့် စိုးမိုးအုပ်ချုပ်ခြင်းခံရတော့၊ ဘိလပ်ပါလီမန်က အုပ်ချုပ်နေခြင်း ရပ်စဲပစ်ရမယ်။ ရပ်စဲပြီးတဲ့နောက်မှ ကျွန်တော်တို့တိုင်းပြည်ဟာ အချုပ်အခြာ အာဏာပိုင် နိုင်ငံတော်အဖြစ် ရောက်မယ်။ အခုကျွန်တော်တို့ (The status of the constituent assembly is that of a sovereign body) အဆင့်အတန်းအားဖြင့်၊ ဒီတိုင်းပြည်ပြု လွှတ်တော်ဟာ အချုပ်အခြာအာဏာနှင့် ပြည့်စုံတဲ့လွှတ်တော်လို့ ယူဆတယ်။ သို့သော်လည်း အာဏာပါဝါကျတော့ မရှိဘူး။ အခွင့်အရေးကတော့ မရှိသေးဘူး။ ဥပမာ ဒီတိုင်းပြည်ပြုလွှတ်တော်မှာ ပြောဆိုတဲ့စကားတွေဟာ လွတ်လွတ်လပ်လပ် ပြောဆိုနိုင်တယ် လို့ ကျွန်တော်ယူဆတယ်။

ယူဆထားပင်ယူဆထားငြားသော်လည်း (Legal sanction) ခေါ်တဲ့ ဥပဒေအခွင့်အရေး အာဏာရှိသလားဆိုတော့ အဲ့ဒီလိုတော့မရှိဘူး။ အဲဒီအတိုင်းဘဲ ကျွန်တော်တို့ တင်သွင်းဆုံးဖြတ်တဲ့ ကိစ္စတွေကလည်း ဆုံးဖြတ်တော့ဆုံးဖြတ်နိုင်တယ်။ ဆုံးဖြတ်တဲ့နေရာမှာ ဘယ်သူမှ လာပြီးတော့ မတားဆီးနိုင်ဘူး။ မနှောက်ယှက်နိုင်ဘူး။ လွှတ်တော်ထဲမှာရှိနေတဲ့ အမတ်တွေကလွဲရင် ဘယ်သူမှ မတားဆီးနိုင်ဘူး။ မနှောက်ယှက်နိုင်ဘူး။ ကျွန်တော်တို့ ကိုယ်ပိုင်ဆုံးဖြတ်နိုင်တယ်။ ဒီလွှတ်တော်မှာဆိုရင် ကျွန်တော်တို့ ဥက္ကဋ္ဌကြီးဟာ ရှင်ဘုရင်ပဲ။ သူအာဏာအရှိဆုံးပဲ။ သူကနေပြီးတော့ အစည်းအဝေးလုပ်တဲ့ နေရာတွေမှာ အဆုံးအဖြတ်သဘောမျိုးနှင့် ကြည့်ရှုဆုံးဖြတ်သွားရမယ်။

သူ့အဆုံးအဖြတ်ကို ကျွန်တော်တို့နားထောင်ရမယ်။အဲ့ဒီတော့ကာ လွှတ်တော်အမတ်မှာ ဘာမဆိုဆုံးဖြတ်ချင်တာဆုံးဖြတ်နိုင်တယ်။ ဆုံးဖြတ်ပြီးတဲ့နောက် ဆုံးဖြတ်ချက်အတိုင်း ဒီအတိုင်းဖြစ်အောင်ဆိုတဲ့ ကိစ္စကတော့ ဒီအချိန်ကျလို့ရှိလျှင် ဘိလပ်ပါလီမန်က အဲ့ဒီလို လိုက်ပြီးတော့ ခင်ဗျားတို့တတွေ ကျုပ်တို့ အာဏာလွှဲပါတယ်ဆိုတဲ့ သဘောမျိုး ဘယ်လို နည်းနှင့်ဖြစ်စေ၊ ဘယ်လိုဥပဒေနဲ့ဖြစ်ဖြစ် လုပ်ရလိမ့်မယ်။ အဲ့ဒီကတော့ ရိုးရိုးနည်းအတိုင်း ဖြစ်ပုံကို ကျွန်တော်ပြောပြတာပါ။ ဒါက တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကျယ်အကျယ် စကားမများကြပဲနှင့်မိတ်ဆွေ သဘောအားဖြင့် တစ်ဦးကိုတစ်ဦးအာဏာလွှဲပြောင်းပေးမည့် အခြေအနေမျိုး ဖြစ်ရမည့် သဘောမျိုးကို ပြောဆိုခြင်း ဖြစ်ပါတယ်။

အဲ့ဒီတော့ အဲ့ဒီလို အာဏာလွှဲပြောင်းပေးတဲ့ကိစ္စမှာ စကားများပြီး အကျယ်အကျယ်တွေ ဖြစ်လာကြလျှင် အာဏာလွှဲပြောင်းမှု အခက်အခဲတွေ ပေါ်လာလျှင်တော့ ဒီပြင် တစ်နည်းတစ်လမ်း စဉ်းစားတန် စဉ်းစားရလိမ့်မယ်။

ဒီလိုစဉ်းစားတဲ့အခါမှာ ဥပမာ တိုင်းပြည်ပြုလွှတ်တော်ကနေပြီးတော့ ကျုပ်တို့ဟာ အချုပ်အခြာ အာဏာပိုင်တဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် ကျုပ်တို့ပဲ ဒီအာဏာတွေကို ယူရမယ်ဆိုပြီး အတင်းယူတဲ့နည်းလမ်းရှိပါတယ်။ သို့သော်လည်း ယခု အဆိုတင်သွင်းနေတဲ့ကိစ္စကတော့ ဒီလိုအတင်းယူဖို့ကိစ္စကို ကျွန်တော် မတိုက်တွန်းသေးဘူး။ ဘာကြောင့် မတိုက်တွန်းသေးဘူးလဲ ဆိုရင် တိုင်းပြည်တစ်ပြည်လုံးမယ် ဖြစ်နေတဲ့အခြေအနေတွေကို ထောက်ပြီးတော့ အကြည်အသာအားဖြင့် မိတ်ဆွေသဘောနှင့် အာဏာလွှဲပြောင်း ယူသွားနိုင်ဖို့ ကျွန်တော်တို့ အနည်းငယ်စောင့်ဆိုင်းပြီးတော့ ဒီအတိုင်းအကြည်အသာ အာဏာ ပြောင်းမှု ရအောင် လုပ်ရမယ်ဆိုတဲ့သဘောမျိုးနှင့် ကျွန်တော်ဒီအဆိုကိုတင်သွင်းခြင်း ဖြစ်ပါတယ်။

အကယ်၍သာ ဒီလို ကြည်ကြည်သာသာ မိတ်ဆွေသဘောမျိုးနှင့် အာဏာလွှဲပြောင်း မှုကို မလိုလားဘူးဆိုရင် အခုလို တိုင်းပြည်ပြုလွှတ်တော်ကြီးမှာ ပဌမဆုံး အဆိုသွင်း ကတည်းက ကျွန်တော်တို့ တစ်မျိုး သွင်းလာခဲ့မှာဘဲ။ ဘယ်လိုသွင်းမလဲဆိုရင် ဒီအဖွဲ့ ကြီးက ယာယီအမျိုးသားအစိုးရ စသည်အားဖြင့် ဖွဲ့စည်းမယ်။ ဒါတွေကို ကျွန်တော်တို့ ဖွဲ့စည်းမယ်။ အတင်းလုပ်စရာလိုရင် အတင်းလုပ်မယ်။

ကျုပ်ဒီလို အတင်းလုပ်တဲ့အခါကျတော့ တိုင်းပြည်ကိုအုပ်ချုပ်နေတဲ့ အင်္ဂလိပ်အစိုးရနဲ့ ဆိုလို့ရှိရင် အကျယ်အကျယ်မငြိမ်းဖွယ် အနည်းနှင့်အများဖြစ်ရမယ်။ လက်တွေ့အားဖြင့် ပြောရမယ်ဆိုလျှင် သည်လို အငြင်းအခုံမဖြစ်ချင်ပေမည့် ဆယ်ရေးတရေးကို ရေးတရာ ဆိုသလို လုပ်ထားဘို့ ပြင်ဆင်ချက်တွေလိုသေးတယ်။

အဲ့ဒီတော့ လက်တွေ့ပြင်ဆင်ချက်လုပ်စရာ ဆိုတာတွေ အပထားပြီး တခြားစဉ်းစားလိုက်မယ် ဆိုလို့ ရှိလျှင် အကျယ်အကျယ်မငြိမ်းဖွယ်ဆိုပြီး တစ်ယောက်နှင့်တစ်ယောက် ဒီအတင်းအကြပ် လျှောက်ပြီး လုပ်နေရမည့်ကိစ္စမျိုးတွေဆိုတာ အမှန်အားဖြင့် ကျွန်တော်တို့ ဘယ်လူမဆို လိုလားမည်လည်း မဟုတ်ပါဘူး။ လိုလည်း မလိုလားအပ်ဘူး။ နောက် တိုင်းပြည်ရဲ့အခြေအနေ အားလုံးကိုကြည့်ပြီး အကြည်အသာအားဖြင့် အာဏာလွှဲပြောင်းလို့ရနိုင်မယ် ဆိုလို့ရှိရင် မကောင်းဘူးလား။

အဲ့ဒီလို အကြည်အသာဖြစ်အောင်ဆိုပြီး ဒီအဆိုကို သွင်းတဲ့အခါကျတော့ အာဏာလွှဲပြောင်းဖို့ ဖြစ်နိုင် မဖြစ်နိုင် ကျွန်တော်တို့ ချိန်ဆဖို့လိုပါတယ်။

အကြည်အသာအာဏာလွှဲပြောင်းရင် အခုဖြစ်နေတဲ့ ကမ္ဘာရဲ့အခြေအနေ အင်္ဂလိပ်အစိုးရရဲ့ အခြေအနေအားလုံးကို ခြုံကြည့်ရင် အကြည်အသာဖြစ်မှာပဲလို့ ယူဆတယ်။ အနေးနှင့် အမြန်ဘဲ။ ဒီအနေးနှင့် အမြန်ဆိုတဲ့ ကိစ္စဟာလည်း ကျွန်တော်တို့လုပ်တဲ့ အပေါ်မှာပဲတည်၊ အခြားမှာလည်း တည်တယ်။

ကျွန်တော်လုပ်တာက မြန်မြန်နှင့် ကောင်းကောင်းမှန်မှန်ရှိပြီးတော့ ကျွန်တော်တို့ တစ်စည်းတစ်လုံးတည်း တစ်ညီတစ်ညာတည်း အင်အားတောင့်တောင့်တင်းတင်းဆိုလို့ရှိရင် ယူနိုင်တယ်။ သို့သော် တစ်ထစ်ချမပြောလိုဘူး။ အခုလုံးဝလွတ်လပ်ရေးဆိုပြီးတော့ ဒီအဆိုထဲမှာ ဒီမူကိုထည့်လိုက်တဲ့အခါမှာ အင်မတန် အနှောက်အယှက်တွေ တွေ့ရတယ်။ ဒီအနှောက်အယှက်တွေ တွေ့လာတဲ့အခါကျတော့ ဒီအနှောက်အယှက်တွေကို စဉ်းစား ပြီးတော့မှ ဒီအဆိုကို တင်သွင်းတဲ့အခါ အဆိုဟာ ရှေ့ကို ဘယ်လိုများ ဖြစ်မလဲဆိုတဲ့ အလားအလာကို မတွေးရဲအောင်ဖြစ်နေတဲ့ အခြေအနေကို ရောက်နေပါတယ်။

ဘာပြုလဲဆိုရင် ဒီတိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဆုံးဖြတ်ပြီးတဲ့နောက် ဒီအတိုင်းအတည်ဖြစ်ဖို့ မဖြစ်ဖို့ဆိုတာဟာ ဘယ်အပေါ်မှာ တည်သလဲဆိုလို့ရှိရင် ကျွန်တော်တို့ အားလုံးအပေါ်မှာ တည်ပြီးတော့ မိမိအဆင့်အတန်း ရှိနေတဲ့

အချုပ်အခြာအာဏာပိုင် အဆင့်အတန်းကို စကားသဘောနဲ့ မဟုတ်ဘဲ၊ ဥပဒေ သဘောနဲ့ တကယ့်လက်တွေ့လက်ရောက်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန် ရှိဖို့လိုပါတယ်။

အဲ့ဒီလိုရှိလေမှသာလျှင် ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်အဖွဲ့ကြီး အဆုံးအဖြတ်ပေးတဲ့ ဆုံးဖြတ်ထားတဲ့အတိုင်း ဖြစ်မြောက်အောင်လုပ်ဖို့ ပြင်ဆင်ပြီးသား ဖြစ်လာပါလိမ့်မယ်။ ဒီလိုလုပ်လို့ရှိရင် ယခုမြင်နေတဲ့အတိုင်းဆိုရင် အာဏာလွှဲပြောင်းမှုနှင့် ပတ်သက်ပြီး အခက်အခဲတွေအနည်းနှင့်အများ ပေါ်လာပါလိမ့်မယ်လို့ ထင်တယ်။

ကျွန်တော် ဘယ်လိုရည်ရွယ်ချက်နှင့် ဘယ်သူ့အပေါ်မှာ ဘယ်လိုစိတ်ထားမှုမထားဘဲ ပွင့်ပွင့်လင်းလင်း ပြောဆိုချင်ပါတယ်။ အာဏာလွှဲပြောင်းပေးတဲ့ကိစ္စမှာဆိုလို့ရှိရင် တောင်တန်းဒေသဆိုင်ရာ ကိုယ်စားလှယ်တွေကို အသုံးချမှာပဲဆိုတာကို ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောပြထားလိုပါတယ်။ ဘာပြုလို့လဲဆိုရင် ကျွန်တော်တို့ အခု နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာမှာ အခက်အခဲတွေ ဘယ်လိုလွတ်မြောက်အောင် ဖန်တီးဖို့ဆိုတာ ဒီအရေး၊ ဒီကိစ္စကလွဲရင် ဒီ့ပြင် ဘာမျှမရှိဘူး။ မြန်မာပြည်မှာဆိုရင် သူတို့က ဘုရင်တွေကို မြှောက်ပေးမှာပါပဲ။ တောင်တန်းကိုယ်စားလှယ်တွေကိုလည်း မြှောက်ပေးမယ်။

ကျွန်တော်တို့ကတော့ အားလုံးကိုစဉ်းစားပြီးသားပဲ။ ဘယ်သူကဘယ်သူ့ကို မြှောက်ပေးမြှောက်ပေး ကျွန်တော်တို့အဖို့မှာတော့ ကျွန်တော်တို့သွားရမယ့်လမ်းကို မှန်မှန်ကြီး သွားမယ်။ ရှုပ်လို့လည်း ပိုရမှာ မဟုတ်ဘူး။ ခြောက်လို့လည်း ပိုရမှာမဟုတ်ဘူး။ ဘယ်လိုသွားရမယ်ဆိုတဲ့ လမ်းစဉ်အတိုင်း မှန်မှန်ကြီး သွားမယ်။ နောက်ဆုံးတစ်နေ့မှာ ကျွန်တော်တို့ရဲ့စိတ်စေတနာအရင်းနှင့် လုပ်ကိုင်သွားတာကို ရှုပ်ချင်ကြတဲ့ လူတွေရှိရင် သဘောအတိုင်း ရှုပ်နိုင်ကြတယ်။

ကျွန်တော်တို့ကတော့ ကျွန်တော်တို့ သဘောအရ ပြဋ္ဌာန်းထားတဲ့အတိုင်း သွားမှာပဲ။ အဲ့ဒီလို သွားတဲ့အခါမှာလည်း ဘယ်လိုအခက်အခဲတွေနှင့်တွေ့နေ အခက်အခဲကို ကျော်နင်းပြီး သွားမယ်။ ခြောက်ရင်လည်း ကျွန်တော်တို့ မကြောက်ဘူး။ မြှောက်ရင်လည်း မမြောက်ဘူး။ ချော့ရင်လည်း မပျော့ဘူး။ လမ်းမှန်အတိုင်း မှန်မှန်သွားမယ်။ ကျွန်တော်တို့ လိုလားတဲ့ ပန်းတိုင်ထိအောင် ကျွန်တော်တို့သွားမယ်။

ကျွန်တော်တို့ အဲ့ဒီလိုသွားတဲ့အခါမှာ ကျွန်တော်တို့အတွက်ကတော့ စဉ်းစားပြီးသား၊ ဆုံးဖြတ်ပြီးသားရှိလို့ ရှေ့ကို ဘယ်လိုအခက်အခဲတွေ တွေ့ဦးမယ်၊ ဘယ်လိုဖြစ်မယ်

ဆိုတာအားလုံး ကျွန်တော်တို့ စဉ်းစားပြီးသားဖြစ်တယ်။ သို့သော်လည်း ကျွန်တော်တို့ တောင်တန်းဒေသဘက်က မိတ်ဆွေတွေ၊ ရှမ်း အစရှိသည့်ပြင် အားလုံးကို ပြောချင်တာက မိတ်ဆွေသဘောသာမက ကျွန်တော်တို့နှင့် သွေးချင်းသားချင်း ဆိုရင်လည်း မှန်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ရှေးကတည်းက ရာဇဝင်အရ မွန်ဂိုလီယံ အဆက်အနွယ်က ဆင်းလာတဲ့ လူမျိုးများဖြစ်ပါတယ်။ အဲ့ဒီသွေးသားချင်းတူနေကြတဲ့ လူတွေနှင့် သွေးချင်းသားချင်း မတူတဲ့ လူတွေမှာ ဘယ်သူကနေပြီးတော့ ဘယ်သူ့အပေါ်မှာ စေတနာ ပိုမည်ဆိုတာကို သေသေချာချာစဉ်းစားဖို့ လိုတယ်။ နောက်ပြီး တစ်ချက်က ကျွန်တော်တို့ ကနေပြီးတော့ အခုဆောင်ရွက်နေတဲ့ကိစ္စတွေဟာ ခင်ဗျားတို့ တောင်တန်းနယ်က လူတွေအတွက် ကောင်းကျိုးအတွက်ပါလားဆိုတာကို စဉ်းစားဖို့လိုပါတယ်။

လွန်ခဲ့တဲ့လေးငါးလတုန်းက ဘာမျှအခြေအနေမရေရာတဲ့ တောင်တန်းဒေသဆိုတဲ့ နယ်တွေကို အခြေအနေတွေ ရေရေရာရာဖြစ်အောင် ကျွန်တော်တို့ ဝင်ရောက်ကူညီ ဆောင်ရွက်ပေးခဲ့တယ်။ သည်လိုလုပ်လာခဲ့တာတွေဟာ ကျွန်တော်တို့ စေတနာနှင့်လုပ်တာပဲ။ စေတနာနှင့် လုပ်တာလား၊ ဝေဒနာနှင့် လုပ် တာလား စဉ်းစားဖို့လိုတယ်။ အမှောင်ထဲ ကနေပြီး အလင်းရောင်ထဲရောက်အောင် ဆောင်ရွက်လာတဲ့ဟာကို အလင်းရောင်က အမှောင်ထဲ ပြန်ရောက်အောင် ပြန်သွားချင်တယ်လို့ဆိုရင် ကျွန်တော်တို့မှာ တားပိုင်ခွင့်မရှိဘူး။ ကျွန်တော် မြင်တဲ့အတိုင်းပြောရလျှင် ကျွန်တော်တို့က ဆွေကြီးမျိုးကြီး သွေးချင်းသားချင်း ဝတ္တရားရှိသလို ဆောင်ရွက်တန်သလောက် ဆောင်ရွက်ခဲ့တယ်။ အလင်းရောင်က အမှောင်ထဲ ပြန်သွားချင်တယ်ဆိုရင် ကျွန်တော်တို့ မတတ်နိုင်တော့ဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ အဖို့မှာတော့ ဘယ်အထိ စေတနာရှိတယ်ဆိုတာ ကျွန်တော်တို့၏ အခြေခံဥပဒေရေးဆွဲထားတဲ့နောက်မှာလည်း စိတ်ကူးထားတာတွေ အမြောက်အများရှိပါသေးတယ်။

အဲ့ဒီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုတာဟာလည်း အမှန်စင်စစ်အားဖြင့် လူတွေရဲ့ စေတနာ၊ လူတွေရဲ့ရည်ရွယ်ချက်၊ လူတွေရဲ့ လိုလားချက် အားလုံးကို ဘယ်နည်းနှင့်မှ ကုန်စင် အောင် မထည့်နိုင်ဘူး။ ဘယ်ဥပဒေမှာမှ ပြည့်ပြည့်စုံစုံရှိတဲ့ဥပဒေမျိုး မရှိနိုင်ဘူး။ (No constitution in the world is perfect) ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ ဘယ်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေထဲမှာမှ ပြည့်ပြည့်စုံစုံရှိတဲ့ ဥပဒေရယ်လို့ မရှိဘူး။ အမှားအယွင်းမရှိတဲ့ ဥပဒေရယ်လို့ လုံးဝမရှိသေးဘူး။ အဲ့ဒီတော့ကာ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေထဲမှာ လိုသမျှ

အချက်တွေကို အကုန်လုံး ကျွန်တော်တို့မထည့်နိုင်ဘူး။ တစ်ချို့ဟာတွေကို ထည့်နိုင်ပေမယ့် တစ်ချို့ဟာတွေကို မထည့်နိုင်တာဘဲရှိတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေလုပ်တဲ့နေရာမှာလည်း (The letter of the constitution and the spirit of the constitution) (၂) မျိုး ရှိတယ်။ ဥပဒေမှာလည်း စာလုံးတွေကို လိုက်ပြီးတော့ ကပ်သီးကပ်သပ် ဝိနည်းလွတ်တဲ့ ဝိနည်းလွန်ရုံလောက် အဓိပ္ပါယ်ကောက်တဲ့ နည်းကတစ်မျိုး၊ အဲ့ဒီဥပဒေကို လုပ်လိုက်တဲ့အခါ တုန်းက (Spirit of the constitution) ကျွန်တော်တို့မှာရှိတဲ့ စိတ်ထားအတိုင်းလုပ်လာတဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေကို ဘက်လိုက်တဲ့အခါမှာ ဒါဟာ လူမျိုးအချင်းချင်း ခိုင်ခိုင်လုံလုံ ညီညီညွတ်ညွတ်နှင့် ပေါင်းသင်းသွား ပြီးတော့ကာ အလုပ်လုပ်ဖို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါလားလို့ အဲ့သည်လို (spirit) စိတ်သဘောထား မျိုးပေါ်လာအောင် ရေးဆွဲတဲ့ဥပဒေမျိုးဆိုလို့ရှိလျှင် ဒီဥပဒေမျိုးအရ အဲ့ဒီဥပဒေစိတ်ဓာတ်အရ (spirit of the constitution) ကျွန်တော်တို့သည် စိတ်ဓာတ်အတိုင်း နောက်အလုပ်လုပ်သွားတဲ့အခါကျတော့ (Extra constitutional understanding and convention) ဒီဥပဒေအပေါ်မှာ တစ်ယောက်နှင့်တစ်ယောက် နားလည်ပြီး ယုံယုံကြည်ကြည် လုပ်တဲ့လုပ်ငန်းတွေ နောက်ပြီး ထုံးတမ်းစဉ်လာ အမြောက်အများတွေ လုပ်ရမည်။ ဒီအခါကျလို့ရှိရင်လည်း ကျွန်တော်တို့စေတနာကို တွေ့ရပါလိမ့်မယ်။ သို့သော်လည်း အခုထိ ကျွန်တော်တို့ပြလာတဲ့ စေတနာတွေကိုသာ သိစေချင်တယ်။ ဒီတော့ကာ ကျွန်တော်တို့ကတော့ သွေးချင်းသားချင်းဖြစ်သည်နှင့် ဒီလိုစေတနာပြခဲ့တယ်။

ဒီလိုပြခဲ့တဲ့နေရာမှာလည်း ကျွန်တော်တို့ အမှောင်က အလင်းရောင်ရောက်။ ဒီထက် ရောက်အောင် စေတနာရှိပါဘူး။ သို့သော်လည်း အလင်းရောင်ကနေပြီးတော့ အမှောင်ကို သွားချင် လို့ ရည်ရွယ်နေတဲ့ လူတွေလည်း ရှိပါတယ်။

တစ်နေ့က စာတစ်စောင်ဖတ်လိုက်ရပါတယ်။ နယ်တစ်နယ်က အင်္ဂလိပ်လက်အောက် ကနေပြီး လွတ်လပ်တဲ့ ဗမာနိုင်ငံတော်ထဲမှာ မနေချင်ဘူးဆိုတဲ့။ အဲ့ဒီလို အစီရင်ခံစာ မျိုး ကျွန်တော်တို့ တွေ့ရတယ်။ တွေ့ရတော့ကာ ဒီလိုအင်္ဂလိပ်လက်အောက် နေချင်ကြတယ် ဆိုရင်လည်း သဘောဘဲ။ အလင်းရောင်ကနေပြီး အမှောင်ထဲသွားချင်ကြတဲ့ လူတွေရှိရင်

လည်း သဘောဘဲ။ ကျွန်တော်တို့ကတော့ မတားဆီးပါဘူး။ ကျွန်တော်တို့တော့ အင်္ဂလိပ်လက်အောက်မှာလည်း မနေချင်ဘူး။ ဘယ်လူမျိုး၊ ဘယ်နိုင်ငံခြားလူမျိုး လက်အောက်မှာမှ မနေချင်ဘူး။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်နေချင်တယ်။

ကျွန်တော်တို့ အတိအလင်းကြေညာလိုပါတယ်။ အဲ့ဒီတော့ အဲ့ဒီလို လွတ်လပ်တဲ့နိုင်ငံ အဖြစ်နဲ့ ကျွန်တော်တို့ နေနိုင်အောင်ဆိုပြီးတော့ ဒီအဆိုကို တင်သွင်းတဲ့အခါမှာ အလင်းရောင်ထဲမှာ နေချင်ကြတဲ့ လူတွေဟာ ကျွန်တော်တို့အဆိုကို ထောက်ခံပါတယ်။ အလင်းရောင်ကနေပြီး အမှောင်ထဲကိုသွားချင်တဲ့ လူတွေတော့ သဘောအတိုင်းပါပဲဆိုတာ ဒီအဆိုကို တင်သွင်းရင် ကျွန်တော်ပြောခဲ့ပါတယ်။

## (စ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရန် တိုင်းပြုပြည်ပြုလွှတ်တော်က ပြည်ထောင်စုနိုင်ငံ ဥပဒေပြုကိစ္စ အပိုင်း (၆) ပိုင်း ပြုစုထားခြင်း

တိုင်းပြုပြည်ပြုလွှတ်တော်က ဩဂုတ်လ (၉) ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရန် ပြည်ထောင်စုနိုင်ငံဥပဒေပြုကိစ္စစာရင်းကို (၆) ပိုင်း ပြုစုထားကြောင်း အောက်ပါ အတိုင်း တွေ့ရှိရသည်။[411]

### ဥပဒေပြုစာရင်းများ
### တိုင်းပြည်ပြုလွှတ်တော်

**THIRD SCHEDULE**

### List I

### 1. Defence

1) The raising, training, maintenance and control of Militia, Naval, Military and Air Forces and employment thereof for the defence of the Union and the execution of the laws of the Union and the States.

2) Defence Industries.

3) Naval, Military and Air Forces Works.

4) Local self-government in cantonment areas, the constitution and powers within such areas of cantonment authorities, the regulation of house accommodation in such area and the delimitation of such areas.

5) Arms, fire-arms, ammunition and explosives.

6) Atomic energy, and mineral resources essential to its production.

7) War and peace.

411 တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ (၁၉၉၀)၊ ဒုတိယတွဲ၊ စာ ၇၄၅ - ၇၆၄

## 2. External Affairs:

1) Diplomatic, consular and trade representation

2) United Nations Organization.

3) Participation in international conferences, associations and other bodies and implementing of decisions made thereat.

4) The entering into implementing of treaties and agreements with other countries.

5) Regulation of Trade and Commerce.

6) Foreign Loans.

7) Naturalization and aliens.

8) Extradition.

9) Passports and visas.

10) Foreign jurisdiction.

11) Admiralty jurisdiction.

12) Piracies, offences committed on high seas and offences committed in the air against the law of nations.

13) Admission into the emigration and expulsion from the Union.

14) Fishing and fisheries beyond territorial waters.

15) Import and export across customs frontiers as defined by the Union Government.

## 3. Communications:

1) Port and inter-State quarantine.

2) Airways.

3) Highways and waterways declared by the Union to be Union highways and waterways.

4) Shipping and navigation on inland waterways, declared by the Union to be Union waterways, as regards mechanically-propelled vessels, and the rule of the road on such waterways: carriage of passengers, and goods on such waterways.

5) Railway.

6) Maritime shipping and navigation, including shipping and navigation on tidal waters.

7) Major ports, that is to say, the declaration and delimitation of such ports, and the constitution and powers of port authorities therein.

8) Aircraft and air navigation; the provision of aerodromes regulation and organization and air traffic and of aerodromes.

9) Carriage of passengers and goods by sea or by air.

10) Lighthouses, including lightships, beacons and other provision for the safety of shipping and aircraft.

11) Posts and telegraphs, Union telephones, wireless, broadcasting and other like forms of communication; the regulation and control of all other telephones, wireless, broadcasting and other forms of communication.

## 4. General:

1) Reserve Bank; banking; incorporation of banks, and the issue of paper money.

2) Currency, coinage and legal tender.

3) Survey of the Union, the Geological, Botanical and Zoological Surveys/ Union Meteorological Organizations and services.

4) Enquiries, surveys and statistics for the purposes of the Union.

5) Acquisition of property for the purpose of the Union.

6) Union agencies and institutes for the following purpose, that is to say, research, for professional or technical training, or for the promotion of special studies.

7) Census.

8) Union Services.

9) Industrial disputes concering Union employees.

10) Public debt of the Union.

11) All subjects in respect of Union areas.

12) Powers to deal with grave economic emergencies in any part of the Union affecting the Union.

13) Insurance.

14) Company Laws.

15) Cheques, Bills of Exchange, Promissory Notes and other like instruments.

16) Copyright; Inventions; Patents; Trade marks and Merchandise marks; Trade designs.

17) Planning.

18) Ancient and Historical monuments; Archaeological sites and remains.

19) Standard Weights and Measures.

20) Opium, so far as regards cultivation and manufacture, or sale for export.

21) Petroleum and other liquids and substances declared by the Federal Law to be dangerously inflammable, so far as regards possession, storage and transport.

22) Developments of industries, where development under Union control is declared by Union Law to be expedient in the public interests.

23) Regulation of labour and safety in Mines and Oilfields.

24) Regulation of Forests, Mines and Oilfields and Mineral development to the extent to which such regulation and development under Union control is declared by Union law to be expedient in the public interests.

25) Certificate, licence or any form of authorization fro disposal, exploitation, development or utilization of forests, mines and petroleum after consultation with the State concerned.

26) Migration within the Union.

27) Jurisdiction and Powers of all Courts except State Courts.

28) Offences against laws with respect to any of the matters in this list.

## တတိယဇယား

## စာရင်း (၁)

## ပြည်ထောင်စုနိုင်ငံဥပဒေပြုကိစ္စစာရင်း

### ၁။ ကာကွယ်ရေး။

(၁) မြို့စောင့်ပြည်စောင့်တပ်၊ ရေတပ်၊ ကုန်းတပ်များ ဖွဲ့စည်းရေး၊ လေ့ကျင့်ရေး၊ ထိန်းသိမ်းထားရှိရေးနှင့် ကြီးကြပ်အုပ်ချုပ်ရေးများ၊ ပြည်ထောင်စုနိုင်ငံကာကွယ်ရန် လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံနှင့် ပြည်နယ်များ၏ တရားဥပဒေများကို အာဏာတည်စေရန် လည်းကောင်း၊ ထိုတပ်များကို အသုံးပြုရေး။

(၂) ကာကွယ်ရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ။

(၃) ရေတပ်၊ ကုန်းတပ်နှင့် လေတပ်တော်များဆိုင်ရာ အလုပ်များ။

(၄) တပ်မြို့နယ်မြေများတွင် ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ထိုမြေနယ်များအတွင်း အိမ်နေရာထိုင်ခင်း စည်းမျဉ်းသတ်မှတ်ပေးရန်နှင့် ထိုနယ်မြေများ၏ နယ်နိမိတ်ကန့်သတ်ရေးများ။

(၅) လက်နက်များ၊ သေနတ်အမျိုးမျိုး၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် လက်နက်များ။

(၆) အနုမြူဓာတ်အားနှင့် ဓာတ်အားဖြစ်ထွန်းစေရန် အရေးကြီးသော ဓာတ်သတ္တုများ။

(၇) စစ်နှင့် စစ်ပြေငြိမ်းရေး။

## ၂။ နိုင်ငံခြားရေး။

(၁) သံတမန်ဆိုင်ရာ၊ ကောင်စစ်ဝန်ဆိုင်ရာ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်ခန့်ထားရေး။

(၂) ကမ္ဘာ့ကုလသမဂ္ဂ။

(၃) နိုင်ငံပေါင်းစုံအစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့များတွင် ပါဝင်ရေးနှင့် ထိုအသင်း အဖွဲ့အစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များကို အကျိုးသက်ရောက်စေရေး။

(၄) အခြားနိုင်ငံများနှင့် စာချုပ်သဘောတူညီချက်များ ချုပ်ဆိုရေးနှင့် အကျိုးသက်ရောက်စေရေး။

(၅) ကူးသန်းရောင်းဝယ်ရေးများကို စည်းမျဉ်းသတ်မှတ်ရေး။

(၆) နိုင်ငံခြားမှ ငွေချေးယူရေး။

(၇) တိုင်းရင်းသားအဖြစ်ခံယူရေးနှင့် တိုင်းတစ်ပါးသားများ။

(၈) ရာဇဝတ်မှုကျူးလွန်သူများအား ဆိုင်ရာနိုင်ငံသို့ပေးအပ်ရေး။

(၉) နိုင်ငံကူးလက်မှတ်များနှင့်ဗီဇာများ။

(၁၀) နိုင်ငံခြား စီရင်ပိုင်ခွင့်အာဏာ။

(၁၁) ရေတပ်ဌာန စီရင်ပိုင်ခွင့်အာဏာ။

(၁၂) နိုင်ငံတော်မှသုံးမိုင်ကွာ ပင်လယ်ပြင်တွင်လည်းကောင်း၊ ကောင်းကင်ယံတွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများကို ကျူးလွန်သော ပင်လယ်ဓမြမှုများနှင့် ပြစ်မှုများ။

(၁၃) ပြည်ထောင်စုနိုင်ငံတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံတော်မှ ထွက်ခွင့်ပြုရေးနှင့် ပြည်နှင်ဒဏ် ပေးရေးများ။

(၁၄) နိုင်ငံတော်ပိုင် ပင်လယ်နယ်နိမိတ်အပြင်အပ၌ တံငါနှင့် အင်းလုပ်ငန်းများကို လုပ်ဆောင်ရေး။

(၁၅) ပြည်ထောင်စုအစိုးရက သတ်မှတ်ဖော်ပြထားသော အကောက်ဌာနရှိရာ နယ်စပ်များကို ဖြတ်ကျော်၍ ယူဆောင်သော ဝင်ကုန်နှင့်ထွက်ကုန်။

## ၃။ လမ်းပန်းဆက်သွယ်ရေး။

(၁) သင်္ဘောဆိပ်ကမ်းများနှင့်တကွ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးစက်တတ်သောရောဂါကာကွယ်တားဆီးရေး။

(၂) လေကြောင်းခရီးများ။

(၃) ပြည်ထောင်စုနိုင်ငံ၏ ကုန်းလမ်း၊ ရေလမ်းများဖြစ်သည်ဟု ပြည်ထောင်စုအစိုးရက ပြဋ္ဌာန်းထားသော ကုန်းလမ်း၊ ရေလမ်းများ။

(၄) ပြည်ထောင်စုအစိုးရက ပြည်ထောင်စုရေလမ်းများဖြစ်သည်ဟု ပြဋ္ဌာန်းထားသော ပြည်တွင်းရေလမ်းများတွင် စက်ဖြင့်ခုတ်မောင်းသည့် ရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ခရီးသွားလာရေး၊ ထိုရေလမ်းများဆိုင်ရာ သွားလာမှုနည်းဥပဒေများ၊ ထိုရေလမ်းများတွင် ခရီးသည် များနှင့် ကုန်စည်များ သယ်ဆောင်ရေး။

(၅) မီးရထား စသော သံလမ်းယာဉ်များ။

(၆) ဒီရေအတက်အကျရှိသည့် ရေလမ်းများတွင်သယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းခရီးသွားလာရေးလည်း ပါဝင်သော ပင်လယ်ခြားသယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းခရီးသွားလာရေး။

(၇) ဆိပ်ကမ်းကြီးများ ဆိုလိုရင်းမှာ ထိုဆိပ်ကမ်းကြီးများ ပြဋ္ဌာန်းသတ်မှတ်ရေးနှင့် နယ်နိမိတ်သတ်မှတ်ရေး၊ ထို့ပြင် ဆိပ်ကမ်းဆိုင်ရာ အာဏာပိုင်များ ဖွဲ့စည်းရေးနှင့် ထိုအာဏာပိုင်တို့၏ အာဏာများ။

(၈) လေယာဉ်ပျံများနှင့် လေကြောင်းခရီးသွားလာရေး၊ လေယာဉ်ပျံကွင်းများ စီမံထားရှိရေး၊ လေကြောင်းခရီးသွားလာမှုနှင့် လေယာဉ်ပျံကွင်းများအတွက် စည်းမျဉ်းပြဋ္ဌာန်းရေးနှင့် ဖွဲ့စည်းရေးများ။

(၉) ပင်လယ်ရေကြောင်းဖြင့်ဖြစ်စေ၊ လေကြောင်းဖြင့်ဖြစ်စေ၊ ခရီးသည်များနှင့် ကုန်စည်များ သယ်ယူပို့ဆောင်ရေး။

(၁၀) လေ့သင်္ဘောနှင့် လေယာဉ်ပံျမှား သွားလာမှုလုံခြုံရေးအတွက် မီးပြသင်္ဘောများ၊ မီးပြ အထိမ်းအမှတ်များနှင့် အခြားစီမံချက်များလည်း ပါဝင်သည့် မီးပြတိုက်များ။

(၁၁) စာပို့တိုက်ဌာနနှင့် ကြေးနန်းဌာန၊ ပြည်ထောင်စုနိုင်ငံ စကားပြောကြေးနန်းဌာန၊ ဝိုင်ယာလက်၊ အသံလွှင့်ဌာနနှင့် အခြားအဆက်အသွယ်ပြုရေး နည်းလမ်းများ၊ ထို့ပြင် အခြားစကားပြောကြေးနန်း၊ ဝိုင်ယာလက်၊ အသံလွှင့်ဌာနနှင့် အခြား အဆက်အသွယ်ပြုရေးနည်းလမ်းများကို စည်းမျဉ်းသတ်မှတ်ရေးနှင့် ကြီးကြပ်အုပ်ချုပ်ရေးများ။

## ၄။ အရပ်ရပ်ဆိုင်ရာ။

(၁) သီးသန့်ဘဏ်၊ ဘဏ်လုပ်ငန်း၊ ဘဏ်များ စုပေါင်းဖွဲ့စည်းရေးနှင့် ငွေစက္ကူထုတ်ရေး။

(၂) ငွေစက္ကူ ဒင်္ဂါး၊ မူးပဲသွန်းခတ်ရေးနှင့် တရားဝင်ငွေစက္ကူ ငွေဒင်္ဂါး၊ မူးပဲ၊ စသည်များ။

(၃) ဘူမိဗေဒနည်း၊ ရုက္ခဗေဒနည်း၊ တိရစ္ဆာနဗေဒနည်းတို့ဖြင့် ပြည်ထောင်စုနိုင်ငံကို စစ်ဆေးတိုင်းထွာရန်၊ ပြည်ထောင်စုနိုင်ငံ မိုးလေဝသဌာနဖွဲ့စည်းရေးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ။

(၄) ပြည်ထောင်စုနိုင်ငံကိစ္စများအတွက် စုံစမ်းရေး၊ စစ်ဆေးတိုင်းထွာရေးနှင့် စာရင်းအင်းများ ထားရှိရေး။

(၅) ပြည်ထောင်စုနိုင်ငံအတွက် ပစ္စည်းရယူရေး။

(၆) အောက်ပါကိစ္စရပ်များအတွက် ပြည်ထောင်စုနိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့် အသင်းအပင်းများ။ ဆိုလိုရင်းမှာ သုတေသနလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းအတတ်နှင့် လက်မှုအတတ်ပညာ များ သင်ကြားရေး၊ သို့မဟုတ် အထူးပညာရပ်များ လေ့လာသင်ကြားရေးကို အားပေးချီးမြှင့်ရန်။

(၇) သန်းခေါင်စာရင်း။

(၈) ပြည်ထောင်စုနိုင်ငံတော်ဝန်ထမ်းအဖွဲ့များ။

(၉) ပြည်ထောင်စုနိုင်ငံအလုပ်သမားများနှင့် ပတ်သက်သော စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ အငြင်း ဖြစ်ပွားခြင်းများ။

(၁၀) ပြည်ထောင်စုနိုင်ငံသားတို့အပေါ်၌ တင်ရှိသည့်ကြွေးမြီ။

(၁၁) ပြည်ထောင်စုနယ်မြေဒေသများနှင့် စပ်လျဉ်းသောကိစ္စများ။

(၁၂) ပြည်ထောင်စုနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို ပြည်ထောင်စုအားထိခိုက်စေမည့် ဆိုးဝါးသည့် စီးပွားရေးဆိုင်ရာ အရေးတကြီးအခြေအနေနှင့် ပတ်သက်၍ အရေးတကြီး ဆောင်ရွက်ခွင့် အာဏာများ။

(၁၃) အာမခံစနစ်။

(၁၄) ကုမ္ပဏီဥပဒေများ။

(၁၅) ချက်လက်မှတ်များ၊ ငွေလွှဲလက်မှတ်များ၊ အာမခံငွေစက္ကူများနှင့် အခြားအလားတူ စာချုပ်များ။

(၁၆) မူပိုင်၊ အသစ်ထွင်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ကုန်သွယ်ရေးတံဆိပ်များ၊ ကုန်တံဆိပ်များ၊ ကုန်ပုံသဏ္ဌာန်များ။

(၁၇) စီမံကိန်းရေးဆွဲရေး။

(၁၈) ရှေးဟောင်းနှင့် ရာဇဝင်အထိမ်းအမှတ်များ၊ ရှေးဟောင်းကျောက်စာတည်ရာ နေရာ များနှင့် ရှေးဟောင်းအကြွင်းကျန်များ။

(၁၉) အလေးတင်းတောင်းစည်တို့ကို စံပြုခြင်း။

(၂၀) ဘိန်းစိုက်ပျိုးရေးနှင့် လုပ်ကိုင်ရေး၊ သို့မဟုတ် နိုင်ငံခြားသို့ ရောင်းရန်တင်ပို့ရေး။

(၂၁) ပြည်ထောင်စုဥပဒေက ဘေးအန္တရာယ်ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု ပြဋ္ဌာန်းထားသော ရေနံနှင့် အခြားအရည်များ၊ အစိုင်အခဲများကို ပိုင်ဆိုင်ရေး၊ သိုလှောင် ရေးနှင့် သယ်ယူပို့ဆောင်ရေး။

(၂၂) ပြည်ထောင်စုဥပဒေက ပြည်ထောင်စုအစိုးရ၏ ကြီးကြပ်အုပ်ချုပ်ခြင်းဖြင့်၊ အများပြည်သူတို့ အကျိုးငှာသင့်လျော်သည်ဟု ပြဋ္ဌာန်းထားသော စက်မှုလက်မှုလုပ်ငန်းများကို တိုးတက်အောင်ပြုလုပ်ရေး။

(၂၃) သတ္တုတွင်းများနှင့် ရေနံမြေများတွင် အလုပ်သမားနှင့်လုံခြုံမှုဆိုင်ရာ စည်းမျဉ်းသတ်မှတ်ရေး။

(၂၄) ပြည်ထောင်စုဥပဒေက ပြည်ထောင်စု၏ ကြီးကြပ်အုပ်ချုပ်ခြင်းဖြင့်သာ အများပြည်သူတို့ အကျိုးငှာ သင့်သည်ဟု ပြဋ္ဌာန်းထားသည့် ဥပဒေက ခွင့်ပြုထားသလောက် သစ်တော၊ သတ္တုတွင်း ရေနံတွင်းနှင့် ဓာတ်သတ္တုတိုးတက် တူးဖော်ရေးများအတွက် စီမံခန့်ခွဲရေး။

(၂၅) သက်ဆိုင်ရာအစိုးရနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် သစ်တောများ၊ သတ္တုတွင်းများနှင့် ရေနံများကို ထုခွဲရေး၊ လုပ်ကိုင်သုံးစွဲရေး၊ တိုးတက်အောင် ပြုလုပ်ရေး၊ သို့မဟုတ် အသုံးချရေးများအတွက် လက်မှတ်၊ လိုင်စင်၊ သို့မဟုတ် ခွင့်ပြုချက်။

(၂၆) ပြည်ထောင်စုနိုင်ငံအတွင်း ပြည်နယ်တစ်နယ်မှ ပြည်နယ်တစ်နယ်သို့ သွားလာရွှေ့ပြောင်းရေး။

(၂၇) နိုင်ငံတော်တရားရုံးတော်မှတစ်ပါး ရုံးအားလုံး၏ စီရင်ခွင့်အာဏာနှင့် အာဏာများ။

(၂၈) ဤစာရင်းပါကိစ္စများနှင့် စပ်လျဉ်းသည့် တရားဥပဒေများကို ကျူးလွန်သောပြစ်မှုများ။

## List II

### State Legislative List

### 1. Constitutional Affairs:

1) The amendment from time to time of the constitution of the State, subject to this Constitution.

2) Elections to the State legislature, subject to the provision of this Act and of any other Act made thereunder.

3) State public Services and State Public Service Commissions.

4) State Public that is to say, pensions payable by the State or out of the State Revenues.

5) The salaries of the State Ministers, of the Speaker or Chairman of the State Legislature; allowances and privileges of the members of the State Legislature; and, to the extent as is expressly authorized by this Constitution or any Act made thereunder, the punishment of person who refuse to give evidence or produce documents before Committees of the State Legislature.

### 2. Economic Affairs:

1) Agriculture: cattle pounds and the prevention of cattle trespass.

2) Fisheries within the State.

3) Land: land improvement and agricultural loans; Colonization; incumbent and attached estates.

4) Markets and Fairs.

5) Water, that is to say, water supplies, irrigation and canals, drainage and embankments, water storage.

## 3. Security:

1) Public order (but not including the use of naval, military of air forces in aid of a civil power).

2) Police, including Village Police.

3) The administration of justice; constitution and organization of all Courts subordinate to the High Court, and fees taken therein; preventive detention for reasons connected with the maintenance of public order; persons subject to such detention.

4) Jurisdiction and powers of all Courts subordinate to High Court, with respect to any of the matters enumerated in this list.

5) The imposition of punishment by fine, penalty or imprisonment for enforcing any law of the State made in relation to any matter coming within any of the classes of subjects enumerated in this list.

6) Prison; persons detained therein; arrangements with other Units for the use of prisons and other institutions.

7) Offences against laws with respect to any of the matters enumerated in this list.

## 4. Communications:

1) Roads, bridges, ferries and other means of communication other than such as extend beyond the borders of the State.

2) Municipal tramways; rope-ways.

3) Inland waterways and traffic thereon.

4) Local works and undertaking within the State other than railways, subject to the power of the Union Parliament to declare any work a national

work and to provide for its construction by agreement with the State Legislature of otherwise.

## 5. Education:

1) Education other than University, higher technical and professional education for a period of ten years and thereafter until the Union Parliament otherwise provides.

2) All educational institutions controlled or financed by the State.

3) Libraries, museums and other similar institutions controlled or financed by the State.

4) Theatres, dramatic performances and cinemans, but not including the sanction of cinematographic films for exhibition.

## 6. Public Health:

1) Public Helth and Sanitation.

2) The establishment, maintenance and management of hospital, asylums and dispensaries.

3) Registration of births, deaths and marriages.

4) Burials and burial grounds.

## 7. Local Government:

1) Municipalities and other local authorities for the purpose of local self-government or village administration.

2) Charities and charitable institutions.

## 8. General:

1) Relief of the poor.
2) Enquirer and statistics for the purpose of any of the matters enumerated in this list.
3) Generally all matters, which in the opinion of the President of the Union, are of a merely local or private nature in the State.

## စာရင်း (၂)

## ပြည်နယ်ဥပဒေပြုကိစ္စစာရင်း

### ၁။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာကိစ္စများ

(၁) ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို အခါကာလအားလျော်စွာပြင်ဆင်ခြင်း။

(၂) ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြုထားသော အခြားအက်ဥပဒေများရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်နယ်ဥပဒေပြုအဖွဲ့သို့ ရွေးကောက်တင်မြှောက်ခြင်း။

(၃) ပြည်နယ်ဝန်ထမ်းရာထူးများနှင့် ပြည်နယ်ရာထူးခန့်ထားရေးအဖွဲ့များ။

(၄) ပြည်နယ်အငြိမ်းစားရိက္ခာငွေများ။ တစ်နည်းအားဖြင့်ဆိုသော် ပြည်နယ်ကပေးရမည်ဖြစ်သော သို့မဟုတ် ပြည်နယ်အခွန်ဘဏ္ဍာတော်များမှ ပေးရမည်ဖြစ်သော အငြိမ်းစားရိက္ခာငွေများ။

(၅) ပြည်နယ်ဝန်ကြီးများ၏လစာ၊ ပြည်နယ်ဥပဒေပြုအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် သဘာပတိ၏ လစာငွေများ၊ ပြည်နယ်ဥပဒေပြုအမတ်များ၏ လစာငွေများ၊ အခြားစရိတ် ကြေးငွေများနှင့် အခွင့်အရေး များ၊ ပြည်နယ်ဥပဒေပြုအဖွဲ့၏ ကော်မတီများ၏ရှေ့မှောက်တွင် သက်သေခံခြင်း၊ စာချုပ်များကို တင်ပြခြင်းကို ငြင်းဆန်သူများအား ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ သို့မဟုတ် ဤအခြေခံဥပဒေအရ ပြုထားသော အခြားအက်ဥပဒေတစ်ရပ်ရပ်တွင် အတည့်အလင်းအခွင့် အာဏာပေးထားသည်အထိ အပြစ်ဒဏ်ပေးခြင်း။

## ၂။ စီးပွားရေးကိစ္စများ

(၁) လယ်ယာစိုက်ပျိုးရေး၊ ကျွဲနွားတိရိစ္ဆာန်ထောင်များနှင့် ကျွဲနွားတိရိစ္ဆာန် ကျော်နင်းဝင်ရောက်မှု တားဆီးရေး။

(၂) ပြည်နယ်အတွင်းရှိ အင်းအိုင်များ။

(၃) မြေ၊ မြေတိုးတက်ကောင်းမွန်ရေးနှင့် လယ်ယာအမတော်ကြေးများ၊ နယ်သစ်ဖွင့်လှစ်ခြင်း၊ ကြွေးမြီ အပေါင်းအနှံမကင်း၍ ဝရမ်းအကပ်ခံရသောမြေယာပစ္စည်း အဆောက်အအုံများ။

(၄) စျေးရုံများနှင့် ပွဲစျေးများ။

(၅) ရေ၊ တစ်နည်းအားဖြင့်ဆိုသော် ရေပေးသွင်းခြင်း၊ ဆည်မြောင်းများ၊ တူးမြောင်းများ၊ ရေလွှတ်မြောင်းများနှင့် ရေကာတာများ ရေလှောင်ကန်များ။

## ၃။ လုံခြုံရေးကိစ္စ

(၁) ပြည်သူ့ငြိမ်ဝပ်ပိပြားရေး၊ (သို့သော် မြို့ပြအုပ်ချုပ်မှုတွင် ကုန်းတပ်၊ ရေတပ်၊ လေတပ်ကို အသုံးပြုခြင်းမပါ)။

(၂) ကျေးရွာပုလိပ်အပါအဝင်ဖြစ်သော ပုလိပ်။

(၃) တရားဥပဒေစီရင်ခြင်း၊ ဟိုက်ကုတ်ရုံးတော်၏ လက်အောက်ခံရုံးများ တည်ထောင်ဖွဲ့စည်းခြင်းနှင့် ထိုရုံးများကရရှိသော ရုံးခွန်တော်ငွေများ၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေးအတွက် ကာကွယ်သော သဘောဖြင့် ချုပ်နှောင်ထားခြင်း၊ ထိုသို့ချုပ်နှောင်ခြင်း ခံရသူများ။ ဤစာရင်းတွင် ဖော်ပြထားသော ကိစ္စတစ်စုံတစ်ရာနှင့်ပတ်သက်၍ ဟိုက်ကုတ်ရုံးတော် လက်အောက်ခံရုံးများ၏ စီရင်ပိုင်ခွင့်နှင့် အာဏာများ။

ဤစာရင်းတွင်ဖော်ပြထားသော ကိစ္စအမျိုးမျိုးတွင် ပါဝင်သည့်ကိစ္စတစ်စုံတစ်ရာနှင့် ပတ်သက်၍ ပြုလုပ်ထားသောပြည်နယ် တရားဥပဒေအရ ငွေဒဏ်အားဖြင့်သော်လည်းကောင်း၊ ထောင်ချခြင်းသော်လည်းကောင်း၊ အပြစ်ဒဏ်ပေးခြင်း။

အကျဉ်းထောင်များ၊ ထိုအကျဉ်းထောင်များတွင် အကျဉ်းခံနေရသောသူများ၊ အကျဉ်းထောင်များနှင့် အခြားအလုပ်ဌာနများကို အသုံးပြုနိုင်ရန် အခြားပြည်နယ်များနှင့် စီမံခြင်း။

ဤစာရင်းတွင် ဖော်ပြထားသည့် ကိစ္စတစ်စုံတစ်ရာနှင့် ပတ်သက်သော တရားဥပဒေများကို ကျူးလွန်သောပြစ်မှုများ။

## ၄။ လမ်းပန်းဆက်သွယ်ရေး

(၁) ပြည်နယ်၏ နယ်နိမိတ်အတွင်းရှိလမ်းများ၊ တံတားများ၊ ကူးတို့များနှင့် အခြားဆက်သွယ်ရေးများ။

(၂) မြူနီစပါယ်ဓာတ်ရထားများ၊ ကြိုးလမ်းယာဉ်များ။

(၃) ပြည်တွင်းရေလမ်းများနှင့် ရေကြောင်းသွားလာမှုများ။

(၄) ပြည်နယ်ဥပဒေပြုအဖွဲ့နှင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း၊ စေ့စပ်သဘောတူညီပြီးလျှင် မည်သည့်အလုပ်ကိုမဆို နိုင်ငံတော်ပိုင်ဖြစ်သည်ဟု ကြေညာနိုင်၍ ဆောက်လုပ်ရေးအတွက် ငွေပေးထောက်နိုင်သော ပြည်ထောင်စုပါလီမန်၏ အာဏာနှင့် မဆန့်ကျင် လျှင် မီးရထားမှတစ်ပါး ပြည်နယ်အတွင်း၌ ဆောင်ရွက်အပ်သော အလုပ်များကို လုပ်ကိုင်နိုင်ခြင်း။

## ၅။ ပညာရေး

(၁) ပြည်ထောင်စုပါလီမန်က အခြားတစ်နည်းနည်းဖြင့် ပြဋ္ဌာန်းခြင်းပြုမထားလျှင် တက္ကသိုလ်ပညာ ဆယ်နှစ်ကာလနှင့် ထိုကာလထက်လွန်၍ ကြာမည့်စက်မှုလက်မှုပညာ၊ သက်မွေးမှုပညာများမှ တစ်ပါး အခြားပညာ သင်ကြားရေး။

(၂) ပြည်နယ်က ကြီးကြပ်အုပ်ချုပ်သော၊ သို့မဟုတ် ငွေထောက်ပံ့သော ပညာရေးဆိုင်ရာ ကျောင်းအားလုံး။

(၃) ပြည်နယ်က ကြီးကြပ်အုပ်ချုပ်သော သို့မဟုတ် ငွေထောက်ပံ့သော စာကြည့်ပိဋကတ်တိုက်များ၊ ပြတိုက်များနှင့်အတူ တိုက်ရိုဌာနများ။

(၄) ဇာတ်ရုံများ၊ ဇာတ်အငြိမ့် ကပြခြင်းများ၊ ရုပ်ရှင်များ၊ သို့ရာတွင် ရုပ်ရှင်ကားများ ပြသရန် အမိန့်ပေးခြင်းမပါ။

## ၆။ ပြည်သူ့ကျန်းမာရေး

(၁) ပြည်သူလူအများ ကျန်းမာရေးနှင့် သန့်ရှင်းစင်ကြယ်ရေး။

(၂) ဆေးရုံများ၊ ဒုက္ခိတရုံများ၊ ဆေးပေးရုံများတည်ထောင်ရေး၊ ထောက်ပံ့ထားရှိရန်နှင့် စီမံအုပ်ချုပ်ရေး။

(၃) မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ထိမ်းမြားခြင်းတို့ကို မှတ်ပုံတင်ခြင်း။

(၄) မြေမြှုပ်သင်္ဂြိုလ်ခြင်းနှင့် သင်္ချိုင်းမြေများ။

## ၇။ ဒေသန္တရအုပ်ချုပ်ရေး

(၁) ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ကျေးရွာအုပ်ချုပ်ရေးအတွက် မြူနီစီပါယ်အဖွဲ့များနှင့် အခြား ဒေသန္တရအာဏာပိုင်များ။

(၂) အလှူအတန်းများနှင့် ကုသိုလ်ဖြစ်အဖွဲ့အစည်းများ။

## ၈။ အရပ်အရပ်ဆိုင်ရာ

(၁) သူဆင်းရဲများသက်သာချောင်ချိရေး။

(၂) ဤစာရင်းတွင် ဖော်ပြထားသည့်ကိစ္စများနှင့် ပတ်သက်၍ စုံစမ်းခြင်း၊ စာရင်းအင်း၊ ကောက်ယူခြင်း။

(၃) နိုင်ငံတော်သမ္မတ၏ သဘောထင်မြင်ချက်တွင် ဒေသန္တရသဘော သက်ဝင်သည်ဟူ၍ သော်လည်းကောင်း၊ ပြည်နယ်တွင်းရေးရာ သဘောသက်ဝင်သည်ဟူ၍ သော်လည်းကောင်း ယူဆခြင်းခံရသော ကိစ္စအရပ်ရပ်။

## List III

## Concurrent Legislative List.

1. Criminal law, including all matters included in the Burma Penal Code at the date of the coming into operation of this Constitution, but excluding offences against laws with respect to any of the matters specified in List I or List II and excluding the use of naval, military and air forces in aid of the civil power.
2. Criminal Procedure, including all matters included in the Code of Criminal Procedure at the date of the coming into operation of this Constituion.
3. Removal of prisoners and accused persons from one State to another.
4. Civil Procedure, including the law of limitation and all matters included in the Code of Civil Procedure at the date of the coming into operation of this Constitution.
5. Evidence and oaths; recognition of laws, public acts and records and judicial proceedings.
6. Marriage and divorce; infants and minors; adoption.
7. Wills, intestacy, and succession.
8. Transfer of property; registration of deeds and documents.
9. Trusts and Trustees.

10. Contracts, including partnership, agency, contract of carriage, and other special forms of contract.

11. Arbitration.

12. Bankruptcy and insolvency; Administrators-General and Official Trustees.

13. Agricultural Education and Research, protection against pests and prevention of plant disease: improvement of stock and prevention of animal diseases; veterinary training and practice.

14. Regulation of land tenures, including the relation of landlord and tenant and the collection of rents; transfer, alienation and devolution of land.

15. Internal Trade and Commerce.

16. Child Labour.

17. Hours of Labour

18. Unhealthy and Dangerous Industries.

19. Hydraulic Resources.

20. Procedure in the Rent and Revenue cases.

21. Reformatories, Borstal Institutions and other institutions of the like nature.

22. Actionable wrongs, save in so far as included in laws with respect to any of the matters specified in List I or List II.

23. Jurisdiction and powers of all Courts, except the Supreme Court and High Court, with respect to any of the matters in this List.

24. Legal, medical and other professions.

25. Newspapers, books and printing presses.

26. Lunacy and mental deficiency, including places for the reception or treatment of lunatics and mental deficients.

27. Poisons and dangerous drugs.

28. Mechanically-propelled vehicles.

29. Boilers.

30. Prevention of cruelty to animals.

31. Inquiries and statistics for the purpose of any of the matters in this list.

32. Factories.

33. Welfare of labour; conditions of labour; provident funds; employer's liability and workmen's compensation; health insurance including invalidity pensions; old age pensions.

34. Unemployment insurance.

35. Trade Unions; industrial and labour disputes.

36. The prevention of the extension from one State to another of infectious or contagious diseases or pests affecting men, animals or plants.

37. Electricity.

38. Shipping and Navigation on inland waterways as regards mechanically-propelled vessels, and the rule of the road on such waterways, carriage of passengers and goods on inland waterways.

39. Protection of wild birds and animals.

40. Adulteration of foodstuffs and other goods.

41. Gas and gas works.

## စာရင်း (၃)

## တူညီဥပဒေပြုကိစ္စစာရင်း။

၁။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ စတင်အတည်ဖြစ်သည့်နေ့၌ မြန်မာနိုင်ငံတော် ရာဇသတ်ကြီး ပါ အကြောင်းအရာအားလုံးပါဝင်သော၊ သို့ရာတွင် စာရင်း ၁ သို့မဟုတ် စာရင်း ၂ တွင် သီးခြား ဖော်ပြထားသည့်ကိစ္စတစ်စုံတစ်ရာနှင့် ပတ်သက်သည့် တရားဥပဒေများကို ဖောက်ဖျက် ကျူးလွန်သည့်ပြစ်မှုမပါသော၊ ထို့ပြင် မြို့ပြအုပ်ချုပ်ရေးအတွက် ကုန်းတပ်၊ ရေတပ်၊ လေတပ်တို့ အသုံးပြုခြင်းလည်း မပါဝင်သော ရာဇဝတ်တရားဥပဒေ။

၂။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ စတင်အတည်ဖြစ်သည့်နေ့တွင် ရာဇဝတ်ကျင့်ထုံးကို ဥပဒေတွင် ပါဝင်သော ကိစ္စအားလုံးပါဝင်သည့် ရာဇဝတ်ကျင့်ထုံး။

၃။ တစ်နိုင်ငံမှတစ်နိုင်ငံသို့ အကျဉ်းသမားများနှင့် တရားခံများရွှေ့ပြောင်းရေး။

၄။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ စတင်အတည်ဖြစ်သည့်နေ့တွင် တရားမကျင့်ထုံး ကိုဓ ဥပဒေတွင် ပါဝင်သော ကာလစည်းကမ်း၊ အက်ဥပဒေနှင့် ကိစ္စအားလုံးပါဝင်သည့် တရားမကျင့်ထုံး။

၅။ သက်သေခံခြင်းနှင့် ကျမ်းသစ္စာကျိန်ဆိုခြင်း၊ တရားဥပဒေများ၊ ပြည်သူပြည်သားနှင့်ဆိုင်သော အက်ဥပဒေများ၊ မှတ်တမ်းများနှင့် တရားရုံးတော်အမှုတွဲများကို အသိအမှတ်ပြုခြင်း။

၆။ ထိမ်းမြားခြင်းနှင့် လင်မယားကွာရှင်းခြင်း၊ နို့စို့ကလေးများနှင့် အရွယ်မရောက်သေးသော ကလေးများ မွေးစားခြင်း။

၇။ သေတမ်းစာများ၊ သေတမ်းစာထားခဲ့ခြင်းနှင့် အမွေဆက်ခံခြင်း။

၈။ ပစ္စည်းလွှဲပြောင်းခြင်း၊ သဘောတူချုပ်ဆိုချက်များနှင့် စာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်း။

၉။ စီးပွားရေးအဖွဲ့ စုများနှင့် ထိုအဖွဲ့ စုလူကြီးများ။

၁၀။ အစုစပ်လုပ်ငန်း၊ ကိုယ်စားလှယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးပဋိညာဉ်နှင့် အထူးချုပ်ဆိုသည့် အခြားပဋိညာဉ်အမျိုးမျိုးပါဝင်သော ပဋိညာဉ်များ။

၁၁။ ခုံတင်၍ဆုံးဖြတ်ခြင်း။

၁၂။ အင်ဆော်လ (ဒေဝါလီ) ဝင်ခံခြင်း၊ အုပ်ချုပ်ကြီးကြပ်သူမင်းကြီးနှင့် ပစ္စည်းထိန်းမင်းကြီး များ။

၁၃။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပညာသင်ကြားရေးနှင့် သုတေသနပြုမှု၊ ပိုးမွှားများ ဘေးမှ ကာကွယ်ရေးနှင့် အသီးအပင်များ ပိုးမွှားဖျက်ဆီးခြင်းမှ ကာကွယ်ရေး၊ ကျွဲနွား တိရိစ္ဆာန်ရောဂါများကို ကာကွယ်ရေး၊ တိရိစ္ဆာန်ရောဂါကု ပညာသင်ကြားရေးနှင့် ကုသရေး။

၁၄။ မြေရှင်နှင့် သီးစားသမားဆက်ဆံရေး၊ မြေငှားခတောင်းခံရေးတို့ ပါဝင်သော မြေပိုင်ဆိုင်ခွင့် စံနစ်များ၊ မြေလွှဲပြောင်း၊ လွှဲအပ်၊ ဆက်ခံစေခြင်းများ။

၁၅။ ပြည်တွင်းကုန်သွယ်ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း။

၁၆။ ကလေးများကို အလုပ်လုပ်စေခြင်း။

၁၇။ အလုပ်လုပ်ရသည့် အချိန်နာရီ။

၁၈။ ကျန်းမာရေးနှင့် မညီညွတ်သည့်အပြင် ဘေးရန်အန္တရာယ်များသော စက်မှုလက်မှု လုပ်ငန်း များ။

၁၉။ ရေအားရနိုင်သည့် ပင်ရင်းအခြေအမြစ်များ။

၂၀။ မြေငှားခနှင့် မြေခွန်တော်အမှုများတွင် လိုက်နာရန်နည်းလမ်းများ။

၂၁။ အကျင့်စာရိတ္တပြင်ဌာနများ။ ကလေးအကျဉ်းထောင်များနှင့် အခြားအလားတူဌာနများ။

၂၂။ စာရင်းအမှတ် ၁ သို့မဟုတ် ၂ ၌ ဖော်ပြထားသော တရားဥပဒေနှင့် စပ်လျဉ်းသည့် ကိစ္စများမှ တစ်ပါး၊ အက်ဥပဒေအရ တရားစွဲဆိုအရေးယူနိုင်သော ပြစ်မှုများ။

၂၃။ ဤစာရင်းပါကိစ္စများနှင့် စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များ အပ၊ အခြားတရားရုံးအားလုံး၏ စီရင်ပိုင်ခွင့်နှင့်အာဏာများ။

၂၄။ ရှေ့နေလိုက်ခြင်း၊ ဆေးကုခြင်း၊ အခြားအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းခြင်း။

၂၅။ သတင်းစာများ၊ စာအုပ်များနှင့် စာပုံနှိပ်စက်များ။

၂၆။ စိတ္တဇရောဂါသည်များနှင့် စိတ်ပေါ့သွပ်သူများကို လက်ခံကုသပေးသောနေရာများ ပါဝင်သော စိတ္တဇရောဂါနှင့် စိတ်ပေါ့သွပ်ခြင်း။

၂၇။ အဆိပ်များနှင့် ဘေးအန္တာရယ်ဖြစ်စေတတ်သည့် ဆေးဝါးများ။

၂၈။ စက်ဖြင့်ခုတ်မောင်းသော ယာဉ်များ။

၂၉။ ရေနွေးအိုးများ။

၃၀။ တိရိစ္ဆာန်များကို ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ခြင်း။

၃၁။ ဤစာရင်းပါကိစ္စများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ စာရင်းအင်းများ ကောက်ယူစီရင်ခြင်း။

၃၂။ ကုန်စည်လုပ်ကိုင်ရာရုံများ။

၃၃။ အလုပ်သမားများ အကျိုးတိုးပွားရေး၊ အလုပ်သမားတို့၏ အခြေအနေ၊ အိုမင်းစားရံပုံငွေများ၊ အလုပ်ရှင်များ၏ တာဝန်ဝတ္တရား၊ အလုပ်သမားလျော်ကြေး၊ မကျန်းမမာအငြိမ်းစားရိက္ခာငွေ အပါအဝင်ဖြစ်သော ကျန်းမာရေးအာမခံစနစ်၊ အိုမင်းမစွမ်းအငြိမ်းစားရိက္ခာငွေများ။

၃၄။ အလုပ်လက်မဲ့အာမခံစနစ်များ။

၃၅။ အလုပ်သမားစောင့်ရှောက်ကွယ်ကာရေးအဖွဲ့များ၊ စက်မှုနှင့် အလုပ်သမား အငြင်းအခုံများ။

၃၆။ လူများ၊ တိရိစ္ဆာန်များ၊ သစ်ပင်များကို ဘေးဖြစ်စေသော ကူးစက်တတ်သည့် ရောဂါများ၊ ရောဂါပိုးများ၊ ပြည်နယ်တစ်နယ်မှ တစ်နယ်သို့ ပြန့်ပွားခြင်းကို တားဆီးရေး။

၃၇။ လျှပ်စစ်ဓာတ်။

၃၈။ စက်ဖြင့်ခုတ်မောင်းသွားလာသည့် ရေယာဉ်များနှင့် စပ်လျဉ်း၍ ပြည်တွင်းရေးလမ်းများတွင် လှေ၊ သင်္ဘောများသွားလာရေး၊ ထို့ပြင် ပြည်တွင်းရေလမ်းများ၌ ခရီးသည်များ၊ ကုန်စည်များ သယ်ယူပို့ဆောင်ခြင်းနှင့် စပ်လျဉ်းသော နည်းဥပဒေများ။

၃၉။ ကျေးငှက်ရိုင်းနှင့် သားရိုင်းတိရိစ္ဆာန်များကို ကာကွယ်ရေး။

၄၀။ စားကုန်သောက်ကုန်များ၊ အခြားကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ မကောင်းသော ကုန်ပစ္စည်း များနှင့် ရောနှောခြင်း။

၄၁။ ဓာတ်ငွေ့၊ ဓာတ်ငွေ့လုပ်ငန်းများ။

## List IV.

### Union Revenue List.

1. The raising of money by any mode or system of taxation.
2. The borrowing of money on the public credit.
3. Duties of customs including export duties.
4. Excise duties.
5. Taxes on Corporations.
6. Taxes on income.
7. Taxes on capital value of the assets of individuals and companies.
8. Taxes on the capital of companies.
9. Estates duty in respect of property.
10. Excess profit tax.
11. Saving bank.
12. Fees in respect of any of the matters in the Union legislative List.

## စာရင်း (၄)

## ပြည်ထောင်စုအခွန်တော်ကိစ္စစာရင်း။

၁။ အခွန်ကောက်ခံသော နည်းစနစ်တစ်ခုခုဖြင့် ငွေကိုရအောင်ပြုခြင်း။

၂။ ပြည်သူတို့ထံမှ ငွေချေးယူခြင်း။

၃။ ထွက်ကုန်များအပေါ်ကောက်ခံသော အကောက်တော်ငွေလည်း အပါအဝင်ဖြစ်သည့် အကောက်တော်များ။

၄။ နိုင်ငံတွင်းပစ္စည်းဆိုင်ရာ အကောက်တော်များ။

၅။ တရားဥပဒေအဖွဲ့စည်းထားသော အစုစပ်အဖွဲ့များအပေါ်တွင် ကောက်ခံသည့် အခွန်များ။

၆။ အမြတ်တော်ခွန်များ။

၇။ တစ်ဦးတစ်ယောက်ပိုင်ပစ္စည်း သို့မဟုတ် ကုမ္ပဏီပိုင်ပစ္စည်းများ၏ တန်ဖိုးအပေါ်တွင် ကောက်ခံ သည့်အခွန်များ။

၈။ ကုမ္ပဏီ၏ငွေရင်းအပေါ်တွင် ကောက်ခံသည့်အခွန်များ။

၉။ ဥစ္စာတန်ဖိုးအလိုက် ကိုယ်ပိုင်ပစ္စည်းခွန်။

၁၀။ အပိုအမြတ်တော်ခွန်။

၁၁။ ငွေစုဘဏ်။

၁၂။ ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စအရပ်ရပ်နှင့် စပ်လျဉ်းသောအခွန်။

## List V.

### State Revenue List.

1. Land Revenue:

   I. Land Revenue proper.

   II. Rents, etc, of fisheries.

   III. Rovalty on Petroleum.

   IV. Royalty on Minerals and taxes on Mineral rights subject to any limitations imposed by any Act of the Union Parliament relating to Mineral Development.

   V. Royalty on Rubber.

   VI. Capitatio and Thathameda taxes.

2. Duties of Excise on the following goods manufactured or produced in the State and countervailing duties at the same or lower rates on similar goods manufactured of produced elsewhere in the Union:

   I. Alcoholic liquors for human consumption.

   II. Opium.

   III. Indian hemp and other narcotics; non-narcotic drugs.

3. Medicinal and toilet preparations containing alcohol or any substance included in item 2 of this list.

4. Stamps, Judicial.

5. Forests.

6. Registration.

7. Taxes under the State Motor Vehicles Taxation Act.

8. Irrigation Receipts.

9. Interests on advances made from the State Revenues and on State Investments.

10. Contributions from component parts to the State.

11. Contributions from the Union.

12. All fees, fines, sale proceeds and rents of property belonging to the State, recoveries of over- payments and payments for services rendered in connection with any or al matters enumerated above and also in connection with the following:

a) Administration of Justice.

b) Jails and Convict Settlements.

c) Police.

d) Education.

e) Medical.

f) Public health.

g) Agriculture.

h) Veterinary.

i) Co-operative Societies.

j) Registration of births, deaths and marriages.

k) Civil Works.

l) Receipts in aid of superannuation of State employees.

m) Stationery and printing.

n) Unclaimed deposits.

o) Treasure Troves.

p) Tools.

q) Extraodinary Receipts.

## စာရင်း (၅)

## ပြည်နယ်အခွန်တော်ကိစ္စစာရင်း။

၁။ မြေခွန်တော်။

(၁) မြေခွန်တော်သက်သက်။

(၂) အင်းအိုင်တို့အပေါ်မှ ကောက်ခံရရှိသော အခွန်စသည်များ။

(၃) ရေနံပေါ်တွင် ကောက်ခံသော အကောက်တော်။

(၄) ဓာတ်သတ္တုတူးဖော်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုပါလီမန်၏ အက်ဥပဒေဖြင့် သတ်မှတ် ထားသည့်အတိုင်း ဓာတ်သတ္တုခွန်နှင့် ဓာတ်သတ္တုပိုင်ဆိုင်ခွင့် အခွန်များကို ကောက်ခံခြင်း။

(၅) ကြက်ပေါင်စေးပေါ်တွင် ကောက်ခံသောအကောက်တော်။

(၆) လူခွန်တော်နှင့် သဿမေဓအခွန်တော်။

၂။ ပြည်နယ်အတွင်းတွင် လုပ်ကိုင်သော အောက်ဖော်ပြပါ ကုန်ပစ္စည်းများအပေါ်တွင် ကောက်ခံသည့် နိုင်ငံတွင်းကုန်ပစ္စည်း အကောက်တော်များ၊ ထို့ပြင် ပြည်ထောင်စုနိုင်ငံအတွင်း အခြားဒေသများတွင် လုပ်ကိုင်သည့်အခြားအလားတူ ကုန်ပစ္စည်းများအပေါ်တွင် နှုန်းတူဖြင့်ဖြစ်စေ၊ လျှော့နှုန်းဖြင့်ဖြစ်စေ၊ သာနာညီမျှရှိအောင် ကောက်ခံသည့် အကောက်တော်များ။

(က) လူသောက်သုံးသော သေရည်သေရက်။

(ခ) ဘိန်း။

(ဂ) အိန္ဒိယဆေးခြောက်၊ မူးယစ်စေတတ်သောဆေးဝါးများ၊ မမူးမယစ်စေတတ်သော ဆေးဝါးများ။

၃။ အရက်ပြန်ပါဝင်သော သို့မဟုတ် ဤစာရင်းရှိအမှတ် ၂ တွင် ဖော်ပြထားသည့်အရာဝတ္ထုများ ပါဝင်သည့် ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ။

၄။ တရားရုံးတော်ဆိုင်ရာ တံဆိပ်တော်ခေါင်းများ။

၅။ သစ်တောများ။

၆။ မှတ်ပုံတင်ခြင်း။

၇။ နိုင်ငံတော်မော်တော်ယာဉ်ခွန် အက်ဥပဒေများအရကောက်ခံသောအခွန်တော်ငွေများ။

၈။ ဆည်မြောင်းဌာနမှ ရငွေများ။

၉။ နိုင်ငံတော်အခွန်ငွေများမှ ထုတ်ချေးသဖြင့် ရသောအတိုးငွေ၊ အခွန်တော်များကို ရင်းနှီးသဖြင့် ရသောအတိုးငွေ။

၁၀။ ပြည်နယ်ဝင်ဒေသများမှ ပြည်နယ်သို့ပေးဆောင်ရသောငွေများ။

၁၁။ ပြည်ထောင်စုနိုင်ငံတော်မှ ထောက်ပံ့ငွေများ။

၁၂။ အခငွေများ၊ ဒဏ်ငွေများ၊ ပြည်နယ်ပိုင်ပစ္စည်းများကို ငှားရမ်း၍ရသောအခငွေ သို့မဟုတ် ရောင်းရငွေ အထက်ဖော်ပြပါကိစ္စရပ်များနှင့် အောက်ဖော်ပြပါကိစ္စရပ်များအတွက် အမှုထမ်း ဆောင်ရသော အမှုထမ်းများအား ပေးငွေများ ပို၍ပေးထားသောငွေကို ပြန်လည်တောင်းခံ၍ ရသောငွေ။

(က) တရားဥပဒေစီရင်အုပ်ချုပ်မှု။

(ခ) အကျဉ်းထောင်များ၊ အကျဉ်းသမားများထားရာဒေသများ။

(ဂ) ရာဇဝတ်အမှုထမ်းအဖွဲ့။

(ဃ) ပညာရေး။

(င) ဆေးဘက်ဆိုင်ရာဌာန။

(စ) ပြည်သူ့ကျန်းမာရေး။

(ဆ) လယ်ယာစိုက်ပျိုးရေး။

(ဇ) တိရိစ္ဆာန်ဆေးကုဌာန။

(ဈ) သမဝါယမအသင်းများ။

(ည) မွေး၊ သေနှင့် လက်ထပ်ထိမ်းမြားခြင်းကို မှတ်ပုံတင်ခြင်း။

(ဋ) မြို့ပြဆိုင်ရာအလုပ်များ။

(ဌ) ပြည်နယ်အမှုထမ်းများအား အငြိမ်းစားထောက်ပံ့ငွေများ။

(ဍ) စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း။

(ဎ) ပိုင်ရှင်မပေါ်သော သွင်းထားငွေများ။

(ဏ) ရတနာသိုက်များ။

(တ) အကောက်များ။

(ထ) အထူးရရှိငွေများ။

## List VI.

### Concurrrent Revenue List.

1. Taxes on professions, trades and employments.
2. Taxes on animals and boats.
3. Taxes on the sale of goods and on advertisements.
4. Taxes on luxuries, including taxes on entertainments, amusements, betting and gambling.
5. Taxes in respect of succession to property.

## စာရင်း ၆။

### တူညီအခွန်တော်ကိစ္စစာရင်း။

၁။ ပညာသည်တို့၏အလုပ်အကိုင်များ၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်အကိုင်များ အပေါ်တွင် ကောက်ခံရရှိသောအခွန်များ

၂။ တိရိစ္ဆာန်များနှင့်လှေများအပေါ်တွင် ကောက်ခံရရှိသောအခွန်များ။

၃။ ကုန်ရောင်းခြင်းနှင့် ကြော်ငြာခြင်းများပေါ်တွင် ကောက်ခံရရှိသောအခွန်များ။

၄။ ပွဲလမ်းသဘင်ပျော်ရွှင်မှုများ၊ လောင်းတမ်းကစားခြင်းတို့ ပါဝင်သော စည်းစိမ်ခံစား ပျော်ပါးမှုတို့ အပေါ်တွင် ကောက်ခံရရှိသောအခွန်များ။

# အခန်း (၉)
# နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲခြင်း

# အခန်း (၉)

# နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲခြင်း

## (က) တောင်တန်းဒေသတိုင်းရင်းသားများ ပြည်ထောင်စုအပေါ် သဘောထား

ရှမ်း၊ ကချင်၊ ချင်း စသည့် တောင်တန်းဒေသနယ်မြေများသည် ပဒေသရာဇ်ခေတ်ကာလကတည်းက လွတ်လပ်ရေးရရှိသည်အထိ သီးခြားကိုယ်ပိုင်အုပ်ချုပ်ရေးတည်ရှိသော နယ်မြေများဖြစ်သည်။ တောင်တန်းထူထပ်ပြီး လမ်းပန်းအဆက်အသွယ်ခက်ခဲသည်။ မြေအောက် သယံဇာတ ပေါကြွယ်ဝသည်။ ရှမ်း၊ ကချင်၊ ချင်းနှင့် အခြားတောင်တန်းဒေသနယ်မြေများ စုစည်း၍ ကိုလိုနီအင်္ဂလိပ်ထံမှ လွတ်လပ်ရေးရယူပြီး သီးခြားပြည်ထောင်စုနိုင်ငံအဖြစ် ရပ်တည်နိုင်သည်။

သို့ရာတွင် တောင်တန်းဒေသနယ်မြေများသည် နိုင်ငံကြီးနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယ နိုင်ငံအကြားတွင် တည်ရှိပြီး ဗမာပြည်မကို မြင်းခွာသဏ္ဍာန် ဝိုင်းရံထားသဖြင့် ပြည်ထောင်စု ကာကွယ်ရေးအတွက် အရေးပါသည်။ ဗမာပြည်မသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် ပြီး နိုင်ငံတကာပင်လယ်ရေကြောင်း ရှိသည်။ ထို့ကြောင့် ဗမာပြည်မနှင့် တောင်တန်း ဒေသများ ပြည်ထောင်စု ပူးပေါင်းတည်ထောင်ပါက တိုင်းပြည် ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာ နှစ်ဦးနှစ်ဘက်အတွက် ပိုမို၍ အကျိုးရှိမည်ကို လက်ခံ ထားကြ သည်။ တောင်တန်းဒေသနယ်မြေများသည် ဗမာပြည်မနှင့် ပြည်ထောင်စု ပူးပေါင်းလိုက်ပြီးမှ လက်အောက်ခံ၊ အုပ်ချုပ်ခံဘဝရောက်ရှိသွားမည်ကို စိုးရိမ်သည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ဗမာပြည်မနှင့် တစ်ပြိုင်တည်းလွတ်လပ်ရေးရယူရာတွင် လူမျိုးရေးတန်းတူရည်တူ ရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသော ပြည်ထောင်စုကို တည်ထောင်လိုသည့်အပြင် မိမိကိုယ်ပိုင် ပြဋ္ဌာန်းခွင့်များ ထိခိုက်လေမလားဟု စိုးရိမ်သဖြင့် အကာအကွယ်ပြုနိုင်ရန် ခွဲထွက်ခွင့်ကိုပါ ရယူထားခြင်းပင်ဖြစ်သည်။ သို့သော် နောင်တွင် ခွဲထွက်ခွင့် ပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ သုံးစွဲ ခြင်းမပြုကြောင်း တွေ့ရှိရပေသည်။

ရှမ်းစော်ဘွားများသည် တောင်တန်းဒေသများ သီးခြားလွတ်လပ်ရေးရယူပြီးမှ ဗမာပြည်နှင့် နှစ်ပြည်တစ်ပြည် ပြည်ထောင်စုနိုင်ငံတည်ထောင်ပါက တန်းတူရည်တူ စစ်မှန်သော ပြည်ထောင်စုအရေး ပိုပြီးစိတ်ချနိုင်မည်ဟုမြင်ပြီး ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ (ရပလ) သည် ဗမာပြည်နှင့်တစ်ပြိုင်တည်း လွတ်လပ်ရေးရယူပြီး တန်းတူရည်တူပြည်ထောင်စု တည်ဆောက်သွားရန် ဖြစ်သည်။

ရှမ်းစော်ဘွားများ၏ ၁၉၄၆ ခုနှစ်၊ နိုင်ဝင်ဘာလ (၁၄)ရက်နေ့ ဘုရင်ခံသို့ ပေးပို့သည့်စာတွင် ...

ဗမာပြည်နှင့် ပြည်ထောင်စုစနစ်အရပေါင်းမည်။ သို့ရာတွင် ...

(၁) ရှမ်းပြည်ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရမည်။

(၂) အခွင့်အရေးအဆင့်အတန်းတူရမည်။

(၃) ခွဲထွက်လိုသည့်အချိန် ခွဲထွက်ခွင့်ရှိရမည်ဟု ပါရှိပါသည်။

ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့(ရပလ) ကို ၁၉၄၆ ခုနှစ်၊ ဩဂုတ်လတွင် ဖွဲ့စည်းထားပြီး အောက်ပါ အတိုင်း မူသဘောထားချမှတ်ထားသည်။

ဗမာပြည်မနှင့်ပေါင်း၍ လွတ်လပ်ရေးရယူမည်။ သို့သော်...

(၁) ပြည်ထောင်စုစနစ်အရ ပေါင်းမည်။

(၂) အခွင့်အရေးအဆင့်အတန်းတူရမည်။

(၃) ခွဲထွက်လိုသည့်အချိန် ခွဲထွက်ခွင့်ရှိရမည်ဟု ပါရှိပါသည်။

ထို့ကြောင့် ရှမ်းစော်ဘွားများနှင့် ရပလခေါင်းဆောင်များသည် တန်းတူသော ပြည်ထောင်စုတည် ဆောက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်း အုပ်ချုပ်ခွင့်ရှိရေး၊ ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိရမည်ဟူသော မူအပေါ် ထပ်တူ ထပ်မျှပင်ဖြစ်သည်။ ကချင်နှင့်ချင်းခေါင်းဆောင်များတို့၏ သဘောထား သည်လည်း ၎င်းအတိုင်းပင် ဖြစ်သည်။ ဤသည်မှာတိုင်းရင်းသားလူမျိုးများအားလုံးက စစ် မှန်သော ပြည်ထောင်စုတည်ထောက်ရေး အခြေခံသဘောထားမူပင်ဖြစ်သည်။

ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသည် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့် အဝရှိသော ပြည်ထောင်စုတည်ဆောက်ရေးကို အမှန်တကယ်လိုလား မြတ်နိုးကြသော်လည်း ဥပဒေပြုရေး တွင် များစွာအားနည်းကြကြောင်း တွေ့ရှိရသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားပွင့်လင်းမှု၊ စွမ်းရည်ထက်မြက်မှု၊ သြဇာတိက္ကမ သက်ရောက်မှု စသည့်အရည်အချင်းများကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် တန်းတူစစ်မှန်သောပြည်ထောင်စုကို ဖော်ဆောင်ပေးနိုင်မည်ဟု အကြွင်းမဲ့အားထားယုံကြည်ကြသည်။

ထိုသို့ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားသွေးစည်းညီညွတ်ရေး၊ တစ်ပြိုင်တည်း လွတ်လပ်ရေး၊ တိုင်းရင်းသားများ တန်းတူရည်တူ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ထူထောင်ရေး စသည့် တိုင်းပြုပြည်ပြုလုပ်ငန်းများ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက် နေစဉ် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် မသမာလက်နက်ကိုင်တစ်စု၏ လုပ်ကြံခြင်း ခံရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးဘဝင်း၊ ဒီးဒုတ် ဦးဘချို၊ မန်းဘခိုင်၊ ဦးရာဇတ်၊ သခင်မြ စသည့် အာဇာနည်ခေါင်းဆောင်များနှင့် အတွင်းဝန် လေထီးဦးအုန်းမောင်၊ ရဲဘော်ထွေးတို့ ကျဆုံးသွားသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံးခြင်းကြောင့် တစ်တိုင်းပြည်လုံး ယူကြုံးမရ ဝမ်းနည်းကြေကွဲခဲ့ကြရသည်။ တိုင်းပြည်အတွက် ဖော်မပြနိုင်သော ဆုံးရှုံးခြင်းပင်ဖြစ်သည်။ ဗိုလ်ချုပ် ကျဆုံးသွားခြင်းနှင့်အတူ တိုင်းပြည်၏ ကံကြမ္မာသည်လည်း ငင်သွားသည်ဟု ဆိုနိုင်ပေသည်။

## (ခ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲအတည်ပြုခြင်း

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် အမြော်အမြင် ကြီးမားစွာ ဆွေးနွေး တိုင်ပင်ကြပြီး ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုကြသည်။ ပင်လုံစာချုပ် ပင်လုံစိတ်ဓာတ်၏ အဓိကအနှစ်သာရအချက်မှာ ...

(၁) သီးခြားစီတည်ရှိသော ဗမာပြည်မနယ်မြေ၊ ရှမ်းပြည်နယ်မြေ၊ ကချင်တောင်တန်းဒေသနယ်မြေ၊ ချင်းတောင်တန်းဒေသနယ်မြေ (၄) ခု တစ်ပြိုင်တည်း လွတ်လပ်ရေးရယူရန်နှင့်

(၂) တိုင်းရင်းသားနယ်မြေများ တန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိပြီး စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး အခြေခံအချက် နှစ်ချက်ပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး၊ လွတ်လပ်ရေးရရှိရေး၊ ကြိုးပမ်း ဆောင်ရွက်ရင်း တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းကိုလည်း ပြင်ဆင်မှုများ ချမှတ်ပေးထားခဲ့ သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်တည်ဆောက်ရာမှာ ...

၁။ လွတ်လပ်တဲ့ နိုင်ငံဖြစ်ရမည်။ (Independence)

၂။ အချုပ်အခြာအာဏာ ပိုင်ရမည်။ (Sovereignty)

၃။ ဒီမိုကရေစီသမ္မတနိုင်ငံ ဖြစ်ရမည်။ (Republic)

၄။ ပြည်ထောင်စုနိုင်ငံဖြစ်ရမည်။ (Union State) ဟူ၍ အခြေခံမူ (၄) ချက်ကို ချမှတ်ထားသည်။

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာတွင် အထောက်အကူပြုစေရန်အတွက် ဖဆပလ ပဏာမပြင်ဆင်ရေး ညီလာခံသဘင်တွင် အဆိုတင်သွင်းသော အချက် (၁၄) ချက် အပေါ် ဖဆပလ ပဏာမပြင်ဆင်ရေး ညီလာခံကလက်ခံပြီး တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်ပြရန်စာတမ်းကိုလည်း ပြင်ဆင်ချမှတ်ထားကြောင်း တွေ့ရသည်။

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကလည်း နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် လမ်းညွှန်ချက် (၇) ချက်ကို ရှင်းလင်းချက်နှင့်တကွ ချမှတ်ထားကြောင်း တွေ့ရှိရသည်။

ထို့မျှမက တိုင်းပြုပြည်ပြုလွှတ်တော်က ဩဂုတ်လ (၉) ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (မူ) ကို စဉ်းစားဆွေးနွေးအခြေခံထားရန် ပြည်ထောင်စုနိုင်ငံဥပဒေပြုကိစ္စ စာရင်းများ အပိုင်း (၆) ပိုင်းကိုလည်း သတ်မှတ်ထားကြောင်း တွေ့ရှိရသည်။

ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားပြီးနောက် ဦးနုသည် ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်လာသည်။ ဦးနု သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရန်အတွက် ဦးချန်ထွန်းအား အိန္ဒိယနိုင်ငံသို့ သွားရောက် လေ့လာရန်စေလွှတ်၍ ဦးချန်ထွန်းနှင့် ဦးမြင့်သိန်းတို့အား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တစ်လကျော် အတွင်း အပြီးရေးဆွဲစေသည်။

တိုင်းပြည်ပြုလွှတ်တော်သို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) ကို တင်သွင်းစဉ်အခါ ကပင် ဦးချန်ထွန်းက အခြေအနေအရ မလွဲမရှောင်သာ၍ ပြည်ထောင်စုနိုင်ငံမျိုး ဖွဲ့စည်းထား ရကြောင်း၊ သို့သော် ထိုပြည်ထောင်စုနိုင်ငံမှာ အမေရိကန်၊ ဆိုဗီယက်တို့ကဲ့သို့ ပြည်ထောင်စု စစ်စစ်နိုင်ငံမျိုးမဟုတ်ကြောင်း၊ ကနေဒါပုံစံ (Canadian type) တစ်နည်းအားဖြင့် (Moderate type) အလယ်အလတ်စား ပြည်ထောင်စု နိုင်ငံမျိုးဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြခဲ့သည်။ ဆက်လက်ပြီး ဦးချန်ထွန်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခြေခံမူများ၊ အခြေခံ ဥပဒေ တွင်ပါရှိသော အခန်းများ၊ အပိုဒ်များကို ရှင်းပြပြီး နောက်ဆုံးတွင် အတည်ပြုခြင်း နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းသွားသည်။

ဗိုလ်ချုပ်အောင်ဆန်းချပေးထားသည့်မူအတိုင်းဆိုလျှင် လူအင်အားအများကြီး သုံးရမည် ဖြစ်ကြောင်း၊ ငွေကြေးအကုန်အကျများမည်ဖြစ်ကြောင်း၊ ယခု စစ်ပြီးစကာလမှာ တိုင်းပြည် ဆင်းရဲ နေသေးကြောင်း၊ အခန်း (၁၀) ခန်းတင် ခွဲထွက်ခွင့်ပြဋ္ဌာန်းပါရှိပြီး၊ အခန်း(၁၁) ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်နိုင်သည်ဟု ပြဋ္ဌာန်းပါရှိကြောင်း၊ ဖွဲ့စည်း အုပ်ချုပ် ပုံအခြေခံဥပဒေ အတည်ပြုလက်စွဲမရှိလျှင် လွတ်လပ်ရေးမရရှိနိုင်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုရန် လိုအပ်ကြောင်း ရှင်းလင်း တင်ပြသည်။

တိုင်းပြုပြည်ပြုလွှတ်တော်တွင် တက်ရောက်လာသော တောင်တန်းဒေသ တိုင်းရင်းသား ခေါင်းဆောင်များသည် ပင်လုံစိတ်ဓာတ် အမျိုးသားစိတ်ဓာတ်အရှိန်ကြောင့် ဦးနုနှင့် ဖဆပ လအဖွဲ့ချုပ် ခေါင်းဆောင်များအပေါ် အကြွင်းမဲ့ယုံကြည်ခြင်း၊ နိုင်ငံရေးအတွေ့အကြုံနုနယ် ခြင်း၊ ဥပဒေပြုလုပ်ငန်း နားလည်မှု အားနည်းခြင်း၊ အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံး ကုန်၍ အချင်းချင်းသွေးစည်းညီညွတ်ရေးအတွက် ဆန္ဒပြင်းပြနေခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့်အတိုင်း ဥပဒေစကားလုံးထက် ပင်လုံ စိတ်ဓာတ်ကို ယုံကြည်ကိုးစားခြင်း၊ အခန်း (၁၁) တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ခွင့် ပါရှိသဖြင့် လွတ်လပ်ရေး ရရှိ ပြီးသည့်နောက် ပြင်ဆင်လိုသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို သွေးသားညီအစ်ကို အချင်းချင်း ဥပဒေစကားလုံးတွေကို အတိအကျ အဓိပ္ပါယ်ကောက်ခြင်း၊ အကျပ်ကိုင်ခြင်း များ ပြုလုပ်လိမ့်မည်မဟုတ်။ မူးတင်းမတ်တင်း စျေးဆစ်စရာလိုအပ်မည် မထင်မြင်ခဲ့ပါ။ လွတ်လပ်ရေးကိုလည်း အမြန်ဆုံး ရရှိခံစားလိုကြသည်။ ထို့ကြောင့် တိုင်းပြုပြည်ပြုလွှတ်တော် တွင် တင်ပြသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တောင်တန်းဒေသခေါင်းဆောင်များ ကိုယ်စား တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်က လှိုက်လှဲစွာ ထောက်ခံလိုက်သည်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ အတည် ပြုနိုင်ခဲ့ပေသည်။*

* ၁၉၄၇ ခု၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ နိဒါန်းပိုင်း ဖော်ပြရာတွင် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကျွန်ုပ်တို့၏ တိုင်းပြုပြည်ပြုလွှတ်တော်က စက်တင်ဘာလ (၂၄) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းထားကြောင်း အတိအလင်းဖော်ပြထားသည်။ သို့ရာတွင် တရားလွှတ်တော် တရားဝန်ကြီးချုပ် (အငြိမ်းစား) အဂ္ဂမဟာ သရေစည်သူ ဦးမြင့်သိန်း၏ ၁၉၉၂ ခု၊ ဇွန်လ (၁၄) ရက်နေ့စွဲပါစာ၌ လွတ်လပ်ရေးရသော (၄-၁-၄၈) ရက်နေ့တွင် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေအတည်ဖြစ်ရန် (၂) ရက်အလို (၂-၁-၄၈) ရက် တွင် အပြီးတင်သွင်းရ မည် သတ်မှတ်ထားကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဥပဒေပညာရှင် များဖြစ် ကြသော ဦးမြင့်သိန်း၊ ဦးချန်ထွန်းတို့သည် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း များ၊ ပုဒ်မများကို လွတ်လပ်ရေးမရရှိမီ ရက်ပိုင်းအထိ လိုအပ်သလို ဆက်လက်ရေးဆွဲပြုစု သွားကြောင်း သုံးသပ်ရသည်။

ထိုဦးမြင့်သိန်းစာ၌ ၁၉၄၇ ခု၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ဦးနုကခေါ်သဖြင့် သွားရောက်တွေ့ဆုံရာ ဦးချန်ထွန်းအပါအဝင် ကရင်နီပြည်မှ စပ်ဝဏ္ဏဆိုသူနှင့် ဦးစိန်ဆိုသူတို့ပါ တွေ့ရကြောင်း ၎င်းတို့ နှစ်ဦးက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ကရင်နီပြည်ကို အဖွဲ့ဝင် ပြည်နယ်တစ်နယ်အဖြစ် ထည့်သွင်းပေးရန် အတင်းတောင်းဆိုသဖြင့် ထည့်သွင်းရန် လက်ခံလိုက်ရကြောင်း ဖော်ပြထားသည်။ ၁၉၄၇ ခု၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တိုင်းပြုပြည်ပြုလွှတ်တော်က စက်တင်ဘာလ (၂၄) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ စာအုပ် နိဒါန်းပိုင်းတွင် အတိအကျ ဖော်ပြပါရှိသော်လည်း ကရင်နီပြည်နှင့် ပတ်သက်၍ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်နယ်အဖြစ် လွတ်လပ်ရေးမရမီ (၇) ရက်အလိုမှာ ရေးဆွဲ ထည့်သွင်းထားကြောင်း တွေ့ရသည်။

## (ဂ) ပြည်တွင်းစစ်မီးစတင်လောင်ကျွမ်းခြင်း

တိုင်းပြည်တစ်ပြည်တွင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် အမြင့်ဆုံးဥပဒေဖြစ်သည်။ တိုင်းပြည်တွင် အာဏာရရှိသော နိုင်ငံရေးပါတီအဖွဲ့အစည်းနှင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသောအစိုးရသည် တိုင်းပြည်ကောင်းကျိုး၊ ဆိုးကျိုး၊ အများအမှန် ဟူသမျှ တာဝန်အရှိဆုံးသော အဖွဲ့အစည်းဖြစ်သည်။

၁၉၄၇ ခု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပင်လုံစိတ်ဓာတ်ပဋိညာဉ်နှင့် သွေဖည်အားနည်းသွားသဖြင့် ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားများတန်းတူရေး မဖော်ဆောင်နိုင်သဖြင့် ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းရခြင်းဖြစ်ပေသည်။

ပြည်တွင်းစစ်ဖြစ်ရခြင်း အခြေခံအကြောင်းရင်းမှာ ...

၁။ နိုင်ငံတွင်းတွင် ဒီမိုကရေစီအခြေခံအကျဆုံးသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့အကောင်အထည်ဖော်ရာ၌ ပါတီဂိုဏ်းဂဏစွဲ ပြင်းထန်လွန်းခြင်း။

၂။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ထားသော ပင်လုံစိတ်ဓာတ်ပဋိညာဉ်အတိုင်း ဗမာပြည်မနယ်မြေကို ပြည်ထောင်စုဗဟိုအာဏာနှင့် တွဲထားပြီး ရှမ်း၊

ကချင်၊ ချင်း အမျိုးသားနယ်မြေများကို လက်အောက်ခံပြည်နယ် သတ်မှတ်ထားသဖြင့် တိုင်းရင်းသားများ တန်းတူအခွင့်အရေး ဆုံးရှုံးသွားခြင်း။

၃။ အမျိုးသားပြည်နယ်အဆင့်အတန်း ရသင့်ရထိုက်သော (ကရင်၊ ရခိုင်၊ မွန်) အမျိုးသားများကို အမျိုးသားပြည်နယ်များ မဖော်ဆောင်ပေးခြင်း။

၄။ ကရင်နီနယ်စောဖွာများနှင့် ပြည်သူလူထုဆန္ဒသဘောထားမပါရှိဘဲ ကရင်နီပြည်ကို ပြည်ထောင်စုမြန်မာနိုင်ငံထဲမှာ ပြည်နယ်တစ်နယ်အဖြစ် ထည့်သွင်းခြင်း စသည့်အခြေခံ အကြောင်းများကြောင့် ဖြစ်သည်။

ထို့ကြောင့် ပြည်သူ့ရဲဘော်၊ ရဲဘော်ဖြူ၊ ဗကပတို့သည် ပါတီဝါဒ ခုခံတော်လှန်ရေးစစ်သည် လည်း ကောင်း၊ ကရင်၊ ရခိုင်၊ မွန်တိုင်းရင်းသားများသည် တန်းတူရေးအတွက် ခုခံတော်လှန်ရေး စစ်သည်လည်းကောင်း၊ ကရင်နီအမျိုးသားတို့သည် ခုခံတွန်းလှန်စစ်သည်လည်းကောင်း ပေါ်ပေါက်လာသဖြင့် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းရခြင်း ဖြစ်သည်။

## (ဃ) ပြည်တွင်းစစ်မီး ထပ်ဆင့်လောင်ကျွမ်းခြင်း။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ထားသော ပင်လုံစိတ်ဓာတ်၊ တန်းတူရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံလမ်းစဉ်မူအပေါ် အားနည်းသွားရာမှ နိုင်ငံရေး သမားများသည် နိုင်ငံရေးရိုးသားပွင့်လင်းမှု အားနည်းလာသည့်အပြင် နိုင်ငံရေး အမျိုးမျိုးကိုလည်း ကစားလာသည်။

၁။ အခြေခံဥပဒေပြင်ဆင်ရေးဆွဲရန် အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲလွန်ခြင်း။

၂။ ကူမင်တန်တရုတ်ဖြူကို အကြောင်းပြပြီး ရှမ်းပြည်စော်ဘွားနယ် (၁၃) နယ် စစ်အုပ်ချုပ် ရေး သတ်မှတ်သဖြင့် ရှမ်းပြည်သူလူထုသည် မတရားဖိနှိပ်ညှဉ်းပန်းအနိုင်ကျင့်ခံရခြင်း။

၃။ ကချင်ပြည် ပြည်သူလူထုဆန္ဒ သဘောထားရယူခြင်းမရှိဘဲ (ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်) နယ်မြေ များကို တရုတ်ပြည်သို့ လွှဲအပ်ပေးခြင်း။

၄။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ခြင်း။

စသည့် ဒီမိုကရေစီအခွင့်အရေး၊ လူမျိုးများတန်းတူအခွင့်အရေးအပေါ် ဆန့်ကျင်သည့် လုပ်ဆောင် မှုများကြောင့် ရှမ်း၊ ကချင်လက်နက်ကိုင်တော်လှန်ရေး ထပ်မံပေါ်ပေါက်လာသဖြင့် မြန်မာနိုင်ငံ ပြည်တွင်း စစ်မီးသည်လည်း ထပ်ဆင့်လောင်ကျွမ်းသွားခြင်း ဖြစ်သည်။

ထိုသို့ ပြည်တွင်းစစ်မီး အရှိန်မြင့်လာသည်နှင့်အမျှ စစ်တပ်၏အခန်းကဏ္ဍပေါ်လာသည်။ ဖဆပလ အစိုးရအုပ်ချုပ်သော (၁၀) နှစ်ကာလတွင် အရပ်သားနိုင်ငံရေးသမားများသည် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲပြင်းထန်သဖြင့် ဖဆပလအဖွဲ့ချုပ်သည် သန့်ရှင်းနှင့်တည်မြဲ နှစ်ခြမ်း ကွဲထွက်သွားသည့်အထိ ဖြစ်ပေါ် ခဲ့သည်။

အရပ်သားနိုင်ငံရေးသမားသည် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲပြင်းထန်သဖြင့် ပြဿနာများကို အချင်းချင်းညှိနှိုင်းဖြေရှင်းရန် ကြိုးစားရမည့်အစား ဗိုလ်နေဝင်းဦးဆောင်သော အိမ်စောင့်အစိုးရလက်ထဲသို့ အာဏာလွှဲအပ်ကာ နိုင်ငံရေးစင်မြင့်ပေါ်သို့ တင်ပေးလိုက်သည့် အထိ ဖြစ်ပေါ် ခဲ့သည်။

အိမ်စောင့်အစိုးရ (၂) နှစ်နီးပါး အာဏာစည်းစိမ်ခံစားနေရသော ဗိုလ်ချုပ်နေဝင်းအုပ်စုသည် မိမိကိုယ်ကို တိုင်းပြည်ကယ်တင်ရှင်ကြီးအဖြစ် ဘဝင်မြင့်တက်သွားသည်။ ထိုကာလတွင် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေး အမျိုးသားစိတ်ဓာတ်သည်လည်း တစ်ဆင့်ပြီး တစ်ဆင့် ယိမ်းယိုင်သွားတော့သည်။

# အခန်း (၁၀)
# နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး လုပ်ရှားခြင်းနှင့် စစ်တပ်အာဏာသိမ်းခြင်း

# အခန်း (၁၀)

# ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး လှုပ်ရှားခြင်း နှင့် စစ်တပ်အာဏာသိမ်းခြင်း

## (က) ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး အပေါ် ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော ပြည်ထောင်စုအစိုးရ၏သဘောထား ကောက်နှုတ်ချက်[42]

ဝန်ကြီးချုပ်ဦးနုသည် လွတ်လပ်ရေးရရှိပြီး ဆယ်နှစ်ကျော်ကာလအတွင်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရန် အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲလာခဲ့သော်လည်း ဖဆပလအဖွဲ့ချုပ် နှစ်ခြမ်းကွဲသွားသည့်နောက်ပိုင်းတွင် ဝန်ကြီးချုပ်ဦးနုသည် ယိမ်းယိုင်နေသော တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန် ချပေးလာကြောင်း တွေ့ရှိရသည်။

ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရသည် ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့ ပါတီစုံအထွေထွေ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပပြုလုပ်ပေးသည်။ ယင်းရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ဦးနုဦးဆောင်သော သန့်ရှင်းဖဆပလအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရရှိသွားသည်။ ၁၉၆၀ ခု၊ မတ်လ (၁၇) ရက်နေ့ ကျင်းပပြုလုပ်သော သန့်ရှင်းဖဆပလအဖွဲ့ချုပ် ညီလာခံတွင် သန့်ရှင်းဖဆပလအဖွဲ့ချုပ်အစား ပြည်ထောင်စုပါတီ (ပထစ) ဟု ပြောင်းလဲပြီး ပြည်ထောင်စု အစိုးရ (ပထစ) အစိုးရဟု ပြောင်းလဲလိုက်သည်။

ဦးနုသည် ရွေးကောက်ပွဲမတိုင်မီ '၁၉၆၀ ခုနှစ် ရွေးကောက်ပွဲပြီးလို့ သူသာအာဏာပြန်ရရင် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် ပြည်နယ်အသီးသီးကခေါင်းဆောင်တွေနဲ့ တိုင်ပင်

42 ဦးနု (၁၉၉၈)၊ တာတေစနေသား၊ စာ ၃၁၂ - ၃၁၄

ဆွေးနွေး ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်ပေးမယ်’ လို့ ဦးနု ဟာ သန္နိဋ္ဌာန်ချထားသည်။ အဲ့ဒီသန္နိဋ္ဌာန်အရ ဝန်ကြီးအစည်းအဝေးတစ်ခုမှာ ဝန်ကြီးချုပ်ဦး နုက ဆွေးနွေးတင်ပြရာမှာ ...

(၁) ယခုအခါမှာဆိုလျှင် လွှတ်တော်တစ်ခုလုံး၏ အမတ်ဦးရေ သုံးပုံနှစ်ပုံကျော်ကျော်သည် အစိုးရ၏လက်ထဲတွင် ရှိနေကြောင်း၊ ထိုကဲ့သို့ရှိနေတဲ့အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်လိုပါက ယခုအချိန်သည် အကောင်းဆုံးအချိန်ပင်ဖြစ်သည်။

(၂) ဤသို့ အကောင်းဆုံးအချိန်ဖြစ်နေသည့်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဘယ်လို ပြင်ဆင်ချင်သလဲဟု ပြည်နယ်အစိုးရအဖွဲ့များကို မေးချင်သည်။

(၃) ထိုပြည်နယ်အစိုးရအဖွဲ့များက တင်ပြသည့်အဆိုများကို ရှေးဦးစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချင်သည်။ ထိုသို့ဆွေးနွေးနိုင်အောင် နှီးနှောဖလှယ်ပွဲ (Seminar) တစ်ခုခေါ်ပေးမည်။ ထိုနှီးနှောဖလှယ်ပွဲတက်ရန် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရအသီးသီး၏ ကိုယ်စားလှယ်များ ကိုလည်း ဖိတ်မည်။ အတိုက်အခံအဖွဲ့များ၏ ကိုယ်စားလှယ်များကိုလည်းဖိတ်မည်။

(၄) ထိုနှီးနှောဖလှယ်ပွဲတွင် မိသားစုများဆွေးနွေးကြသည့်နည်းအတိုင်း ဆွေးနွေးမည်။ အများသဘောတူလက်ခံနိုင်သည့် အဆိုများကို ချက်ချင်းအကောင်အထည်ဖော်ပေးမည်။ အဖြေရှာ၍ မရသေးသည့်အဆိုများကို ဆက်လက်ဆွေးနွေးကြမည်။

ဤအတိုင်းလုပ်ပေးလျှင် ပြည်ထောင်စုမြန်မာနိုင်ငံသည် ယခုထက်ပိုပြီး စည်းလုံးလာလိမ့်မည်ဟု သူယုံကြည်နေသည်။ သူနိုင်ငံရေးက မထွက်သွားခင် အမျိုးသားစည်းလုံးညီညွတ်ရေး လုပ်ငန်းကို အစွမ်းကုန် ဆောင်ရွက်သွားချင်သည်ဟု ဦးနုကတင်ပြသည်။

ဝန်ကြီးချုပ်ဦးနုက ထိုကဲ့သို့ပြောသည့်အခါ ဤအချက် (၄) ချက်စလုံးကို ဝန်ကြီးများသဘောတူ ကြ သည်။ ထို့ကြောင့် ပြည်နယ်အစိုးရများဆီသို့ ဤအချက် (၄) ချက်ကို ပို့ပြီး သူတို့ဆီမှ အဆိုများ တောင်းဆို ရန်နှင့် နှီးနှောဖလှယ်ပွဲအတွက် လိုအပ်သည့် အစီအစဉ်များကိုလုပ်ရန် ဝန်ကြီးချုပ်ဦးနုက တရားရေးဌာနဝန်ကြီးကို တာဝန်လွှဲပေးလိုက်သည်။

## (ခ) ပြည်နယ်ခေါင်းဆောင်များ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည် သုံးသပ်ခြင်း[43]

ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် စသည့် တိုင်းရင်းသားခေါင်းဆောင်များသည် တောင် ကြီးတွင် ၁၉၆၁ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့မှ (၁၆) ရက်နေ့အထိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင် ရေးဆွဲရေးညီလာခံကို ကျင်းပပြုလုပ်ခဲ့သည်။ ယင်းညီလာခံတွင် ရှမ်းပြည်မှ ကိုယ်စားလှယ် (၁၃၀) ဦး၊ ကယားပြည်နယ်ကိုယ်စားလှယ် (၂၀) ဦး၊ ကရင်ပြည်နယ်ကိုယ်စားလှယ် (၂၇) ဦး၊ ကချင်ပြည်နယ် ကိုယ်စားလှယ် (၂၆) ဦး၊ ချင်းဝိသေသတိုင်းကိုယ်စားလှယ် (၅) ဦး၊ မွန်အမျိုးသားခေါင်းဆောင် (၁၃) ဦး၊ ရခိုင်အမျိုးသား ခေါင်းဆောင် (၅) ဦး၊ စုစုပေါင်း ကိုယ်စားလှယ် (၂၂၆) ဦးအပြင် လေ့လာသူ (၁၀၄) ဦး စုစုပေါင်း (၃၃၀) ဦး တက်ရောက်ကြသည်။

တိုင်းရင်းသားများကျင်းပပြုလုပ်သော တောင်ကြီးညီလာခံသည် ပြည်ထောင်စုအစိုးရမှ တာဝန် လွှဲအပ်ထားသော ပြည်ထောင်စုတရားရေးဌာနနှင့် ညှိနှိုင်းပြီး ၁၉၄၇ ခု၊ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အဖြစ် ပြန်လည် တည်ဆောက်ရန် အခန်းများအလိုက်၊ ပုဒ်မများအလိုက် ပြန်လည်စီစစ်သော်လည်း ပြည်ထောင်စုစစ်စစ်မှုဖြင့် ပြင်ဆင်ရေးဆွဲရန် မဖြစ်နိုင်ကြောင်းကို အောက်ပါအတိုင်း ရှင်းလင်းသွားကြောင်း တွေ့ရှိရသည်။

ဦးချန်ထွန်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ရှင်းလင်းတင်ပြခဲ့ စဉ်က "ကျွန်တော်တို့ရဲ့ အခြေခံဥပဒေဟာ သဘောတရားအားဖြင့် ပြည်ထောင်စုစနစ်ဖြစ်ပေမယ့် လက်တွေ့တွင် တစ်ပြည်ထောင်စနစ်ဖြစ်ပါတယ်" ဟု ထုတ်ဖော်ပြောဆိုကြောင်း ရန်ကုန်တက္ကသိုလ် ရာဇဝင်ပါမောက္ခဟောင်း မစ္စတာတင်ကားက သူ၏ (ပြည်ထောင်စုမြန်မာနိုင်ငံတော်) စာအုပ်တွင် ဖော်ပြထားသည်။[44]

43 ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်၊ တောင်ကြီးမြို့တွင်ကျင်းပသော ပြည်လုံးကျွတ်ညီလာခံတွင် ရှမ်းပြည်နယ်မှ တင်သွင်းသော ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးစာတမ်း (ဒို့ တာဝန်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၁) မှ အပိုင်း (၃) နှင့် (၄) ကိုထုတ်နုတ်တင်ပြထားခြင်းဖြစ်သည်။

44 Hugh Tinker (1957), The Union of Burma: A Study of the First Years of Independence, Oxford University Press, p. 30

ဤ (မစ္စတာတင်ကား ၁၉၅၇ ခုနှစ်) စာအုပ် အပိုင်း (၂) နှင့် စစ်ပြီးခေတ်ကာလ ရှမ်းပြည်ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြခဲ့သည့် အချက်အလက်များအရ နယ်စပ်ဒေသခေါင်းဆောင်များ ထပ်ခါထပ်ခါ တင်ပြတောင်းဆိုလာသော ပြည်ထောင်စုစနစ်မှာ ကနေဒါပုံစံလည်းမဟုတ်၊ သဘော တရားတွင်သာ ပြည်ထောင်စုဖြစ်ပြီး လက်တွေ့တွင် တစ်ပြည်ထောင်ဖြစ်သော စနစ်မျိုး လည်းမဟုတ်၊ ပြည်ထောင်စုစစ်စစ်သာဖြစ်ပေသည်။ အခြေခံဥပဒေဗိသုကာကြီး ဦးချန်ထွန်းကပင် သဘောတရားအားဖြင့် ပြည်ထောင်စုစနစ် လုပ်ပေးရသည့်အကြောင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားကြောင်း ပါမောက္ခတင်ကားက ၎င်းစာအုပ်တွင် ဆက်လက်ရေးသားထားသည်။

(ကျပ်တည်းသော ချုပ်ခြယ်ခြင်းဖြင့်) ခွဲထွက်နိုင်သော အခွင့်အရေးလိုက်လျောချက်နှင့် အတူ ပြည်နယ်များဖွဲ့စည်းရေး အခန်းများထည့်သွင်းရခြင်းမှာ အမှန်တကယ် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအရ လိုအပ်၍ မဟုတ်ဘဲ၊ နယ်စပ်ဒေသခေါင်းဆောင်များ၏ ယုံမှားသံသယများ ပြေပျောက်စေရန်ဖြစ်သည်။ တောင်ပေါ်သားများ ရုတ်တရက် မစွန့်လွှတ်နိုင်သော နှစ်ရှည်လများ ဗမာများအပေါ်ထားရှိလာသော မယုံသင်္ကာစိတ်များကို ကုစားသော နည်းတစ်နည်းပင် ဖြစ်သည်။

နယ်စပ်ဒေသခေါင်းဆောင်များ ပြည်ထောင်စုစစ်စစ်အလိုရှိသည်မှာ အမှန်စင်စစ် ဦးချန်ထွန်း ယူဆ သကဲ့သို့ ဗမာများအပေါ်သံသယရှိ၍ မယုံသင်္ကာ၍မဟုတ်ပေ။ ကမ္ဘာ့ခေါင်းဆောင်များ ချမှတ်ထားသည့် လူမျိုးတိုင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် (Right of the Nation to self-determination) မူအရ ကိုယ့်ကြမ္မာကိုယ်ဖန်တီးလိုကြသောကြောင့်သာ ဖြစ်သည်။

ပြည်ထောင်စုစနစ်ဆိုသည်မှာ ကမ္ဘာပေါ် ရှိ မည်သည့်ပြည်ထောင်စုနိုင်ငံကိုပင် ကြည့်ကြည့် ပြည်ထောင်စု (ခေါ်) ပြည်နယ်များသဘောတူ စုပေါင်းဖွဲ့စည်းသော စနစ်ဖြစ် သည်။ ဗမာပြည်မအား ဗဟိုပြည်ထောင်စုအစိုးရနှင့် တစ်ပေါင်းတစ်စည်းတည်း ပူးပေါင်းဖွဲ့စည်း ထားလိုက်ပေသည်။

ဤဖွဲ့စည်းပုံစနစ်ကသာ နယ်စပ်ဒေသလူမျိုးများက ဗမာများအပေါ် မယုံသင်္ကာသောစိတ် ပို၍ ဖြစ်ပေါ်စေသည်။ တန်းတူညီမျှမှုကို ပျက်စီးစေသည်။

ဤဖွဲ့စည်းပုံစနစ်သည် တစ်နေ့သောအခါ ပြည်ထောင်စုကြီး ပြိုကွဲစေနိုင်သော အကြောင်း အရင်းလည်း ဖြစ်ပေသည်။

ထို့ကြောင့် အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်သည့်အခါ ခိုင်မြဲသော၊ တန်းတူညီမျှသော ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဗမာပြည်မအား ပြည်ထောင်စုအဖွဲ့ဝင် သီးခြားပြည်နယ် အဖြစ် ဖွဲ့စည်းရမည် ဖြစ်လေသည်။

## အပိုင်း (၃) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်) ကို ရှမ်းပြည်နယ်အနေဖြင့် လက်တွေ့ကျင့်သုံးရာတွင် တွေ့ကြုံနေရသည့် ချို့ယွင်းချက်များနှင့်အခက်အခဲများ

### အခြေခံဥပဒေ နိဒါန်း

၎င်းနိဒါန်းအခန်းတွင်ပါရှိသည့် နယ်စပ်ဒေသများဆိုသည်မှာ အောက်ကျနောက်ကျသလို ဖြစ်နေသည်။ လွတ်လပ်ရေး ပူးပေါင်း ယူရာတွင် ရှမ်းသည် ရှမ်းအနေဖြင့်၊ ကချင်သည် ကချင်အနေဖြင့်၊ ချင်းသည် ချင်းအနေဖြင့် ထောက်ခံသည်ဖြစ်၍ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ မဖြစ်ပေါ်အောင် မြန်မာပြည်နှင့် ရှမ်းပြည်တို့အား သွေးခွဲသည့် အင်္ဂလိပ်၏စီမံကိန်းများ ပျက်ပြားရသည်။

ထို့ကြောင့် နယ်စပ်ဒေသများဆိုသည့်အစား ရှမ်းပြည်၊ ကချင်ပြည်၊ ကရင်ပြည်၊ ကယားပြည် နှင့် ချင်းပြည်တို့ အပါအဝင်ဟူသော စကားရပ်ကို ထည့်သွင်းအပ်သည်။

ပြည်ထောင်စုစစ်စစ်ဆိုသည်မှာ လွတ်လပ်သောပြည်သူများတို့သည် အခြေအနေအရ ပြည်ထောင်စု ဖွဲ့စည်းပြီးပြည်များက ကိုယ်ပိုင်အုပ်ချုပ်ရေးတို့ကို ၎င်းတို့၏ ပြည်များအတွင်း အုပ်ချုပ်၍ ပြည်အများနှင့်သက်ဆိုင်သည့် အရေးကြီးသည့် ကိစ္စရပ်များကို ဗဟိုအစိုးရအား အုပ်ချုပ်စေခြင်းဖြစ်သည်။ ထို့ကြောင့် ကြွင်းကျန်သောအာဏာများကို အဖွဲ့ဝင်ပြည်များ ကသာ သုံးနိုင်ခွင့်ရှိကြောင်း၊ နိုင်ငံရေးပညာ (Political Science) အရပြောရသော် ကနေဒါ ပြည်ကြီးကို ပြည်ထောင်စုစစ်စစ်မှုအရ တည်ထောင်သည်ဟု မဆိုနိုင်။

၁၉၄၇ ခု၊ မေလအတွင်း ကျင်းပသော ဖဆပလညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက ဗဟိုကြိုးကိုင် ပင်မပြည်ထောင်စု (Unitary State) ဖွဲ့စည်းရန်မသင့်လျော်ဟု အတိအလင်းပြောဆိုခဲ့သည်။[45] သို့ရာတွင် ဗိုလ်ချုပ်ကျဆုံးပြီးသည့်နောက် ၎င်း၏အကြံပေးချက်ကို မေ့လျော့ပစ်ကြသည်။

ရခိုင်နှင့် မွန်လူမျိုးတို့သည် ပြည်နယ်များကို တောင်းဆိုရာ၌ လက်ရှိအခြေခံဥပဒေကို ကြိုက်၍ မဟုတ်ပါ။ ပြည်ထောင်စုစစ်စစ်မှုကိုတောင်းဆိုရန် အလားအလာရှိပါသည်။ ဗဟိုကော်မတီက သက်သေများကို ကြားနာစစ်ဆေးသည့်အခါ ရခိုင်နှင့် မွန်များတို့သည် ဝင်ရောက်ဆွေးနွေးပြီး ရှမ်းပြည်အရေးဆိုချက်များကို လုံးဝထောက်ခံလိမ့်မည်ဟု ယူဆ ပါသည်။

ထို့ကြောင့် ရာဇဝင်နှင့်ပြည်ထောင်စုစစ်စစ်ဟူသော သဘောတရားများကို ပိုမိုလေးနက်စေရန်အတွက် ဤအခြေခံနိဒါန်း လိုအပ်သလို ပြင်ဆင်သင့်သည်။

## ပုဒ်မ (၈)

ပုဒ်မ ၁၈၀ နှင့် ၁၈၁ ရှိပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးနှင့်သက်ဆိုင်သောဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်ရေးအာဏာအားလုံးကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ လုပ်ငန်းအဖွဲ့များနှင့် အရာရှိများ ကသာလျှင်သော်၎င်း၊ ထိုအဖွဲ့များနှင့် အရာရှိများ၏အခွင့်အာဏာအရသော်၎င်း၊ သုံးစွဲနိုင်ရမည်။

## ပုဒ်မ (၂၂) ၏ " ပြည်ထောင်စုအဖွဲ့ဝင်" ဆိုသည်မှာ

(က) ပြည်ထောင်စု မြန်မာနိုင်ငံတွင် အဖွဲ့ဝင်တခုအဖြစ်ဖြင့်၊ ဖွဲ့စည်းပါဝင်သော ပြည်နယ်ကို သော်၎င်း၊

45 ၁၉၄၇ ခု၊ မေလ ၁၉ ရက်၊ ဂျူဗလီဟော ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံတွင်ပြောကြားသော ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းတွင် " ဒီတော့ လူမျိုးရေး ပြဿနာနဲ့ပတ်သက်ပြီး ကျွန်တော် တော်တော် စုံစုံလင်လင် ပြောပြပြီးတဲ့နောက်၊ ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘောတည်ထောင်မလား။ လူမျိုးကြီး တမျိုးတည်းဘဲ ဆိုတဲ့ တိုင်းပြည်မျိုး (Unitary State) တည်ထောင်မလားဆိုတဲ့ မေးခွန်းကိုဖြေလိုတယ်၊ ကျွန်တော့်အမြင်အရဆိုရင်တော့ အထက်က လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်းကမ်းသတ်ပေးပြီးတော့ (Unitary State) လူမျိုးကြီးတမျိုးထဲဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့မဖြစ်ဘူး။ ပြည်ထောင်စုသဘောမျိုးဘဲ ဖြစ်ရမှာဘဲ။ " ___ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ (၁၉၄၅ - ၁၉၄၇)၊ ၁၉၇၁ ခုပုံနှိပ်၊ စာ - ၃၀၉

(ခ) ပြည်နယ်၏ တစိတ်တဒေသအဖြစ် မဖွဲ့စည်း မပါဝင်သော ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးကိုသော်၎င်း၊

ပုဒ်မ (၂၂) ၏ " ပြည်ထောင်စုအဖွဲ့ဝင်" ဆိုသည်မှာ ဟူသော စကားရပ်ကို အဓိပ္ပါယ်ပိုင်းခြား ဖော်ပြထားရာ တွင် ၎င်း ပုဒ်မ (၂၂) ပုဒ်မခွဲ (ခ) အရ၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသအဖြစ် မဖွဲ့စည်း၊ မပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးကို ဆိုလိုရာ ဤ ပုဒ်မ(၈) ပြဋ္ဌာန်းချက်အရ ပြည်ထောင်စု၏အာဏာများကို မြန်မာပြည်မကသာ ကြိုးကိုင်ထားသည်။ မြန်မာပြည်မအတွက်သာ ပိုမိုသုံးစွဲရန် အကျိုးသက်ရောက်နေသည်။

ပြည်ထောင်စုစစ်စစ်မှုကိုလက်ခံခဲ့သော် ဤပုဒ်မကိုပယ်ဖျက်ရမည်။ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေး များတွင် ပြည်နယ်များသည် ဤပုဒ်မကြောင့် တရားမျှတသောအခွင့်အရေး မရခဲ့ပေ။ ထို အတွင်း ဝန်ထမ်းအဖွဲ့များ ဖွဲ့စည်းရာ၌လည်းကောင်း၊ စီမံကိန်းများရေးဆွဲရာ၌လည်းကောင်း၊ စီးပွားရေးတိုးတက်မှုအတွက် ဘုတ်ကော်ပိုရေးရှင်းများ ဖွဲ့စည်းရာ၌လည်းကောင်း၊ မြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးကို ခြုံ၍ မစဉ်းစားဘဲ ပြည်မကိုသာ အဓိကထား၍ စဉ်းစားခဲ့ကြလေသည်။ ပြည်နယ်များက ၎င်းကိစ္စနှင့် ပတ်သက်၍ အရေးဆိုသည့်အခါများမှသာ အခွင့်အရေးများကို အလိုအလျောက်ရနိုင်ခွင့် ခံစားနိုင်ခွင့်ရှိသည်ဟု မဆိုနိုင်။

ဥပမာ ... ဂျပန်စစ်လျော်ကြေးနှင့် ပတ်သက်၍ (၂) နှစ်ကျော်ကြာမှ စ၍ အရေးဆိုသဖြင့် ရှမ်းပြည်ကို အခွင့်အရေးအချို့ပေးခဲ့သည်။ မူလစီစဉ်ချက်တွင်မပါ။ ရှမ်းပြည်စီးပွားရေးဖွံ့ဖြိုးမှု ကော်ပိုရေးရှင်းကို ယခုမှပင် ပထစအစိုးရ၏နားလည်မှု၊ သဘောထားကြီးမှုများဖြင့် (ရှမ်းပြည်ဝန်ကြီးဌာန) ဥပဒေပြဋ္ဌာန်းနိုင်ခဲ့သည်။ ယခုမြန်မာပြည်မရှိတိုင်းများအတွက် အရေးပေါ် စီးပွားရေးစီမံကိန်းကို အကောင်အထည်ဖော်ပြီးလျှင် လိုအပ်သောငွေများထုတ်ပေးရာ ဤစီမံကိန်းတွင် ပြည်နယ်များမပါဟု အတိအလင်းဆိုထားသည်။ ပြည်နယ်များသည် ပြည်မနှင့်စာသော် အဘက်ဘက်တွင် ချို့တဲ့မှုများရှိနေသည်ကို တစ်နိုင်ငံလုံးအသိ ဖြစ်ပါသည်။ ရိုးသားသော ပြည်ထောင်စုစိတ်ဓာတ်ရှိခဲ့သော ပြည်နယ်များကို ပိုမို၍ စောင့်ရှောက်ရပေမည်။ ဤပုဒ်မ (၈) မရှိလျှင် မြန်မာပြည်သည် ပြည်နယ်တစ်နယ်ဖြစ်ရမည်။ ဤကဲ့သို့ မြန်မာပြည်မသည်လည်း ပြည်နယ်တစ်ခုဖြစ်နေပါက (၁၉၄၇ ခုနှစ်) အခြေခံဥပဒေသည် ပြည်နယ်များအခွင့်အရေးများကို မည်မျှချုပ်ခြယ်ထားသည်ကို လက်တွေ့ခံစားရပေမည်။

ရှမ်းပြည်နယ်အနေဖြင့် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော မူလအခွင့်အရေးများအားလုံးကို ကျေနပ်စွာလက်ခံနိုင်ပါသည်။ ထိုသို့လက်ခံသည့်အတိုင်း ရှမ်းပြည်၏ အခက်အခဲများ၊ ရှမ်းပြည်သူလူထုနှင့် အထူးပတ်သက်နေသော မူလအခွင့်အရေးများကို ကိုယ့်ဝမ်းနာ ကိုယ်သာသိသဖြင့် ရှမ်းပြည်ကသာ စီမံခန့်ခွဲသင့်သည်။ စီးပွားရေးအနေဖြင့် အောက်ကျနောက်ကျဖြစ်နေရာ ရှမ်းပြည်က ယခုအခါ ထိရောက်စွာ ဆောင်ရွက်ရန် အချိန်ကျရောက်ပေပြီ။ အကယ်၍သာ အခွင့်အရေးရရှိသဖြင့် စီးပွားရေးတိုး တက်လာ ကြသည့်အလျောက် အခွန်ဘဏ္ဍာတော်များလည်း တိုးတက်လာမည်ဖြစ်ရာ ရှမ်းပြည်သူ လူထုတစ်ရပ်လုံးက မူလအခွင့်အရေးများကို ပိုမိုဖော်ထုတ်နိုင်ပေလိမ့်မည်။

ရှမ်းပြည်နယ်ရှိ နိုင်ငံရေးပါတီတို့သည် ၎င်းတို့လက်သို့ ဒီမိုကရေစီနည်းစစ်စစ်အရ အာဏာသိမ်းပိုက်ရန် ကြိုးစားအားထုတ်မည်မှာ နိုင်ငံရေး၏မွေ့တာပင်ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်ဆိုသော စကားရပ်များ၏အဓိပ္ပါယ်မှာ မရှင်းလင်းသည့်အတွက် နိုင်ငံရေး၊ စီးပွားရေးဝါဒစသည်တို့ကို လက်ရှိအခြေခံဥပဒေ အရ၊ မဲဆန္ဒရှင်လူထုအား မယ်မယ်ရရ မိမိတို့၏ဝါဒများကို ထုတ်ဖော်မပြောနိုင်၊ ကတိများ မပေးနိုင်၊ နိုင်ငံရေးသဘောတရား အားဖြင့် တစ်ပန်းရှုံးနေလေပြီ။ ရှမ်းပြည်၌ လုပ်သင့်သည့်ကိစ္စအရပ်ရပ်တို့ကို ရှမ်းပြည်ကောင်စီ ကျော်လွန်ပြီး ပါလီမန်မှစကားဆိုရသည့် အဖြေကိုကား မလိုလားအပ်ပေ။

ရှမ်းပြည်ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိသောဝါဒကို ပြည်ထောင်စုအဖွဲ့က လက်ခံသုံးစွဲနေရာ အရေးကြီးသောအာဏာများမှာ ပြည်ထောင်စုအစိုးရတွင်သာ တည်ရှိသဖြင့် ရှမ်းပြည်က မိမိ ကံကြမ္မာကို မိမိဖန်တီးရမည့်ကိစ္စအရပ်ရပ်အတွက် အခြေခံ ဥပဒေအရ အာဏာမရှိသောကြောင့် ဆောင်ရွက်ခွင့်မရှိပေ။ ရှမ်းပြည်နိုင်ငံရေးအရ “နိုင်ငံတော်” ဆိုသော စကားရပ်များ၏ အဓိပ္ပါယ်ကို လက်ခံရန် အလျဉ်းမသင့်လျော်ပေ။

ဤအခန်းနှင့် အခန်း ၃၊ အခန်း ၄ တို့တွင် “နိုင်ငံတော်” ဟူသော စကားရပ်ဆိုလိုရင်းမှာ ရှေ့နောက် စကားတို့ အဓိပ္ပါယ်ကိုထောက်၍ ပြည်ထောင်စုနိုင်ငံ၏ သို့တည်းမဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့ဝင်၏ အုပ်ချုပ်မှုအခွင့်အာဏာကိုလည်းကောင်း၊ ဥပဒေပြုမှုအခွင့်အာဏာကိုလည်းကောင်း ဆိုလိုသည်။

အထက်ပါရှင်းလင်းချက်အရ "နိုင်ငံတော်" ဟူသော စကား၏အဓိပ္ပါယ်ကို ပေါ်လွင်စေရန် ပြည်ထောင်စုနိုင်ငံ ဥပဒေပြုစာရင်း၊ ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့် ညှိနှိုင်းဖတ်ရှုရပေမည်။ ဖတ်ရှုသော်လည်း မရှင်းလင်းလှပါ။ သို့ပါ၍ "နိုင်ငံတော်" ဟူသော စကားရပ်သည် အဓိပ္ပါယ်မရှင်းလင်း သည့်အတွက် အခြေခံဥပဒေတွင်ပါရှိသည့် အရေးကြီးသောပုဒ်မများကို အသုံးပြုရာ၌ ပြည်နယ်များနှင့် မသက်ဆိုင်သည့် အနေရောက်နေသဖြင့် ရှမ်းပြည်မှ ရသင့်သည့် အခွင့်အရေးများကို အကြီးအကျယ် ဆုံးရှုံးနစ်နာလျက်ရှိခြင်း၊ အင်္ဂလိပ်စကားရပ်များမှာ ရှင်းသင့်သလောက် ရှင်းသော်လည်း မြန်မာစကားရပ်ဖြစ်သော နိုင်ငံတော်သည် ပြည်နယ်ကိုဆိုလိုသည်ဟုသဘောမပေါက်။ နိုင်ငံတော်စကားရပ်ကို ပြည်ထောင်စုအစိုးရအနေဖြင့် လိုတစ်မျိုး မလိုတစ်မျိုး အဓိပ္ပါယ်ပြန်နေသဖြင့် မူလအခွင့်အရေးကိစ္စများကို ဆောင်ရွက်ရန် ပြည်နယ်များက အာဏာမရှိသည့်သဘော သက်ရောက်နေ သည်။ ဥပမာ ပုဒ်မ ၄၂၊ ၄၃၊ ၄၄ တို့ကို ပြည်နယ်က မဆောင်ရွက်နိုင်ပါ။ ထို့ပြင် အချို့နေရာများတွင် နိုင်ငံတော် ဟူသော စကားသည် ပြည်နယ်နှင့်မဆိုင်သလား၊ ပြည်မနှင့်ဆိုင်သလား၊ ပြည်ထောင်စုနှင့် ဆိုင် သလားဟု အဓိပ္ပါယ်မကွဲပြားဖြစ်နေသည်။

ပုဒ်မ ၂၃ (၄) နှင့် (၅) တွင်ပါသော စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို တတိယဇယားစာရင်း၊ (၁) ပြည်ထောင်စုဥပဒေပြုစာရင်း၊ (၅) အရပ်ရပ်ဆိုင်ရာ (၄) အရ ရှမ်းပြည်နယ်သည် အဆိုပါအခွင့်အရေး များကို သုံးပိုင်ခွင့်မရှိ။ ထိုအခွင့်အာဏာမရှိသဖြင့် ဆိုရှယ်လစ်စနစ်ထူထောင်ရေးသည် ရှမ်းပြည်နယ်နှင့် မဆိုသလို ဖြစ်နေပေသည်။

## စီးပွားရေးဆိုင်ရာအခွင့်အရေးများ

**ပုဒ်မ (၂၃) (၃)** ဈေးနှုန်းများကိုခုျပ်ကိုင်ရန်သော်၎င်း၊ အရောင်းအဝယ်တို့ကို လက်ဝါးကြီးအုပ်ရန်သော်လည်း၎င်း၊ ဖွဲ့စည်းသော၊ သို့တည်းမဟုတ် နိုင်ငံတော်၏စီးပွားရေးပျက်စီးရာ ပျက်စီးကြောင်းဖြစ်သော ကာတယ်အဖွဲ့များ၊ ဆင်ဒီကိတ်အဖွဲ့များ၊ ထရတ်အဖွဲ့များအစရှိသော ကိုယ်ပိုင်လက်ဝါးကြီးအုပ်အဖွဲ့များ မရှိရ။

**ပုဒ်မ (၂၃) (၄)** နိုင်ငံတော်သည် ပြည်သူ့အကျိုးအတွက် လိုအပ်ပါက ပိုင်ရှင်အား မည်ကဲ့သို့သော ကိစ္စမျိုးတွင် မည်မျှလျော်ကြေးပေးရမည်ဟု ပြဋ္ဌာန်းထားသော တရားဥပဒေနှင့်အညီ သာလျှင်၊ ကိုယ်ပိုင်ပစ္စည်းကို ကန့်သတ်ချုပ်ချယ်နိုင်သည်။ သို့တည်းမဟုတ် သိမ်းပိုက်နိုင်သည်။

**ပုဒ်မ (၂၃) (၅)** တဆက်တည်းဖြစ်သော အထက်ပုဒ်မခွဲရှိ စည်းကမ်းချက်များနှင့် မဆန့်ကျင်လျှင်၊ ပြည်သူ့အကျိုးအတွက် လိုအပ်ပါက၊ နိုင်ငံ၏စီးပွားရေးနှင့် သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုးကိုသော်လည်းငင်း၊ တဦးတည်းပိုင်လုပ်ငန်းများကိုသော်ငင်း၊ နိုင်ငံတော်သည် တရားဥပဒေပြဋ္ဌာန်း၍နိုင်ငံပိုင်ပြုနိုင်သည်။ သို့တည်းမဟုတ် နိုင်ငံတော်အတွက် သိမ်းယူနိုင်သည်။

အထက်ပါ ပုဒ်မ ၂၃ (၃)၊ ၂၃ (၄)၊ ၂၃ (၅)၊ တို့တွင် ဖော်ပြထားသော စီးပွားရေးအာဏာများမှ ပြည်နယ်အဖို့ မဟုတ်ဟု ယူဆရပေမည်။

တတိယဇယားစာရင်း၊ ၁ - ပြည်ထောင်စုဥပဒေပြုစာရင်း (၅) အရပ်ရပ်ဆိုင်ရာ (၄) အရ၊ ရှမ်းပြည်နယ်သည် အဆိုပါ အခွင့်အရေးများကို သုံးပိုင်ခွင့်အာဏာမရှိ။

အထက်ပါအပိုဒ်များကို ဤဥပဒေအရခြုံ၍ အဓိပ္ပါယ်ကောက်ယူခဲ့သော် ရှမ်းပြည်သည် ၎င်း၏ကိစ္စအတွက် ပစ္စည်းရယူနိုင်ခွင့်မရှိ။ ရယူလိုခဲ့သော ရှမ်းပြည်ဝန်ကြီးဌာနကသာ ပြည်ထောင်စုအစိုးရအနေဖြင့် အာဏာပြည့်ဝသဖြင့် လိုအပ်သောအမိန့်ပြန်တမ်းများကို ထုတ်ပြန်နိုင်သည်။ အလုပ်သဘောအားဖြင့် ရှမ်းပြည်သည် ပစ္စည်းတစ်ခုခုကို ရလိုခဲ့သော် သာမန်ပြည်သူများနည်းတူ အရောင်းအဝယ်ပြုလုပ်ရသဖြင့် ဂုဏ်သိက္ခာကိုများစွာမှ ထိခိုက်ပေသည်။ ဥပဒေအရဆိုလျှင် ရှမ်းပြည်သည် မည်သည့်ကိစ္စတွင်မျှ ပြည်မ၏ သဘောတူမှုမရဘဲ မိမိသဘောအလျောက် လုပ်ဆောင်နိုင်ခွင့်မရပေ။

ဥပမာ "လောပိတ" လျှပ်စစ်ဓာတ်ကြိုးများကို ရှမ်းပြည်မှဖြတ်၍ အထက်မြန်မာပြည်သို့ ဆက်သွယ် ရာ၌ ဓာတ်ကြိုးတိုင်များဆောက်ရန် မြေများကို သိမ်းယူခဲ့လေသည်။ ထိုမြေများအနက် လူထုကတောရှင်းထားသောမြေများကို သိမ်းယူရာ၌ လျော်ကြေးပေးသည်ဟု မသိရပေ။ ပြည်ထောင်စုအစိုးရအနေဖြင့်လည်း ရှမ်းပြည်ကို အသိမပေးခဲ့ပေ။ ထို့ကြောင့် ရှမ်းပြည် ပြည်သူပြည်သားအချို့တို့မှာ ၎င်းတို့၏နစ်နာမှုများကို ရှမ်းပြည်နယ်အစိုးရအား တိုင်တန်းခဲ့ကြလေပြီ။ ဤသို့သော ဥပမာအမြောက်အများရှိပါသည်။

ရှမ်းပြည်အစိုးရပိုင်ပစ္စည်းများကိုပင် ပြည်ထောင်စုဌာနများ၏သဘောအရ သိမ်းပိုက်ခွင့်ရှိသည်ဟု ဆိုပြီး သိမ်းယူနိုင်ပါက ရှမ်းပြည်လူထုအတွက်မှာ ပြောရန်ပင်မလိုတော့ပါ။ အရေးကြီး အဖိုးတန်လှသည့် အခြေခံဥပဒေ အပိုဒ် ၂၃ (၁) မှာ ရှမ်းပြည်အတွက် အဓိပ္ပါယ်မရှိ၊ အရေး မပါ၊ အရာမရောက်တော့ပေ။

## တောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက် နိုင်ငံတော်၏ တာဝန် ဝတ္တရားများ

### ပုဒ်မ ၃၀။

(၁) နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။

(၂) ဤအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ မြေယာများအား အသုံးချခွင့် ပိုင်ဆိုင်ခွင့် တို့အတွက်စီမံခန့်ခွဲနိုင်မှုတို့သည် နိုင်ငံတော်၌ အခွင့်အရေးရှိရမည်။

(၃) မည်သည့်စနစ်ဖြင့်မျှ လူတစ်ဦးတည်းက မြေယာအများအပြားပိုင်ဆိုင်နေခြင်း မဖြစ်စေ ရေး သင့်လျော်သည့် ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ရမည်။

ပုဒ်မ - ၃၀ - (၁)၊ (၂) နှင့် (၃) အလွန်သင့်မြတ်သဖြင့် "မူ" ကို လက်ခံနိုင်သည်။ သို့သော်လည်း တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရများမှာ အာဏာမရှိ။

"နိုင်ငံတော်"သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ "နိုင်ငံတော်"သည် ပြည်မလော၊ ပြည်နယ်လော၊ သို့မဟုတ် ပြည်မမြေနေရာအားလုံးကို ပြည်မပိုင်၍ ပြည်နယ်မြေနေရာအားလုံးကို ပြည်နယ်အစိုးရက ပိုင်သလော။ ဥပဒေပြုစာရင်းနှင့် "နိုင်ငံတော်" ဟူသော စကားရပ်မှာ ပြည်မကိုသာ ဆိုလိုဟန်ဖြစ်နေပါ၏။ ဤအယူအဆမှန်ပါလျှင် ပြည်နယ်များအတွင်းရှိ မြေယာတို့ပင် ပြည်မပိုင်ပစ္စည်းအဖြစ် သက်ရောက်နေပါတော့သည်။

ရှမ်းပြည်နယ်တွင် မြေယာချထားရေးနှင့် မြေယာပြုပြင်ပြောင်းလဲမှုများကို ရှမ်းပြည်နယ်က လုပ်ပိုင် ခွင့်မရှိ။ မြေယာများသည် ရှမ်းပြည်နယ်မြေ၊ အရာတော်မြေများဖြစ်လျက်နှင့် ရှမ်းပြည်နယ်က မလုပ်နိုင်ဘဲ မြန်မာပြည်မက နိုင်ငံရေးပါတီအဖွဲ့အစည်းများက မြေယာများချမှတ်ထားသည့်အတိုင်း ရှမ်းပြည်နယ်က ပြောပိုင်ခွင့်မရှိ၊ လိုက်နာရမည့်သဘော

ရှိနေသည်။

ရှမ်းပြည်နယ်တွင် မပြောပလောက်သော ဘိုးဘွားပိုင်မြေအနည်းငယ်ကလွဲ၍ ကျန်မြေများမှာ အရာတော်မြေများဖြစ်သည့်အလျောက် ရှမ်းတောင်သူလယ်သမားတို့သည် လယ်ယာလုပ်ကိုင်ခွင့်သာရှိပြီး မြေရာပိုင်ဆိုင်ခွင့်မရှိပါ။ ထို့အတွက် ရှမ်းပြည်နယ်တွင် နိုင်ငံပိုင်မြေပြုလုပ်ရန် အခက်အခဲမရှိပါ။ ယခုလက်ရှိ ဥပဒေအရ လွှတ်လပ်ရေးမရမီက ရှမ်းပြည်နယ်အနေဖြင့် ပိုင်ဆိုင်သောမြေများနှင့် ရှမ်းပြည်သူပြည်သားတို့အား မြေယာလက်လွှတ်မှုများမှ ကာကွယ်ထားသည့် မြေယာပိုင်ခွင့်စနစ် စည်းမျဉ်းသတ်မှတ်ရေး၊ မြေယာလွှဲပြောင်းခြင်း၊ မြေယာစွန့်လွှတ်ခြင်း၊ မြေယာဆက်ခံခြင်း စသည့်အခွင့်အရေးများကို ရှမ်းပြည်က ဆုံးရှုံးလျက် ရှိနေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အနေဖြင့် တရားလွှတ်တော်တွင် ဆုံးဖြတ်ချက် တောင်းဆိုရာ မအောင်မြင်ခဲ့ပေ။

ရှမ်းပြည်တွင် လူဦးရေနည်းပြီး မြေကများနေသဖြင့် ရှမ်းပြည်နှင့် ပြည်ထောင်စုနိုင်ငံတော်တို့၏ သစ္စာစောင့်ထိန်းမည့် တောင်သူလယ်သမားအမြောက်အမြား အလိုရှိပါသည်။ သို့ရာတွင် ရှမ်းပြည်အနေဖြင့် ဥပဒေအရ ပြောဆိုပိုင်ခွင့်မရှိသည့်အတွက် နောက်နောင်အခါ မြေယာကို အကြောင်းပြုပြီး လူမျိုးရေးပြဿနာများ ပေါ်ပေါက်လာနိုင်ပေသည်။

## ပုဒ်မ (၃၁)

ပုဒ်မ ၃၁။ အလုပ်သမားများ၏ လုပ်ငန်းခွင်နစ်နာချက်များအတွက်သော်ငင်း၊ အလုပ်သမားများ၏အခွင့်အရေးဆိုင်ရာကိစ္စများအတွက်သော်ငင်း၊ အလုပ်သမားများအတွက်လိုအပ်သော အထောက်အပံ့များနှင့်အကာအကွယ် စောင့်ရှောက်မှုများအတွက်သော်ငင်း၊ အလုပ်သမားများဆိုင်ရာ အသင်းအဖွဲ့များဖွဲ့စည်းခြင်းအတွက်သော်ငင်း နိုင်ငံတော်သည် ဥပဒေပြုပေးခြင်းဖြင့် (သို့) သင့်လျော်သော စီမံဆောင်ရွက်ချက်များဖြင့် ကူညီစောင့်ရှောက်ရမည်။

ပုဒ်မ ၃၁ အရ ချို့ယွင်းချက်များမှာလည်း အထက်ပါအတိုင်းဖြစ်၏။ အလုပ်သမားအခွင့်အရေးများကို စောင့်ရှောက်ရာတွင် ရှမ်းပြည်အနေနှင့် ဘာမှမလုပ်နိုင်ဖြစ်နေသည်။

ရှမ်းပြည်နယ် နမ္မတူ ဘော်သတ္တုတွင်းကြီး၌သာ အလုပ်သမားတို့သည် ဤပုဒ်မအရ ညွှန်ကြားထား

သည့်အခွင့်အရေးများကို ရရှိကြကြောင်း၊ သို့ရာတွင် အခြားသာမန်အလုပ်သမားများမှာ မြန်မာပြည်မရှိ အလုပ်သမားကဲ့သို့ ခံစားခွင့်မရကြပါ။ ရှမ်းပြည်နယ်က ၎င်းတို့အား စောင့်ရှောက် လိုသော်လည်း စောင့်ရှောက်ရန်အာဏာမရှိ။ အလုပ်သမားအရေး အခက်အခဲများ ပေါ်ပေါက်လာလျှင် ရှမ်းပြည်အနေဖြင့် ငြိမ်ဝပ်ပိပြားရေးမှတစ်ပါး အလုပ်သမားများအတွက် လိုအပ်သော စောင့်ရှောက်မှုများကို မဆောင်ရွက်နိုင်။ ထိုအတွက် ရှမ်းပြည်နယ်အစိုးရမှာ အလုပ်သမားလူထု၏ ရိုသေလေးစားမှုကိုခံယူဖို့ရန် လမ်းမမြင်ပေ။

## ပါလီမန်၏အာဏာများ

### ပုဒ်မ (၉၁)

ပုဒ်မ ၉၁။ သို့ရာတွင် ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည် ဟူသောရည်ရွယ်ချက်သဘောတရားကို အခြေခံ၍၊ တရားဥပဒေဖြင့် သတ်မှတ်ထားသော ဒေသဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များသို့ အုပ်ချုပ်ရေးကိစ္စ၊ ယဉ်ကျေးမှုကိစ္စ၊ စီးပွားရေးကိစ္စများအတွက် အထက်အရှားဖေါ်ပြထားသော အာဏာများကိုလွှဲပေးရန်၊ တရားဥပဒေဖြင့် ပြဋ္ဌာန်းချက်ပြုနိုင်သည်။ ထိုပြဋ္ဌာန်းချက်များ ပါဝင်သော တရားဥပဒေသည်၊ ကိုယ်စားလှယ်အဖွဲ့များ၏ အခွင့်အရေးများ၊ အာဏာများနှင့် တာဝန်ဝတ္တရားများ ကိုငှင်း၊ ထိုအဖွဲ့များနှင့် ပါလီမန်တို့၏ ဆက်ဆံရေးကိုငှင်း၊ ထိုအဖွဲ့များနှင့် ပြည်ထောင်စုအစိုးရတို့၏ ဆက်ဆံရေးကိုငှင်း၊ သတ်မှတ်ရမည်။

ပုဒ်မ ၉၁ တွင် ဖော်ပြထားသော အာဏာများမှာ ပြည်နယ်ကောင်စီများဖို့မဟုတ်။ ပြည်နယ်များ အတွင်း ဒေသဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ ဖွဲ့စည်းရန် ပြည်နယ်ကောင်စီတို့၏ ဂုဏ်သိက္ခာကို ထိခိုက်ပါသည်။

ပုဒ်မ ၉၂ နှင့် တွဲဘက်လျှက် ပုဒ်မ ၉၁ တွင် အပ်နှင်းထားသော အာဏာများကို ရှမ်းပြည်နယ် အစိုးရက ဆောင်ရွက်နိုင်ခွင့်မရှိ။ ရှမ်းပြည်နယ်တွင် ဒေသဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များသို့ အုပ်ချုပ်ရေးကိစ္စ၊ ယဉ်ကျေးမှုကိစ္စ၊ စီးပွားရေးကိစ္စများအတွက် အာဏာများလွှဲပေးရန်ကိစ္စကို ပါလီမန်ကသာ ဥပဒေ ပြုလုပ်ခွင့်ရှိသဖြင့် ရှမ်းပြည်နယ်အနေဖြင့် ကျေနပ်ဖွယ်ရာ မရှိပေ။ အုပ်ချုပ်ရေးကိစ္စကို ဒေသအဖွဲ့များသို့ ပြည်ထောင်စုပါလီမန်က လွှဲအပ်ပေးမည်ဆိုပါက

ရှမ်းပြည်တွင် စင်ပြိုင် တတိယအစိုးရ တီထွင်ရာသို့ ရောက်ပေလိမ့်မည်။ ယဉ်ကျေးမှုကိစ္စ ဆိုရာ၌လည်း ရှမ်းပြည်၏ယဉ်ကျေးမှုကို ရှမ်းပြည်ထက် အခြားပြည်များက ပို၍ သိကျွမ်းနားလည်မှုမရှိနိုင်ပေ။ စီးပွားရေးတီထွင်ရာ၌လည်း ရှမ်းပြည်အစိုးရသည် ရှမ်းပြည်သူလူထုအတွက် ရဲရဲတင်းတင်း သစ္စာရှိစွာနှင့် ဆောင်ရွက်ရန် တာဝန်ရှိသည်။ ထို့ကြောင့် ပုဒ်မ ၉၁ အရ သုံးပိုင်ခွင့်အာဏာကို ရှမ်းပြည်ကသာ သုံးပိုင်ခွင့်ရှိသင့်သည်။

## ပုဒ်မ ၉၂။ (၃)

ပုဒ်မ ၉၂။ (၃) မည်သည့် ပြည်နယ်ကောင်စီမဆို၊ မိမိ၏နယ်မြေများကိုသော်ငင်း၊ အာဏာများကိုသော်ငင်း၊ အခွင့်အရေးများကိုသော်ငင်း၊ ပြည်ထောင်စုနိုင်ငံသို့ ဆုံးဖြတ်ချ၍၊ ပြန်အပ်နိုင်သည်။

ဤ ပုဒ်မ ၉၂။ (၃) အရ ပြည်နယ်ကောင်စီများက မိမိတို့၏နယ်မြေများကို လည်းကောင်း၊ အာဏာများကိုလည်းကောင်း၊ ဆုံးဖြတ်ချက်ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်အပ်နိုင်သည်။ သို့သော် ပါလီမန်က ပြည်မ၏ နယ်မြေတစ်စိတ်တစ်ဒေသကို လည်းကောင်း၊ အခွင့်အာဏာ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ ပြည်နယ်များသို့ ခွဲဝေ ပေးနိုင်ခွင့် မရှိဖြစ်နေသည်။

ပြည်ထောင်စုစစ်စစ်မှုကိုလက်ခံခဲ့သော် ပြည်ထောင်စုဗဟိုအစိုးရသည် ပြည်နယ်များနှင့် ပတ်သက် နေသည့် ကိစ္စရပ်များကိုသာ ဆောင်ရွက်ခွင့်ရှိရမည် ဖြစ်သည့်အလျောက် အဆိုပါကိစ္စများကို ဗဟိုအစိုးရက ချုပ်ကိုင်ထားရာ၌ အဖွဲ့ဝင်ပြည်များ၏ သဘောတူညီမှု အရသာ ဖြစ်သင့်သည်။ အဖွဲ့ဝင်ပြည်နယ်တစ်ခုခုမှာ အခြားကျန်ပြည်များက သဘောမတူညီ ပါက ၎င်းတို့နယ်မြေများ သို့မဟုတ် အာဏာများကို စွန့်လွှတ်ခွင့် မရှိပေ။ ပြည်ထောင်စု ဥပဒေပြုစာရင်းနှင့် ပြည်နယ်များ ဥပဒေပြုစာရင်းကို နှိုင်းယှဉ်ခဲ့သော် ပြည်ထောင်စုမှ သိမ်းယူထားသောအာဏာများမှာ တစ်ဖက်စောင်းနင်းဖြစ်နေပေသည်။ ပြည်နယ်များက လက်ရှိအာဏာများကို ပြည်ထောင်စုအစိုးရအား ပြန်အပ်မည်ဆိုပါက စာကလေး အမွေးနှုတ်သည့်ပမာ အာဏာလက်မဲ့ဘဝသို့ ရောက်ပေလိမ့်မည်။ ယခု ဥပဒေပြုစာရင်းများ အရ ပြည်နယ်များက ၎င်းတို့ပိုင်ဆိုင်သည့် အခွင့်အာဏာများကို မည်သည့်နည်းနှင့်မှ ပြန်အပ်ရန်အကြောင်း မရှိပေ။

## ပုဒ်မ (၉၃)

ပုဒ်မ ၉၃။ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် သစ်တောကိစ္စ၊ သတ္တုတွင်းကိစ္စ၊ ရေနံမြေကိစ္စ၊ သတ္တုတူးဖော်ပြုပြင်ရေးကိစ္စမှာ စည်းမျဉ်းသတ်မှတ်ပိုင်ခွင့်ရှိသည် ဖြစ်သောကြောင့် ပြည်ထောင်စုနိုင်ငံက သုံးစွဲပိုင်ခွင့်ရှိသော အာဏာများကို သုံးစွဲရာ၌ ထိုသစ်တောများ၊ သတ္တုတွင်းများ၊ ရေနံမြေများ လုပ်ကိုင်သုံး စွဲစေရန်သော်လည်းကောင်း၊ အသုံးချစေရန်သော်လည်းကောင်း၊ လက်မှတ်ကို သို့တည်းမဟုတ် လိုင်စင်ကို သို့တည်းမဟုတ် အခွင့်အာဏာလွှဲအပ်သောအခြားနည်းကို မထုတ်ပေးမီ ထိုသို့ထုတ်ပေးသောအာဏာပိုင်သည် သက်ဆိုင်ရာပြည်နယ်အတွက် ခန့်ထားခြင်းခံရသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့်ညှိနှိုင်းတိုင်ပင်ရမည်။ ဟု ဖြစ်ပါသည်။

ဤပုဒ်မကို ပုဒ်မ ၁၂ (က) တို့နှင့် ညှိနှိုင်းဖတ်ရှုသော် ပြည်နယ်များတို့၏ အဖိုးတန်ဆုံးဖြစ်သော သစ်တောပစ္စည်းများ၊ သတ္တုများ၊ ရေနံများထုတ်ယူသုံးစွဲခွင့်ကို ပြည်မကသာ ထုတ်ပေးနိုင်လေသည်။ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်ရမည်ဟု ဆိုထားသော်လည်း ပြည်မအာဏာပိုင်များ၏ နောက်ဆုံး ဆုံးဖြတ်ချက်သာ အတည်ဖြစ်ရန်ရှိပေသည်။ အမှန်အားဖြင့်ဆိုသော် အဆိုပါပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်ကို သက်ဆိုင်ရာပြည်နယ်အစိုးရ၏ အာဏာအတွင်းသာ ဖြစ်စေသင့်သည်။

ပုဒ်မ ၂၁၉ ကိုလည်း ကြည့်ပါ ...

အဖိုးတန်သဘာဝပစ္စည်းများဖြစ်သော သစ်တော၊ သတ္တု၊ ရေနံနှင့် ၎င်းတို့ကို ထုတ်ယူသုံးစွဲပိုင်ခွင့်အာဏာများကို ပေးအပ်ရာ၌ သစ်တော၊ သတ္တု၊ ရေနံလက်စွဲ ဥပဒေများ အရ ရှမ်းပြည်သည် အုပ်ချုပ်ရေးတွင် လုံးဝအာဏာမရှိတော့ဘဲ ထိုဌာနများ၏ အုပ်ချုပ်ရေး ဝန်ထမ်းများ၊ နယ်အရာရှိများနှင့် ပြည်ထောင်စုအစိုးရကသာ အာဏာများရှိသဖြင့် ရှမ်းပြည်နယ်အစိုးရ အနေနှင့်ကြားချောင် လျက်ရှိနေသည်။ ထိုကိစ္စအရပ်ရပ်များကို ဆောင်ရွက်ရာ၌ မကျေနပ်မှုများရှိပါက ရှမ်းပြည်နယ်ကောင်စီ၌ ပြောဆိုခွင့်မရှိပေ။ ပါလီမန်၌သာ ပြောဆိုခွင့်ရှိသည်။ ဥပမာဆိုသော် တောင်ကြီးအနီးရှိ ငိုသံတောင်ကို ထပ်မံ စမ်းသပ်ရန်နှင့် သံသတ္တုတူးဖော်ရန်ကို ဂျာမန်လူမျိုးပိုင် ကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုသည်ဟု သိရှိရပေသည်။ ဤကိစ္စတွင် ရှမ်းပြည်ဝန်ကြီးများအဖွဲ့၏ သဘောတူညီချက်ကို ကြိုတင် ရယူခဲ့ခြင်း မရှိပေ။

စင်စစ်အားဖြင့် ဤကဲ့သို့ ရှမ်းပြည်အတွက် အရေးကြီးသော စီးပွားရေး လုပ်ငန်းများကို ရှမ်းပြည်အစိုးရကသာ ပိုင်ပိုင်နိုင်နိုင် ပြောဆိုခွင့်ရှိသည်။

## ပုဒ်မ ၉၄။ (၁)

ပုဒ်မ ၉၄။ (၁) စစ်ကြောင့်ဖြစ်စေ၊ နိုင်ငံတွင်း ဆူပူမှုကြောင့်ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံ၏တည်တံ့မှုကို အန္တရာယ်ဖြစ်စေအံ့သော အထူးအရေးတကြီး အခြေ ဖြစ်ပေါ်နေပြီဟူ၍သော်၎င်း၊ ပြည်ထောင်စု နိုင်ငံကို ထိခိုက်သော စီးပွါးရေး အရေးတကြီးအခြေသည်၊ ပြည်ထောင်စုနိုင်ငံ၏ တစိတ်တဒေသ၌ ပေါ်ပေါက်နေပြီဟူ၍သော်၎င်း၊ နိုင်ငံတော် သမ္မတက (ဤအခြေခံဥပဒေတွင် အရေးတကြီး ကျေညာချက်ဟု ညွှန်းထားသော) ကြေညာချက်တရပ်ကို ထုတ်ပြန်ခဲ့သော်၊ ပုဒ်မ ၉၂ တွင် မည်သို့ပင် ဆိုထားစေကာမူ၊ ပြည်နယ် ဥပဒေပြုစာရင်းတွင် သီးခြားရေတွက် ဖေါ်ပြထားသော ကိစ္စတခုခုနှင့် စပ်လျဉ်း၍၊ ပြည်နယ်တနယ်အတွက်သော်၎င်း၊ ပြည်နယ်၏ တစိတ်တဒေသ အတွက်သော်၎င်း၊ ဥပဒေများကို ပြုရန် ပါလီမန်တွင် အာဏာရှိရမည်။

ပုဒ်မ ၉၄ (၁) ။ ရှမ်းပြည်နယ်အတွက် အလွန်ပင်အရေးကြီးပါသည်။ ရှမ်းပြည်တောင်ပိုင်း စစ်အုပ်ချုပ်ရေးရာဇဝင်ကို ပြန်လည်သုံးသပ်ပါ။ နိုင်ငံတော်သမ္မတဆိုသည့် စကားရပ်မှာ ပြည်ထောင်စု ကာကွယ်ရေး၊ ပြည်ထဲရေး စသည့်ဝန်ကြီးဌာနများကို ဆိုလိုသည်။ လိုအပ်သည့် အရေးတကြီးကြေညာ ချက်ထုတ်ပြန်ရာ၌ ရှမ်းပြည်နယ်ကောင်စီ သို့မဟုတ် ရှမ်းပြည်နယ်အစိုးရတို့၏ သဘောတူညီချက် ရယူမည်ဟု ဖော်ပြခြင်းမရှိပါ။

## ပုဒ်မ (၉၆)

ပုဒ်မ ၉၆။ (၁) ဤအခြေခံဥပဒေရှိ စတုတ္ထဇယား၌ ရေတွက် ဖေါ်ပြထားသော အခွန်ထွက်ပင်ရင်းများမှ ရမည့် အခွန်တော် အားလုံးသည် ပြည်နယ်၌သော်၎င်း၊ ပြည်နယ်ကသော်၎င်း၊ ကောက်ခံရရှိသော ပြည်နယ်၏ အခွန်တော်ငွေတွင်ပါဝင်ရမည်။

(၂) တဆက်တည်းသော အထက်ပုဒ်မခွဲအရ ပြည်နယ်များသို့ ခွဲဝေလွှဲအပ်ထားသော အခွန်တော်များမှလွဲ၍၊ အခွန်တော် အားလုံးသည် ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်တွင် ပါဝင်ရမည်။

ခြွင်းချက်။ "ဤကိစ္စအတွက် ခန့်ထားသောအဖွဲ့တစ်ခုခု၏ သို့တည်းမဟုတ် အခြားအာဏာပိုင်တစ်ခုခု၏ ထောက်ခံချက်များအရ ထောက်ပံ့ရန်လိုအပ်သည်ဟု ဆုံးဖြတ်သတ်မှတ်သော အထောက်အပံ့ငွေများကို ပြည်ထောင်စုနိုင်ငံအစိုးရသည် မိမိ၏ အခွန်တော်များမှထုတ်၍ ပြည်ထောင်စုအဖွဲ့ဝင်များ၏ အခွန်တော်များကို ဖြည့်တင်းသော အားဖြင့် ထိုပြည်ထောင်စုအဖွဲ့ဝင်များ၏ အစိုးရများအားပေးနိုင်သည်" ဟု ဆိုထားရာ

စာသွားစာလာနှင့် စကားအသုံးအနှုန်းအရဆိုလျှင် ပြည်နယ်များရသင့်ရထိုက်သည့် အကြောင်းမရှိသော်လည်း ပြည်မက ကရုဏာရှေ့ထား၍ မိမိ၏အခွန်တော်ငွေများမှ ပြည်နယ်များကို ထောက်ပံ့ငွေပေး ရာ သက်ရောက်နေပါသည်။ အမှန်အားဖြင့် အဆိုပါ "ထောက်ပံ့ငွေ" မှာ ပြည်မနှင့် ပြည်နယ်တို့ အချိုးကျရယူ ခံစားထိုက်သော အခွန်တော် မျိုးတို့မှ ပြည်နယ်များရထိုက်သော အချိုးကျဖြစ်၍ "ထောက်ပံ့ငွေ" ဟူသော ဝေါဟာရကို မသုံးထိုက်ပါ။

ပြည်နယ်များရသင့်ရထိုက်သောအခွန်တော်ကို ပြည်နယ်များသို့ ခွဲပေးရာ၌ အဖွဲ့တစ်ခုခု သို့တည်း မဟုတ် အခြားအာဏာပိုင်တစ်ခုခု၏ ထောက်ခံချက်ကို ရယူရန်မလိုပါ။

အကယ်၍ တန်းတူပြည်နယ်များရသင့်ရထိုက်သော အချိုးကျအခွန်တော်ငွေများထက် ကျော်လွန်၍ ပေးပါလျှင် အဆိုပါငွေမှာ ထောက်ပံ့ငွေစစ်စစ်ဖြစ်လာသဖြင့် အဖွဲ့တစ်ခုခု၊ အာဏာပိုင်တစ်ခုခု၏ ထောက်ခံ ချက်အရပေးသွင်းရမည်ဟုဆိုသော် သင့်တော်ပါသည်။

ဤပုဒ်မအရ ဖွဲ့စည်းထားသောပြည်နယ်များ ထောက်ပံ့ကြေး ခွဲဝေပေးရေးအဖွဲ့၏ အဓိကလုပ်ငန်းမှာ နောင်လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်များအား အထောက်အပံ့ မည်ရွေ့မည်မျှပေးမည်ဟု ပြည်နယ်ဥက္ကဋ္ဌများအား ဖိတ်ခေါ်အကြောင်းကြားခြင်းမျှသာ ဖြစ်ပါသည်။

ပြည်နယ်များရသင့်ရထိုက်သောငွေကို မူအားဖြင့် တွက်ချက်ခြင်းမပြုဘဲ ဤနှစ်တွင် ဤမျှသာ ပေးနိုင်သည်ဟု အကြောင်းကြားခြင်းမျှသာဖြစ်ပါသည်။

ပြည်ထောင်စုအခွန်တော်စာရင်းအရ ကောက်ခံရသောအခွန်များထဲမှ ပြည်နယ်အား ဝေပုံကျပေးသင့်သည့် မူတစ်ခုမှာ ယခုထက်ထိမရှိသေးပါ။ ယခုလက်ရှိ အခွန်တော်စာရင်းများအတိုင်း ဆက်လက်ဆောင်ရွက်နေလျှင် ရှမ်းပြည်၏ ဘဏ္ဍာရေးအခက်အခဲများကို ကမ္ဘာမြေပျက်သုဉ်းသည့် ကာလအထိ ဖြေရှင်း၍ရနိုင်မည်မဟုတ်ပေ။ လွတ်လပ်ရေးရသည့်နေ့မှစ၍ ယနေ့အထိ ပြည်ထောင်စုသားများ စစ်စစ်ဟုသာ အခြေခံဥပဒေအရ ယူဆခံရသော မြန်မာပြည်မလူထုနှင့် ရှမ်းပြည်နယ်လူထုတို့၏ အမျိုးအတွက် သုံးငွေစာရင်းကို စိစစ်မည်ဆိုပါက ရှမ်းပြည်လူထုမှာ အခွင့်အရေး မည်မျှယုတ်လျော့စွာ ခံစားနေရသည်ကို ထင်ရှားစွာတွေ့မြင်ရမည်။ မြန်မာပြည်မမှာသာ မူလအခွင့်အရေးများ ငွေအင်အားကြောင့် ရုပ်လုံးပေါ်သလောက် ပေါ်နေပြီး ရှမ်းပြည်နယ်မှာမူ ဒုံရင်းအတိုင်းပင် ရှိနေပေသည်။

## ပုဒ်မ (၁၂)

၁၂။ ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင်၊ ပြည်ထောင်စုနိုင်ငံ၏ အုပ်ချုပ်မှု အခွင့်အာဏာသည် အောက်ပါကိစ္စများသို့ သက်ရောက်ပြန့်နှံ့သည်။

(က) ပါလီမန်က ဥပဒေပြုနိုင်သောကိစ္စများ။

(ခ) ပြည်ထောင်စုနိုင်ငံအပတွင် ဖွဲ့စည်း၍ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုနိုင်ငံတွင် တပ်ချနေသော၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံက အသုံးပြုရန် လွှဲအပ်ခြင်းခံရသော လက်နက်ကိုင်စစ်တပ်များကို ထိုကိစ္စအတွက် ပြည်ထောင်စုချင်းချင်း စာချုပ်၊ သို့တည်းမဟုတ် သဘောတူညီချက်တွင် ပါဝင်သော ပြဋ္ဌာန်းချက်များနှင့် လျော်ညီစွာ အုပ်ချုပ်ရန်ကိစ္စများ။

ဤပုဒ်မကိုမှီငြမ်းပြု၍ ပြည်နယ်များအဖို့ များစွာသောအခက်အခဲနှင့် ရင်ဆိုင်စေခဲ့ပါသည်။

ပုဒ်မ (၁၂) အရ ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုနိုင်ငံ၏ အုပ်ချုပ်မှုအခွင့်အာ ဏာသည် အောက်ပါကိစ္စများသို့ သက်ရောက်ပြန့်နှံ့သည်။

(က) ပါလီမန်က ဥပဒေပြုနိုင်သောကိစ္စများ၊ ဆိုလိုရင်းမှာ ပါလီမန်ကဥပဒေပြုနိုင်သောကိစ္စတိုင်း အပေါ်တွင် ပြည်ထောင်စုနိုင်ငံ၏ အုပ်ချုပ်မှုအခွင့်အာဏာ သက်ရောက်လေသည်။ တစ်ဖန် ပြည်ထောင်စု နိုင်ငံဥပဒေပြုစာရင်းတွင် သစ်တော၊သတ္တု၊ ရေနံတို့ ပါဝင်နေသောကြောင့် ပြည်နယ်တွင် သစ်တောနှင့် သတ္တုအပေါ် အုပ်ချုပ်ရေးအာဏာလုံးဝမရှိ။ ၎င်းသစ်တောနှင့် သတ္တုအပေါ်တွင် အခွန်တော်ခံစားခွင့်ရသည် မှအပ ပြည်နယ်များနှင့် လုံးဝမဆိုင်ဟူသော အယူအဆများ ဖြစ်ပေါ်နေလေသည်။ အလားတူ ယစ်မျိုးနှင့် ပတ်သက်၍ ပြည်နယ်များ အခွန်တော်ကိုသာ ခံစားခွင့်ရပြီး အုပ်ချုပ်ရေးမှာ ပြည်မသာပိုင်သည်ဟု ယူဆလျှက်ရှိသည်။

ဤပုဒ်မနှင့် ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်းကို ပူးတွဲဖတ်ရှုပြီးလျှင် ပြည်နယ်အစိုးရများမှာ စက်မှုလက်မှုလုပ်ငန်း မလုပ်နိုင်၊ စက်ရုံများမဆောက်နိုင် အစရှိသဖြင့် အနှောင့်အယှက်ပေးခဲ့ ဖူးပါသည်။

## နိုင်ငံတော်စာရင်းစစ်ချုပ်

### ပုဒ်မ (၁၂၈)

ပုဒ်မ ၁၂၈။ ပါလီမန်နှင့် ပြည်နယ်ကောင်စီများ၏ အခွင့်အာဏာဖြင့်၊ ထိုအခွင့်အာဏာအရ၊ ပြည်ထောင်စု အစိုးရကိုယ်စား ငွေထုတ်ပေးရေးကိစ္စအားလုံးကို ကြီးကြပ်အုပ်ချုပ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲရသော ငွေများ၏ စာရင်းအားလုံးကို စစ်ဆေးရန် ၎င်းနိုင်ငံတော်စာရင်းစစ်ချုပ်တစ်ဦး ရှိရမည်။

ဤပုဒ်မအရ ပြည်နယ်ကောင်စီများ၏ အခွင့်အာဏာဖြင့်လည်းကောင်း၊ အခွင့်အာဏာအရလည်းကောင်း ထုတ်ပေးသောငွေများကို ကြီးကြပ်အုပ်ချုပ်ရာ၌လည်းကောင်း၊ စာရင်းများကို စစ်ဆေးရာ၌လည်းကောင်း၊ နိုင်ငံတော်စာရင်းစစ်ချုပ်သည် ပြည်ထောင်စု အစိုးရကိုယ်စား ကြီးကြပ်အုပ်ချုပ်စစ်ဆေးရမည်ဟု ဆိုလိုပါသည်။ စာသွားစာလာအရ ဆိုသော် ပြည်နယ်ကောင်စီများခွင့်ပြု၍ သုံးငွေနှင့် စာရင်းများကို ပြည်ထောင်စုအစိုးရက ကြီးကြပ်စစ်ဆေးပိုင်ခွင့်ရှိရာ ရောက်နေပါသည်။ အမှန်သော်ကား နိုင်ငံတော် စာရင်းစစ်ချုပ် သည် ပါလီမန် ခွင့်ပြုသုံးငွေနှင့်စာရင်းကို ပြည်နယ်ကောင်စီများ၏ကိုယ်စား ၎င်းကြီးကြပ် အုပ်ချုပ်စစ်ဆေးရပေမည်။

## ပုဒ်မ (၁၃၁)

ပုဒ်မ ၁၃၁။ “နိုင်ငံတော်စာရင်းစစ်ချုပ်သည် ပြည်ထောင်စုနိုင်ငံနှင့် ပြည်နယ်များ၏ ငွေစာရင်းများဆိုင်ရာ အစီရင်ခံစာများကို တရားဥပဒေက သတ်မှတ်ဖော်ပြထားသော အချိန်ကာလများတွင် ပြည်သူ့လွှတ်တော်သို့တင်ပြရမည်”

ဟုဆိုရာတွင် ပြည်နယ်ငွေစာရင်းများဆိုင်ရာ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းအားဖြင့် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက ပြည်နယ်အစိုးရများအပေါ် အာဏာ သက်ရောက်သည့် အခြေအနေဖြစ်နေပါတော့သည်။ အမှန်အားဖြင့် ပြည်နယ်ငွေစာရင်းများဆိုင်ရာ အစီရင်စာသို့၊ ပြည်နယ်ကောင်စီသို့သာတင်ပြ၍ ပြည်နယ်ကောင်စီက ခန့်ထားသော ပြည်သူ့ငွေစာရင်း ကော်မတီကသာ ပြည်နယ်အစိုးရအပေါ်၌ ပြစ်တင် အရေးယူရန် အာဏာရှိသင့်ပါသည်။

## ရှမ်းပြည်နယ်ကောင်စီ

## ပုဒ်မ (၁၅၄)

ပုဒ်မ ၁၅၄။ (၁) ပါလီမန်၏ ရှမ်းပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်အားလုံးပါဝင်သည့် ရှမ်းပြည်နယ်ကောင်စီကို ဖွဲ့စည်းရမည်။

(၂) လူမျိုးစုလွှတ်တော်၌ပါဝင်မည့် ရှမ်းပြည်နယ်ဆိုင်ရာအမတ်အားလုံးကို ရှမ်းပြည်နယ်၏ စော်ဘွားများသည် မိမိတို့စော်ဘွားများထဲမှ ရွေးကောက်တင်မြှောက်ရမည်။ စော်ဘွားများသည် ပြည်သူ့လွှတ်တော်တွင် အမတ်ဖြစ်ခွင့်မရှိစေရ။

ရှမ်းပြည်နယ်ကောင်စီ၊ ကချင်ပြည်နယ်ကောင်စီ အစရှိသဖြင့် ခေါ်ဝေါ်ရာတွင် “ကောင်စီ” ဟူသော စကားရပ်မှာ အင်္ဂလိပ်စကားဖြစ်နေ၍ မသင့်တော်ပါ။ သို့ပါ၍ “ပြည်နယ်ကောင်စီ” အစား “ပြည်နယ်ဥပဒေ ပြုလွှတ်တော်”ဟု ခေါ်တွင်စေလျှင် သင့်တော်ပေမည်။

# ရှမ်းပြည်နယ်အစိုးရ

## ပုဒ်မ (၁၆၀)

ပုဒ်မ ၁၆၀။ ဝန်ကြီးချုပ်သည်၊ ရှမ်းပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍၊ ပါလီမန်၏ ရှမ်းပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်များအနက်၊ အမတ်တဦး၏ အမည်ကို တင်သွင်းသောအခါ၊ ထိုသို့အမည်တင်သွင်းခြင်းခံရသောအမတ်ကို နိုင်ငံတော်သမ္မတသည် အောက်တွင် " ရှမ်းပြည်နယ်ဝန်ကြီး" ဟု ခေါ်တွင်ရမည်ဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်ဖြင့် ခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသော ဝန်ကြီးသည် ဤအခြေခံဥပဒေ၏ ကိစ္စများအတွက် ရှမ်းပြည်နယ် ဥက္ကဋ္ဌလည်းဖြစ်ရမည်။

ပြည်နယ်ဝန်ကြီး (ပြည်နယ်ဥက္ကဋ္ဌ) ခန့်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ရမည်ဟု ဆိုငြားသော်လည်း ပြည်နယ်ကောင်စီက မထောက်ခံသော အမတ်တစ်ဦးကို နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးခန့်နိုင်သည်ဟု တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ပြီး ဖြစ်ပါသည်။

ပြည်နယ်ကောင်စီက သဘောမတူဘဲ နိုင်ငံတော်ဝန်ကြီးချုပ်ခန့်အပ်သူကို ပြည်နယ်က ဥက္ကဋ္ဌအဖြစ် လက်ခံရမည်ဆိုလျှင် အုပ်ချုပ်ရေးအခက်အခဲများ တွေ့ကြုံရပေမည်။ နိုင်ငံတော်ဝန်ကြီးချုပ်အဖို့ ဆိုလျှင်လည်း မိမိသဘောမကျသောသူတစ်ယောက်ကို နိုင်ငံတော်အစိုးရအဖွဲ့ဝင်အဖြစ် ခန့်အပ်ရန် မည်သည့်နည်းနှင့်မျှ လက်ခံနိုင်မည်မဟုတ်။

အဆိုပါပြဿနာကိုပြေလည်အောင်ကား ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းရန်သာ ရှိပါတော့သည်။

## ပုဒ်မ (၁၆၂)

ပုဒ်မ ၁၆၂။ (၁) ရှမ်းပြည်နယ်ဥက္ကဋ္ဌသည် ရှမ်းပြည်နယ် စီရင်အုပ်ချုပ်ရေးကိစ္စကို တာဝန်ယူ၍ ဆောင်ရွက်ရမည်။ ဆိုလိုရင်းမှာ၊ ရှမ်းပြည်နယ်ဥက္ကဋ္ဌသည် တိုက်ရိုက်ဖြစ်စေ၊ လက်အောက်ခံ အရာရှိများမှတဆင့်ဖြစ်စေ၊ ပြည်နယ်၏ အုပ်ချုပ်မှု အခွင့်အာဏာကို သုံးစွဲနိုင်ရမည်။

ဤပုဒ်မ၏ လိုရင်းအဓိပ္ပါယ်အစစ်ကိုသိရန် အတော်ခက်ပါသည်။

အုပ်ချုပ်မှုအခွင့်အာဏာကို သုံးရာတွင် ပြည်နယ်ဥက္ကဋ္ဌသည် ကောင်စီ၏ဆုံးဖြတ်ချက်ကို လိုက်နာရမည်ဟုဆိုထားရာ အုပ်ချုပ်မှုအခွင့်အာဏာကို သုံးတိုင်းသုံးတိုင်း ကောင်စီ၏ ဆုံးဖြတ်ချက် ရယူနိုင်ရန် ကောင်စီသည် နေ့စဉ်နေ့တိုင်း စည်းဝေးနေရပေမည်။ မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။

ပုဒ်မ ၁၆၂။ (၂) ပြည်နယ်ဆိုင်ရာ အခြားကိစ္စအားလုံးတွင် ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်ရမည်။

"အခြားကိစ္စ"ဆိုသည်မှာ ဘာကိုဆိုလိုသည် မတွေးတတ်တော့ပါ။

ပုဒ်မ ၁၆၂။ (၃) ရှမ်းပြည်နယ်ကောင်စီ၏ဆုံးဖြတ်ချက်များနှင့် ထင်မြင်ချက်များကို ပြည်နယ်ဥက္ကဋ္ဌ ထံသို့ တင်ပြရာတွင် လွယ်ကူစိမ့်သောငှါ၊ ပြည်နယ်ကောင်စီသည် ရွေးကောက်ပွဲပြီးသည့်နောက်၊ ပဌမအကြိမ်ကျင်းပသော အစည်းအဝေးတွင် ကောင်စီအမတ်များထဲမှသော်၎င်း၊ ကောင်စီအမတ် မဟုတ်သူများထဲမှသော်၎င်း ရွေးချယ်၍ ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုအစိုးရအဖွဲ့သည် ပြည်နယ်ဥက္ကဋ္ဌကို အလုပ် ဝတ္တရားများ ဆောင်ရွက်ရာတွင် ကူညီရန်၊ အကြံပေးရန်ဖြစ်သည်။

ပြည်နယ်ဝန်ကြီးများအဖွဲ့ဝင်များကို ပြည်နယ်ဥက္ကဋ္ဌက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ကောင်စီကရွေးချယ်နိုင်သည်မှာ နည်းလမ်းမကျပါ။ ပြည်နယ်ဝန်ကြီးများ အဖွဲ့ဝင်များ၏ အာဏာမည်မျှရှိသည်ဟုလည်း စဉ်းစား၍မရပါ။

## ပုဒ်မ - ၁၆၄ (၂)

"ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရက သတ်မှတ်သော စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်နယ်ကောင်စီသည် ပြည်နယ်၏ဘတ်ဂျတ်ကို လက်ခံအတည် ပြုနိုင်ရန် အာဏာရှိရမည်။ ထိုစည်းကမ်းချက်များအတိုင်း ပြည်နယ်ကောင်စီက ကျနစွာလိုက်နာကြောင်း၊ နိုင်ငံတော်သမ္မတကျေနပ်နိုင်စေရန် ပြည်နယ်၏ဘတ်ဂျက်ကို ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျတ်တွင် ထည့်သွင်းဖော်ပြရမည်" ဟု ပြဋ္ဌာန်းရာတွင် ..

ပုဒ်မ ၉၆ (ခြွင်းချက်) နှင့်ပတ်သက်၍ ဖော်ပြပြီးခဲ့သည့်အတိုင်း ပြည်ထောင်စုအစိုးရ၏ "အထောက်အပံ့ငွေ" မဟုတ်၊ ပြည်နယ်များ အချိုးကျရသင့်ရထိုက်သောငွေဖြစ်၍ ၎င်းနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရက စည်းကမ်းချက်များ မသတ်မှတ်သင့်ပါ။ ပြည်နယ်များ ရသင့်ရထိုက်သော အချိုးကျ ငွေထက် ကျော်လွန်၍ပေးသောငွေမှသာ "ထောက်ပံ့ငွေ"ဖြစ်၍ ၎င်းနှင့် ပတ်သက်၍သာ စည်းကမ်းချက်များ သတ်မှတ်သင့်ပါသည်။

တစ်ဖန် အဆိုပါစည်းကမ်းချက်များကို တိကျစွာလိုက်နာကြောင်း ထင်ရှားစေရန် ပြည်နယ် ဘတ်ဂျက်ကို ပြည်ထောင်စုအစိုးရ၏ဘတ်ဂျတ်တွင် ထည့်သွင်းဖော်ပြရမည်ဟု ဆိုပါသည်။ ဤပြဋ္ဌာန်းချက် နှင့်ပတ်သက်၍ လက်တွေ့အခက်အခဲများ နှစ်စဉ်တွေ့ကြုံရပါသည်။

ပြည်ထောင်စုအစိုးရဘတ်ဂျက်တွင် ပြည်နယ်အစိုးရဘတ်ဂျက်များ ထည့်သွင်းဖော်ပြနိုင်ရန် ပြည်နယ်ကောင်စီများက ပြည်နယ်ဘတ်ဂျက်များကို အချိန်မီအတည်ပြုရန် လိုပါသည်။ ပြည်နယ်ကောင်စီများက ဘတ်ဂျက်ကို အချိန်မီအတည်ပြုနိုင်ရန် ပြည်နယ်အစိုးရများက ဘတ်ဂျက်ကို အချိန်မီရေးဆွဲ၍ ပုံနှိပ်စာအုပ်ပြုလုပ်နိုင်ရန်လိုပါသည်။ ပြည်နယ်အစိုးရများက ဘတ်ဂျက်ကို အချိန်မီရေးဆွဲအပြီးသတ်နိုင်ရန် ပြည်ထောင်စုအစိုးရက "ထောက်ပံ့ကြေး" မည်မျှပေးမည်ကို အချိန်မီ ဆုံးဖြတ်ရန်လိုပါ၏။ အဆိုပါ ပြည်ထောင်စုအစိုးရ၏ဆုံးဖြတ် ချက်မှာ နှစ်စဉ် အချိန်နှောင်းမှရသဖြင့် ပြည်နယ်ဘတ်ဂျက်များကို ရေးဆွဲပုံနှိပ်ပြီး ပြည်နယ်ကောင်စီကိုတင်ရာ၌ နှစ်စဉ်နှင့်အမျှ ဒုက္ခတွေ့ရပါသည်။

## ပုဒ်မ (၂၁၉)

ဤပုဒ်မအရ ပြည်နယ်များအတွင်းရှိ သစ်တောမြေ၊ သတ္တုမြေ၊ သစ်တောများ၊ ရေ၊ တံငါအမျိုးမျိုး ဆိုင်ရာဒေသများ၊ သတ္တုများ၊ ကျောက်မီးသွေး၊ ရေနံနှင့် အခြားတွင်းထွက်ဆီများ၊ ဓာတ်အားထွက်မည့် ပင်ရင်းအခြေအမြစ်များနှင့် အခြားသဘာဝ ပင်ရင်းအခြေအမြစ်များကို ပြည်ထောင်စုနိုင်ငံက လုပ်ကိုင် သုံးစွဲ၍ တိုးတက်အောင် ပြုရမည် ဟုဆိုထားပါသည်။

အကယ်၍ မြန်မာပြည်တွင်း၌ သစ်တောမြေ၊ သတ္တု၊ သတ္တုမြေ၊ မီးသွေး၊ ရေနံ၊ အစရှိသော ပင်ရင်း အခြေအမြစ်များကိုပါ ပြည်ထောင်စုစစ်စစ်အစိုးရက လုပ်ကိုင်၍ အခွန်တော်များနှင့်

အမြွက်များကို မြန်မာပြည်၊ ရှမ်းပြည်၊ ကချင်ပြည်၊ ကယားပြည်၊ ကရင်ပြည်တို့အား ခံစားခွင့်ပြုမည်ဆိုလျှင်ကား သင့်တော်ပါ၏။ လက်တွေ့အခြေအနေအရမှာကား ပြည်နယ်များအတွင်းရှိ အဖိုးတန်ပင်ရင်းပစ္စည်းမှန်သမျှကို "ပြည်ထောင်စုနိုင်ငံ"ဟု ခေါ်ထားသော မြန်မာပြည်ကသာ လုပ်ကိုင်သုံးစွဲ တိုးတက်အောင်ပြုရမည်ဆိုရာ၌ တရားမျှတမှု မရှိပါ။

## အဓိပ္ပာယ်ပိုင်းခြားဖော်ပြချက်

### ပုဒ်မ (၂၂)

ပုဒ်မ ၂၂။ (၁) ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်ကိုထောက်ထားရန်မလိုအပ်လျှင် ___

" မြန်မာပြည်" ၊ " မြန်မာနိုင်ငံ" ၊ " မြန်မာနိုင်ငံတော်" ဟူသောစကားရပ်တို့သည် ၁၉၃၅ ခုနှစ် အက်ဥပဒေ၌ပါရှိသော အဓိပ္ပာယ်ကိုသော်ငင်း။

" လက်ရှိတရားဥပဒေ " ဟူသည်မှာ ဤအခြေခံဥပဒေအာဏာမတည်မီက ပြုခဲ့သော.....

" စော်ဘွား " .....

" ပြည်ထောင်စုအဖွဲ့ဝင်" ဆိုသည်မှာ ___

(က) ပြည်ထောင်စု မြန်မာနိုင်ငံတွင် အဖွဲ့ဝင်တခုအဖြစ်ဖြင့် ဖွဲ့စည်းပါဝင်သော ပြည်နယ်ကိုသော်ငင်း၊

(ခ) ပြည်နယ်၏ တစိတ်တဒေသအဖြစ် မဖွဲ့စည်းမပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးကိုသော်ငင်း၊

ဤပုဒ်မအရ မြန်မာပြည်ထောင်စုအဖွဲ့ဝင် တစ်ဦးမျှဖြစ်ကြောင်း ထင်ရှားပါသည်။ လက်တွေ့သော်ကား မြန်မာပြည်ကို ပြည်နယ်တစ်ခုအနေနှင့်မယူဆဘဲ "ပြည်ထောင်စုအစိုးရနိုင်ငံ" ဟူသော နာမည်ကို တပ်ပေးပြီး အကယ်၍ပင် ပြည်ထောင်စုစစ်စစ်အစိုးရ၏ အာဏာများကို သုံးစွဲခွင့်ပြုထားပေးသည်။

ပြည်နယ်များအားလုံးအတွက် မကျေနပ်ဖြစ်စေရာအကြောင်းမှန်သရွေ့ဤကိစ္စပင်ဖြစ်တော့သည်။ မြန်မာပြည်မသည် အခြားပြည်နယ်များတို့အပေါ်၌ ပြည်ထောင်စုအစိုးရအနေနှင့် လွှမ်းမိုးအုပ်ချုပ်သည်ဟု ပြည်နယ်လူထုက ယူဆလျက်ရှိကြပါသည်။

## တတိယဇယား

## စာရင်း (၁)

## ပြည်ထောင်စုနိုင်ငံ၏ဥပဒေပြုစာရင်း

အခြေခံဥပဒေပုဒ်မ ၉၂ (၁) နှင့် ပုဒ်မ ၁၂၂ အရ ဤစာရင်းကို စိစစ်သည့်အခါ ရှမ်းပြည်နယ်၏ စိတ်မကျေနပ်မှုများ ပိုမိုထင်ရှားလာလိမ့်မည်။ ရှမ်းပြည်နယ်နှင့် ပတ်သက်သည့် ဥပဒေစာရင်း အမှတ်များ ကိုသာ ဖော်ပြထားပါသည်။

### ၁။ ကာကွယ်ရေး

(၁) ရေတပ်၊ ကုန်းတပ်၊ လေတပ်များဖွဲ့စည်းရေး၊ လေ့ကျင့်ရေး၊ ထားရှိရေးနှင့် ကြီးကြပ် အုပ်ချုပ်ရေးများ၊ ပြည်ထောင်စုနိုင်ငံကို ကာကွယ်ရန်၎င်း၊ ပြည်ထောင်စုနိုင်ငံနှင့် ပြည်နယ်များ၏ တရားဥပဒေများကို အာဏာတည်စေရန်၎င်း၊ ထိုတပ်များကို အသုံးပြုရေး။

ပြည်ထောင်စုနိုင်ငံနှင့် ပြည်နယ်များ၏ တရားဥပဒေများကို အာဏာတည်စေရန် ထိုတပ်များကို အသုံးပြုခဲ့ရာ၌ လွန်ခဲ့သည့် ရွေးကောက်ပွဲကြီးအထိ အုပ်ချုပ်ရေးချို့တဲ့မှု၊ မကျွမ်းကျင်မှု၊ နိုင်ငံရေးကစားမှုများကြောင့် ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် နေရာအနှံ့အပြား မကျေနပ်မှုများ ကြုံတွေ့ခဲ့လေသည်။ ရှမ်းပြည်၌ လက်နက်ကိုင်အဖွဲ့များ ဖွဲ့စည်းခဲ့ရာ နားလည်မှု မရှိကြသည့်အတွက် မလိုလားအပ်သော အခက်အခဲများ ပေါ်ပေါက်ခဲ့လေသည်။ ပြည်နယ်များ၏ တရားဥပဒေများကို အာဏာတည်စေရန်အတွက် တပ်မတော်အား ဥပဒေအ ရ ပေးအပ်ထားသော အာဏာရပ်များကို ယခုအခါ ငြိမ်ဝပ်ပိပြားရေး ရရှိလာပြီ ဖြစ်သည့် အတိုင်း ပြန်လည်စိစစ်ပြုပြင်သင့်ပြီ။ သို့မှသာလျှင် တပ်မတော်နှင့် မြို့ပြ ဆိုင်ရာဌာန တို့သည် မိမိတို့ဆိုင်ရာ အလုပ်တာဝန်များကို ကတ္တားခြား၍ ဆောင်ရွက် နိုင်မည်ဖြစ်ရာ ပြည်ထောင်စုနိုင်ငံတော်၏ အကျိုးကို ပိုမိုရင်းနှီးစွာ ဆောင်ရွက်နိုင်စွမ်း ရှိပေလိမ့်မည်။

(၄) တပ်မြေဒေသများတွင် ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ထိုဒေသများအတွင်း တပ်မြေ အာဏာပိုင်များဖွဲ့စည်းရေးနှင့် အာဏာများ အပ်နှင်းရေး၊ ထိုဒေသများအတွင်း အိမ်နေရာထိုင်ခင်း စည်းမျဉ်းသတ်မှတ်ပေးရေးနှင့် ထိုဒေသများ၏ နယ်နိမိတ်သတ်မှတ်ရေးများ။

တပ်မြေများတီထွင်ရာ၌ ရှမ်းပြည်နယ်တွင် အခက်အခဲများတွေ့ကြုံခဲ့ရသည်။ တပ်မြေများ အတွက် အသုံးပြုရန်မြေများကို သိမ်းယူသုံးစွဲခဲ့ရာ အချို့မြေများအတွက် ရှမ်းပြည်အစိုးရ အနေဖြင့် သဘောတူစာချုပ်များ မချုပ်ဆိုရသေးပါ။ ကန်တိုမင်ဒေသများမှာ ဗြိတိသျှအင်္ဂလိပ် ခေတ်က တီထွင်ခဲ့သည့် ဒေသများဖြစ်သည့်အတိုင်း ထိုစနစ်များမှာ ယခုအခါ ခေတ်မမီ တော့ပေ။ ထိုစနစ်အရ ဆောင်ရွက်ခြင်းအားဖြင့် မြို့နေပြည်သူလူထုတို့မှာ အခက် အခဲများ တွေ့ကြုံနေရလေသည်။

(၅) လက်နက်များ၊ အမြောက်သေနတ်များ၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် သတ္တုပစ္စည်းများ။

ရှမ်းပြည်နယ်အစိုးရသည် ငြိမ်ဝပ်ပိပြားရေးကို တာဝန်ယူရသော်လည်း တာဝန်ကို ဆောင်ရွက်ရာ၌ အထူးလိုအပ်သည့် မရှိမဖြစ်သော ခေတ်မီလက်နက်ငယ်များ ချို့တဲ့မှုကြောင့် ရောင်စုံသူပုန်၊ သူခိုး၊ ဓါးပြများနှင့်ပင် ရံဖန်ရံခါ လက်နက်အင်အားချင်း မမျှဘဲရှိနေသည်။ ရှမ်းပြည်သို့ လက်နက်ငယ်နှင့် ခဲယမ်းမီးကျောက်များထုတ်ပေးရာ၌ ပြည်ထောင်စု လုံခြုံရေးအတွက် အထက်အာဏာပိုင်တစ်ချို့မှာ အယူအဆလွဲနေကြောင်း သိရှိရသဖြင့်၊ ပြည်ထောင်စုသစ္စာတော်ကို အမြဲတစေ စောင့်သိရိုသေလျက် ရှိနေသည့် ရှမ်းပြည်မှာ နားမလည်နိုင်လောက်အောင် ဖြစ်နေပါသည်။

စာရင်း (၂) ပြည်နယ်ဥပဒေပြုစာရင်းအရ ရှမ်းပြည်နယ်အစိုးရသည် ပြည်သူ့ငြိမ်ဝပ်ပိပြားရေး အတွက် ဆောင်ရွက်ရန် အာဏာအပ်နှံထားသော်လည်း ရှမ်းပြည်နယ်ရဲအဖွဲ့အတွက် လိုအပ်သည့် ဘရင်း-စတင်းသေနတ်များနှင့် ၎င်းတို့၏ယမ်းမီးကျောက်များကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရရှိရေး၊ ဝယ်ယူရေးတို့အတွက် အာဏာမရှိပါ။ ရဲအဖွဲ့ လက်စွဲညွှန်ကြားချက်များအရ ရှမ်းပြည်နယ်ရဲအဖွဲ့အင်အား (၃၀၀၀) မျှလောက်ရှိသည့်အနက် ရဲရိုင်ဖယ်သေနတ်အနည်းဆုံး (၁၅၀၀) လောက်မျှရှိသင့်သည်။ နယ်ရှင်စော်ဘွားများ အာဏာစွန့်လွှတ်သည့်နောက် ရဲအဖွဲ့ တိုးချဲ့လာသော်လည်း လက်နက်မစုံသဖြင့် ငြိမ်ဝပ်ပိပြားရေးကို ထိရောက်စွာ မဆောင် ရွက်နိုင်ခဲ့ပါ။ ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးဌာနနှင့် စကားဆိုခဲ့ရာ၌လည်း များစွာ

ခရီးမရောက်ခဲ့ပါ။ ရှမ်းပြည်နယ်သည် ပြည်ထောင်စုနိုင်ငံအပေါ် သစ္စာရှိပြီးဖြစ်သဖြင့် ရဲအဖွဲ့ လိုအပ်သော လက်နက်များနှင့် ခဲယမ်းမီးကျောက်များ ဝယ်ယူသုံးစွဲခွင့်ရှိသင့်သည်။

## ၂။ ပြင်ပရေးရာ

(၁) နိုင်ငံခြားများနှင့်ကူးသန်းရောင်းဝယ်ရေးတွင် စည်းမျဉ်းသတ်မှတ်ရေး

ရှမ်းပြည်နယ်သည် အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၆၀၄၂၆ မျှရှိပြီး၊ လူဦးရေ၂ သန်းမျှ ရှိသဖြင့် ကူးသန်းရောင်းဝယ်ရေး၌ အရေးပါအရာရောက်ပါသည်။ ရှမ်းပြည်နယ် အတွက် အဓိကကူးသန်းရောင်း ဝယ်ရေးလိုလားချက်များကို ရရှိရန်အတွက် စည်းမျဉ်းများသတ်မှတ်ရာတွင် ရှမ်းပြည်နယ်အစိုးရ ပါဝင်သင့် သည်။

(၂) ကမ္ဘာ့ ကုလသမဂ္ဂ။

(၃) ပြည်ထောင်ချင်းချင်း ညီလာခံများ၊ အသင်းများနှင့် အခြားအဖွဲ့များတွင်ပါဝင်ဆောင်ရွက် ရေးနှင့် ထိုညီလာခံအသင်းအဖွဲ့တို့၏ ဆုံးဖြတ်ချက်များကိုအထမြောက်စေရေး။

(၅) အခြားနိုင်ငံများနှင့်စာချုပ်များသဘောတူညီချက်များကို ချုပ်ဆိုရေးနှင့်အထမြောက် စေရေး

(၂)၊ (၃) နှင့် (၅) ၎င်းစာချုပ်များမှာ ပြည်ထောင်စုနှင့် ပြည်နယ်များတို့၏ စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး စသည်တို့နှင့်အတူ အထူးသက်ဆိုင်နေသဖြင့် စာချုပ်များချုပ်ဆိုသည့်အခါ ပြည်နယ်များနှင့်တိုင်ပင်ပြီး ၎င်းစာချုပ်များကို ပါလီမန် အသိအမှတ်ပြုသကဲ့သို့ ပြည်နယ် ကောင်စီများလည်း အတည်ပြုသင့်သည်။

ကုလသမဂ္ဂအဖွဲ့အစည်းများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား အခွင့်အားလျော်စွာ အထောက်အပံ့များပေးရန်အတွက် စာချုပ်များချုပ်ဆိုရာတွင် တစ်ရံရောအခါမှ ပြည်နယ်များအား တိုင်ပင်ခြင်း မရှိခဲ့ပေ။ သို့ရာတွင် ထိုစာချုပ်များအရ အကောင်အထည်ဖော်ရာ၌ ရှမ်းပြည်က အခက်အခဲများ တွေ့ခဲ့ရသည်။ ဥပမာဆိုရသော် ငှက်ဖျားရောဂါတိုက်ဖျက်ရေး ကိစ္စနှင့် ရှမ်းပြည်က ၎င်းပြည်အတွင်း တာဝန်ယူပြီး ဆောင်ရွက်ရန်အတွက် ကုန်ကျမည့်စရိတ်များကို ပြည်နယ်ဥပဒေစာရင်းအရ ရှမ်းပြည်က တာဝန်ရှိသဖြင့် ရှမ်းပြည်ကပင် အကုန်အကျခံရမည်ဟု

ပြည်ထောင်စုအစိုးရက အကြပ်ကိုင်ခဲ့သည်။ ရှမ်းပြည်ကျန်းမာရေးဌာနအတွက် သတ်မှတ်ထားသော ရံပုံငွေမှာ ဘဏ္ဍာရေးအခက်အခဲများ အထူးတွေ့ကြုံခဲ့ရသည်။ ထိုကြောင့် ရှမ်းပြည်ဘဏ္ဍာရေးအခြေအနေများကို ထောက်ရှုပြီး အခြားနိုင်ငံအဖွဲ့ဝင်များနှင့်သော်လည်းကောင်း၊ ကုလသမဂ္ဂများနှင့်သော်လည်းကောင်း စာချုပ်များချုပ်ဆိုပါက ရှမ်းပြည်က ပါဝင်ဆောင်ရွက်ရမည်ဖြစ်ခဲ့သော ရှမ်းပြည်ကောင်စီ၏ သဘောတူညီချက်ကို ကြိုတင်ရယူသင့်ပေသည်။

## (၇) နိုင်ငံခြားငွေချေးငှားရေး

နိုင်ငံခြားငွေချေးငှားသုံးစွဲရာ၌ ပြည်နယ်များပါဝင်ခံစားခွင့် မရှိသလိုဖြစ်နေပါသည်။ ယခုအခါ နားလည်မှုရှိသင့်သလောက်ရှိလာသော်လည်း အခြေခံဥပဒေ၌ ပြည်နယ်များ အခွင့်အရေးဖော်ပြမှု မရှိသည့် အတွက် စိတ်မချနိုင်။

ပြည်နယ်များလည်း အကြောင်းလုံလောက်၍ ဘဏ္ဍာရေးသုံးစွဲမှု အခြေခံစည်းမျဉ်းများ ဆောင်ရွက်နိုင်ခဲ့သော် ၎င်း၏ဘဏ္ဍာရေးအခြေအနေအရ နိုင်ငံခြားငွေချေးငှားရေး အခွင့်ပေးသင့်သည်။

## (၁၆) ပြည်ထောင်စုအစိုးရက သတ်မှတ်ထားသော အကောက်နယ်နိမိတ်များကို ဖြတ်သန်း၍ ယူဆောင်ရသော ဝင်ကုန်နှင့် ထွက်ကုန်

ရှမ်းပြည်နယ်၏ နယ်နိမိတ်များမှာ မဟာမိတ်များဖြစ်သော ပြည်သူ့တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ယိုဒယားနိုင်ငံများနှင့် ဆက်နေပြီး လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ကူးသန်းရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်များ ရှိခဲ့ကြောင်းကို ကောင်းကောင်းသိသဖြင့် ပြည်ထောင်စုအစိုးရက ဤကိစ္စကိုဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအား အပ်နှင်းသင့်သည်။ ၎င်းမှရရှိသောအခွန်တော်ငွေများကိုလည်း ရှမ်းပြည်နယ် အခွန်တော်စာရင်းတွင် ထည့်သွင်းသင့်သည်။

## ၃။ ဆက်သွယ်ရေး။

### (၁၁) ဝိုင်ယာလက်နှင့် အသံလွှင့်ရေး

ရှမ်းပြည်နယ်အစိုးရ အလုပ်ဝတ္တရားများဆောင်ရွက်ရာ၌ ပိုမိုလွယ်ကူစေရန်အတွက် ရှမ်းပြည်နယ် ခရိုင်ဝန်များ ရုံးစိုက်ရာမြို့များနှင့် အရေးကြီးသည့် နယ်ပိုင်ဝန်ထောက်များ ရုံးစိုက်ရာမြို့များ၊ အရေးကြီးသည့် ရဲဌာနများတွင် ရှမ်းပြည်နယ်အစိုးရက ဝိုင်ယာလက်များကို အသုံးပြုလျက်ရှိသည်။ ဤကဲ့သို့ အသုံးပြုခွင့်ကို ရှမ်းပြည်၌ အာဏာထားရှိသင့်သည်။ ရှမ်းပြည်နယ်အစိုးရက ပြည်ထောင်စု အစိုးရအား လိုင်စင်ခွန်ပေးရန်မသင့်။

အခြေခံဥပဒေနှင့် အခြေခံဒီမိုကရေစီဝါဒများကို မထိခိုက်စေဘဲ ရှမ်းပြည်အမျိုးသားတို့၏ ယဉ်ကျေးမှု၊ ပညာတိုးမှု စသည့်ကိစ္စရပ်များအတွက် အထူးအသုံးဝင်မည့် အသံလွှင့်ရေး အာဏာကို ရှမ်းပြည်နယ်အစိုးရ၌ ရှိထားသင့်သည်။

ရှမ်းဘာသာဖြင့် မြန်မာ့အသံမှ အသံလွှင့်ပေးခဲ့သော်လည်း ရှမ်းပြည်အနေဖြင့် အစီအစဉ်များ ပြုလုပ်ပေးနိုင်ရန် အခက်အခဲများရှိနေသည်။ ယခုအသံလွှင့်နေသည့် ရှမ်းစကား များမှာလည်း သဘာဝမကျ ရှမ်းပြည်နှင့်မသက်ဆိုင်။ အိမ်နီးချင်း ယိုးဒယားနိုင်ငံပင်လျှင် အသံလွှင့်ဌာနများ၌ ဆိုင်ရာကူးသန်းရောင်းဝယ်ရေးအဖွဲ့များကိုပင် အသံလွှင့်ရန် အခွင့် အရေးများ ပေးခဲ့လေသည်။ ပြည်ထောင်စုကြီးနှင့်တကွ ရှမ်းပြည်၏ပညာဗဟုသုတ၊ ယဉ်ကျေးမှုတိုးတက်ရေးအတွက် ရှမ်းပြည်အစိုးရအနေဖြင့် အသံလွှင့်နိုင်ခဲ့သော် ရှမ်းပြည်၏ တိုးတက်ရေး၊ ပြည်ထောင်စုဖွံ့ဖြိုးရေးမှာ အလွန်ပင်ခရီးရောက် ပေလိမ့်မည်။

## ၄။ ဘဏ္ဍာရေး

### (၁) ပြည်ထောင်စုနိုင်ငံတော် အခြေပြု၍ ငွေချေးယူခြင်း

ဤသို့ငွေချေးယူရာ၌ ပြည်နယ်များကို ထည့်သွင်းစဉ်းစားပြီးဖြစ်သည်။ ပြည်ထောင်စုနိုင်ငံပေါ်၌ တင်သောကြွေးမြီးများဆပ်ရာတွင် ပြည်နယ်များလည်း သွယ်ဝိုက်၍ ကြွေးမြီဆပ်ရန် တာဝန်ရှိသည်။ ထို့ကြောင့် ပြည်နယ်အစိုးရများက ကြိုတင်တိုင်ပင်သင့်သည်။ စာချုပ်အတည်ပြုရာ၌လည်း ပြည်နယ် ကောင်စီ၏ အတည်ပြုချက်ကို ရယူသင့်သည်။

ထိုကဲ့သို့ ငွေချေးယူရာ၌ ချေးယူရရှိသောငွေများ မည်ကဲ့သို့ သုံးစွဲရန်ကိစ္စများကို သေချာစွာစီစစ်ပြီး၊ ပြည်ထောင်စုတစ်ဝှမ်းလုံးအတွက် အများအကျိုးခံစားခွင့်ရှိမည့် ကိစ္စများအတွက်ဆိုလျှင် ပြည်နယ်များက ကန့်ကွက်ရန်လိုလိမ့်မည်မထင်။ သို့ရာတွင် ပြည်မကြီးတစ်ခုအတွက် သတ်သတ်သုံးရန်ဖြစ်ခဲ့သော ပြည်နယ်များက အထူးကန့်ကွက်ရပေမည်။ အကယ်၍ ပြည်မအတွက် မသုံးလျှင်မဖြစ်သော အခြားအလားတူ ပြည်နယ်များကလည်း မသုံးလျှင်မဖြစ်သည့်ငွေများ ရယူရန်အတွက် ချေးယူခွင့်ပြုရမည်။

ယခုအခါ စီးပွားရေးတိုးတက်မှု မရှိသေးသောကြောင့် ပြည်နယ်များ၏ဘဏ္ဍာရေးမှာ ချို့တဲ့နေသော် လည်း နောက်နောင် မြေပေါ်မြေအောက်သတ္တုတွင်းကြီးများ တူးဖော်လုပ်ကိုင် နိုင်သည့်အခါ ဘဏ္ဍာရေး အခြေအနေမှာ နေ့ချင်းညချင်းဆိုသလို တိုးတက်လာနိုင်ရန် အခြေရှိသဖြင့် ယခုကပင်လျှင် ထိုအခြေအနေကို ထိန်းသိမ်းရန် အရေးဆိုသင့်သည်။

## (၂) နိုင်ငံခြားသို့ ပို့သောထွက်ကုန်များအပေါ်တွင် စည်းကြပ်သော အကောက်တော်လည်း ပါဝင်သည့် အကောက်တော်များ

အကောက်အခွန်ကို ဝေပုံကျရသင့်သည်။ ထွက်ကုန်များအပေါ်တွင် စည်းကြပ်သော အကောက် ခွန်ကို ရှမ်းပြည်နယ်မှ ပစ္စည်းများအပေါ် ဖြစ်ခဲ့သော ကုန်ကျစရိတ်နုတ်ပြီး ရှမ်းပြည်နယ်က အားလုံးရသင့် သည်။ ဥပမာ - ချိတ်အခွန်တော်။

နိုင်ငံခြားသို့ပို့သော ထွက်ကုန်များအပေါ်တွင် စည်းကြပ်သော အကောက်တော်လည်း ပါဝင်သည့် အကောက်တော်များ၊ ချိတ်အခွန်တော်များကို ရန်ကုန်မြစ်ဆိပ်မှနေ၍ ကောက်ခံ နေပြီး ရငွေများကို ပြည်ထောင်စု ဘဏ္ဍာတော်အဖြစ် သိမ်းယူသည်။ ထိုနည်းအတူပင် ရှမ်းပြည်မှ နိုင်ငံခြားသို့ပို့ရသည့် ကျွန်းသစ်၊ သစ်မာများနှင့် သတ္တုများပေါ်မှ ရရှိသည့် ထွက်ကုန်အကောက်တော်များကိုလည်း ပြည်ထောင်စုကပင် သိမ်းယူလေသည်။ စစ်မဖြစ်မီက အဆိုပါ အကောက်တော်များကို ရှမ်းပြည်အစိုးရက ရရှိခဲ့လေသည်။

## (၄) ကုန်စည်ရောင်းဝယ်ခြင်းတို့ အပေါ်တွင် စည်းကြပ်သောအခွန်များ

ရှမ်းပြည်နယ်၌ ရောင်းဝယ်သောကုန်စည်များအပေါ် ရှမ်းပြည်နယ်တွင် အခွန်ကောက်ပြီး ၎င်းအခွန်တော်ကို ရှမ်းပြည်နယ်အစိုးရက ရယူပိုင်ခွင့်ရှိသင့်သည်။

ပြည်မသွင်းကုန်များအပေါ်တွင် ရောင်းခွန်တော်ဌာနက ကုန်သည်များသို့ ကုန်များရောင်းချသည့်အခါ ရောင်းခွန်တော် ၁၂ ဒသမ ၅ ရာခိုင်နှုန်းကို စည်းကြပ်နေပေသည်။ ရှမ်းပြည်နယ်အနေဖြင့် ပြည်ထောင်စုလူဦးရေ သန်းပေါင်း ၂၀ အနက် ၂ သန်းမျှရှိခဲ့ရာ ယေဘုယျအားဖြင့် မြန်မာနိုင်ငံတော်၏ ရောင်းဝယ်ရေးအခွန် ၁၀ ပုံတစ်ပုံမျှသာ ပိုင်ဆိုင်သင့်သည်ဟု ပြင်းချက်ထုတ်နိုင်လေသည်။ ဤသို့ပြင်းချက်ကို လက်မခံနိုင်ခဲ့သော် ရှမ်းပြည်နယ်သို့ တင်သွင်းရောင်းချသောကုန်များစာရင်းကို ကုန်သည်များထံမှ စစ်ဆေးမေးမြန်းပြီး ရှမ်းပြည်နယ်တွင် ကောက်ခံရန်စီစဉ်နိုင်သည်။ ထိုအခွန်တော်ငွေမှာ မနည်းလှသောကြောင့် စွန့်လွှတ်ရန်မသင့်ပေ။

## (၆) အမြတ်တော်ခွန်များ

ရှမ်းပြည်နယ်အစိုးရအရာရှိများ ထမ်းဆောင်ရသည့် အမြတ်တော်ခွန်များကို ပြည်ထောင်စုအစိုးရသို့ ပေးအပ်ရသည်မှာကျေနပ်ဖွယ်မရှိ။ ထိုနည်းအတူ ရှမ်းပြည်နယ်အတွင်းရရှိသော အမြတ်တော်ခွန်ကိုလည်း ရှမ်းပြည်က ရရှိသင့်သည်။ စစ်မဖြစ်မီက ဘော်တွင်းမှ အမြတ်တော်ခွန်များကို ၉၉ ရာခိုင်နှုန်းရရှိ၍ ရှမ်းပြည်နယ်ဘဏ္ဍာရေးအခြေအနေမှာ ကောင်းခဲ့ဖူးသည်။

## (၉) ကွယ်လွန်သူပိုင်ပစ္စည်းအပေါ်တွင် စည်းကြပ်သောအခွန်နှင့် ပစ္စည်းဆက်ခံခွန်များ

ကောက်ခံခြင်းမရှိသေးပါ။ ကောက်ခံခဲ့သော် ရှမ်းပြည်နယ်ကရသင့်သည်။

## (၁၀) အမြတ်ကြီးခွန်

ရှမ်းပြည်နယ်က ရသင့်သည်။

## (၁၁) ငွေစုဘဏ်

ကုမ္ပဏီဘဏ်များကပင်လျှင် ငွေစုဘဏ်များကိုဖွင့်နိုင်ခဲ့သော် ရှမ်းပြည်နယ်အစိုးရကလည်း ၎င်းတို့ အစိုးရအသုံးအတွက် ငွေစုဘဏ်များကိုဖွင့်နိုင်ခွင့် ရှိသင့်သည်။

## (၁၂) ငွေလွှဲစာချုပ်များ၊ ချက်လက်မှတ်များ၊ အောဒီမန်စာချုပ်များနှင့် အခြားစာချုပ်များအပေါ် စည်းကြပ်သော တံဆိပ်တော်ခွန်များ

အော်ဒီမန်စာချုပ်များနှင့် အခြားစာချုပ်များအပေါ် စည်းကြပ်သော တံဆိပ်တော်ခွန်များကို ရှမ်းပြည်နယ်က ရသင့်သည်။

## ၅။ အရပ်ရပ်ဆိုင်ရာ

## (၄) ပြည်ထောင်စုနိုင်ငံ ကိစ္စများအတွက် ပစ္စည်းရယူရေး။

ပြည်နယ်ဥပဒေပြုစာရင်းတွင် အလားတူအခွင့်အရေးမရှိသဖြင့် ပြည်နယ်များအတွက် ပစ္စည်းရယူရေးအာဏာမရှိ။ ပြည်နယ်ဥပဒေပြုစာရင်းတွင် သီးခြားဖော်ပြ ပြဋ္ဌာန်းသင့်သည်။

ပြည်ထောင်စုအတွက် ပစ္စည်းရယူရေးဆောင်ရွက်ရာတွင် လုံးဝကျေနပ်မှုမရှိ။ ရှမ်းပြည်နယ် အတွင်းရှိ ပစ္စည်းများရယူရေးအတွက်ကို ရှမ်းပြည်နယ်အစိုးရကသာ ဆောင်ရွက်ပေးမှု၊ ရှမ်းပြည်နယ်အစိုးရ ဂုဏ်စောင့်ရှောက်ရေးနှင့် ပြည်သူလူထု၏ စိတ်ကျေနပ်မှု၊ နားလည်မှု များကို ရရှိပေလိမ့်မည်။

## (၁၁) ပြည်ထောင်စုနိုင်ငံအပေါ်၌ တင်ရှိသောကြွေးမြီ။

ပြည်ထောင်စုအစိုးရစစ်စစ်ပေါ်လာလျှင် ကန့်ကွက်ရန်မလို။ ယခုတည်ဆဲ အခြေခံဥပဒေအရ ဆိုခဲ့သော် ဘဏ္ဍာတော်များကိုသုံးရာ၌ တရားမျှတမှုမရှိသဖြင့် ပြည်ထောင်စုအပေါ်တွင်ရှိသော ကြွေးမြီများ ကို ရှမ်းပြည်နယ်အစိုးရက ဝေပုံကျတာဝန်ခံရန် မသင့်။

## (၁၃) တရားမဥပဒေနှင့် ကျင့်ထုံး။

တရားမဥပဒေအုပ်ချုပ်ခွင့်များကို ရှမ်းပြည်အား ရာဇဝတ်ဥပဒေအုပ်ချုပ်ခွင့်များ ပေးသည့် နည်းတူ ပေးသင့်သည်။

## (၁၆) သတင်းစာများ၊ စာအုပ်များနှင့် စာပုံနှိပ်စက်များ။

စာပုံနှိပ်စက်များကိုအုပ်ချုပ်ရန် ရှမ်းပြည်နယ်အစိုးရတွင် တာဝန်ရှိသင့်သည်။ ပုံနှိပ်စက်ဥပဒေကို မဆိုလို။ ယခုဥပဒေအရ ရှမ်းပြည်နယ်အစိုးရတွင် အစိုးရပုံနှိပ်စက်တည်ထောင်ရန်ပင် အာဏာ မရှိသလို သဘောပေါက်နေသည်။

## (၂၃) လျှပ်စစ်ဓာတ်

ဆောင်ရွက်ပုံကို လုံးဝမကျေနပ်ပါ။ ရှမ်းပြည်နယ်တွင်ဖြစ်သလို ဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်ဘုတ်အဖွဲ့က မဆောင်ရွက်နိုင်သောနေရာများတွင် ရှမ်းပြည်နယ်အစိုးရက ဆောင်ရွက် ခွင့်ရှိသင့်သည်။

လျှပ်စစ်ဓာတ်အားပေးရေးကိစ္စနှင့် ပတ်သက်၍ ရှမ်းပြည်နယ်တွင် အခက်အခဲများနှင့် မ ကျေနပ်မှုများဖြစ်ပေါ်နေဆဲဖြစ်သည်။ ဥပမာဆိုသော် ရှမ်းပြည်မှဖြတ်၍ ဝေးလံလှသည့် အထက်မြန်မာပြည်မြို့များဖြစ်သော မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ မန္တလေး စသော မြို့ များတို့ကို ဓာတ်အားပေးရန် စီမံကိန်းရှိ ၍ ရှမ်းပြည်နယ် မြေလတ်ပိုင်းနှင့် ညောင်ရွှေ၊ ရွှေ ညောင်တို့အားလည်း ဓာတ်အားပေးမည်ဟု သိရှိရပါသည်။ သို့ရာတွင် ရှမ်းပြည်မြို့တော် ဖြစ် သော တောင်ကြီးမြို့ကို ချန်လှပ်ခဲ့ရာ ရှမ်းပြည်နယ်အစိုးရအနေနှင့် အရေးဆိုသည့် အခါမှ သာလျှင် ပြည်ထောင်စုဝန်ကြီးအဖွဲ့ကသိရှိပြီး တောင်ကြီးမြို့သို့ ဓာတ်အားပေးရန် အမိန့်ချမှတ် ကြသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့်မြောက်ပိုင်းရှိ မြို့ကြီး၊ မြို့ငယ်တို့သည် ဓာတ်အားများ ကို အလိုရှိသော်လည်း မပေး။ ကုမ္ပဏီအနေ သို့မဟုတ် တစ်သီးပုဂ္ဂလအနေဖြင့် ဆောင်ရွက် ရန်လည်း အခွင့်မပေး။ ကြားထဲမှ ပြည်သူလူထုတို့သည် ဤအခွင့်အရေးကို မရခဲ့ပေ။

## (၂၈ ) စီမံကိန်းပြုခြင်း

ရှမ်းပြည်နယ်ဥပဒေပြုစာရင်းတွင်မပါ။ ဖော်ပြရန်လိုသည်။

## (၂၉) မြေရှင်နှင့် သီးစားတို့ဆက်ဆံရေး

ရှမ်းပြည်အတွက် အထူးအရေးကြီးသဖြင့် မြေယာနိုင်ငံပိုင်ဥပဒေကို ဆောင်ရွက်ရာ၌ ရှမ်းပြည်နယ် အတွင်းတွင် ရှမ်းပြည်နယ်အစိုးရကသာလျှင် ဆောင်ရွက်သင့်သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော် လူမှုရေးရာ၊ စီးပွားရေးရာ ဘုတ်ကော်ပိုရေးရှင်းအဖွဲ့များ[46]

ပြည်ထောင်စုကြီးတိုးတက်ရေးအတွက် ဖွဲ့စည်းထားသည့်အဖွဲ့များသည် ယေဘုယျအားဖြင့် ပြည်နယ်များအပါအဝင် ပြည်ထောင်စုနိုင်ငံတစ်ခုလုံးအတွက် ပေးအပ်ထားသော တာဝန်များကို ဆောင်ရွက်ရန် ဖြစ်သော်လည်း လက်တွေ့အားဖြင့် ဆောင်ရွက်ရာတွင် မြန်မာပြည်မကိုသာဦးစားပေးပြီး ဆောင်ရွက်လေ့ရှိသည်။ လွန်ခဲ့သည့် (၅) နှစ် (၆) နှစ် လောက်ကစ၍ ပြည်နယ်များသည် အကျိုးကျေးဇူး ကျပ်ပြည့်တင်းပြည့်မရရှိသော်ငြားလည်း အနည်းအများ ဆိုသလို ရရှိခဲ့၏။ ဤကဲ့သို့ရရှိရန် ပြည်နယ်များသည် စုပေါင်း၍ မနေမနားကြိုးစားခဲ့ရပေသည်။ ထို့ကြောင့် ထိုဘုတ်ကော်ပိုရေးရှင်းများဆိုင်ရာ အမိန့်များ တွင် ပြည်နယ်များ သည် သက်ဆိုင်သည့်အခွင့်အရေးများ ရရှိခံစားနိုင်သည်ဟု အတိအလင်း ဖော်ပြထားရန် လိုအပ်သည်။

၎င်းအဖွဲ့၏ အရာရှိကြီးငယ်များလည်း ပြည်နယ်များအပါအဝင် နိုင်ငံတော်တစ်ဝှမ်းလုံး၏ အကျိုးကို အခြေခံဥပဒေအရ ပြည်ထောင်စုစစ်စစ်သဘောတရားဖြင့် ဆောင်ရွက်ရန်လိုအပ်သည်။

ထို့ပြင် အထူးစီမံကိန်းများရေးဆွဲရာ၌ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများသည် ပြည်နယ်များကို (၃) နှစ် (၄) နှစ် သို့မဟုတ် အစဉ်လိုလိုပင်လျစ်လျူရှုခဲ့ကြသည်။ ယခု နောက်ဆုံး အကောင်အထည် ဖော်မည့် (၄) နှစ်စီမံကိန်းအတွက် လွန်ခဲ့သည့်ရက်သတ္တပတ် အနည်းငယ်ခန့်တွင် ရှမ်းပြည်က အရေးဆိုခဲ့သည့်အတိုင်း ရှမ်းပြည်ကို ပါဝင်ရန်ခွင့်ပြုခဲ့လေသည်။ အချိန်မှာ အလွန် နှောင်းပြီး အလျင်အမြန်ရေးဆွဲရမည် ဖြစ်သောကြောင့် အတိအကျရေးဆွဲရန်မဖြစ်နိုင်ပေ။ နှောင်းအခါကာလများ၌ ပြည်ထောင်စုအစိုးရက ဤကဲ့သို့ စီမံကိန်းများရေးဆွဲခဲ့သော် ရှမ်းပြည်ကိုလည်း တစ်ချိန်တည်းရေးဆွဲရန် အကြောင်းကြားအပ်ပေသည်။

46 ၁၉၄၈ ခုနှစ်နောက်ပိုင်း လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ တက်လာသည့် ဖဆပလအစိုးရသည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကို အုပ်ချုပ်စီမံခန့်ခွဲနိုင်ရန် ကော်ပိုရေးရှင်းများနှင့် ဘုတ်အဖွဲ့များဖြင့် စနစ်တစ်ခုကို ကျင့်သုံး အကောင်အထည်ဖော်ခဲ့သည်။ စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း၊ သတ္တု တူးဖော်ရေး ကော်ပိုရေးရှင်း၊ နိုင်ငံတော် သစ် လုပ်ငန်းဘုတ်အဖွဲ့၊ နိုင်ငံတော်လယ်ယာ စိုက်ပျိုးရေး ထွက်ကုန် ရောင်းဝယ်ရေးဘုတ်အဖွဲ့၊ အစိုးရ ချည်မျှင်နှင့် အထည် စက်ရုံဘုတ်အဖွဲ့၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဘုတ်အဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားဘုတ်အဖွဲ့၊ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကူးသန်းရောင်းရေးဘဏ်တို့သည် အရေး ပါထင်ရှားသည့် ဘုတ်အဖွဲ့များနှင့်ကော်ပိုရေးရှင်းများဖြစ်ကြသည်။ ထိုအဖွဲ့ အစည်းများသည် အစိုးရဌာနများထက် ပို၍ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိကြသည်။ နှစ်စဉ်နှစ်တိုင်း လွှတ်တော်မှ ရင်းနှီးမြှုပ်နှံရန်၊ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရာတွင် အသုံးပြုရန်လျာထားငွေကို မဲခွဲဆုံးဖြတ်ပြီး၊ လျာထားငွေကို အတည်ပြုမီ၊ နှစ်စဉ် တိုးတက်မှုအစီရင်ခံစာနှင့်အတူ လွှတ်တော် သို့ ပေးပို့ရပြီး၊ နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်းများကို စာရင်း စစ်ချုပ်မှ စစ်ဆေးပေးရပါသည်။ ပြည်သူ့ရေးရာ ငွေစာရင်း နှင့်ပတ်သက်သည့် ဦးဆောင်ကော်မတီက ငွေစာရင်း ရှင်းတမ်း၊ စာရင်းစစ်ချုပ်၏ အစီရင်ခံစာနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း များ၏ နှစ်စဉ် အစီရင်ခံစာ များကို ပြန်လည် သုံးသပ်သည်။ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများကို သက်ဆိုင်ရာဝန်ကြီးများက ခန့်အပ်သည်။ Furnivall (1960) 2st ed., The Governance of Modern Burma, pp. 70 - 72

## (၃၁) အလေးတင်းတောင်းစံပြုခြင်း

အလေးတင်းတောင်းစံပြုခြင်းကိစ္စများကို ရှမ်းပြည်နယ်အတွင်း ရှမ်းပြည်အစိုးရကသာ ပြည်ထောင်စု "မူ" ချမှတ်ထားသည့်အတိုင်း ဆောင်ရွက်သင့်သည်။

## (၃၂) ဘိန်း၊ သို့ရာတွင် ဘိန်းအပေါ်၌ ကောက်ခံသော ယစ်မျိုးခွန်မပါ

ရှမ်းပြည်နယ်အတွက် အလွန်အရေးကြီး၍ ယခင်ဥပဒေများမှာ ဆက်လက်တည်မြဲနေသဖြင့် ရှမ်းပြည်နယ်အစိုးရသာ ဆောင်ရွက်သင့်သည်။

ရှမ်းပြည် သံလွင်မြစ်အရှေ့ပိုင်းဒေသများ၌ ဘိန်းများကို စိုက်ပျိုးထုတ်ယူရောင်းချနေသည့် လူဦးရေမှာ မနည်းလှပေ။ ဘိန်းစိုက်ပျိုးရေး၊ ထုတ်လုပ်ရောင်းချရေးတို့မှာ မလိုလားအပ်သော်လည်း ၎င်းစိုက်ပျိုးရေး ကို အစားထိုးရန်မလွယ်ကူပေ။ ယခုအခါ တရုတ်ဖြူများကြောင့် စစ်မက်ဖြစ်ပွားနေရာ ဘိန်းစိုက်ပျိုးကိစ္စကို ပြည်နယ်အစိုးရက လက်ရှိတည်ဆဲဥပဒေများအရ ဆက်လက်အုပ်ချုပ်မှသာလျှင် ဤပြဿနာကြီးကို ရှင်းလင်းနိုင်ပေလိမ့်မည်။

## (၃၄) ပြည်ထောင်စုတရားဥပဒေက ပြဋ္ဌာန်းထားသော စက်မှု လက်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရန်။

အဓိပ္ပါယ်ကောက်လွဲနေ၍ လွန်ခဲ့သည့်ကာလ အနည်းငယ်အတွင်းကမှသာလျှင် ရှင်းလင်းခဲ့သဖြင့် ရှမ်းပြည်နယ်သည် စက်မှုလက်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခွင့်ရခဲ့ကြောင်း ပိုမိုရှင်းလင်းရန် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ပါသည်။

ရှင်းလင်းခဲ့သည်ဟုဆိုငြားသော်လည်း ပြည်ထောင်စုသက်ဆိုင်ရာဝန်ကြီးဌာနမှ ယခုအချိန်အထိ တိကျသောညွှန်ကြားချက်များ မရရှိသေးပါ။ စက်မှုလက်မှုလုပ်ငန်းများကို ပြည်ထောင်စုနိုင်ငံသားတို့သည် တစ်သီးပုဂ္ဂလအနေဖြင့် ဆောင်ရွက်နိုင်သည့် အခွင့်အရေးရှိရာ "ပြည်နယ်အနေဖြင့် ဆောင်ရွက်ခွင့်မရှိ" ဆိုသော ယူဆချက်ကို အလျဉ်းပင် လက်ခံရန် မသင့်ပါ။

## (၃၅) သမဝါယမအသင်းများ။

ရှမ်းပြည်စီးပွားရေးအတွက် အထူးအရေးပါသည်။ သမဝါယမလုပ်ငန်းကို နိုင်ငံရေးအတွက် အသုံးပြုသဖြင့် အလွန်ပင်နာမည်ပျက်ပြီး သိမ်မွေ့လှသည့် လူထုကောင်းစားမှုလုပ်ငန်းကို ဖျက်ဆီးခဲ့ကြ သည်။ ရှမ်းပြည်နယ်၌လည်း ပြည်ထောင်စုနိုင်ငံရေးအသင်းများက စွက်ဖက်လိုသည်။ ထိုကြောင့် ရှမ်းပြည် သမဝါယမကို ရှမ်းပြည်က အုပ်ချုပ်သင့်သည်။

## (၃၆) သစ်တောများ၊ သတ္တုတွင်းများ၊ ရေနံမြေများကို သတ်မှတ်ရေး၊ သတ္တုရေနံများကို တူးဖေါ်၍ တိုးတက်အောင်ပြုရေး။

ဤကိစ္စမှာ ရှမ်းပြည်အတွက် အလွန်အရေးကြီးသည်။ သစ်တော၊ သတ္တုတွင်းများ၊ ရေနံ သတ်မှတ်ရေးစသည့်ကိစ္စရပ် ပုဒ်မ ၉၃ နှင့် ၁၂ အရ အုပ်ချုပ်ရေးအာဏာကို ရှမ်းပြည်နယ် အစိုးရက သုံးပိုင်ခွင့်မရှိ။

သစ်တောဌာနအုပ်ချုပ်မှုနှင့်ပတ်သက်၍ ပြောရမည်ဆိုသော် လွတ်လပ်ရေးမရမီက ရှမ်းပြည်နယ်သည် ၎င်း၏သစ်တောများကို အချုပ်အခြာအာဏာဖြင့်အုပ်ချုပ်ခဲ့ရာ လွတ်လပ်ရေးရပြီးသည့်နောက်မှပင် သစ်တောအုပ်ချုပ်ရေးကို စွန့်လွှတ်ရမည့်ဘဝရောက်နေကြောင်း ပြည်ထောင်စုအစိုးရက သစ်တောများကို ၎င်းတို့ကိုယ်တိုင်အုပ်ချုပ်ပြီး အုပ်ချုပ်ခ ကုန်ကျစရိတ်များကိုနုတ်၍ ကျန်ငွေအခွန်တော်များရှိပါက ရှမ်းပြည်အားပြန်ပေးမည် ပြန်အမ်းမည်ဟု ဆိုထားရာ ရှမ်းပြည်နယ် သစ်တောအခွန်တော်သည် သိန်း ၃၀ မျှရှိသဖြင့် ၎င်းကိစ္စကို အထူးကန့်ကွက်ရန် လိုအပ်သည်။

## (၃၇) ပြည်ထောင်စုအတွင်း ရွှေ့ပြောင်းနေထိုင်ရေး

ပြည်ထောင်စုအတွင်း ရွှေ့ပြောင်းနေထိုင်ရေးနှင့် ပတ်သက်၍ မြန်မာပြည်မတွင် ရွှေ့ပြောင်း နေထိုင်ရန် ဆောင်ရွက်မှုများကို ပြည်နယ်များက ဝင်ရောက်ပြောဆိုခွင့်ပြုရန်မလို။ သို့ရာတွင် မြန်မာပြည်မမှ ပြည်နယ်များသို့လည်းကောင်း၊ ပြည်နယ်တစ်ပြည်နယ်မှ

အခြားပြည်နယ်တစ်နယ်သို့ လည်းကောင်း၊ လူများပြောင်းရွှေ့နေထိုင်ရန် စီစဉ်သည့်အခါ သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ သဘောတူညီချက်ကို ကြိုတင်ရယူသင့်သည်။ ရှိရင်းစွဲလူထု၏ အခွင့်အရေး၊ စီးပွားရေး၊ နေထိုင်ရေး တို့ကို မထိခိုက်သင့်။ အစ္စရေးမြေကော ၁ ဒဿမ ၅ သန်းအမှုကို ပြန်လည်စဉ်းစားပါ။

## (၃၉) နိုင်ငံတော်ဥပဒေပြုစာရင်းရှိ ကိစ္စများနှင့် စပ်လျဉ်း၍ တရားဥပဒေများကို ကျူးလွန်သောပြစ်မှုများ

အများသိရှိသည့်အတိုင်း လွတ်လပ်ရေးရပြီးနောက် ကိစ္စသစ်များနှင့်စပ်လျဉ်း၍ ဥပဒေအမျိုးမျိုး ပေါ်ပေါက်လာခဲ့ရာ ဥပမာပြရလျှင် လူဝင်လူထွက်ကြီးကြပ်ရေးဥပဒေ၊ စစ်တရားစီရင်ရေးတို့နှင့်ပတ်သက်၍ ရှမ်းပြည်တွင် အမှုမြောက်များစွာဖြစ်ပွားခဲ့ရာ ၎င်းအမှုများသည် ရှမ်းပြည်အစိုးရအမှုများထက်ပင် များပြားပြီး အကျဉ်းထောင် အကျဉ်းသမားများ စောင့်ရှောက်ရေးကိစ္စမှာ အပြီးမသတ်သေးသဖြင့် ရှမ်းပြည်က ဘဏ္ဍာရေးချို့တဲ့နေသည့်အတွင်းပင်လျှင် ထိုအကျဉ်းသမားများ၏စရိတ်ကို တာဝန်ခံယူရသည်မှာ တရားမျှတမှုမရှိပေ။ ရှမ်းပြည်ရှိ တရားသူကြီးများမှာလည်း ထိုကိစ္စများကို အလုပ်ချိန်ပိုပေးနေရသဖြင့် ရှမ်းပြည်၏ ဝတ္တရားများကို အချိန်ပြည့်မဆောင်ရွက်နိုင်။

## (၄၀) စာရင်း ၂ တွင် ရေတွက်ဖော်ပြထားခြင်းမရှိသော အခြားကိစ္စများ။

ပြည်နယ်ဥပဒေပြုစာရင်းကို သေချာစွာစစ်ဆေးသည့်အခါ အရေးပါသည့်ဥပဒေကိစ္စများ အနည်းငယ်မျှလောက်သာပါသည်။ ကိစ္စသစ်ပေါ်ပေါက်လျှင် မည်သည့်ဥပဒေစာရင်းတွင် ပါဝင်သင့်သည်ကို ပြည်နယ်များနှင့် တိုင်ပင်ဆုံးဖြတ်ရန်။

## စာရင်း (၂)

# ပြည်နယ်ဥပဒေပြုစာရင်း

စာရင်းမှာမလုံလောက်ပါ။ ပေးထားသောအာဏာများမှာလည်း အခွန်တော်ငွေ သုံးရမည့် ကိစ္စများနှင့်သာ သက်ဆိုင်နေသည်။

### ၂။ စီးပွားရေးကိစ္စများ

### (၁) လယ်ယာစိုက်ပျိုးရေး၊ ကျွဲနွားတိရစ္ဆာန်ထောင်များနှင့် ကျွဲနွားတိရစ္ဆာန် ကျော်နင်း ဝင်ရောက်မှု တားဆီးရေး။

လယ်ယာစိုက်ပျိုးရေးဟုသာဆိုထားသည့်အတွက် တိရိစ္ဆာန်ဆေးကုဌာနသည် ပြည်နယ် ဥပဒေပြုစာရင်းတွင် မပါရှိ။ ထိုအတွက် ပြည်ထောင်စုအစိုးရကသာ အုပ်ချုပ်ရမည် ဆိုသော ပြဿနာသည် တစ်ကြိမ်တစ်ခါကပေါ်ပေါက်ခဲ့ကြောင်း၊ ထိုနည်းအတူပင် မြေယာ ထိန်းထိမ်း ရေးကိစ္စကို စကားဆိုချင်လျှင် ဆိုနိုင်ပေလိမ့်မည်။ ထိုကြောင့် စာရင်းများခွဲရာ၌ ပိုမိုတိကျစွာ ခွဲရန် အရေးကြီးသည်။

### (၃) မြေယာတိုးတက်ကောင်းမွန်ရေးနှင့် လယ်ယာအမတော်ကြေးများ

ဘဏ္ဍာရေးချို့တဲ့မှုကြောင့် အရေးပေါ်လယ်ယာ အမတော်ချေးငွေမှအပ ရှမ်းပြည်နယ်တွင် ဆင်းရဲလှသည့် လယ်သမားများအတွက် အမတော်ငွေများကို သီးသန့်မထားနိုင်သဖြင့် သမဝါယမဌာနများနှင့် စိုက်ပျိုးရေးဘဏ်များကိုသာ အားထားခဲ့ရသည်။ သို့ရာတွင် သမဝါယမနှင့် စိုက်ပျိုးရေးဘဏ်များ အာဏာလုမှုကြောင့်သော်လည်းကောင်း၊ သမဝါယမ အသင်းများနှင့် ကျေးရွာစိုက်ပျိုးရေးဘဏ်များ နည်းပါးမှုကြောင့်သော်လည်းကောင်း၊ ရှမ်းပြည်ရှိ လယ်ယာသမားများမှာ နှစ်စဉ်လိုအပ်သည့် အမတော်ငွေများကို လူတစ်ရာလျှင် ၅ ရာခိုင်နှုန်းလောက်သာရရှိမည်ဟု ခန့်မှန်းရလေသည်။ ဤကဲ့သို့သာ ခရီးသွားနေရသော် ရှမ်းပြည် တောင်သူလယ်သမားများနှင့် အလားတူအခွင့်အရေးများကို နောင်နှစ်ပေါင်း(၂၀) ကြာကာလအတွင်း ရရှိရန် ခဲယဉ်းပေလိမ့်မည်။

ထို့ကြောင့် ရှမ်းပြည်တွင် လယ်ယာအမတော်ငွေထုတ်ပေးရေးအတွက် သမဝါယမနှင့် စိုက်ပျိုးရေး ဘဏ်များကို ပြည်မ (မူ) အရ ရှမ်းပြည်နယ်ကပင် စီးမိုးအုပ်ချုပ်သင့်သည်။

## ၃။ လုံခြုံရေး

(၃) တရားစီရင်ခြင်း၊ တရားလွှတ်တော်၏ လက်အောက်ခံရုံးများ၊ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် ထိုရုံးများကရရှိသော အခွန်များ၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေးအတွက် ကာကွယ်သောသဘောဖြင့် ချုပ်နှောင်ထားခြင်း၊ ထိုသို့ချုပ်နှောင်ခြင်းခံရသူများ။

(၄) ဤစာရင်းတွင် ဖေါ်ပြထားသော ကိစ္စတခုခုနှင့် စပ်လျဉ်း၍၊ တရားလွှတ်တော် လက်အောက်ခံရုံးများ၏ စီရင်ပိုင်ခွင့် အာဏာများ။

တရားသူကြီးများခန့်ထားရေးနှင့်ပတ်သက်၍ တရားလွှတ်တော်နှင့် စကားဆိုဆဲ ဖြစ်သောကြောင့် အသေးစိတ် ရှင်းလင်းရန် ယခုအခါလိုမည်မထင်ပါ။ သို့ရာတွင် ၎င်းကိစ္စနှင့် ပတ်သက်၍ လက်ရှိအာဏာများ မဆုံးရှုံးရလေအောင် အထူးဂရုပြုရန်လိုအပ်ပါသည်။

**စတုတ္တဇယား**

## ပြည်နယ်အခွန်တော်စာရင်း

ဥပဒေပြုစာရင်းနှင့် အခွန်တော်စာရင်းကို ပူးပေါင်းပြီးစိစစ်ခဲ့သော် ဥပဒေပြုစာရင်းအရ အာဏာလွှဲအပ်သောဌာနများမှာ ငွေကုန်ကျမည့်ဌာနများဖြစ်ပြီး အခွန်တော်နှင့်ပတ်သက်၍ အသင့်အတင့်ဝင်သော အခွန်တော်များမှာ မြေခွန်၊ သစ်တောခွန်နှင့် ယစ်မျိုးခွန်များသာဖြစ်သည်။ ရှမ်းပြည်သည် ပြည်မမှ နှစ်စဉ်ရရှိသည့် ဝင်ငွေများခွဲဝေရာ၌ ပြည်နယ်ငယ်များကို ထောက်ရှုပြီး နှစ်စဉ်ပင်အနစ်နာခံခဲ့ရလေသည်။ ယခုအခြေအနေအရ ရှမ်းပြည်နယ်၏ နှစ်စဉ်လို လငွေမှာ သိန်း ၂၅၀ မှ ၃၀၀ ခန့်ထိဖြစ်ရာ ယခုလက်ရှိဝင်ငွေနှင့် မလုံလောက်ပါ။ ပြည်ထောင်စု အစိုးရက ကောက်ခံသိမ်းယူထားသော အခွန်တော်များမှ အချို့အခွန်တော်များကို ရှမ်းပြည်သို့ ပြန်လည်ပေးအပ်သည့်အခါသာလျှင် ရှမ်းပြည်၏ အုပ်ချုပ်ရေး၊ ကြီးပွားရေး၊ စီးပွားရေး တို့ကို ဆောင်ရွက်နိုင်ပါလိမ့်မည်။

## ၁။ မြေခွန်တော်

(က) မြေခွန်တော်သက်သက်။

မြန်မာပြည်မကဲ့သို့ မြေခွန်သက်သက်စည်းကြပ်ရေး စနစ်တကျဖြစ်စေရန် နှစ်ပေါင်းအတော်မျှ လိုနေသေးသည်။ လိုအပ်သော မြေပုံများ၊ မြေစာရင်းများမရှိ။ ယခုမှ ဆောင်ရွက်နေရသည်။

(ခ) တံငါလုပ်ငန်းများဆိုင်ရာငှားခများနှင့် အခခွန်များ လည်း မပြောပလောက်ပင်။ ပုဒ်မ ၂၁၉ နှင့် ဖီလာဖြစ်နေပါသည်။

(ဂ) ရေနံခွန် မရှိ။

(ဃ) ရသင့်သလောက် ရပါသည်။

(င) ကြက်ပေါင်စေး စည်းကြပ်သောအခွန်မရှိ။

(စ) ခေတ်မမီသော အခွန်များဖြစ်သဖြင့် ပယ်ဖျက်ပြီးဖြစ်ကြောင်း။

## ၂။ ပြည်နယ်အတွင်းတွင် လုပ်ကိုင်သော၊ (သို့) ထွက်သော အောက်ဖော်ပြပါ ကုန်ပစ္စည်းများ နှင့် ပြည်ထောင်စု နိုင်ငံအတွင်းရှိ အခြားဒေသများတွင် လုပ်ကိုင်သော (သို့) ထွက်သောအလားတူကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သည့် ညှိနှိုင်းအကောက်အခွန်များ။

(က) သောက်သုံးသော သေရည်သေရက်။

အသင့်အတင့်ရရှိပါသည်။

(ခ) ဘိန်း။

အသင့်အတင့်ရရှိပါသည်။

(ဂ) ဆေးခြောက်၊ မူးယစ်ထုံထိုင်းစေတတ်သောဆေးများ၊ မမူးမယစ် မထုံမထိုင်းစေတတ်သောဆေးများ။

မရှိ။

(ဃ) အရက်ပျံပါသော၊ (သို့တည်းမဟုတ်) အထက်ပါ (၂) နှင့် (ဂ) တွင်ဖော်ပြထားသည့် အရာဝတ္ထုများပါဝင်သည့် ဆေးများ၊ လှသန့်ကုန်များ။

မရှိ။

## ၃။ တရားလွှတ်တော်၏ လက်အောက်ခံ တရားရုံးများ၌ ကောက်ခံရရှိသော အခခွန်များ။

မပြောပလောက်ပါ။

## ၄။ သစ်တောများ။

အများဆုံးဖြစ်ပါသည်။ သို့ရာတွင် သစ်များပေါ်ကောက်ခံသော သစ်တောခွန် (Royalty) ကန့်သတ်ခြင်းကို ပြန်လည်စဉ်းစားသင့်သည်။ သစ်လုပ်ငန်းအဖွဲ့က ရှမ်းကျွန်းသစ်ရောင်းရသော အမြတ်ငွေများ၏ဝေပုံကျကို ရှမ်းပြည်နယ်က ရသင့်သည်။

## ၅။ မှတ်ပုံတင်ကြေး။

## ၆။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်အကိုင်များပေါ်တွင် စည်းကြပ်သောအခွန်များ။

## ၇။ တိရစ္ဆာန်များနှင့် ရေယာဉ်များ အပေါ်တွင်စည်းကြပ်သောအခွန်များ။

## ၈။ ပွဲလမ်းသဘင် ပျော်ရွှင်မှုများ၊ လောင်းတမ်းကစားခြင်းများ အပေါ်တွင် စည်းကြပ်သောအခွန်များ။

### ၉။ ပြည်နယ်မော်တော်ယာဉ်ခွန် အက်ဥပဒေများအရ စည်းကြပ်သောအခွန်များ။

### ၁၀။ ဆည်မြောင်းဌာနမှ ကောက်ခံရရှိသော အခွန်များ။

### ၁၁။ ပြည်နယ်အခွန်တော်များမှ ထုတ်ချေးသဖြင့် ရသောအတိုးများနှင့် ပြည်နယ်ကရင်းနှီးသောငွေမှ ရသောအတိုးများ။

၅ - ၁၁။ မပြောပလောက်ပါ။

### ၁၂။ ပြည်နယ်ဝင်များမှ ပြည်နယ်သို့ ပေးသောဆက်ကြေးများ။

နယ်ရှင်စော်ဘွားများ အာဏာစွန့်လွှတ်ပြီးဖြစ်သဖြင့် ၎င်းဝင်ငွေမရှိတော့ပါ။

### ၁၃။ ပြည်ထောင်စု နိုင်ငံမှပေးသောထောက်ပံ့ငွေများ။

ပုဒ်မ ၉၆ (၂) အပေါ်မှတ်ချက်များကို ကြည့်ပါ။

### ၁၄။ အခွန်များ၊ ဒဏ်ငွေများ၊ ပြည်နယ်ပိုင် ပစ္စည်းများရောင်းရငွေနှင့် ငှါးရမ်း၍ ရသော ငှါးခများ၊ ပို့ပေးထားသဖြင့် ပြန်လည်ရရှိသောငွေ၊ အထက်ဖေါ်ပြပါ ကိစ္စနှင့် အောက်ဖေါ်ပြပါ ကိစ္စ တခုခုနှင့် စပ်လျဉ်း၍သော်၎င်း၊ အားလုံးနှင့် စပ်လျဉ်း၍သော်၎င်း၊ အမှုထမ်းဆောင်ရသောကြောင့် ပေးရသောငွေများ။

(က) တရားစီရင်အုပ်ချုပ်ရေး။

(ခ) အကျဉ်းထောင်များနှင့် အကျဉ်းသမားများထားရာဒေသများ။

(ဂ) ရာဇဝတ် အမှုထမ်းအဖွဲ့။

(ဃ) ပညာရေး။

(င) ဆေးဘက်ဆိုင်ရာ။

(စ) ပြည်သူ့ကျန်းမာရေး။

(ဆ) လယ်ယာစိုက်ပျိုးရေး။

(ဇ) တိရစ္ဆာန်ဆေးကုရေး။

(ဈ) သမဝါယမအသင်းများ။

(ည) မွေးဖွါးခြင်း၊ သေဆုံးခြင်းနှင့် ထိမ်းမြားခြင်းတို့ကို မှတ်ပုံတင်ခြင်း။

(ဋ) မြို့ပြနယ်ပယ်ဆိုင်ရာလုပ်ငန်းများ။

(ဌ) ပြည်နယ်ရာထမ်း မှုထမ်းများအား အိုမင်းမစွမ်းဖြစ်၍ အငြိမ်းစားပေးရန် ထောက်ပံ့ငွေများ။

(ဍ) စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း။

(ဎ) ပိုင်ရှင်မပေါ်သောသွင်းထားငွေများ။

(ဏ) ရတနာသိုက်။

(တ) ကင်းခွန်များ (အကောက်များ)။

(ထ) အထူးရရှိငွေများ။

စာရင်းအမျိုးများသလောက် ဝင်ငွေနည်းပါသည်။

အခြေခံဥပဒေသုံးသပ်ရာ၌ တွေ့ကြုံရသည့် အရေးကြီးသောအချက်အလက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

၁။ ပင်လုံစာချုပ်သဘောထားများက မည်သို့ပင်ရှိစေကာမူ သုံးသပ်ရာ၌ ပင်လုံစာချုပ်၏ သဘောထားများ၊ ကတိပေးချက်များကို ပါလီမန်ကသော်လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီးအဖွဲ့ကသော် လည်းကောင်း အရေးပါသော အရာရှိကြီးငယ်များက သော်လည်းကောင်း သတိမရ၊ သတိမမူ။

၂။ အခြေခံဥပဒေပုဒ်မများကို တစ်ဘက်သတ်အဓိပ္ပါယ်ပြန်ခြင်း။

၃။ ပြည်ထောင်စုဥပဒေစာရင်းထဲ ပါသောကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ပြည်နယ်အစိုးရ များကို တိုင်ပင်ရန်မလိုဟူသော ယူဆချက်။

၄။ ပြည်ထောင်စုအစိုးရဝန်ထမ်းအဖွဲ့များသည် ပြည်နယ်များအား အထင်အမြင်သေးခြင်း။

၅။ ပြည်နယ်ဝန်ကြီးများကိုပင် အရိုအသေတန်ခြင်း။

၆။ အစိုးရအမှုကိစ္စရပ်များအသီးသီး (ဘဏ္ဍာရေးအပါအဝင်) တို့ကို တစ်ဖက်သတ်ဆောင်ရွက်ခြင်း၊ အနိုင်ကျင့်ခြင်း။

၇။ ရသင့်ရထိုက်သည့်အကူအညီများ မရခဲ့ခြင်း။

၈။ ပြည်ထောင်စုဥပဒေစာရင်းတွင်ပါရှိသည့် လုပ်ငန်းဆောင်တာများကို ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်သည့်အခါ ပြည်ထောင်စုအစိုးရဌာနများသည် များသောအားဖြင့် ရှမ်းပြည်နယ် အစိုးရကို ပစ်ပယ်ထားခြင်း။

၉။ ရှမ်းပြည်နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတို့တွင် ဝင်ရောက်စွက်ဖက်ခြင်း။

## (က)။ မြန်မာပြည်မ အတွက်အသုံးငွေများ။

| ဘဏ္ဍာရေးနှစ် | ပညာရေး | | ဆေးဘက်ဆိုင်ရာ | | ပြည်သူ့ကျန်းမာရေး | |
|---|---|---|---|---|---|---|
| | ကျပ် | တဦး | ကျပ် | တဦး | ကျပ် | တဦး |
| ၁၉၄၈ - ၄၉ | ၁.၅၁.၀၆.၉၉၁ | ၀.၈၉ | ၂၉.၂၆.၆၆၁ | ၁.၁၇ | ၁၈.၆၃.၀၄၁ | ၀.၁ |
| ၁၉၄၉ - ၅၀ | ၁.၅၄.၄၄.၀၉၈ | ၀.၉ | ၄၇.၁၁.၃၃၉ | ၀.၂၈ | ၁၈.၃၃.၁၅၀ | ၀.၁ |
| ၁၉၅၀ - ၅၁ | ၂.၃၄.၀၂.၃၈၈ | ၁.၃၇ | ၁.၀၄.၈၂.၅၁၃ | ၀.၆၂ | ၂၆.၆၆.၀၀၁ | ၀.၁၅ |
| ၁၉၅၁ - ၅၂ | ၃.၃၃.၇၅.၉၄၂ | ၁.၉၆ | ၈၂.၆၉.၄၇၅ | ၀.၄၉ | ၅၄.၉၆.၆.၃၆ | ၀.၃၂ |
| ၁၉၅၂ - ၅၃ | ၅.၄၄.၈၀.၁၀၀ | ၃.၂ | ၉၆.၅၁.၅၉၃ | ၀.၅၇ | ၉၅.၄၉.၁၀၈ | ၀.၅၆ |
| ၁၉၅၃ - ၅၄ | ၇.၃၁.၀၀.၉၇၇ | ၄.၃ | ၁.၂၈.၆၀.၃၄၉ | ၀.၇၆ | ၁.၅၂.၂၄.၃၆၄ | ၀.၈၉ |
| ၁၉၅၄ - ၅၅ | ၉.၁၁.၆၄.၂၀၁ | ၅.၃၆ | ၁.၄၀.၂၅.၈၄၂ | ၀.၈၃ | ၁.၃၇.၈၉.၆၂၅ | ၀.၈၁ |
| ၁၉၅၅ - ၅၆ | . | . | . | . | . | . |
| ၁၉၅၆ - ၅၇ | ၁၀.၉၄.၁၃.၉၈၁ | ၆.၄၃ | ၁.၇၄.၂၀.၇၆၅ | ၁.၀၃ | ၁.၆၇.၈၇.၅၆၀ | ၀.၉၉ |
| ၁၉၅၇ - ၅၈ | ၁၁.၇၇.၃၅.၅၇၅ | ၆.၉၀ / ၆.၇၆ | ၁.၈၉.၇၄.၆၄၅ | ၁.၁၂ | ၂.၃၂.၄၀.၂၈၇ | ၁.၃၆ |
| ၁၉၅၈ -၅၉ | ၁၁.၅၀.၃၅.၀၁၈ | . | ၁.၉၀.၀၇.၆၃၉ | ၁.၁၂ | ၂.၀၄.၅၅.၉၄၈ | ၁.၂ |
| ၁၉၅၉ - ၆၀ (မှန်းခြေ) | ၁၂.၁၄.၃၀.၀၀၀ | ၇.၁၄ | ၁.၇၁.၅၁.၀၀၀ | ၁.၀၁ | ၁.၆၇.၀၀.၀၀၀ | ၀.၉၈ |
| ၁၉၆၀ - ၆၁ (မှန်းခြေ) | ၁၂.၆၆.၈၆.၀၀၀ | ၇.၄၅ | ၂.၀၅.၄၉.၀၀၀ | ၁.၂၁ | ၂.၀၇.၉၇.၀၀၀ | ၁.၂၃ |

| | | | | |
|---|---|---|---|---|
| | စိုက်ပျိုးရေး | | ရှမ်းပြည်နယ်သို့ နှစ်စဉ်ထောက်ပံ့ကြေး။ | အကြောင်းအရာ |
| | ကျပ် | တဦး | | |
| | ၂၂.၈၇.၂၉၈ | ၀.၁၃ | ၈၃.၃၃.၃၃၀ | |
| | ၃၉.၁၆.၉၆၂ | ၀.၂၃ | ၈၃.၃၃.၃၃၀ | |
| | ၂၅.၁၃.၂၇၃ | ၀.၁၄ | ၉၇.၂၂.၂၂၀ | |
| | ၂၄.၈၇.၅၈၀ | ၀.၁၄ | ၁.၀၂.၇၇.၇၈၀ | |
| | ၃၄.၄၁.၉၆၅ | ၀.၂ | ၁.၁၉.၁၀.၃၉၀ | |
| | ၃၈.၅၀.၉၁၀ | ၀.၂၂ | ၁.၄၄.၆၀.၀၀၀ | |
| | ၅၃.၅၃.၂၂၆ | ၀.၃၁ | ၁.၄၄.၆၀.၀၀၀ | |
| | . | . | . | |
| | ၁.၂၄.၆၉.၇၀၉ | ၀.၇၃ | ၁.၂၅.၀၀.၀၀၀ | |
| | ၁.၆၆.၁၄.၉၂၉ | ၀.၉၈ | ၁.၂၅.၀၀.၀၀၀ | စစ်လျော်ကြေးနှင့် လက်ငင်းငွေ။ ၈.၈၄.၈၈၀* ၁.၅၄.၆၅.၉၀၀ * စော်ဘွားလျော်ကြေး။ |
| | ၁.၅၅.၇၆.၁၄၂ | ၀.၉၁ | ၁.၃၁.၀၀.၀၀၀<br>၁.၀၃.၉၇.၁၂၉* | *စော်ဘွားလျော်ကြေး။ |
| | ၁.၄၄.၆၉.၀၀၀ | ၀.၈၅ | ၁.၂၅.၀၀.၀၀၀ | |
| | ၁.၂၉.၀၄.၀၀၀ | ၀.၇၆ | ၁.၂၅.၀၀.၀၀၀ | |

## (ခ)။ ရှမ်းပြည်နယ်အစိုးရ၏အသုံးငွေများ

| ဘဏ္ဍာရေးနှစ် | ပညာရေး | | ဆေးဘက်ဆိုင်ရာ | | ပြည်သူ့ကျ |
|---|---|---|---|---|---|
| | ကျပ် | တဦး | ကျပ် | တဦး | ကျပ် |
| ၁၉၄၈ - ၄၉ | ၄.၇၂.၈၂၅ | ၀.၂၃ | ၆.၄၇.၃၄၁ | ၀.၃၂ | ၂.၀၀.၆၅၈ |
| ၁၉၄၉ - ၅၀ | ၁၂.၀၂.၂၁၅ | ၀.၆ | ၉.၇၇.၀၂၄ | ၀.၄၈ | ၂.၄၁.၆၈၉ |
| ၁၉၅၀ - ၅၁ | ၁၅.၉၆.၈၄၄ | ၀.၇၉ | ၁၃.၈၈.၈၇၇ | ၀.၆၉ | ၃.၃၈.၉၈၃ |
| ၁၉၅၁ - ၅၂ | ၂၀.၆၀.၄၄၂ | ၁.၀၃ | ၁၅.၁၉.၀၄၀ | ၀.၇၅ | ၆.၅၃.၁၄၄ |
| ၁၉၅၂ - ၅၃ | ၂၄.၄၉.၀၈၂ | ၁.၂၁ | ၁၄.၁၃.၄၀၃ | ၀.၇ | ၄.၆၇.၉၀၂ |
| ၁၉၅၃ - ၅၄ | ၂၇.၄၄.၅၁၂ | ၁.၃၇ | ၁၆.၃၈.၄၃၅ | ၀.၈၁ | ၅.၂၉.၃၀၂ |
| ၁၉၅၄ - ၅၅ | ၃၀.၃၃.၆၈၆ | ၁.၅၁ | ၁၇.၀၇.၇၂၈ | ၀.၈၅ | ၆.၉၅.၈၇၉ |
| ၁၉၅၅ - ၅၆ | ၃၁.၅၇.၃၇၅ | ၁.၅၇ | ၁၇.၀၆.၁၁၄ | ၀.၈၅ | ၇.၄၇.၉၉၀ |
| ၁၉၅၆ - ၅၇ | ၃၄.၆၁.၂၅၁ | ၁.၇၃ | ၁၆.၄၄.၈၁၃ | ၀.၈၂ | ၈.၃၉.၆၇၀ |
| ၁၉၅၇ - ၅၈ | ၃၅.၇၀.၃၅၁ | ၁.၇၈ | ၁၇.၆၉.၆၃၄ | ၀.၈၈ | ၇.၉၃.၃၄၁ |
| ၁၉၅၈ - ၅၉ | ၃၈.၁၇.၇၀၂ | ၁.၉ | ၁၈.၅၀.၆၈၃ | ၀.၂၉ | ၈.၄၂.၄၂၉ |
| ၁၉၅၉ - ၆၀ (မှန်းခြေ) | ၄၂.၀၅.၆၀၀ | ၂.၁ | ၂၀.၁၉.၀၀၀ | ၁.၀၁ | ၁၁.၄၀.၀၀၀ |
| ၁၉၆၀ - ၆၁ (မှန်းခြေ) | ၄၂.၄၀.၅၀၀ | ၂.၁၂ | ၂၂.၂၀.၃၀၀ | ၁.၁၁ | ၁၂.၁၄.၈၀၀ |

ရှမ်းပြည်နယ်၏အကျယ်အဝန်းမှာ၊ စရိယာစတုရမ်းမိုင်ပေါင်း - ၆၀.၄၁၆ ရှိ၍၊ စုစုပေါင်း (မှန်းခြေ) မှာ

| | | | | |
|---|---|---|---|---|
| န်းမာရေး | စိုက်ပျိုးရေး | | ပြည်ထောင်စုထောက်ပံ့ငွေ | အကြောင်းအရာ |
| တဦး | ကျပ် | တဦး | | |
| ၀.၁ | ၁.၁၉.၆၇၃ | ၀.၀၅ | ၈၃.၃၃.၃၃၀ | |
| ၀.၁၂ | ၁.၂၃.၀၇၇ | ၀.၀၆ | ၈၃.၃၃.၃၃၀ | |
| ၀.၁၆ | ၁.၂၃.၉၃၁ | ၀.၀၆ | ၉၇.ယ.၂၃၅ | |
| ၀.၃၂ | ၂.၇၉.၂၉၀ | ၀.၁၃ | ၁.၀၂.၇၇.၇၈၀ | |
| ၀.၂၃ | ၃.၀၅.၉၆၀ | ၀.၁၅ | ၁.၁၉.၁၀.၃၉၀ | |
| ၀.၂၆ | ၂.၈၂.၂၄၂ | ၀.၁၄ | ၁.၄၄.၆၀.၀၀၀ | |
| ၀.၃၄ | ၃.၅၉.၄၁၁ | ၀.၁၇ | ၁.၄၄.၆၀.၀၀၀ | |
| ၀.၃၇ | ၄.၀၂.၁၆၃ | ၀.၂ | ၁.၃၇.၀၀.၀၀၀ | |
| ၀.၄၁ | ၄.၆၀.၈၆၀ | ၀.၂၃ | ၁.၂၅.၀၀.၀၀၀ | |
| ၀.၃၉ | ၄.၇၇.၉၇၂ | ၀.၂၃ | ၁.၂၅.၀၀.၀၀၀/ ၈၃.၈၄.၀၀၀* ၁.၅၄.၆၅.၉၀၉** | *စစ်လျော်ကြေးနှင့် လက်ငင်းငွေ။ **စော်ဘွားလျော်ကြေး |
| ၀.၄၂ | ၆.၈၁.၉၈၀ | ၀.၃၄ | ၁.၃၀.၀၀.၀၀၀ ၈၉.၇၁.၂၈၀* ၁.၀၄.၉၆.၂၁၂** | *စစ်လျော်ကြေး။ **စော်ဘွားလျော်ကြေး။ |
| ၀.၅၇ | ၆.၄၁.၇၀၀ | ၀.၃၂ | ၁.၂၅.၀၀.၀၀၀ ၁.၂၇.၈၇.၈၀၀* | *(မှန်း) စစ်လျော်ကြေး။ |
| ၀.၆ | ၆.၆၂.၀၀၀ | ၀.၃၃ | ၁.၂၅.၀၀.၀၀၀ ၈၅.၀၀.၀၀၀* | *စစ်လျော်ကြေး။ |

၁၉၇၃.၂၈၈ - ယောက်ရှိပါသည်။

## အပိုင်း (၄) ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေး

အထက်တွင် ဖော်ပြခဲ့သော အကြောင်းခြင်းရာများကို အကျဉ်းခြုံ၍ ဆန်းစစ်လိုက်သည်ရှိသော်

(၁) ရှမ်းလူမျိုးများသည် ရာဇဝင်အဆက်ဆက်ကပင် သီးခြားလွတ်လပ်သော တိုင်းပြည် ထင်ရှားစွာ ထူထောင်ခဲ့သည်။

(၂) ရှမ်းပြည်အတွင်းရှိ သယံဇာတပစ္စည်းအရ စီးပွားရေးဖူလုံမှုရှိနိုင်သည်။ သီးခြားဘာသာစကားနှင့် ယဉ်ကျေးမှုရှိသည်။

(၃) ဒုတိယကမ္ဘာစစ်ကြီး၏အတွေ့အကြုံကြောင့် ရှမ်းတိုင်းရင်းသားများသည် နိုင်ငံရေးအရ တိုးတက်နိုးကြားလာသည်။

(၄) ရှမ်းပြည်သည် သီးခြားလွတ်လပ်သောတိုင်းပြည်အဖြစ် ထူထောင်နိုင်သော်လည်း ဗမာပြည်မနှင့်ပူးပေါင်းကာ လွတ်လပ်ရေးအရယူခဲ့သည်။ ပင်လုံစာချုပ်ကို ချုပ်ဆိုပြီး တန်းတူညီမျှသော ပြည် ထောင်စုအုတ်မြစ်ကို ချခဲ့ကြသည်။

(၅) တိုင်းပြည်ပြုလွှတ်တော်တွင် ရှမ်းပြည်မှ ကိုယ်စားလှယ်များသည် လွတ်လပ်ရေးအတွက် ဇော ကြီးနေခြင်း၊ နိုင်ငံရေးအတွေ့အကြုံ နုနယ်သေးခြင်း၊ ဗမာပြည်နိုင်ငံရေးခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုလွန်ကဲခဲ့ခြင်း၊ ထို့ကြောင့် လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ခပ်လွယ်လွယ်ပင် လက်ခံသဘောတူညီခဲ့ကြသည်။

လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ၁၃ နှစ်ကာလ၏ အတွေ့အကြုံအရ အပိုင်း (၃)တွင် ဖော်ပြထားသည့်အတိုင်း နစ်နာချက်နှင့် ချို့ယွင်းချက် ပေါင်းများစွာ ပေါ်ထွက်နေသည်။ ပြည်နယ်များသည် ဗမာပြည်မနှင့် တန်းတူညီမျှသော အခွင့်အရေးများ ခံစားခွင့်မရှိသည်ကို ထင်ရှားစွာ တွေ့နိုင်ပေသည်။ အခြေခံဥပဒေရုပ်လုံးကို ခြုံ၍ ဆန်းစစ်ကြည့်ပါလျှင် (၁) ဖွဲ့စည်းပုံစနစ်တွင်လည်းကောင်း၊ (၂) အာဏာနှင့် အခွင့်အရေး ခွဲမှုတွင်လည်းကောင်း (၃) ပါလီမန်ဖွဲ့စည်းပုံတွင် လည်းကောင်း (၄) ပြည်ထောင်စု အခွန်တော်နှင့် ဘဏ္ဍာတော်ခွဲဝေမှုတွင်လည်းကောင်း ချို့ယွင်းချက်ရှိပြီး ပြည်နယ်များ အဖို့ အခွင့်အရေး ဆုံးရှုံးနစ်နာလျက်ရှိလေသည်။

## ၁။ ဖွဲ့စည်းပုံစနစ် (Structure)

တိုင်းပြည်ပြုလွှတ်တော်သို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူ) ကြမ်းများကို အတည်ပြုရန် တင်သွင်းစဉ်အခါကပင် ဦးချန်ထွန်းက အခြေအနေအရ မလွဲမရှောင်သာ၍ ပြည်ထောင်စု နိုင်ငံမျိုး ဖွဲ့စည်းထားရကြောင်း၊ သို့သော် ထိုပြည်ထောင်စုနိုင်ငံမှာ အမေရိကန်၊ ဆွီဇာလန် တို့ကဲ့သို့ ပြည်ထောင်စုစစ်စစ်နိုင်ငံမျိုး မဟုတ်ကြောင်း၊ ကနေဒါပုံစံ (Canadian type) တစ်နည်းအားဖြင့် (Moderate type) အလယ်အလတ်စား ပြည်ထောင်စုနိုင်ငံမျိုး ဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြခဲ့သည်။

တစ်ဖန် ဦးချန်ထွန်းကပင် "ကျွန်တော်တို့ရဲ့ အခြေခံဥပဒေဟာ သဘောတရားအားဖြင့် ပြည်ထောင်စုစနစ်ဖြစ်ပေမယ့် လက်တွေ့တွင် တစ်ပြည်ထောင်စနစ်ဖြစ်ပါတယ်" ဟု ထုတ်ဖော် ပြောဆိုကြောင်း ရန်ကုန်တက္ကသိုလ် ရာဇဝင်ပါမောက္ခဟောင်း မစ္စတာတင်ကားကသူ၏ (ပြည်ထောင်စုမြန်မာနိုင်ငံတော်) စာအုပ်တွင် ဖော်ပြထားသည်။

The Constitutional Adviser, Chan Htoon, observed much later that "Our Constitution, though in theory federal, is in practice unitary''.

Hugh Thinker (1957), The Union of Burma: A Study of the first years of independence, p. 30

ဤစာအုပ်အပိုင်း (၂) နှင့် စစ်ပြီးခေတ်ကာလ ရှမ်းပြည်ခေါင်းစဉ်ဖြင့်ရေးသားဖော်ပြခဲ့သည့် အချက်အလက်များအရ နယ်စပ်ဒေသခေါင်းဆောင်များ ထပ်ခါထပ်ခါ တင်ပြ တောင်းဆိုလာ သော ပြည်ထောင်စု စနစ်မှာ ကနေဒါပုံစံလည်းမဟုတ်။ သဘောတရားတွင်သာ ပြည်ထောင်စု ဖြစ်ပြီး လက်တွေ့တွင် တစ်ပြည်ထောင်ဖြစ်သောစနစ်မျိုးလည်းမဟုတ် ပြည်ထောင်စုစစ်စစ် သာဖြစ်ပေသည်။

အခြေခံဥပဒေဗိသုကာကြီး ဦးချန်ထွန်းကပင် သဘောတရားအားဖြင့် ပြည်ထောင်စုစနစ် လုပ်ပေးရသည့်အကြောင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားကြောင်း ပါမောက္ခ တင်ကားက ၎င်းစာအုပ် တွင် ဆက်လက်ရေးသားထားသည်။

(ကြပ်တည်းသောချုပ်ခြယ်ခြင်းဖြင့်) ခွဲထွက်နိုင်သော အခွင့်အရေး လိုက်လျောချက်နှင့်အတူ ပြည် နယ်များဖွဲ့စည်းရေး အခန်းများထည့်သွင်းရခြင်းမှာ အမှန်တကယ် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအရ လိုအပ်၍ မဟုတ်ဘဲ နယ်စပ်ဒေသခေါင်းဆောင်များ၏ ယုံမှားသံသယများ ပြေပျောက်စေရန်ဖြစ်သည်။ တောင်ပေါ်သားများ ရုတ်တရက်မစွန့်လွှတ်နိုင်သေးသည့် နှစ်ရှည်လများ ဗမာအပေါ် ထားရှိလာသော မယုံသင်္ကာစိတ်များ ကို ကုစားသောနည်းတစ်နည်းပင်ဖြစ်သည်။

နယ်စပ်ဒေသခေါင်းဆောင်များ ပြည်ထောင်စုစစ်စစ်အလိုရှိသည်မှာ အမှန်စင်စစ် ဦးချန်ထွန်းယူဆ သကဲ့သို့ ဗမာများအပေါ်သံသယရှိ၍ မယုံသင်္ကာ၍မဟုတ်ပေ။ ကမ္ဘာ့ ခေါင်းဆောင်များ ချမှတ်ထားသည့် လူမျိုးတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် (Right of the Nation to self-determination) မူအရ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးလိုကြသောကြောင့်သာ ဖြစ်သည်။

ပြည်ထောင်စုစနစ်ဆိုသည်မှာ ကမ္ဘာပေါ် ရှိမည်သည့် ပြည်ထောင်စုနိုင်ငံကိုပင်ကြည့်ကြည့် ပြည်ထောင်စု (ခေါ်) ပြည်နယ်များ သဘောတူစုပေါင်းဖွဲ့စည်းသောစနစ်ဖြစ်သည်။ ပြည်ထောင်စု မြန်မာ နိုင်ငံတွင် နယ်စပ်လူမျိုးများအဖို့ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် ဟူ၍ ဖွဲ့စည်းထားခြင်းမရှိချေ။ ဗမာပြည်မအား ဗဟိုပြည်ထောင်စု အစိုးရ နှင့် တစ်ပေါင်းတစ်စည်းတည်း ပူးပေါင်း ဖွဲ့စည်းထားလိုက်ပေသည်။

ဤဖွဲ့စည်းပုံစနစ်ကသာ နယ်စပ်ဒေသလူမျိုးများက ဗမာများအပေါ် မယုံသင်္ကာသောစိတ် ပို၍ ဖြစ်ပေါ်စေသည်။ တန်းတူညီမျှမှုကို ပျက်စီးစေသည်။

ဤဖွဲ့စည်းပုံစနစ်သည် တစ်နေ့သောအခါ ပြည်ထောင်စုကြီး ပြိုကွဲစေနိုင်သောအကြောင်း အရင်းလည်း ဖြစ်ပေသည်။

ထို့ကြောင့် အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်သည့်အခါ ခိုင်မြဲသော၊ တန်းတူညီမျှသော ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဗမာပြည်မအား ပြည်ထောင်စုအဖွဲ့ဝင် သီးခြားပြည်နယ်အဖြစ် ဖွဲ့စည်းရမည် ဖြစ်လေသည်။

## ၂။ အာဏာနှင့် အခွင့်အရေးခွဲဝေနည်း (Distribution powers)

ပြည်ထောင်စုစနစ်တွင် အာဏာနှင့်အခွင့်အရေးခွဲဝေနည်း နှစ်နည်းရှိသည်။

(၁) ပြည်ထောင်စုစစ်စစ်နိုင်ငံများတွင် ဗဟိုပြည်ထောင်စုအစိုးရအား အများနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက်သာ အာဏာခွဲဝေပေးပြီး ကျန်အာဏာနှင့် အခွင့်အရေးများကို (Residuary powers) ပြည်နယ်များက ချုပ်ကိုင်ထားသည်။

(၂) ပြည်ထောင်စုအလတ်စားနိုင်ငံများတွင် ပြည်နယ်များအားအာဏာ ကန့်သတ်ပေးပြီး ကျန်အာဏာအားလုံးကို ဗဟိုပြည်ထောင်စုက ချုပ်ကိုင်ထားသည်။

နယ်စပ်ဒေသခေါင်းဆောင်များ လိုလားသောနည်းမှာ ပြည်ထောင်စုစစ်စစ်အာဏာခွဲဝေသော နည်းဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အာဏာခွဲဝေနည်းမှာ နယ်စပ်ဒေသခေါင်းဆောင်များ၏ လိုအပ်ဆန္ဒနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျှက်ရှိပေသည်။

ပြည်နယ်များအား အာဏာကန့်သတ်ပေးပြီး ကျန်ရှိသမျှအာဏာအားလုံးကို ဗဟို ပြည်ထောင်စုက ချုပ်ကိုင်ထား၍တစ်ကြောင်း ဗမာပြည်မသည် ပြည်နယ်မဟုတ်ဘဲ ဗဟိုပြည်ထောင်စု အာဏာကို ပေါင်းစည်း၍ ချုပ်ကိုင်ထားသည်လည်းတစ်ကြောင်း၊ ထိုအကြောင်း တို့ကြောင့် နယ်စပ်ဒေသလူမျိုးများသည် မကျေမနပ်ဖြစ်နေကြသည်။ ဗမာများ လက်ဝါးကြီးအုပ်ထားသည်ဟု မယုံသင်္ကာဖြစ်နေကြသည်။

ထို့ကြောင့် အခြေခံဥပဒေကို ပြင်ဆင်သည့်အခါ ပြည်ထောင်စုစစ်စစ်မူအတိုင်း ဗဟိုပြည်ထောင်စု အစိုးရအား အများနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက်သာ အာဏာခွဲဝေပေးပြီး ပြည်နယ်များက ကျန်အာဏာများကို ချုပ်ကိုင်နိုင်ခွင့်ပေးရမည်။

## ၃။ ပါလီမန်ဖွဲ့စည်းပုံ

ပြည်ထောင်စုပါလီမန်များတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ် ဖွဲ့စည်းကြစမြဲဖြစ်သည်။

အောက်လွှတ်တော်ကို ဦးရေပေါ်အခြေတည်၍ ရွေးကောက်တင်မြှောက်ကြသည်။ ပြည်နယ်များသည် လူဦးရေအချိုးအစားအလိုက် အမတ်ဦးရေစေလွှတ်ခွင့်ရကြသည်။ အထက်လွှတ်တော်ကိုမူ ပြည်နယ် များ ကြီးသည် ငယ်သည်မဟူ တူညီသော အမတ်ဦးရေ စေလွှတ်ကြရသည်။ အထက်လွှတ်တော်သည် ပြည်နယ်ကြီးက ပြည်နယ်ငယ်များအား ကြီးနိုင်ငယ်ညှဉ်းဆဲနည်းမျိုး မပြုနိုင်ရန်နှင့် အောက်လွှတ်တော်အား မဲတင်းကွပ်ကဲနိုင်ရန် ထိုသို့ဖွဲ့စည်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုတွင် ပါဝင်သောပြည်နယ်တိုင်း တန်းတူညီမျှစေရန်နှင့် ပြည်နယ်ငယ်များ၏အခွင့်အရေး ကာကွယ်စေရန်အတွက် အထက်လွှတ်တော်ကို ထိုသို့ ဖွဲ့စည်းကြခြင်းဖြစ်သည်။

ထို့ပြင် လွှတ်တော်နှစ်ရပ်ကို မူအားဖြင့် တန်းတူညီတူ အခွင့်အာဏာတူထားကြသည်။ ယခုလက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံပါလီမန်၏ အထက်လွှတ်တော်ဖြစ်သော လူမျိုးစုလွှတ်တော်သည် အောက်လွှတ်တော်ဖြစ်သော ပြည်သူ့လွှတ်တော်နှင့် အခွင့်အာဏာမှ မရရှိချေ။ ပြည်နယ်များကလည်း ညီမျှသော ကိုယ်စားလှယ်ဦးရေ စေလွှတ်ခွင့်မရကြပေ။ ပြည်ထောင်စုအစိုးရကလည်း လူမျိုးစုလွှတ်တော်အား တာဝန်မခံဘဲ ပြည်သူ့လွှတ်တော်ကိုသာ တာဝန်ခံထားလေရာ လူမျိုးစုလွှတ်တော်သည် အလွန်တရာမှ ဂုဏ်သိက္ခာချို့ငဲ့နေလေသည်။ ပြည်နယ်များ၏ အခွင့်အရေးကိုလည်း ကာကွယ်နိုင်စွမ်း မရှိချေ။

ထို့ကြောင့် အခြေခံဥပဒေတွင် ပါလီမန်ဖွဲ့စည်းပုံကို ပြင်ရပေမည်။ လူမျိုးစုလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် တန်းတူအာဏာရှိရမည့်အပြင် ပြည်နယ်တိုင်းညီမျှသော ကိုယ်စားလှယ်ဦးရေ စေလွှတ်ခွင့် ရှိရပေမည်။

## ၄။ ပြည်ထောင်စုအခွန်တော်နှင့် ဘဏ္ဍာတော်ခွဲဝေရေး

လက်ရှိအခြေခံဥပဒေပုဒ်မ ၉၆ (၁) အရ ပြည်နယ်များသို့ခွဲဝေပေးထားသော အခွန်တော်များမှာ မြေခွန်တော်နှင့် သစ်တော်ခွန်မှလွဲ၍ ဘာမှဖြစ်ဖြစ်မြောက်မြောက်မရရှိနိုင်ချေ။ ၎င်းအခွန်တော်ငွေများမှာလည်း ပြည်နယ်များ၏ သာမန်အသုံးစရိတ် (Current Expenditure) ကိုပင် မကာမိပေ။

ပုဒ်မ ၉၆ ခြွင်းချက်အရ ပြည်ထောင်စုမှ ပေးကမ်းသော ထောက်ပံ့ငွေကိုသာ ပြည်နယ်များ မှီခိုနေရလေသည်။ ပြည်ထောင်စုဘဏ္ဍာခွဲဝေရေးကိစ္စတွင် ပြည်နယ်များ မကျေနပ်ဖြစ်နေသည်မှာ လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင်ဖြစ်သည်။ ယနေ့အထိ တိကျသော ပြည်ထောင်စုဘဏ္ဍာရေး ပေါ်လစီကို မချမှတ်နိုင်သေးချေ။ ထို့ကြောင့် နောင်တွင် ရေးဆွဲမည့် ပြည်ထောင်စုစစ်စစ် အခြေခံဥပဒေတွင် ပြည်ထောင်စုဘဏ္ဍာတော် ခွဲဝေရေးကိစ္စနှင့် ပတ်သက်၍ အလေးအနက်စဉ်းစားပြီး အတိအကျပြဋ္ဌာန်းဖော်ပြထားရပေမည်။

## ၅။ ပြည်နယ်များ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး (Complete Autonomy)

ဗမာပြည်နယ်အစရှိသည့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအား ဗဟိုပြည်ထောင်စုအစိုးရက သော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းကသော်လည်းကောင်း၊ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မရှိစေရန်နှင့် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရရှိစေ ရန် အခြေခံဥပဒေတွင် အခိုင်အမာ ပြဋ္ဌာန်းထားရှိစေသင့်ပေသည်။

အသစ်ပြုပြင်ဖွဲ့စည်းမည့် မြန်မာပြည်ထောင်စုသည် ပြည်ထောင်စုစစ်စစ်ဖြစ်လေရာ ပြည်နယ်တိုင်းသည် ဗဟိုပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သော သီးခြားပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိရမည့်အပြင် သီးခြားဥပဒေပြုလွှတ်တော်၊ သီးခြားအစိုးရ၊ သီးခြားတရားရုံးများ ထားရှိရပေမည်။

သီးခြားပြည်နယ်ဖွဲ့စည်းနိုင်သည့် အင်္ဂါလက္ခဏာများနှင့် မပြည့်စုံသော လူမျိုးစုများအဖို့ လူမျိုးစုဒေသ (National Areas) များ ဖွဲ့စည်းပေးပြီး လူမျိုးစုအခွင့်အရေးများ ကာကွယ်နိုင်ရန် အခြေခံဥပဒေတွင် လုံလောက်စွာ ပြဋ္ဌာန်းပေးထားရပေမည်။

ဤအမှန်တရားအား မသွေဖည်ဘဲ လိုက်နာဆောင်ရွက်ရန်မှာ ယနေ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင် ချို့ယွင်းချက်ပုဒ်မများအား ပြင်ဆင်ဖြည့်စွက်ဖာထေးရုံမျှဖြင့် လုပ်ဆောင်နိုင်ဖွယ်မရှိ၊ အရာရောက်လှသည်လည်းမဟုတ်။ မူလအခြေခံဖွဲ့စည်းပုံ၏ စနစ်တစ်ခုလုံးကို ပြုပြင်ပြောင်းလဲပြင်ဆင်ကာ အသစ်ထပ်မံဖွဲ့စည်းရမည့် ပြည်ထောင်စု စစ်စစ်၏ ပုံစံအတိုင်းသာ လိုက်နာပြုလုပ်ဆောင်ရွက်မှသာ ဖြစ်မြောက်အောင်မြင်နိုင်တော့မည် ဖြစ်ပါကြောင်း ...။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး (ရှမ်းပြည်နယ်ဆိုင်ရာ) ကြိုးကိုင်ကော်မတီ (အဖွဲ့ဝင်) များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| (၁) သိရိပျံချီစဝ်ခွန်အောင် | (ရ-တ-စ-ည-ဖ) | အဖွဲ့ဝင် |
| (၂) ဦးမှဲ့ | ၎င်း | ။ |
| (၃) စဝ်ရွက်မိုင်း | ၎င်း | ။ |
| (၄) အဂ္ဂမဟာသရေစည်သူအဂ္ဂမဟာသီရိသုဓမ္မစဝပ်ရွှေသိုက် | | ။ |
| | (စော်ဘွားများအစည်းအရုံး) | ။ |
| (၅) ဝဏ္ဏကျော်ထင်စဝ်မန်ဖ | ၎င်း | ။ |
| (၆) စဝ်ကြာဆိုင် | ၎င်း | ။ |
| (၇) သရေစည်သူစဝ်ရွှေမှို | (ရ-ပ-ည-ဖ) | ။ |
| (၈) ဦးစံမြ | ၎င်း | ။ |
| (၉) ဦးထွန်းအုံ | ၎င်း | ။ |
| (၁၀) ဦးထွန်းအေး | (ရ-ပ-လ-ဖ) | ။ |
| (၁၁) ဦးခမ်း | ၎င်း | ။ |

| | | |
|---|---|---|
| (၁၂) ဦးအောင်သန်း | ၎င်း | ။ |
| (၁၃) ဦးလွန်း | (အ-ပ-ည-ဖ) | ။ |
| (၁၄) ဦးစိုးမောင် | ၎င်း | ။ |
| (၁၅) ဦးချစ်ဦး | ၎င်း | ။ |
| (၁၆) ဦးဖြူ | (ပ-အ-မ-ဖ) | ။ |
| (၁၇) ဦးလှဖေ | ၎င်း | ။ |
| (၁၈) ဦးကျော်စိန် | ၎င်း | ။ |
| (၁၉) ဦးထွန်းဖေ | (တစ်ဦးပုဂ္ဂလ) | ။ |
| (၂၀) ဦးခွန်ထီး | ၎င်း | ။ |
| (၂၁) ဦးထွန်းမြင့်ကလေး | ၎င်း | ။ |
| (၂၂) ဦးခွန်နောင် | ၎င်း | ။ |
| (၂၃) ဦးရီရောင်း | ၎င်း | ။ |
| (၂၄) စဝ်မန်ဖ | (တိုးချဲ့အဖွဲ့ဝင်ဖြစ်ပါသည်) | ။ |
| (၂၅) မဟာသရေစည်သူဦးကြာပု | ၎င်း | ။ |
| (၂၆) သီရိပျံချီဦးဘညဏ် | ၎င်း | ။ |
| (၂၇) မဟာသရေစည်သူစဝ်ထွန်းဧ | ၎င်း | ။ |
| (၂၈) ဦးခွန်စံမြတ် | ၎င်း | ။ |
| (၂၉) စဝ်ကျော်ခေါင် | ၎င်း | ။ |
| (၃၀) စဝ်ဆေဟုမ် | ၎င်း | ။ |

(ပုံ) သရေစည်သူစဝ်ပြည့် (ပုံ) စဝ်ကြာစုံ

ရှမ်းပြည်နယ်ကောင်စီ သဘာပတိ။ တွင်းဝန်၊ ရှမ်းပြည်နယ်ကောင်စီ။

သဘာပတိ အတွင်းရေးမှူး

နေ့စွဲ - ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ရက်။

တောင်ကြီးမြို့။

အထက်ဖော်ပြပါ ရှင်းလင်းချက်များသည် ပြိုလဲလုနီးပါး အိမ်အိုကြီးတစ်ဆောင်ကို အသစ်ပြန်လည် မွမ်းမံတည်ဆောက်၍ မရသကဲ့သို့ ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်ထောင်စုစစ်စစ်မှုဖြင့် ပြင်ဆင်ရေးဆွဲ၍ မရနိုင်ကြောင်း၊ ပြည်ထောင်စုစစ်စစ်အခြေခံမှုသစ်ကို ရေးဆွဲမှသာလျှင် ဖြစ်နိုင်ကြောင်း ပုဒ်မများအလိုက် သုံးသပ်ရှင်းလင်းတင်ပြထားကြောင်း တွေ့ရှိရသည်။



၁၉၆၁ ခုနှစ်၊ ပြည်နယ်ပေါင်းစုံညီလာခံကြီးသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များ

### (ဂ) ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်းပြည်နယ်ခေါင်းဆောင်ကိုယ်စားလှယ်များနှင့် ရခိုင်၊ မွန်အမျိုးသား ခေါင်းဆောင်များ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြည်ထောင်စု စစ်စစ်ဖြင့် ပြင်ဆင်ရေးဆွဲရန် ဆုံးဖြတ်ခြင်း

တောင်ကြီးညီလာခံမှ ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ပြည်ထောင်စုစစ်စစ်မှုဖြင့် ပြင်ဆင်ရေးဆွဲရန် မဖြစ်နိုင်သဖြင့် ပြည်ထောင်စုစစ်စစ်မှုဖြင့် ရေးဆွဲသွားနိုင်ရန် အောက်ပါအတိုင်း အခြေခံမူအတိုင်း ဆုံးဖြတ်ထားကြောင်း တွေ့ရှိရသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး ကြိုးကိုင်ကော်မတီ (ရှမ်းပြည်နယ်) ၏ ဆုံးဖြတ်ချက်

လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြည်နယ်နှင့် လူမျိုးစု တန်းတူညီမျှမှုအတွက် လုံလောက်စွာပြဋ္ဌာန်းထားခြင်း မရှိကြောင်း။

ထို့ကြောင့် ပြည်နယ်နှင့်လူမျိုးစုတိုင်း တန်းတူညီမျှစေရန်အတွက် အခြေခံဥပဒေအား ပြည်ထောင်စုစစ်စစ်မှုဖြင့် ပြန်လည်ပြုပြင်ရေးဆွဲရန် ဤကြိုးကိုင်ကော်မတီက သဘောတူညီကြကြောင်း။

ယင်းသို့ အခြေခံဥပဒေအား ပြည်ထောင်စုစစ်စစ်မှုဖြင့် ပြန်လည်ပြုပြင်ရေးဆွဲသည့်အခါ အောက်ပါ တန်းတူညီမျှမှု၏ အခြေခံအကြောင်းရင်းများကို ထည့်သွင်းရေးဆွဲရန် ဆုံးဖြတ်ကြကြောင်း။

### ဆုံးဖြတ်ချက်များ

(၁) ဗမာပြည်နယ်ဖွဲ့စည်းရေး။

(၂) ပြည်ထောင်စုပါလီမန်လွှတ်တော်နှစ်ရပ်အား အာဏာတူပေးရေး။

(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း ညီမျှသောကိုယ်စားလှယ်စေလွှတ်ရေး။

(၄) ဗဟိုပြည်ထောင်စုအား အောက်ပါဌာနများ လွှဲအပ်ပြီး ကျန်ရှိသော အာဏာများနှင့် အခွင့်အရေးများကို ပြည်နယ်များသို့ လွှဲအပ်ရန်။

(က) နိုင်ငံခြားဆက်သွယ်ရေး။

(ခ) ပြည်ထောင်စုကာကွယ်ရေး။

(ဂ) ပြည်ထောင်စုဘဏ္ဍာရေး။

(ဃ) ငွေဒင်္ဂါးနှင့် ငွေစက္ကူထုတ်လုပ်ရေး။

(င) စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး။

(စ) မီးရထား၊ လေကြောင်း၊ ရေကြောင်းဆက်သွယ်ရေး။

(ဆ) ပြည်ထောင်စုတရားစီရင်ရေး။

(ဇ) ပင်လယ်ဆိပ်ကမ်းခွန်ကောက်ရေး။

(၅) ပြည်ထောင်စုဘဏ္ဍာတော် မျှတစွာခွဲဝေရေး။

အထက်ပါအဆိုကို အားလုံးတစ်ညီတစ်ညွတ်တည်း ၁၃၂၂ ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်၊ အင်္ဂါနေ့ (၁၉၆၁ ခု၊ ဇန်နဝါရီလ ၁၆ ရက်) တွင် သဘောတူဆုံးဖြတ် အတည်ပြုကြသည်။

တိုင်းရင်းသားများ တောင်ကြီးမြို့နီးနှောဖလှယ်ပွဲကြီးတွင် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ဝင် (၂၃)ဦးကိုလည်း ရွေးချယ်လိုက်ပါသည်။

## ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ ယာယီအမှုဆောင်အဖွဲ့

| | |
|---|---|
| ၁။ စဝ်ခွန်ချို (မိုးမိတ်စော်ဘွားကြီး) | - ဥက္ကဋ္ဌကြီး |
| ၂။ စဝ်ဝဏ္ဏ (ကယားပြည်နယ်ခေါင်းဆောင်) | - ဒုဥက္ကဋ္ဌ |
| ၃။ ဒူဝါခွန်ဖုံး (ကချင်ပြည်နယ်ခေါင်းဆောင်) | - ဒုဥက္ကဋ္ဌ |
| ၄။ စဝ်ထွန်းဧ (သာမိုင်းခန်းစော်ဘွားကြီး) | - အထွေထွေအတွင်းရေးမှူး |
| ၅။ ဦးလှဖေ (ပြည်သူ့လွှတ်တော်အမတ်) | - တွဲဘက်အတွင်းရေးမှူး |

| | | |
|---|---|---|
| ၆။ ဦးစိုးမောင် (အ ပ ည ဖ ရှမ်းပြည်) | - | တွဲဘက်အတွင်းရေးမှူး |
| ၇။ စဝ်ခွန်အောင် (ဘော်စော်ဘွားကြီး) | - | ပြန်ကြားရေးမှူး |
| ၈။ ဦးလှငြိမ်း (ကယားပြည်နယ်ကိုယ်စားလှယ်) | - | ဘဏ္ဍာရေးမှူး |
| ၉။ ဦးသာထွန်း (ရခိုင်အမျိုးသားကိုယ်စားလှယ်) | - | စာရင်းစစ်မှူး |
| ၁၀။ စောဘရင် (ကရင်ပြည်နယ်ကိုယ်စားလှယ်) | - | အမှုဆောင်အဖွဲ့ဝင် |
| ၁၁။ စောသင်းစိန် (ကရင်အမျိုးသားကိုယ်စားလှယ်) | - | ။ |
| ၁၂။ ဒူဝါဇော်လွန်း (ကချင်ပြည်နယ်ကိုယ်စားလှယ်) | - | ။ |
| ၁၃။ ဒူဝါနန်ဇင်လာ (ကချင်ပြည်နယ်ကိုယ်စားလှယ်) | - | ။ |
| ၁၄။ ဦးမောင်ဦးကျော် (ရခိုင်အမျိုးသားကိုယ်စားလှယ်) | - | ။ |
| ၁၅။ ကပ္ပတိန်မန်းတုံးနုံး (ချင်းအမျိုးသားကိုယ်စားလှယ်) | - | ။ |
| ၁၆။ မစ္စတာကျင်ရှင်ထန်း (ချင်းအမျိုးသားကိုယ်စားလှယ်) | - | ။ |
| ၁၇။ နိုင်ငွေသိန်း (မွန်အမျိုးသားခေါင်းဆောင်) | - | ။ |
| ၁၈။ နိုင်ဘစော (မွန်အမျိုးသားခေါင်းဆောင်) | - | ။ |
| ၁၉။ စဝ်ပြည့် (မိုးနဲစော်ဘွားကြီး) | - | ။ |
| ၂၀။ စဝ်နွံ (လဲချားစော်ဘွားကြီး) | - | ။ |
| ၂၁။ စဝ်စိုင်းလုံ (ကျိုင်းတုံစော်ဘွားကြီး) | - | ။ |
| ၂၂။ ဦးချစ်မောင် (ကယားပြည်နယ်ကိုယ်စားလှယ်) | - | ။ |
| ၂၃။ စဝ်ရွှေမှုံ (ကျေးစီးစော်ဘွားကြီး) | - | ။ |

## ပြည်နယ်များ ညီညွတ်ရေးအဖွဲ့၏ ယာယီအမှုဆောင်အဖွဲ့



## (ဃ) ပြည်ထောင်စုမြန်မာနိုင်ငံလူမျိုးပေါင်းစုံ ပြည်ထောင်စုမူနှင့်ပတ်သက်သော နီးနှောဖလှယ်ပွဲကြီး ကျင်းပခြင်း

ဖေဖော်ဝါရီလ (၂၄) ရက်၊ ပထမနေ့ နီးနှောဖလှယ်ပွဲစတင်ခြင်း[47]

၁၉၆၂၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ရန်ကုန်မြို့ ပြည်လမ်းအသံလွှင့်ခန်းမဆောင်၌ မြန်မာနိုင်ငံလူမျိုးပေါင်းစုံ ပြည်ထောင်စုမူနှင့်ပတ်သက်သော နီးနှောဖလှယ်ပွဲကြီးကို စတင်ကျင်းပလိုက်သည်။ မြန်မာနိုင်ငံလူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲကြီးတွင် ပထစ၊ ဖဆပလ၊ ပမညတ၊ ရပလဖ စသည့် နိုင်ငံရေးအဖွဲ့အစည်း ခေါင်းဆောင်များအပြင် ပြည်နယ်ညီညွတ်ရေးအဖွဲ့ မှ ကိုယ်စားလှယ်များ အစိုးရ အတိုင်ပင်ခံ အဖွဲ့ဝင် လူကြီးများ စုံညီစွာတက်ရောက်လာကြသည်။

ပြည်ထောင်စုဝန်ကြီးချုပ်ဦးနုက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးသန်းစိန် က ဆောင်ရွက်သည်။

## (င) ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ ဖက်ဒရယ်ပြည်ထောင်စုမူအပေါ် ဆွေးနွေးတင်ပြချက်။[48]

သဘာပတိအဖွင့် မိန့်ခွန်းပြောကြားပြီးသည်နောက် အခမ်းအနားမှူးမှ ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီး ဝန်ကြီးသတိုးမဟာသရေစည်သူ၊ ဝန်ကြီးစဝ်ခွန်ချိုက ပြည်နယ်များညီညွတ်ရေးအဖွဲ့ ကိုယ်စား ဖက်ဒရယ်မူ ကို တင်ပြပါခင်ဗျားဟု ဖိတ်ခေါ်လိုက်ပြီး ရှမ်းပြည်ဥက္ကဋ္ဌ ဝန်ကြီးစဝ်ခွန်ချိုက အောက်ပါအတိုင်း ဆွေးနွေး တင်ပြသွားကြောင်း တွေ့ရှိရသည်။

“လေးစားအပ်တဲ့သဘာပတိကြီး ဝန်ကြီးချုပ်ခင်ဗျား အစိုးရအဖွဲ့ဝင်ဝန်ကြီးများခင်ဗျား ပြည်နယ်ပေါင်း စုံမှ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်များနှင့် ပြည်မနိုင်ငံရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ် တော်များခင်ဗျား...။

ဤနီးနှောဖလှယ်ပွဲမှာ ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား စကားပြောကြားခွင့်ရရှိတဲ့အတွက် များစွာကျေးဇူးတင်ဝမ်းမြောက်လှပါတယ်။ အခုလို စုံစုံညီညီစုဝေးကြပြီးတော့ ပြည်နယ်များ ညီညွတ်ရေး အဖွဲ့က တင်ပြထားပြီးတဲ့ ပြည်ထောင်စုမူကိစ္စကို ဆွေးနွေးညှိနှိုင်းကြဖို့ အတွက်

47 ဦးမြင့်ကြည်၊ ဦးထွန်းတင့် (စာတည်း) (၁၉၉၁)၊ ၁၉၅၈ - ၁၉၆၂ မြန်မာ့ နိုင်ငံရေး၊ စတုတ္ထ တွဲ၊ စာ ၁၃၄

48 ၁၉၅၈ - ၁၉၆၂ မြန်မာ့ နိုင်ငံရေး၊ စတုတ္ထတွဲ၊ (၁၉၉၁) စာ ၁၃၉ - ၁၄၉

ဒီနီးနှောဖလှယ်ပွဲကြီး ပေါ်ပေါက်လာရတာ ကျွန်တော်အနေနဲ့ အလွန်ပဲ ဝမ်းသာကျေးဇူးတင်ပါတယ်။

ကျွန်တော့်ကို ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား ပြည်ထောင်စုမူတင်ပြရန် တာဝန်ပေးအပ်တဲ့အတိုင်း ကျွန်တော်တင်ပြပြောဆိုမယ့် အချက်အလက်တွေကို နားဆင်ကြရတဲ့ ကိုယ်စားလှယ်များအားလုံးဟာ မိသားစုစိတ်ဓာတ်ဖြင့် ယနေ့ပေါ်ပေါက်နေတဲ့ ပြည်နယ်များပြဿနာကို အထူးစဉ်းစား ဝေဖန်ကြစေလိုပါတယ်။

ကျွန်တော်များကလည်း ပြည်မရှိနောင်တော်ကြီးများကို ရှင်းလင်းတင်ပြကြတဲ့အခါ စိတ်ရှည်လက်ရှည်နဲ့ မိမိတို့ကြုံတွေ့နေရပုံတွေကို တင်ပြကြပါရန် မေတ္တာရပ်ခံလိုပါတယ်။ ပြည်နယ်များရဲ့ပြဿနာတွေကို စဉ်းစားကြတဲ့အခါမှာလည်း ပြည်ထောင်စုမပြိုကွဲရေး၊ ပြည်ထောင်စုကြီးညီညွတ်ရေးဆိုတဲ့ အခြေခံမူ အပေါ်တည်ပြီး စဉ်းစားကြပါရန် တောင်းပန်လိုပါတယ်။

ပထမဦးစွာ တင်ပြအစီရင်ခံလိုတာက လက်ရှိပြည်ထောင်စုကြီး ဖြစ်ပေါ်လာပုံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအကြောင်း စဉ်းစားလိုက်တိုင်း ပြည်ထောင်စုသားတိုင်း မမေ့သင့်မမေ့ထိုက်တဲ့ အချက်ဟာဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ကျင်းပခဲ့တဲ့ ပင်လုံညီလာခံကြီးပင် ဖြစ်ပါတယ်။

အဲ့ဒီပင်လုံညီလာခံကြီးဟာ ယနေ့ပြည်ထောင်စုကြီးကို ပေါက်ဖွားလာစေရန် အုတ်မြစ်ချခဲ့တဲ့ ညီလာခံကြီးလို့ ဆိုနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ပြည်ထောင်စုသားတွေအပေါ် အနှစ်နှစ် အလလ စိုးမိုးအုပ်ချုပ်လာတဲ့ နယ်ချဲ့အင်္ဂလိပ်လက်အောက်ကနေပြီး လွတ်လပ်ရေးတောင်းဆိုဖို့အတွက် ပြည်နယ်ခေါင်းဆောင်များနဲ့ ပြည်မခေါင်းဆောင်များတို့က ညှိနှိုင်းအောင်မြင်လို့ အခုလို လွတ်လပ်တဲ့ပြည်ထောင်စုတစ်ခု ကမ္ဘာ့တိုင်းပြည်များထဲမှာ ပေါ်လွင်လာတဲ့ အတွက် ကျွန်တော်တို့က ပင်လုံညီလာခံကြီးဟာ ပြည်ထောင်စုကြီးရဲ့အခြေခံအုတ်မြစ်ချခဲ့တဲ့ ညီလာခံကြီး ဖြစ်ကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။

အဲ့ဒီပင်လုံညီလာခံကြီးမှာ ဘာတွေညှိနှိုင်းကြပြီး ဘာတွေအောင်မြင်ခဲ့ကြသလဲဆိုတာကို အကျဉ်း ချုပ်အားဖြင့် ဖော်ပြရမည်ဆိုလျှင် လွတ်လပ်ရေးတောင်းဆိုတဲ့အခါ ညီညွတ်တဲ့အားဟာ အင်မတန်အရေးကြီးတဲ့အတွက် ပြည်မနဲ့ ကျန်တဲ့ပြည်နယ်များဟာ ပြည်နယ်များအား တူညီအောင် ညှိနှိုင်းပြီး ညီညွတ်ရေး တည်ဆောက်ရမယ်။ တည်ဆောက်ရမှာမို့ (၁)

တန်းတူညီမျှမှုအခွင့်အရေးရှိခြင်း၊ (၂) တောင်တန်းသား ဒေသများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိခြင်း၊ (၃) လွတ်လပ်ရေးရရှိပြီးနောက် ပြည်ထောင်စုက ခွဲထွက်လိုက ခွဲထွက်နိုင်ခြင်း စတဲ့ အခြေခံတရားသုံးရပ်အပေါ် အဓိကထားပြီး ပြည်ထောင်စုတည်ဆောက်ရေးကို သဘောတူ ခဲ့ကြပါတယ်။

ဒီအခြေခံသုံးရပ်ကို သဘောတူခဲ့တဲ့အတွက် ကမ္ဘာကျော်ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ အဲ့ဒီလို ပြည်နယ်များနဲ့ ပြည်မဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းရှိကြောင်း ပြသနိုင်ခဲ့လို့ပဲ အင်္ဂလိပ်အစိုးရ ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို လက်လွှတ်လိုက်ရပါတယ်။

ပင်လုံညီလာခံကြီးမှာ ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက် (Mr. Rees-Williams) ခေါင်းဆောင်ပြီး ပြည်မပြည်နယ်ခေါင်းဆောင်များ ပါဝင်တဲ့ စုံစမ်းရေးကော်မတီမှာ အထက်ပါ အခြေခံမူ သုံးရပ်အတိုင်း ပြည်မနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ တစ်ညီတစ်ညွတ်တည်းလည်း သက်သေခံ ခဲ့ပါတယ်။

အဲ့ဒီလိုတစ်ညီတစ်ညွတ်ဘဲ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် နယ်ချဲ့သမားရဲ့ သွေးခွဲရေး လုပ်ငန်းဟာ ပျက်ပြယ်သွားပြီး မြန်မာပြည်ရဲ့လွတ်လပ်ရေးကို အမြန်ဆုံး ကမ္ဘာသို့ ကြေညာလာနိုင်ခဲ့ပါတယ်။

၁၉၄၇ ခုနှစ် မေလမှာကျင်းပခဲ့တဲ့ ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံမှာလည်းပဲ လူမျိုးစုတိုင်း တန်း တူရေးရရှိရေးနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံမှာလည်း အဲ့ဒီတန်းတူရေးအပေါ်အခြေခံတဲ့ ပြည်ထောင်စုစစ်စစ်ဖြစ်ဖို့ လမ်းစဉ်ချမှတ်ခဲ့ပါတယ်။

လက်ရှိအခြေခံဥပဒေကြီး ရေးဆွဲဖို့ဆိုပြီး တိုင်းပြည်ပြုလွှတ်တော်မှာ ပြည်မခေါင်းဆောင် ကြီးများ၊ ကိုယ်စားလှယ်တော်များနဲ့ ပြည်နယ်ခေါင်းဆောင် ကိုယ်စားလှယ်များက ဝိုင်းဝန်း စဉ်းစားကြတဲ့အခါ အနှစ်သာရဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့လမ်းညွှန်(၇)ချက် အကျဉ်းချုပ်ကို ဖော်ပြခွင့်ပေးစေလိုပါတယ်။

အဲ့ဒါကဘာလဲဆိုရင် (၁) အချုပ်အခြာအာဏာပိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ် စေရမယ်။ (၂) ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာအပြည့်အစုံရှိသော ပြည်နယ်များပါဝင်သော ပြည်ထောင်စု ဖွဲ့စည်းစေရမယ်။ (၃) အာဏာများဟာ တိုင်းသူပြည်သားတွေဆီက ဆင်းသက် လာစေရမယ်။ (၄) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့မှာ အယုတ်အလတ်အမြတ်မရွေး

တန်းတူညီမျှမှု ရှိစေရမယ်။ (၅) လူနည်းစုကို အကာအကွယ် ပြုစေရမယ်။ (၆) ပြည်ထောင်စု ကြီး တည်တံ့ ခိုင်မြဲရေး အချုပ်အခြာ စိုးမိုးအုပ်ချုပ်ရေးဆိုတာကို ဥပဒေအရ ထိန်းသိမ်း စောင့်ရှောက်ရှိစေ ရမယ်။ ကမ္ဘာ့နိုင်ငံတကာနှင့် ရင်ဘောင်တန်းလိုက်နိုင်ရန်အတွက် ကြိုးစား ပြီး ကမ္ဘာ့ နိုင်ငံရေး တွေနဲ့ ငြိမ်းချမ်းစွာဆက်ဆံရေးကို ရှေ့ရှုစေရမယ်ဆိုတဲ့ အဓိကအခြေခံ (၇) ချက် ဖြစ်ပါတယ်။

ဒီအခြေခံများကို အုတ်မြစ်ချပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲကြရန် ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်ပြသခဲ့တဲ့အကြောင်း ကိုယ်စားလှယ်တော်များ အားလုံးအသိဖြစ်ကြပါတယ်။

ဒီအချိန်အခါမှာ နိုင်ငံရေးအခြေအနေတွေလည်း ရှုပ်ထွေးပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ခေါင်းဆောင်များဟာ လုပ်ကြံသတ်ဖြတ်ခြင်းခံရတဲ့အတွက် တစ်ပြည်လုံးယူကြုံးမရ ဝမ်းနည်း ကြေကွဲဖြစ်နေရတဲ့အချိန်ဖြစ်တော့ လွတ်လပ်ရေးအတွက်ကြိုးပမ်းမှုမှာ စိတ်မချမ်း မသာ စရာတွေ ဖြစ်လာတာကြောင့်မို့ ကိုယ့်တိုင်းပြည်ရဲ့အခြေကို တိုင်းတစ်ပါးက ဝင်ရောက် မ စွက်ဖက်နိုင်အောင် ကာကွယ်ကြရမှာပဲဆိုပြီး ခပ်မြန်မြန်နဲ့ တိုင်းပြု ပြည်ပြုလွှတ်တော်မှာ အခြေခံဥပဒေကို အငြင်းပွားမှုမထားဘဲ အလျင်စလို လက်ခံ လိုက်ခြင်း ဖြစ်ပါတယ်။

ပင်လုံညီလာခံကြီးကအစပြုပြီး အဆင့်ဆင့်တောင်းဆိုလာကြလို့ လွတ်လပ်ရေးတော့ လက်ဝယ်ရ ရှိပြီးပါပြီ။ ဒါပေမယ့်လို့ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ပင်လုံညီလာခံကြီးရဲ့ အနှစ်သာရ၊ ဗိုလ်ချုပ် အောင်ဆန်းရဲ့ ချမှတ်ပေးလိုက်တဲ့လမ်းညွှန်နဲ့ ကိုက်ညီတယ်၊ မကိုက်ညီဘူးဆိုတာတွေကို ကျွန်တော်တို့ လျှောက်လာခဲ့တဲ့ (၁၄) နှစ်ကျော်ကျော်ခရီးအပေါ် ပြန်လည်စစ်ဆန်းဖို့ လိုအပ်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ပြည်နယ်များရဲ့ လက်ရှိခံစားနေတဲ့ အခြေ အနေတွေကို ယေဘုယျသဘောအားဖြင့် အကျဉ်းချုပ်တင်ပြပါရစေ။ ပြည်နယ်များ၏ လက်ရှိအခြေအနေကို ကျွန်တော်တို့ကတင်ပြမှသာ နှီးနှောဖလှယ်ပွဲ တက်ရောက်ကြတဲ့ ကိုယ်စားလှယ် တော်များ အားလုံးဟာ ပိုမိုပြည်စုံစွာ စဉ်းစားဝေဖန်နိုင်လိမ့်မယ်လို့ ယူဆ ပါတယ်။

ပြည်နယ်များနဲ့ ပြည်နယ်မရရှိသေးတဲ့ လူမျိုးစုဆွေမျိုးရင်းခြာများဟာ လွတ်လပ်ရေးရရှိပြီးတဲ့နောက်၊ ဒီဘက်ကာလမှာ မိမိကံကြမ္မာ မိမိတို့ဖန်တီးရမယ်ဆိုတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ပြည့်ပြည့်ဝဝ မခံစားရသေးကြောင်း တွေ့ရှိကြရပါတယ်။

ဒီလိုပြောလိုက်လို့ ကျွန်တော်ဟာ ပြည်နယ်များကိုယ်စား ရိုးရိုးသားသားအနေနဲ့ ပြည်နယ်တွေ ခံစားနေရတာဟာဖြင့် ဘာတွေလဲဆိုတာ ဖော်ပြတာပဲဖြစ်ပါတယ်။

ပြည်နယ်တွေအားလုံး ယုံကြည်ကိုးစားခဲ့တဲ့ မြန်မာပြည်လွတ်လပ်ရေးရတော့မယ်။ လွတ်လပ်ရေးရ ပြီးရင်ဖြင့် ဒို့တစ်တွေဟာ မိမိကံကြမ္မာ မိမိဖန်တီးပြီး တိုးတက်သော ပြည်နယ်များဖြစ်လာအောင် လုပ်နိုင်တော့မယ်။ တိုးတက်တဲ့ပြည်နယ်တွေ ပေါင်းထားတဲ့ ပြည်ထောင်စုဖြစ်လာတော့မယ် ဆိုတာတွေဟာ ကျွန်တော်တို့ပြည်နယ်သားတွေ၊ လူမျိုးစုများအားလုံးအားလုံး တွေရဲ့ဝမ်းထဲ ကိန်းအောင်းပြီး အမျှော်လင့် ကြီးမျှော်လင့်ခဲ့ပါတယ်။

ဒါပေမယ့် လွတ်လပ်ရေးခေတ် (၁၄)နှစ်ခရီး၊ ပြည်မကနောင်တော်တွေနဲ့ လက်တွေ့လျှောက်လာတဲ့အခါ ကျွန်တော်တို့ရဲ့မျှော်လင့်ချက်တွေ၊ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တွေဟာ အပြည့်အဝမရှိမှန်း သိလာခဲ့ရပါတယ်။

ကျွန်တော်တို့ တိုးတက်ဖွံ့ဖြိုးရေးကို အစွမ်းကုန်၊ ကျွန်တော်တို့ မလုပ်ဆောင်နိုင်ကြောင်း သိသာ ခံစားနေရပါတယ်။ ဒီလိုမွေးဖွားရာဇာတိဗပါလာတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့် အခွင့်အရေး အပြည့်အဝမခံစားလာရတော့ ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ ကျွန်တော်တို့ ပြည်နယ်များအပေါ် ကိုယ်စားပြုလာတာ မဟုတ်တော့ဘဲ ပြည်မလို့ခေါ်တဲ့ ဗမာပြည် ဒေသတွေကို အဓိကကိုယ်စားပြုလာတာတွေ မြင်လာကြရပါတယ်။

ပြည်နယ်များကတော့ ပြည်မနဲ့ညီမျှမှု မရှိခဲ့တဲ့အတွက်၊ စွမ်းအားရှိသလောက် လုပ်ကိုင်နိုင်ခွင့် မရှိခဲ့သလို၊ တိုးတက်သင့်သလောက်မတိုးတက်ခဲ့ပါဘူး။ ဒီလို ဘာကြောင့်ဖြစ်ခဲ့သလဲဆိုရင် ပြည်ထောင်စုရယ်လို့ စုပေါင်းဖွဲ့စည်းကြတဲ့အခါ ပြည်နယ်ရသင့်ရထိုက်တဲ့ လူမျိုးစုများကို ပြည်နယ်အင်္ဂါနဲ့အညီ ဖွဲ့စည်းပြီး၊ ရှမ်းပြည်နယ်လူထုအတွက် ရှမ်းပြည်နယ်၊ ကယားပြည်နယ် လူထုအတွက် ကယားပြည်နယ်ရှိကြသလို ပြည်မလူထုအတွက်လည်း ပြည်နယ်တနယ် ဖွဲ့စည်းပြီးတော့ တန်းတူညီတူအခြေခံအပေါ် ဖွဲ့စည်းထားခြင်းမရှိလို့ပဲလို့ဆိုတာ သက်သေပြနေပါတယ်။

ပင်လုံညီလာခံရဲ့အနှစ်သာရ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့လမ်းညွှန်များကို အဓိကထားပြီး၊ တန်းတူညီတူဖွဲ့စည်းစုပေါင်းရန် အကောင်အထည်ဖော်လာကြရင်၊ ပြည်ထောင်စုအစိုးရဟာ ပြည်နယ်များအားလုံးကို ကိုယ်စားပြုတဲ့အစိုးရပဲ ဖြစ်ရမှာပါဘဲ။

အခုတော့ ပြည်မလူထုအတွက် ပြည်နယ်တနယ်ဖွဲ့စည်းရေး မကြိုးစားဘဲ၊ ပြည်မအဖြစ် ဆိုပြီး ထားလေတော့ ပြည်မရဲ့အခွင့်အာဏာနဲ့ ပြည်ထောင်စုရဲ့အခွင့်အာဏာ ရောထွေး စုပေါင်းပြီး၊ စိုးမိုးအုပ်ချုပ်လာတော့ကာ ပြည်ထောင်စုအဖြစ်ကလျှော့ကျလာပြီး တပြည်ထောင် စိုးမိုးမှုစနစ်သို့ တရွေ့ရွေ့ကူးပြောင်းလာတာ တွေ့ရှိရပါတယ်။ ဒီအကြောင်း အရာကြောင့်လည်း ကျနော်တို့ပြည်နယ်များဟာ တနေ့တခြား တာဝန်ရှိတဲ့ ပြည်မက ပြည်မအစိုးရအပေါ်မှာ သံသယရှိ ရှိလာပါတယ်။ ဒီသံသယတွေဟာ ထုနဲ့ထည်နဲ့ ဝင်ဝင်လာလို့ ကနေ့ပြည်နယ်များဟာ ပြည်မအပေါ် မကျေမနပ်ဖြစ်တဲ့အကြောင်း ထုတ်ဖော်လာကြရပါတယ်။ ကနေ့ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုပုံသဏ္ဍာန်ဟာ ပြည်နယ်များရဲ့ အမျိုးသားညီညွတ်ရေး၊ တည်ဆောက်နိုင်မဲ့ပုံမျိုး၊ ညီမျှသော ပြည်ထောင်စု စနစ်မျိုး မဟုတ်ကြောင်းကိုလည်း တွေ့မြင်လာခဲ့ကြရပါတယ်။

အခုလို ကျနော်တင်ပြအစီရင်ခံလိုက်တော့ ပြည်မတာဝန်ရှိပုဂ္ဂိုလ်များ၊ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်တော်များက ကျနော့်အပေါ် တမျိုးမျိုးထင်ယောင်ထင်မှား ရှိချင်ရှိကြပါလိမ့်မယ်။ ဒါပေမဲ့ ကနေ့ နှီးနှောဖလှယ်ပွဲမှာ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပြည်နယ်များ ပြဿနာကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြမှာမို့ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားနှင့် ဆက်လက်တင်ပြပါရစေ။

တတိယအချက်ကတော့ အထက်က ကျနော်အစီရင်ခံခဲ့သလို ဟုတ်မဟုတ် ဆန်းစစ်ကြည့်လိုက်ရင် လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နိဒါန်းနှင့် အဲဒီနိဒါန်းကို အခြေပြုပြီး ရေးဆွဲပြဋ္ဌာန်းထားတဲ့ နောက်အပိုဒ်တွေ နှိုင်းယှဉ် ကြည့်ပြီး၊ စိစစ်လိုက်ပါရင် ရှေ့နဲ့နောက်မကိုက်ညီတာ တော်တော်များများ တွေ့ရ ပါလိမ့်မယ်။ ဒီအချက်အလက်တွေကိုတော့ ကျနော်အထူးမဖော်ပြလိုပါဘူး။ ကျနော့်ထက် ဥပဒေကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များ ပိုမိုသိရှိနားလည်တော်မူကြပါတယ်။ အဲဒီလို ဥပဒေ နိဒါန်းမှာ တရားမျှတခြင်း၊ ညီမျှခြင်း၊ လွတ်လပ်ခြင်းဆိုတဲ့ လောကပါလတရားတွေကို ထုတ်ဖော်ပြဋ္ဌာန်းထားလင့်ကစား နောက်အပိုဒ်တွေမှာ ဒီတရားတွေရဲ့အခြေခံနဲ့ ဆန့်ကျင် နေတဲ့ အကြောင်းရင်းဟာ ကျနော်တို့အတွက် အထူးဝမ်းနည်းစရာတရပ်ဖြစ်ပါတယ်။ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်စေချင်တဲ့ဆန္ဒ ပြင်းပြင်းပြပြ ပေါ်ပေါက်လာရတာလဲ ဒီအကြောင်းရင်းကြောင့်ဘဲဖြစ်ပါတယ်။

အခြေခံဥပဒေထဲက အကြောင်းပြချက်တချက်အနေနဲ့ ဖော်ပြရမယ်ဆိုရင် အခြေခံဥပဒေ ပုဒ်မ ၂၂ အရ၊ ပြည်မဟာ အခြားပြည်နယ်များနည်းတူ ပြည်ထောင်စုအဖွဲ့ဝင်တခုဖြစ်ပေမဲ့ အခြေခံဥပဒေ ပုဒ်မ (၈) အရ၊ အခြားသောပြည်နယ်များ အပေါ်မှာ ပြည်ထောင်စုအနေနဲ့ စိုးမိုးအာဏာလွှမ်းလာလို့ ပြည်နယ်များဟာ တကယ်ဘဲ မကျေမနပ်ဖြစ်ခဲ့ရပါတယ်။ အမှန်မှာ ဒီပုဒ်မရဲ့အတွင်းအနှစ်သာရဟာ ပြည်မဟာ နယ်တနယ်အဖြစ် ပြည်ထောင်စုအဖွဲ့ဝင်တဦး ဖြစ်သင့်ပေမဲ့ ပြည်မဟာ ပြည်ထောင်စုအာဏာများ လက်ဝယ်ရရှိပြီး၊ အဲဒီအာဏာတွေနဲ့ ပြည်နယ်များအပေါ်မှာ စိုးမိုးလွှမ်းခြုံလာတယ်လို့ ပြည်နယ်များက ယုံကြည်ကြပါတယ်။

ဒါကြောင့် ကျနော်က နောက်ဆုံးစတုတ္ထအချက်အနေနဲ့ ပြည်နယ်များရဲ့ဆန္ဒကို ထုတ်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ ကျနော်တို့ လိုလားတောင့်တတဲ့ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံစံ ဟာ ပြည်နယ်တိုင်းဟာ တန်းတူညီတူအခွင့်အရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံပြု တဲ့ပြည်ထောင်စုစနစ်မျိုး ဖွဲ့စည်းရေးဖြစ်ပါတယ်။ ဒီလို တန်းတူညီတူအပေါ် ဖွဲ့စည်းရေးကို အခြေခံတဲ့အခါမှာ ရသင့်သောဒေသများကို ပြည်နယ်ဖွဲ့စည်းပေးပြီး၊ ပြည်မအတွက်လည်း ပြည်နယ်တနယ်ဖွဲ့စည်းမှသာ တန်းတူရေးအခြေခံဟာ အကောင်အထည်ပေါ်လာပါလိမ့်မယ်။ ဒါကြောင့် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ကိုယ်စား ကျနော်တို့လိုလားသော ပြည်ထောင်စု စနစ် ဖွဲ့စည်းပုံ ပုံသဏ္ဍာန်ကို တင်ပြအစီရင်ခံရရင် ...

(၁) ပြည်မကို ပြည်နယ်တနယ်ဖွဲ့စည်းရေး။

(၂) လွှတ်တော် ၂ ရပ် အာဏာအတူပေးရေး။

(၃) လူမျိုးစုလွှတ်တော်သို့ပြည်နယ်တိုင်း ပြည်နယ်တိုင်း တူညီသောကိုယ်စားလှယ်ပေးရေး။

(၄) ပြည်နယ်များက မိမိဆန္ဒအလျောက်လွှဲအပ်သောအာဏာများကို ပြည်ထောင်စု ဗဟိုအစိုးရသို့ကန့်သတ်ပေး၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားရှိရေး။

ဆိုတဲ့အခြေခံအပေါ် ပြည်နယ်များညီညွတ်ရေးအဖွဲ့က တင်ပြထားတဲ့ ပြည်ထောင်စုစနစ် ပုံစံ အတိုင်း အခြေခံဥပဒေမျိုး ပြင်ဆင်စေခြင်းပါဘဲ။

လေးစားအပ်သော သဘာပတိကြီးနဲ့တကွ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများခင်ဗျား

ပြည်ထောင်စုကိုယ်စားလှယ်တော်များ၊ ပြည်မနိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်ကိုယ်စားလှယ်တော်များခင်ဗျား၊ ယခု ကျနော်တင်ပြထားတဲ့ အဓိက အချက်ကြီး (၄) ချက်ဖြစ်တဲ့ (၁) ပြည်ထောင်စုဖြစ်ပေါ်လာပုံ၊ (၂) ပြည်နယ်များ လက်ရှိအခြေအနေ၊ (၃) လက်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ (၄) ပြည်ထောင်စုဖွဲ့စည်းရေးဆိုတာတွေကို အလေးအနက် စဉ်းစားဝေဖန်ပိုင်းခြားပြီး၊ ကျနော်တို့ ပြည်နယ်များအပေါ် မိသားစုစိတ်ဓာတ်နဲ့ကြည့်ပြီး၊ ပြေလည်တဲ့အထိ ညှိနှိုင်းဆွေးနွေး ဖြေရှင်းကြစေလိုပါတယ်။

(၁၄) နှစ်ကျော်ကျော် ကြုံတွေ့ခံစားလာခဲ့ရတဲ့ ကျနော်တို့ပြည်နယ်များရဲ့ အခြေအနေတွေကို လည်း သိစေလိုပါတယ်။ ကျနော့်အနေနဲ့ အခုလို ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား တင်ပြခွင့်ရရှိတာကိုလည်း အထူးပဲ ကျေးဇူးတင်ဝမ်းမြောက်လှပါတယ်။ အခုကျနော်တို့ရဲ့ တင်ပြချက်ဟာ လွတ်လပ်ရေး (၁၄) နှစ်တာ လမ်းခရီးရဲ့အတွေ့အကြုံများအရ ဒီနေ့လျော့ရဲနေတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပြန်လည်ခိုင်မာစွာတည်ဆောက်နိုင်ရန်အတွက် အထက်ပါအတိုင်း လုပ်ဆောင်နိုင်မှသာ ဖြစ်မြောက် အောင်မြင်လိမ့်မယ်လို့ အလေးအနက် ယုံကြည်ပြီ တင်ပြရခြင်းဖြစ်ပါတယ်။

ဒါကြောင့် အခုလို ကျနော်များ မိသားစုံလင်နီးနှောဖလှယ်ပွဲကြီး ထမြောက်အကောင်အထည်ဖော်ပေးတဲ့ ဝန်ကြီးချုပ်ဦးနုကို အထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်းပြောပြရင်း ကျနော်တို့ ပြည်ထောင်စုကြီးရဲ့ပြဿနာကိုလည်း အထူးပဲ ဖြေရှင်းပေးနိုင်ကြပါရန် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံ၍ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား ...။

ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား ရှမ်းပြည်ဝန်ကြီး စဝ်ခွန်ချိုတင်ပြထားသောအဆိုကို ...

(၁) ဒူးဝါးဇော်လွန်း ကချင်ပြည်နယ်ကိုယ်စားလှယ်ကလည်းကောင်း၊

(၂) ဦးစိန် ကယားပြည်နယ်ကိုယ်စားလှယ်ကလည်းကောင်း၊

(၃) ဦးထွန်းမြင့် ရှမ်းပြည်နယ်ကိုယ်စားလှယ်ကလည်းကောင်း၊

(၄) ကပ္ပတိန်မန်းတုံးနုံး ချင်းအထူးဒေသတိုင်း ကိုယ်စားလှယ်ကလည်းကောင်း၊ အသီးသီး ထောက်ခံဆွေးနွေးကြသည်။[49]

မြန်မာနိုင်ငံလူမျိုးပေါင်းစုံ ပြည်ထောင်စုနီးနှောဖလှယ်ပွဲကြီးကို ဒုတိယနေ့အဖြစ် မတ်လ(၁) ရက်နေ့တွင် ဆက်လက်ကျင်းပသွားရန် သတ်မှတ်လိုက်သည်။

## မတ်လ (၁) ရက်၊ ဒုတိယနေ့ နီးနှောဖလှယ်ပွဲဆက်လက်ကျင်းပခြင်း[50]

ဒုတိယနေ့နီးနှောဖလှယ်ပွဲကြီးကို ၁၉၆၂ ခု၊ မတ်လ (၁) ရက်နေ့တွင် ဆက်လက်ကျင်းပပြီး နီးနှောဖလှယ်ပွဲတွင် (၁) ပမညတ၊ (၂) ဖဆပလ၊ (၃) ရပလဖ၊ (၄) ပထစအဖွဲ့ ကိုယ်စားပြုသော ကိုယ်စားလှယ်တဦးစီက ဆွေးနွေးသွားရန်နှင့် နိုင်ငံရေးအဖွဲ့များ၊ ကိုယ်စားလှယ်များ ဆွေးနွေးပြီးပါက အစိုးရအတိုင်ပင်ခံအဖွဲ့ကိုယ်စား ဒေါက်တာဦးဘဦးက အတိုင်ပင်ခံ အဖွဲ့၏သဘောထားကို ဆွေးနွေးသွားရန် သတ်မှတ်ထားသည်။

ကိုယ်စားလှယ်များအားလုံးဆွေးနွေးပြီးသည့်အခါ ဝန်ကြီးချုပ်ဦးနု နာယကအဖြစ်ဦးဆောင် ပြီး (၁) ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ် ၆ ဦး၊ (၂) ပမညတကိုယ်စားလှယ် မှ ၃ ဦး၊ (၃) ဖဆပလကိုယ်စားလှယ်မှ ၃ ဦး၊ (၄) ရလပဖ ကိုယ်စားလှယ်မှ ၃ ဦး၊ (၅) ပထစ ကိုယ်စားလှယ်မှ ၃ ဦးနှင့် အစိုးရအတိုင်ပင်ခံအဖွဲ့ဝင်လူကြီးများပါဝင်သော ကော်မတီ တခု ကိုလည်း ဖွဲ့စည်းသွားရန် ချမှတ်ထားသည်။

ဒုတိယနေ့နီးနှောဖလှယ်ပွဲတွင် အတိုက်အခံပါတီများဖြစ်ကြသော ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦး ဗဆွေနှင့် ပမညတခေါင်းဆောင် ဝိဓူရသခင်ချစ်မောင်တို့က ပြည်ထောင်စုမူနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးကြသည်။

49 ၁၉၅၈ - ၁၉၆၂ မြန်မာ့နိုင်ငံရေး၊ စတုတ္ထတွဲ (၁၉၉၁)၊ စာ ၁၄၃ - ၁၆၆

50 ၁၉၅၈ - ၁၉၆၂ မြန်မာ့နိုင်ငံရေး၊ စတုတ္ထတွဲ (၁၉၉၁)၊ စာ ၁၆၆

## (စ) အတိုက်အခံပါတီများ၏ သဘောထား

ဝန်ကြီးချုပ်ဦးနု အစိုးရလက်ထက်တွင် အတိုက်အခံပါတီများအဖြစ် ဦးဗဆွေ ဦးဆောင်သော တည်မြဲ (ဖဆပလ) အဖွဲ့ချုပ်နှင့် ဝိဓူရသခင်ချစ်မောင်ဦးဆောင်သော ပြည်ထောင်စု အမျိုးသားများ ညီညွတ်ရေးတပ်ပေါင်းစု (ပမညတ) နှစ်ပါတီရှိပြီး ၁၉၄၇ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးနှင့်ပတ်သက်၍ သဘောထားများကို အောက်ပါအတိုင်း ထုတ်ဖော်ပြောကြားသွားကြောင်း တွေ့ရသည်။

## တည်မြဲ (ဖဆပလ) အဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးဗဆွေ၏ ဆွေးနွေးတင်ပြသည့်အနှစ်ချုပ် ကောက်နုတ်ချက်[51]

ဗမာပြည်မကို ပြည်နယ်များနဲ့တန်းတူဖွဲ့စည်းမှ သဘာဝကျတယ်လို့ဆိုရင် ကျနော်က ဖွဲ့စည်းပုံကို ကြည်ကြည်ဖြူဖြူ လက်ခံချင်ပါတယ်။ ဒါပေမဲ့ ဗမာပြည်မကို ပြည်နယ်တခုအနေနဲ့ မထူထောင်စေပဲ ပြည်ထောင်စုဗဟိုအစိုးရအောက်မှာ လက်ရှိအခြေခံဥပဒေအရ တိုက်ရိုက်သိမ်းပိုက်ထားပါ။ ဗမာပြည်မဟာ ရေမြေအနေအထားအရ သဘာဝအလျောက် အခြားပြည်နယ်တွေထက် ပိုမိုတိုးတက်ဖွံ့ဖြိုးနေတာ တွေ့နိုင်ပါတယ်။ အဲသလို အခြားပြည်နယ်တွေထက် တိုးတက်မှုရှိပြီးဖြစ်တဲ့အတွက် ဗမာပြည်မက ကျန်ပြည်နယ်အားလုံးရဲ့တိုးတက်မှုကိုပါ ပါဝင်တာဝန်ယူစေသင့်တယ်လို့ ယူဆတာကြောင့် ဗမာပြည်မကို ပြည်နယ်တခုအဖြစ် ဖွဲ့မပေးခဲ့ခြင်းဖြစ်ပါတယ်။ ထူးခြားတဲ့ ကျနော်တို့ရဲ့သမိုင်းကြောင်းအခြေအနေအရဗမာပြည်မကို ပြည်နယ်မလုပ်ခဲ့တာ မှန်တယ်လို့ ကျနော်တို့ယူဆပါတယ်။ အကယ်၍ ဗမာပြည်မကိုသာ ပြည်နယ်ပေးမိရင် ပြည်ထောင်စုဗမာနိုင်ငံရဲ့အခြေအနေဟာ တမျိုးတဖုံပြောင်းလဲသွားစရာရှိပါတယ်။ ဗမာပြည်မကလည်း ငါဟာ ပြည်နယ်တခုပဲဆိုပြီးတော့ အခြားပြည်နယ်တွေရဲ့ထူထောင်ရေးကို တာဝန်ယူချင်မှ ယူလိမ့်မယ်။ ဗမာပြည်နယ်မှ ဗမာပြည်နယ်ဆိုတဲ့ ကျဉ်းမြောင်းတဲ့ စိတ်ဓာတ်တွေပေါ်လာပြီး ရှိရှိသမျှ မိမိအင်အားကို အခြားပြည်နယ်တွေအတွက် မျှဝေမသုံးတော့ဘဲ ဗမာပြည်နယ်တခုထဲမှာသာ အလုံးစုံ ဖိသုံးချင်သုံးပါလိမ့်မယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုအစိုးရကိုပေးထားတဲ့ အာဏာတွေဟာ အခုလို ရှိချင်မှ

51 ၁၉၅၈ - ၁၉၆၂ မြန်မာ့နိုင်ငံရေး၊ စတုတ္ထတွဲ (၁၉၉၁)၊ စာ ၁၉၈ - ၂၀၁

လည်း ရှိပါလိမ့်မယ်။ အခြားပြည်နယ်တွေက တောင်းသလို ဗမာပြည်နယ်ကလည်း အာဏာတွေကို တောင်းလာပါလိမ့်မယ်။ အဲဒီလိုသာဖြစ်သွားရင် ပြည်ထောင်စုဗမာနိုင်ငံရဲ့ မြန်မာအစိုးရဟာ အလွန်အင်အားချည့်နဲ့တဲ့ ရုပ်ပြ၊ ဟန်ပြ အစိုးရမျိုးသာ ဖြစ်သွားပါလိမ့်မယ်။ ဗမာပြည်နယ်သာ သူ့သဘာဝ ဝတ္တုပစ္စည်း၊ သူ့အခွန်အကောက်တွေနဲ့သူ၊ သူ့ထူထောင်ရေးအတွက် သူလိုင်လိုင်ကြီးသုံးစွဲနိုင်ပြီးတော့ တခြားဒေသတွေမှာတော့ အင်္ဂလိပ်ခေတ်တုန်းကလို နလန်မထူနိုင်ဘဲ နစ်နာနေမှာစိုးရိမ်ရပါတယ်။ အဲဒါကြောင့် ဗမာပြည်နယ်အဖြစ်ဖွဲ့စည်းခွင့် မပေးခဲ့တာဟာ အလွန်မှန်ကန်တယ်။ ဘဘာဝကျတယ်လို့ ကျနော်ယုံကြည်ပါတယ်ဟု သဘောထားအမြင်ကို ထုတ်ဖော်ပြောကြားသွားသည်။*

*ဖဆပလအဖွဲ့ချုပ်ကိုယ်စား ဦးဗဆွေ၏ ဆွေးနွေးတင်ပြချက်သည် အမျိုးသားတန်းတူရည်တူ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်အပေါ် သဘောမပေါက်နားမလည်ဟန် မဖြစ်နိုင်ချေ။ တိုင်းရင်းသားများ တန်းတူရေး၊ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အားနည်းနေကြောင်း သုံးသပ်နိုင်သည်။

## ပြည်ထောင်စုအမျိုးသားများညီညွတ်ရေးတပ်ပေါင်းစု (ပမညတ) ကိုယ်စား ဝိဓူရ သခင်ချစ်မောင် ဆွေးနွေးတင်ပြသည့် အနှစ်ကောက်နှုတ်ချက်[52]

၁။ ယနေ့ပြည်တွင်းပြည်ပအခြေအနေအရ ပြည်ထောင်စုစစ်စစ်ဆိုသည့်မှုကို ထူထောင်လျှင် confederation ဆန်ဆန်ဖြစ်လာပြီး ပြည်ထောင်စုညီညွတ်ရေးထက် တစတစ အားဖြင့် ပြည်ထောင်စုပြိုကွဲရေးကိုသာ အားပေးရာရောက်ပါလိမ့်မည်။ ဒါကြောင့် ကျနော်သဘောမတူနိုင်ပါ။

၂။ ယနေ့ပြည်ထောင်စုဖွဲ့စည်းခဲ့တဲ့ (၁၄) နှစ်သက်တမ်းအတွင်းမှာ နယ်ချဲ့သမားများ၏ ပယောဂ၊ အုပ်စိုးသူများရဲ့သဘောထားများ၊ လုပ်ချက်မှားတွေကြောင့် ပြည်နယ်လူမျိုးများအတွင်း ပြည်သူများအားလုံးနဲ့အတူ များစွာနစ်နာနေရသည်ကို ကျနော်တို့ အထူးလှိုက်လှဲစွာ အသိအမှတ်ပြုပါသည်။ အလေးအနက် နာကြည်းပါသည်။ ထို့အတွက် ယခုပြည်ထောင်စုဖွဲ့စည်းပုံ ပုံစံအတွင်းမှာပဲ အစွမ်းကုန် လိုက်လျော ညှိနှိုင်းပြင်ဆင်ရန် ကျနော်တို့ လုံးဝသဘောတူညီပါတယ်။

52 ၁၉၅၈ - ၁၉၆၂ မြန်မာ့နိုင်ငံရေး၊ စတုတ္ထတွဲ (၁၉၉၁)၊ စာ ၁၆၇ - ၁၉၀

၃။ အရင်းရှင်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစစ်စစ်ဆိုသည်မှာ ပုံစံအားဖြင့်သာရှိ၍ အနှစ်သာရမှာ အတုသာဖြစ်ကြောင်း။ ထို့ကြောင့် ပြည်ထောင်စုစစ်စစ်ကို ပုံစံရော အနှစ်သာရပါ အမှန်တကယ်အလိုရှိပါလျှင် မြန်မာပြည်ထောင်စုဆိုရှယ်လစ် သမ္မတ နိုင်ငံတော် ထူထောင်ရေးသို့ ချီတက်ကြပါရန် အလေးအနက်တိုက်တွန်းပါသည်။

၄။ ယခု ကျင်းပလျက်ရှိနေသည့် လူမျိုးပေါင်းစုံညှိနှိုင်းဖလှယ်ရေးပွဲကြီးကို လွတ်လပ်စွာ အပြန်အလှန်ညှိနှိုင်းဖလှယ်ပွဲအဖြစ်သာ အသိအမှတ်ပြုပါရစေ။ တဦးနှင့်တဦး အကြပ် ကိုင်ပြီး တစုံတခုသော အဆုံးအဖြတ်ကို ဆုံးဖြတ်သည့်ပွဲအဖြစ် လက်မခံနိုင်ပါ။

၅။ ယခုဆွေးနွေးညှိနှိုင်းချက်များကို ဆိုင်ရာတို့က ပြန်လှန်သုံးသပ်ကြပြီး လူမျိုးအားလုံး အစုံအညီတက်ရောက်မည့် ပြည်ထောင်စုညီညွတ်ရေး ညီလာခံသဘင်ကြီးကို ၁၉၆၃ ခုနှစ်၊ နှစ်ဦး၌ ခေါ်ယူကာ ထပ်မံညှိနှိုင်းပြီးမှသာ ဆုံးဖြတ်ချက်များ ချမှတ်သင့်ပါသည်ဟူ၍ ပမညတ၏ သဘောထားအမြင်များကို ထုတ်ဖော်ပြောကြားသည်။

မှတ်ချက် ။ ။ ပမညတကိုယ်စား ဝိစ္စရသခင်ချစ်မောင်၏ ဆွေးနွေးတင်ပြချက်သည် တိုင်းရင်းသားလူမျိုးများတန်းတူရေး၊ ပင်လုံစိတ်ဓာတ်၊ ဖက်ဒရယ်ပြည်ထောင်စုစိတ်ဓာတ် ထက် ပါတီစွဲဝါဒကိုသာ အလေးပေးကြောင်း သုံးသပ်နိုင်ပေသည်။

## (ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရန် ကော်မတီဖွဲ့စည်းခြင်း

၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက် ဒုတိယနေ့နှီးနှောဖလှယ်ပွဲကြီးတွင် အတိုက်အခံပါတီများဖြစ် ကြသော ဖဆပလအဖွဲ့ချုပ်နှင့် ပမညတအဖွဲ့၏ သဘောထားတင်ပြသွားပြီးသည် နောက် (၁) ရပလဖ၊ (၂) ပထစအဖွဲ့ ကိုယ်စားလှယ်တဦးစီနှင့် အတိုင်ပင်ခံအဖွဲ့ကိုယ်စား ဒေါက်တာ ဦးဘဦး ဆွေးနွေးရန်အတွက် နှီးနှောဖလှယ်ပွဲကြီး တတိယနေ့ကို မတ်လ (၇) ရက်နေ့တွင် ဆက်လက် ကျင်းပရန် သတ်မှတ်လိုက်သည်။

ကိုယ်စားလှယ်များအားလုံးဆွေးနွေးပြီးသည့်အခါ ဝန်ကြီးချုပ်ဦးနု နာယကအဖြစ်ဦးဆောင်ပြီး (၁) ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ် ၆ ဦး၊ ပမညတ ကိုယ်စားလှယ်မှ ၃ ဦး၊ (၃) ဖဆပလကိုယ်စားလှယ်မှ ၃ ဦး၊ ရပလဖ ကိုယ်စားလှယ်မှ ၃ ဦး၊ ပထစ ကိုယ်စားလှယ်မှ ၃

ဦး စုစုပေါင်း (၁၉) ဦးနှင့် အစိုးရအတိုင်ပင်ခံအဖွဲ့ဝင် လူကြီးများပါဝင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရန် ကော်မတီတခုကိုလည်း ဖွဲ့စည်းသွားရန် သတ်မှတ် လိုက်သည်။[53]

## (၉) စစ်တပ်အာဏာသိမ်းယူခြင်း

ထိုအချိန်ကာလတွင် လူမျိုးပေါင်းစုံနှီးနှောဖလှယ်ပွဲကြီး ဆက်လက်ကျင်းပပါက ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော ပြည်ထောင်စုပါတီ၊ ပြည်ထောင်စုအစိုးရသည် အင်အား သုံးပုံနှစ်ပုံကျော်ပြီး ပြည်နယ်များအင်အားနှင့်ပေါင်းပါက ဒီမိုကရေစီကျင့်စဉ်အရ ပြင်ဆင် ရေးဆွဲလိုသော ပြည်ထောင်စုစစ်စစ်မှုကို ပြင်ဆင်ရေးဆွဲနိုင်မည်မလွဲပေ။ သို့သော် အာဏာငမ်းငမ်းတက်ပြီး တိုင်းရင်းသားတန်းတူရေးကို လုံးဝမလိုလားဘဲ လူမျိုးကြီးဝါဒကျင့်သုံးလိုသည့် ဗိုလ်နေဝင်းဦးဆောင်သော စစ်အုပ်စုသည် အာဏာသိမ်း ယူခြင်းကြောင့် ပြည်ထောင်စုတိုင်းရင်းသားများ နှီးနှောဖလှယ်ပွဲကြီး ပျက်သုဉ်းသွားရသည်။

ထိုအချိန်ကာလတွင် ဖဆပလအဖွဲ့ချုပ် နှစ်ခြမ်းအကွဲအပြဲကြောင့် အာဏာသိမ်းယူရန် ကြံစီရာမှ အိမ်စောင့်ဘဝ နာမည်ခံပေးထားရပြီး ၁၈ လကြာ အာဏာအရသာ ခံစားဖူးပြီးဖြစ်သည့် ဗိုလ်နေဝင်းဦးဆောင်သောစစ်အုပ်စုသည် မိမိကိုယ်ကို တိုင်းပြည်ကယ်တင်ရှင်ကြီးအဖြစ် ခြေမြေကြီးမထိဘဲ ခေါင်းတိမ်ကြားရောက် ဘဝင်အထွဋ်အထိပ်သို့ ရောက်ရှိနေသည့်အချိန် ဖြစ်သည်။ ထို့အပြင် အာဏာငမ်းငမ်းတက်နေပြီး တိုင်းရင်းသားလူမျိုးများ တန်းတူရေးကို လုံးဝလက်မခံဘဲ လူမျိုးကြီးဝါဒစွဲကိုင်ထားကာ၊ တိုင်းရင်းသားလူမျိုးများအား အမျိုးဖြုတ် လိုသည့် ဖက်ဆစ်စစ်အုပ်စုသည် ၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့တွင် ပြည်သူ့အစိုးရ ဝန်ကြီးချုပ် ဦးနုလက်ထဲမှအာဏာကို ဓါးပြတိုက်သိမ်းယူလိုက်သည်။ ထိုမျှမကသေး စစ်အုပ်စု အာဏာသိမ်းစဉ်က (ရှမ်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်) တိုင်းရင်းသားများသည် ဖက်ဒရယ်သမားများဖြစ်ပြီး ခွဲထွက်ရေးသမားများဖြစ်ကြောင်း တိုင်းပြည် အစိတ်စိတ် အမွှာမွှာ ဖြိုခွဲသူများဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်ချောက်ကမ်းပါး ကျလုဆဲဆဲတွင် တပ်မတော်က အချိန်မီကယ်တင်နိုင်လိုက်ပြီးဖြစ်ကြောင်း မဟုတ်မမှန် ဝါဒဖြန့်ချိလိုက်သည်။

53 ၁၉၅၈ - ၁၉၆၂ မြန်မာနိုင်ငံရေး၊ စတုတ္ထတွဲ (၁၉၉၁)၊ စာ ၁၆၇ - ၁၉၀

ထိုသို့ ဗိုလ်နေဝင်းစစ်အုပ်စုက ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် တိုင်းရင်းသားများသည် ဖက်ဒရယ်သမားများဖြစ်ကြပြီး ခွဲထွက်ရေးသမားများဖြစ်ကြောင်း၊ တိုင်းပြည်အစိပ်စိပ်အမွှာမွှာ ဖြိုခွဲသူများဖြစ်ပြီး တိုင်းပြည် ချောက်ကမ်းပါးကျလုဆဲဆဲတွင် တပ်မတော်မှ အချိန်မှီကယ်တင်နိုင်လိုက်သည်ဟု မဟုတ်မမှန် ဝါဒဖြန့်သည်ကို နိုင်ငံရေးအားနည်းသော ပြည်သူအများစုသည် အထူးသဖြင့် ဗမာတိုင်းရင်းသားအများစုသည် လွတ်လပ်ရေးရရှိသည်မှာ မကြာသေး၊ တိုင်းရင်းသားလူမျိုးစုများ ဖက်ဒရယ်သမားများ ဖြစ်ကြပြီး ခွဲထွက်မည်ဆိုပါက တိုင်းပြည် အစိပ်စိပ်အမွှာမွှာ ပြိုကွဲမည့်အရေးကို တပ်မတော်မှ အချိန်မှီထိန်းသိမ်းနိုင်ခြင်းသည် မှန်ကန်သည်ဟု ထင်မြင်ယူဆကြသည်။ ထို့အပြင် ပါတီဂိုဏ်းဂဏစွဲပြင်းထန်ပြီး ဗိုလ်ချုပ်နေဝင်းက အာဏာခွဲဝေပေးလိမ့်မယ်ဟု အာဏာ ရယူလိုသော နိုင်ငံရေးသမားများအချို့တို့၏ သွေးထိုးလှုံ့ဆော်ချက်ကြောင့် လည်း ဗမာတိုင်းရင်းသားနှင့် အခြားတိုင်းရင်းသားများစပ်ကြား အချင်းချင်း ပို၍ အထင်အမြင် လွဲမှုဖြစ်ပေါ်စေသည်။

တိုင်းပြည်တပြည်တွင် အမြင့်ဆုံးဥပဒေသည် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပင်ဖြစ်သည်။ သမ္မတ၊ ဝန်ကြီးချုပ်မှအစ တိုင်းသူပြည်သားများအဆုံး အားလုံးလိုက်နာကြရသည်။ ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၁၀) တင် ခွဲထွက်ပိုင်ခွင့်နှင့် အခန်း (၁၁) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲပိုင်ခွင့်ရှိကြောင်း အတိအလင်းပြဋ္ဌာန်းထားသည်။ အကယ်၍ ပြည်နယ်များသည် ခွဲထွက်ခွင့်တောင်းလာပါက နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည်ပင်လျှင် ပယ်ချပိုင်ခွင့်မရှိပေ။ ပြည်နယ်တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၅၉ ခု၊ ပြည်တွင်းစစ်ပြင်းထန်စဉ်က ဝန်ကြီးချုပ်ဦးနုအစိုးရ၏ စစ်တပ်အင်အားသည် တပ်ရင်းတရင်းနှင့် တဝက်သာကျန်ရှိပြီး ၁၂ မိုင် အစိုးရဟု ခေါ်တွင်ခံရသည့်အချိန်တွင်ပင် ကချင်၊ ကယား၊ ရှမ်း၊ ချင်းပြည်နယ်ခေါင်းဆောင်များသည် ပြည်ထောင်စုအစိုးရနှင့် လက်ချင်းယှက်ပြီး မိမိတွင်ရှိသော စစ်တပ်အင်အား (၈) ရင်းဖြည့်တင်းပြီး ပြည်ထောင်စုကို ဖက်တွယ်စုပေါင်း ကာကွယ်နိုင်ခဲ့ကြသည်။ ပြည်နယ် ခေါင်းဆောင်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း (၁၀) တင် ခွဲထွက်ခွင့် ပြဋ္ဌာန်းထားသော်လည်း ခွဲထွက်ခွင့်တကြိမ်တခါမျှ တောင်းခံတင်ပြခြင်း အသုံးမပြုခဲ့ပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ထားသော ပင်လုံစိတ်ဓာတ် ပါရှိသည်အတိုင်း တိုင်းရင်းသားများတန်းတူရည်တူ စစ်မှန်သော ပြည်ထောင်စု ပြန်လည် တည်ထောင်လိုခြင်းသည် ဥပဒေဘောင်အတွင်း ဆောင်ရွက်ခြင်း ပင်ဖြစ်သည်။

သို့သော် ဗိုလ်ချုပ်နေဝင်း ဖက်ဆစ်စစ်အုပ်စုသည်သာလျှင် အခန်း (၁၀) ခွဲထွက်ခွင့် ပြဋ္ဌာန်းချက် အပေါ် အကြောင်းပြု လက်တွေ့အသုံးချပြီး ပြည်နယ်တိုင်းရင်းသားများသည် ခွဲထွက်ရေးသမားများ၊ တိုင်းပြည်ဖြိုခွဲသူများဖြစ်ကြောင်း သူခိုးလူဟစ်အော်ကာ လက်နက် အားကိုးပြီး အနိုင်ကျင့်လိုက်ခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် တိုင်းရင်းသားများသည် ဥပဒေဘောင်အတွင်း ဆောင်ရွက်ပိုင်ခွင့်မရနိုင်သည့်အဆုံး မခံမရပ်နိုင်တော့သဖြင့် ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ မွန်၊ ရခိုင်၊ ချင်းတိုင်းရင်းသားများအပြင် ပအိုဝ့်၊ ပလောင်၊ ဝ၊ နာဂ၊ လားဟူ၊ ကယန်း စသည့် တိုင်းရင်းသားလူမျိုးစုပါမကျန် ရရာလက်နက်စွဲကိုင်ပြီး ဒီမိုကရေစီအရေးနှင့် မိမိတန်းတူရေးအတွက် စစ်အာဏာမတရားဖိနှိပ်အနိုင်ကျင့်မှုအပေါ် တရားသော ခုခံတော်လှန်ရေး စစ်ဆင်နွှဲရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ပြည်တွင်းစစ်မီးသည်လည်း တတိယဆင့် အထွဋ်အထိပ်သို့ ဟုန်းဟုန်းတောက်လောင်သွားခြင်းနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ တည်ဆောက် ထားသော တိုင်းရင်းသားသွေးစည်းညီညွတ်ရေး အမျိုးသားစိတ်ဓာတ်သည်လည်း လုံးဝ ပြိုလဲပျက်စီးကျေမွသွားတော့သည်။

ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ တည်ဆောက်ထားသော ပင်လုံစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တန်းတူရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အားနည်းသွေဖည်သွားရာမှ အရပ်သားနိုင်ငံရေးသမားများသည် ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့မကျင့်သုံးနိုင်ခြင်း၊ နိုင်ငံရေး ရိုးသားပွင့်လင်းမှု အားနည်းလာခြင်း၊ နိုင်ငံရေးကို အမျိုးမျိုးကစားလာခြင်း၊ နိုင်ငံရေးသမားများသည် မိမိနိုင်ငံရေးအင်အားစုများ ညီညွတ်ရေး ရအောင် မလုပ်ဆောင်ဘဲ၊ စစ်တပ်ကိုချဉ်းကပ်ပြီး နိုင်ငံရေးစင်မြင့်ပေးမိရာမှ နောက်ဆုံး မိမိ လက်ထဲတွင် ပြည်သူလူထုမှ ယုံကြည်စိတ်ချစွာဖြင့် ပေးအပ်ထားသည့် တိုင်းပြည်အာဏာကို ပင်လျှင် မထိန်းသိမ်းနိုင်တော့ဘဲ စစ်အာဏာရှင်အုပ်စုက လုယူပါသွားသည်အထိ ပေါ်ပေါက် ခြင်းဖြစ်သည်။ ဤသည်မှာ အပြုသဘောအမြင်ဖြင့် ပြန်လည် ရှုမြင်သုံးသပ်ကြရမည်ဖြစ် ပြီး ကြီးမားသော အတွေ့အကြုံသင်ခန်းစာကြီးတခုဖြင့် ခံယူမှတ်သားသင့်ပေသည်။

ဗိုလ်ချုပ်နေဝင်း ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် အာဏာသိမ်းခဲ့စဉ်က သမ္မတကြီး မန်းဝင်း မောင်၊ ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီးများဖြစ်သော သခင်တင်၊ ဒေါက်တာ ဦးဧမောင်၊ ဦးရာရှစ်၊ ဦး ဘစော၊ သခင်တင်မောင်၊ ဦးသွင်၊ ရှမ်းပြည်ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး စဝ်ခွန်ချို၊ သမ္မတ ဟောင်း ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၊ ကယားပြည်ဝန်ကြီး စဝ်ဝဏ္ဏ၊ ဒေါက်တာစော

လှထွန်း၊ ဦးဘမြိုင်၊ နိုင်အောင်ထွန်း၊ တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မန်းဘဆိုင်၊ လူမျိုးစုလွှတ်တော်ဥက္ကဋ္ဌ စဝ်ခွန်ကြည်၊ မိုးနဲစော်ဘွား စဝ်ပြည့်၊ လဲချားစော်ဘွား စဝ်နွံ၊ သမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေး၊ ကျိုင်းတုံစော်ဘွား စဝ်စိုင်းလုံ၊ မိုင်းလွန်းစော်ဘွား စဝ်ခွန်ကိုး၊ မိုင်းခွန်စော်ဘွား စဝ်ကြည်၊ ကျေးသီးမန်းစံစော်ဘွား စဝ်ရွှေမှုံ၊ ဘော်စော်ဘွားစဝ်ခွန်အောင်၊ လွိုင်လုံစော်ဘွား စဝ်မိုးကျော်၊ ပင်းတယစော်ဘွား စဝ်ဝင်းကြည်၊ ရွာငံစော်ဘွား စဝ်ခွန်ရီ၊ မိုင်းပန်စော်ဘွား စဝ်ရွှေကြည်၊ စကားစော်ဘွား စဝ်ခွန်ညွှန့်၊ မိုင်းလွန်းစော်ဘွား စဝ်မန်လစ်၊ စဝ်ခွန်ထီး၊ စဝ်မန်ဖ သိန္နီမြောက်ပိုင်း အမတ်)၊ စဝ်အောင်ဖူး (လွိုင်လင်အရှေ့ပိုင်း အမတ်)၊ ဦးရီရောင်း (ကျိုင်းတုံမြောက်ပိုင်းအမတ်)၊ ဦးခွန်နော် (ကျိုင်းတုံမြောက်ပိုင်း အမတ်)၊ ဦးဖြူ (မိုင်းပွန် အမတ်)၊ ဦးကျော်စိန် (သမိုင်းခမ်း အမတ်)၊ ဦးလွန်း (စကားအမတ်)၊ ဦးအမ်ဇော်လ (ကွတ်ခိုင် အမတ်)၊ ဦးစိန် (ကယား)၊ ဦးထွန်းမြင့် (တောင်ကြီး)၊ ဦးကြာပု၊ ဦးမြတ်ဖူး၊ ဦးစိုးမောင်၊ ဦးချစ်ဦး၊ ဦးသန်းတင်၊ ဦးတင်အောင် စုစုပေါင်း (၅၁) တို့ကို ဖမ်းဆီးခဲ့သည်။[54]

ထိုအဖမ်းဆီးခံရသော ပုဂ္ဂိုလ်များ (၅၁) ဦးအနက် ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးများ (၆)ဦး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရန် အထူးအကြံပေးပုဂ္ဂိုလ် တဦးဖြစ်သည့် နိုင်ငံတော် တရားရေး ဝန်ကြီးချုပ် ဦးမြင့်သိဏ်းတို့ပါဝင်ပြီး ကျန် (၄၃) ဦးသည် တိုင်းရင်းသား ခေါင်းဆောင်များ ဖြစ်ကြသည်။ ထိုသို့ ဖမ်းဆီးရာတွင် အာဏာရှင်ဆိုရာမှာ ဗမာပြည်မနှင့် တောင်တန်းဒေသနယ်မြေများ တပြိုင်တည်း လွတ်လပ်ရေးရယူရန်အတွက် မဖြစ်မနေ အစအဆုံး ကြိုးစားလုပ်ဆောင်လာသော ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ (ရပလ) လူငယ်များ ကိုပင်လျှင် ချမ်းသာမပေးပဲ အားလုံးဖမ်းဆီးခံရသည်။

ထိုနေ့က အဖမ်းဆီးမခံရသောပုဂ္ဂိုလ်နှစ်ဦးမှာ ငပလီကမ်းခြေအပမ်းဖြေစခန်းသို့ရောက်နေသော ဗိုလ်မှူးအောင်နှင့် သမ္မတအဖြစ်ရွေးချယ်ရန်လျာထားပြီးသော ဆမား ဒူဝါးနောင်တို့ဖြစ်ကြသည်။ ဆမားဒူဝါးနောင်မှာ မြစ်ကြီးနားခရိုင်အတွင်းရှိ ရွာတရွာသို့ ရောက်ရှိနေသောကြောင့်ဖြစ်သည်။ အဖမ်းခံရသောခေါင်းဆောင်ကြီးများသည် ညှဉ်းပန်းနှိပ်စက်မှုခံရသဖြင့် ထောင်ထဲတွင်ပင် အများအပြား သေဆုံးသွားကြသည်။

54 ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ စစ်တပ်အာဏာသိမ်းမှုတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော ပြည်ထောင်စုအစိုးရခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်နယ်နှင့် ဗမာပြည်မနိုင်ငံရေးသမားများ၊ ပါတီဝင်များ စာရင်းအား၊ ကယားဦးစိန်၏ ၁၉၆၂ ခုနှစ် အာဏာသိမ်း ယူသော လက်ရေးမှုမှတ်တမ်းတွင် (၂၀၁၈ နေရီရီပုံနှိပ်၊ စာ ၉၄ - ၁၀၃) လေ့လာနိုင်သည်။

ယင်းစစ်တပ်အာဏာသိမ်းယူသည့် မတ်လ (၂) ရက် နံနက် (၄) နာရီအချိန်တွင် စစ်တပ်သည် သမ္မတဟောင်း ဦးနေဝင်း ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နေထိုင်သည့် နေအိမ်ဝိုင်းခြံကို ဖောက်ဝင်ပြီး လေးဘက်လေးတန် ပစ်ခတ်သဖြင့် စော်ဘွားကြီး သားတော်၊ သားလတ် စဝ်မီမီ ၁၇ နှစ် ကျဆုံးသွားသည်။

ဗိုလ်နေဝင်း စစ်အုပ်စု လက်ထက်ကာလတွင် ဖက်ဒရယ်သည် ခွဲထွက်ရေး၊ တိုင်းပြည်ဖြိုခွဲရေး ဖြစ်ကြောင်း မဟုတ်မမှန်ဝါဒဖြန့်ချိခြင်းလုပ်ရပ်နှင့် တိုင်းရင်းသားနယ်မြေများတွင် စစ်တပ်က မတရားနှိပ်စက်၊ လုယက်ဖျက်ဆီး၊ သတ်ဖြတ် မုဒိမ်းကျင့်ခြင်းလုပ်ရပ်ကြောင့် ဗမာ တိုင်းရင်းသားအများစုနှင့် အခြားလူမျိုးများအကြား စည်းလုံးညီညွတ်ရေးပျက်ပြားရန် သပ်သျှို ဖြိုခွဲနိုင်ပါသည်။

# အခန်း (၁၁)

# ၁၉၆၂ စစ်တပ်အာဏာသိမ်းပြီးနှင့် မဆလ တပါတီစစ်အာဏာရှင်ကာလ

# အခန်း (၁၁)

# ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနှင့် မဆလ တပါတီစစ်အာဏာရှင်ကာလ

## (က) တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး ပြိုကွဲခြင်း

ဖဆပလ၊ ပထစအစိုးရ ဝန်ကြီးချုပ်ဦးနုအစိုးရလက်ထက် (၁၄) နှစ်ကာလတွင် ဒီမိုကရေစီ လူ့အခွင့်အရေး အသင့်အတင့်ရှိသည်။ တိုင်းရင်းသားများ အခြေခံအခွင့်အရေးများသည်လည်း အထိုက် အလျောက်ရှိသည်။ သို့ရာတွင် ၁၉၄၇ ခု ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဗိုလ်ချုပ် အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ထားသော တန်းတူရေး ပင်လုံစိတ်ဓါတ် မှုနှင့် သွေဖယ်အားနည်းသွားသဖြင့် ပြည်နယ်များသည် ပြည်ထောင်စုအာဏာနှင့် တွဲထားသော ဗမာပြည်မ အာဏာလွှမ်းမိုးခြင်းဘဝသို့ ရောက်ရှိသွားသည်။ အခြားတိုင်းရင်းသားများက ဗမာတိုင်းရင်းသားများသည် လူလည်းများသည်။ ဉာဏ်လည်းသာပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လက်တလုံးခြား လုပ်လိုက်သဖြင့် ဗမာလက်အောက်ခံဘဝ ကျရောက် သွားသည်ဟု ခံစားမိသည်။ သို့ရာတွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ဗမာတိုင်းရင်းသား ခေါင်းဆောင်များ အများစုတို့သည် ဥပဒေဘောင်အတွင်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေး အစီအစဉ်ကိုသာ မျှော်မှန်းကြသည်။ ထိုကာလတွင် တိုင်းရင်းသား လူမျိုးများ အမျိုးသားစိတ်ဓါတ်၊ ပင်လုံစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ်သည် ယိမ်းယိုင် သွားသော်လည်း ပြိုလဲခြင်း မရှိသေးပေ။

သို့သော် ၁၉၆၂ ခုနှစ်၊ ဗိုလ်ချုပ်နေဝင်းက ဝန်ကြီးချုပ်ဦးနုလက်ထဲမှ အာဏာဓါးပြတိုက်သိမ်းယူ သည့် အချိန်မှစ၍ တိုင်းရင်းသားများဖြစ်သော (ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်) များတို့သည် ဖက်ဒရယ်သမားများဖြစ် ကြပြီး ခွဲထွက်ရေးသမားများဖြစ်ကြောင်း၊ တိုင်းပြည် အစိတ်စိတ်အမွှာမွှာကွဲပြီး ချောက်ကမ်းပါးကျလုဆဲဆဲတွင် တပ်မတော်မှ အချိန်မှီကယ်တင်

လိုက်ခြင်းဖြစ်ကြောင်း ဖက်ဒရယ်အဓိပ္ပါယ်ကို တိုင်းပြည်ပုန်ကန်မှုကြီးတစ်ခုအဖြစ် မဟုတ်မမှန် ဝါဒဖြန့်ချိသည့်အပေါ် ဗမာတိုင်းရင်းသားအများစုသည် အခြားတိုင်းရင်းသားများအပေါ် တိုင်းပြည်ဖြိုခွဲသူ များဖြစ်သည်ဟု သံသယစိတ်ထင်မြင်လာသည်။ တိုင်းရင်းသားများ မိမိတို့ ဆုံးရှုံးသွားသော တန်းတူရေးနှင့် ဒီမိုကရေစီအရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရာတွင် အဖျက်သမားအဖြစ် ထင်မြင်ခဲ့ကြသည်။ အခြားတိုင်းရင်းသား များသည်လည်း အုပ်စိုးသူ စစ်အုပ်စုကို မမြင်ဘဲ ဗမာတိုင်းရင်းသားများ မိမိတို့အပေါ် မတရားအနိုင်ကျင့်လိုက်ခြင်း ဖြစ်သည်ဟု ခံယူလာကြသည်။ အထူးသဖြင့် မဆလစစ်တပ်များ တိုင်းရင်းသားနယ်မြေအတွင်း စစ်ဆင်ရာတွင် အတင်းအဓမ္မ ရပ်ရွာပြောင်းရွှေ့ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ရွှေငွေပစ္စည်းဥစ္စာလုယူခြင်း၊ မတရားဖမ်းဆီးထောင်ချ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား မတရားပြုကျင့်ခြင်း စသည့်လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် နိုင်ငံရေးအားနည်းသော တိုင်းရင်းသားလူမျိုးစုများသည် ဗမာတိုင်းရင်းသားအပေါ် မုန်းတီးစိတ်ဖြစ်ပေါ်စေသည်။

ထိုသို့ မဆလ တပါတီအာဏာရှင် ဖက်ဆစ်စစ်အုပ်စုသည် ဗမာတိုင်းရင်းသားနှင့် အခြားတိုင်းရင်းသားများအကြား ညီအစ်ကိုအချင်းချင်း ရန်သူကဲ့သို့ အပြန်အလှန် အထင်မှား၊ အမြင်မှားအောင် မုန်းတီးစိတ်ဖန်တီးပေးနိုင်သဖြင့် ဖက်ဆစ်စစ်အာဏာရှင်စနစ် (၂၆) နှစ်ကြာ တည်မြဲရခြင်း အခြေခံအကြောင်းရင်း တချက်ပင်ဖြစ်သည်။ ဖက်ဒရယ်ဆိုသည့် စကားလုံးသည် ခွဲထွက်ရေး၊ တိုင်းပြည်ဖြိုခွဲရေးဖြစ်သည်ဟု တက္ကသိုလ်သင်ရိုးညွှန်းတန်းအထိ သင်ကြားရိုက်သွင်းထားသဖြင့် ကျောင်းသားလူငယ်အများအပြား ဖက်ဒရယ်အပေါ် ခွဲထွက်ရေးသမားဖြစ်သည်၊ တိုင်းပြည်ဖြိုခွဲသူများဖြစ်သည်ဟု ယနေ့အထိ ထင်မြင်ယူဆ စွဲလမ်းနေဆဲတွေ့ရှိရသည်။ ဗမာတိုင်းရင်းသား လူငယ်များ အချို့ပင်မက အခြားတိုင်းရင်းသား လူမျိုးစု လူငယ်များအချို့သည်လည်း မိမိတန်းတူအခွင့်အရေးအတွက် ဥပဒေဘောင်အတွင်း ဆောင်ရွက်ခွင့်မရရှိသည့်အဆုံး လက်နက်ကိုင်တော်လှန်ရေး တိုက်ပွဲဝင်နေသော တိုင်းရင်းသားလူမျိုးစုများကို တိုင်းပြည်ဖြိုခွဲဖျက်ဆီးသူဟု ထင်မြင်လာခဲ့ကြသည်။ မဆလ အုပ်စိုးသည့်ကာလတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အမျိုးသားစိတ်ဓါတ် လုံးဝပြိုကွဲသွားကြောင်း တွေ့ရသည်။

## (ခ) မဆလပါတီနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ။

ဗိုလ်နေဝင်းဦးဆောင်သော မဆလတပါတီ အာဏာရှင်စစ်အုပ်စုသည် ပြည်သူတရပ်လုံးအပေါ် ဖိနှိပ်ကျွန်ပြုနိုင်ရန်အတွက် ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၎င်းတို့ စိတ်ကြိုက် ရေးဆွဲ ပြဌာန်းလိုက်သည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေသည် တပြည်ထောင်စု စနစ်ဖြစ် သည့်အပြင် တပါတီအာဏာရှင်စနစ်လည်းဖြစ်သဖြင့် တိုင်းရင်းသားလူမျိုးစုများ သာမန် မူလအခြေခံ အခွင့်အရေးများသည်မက ဒီမိုကရေစီအခြေခံလူ့အခွင့်အရေး ဟူသမျှလည်း လုံးဝဆိတ်သုဉ်းသွား သည်။[55]

## (ဂ) ပြည်သူလူထုဆန့်ကျင်ဆန္ဒပြပွဲများ

မဆလတပါတီအာဏာရှင်စနစ် အုပ်စိုးသည့် ၂၆နှစ်ကြာ ပြည်သူတရပ်လုံးအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဒီမိုကရေစီအခြေခံ လူ့အခွင့်အရေးများ နည်းမျိုးစုံဖြင့် ဖိနှိပ်ထိန်းချုပ်ထားသော်လည်း နိုင်ငံရေးအသိအမြင် နိုးကြားကြသည့် ရဟန်းသံဃာများ၊ နိုင်ငံရေးသမားများ၊ ကျောင်းသားလူငယ်များ၊ အလုပ်သမားများနှင့် ပြည်သူလူထုအချို့တို့သည် ဒီမိုကရေစီလူ့အခွင့်အရေးအတွက် အာဏာရှင်စနစ်ကို အကြိမ်ကြိမ် ဆန့်ကျင်ဆန္ဒပြ တိုက်ပွဲဝင်ကြောင်း တွေ့ရှိရသည်။

၁။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၇) ရက် တက္ကသိုလ်ကျောင်းသားသပိတ်။ (စစ်အာဏာရှင်က ငြိမ်းချမ်းစွာ ဆန္ဒပြသော ကျောင်းသား/သူများကို ပစ်သတ်သဖြင့် ရာနှင့်ချီပြီး သေဆုံးသွားသည်။ ကျောင်းသားသမဂ္ဂ အဆောက်အဦးကို ဖြိုခွဲဖျက်ဆီးလိုက်သည်။ အများအပြား ဖမ်းဆီးထောင်ချခြင်း ခံကြရသည်။)

၂။ ၁၉၆၃ ခုနှစ်၊ ဗကပ (၅) ခရိုင်နှင့် ကရင်အမျိုးသားအစည်းအရုံး (၁) ခရိုင် ငြိမ်းချမ်းရေး ဆန္ဒပြပွဲ (အများအပြား ဖမ်းဆီးထောင်ချခြင်း ခံကြရသည်။)

၃။ ၁၉၆၅ ခုနှစ်၊ ကျောင်းသားပွဲ အဓိကရုဏ်း။

55 ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)၊ ပုဒ်မ (၁၁) အရ နိုင်ငံတော်သည်တစ်ခုတည်းသော ပါတီစနစ်ကိုသာကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်၏တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်ဟု ပြဌာန်းထားသည်။

၄။ ၁၉၆၇ ခုနှစ်၊ ဇူလိုင် တရုတ်-ဗမာ အရေးအခင်း။

၅။ ၁၉၆၇ ခုနှစ်၊ ရခိုင်ပြည် စစ်တွေမြို့ ဆန်လုပွဲပြဿနာ (စစ်တပ်မှပစ်ခတ်သဖြင့် ရခိုင်အမျိုးသားများ အများအပြား သေဆုံးသွားသည်။ မဆလစစ်အုပ်စုသည် ဆန်ပြတ်လပ်သည့် ပြဿနာကို ပြည်သူလူထုအာရုံ ပြောင်းလဲအောင် တရုတ် - ဗမာ အရေးအခင်းတရပ် ဖန်တီးလိုက်သည်။)

၆။ ၁၉၆၉ ခုနှစ်၊ အာရှကျွန်းဆွယ် အားကစားဆန္ဒပြပွဲ။ (အများအပြား ဖမ်းဆီးထောင်ချခြင်း ခံရသည်။)

၇။ ၁၉၇၀ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ရွှေရတုလှုပ်ရှားမှု။

၈။ ၁၉၇၂ ခုနှစ်၊ ဂုံနီအိတ်စက်ရုံအလုပ်သမားများနှင့် အင်းစိန်မီးရထားစက်ရုံအလုပ်သမား သပိတ်။ (အများအပြား အလုပ်ထုတ်ပယ်ခြင်း၊ ဖမ်းဆီးထောင်ချခြင်း ခံရသည်။)

၉။ ၁၉၇၄ ခုနှစ်၊ ဧပြီ ကမာရွတ်ဂါတ်တဲ မီးရှို့မှု။

၁၀။ ၁၉၇၄ ခုနှစ်၊ ဇွန်လ (၆)ရက်၊ အလုပ်သမား သပိတ်။ (အများအပြား အလုပ်ထုတ်ပယ်ခြင်း၊ ဖမ်းဆီးခြင်း ခံရသည်။)

၁၁။ ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာ ဦးသန့်အရေးအခင်း။ (သေနတ်အသံ မမြည်စေရဟု ပြောပြီး စစ်တပ်က ကျောင်းသားလူငယ်များကို ဘက်နက်ဖြင့် ထိုးသတ်ခဲ့သည်။ အများအပြား ဖမ်းဆီးထောင်ချခြင်း ခံကြရသည်။ ယင်းအချိန် ချင်းအမျိုးသား ကျောင်းသား လူငယ်များ နိုင်ငံရေးလှုပ်ရှားမှုတွင် ပိုမိုစုစည်းမိကြသည်။)

၁၂။ ၁၉၇၅ ခုနှစ်၊ ဇွန်လ အလုပ်သမားနှင့် ကျောင်းသား ရွှေတိဂုံသပိတ်။ (အများအပြား ကျောင်းထုတ်ခြင်း၊ အလုပ်ထုတ်ပယ်ခြင်း၊ ဖမ်းဆီးခြင်း ခံရသည်။)

၁၃။ ၁၉၇၆ ခုနှစ်၊ မတ်လ၂၃ ရက်၊ သခင်ကိုယ်တော်မှိုင်း မှိုင်းရာပြည့် ကျောင်းသား လှုပ်ရှားမှု။

၁၄။ ၁၉၇၆ ခုနှစ်၊ မတ်လ ဗိုလ်ကြီးအုန်းကျော်မြင့် လှုပ်ရှားမှု။

၁၅။ မန်းငွေအောင်၊ မန်းဒါဝိတ် လှုပ်ရှားမှု။

၁၆။ ၁၉၈၃ ခုနှစ်၊ ဒုတိယမြောက် မန်းငွေအောင် လှုပ်ရှားမှု။

၁၇။ ၁၉၈၈ ခုနှစ်၊ ပြည်လုံးကျွတ် ဒီမိုကရေစီအရေးတော်ပုံကြီး စသည့် ဒီမိုကရေစီတိုက်ပွဲများ အသီးသီး ပေါ်ပေါက်ခဲ့သည်။ (နိုင်ငံအနှံ့အပြား ပစ်သတ်ခြင်းခံရသဖြင့် ထောင်နှင့်ချီပြီး သေဆုံးခဲ့ကြသည်။ သောင်းနှင့်ချီပြီး လွတ်မြောက်နယ်မြေနှင့် နိုင်ငံတကာသို့ ရောက်ရှိသွားကြသည်။ ထောင်နှင့်ချီပြီး ဖမ်းဆီးချုပ်နှောင်ထောင်ချခြင်း ခံရကြသည်။)

ထိုသို့ မဆလတပါတီ ဖက်ဆစ်အာဏာရှင်အုပ်စိုးသည့်ကာလတွင် ပြည်သူလူထု တရပ်လုံး အပေါ် နည်းမျိုးစုံဖြင့် ဖိနှိပ်ညှဉ်းပန်း နှိပ်စက်အုပ်စိုးလာသော်လည်း ပြည်သူလူထုများသည် ဒီမိုကရေစီ အခြေခံလူ့အခွင့်အရေးအတွက် အကြိမ်ကြိမ် တိုက်ပွဲဝင်နိုင်ခဲ့ကြသည်။

၁၉၆၂ ခုနှစ်မှစ၍ ဗိုလ်ချုပ်နေဝင်းဦးဆောင်သော မဆလတပါတီ အာဏာရှင်စနစ် အုပ်စိုးသည့် (၂၆) နှစ် ကာလတလျှောက်လုံးတွင် ဒီမိုကရေစီအခွင့်အရေးဟူ၍ တစုံတရာ မထုတ်ဖော်နိုင်သလို တိုင်းရင်းသားများမူလအခွင့်အရေးများသည်လည်း လုံးဝ ဖော်ထုတ်နိုင်ခွင့် မရှိပေ။ ထို့ကြောင့် ဒီမိုကရေစီ လူ့အခွင့်အရေးဟူသမျှလည်း လုံးဝ ဆိတ်သုဉ်း သွားသည်။ တိုင်းရင်းသားများတန်းတူရေး မဆိုထားဘိ။ တိုင်းရင်းသား အခြေခံ အခွင့်အရေးများ အားလုံး ဆုံးရှုံးသွားသည်။ မဆလတပါတီအာဏာရှင်စနစ်၏ နိုင်ငံရေးလမ်းစဉ် မှားယွင်းခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်းစစ် နှစ်ပေါင်း ၃၀ ခန့် ကာလတွင် စစ်ဒဏ်ကြောင့်လည်းကောင်း၊ တိုင်းပြည်စီးပွားရေး ချွတ်ခြုံကျသွားသည်။ ပြည်သူတရပ်လုံး စားဝတ်နေရေးသည်လည်း ဖွတ်ကျော့ပြာစု ခရုဆံကျွတ်ဘဝ ဆင်းရဲ ဒုက္ခမျိုးစုံ ခံစားကြရသည်။

နောက်ဆုံး ၁၉၈၈ ခုနှစ်တွင် ရဟန်းရှင်လူ၊ ကျောင်းသူကျောင်းသား၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး မခံမရပ်နိုင်သည့်အဆုံး ပြည်လုံးကျွတ် ဒီမိုကရေစီ အရေးတော်ပုံကြီးကြောင့် မဆလ တပါတီ အာဏာရှင်စနစ်သည်လည်း ဗုန်းဗုန်းလဲကျဆုံးပြီး နိဂုံးချုပ် သွားတော့သည်။ ယင်းတို့ စိတ်ကြိုက်ရေးဆွဲထားသော ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ၎င်းတို့ကိုယ်တိုင် ဖျက်သိမ်းလိုက်ရသည်။ ထို့ကြောင့် ဒီမိုကရေစီအခွင့်အရေးမရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ၁၄ နှစ်သက်တမ်းသာခံပြီး ပျက်ဆီးသွားတော့သည်။

၁၉၈၈ ခုနှစ်၊ တတိုင်းပြည်လုံး ဒီမိုကရေစီ အရေးတော်ပုံကြီးပြီးသည့် နောက်ပိုင်းတွင် ဗမာတိုင်းရင်းသားနှင့် အခြားတိုင်းရင်းသားများတို့သည် ဖက်ဆစ်စစ်အုပ်စုကြောင့် ဒီမိုကရေစီ လူ့အခွင့်အရေး ဆိတ်သုဉ်းရသည်။ တိုင်းရင်းသားများ တန်းတူရေးနှင့် အခြေခံအခွင့်အရေးဟူသမျှ

ဆုံးရှုံးကြရသည်။ တိုင်းပြည်ဆင်းရဲပြီး တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံး ဆင်းရဲဒုက္ခမျိုးစုံ ခံစားကြရသည်ဟု သိမြင်လာကြပြီး ဖက်ဆစ်စစ်အုပ်စုကို ဘုံရန်သူအဖြစ် ပြောင်းလဲသတ်မှတ်လိုက်သည်။

# အခန်း (၁၂)

# ပင်လုံစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ် တည်ဆောက်ခြင်း

# အခန်း (၁၂)

# ပင်လုံစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ် တည်ဆောက်ခြင်း

## (က) ပထမအကြိမ် ပြည်ထောင်စု စိတ်ဓါတ်တည်ဆောက်ခြင်း။

ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားများသည် ပင်လုံစိတ်ဓါတ်၊ အမျိုးသားစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ် တည်ဆောက်ကြရာတွင် ဦးစွာ တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်ရေးမှ ပြည်ထောင်စု တစ်ခုလုံး စည်းလုံးညီညွတ်ရေးကို တည်ဆောက်သွားကြကြောင်း သမိုင်းအချက်အလက်အရ တွေ့ရှိရသည်။

ပြည်ထောင်စု ရှမ်းပြည်စော်ဘွားများကောင်စီသည် ရှမ်းပြည်နိုင်ငံရေးသမားများ အပါအဝင် ဖဆပလအဖွဲ့ချုပ် ခေါင်းဆောင်များတို့ကို ဖိတ်ကြားပြီး ပထမအကြိမ် ပင်လုံတွင် ၁၉၄၆ ခု၊ မတ်လ (၁) ရက်နေ့မှ (၁၂) ရက်နေ့အထိ တွေ့ဆုံဆွေးနွေးခဲ့ကြသဖြင့် အတော်အတန် နားလည်မှုရရှိသွားကြသည်။

ထိုသို့ ပထမအကြိမ် ပင်လုံညီလာခံကရရှိသော အပြန်အလှန်နားလည်မှုကို အခြေခံပြီး ဒုတိယအကြိမ် ပင်လုံညီလာခံတွင် ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ (၃-၁၂)ရက်နေ့တွင် ပြုလုပ်သော ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသား ခေါင်းဆောင်များသည် ဖေဖော်ဝါရီလ (၆-၇) ရက်နေ့၌ တိုင်ပင်ဆွေးနွေးပြီး သဘောတူချက် ၅ ချက်ကို ချမှတ်ထား သည်။

၁။ ဗမာတို့နှင့် အဆင့်အတန်းတူ၊ အခွင့်အရေးတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျ ခံစားခွင့် ရှိရမည်။

၂။ အမှုဆောင်ကော်မတီတွင် ပါဝင်ဆောင်ရွက်ကြသော ရှမ်းကိုယ်စားလှယ်များနှင့် ကချင်ကိုယ်စားလှယ်တို့ သည် မိမိတို့ လူမျိုးအသီးသီး၏ ပြည်တွင်းရေးရာ အားလုံး အတွက် တာဝန်ယူဆောင်ရွက်ကြရမည်။ ထို့အပြင် ကာကွယ်ရေး၊ နိုင်ငံခြားရေး၊

မီးရထား၊ အကောက်တော်အစရှိသော အားလုံးနှင့် သက်ဆိုင်သည့် ကိစ္စများအတွက် အားလုံးစုပေါင်းတာဝန်ယူ ဆောင်ရွက်ကြရမည်။

၃။ ကချင်တို့က သီးခြားကချင်ပြည် အလိုရှိကြောင်း တောင်းဆိုချက်များကို ဤကော်မတီက ထောက်ခံသည်။

၄။ ဗမာပြည်အစိုးရနှင့် ဗြိတိသျှအစိုးရတို့၏ (အောင်ဆန်းအက်တလီစာချုပ်) သဘောတူညီချက်များသည် ရှမ်း၊ ကချင်တို့နှင့် ပတ်သက်ခြင်း မရှိစေရ။

၅။ လွတ်လပ်ရေး ရပြီးသည့်နောက် မြန်မာ "ပြည်ထောင်စု" မှ ကျွန်ုပ်တို့သဘောကျသည့်အချိန်တွင် ခွဲထွက်လိုပါက ခွဲထွက်ခွင့် ရှိစေမည်။

ထိုသို့ ရှမ်း၊ ကချင်၊ ချင်း သဘောတူညီချက်များအပေါ် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလ အဖွဲ့ချုပ်နှင့် ထပ်မံတိုင်ပင်ဆွေးနွေးကြရာမှ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သမိုင်းဝင်ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ကြသည်။

ဤသည်မှာ ရှမ်း၊ ကချင်၊ ချင်း စသည့် တိုင်းရင်းသားလူမျိုးစုများသည် ဦးစွာ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပြီးမှ ပင်လုံစိတ်ဓါတ်၊ အမျိုးသားစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ်ကို ပထမဦးဆုံး တည်ဆောက်နိုင်သည်နှင့် တပြိုင်တည်း လွတ်လပ်ရေး ကိုလည်း အမြန်အရ ဆွတ်ခူးနိုင်ခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသည့်နောက်မှာ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓါတ် အခြေခံမူ လမ်းစဉ်အပေါ် သွေဖယ် အားနည်းသွားရာမှ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ကြောင့် ပြည်တွင်းစစ်မီး တဆင့်ပြီးတဆင့် တောက်လောင်သွားသဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည်လည်း တဖြည်းဖြည်း ယိမ်းယိုင်သွားသည်။

## (ခ) ဒုတိယအကြိမ် ပြည်ထောင်စုစိတ်ဓါတ် တည်ဆောက်ရန် ကြိုးပမ်းခြင်း။

ဝန်ကြီးချုပ် ဦးနုသည် မိမိပါတီ ရွေးကောက်တင်မြှောက်ပွဲ အနိုင်ရရှိပါက ယိမ်းယိုင်နေသော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။ ၁၉၆၀ ခုနှစ်၊ ရွေး ကောက်ပွဲတွင် သုံးပုံနှစ်ပုံ အပြတ်အသတ် အနိုင်ရရှိသော ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော ပြည်ထောင်စု အစိုးရသည် ပြည်နယ်ခေါင်းဆောင်များကို ခေါ်ယူပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရန် ပြည်ထောင်စု တရားရေး ဌာနဝန်ကြီးကို တပါတည်း လွှဲအပ်ပြီး ချမှတ်ပေးခဲ့သည်။

ရှမ်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် စသည့် တိုင်းရင်းသားခေါင်းဆောင်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲနိုင်ရန် ၁၉၆၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှ ၁၆ ရက်နေ့အထိ တောင်ကြီးညီလာခံ ကျင်းပပြီး ပြည်ထောင်စုမှုနှင့် ပတ်သက်၍ တညီတညွတ်တည်း သဘောတူချမှတ်ကာ ဒုတိယအကြိမ် ညီညွတ်ရေးကို တည်ဆောက် နိုင်ကြသည်။

၁။ ဗမာပြည်ဖွဲ့စည်းရေး။

၂။ ပြည်ထောင်စုပါလီမန် နှစ်ရပ်အား အာဏာတူပေးရေး၊

၃။ လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း ညီမျှသော ကိုယ်စားလှယ် စေလွှတ်ရေး၊

၄။ ဗဟို၏ ပြည်ထောင်စုအား အောက်ဌာနများ လွှဲအပ်ပြီး ကျန်ရှိသော အာဏာများနှင့် အခွင့်အရေးများကို ပြည်နယ်များသို့ လွှဲအပ်ရန်။

(က) နိုင်ငံခြား ဆက်သွယ်ရေး။

(ခ) ပြည်ထောင်စု ကာကွယ်ရေး။

(ဂ) ပြည်ထောင်စု ဘဏ္ဍာရေး။

(ဃ) ငွေဒင်္ဂါးနှင့် ငွေစက္ကူထုတ်လုပ်ရေး။

(င) စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး။

(စ) မီးရထား၊ လေကြောင်း၊ ရေကြောင်း ဆက်သွယ်ရေး။

(ဆ) ပြည်ထောင်စု တရားစီရင်ရေး။

(ဇ) ပင်လယ်ဆိပ်ကမ်းခွန် ကောက်ရေး။

၅။ ပြည်ထောင်စု ဘဏ္ဍာတော် မျှတစွာ ခွဲဝေရေးတို့ ဖြစ်သည်။

ထိုသို့ တိုင်းရင်းသားလူမျိုးစုများ တညီတညွတ်တည်း သဘောတူဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စုဝန်ကြီးချုပ်ဦးနု ဦးဆောင်ပြီး အာဏာရပြည်ထောင်စုပါတီ၊ ပြည်နယ်ခေါင်းဆောင်များ၊ အတိုက်အခံပါတီများ ဖြစ်ကြသော ဖဆပလ၊ ပမညတနှင့် အစိုးရအတိုင်ပင်ခံအဖွဲ့အားလုံးကို ဖိတ်ခေါ်၍ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ မှစတင်၍ မြန်မာနိုင်ငံ တိုင်းရင်းသားများ နီးနှောဖလှယ်ပွဲကြီးကို စတင်ကျင်းပပြု လုပ်သည်။

ထိုသို့ တိုင်းရင်းသားများ နီးနှောဖလှယ်ပွဲကြီး စတင်ကျင်းပသည့် ပထမနေ့တွင် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်၊ ရှမ်းပြည်နယ်ဝန်ကြီးလည်း ဖြစ်သော စပ်ခွန်ချိုက တောင်ကြီးညီလာခံ၏ သဘောတူညီချက်အရ ပြည်ထောင်စုမူနှင့် ပတ်သက်၍ တင်ပြသွားသည်။ နီးနှောဖလှယ်ပွဲနေ့ တွင် ဒုတိယနေ့ဖြစ်သော မတ်လ ၁ ရက်နေ့တွင် အတိုက်အခံပါတီများဖြစ်သည့် ဖဆပလအဖွဲ့ချုပ်ကိုယ်စား ဦးဘဆွေကလည်းကောင်း၊ ပမညတကိုယ်စားလှယ်အဖြစ် ဝိဓူရသခင်ချစ်မောင် သော်လည်းကောင်း၊ အသီးသီး ဆွေးနွေ တင်ပြသွားကြသည်။ နီးနှောဖလှယ်ပွဲကြီး တတိယနေ့ကို မတ်လ (၇) ရက်နေ့တွင် ဆက်လက်ကျင်းပရန် လျာထားပြီး ဆွေးနွေးရန် ကျန်ရှိသော ပြည်ထောင်စုပါတီ (ပထစ)၊ ရပလတပါတီ ကိုယ်စားလှယ် တစ်ဦးနှင့် ပြည်ထောင်စုအစိုးရ အတိုင်ပင်ခံအဖွဲ့ကိုယ်စား ဒေါက်တာဦးဘဦးတို့ ဆက်လက်ဆွေးနွေးရန် သတ်မှတ်လိုက်သည်။

ထိုသို့ ကိုယ်စားလှယ်များအားလုံး ဆွေးနွေးပြီးသည့်အခါ ဝန်ကြီးချုပ်ဦးနု နာယကအဖြစ် ဦးဆောင်ပြီး ...

၁။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ် (၆) ဦး၊

၂။ ပမညတမှ ကိုယ်စားလှယ်မှ (၃) ဦး

၃။ ဖဆပလ ကိုယ်စားလှယ်မှ (၃) ဦး။

၄။ ရပလဖ ကိုယ်စားလှယ်မှ (၃) ဦး။

၅။ ပထစ ကိုယ်စားလှယ်မှ (၃) ဦးနှင့် အစိုးရအတိုင်ပင်ခံ လူကြီးများပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲကြီးကြပ်ရေး အဖွဲ့ကိုလည်း ဖွဲ့စည်းသွားရန် သတ်မှတ်လိုက်သည်။ နိုးနှောဖလှယ်ပွဲကြီး ဆက်လက်ကျင်းပပြီးစီးသွားပါက ဒီမိုကရေစီကျင့်စဉ်အရ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုမှု တည်ဆောက်နိုင်မည် မလွဲပေ။

ထိုသို့ ပြည်လမ်းအသံလွှင့်ရုံ အစည်းအဝေးခန်းမဆောင်တွင် တိုင်းရင်းသားနိုးနှောဖလှယ်ပွဲ ကျင်းပနေစဉ် အာဏာငမ်းငမ်းတက်ပြီး လူမျိုးကြီးဝါဒစွဲကိုင်သော ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့် စစ်အုပ်စုသည် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုထံမှ အာဏာကို သိမ်းယူသွားသည်။

ဤသည်မှာ တိုင်းရင်းသားလူမျိုးစုများသည် ဒုတိယအကြိမ် စည်းလုံးညီညွတ်ရေးကို ဦးစွာတည်ဆောက်နိုင်ခဲ့သော်လည်း တပြည်လုံးအတွက် ပင်လုံစိတ်ဓါတ်၊ အမျိုးသားစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ် ဒုတိယအကြိမ် တည်ဆောက်ရေး ပျက်ပြားသွားရသည်။

## (ဂ) တတိယအကြိမ် ပြည်ထောင်စုစိတ်ဓါတ် တည်ဆောက်ရန် ကြိုးပမ်းခြင်း။

မဆလ တပါတီအာဏာရှင် စစ်အုပ်စုက ရေးဆွဲပြဋ္ဌာန်းထားသော ၁၉၇၄ ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီ အခြေခံလူ့အခွင့်အရေး လုံးဝဆိတ်သုဉ်းသွားသဖြင့် ပြည်သူတရပ်လုံး မခံမရပ်နိုင်သည့်အဆုံး ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီ အရေးတော်ပုံကြီးကြောင့် မဆလ တပါတီစနစ် ကျဆုံးသွားသည်။ ၁၉၈၈ ခုနှစ်၊ ပါတီစုံ ဒီမိုကရေစီကာလတွင် နိုင်ငံရေးပါတီပေါင်း ၂၃၅ ပါတီ ပေါ်ပေါက်ခဲ့သည်။ ယင်းအနက် တိုင်းရင်းသား ကိုယ်စားပြုထားသော နိုင်ငံရေးပါတီ (၂၃) ပါတီသည် သုံးလအချိန်ကာလအတွင်း အချင်းချင်း တွေ့ဆုံဆွေးနွေးကြကာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) တွင် တိုင်းရင်းသားအင်အားစုကို လွယ်ကူစွာဖြင့် စုစည်းနိုင်ခဲ့ သည်။ UNLD သည် ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားများတန်းတူရေးကို ဖော်ဆောင်သွားနိုင်သည့် စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်သွားရမည်ဟု အခြေခံမူဝါဒ သဘောထားကို ချမှတ်ထားသည်။

UNLD သည် မိမိတို့ ချမှတ်ထားသော အခြေခံမူဝါဒကို ဒီမိုကရေစီနိုင်ငံရေး အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးသွားသည်။ အထူးသဖြင့် NLD ခေါင်းဆောင်များနှင့် (၃) ကြိမ် ညှိနှိုင်းဆွေးနွေးကြပြီး ၁၉၉၀ ခု၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ဗိုလ်အောင်ကျော်လမ်း ပူးတွဲသဘောတူညီချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။

အဲန်အယ်ဒီနှင့် ယူအဲန်အယ်လ်ဒီ၏ ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်မှာ တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိစေရမည့်အပြင် ဒီမိုကရေစီ အခြေခံ လူ့အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းနိုင်မည့် ပြည်ထောင်စုကို တိုင်းရင်းသားများအားလုံး သွေးစည်းညီညွတ်စွာဖြင့် တည်ဆောက်သွားရန် လိုအပ်ကြောင်းကို အဲန်အယ်လ်ဒီ ခေါင်းဆောင် (၁၇) ဦးနှင့် ယူအဲန်အယ်လ်ဒီ ခေါင်းဆောင် (၁၄) ဦးတို့ တညီတညွတ်တည်း သဘောတူကြကြောင်း လက်မှတ်ရေးထိုးကြသည်။

ယင်း ဗိုလ်အောင်ကျော်လမ်း ကြေညာချက်၏ အခြေခံမူကြောင့် အဲန်လယ်လ်ဒီနှင့် ယူအဲန်အယ်လ်ဒီ တို့သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) တွင် ခိုင်မြဲစွာ ပူးပေါင်းဆောင်ရွက် ခဲ့ကြသည်။ ဤသည်မှာ တတိယအကြိမ် တိုင်းရင်းသားလူမျိုးများညီညွတ်ရေးမှ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်မှုပင်ဖြစ်သည်။

သို့ရာတွင် တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်ရေးကို လည်းကောင်း၊ ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစုများ ညီညွတ်ရေးကိုလည်းကောင်း၊ လုံးဝမလိုလားသည့် နဝတသည် UNLD ကို မတရားဖျက်သိမ်းလိုက်သည်။ NLD ကိုလည်း နည်းမျိုးစုံဖြင့်ဖိနှိပ်လျက်ရှိသည်။ ထို့ကြောင့် တတိယအကြိမ် ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်ရေးလုပ်ငန်းကို ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ဤသည်မှာ ပထမအကြိမ် ပင်လုံညီလာခံတွင်လည်းကောင်း၊ ဒုတိယအကြိမ် တောင်ကြီးညီလာခံ တွင်လည်းကောင်း၊ တတိယအကြိမ် ဗိုလ်အောင်ကျော်လမ်း တွင်လည်းကောင်း၊ အရေးကြုံ အခြေအနေပေးလာသည့်အချိန်တိုင်း တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်ရေးမှ ပြည်ထောင်စုတခုလုံး ညီညွတ်ရေးဆီသို့ ဖော်ဆောင်နေသည်မှာ သမိုင်းအချက်အလက်အမှန် ဖြစ်ပေသည်။

ထိုသို့ တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်ရေးသမိုင်း အချက်အလက် ထုတ်ဖော်ရခြင်းမှာ နဝတ/ နအဖသည် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း (၁၃၅) မျိုးရှိကြောင်း၊ မညီညွတ်နိုင်ကြောင်း၊ နအဖ စစ်အုပ်စုမထိမ်းလျှင် တိုင်းပြည်ပြိုကွဲမည်ကို စိုးရိမ်ကြောင်းဟု ကမ္ဘာ့နိုင်ငံတကာသို့ မဟုတ်မမှန်ဝါဒ ဖြန့်လျက်ရှိသည်၊ နအဖ စစ်အုပ်စု သည် တိုင်းရင်းသားများ ပြဿနာကြောင့် ပြည်ထောင်စုပြိုကွဲမည်၊ အချုပ်အခြာ အဏာ ပြိုကွဲမည်ဟူ၍ အမြဲတမ်းဝါဒဖြန့်နေခြင်းသည် မဟုတ်မမှန်ကြောင်း၊ တိုင်းရင်းသား လူမျိုးစုများသည် အရေးကြုံတိုင်း အခွင့်အရေးအခြေအနေပေးသည့် အချိန်တိုင်းမှာ အမြဲတမ်း စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ပြီး ဗမာတိုင်းရင်းသားများနှင့်လည်း အမြဲတမ်း စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ကြောင်း၊ တနည်းအားဖြင့် ပင်လုံစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် တည်ဆောက်နိုင်ကြောင်း နိုင်ငံရေးသမိုင်း ဖြစ်စဉ်အမှန်ကို အမှန်အတိုင်း ပြန်လည်ဖော်ထုတ်ရခြင်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) သည် ချင်းတိုင်းရင်းသား ၅၃ မျိုး၊ ရှမ်းတိုင်းရင်းသား ၃၃ မျိုး၊ ဗမာတိုင်းရင်းသား ၉ မျိုး၊ ကရင်နီတိုင်းရင်းသား ၉ မျိုး။ ကချင်တိုင်းရင်းသား ၁၂ မျိုး၊ ကရင်တိုင်းရင်းသား ၁၁ မျိုး၊ ရခိုင်တိုင်းရင်းသား ၇ မျိုး။ မွန် ၁ မျိုးဟူ၍ တီထွင်ပြီး စာရင်းပြသည်။ ချင်းတိုင်းရင်းသားသည် ၅၃ ပြည်နယ်၊ ရှမ်း ၃၃ ပြည်နယ်၊ ကရင်နီ ၉ ပြည်နယ်၊ ကရင် ၁၁ ပြည်နယ်၊ ရခိုင် ၇ ပြည်နယ် မတောင်းပါ၊ လူမျိုးတမျိုးသည် တန်းတူရည်တူ အမျိုးသားတပြည်နယ်သာ လိုလားကြပါသည်။

ထိုမျှပင်မကပါ နအဖသည် နိုင်ငံရေးပါတီများ ရာနှင့်ချီရှိသည် ဘယ်လိုတွေ့ဆုံ ဆွေးနွေးနိုင်မလဲ ဟူ၍လည်း ထုတ်ပြောသေးသည်။ ၁၉၈၉ ခုနှစ်ကတည်းက နိုင်ငံရေးပါတီပေါင်း ၁၀၄ ပါတီသည် ဒေါ်အောင်ဆန်းစုကြည်အား မိမိတို့ကိုစားလှယ်အဖြစ် ပြောရေးဆိုခွင့် တရားဝင်ပေးထားခဲ့သည်။[56] ယခုလက်ရှိတွင်လည်း ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား

56 Amnesty International – Myanmar (Burma), report on 'Prisoners of Consciece a Chronicle of Developments Since September 1988', November 1989, pp. 55–56

'ဇူလိုင်လ ၃ ရက်နေ့တွင် နိုင်ငံရေးပါတီပေါင်းစုံတို့၏ အစည်းအဝေးတရပ်ကို အမျိုးသားဒီမိုကရေစီဖွဲ့ချုပ် (NLD) ရုံးတွင်ကျင်းပပြုလုပ်၍ တက်ရောက်လာကြသော နိုင်ငံရေးပါတီ (၁၃၀) ကျနော်က ဒေါ်အောင်ဆန်းစုကြည်အား တဦးတည်းသော ကိုယ်စားလှယ်အဖြစ်ရွေးချယ်ကြောင်း လက်မှတ်ရေးထိုး ခဲ့ကြပါသည်။ ထိုအစည်းအဝေးသို့ တက်ရောက်သော UNLD အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးပါတီအားလုံး၏ တဦးတည်းသော ကိုယ်စားလှယ်အဖြစ် ရွေးချယ်စေလွှတ်ရန် အလွတ်သဘောဖြင့် သဘောတူထောက်ခံဆွေးနွေးခဲ့သော်လည်း တိုင်းရင်းသားလူမျိုးများ၏သီးခြားလက္ခဏာကိုဆောင်သော လူမျိုးရေးနှင့် နိုင်ငံရေးပြဿနာများကျေလည်စွာဆွေးနွေးသဘောတူထားခြင်းမရှိသေးဘဲ မည်သည့်ပုဂ္ဂိုလ်ကိုမျှ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ကိုယ်စားလှယ်အဖြစ်တာဝန်

အင်အားစုများအားလုံးသည် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်စွာဖြင့်နအဖစစ်အုပ်စုနှင့် အဓိပ္ပါယ်ရှိသော နိုင်ငံရေးစားပွဲဝိုင်း စတင်တွေ့ဆုံဆွေးနွေးပြီး တိုင်းရင်းသားအင်အားစုများပါဝင်သော သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံးပြုလုပ်သွားရန် လိုအပ်ကြောင်း သဘောတူကြပြီးဖြစ်သည်။ သို့သော် ယနေ့အထိ နအဖသည် တွေ့ဆုံဆွေးနွေးရေးကို ကျောခိုင်းလျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ဆွဲကိုင်ပြီး ပြည်သူတရပ်လုံးအပေါ် ကျွန်ပြုနိုင်ရန်အတွက် ၎င်း၏ Road Map အတိုင်း အတုအယောင်အမျိုးသားညီလာခံကို ဒရွတ်တိုက်ကျင်းပ လျက်ရှိသည်။

## (ဃ) လွတ်မြောက်နယ်မြေ ပင်လုံစိတ်ဓာတ်တည်ဆောက်ရန် ကြိုးပမ်းခြင်း။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ကြောင့် လွတ်လပ်ရေးသက်တမ်းနှင့်အတူ ပြည်တွင်းစစ်မီး တဆင့်ပြီးတဆင့် တောက်လောင်လာသည်။ အုပ်ချုပ်သူအဆက်ဆက်၏ မဟုတ်မမှတ် ဝါဒဖြန့်ချိခြင်းကြောင့် ပြည်သူအများစုသည် ဒီမိုကရေစီအရေးနှင့် မိမိတန်းတူရေးအတွက် တရားသောခုခံတော်လှန်ရေးစစ် တိုက်ပွဲဝင်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအပေါ် ဖက်ဒရယ်သမား၊ ခွဲထွက်ရေးသမား၊ တိုင်းပြည်ဖြိုခွဲဖျက်ဆီးသူဟူ၍ နှစ်ပေါင်း (၄၀) ကာလပတ်လုံး ထင်မြင်ယူဆလခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဖက်ဆစ်စစ်အုပ်စုသည် ကျောင်းသားလူငယ်၊ ရဟန်းရှင်လူပြည်သူများအား ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အများအပြားလွတ်မြောက်နယ်မြေသို့ ရောက်ရှိလာခဲ့သည်။ နှစ်ပေါင်း (၄၀) ကျော် တိုက်ပွဲဝင်လာခဲ့သော တိုင်းရင်းသား လက်နက်ကိုင် အင်အားစု ဖြစ်သော အမျိုးသားဒီမိုကရေးစီတပ်ပေါင်းစု (မဒတ) သည် ရောက်ရှိလာသော ကျောင်းသားလူငယ်များ ဒီမိုကရေစီအင်အားစုများတို့ကို ဒီမိုကရက်တစ်မဟာမိတ်များ အဖွဲ့ချုပ် ဗမာပြည် (ဒီအေဘီ) အဖြစ် စုစည်း၍ တန်းတူရည်တူအသိအမှတ်ပြုကြသည်။ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲအပြီး ရောက်ရှိလာသော ဒေါက်တာစိန်ဝင်း ဦးဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၈) ဦး ကို ပြည်ထောင်စုမြန်မာနိုင်ငံ

---

ပေးအပ်ရန် သင့်တော်ခြင်းမရှိဟု ယူဆသောကြောင့် ထိုနေ့တွင် လက်မှတ်ရေးထိုးခြင်းမပြုဘဲ ပြန်လာခဲ့ကြပါသည်။'

_____ ဆလိုင်းလျန်မှုန်းဆာခေါင်း စုစည်းတင်ပြသည့် (၁၉၉၉)၊ ဒီမိုကရေစီရေးနှင့် တန်းတူရေးတိုက်ပွဲကာလအတွင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ၏ သမိုင်းဝင်မှတ်တမ်းများ၊ စာ – ၃၂

ညွန့်ပေါင်းအစိုးရ (NCGUB - National Coalition Government of Union of Burma) ဖွဲ့စည်းပြီး မိမိတို့အစိုးရအဖြစ် နိုင်ငံရေးအရလည်းကောင်း၊ ဘဏ္ဍာရေးအရလည်းကောင်း ထောက်ခံကူညီခဲ့သည်။ စတင်ရောက်ရှိလာသော အဲန်အယ်လ်ဒီပါတီဝင် သုံးဆယ်ကျော်ကို အဲန်အယ်လ်ဒီအယ်လ်အေဖွဲ့စည်းပြီး တန်းတူရည်တူ အသိမှတ်ပြုကြသည်။

ထိုသို့ မဒတ၊ ဒီအေဘီ၊ အဲန်အယ်လ်ဒီ-အယ်လ်အေနှင့် ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်များအဖွဲ့ (MPU - Members of Parliamentary Union) အဖွဲ့ (၄) ဖွဲ့တို့သည် အပြန်အလှန် တန်းတူရည်တူ အသိအမှတ်ပြုကြပြီး စစ်အာဏာရှင်ဖျက်သိမ်းရေး၊ ဒီမိုကရေစီ အရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဟူသော မူဝါဒသဘောထား ချမှတ်၍ ပြည်ထောင်စုအမျိုးသားကောင်စီ (NCUB - National Council of Union of Burma) တပ်ပေါင်းစုကြီးကို ဖွဲ့စည်းကာ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓါတ် ကြိုးပမ်းတည်ဆောက်လျက်ရှိကြသည်။

တိုင်းရင်းသားများဖြစ်ကြသော ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင် စသည့် တိုင်းရင်းသားများသည် တတိယအကြိမ်အဖြစ် ပင်လုံစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ရန် ၁၉၈၈ ခုနှစ်မှစ၍ ယနေ့ထိ ပြည်တွင်းရှိ ဒီမိုကရေစီနိုင်ငံရေးအင်အားစုများနှင့် တိုင်းရင်းသား နိုင်ငံရေးအင်အားစုများသည် လည်းကောင်း၊ တော်လှန်ရေးနယ်မြေရှိ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား အင်အားစုများသည် လည်းကောင်း၊ မြန်မာနိုင်ငံ၏ အခြေခံနိုင်ငံရေး ပြဿနာသည် ဒီမိုကရေစီ လူ့အခွင့်အရေး ဆိတ်သုဉ်းခြင်းနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ပြဿနာနှစ်ရပ် ဖြစ်ကြောင်း၊ ယင်းပြဿနာ နှစ်ရပ်ကို တပြိုင်တည်း ဖြေရှင်းနိုင်မှသာလျှင် ငြိမ်းချမ်းရေးသာယာဝပြောသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မည်ဟု ခံယူလာကြသည်။ ထို့ကြောင့် ဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများတို့သည် စစ်အာဏာရှင် ဖြုတ်ချရေး၊ ဒီမိုကရေစီလူ့အခွင့်အရေး၊ တိုင်းရင်းသားများ တန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လက်တွဲပူးပေါင်း ဆောင်ရွက်လျက် ရှိကြသည်။

## (င) ပြည်တွင်းနိုင်ငံရေးအင်အားစု ပူးပေါင်းလှုပ်ရှားမှုများ။

ပြည်ထောင်စုပြန်မာနိုင်ငံ၏ လက်ငင်းနိုင်ငံရေး အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့၏ သဘောထားကြေညာချက်။

### (ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက် အမှတ် - ၁)

### ၁၃၅၂ ခုနှစ် တော်သလင်းလဆန်း (၁၀)ရက်။

### ၁၉၉၀ ပြည်နှစ် ဩဂုတ်လ (၂၉)ရက်။

၁။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တွင် တရားဝင် မှတ်ပုံတင် ဖွဲ့စည်းထားသော တိုင်းရင်းသား လူမျိုးများ၏ နိုင်ငံရေးပါတီ (၂၁) ပါတီ (နောက်ဆက်တွဲ စာရင်း - ရှု) တို့ စုစည်းထူထောင်ထားသည့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ နိုင်ငံရေးပါတီများ၏ လူမျိုးစုရေးရာ မူဝါဒ ကော်မတီနှင့် အမျိုးသားဒီမိုက ရေးစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့သည် ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း ရှိ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်) ရုံး၌ ပဏာမ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြသည်။

၂။ ယင်းပဏာမညှိနှိုင်းဆွေးနွေးပွဲမှ သဘောတူညီချက်အရ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ နိုင်ငံရေးပါတီများ၏ လူမျိုးစုရေးရာ မူဝါဒကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ပထမဆုံးအကြိမ် စုံညီအစည်းအဝေးကို ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်းလမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံး၌ ကျင်းပခဲ့ပါသည်။

၃။ ယင်းစုံညီဆွေးနွေးပွဲမှ သဘောတူညီချက်အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် ဆက်သွယ်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ အဖွဲ့ချုပ်၏ လူမျိုးစု

ဆိုင်ရာအဖွဲ့) သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ငင်းနိုင်ငံရေးပြဿနာ များနှင့် စပ်လျဉ်း၍ ပုံမှန်ဆွေးနွေးပွဲများကို (၃) ကြိမ် ဆက်လက်ကျင်းပခဲ့ပါသည်။

၄။ ယင်းပုံမှန် ဆွေးနွေးပွဲများမှ ညှိနှိုင်းသဘောတူညီချက်များအနက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လောလောဆယ်နှင့် ရေရှည်အကျိုးစီးပွားတို့ကို ရှေ့ရှုလျှက် နှစ်ဦးနှစ်ဘက်တူညီသော သဘောထားများကို အောက်ပါတိုင်း ပူးတွဲကြေညာအပ်ပါသည်။

(က) ၁၉၉၀ ပြည့်နှစ်၊ ဇွန်လ (၂၉) ရက်မှ ဇူလိုင်လ (၁) ရက်နေ့အထိ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ YMBA ခန်းမတွင် ကျင်းပခဲ့သော ဒုတိယအကြိမ် စုံညီအစည်းအဝေးနှင့် တိုင်းရင်းသားလူမျိုး နိုင်ငံရေးပါတီပေါင်းစုံ ဒုတိယအကြိမ်အစည်းအဝေးမှ လက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ၁၉၉၀ ပြည်နှစ်၊ ဇူလိုင်လ (၂၈) ရက်နှင့်(၂၉) ရက်နေ့က ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း၊ ဂန္ဒီခန်းမဆောင်တွင် ကျင်းပခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုဦးစီးအဖွဲ့နှင့် အဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပထမအကြိမ် ပဏာမညှိနှိုင်းအစည်းအဝေးမှ တညီတညွတ်တည်း အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များသည် တသဘောတည်းရှိကြောင်း ထုတ်ဖော်ကြပါသည်။

၎င်းဆုံးဖြတ်ချက်များမှာ ...

(၁) ကျင်းပပြီးစီးခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပြီး ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေအခန်း (၂) ပုဒ်မ (၃) အရ ပြည်သူ့လွှတ်တော်ကို ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ခေါ်ယူဖွဲ့စည်းရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သို့ တောင်းဆိုကြောင်း။

(၂) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လုံးလုံးလျားလျား အများစုအနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေးစီအဖွဲ့ချုပ်၏ အာဏာပိုင်ကိုယ်စားလှယ်အဖွဲ့နှင့် (နဝတ) အာဏာပိုင် ကိုယ်စားလှယ်အဖွဲ့တို့ အမြန်ဆုံးတွေ့ဆုံ ညှိနှိုင်းရေးအတွက် တိုက်တွန်းကြောင်း။

(၃) မြန်မာနိုင်ငံ၏ လောလောဆယ်အကျိုးစီးပွားနှင့် ရေရှည်အနာဂတ်အကျိုးစီးပွားများကို ရှေ့ရှု၍ အမျိုးသားဒီမိုကရေစီအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသမားအားလုံး လွတ်မြောက်ရေးကို ဆောလျင်စွာ ဆောင်ရွက်ပေးရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တိုက်တွန်းကြောင်း။

(၄) ဒီမိုကရေစီအခွင့်အရေးများရရှိရေးနှင့် ပြည်သူ့လွတ်လပ်ခွင့် ကန့်သတ်ထားမှုများကို ရုပ်သိမ်းပေးရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တောင်းဆိုကြောင်း။

အထက်ပါ ဆုံးဖြတ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖော်ရန်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က ထပ်လောင်းတိုက်တွန်းသည်။

(ခ) ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာပြီးလျှင် ပြည်သူ့လွှတ်တော်ကတင်မြှောက်သော အစိုးရဖွဲ့စည်းပြီး၊ အလျင်မြန်ဆုံးသောကာလအတွင်း၊ ပြည်သူ့လွှတ်တော်၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသား လူမျိုးများနှင့် ပါဝင်သင့်ပါဝင်ထိုက်သော အဖွဲ့အစည်းများ/ လူပုဂ္ဂိုလ်များပါဝင်သည့် အမျိုးသားညီနွိုင်းမှုညီလာခံကြီးတရပ် ကျင်းပ၍ ပြည်ထောင်စုထူထောင်ရေးအတွက် လမ်းညွှန်မှုများ ချမှတ်မည်၊ လမ်းညွှန်မှုများနှင့်အညီ၊ ပြည်သူ့လွှတ်တော်က ရေရှည်တည်တန့်ခိုင်မြဲမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တရပ်ကို ရေးဆွဲပြဋ္ဌာန်းအတည်ပြုရမည်ဟု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က တညီတညွတ်တည်း သဘောတူကြသည်။

(ဂ) တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူမှု၊ နိုင်ငံရေးတန်းတူမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည့်အပြင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများကို အာမခံချက်ရှိသော ပြည်ထောင်စုကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ ထူထောင်ရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တညီတညွတ်တည်း သဘောတူကြသည်။

(၅) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသာဒီမိုကရေစီအဖွဲ့ချုပ် တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ငင်းနိုင်ငံရေးပြဿနာများနှင့် စပ်လျဉ်း၍

ညှိနှိုင်းဆွေးနွေးပွဲများနှင့်လည်း သွေးစည်းညီညွတ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် သဘောတူကြသည်။

(၆) ဤပူးတွဲ ကြေညာချက်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းအမှတ် (၃၉၃) ရှိ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုး၍ ပူးတွဲ ထုတ်ပြန် ကြေညာလိုက်သည်။

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) နောက်ဆက်တွဲစာရင်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်နယ် (၇) ခုနှင့် တကွ၊ တိုင်းအချို့မှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော တိုင်းရင်းသားလူမျိုး နိုင်ငံရေးအဖွဲ့အစည်းပါတီများကို စုစည်းထူထောင်းထားသော တပ်ပေါင်းစုတရပ်ဖြစ်ပြီး အောက်ပါအဖွဲ့အစည်းပါတီများ ပါဝင်သည်။

၁။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊

၂။ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊

၃။ တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

၄။ ကရင်ပြည်နယ် အမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်၊

၅။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊

၆။ ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်၊

၇။ ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်၊

၈။ ဇိုမီးအမျိုးသားကွန်ဂရက်၊

၉။ တောင်သူလယ်သမား၊ ကဒူး၊ ကနန်းနှင့် ရှမ်းအမျိုးသားသွေးစည်းညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ချုပ်၊

၁၀။ ကချင်အမျိုးသားလုံးဆိုင်ရာကွန်ကရက်၊

၁၁။ မြို (ခေါ်) ခမီးအမျိုးသား ညီညွတ်ရေးအဖွဲ့၊

၁၂။ ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့၊

၁၃။ ကချင်ပြည်နယ်၊ အမျိုးသားများ ဒီမိုကရက်တစ်ပါတီ၊

၁၄။ အင်းအမျိုးသားအဖွဲ့ချုပ်၊

၁၅။ ရခိုင်အမျိုးသားလူမှုဘဝ မြှင့်တင်ရေးအဖွဲ့ (မရမာကြီး)၊

၁၆။ ပြည်ထောင်စုပအိုဝ်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊

၁၇။ ကရင်အမျိုးသား ဒီမိုကရေစီကွန်ဂရက်၊

၁၈။ မရာမပြည်သူ့ပါတီ၊

၁၉။ လီဆူအမျိုးသားသွေးစည်းခိုင်မာရေးအဖွဲ့၊

၂၀။ ‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် မပါဝင်သေးသော်လည်း၊ မူဝါဒရေးရာများနှင့် အကျိုးတူလုပ်ငန်းများတွင် ပူးပေါင်းလက်တွဲ ပါဝင်လျှက်ရှိသော တိုင်းရင်းသား နိုင်ငံရေးပါတီများမှာ အောက်ပါတိုင်းဖြစ်ပါသည်။

၁။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်

၂။ ကချင်ပြည်နယ် အမျိုးသားများဒီမိုကရေစီကွန်ဂရက်၊

၃။ နာဂတောင်တန်းဒေသ တိုးတက်ရေးပါတီ၊

ထို့အပြင် ချင်းပြည်နယ်၊ ဟာခါးမြို့နယ်၊ မဲဆန္ဒနယ်တသီးပုဂ္ဂလအမတ် ဦးလျန်အုပ်နှင့် ထန်တလန်မြို့နယ်၊ မဲဆန္ဒနယ် တသီးပုဂ္ဂလအမတ် ဒေါက်တာမှုထန်တို့လည်း ပူးတွဲပါဝင်လျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်သည် အထက်ဖော်ပြပါ နိုင်ငံရေး အဖွဲ့အစည်း ပါတီများနှင့် တသီးပုဂ္ဂလများကို ကိုယ်စားပြုပါသည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ

| | | |
|---|---|---|
| ၁။ ဦးအောင်ရွှေ | ဗဟိုအလုပ်အမှုဆောင် | အဖွဲ့ဝင် |
| ၂။ ဦးကြည်မောင် | ။ | |
| ၃။ ဦးချစ်ခိုင် | ။ | |
| ၄။ ဦးလွင် | ။ | |
| ၅။ ဒေါ်မြင့်မြင့်ခင် | ။ | |
| ၆။ ဦးရွှေ | ။ | |
| ၇။ ဦးခင်မောင်ဆွေ | ။ | |
| ၈။ ဦးစိုးသိမ်း (မောင်ဝံသ) | ။ | |
| ၉။ ဦးကျော်မင်း | ။ | |
| ၁၀။ ဦးချမ်းအေး | ။ | |
| ၁၁။ ဦးကြီးကူရိန် (ကချင်) | ဗဟိုဦးစီးအဖွဲ့ဝင် | |
| ၁၂။ ဦးတင်ဦး (ကယား) | ။ | |
| ၁၃။ ဦးသန်းနိုင် | ။ | |
| ၁၄။ ဦးစီဗင်ကြူး (ချင်း) | ။ | |
| ၁၅။ ဦးရဲထွတ် (မွန်) | ။ | |
| ၁၆။ ဦးထွန်းအောင်ကျော် (ရခိုင်) | ။ | |
| ၁၇။ ဦးအုန်းမောင် (ရှမ်း) | ။ | |

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များ

| | |
|---|---|
| ၁။ နိုင်ငွေသိမ်း | အမြဲတန်း သဘာပတိကောင်စီအဖွဲ့ဝင် |
| ၂။ ဦးစီကေတိုက်ကွဲလ် | ။ |
| ၃။ ဦးအေးဖေ | ။ |
| ၄။ ဦးစောသန်းရှိန် | ။ |
| ၅။ ဦးဒယ်နရယ်အောင် | ။ |
| ၆။ ဦးအေးသာအောင် | အတွင်းရေးမှူးအဖွဲ့ဝင် |
| ၇။ ခွန်တင်ရွှေ | ။ |
| ၈။ ဆလိုင်းလျန်မှုန်း | ။ |
| ၉။ နိုင်အောင်မြင့် | ။ |
| ၁၀။ ဒေါက်တာအောင်တင်ဦး | ။ |
| ၁၁။ ခွန်ထွန်းဦး | တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် |
| ၁၂။ စိုင်းအိုက်ပေါင်း | ။ |
| ၁၃။ နိုင်ခင်မောင် | ။ |
| ၁၄။ ဦးသာဘန်း | ။ |

**(၅၀) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ပင်လုံစာချုပ်လက်မှတ်ရေးထိုးသူ ဦးခွန်ထီးနှင့် NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဦးရွှေအုံး၊ ဒေါက်တာ စောမြအောင်၊ နိုင်ငွေသိန်း၊ ဦးသာဘန်း၊ စောဖီတာကြာရင်၊ ဦးအေးသာအောင်၊ ဦးကျင့်ရှင်းထန် ဆုံစည်းကြစဉ်။**



[ပုံ - မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ ၊ ၁၉၉၉]

# ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော် ကိုယ်စားပြုသည့် ကော်မတီ၏ ကြေညာချက်အမှတ် (၁)

## ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်

### နိဒါန်း

၁။ ၁၉၉၀ ပြည့်နှစ် မေလတွင်၊ မြန်မာနိုင်ငံ၌၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါရွေးကောက်ပွဲသည် လွတ်လပ်၍၊ တရားမျှတသည်ဟု ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံကပါ အသိမှတ်ပြုကြ ပါသည်။

၂။ ပြည်သူလူထုကလည်း၊ နိုင်ငံရေးပါတီအသီးသီးမှ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများကို၊ ၎င်းတို့၏ သဘောအရ "အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်သည်" ဟူသော ဒီမိုကရေစီမူအရ၊ ရွေးကောက်တင်မြှောက်ခဲ့ကြပါသည်။

၃။ ထို့ကြောင့် ရွေးကောက်တင်မြှောက်ခြင်းခံကြရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုအပေါ်၊ ပြည်သူလူထုနှင့် တိုင်းပြည်အတွက် အကျိုးပြုလုပ်ငန်းများကို၊ ပြည်သူ့လွှတ်တော်မှတဆင့် ဆောင်ရွက်ပေးကြရန် တာဝန်ရှိပါသည်။ ထိုတာဝန်အရ ပြည်သူ့လွှတ်တော်ကို ခေါ်ယူရမည်ဖြစ်ပါသည်။

၄။ ရွေးကောက်တင်မြှောက်ခြင်းခံကြရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သည် ပြည်သူပြည်သားများ တွေ့ကြုံခံစားနေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် အထွေထွေ အခက်အခဲများကို ဖြေရှင်းပေးရန် တာဝန်ရှိပါသည်။ သို့သော် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေအရ လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားပါသော် လည်း ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာခြင်း မရှိသေးပေ။

၅။ ပြည်သူလူထု၏ ဆန္ဒကို ဖော်ထုတ်တင်ပြနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ ပြည်သူလူထုရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း

ထားသော လွှတ်တော်မှတဆင့် တင်ပြခြင်းနည်းလမ်းပင်ဖြစ်ပါသည်။ ယခုအခါတွင် လွှတ်တော်ကိုယ်စားလှယ်အများစုကို ဖမ်းဆီးထိန်းသိမ်းထားသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ပိုင်ခွင့်အာဏာကို အပ်နှင်းခြင်းခံရသည့် အထက်ပါကော်မတီက လွှတ်တော်ကို ကိုယ်စားပြု၍ လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၆။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၄၈၀) ဦး ရွေးကောက်တင်မြှောက်ခံကြရပါသည်။ ၎င်းတို့အနက် (၂၆) ဦး ကွယ်လွန်သွားသဖြင့် (၄၅၉) ဦး ကျန်ရှိပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မိတ်ဆွေပါတီများ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ ဆောင်ရွက်နိုင်ခွင့်ပေးထားသည့် အရေအတွက်မှာ (၂၅၀) ဦးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားတရားဝင်ဆုံးဖြတ်လုပ်ကိုင်နိုင် ခွင့် ရှိပါသည်။

၇။ သို့ဖြစ်ပါ၍ "၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသည့် ကော်မတီ" ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်။

## ဥက္ကဋ္ဌ

ဦးအောင်ရွှေ၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။

## အတွင်းရေးမှူးများ

ဦးသန်းထွန်း - မန္တလေးတိုင်း တောင်သာမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။

ဦးအေးသာအောင် - ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊

- ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်၊

- ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊

- မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
- ဇိုမီးအမျိုးသားကွန်ကရက်ပါတီများကို ကိုယ်စားပြု ကိုယ်စားလှယ်။

## အဖွဲ့ဝင်များ

ဦးတင်ဦး- ဒုဥက္ကဋ္ဌ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်

ဒေါ်အောင်ဆန်းစုကြည် - အထွေထွေအတွင်းရေးမှူး၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်

ဦးလွင်- ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးလှဖေ - ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးစိုးမြင့်- ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးလွန်းတင်- မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးညွန့်ဝေ- ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

၈။ အဆိုပါကော်မတီ၏ ပထမအစည်းအဝေးကို ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

၉။ ဤကော်မတီသည် အထက်ဖော်ပြပါ လုပ်ပိုင်ခွင့်မူအများအရ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ပါသည်။

(က) ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်း ခံရသည့် ကိုယ်စားလှယ်များကို အခြားသော မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်အာဏာများဖြင့်လည်းကောင်း၊ မိမိတို့ ဆန္ဒအရလည်းကောင်း၊ နှုတ်ထွက်ခြင်းများနှင့် ထုတ်ပယ်ခြင်းများကို မည်သူကမျှ ပြုလုပ်နိုင်ခြင်း မရှိကြောင်း။

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒေါက်တာဦးစောမြအောင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) အား ရွေးကောက်တင်မြှောက်လိုက်ကြောင်း။

(ဂ) လွှတ်တော်သက်တမ်းကို အများပြည်သူတို့က လက်ခံနိုင်ပြီး ဒီမိုကရေစီများနှင့် ကိုက်ညီသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ကို ဤလွှတ်တော်ကအတည်ပြုပြဋ္ဌာန်းပြီးသည့်အချိန်အထိ သတ်မှတ်ကြောင်း။

(ဃ) နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် အထွေထွေအကြပ်အတည်းများကို ပြည်သူ့လွှတ်တော်ကသာ ဆောင်ရွက်ပေးနိုင်သောကြောင့် အောက်ပါ အဖွဲ့များ၏ လွှတ်တော်ခေါ်ယူပေးရေးကိစ္စနှင့် ပတ်သက်၍ တောင်းဆိုခြင်းများကို ဤကော်မတီက အထူးလေးနက်စွာ ထောက်ခံကြိုဆိုကြောင်း။

၁၀။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့မှစ၍ ထုတ်ပြန်ခဲ့သော ဥပဒေများ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ကြေငြာချက်များသည် ပြည်သူ့လွှတ်တော် အတည်မပြုသ၍ တရားမဝင်ကြောင်း။ (မှတ်ချက် - ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက အောက်ပါအတိုင်း ပြောခဲ့ပါသည်။

> "ကျနော်ဒီနေ့ နိုင်ငံတော်အာဏာကို ယူထားတဲ့အခါမှာ ကျနော်လုပ်ချင်တာ လုပ်သွားတယ် ဆိုတာကို မဖြစ်စေရဘူး။ ကျနော် စည်းနဲ့ စံနစ်နဲ့ လုပ်သွားတယ်ဆိုတာကို ကျွန်တော် လွှတ်တော်ကို လွှတ်တော်ပေါ်လာရင် ရွေးကောက်ပွဲပြီးရင် ကျနော်လွှတ်တော်ကိုတင်ပြမယ်"

၁၁။ ဤကော်မတီက အောက်ပါဆုံးဖြတ်ချက်များကိုလည်း ဆုံးဖြတ်ပါသည်။

(က) နိုင်ငံရေးပါတီများ၏ လုပ်ပိုင်ခွင့်များကို ဥပဒေအရ အပြည့်အဝဆောင်ရွက်ပေးရန်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များအား နိုင်ငံရေးအရ ပြောဆိုလုပ်ဆောင်ခြင်းနှင့် ဆက်နွယ်သည့် ကိစ္စများကို အရေးယူခြင်းမှ ကင်းလွတ်ခွင့် ပြုရန်။

(ဂ) အားလုံးသော နိုင်ငံရေးအကျဉ်းသမားများကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

နိုင်ငံတနိုင်ငံတွင် တပ်မတော်သည် မရှိမဖြစ် လိုအပ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ တပ်မတော်၏ တာဝန်သည် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကာကွယ်ရန် ဖြစ်သည်။ ပြည်သူလူထုက ယုံကြည်ကိုးစားချစ်ခင်သည့် ခေတ်မှီပြီး ကာကွယ်ရေးတာဝန်ကို သန့်သန့်ထမ်းဆောင်သည့် တပ်မတော် ဖြစ်ရပါမည်။ အဆင့်အတန်းမြင့်မားပြီး ပြည်သူပြည်သားများနှင့် တသားတည်း ဖြစ်ရပါမည်။ ပြည်သူတို့၏ ဆန္ဒကို ဦးထိပ်ထားကာ အစဉ်လေးစားရမည်။

## နိဂုံး

၁၂။ ဤကော်မတီသည် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဥပဒေနှင့်အညီ လွှတ်တော် ခေါ်ယူပေးရေး မူအရ၊ လွှတ်တော်ခေါ်ယူပေးရေးဖြစ်မြောက်သည်အထိ လွှတ်တော်ကိုယ်စား ဆောင်ရွက်သွားမည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုမှု ကော်မတီ



ရှေ့တန်း ဝဲယာမှ - ဦးလွင်၊ ဦးအေးသာအောင်၊ ဦးအောင်ရွှေ၊ ဦးသန်းထွန်း၊ ဦးတင်ဦး

နောက်တန်း ဝဲယာမှ - ဦးလှဖေ၊ ဦးစိုးမြင့်၊ ဦးလွန်းတင်၊ ဦးညွန့်ဝေ၊ ဒေါ်အောင်ဆန်းစုကြည်

[ပုံ - မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ၊ ၁၉၉၉]

## ၁၃၆၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် (၁၂)ရက်
## ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်
## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (ရန်ကုန်) ကြေညာချက်အား တော်လှန်ရေးနယ်မြေနှင့် ပြည်ပရောက်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ထောက်ခံမှုပေးခြင်း

၁။ ၁၆၊ ၉၊ ၉၈ ရက်စွဲဖြင့် ဖွဲ့စည်းခဲ့သည့် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော "ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ" နှင့် ၁၇၊ ၉၊ ၁၉၉၈ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ထိုကော်မတီ၏ ကြေညာချက်အမှတ် (၁) အား ကျွန်ုပ်တို့က အပြည့်အဝ ထောက်ခံပါသည်။

၂။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသော လွှတ်တော် ကိုယ်စားလှယ် (၄၈၅) ဦးအနက် (၂၆) ဦး ကွယ်လွန်သွားပြီဖြစ်ရာ (၄၅၉) ဦး ကျန်ရှိပါသည်၊ နအဖ၏ ဥပဒေမဲ့ မတရားဖမ်းဆီးချုပ်နှောင်မှုကို ခံနေရသော လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင် NLD နှင့် NLD ၏ မိတ်ဆွေပါတီများက ပြည်တွင်းရှိ လွှတ်တော်ကိုယ်စားလှယ် (၂၅၀) ဦးဆို့သည် ၎င်းတို့ကိုယ်စား ဆောင်ရွက်ပိုင်ခွင့် အာဏာကို "ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ" သို့ အခိုင်အမာ ပေးအပ်ထားပြီး ဖြစ်သည်၊ သို့ဖြစ်၍ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီသည် "၁၉၉၀ ပြည့် ရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်" ကိုယ်စား ပြည်သူ့လွှတ်တော် ခေါ်ယူကျင်းပရေး အပါအဝင် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက် သွားနိုင်ပြီး ဖြစ်ပေသည်။

၃။ ထို့ပြင် တော်လှန်ရေးနယ်မြေနှင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသော အောက်ဖော်ပြပါ အတိုင်း လက်မှတ်ရေးထိုးကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ကျွန်ုပ်တို့၏ ကိုယ်စား "ဆောင်ရွက်ပိုင်ခွင့်အာဏာ" အား အဆိုပါ "ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီ" သို့ ယုံကြည်စိတ်ချစွာ အပ်နှင်းလိုက်ပါသည်။

၄။ ကျွန်ုပ်တို့အနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီမှ ပေးအပ်သော မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာထမ်းဆောင်မည်ဖြစ်သည်။ ၎င်းကောင်မတီ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဆောင်ရွက်မှုများကို ထိရောက်အောင်မြင်မှုရှိစေရန်အတွက် အစွမ်းကုန် ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ ၁၉၉၀ ပြည်နှစ်ရွေးကောက်ပွဲတွင် ထုတ်ဖော်ခဲ့ကြသော ပြည်သူလူထုအပေါင်း၏ ဒီမိုကရေစီလိုလားသော ဆန္ဒပြည့်ဝသည် အထိ ကျရာ အခန်းကဏ္ဍမှ အစွမ်းကုန် ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အခိုင် အမာ ထုတ်ပြန်ကြေညာလိုက်ပါသည်။

| စဉ် | အမည်/ လက်မှတ် | မဲဆန္ဒနယ်မြေ | ရောက်ရှိဒေသ |
|---|---|---|---|
| ၁။ | ဒေါက်တာ စိန်ဝင်း | ပေါက်ခေါင်း | အမေရိကန် |
| ၂။ | ဦးဘိုလှတင့် | မိုးကုတ် (၂) | အမေရိကန် |
| ၃။ | ဦးလျှန်အုပ် | ဟားခါး | အမေရိကန် |
| ၄။ | ဦးမောင်မောင်အေး | မန္တလေး (ရွှေမြောက်-၁) | ထိုင်းနိုင်ငံ |
| ၅။ | ဦးသိန်းဦး | မန္တလေး (အနောက်တောင်-၁) | ထိုင်းနိုင်ငံ |
| ၆။ | ခွန်းတယ်ဒီဘူးရီ | လွိုင်ကော် (၂) | ထိုင်းနိုင်ငံ |
| ၇။ | ဒေါက်တာစန်းအောင် | အင်္ဂပူ (၂) | ထိုင်းနိုင်ငံ |
| ၈။ | ခွန်းမာတ်ရ်ကိုဘန် | ဖယ်ခုံ | ထိုင်းနိုင်ငံ |
| ၉။ | ဦးလှဦး | ကျောက်တံတား (၁) | ထိုင်းနိုင်ငံ |
| ၁၀။ | ဦးမောင်မောင်လတ် | ဘီးလင်း (၁) | ထိုင်းနိုင်ငံ |
| ၁၁။ | ဦးထွန်းဦး | ကျောက်ကြီး | ထိုင်းနိုင်ငံ |
| ၁၂။ | ဦးသန်း (ခ) ဦးသန်းစိန် | ပုလဲ (၁) | အိန္ဒိယနိုင်ငံ |
| ၁၃။ | ဒေါက်တာတင့်ဆွေ | ပုလဲ (၂) | အိန္ဒိယနိုင်ငံ |
| ၁၄။ | ဦးသာနိုး | ရသေ့တောင် (၂) | အိန္ဒိယနိုင်ငံ |
| ၁၅။ | ဒေါက်တာဇလှယ်ထန်း | ဖလမ်း (၂) | အိန္ဒိယနိုင်ငံ |
| ၁၆။ | ဦးဘိုသောင်း | ယင်းမာပင် (၁) | အိန္ဒိယနိုင်ငံ |

| | | | |
|---|---|---|---|
| ၁၇။ | ဦးထန်လျန်းပေါင် | တွန်းဇံ | အိန္ဒိယနိုင်ငံ |
| ၁၈။ | ဦးတင်ထွဋ် | အိမ်မဲ (၁) | ဩစတေးလျနိုင်ငံ |
| ၁၉။ | ဦးဒယ်နီရယ်အောင် | မိုင်းပြင် | ဩစတေးလျနိုင်ငံ |

နေ့စွဲ။ ။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်။

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား အပစ်အခတ်ရပ်ဆဲရေးအဖွဲ့က ထောက်ခံမှုပေးခြင်း

၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် အောက်ဖော်ပြပါအဖွဲ့များသည် လွှတ်တော်ခေါ်ယူရေးအတွက် ထောက်ခံကြသည်။

(၁) ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ငြိမ်းချမ်းရေးရယူထားသည့်အဖွဲ့)

(၂) ကယန်းပြည်သစ်ပါတီ

(၃) ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ငြိမ်းချမ်းရေးယူထားသည့်အဖွဲ့)

၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် အောက်ဖေါ်ပြပါအဖွဲ့သည် လွှတ်တော်ခေါ်ယူရေးအတွက် ထောက်ခံသည်။

(၄) မွန်ပြည်သစ်ပါတီ (ငြိမ်းချမ်းရေးယူထားသည့်အဖွဲ့)

# ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသည့်ကော်မတီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ) ၏ (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့ ကြေညာစာတမ်း

ဤနေ့ ဤရက်သည် (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပေသည်။ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ သို့ရောက်တိုင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရအနေဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ အနေဖြင့်လည်းကောင်း ပြည်ထောင်စုနေ့ဟု၍ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလေ့ရှိပေသည်။ ပြည်ထောင်စုနေ့ကို မည်သို့ပင် တခမ်းတနား ဂုဏ်ပြုချီးကျူးနေကြသော်လည်း၊ ယနေ့ကာလ၌ မြန်မာနိုင်ငံတွင် ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ်ကို ဖျက်သိမ်းခံခဲ့ရခြင်းနှင့် အတူ ပြည်နယ်များနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ပြည်ထောင်စု၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ ပျောက်ကွယ်ခဲ့ရသည်။ ထို့အတူ ပြည်ထောင်စုစိတ်ဓာတ် တနည်းအားဖြင့် ပင်လုံစိတ်ဓာတ်သည်လည်း မှေးမှိန်ပျောက်ကွယ်လုနီးပါး အခြေအနေ၌ ရှိနေပေသည်။

လူပုဂ္ဂိုလ်အချို့ကလည်း ပင်လုံသဘောတူညီချက်နှင့် ပင်လုံအခြေခံမူများကို တမျိုးတမည် အဓိပ္ပါယ်သက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့်၊ ပြောဆိုရေးသားနေကြသည့်အပြင်၊ အချို့ကလည်း ပင်လုံသဘောတူညီချက်နှင့် ပင်လုံအခြေခံမူများကို၊ ပစ်ပယ်သွေဖည်သည့် သဘောထားဖြင့်၊ ဟိုစဉ်က အမျိုးသား သွေးစည်းညီညွတ်ရေးကို၊ တည်ဆောက်ခဲ့ကြသော ခေါင်းဆောင်ကြီးများကိုပင်၊ သွယ်ဝိုက်သောနည်းဖြင့် အပြစ်တင်ပြောဆိုမှုများရှိနေပေသည်။

ထို့ကြောင့် ယနေ့ကာလသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၊ အမြော်အမြင်ကြီးမားစွာဖြင့်၊ ချမှတ်ခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ် ရေးမှု၊ တနည်းအားဖြင့် လူမျိုးပေါင်းစုံ သွေးစည်းရေးကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်၏ မူရင်းအနှစ်သာရနှင့် သဘောတရားများကို၊ ရဲရဲဝင့်ဝင့် ဖော်ထုတ်စွဲကိုင်ပြီး၊ ပြည်ထောင်စုမူတရပ်ကို ချမှတ်အကောင်အထည်ဖော်ရေးမှာ၊ အမျိုးသားရေး တာဝန်တရပ်ဖြစ်ပေသည်။

ပြည်ထောင်စုဟူသည် ပြည်နယ်များကို ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ယင်းပြည်နယ်များရှိ ပြည်သူများ၏ ဆန္ဒနှင့် မွေးရာပါ အခွင့်အရေးများကို၊ လေးစားလိုက်နာခြင်း၊ ဒီမိုကရေစီ အခွင့်အရေးများရှိခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူခြင်း၊ အေးအတူပူအမျှ ဆိုးတူကောင်းဖက် ညီမျှသော အခွင့်အရေးများကို၊ ခံစားခွင့်ရှိခြင်းပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းနှင့် အခြားသော တိုင်းရင်းသားပေါင်းစုံတို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထူထောင်လျက် နေထိုင်ခဲ့ကြသည်။ ဗြိတိသျှ နယ်ချဲ့ လက်အောက်သို့ ကျရောက်သွားသည့်တိုင်၊ ဗမာများ နေထိုင်ရာဒေသ၊ ရခိုင်ဒေသ၊ မွန်ဒေသများကို ဗမာပြည်မ ဟူ၍လည်းကောင်း၊ အခြားရှမ်း၊ ကချင်၊ ကရင်၊ ကရင်နီ ဒေသများကို တောင်တန်းဒေသများဟူ၍ ခွဲခြားအုပ်ချုပ်ခဲ့ပေသည်။ လွတ်လပ်ရေးအကြိုကာလသို့ ရောက်သောအခါ၊ မြန်မာပြည်မနှင့် တောင်တန်းဒေသများ ပေါင်းစည်းရေးသည် မြန်မာနိုင်ငံရေး၏ အဓိကသော့ချက် ပြဿနာ တရပ် ဖြစ်ခဲ့ပေသည်။

ထိုအချိန်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် ညီလာခံတရပ် ခေါ်ယူတွေ့ဆုံဆွေးနွေးကာ မြန်မာနိုင်ငံကို ပြည်မနှင့် တောင်တန်းဒေသများအား ပြည်ထောင်စုမှုဖြင့် ပေါင်းစည်းရန်၊ ဆွေးနွေးညှိနှိုင်း သဘောတူညီခဲ့ကြပြီး ပင်လုံသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပေသည်။ ထိုနေ့သည်ကား ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ ဖြစ်ပေသည်။ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးအတွက် ပြည်ထောင်စုမှုတရပ်ကို အခိုင်အမာ အုပ်မြစ်ချနိုင်ခဲ့သော နေ့လည်းဖြစ်ပေသည်၊ ပြည်ထောင်စုစိတ်ဓာတ် မွေးဖွားရာနေ့ဖြစ်သည့်အပြင် လူမျိုးပေါင်းစုံ နေထိုင်သော နိုင်ငံတနိုင်ငံနှင့် ဆီလျော်သည့် အမျိုးသားရေးဝါဒနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပေါင်းစပ်ပြီး၊ လူမျိုးပေါင်းစုံ စည်းလုံးညီညွတ်ရေးဆိုင်ရာ သဘောထားတရပ်ကို ချမှတ်နိုင်ခဲ့ခြင်းလည်း ဖြစ်ပေသည်။

အဆိုပါ ပြည်ထောင်စုစိတ်ဓာတ်ဟူသည်၊ ပင်လုံတွင် လက်မှတ်ရေးထိုးခဲ့ကြသော စာချုပ်ပါ အချက်အလက် အပြင်၊ ပင်လုံညီလာခံကြီး၌ ဆွေးနွေးတင်ပြချက်များ၊ အပြန်အလှန် သဘောတူညီချက်များ၊ အပြန်အလှန်ပေးခဲ့သည့် ကတိကဝတ်များပါ အကျုံးဝင်လျက်ရှိပေသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်

များသည် အမြော်အမြင်ကြီးမားစွာဖြင့် တိုင်းပြည်၏ ခက်ခဲနက်နဲသော ပြဿနာရပ်များ၊ ကွဲပြားခြားနားသော လူမျိုးအသီးသီးတို့၏ အလို ဆန္ဒနှင့် မျှော်မှန်းချက် များကို တွေ့ဆုံဆွေးနွေးခြင်းဖြင့်၊ ယုံကြည်မှုတည်ဆောက် နိုင်ခဲ့ကြသည့်နည်းတူ လက်တွေ့အားဖြင့်လည်း ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းကာ တိုင်းရင်းသား ပြဿနာအား ဖြေရှင်းပြီး၊ အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပေသည်။

တိုင်းရင်းသားလူမျိုးပြဿနာသည် မြန်မာနိုင်ငံတွင်းသာမက၊ ကမ္ဘာ့နိုင်ငံများစွာတို့၏ နိုင်ငံရေးရာ ကိစ္စရပ်များတွင် အသွင်အမျိုးမျိုးဖြင့် ပါဝင်ပတ်သက် ဖြစ်ပွားလျှက်ရှိပေသည်။ အဘယ်ကြောင့်ဆိုပါမူ တိုင်းရင်းသား လူမျိုးများပြဿနာသည် မတူညီသော လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကွဲပြားခြားနားသည့် အခြေခံများအပြင်၊ ပဒေသရာဇ်ခေတ်မှစခဲ့သည့် အထွေထွေနယ်ချဲ့စနစ်၏ အမျိုးသားရေး ဆိုင်ရာပြဿနာများနှင့် တစုံတရာ ဆက်စပ်နေခြင်းကြောင့် ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံအများစုသည် လူမျိုးများစွာဖြင့် ပေါင်းစပ်ဖွဲ့စည်းထားကြခြင်းဖြစ်ရာ၊ ထိုသို့ပေါင်းစပ်နေထိုင်ကြသော လူမျိုးအသီးသီးတို့သည် ယနေ့ခေတ်သမိုင်းတွင်၊ တူညီသော လူနေမှုဘဝနှင့် တူညီသော လူမျိုးစု၏ အဖွဲ့ဝင်အဖြစ်နေလိုဖြင်း၊ မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံများကို ထိန်းသိမ်းလိုကြခြင်း၊ နိုင်ငံတနိုင်ငံအတွင်း၌ အဓိကကျသော လူမျိုးက၊ အခြားလူမျိုးများနှင့် လူမျိုးစုများကို လွှမ်းမိုးချယ်လှယ်အုပ်ချုပ်သည့်အပြင် ခွဲခြားဆက်ဆံခြင်းကြောင့် အခြားလူမျိုးများနှင့် လူမျိုးစုများ၏ အကျိုးစီးပွားများ ဆုံးရှုံးနစ်နာမှုဖြစ်စေခြင်း၊ ရှေးဟောင်းပဒေသရာဇ်၏ အင်ပါယာနိုင်ငံများကို အစားထိုး၍ ပေါ်ပေါက်လာကြသော နိုင်ငံများသည်လည်း အဓိကလူမျိုးစုက အခြားသောလူမျိုးစုများကို လွှမ်းမိုးအုပ်ချုပ်ကြခြင်း စသည့်အခြေခံအကြောင်းများကြောင့်၊ တိုင်းရင်းသားလူမျိုးစုပြဿနာသည် ကမ္ဘာ့နိုင်ငံ အသီးသီးတို့၏ နိုင်ငံရေးရာ ကိစ္စများတွင် အသွင်အမျိုးမျိုးဖြင့်၊ ဖြစ်ပွားပေါ်ပေါက်လျက်ရှိပေသည်၊ သို့ဖြစ်၍ တိုင်းရင်းသားပြဿနာကို ဖြေရှင်းကြရာတွင် ...

ဤအခြေခံများကို သုံးသပ်၍ ဓမ္မဓိဋ္ဌာန်ကျကျ ဖြေရှင်းရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံ၏ လူမျိုးစု ပြဿနာကို ဖြေရှင်းရန်၊ ချဉ်းကပ်လေ့လာသည့်အခါတွင်လည်း၊ လွတ်လပ်ရေးရပြီးသည့်နောက် နှစ်ပေါင်း (၅၀) ကျော် စွဲကပ်လာခဲ့သော ဆန္ဒစွဲ၊ လူမျိုးစွဲ၊ ကင်းရှင်းရမည့်

အပြင်၊ သမိုင်းဆိုရာ အတွေ့အကြုံများနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေသော အမျိုးသားရေး ပြဿနာများကိုပါ ပေါင်းစပ်ခြုံငုံ သုံးသပ်၍ လက်တွေ့ ကျကျ၊ ဓမ္မဓိဋ္ဌာန် ကျကျ ဖြေရှင်းရန် လိုအပ်ပေသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် လွတ်လပ်ရေး ရပြီးနောက် ပေါ်ပေါက်ခဲ့သော၊ ပေါ်ပေါက်စဲဖြစ်သော တိုင်းရင်းသားလူမျိုးများ ပြဿနာကို ရှုမြင် သုံးသပ်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ် ရပ်စဲထားသည် ဆိုမှုရုံဖြင့် ပြဿနာ အရပ်ရပ်သည် ပြေလည်မသွားနိုင်ပေ။ ဆက်လက်၍ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ဖြေရှင်းရန် လိုအပ်ပေသည်။

၎င်းအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် လက်နက်ကိုင် ပဋိပက္ခများ ဆက်လက် ဖြစ်ပွားလျှက်ရှိနေသည်ကိုလည်း “တွေ့ဆုံဆွေးနွေးရေး” နည်းလမ်းသာဖြစ်ပြီး၊ ဖြေရှင်းရမည့် အခြေခံမှုမှာ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ မွေးရာပါ အခြေခံအခွင့်အရေး များကို အသိအမှတ်ပြုပြီး၊ ဒီမိုကရေစီပြည်ထောင်စုစစ်စစ်မှုဖြင့် မြန်မာနိုင်ငံကို ဖွဲ့စည်း တည်ထောင်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ပြည်ထောင်စု မြန်မာနိုင်ငံဟူ၍ ဖွဲ့စည်း နိုင်ခဲ့သော်လည်း ထိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ဗမာ၊ မွန်၊ ရခိုင်ဒေသဟု ဖွဲ့စည်းမှုမရှိခဲ့ခြင်း၊ ပြည်နယ်များသို့ ပေးထားသော လုပ်ပိုင်ခွင့်များနည်းပါးခြင်း၊ ဗမာအများစု နေထိုင်ရာ ဒေသကို ပြည်မအသွင်ဖြင့် ပြည်ထောင်စုအာဏာကိုရယူ၍ အုပ်ချုပ်ခြင်း၊ ဘဏ္ဍာရေးခွဲဝေမှု မမျှတခြင်း စသည့်အားနည်းချက်များကြောင့် ၁၉၄၈ ခုနှစ် နောက်နှစ်ပေါင်း (၁၀) နှစ်ကျော် ကြာလာသည့်အခါ အုပ်ချုပ်ရေး ဘဏ္ဍာရေး အကြပ် အတည်းများဖြင့် ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် ပြည်ထောင်စုအတွင်း၌ ပြည်နယ်များနှင့် တိုင်းရင်းသားလူမျိုးများ၏ မကျေနပ်မှု များဖြစ်ပေါ် ခဲ့ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ အကြပ်အတည်းကို ဖြစ်ပေါ်စေခဲ့သည်။ တချိန်တည်းတွင် နိုင်ငံတော်၏ ဖွဲ့ ဲစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ရန် အကြောင်းများ တိုက်ဆိုင်လာသောအခါ ရှမ်းပြည်နယ်ကလည်း တိုင်းရင်းသားပေါင်းစုံကို ဖိတ်ခေါ်၍၊ တောင်ကြီးမြို့၌ ညီလာခံတရပ် ကျင်းပခဲ့သည်။

ထိုညီလာခံ၌ ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ အကြပ်အတည်းများကို တင်ပြ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ပြီး၊ ပြည်ထောင်စုစစ်စစ်မှု (ဖက်ဒရယ်မှု)ကို ဆွေးနွေးညှိနှိုင်းလျှက် ပါလီမန်သို့ တင်သွင်းရန် ဆုံးဖြတ်ခဲ့ကြပေသည်။ အဆိုပါမူမှာ ခွဲထွက်ရေးမူ လုံးဝမဟုတ်ပေ၊

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အားနည်းချက်များကို ပြင်ဆင်ပြီး၊ ပြည်ထောင်စု စစ်စစ်မှုတရပ်ကို တင်ပြခြင်းသာဖြစ်ပေသည်။

သို့ရာတွင် တပ်မတော်ခေါင်းဆောင်အချို့သည် ထိုဖက်ဒရယ်မူနှင့် ပတ်သက်၍ အောက်ပါ အချက်များကို အကြောင်းပြပြီး ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်၏အာဏာကို သိမ်းယူခဲ့ပေသည်။ ထိုကဲ့သို့ အာဏာသိမ်းယူရာတွင်လည်း၊ အာဏာသိမ်းခေါင်းဆောင်များက၊ "ဖက်ဒရယ်မူသည် ခွဲထွက်ရေးမူဖြစ်သည်" "တိုင်းရင်းသားလူမျိုးများသည် ပြည်နယ်များခွဲထွက်ရန် ကြံစည်နေသဖြင့် ပြည်ထောင်စုမပြိုကွဲအောင်၊ တပ်မတော်မှ အာဏာသိမ်းယူခဲ့ရခြင်းဖြစ်သည်" ဟူ၍ အကြောင်းပြခဲ့ကြပေသည်။ အမှန်စစ်စစ်မှာ ဖက်ဒရယ်မူသည် ပြည်ထောင်စုမူတရပ်သာဖြစ်ပြီး၊ ခွဲထွက်ရေးမူမဟုတ်ပေ၊ ထို့အပြင် တိုင်းရင်းသားများအနေဖြင့် ပြည်နယ်ခွဲထွက်ရန် ရည်ရွယ်ချက်များ၊ လုပ်ဆောင်ချက်များလည်း မပါရှိခဲ့ပေ။

ထိုသို့ အာဏာသိမ်းခဲ့သည့် ၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပျောက်ကွယ်ခဲ့ရသလို၊ ပြည်ထောင်စုစိတ်ဓာတ် သို့မဟုတ် ပင်လုံစိတ်ဓာတ် သည်လည်း တစတစမှေးမှိန်ခဲ့ရသည်မှာ ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရပေသည်။ မှေးမှိန်ရန် လည်း နည်းအမျိုးမျိုးကို အသုံးပြုခဲ့ကြပေသည်။

ဤကဲ့သို့သော အခြေအနေတွင် ကျွန်ုပ်တို့သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ခဲ့သော ပြည်ထောင်စုမူ၏ မူရင်းအဓိပ္ပါယ်နှင့် အနှစ်သာရကို သဘောပေါက်ရန် လိုအပ်ပေသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇွန်လ ၁၆ ရက် တွင် ကျင်းပသော တိုင်းပြည်ပြုလွှတ်တော်သို့ လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက် အဆို တင်သွင်းရာ ဖဆပလပဏာမပြင်ဆင်မှု ညီလာခံတွင် ဤသို့မိန့်ကြားခဲ့သည်။ "ကျနော်တို့ သဘောတူညီချက်တွေ၊ စာချုပ်အမျိုးမျိုး ချုပ်တဲ့ အခါတုန်းက တောင်တန်းဒေသကိုယ်စားလှယ်များနှင့် ကျနော်တို့ချုပ်ဆိုခဲ့တဲ့ စာချုပ်အရဆိုလို့ရှိရင်ဖြစ်စေ၊ နောက်ပြီးတော့ တောင်တန်းဒေသဆိုင်ရာ စုံစမ်းရေးအဖွဲ့ အစီရင်ခံစာမှ ထောက်ခံချက်များကို ကျနော်တို့ လက်ခံခဲ့သည့်အတိုင်းဖြစ်စေ၊ အဲသလို လက်ခံထားခဲ့သည့် စာသဘောတွင်သမကပဲ "Not Only the Letter of Agreement" သည်

စာသဘောကို ကျနော်တို့ သဘောတူညီလက်ခံခဲ့ရတွင်မကပဲ၊ ကျနော်တို့အဖွဲ့မှာ ဆိုလို့ရှိရင် "The Spirit of Agreement" သဘောတူညီလာခဲ့တဲ့ တကယ်အရင်းခံသဘောတရားကို လက်ခံပြီးတော့ ဒီအတိုင်းပဲ၊ တိုင်းပြုပြည်ပြု လွှတ်တော်မှာ လုပ်မှာပဲဆိုတာ တောင်တန်းနယ် ဆိုင်ရာ ကိုယ်စားလှယ်များ တိတိလင်းလင်း နားလည်စေချင်ပါတယ်။"

ထိုကြောင့် ပြည်ထောင်စု စိတ်ဓာတ်ဟူသည် ပင်လုံစာချုပ်တွင် ဖော်ပြထားသော အချက်အလက်များ သမက၊ ပင်လုံညီလာခံတွင် ဆွေးနွေးတင်ပြချက်များ၊ ညှိနှိုင်းသဘောတူညီချက်များ၊ ကတိကဝတ်များ အားလုံး ခြုံငုံ၍ ပါဝင်နေပေသည်။ ဤနေရာတွင် ပင်လုံစာချုပ်ပေါ်ပေါက် လာပုံနှင့် ပြည်ထောင်စုသဘောတရားများကို အကျဉ်းမျှဖော်ပြရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသော လူမျိုးများ အပြင်၊ အခြားသော လူမျိုးများစွာတို့သည်လည်း၊ ရှေးပဝေသဏီကာလကပင် အတူတကွ နေထိုင်ခဲ့ကြပေသည်။ ထိုသို့ နေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုး အသီးသီးတို့သည်၊ အချို့မှာ ထီးပြိုင်၊ နန်းပြိုင်နိုင်ငံများကို ထူထောင်လျှက် နေထိုင်ခဲ့ကြပြီး၊ အချို့မှာ စောဘွား၊ စောဖျာ၊ စော်ကဲ၊ ဒူးဝါး၊ တောင်ပိုင်၊ တောင်အုပ်များဖြင့် ကိုင်ပိုင်အုပ်ချုပ်လျက် လွတ်လပ်စွာ နေထိုင်ခဲ့ကြသည်။

တချို့သော တန်ခိုးကြီးသည့် မြန်မာမင်းများလက်ထက်တွင် လက်ရှိမြန်မာနိုင်ငံဟု ခေါ်တွင်သော နယ်မြေများနှင့် ထိုထက်ကျယ်ဝန်းသော နယ်မြေများကို သိမ်းပိုက်ကာ၊ ပဒေသရာဇ် အင်ပါယာကို သိမ်းပိုက်အုပ်ချုပ်နိုင်ခဲ့သည်ကို တွေ့ရပြီး၊ ကျန်ကာလများ၌ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့သည် ထီးပြိုင်၊ နန်းပြိုင် ပဒေသရာဇ်နိုင်ငံများကို ထူထောင်လျှက်၊ သီးခြားလွတ်လပ်စွာ အုပ်ချုပ်နေထိုင်ခဲ့ကြပြန်သည်။ ကျန်တိုင်းရင်းသား လူမျိုးများမှာလည်း ကိုယ့်နည်းကိုယ့်ဟန် ကိုယ်ပိုင်အုပ်ချုပ်ရေးဖြင့် ရပ်တည်နေထိုင်ခဲ့ကြသည်ကို တွေ့ရပေသည်။

သို့ရာတွင် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို စစ် (၃) ကြိမ် တိုက်ခိုက်သိမ်းပိုက်လိုက်သော အခါ၊ တိုင်းရင်းသားလူမျိုးစု နယ်မြေအားလုံးသည်လည်း၊ နယ်ချဲ့လက်အောက် ကျွန်ဘဝသို့ အတူတကွ ကျရောက်ခဲ့ရပေသည်၊ နယ်ချဲ့တို့၏ လက်အောက်၌ ဗမာ၊ ရခိုင်၊ မွန် ဒေသများကို ဗမာပြည်မအဖြစ်နှင့် လည်းကောင်း၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယားနှင့် အခြားတိုင်းရင်းသား ဒေသများကို တောင်တန်းဒေသများအဖြစ် လည်းကောင်း၊ ခွဲခြားသတ်မှတ် အုပ်ချုပ်ခဲ့ပေသည်။

နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တိုက်ဖျက်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး ရှန်းကန်လှုပ်ရှား တိုက်ပွဲဝင်သည့် ကာလတလျှောက်တွင်လည်း၊ တိုင်းရင်းသာလူမျိုးစုပေါင်းစုံတို့သည် နည်းမျိုးစုံဖြင့် လက်တွဲတိုက်ပွဲ ဝင်ခဲ့ကြသည်။

ထိုသို့ တိုက်ပွဲဝင်ရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များသည်၊ ဒို့ဗမာအစည်းအရုံးခေတ်က ချမှတ်ခဲ့သော "ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ ဗမာပြည်ကို ချစ်ပါ။ တို့စာကို ချီးမြှင့်ပါ၊ တို့စာကို လေးစာပါ" ဟူသော အမျိုးသားရေးဝါဒကို ကြွေးကြော် တိုက်ပွဲဝင်ခဲ့ပြီး "ဗမာ ထွက်ရပ်ဂိုဏ်း" ခေတ်သို့ ရောက်သောအခါတွင်လည်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး စသည့်အမျိုးသားဝါဒဖြင့်ပင် အမျိုးသားလွတ်မြောက်ရေး လက်နက်ကိုင် တိုက်ပွဲကို ဆင်နွှဲခဲ့ကြပေသည်။

၁၉၄၆၊ ၁၉၄၇ ခုနှစ် များဖြစ်သော လွတ်လပ်ရေးအကြိုကာလသို့ ရောက်သောအခါတွင်ကား အမျိုးသားရေးဝါဒသည် အလှည့်အပြောင်း တစ်ခုသို့ ရောက်လာခဲ့ပေသည်။ ၎င်းမှာ အမျိုးသားရေးဝါဒနှင့် ပြည်ထောင်စုသဘောတရားများကို ပေါင်းစပ်ထားသည့် ပြည်ထောင်စု စိတ်ဓာတ်တည်း ဟူသော "အမျိုးသားများ ပေါင်းစည်းရေးဝါဒ" (သဘောတရား) သည် ပေါ်ထွန်းလာခဲ့ပေသည်။ ထိုသို့ ဖြစ်ပေါ်လာစေရန် စေ့ဆော်သည့် နိုင်ငံရေးအခြေအနေ များလည်း ရှိခဲ့ပေသည်။

မြန်မာနိုင်ငံကို မဖြစ်မနေ လွတ်လပ်ရေး ပေးရမည့်အခြေအနေသို့ ရောက်ရှိလာသောအခါ ဗြိတိသျှအစိုးရသည် ရှမ်းပြည်နှင့် တောင်တန်းနယ်များကို ချန်ထားလိုသော သဘောထား များ ရှိခဲ့သည်။ ထိုသဘောထားများကို ၁၉၄၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ထုတ်ပြန်သော "စက္ကူဖြူစာတမ်း" တွင် အထင်အရှား တွေ့ရပေသည်။ ရှမ်းပြည် အပါအဝင် တောင်တန်းဒေသများကိုမူ မြန်မာပြည်မနှင့် အဆိုပါဒေသများ တစ်လုံးတစည်းတည်း ပူးပေါင်းရန် တောင်တန်းဒေသများက ဆန္ဒမရှိသ၍ ထိုဒေသများကို ဘုရင်ခံက သီးခြားအုပ်ချုပ်သွားမည်ဟု ဖေါ်ပြထားသည်။

ဤအချက်အရ မြန်မာပြည်မကို လွတ်လပ်ရေးပေးသည့်တိုင်အောင် တောင်တန်းဒေသများကို ချန်ထားမည့် ဗြိတိသျှအစိုးရ၏ သဘောထားမှာ ထင်ရှားနေပေသည်။ ထို့ကြောင့် ပြည်မနှင့် တောင်တန်းဒေသများသည် လွတ်လပ်ရေးအရ ယူရာတွင် ပူးပေါင်းရေး မပူးပေါင်းရေးသည် ပြဿနာတစ်ရပ်အနေဖြင့် ပေါ်ပေါက်လာခဲ့ပေသည်။ တောင်တန်းဒေသများနှင့် ပူးပေါင်းရေးတွင်လည်း

လူဦးရေအားဖြင့် အတော်အသင့်များပြီး၊ နယ်မြေအားဖြင့် ကျယ်ဝန်းသော ရှမ်းပြည်နှင့် ပူးပေါင်းရေးသည် အဓိက ကဏ္ဍမှ ပါဝင်လာရပေသည်။

တောင်တန်းဒေသများနှင့် ပေါင်းစည်းရေးအတွက် ဖဆပလ၏ သဘောထားကို ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော နေသူရိန် အစည်းအဝေးကြီး၏ ကြေညာချက်တွင် အောက်ပါအတိုင်း တွေ့ရပေသည်။ "ဗမာပြည်အတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း မိမိတို့ ကံကြမ္မာကို မိမိတို့ကသာ ဖန်တီးနိုင်ပြီး အားလုံး၏သဘောနှင့် ညီညွတ်စွာထူထောင် သောနိုင်ငံ တည်ထောင်ရန်၊ ဤသို့ တည်ထောင်ရာ၌ ပါဝင်သော လူမျိုးအသီးသီးအား မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်သော အခွင့်အရေးများ ပေးထားရန်" ဟူ၍ တွေ့ရပေသည်။

မြန်မာပြည်တွင် လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်ပြင်းထန်လာကာ အောင်ဆန်း-အက်တလီ စာချုပ်အပြီးတွင် ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး၊ တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ယူရေး အတွက် အောင်ဆန်း-အက်တလီစာချုပ် ပေါ်ပေါက်လာခဲ့ပေသည်။ ထိုစာချုပ်တွင် နယ်စပ်ဒေသအရေး (တောင်တန်းဒေသအရေး) နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖေါ်ပြထားသည်။

"နယ်စပ်ဒေသများတွင် နေထိုင်ကြသော ပြည်သူလူထု၏ သဘောတူညီချက် ရယူပြီး ထိုဒေသ များကို မြန်မာပြည်မနှင့် အမြန်ဆုံး ပူးပေါင်းပေးရန် လိုအပ်သည်ဟု ဗြိတိသျှ အစိုးရနှင့် မြန်မာကိုယ်စားလှယ်များက သဘောတူညီကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းရေး မတည်ဆောက်မီ အချိန်ကာလအတွင်း နယ်စပ်ဒေသနှင့် မြန်မာပြည်မတို့ နှစ်ဦးနှစ်ဘက် အကျိုးသက်ရောက်လာသော ဆောင်ရွက်ဖွယ်ရာ ကိစ္စရပ်များကို နှစ်ဦးနှစ်ဘက်လုံးက လက်ခံနိုင်သော နည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း သဘောတူကြသည်။

(က) ______________________

(ခ) ပင်လုံညီလာခံ၌ ဖြစ်စေ၊ အထူးဖိတ်ခေါ်သော ညီလာခံ၌ဖြစ်စေ၊ နယ်စပ်ဒေသ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား ကြားဖြတ်ကာလအတွင်း အောက်ပါသုံးခု အနက် ၎င်းတို့ လက်ခံနိုင်သော ပူးပေါင်းရေးမူကို တင်ပြစေရမည်။

(ဂ) ______________________

(ဃ) ______________________

အထက်ပါ ဖော်ပြခဲ့သည့် အောင်ဆန်း အက်တလီစာချုပ် ထွက်ပေါ်လာပြီးနောက် ရှမ်းပြည်နှင့် ဗမာပြည်ပေါင်းစည်းရေးသည် အလွန်အရေးကြီးသည့် အခြေအနေသို့ ရောက်ရှိလာခဲ့ပေသည်။ ဤကဲ့သို့ ဖြစ်ပေါ်လာသော နိုင်ငံရေး အခြေအနေများကြောင့် ပင်လုံညီလာခံကို ကျင်းပရခြင်း ဖြစ်ပေသည်။ ဒုတိယ ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည်။ ထိုညီလာခံကြီးတွင် အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် အမြော်အမြင် ကြီးမားစွာ အနာဂတ်ပြည်ထောင်စု မူတစ်ရပ်ကို ဆွေးနွေးညှိနှိုင်း ချမှတ်ကာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ စ၍ ပြည်ထောင်စုမူ သို့မဟုတ် ပြည်ထောင်စု စိတ်ဓာတ်ကို မွေးဖွားပေးနိုင်ခဲ့ပေသည်။

ဤနေရာတွင် ပြည်ထောင်စု စိတ်ဓာတ်နှင့် ပတ်သက်၍ ပင်လုံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားချက်များနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၏ တင်ပြချက်များကို ဖော်ပြရန် လိုအပ်ပေသည်။

"ဗမာပြည်လွတ်လပ်ရေးရပြီဟု ဆိုနိုင်ကြောင်း၊ တောင်တန်းနယ်များ ပြဿနာသာ ကျန်ရှိတော့ကြောင်း၊ တောင်တန်းနယ်များ မလွတ်လပ်သရွေ့ ဗမာပြည်လွတ်လပ်ပြီဟု မဆိုနိုင်ကြောင်း၊ ဗမာများသည် တောင်တန်းလူမျိုးများကို ၎င်းတို့ဘာသာ အုပ်ချုပ်စေလိုကြောင်း၊ ဗမာများသည် ရှမ်း၊ ကချင်၊ ချင်းတို့၏ ပြည်တွင်းရေးကို စွက်ဖက်မည်မဟုတ်ကြောင်း" (ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံတွင် ပြောကြားချက်မှ)၊ "မြန်မာများသည် ဗြိတိသျှ၏ ကျွန်မဖြစ်လိုကြောင်း၊ ထိုနည်းတူစွာ တောင်တန်း လူမျိုးများလည်း ဗြိတိသျှကျွန်အဖြစ် မရောက်စေလိုကြောင်း၊ ထို့အပြင် တောင်တန်းလူမျိုးများသည် မြန်မာကျွန် အဖြစ်လည်း မဖြစ်စေလိုကြောင်း" (ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံ ပြောကြားချက်မှ)။

"တိုင်းပြည်ကြီးပွားစေချင်ရင် ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲ အပြားပြား လုပ်ကြရင်ဖြင့် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်" (ဗိုလ်ချုပ်အောင်ဆန်း ပြောကြားချက်မှ)

ထို့အတူပင် ပင်လုံညီလာခံ၌ ရှမ်းတိုင်းရင်းသားခေါင်းဆောင်များ၏ တင်ပြချက်များမှာလည်း၊ အောက်ပါအတိုင်းတွေ့ရသည်။

(၁) ပြည်ထောင်စုစနစ်အရ ပူးပေါင်းမည်၊

(၂) အခွင့်အရေးနှင့် အဆင့်အတန်း တန်းတူဖြစ်ရမည်၊

(၃) ရှမ်းပြည်အား လုံးဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရမည်၊

(၄) ခွဲထွက်လိုက အချိန်မရွေးခွဲထွက်ခွင့်ပေးရမည်။

ဤသို့ ဆွေးနွေးတင်ပြချက်များ၊ သဘောတူညီချက်များ ကတိကဝတ်များအပါအဝင်၊ ပင်လုံစာချုပ်သည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံနှင့် မူရင်းအနှစ်သာရပင်ဖြစ်သည်။ တဖန်ထပ်မံ၍တင်ပြရပါလျှင်၊ ယနေ့အချိန်တွင်ကား အဆိုပါစိတ်ဓာတ်များ ပျောက်ကွယ်လုနီးပါဖြစ်နေပြီး၊ အချို့သောပုဂ္ဂိုလ်များကလည်း ပြည်ထောင်စုစိတ်ဓာတ်အခြေခံများကို မှေးမှိန်သေးသိမ်စေရန်နှင့် အခြားအဓိပ္ပာယ်များ ဖုံးလွှမ်းသွားစေလိုသည့် ရည်ရွယ်ချက်များဖြင့် ပြောဆိုနေကြသည်ကိုလည်း ကြားသိတွေ့မြင်နေရပေသည်။

ယနေ့အချိန်ကာလသည် မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်စစ်စစ်အဖြစ် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးမှသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို မရမနေတည်ထောင်ရမည် ဖြစ်ပေသည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံရေးပါတီများ၊ ဒီမိုကရေစီအင်အားစုများ၊ တပ်မတော်အင်အားစုများ အားလုံးညီညွတ်ကြရုံသာမက တိုင်းရင်းသားအင်အားစုများနှင့် သွေးစည်းညီညွတ်ရေးသည်လည်း အလွန်အရေးကြီးပေသည်။ တိုင်ရင်းသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်မည်ဆိုပါက၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ အမြော်အမြင်ကြီးစွာချမှတ်ခဲ့သော ပင်လုံသဘောတူညီချက်နှင့် ပြည်ထောင်စုစိတ်ဓာတ်၏ မူလအနှစ်သာရနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့်၊ တိုင်းရင်းသား သွေးစည်းညီညွတ်ရေးကိုတည်ဆောက် ကြရပေမည်။

လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေမှာ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အစရှိသည်များတွင် ပြဿနာပေါင်းစုံ ပေါ်ပေါက်လျက်၊ တစတစကျဆင်းကာ

ယိုယွင်းလျက်ရှိပေသည်။ ဤသို့ဖြစ်ရခြင်းမှာ အဓိကကျသော လက်ငင်းဖြေရှင်းရမည့် နိုင်ငံရေးပြဿနာကို အမျိုးသားရေးတာဝန်တရပ်အနေဖြင့် မဖြေရှင်းနိုင်သောကြောင့် ဖြစ်ပေသည်။

အဓိက နိုင်ငံရေးပြဿနာဆိုရာ၌လည်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအခွင့်အရေးများ ပြည်သူတရပ်လုံး (တိုင်းရင်းသားလူမျိုးစုများအပါအဝင်) ဆိတ်သုဉ်းနေခြင်းနှင့် တိုင်းရင်းသားလူမျိုးစုများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ မွေးရာပါအခွင့်အရေးများ ဆုံးရှုံးနေခြင်းတို့ပင် ဖြစ်သည်။

ဤပြဿနာများသည် ပြဿနာနှစ်ရပ်ဟု ထင်ရသော်လည်း၊ တခုနှင့်တခု ဆက်စပ်ကာ မည်သို့မျှခွဲမရအောင် ဆက်နွယ်လျက်ရှိသည်။ ဒီမိုကရေစီအခွင့်အရေးများ မရှိပါက၊ လွတ်လပ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို မတည်ဆောက်နိုင်သကဲ့သို့ တိုင်းရင်းသားပြဿနာကို မဖြေရှင်းနိုင်ပါကလည်း ငြိမ်းချမ်းသော၊ လွတ်လပ်သော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများအရေးကို၊ တပြိုင်တည်း ဖြေရှင်းကြရပေမည်။ ဤသို့ဖြေရှင်းရာတွင်၊ ဒီမိုကရေစီ၏အခြခံကျသော ပြည်သူ့ဆန္ဒကို လေးစား လိုက်နာခြင်းဖြင့် အကောက်အထည်ဖော်ရပေမည်။ တနည်းအားဖြင့် ပြည်သူလူထုက လွတ်လပ်စွာရွေးချယ်တင်မြှောက်ခဲ့သော ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ၏ရလဒ်ကို အကောက်အထည်ဖော်ရမည်။ တိုင်းရင်းသားပြဿနာဖြေရှင်းရာတွင်မူ၊ ပကတိတည်ရှိနေသော တိုင်းရင်းသားလူမျိုးများ၏ အခြေအနေနှင့်ကိုက်ညီသော၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုဖြင့် အကောင်အထည်ဖော်ရမည်။

ဤသည်မှာ ရှောင်ကွင်း၍မရနိုင်သော၊ အဆောတလျင် ဖြေရှင်းရန် လိုအပ်နေသော အမျိုးသားရေးတာဝန်တရပ်လည်း ဖြစ်ပေသည်။ ဤအမျိုးသားရေးပြဿနာကို ဖြေရှင်းရန် အတွက်၊ အမျိုးသားသွေးစည်းညီညွတ်ရေးကို မရမနေတည်ဆောက်ကြရမည်။

ထိုကဲ့သို့ တည်ဆောက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ် အဆင့်ဆင့် ဖြင့် တည်ဆောက်ရန်လိုအပ်ပေသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှ စ၍၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ အုပ်စုစွဲ၊ လူမျိုးစွဲ၊ ဆန္ဒစွဲဖြင့် ကွဲပြားကာ၊ ပြင်းထန်သော လက်နက်စွဲကိုင် ပဋိပက္ခများဖြစ်ပေါ် ပြီး၊ အချင်းချင်းတိုက်ခိုက်မှုသည် အလွန်ပြင်းထန်

လှသော လက်နက်ကိုင်ပဋိပက္ခဖြစ်ပွား ပေါ်ပေါက်လာ၍၊ ပြည်တွင်းစစ်ဖြစ်ပွားနိုင်သည့် အထိ ဆိုးရွားပြင်းထန်ခဲ့ပေသည်။ ယင်းအကျိုးဆက်ကြောင့် ယနေ့တိုင် အမျိုးသား သွေးစည်းညီညွတ်ရေးကို မတည်ဆောက်နိုင်ခဲ့ပေ။ အမျိုးသားသွေးစည်းညီညွတ်မှုမရှိပါက ငြိမ်းချမ်းသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ ဒီမိုကရေစီပြည့်ဝသော တိုင်းရင်းသားလူမျိုးများ၏ တန်းတူအခွင့်အရေးရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန်လည်း ဖြစ်နိုင်လိမ့်မည်မဟုတ်ပေ။

အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်ရာတွင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၏ ပထမအဆင့်အနေဖြင့် ယုံကြည်မှုတည်ဆောက်ရေးကို အခိုင်အမာတည်ဆောက်ရေးနှင့် ဒုတိယအဆင့်အနေဖြင့် အမျိုးသားရေးပြဿနာများကို တွေ့ဆုံဆွေးနွေးခြင်းနည်းဖြင့် သုံးသပ်အဖြေရှာပြီး ပြဿနာများကို ဖြေရှင်းကာ၊ အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်ကြရပေမည်။

ထိုကဲ့သို့တည်ဆောက်ရန် ကုလသမဂ္ဂ၏ ၂၀၀၂ ခုနှစ်၊ (၅၇) ကြိမ်မြောက် အထွေထွေညီလာခံ က "မြန်မာနိုင်ငံအစိုးရသည် ဒီမိုကရေစီပြန်လည်ရရှိရေး၊ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲရလဒ် များကို အကောင်အထည်ဖော်ရန်၊ (ဒေါ်) အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် အခြားခေါင်းဆောင်များနှင့် ဒီမိုကရေစီရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးများ အတွက် အဓိပ္ပာယ်ပြည့်ဝပြီး၊ စနစ်တကျ ပထမဦးစွာတွေ့ဆုံဆွေးနွေးကြပြီး မနှေးအမြန် အခြား နိုင်ငံရေးခေါင်းဆောင်များနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားလှယ်များ ပါဝင်ရန်ဟု ပြင်းထန်စွာတိုက်တွန်းလိုက်သည်။" ဟူသော ဆုံးဖြတ်ချက်အရ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောက်စီက လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပေသည်။

ပစ္စုပ္ပန်နိုင်ငံရေးဖြစ်ပေါ်မှုအခြေအနေကို သုံးသပ်ပါက၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၏ ပထမအဆင့်ဖြစ်သော ယုံကြည်မှုတည်ဆောက်ရေးနှင့်ပတ်သက်၍ပင်၊ ပီပီ ပြင်ပြင် ခိုင်ခိုင်မာမာ မတည်ဆောက်သေးကြောင်း တွေ့ရပေသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့နှင့် အပစ်အခတ်ရပ်စဲထားနိုင်ခြင်း၊ အကျဉ်းသား အချို့ကို လွှတ်ပေးခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးပြီး၊ လွတ်လွတ် လပ်လပ်သွားလာခွင့်ပေးခြင်း၊ စာမျက်နှာသစ်ဖွင့်လှစ်ခြင်းဖြင့်၊ ပြည်သူများကို နိုင်ငံရေးတွင်

လွတ်လပ်စွာ ပါဝင်လုပ်ဆောင်နိုင်သည်ဟူ၍ အာဏာပိုင်များက ထုတ်ပြန်ခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ရေးကဏ္ဍကို စတင်နိုင်ခဲ့သော်လည်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွား နေခြင်း၊ နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိ မလွှတ်ပေးသဖြင့်၊ ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ်ခရီးစဉ်နှင့် ရေဝတီတိုင်းအချို့ဒေသများသို့ သွားသည့်ခရီးစဉ်တို့တွင်၊ ဟန့်တားနှောက်ယှက်မှုများ ကြုံခဲ့ရပေသည်။

သို့ကြောင့် ယုံကြည်မှုတည်ဆောက်ရေးအပိုင်းလည်း၊ ပီပြင်ခိုင်မာမှုမရှိသေးကြောင်း တွေ့ရပေမည် ဖြစ်ပေသည်။ ထိုသို့ယုံကြည်မှုတည်ဆောက်ရေးကို ပီပီပြင်ပြင် အကောင်အထည် မဖော်ဆောင်နိုင်ခြင်းသည် နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးအဆင့်ကို စတင်အကောင်အထည် မဖော်ဆောင်နိုင်ခြင်း၏ အကြောင်းတရားလည်း ဖြစ်ပေသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ယုံကြည်မှုတည်ဆောက်ရေးနှင့်ပတ်သက်၍၊ အခိုင်အမာ အုတ်မြစ်ချထားရန် လိုအပ်ပေသည်။ သို့မှသာ သိမ်မွေ့နက်နဲသော တွေ့ဆုံဆွေးနွေးရေးအပိုင်းကို ချောမောအဆင်ပြေစွာ အကောင်အထည်ဖော်ဆောင်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ယုံကြည်မှု တည်ဆောက်ခြင်း ကျော်လွန်သွားပြီးဟု ဆိုပါသော်လည်း၊ ဤယုံကြည်မှုအပိုင်းကို ပီပီပြင်ပြင် အကောင်အထည်ဖော်ရန် လိုအပ်ပေသည်။ နိုင်ငံရေးအကျဉ်းသားများကို ချွင်းချက်မရှိလွှတ်ပေးခြင်း၊ ဥပဒေမဲ့ ဖျက်သိမ်းခံထားရသော တိုင်းရင်းသားပါတီများ အပါအဝင်၊ နိုင်ငံရေးပါတီများကို တရားဝင် လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးခြင်း၊ ပြည်သူများကို ကြောက်ရွံ့စိုးရိမ်မှုကင်းစွာ၊ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်း၊ လွတ်လပ်စွာရေးသားထုတ်ဝေခွင့်ပေးခြင်း စသည့်အခြေခံ ဒီမိုကရေစီအခွင့်အရေးများကို ဖော်ဆောင်ပေးခြင်းဖြင့် အကောင်အထည်ဖော်ရပေမည်။

သို့ရာတွင် အာဏာပိုင်များက မြန်မာနိုင်ငံတွင် စာမျက်နှာသစ်ကို ဖွင့်လှစ်ခဲ့သည်ဟု ဆိုငြားသော်လည်း ပြည်သူများသည် နိုင်ငံရေးတွင် လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်ပြီး၊ ယုံကြည်မှုတည်ဆောက်ရေးအဆင့်ပို ကျော်လွန်ခဲ့ပြီဟု ဆိုသော်လည်း၊ လက်တွေ့မှာကား နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် များစွာကျန်နေသေးသည်။

အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ရောဝတီတိုင်း အချို့ဒေသ စည်းရုံးရေးခရီးစဉ်များတွင် ဟန့်တားနှောင့်ယှက်တွေ့ကြုံခြင်းက သက်သေပြလျက်ရှိသည်။ ပြည်သူများမှာလည်း နိုင်ငံရေး ပါတီများ၊ နိုင်ငံရေးသမားများနှင့် ထိတွေ့ဆက်ဆံမှုမရအောင် ကန့်သတ်၊ ဟန့်တား၊ ခြိမ်းခြောက်မှုများ ရှိနေဆဲဖြစ်သည်။ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်မှာလည်း၊ လုံးဝမရှိကြောင်း တွေ့ရပေသည်။

သို့ဖြစ်၍ ယနေ့နိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်မည်ဆိုပါက၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၏ ပထမအဆင့်ဖြစ်သော၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် ပတ်သက်၍ပင် အခိုင်အမာ အုတ်မြစ်ချနိုင်ခြင်း မရှိသေးပေ။

ယုံကြည်မှုတည်ဆောက်ရေးအပိုင်း ပီပြင်ခိုင်မာမှသာ၊ သိမ်မွေ့နက်နဲသော တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်သည် ချောမောအဆင်ပြေနိုင်မည်ဖြစ်ပေသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားသွေးစည်းညီညွတ်မှုမရှိဘဲ၊ အဖက်ဖက်မှ ယိုယွင်းနေသော နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ရန် လုံးဝမဖြစ်နိုင်ပေ။

ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ဖြစ်သော၊ ယုံကြည်မှုတည်ဆောက်ရေးအပိုင်း ပီပြင်ခိုင်မာအောင် ဖော်ဆောင်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆုံးစတင်နိုင်ရေးသည်၊ လက်ရှိအာဏာပိုင်များဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွင် လုံးလုံးလျားလျားတာဝန်ရှိပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံတော်အား ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီစနစ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း စဉ်ဆက်မပြတ် ပြောကြားလျှက်ရှိသကဲ့သို့၊ ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးလမ်းကြောင်းမှ မည်သည့်နည်းနှင့်မျှ သွေဖယ်သွားမည်မဟုတ်ကြောင်းကိုလည်း အခါအားလျော်စွာ ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပေသည်။ သို့သော်လည်း ဒီမိုကရေစီ၏ အခြေခံအကျဆုံးဖြစ်သော ပြည်သူ့ဆန္ဒကို လေးစားလိုက်နာခြင်းတည်းဟူသော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ ရလဒ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင်ကား၊ အလွန့်အလွန် နှောင့်နှေးကြန့်ကြာလျက် ရှိပေသည်။

သို့ဖြစ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသား(၄)ပါတီဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၊ ဇိုမီး

အမျိုးသားကွန်ဂရက်ပါတီများသည် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးနှင့် ဒီမိုကရေစီပြည့်ဝသော ပြည်ထောင်စုနိုင်ငံပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်ခဲ့ကြပေသည်။

သို့ရာတွင် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်အချို့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ် အမြောက်အများကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်း၊ ကန့်သတ်ဟန့်တားနှောက်ယှက်မှု အမျိုးမျိုးကြောင့်၊ ပြည်သူ့လွှတ်တော်တစ်ရပ်ကို ခေါ်ယူကျင်းပနိုင်ခြင်း မရှိခဲ့ပေ။ ၎င်းပြင် အာဏာပိုင်များက ခေါ်ယူရန် ဆန္ဒလည်းမရှိခဲ့ပေ။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တိုင်းရင်းသား(၄)ပါတီ ကိုယ်စားလှယ်တို့သည် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ(၁၆) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းခဲ့ပေသည်။ ၎င်းကော်မတီ၏ ရည်ရွယ်ချက်များမှာ လွှတ်တော်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် လွှတ်တော်မပေါ်ပေါက်မီကာလအတွင်း အဆိုပါကော်မတီသည် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်သွားရန်တို့ဖြစ်ပေသည်။ ဤရည်ရွယ်ချက်များကို ပီပီပြင်ပြင်ဆောင်ရွက် နိုင်ရန်အတွက်၊ အဖွဲ့ဝင်သစ်များကို ဖိတ်ခေါ်လက်ခံလျက်ရှိပေသည်။

မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ နိုင်ငံရေးပြဿနာ၊ တိုင်းရင်းသားလူမျိုးများ ပြဿနာ၊ စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာ စသည့်ဖြင့် ပြဿနာပေါင်းစုံတို့သည်၊ အမျိုးသားရေး ပြဿနာတရပ်အနေဖြင့် အဆောတလျင်ဖြေရှင်းရန် တောင်းဆိုလျက်ရှိနေပေသည်။ ဤပြဿနာများကို အဆောတလျင် မဖြေရှင်းနိုင်ပါက၊ တစတစယိုယွင်းကာ၊ များမကြာမီကာလအတွင်း ပြဿနာအရပ်ရပ်တို့သည် စုပေါင်းရှုပ်ထွေးလာပြီး၊ အခြေအနေဆိုးများကို မဖြေရှင်း၊ မကိုင်တွယ်နိုင်သည့် အခြေအနေသို့ရောက်ရှိလာနိုင်ပြီး၊ တိုင်းပြည်နှင့် လူမျိုးအတွက်လည်း မမျှော်မှန်းနိုင်သော ဆိုးကျိုးများ၏ အကျိုးဆက်ကို ခံစားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအာဏာပိုင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် ယုံကြည်မှုကိုအခိုင်အမာတည်ဆောက်ပြီး၊ ပြဿနာရပ်များကို တွေ့ဆုံဆွေးနွေးကာ၊ အမြန်ဆုံးဖြေရှင်းရန် လိုအပ်နေပေသည်။

သို့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအသီးသီးတို့မှာ ကြိုတင်စည်းကမ်းသတ်မှတ်ချက် မရှိဘဲ တွေ့ဆုံဆွေးနွေးရန် အဆင်သင့်ရှိကြသော်လည်း၊ အာဏာပိုင်များမှာမူ၊ တွေ့ဆုံ ဆွေးနွေးရေးမှသည် ဒီမိုကရေစီပြည့်ဝသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို နှောင့်နှေးစေရန်၊ ဆင်ခြေဆင်လက် အမျိုးမျိုး ပြလျက်ရှိပေသည်။ ထိုသို့ အကြောင်းပြချက်များအနက်၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု မြောက်များစွာ ရှိနေခြင်းကြောင့် ဒီမိုကရေစီတည်ဆောက်ရေးကို မြန်မြန်သွား၍ မရနိုင်၊ ဖြည်းဖြည်းချင်းသွားရမည်ဟူသော အကြောင်းပြချက်လည်း ပါဝင်ပေသည်။

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် အခြားတိုင်းရင်းသား လူမျိုးအများအပြားရှိခြင်းသည် ပကတိအခြေအနေတရပ်ဖြစ်ပြီး ဤကဲ့သို့ တည်ရှိနေသော အရှိတရားကို လက်ခံနိုင်ခြင်း၊ တိုင်းရင်းသားလူမျိုးများ အများအပြား ရှိနေခြင်းသည် ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ပြည်ထောင်စုစစ်စစ်တည်ထောင်ရေး အတွက် အဟန့်အတားဖြစ်နေသည်ဟု အကြောင်းပြပြောဆိုနေသူများသည် အဆိုးမြင်တတ် ကြသူများသာ ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးအများအပြား နေထိုင်လျက် ရှိနေခြင်းကို ပကတိအခြေအနေနှင့် အရှိတရားအဖြစ် ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ပြီး အမျိုးသားပေါင်းစည်းရေးမူတရပ်ကို ချမှတ်ကျင့်သုံးနိုင်ပါက ပြည်ထောင်စုကြီး၏ ကောင်းမြတ်သော စွမ်းပကားတရပ်ပင်ဖြစ်လာနိုင်ပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံ၌ တိုင်းရင်းသားလူမျိုးများ ပကတိတည်ရှိနေသည့် အခြေအနေနှင့် နှစ်ပေါင်း(၅၀)ကျော် ဖြတ်သန်းခဲ့ရသော သမိုင်းအတွေ့အကြုံများ၊ တိုင်းရင်းသား ပြဿနာ များ၊ နိုင်ငံတကာတွင်ကြုံတွေ့ရသော အမျိုးသားရေးပြဿနာ အတွေ့အကြုံများကို ရယူချိန်ထိုး သုံးသပ်ပြီး၊ လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးအတွက်၊ အမျိုးသားရေး မူဝါဒ တစ်ရပ် ကို ချမှတ်ကျင့်သုံးရန် လိုအပ်ပေသည်။

အတိတ်သမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များသည်၊ အမျိုးသားရေးဝါဒနှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုပေါင်းစည်းကာ အမျိုးသားများပေါင်းစည်းရေးဆိုင်ရာ သဘောတရားနှင့် မူဝါဒများချမှတ်နိုင်ခဲ့ကြပေသည်။

ဤသို့ ချမှတ်ရာတွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့် အပြန်အလှန်အပေးအယူလုပ်ခြင်း၊ ကတိကဝတ်များကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်က ခက်ခဲနက်နဲသော အမျိုးသားရေးပြဿနာများကို ဖြေရှင်းနိုင်ခဲ့ပေသည်။

ယနေ့တိုင် ပင်လုံစိတ်ဓာတ် အခြေခံသဘောများကို တန်ဖိုးထား ရည်ညွှန်းနေကြရဆဲဖြစ်ပေသည်။ ထိုကဲ့သို့ တန်ဖိုးထားရည်ညွှန်းနေကြရခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်မှုဖြင့် တိုင်းရင်းသားညီအစ်ကိုများ ဒီမိုကရေစီနည်းကျကျ အကျေအလည် ဆွေးနွေးညှိနှိုင်းပြီး အပြန်အလှန်နားလည်မှုယူကာ သဘောတူညီခဲ့ကြသောကြောင့် ဖြစ်ပေသည်။ အင်အားသုံး ဖိအားပေးပြီး တဖက်သတ်ရယူခဲ့ခြင်း မဟုတ်ပေ။ ဤသို့ ကောင်းမြတ်သော စံနမူနာ များကိုယူပြီး ယနေ့မြန်မာနိုင်ငံ ကြုံတွေ့ရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်း သင့်ပေသည်။

မြန်မာနိုင်ငံတော်အား ဒီမိုကရေစီပြည့်ဝပြီး ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်မည်ဆိုပါက ဒီမိုကရေစီ၏ အခြေခံအကျဆုံးဖြစ်သော ပြည်သူ့ဆန္ဒကို လေးစား လိုက်နာရမည်။ ထို့ကြောင့် ထပ်မံတင်ပြရမည်ဆိုပါလျှင်၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ တွင် ပြည်သူတို့ လွတ်လပ်စွာရွေးချယ် တင်မြှောက်ခဲ့သော ရွေးကောက်ပွဲ၏ ရလဒ်ကို အသိအမှတ်ပြုအကောင်အထည်ဖော်ရန်လိုသည်။ ထိုနည်းတူစွာငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်ကို တည်ဆောက်မည်ဆိုပါက တိုင်းရင်းသားသွေးစည်းညီညွတ်ရေးသည် မ ရှိမဖြစ်လိုအပ်ပေသည်။

တိုင်းရင်းသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်ရာတွင်လည်း အပြောသက်သက်ဖြင့် တည်ဆောက်၍ ရနိုင်မည်မဟုတ်ပေ။ နိုင်ငံရေးကြွေးကြော်သံများ၊ စကားလုံးအလှအပများ သုံးရုံသက်သက်ဖြင့် ယနေ့ရင်ဆိုင်နေရသော ပြဿနာရပ်များကို ဖြေရှင်းနိုင်လိမ့်မည် မဟုတ် ပေ။ တိုင်းရင်းသားလူမျိုးစုများ၏ သမိုင်းဆိုင်ရာ ပကတိအခြေအနေများကို ဆန္ဒစွဲ၊ လူမျိုးစွဲ ကင်းစွာ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ပြီး၊ လက်တွေ့ကျကျ တည်ဆောက်ရပေမည်။

ဤလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အတွက်ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီသည် ယုံကြည်မှုတည်ဆောက်ရေး၊ တွေ့ဆုံဆွေးနွေးရေးမှ တဆင့်၊အမျိုးသား ပြန်လည်သင့်မြတ်ရေးတည်ဆောက်ကာ ပြည်သူ့လွှတ်တော်တရပ်ကို ခေါ်ယူသွားမည်ဖြစ် ပေသည်။ ထိုမှတဆင့် ငြိမ်းချမ်းသော ဒီမိုကရေစီပြည့်ဝသော တိုင်းရင်းသားလူမျိုးများကို

အာမခံသော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက် သွားရမည်ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရန် အလွန်သင့်လျော်နေသည့် အချိန်ဖြစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် (၁) နိုင်ငံရေး အကျဉ်းသား များအားလုံးကို ချွင်းချက်မရှိအမြန်ဆုံးလွှတ်ပေးရန်၊ (၂) ဖျက်သိမ်းခံထား ရသော တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများကို လွတ်လွတ်လပ်လပ်လှုပ်ရှား ခွင့်ပေးရန်၊ (၃) ပြည်သူများအား နိုင်ငံရေးလှုပ်ရှားမှုတွင် အဟန့်အတား အနှောင့်အယှက် ကင်းစွာ ပါဝင်လှုပ်ရှားခွင့်ပေးရန်၊ (၄) လွတ်လပ်စွာ ရေးသား ထုတ်ဝေခွင့်ပေးရန် စသည့် အခြေခံဒီမိုကရေစီအခွင့်အရေးများကို ပီပီပြင်ပြင် ဆောင်ရွက်ပေးခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ရေးကို အခိုင်အမာအုတ်မြစ်ချ၍ တွေ့ဆုံဆွေးနွေးလျက် အမျိုးသားရေး ပြဿနာများကို ပူပေါင်းဆောင်ရွက်ကြပါရန်နှင့် တွေ့ဆုံဆွေးနွေးရေးကို မတွန့်မဆုတ်ဘဲ အမြန်ဆုံးဆောင်ရွက်ကြရန် လေးနက်စွာတိုက်တွန်းလိုက်သည်။

ထိုသို့ ဆောင်ရွက်ကြရာတွင် တဖက်နှင့်တဖက်အပေးအယူ ရှိကြရပေမည်။ အပေးအယူ ဆိုသည်မှာ တဖက်ကအလေးသာပြီး တဖက်ကမထိခိုက် မနစ်နာစေရန် နှစ်ဦးနှစ်ဖက် ပြေသာ ပြင်သာသောနည်းလမ်းကို အသုံးပြုကြရပေမည်ဟု ယနေ့ကျရောက်သည့် (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီက အလေး အနက်တိုက်တွန်းလိုက်ရပေသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ

ရန်ကုန်မြို့

၁၃၆၄ ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက်။

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်။

## (စ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လှုပ်ရှားမှု (အဲန်အယ်လ်ဒီ)

### "တိုင်းရင်းသားအားလုံးလက်တွဲကြဖို့လို"

**ဦးအောင်ရွှေ (ဥက္ကဋ္ဌ)**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ကျန်းမာပျော်ရွှင်စေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ သက္ကရာဇ် ၂၀၀၀၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ဟာ (၅၃) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့သမိုင်းမှာ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရပုံကို ကျနော်ရှင်းပြချင်ပါတယ်။ ကျနော်တို့ရဲ့ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များမှ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ပင်လုံစာချုပ်၏ ရည်ရွယ်ချက်က လွတ်လပ်ရေးရရန်အတွက် တိုင်းရင်းသားအားလုံး ပြန်လည်စုစည်းညီညွတ်ရန် ဖြစ်ပါတယ်။ ပင်လုံစာချုပ်သည် မြန်မာပြည်လွတ်လပ်ရေးရသည့် အချိန်တွင် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ဖို့ရန် ဦးတည်ထားခဲ့ကြပါတယ်။

ယင်းသဘောတူညီချက်ဖြင့် ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို တည်ထောင်ခဲ့ကြပါတယ်။ သို့သော်လည်း စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု မပေါ်ပေါက်လာသည့်အတွက်ကြောင့် ပြည်ထောင်စုစိတ်ဓာတ်ဟာ ကွယ်ပျောက်သွားခဲ့ရပါတယ်။ တိုင်းရင်းသားလူမျိုးများကြားမှာ အပြန်အလှန်မယုံကြည်မှုနဲ့ အချင်းချင်းကြားမှာ မုန်းတီးမှု၊ နာကြည်းမှုများဟာ ကြီးထွားလာခဲ့ရပါတယ်။ ဒီလိုဖြစ်လာရသည့် အကြောင်းအရင်းမှာ စစ်တပ်မှလွှမ်းမိုးချုပ်ကိုင်ထားသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ တပါတီအာဏာရှင်အစိုးရကို တည်ထောင်ပြီး မြန်မာပြည်သူတွေအလိုရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကို မတည်ထောင်ဘဲ တပြည်ထောင်စုစနစ်ဖွဲ့စည်းပုံကို ရေးဆွဲကျင့်သုံးခဲ့လို့ဖြစ်ပါတယ်။ အကျိုးရလဒ်ကတော့ ပြည်ထောင်စုစိတ်ဓာတ် ပျက်စီးသွားရခြင်းဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ညီညွတ်ရေး ပြိုကွဲမှုကို ကာကွယ်ရန် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့်အချိန်မှာ တည်ရှိခဲ့သော ညီညွတ်ရေးစိတ်ဓာတ်

ကို ပြန်လည်အားကောင်းလာရန်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသားအားလုံးအတွက် အရေးကြီးပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ရည်ရွယ်ချက်များ ကြိုးစားလုပ်ဆောင်မှုများနှင့် လက်ချင်းတွဲ၍ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှု ပင်လုံစိတ်ဓာတ်ကို ပြန်လည်တည်ဆောက်ရန် တိုင်းရင်းသားအားလုံးအား အလေးအနက် မေတ္တာရပ်ခံတိုက်တွန်းပါတယ်။ တိုင်းရင်းသားအားလုံးအကြား ညီညွတ်မှုရရှိရန်မှာ တိုင်းရင်းသားအားလုံးလက်ခံနိုင်သည့် ဒီမိုကရေစီသဘောဆောင်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရန် မရှိမဖြစ်လိုအပ်နေတယ်လို့ ယုံကြည်ပါတယ်။

# ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင်ကျင်းပသော အနှစ် (၅၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် မိန့်ကြားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏ မိန့်ခွန်း

အခု ဒီကိုကြွရောက်လာတဲ့ ပရိသတ်ကိုရော ကျမတို့ရဲ့ပြည်ထောင်စုနေ့ကို သေးသိမ်စေအောင်လို့ ပြည်သူလူထုက လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကနေပြီးတော့ နိုင်ငံရဲ့အနာဂတ် ဦးဆောင်ဖို့ မဲပေးခဲ့တဲ့ နိုင်ငံရေးအဖွဲ့အစည်းရဲ့ လုပ်ဆောင်မှုကို သေးသိမ်အောင်လုပ်တဲ့ အခက်အခဲတွေကြားထဲက နေပြီးတော့ အဝေးကနေပြီးထောက်ခံတဲ့ ကျမတို့ရဲ့ ပြည်သူလူထုအားလုံးကို ကျေးဇူးတင်လေးစားကြောင်း ကျမပြောချင်ပါတယ်။

ဒီနေ့ဆိုရင် ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့တာ အနှစ် (၅၀) တင်းတင်း ပြည့်ပါပြီ။ ဒီစာချုပ်ကို သဘောတူပြီး ချုပ်ဆိုခဲ့တဲ့ ကျမတို့ခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်ကြီး များရဲ့ စာချုပ်ဟာ စက္ကူပေါ်မှာရေးထိုးထားတဲ့ စာချုပ်မျှသာမဟုတ်ပါဘူး။ ပြည်ထောင်စု ကို လိုလားယုံကြည်တဲ့ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးက သွေးစည်းညီညွတ်မှုကို ယုံကြည် ပါတယ်ဆိုပြီးတော့ နှလုံးသားပေါ်မှာထိုးထားတဲ့ ကတိကဝတ်ဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်အနေနဲ့ ရပ်တည်နိုင်ခဲ့တာဟာ အခုဆိုရင် ရာစု နှစ်ဝက် ခန့် ဖြစ်ပါပြီ။ ဒါပေမဲ့လည်း စစ်မှန်တဲ့တိုင်းရင်းသားညီညွတ်မှုကို ကျမတို့မစွမ်းဆောင်နိုင်ခဲ့ သေးတာကြောင့်မိုလို့ ဒီဟာကို ပြည်ထောင်စုအစစ်လို့ခေါ်ရမှာ အင်မတန်မှ ခက်ခဲနေပါတယ်။

ကျမတို့ စစ်မှန်တဲ့ သွေးစည်းညီညွတ်မှုရရှိဖို့ဆိုတာ ဘာလို့လဲဆိုတော့ ကျမတို့တိုင်းရင်းသား လူမျိုးများအားလုံးဟာ မိမိတို့ရဲ့မျှော်မှန်းချက်တွေ၊ ရည်မှန်းချက်တွေ၊ စိုးရိမ်ချက်တွေ၊ နာကြည်း ချက်တွေ၊ မကျေနပ်မှုတွေကို ပွင့်ပွင့်လင်းလင်း အန္တရာယ်မရှိဘဲနဲ့ တင်ပြပေးနိုင်တဲ့ စနစ်တခု ရှိဖို့လိုပါတယ်။ ဒီစနစ်တစ်ခုရှိမှသာလျှင် ကျမတို့အကြားထဲမှာရှိနေတဲ့ နားလည်မှုလွဲမှား နေတာတွေ၊ မကျေနပ်တာတွေကို ကွယ်ပျောက်သွားအောင် လုပ်နိုင်မှာ ဖြစ်ပါတယ်။ ကျမ တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့တော့ ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသား အားလုံးကြား ပြည့်ဝယုံကြည်မှု ဖြစ်ပေါ်လာနိုင်အောင်လို့ စေတနာသန့်သန့်နဲ့ ကြိုးစားသွား မယ်ဆိုတာ ကျမတော့ ကတိကဝတ်ပြုပါတယ်။

တိုင်းရင်းသားအားလုံးအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့ကို အခု အနှစ် (၅၀) မြောက် ပြည်ထောင်စုနေ့ အခါသမယမှာ ကျမလေးလေးနက်နက် ဖိတ်ခေါ်လိုက်ပါတယ်။

ဇန်နဝါရီလ (၇) ရက်နေ့ ကနေပြီးတော့ (၁၄) ရက်နေ့အထိ မဲသရောထာမှာ ကျင်းပခဲ့တဲ့ တိုင်းရင်းသား လူမျိုးအဖွဲ့အစည်း (၁၅) ဖွဲ့နဲ့ အခြားတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တွေပါဝင်တဲ့ နိုးနှောဖလှယ်ပွဲကြီးက ကြေညာချက်စာတမ်းတခု ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီကြေညာစာတမ်းထဲမှာ ဘာပါသလဲဆိုရင်တော့...

မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ပင်လုံစာချုပ်တွင်ဖော်ပြထားသည့် နိုင်ငံသားတိုင်း လူမျိုးရေး သာတူညီမျှမှုရှိရမည်ဟူသော အချက်ကို အာဏာလက်ကိုင်ထားသူ အဆက်ဆက်က မဟာလူမျိုးကြီးဝါဒကို လက်ကိုင်ထားပြီး တိုင်းရင်းသားလူမျိုးများအား ရက်စက်စွာ စစ်ဆင်တိုက်ခဲ့ခြင်းများကြောင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် သမိုင်းတွင် မကြုံစဖူးအောင် အတိဒုက္ခရောက်ခဲ့ရကြောင်း ဆိုပြီးတော့ ပါပါတယ်။ ဒီလို တိုင်းရင်းသား လူမျိုးများရဲ့ခါးသီးလှတဲ့ခံစားမှုတွေကြောင့် ကျမတို့ပြည်ထောင်စုအပေါ်မှာ အယုံအကြည် ကင်းမဲ့လာတယ်ဆိုတာကို အင်မတန်မှ ဝမ်းနည်းစရာကိစ္စတခုဖြစ်ပါတယ်။ ဒီအတိတ်က အမှားတွေကို ပြန်ပြီးပြုပြင်ဖို့ ဆိုတာဟာကလည်း ကျမတို့အားလုံးရဲ့တာဝန်ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ မျှော်မှန်းချက်တွေကို ကျမတို့ကြည့်ရမယ်။

ဒီမျှော်မှန်းချက်တွေဟာ ဘာလဲဆိုလို့ရှိရင် မဲသရောထာ နိုးနှောပွဲက သဘောတူညီချက်စာတမ်း ထဲမှာ ပါတာကတော့ ...

(က) စစ်အာဏာရှင်စနစ်ဖျက်သိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်။

(ခ) ဒီမိုကရေစီနိုင်ငံရေးစနစ်ကျင့်သုံးရန်၊

(ဂ) လူမျိုးတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိရန်၊

(ဃ) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်တို့ ဖြစ်ပါတယ်။

နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဒီမိုကရေစီရေးနှင့်တန်းတူရေးသဘောထား ဆိုပြီးတော့ စာတမ်းတခုလည်းထွက်ပါတယ်။ ခုဒီသဘောထားစာတမ်းအရ ဆိုရင်လည်း ကျမတို့နိုင်ငံအတွက် အဓိကလိုအပ်ချက်တွေကတော့ ...

(၁) ဒီမိုကရေစီနှင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေး တန်းတူရည်တူအခွင့်အရေး ရရှိရေး၊

(၂) တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊

(၃) စစ်မှန်သော ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊

(၄) ပြည်နယ်အသီးသီးအချိုးညီစွာဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုတခုလုံး ခေတ်မီတိုးတက်သည့် နိုင်ငံဖြစ်လာရေး၊

(၅) အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းရေး၊

(၆) ပြည်တွင်းငြိမ်းချမ်းရေး။

ဒီစာတမ်းတွေမှာပါတဲ့သဘောထားတွေကို ကြည့်လိုက်မယ်ဆိုရင် အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ တိုင်းရင်းသားလူမျိုးများအားလုံးရဲ့တန်းတူညီတူရေးတို့ဟာ ခိုင်မာတည်တံ့တဲ့ပြည်ထောင်စုတခုအတွက် မဖြစ်မနေလိုအပ်တဲ့ အုတ်မြစ်တွေဖြစ်ပါတယ်။ အခြေခံလိုအပ်ချက်တွေကို ဖော်ထုတ်ဖို့ဆိုတာက ကျမတို့အတူလက်တွဲပြီးလုပ်ရမှာပါ။

ဒီအချက်ကိုလည်း တိုင်းရင်းသားညီအကိုမောင်နှမများဟာ ရိပ်မိတယ်ဆိုတာကတော့ ငြင်းဖွယ်ရာမရှိပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ...

မြေပေါ် နိုင်ငံရေးအခြေခံရှိသူများ တရားဝင်ရပ်တည်ခွင့်ရှိသော ပါတီအဖွဲ့အစည်းများနှင့် လက်နက်ကိုင်ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများ၏ ဆွေးနွေးညှိနှိုင်းမှုမှတဆင့် ညီညွတ်ရေးတည်ဆောက်ရန် ကြိုးပမ်းသင့်သည်။ ထိုသို့မလုပ်နိုင်ပါက တဖြည်းဖြည်းနှင့် အားလုံး လုံးပါးပါးပြီး အကျပ်အတည်းပင်လယ်ဝေကာ ထိခိုက်ဖျက်ဆီးသွားလိမ့်မည်။ ထို့ကြောင့် လက်လှမ်းမီရာတို့ကို စုစည်းနိုင်သမျှ စုစည်းပြီး အထွေထွေအကျပ်အတည်းမှ လွတ်မြောက်ရန် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်လို့ ပါပါတယ်။

မဲသရောထာနီးနှောဖလှယ်ပွဲရဲ့သဘောတူညီချက်များမှာလည်း ဘယ်လိုရေးထားသလဲဆိုတော့ ...

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် တန်းတူရည်တူ လက်တွဲ၍ အမျိုးသားအခွင့်အရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီအခွင့်အရေးအတွက်လည်းကောင်း၊ တပြိုင်နက်တည်း စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်သွားကြရန်ကိုလည်း ကျွန်ုပ်တို့တိုင်းရင်းသား လူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူလိုက်ပါတယ်။

ခြုံငုံပြီးပြောရမယ်ဆိုလိုရှိရင် တိုင်းရင်းသားလူမျိုးများအားလုံးတို့ရဲ့တန်းတူရေးကို အခြေခံတဲ့၊ စစ်မှန်တဲ့ပြည်ထောင်စုနိုင်ငံတော်တခုပေါ်ပေါက်ဖို့ရာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ကြိုးပမ်းနေတဲ့ ကျမတို့အင်အားစုတွေနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ခိုင်ခိုင်မာမာ၊ ကျစ်ကျစ်လစ်လစ် ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်ဆိုတာ ထင်ရှားပါတယ်။ အခုအနှစ်(၅၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်တရပ်အနေနဲ့ အနာဂတ်မှာဖော်ထုတ်ရမဲ့ ပင်လုံစိတ်ဓာတ်ကို ပြန်လည်ရှင်သန်စေပြီး ပြည်သူလူထုကို အမှန်တကယ်ကိုယ်စားပြုမယ့် ညီလာခံကြီးရဲ့ အကြိုနီးနှောဖလှယ်ပွဲတခုအနေနဲ့ ကျမတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အတူဆောင်ရွက်ကြဖို့ တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ မြေပေါ် နိုင်ငံရေးအခြေခံရှိသူများ၊ တရားဝင်ရပ်တည်ခွင့်ရှိတဲ့ ပါတီအဖွဲ့အစည်းများနဲ့ လက်နက်ကိုင်ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့အစည်းများ အားလုံးကို ဒီနေရာကနေ ဖိတ်ခေါ်လိုက်ပါတယ်။

တကယ့်ကို ပြည်သူလူထုအားလုံးကို ကိုယ်စားပြုမယ့် ညီလာခံကြီးရဲ့အကြိုနီးနှောဖလှယ်ပွဲအနေနဲ့ တိုင်းရင်းသားလူမျိုးစုအားလုံး ကျမတို့နဲ့ လာပြီးတော့ ဆွေးနွေးပွဲတခုကျင်းပကြပါလို့ ကျမလေးလေးနက်နက် ဖိတ်ခေါ်လိုက်ပါတယ်။

- ပင်လုံစိတ်ဓာတ်ရှင်သန်နိုင်ပါစေ။
- စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး အမြန်ဆုံးပေါ်ထွန်းနိုင်ပါစေ။
- အရေးတော်ပုံ အောင်ရမည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အမှတ် (၉၇၊ ခ) အနောက်ရွှေဂုံတိုင်လမ်း

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၁၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ချမှတ်သည့်ဆုံးဖြတ်ချက်များ။

## ဆုံးဖြတ်ချက်များ။

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ) ၏ ၁၉၈၉ ခုနှစ်၊ မေလ (၃၁) ရက်စွဲပါ၊ ဥပမာ အမှတ် ၁၄/၈၉ ဖြစ်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဥပဒေ အခန်း (၂)။ လွှတ်တော် ဖွဲ့စည်းခြင်း ခေါင်းစဉ်ပုဒ်မ-၃ အရ ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ကျင်းပခဲ့ သော ရွေးကောက်ပွဲ၌ မဲဆန္ဒရှင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်တရပ်ကို ဥပဒေအရ မ နှေးအမြန် ခေါ်ယူဖွဲ့စည်းပေးရန် အာဏာပိုင်များတွင် တာဝန်ရှိကြောင်း ဆုံးဖြတ်သည်။

၂။ ပြည်သူ့လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ပတ်သက်သည့် ကိစ္စများအတွက် တိုင်းပြည်နှင့် ပြည်သူလူထု အကျိုးရှိစေမည့်ဥပဒေများကို ပြဋ္ဌာန်းနိုင်ခွင့် ရှိသော၊ ယင်းတို့၏ စီမံခန့်ခွဲမှုအာဏာတို့ကို ဗဟိုနှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများအား ခွဲဝေအပ်နှင်းနိုင်ခွင့်ရှိသော နိုင်ငံတော်တွင် အာဏာအရှိဆုံးဖြစ်သော အဖွဲ့အစည်း ဖြစ်ပြီး နိုင်ငံတော်၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုပါ ရေးဆွဲနိုင်ခွင့်ရှိ၍ အတည်ပြုပေး နိုင်သည့် အဖွဲ့အစည်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး၏ အထွေထွေညီလာခံအသီးသီးက တညီတညွတ်တည်း ချမှတ်လိုက်သော ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်သည် ဒီမိုကရေစီကို ပြည်သူလူထုက လိုလားကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟူသော ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံသည် အဖွဲ့ချုပ်ကြီး၏ အဖွဲ့အဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဏာပိုင်များ ကလေးစားလိုက်နာရန် တာဝန်ရှိကြောင်းဆုံးဖြတ်သည်။

၄။ ဥပဒေအရပြည်သူ့လွှတ်တော် တစ်ရပ်ပေါ်ပေါက်လာခြင်း မရှိသေးမီကာလတွင် ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အရွေးခံခဲ့

ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားကွန်ဂရက်တို့နှင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ဆက်လက်ရပ်တည်လျက်ရှိနေကြောင်း ဆုံးဖြတ်သည်။

၅။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဥပဒေ၊ ယင်းနှင့်ဆက်နွယ်နေသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၏ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်စွဲပါ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ၁၄/၈၈ တို့တွင် သုံးနှုန်းထားသည့်ဝေါဟာရများဖြစ်သော လွှတ်တော်၊ နိုင်ငံရေးပါတီ၊ ရွေးကောက်ပွဲ၊ ပါတီစုံ၊ ဒီမိုကရေစီအစရှိသည်များသည် မိမိနိုင်ငံကို စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်အဖြစ်တည်ဆောက်ရန် ဦးတည်နေခြင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး လွတ်မြောက်လာခြင်းသည် အဖွဲ့ချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့အကြား ယုံကြည်မှုတည်ဆောက်ရေးကာလ ကျော်လွန်သွားပြီးဖြစ်ကြောင်းကို အထူးတလည် မှတ်တမ်းတင်ထားကြောင်း ဆုံးဖြတ်သည်။

၇။ အဖွဲ့ချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့သည် ယုံကြည်မှုတည်ဆောက်ခြင်းအမှုမှ အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးသို့ မနှေးအမြန် တဆင့်တိုး၍ ဆောင်ရွက်သွားကြရန်လိုကြောင်း ဆုံးဖြတ်သည်။

၈။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အကြားနိုင်ငံရေးပြဿနာများကိုအဖြေရှာရာ၌တခုတည်းသောနည်းလမ်းဖြစ်သည့် အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးပေါ်ပေါက်လာခြင်းမရှိသေးမီ အဖွဲ့ချုပ်သည် အောက်ပါကိစ္စများနှင့် ပတ်သက်၍ မူဝါဒပြောင်းလဲခြင်း မရှိကြောင်းဆုံးဖြတ်သည်။

(က) အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်သည်ဟူသောမူအရ ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနည်းလမ်းများအရ ရေးဆွဲအတည်ပြုထားခြင်းမရှိသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ်ကို လက်ခံမည်မဟုတ်ဟူသော ရပ်တည်ချက်။

(ခ) ၁၉၉၀ ပြည့်နှစ်တွင် ကျင်းပပေးခဲ့သည့် အထွေထွေရွေးကောက်ပွဲရလဒ်ကို လျစ်လျူရှု၍ နောင်ရွေးကောက်ပွဲအသစ်များ ကျင်းပခြင်းကို လက်ခံမည်မဟုတ်ဟူသော ရပ်တည်ချက်။

(ဂ) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံရေး၊ ကမ္ဘာလှည့်ခရီးသွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ရပ်တည်ချက်။

၉။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားလူမျိုးစုများ ပါဝင်သော သုံးမျိုးသုံးဖလှယ်ဆွေးနွေးပွဲများ အမြန်ဆုံးဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၁၀။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အကြား လေးနက်သောနိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာရေးကို တိုင်းရင်းသားလူမျိုးစုများက နားလည်မှုအပြည့်အဝဖြင့် ထောက်ခံကြိုဆိုကြသည်ကို အဖွဲ့ချုပ်က အထူးလေးနက်စွာထပ်ဆင့်ထောက်ခံကြောင်း ဆုံးဖြတ်သည်။

၁၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်ဒီမိုကရေစီပေါ်ပေါက်ထွန်းကားရေး၊ ပြည်သူ့လွှတ်တော်တရပ် ပေါ်ပေါက်လာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်း သားသွေးစည်းညီညွတ်ရေးများ တည်ဆောက်ရန်အတွက် တိုင်းရင်းသားလူမျိုးစု နိုင်ငံရေး ပါတီများနှင့် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစု အသီးသီးတို့နှင့် လည်းကောင်း အစဉ်တစိုက်ပူးပေါင်းလက်တွဲကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၁၂။ စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးစုများ ပါဝင် မှသာ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၁၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နေဖြင့် တိုင်းရင်းသားလူမျိုးစုများ၏ ရည်မှန်းချက်များကို အမြဲတစေ ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၁၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမကျင်းပမီ ၁၉၈၉ ခုနှစ်ကပင် တိုင်းရင်းသားလူမျိုးစု (၁၈) ပါတီတို့သည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ် (ယူအဲန်အယ်လ်ဒီ) အဖြစ် စုစည်းပေးခဲ့သည်။ တိုင်းရင်းသား လူမျိုးစုများသည် ထိုနည်းတူ

အနာဂတ်တွင်လည်း ပြည်ထောင်စုနိုင်ငံတော်အကျိုး အတွက် စည်းလုံးညီညွတ်စွာ လှုပ်ရှားသွားနိုင်မည်ဟု ယုံကြည်ကြောင်းဆုံးဖြတ်သည်။

၁၅။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် နေအိမ်တွင်ထိန်းသိမ်းခံရခြင်းမှ ၂၀၀၂ ခုနှစ်၊ မေလ(၆) ရက်နေ့တွင်ခြွင်းချက်မရှိ လွတ်မြောက်လာခြင်းနှင့် နိုင်ငံရေးကိစ္စများအား လွတ်လပ်စွာ ဆောင်ရွက်နေမည်ကို အထူးတလည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မှတ်တမ်းတင်ထားကြောင်း ဆုံးဖြတ်သည်။

၁၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သာမက တခြားနိုင်ငံရေးပါတီများသည်လည်း နိုင်ငံရေးလှုပ်ရှားနိုင်ခွင့် အပြည့်အဝရရှိကြရမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၁၇။ နိုင်ငံရေးအရ လည်းကောင်း၊ နိုင်ငံရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ လည်းကောင်း၊ အခြားဥပဒေပုဒ်မများဖြင့် အကျဉ်းကျခံနေကြသူများအားလုံးကို ခြွင်းချက် တစုံတရာမရှိစေဘဲ အမြန်ဆုံးလွှတ်ပေးရမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၁၈။ ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တရားဝင်တာဝန်ပေး၊ သတ်မှတ်ပေးလိုက်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒရှင် ပြည်သူလူထုက တခဲနက်ဆန္ဒပေးထောက်ခံလိုက်ကြသည်ကို အဖွဲ့ချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ် စားလှယ်များက အထူးတလည် လေးစားကျေးဇူးတင်ရှိနေမည်ဖြစ်ကြောင်းနှင့် အဖွဲ့ချုပ် သမိုင်းတွင် အမြဲတစေ မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

၁၉။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မိမိတို့တိုင်းပြည်တွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားသွေးစည်းညီညွတ်မှုတည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးများအတွက် ကြိုးပမ်းဆောင်ရွက်ကြရာ၌ မူဝါဒလုပ်ငန်းစဉ်များအတိုင်း အမျိုးသားရေးကို ဦးထိပ်ထား၍ရပ်ကွက်၊ကျေးရွာမှအစအဖွဲ့ချုပ်ဝင်အားလုံးတို့သည် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ရှိနေကြရန် အထူးလိုအပ်ကြောင်း ဆုံးဖြတ်သည်။

၂၀။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်သက်ဆိုင်သော အာဏာပိုင်တို့အကြား ယုံကြည်မှုတည်ဆောက်ရေးကိစ္စရပ်များတွင် အကျိုးဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်နှင့် ၎င်း၏အထူး

ကိုယ်စားလှယ်ဖြစ်သော မစ္စတာရာဇာလီအစ္စမေးလ်တို့၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထူးကျေးဇူးတင် ကျေနပ်ရပါကြောင်း မှတ်တမ်းတင်ထားသည်ကို ဆုံးဖြတ်သည်။

၂၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုကို ကမ္ဘာ့နိုင်ငံအသီးသီးခေါင်းဆောင်များ နိုင်ငံခြားရေးဝန်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် အခြားအဖွဲ့အစည်းအသီးသီးနှင့် စာနယ်ဇင်း၊ ရုပ်သံတို့က ထောက်ခံအားပေးကြသည်ကို အထူးဂုဏ်ယူလျက် မှတ်တမ်းတင်ထားကြောင်း ဆုံးဖြတ်သည်။

အလုပ်အမှုဆောင်အဖွဲ့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

၂၀၀၂ ခုနှစ်၊ မေလ (၂၇) ရက်။

၁၃၆၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁) ရက်။

## (၅၀) နှစ်မြောက် ပြည်ထောင်စုနေ့



နိုင်သောင်းရှိန်၊ ဒေါက်တာမင်းစိုးလင်း၊ ဦးအောင်ရွှေ၊ နိုင်ထွန်းသိန်း၊ ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငွေသိန်း၊ ဦးတင်ဦး။

## (ဆ) ပြည်တွင်းတိုင်းရင်းသားအင်အားစု၏ လှုပ်ရှားမှုများ

**သို့**

**ဗိုလ်ချုပ်မှူးကြီး သန်းရွှေ**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**ရန်ကုန်မြို့။**

**ရက်စွဲ ၆၊ ၆၊ ၁၉၉၈။**

**အကြောင်းအရာ။ ။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးကြပါရန် ပန်ကြားခြင်း။**

ကျွန်ုပ်တို့သည် ပြည်ထောင်စုကြီး၏ အကျိုးကိုဦးထိပ်ထားလျက် အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် စိတ်ဓာတ်စေတနာကောင်းဖြင့် တင်ပြပါသည်။ ပြည်ထောင်စုကြီးတွင် လက်ရှိအခြေအနေအရ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အကြပ်အတည်းပေါင်းစုံနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရယူနိုင်ရန်အတွက် အောက်ပါတို့ကို ဆောလျင်စွာ ဆောင်ရွက်သင့်သည်မှာ ရှိသားစွာဖြင့်တင်ပြအပ်ပါသည်။

တပ်မတော်သည် နိုင်ငံတော်အာဏာကိုထိန်းသိမ်းပြီးနောက် နိုင်ငံရေးပါတီများကို ဖွဲ့စည်းခွင့်ပေးခြင်း၊ တရားမျှတပြီးလွတ်လပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးခြင်းသည် ဒီမိုကရေစီအရေးကိုရှေးရှုသော ကောင်းမြတ်သည့် ဆောင်ရွက်ချက်များဖြစ်ပါသည်။ သို့ရာတွင် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည် မဖော်နိုင်သေးခြင်းသည် မြန်မာ့သမိုင်းတွင် အမဲစက်ကြီးဖြစ်နေပါသည်။ ထိုအမဲစက်ကြီးကို ချေဖျက်နိုင်ရန် ရွေးကောက်ပွဲ၏ရလဒ်ကို အမြန်ဆုံးအကောင်အထည်ဖော်ပေးရန်နှင့် ပြည်သူ့လွှတ်တော် ခေါ်ပေးရန်မှအ ပအခြားနည်းလမ်းမရှိပါ။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် တိုင်းရင်းသား လူမျိုးများအရေးတို့ကို မဖြေရှင်းနိုင်သေးဘဲ အကြပ်အတည်းပေါင်းစုံနှင့် ကြုံတွေ့နေရသော ကာလဖြစ်သည်။ ထိုအကြပ်အတည်းမှ လွတ်မြောက်နိုင်ဖို့ရန်အတွက် ဖြေရှင်းနိုင်သည့်နည်းလမ်းမှာလည်း တပ်မတော်အင်အားစု (လက်ရှိအာဏာပိုင်အဖွဲ့အစည်း) အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့်တိုင်းရင်းသားအင်အားစုများ ဖြစ်သည့် ရွေးကောက်ပွဲဝင်တိုင်းရင်းသားပါတီများ၊ လက်နက်ကိုင်အင်အားစုများတို့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေးကို အဓိပ္ပာယ်ရှိသော တွေ့ဆုံဆွေးနွေး ခြင်းဖြင့်သာလျှင် ဖြေရှင်းနိုင်မည်ဟု အလေးအနက်ယုံကြည်ပါသည်။

ဤသို့တင်ပြရခြင်းမှာ ကိုယ်ကျိုးစီးပွားအတွက်မဟုတ်ဘဲ ပြည်ထောင်စုကြီးနှင့် ပြည်သူတရပ်လုံး၏ ယနေ့ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်လျက် ထိပ်တိုက်ရင်ဆိုင်နေရမှုများနှင့် ဖြေရှင်းရခက်လှသော နိုင်ငံရေးပြဿနာများကို မိမိတို့ပြည်တွင်းရှိ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် တင်ပြတိုက်တွန်းခြင်းသာ ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန်အတွက်လည်း အချိန်အခါရောက်နေပြီဟု ယုံကြည်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် ပြည်ထောင်စုကြီးနှင့်တကွ ပြည်သူလူထုအပေါ် ထားရှိသော စေတနာမှန်ဖြင့် မာန်မာနနှင့် အာဃာတတရားကင်းစင်စွာ ဖြေရှင်းကျော်ဖြတ်ကြလျှင် အကြပ်အတည်းမှန်သမျှကို မအောင်မြင်နိုင်စရာမရှိဟု အလေးအနက် ယုံကြည်စွာဖြင့် တိုက်တွန်းတင်ပြအပ်ပါသည်။

(ခွန်ထွန်းဦး)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)

ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

(ဒေါက်တာစောမြအောင်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

မြောက်ဦးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)

ဥက္ကဋ္ဌ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ဖျက်သိမ်းခံ)

(နိုင်ထွန်းသိန်း)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)

ဥက္ကဋ္ဌ၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (ဖျက်သိမ်းခံ)

(ကျင့်ရှင်းထန်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)

ဥက္ကဋ္ဌ၊ ဇိုမီးအမျိုးသားကွန်ဂရက် (ဖျက်သိမ်းခံ)

မိတ္တူ - ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်။

## ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကျင်းပသော

## (၅၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

နိုင်ငံခေါင်းဆောင်အာဇာနည်များ ကျဆုံးခဲ့သည်မှာ ယနေ့ဆိုလျှင် ၅၄ နှစ် တင်းတင်းပြည့်ခဲ့ပြီးဖြစ်ပါသည်။ အာဃာတတရားကြီးမားလွန်းခြင်းနှင့် ဆင်ခြင်တုံတရားကင်းမဲ့ခြင်းတို့က ထိုသို့သော ထိတ်လန့်ကြေကွဲဖွယ်ဖြစ်ရပ်ကြီးကို ပေါ်ပေါက်စေခဲ့သည်ဟု သုံးသပ်နိုင်ပါသည်။ အာဃာတတရားသည် မည်သူ့ကိုမှ အကျိုးမပြုနိုင်ပေ။

ထိုဖြစ်ရပ်မှ သင်ခန်းစာအဖြစ်ရရှိသည်မှာ ကျွန်ုပ်တို့သည် တနိုင်ငံတည်းသားအချင်းချင်း ဖြစ်ကြသည်နှင့်အညီ တစ်ဦးနှင့်တစ်ဦး အာဃာတတရားကင်းစွာ သံသယရှင်းစွာဖြင့် စည်းလုံးညီညွတ်ရေးကို မလွဲမသွေတည်ဆောက်ကြရမည်ဟူ၍ ဖြစ်ပါသည်။

လောကပါလတရား၊ ဗြဟ္မစိုရ်တရားများ ထွန်းကားသော တန်းတူညီမျှသော ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ပေါက်ရန် ကျွန်ုပ်တို့သည် ဆန္ဒကိုယ်စီဖြင့် ပြင်းပြင်းပြပြရှိနေကြပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ဆုံးဖြတ်ပေးသော သုံးဦးသုံးဖလှယ် တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးကို အကောင်အထည်ဖော်နိုင်လျှင် ပြဿနာမရပ်ရပ်ကို ကျော်လွှားနိုင်လိမ့်မည်ဟုလည်း လေးလေးနက်နက် ယုံကြည်ထားကြပါသည်။

ဤနေ့ ဤရက်၊ ဤအချိန်အခါတွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်လင့်တောင်းတခဲ့သော စည်းလုံးညီညွတ်ပြီး တန်းတူညီမျှသော ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရန် စိတ်ကောင်းစေတနာသန့်ဖြင့် ဝိုင်းဝန်းကြိုးစားအားထုတ်ကြပါစို့ဟု လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

- ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
- မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
- ဇိုမီးအမျိုးသားကွန်ဂရက်
- ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက်

ရက်စွဲ။ ။၂၀၀၁ ခု၊ ဇူလိုင်လ (၁၉) ရက်။

## ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်မှုအပေါ် တိုင်းရင်းသားပါတီ (၅) ခု၏ ထုတ်ပြန်ကြေငြာချက် (၁၅-၅-၀၂)

ရက်စွဲ။ ။၂၀၀၂ ခုနှစ်၊ မေလ (၁၅) ရက်။

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၂ ခုနှစ်၊ မေလ (၆)ရက်နေ့က ချွင်းချက်မရှိ လွှတ်ပေးလိုက်သောကြောင့် နိုင်ငံရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေငြာချက်အမှတ် (၅/၀၂)တွင် "ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အာဏာပိုင်တို့အကြား ယုံကြည်မှုတည်ဆောက်ခြင်းအဆင့် ကျော်လွန်ပြီဖြစ်ကြောင်းကို ပြသပေးသည်။ ထိုမှတဆင့်တိုး၍ အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲဆီသို့ အမြန်ခြေလှမ်းကြရမည် ဖြစ်ပေသည်" ဟု ဖော်ပြထားရာ မကြာမီ အဓိပ္ပာယ်ရှိသော ဆွေးနွေးပွဲ ပြန်ကျင်းပတော့မည်ဟု မျှော်လင့်လျက် ကျွန်ုပ်တို့က ကြိုဆိုလိုက်ပါသည်။

(၃) Information Sheet – Turning of a New Page ခေါင်းစဉ်ပါ ကြေငြာချက်တွင် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်လွှတ်ပေးမည် ဖြစ်ကြောင်းကို ဖော်ပြထားသကဲ့သို့ နိုင်ငံရေးဘဝဖြစ်ပေါ်တိုးတက်မှု လုပ်ငန်းစဉ်တွင် နိုင်ငံသူနိုင်ငံသားအားလုံး လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခွင့်ပြုရန် သံဓိဋ္ဌာန်ချမှတ်ထားကြောင်း ဖော်ပြထားသည်ကိုလည်း လှိုက်လှဲစွာ ကြိုဆိုပါသည်။

(၄)၂၀၀၂ ခုနှစ်၊ မေလ (၆)ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျွန်ုပ်တို့ပါတီများမှ ဥက္ကဋ္ဌကြီးများနှင့် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံစဉ်က "လူမျိုးစုတွေရဲ့ကိစ္စကို လူမျိုးစုတွေကိုယ်တိုင်ကတာဝန်အား လက်ခံပါသည်။"

(၅) တမျိုးသားလုံးသွေးစည်းညီညွတ်ရေးကိုတည်ဆောက်ရာတွင် လူမျိုးစုများမပါဝင်လျှင် ပြီးပြည့်စုံမည်မဟုတ်ပေ။ ကျွန်ုပ်တို့အားလုံးအဖွဲ့ကြီးနှင့် နိုင်ငံအသီးသီး၊ အဖွဲ့အစည်းအသီးသီး တို့မှ တိုက်တွန်းထားသော သုံးပွင့်ဆိုင်ဆွေးနွေးရေးသည် ကျွန်ုပ်တို့အာလုံးအတွက် မလွဲမသွေဖြတ်သန်းရမည့် မှတ်တိုင်ဖြစ်ပါသည်။ သုံးပွင့်ဆိုင်ဆွေးနွေးရေး အောင်မြင်

သည်နှင့်အမျှ တမျိုးသားလုံး စည်းလုံးညီညွတ်ရေးသည်လည်း တိုးတက်ကောင်းမွန်အောင်မြင်ရေး ဖြစ်ပါသည်။

(၆) စာမျက်နှာသစ်ဖွင့်လှစ်လိုက်သော အာရုံဦးကာလအခါသမယတွင် နိုင်ငံတော်၏ မရှိမဖြစ်လိုအပ်နေသော တမျိုးသားလုံးစည်းလုံးညီညွတ်မှု တည်ဆောက်ရေးဘဝဖြစ်စဉ်ကြီးတွင် ကျွန်ုပ်တို့တိုင်းရင်းသား လူမျိုးစုပါတီအနေဖြင့် ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။

- ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
- မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
- ဇိုမီးအမျိုးသားကွန်ဂရက်
- ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက်
- ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

## (၅၄) နှစ်မြောက် ပြည်ထောင်စုနေ့ကြေငြာချက်

## ရက်စွဲ။ ။ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်။

စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ကြမည်ဟုပြည်ထောင်စု တိုင်းရင်းသားများ ပဋိညာဉ်ပြုခဲ့ကြသည်မှာ ယနေ့ဆိုလျှင်(၅၄)နှစ်သို့ တိုင်ခဲ့ ပြီဖြစ်ပါသည်။ ပင်လုံစာချုပ်ဖြင့် စည်းလုံးညီညွတ်မှုကိုပြခဲ့သော ပြည်ထောင်စုသက်တမ်း ခရီးကာလသည် ရာစုနှစ်၏ထက်ဝက်ကို ကျော်လွန်ခဲ့ပြီးဖြစ်ပါသည်။ ဖြတ်သန်းလာခဲ့သော ထိုကာလအတွင်း အတွေ့အကြုံအမျိုးမျိုးမှတဆင့် သင်ခန်းစာအမျိုးမျိုးကိုလည်း ရရှိခဲ့ကြပြီးဖြစ်ပါသည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ငင်းပြဿနာမှာ အမျိုးသား စည်းလုံးညီညွတ်ရေးကို သံသယကင်းရှင်းစွာ တည်ဆောက်နိုင်ရန်ဖြစ်သည်။ ယခုအခါ အာဏာရ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အများစုအနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့မှ အရေးကြီးပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးခြင်းသည် အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရန် ခြေလှမ်းအစဖြစ်သောကြောင့် ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ အနေဖြင့် အားရကျေနပ်စွာ ကြိုဆိုရပါကြောင်း ဖော်ပြလိုပါသည်။ ဆက်လက်၍လည်း ထိုထက်မက ပိုမိုတိုးတက်ကောင်းမွန်သော စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရာတွင် ကျွန်ုပ်တို့လူမျိုးစုများအနေဖြင့် တတ်စွမ်းသမျှ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ဤကောင်းမြတ်သော မင်္ဂလာအခါသမယဖြစ်သည့် (၅၄) နှစ်မြောက် ပြည်ထောင်စုနေ့တွင် ကျွန်ုပ်တို့၏ သဘောထားကို ထုတ်ပြန်ကြေငြာလိုက်ပါသည်။

- ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
- ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
- ဇိုမီးအမျိုးသားကွန်ဂရက်
- မွန်အမျိုးသားဒီမိုကရေစီအဖွဲ့

- ပုဂ္ဂိုလ်တဦးချင်းအနေဖြင့် လက်မှတ်ထိုးသူများ

  ၁။ ဦးထောင်ကိုထန်း (UNLD) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တမူးမြို့နယ်

  ၂။ ဦးအန်တိုနီစူး (ကိုးကန့်)

  ၃။ စောပီတာကြာရင် (KNCD)

  ၄။ ဦးရွှေအုံး (ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်)

## ၂၀၀၂ ခုနှစ်တွင် ကျရောက်သော "၅၅" နှစ်မြောက်ပြည်ထောင်စုနေ့တွင် ထုတ်ပြန်သော ယနေ့မြန်မာနိုင်ငံရေး အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သင့်သည်ဟု ခံယူသော ကျွန်ုပ်တို့၏ သဘောထား။

၁။ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့သည် (၅၅) နှစ်မြောက်ဟူသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော "ပြည်ထောင်စုနေ့" ဖြစ်ပါသည်။ လွန်ခဲ့သော (၅၅) နှစ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်ကြီးများက သဘောထားကြီးစွာဖြင့် တည်ဆောက်နိုင်ခဲ့သော "ပြည်ထောင်စုနိုင်ငံတော်"၏ လွတ်လပ်ရေးသက်တမ်းသည်လည်း ငါးဆယ့်လေးနှစ်ကျော်ခဲ့ပြီး ဖြစ်သည်။

၂။ လွတ်လပ်ရေးရပြီး (၁၄) နှစ်ကျော်ကာလကလေးတွင် ပြည်ထောင်စု မပြိုကွဲရေးဟူသော အကြောင်းပြချက်ဖြင့် တပ်မတော်မှ အာဏာသိမ်းခဲ့ပြီး မြန်မာ့ဆိုရှယ်လစ်စနစ်ကို တပါတီထဲက ဦးဆောင်စနစ်ဖြင့် တည်ဆောက်ခဲ့ပါသည်။ ထိုစဉ်ကဖွဲ့စည်းထားသော ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းဝိသေသတိုင်းတို့ရရှိခဲ့သော လုပ်ငန်းပိုင်ခွင့်များနှင့် ရှိသမျှသောပြည်ထောင်စုလက္ခဏာများ ပျောက်ကွယ်ခဲ့ရသည်မှာ ယနေ့တိုင်အောင်ဖြစ်ပါသည်။

၃။ ကမ္ဘာ့သမိုင်းတွင် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထူထောင်ထားသော နိုင်ငံများအနက် အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံဆိုလျှင် လွန်ခဲ့သောနှစ်ပေါင်း နှစ်ရာကျော်က (၁၃) နယ်ဖြင့် ဖွဲ့စည်းထူထောင်ခဲ့ပြီး ယနေ့ဆိုလျှင် ပြည်နယ် (၅၀) အထိ တိုးပွားလာ သည်ကို တွေ့

မြင်နိုင်မည်ဖြစ်ပါသည်။ ထိုပြင်ပြည်ထောင်စုမူဖြင့် ဖွဲ့စည်းထားသော ဒီမိုကရေစီနိုင်ငံဖြစ်ကြသည့် ကနေဒါ၊ ဩစတြေးလီယား၊ ဆွစ်ဇာလန် စသောနိုင်ငံ များတွင် ပြည်ထောင်စုပြိုကွဲရေးဟူသေ အန္တရာယ် မကျရောက်ခဲ့သည်ကို တွေ့မြင်နိုင် ပါသည်။ တပါတီစနစ်ဖြင့် ချုပ်ကိုင်ထားသော ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုဆလား ဗီးယား တို့သာလျှင် ပြိုကွဲသွားသည်ကို သင်ခန်းစာယူသင့်ပါသည်။ တပါတီစနစ် အရှေ့ဂျာမနီနိုင်ငံသည် ယခုအခါ ဖက်ဒရယ်ဂျာမနီပြည်ထောင်စုနှင့် လာရောက်ပူးပေါင်း သည်ကိုလည်း မမေ့အပ်ပေ။

၄။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေးအတွက် တပ်မတော်အင်အားဖြင့် ထိန်းသိမ်း ထားသည်ထက် စစ်မှန်သော ပြည်ထောင်စုမူကို ကျင့်သုံးရေးသည်သာ ပြည်ထောင်စု မပြိုကွဲရေးအတွက် အဓိကဖြစ်ကြောင်း ကျွန်ုပ်တို့ရိုးသားစွာ ယုံကြည်ကြပါသည်။ ပြည်ထောင်စုမူဖြင့် ပြည်ထောင်စုတစ်ခု မတည်ဆောက်ရသေးဘဲ ပြည်ထောင်စု မပြို ကွဲရေးဟု ကြွေးကြော်နေမည့်အစား စစ်မှန်သော ပြည်ထောင်စုတည်ဆောက်ရေး အတွက်ကိုသာ ရှေ့ရှုသင့်ပါသည်။

၅။ ယနေ့ ကျွန်ုပ်တို့နိုင်ငံတော်သည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအကြပ်အတည်းများကို ရင်ဆိုင်နေရပြီး အမျိုးသားသွေးစည်းညီညွတ်ရေးကို ပြန်လည်ကြိုးစားနေရသည့် ကာလ ဖြစ်ပါသည်။ အမျိုးသားသွေးစည်းညီညွတ်ရေးကို မဖြစ်မနေ တည်ဆောက်ရမည် ဟူသော သဘောထားကို အခြေခံလျက် အောက်ပါအတိုင်း ဆောင်ရွက်သင့်သည်ဟု ယုံကြည် ပါသည်။

၅-၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အကြားပြုလုပ်နေသောနှစ်ဦးနှစ်ဖက်ဆွေးနွေးမှုများကိုအရှိန်အဟုန်မြှင့်တင်ပြီးနိုင်ငံရေးသဘောတူညီချက်တရပ်ပေါ်ထွက်လာရေးအတွက် အလျင်အမြန်ဆောင်ရွက်ကြရန်။

၅-၂။ အကျဉ်းချခံထားရသော နိုင်ငံရေးအကျဉ်းသားများကို ပြန်လည်လွှတ်ပေးရန်။

၅-၃။ လူမျိုးစုနိုင်ငံရေးပါတီများ၊ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများအား အမျိုးသားသွေးစည်းညီညွတ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးညှိနှိုင်းရန်အတွက် လက်ရှိအစိုးရမှ အပစ်အခတ်ရပ်စဲရေးနှင့် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကိုထုတ်ပြန်ဆောင်ရွက်ပေးရန်။

၅-၄။ လူမျိုးစုအဖွဲ့အစည်းများ၊ ပါဝင်ခြင်းမရှိသော တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းသည် တမျိုးသားလုံးပေါင်းစည်းညီညွတ်ရေးဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အခက်အခဲနှင့်ရင်ဆိုင်ရမည် ဖြစ်သောကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ နှစ်ဦးနှစ်ဖက်ရရှိထားသော နိုင်ငံရေးသဘောတူညီချက်ကို အခြေခံ၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ချမှတ် ထားသော ဆုံးဖြတ်ချက်နှင့်အညီ ကျွန်ုပ်တို့အပါအဝင်ဖြစ်သော တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ နိုင်ငံရေးသဘောတူညီချက်တရပ်ကို ရယူဆုံးဖြတ်ရန်။

၆။ အထက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်သွားပါက အေးချမ်းတည်ငြိမ်ပြီး တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာမည်ဟု ကျွန်ုပ်တို့ အလေးအနက်ယုံကြည်ပါသည်။

၇။ ကျွန်ုပ်တို့အခက်အခဲများကို အလေးထားပြီး ကူညီဆောင်ရွက်ပေးနေသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းကြီးနှင့် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်နှင့် ယင်း၏ ကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိကြောင်းကိုလည်း အထူးဖော်ပြအပ်ပါကြောင်း

- ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
- ရှမ်းပြည်ကိုးကန့်ဒီမိုကရေစီအဖွဲ့ချုပ်
- မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
- ဇိုမီးအမျိုးသားကွန်ဂရက်
- ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက်
- ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့။

## (၅၀) နှစ်မြောက်ပြည်ထောင်စုနေ့



နိုင်သောင်းရှိန်၊ ဒေါက်တာမင်းစိုးလင်း၊ ပူဂင့်ကမ်လျန်း၊ ခွန်ထွန်းဦး၊ ပူဝုန်ဇပေါင်း၊
ဒေါ်အောင်ဆန်းစုကြည်၊ ပူကျင့်ရှင်းထန်၊ ဦးခွန်ထီး။

[ပုံ - မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ၊ ၁၉၉၉]

## တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီများ၏ (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့ ထုတ်ပြန်ကြေငြာချက်။

ပြည်ထောင်စုနေ့သည် ယနေ့ဆိုလျှင် ၅၆ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ဤပြည်ထောင်စုနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားညီနောင်များအားလုံး စည်းလုံးညီညွတ်ကြသော နေ့ထူးနေ့မြတ်၏ အထိမ်းအမှတ်နေ့ဖြစ်ပါသည်။ ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးစုများသည် နယ်ချဲ့လက်အောက်မှာ မနေတော့ဘဲ မြန်မာပြည်မနှင့် အတူတကွ လွတ်လပ်ရေးရယူမည်ဟု ညီညွတ်စွာသဘောတူကြသည့် နေ့လည်းဖြစ်သည်။ ထိုသို့ စည်းလုံးညီညွတ်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် ၅၆ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

သို့သော်လည်း ရရှိခဲ့သည့် စည်းလုံးညီညွတ်မှုသည် လွတ်လပ်ရေးကာလနောက်ပိုင်းတွင် တဖြည်းဖြည်း ပျက်ပြယ်ခဲ့သည်မှာ ယနေ့လက်ရှိအခြေအနေအထိ ရောက်ရှိခဲ့သည်။ ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးစုများအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို များစွာ လိုလားသည့်အလျောက် ကြိုးစားလာခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်ပါသည်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးပြန်လည်ဖြစ်ပေါ်လာရန်မှာ တိုင်းရင်းသားညီနောင်အချင်းချင်း စိတ်ကောင်းစေတနာမှန်ဖြင့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည်သာ ငြိမ်းချမ်း ကောင်းမွန်သည့် တခုတည်းသောနည်းလမ်းဖြစ်သည်ဟု ကျွန်ုပ်တို့က လေးလေးနက်နက် ယုံကြည်ကြသည်။ ယုံကြည်သည့်အလျောက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အတွက် တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားဖော်ဆောင်သွားမည် ဖြစ် ပါကြောင်း သဘောထားရရှိကြပါသည်။

- ဇိုမီးအမျိုးသားကွန်ဂရက်
- မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
- ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
- ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက်
- ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

- ကယားပြည်နယ်လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်
- ကချင်ပြည်နယ် အမျိုးသားဒီမိုကရက်တစ်ကွန်ဂရက်
- ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်။

**UNA ဦးဆောင်ကျင်းပပြုလုပ်သော ၂၀၀၃ ခု ၅၆ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားအပြီးတွင် UNA ခေါင်းဆောင်ကြီးများ အမှတ်တရ မှတ်တမ်းဓါတ်ပုံ**



**UNA ဦးဆောင်ကျင်းပပြုလုပ်သော (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားအပြီး UNA ခေါင်းဆောင် နိုင်ထွန်းသိန်းနှင့် သခင်သိန်းဖေ၊ ဝိစူရ သခင်ချစ်မောင်၊ နိုင်ငံရေး ခေါင်းဆောင်ဟောင်းများ မိတ်ဆုံစားပွဲတွင် တွေ့ဆုံပုံ**



**UNA မှ ကြီးမှူးကျင်းပပြုလုပ်သော (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အပြီး UNA ခေါင်းဆောင်ခွန်ထွန်းဦး၊ နိုင်ထွန်းသိန်းနှင့် NLD ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ ဒုဥက္ကဋ္ဌ ဦးတင်ဦး မိတ်ဆုံစားပွဲတွင် တွေ့ဆုံစဉ်**



## (ဧ) အပစ်အခတ်ရပ်ဆိုင်းထားသော လက်နက်ကိုင်အဖွဲ့အစည်းများ လှုပ်ရှားမှုများ

### မျက်မှောက်ကာလအခြေအနေနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးရယူထားသော လက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောထား

ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများသည် ပြည်တွင်းတိုက်ခိုက်မှုများရပ်စဲပြီး နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာဆွေးနွေးအဖြေရှာရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး နှင့် စစ်မှန်သော ပြည်ထောင်စုကြီးပေါ်ထွန်းရေးအတွက် ငြိမ်းချမ်းရေးရယူခဲ့သည်မှာ ဆယ်စုနှစ်စုတိုင်ခဲ့ပြီ ဖြစ်သည်။ ဤကာလများအတွင်း၌ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပြည်တွင်း တိုက်ခိုက်မှုများရပ်စဲပြီး သိသာထူးခြားသည့် ငြိမ်းချမ်းရေးတည်ငြိမ်မှုများရှိခဲ့ပါသည်။ သို့သော်ယနေ့ထိတိုင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငြိမ်းချမ်းရေး ရယူထားသော လူမျိုးစုအဖွဲ့အစည်းများနှင့် နိုင်ငံရေးအ ရတွေ့ဆုံညှိနှိုင်းခြင်း မရှိသေးပေ။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကဏ္ဍတွင် တိုးတက်မှုနှောင့်နှေး ကြန့်ကြာလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ အရေးကြီးပုဂ္ဂိုလ်များ တွေ့ဆုံညှိနှိုင်းမှုပြုလုပ်နေကြသည်မှာ အမျိုးသားစည်းလုံးညီညွတ်ရေးပေါ်ထွန်းရေးအတွက် လမ်းစတရပ်ဖြစ်နိုင်သောကြောင့် မိမိတို့မှကြိုဆိုအပ်ပါသည်။ ဆက်လက်၍ ပိုမိုတိုးတက်ကောင်းမွန်သောရလဒ်များ အကောင်အထည်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။

ငြိမ်းချမ်းရေးယူထားသော မိမိတို့လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အမျိုးသားစည်းလုံးညီညွတ်ရေး၊စစ်မှန်သောပြည်ထောင်စုပေါ်ထွန်းရေးနှင့် ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးတို့အတွက် ပိုမိုပြည့်စုံသောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာ၌ ကျရာအခန်းကဏ္ဍမှ ပူပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန် အပ်ပါသည်။

၁။ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ

(က) ရှမ်းပြည်တပ်မတော်

(ခ) ရှမ်းပြည်အမျိုးသားတပ်မတော်

၂။ မွန်ပြည်သစ်ပါတီ

၃။ ကရင်နီပြည်လူမျိုးပေါင်စုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး

၄။ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့

၅။ ကယန်းပြည်သစ်ပါတီ

၆။ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့

ရက်စွဲ။ ၂၀၀၁ ခုနှစ်၊ မတ်လ (၁) ရက်။

## (၅၅) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပူးတွဲပေးပို့သောသဝဏ်လွှာ

ကျွန်ုပ်တို့တောင်ပေါ် မြေပြန့်တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နယ်ချဲ့ဗြိတိသျှတို့အား စည်းလုံးညီညွတ်စွာစတင်တော်လှန်ပြီး လွတ်လပ်ရေး၊ တန်းတူရေး၊ ဒီမိုကရေစီရေး စသည့် အခွင့်အလမ်းများရှိသည့် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးတို့အတွက် လက်တွဲကြိုးပမ်းဆောင်ရွက်လာခဲ့သည်မှာ (၅၅) နှစ် ပြည့်မြောက်လာခဲ့ပြီဖြစ်ပါသည်။

ယနေ့မျက်မှောက်ကာလ၌လည်း ကျွန်ုပ်တို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံတော်၊ တပ်မတော်၏ အမျိုးသားပြန်လည်သွေးစည်းညီညွတ်ရေးမူအရ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားလူမျိုးစုများအရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံအတွက် အခြေခံကောင်းများ တည်ဆောက်ရေး စသည့်လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်နိုင်ရန် ဆက်လက် ကြိုးပမ်းလျက်ရှိပါသည်။

ယခုလို မွန်မြတ်သော ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်အခါသမယ၌ စည်းလုံးညီညွတ်သော တန်းတူညီမျှသော ဒီမိုကရေစီကျသော ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်ဆီသို့ ချောမောလျင်မြန်စွာ ချီတက်နိုင်ရေးသည် တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၊ နိုင်ငံတော်အစိုးရတရပ်လုံး၊ ပါတီအဖွဲ့အစည်းများတို့မှ အင်အားစုတရပ်လုံးတို့၏ တာဝန်များဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့အားလုံး၏ မူလရည်မှန်းချက်အတိုင်း ဥမကွဲသိုက်မပျက် လက်တွဲမဖြုတ်ဘဲ စည်းလုံးညီညွတ်စွာဖြင့် မဆုတ်မနစ် ဆက်လက်ချီတက်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

သဝဏ်လွှာပေးပို့သော ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ...

(၁) ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)

(၂) ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ (SSPC)

(၃) မွန်ပြည်သစ်ပါတီ (NMSP)

(၄) ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF)

(၅) ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (SSPLO)

(၆) ကယန်းပြည်သစ်ပါတီ (KNLP)

(၇) ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA)

ရက်စွဲ။ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့။

## (စ၂) လွတ်မြောက်နယ်မြေ နိုင်ငံရေးအင်အားစုများလှုပ်ရှားမှု

ပြည်ထောင်စုအရေးနှင့်ပတ်သက်၍ လွတ်မြောက်နယ်မြေရှိ နိုင်ငံရေးအင်အားစုများ၏ အထင်ကရ လှုပ်ရှားမှုများပြုလုပ်ခဲ့သည်။ ထိုအထဲတွင် ကရင်အမျိုးသားအစည်းအရုံး လက်အောက်ခံနယ်မြေတွင် ပြုလုပ်ခဲ့သည့် မာနယ်ပလောစာချုပ် (၁၉၉၂)၊ မယ်သရောထာ သဘောတူညီချက် (၁၉၉၇)၊ သူးမွဲကလိုးသဘောတူညီချက် (၁၉၉၈)၊ လော်ခီးလားထုတ်ပြန်ကြေငြာချက် (၂၀၀၁) တို့ ပါဝင်ခဲ့သည်။ သဘောတူညီချက်တိုင်းတွင် တိုင်းရင်းသား ပြည်သူလူထု၏ အကျိုးစီးပွားနှင့် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး အတွက် ဦးတည်သည့် သဘောတူညီချက်များ ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်တွင် ကရင်အမျိုးသားအစည်းအရုံး လက်အောက်ခံနယ်မြေ မာနယ်ပလောဌာနချုပ်တွင် ချုပ်ဆိုခဲ့သောကြောင့် “မာနယ်ပလောစာချုပ်” ဟုခေါ်ခဲ့သည်။ ထိုစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (DAB) နှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NCUB) စသည့်အဖွဲ့အစည်း (၄) ခု ပေါင်းစု ပြီး ညှိနှိုင်းဆွေးနွေးတိုင်ပင်ခဲ့သည်။ ရည်ရွယ်ချက်မှာ စစ်အာဏာရှင်ကြီးစိုးမှုအား တိုက်ဖျက်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် ဦးတည်ပြီး သဘောတူညီချက်များကို ထုတ်ပြန်ခဲ့သည်။

၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်မှ (၁၄) ရက်အထိ တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကို ထပ်မံ ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲမှ တဆင့် "မယ်သရောထာ သဘောတူညီချက်" ကို ထုတ်ပြန်ခဲ့သည်။ ထို သဘောတူညီချက်တွင် စစ်အာဏာရှင်စနစ်ဖျက်သိမ်းရန်၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်၊ ဒီမိုကရေစီနိုင်ငံရေးစနစ်ကျင့်သုံးရန်၊ လူမျိုးတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိရန်၊ ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရန်ဟူသော နိုင်ငံရေးရည်မှန်းချက် (၄) ရပ်ကို ထည့်သွင်းထုတ်ပြန်နိုင်ခဲ့သည်။ အဖွဲ့အစည်းပေါင်း (၁၅) မှ မယ်သရောထာသဘောတူညီချက်တွင် ပါဝင်လက်မှတ်ထိုးခဲ့ကြသည်။

၁၉၉၈ ခုနှစ် ဒီဇင်ဘာ (၁၂) မှ (၁၄) ရက်နေ့အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း များနှင့် နိုင်ငံရေးအင်အားစုပေါင်း (၂၃) ဖွဲ့ စုပေါင်းပြီး သူးမွဲကလိုးတွင် အမျိုးသား သွေးစည်းညီညွတ်ရေး နီးနှောဖလှယ်ပွဲကြီးကို ကျင်းပခဲ့သည်။ "သူးမွဲကလိုး သဘောတူညီချက်" (၁၃) ချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။ သဘောတူညီချက်တွင် ထူးခြားသည့်အချက်တစ်ရပ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသား လူမျိုး ကိုယ်စားပြု (၄) ပါတီတို့၏ ပြည်သူ့ လွှတ်တော်အစည်းအဝေး ခေါ်ယူရန် ဟူသည့်အချက် ပါဝင်လာခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ်ဩဂုတ် (၂၆) မှ (၃၀) ရက်အထိ (၅) ရက်တာ ကျင်းပသော အမျိုးသားများ နီးနှောဖလှယ်ပွဲတွင် "လော်ခီးလား ထုတ်ပြန်ကြေညာချက်" ထုတ်ပြန်ခဲ့သည်။

# MANERPLAW AGREEMENT

## မာနယ်ပလောစာချုပ်

## ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရေးသဘောတူညီချက်

မြန်မာပြည်သည် လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုးအသီးသီး တို့နယ်မြေခြင်းဆက်စပ်လျက်အတူတကွ အခြေချနေထိုင်လာခဲ့သည့် တိုင်းပြည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးအားလုံးပိုင်ဆိုင်သည့် တိုင်းပြည်လည်းဖြစ်သည်။

မြန်မာပြည်သည် တိုင်းရင်းသားလူမျိုးအားလုံး၏ ဆန္ဒညီညွတ်မှုကိုအခြေခံသည့် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှသာ စည်းလုံးခိုင်မာစွာရပ်တည်သွားနိုင်မည်ဖြစ်သည်။ ဤသို့ဖြစ်မြောက်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့ရာတွင် ဤစာချုပ်သည် လက်တွေ့အကောင်အထည်မပေါ်ခဲ့ပေ။

ယခု မဆလ၊ နဝတ စသော မဟာလူမျိုးကြီးဝါဒကျင့်သုံးသည့် ဖက်ဆစ်အာဏာရှင်တို့၏ ကြီးစိုးမှုကြောင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများဆုံးရှုံးနေကြရသည်။ ပြည်သူလူထုသည်လည်း ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးနေကြရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားပြီးပြည်တွင်း စစ်မီးတောက်လောင်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးအားလုံး ပြည်သူလူထုအားလုံးသည် စစ်အာဏာရှင်စနစ်အား အပြုတ်တိုက်ပြီးနောက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးရှိသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်လိုကြသည်။

တန်းတူမှု၊ လွတ်လပ်မှု၊ စည်းလုံးညီညွတ်မှု၊ လုံခြုံမှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်လေးစားမှု၊ ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရန် အတွက် အဓိကလိုအပ်ချက်မှာစစ်အာဏာရှင်ကြီးစိုးမှုအား တိုက်ဖျက်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ပင် ဖြစ်သည်။

ဤသို့သော အခြေအနေတွင် ...

(၁) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊

(၃) မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်၊

(၄) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အဖွဲ့အစည်း (၄) ဖွဲ့တို့သည် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက် နေ့တွင်မာနယ်ပလောဌာနချုပ်၌ အောက်ပါအတိုင်း အခိုင်အမာ သဘောတူညီကြသည်။

၁။ မဟာလူမျိုးကြီးဝါဒကိုလည်းကောင်း၊ စစ်အာဏာရှင်စနစ်ကိုလည်းကောင်း၊ မဟာလူမျိုးကြီး ဝါဒနှင့်ဖက်ဆစ်အာဏာရှင်စနစ်ကျင့်သုံးသည့် နဝတအားလည်းကောင်း၊ အဆုံးတိုင် အတူတကွဆန့်ကျင်တိုက်ဖျက်သွားမည်။

၂။ နဝတစစ်အာဏာရှင်ကြီးစိုးမှု ချုပ်ငြိမ်းပြီးနောက် လွတ်လပ်ငြိမ်းချမ်းသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ နိုင်ငံရေးအဖွဲ့အစည်းပေါင်းစုံ တက်ရောက်နိုင်သည့် စစ်မှန်သော အမျိုးသာညီလာခံကြီးကို ခေါ်ယူသွားမည်။

၃။ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တိုင်းရင်းသားလူမျိုးများအားလုံး ပြည်သူလူထုတရပ်လုံး၏ ဆန္ဒညီညွတ်မှုကိုအခြေခံ၍ ရေးဆွဲပြဋ္ဌာန်းသွားမည်။

၄။ မည်သည့်လူမျိုးကိုမှ အခွင့်ထူးမပေးရေးနှင့်လူမျိုးစု မျိုးနွယ်စုအားလုံး၏ အခြေခံအမျိုးသား အခွင့်အရေးများကို ချုပ်ချယ်ကန့်သတ်မှုမပြုရေးမူကို ကျင့်သုံးသွားမည်။

၅။ တိုင်းရင်းသားလူမျိုးအားလုံး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေး အပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားမည်။

ထိုသို့တည်ဆောက်ရာတွင် ...

(က) ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် ပြည်နယ်များဖြင့် စုပေါင်း ဖွဲ့စည်းထားသည့် အမျိုးသားပြည်နယ်ပေါင်းစုံ ပြည်ထောင်စုဖြစ်ရေး။

(ခ) ပြည်နယ်များမှ ပြည်ထောင်စုသို့ လွှဲအပ်ထားသော အာဏာများမှအပ ကျန်သောအာဏာများကို ပြည်နယ်များတွင်ထားရှိ၍ ပြည်နယ်အသီးသီးတွင်လည်း ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ ကျင့်သုံးပိုင်ခွင့်ရှိရေး၊

(ဂ) ပြည်ထောင်စုအမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိရေး။

(ဃ) ပြည်ထောင်စုနှင့် ပြည်နယ်များ၏တပ်မတော်များကို လူမျိုးပေါင်းစုံ ပြည်သူလူထု၏ ကွပ်ကဲမှုအာဏာအောက်တွင်တည်ရှိရေး၊

(င) ပြည်ထောင်စု၏အချုပ်အခြာအာဏာဖြစ်သော ဥပဒေပြုအာဏာ၊ တရားစီရင်မှုအာဏာနှင့် အုပ်ချုပ်ရေးအာဏာ(၃)ရပ်ကို အပြန်အလှန်ထိန်းညှိစနစ်ဖြင့်ဖွဲ့စည်းထားရှိပြီး လွတ်လပ်သည့် တရားစီရင်မှုစနစ်ကို ကျင့်သုံးရေး။

(စ) မဟာလူမျိုးကြီးဝါဒနှင့် ဖက်စစ်အာဏာရှင်စနစ် ပြန်လည်၍ပေါ်ပေါက်မလာနိုင်ရေး စသည့်အချက်များကို ပြည်ထောင်စုဖွဲ့စည်းရေးတွင် ကျင့်သုံးသွားမည်။

| | |
|---|---|
| ပုံ<br>ဒေါက်တာစိန်ဝင်း<br>ဝန်ကြီးချုပ်<br>ပြည်ထောင်စုမြန်မာနိုင်ငံ<br>အမျိုးသားညွန့်ပေါင်းအစိုးရ | ပုံ<br>စောဘိုမြ<br>ဥက္ကဋ္ဌ<br>မြန်မာပြည်ဒီမိုကရက်တစ်<br>မဟာမိတ်အဖွဲ့ချုပ် |
| ပုံ<br>ဦးတင်အောင်<br>အတွင်းရေးမှူး<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | ပုံ<br>နိုင်ရွှေကျင်<br>ဥက္ကဋ္ဌ<br>အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု |

၁၃၅၄ ခုနှစ်၊ ဝါခေါင်လဆန်း (၂)ရက်၊

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့။

# MANEPLAW AGREEMENT

## Agreement to Establish a Federal Union of Burma

Burma is a country where indigenous nationalities have lived together in adjacent territories for the last several millennia. It belongs to all indigenous nationalities.

Only when a true Federal structure is established based on the desires and aspirations of all the indigenous nationalities will Burma stand united and stable. With this intention General Aung San and indigenous leader signed the Panglong Agreement on February 12, 1947. But that agreement was never enacted in practice.

Currently because of the chauvinistic behavior of the fascist military disctatorship of the Burma Socalist Programme Party (BSPP) and the State Law and Order Restoration Council (SLORC), the indigenous nationalities are deprived of their ethnic rights. Democracy and basic human rights of the people are also abused. National unity has been destroyed and civil war is going on unabated.

Thus, indigenous nationalities and all the people must topple the military dictatorship and set up a true Federal Union where equality, right of self-determination, democracy and basic human rights are guaranteed.

To attain equality, freedom, unity, security, fraternity, trust and development in the Federal Union, the main tasks which are necessary are to topple the SLORC military dictatorship and to establish democracy, peace and true Federal Union.

To achieve these aims, the:

1. National Coalition Government of the Union of Burma (NCGUB)
2. National League for Democracy, Liberated Area (NLD-LA),
3. Democratic Alliance of Burma (DAB), and

4. National Democratic Front (NDF).

Have resolutely to the following at Manerplaw on July 31, 1992.

1. We will struggle together to end Chauvinism and the fascist dictatorship of the SLORC.

2. After ending the SLORC military dictatorship and when freedom and peace are attained, a true national convention involving all indigenous nationalities and all political parties will be convened.

3. We will draw up a true federal Union constitution in accordance with the desires of indigenous nationalities and all peoples.

4. We will follow the principles that no nationality shall have special special privileges privileges and no restrictions will be imposed on the basic rights of any nationality or minority in the Union.

5. We will build a Federal Union where all indigenous nationalities, rights of Self-determination, demoarcay and basic human rights to the fullest exent. In so doing:

(a) The Kachin, Karen, Karenni, Chin, Mon, Burma, Arakan and Shan people will have National States incorporated in a Federal Union States.

(b) The national States will assign certain power to the Federal Union and the remaining power will be exercised by the National States including legislative, administrative and judicial power.

(c) The Federal Unoin will consist of two House of Parliament: The National Assembly (Upper House) and the People's Assembly (Lower House).

(d) In accordance with the principle of civilian supremacy over the military the Federal Union and State armies will be put under the direct supervision of the  elected Governments.

(e) The legislative and judicial branches of the Federal Union Government will be checked and blance in power, and the judiciary will be independent.

(f) The Constitution will be designed to prevent any re-emergence of chauvinism and fascist dictatorship in the future.

| | |
|---|---|
| (Dr. Sein Win) | (Saw Bo Mya) |
| Prime Minister | Chairman |
| NCGUB | DAB |
| | |
| (U Tin Aung) | (Nai Shwe Kyin) |
| Secretary | Chaiman |
| NLD (LA) | NDF |

2nd day of Waxing Moon of Wa Gone, 1353,

July 31,1992

# ETHNIC NATIONALITIES SEMINAR

## တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲ (မယ်သရောထာ)

## MAE THA RAW AGREEMENT

## မယ်သရောထာ သဘောတူညီချက်

ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများဖြစ်သော ရခိုင်တိုင်းရင်းသား၊ ချင်းတိုင်းရင်းသား၊ ကချင်တိုင်းရင်းသား၊ ကရင်တိုင်းရင်းသား၊ ကရင်နီတိုင်းရင်းသား၊ ကယန်းတိုင်းရင်းသား၊ မွန်တိုင်းရင်းသား၊ ပအိုဝ်တိုင်းရင်းသား၊ ပလောင်တိုင်းရင်းသား၊ လားဟူတိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသားနှင့် ဝတိုင်းရင်းသားခေါင်းဆောင်များသည် အဖွဲ့အစည်းနှင့် လူမျိုးအသီးသီးကို ကိုယ်စားလှယ်ပြုကြလျက် ကော်သူးလေးပြည်နယ်၊ မယ်သရောထာ၌ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်နေ့မှ (၁၄)ရက်နေ့အထိ ကျင်းပသော နီးနှောဖလှယ်ပွဲကြီးတွင် စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။

အထက်ပါဖော်ပြခဲ့ပြီးသော ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးခေါင်းဆောင် ကိုယ်စားလှယ်များသည် နီးနှောဖလှယ်ပွဲကြီး၌ ရင်းနှီးပွင့်လင်းစွာ အကြေအလည်ဆွေးနွေးညှိနှိုင်း တိုင်ပင်ကြပြီးနောက် အောက်ပါအချက်များကို တညီတညွတ်တည်း သဘောတူချမှတ်ခဲ့ကြသည်။

၁။ နိုင်ငံရေးရည်မှန်းချက်ဆိုင်ရာ သဘောတူညီချက် ...

(က) စစ်အာဏာရှင်စနစ်ဖျက်သိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်၊

(ခ) ဒီမိုကရေစီနိုင်ငံရေး စနစ်ကျင့်သုံးရန်၊

(ဂ) လူမျိုးတိုင်းတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိရန်၊

(ဃ) ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရန်တို့ဖြစ်သည်။

၂။ နဝတ၏ အမျိုးသားညီလာခံနှင့် ပတ်သက်သော သဘောတူညီချက် ...

လက်ရှိ နဝတဦးစီးကျင်းပနေဆဲဖြစ်သော အတုအယောင်အမျိုးသားညီလာခံသည်၊ စစ်အာဏာရှင်စနစ် ဆက်လက်တည်မြဲရေးအတွက်ဖြစ်သည်။ တိုင်းရင်းသားလူမျိုး

များအတွက် အခွင့်အရေး လုံးဝရနိုင်မည်မဟုတ်သည့်အတွက် ၎င်းနဝတ အမျိုးသား ညီလာခံကို ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက လုံးဝအသိအမှတ် မပြုကြောင်းနှင့် ၎င်းညီလာခံကို ဆန့်ကျင်တိုက်ပွဲဝင်သွားကြရန် သဘောတူကြသည်။

၃။ သုံးပွင့်ဆိုင်ဆွေးနွေးပွဲနှင့် ပတ်သက်သောသဘောတူညီချက် ...

ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဆုံးဖြတ်ထောက်ခံထားသည်သာမက ဒီမိုကရေစီခေါင်းဆောင် ဒေါ်ဆောင်ဆန်းစုကြည်ကလည်း သဘောတူထားသော သုံး ပွင့်ဆိုင်ဆွေးနွေးပွဲကို ကျွန်ုပ်တို့၏ တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီးက သဘောတူလက်ခံသည်။ တိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် မဒတ၊ (UNLD)၊ (NDF) နှင့် အခြားတိုင်းရင်းသားလူမျိုးများပါဝင်သော အင်အားစု၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင် သော ဒီမိုကရေစီအင်အားစုနှင့် နဝတစစ်အုပ်စု အင်အားစု သုံးစုတို့ပါဝင်စေရမည်။

၄။ ဖက်ဒရယ်ပြည်ထောင်စုနှင့်ပတ်သက်သော သဘောတူညီချက် ...

အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေး အပြည့်အဝရှိပြီး အမျိုးသား ပြည်နယ်များ စုပေါင်းပါဝင်ဖွဲ့စည်းထားသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကျွန်ုပ်တို့ တိုင်းရင်းသား လူမျိုးများနီးနှောဖလှယ်ပွဲကြီး က တညီတညွတ်တည်း သဘောတူကြပါသည်။

၅။ စီးပွားရေးမူဝါဒနှင့်ပတ်သက်သော သဘောတူညီချက် ...

စီးပွားရေးမူဝါဒနှင့် ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရန်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားရန် ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ ကြီးက သဘောတူသည်။

သို့သော် နဝတအုပ်ချုပ်နေစဉ်ကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းသည် စစ်အာဏာရှင်စနစ်နှင့်စစ်အုပ်စု၏အကျိုးစီးပွားကိုသာ ဖြစ်စေပြီး တိုင်းရင်းသားလူမျိုးစု ပြည်သူများအဖို့ အကျိုးလုံးဝမရှိသည့်အပြင် ဖိနှိပ်အုပ်ချုပ်မှုဒဏ်ကို ပိုမိုခံစားလာရ သည့်အတွက် နဝတစစ်အုပ်စုနှင့် ပူးတွဲလုပ်ဆောင်နေသော ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးလုပ်ငန်းအားလုံးကို ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီး က အပြင်းအထန် ကန့်ကွက်လိုက်သည်။

၆။ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော သဘောတူညီချက် ...

မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှုအပါအဝင် လုပ်ငန်းအားလုံးကို ဆန့်ကျင်တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်တို့တိုင်းရင်းသား လူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်းသဘောတူသည်။

၇။ ဒီမိုကရေစီအင်အားစုများနှင့် ပတ်သက်သောသဘောတူညီချက် ...

နဝတစစ်အုပ်စုဖြုတ်ချရေးနှင့် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် နိုင်ငံရေးတိုက်ပွဲ၊ သံတမန်ရေးတိုက်ပွဲ၊ လူထုတိုက်ပွဲအပါအဝင် ဘက်ပေါင်းစုံမှ တိုးမြှင့်တိုက်ပွဲဝင်သွားရန် ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီးက သဘောတူသည်။

ယင်းတို့တိုက်ပွဲဝင်ရာတွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများနှင့်တန်းတူရည်တူလက်တွဲ၍ အမျိုးသားအခွင့်အရေးအတွက် လည်းကောင်း၊ ဒီမိုကရေစီအခွင့်အရေးအတွက်လည်းကောင်း၊ တပြိုင်နက်တည်း စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်သွားကြရန်ကိုလည်း ကျွန်ုပ်တို့တိုင်းရင်းသား လူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်းသဘောတူသည်။

ထို့ပြင်ဒေါ်အောင်ဆန်းကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သည် ၁၉၉၀ ရွေးကောက်ပွဲတွင် ပြည်သူလူ၏စစ်မှန်သောဆန္ဒနှင့်အညီ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံရသော အနိုင်ရပါတီဖြစ်ကြောင်းကို ကျွန်ုပ်တို့ အသိအမှတ်ပြုသည်သာမက ၎င်း၏ နဝတစစ်အုပ်စုကို ဆန့်ကျင်သောလုပ်ဆောင်မှုအားလုံးကို မိမိတို့ နီးနှောဖလှယ်ပွဲကြီးက အပြည့်အဝထောက်ခံသည်။

၈။ ASEAN နှင့် ပတ်သက်သော သဘောတူညီချက် ...

နဝတက အုပ်ချုပ်နေသော ကာလအတွင်း မြန်မာပြည်အား ASEAN အဖွဲ့ဝင် အဖြစ်လက်ခံခြင်းကို အတတ်နိုင်ဆုံးဆိုင်ငံ့ထားပေးပါရန်၊ ASEAN သို့ ပန်ကြားလွှာပေးပို့သွားရန် ဤတိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက သဘောတူသည်။

၉။ တပ်ပေါင်းစုနှင့်ပတ်သက်သော သဘောတူညီချက် ...

တိုင်းရင်းသားလူမျိုးများ၏ ပြည်လုံးဆိုင်ရာတပ်ဦးအဖွဲ့အစည်းဖြစ်သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး စသည့်တို့ကို ပိုမိုခိုင်မာအောင် ဝိုင်းဝန်းပံ့ပိုးတည်ဆောက်ပေးကြရန် ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်းသဘောတူသည်။

၁၀။ ပြန်လည်ဆုံဆည်းကြရန် သဘောတူညီချက် ...

မယ်သရောထာ နီးနှောဖလှယ်ပွဲကြီး၏ ရလဒ်များကို ဆက်လက်ထိန်းသိမ်းအကောင် အထည်ဖော်သွားရန်နှင့် အနည်းဆုံးတစ်နှစ်လျှင်တကြိမ် စုံစုံညီညီ ပြန်လည်ဆုံဆည်းကြရန် ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်းသဘောတူကြသည်။

အတည်ပြုလက်မှတ်များ

၁။ (ဗိုလ်ချုပ်အောင်သန်းလေး)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)

၂။ (ဗိုလ်မှူးကြီး ခွန်ဥက္ကာ)

ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO)

၃။ (ဗိုလ်မှူးကြီးမဟာဆန်း)

"ဝ"အမျိုးသားအဖွဲ့ချုပ် (WNO)

၄။ (ဗိုလ်မှူးကြီး စိုင်းပေါင်း)

“ဝ”သွေးစည်းညီညွတ်ရေးပါတီ (UWSP)

၅။ (မိုင်အိုက်ဖုန်း)

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)

၆။ (ဗိုလ်မှူးကြီး ဇော်ဆိုင်း)

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)

၇။ (ခိုင်မြတ်ကျော်)

ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)

၈။ (ဘီ-ကြာအူး)

လားဟူဒီမိုကရက်တစ်တပ်ဦး (LDF)

၉။ (နိုင်ဟံသာ)

မွန်ပြည်သစ်ပါတီ (NMSP)

၁၀။ (ခိုင်စိုးနိုင်အောင်)

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

၁၁။ (ခွန်းနားရှ)

ကယန်းပြည်သစ်ပါတီ (KNLP)

၁၂။ (စပ်အွတ်ကေးသီး)

ညီညွတ်သော ရှမ်းပြည်တော်လှန်ရေးတပ်မတော် (SURA)

၁၃။ (ဆလိုင်းရွှေခါး)

ချင်းအမျိုးသားတပ်ဦး (CNF)

၁၄။ (ခွန်ဟုမ်)

ရှမ်းအမျိုးသားဒီမိုကရက်တစ်အစည်းအရုံး (SDU)

၁၅။ (ဗိုလ်ချုပ်ကြီးစောဘိုမြ)

ကရင်အမျိုးသားအစည်းအရုံး (KNU)

၁၆။ တဦးချင်းကိုယ်စားလှယ်များ

(၁) ............Chao Tzang Yaunghwe

(၂) ............. Naw Louisa Benson

(၃) ............. ခွန်းမတ်ရ်ကိုဘန်း

ရက်စွဲ - ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်။

**တိုင်းရင်းသားများ မယ်သရောထ နီးနှောဖလှယ်ပွဲအပြီး အမှတ်တရဓါတ်ပုံ**



# ETHNIC NATIONALITIES SEMINAR

## (Mae Tha Raw Hta)

## Mae Tha Raw Hta Agreement

We, leaders of Arakanese, Chin, Kachin, Karenni, Kayan, Mon, Pa-O, Palaung, Lahu, Shan and We ethnic nationalities, representing the various organizations as well as the nationalities, attended the seminar held from January 7 to 14,1997 at Mae Tha Raw Hta in Kawthoolei.

We, leaders of nationalities mentioned above, after frank and cordial discussions in depth, have agreed upon the following terms.

1. Agreement Relating to Political Aims:

   (a) To dismantle the military dictatorship and establish peace in the country;

   (b) To practice the democratic political system;

   (c) To achieve the rights of equality and self-determination for each and every nationality;

   (d) To establish a federal union.

2. Agreement Concerning the SLORC's National Convention

   The Sham National Convention being held by SLORC, presently, is for the perpetuation of military dictatordhip. Since absolutely no rights will be gained for the ethnic nationalities, we, the Ethnic Nationalities Seminar, do not in any way recognize the SLORC's National Convention and agree to oppose it.

3. Agreement Regarding Tri-partite Dialogue

   We, the Ethnic Nationalities Seminar, accepet the tri-partite dialogue agreed to by Daw Aung San Suu Kyi, and called for by the resolution of the UN

and international organizations. The tri-partite dialogue must include three forces, namely the force composed of the NDF, UNLD, PDF and other ethnic nationalities, the pro-democracy force led by Daw Aung San Suu Kyi, and the SLORC military clique.

4. Agreement Relating to Federal Union

We, Ethnic Nationalities Seminar unanimously agree to establish a genuine federal union composed of national states having the full rights of national equality and self-determination.

5. Agreement Relating to Economic Policy

Regarding the economic policy, we, the Ethnic Nationalities Seminar, agree to practice a free market economic system and invite foreign investment.

However, as foreign investments, at present, are benefiting the SLORC military dictatorship only and increasing its oppressive power, we strongly object to them.

6. Agreement to Narcortic Drugs

We, the Ethnic Nationalities Seminar, unanimously agree to cooperate with international narcotic drug eradication organizations for the eradicating of the entire business of narcotic drugs, including cultivation, production and trafficking.

7. Agreement Regarding Pro-democracy Forces

We, the Ethnic Nationalities Seminar, agree to raise the fight, on all sides, in the fields of politics, diplomacy and people's action, for the dismantling of the SLORC military dictatorship.

In this struggle, we agree also to join hands with the pro-democracy forces led by Daw Aung Suu Kyi, and act unitedly and simultaneously for the achievement of right of the nationalities as well as democratic rights.

Moreover, we acknowledge the National Legue for Democracy (NLD), led by Daw Aung San Suu Kyi as the winner of the 1990 general election and in accordance with the true will of the people and democratic process, we fully support all acts of opposition against the SLORC by it.

8. Agreement Relating to ASEAN

We, the Ethnic Nationalities Seminar, agree to send letters to ASEAN, requesting it to delay, indefinitely, acceptance of Burma under the SLORC, as a member of the organization.

9. Agreement Relating to Alliance

We, the Ethnic Nationalities Seminar, agree unanimously to help the National Democratic Front (NDF), the nation-wide alliance body of the ethnic nationalities, in to a politically, militarily and organizationally more solid entity.

10. Agreement on Reunion

We, the Ethnic Nationalities Seminar, agree to maintain and implement the result of the seminar and to have a reunion at least once a year.

## SIGNATORIES

1. (Gen. Aung Than Lay)

Karenni National Progressive Party

2. (Col. Hkun Okker)

Pa-O People's Liberation Organization

3. (Col. Maha Sang)

Wa National Organization

4. (Col. Sai Pao Sing)

United Wa State Party

5. (Mai Aik Phone)

Palaung State Liberation Front

6. (Col. Zau Seng)

Kachin Independent Organization

7. (Khaing Myat Kyaw)

All Arakan Students and Youth Congress

8. (B.Kya Oo)

Lahu Democratic Front

9. (Nai Han Tha)

New Mon State Party

10. (Khaing Soe Naing Aung)

Arakan Liberation Party

11. (Khun Na Ruh)

Kayan New Land Party

12. (Sao Ood Kehsi)

Shan United Revolutionary Army

13. (Salai Sui Khar)

Chin National Front

14. (Khun Hom)

Shan Democratic Union

15. (Gen. Saw Bo Mya)

Karen National Union

16. Individual Delegates

(1) Chao Tzang Yanghwe

(2) Naw Louisa Benson

(3) Khun Marko Ban

January 14, 1997.

## အမျိုးသားသွေးစည်းညီညွတ်ရေး နီးနှောဖလှယ်ပွဲ သူးမွဲကလိုး သဘောတူညီချက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် တိုင်းပြည်ဖြစ်သည်။ ခေတ်သစ်မြန်မာ့သမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ညှိနှိုင်း၍ တည်ဆောက်ထားသော အမျိုးသားသွေးစည်းညီညွတ်မှုအင်အားဖြင့် မြန်မာ့လွတ်လပ် ရေးကို ရယူနိုင်ခဲ့သော်လည်း ဗိုလ်ချုပ်ကျဆုံးမှုနှင့်အတူ အမျိုးသားသွေးစည်းညီညွတ်မှု သည်လည်း လွင့်ပါးပျောက်ကွယ်ခဲ့ရသည်။

စစ်အာဏာရှင်စနစ်အောက်တွင် နှစ်ပေါင်းများစွာ အဖိနှိပ်ခံခဲ့ရခြင်း၏ အကျိုးဆက်အဖြစ် အမျိုးသား သွေးစည်းညီညွတ်မှုပြိုကွဲလျက် တိုင်းပြည်ကြေပြုန်းပျက်သုဉ်းမည့် ဘေးအန္တရာယ်ကြီး ကို ရင်ဆိုင်နေရသည့် အချိန်အခါဖြစ်ပေသည်။ တိုင်းရင်းသားပေါင်းစုံ ပြည်သူတို့၏လက်ငင်းလိုအပ်ချက်ဖြစ်သော စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ခေတ်မီတိုးတက်၍ သာယာဝပြောသော ထာဝစဉ်ငြိမ်းချမ်းသာယာသည့် လူ့အဖွဲ့အစည်း တည်ဆောက်ရေးတို့ကို အမျိုးသားသွေးစည်းညီညွတ်ရေးဖြင့်သာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

သို့ပါ၍ အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းသည် ယနေ့ကာလ တိုင်းရင်းသားပေါင်းစုံ ပြည်သူအတို့အတွက် အဓိကကျသော လုပ်ငန်းစဉ်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားကိုယ်စားပြုပါတီများနှင့် ပူးတွဲလျက် ယင်းတာဝန်ကို တက်ကြွစွာ ထမ်းဆောင်နေသည့်နည်းတူ အောက်တွင်လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း(၂၃) ဖွဲ့သည်လည်း ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့မှ (၁၄) ရက်နေ့အထိ (၃) ရက် တိုင်တိုင် ကော်သူလေးပြည်နယ် သူးမွဲကလိုးတွင် အမျိုးသားသွေးစည်းညီညွတ်ရေး နီးနှောဖလှယ်ပွဲကြီးကို အောင်မြင်စွာ ကျင်းပ၍ အောက်ဖော်ပြပါအချက်အလက်များကို တညီတညွတ်တည်း သဘောတူဆုံးဖြတ်ကြပါသည်။

၎င်းသဘောတူညီ ဆုံးဖြတ်ချက်များမှာ ...

၁။ ၁၉၄၇ ခုနှစ်တွင် ချုပ်ဆိုသည့် ပင်လုံစာချုပ်နှင့် ယင်းစာချုပ်ဆိုင်ရာ ကတိကဝတ်များ၊ ၁၉၉၀ ပြည့်နှစ်တွင် ထုတ်ပြန်သည့် ဗိုလ်အောင်ကျော်လမ်း ထုတ်ပြန်ကြေညာချက်၊ ၁၉၉၂ ခုနှစ်တွင် ချုပ်ဆိုသည့် မာနယ်ပလောစာချုပ်၊ ၁၉၉၇ ခုနှစ်တွင် ပြုလုပ်သည့်

မယ်သရောထသဘောတူညီချက်များသည် တိုင်းရင်းသားလူမျိုးများ၊ ပြည်သူများ၏ အခြေခံအကျိုးစီးပွားကို ကိုယ်စားပြုသည့် သမိုင်းဝင် သဘောတူညီချက်များဖြစ်သည်ဟု မှတ်ယူသည်။

၂။ မြန်မာပြည်၏ လက်ရှိပဋိပက္ခသည် ဖိနှိပ်အုပ်ချုပ်သူ စစ်အာဏာရှင်အုပ်စုကတဖက်၊ အဖိ အနှိပ်ခံတိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကတဖက် ဖြစ်ပွားနေသည့် ပဋိပက္ခဖြစ် ပြီး၊ ယင်းပဋိပက္ခကြီးသည် တနေ့တခြားပိုမို ပြင်းထန်လာနေသည့်အတွက် အဆုံးအဖြတ် ကာလတခုသို့ပင် ရောက်ရှိနေသည်ဟု တညီတညွတ်တည်းသုံးသပ်သည်။

၃။ နဝတ/ နအဖ စစ်အာဏာရှင်ကြီးစိုးမှုကြောင့် ယနေ့မြန်မာပြည်တွင် ဒီမိုကရေစီ ဆိတ်သုဉ်းခြင်းနှင့် အမျိုးသားအခွင့်အရေးဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်နေရသည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ်ကြီးစိုးမှုကို ဖျက်သိမ်းပစ်ရန်မှာ တိုင်းပြည်၏ အဓိက ဘုံလုပ်ငန်းတာဝန် ဖြစ်သည်ဟု တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

၄။ နဝတ/နအဖ စစ်အာဏာရှင်စနစ်ကြီးစိုးမှုတိုက်ဖျက်ရေးတွင် လူမျိုး၊ ဘာသာ၊ အယူဝါဒ၊ လက်ဝဲ လက်ယာ မခွဲခြားဘဲ ပါတီ၊ အဖွဲ့အစည်းများအားလုံး၊ လူပုဂ္ဂိုလ်များအားလုံး အနိမ့်ဆုံး ဖြစ်နိုင်သည့်အဆင့်မှ စတင်၍ လက်တွဲဆောင်ရွက်သွားကြရန် သဘောတူဆုံးဖြတ်သည်။

၅။ နဝတ/နအဖ အမျိုးသားညီလာခံကို ဦးစီးကျင်းပခွင့်မရှိပေ။ လက်ရှိပြုလုပ်နေသည့် အမျိုးသားညီလာခံသည် အတုအယောင်အမျိုးသားညီလာခံဖြစ်၍ လုံးဝတရားမဝင်ချေ။ ထို့ကြောင့် ၎င်းအမျိုးသားညီလာခံအား လုံးဝအသိအမှတ် မပြုကြောင်း တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

၆။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူများ၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် တညီတညွတ်တည်းသဘောတူဆုံးဖြတ်သည်။

၇။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေး အပြည့်အဝရှိပြီး၊ အမျိုးသား ပြည်နယ်များစုပေါင်းပါဝင်ဖွဲ့စည်းထားသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရန်သဘောတူဆုံးဖြတ်သည်။

၈။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားကိုယ်စားပြုပါတီ (၄) ပါတီ၏ ပြည်သူ့လွှတ်တော်အစည်းအဝေးခေါ်ယူရန် တောင်းဆိုခြင်း၊ လွှတ်တော်ကိုယ်စားပြု ကော်မတီဖွဲ့စည်းခြင်း၊ လွှတ်တော်ရေးရာကော်မတီများကို ဖွဲ့စည်းခြင်းအား ထောက်ခံကြောင်း သဘောတူဆုံးဖြတ်သည်။

၉။ ဤနှီးနှောဖလှယ်ပွဲမှ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုပေါ်ပေါက်ရေးကို လတ်တလော လုပ်ငန်းစဉ်အဖြစ် ပူးပေါင်းကြိုးပမ်းသွားကြရန် သဘောတူဆုံးဖြတ်သည်။

၁၀။ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာပြည်ဒီမိုကရေစီထွန်းကားရေးနှင့် ငြိမ်းချမ်းမှုဖြစ်ထွန်းစေရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်လာသူများအပေါ် ကြိုဆိုထောက်ခံသည်။ ၁၉၉၈ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာပြည်ဆိုင်ရာ ဆုံးဖြတ်ချက်များသည် တည့်မတ်မှန်ကန်သော ဆုံးဖြတ်ချက်များဖြစ်၍ တာဝန်ရှိသူများအနေဖြင့် လက်တွေ့ အကောင်အထည်ဖော်ရန် တညီတညွတ်တည်း တောင်းဆိုသည်။

၁၁။ မြန်မာပြည်အတွင်း မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ပြည်ပတင်ပို့မှုများတွင် နအဖစစ်အုပ်စု၏ အဓိကပါဝင်ပတ်သက်နေမှုကို ဆန့်ကျင်ရှုပ်ချကြောင်း သဘောတူ ဆုံးဖြတ်သည်။

၁၂။ နအဖစစ်အာဏာရှင်ကြီးစိုးမှု ရှိနေသည့်ကာလတွင် မြန်မာပြည်အတွင်းသို့ မည်သည့် ရင်းနှီးမြှုပ်နှံမှုမှန်သမျှ ဝင်ရောက်မပြုလုပ်ရန် တောင်းဆိုကြောင်း သဘောတူဆုံးဖြတ်သည်။

၁၃။ ဤအမျိုးသားသွေးစည်းညီညွတ်ရေးနှီးနှောဖလှယ်ပွဲမှ ဆုံးဖြတ်ထားသည့် သဘောတူ ဆုံးဖြတ်ချက်များကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော်ရန်အတွက် နှီးနှော ဖလှယ် ပွဲသို့ တက်ရောက်ကြသည့် အဖွဲ့အားလုံး တာဝန်ယူရန်၊ စည်းရုံးညှိနှိုင်းရေးကော်မတီတရပ် ဖွဲ့စည်း၍ ဆက်လက်အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်သည်။

၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်။

# အတည်ပြုလက်မှတ်ရေးထိုးသူများ

ဦးတင်မောင်သက်

ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာမွတ်ဆလင်အစည်းအရုံး (ABMU)

ဦးမြတ်သူ

ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများအဖွဲ့ချုပ် (ABSL)

ဦးမျိုးဝင်း
အတွင်းရေးမှူး (၂)
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)

အရှင်ခေမာစာရ

ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ

ဦးသာနိုး
အတွင်းရေးမှူး
ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)

ဆလိုင်းရှွေခါး(ရ်)
အတွင်းရေးမှူး၊ ပြည်ပဆက်ဆံရေးတာဝန်ခံ
ချင်းအမျိုးသားတပ်ဦး (CNF)

စောဂျက်ကော့
ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ (CPB)

စောရွှေဆိုင်း
ဒုဥက္ကဋ္ဌ
ကရင်အမျိုးသားအစည်းအရုံး (KNU)

ဦးစိုးလွင်
ဒုဥက္ကဋ္ဌ
မြိတ်-ထားဝယ်ညီညွတ်ရေးတပ်ဦး (MDUF)

ခိုင်မျိုးမင်း
အထွေထွေအတွင်းရေးမှူး
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

ဆလိုင်းထနယ်လွှယ်
ကိုယ်စားလှယ်
ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD)

ဦးဇော်နိုင်ဦး
အထွေထွေအတွင်းရေးမှူး
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)

ဘီကြာဦး
အထွေထွေအတွင်းရေးမှူး
လားဟူဒီမိုကရက်တစ်တပ်ဦး (LDF)

ဦးကျော်လှ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံမွတ်ဆလင်လွတ်မြောက်ရေးအဖွဲ့ (MLO)

ဦးဒယ်နီရယ်အောင်
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)

ဦးကျော်ထက်
ဥက္ကဋ္ဌ
ပြည်သူ့ကာကွယ်ရေးတပ် (PDF)

ဗမက ခွန်ဥက္ကာ
ဥက္ကဋ္ဌ
ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO)

မိုင်အိုက်ဖုန်း
ဥက္ကဋ္ဌ
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)

မဟာဆန်း

ဥက္ကဋ္ဌ
ဝအမျိုးသားအဖွဲ့ (WNO)

ဦးသန်းထွဋ်
အတွင်းရေးမှူး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (NLD-LA)

ဦးအေးဆောင်
အထွေထွေအတွင်းရေးမှူးချုပ်
ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (PLF)

ဦးအောင်မြင့်
အထွေထွေအတွင်းရေးမှူး
ပြည်သူ့ပြည်ချစ်ပါတီ (PPP)

ခွန်ကြာနု
ကိုယ်စားလှယ်
ရှမ်းဒီမိုကရက်တစ်အစည်းအရုံး (SDU)

ဦးမောင်မောင်လတ်
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ (MPU)

## သူးမွဲကလိုး အမျိုးသားသွေးစည်းညီညွတ်ရေးနီးနှောဖလှယ်ပွဲ၏ ထုတ်ပြန်ကြေငြာချက်

၁။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ အမျိုးသားအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများအား ကိုယ်စားပြုသည့် အဖွဲ့အစည်း (၂၃) ဖွဲ့ ပါဝင်တက်ရောက်သော အမျိုးသားသွေးစည်းညီညွတ်ရေး နီးနှောဖလှယ်ပွဲကြီး တရပ်ကို ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့အထိ ကော်သူးလေး ပြည်နယ် သူးမွဲကလိုးတွင် အောင်မြင်စွာကျင်းပခဲ့ပါသည်။

၂။ ယင်းနီးနှောဖလှယ်ပွဲကြီးသို့ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားပြုတက်ရောက်လာသော ကိုယ်စားလှယ်များသည် ရင်းနီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြလျက် မြန်မာပြည်၏ လက်ရှိ နိုင်ငံရေးအခြေအနေများအပေါ် သုံးသပ်ခဲ့ကြသည်။ မြန်မာပြည်၏ လက်ရှိအဓိက ပဋိပက္ခမှာ အုပ်စိုးသူ စစ်အာဏာရှင်ကတဖက်၊ အဖိအနှိပ်ခံ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကတဖက် ဖြစ်ပွားနေသည့် ပဋိပက္ခဖြစ်ကပြီး ယင်းပဋိပက္ခကြီးသည် အဆုံးအဖြတ် ကာလတခုသို့ ရောက်ရှိနေပြီးဖြစ်သည်ဟု တညီတညွတ်တည်း သုံးသပ် ကြသည်။ တပြိုင်တည်းမှာပင် ဒီမိုကရေစီဆိတ်သုဉ်းခြင်းနှင့် အမျိုးသားအခွင့်အရေးဆိတ်သုဉ်း ခြင်းကြောင့် အမျိုးသားသွေးစည်းညီညွတ်မှု ပိုမိုပြိုကွဲလာသည်ဟု တွေ့ရှိ ကြရသည်။

၃။ ဤနီးနှောဖလှယ်ပွဲမှနေ၍ စစ်အာဏာရှင်ကြီးစိုးမှုကို ဖျက်သိမ်းပစ်ရေး၊ ပါတီစုံဒီမိုက ရေစီစနစ်ကျင့်သုံးရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားပြု (၄) ပါတီတို့၏ ပြည်သူ့လွှတ်တော် အစည်းအဝေး ခေါ်ယူရန် တောင်းဆိုမှုနှင့် အရေးကြီးသည့် သဘောတူဆုံးဖြတ်ချက် (၁၃) ချက်ကို သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

၄။ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးနှင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရေး လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားသွေးစည်းညီညွတ် ရေးအင်အားဖြင့်သာ တည်ဆောက်နိုင်မည်ဟု ကိုယ်စားလှယ်အားလုံးမှာ မမိတ်မသုန် ယုံကြည်ကြသည်။ ယင်းယုံကြည်ချက်နှင့်အညီ အမျိုးသားသွေးစည်းညီညွတ်ရေး တည်ဆောက်ရာတွင် လူမျိုး၊ ဘာသာ၊ အယူဝါဒ၊ လက်ဝဲ လက်ယာ မခွဲခြားဘဲ ပါတီအဖွဲ့ အစည်းအားလုံး၊ လူပုဂ္ဂိုလ်အားလုံး ဖြစ်နိုင်သည့်အဆင့်မှ စတင်၍ လက်တွဲဆောင်ရွက် ကြရန်လည်း သဘောတူညီကြပါသည်။

၅။ ဤနီးနှောဖလှယ်ပွဲကြီးသည် အဖွဲ့ဝင် (၉) ဦး ပါဝင်သည့် သူးမွဲကလိုးသဘောတူညီချက် စည်းရုံးညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းလျက် ဤနီးနှောဖလှယ်ပွဲကြီး၏ သဘောတူညီချက် ရလဒ်များကို ဆက်လက်ထိန်းသိမ်းရန် ရှေ့ဆက်၍ အမျိုးသားသွေးစည်းညီညွတ်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်သွားရန်အတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

အမျိုးသားသွေးစည်းညီညွတ်ရေးနီးနှောဖလှယ်ပွဲ

ရက်စွဲ။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်။

## သူမွဲကလိုး နီးနှောဖလှယ်ပွဲအပြီး အမှတ်တရပုံ



# လော်ခီးလားထုတ်ပြန်ကြေငြာချက်
# အမျိုးသားများနှီးနှောဖလှယ်ပွဲ ၂၀၀၁
# ကော်သူးလေ

တိုင်းရင်းသားလူမျိုးများ၏ တော်လှန်ရေး နိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်တော်များသည် ကော်သူးလေပြည်နယ် လွတ်မြောက်နယ်မြေ လော်ခီးလားစခန်း၌ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၂၆) မှ (၃၀) ရက်နေ့ထိ လေးရက်တိုင်တိုင် လွတ်လပ်ပွင့်လင်းစွာနှင့် ရင်းနှီးချစ်ကြည်စွာဆွေးနွေးညှိနှိုင်းတိုင်းပင်နိုင်ခဲ့ကြသည်။

ထို့အတူ နှီးနှောဖလှယ်ပွဲသို့ တက်ရောလာကြသော တိုင်းရင်းသားခေါင်းဆောင်များသည် သွေးစည်းညီညွတ်ရေး တည်ဆောက်ရန် အပူတပြင်းလိုအပ်ချက်ကို တညီတညွတ်သဘောတူကြသည့်အလျောက် "အမျိုးသားများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး'' လုပ်ငန်းကော်မတီ (ENSCC) တရပ်ကို အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းပေးနိုင်ခဲ့သည်။

ကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များမှာ တိုင်းရင်းသားလူမျိုးများအကြား စည်းလုံးညီညွတ်ရေးမြှင့်တင်ရန်နှင့် "သုံးပွင့်ဆိုင်'' တွေ့ဆုံဆွေးနွေးရေးနည်းဖြင့် မြန်မာပြည်နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရေးတာဝန်များဖြစ်သည်။ "အမျိုးသားများနှီးနှောဖလှယ်ပွဲ ၂၀၀၁'' သို့တက်ရောက်ကြသော တိုင်းရင်းသားခေါင်းဆောင်များသည် ရန်ကုန်မြို့တွင် ၂၀၀၀ အောက်တိုဘာလကတည်းက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) တို့အကြား ပြုလုပ်နေသော "စကားပြောမှု'' အပေါ် သတိကြီးစွာ ထား၍ အကောင်းဘက်မှ ရှုမြင်သုံးသပ်ကြပါသည်။

ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တမန်တော်ကြီး ရာဇာလီအစ္စမေးလ်၏ ငြိမ်းချမ်းသောစေ့စပ်ညှိနှိုင်းရေးနည်းဖြင့် မြန်မာပြည်၏ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းသွားမှုများကို ဂုဏ်ပြုကြိုဆိုပြီး အပြည့်အဝထောက်ခံကြောင်း သဘောတူကြပါသည်။

ယင်းသို့ အရေးပါသောကော်မတီတရပ်ဖွဲ့စည်းပေးပြီးနောက် အောက်ပါဆုံးဖြတ်ချက်များကိုလည်း ချမှတ်နိုင်ခဲ့သည်။

- သုံးပွင့်ဆိုင်တွေ့ဆုံရေးနှင့် ပတ်သက်၍ (နအဖ) စစ်အုပ်စု၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားလူမျိုးများအင်အားစုပေါင်းသုံးစု တန်းတူရည်တူ ပါဝင်ဆွေးနွေးနိုင်မည့် စစ်မှန်သော "တွေ့ဆုံဆွေးနွေးပွဲ" တရပ်ဖြစ်ထွန်းရေးအတွက် အပြုသဘောလုပ်ငန်းများကို ဦးဆောင်မှုရှိရှိ သွက်သွက်လက်လက် လုပ်ဆောင်သွားရန် ဆုံးဖြတ်သည်။
- တိုင်းရင်းသားအမျိုးသားပြည်သူများအပေါ် ဆိုးရွားစွာကျရောက်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ လူနေမှုဘဝချွတ်ခြုံကျမှုများကို ဟန့်တားအဖြေရှာရန် ကုလသမဂ္ဂ အပါအဝင် လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများ၊ နိုင်ငံတကာမိသားစုများ၊ အသင်းအဖွဲ့များနှင့်လည်းကောင်း၊ မြန်မာပြည်တွင်းရှိ သက်ဆိုင်ရာပါဝင်ဆွေးနွေးပိုင်ခွင့် ရှိသော အင်အားစုများတို့နှင့်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးခြင်း၊ နီးနီးကပ်ကပ် အသက်ပါပါ ပူးပေါင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်သွားကြရန် သဘောတူဆုံးဖြတ်ကြသည်။
- ပင်လုံစာချုပ်၏ အနှစ်သာရများဖြစ်သော တရားမျှတခြင်း၊ ဒီမိုကရေစီကျခြင်း တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိခြင်း စသည့်အခြေခံဖြင့် တိုင်းပြည်ကို ပြန်လည်ထူထောင်ရန်နှင့် ငြိမ်းချမ်းသောနည်းဖြင့် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းသွားရန်ကိုလည်း အစီအစဉ်တကျလုပ်ဆောင်သွားရန်ဖြစ်သည်။
- အထက်ဖော်ပြပါ သဘောတူဆုံးဖြတ်ချက်များကို တညီတညွတ်တည်း ချမှတ်ကြသော "အမျိုးသားများ နီးနှောဖလှယ်ပွဲ ၂၀၀၁" တက်ရောက်ကြသော အဖွဲ့အစည်းများမှာ ...

  ၁။ ကရင်အမျိုးသားအစည်းအရုံး (KNU)

  ၂။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)

  ၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ (လွတ်မြောက်နယ်မြေ) (NLD-LA)

၄။ ရှမ်းဒီမိုကရက်တစ်အစည်းအရုံး (SDU)

၅။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

၆။ ချင်းအမျိုးသားတပ်ဦး (CNF)

၇။ ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO)

၈။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)

၉။ လားဟူဒီမိုကရက်တစ်တပ်ဦး (LDF)

၁၀။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC)

၁၁။ ရခိုင်ပြည်ဒီမိုကရက်တစ်ပါတီ (DPA) တို့အပြင် အခြားမဟာမိတ်တိုင်းရင်းသား အဖွဲ့အစည်းများသို့ပါဝင်ကြကြောင်း လွတ်မြောက်နယ်မြေတနေရာ လော်ခီးလားစခန်းမှ ထုတ်ပြန်ကြေညာအပ်ပါသည်။

၂၀၀၁ ခု၊ ဩဂုတ်လ (၃၀) ရက်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် UNLD – LA ပထမအကြိမ် ညီလာခံအပြီး နာယကအဖွဲ့ဝင်များ၊ သဘာပတိအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ အမှတ်တရပုံ



## (ည) နိုင်ငံရေးခေါင်းဆောင်ပေါင်းများ၏ လှုပ်ရှားမှုများ

### ၁။ ဝါရင့်နိုင်ငံရေး ခေါင်းဆောင်များ၏ လှုပ်ရှားမှု

### "၈၁ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့" အထိမ်းအမှတ်အဖြစ် ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များက ထုတ်ပြန်သည့် ပန်ကြားလွှာ

၁။ မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ ခရစ်သက္ကရာဇ် ၂၀၀၁ ခု၊ ဒီဇင်ဘာလ (၁၀) ရက်နေ့သည် ၈၁ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကြီး ဖြစ်ပေသည်။

၂။ လွန်ခဲ့သော ခရစ်သက္ကရာဇ် ၁၉၂၀ ခုနှစ်က ကျွန်ပညာရေးစနစ် သက်ဆိုးရှည်စေမည့် ယူနီဗာစတီအက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများ ဦးဆောင်တိုက်ပွဲဝင်၍ အောင်ပွဲရခဲ့သောနေ့ကို နဝမကြိမ်မြောက် ဂျီ-စီ-ဘီ-အေ ကွန်ဖရင့်ကြီးက အမျိုးသား အောင်ပွဲနေ့အဖြစ် သတ်မှတ်ကာ ထိုအချိန်မှစ၍ နှစ်စဉ် ထိုနေ့သို့ရောက်တိုင်း မြန်မာ တနိုင်ငံလုံး ခြိမ့်ခြိမ့်သဲသဲကျင်းပ၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ အတွက် 'အမျိုးသားသွေးစည်းညီညွတ်ရေး' လိုအပ်ကြောင်း တပ်လှန့်နှိုးဆော်ခဲ့ကြပေသည်။

၃။ ထို့ကြောင့်လည်း မြန်မာပြည်သူတို့သည် ၁၉၄၈ ခုနှစ်တွင် လုံးဝလွတ်လပ်ရေးကို လက်ဆုပ် လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့ကြပေသည်။ သို့သော်လည်း လွတ်လပ်ရေးရရှိပြီးသည်မှ ယနေ့ထက်တိုင် အမျိုးမျိုးသောအကြောင်းများကြောင့် အမျိုးသားညီညွတ်ရေးပြိုကွဲကာ ပြည်တွင်းစစ်မီးကြီး တဟုန်းဟုန်းတောက်လောင် ခဲ့ကြသည်။

၄။ ယင်းပြည်တွင်းစစ်၏ဒဏ်ကြောင့်လည်းကောင်း၊ အမျိုးသားသွေးစည်းညီညွတ်ရေးပြို ကွဲကာ သွေးစည်းညီညွတ်သော အမျိုးသားအစိုးရတရပ် မတည်ဆောက်နိုင်မှုကြောင့် လည်းကောင်း၊ ပြည်သူတရပ်လုံးသည် ယနေ့တိုင် လွတ်လပ်ရေးအသီးအပွင့်များကို မ ခံစားရဘဲ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများကို ခါးသီးစွာ ရင်ဆိုင်ရ လျက်ရှိပေသည်။ ဤအကြပ်အတည်းများကို ကုစားရန် တခုတည်းသောနည်းလမ်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးမှတဆင့် အမျိုးသားသွေးစည်းညီညွတ်မှုကို တည်ဆောက် ကြရန်ဖြစ်ပေသည်။

၅။ ထို့ကြောင့်လည်း တမျိုးသားလုံးသွေးစည်းညီညွတ်မှုကို အုတ်မြစ်ချမှတ်နိုင်ခဲ့သည့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ သမိုင်းနှင့်ချီကာ ဂုဏ်ယူဖွယ်ရာဖြစ်သော ၌အမျိုးသား အောင်ပွဲနေ့ကြီးတွင် လွတ်လပ်ရေးတိုက်ပွဲ ခေတ်သုံးခေတ်တွင်၊ လွတ်လပ်ရေး၊ ဒီမိုက ရေစီ ရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားညီညွတ်ရေးတို့အတွက် တိုက်ပွဲဝင်ခဲ့ကြသော ကျွန်ုပ် တို့ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များနှင့် ၌အမျိုးသားအောင်ပွဲနေ့ကို တက်ရောက် ခဲ့ကြသည့် ပုဂ္ဂိုလ်များက တမျိုးသားလုံး သွေးစည်းညီညွတ်မှု အထိမ်းအမှတ် ဖြစ်သည့် ၈၁ နှစ်မြောက် အမျိုးသားနေ့ကြီးတွင် တိုင်းပြည်နှင့် တမျိုးသားလုံးအကျိုးကို ရှေးရှု ကာ အောက်ပါတို့ကို သက်ဆိုင်သူ ကာယကံရှင်အားလုံးက အချိန်မနှောင်းမီ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် ပန်ကြားလိုက်ပါသည်။

(က) ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးနေသည်။ "ယုံကြည်မှုတည်ဆောက်နေခြင်းမှသည် နိုင်ငံရေး သဘောတူညီချက်ရရှိရေး'' အတွက် ဆွေးနွေးပွဲအဖြစ်သို့ အမြန်ဆုံး တိုးမြှင့်ဆောင်ရွက် ကြပါရန်နှင့် ၎င်းမှ တဆက်တည်း ...

- ဥပဒေနှင့်အညီ ဖွင့်ထားသည့် တိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံရေးအဖွဲ့အစည်း များနှင့် လည်းကောင်း၊

- အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသည့် တိုင်းရင်းသားလူမျိုးစုအဖွဲ့များနှင့် လည်းကောင်း၊

- ကျန်ရှိနေသောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း အ ပစ်အခတ်ရပ်စဲကာ နိုင်ငံရေးသဘောတူညီချက်ရရေးအတွက် အလျင်အမြန်ဆွေးနွေး ကြရန်လည်းကောင်း ပန်ကြားအပ်ပါသည်။

(ခ) ယင်းသို့ ဆွေးနွေးနေသည့်ကာလအတွင်း ဆွေးနွေးဖက်ဖြစ်သော အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားသောနိုင်ငံရေး အကျဉ်းသားအားလုံးအား ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်နှင့်

(ဂ) နိုင်ငံရေးအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအင်အားစုများကို ရပ်ကွက်၊ ကျေးရွာအဖွဲ့များမှသည် ဗဟိုအထိ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ရှိစေရန် အမြန်ဆုံးဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ကျွန်ုပ်တို့၏ ဤမေတ္တာရပ်ခံချက်များ အလျင်အမြန်အကောင်အထည် ပေါ်လာနိုင်သည်နှင့်အမျှ လက်ရှိတွေ့ကြုံနေရသော အထွေထွေအကြပ်အတည်းများမှ လွတ်မြောက်ရေးအတွက် အထောက်အကူဖြစ်စေမည် ဟုယုံကြည်ပါသည်။

ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ

ရက်စွဲ ၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်။

၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာ (၁၀) ရက်။

## (၂) ဦးထွန်းမြင့်မှ ဒေါ်အောင်ဆန်းစုကြည်ထံ အိတ်ဖွင့်ပေးစာ။

**သို့**

**ဒေါ်အောင်ဆန်းစုကြည်**

**အထွေထွေအတွင်းရေးမှူး**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

**ရန်ကုန်မြို့**

**တောင်ကြီးမြို့၊ ၁၉၈၉ ခု၊ ဖေဖော်ဝါရီလ (၂၀) ရက်။**

ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား ...

(၁၃၊ ၂၊ ၈၉) နေ့ ညနေခင်းစားပွဲအပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကျနော်ဆွေးနွေးတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်ဘက်က ပြောစရာရှိတာပြောပြီး ဒေါ်အောင်ဆန်းစုကြည်မှ ကြိုတင်ချိန်းဆိုထားတဲ့ ကိစ္စရှိလို့ဆိုပြီး ထမင်းစားပွဲက ထွက်ခွာသွားတဲ့အတွက် ကျနော်ဒီစာကို ရေးလိုက်ရတာဖြစ်ပါတယ်။ အဲဒီညနေကသာ ကျနော်ဘက်က ပြန်လည်ပြောဆိုခွင့်ရခဲ့ရင် ကျနော်ဒီစာကို ရေးဖို့လိုချင်မှလိုမှာပါ။

နိုင်ငံရေးပြဿနာတခုဟာ တို့လို့တန်းလန်း မရှိအပ်ပါဘူး။ ပြေလည်မှုရှိဖို့လိုပါတယ်။ ပြတ်သားတဲ့အဖြေတခုရဖို့လိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်တောင်ပိုင်း ခရီးထွက်လာမယ်လို့ ကြားသိရတဲ့အခါ ကျနော်တို့ရဲ့အဖွဲ့ချုပ် (ရှမ်းပြည် တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်) အနေနဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်ထံမှ တိုင်းရင်းသား လူမျိုးများ ပြဿနာနှင့်ပတ်သက်လို့ တိကျတဲ့သဘောထား ကြားရလိမ့်မယ်လို့ မျှော်မှန်းထားခဲ့ကြပါတယ်။

(၁၃၊ ၂၊ ၈၉) နေ့ မနက်ပိုင်းဆွေးနွေးပွဲမှာ အဲဒီတိကျတဲ့သဘောထားကို ကျနော်တို့အဖွဲ့ချုပ် အနေဖြင့် မေးမြန်းကြဖို့ပါပဲ။ ဒါပေမယ့် ပရိုဂရမ်စီစဉ်သူတွေကဘဲ အဲ့ဒီဆွေးနွေးပွဲဟာ ပါတီစုံလူစုံဖြစ်နေလို့ ဆွေးနွေးပွဲပြီးတဲ့အခါ ကျနော်တို့အဖွဲ့ချုပ်နဲ့ သတ်သတ်ဆွေးနွေးဖို့ စီစဉ်ထားပါတယ်လို့ ကျနော့်ကိုပြောပါတယ်။ အဲ့ဒီမနက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်အတွက် အခြား ပြည့်နှက်နေတဲ့အစီအစဉ်တွေကြောင့် ကျနော်တို့အဖွဲ့နဲ့ သီးခြားဆွေးနွေးဖို့ အချိန် မပေးနိုင်ခဲ့ပါဘူး။

ညနေထမင်းစားပွဲကြတော့ ဒေါ်အောင်ဆန်းစုကြည်တို့ နောက်တနေ့မနက် ပြန်ကြတော့မယ်လို့ ကျနော်တို့သိရပါတယ်။

ဦးမိုးသူရဲ့ ကြားဝင်စီစဉ်ပေးမှုကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျနော့်ရဲ့ဆွေးနွေးပွဲဟာ ကြိုတင် စီစဉ်ခဲ့ခြင်းမရှိဘဲ ရုတ်တရက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါတယ်။ အမှန်ကတော့ ဒီကိစ္စ အမျိုးဟာ အေးအေးဆေးဆေး အချိန်ယူပြီး အကြေအလည်ဆွေးနွေးရမယ့်ကိစ္စ ဖြစ်ပါတယ်။

အခုတော့ ကြိုတင်စီစဉ်မှုမရှိဘဲ ရုတ်တရက်ဖြစ်ပေါ်လာတဲ့အပြင် ဒေါ်အောင်ဆန်းစုကြည် ချစ်ခင်လေးစားတဲ့ ညှော့ပရိသတ်ကလည်း ဝိုင်းရံနေတဲ့အတွက် ကျနော့်ဘက်က အထူးသတိ ထားပြီး ပြောဆိုခဲ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီနေ့ အမျိုးသားခေါင်းဆောင် တယောက်အဖြစ် ရောက်ရှိနေတဲ့အခါမျိုးမှာ ကျနော်တို့ဟာ ခေါင်းဆောင်တယောက်ရဲ့ ဂုဏ်သိက္ခာကျဆင်းစေမယ့် အပြုအမူ အပြောအဆိုမျိုးကို ရှောင်ရမယ်လို့ခံယူထားပါတယ်။ ဒါကြောင့်ပဲ ကျနော်ဟာ ဒေါ်အောင်ဆန်းစုကြည် စကားအရှည်ကြီးပြောနေစဉ် ကျနော်နဲ့ သဘော ထားချင်း မတိုက်ဆိုင်ပေမယ့် ကြားဖြတ်ဝင်ရောက် နှုတ်လှန်ထိုးခြင်း မပြုခဲ့ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် ပြောလိုတာပြောပြီးမှဘဲ ကျနော့်ရဲ့ထင်မြင်ယူဆချက်တွေကို အေးအေး ဆေးဆေးပြန်တင်မယ်လို့ စိတ်ကူးခဲ့ပါတယ်။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်ဟာ အရေးကြီးတဲ့ နောက်အစီအစဉ်တခုအတွက် ရုတ်တရက်သွားရတော့ ကျနော့်အတွက် မကြေမလည် ဖြစ်ပြီး ကျန်ရစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီစာကို ကောက်ရေးရခြင်းဖြစ်ပါတယ်။ ဦးမိုးသူကို အရိပ်အမြွက်ပြောပြခဲ့ပါသေးတယ်။

ဒီစာဟာ ဝေဖန်ရေးလို့ ယူဆစေလိုပါတယ်။ ဝေဖန်ရေးနှင့် ကိုယ့်ကိုကိုယ်ဝေဖန်ရေးဟာ ဒီမိုကရေစီ နိုင်ငံရဲ့အသက် ဖြစ်ပါတယ်။ ဝေဖန်ရေးကင်းမဲ့တဲ့နိုင်ငံရေးဟာ ကမောက်က မဖြစ်ယုံမျှမက အာဏာရှင်စနစ်စီသို့လည်း ဦးတည်သွားတတ်ပါတယ်။

စာအလွန်ရှည်သွားမှာ စိုးတဲ့အတွက် ကျနော်လိုရင်းကိုပဲ ရေးပါတော့မယ်။ ကျနော်တို့ အဖွဲ့ချုပ်အနေနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်တဲ့ မြန်မာနိုင်ငံတော်ကို တိုင်းရင်းသား လူမျိုးအချင်းချင်း ပြည်နယ်အချင်းချင်း တန်းတူညီမျှမှုကို အခိုင်မာဆုံး အာမခံချက် ပေးနိုင်တဲ့ ဖက်ဒရယ်ယူနီယံမျိုး တည်ဆောက်နိုင်ပါက ပြည်နယ်များနဲ့ တိုင်းရင်းသား လူမျိုးများ တန်းတူညီမျှမှု အမှန်တကယ်ရရှိပြီး အမှန်တကယ်သွေးစည်းညီညွတ် ရနိုင်မယ်လို့ ခံယူထားပါတယ်။ ဒီလိုခံယူထားတာဟာ အကြွပ်ကိုင်တောင်းဆိုမှုမျိုး မဟုတ်သလို စိတ်ကူးယဉ် တောင်းဆိုခြင်းမျိုးလည်းမဟုတ်ပါဘူး။ သမိုင်းအစဉ်အဆက် သင်ခန်းစာအရပ်ရပ်အပေါ် အခြေခံပြီး ကျနော်တို့ရှမ်းအစရှိတဲ့ တိုင်းရင်းသားလူမျိုးများ လိုလားတောင်းတမှုအပေါ် ရပ်တည်ခံယူထားခြင်းသာ ဖြစ်ပါတယ်။

ဗဟိုအစိုးရတမျိုးတည်းက ကြိုးကိုင်အုပ်ချုပ်တဲ့ ယူနစ်ထရီယူနီယံမျိုးကိုတော့ လွတ်လပ်ရေး သက်တမ်းတလျှောက် တွေ့ကြုံဖြစ်ပျက်ခံစားမှုအရပ်ရပ်ကြောင့် ကျနော်တို့ ဘယ်လိုနည်းနဲ့မှ မလိုလား မနှစ်သက်နိုင်ကြပါဘူး။

ဒေါ်အောင်ဆန်းစုကြည်သိရှိတော်မူတဲ့အတိုင်း ယနေ့ကမ္ဘာပေါ်မှာ ဖက်ဒရယ်နဲ့ယူနစ်ထရီ နိုင်ငံ နှစ်မျိုးနှစ်စားထဲပဲ ရှိပါတယ်။ တတိယအမျိုးအစားမရှိပါဘူး။ ဒါဟာ သီအိုရီမဟုတ်ပါဘူး။ လက်တွေ့သာဓကတွေပါ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တချို့က ဖက်ဒရယ်နဲ့ ယူနစ်ထရီ ရောစပ်ထားတဲ့ နိုင်ငံလို့ ယူဆကြပါတယ်။ အမှန်ကတော့ တရုတ်ပြည်ဟာ ယူနစ်ထရီနိုင်ငံဖြစ်ပါတယ်။ လူမျိုးစု တွေနဲ့ ပြည်နယ်တွေကိုအထိုက်အလျောက် ကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးတွေ ပေးထားတာ မှန်ပေမယ့်လို့ တကယ့်အနှစ်သာရအားဖြင့် ဗဟိုအစိုးရက ကြိုးကိုင်အုပ်ချုပ်တဲ့ ယူနစ်ထရီ နိုင်ငံဖြစ်တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်ပါဘူး။

ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ဟာ ယူနစ်ထရီနိုင်ငံစစ်စစ်ကြီးတွေဖြစ်ကြပါတယ်။ ဒါပေမယ့် အဲဒီနိုင်ငံတွေမှာရှိတဲ့ ဒေသန္တရအုပ်ချုပ်ရေးများဟာ ဖက်ဒရယ်နိုင်ငံတွေကဲ့သို့ ကိုယ်ပိုင် အုပ်ချုပ်ခွင့် အပြည့်အဝရှိကြပါတယ်။ ဒါတောင်မှ အင်္ဂလိပ်မဟုတ်တဲ့ စကော့၊ ဝေလနှင့် အိုင်းရစ်လူမျိုးတို့ဟာ မကျေနပ်နိုင်ဘူး။ အဲ့ဒီထက်ပိုပြီး ကိုယ်ပိုင်အုပ်ချုပ်မှုရှိတဲ့ သီးခြားပြည်နယ် တောင်းဆိုနေကြသေးတယ်မဟုတ်ပါလား။

ချက်ကိုစလိုဗက်ကီးယားနိုင်ငံဟာ နာဇီလက်အောက်လွတ်မြောက်ပြီးတဲ့နောက် ယူနစ်ထရီ နိုင်ငံအဖြစ်တည်ထောင်ခဲ့ပါတယ်။ ချက်နှင့်စလိုဗက်လူမျိုးဟူ၍ နှစ်မျိုးရှိရာ ချက်လူ က အများစု၊ စလိုဗက်က အနည်းစု ဖြစ်နေလို့လည်း အခြေခံဥပဒေထဲမှာ စလိုဗက် လူမျိုး အတွက် တိကျခိုင်မာတဲ့ အခွင့်အရေးတွေကို သီးခြားထည့်သွင်းရေးဆွဲထားခဲ့ပါတယ်။ ဒါပေ မယ့် လူမျိုးချင်းတန်းတူညီမျှမှု မပြည့်ဝသေးဘူးလို့ ယူဆကြပြီး လွန်ခဲ့တဲ့ (၃-၄) နှစ်ကဘဲ ဖက်ဒရယ်အခြေခံဥပဒေသစ်ကို ရေးဆွဲပြီး ဖက်ဒရယ်နိုင်ငံအဖြစ် ပြန်လည်တည်ဆောက်ခဲ့ ကြတယ် မဟုတ်ပါလား။

အနာဂတ်မြန်မာနိုင်ငံတော်တည်ဆောက်ရာမှာ အနာဂတ်ခေါင်းဆောင်အဖြစ် အလားအလာ အများဆုံးရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လူမျိုးစုအကြီးဆုံးတည်ရှိတဲ့ ရှမ်းပြည်နဲ့ လူမျိုးစု သဘောထား ကြေလည်ထားဖို့လိုပါတယ်။ တိကျပြတ်သားဖို့လိုတယ်လို့ယူဆပြီး ကျွန်တော်တို့ အကြေအလည် ဆွေးနွေးထားဖို့ ဆန္ဒရှိခဲ့ကြခြင်းဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြေညာချက် (၉) မှာ ပါရှိတဲ့ သဘောထားဟာ အားလုံးကို ခြုံငုံမိတယ်လို့ ဆိုခဲ့ပါတယ်။ သာမန်အားဖြင့်ကြည့်ရင် ခြုံငုံမိသလိုထင်ရပါတယ်။ သေသေချာချာ လေ့လာကြည့်တဲ့အခါ တိကျမှုမရှိတဲ့အပြင် ဝါးတားတား ဖြစ်နေတာတွေကိုတွေ့ရတဲ့အတွက် ကျွန်တော် ဦးမိုးသူမှတဆင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးနိုင်ဖို့ ခွင့်တောင်းခဲ့ခြင်းဖြစ်ပါတယ်။

ကျနော်က တိတိကျကျသဘောထားသက်ရောက်တဲ့ မေးခွန်းမေးခဲ့တာ ဒေါ်အောင်ဆန်းစုကြည်ဟာ နည်းနည်းစိတ်ဆိုးသွားတယ်လို့ ကျနော်ထင်ပါတယ်။ စိတ်ဆိုးတာမဟုတ်ဘူးဆိုရင် ကျနော့်ကိုခွင့်လွှတ်ပါ။ ကျနော် အဲဒီလိုအကဲခတ်မိခဲ့လို့ပါ။

ကျနော် အဲဒီလိုသဘောထားသက်ရောက်တဲ့ မေးခွန်းမေးခဲ့တာ ဒေါ်အောင်ဆန်းစုကြည် မှတ်မိမယ်ထင်ပါတယ်။

ကြေညာချက် (၉) မှာ “ပြည်ထောင်စုကြီး၏ အနာဂတ်ခရီးလမ်းညွှန်များကို ချမှတ်နိုင်မည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညီညွတ်မှုညီလာခံတရပ်’’ ခေါ်ယူမယ်လို့ ဖော်ပြ ထားတယ်။ အဲဒီအမျိုးသားညီလာခံက ပြဋ္ဌာန်းချက်များနဲ့ လမ်းညွှန်တရားများကို အခြေခံပြီး “နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တရပ်ကို ဒီမိုကရေစီတိုင်းပြည်ပြုလွှတ်တော်

တွင် ညှိနှိုင်းရေးဆွဲမယ်'' လို့လည်းဆိုထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ အခြေခံဥပဒေသစ်ရယ် အဲဒီအခြေခံဥပဒေအရတည်ဆောက်မယ့် ပြည်ထောင်စုသစ်ကြီးဆိုတာရယ် ဘယ်လိုနိုင်ငံအမျိုးအစားကိုဆိုလိုတာလည်း ဖက်ဒရယ်လား ယူနီထရီလား။

အဲဒီအခါမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ မျက်နှာနဲနဲနီသွားပါတယ်။ တင်းလည်း တင်းသွားပါတယ်။ အသံလည်း နဲနဲမာလာတယ်လို့ ကျနော်ထင်ပါတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည် နဲနဲစိတ်ဆိုးသွားတယ်လို့ထင်မိကြောင်း ကျနော်ဆိုခဲ့တာပါ။ မဟုတ်ဘူး ဆိုရင် ကျနော်ဒုတိယအကြိမ် ထပ်ပြီးတောင်းပန်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က "ပြည်ထောင်စုကို အင်္ဂလိပ်ဘာသာနဲ့ ယူနီယံလို့ ပြန်ထားပါတယ်။ ကျမတို့ကလည်း ယူနီယံလို့ပြန်ထားတယ်။ ကျမတို့ကလည်း ယူနီယံကိုဘဲဆိုလိုတာ ဖက်ဒရယ်တို့ ယူနစ်ထရီတို့ဆိုတာ သီအိုရီသဘောတရာတွေပဲ လက်တွေ့နဲ့တခြားစီပါ။ သီအိုရီတွေကို နေရာတကာ လက်တွေ့သုံးလို့မရပါဘူး။ ဘယ်လိုပြည်ထောင်စုမျိုးလည်းဆိုတာ ကျမအခုမပြောနိုင်ဘူး။ အမျိုးသားညီလာခံရောက်မှဆွေးနွေးညှိနှိုင်းလို့ရမယ်။ ကျွန်မအနေနဲ့ အားလုံးသဘောတူဆုံးဖြတ် တာကိုလက်ခံမှာပဲ။ အဲဒီလိုပွင့်လင်းတဲ့စိတ်မျိုးထားတယ်'' စသဖြင့် အရှည်ပြီးပြောသွားပြီးတဲ့နောက် "ကျမအနေနဲ့လူမျိုးစုတွေအပေါ်မှာ စေတနာ အလွန်သန့်တယ် ဆိုတာတော့ ယုံကြည်ပါ။ အမျိုးသားညီလာခံမှာ အန်ကယ်လ်တို့နဲ့လည်း ညှိနှိုင်းမှာပါ'' လို့ပြောခဲ့ပါတယ်။ အဲဒီနောက် ကျနော့်အပေါ် ပုဂ္ဂလဓိဋ္ဌာန်လား၊ ကျနော့်ကိုယ်စားပြုတဲ့အဖွဲ့ချုပ်ကိုပဲ ရည်ညွှန်းတာလား ဒါတော့ ကျနော် သေသေချာချာ မပြောနိုင်ဘူး။ ဒေါ်အောင်ဆန်းစုကြည်က ကြိုတင်စဉ်းစားတွေးတောထားတဲ့ အယူအဆ (Preconceived Ideas) မထားရှိအပ်တဲ့အကြောင်း ပြစ်တင်ဝေဖန်သွားပါတယ်။ တဆက်တည်း အမျိုးသားညီလာခံကြီးကို (Preconceived Ideas) တွေနဲ့ လာလို့တော့မဖြစ်ဘူး။ ကျမတို့ လက်မခံနိုင်ဘူး။ အားလုံးပွင့်လင်းတဲ့ စိတ်ထား (Open mind) နဲ့ တက်ရောက်လာကြမှ ဖြစ်မယ်လို့လဲ ပြောပါတယ်။ (Preconceived Ideas) နဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်က ဘယ်လို ဝိဂြိုလ်ပြုသလဲတော့ ကျနော်မသိဘူး။

လူတယောက်ဆီမှာ အယူအဆတခုစီတော့ ရှိစမြဲပါ။

ကိစ္စခပ်သိမ်းဆောင်ရွက်ရာမှာ ကြိုတင်စဉ်းစားတွေးတောမှုတော့ရှိကြမှာအမှန်ပါဘဲ။ နိုင်ငံပါတီ၊ အဖွဲ့အစည်းတိုင်း နိုင်ငံရေးသမားတိုင်းမှာလဲ ဒီသဘောတရား လမ်းစဉ်ရယ်လို့ အသီးသီးရှိကြစမြဲပါ။ နိုင်ငံရေးပါတီတခု ဒါမှမဟုတ် နိုင်ငံရေးခေါင်းဆောင် တယောက်ဟာ ဆွေးနွေးပွဲ စည်းဝေးပွဲတခုတက်ရောက်တော့မယ်ဆိုရင် သဘောတရားတခု သို့မဟုတ် အယူအဆတခုကိုတော့ ကြိုတင်တွေးတောစဉ်းစားပြီး ယူဆောင်လာမှာ မလွဲပါ။

တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညီနိုင်းမှုညီလာခံသဘင်ကို တက်ရောက်လာကြမဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်း အသီးသီးဟာလည်း တိုင်းရင်းသားသွေးစည်းညီညွတ်ရေးနဲ့ပတ်သက်လို့ မိမိတို့ ကိုယ်ပိုင် အတွေးအခေါ်သဘောတရား အယူအဆများ ယူဆောင်မလာလို့မဖြစ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် ပြောတဲ့ (Preconceived Ideas) ဆိုတာ ဒါတွေနဲ့ မသက်ဆိုင်ဘူးလား။ ကြိုတင်တွေးတောကြံဆထားတဲ့ အတွေးအခေါ်သဘောတရားအယူအဆမျိုးစုံကိုတော့ ယူဆောင်လာကြရမှာလဲ။ ညီလာခံကြမှ အဲဒီသဘောတရား၊ အယူအဆတွေကို ညှိနှိုင်း ဆွေးနွေးကြရမယ်။ တူညီတဲ့အဖြေကို ရှာကြရမယ်လို့ ကျနော်ယူဆပါတယ်။

ဒေါ်အောင်ဆန်းစုကြည် စကားပြောနေတုန်း ဤအချက်တွေကို ကျနော်ဝင်ပြောချင်လိုက်တာ ပါးစပ်ယားနေတာဘဲ၊ ဝိုင်းအုံနေတဲ့ လူအုပ်စုရှေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို လေးစားသော အားဖြင့် ကျနော်ငြိမ်သက်စွာဘဲ နားထောင်နေခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ခင်ဗျာ ...

ကျနော့်စာဟာ မူလရည်ရွယ်ထားတာထက် အများကြီး ရှည်လျားလာတဲ့အတွက် ကျနော့်ကို ခွင့်လွှတ်ပါ။ နိုင်ငံရေးဆိုတာ ပွင့်လင်းရပါမယ်။ အားမနာရပါဘူး။ မပြောမပြီး မတီးမမြည် ဆိုသလိုပါဘဲ။ ပြောစရာရှိတာတော့ ကုန်အောင်ပြောပါရစေ။

အခုဒေါ်အောင်ဆန်းစုကြည်ထံ ဒီစာအရှည်ကြီးရေးနေသလို၊ တိုက်တိုက်ဆိုင်ဆိုင် လွန်ခဲ့ တဲ့ (၄၃) နှစ်တိတိက၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဖခင်ထံ အလားတူ စာအရှည်ကြီးတစောင် ရေးသား ပေးပို့ခဲ့ဖူးပါတယ်။ ရှမ်း-မြန်မာဆက်ဆံရေးအတွက် သမိုင်းဝင်စာတစောင်လို့ အခု ပုဂ္ဂိုလ် တွေက အသိအမှတ်ပြုထားကြပါတယ်။ အဲဒီစာထဲက ဆီလျော်တဲ့အချက်တချို့ ကို အကျဉ်းမျှဖော်ပြပါစေ။

၁၉၄၆ ရွှေတိဂုံဘုရား အလယ်ပစ္စယံမှာ ကျင်းပတဲ့ (ဖဆပလ) ပြည်လုံးကျွတ်ညီလာခံကို ကျနော်တို့ ရှမ်းပြည်ကလူငယ်တွေ ကိုယ်စားလှယ် (၁၀) ဦးတက်ရောက်ခဲ့ကြပါတယ်။ တရားဝင်ကိုယ်စားလှယ်တွေမဟုတ်ပါဘူး။ အင်္ဂလိပ်အာဏာပိုင်တွေမသိအောင် တိတ်တဆိတ် ခိုးတက်ရတဲ့ ကိုယ်စားလှယ်တွေပါ။

ကျနော်တို့ (၁၀) ဦးဟာ (၁) ကိုတင်ဧ၊ (၂) ကိုစံဖေ၊ (၃) ကိုခွန်ထီး၊ (၄) ကိုဘတင်၊ (၅) ကိုအုန်းဖေ (အုန်းဘီလူး)၊ (၆) ကိုဧကျော်၊ (၇) ကိုသုတ၊ (၈) ကိုသန်းဖေ၊ (၉) ကိုမြမင်း၊ (၁၀) ကျနော်တို့ဖြစ်ပါတယ်။ အဲဒီ (၁၀) ယောက်အနက် ကိုတင်ဧ၊ ကိုခွန်ထီးနဲ့ ကျနော် (၃) ယောက်ပဲ ဒီနေ့ အသက်ထင်ရှားရှိနေကြပါတယ်။

အဲဒီ ၁၉၄၆ ခု၊ (ဖဆပလ) ညီလာခံမှာ ကျနော်တို့ရှမ်းပြည်နဲ့ သက်ဆိုင်တဲ့ အဆိုတခုပါတယ်။ ကျနော်တို့ ရှမ်းပြည်လူငယ်များတင်သွင်းတဲ့အဆို မဟုတ်ပါဘူး။ တောင်ကြီးမြို့မှာ ခေတ္တလာရောက်နေထိုင်ဘူးတဲ့ ဗမာမွတ်စလင်ကွန်ကရက် ကိုယ်စားလှယ် ဦးဖေခင် တင်သွင်းခဲ့တာပါ။ (ဖဆပလ) ညီလာခံကိုယ်စားလှယ်အားလုံးထဲမှာ ဦးဖေခင်တယောက်ပဲ ရှမ်းပြည်နဲ့နီးစပ်သူဖြစ်ပါတယ်။ အဆိုရဲ့ခေါင်းဆောင်စည်းက “ခွဲခြင်းချန်ထားသောနယ်မြေများ မြန်မာပြည်မနှင့် ပူးပေါင်းရေး’’ လို့ဖြစ်ပါတယ်။ စကားလုံးအတိအကျတော့ ကျနော် မမှတ်မိတော့ဘူး။

အဆိုရဲ့စာကိုယ်မှာ စက္ကူဖြူစာတမ်းအရ ရှမ်းပြည်၊ ကချင်တောင်တန်း၊ ချင်းတောင်တန်း စတဲ့ နယ်များကို ဗမာပြည်ကခွဲထုတ်ထားပါတယ်။ အဲဒီနယ်များ ဗမာပြည်နဲ့ ပူးပေါင်း လိုက အဲဒီနယ်သားများရဲ့ဆန္ဒအတိုင်း ဖြစ်စေရမယ်လို့ ဆိုထားပါတယ်။ အဲဒီလို တောင်တန်း ဒေသနယ်များကို ခွဲထုတ်ထားတဲ့အတွက် ဒီ (ဖဆပလ) ညီလာခံကြီးက ကန့်ကွက်တယ်လို့ ဆိုထားပါတယ်။

အဲဒီအဆိုပါလာတဲ့အတွက် ကျနော်တို့ကိုယ်စားလှယ်အဖွဲ့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်သည်။ (ဖဆပလ) အလုပ်အမှုဆောင်အဖွဲ့နှင့် ရှမ်းပြည်အရေး ဆွေးနွေးနိုင်ရန်အတွက် အချိန်ပေးပါမည့်အကြောင်း ညီလာခံအတွင်းရေးမှူးထံ စာရေးပန်ကြားခဲ့ပါတယ်။

ကျနော်တို့ရဲ့ပန်ကြားချက်အရ ညီလာခံပြီးတဲ့နောက် ၁၉၄၆ ခု၊ ဖေဖော်ဝါရီ (၈) ရက်နေ့မှာ (ဖဆပလ) အလုပ်အမှုဆောင်အဖွဲ့နှင့် ကျနော်တို့ဆွေးနွေးကြပါတယ်။ ဆွေးနွေးပွဲမတိုင်မီ ဆွေးနွေးပွဲအတွက် လမ်းညွှန်မှုအဖြစ် ကျနော်တို့က မေးခွန်း (၈) ခု ကြိုတင်ပေးပို့ထားခဲ့ပါတယ်။ (ဖဆပလ) အလုပ်အမှုဆောင်အဖွဲ့ကို ဒေါ်အောင်ဆန်းစုကြည်ဖခင် ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်ပြီး အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါတယ်။

၁။ သခင်ချစ်၊ ၂။ ဦးဘဖေ၊ ၃။ ဦးတင် (မြန်အောင်)၊ ၄။ ဦးချစ်မောင်၊ ၅။ ဦးထက်၊ ၆။ ဦးဗဂျမ်း၊ ၇။ ဦးအောင်ဇံဝေ၊ ၈။ မန်းဘခိုင်၊ ၉။ ဦးတင် (မြန်မာ့အလင်း) ၁၀။ ဦးတင်မောင်၊ ၁၁။ ဦးဗချို၊ ၁၂။ သခင်ဗတင်။

အဲဒီဆွေးနွေးပွဲဟာ ချင်း၊ ရခိုင်ကိုယ်စားလှယ်များလည်းပါဝင်တဲ့ ပူးတွဲဆွေးနွေးပွဲဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲနဲ့ပတ်သက်လို့ အကျယ်မပြောတော့ပါဘူး။ ကျနော်တို့ ပေးပို့ထားတဲ့ မေးခွန်း (၈) ခု အနက် အမှတ် (၇) မေးခွန်းပဲ အကျဉ်းချုံးဖော်ပြပါမယ်။

အမှတ် (၇) မေးခွန်းဟာ ခွဲခြင်းချန်ထားတဲ့ နယ်မြေများမပါဘဲ ဗမာ့လွတ်လပ်ရေးပေးရင်ကော (ဖဆပလ) က ယူပါမလားလို့သဘောသက်ရောက်တဲ့ မေးခွန်းဖြစ်ပါတယ်။

အဲဒီမေးခွန်းနဲ့ပတ်သက်လို့ ဆွေးနွေးပွဲရဲ့တရားဝင်မှတ်တမ်းမှာ အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြထားပါတယ် ...

"မေးခွန်း (၇) နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသောအခြေအနေအရသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း"

ကျွန်တော်တို့ရဲ့မေးခွန်း (၈) ခုစလုံးကို ဗိုလ်ချုပ်အောင်ဆန်းတဦးတည်းကပဲ ဒိုင်ခံဖြေကြားခဲ့ပါတယ်။ တနေရာမှာ ဦးဘဖေက ဝင်စွက်ပြီးပြောလိုက်တဲ့စကားများဟာ ကျနော့်အသည်းကျွဲဝင်ခတ်လိုက်သကဲ့သို့ ခံစားလိုက်ရပါတယ်။ ဆွေးနွေးပွဲတရားဝင် ထုတ်ပြန်တဲ့မှတ်တမ်းမှာ အားလုံးအကျဉ်းချုပ်ပဲ ရေးထားပါတယ်။ အမှန်တကယ်ဖြေကြားစဉ်က ဗိုလ်ချုပ်ဟာ ခပ်ရှည်ရှည် ဖြေကြားပါတယ်။ မေးခွန်း (၇) ကို ဖြေကြားစဉ် ခွဲခြင်းချန်ထားတဲ့နယ်မြေများမပါဘဲ ဗမာ့လွတ်လပ်ရေးရနိုင်မယ်။ အခြေအနေအရ ယူတန်ယူရမှာပဲလို့ ပြောခဲ့ပါတယ်။ တနည်းအားဖြင့် ပြောရရင် (ဖဆပလ) ဟာ ခွဲခြင်းချန်ထားတဲ့နယ်မြေများ မပါချင်နေပါစေ၊ ဗမာပြည်အတွက် သီးခြားလွတ်လပ်ရေးကို ယူတန်ယူရမယ်လို့ ခံယူထားခြင်းဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး ကျနော်တို့ကိုယ်စားလှယ်အဖွဲ့ဟာ အတော်ပဲ မကြေမလည်ဖြစ်ခဲ့ပါတယ်။ တခြား မေးခွန်းတွေနဲ့ပတ်သက်လို့လည်း ဘဝင်မကျခဲ့ကြပါ။ ကျနော် ရှမ်းပြည်ကိစ္စအပြင် ချင်း၊ ရခိုင်ကိစ္စများကိုဆွေးနွေးပြီးနောက် တခြားကိစ္စများရှိနေတဲ့အတွက် ဗိုလ်ချုပ်ဟာ ဆွေးနွေးပွဲကို အကျဉ်းချုံးပြီးထွက်ခွာသွားခဲ့ပါတယ်။

အဲဒီဆွေးနွေးပွဲမှာ မကြေမလည်ဖြစ်ခဲ့မှုနှင့်ပတ်သက်ပြီး ကျနော်တို့ ရှမ်းပြည်ပြန်ရောက်ပြီးတဲ့နောက် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းဆီ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဝေဖန်ချက်စာတမ်းရှည်ကြီးတစောင်ရေးသားပေးပို့ခဲ့ပါတယ်။ စာတမ်းထဲမှာ မေးခွန်း (၈) ခုရဲ့အဖြေများကို ဝေဖန်ပြီး ကျနော်တို့ရှမ်းပြည်လူငယ် အဖွဲ့ရဲ့ ခံစားချက်နဲ့ သဘောထားကို ပြန်လည်တင်ပြလိုက်ပါတယ်။ စာပါ အကြောင်းအရာ အားလုံးကို ဒီစာမှာမဖော်ပြတော့ပါဘူး။ အထက်ပါ မေးခွန်း (၇) နှင့် ပတ်သက်တဲ့ဝေဖန်ချက်နှင့် ကျနော်တို့ရဲ့ သဘောထားကိုပဲ အကျဉ်းချုံးဖော်ပြပါမယ်။

ကျနော်တို့ရဲ့ပေးစာမှာ မေးခွန်း (၇) နှင့်ပတ်သက်၍ ခွင်းချန်ထားသောနယ်များ မပါဘဲ ဗမာ့လွတ်လပ်ရေးရနိုင်သည်ဟု (ဖဆပလ) ကယူဆနေပါသည်။ ဤသဘောထားသည် ဖဆပလ၏ မူဖြစ်ပါသည်။ (ခွင်းချန်ထားသောနယ်များအရေးကို ဖဆပလသည်) ကိုယ့်အရေးဟု သဘောမထားဘဲ သူ့အရေးဟု သဘောထားသည်ကို ဝေဖန်လိုက်ပြီး ကျနော်တို့ရဲ့ ခံယူချက်သဘောထားကို အောက်ပါအတိုင်း ရေးသားလိုက်ပါတယ်။

"တိုင်းရင်းသားလူနည်းစုတွေမပါဘဲ စစ်မှန်ခိုင်မြဲသော ဗမာ့လွတ်လပ်ရေးကို ဘယ်နည်းနှင့်မှမရနိုင်။ မရရှိနိုင်သဖြင့် ဗမာလည်း နာမည်။ လူနည်းစုများလည်းနာမည်။ ရှမ်းကို သနားလို့မဟုတ် ဗမာ့အရေးပင်ဖြစ်ရမည် ..."

တခြားဝေဖန်ချက်နဲ့ သဘောထားအကြံပေးချက်များကိုတော့ အလွန်ရှည်လျားသွားမည်စိုးလို့ဒီစာမှာ မဖော်ပြလိုတော့ပါ။ အဲဒီကျနော်တို့ရဲ့ပေးစာကြောင့် ၁၉၄၆ ခု၊ မတ်လမှာကျင်းပခဲ့တဲ့ ပဌမပင်လုံညီလာခံတက်ရောက်ဖို့စေလွှတ်ခဲ့တဲ့ သခင်နု၊ ဦးဘဂျမ်း၊ မန်းဘခိုင်တို့ပါဝင်တဲ့ (ဖဆပလ) ကိုယ်စားလှယ်အဖွဲ့ကို ရှမ်းပြည်ရောက်တဲ့အခါ ကျနော်တို့လူငယ်များနဲ့ အကျေအလည်ဆွေးနွေးဖို့ ဗိုလ်ချုပ်က အထူးတာဝန်ပေးလိုက်ကြောင်း အဖွဲ့ခေါင်းဆောင် သခင်နုက ကျနော်တို့ကိုပြောပါတယ်။ ပင်လုံညီလာခံအတွင်း ကျနော်တို့အချိန်ယူပြီး အတော်

ကြာအောင် ဆွေးနွေးလိုက်ကြရလို့ ပြဿနာ ကပြေလည်သွားခဲ့ပါတယ်။ သခင်နုဟာ ယနေ့တိုင် အသက်ထင်ရှား ရှိနေပါသေးတယ်။

ကျနော်တို့ပေးစာဝေဖန်ချက်နဲ့ သဘောထားကြောင့်လို့တော့ ကျနော်မပြောရဲပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းဟာ နောင်တခါ ဗမာ့လွတ်လပ်ရေးအကြောင်း ပြောတိုင်း ခြွင်းချန်ထားတဲ့ နယ်များကိုလည်း တပါတည်းလွတ်လပ်ရေးပေးရမယ်လို့ ထည့်ပြောလာတာ တွေ့ရပါတယ်။ ဘိလပ်ဆွေးနွေးပွဲများမှာလည်း အဲဒီအတိုင်း တိတိလင်းလင်းပဲ ထုတ်ဖော်ပြောဆိုခဲ့တာ တွေ့ရပါတယ်။

၁၃၊ ၁၊ ၄၇ နေ့လည် (၁၂) နာရီ ဆွေးနွေးပွဲ အဖွင့်မိန့်ခွန်းမှာ "ဗမာလူမျိုးတို့၏လိုလားချက်မှာ လွတ်လပ်ရေးပင်ဖြစ်၍ မိမိတို့၏စိတ်ထဲတွင် ဗမာပြည်လွတ်လပ်ရေးဆိုရာ၌ ကရင်၊ ရှမ်း၊ ကချင်၊ ကရင်နီ စသော နယ်ခြားဒေသများအားလုံး တပြိုင်တည်းလွတ်လပ်ရေးကို ဆိုလိုကြောင်း'' ဟူ၍လည်းကောင်း။

၂၂၊ ၁၊ ၄၇ နေ့ ဆွေးနွေးပွဲတွင်လည်း "နယ်ခြားဒေသများကို ဘုရင့်အစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် မြန်မာပြည်၏လွတ်လပ်ရေးဆိုသည်မှာ အဓိပ္ပာယ်မရှိပါ" ဟူ၍လည်းကောင်းပြောဆိုခဲ့ကြောင်း တရားဝင်မှတ်တမ်းများအရ သိရပါတယ်။

ဒီစာကိုအဆုံးမသတ်ခင် ကျနော်တို့တိုင်းရင်းသားလူမျိုးများလိုလားတဲ့ ဖက်ဒရယ်မူနဲ့ပတ်သက်ပြီး အရေးကြီးတဲ့အချက်တချက်တော့ ထပ်ပြောထားချင်ပါတယ်။

ကျနော်တို့ ဖက်ဒရယ်လို့ပြောလိုက်ရင် ဗမာပြည်က ပုဂ္ဂိုလ်တော်တော်များများက "ခွဲထွက်ရေး ပြည်ထောင်စုပြိုကွဲရေး" လို့ တမဟုတ်ချင်း အဓိပ္ပာယ်ကောက်လိုက်ကြတယ်။ ဒီလို အဓိပ္ပာယ်မျိုးကောက်အောင် တမင်ဖန်တီးလှုပ်ဆော်ခဲ့သူတွေထဲမှာ နေရှင်းသတင်းစာ၊ အထောက်တော် သတင်းစာနှင့် တည်မြဲ ဖဆပလခေါင်းဆောင်တချို့ဟာ ထိပ်ဆုံးကပါဝင်ခဲ့တယ်။ အဲဒီနောက် (၂၆) နှစ်လုံးလုံး ကျနော်တို့ဖက်က ပြန်လည်ရှင်းလင်းခွင့်၊ ချေပခွင့် လုံးဝ မရှိခဲ့ပါ။ ယခုဒီမိုကရေစီအရိပ်အရောင်သန်းလာတော့မှပဲ ကျနော်တို့ဖက်က ပြန်လည်ချေပ ရှင်းလင်းလာနိုင်ပါတယ်။ အခုမှပဲ ဖက်ဒရယ်ဆိုရင် နိုင်ငံတော်သစ္စာဖောက်မှုကြီးလောက် ကြီးကျယ်တဲ့ရာဇဝတ်မှုကြီးလို့ယူဆလာခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတချို့က "ဒီအတိုင်းဆိုရင် ဖက်ဒရယ်ဆိုတာ ဘယ်ဆိုးလို့တုန်း" ဟူ၍ပင် အမြင်ပြောင်းလာကြတယ်လို့ ကြားသိရပါတယ်။

ကမ္ဘာပေါ်မှာ ဖက်ဒရယ်နိုင်ငံတွေ အများကြီးရှိနေတာ ဒေါ်အောင်ဆန်းစုကြည် အသိဖြစ်ပါတယ်။ ဘယ်ဖက်ဒရယ်နိုင်ငံတွေက ပြိုကွဲကုန်ကျပါသလဲ။ ခွဲထွက်ကုန်တာကော ရှိပါသလား။

ကျနော်တို့ရှမ်းပြည်ဟာ ဗမာပြည်နှင့်မပေါင်းဘဲ သီးခြားနိုင်ငံအဖြစ်နေချင်ခဲ့ရင် ပင်လုံစာချုပ်ကို ချုပ်ခဲ့ကြမှာ မဟုတ်ပါဘူး။ တိုင်းပြည်ပြုလွှတ်တော်ထဲလည်းပါဝင်ခဲ့မှာ မဟုတ်ပါဘူး။ သီးခြားနိုင်ငံအဖြစ် လွယ်လွယ်လေးနေထိုင်ခဲ့ပါတယ်။ အင်္ဂလိပ်က နောက်ဆုံးအချိန်အထိ သီးခြားနေဖို့ သွေးထိုးမြှောက်ပင့်ပေးခဲ့တာ ဒေါ်အောင်ဆန်းစုကြည်လည်း ကြားဘူးမှာပါ။

ဗိုလ်ချုပ်အောင်ဆန်းဟာ ခွဲထွက်ခွင့်ကို မူအားဖြင့် မကြိုက်ခဲ့တာအမှန်ပါ။ ထိုကာလအခြေအနေအရ ကျနော်တို့ လူမျိုးများရဲ့ဆန္ဒကို လိုက်လျောတဲ့အနေနဲ့သာ လက်ခံခဲ့တာပါ။ ဒါကြောင့် ခွဲထွက်ခွင့်ကို မလိုလားတဲ့ ဗမာလူများစုကို ဒီလိုဖျောင်းဖျပြောဆိုခဲ့တယ် မဟုတ်လား။

"ခွဲထွက်ခွင့်ပေးရမယ်။ မခွဲထွက်ချင်အောင်လုပ်ပြရမှာ ကျုပ်တို့ရဲ့ (ဗမာတွေရဲ့) တာဝန်"

အဲဒီခွဲထွက်ခွင့်ဟာ ကျနော်တို့ရှမ်းပြည်ကို ရည်ညွှန်းပြီးပြောဆိုခဲ့တာပါ။ အဲဒီအချိန်မှာ ပြည်နယ်ဆိုလို့ ကျနော်တို့ရှမ်းပြည် တပြည်တည်းပဲ ရှိနေပါတယ်။ ကရင်၊ ကချင်တို့ ပြည်နယ်မဖွဲ့ရသေးပါဘူး။ ကရင်နီတော့ သူတို့ကိုယ်သူတို့ လွတ်လပ်တဲ့နိုင်ငံအဖြစ် သတ်မှတ်ထားကြဆဲဖြစ်ပါတယ်။

ပြီးတော့ ပင်လုံညီလာခံမှာ ဗိုလ်ချုပ်နှင့် ကျနော်တို့တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ သဘောတူနားလည်မှုရခဲ့တာရှိပါသေးတယ်။ ပင်လုံစာချုပ်အပေါ်မှာ မဖော်ပြထားပေမယ့် (Gentleman's Agreement) လို့ခေါ်ရမှာလား၊ ကျနော်မပြောတတ်ဘူး။ ကျနော်တို့ကတော့ အဲဒါကို ပင်လုံစိတ်ဓာတ်လို့ သတ်မှတ်ထားပါတယ်။ အဲဒီသဘောနားလည်မှုတွေက ...

၁။ ယခုဟာယီပူးပေါင်းခြင်း (ပင်လုံစာချုပ်) သည် နောင်ပူးပေါင်းရေး ခွဲထွက်ရေးကို မထိခိုက်စေရပါ။

၂။ နောင်ပူးပေါင်းခဲ့သော်လည်း ခွဲထွက်လိုက ပြန်ခွဲထွက်ပိုင်ခွင့်ရှိစေရမည်။

၃။ တိုင်းပြည်ပြုလွှတ်တော်ခေါ် ပြီး နောင်မပူးပေါင်းနိုင်သေးလျှင် ပူးပေါင်းလိုသည့်အခါ ပူးပေါင်းနိုင်ရန် လမ်းဖွင့်ပေးထားမည်။

၄။ ရှမ်းပြည် ပြည်တွင်းကိုယ်ပိုင်အုပ်ချုပ်ခွင့် လုံးဝလွတ်လပ်ခွင့်ရှိရမည်။

၅။ ရှမ်း စသည့်လူမျိုးများ၏ စာပေယဉ်ကျေးမှုများကို မစော်ကား မထိခိုက်စေရပါ။

ဗိုလ်ချုပ်အောင်ဆန်းက မိမိကိုယ်တိုင်က ခွဲထွက်ခွင့်ကို မလိုလားပေမယ့် လူမျိုးစုများအပေါ် အဲဒီလောက်ထိတောင် လိုက်လျောခဲ့ပါတယ်။ သဘောထားကြီးခဲ့ပါတယ်။ ဒါကြောင့်ပဲ ကျနော်တို့လူမျိုးစုများဟာ ဗိုလ်ချုပ်ကို ချစ်ခင်ကြတယ်။ ကြည်ညိုကြတယ်။ လေးစားကြတယ်။ ယုံကြည်ကြတယ်။

အမှန်ကတော့ ခွဲထွက်ခွင့်ဆိုတဲ့ကိစ္စဟာ လက်တွေ့ဆောင်ရွက်ရာမှာ မလွယ်သလို မလိုလား အပ်တဲ့ကိစ္စလည်း ဖြစ်ပါတယ်။

လူမျိုးစုသဘောတရားမှာ လူမျိုးစုများရဲ့အခွင့်အရေးကို ကာကွယ်ဖို့အတွက် လက်နက် တခုအဖြစ် အသုံးပြုနိုင်ရန် လူမျိုးစုသဘောတရားရေး ဆရာကြီးများက ခွဲထွက်ခွင့်ကို ကနဦးဖော်ထုတ်ခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီလက်နက်ကို တကယ်လက်တွေ့အသုံးချဖို့မလွယ်သလို အသုံးချဖို့လည်း မလိုအပ်ပါဘူး။ ဒါကြောင့် ခေတ်သစ်သမိုင်းတလျှောက်မှာ ခွဲထွက်ခွင့်ကို အသုံးချခဲ့တဲ့သာဓကများ ကျနော်တို့ မတွေ့ကြရပါဘူး။ ဖက်ဒရယ်နိုင်ငံအများစုရဲ့အခြေခံဥပဒေများမှာ ခွဲထွက်ခွင့်ပြဌာန်းချက်များကို ထည့်သွင်းရေးသားထားခြင်းမရှိပါဘူး။ ဆိုဗီယက်ယူနီယံနှင့် ယူဂိုဆလပ်ဗီးယားပြည်ထောင်စု အခြေခံဥပဒေများမှာသာ လူမျိုးစုများ ကျေနပ်နှစ်သိမ့်စေဖို့အတွက် (မူ) သဘောအဖြစ် ထည့်သွင်းရေးသားထားတယ်လို့ ကျနော်ယူဆပါတယ်။ တကယ့်လက်တွေ့အသုံးချဖို့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါဘူး။

ကျနော်တို့ မြန်မာနိုင်ငံလွတ်လပ်ရေးသက်တမ်း (၁၄) နှစ်ကာလအတွင်းမှာလည်း ကျနော်တို့ ခွဲထွက်ဖို့မစဉ်းစားခဲ့ပါဘူး။ ခွဲထွက်ခွင့်ကို အသုံးချမယ်ဆိုရင် အသုံးချနိုင်တဲ့ ၁၉၅၈/ ၅၉/ ၆၀ / ၆၁ - ခုနှစ်များမှာတောင်မှ ကျနော်တို့ လက်တွေ့အသုံးချဖို့ မကြံစည်ခဲ့ကြပါဘူး။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေက အတိအလင်းခွင့်ပြုထားတဲ့အပြင် အဲဒီကာလရဲ့ ရှမ်းပြည်နိုင်ငံရေး အခြေအနေအရ တကယ်လို့ကျနော်တို့က ခွဲထွက်ချင်ကြတယ်ဆိုရင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ တရားဥပဒေဘောင်အတွင်းကပင် အလွယ်တကူ ခွဲထွက်သွားနိုင်ခဲ့ပါတယ်။ ဒီမိုကရေစီပြင်ပမှ တားဆီးပိတ်ပင်ဖျက်စီးမှုများ ပေါ်ပေါက်လာခဲ့ရင်တော့ ကျနော် မပြောတတ်ပါဘူး။

ဒါက ၁၉၆၂ ခုနှစ်မတိုင်မီကာလရဲ့အခြေအနေနှင့် ဖြစ်ရပ်မှန်ဖြစ်ပါတယ်။ ၁၉၆၂ ခု၊ ဒီဇင်ဘာလမှာ ကျနော်တို့ ရှမ်းပြည်အစရှိတဲ့ လူမျိုးစုပြည်နယ်တွေဟာ မြန်မာပြည်နှင့်အတူ တပါတီအာဏာရှင်စနစ်ရဲ့ဒဏ်ကို အလူးအလိမ့်ခံခဲ့ရပါတယ်။ မြန်မာလူမျိုးအပါအဝင် တိုင်းရင်းသားလူမျိုးများဟာ အချင်းချင်းသွေးစည်းညီညွတ်မှု ပို၍ပို၍ လိုအပ်လာတယ်လို့လည်း ကျနော်တို့နားလည်လာပါတယ်။

ဒါကြောင့် တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေး အလွန်လိုအပ်လာတဲ့အခါကာလမျိုးမှာ ခွဲထွက်ခွင့်ဆိုတာ သာ၍ပင် မလိုလားအပ်ဘူးလို့ ကျနော်ထင်ပါတယ်။ တိုင်းရင်းသားသွေးစည်းညီညွတ်မှု ထာဝစဉ်တည်တံ့ခိုင်မြဲဖို့အတွက် ကျနော်တယောက်အနေနဲ့ဆိုရင် ခွဲထွက်ခွင့်ကို စွန့်လွှတ်ဖို့ ဝန်မလေးပါဘူး။ တနည်းအားဖြင့် ဖက်ဒရယ်ယူနီယံခေါ် စစ်မှန်တဲ့ပြည်ထောင်စုတည်ဆောက် အခြေခံဥပဒေသစ်ရေးဆွဲတဲ့အခါ ခွဲထွက်ခွင့်အခန်းကဏ္ဍကို ဖြုတ်ထားဖို့ဝန်မလေးပါဘူး။ ဒါမှလည်း တိုင်းရင်းသားလူမျိုးများအကြား တည်ရှိနေတဲ့ သံသယတွေကင်းစင်သွားမယ်လို့ ကျနော်ယူဆပါတယ်။ ဒါက ကျနော်တဦးတည်းရဲ့အယူအဆပါ။

၁၉၄၇ ခုနှစ်က ကျနော်တို့ ခွဲထွက်ခွင့်ကို ရေးကြီးခွင်ကျယ်ပြောခဲ့ကြတာလည်း နယ်ချဲ့ရဲ့ကာလရှည်သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း ကြီးမားစွာ သွေးခွဲခံနေကြပါတယ်။ သံသယတွေရှိခဲ့ကြပါတယ်။ ဒါကြောင့် သဘောတရားအရ၊ စိတ်ဆန္ဒ အရ စွတ်အတင်းခွဲထွက်ခွင့် တောင်းဆိုခဲ့ကြခြင်းဖြစ်ပါတယ်။ ယခုအခါ ရှမ်းအစရှိတဲ့ လူမျိုးစုတွေဟာလည်း လူလားမြောက်လာကြပါပြီ။ အတွေးအခေါ်ရင့်ကျက်လာကြပါပြီ။

တန်းတူညီမျှမှုကို အခိုင်အမာအာမခံချက်ပေးတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ထားလျှင် ခွဲထွက်ဖို့ဆိုတာ မလိုအပ်တော့တဲ့အပြင် ခွဲထွက်ချင်တဲ့ စိတ်ထားမျိုးလည်း ပေါ်ပေါက်လာတော့မှာ မဟုတ်ဘူးလို့ ကျနော်ထင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား ...

ဒေါ်အောင်ဆန်းစုကြည်ဟာ ကျနော်တို့ လေးစားကြည်ညိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးဖြစ်တဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်လာရင် ကျနော်တို့ထက် အများကြီးပိုသိပါတယ်။ ဒါပေမယ့် ပညာရှိ သတိဖြစ်ခဲ့ဆိုတဲ့ မြန်မာဆိုရိုးစကားအတိုင်း ဗိုလ်ချုပ်အောင်ဆန်းမြွက်ကြားခဲ့တဲ့ စကားတခွန်းကိုတော့ကျနော် ပြန်ပြောပါရစေ။ ဗိုလ်ချုပ်အောင်ဆန်းက (A leader must lead) ခေါင်းဆောင်တယောက်ဟာ ခေါင်းဆောင်ရမယ်လို့ မိန့်ကြားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ယနေ့မြန်မာအမျိုးသားနိုင်ငံရေးမှာ ဖခင်ရဲ့ခြေရာကိုနင်းပြီး ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပါတယ်။ ဖခင်ကြီးမိန့်ကြားခဲ့သလို ရဲရဲဝံ့ဝံ့ခေါင်းဆောင်ပြစမ်းပါ။ အမျိုးသားညီလာခံကျမှ အများဆုံးဖြတ်တဲ့မူကို လက်ခံမယ်ဆိုတဲ့ နောက်မြီးဆွဲဝါဒမျိုးကို စွန့်လွှတ်ဖို့ ကျနော်လေးစားစွာတောင်းပန်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာခွဲထွက်ခွင့်ကို မူအားဖြင့် မနှစ်သက်တာအမှန်ပါ။ မြန်မာလူများစုကလည်း မနှစ်သက်ဘူးဆိုတာ သိပါတယ်။ ဒါပေမယ့် တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးကို ဦးစားပေးလိုက်လျောတဲ့အနေနဲ့ ခွဲထွက်ခွင့်ကို လက်ခံခဲ့တယ်။ ရဲရဲဝံ့ဝံ့ခေါင်းဆောင်ပြီး ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့တယ်။ အခြေခံဥပဒေရေးဆွဲတဲ့အခါ ခွဲထွက်ခွင့်ကိုထည့်သွင်းပေးဖို့ (ဖဆပလ) ပဏာမညီလာခံမှာ ဦးဆောင်ပြီး လမ်းညွှန်မှု ချပေးခဲ့ပါတယ်။

ယခုလည်း ခိုင်မာတဲ့တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေး ရရှိနိုင်ဖို့အတွက် စစ်မှန်တဲ့ပြည်ထောင်စုမျိုးကို တည်ဆောက်မှဖြစ်မယ်ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်က ယုံကြည်လက်ခံပါလျှင် ဖခင်ကြီးကဲ့သို့ ရဲရဲဝံ့ဝံ့ခေါင်းဆောင်ပြစမ်းပါ။ စစ်မှန်တဲ့ပြည်ထောင်စုနဲ့ပတ်သက်လို့ (၂၆) နှစ်လုံးလုံး တဖက်သတ်အဓိပ္ပါယ်ဖွင့်ပြီး၊ ထူထပ်စွာတိုက်ပစ်ခဲ့တဲ့ ဝါဒမှိုင်းကြီးကို ပြည်သူလူထုကြီးအပေါ်မှာ ကင်းစင်လွင့်ပျောက်သွားအောင် ပြတ်ပြတ်သားသား ဦးစီးလမ်းပြဆောင်ရွက်ပေးစမ်းပါလို့ ကျနော်အနူးအညွတ်ပန်ကြားပါတယ်။

ဝေးလံသေးတဲ့ အနာဂတ်မြန်မာနိုင်ငံတော်တည်ဆောက်ရေးကိုဘဲ ရှေ့တန်းတင်လွန်းတယ်လို့ ကျနော်တို့ကို အပြစ်မတင်ပါနဲ့။ ကျနော်တို့ဟာ ယခုလောလောဆယ် ဒီမိုကရေစီအရေးတော်ပုံကြီးကိုပြီးမြောက်အောင်မြင်သည်အထိ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲမပြုတ်တမ်း ဆင်နွှဲကြရဦးမယ်ဆိုတာကိုလည်း မျက်ခြေမပြတ်ပါဘူး။

ဒီမိုကရေစီအရေးတော်ပုံကြီး မအောင်မြင်ဘဲနဲ့ အနာဂတ်မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ဖို့ဆိုတာ စိတ်ကူးယဉ်အိပ်မက်ပဲဖြစ်တယ်။ ဘယ်လိုနည်းနှင့်မှ မတည်ဆောက် နိုင်ဘူးဆိုတာကိုလည်း ကျနော်တို့ နားလည်သဘောပေါက်ကြပါတယ်။

ဒါပေမယ့် အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်တဲ့အခါ အလွန်အရေးကြီးတဲ့ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်မှုကိစ္စကိုလည်း ကြိုတင်တွေးတောစဉ်းစားမထားလို့ မဖြစ်ပါဘူး။

အေးအတူပူအမျှ ဉမကွဲသိုက်မပျက် ထာဝရပူးပေါင်းရေးဆိုတာကို ကြွေးကြော်နေရုံ၊ ဆန္ဒပြနေရုံနဲ့ မရပါဘူး။ ခိုင်မာတဲ့အခြေခံရှိမှ အောင်မြင်မည်ဖြစ်ပါကြောင်း လေးနက်စွာ တင်ပြပြီး ဒီစာကို နိဂုံးချုပ်ပါတယ် …။

ထာဝစဉ်လေးစားလျက်

ဦးထွန်းမြင့်

ဦးစီးနာယက

ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်။

၁၆၂ ရေထွက်ဦးလမ်း၊ ကံရှေ့ရပ်၊ တောင်ကြီးမြို့

အထက်ပါဖော်ပြပါ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများ၊ နိုင်ငံရေးသမားခေါင်းဆောင်ဟောင်းများတို့၏ လှုပ်ရှားမှုအားလုံးတို့သည် စစ်အာဏာရှင်စနစ်ဖြုတ်ချရေး၊ ဒီမိုကရေစီလူ့အခွင့်အရေး၊ တိုင်းရင်းသားများတန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး စသောနိုင်ငံရေးဦးတည်ချက်ကို လက်တွဲပူးပေါင်း၍လည်းကောင်း၊ အပြန်အလှန်နားလည်မှုရှိရှိလုပ်ဆောင်၍လည်းကောင်း ဦးတည်ဆောင်ရွက်ကြောင်းတွေ့ရှိရပြီး တိုင်းရင်းသားများသွေးစည်းညီညွတ်ရေး ပင်လုံစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို ပြန်လည်ဖော်ဆောင်နေကြောင်း တွေ့ရှိရပေသည်။

# အခန်း (၁၃)
# နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာခြင်း

# အခန်း (၁၃)

# နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာခြင်း[57]

ကမ္ဘာ့နိုင်ငံနိုင်ငံတကာများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်၍ တပြည်ထောင်စု စနစ်နှင့် ပြည်ထောင်စုစနစ်ဟူ၍ နှစ်မျိုးနှစ်စားသာ ရှိပါသည်။ လူမျိုးတစ်မျိုးတည်းရှိသော နိုင်ငံများ၊ လူမျိုးကြီးတစ်မျိုးက ကြီးစိုးသောနိုင်ငံများတွင် တပြည်ထောင်စနစ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကျင့်သုံး၍ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် နိုင်ငံများတွင် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကျင့်သုံးသည်ကို တွေ့ ရှိရသည်။ ကျွန်ုပ်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှေးပဒေသရာဇ်ခေတ်ကာလ တည်းက ယနေ့ထိ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ ကိုယ်ပိုင်နယ်မြေအသီးသီးဖြင့် စုပေါင်းနေထိုင်လာကြသည့် နိုင်ငံတစ်ခု ဖြစ်သည့်အားလျော်စွာ ဖက်ဒရယ်ပြည်ထောင်စု စနစ်ကိုသာ မလွဲမသွေ တည်ထောင်သွားကြရမည်ဖြစ်သည်။ သို့ရာတွင် ပြည်ထောင်စု နိုင်ငံများအချို့နှင့် တပြည်ထောင်နိုင်ငံများ အချို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပါ လေ့လာသွားသင့်ပေသည်။

(တပြည်ထောင်နိုင်ငံများ၌ ဗဟိုအစိုးရက နိုင်ငံ၏အာဏာအားလုံးကို ချုပ်ကိုင်ပြီး လက်အောက်ရှိ ဒေသန္တရအစိုးရများ၊ လူမျိုးစုဆိုင်ရာအာဏာပိုင်များအား အာဏာကိုအထိုက်အလျောက်ခွဲဝေ အုပ်ချုပ်လေ့ရှိ သည်။)

ပြည်ထောင်စုနိုင်ငံများတွင်ကား နိုင်ငံတော်၏ အာဏာကို ဗဟိုအစိုးရနှင့် ပြည်ထောင်စုဝင် ပြည်နယ်အစိုးရတို့ သင့်တော်သလို ခွဲဝေအုပ်ချုပ်လေ့ရှိသည်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ တို့သည် ၎င်းဘောင်စည်းကမ်းအတွင်း အထက်အောက်မဟုတ်ဘဲ တန်းတူရည်တူ ဖြစ်သည်။

57 အခန်း (၁၃) ၏ ဇယားပါ အချက်အလက်များသည် ပထမအကြိမ် ပုံနှိပ် (၂၀၀၃ ခုနှစ်) ကိန်းကဏန်း အတိုင်းဖြစ် ပါသည်။ ကနေ့အခြေအနေ နှင့် အချက်အလက်များ ကွာခြားမှုများရှိနိုင်သည်။

၎င်း အခြေခံမှုများအပေါ် မူတည်၍ နိုင်ငံအလိုက် မိမိတို့၏ ထူးခြားသော အခြေအနေအရ သင့်တော်သလို ပြုပြင်ပြောင်းလဲ၍ ရေးဆွဲကျင့်သုံးလေ့ ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအတွက် အခြေခံဥပဒေကို ရေးဆွဲရာ၌ တပြည်ထောင်စနစ်ကိုလည်းကောင်း၊ ပြည်ထောင်စုစနစ်ကိုလည်းကောင်း၊ အခြေခံပြဿနာကို ရှေးဦးစွာ လေ့လာကြရမည် ဖြစ်ပါသည်။ ထိုပြဿနာကို အဖြေမရှာမီ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံသင်ခန်းစာများကို ရှေးဦးစွာ လေ့လာထားရန် လိုပါသည်။ သို့မှသာလျှင် အမှားနည်း၍ အမှန်ဘက်ကို ရောက်နိုင်ပြီး နိုင်ငံတကာအတွေ့အကြုံမှ သင်ခန်းစာယူတတ်ပါလျှင် တည်တံ့ခိုင်မြဲသော အခြေခံဥပဒေကြီး ပေါ်ပေါက်လာနိုင်မည် ဖြစ်ပါသည်။

## (က) တပြည်ထောင် နိုင်ငံများ

ဤနေရာတွင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် နီးစပ်ပြီး သင်ခန်းစာရယူနိုင်မည့် နိုင်ငံအချို့၏ နောက်ခံသမိုင်းနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချုံ၍ တင်ပြလိုပါသည်။

## ၁။ ဗြိတိန်နိုင်ငံ

အင်္ဂလန်၊ စကော့တလန်၊ ဝေလနှင့် အိုင်ယာလန်တို့ ပူးပေါင်းပြီး ဘုရင့်နိုင်ငံတော် (Great Britain) အဖြစ် တည်ဆောက်ခဲ့သည်။ အမှန်အားဖြင့် သဘောတူဖွဲ့စည်းခြင်း မဟုတ်ဘဲ အင်္ဂလိပ်ဘုရင်၏ အာဏာစက်အောက်သို့ သိမ်းသွင်းခဲ့ခြင်းသာ ဖြစ်သည်။ ထိုအချက်ကို မကျေနပ်သဖြင့် ပုန်ကန်ထကြွသောကြောင့် အိုင်ယာလန်တောင်ပိုင်းအား လွတ်လပ်ရေးပေးခဲ့ပြီး ကျန်ရှိနေသော မြောက်ပိုင်းအိုင်ယာလန်နှင့်သာ ဆက်လက်ဖွဲ့စည်းထားသည်။ ၎င်း မြောက်ပိုင်း အိုင်ယာလန်သည်ပင် လွတ်လပ်ရေးအတွက် အနုနည်း၊ အကြမ်းနည်းဖြင့် အမြဲ ဆန္ဒပြလျက်ရှိကြသည်။ စကော့တလန်နှင့် ဝေလနယ်တို့တွင်လည်း မကျေနပ်မှုများ အနည်းနှင့် အများရှိနေကြသည်။ ၎င်းပြည်နယ်လေးခု၏ ဧရိယာ၊ လူဦးရေတို့ကို အောက်တွင် ဖော်ပြထားပါသည်။

| ဒေသ | ဧရိယာ (စ-မိုင်) | လူဦးရေ | လူမျိုး | အမတ်ဦးရေ |
|---|---|---|---|---|
| ၁။ အင်္ဂလန် | ၅၀ ၃၃၁ | ၄၆ ၅၈၃ ၃၀၀ | အင်္ဂလိပ် | ၅၁၆ |
| ၂။ စကော့တလန် | ၃၀ ၄၁၄ | ၅ ၂၃၈ ၀၀၀ | စကော့ | ၇၁ |
| ၃။ ဝေလ | ၈ ၀၁၇ | ၂ ၂၀၀ ၀၀၀ | ဝေလ | ၃၆ |
| ၄။ မြောက်အိုင်ယာလန် | ၅ ၄၆၃ | ၁ ၅၆၂ ၅၀၀ | အိုင်းရစ် | ၁၂ |
| စုစုပေါင်း | ၉၄ ၂၂၇ | ၅၆ ၁၇၅ ၅၀၀ | | ၆၃၅ |

စည်းမျဉ်းခံဘုရင်စနစ်ဖြင့် အုပ်ချုပ်သည်။ ထို့ကြောင့် ဘုရင့်ကိုယ်စားလှယ်အနေဖြင့် မှူးကြီးမတ်ကြီးများ ပါဝင်သော အထက်လွှတ်တော် (House of Lords) နှင့် ပြည်သူကို ကိုယ်စားပြုသော ပြည်သူ့လွှတ်တော် (House of Commons) တို့ နှစ်ရပ်ပါဝင်သော ပါလီမန်စနစ်ဖြင့် အုပ်စိုးသည်။ အထက်လွှတ်တော်သည် အာဏာကို ထိန်းကျောင်းရုံမျှရှိ၍ အများဆုံးအာဏာမှာ အောက်လွှတ်တော်တွင် ထားရှိသည်။ ဒေသလေးခုစလုံး အမတ်ဦးရေ အချိုးကျ (အညီအမျှမဟုတ်) ရရှိကြသည်။ အထက်ဇယားတွင် ကြည့်ရှုနိုင်ပါသည်။

စာဖြင့် ရေးသားထားသော အခြေခံဥပဒေ မရှိ။ ၁၂၁၅ ခုနှစ်တွင် မဂ္ဂနာကာတာခေါ် မဟာကြေငြာစာတမ်းကြီးကို ဘုရင်က လက်ခံခွင့်ပြုချိန်မှစ၍ ပင်ရင်းအာဏာအများကို ပြည်သူများလက်သို့ ဝေပေးခဲ့ရပြီး နောက်တွင်လည်း ပြည်သူ၏ဆန္ဒကို တစ်စတစ်စ လိုက်လျောခဲ့ရာမှစ၍ ဘုရင်၊ ဘုရင်မတို့သည် ဟန်ပြမျှသာဖြစ်ပြီး ပြည်သူလူထု၏ လက်ထဲသို့ အာဏာ လုံးဝရောက်ရှိလာသည်။

ပါလီမန်ကို ကိုယ်စားပြုအစိုးရအဖွဲ့တွင် လုံးဝအာဏာရှိပြီး ၎င်းမှနေ၍ အောက်ခြေသို့ အာဏာများဖြင့် ဖြန့်ဝေပေးသည်။ ဒေသန္တရဆိုင်ရာ အာဏာခွဲဝေမှုများ ပေးထားသည်။ ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်မှုအာဏာ စသော အာဏာသုံးရပ်ကို သီးခြားစီထား၍ အာဏာပိုင်တစ်ရပ်က အခြားတစ်ရပ်တွင်းသို့ ဝင်ရောက်စွက်ဖက်လေ့ မရှိ။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များတွင် အာဏာအပြည့်အဝရှိ၍ လက်နက်ကိုင် တပ်ဖွဲ့များအနေဖြင့် အာဏာသိမ်းခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း လုံးဝမရှိ။ လူ့အခွင့်အရေး၊ ဒီမိုကရေစီ အပြည့်အဝရှိသည့် နိုင်ငံဖြစ်သည်။

## ၂။ ထိုင်းနိုင်ငံ

ဘုရင်အုပ်စိုးမှုအောက်ရှိသည်။ သက်ဦးဆံပိုင်ဘုရင်အဖြစ်မှ စည်းမျဉ်းခံဘုရင်စနစ်သို့ ၁၉၃၂ ခုနှစ်မှစ၍ ပြောင်းလဲလာသည်။ လွှတ်တော်နှစ်ရပ်ဖြင့် အုပ်ချုပ်သည်။ အထက်လွှတ်တော်တွင် ဘုရင်ကို ကိုယ်စားပြုသူများဖြစ်ပြီး အောက်လွှတ်တော်တွင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည်။

ထိုင်းဘုရင့်နိုင်ငံတွင် ထိုင်းလူမျိုး ၈၇%၊ တရုတ် ၈%နှင့် အခြားမျိုးနွယ်စု ၅% မျှ ရှိသည်။ ထို့ကြောင့် လူမျိုးရေးပြဿနာအထူးအထွေ မရှိပါ။ ပါလီမန်ကို တာဝန်ခံသော ဗဟိုအစိုးရမှ တပြည်လုံးသို့ အာဏာဖြန့်ဝေ အုပ်ချုပ်သော တပြည်ထောင်စနစ်ကို ကျင့်သုံးသည်။ သို့သော် တည်တံ့ခိုင်မြဲသော အခြေခံဥပဒေ မရှိခဲ့။ အခြေခံဥပဒေအရ အုပ်ချုပ်ခြင်း၊ ဥပဒေအရ အာဏာ လွှဲပြောင်းရယူ အုပ်ချုပ်ခြင်းကာလက နည်းပါး၍ စစ်တပ်အာဏာသိမ်းယူခြင်းက များသည်။ ၁၉၅၇၊ ၁၉၇၁ နှင့် ၁၉၉၁ ခုနှစ်များတွင် အာဏာသိမ်းမှုများ ဖြစ်ပွားခဲ့ပြီး အခြေခံဥပဒေလည်း (၄) ခါမျှ ပြောင်းလဲခဲ့သည်။ ကြားကာ လများတွင်လည်း ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်ချုပ်ဟောင်းကြီးများကသာ အုပ်ချုပ်ခဲ့သည်။ အရပ်သားအစိုးရသက်သက် အုပ်ချုပ်သောကာလ နည်းပါးသည်။ ယခုနောက်ဆုံး ၁၉၉၁ ခုနှစ်တွင် အရပ်သားအစိုးရထံမှ စစ်တပ်က အာဏာသိမ်းပြီးနောက် အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်တစ်ခုကို ခန့်အပ်ရေးဆွဲစေခဲ့သည်။ ၎င်းအခြေခံဥပဒေသစ်တွင် အထက်လွှတ်တော်၌ စစ် တပ်ကို ကိုယ်စားပြုအမတ်များ ပါဝင်လွှမ်းမိုးစေခဲ့သည်။ လွှတ်တော်အမတ် မဟုတ်သူ တစ်ဦးကိုလည်း ဝန်ကြီးချုပ်အဖြစ် ခန့်အပ်နိုင်ခွင့် ပြုထားသည်။ ထို့ကြောင့် မကျေနပ်သော ပြည်သူလူထုများက ဆန္ဒပြတောင်းဆိုမှုကြောင့် ယင်းအခြေခံဥပဒေကို ဖျက်သိမ်းပြီး အခြေခံဥပဒေအသစ် ပြန်လည်ရေးဆွဲစေ၍ အရပ်သားအစိုးရ ပြန်လည်တက်ရောက်လာပြီး ဒီမိုကရေစီရောင်ခြည် ပြန်လည်လန်းဆန်းလာခဲ့သည်။ ပါလီမန်ဒီမိုကရေစီ ကောင်းစွာ အမြစ်မတွယ်သေးသော နိုင်ငံဖြစ်ရာ ယခုအခါ အခြေအနေကောင်းလာပြီဟု ယူဆရပါသည်။ ပြည်သူလူထု၏ ဆန္ဒနှင့် ဖီလာပြီး အထက်မှ ပုဂ္ဂိုလ်တစ်စု၏ စိတ်ကြိုက်ရေးဆွဲခဲ့သော ဥပဒေပင် ဖြစ်သော်လည်း လူထု၏ဆန္ဒကို မလွန်ဆန်နိုင်ဘဲ လမ်းဖယ်ပေးခဲ့ရသော ကောင်းမြတ်သော အစဉ်အလာ ဖြစ်ခဲ့ပေသည်။

## ၃။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

စတုရန်းမိုင်ပေါင်း သုံးသန်းခုနှစ်သိန်းခန့် ကျယ်ဝန်း၍ လူဦးရေသန်းပေါင်း (၁၀၀၀)[58] ခန့်၊ လူမျိုးနွယ်စု (၅၆) မျိုးခန့် ပါဝင်နေထိုင်သည်။ အဓိက လူမျိုးကြီးမှာ ဟန်လူမျိုး ဖြစ်၍ နေထိုင်ရာဒေသများနှင့် လူဦးရေကိုလည်းကောင်း၊ လူမျိုးစုများအလိုက် အချိုးအစား ကိုလည်းကောင်း အောက်ဇယားများတွင် သီးခြားဖော်ပြထားပါသည်။ တိုင်းလူမျိုးများသည် ယူနန်ပြည်နယ်နှင့် အခြားပြည်နယ်ဒေသများတွင် အနှံ့အပြားနေထိုင်ကြ၍ ယူနန်ပြည်နယ်တွင် မြန်မာနိုင်ငံ၌ နေထိုင်ကြသော ကချင်၊ ဝ၊ လားဟူ၊ အာခါ စသော လူမျိုးစုများစွာ နေထိုင်ကြသည်။

### ဇယား (၁)

| ဒေသ/ ပြည်နယ် | ဧရိယာ (စ-မိုင်) | လူဦးရေ |
|---|---|---|
| ၁။ အတွင်းမွန်ဂိုးလီးယား (ဒေသ) | ၄၅၄ ၆၃၅ | ၇ ၃၃၈ ၀၀၀ |
| ၂။ ဆင်ကျိုင်အူဝီဂါ (ဒေသ) | ၆၃၅ ၈၃၃ | ၄ ၈၇၃ ၀၀၀ |
| ၃။ တိဗက် (ဒေသ) | ၄၇၁ ၆၆၂ | ၁ ၂၇၃ ၉၆၉ |
| ၄။ ယူနန် (ပြည်နယ်) | ၁၆၈ ၄၁၈ | ၁၇ ၄၇၂ ၇၃၇ |
| ၅။ ကျန်ဒေသနှစ်ခု | ၂၄၆ ၀၃၇ | ၁၉ ၃၉၁ ၀၀၀ |
| ၆။ ကျန်ပြည်နယ် - ၂၀ | ၁ ၇၁၄ ၉၃၈ | ၈၀၄ ၂၂၀ ၆၈၆ |
| ပေါင်း | ၃ ၆၉၁ ၅၂၃ | ၈၄၄ ၅၇၀ ၀၀၀ |

### ဇယား (၂)

| လူမျိုး | ဦးရေ (သန်း) | လူမျိုး | ဦးရေ (သန်း) |
|---|---|---|---|
| ၁။ ဟန် | ၉၈၀ | ၄။ တူရကီနွယ် | ၆.၆ |
| ၂။ တိုင်း | ၁၆ | ၅။ မွန်ဂို | ၅.၂ |
| ၃။ တိဗက် | ၄.၇ | ၆။ ကဇတ် | ၀.၉ |

588 ၂၀၁၉ ခုနှစ်စာရင်းအရ လူဦးရေ သန်းပေါင်း ၁၄၀၀ ခန့်ရှိပြီဖြစ်သည်။

အထက်ပါ ဇယားများအရ “ဟန်” ခေါ် တရုတ်လူမျိုးသည် လူဦးရေအားလုံး၏ ၉၂% ဖြစ်၍ ကျန်လူမျိုးစု အားလုံးပေါင်းသည် အားလုံး၏ ၈% မျှသာရှိသည်။ သို့သော် ဧရိယာ အားဖြင့် လူမျိုးစုများသည် နိုင်ငံ၏ ထက်ဝက်ခန့်တွင် နေထိုင်ကြသည်။ တရုတ်ပြည်၌ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ (၅) ခုနှင့် ပြည်နယ် (၂၁) တို့ဖြင့် ဖွဲ့စည်းထားသည်။[59] မြန်မာနိုင်ငံ၏ ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည် တိုင်း (၇) တိုင်းနှင့် ပြည်နယ် (၇) ပြည်နယ်ဟု သတ်မှတ်ကာ တရုတ် ပြည်၏ အတုကို ယူထားကြောင်း ထင်ရှားပါသည်။

တရုတ်ပြည်သည် လွန်စွာကျယ်ပြန့်ပြီး ပဒေသရာဇ်အာဏာပိုင်များအနေဖြင့် တသီးတခြား အုပ်ချုပ်နေထိုင် လာခဲ့ကြသည်။ အနောက်ဘက်မှ တူရကီနွယ်ဖွားများသည် လည်းကောင်း၊ မြောက်ဘက်မှ မွန်ဂိုလူမျိုး၊ မန်ချူးလူမျိုးတို့သည်လည်းကောင်း၊ စိမ့်ဝင်ကြီးစိုးလာကြပြီး နယ်ချဲ့အနောက်နိုင်ငံသားများ ဖြစ်ကြသော ပေါ်တူဂီ၊ အင်္ဂလိပ်၊ ပြင်သစ် နှင့် အမေရိကန် တို့သည်လည်း ခြေကုပ်ယူခဲ့ကြသည်။ ၁၉၁၁ ခုနှစ်မှသာလျှင် ဒေါက်တာဆွန်ယက်ဆင် ခေါင်းဆောင်၍ တရုတ်သမ္မတနိုင်ငံတော်အဖြစ် တစည်းတလုံးတည်း တည်ထောင်နိုင်ခဲ့ သည်။ ၁၉၄၉ ခုနှစ်တွင်မှသာ မော်စီတုန်း ခေါင်းဆောင်သော ကွန်မြူနစ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအဖြစ် တည်ဆောက်လာခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

တရုတ်ပြည်သည် တပြည်ထောင်စနစ်အရ ဗဟိုမှ အာဏာဖြန့်ချီအုပ်ချုပ်သည် မှန်သော် လည်း လူမျိုးစုများအတွက် အထူးဒေသများ ဖန်တီးပေးထားသည်သာမက အထူး အခွင့်အရေး များ ပေးထားခြင်းဖြင့် လူမျိုးငယ်များ ပြဿနာကို တတ်နိုင်သမျှ ပြေလည်စွာ ဖြေရှင်းပေး ထားသည်ကို တွေ့ရှိရသည်။

သို့သော်လည်း တိဗက်ဒေသတွင် လွတ်လပ်ရေးကို တောင်းဆိုနေသောအသံကို တစ်ကမ္ဘာ လုံးက ကျယ်လောင်စွာ ကြားနေရသည်။ အနောက်မြောက်ဒေသ ဆင်ကျိုင်းရှိ (၇) သန်း ခန့် မျှသော တူရကီနွယ်ဖွားပန်းသေးများကလည်း လွတ်မြောက်ရေးအတွက် ရုန်းကန်နေကြ သည်။[60] မြောက်ဘက်အရပ်ရှိ အတွင်းမွန်ဂိုးလီးယားမှ မွန်ဂိုများ သည်လည်း နယ်စပ်ချင်း ဆက်လျက်ရှိသည့် ဆိုဗီယက်ပြည်ထောင်စုဟောင်းမှ လွတ်မြောက်ခါစ မွန်ဂိုးလီးယားနှင့် ဆက်သွယ်ရန် ဆန္ဒရှိနေကြသည်။

---

59 ကနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြည်နယ်အဆင့် ၂၃၊ မြူနီစပယ် ၄ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခု၊ အထူးအုပ်ချုပ်ရေးဒေသ ၂ခု ( ဟောင်ကောင်၊ မကာအို) ဟူ၍ ပိုင်းခြားအုပ်ချုပ်သည်။

60 ဆင်ကျိုင်း( ယခုအခေါ် ရှင်ကျန်းပြည်နယ်)တွင် တူရကီနွယ်ဖွား ပန်းသေး( ယခုအခေါ် ဝီဂါတိုင်းရင်းသား) လူဦးရေသည် ကနေ့တွင် ၂၅ သန်းခန့်ရှိသည်။ Statistics Bureau of Xinjiang. Archived from the original on 22 December 2015. Retrieved 19 December 2015

## (ခ) ပြည်ထောင်စုနိုင်ငံများ

### ၁။ ဆွစ်ဇာလန်နိုင်ငံ

မူလက ယူရီ၊ ဆွစ်နှင့် အန်ကာဝေးလ်ဒင်းခေါ်သော ပြည်နယ် (ကန်တွန်) သုံးခုသည် ဘေးပတ်ဝန်းကျင်မှ အင်အားကြီးနိုင်ငံများ၏ တိုက်ခိုက်မှုကို ခုခံနိုင်ရန်အတွက် ၁၂၉၁ ခုနှစ်တွင် ပြည်နယ်များအဖွဲ့ ကွန်ဖက်ဒရေးရှင်း (Confederation) ကို စတင်ထူထောင်ခဲ့သည်။ ၁၅၁၃ ခုနှစ်တွင် ပြည်နယ် (ကန်တွန်) ၁၃ ခုအထိ တိုးလာသည်။

ကွန်ဖက်ဒရေးရှင်းဆိုသည်မှာ အင်အားတောင့်တင်းမှုအတွက် ပူးပေါင်းကြခြင်းဖြစ်သော်လည်း စိတ်ရောကိုယ်ပါ ခြေစုံပစ်၍ ပေါင်းသင်းခြင်းမဟုတ်ဘဲ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ပူးပေါင်းခြင်းမျိုးဖြစ်သည်။ ကွန်ဖက်ဒရေးရှင်းခေါ် ဗဟိုအစိုးရသို့ အာဏာအနည်းငယ်မျှသာ ပေးထားခြင်းအားဖြင့် လက်တွေ့လုပ်ဆောင်ရာတွင် အရာမရောက်၊ ခရီးမတွင် ဖြစ်နေခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု ပုံသဏ္ဌာန် အတုယူကာ ၁၈၄၈ ခုနှစ်တွင် ပြည်ထောင်စု (Federation) အဖြစ် ပြောင်းလဲဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် လူမျိုးအရ သုံးစွဲပြောဆိုကြသော ဘာသာစကားများ မှာ ဂျာမန် ၆၉%၊ ပြင်သစ် ၂၁%၊ အီတလီ ၁၀% နှင့် ရိုမာ ၁% ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသည် ဒီမိုကရေစီအဆင့်အတန်း အမြင့်ဆုံးနိုင်ငံတစ်ခုဖြစ်သည့်အပြင် ပြည်တွင်းငြိမ်းချမ်းရေး အပြည့်အဝရှိသည့် နိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံရေးတည်ငြိမ်မှုရှိသည်။ တစ်ကမ္ဘာလုံးက ကြားနေနိုင်ငံအဖြစ် အသိအမှတ် ပြုခြင်းခံရသည်။ ပါတီစုံ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ပြီး ပြည်နယ်များ အညီအမျှ ကိုယ်စားပြုပါဝင်သည့် ပြည်နယ်ဥပဒေပြုလွှတ်တော်နှင့် ပြည်သူလူထုကို အချိုးကျကိုယ်စားလှယ်ပြုသော ကိုယ်စားလှယ်များ ပါဝင်သည့် အမျိုးသားဥပဒေပြုလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်အာဏာများ အပ်နှင်းထားသည်။ ကြားနိုင်ငံအဖြစ် လက်ခံထားကြသဖြင့် တစ်ကမ္ဘာလုံးက ယုံကြည်ပြီးလျှင် ဘဏ်လုပ်ငန်းတွင် များစွာအားကိုးခြင်း ခံရ၍ တိုင်းပြည် ဘဏ္ဍာ ဖြစ်ထွန်းစေသည်။

ဆွစ်ဇာလန်နိုင်ငံတွင် အတုယူစရာအကောင်းဆုံးမှာ လက်နက်ကိုင်တပ်ဖွဲ့ ထူထောင်ခြင်း ကိစ္စဖြစ်သည်။ ၎င်းနိုင်ငံတွင် အမြဲတမ်း တပ်မတော်ကြီး အနေဖြင့် မရှိ။ အမြဲတမ်းအဖြစ် စစ်ဗိုလ်များနှင့် တပ်သားအသင့်အတင့်သာ ထားသည်။ အရွယ်ရောက်သူတိုင်း စစ်မှုမထမ်း

မနေရစနစ်ရှိသဖြင့် အရေးပေါ်မှသာ ဆင့်ခေါ်သည်။ သို့ဖြစ် တိုင်းပြည်၏ ဘဏ္ဍာတော်များစွာ သက်သာစေပြီး အကျိုးပြုလုပ်ငန်းများကို ဦးစားပေးနိုင်သည်။

## ၂။ အမေရိကန် ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စု တည်ရှိရာနယ်မြေသည် ယခင်က လူနီများနေထိုင်ရာ ပင်ရင်းဒေသဖြစ်သည်။ ၎င်းဒေသကို စပိန်လူမျိုး ကိုလံဘတ်ဆိုသူက စတင်တွေ့ရှိပြီး ဒတ်ချ်၊ စပိန်၊ အင်္ဂလိပ်၊ ပြင်သစ်စသော အနောက်နိုင်ငံသား ကုန်သည်များ လာရောက်အခြေစိုက်ရာတွင် အင်္ဂလိပ်ကုန်သည်များက ဝင်ရောက်လက်ဝါးကြီး အုပ်ရာမှ အင်္ဂလိပ်လက်အောက်ခံကိုလိုနီ (၁၃) ခု ဖြစ်ထွန်းလာခဲ့သည်။ ၎င်းကိုလိုနီ (၁၃) နယ်တို့သည် ၁၇၇၆ ခု၊ ဇူလိုင်လ (၄) ရက်နေ့တွင် လွတ်လပ်ရေးကြေညာစာတမ်းထုတ်ပြန်ပြီး အင်္ဂလိပ်အုပ်စိုးမှုအောက်မှ ရုန်းထွက်ခဲ့ကြသည်။

ထို့သို့ လွတ်လပ်ရေးရပြီးခါစ ၁၃ ပြည်နယ်သည် ၁၇၈၁ ခု၊ မတ်လ (၁) ရက်နေ့တွင် ကွန်ဖက်ဒရေးရှင်း ဥပဒေကို ပြဋ္ဌာန်း၍ ပြည်ထောင်စုများ အဖွဲ့အစည်းဟု ခေါ်ဆိုဖွဲ့စည်းခဲ့သည်။ ဆွစ်ဇာလန် ကွန်ဖက်ဒရေးရှင်းကို နမူနာယူဟန်ရှိသည်။ ၎င်းတို့သည် လွတ်လပ်စတိုင်းပြည်များ အဖြစ် မိမိတို့အချုပ်အခြာအာဏာနှင့် နိုင်ငံရေး အာဏာခပ်များများကို မိမိတို့ လက်ဝယ်ထားရှိပြီး ကူးသန်းရောင်းဝယ်ရေးနှင့် အခွန်ကောက်ခံရေး အာဏာများလောက်ကိုသာ ကွန်ဖက်ဒရေးရှင်း အစိုးရသို့ အာဏာလွှဲအပ်ခဲ့သည်။ သို့သော် အမေရိကန် ကွန်ဖက်ဒရေးရှင်းသည် ၎င်းအာဏာမျှဖြင့် ထိရောက်စွာ အုပ်ချုပ်ရေး ယူနိုင်မှု မရှိသည်ကို လက်တွေ့တွေ့ရှိရသဖြင့် ဖက်ဒရေးရှင်းခေါ် ပြည်ထောင်စုသဏ္ဌာန် ပြန်လည်ဖွဲ့စည်းပြီး ၁၇၈၉ ခုနှစ်မှစ၍ လက်ရှိဖွဲ့စည်းပုံပါအတိုင်း ပြောင်းလဲလာခဲ့သည်။

စတင်ဖွဲ့စည်းသော ပြည်နယ် ၁၃ ခု၏ အကျယ်အဝန်းဧရိယာကို အောက်ဇယားတွင် ဖော်ပြထားပါသည်။

| ပြည်နယ် | ဧရိယာ (ဧကထောင်) |
|---|---|
| ၁။ နယူးဟင့်ရှားယား | ၅၇၉၆ |
| ၂။ မက်ဆာချူးဆက်တေး | ၅၀၃၅ |
| ၃။ ရှဒ်ကျွန်း | ၆၇၇ |
| ၄။ ကွန်နက်တီကတ် | ၃၁၃၅ |
| ၅။ ဂျော်ဂျီယာ | ၃၇၂၉၅ |
| ၆။ မေရီလင်း | ၆၃၁၉ |
| ၇။ ဗာဂျီနီးယား | ၂၅၄၉၆ |
| ၈။ နယူးယောက် | ၃၀၆၈၁ |
| ၉။ ပင်ဆဲဗေးနီးယား | ၂၀၈၀၄ |
| ၁၀။ ဒီလာဝဲယား | ၁၂၆၆ |
| ၁၂။ တောင်ကာရိုင်းနား | ၁၉၃၇၄ |
| ၁၃။ နယူးဂျာစီ | ၄၈၁၃ |

၎င်းဇယားကို ကြည့်ခြင်းအားဖြင့် စတင်တည်ထောင်သော ပြည်နယ်များ၏ ဧရိယာသည် ညီတူညီမျှ မဟုတ်ဘဲ ကွာခြားမှုများစွာ ရှိသည်ကို တွေ့ရပေမည်။ အကြီးဆုံး ဂျော်ဂျီယာသည် - ၃၇၂၉၅ ဖြစ်ပြီး အငယ်ဆုံး ရှဒ်ကျွန်းသည် - ၆၇၇ ဖြစ်ရာ အဆပေါင်း ၆၀ မျှ ကွာခြားသည်။ နောင်တွင် ပြည်နယ် ၅၁ အထိ တိုးတက်လာခဲ့ရာ ၎င်းတို့အကျယ်အဝန်းသည် သီးခြားဧရိယာအတိုင်း ဖြစ်သည်။ ၎င်းဇယားအရ အကြီးဆုံးပြည်နယ် ကိုလိုရာဒိုသည် ၆၆၄၈၆၀ ကျယ်ဝန်း၍ အငယ်ဆုံး ရှဒ်ကျွန်းသည် ၆၆၇ ဖြစ်ရာ အဆပေါင်း ၁၀၀ နီးပါး ကွာခြားသည်။ (ပူးတွဲမြေပုံ - ကို ကြည့်ရန်)




အထက်ပါ ဇယားနှစ်ခုကို ကြည့်ခြင်းအားဖြင့် ပြည်ထောင်စုဝင် ပြည်နယ်တစ်ခုဖြစ်လာရန်အတွက် အခြားပြည်နယ်များနှင့် ဧရိယာအကျယ်အဝန်း တူညီခြင်းသည် (တူနိုင်လျှင် ကောင်းသော်လည်း) အဓိက လိုအပ်ချက် မဟုတ်။ နိုင်ငံရေးအဆင့်အတန်း တူညီခြင်းသာလျှင် ပဓာနကျသည်ကို တွေ့ရမည်။ နိုင်ငံရေးအဆင့်အတန်းဆိုရာ၌ (သို့မဟုတ်) နိုင်ငံရေးအာဏာရှိဖူးသောဒေသနှင့် ထိုဒေသမျိုးတွင် ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာ နယ်မြေတို့သည် တူညီမှု မရှိကြောင်း၊ အဆင့်အတန်းကွာခြားကြောင်း သတိမူကြရန် ဖြစ်ပါသည်။ (မြန်မာနိုင်ငံအကြောင်း လက်တွေ့ သုံးသပ်ရာ၌ ဤအချက်သည် ပါဝင်ပတ်သက်လာမည်ဖြစ်၍ ကွာခြားချက်ကို ယခုကပင် သတိပြုလေ့လာထားရန် လိုပါသည်။) အမေရိကန်ပြည်ထောင်စုတွင် ကမ္ဘာ့ အရပ်ရပ်မှ လူမျိုးပေါင်းစုံ လာရောက်အခြေစိုက်နေထိုင်ကြသည်ဖြစ်ရာ လူမျိုးစုံသော နိုင်ငံ ဖြစ်သည်။ သို့သော် မည်သည့်လူမျိုးများသည် မည်သည့်ပြည်နယ်တွင် နေထိုင်ကြသည်ဟု သတ်သတ်မှတ်မှတ်မရှိဘဲ ရောနှောနေထိုင်ကြခြင်းသာ ဖြစ်သည်။ ထို့ကြောင့် လူမျိုးရေးအရ ပြည်နယ်ချင်း အငြင်းပွားလေ့ မရှိကြပေ။ လူမဲများ၊ ဟစ်ပန်းနစ် (ခေါ်) တောင်အမေရိကမှ

လာရောက်နေထိုင်သူများအပေါ် နှိမ့်ချဆက်ဆံမှုမျိုး ရှိကြသော်လည်း ပြည်နယ်အလိုက် အငြင်းပွားမှုမျိုး မရှိကြပေ။ မူလတည်ထောင်စကလည်း ၁၃ ပြည်နယ်စလုံး သဘောတူဖြစ်၍ နောက်မှ တိုးချဲ့ပါဝင်လာသော ပြည်နယ်များသည်လည်း အမေရိကန်၏ကြီးပွားတိုးတက်မှုကို အားကျကာ ၎င်းတို့အလိုအလျောက် သဘောတူ လာရောက်ပေါင်းသင်းခြင်းဖြစ်သည်။ အတင်းအဓမ္မသိမ်းပိုက်ခြင်း သဘောလုံးဝမပါသည်ကို တွေ့ရပေမည်။

အမေရိကန်ပြည်ထောင်စုတွင် သမ္မတအုပ်ချုပ်မှု အပြည့်အဝရှိသည်။ ကွန်ကရက်လွှတ်တော်သည် ဥပဒေပြုအာဏာ အပြည့်အဝရှိသည်။ တရားလွှတ်တော်သည်လည်း အာဏာအပြည့်အဝရှိသည်။ ကွန်ကရက်လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေဖြစ်စေကာမူ အခြေခံဥပဒေနှင့် မညီညွတ်လျှင် တရားလွှတ်တော်ချုပ်က ပယ်ချနိုင်ခွင့်ရှိသည်။ ကွန်ကရက်တွင် ဆီးနိတ် (ခေါ်) ပြည်နယ်များမှ အမတ်ဦးရေ အညီအမျှ စေလွှတ်ပိုင်ခွင့်ရှိသော လွှတ်တော်ရှိ၍ ပြည်သူ့လွှတ်တော် (ခေါ်) လူဦးရေအလိုက် တိုက်ရိုက်မဲဖြင့် ရွေးကောက်တင်မြှောက်သော လွှတ်တော်နှစ်ရပ် ပါဝင်သည်။ အရေးကြီးဆုံးဖြစ်သော ငွေဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်ကသာ စတင်တင်သွင်းနိုင်ခွင့် ပေးထားသော်လည်း ဆီးနိတ်လွှတ်တော်သည် ပြင်ဆင်ချက်များ ပြုလုပ်နိုင်ခွင့် ရှိသည်။ ဆီးနိတ်အမတ်များအား နိုင်ငံခြား တိုင်းပြည်များနှင့် ဆက်ဆံရေးကိစ္စ၊ နိုင်ငံတော် အထွတ်အထိပ်ဖြစ်သောရာထူးများ ခန့်ထားရေးကိစ္စတို့တွင် အာဏာရှိသဖြင့် ပြည်သူ့လွှတ်တော်ထက်ပင် အဆင့်အတန်းမြင့်သေးသည်ကို တွေ့ရပေမည်။ သမ္မတသည် ကွန်ကရက်မှ ပြဋ္ဌာန်းတင်ပြလာသော ဥပဒေများကို လက်မခံ/ပယ်ချနိုင်သည့်အခွင့်အရေး အာဏာသတ်မှတ်ပေးထားသည်။ သို့ဖြင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးတို့ကို အာဏာညီမျှစွာ ခွဲဝေထားသည်ကို တွေ့နိုင်သည်။

အမေရိကန်ပြည်ထောင်စုတွင် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများဟူ၍ သီးခြားစီ ဖွဲ့စည်းထားသည်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများသည် အထက်အောက်မဟုတ်၊ မိမိတို့အား အပ်နှင်းထားသော ဥပဒေနှင့် အာဏာဘောင်အတွင်း တန်းတူရည်တူပင် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ဗဟိုအစိုးရသည် ကမ္ဘာပေါ်တွင် တန်ခိုးထွား မျက်နှာကြီးဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် ၎င်းတို့ပြည်ထောင်စုအတွင်းရှိ ပြည်နယ်အစိုးရများပေါ်တွင်ကား တန်ခိုးထွားနိုင်ခွင့် မရှိပါပေ။ လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရှိသော နိုင်ငံတစ်ခုဖြစ်သည်။

## ၃။ ကနေဒါပြည်ထောင်စု

ပင်ရင်းလူမျိုးများမှာ လူနီ (ခေါ်) ရက်အင်ဒီယန်းများဖြစ်သည်။ အင်္ဂလိပ်နှင့် ပြင်သစ် စီးပွားရှာသူများက တစတစ ဝင်ရောက် သိမ်းပိုက်ပြီး ၎င်းတို့၏ ကိုလိုနီအဖြစ် ကျဆင်းသွားသည်။ နောက်ဆုံးတွင် အင်္ဂလိပ်ဘုရင်ကို သစ္စာခံသော ကိုလိုနီနိုင်ငံဘဝမှ တဆင့်ပြီးတဆင့် လွတ်လပ်ရေးရရှိလာပြီး ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင် နိုင်ငံ တစ်ခုဖြစ်လာသည်။ ပြည်နယ် ၁၀ ခုနှင့် ဒေသ ၂ ခု ပါဝင်ဖွဲ့စည်းထားသည်။ ပြင်သစ်လူမျိုးများ ကြီးစိုးသောအပိုင်းနှင့် ဗြိတိသျှတို့ကြီးစိုးသော အပိုင်းဟူ၍ နှစ်မျိုးကွဲနေပြီး နိုင်ငံတော်အနေဖြင့် အင်္ဂလိပ်နှင့် ပြင်သစ် ဘာသာစကား နှစ်မျိုးစလုံးကို အသိအမှတ်ပြုထားသည်။ ဆီးနိတ်နှင့်ပြည်သူ့လွှတ်တော်ဟူ၍ ဥပဒေပြု အာဏာပိုင် ၂ ခု ခွဲခြားထားသည်။

ပြည်နယ် ၁၀ ခုသည် ဆီးနိတ်လွှတ်တော်တွင် အချိုးကျ (အညီအမျှမဟုတ်) ပါဝင်ခွင့်ပေးထားသည်။ အခြားသော ပြည်ထောင်စုအများ၌ အထက်လွှတ်တော် (ခ) ဆီးနိတ်တွင် ပြည်နယ်၏ အရွယ်ပမာဏကို မလိုက်ဘဲ အညီအမျှ ကိုယ်စားပြုခွင့်ပေးထားရာ ကနေဒါသည် ခြွင်းချက် ပြည်ထောင်စုတစ်ခုဖြစ်သည်။

လူများစု အင်္ဂလိပ်တို့ လက်ဝါးကြီးအုပ်သည်ကို မကျေနပ်သော လူနည်းစု ပြင်သစ်များက ခွဲထွက်၍ သီးခြား နိုင်ငံထူထောင်ရန် ဆန္ဒများ ထုတ်ဖော်ပြသလေ့ရှိသည်။ သို့သော် ထိုဆန္ဒမှာ အကောင်အထည်ပေါ်ပေါက်လာလောက်အောင် ကြီးထွားခြင်းမရှိဘဲ ညှိနှိုင်း စေ့စပ်ခြင်းဖြင့် ပြေလည်လျက်ရှိကြသည်။

## ၄။ ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ

ပြည်နယ် ၁၅ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသများ၊ အမျိုးသား နယ်မြေများနှင့် ဖွဲ့စည်းတည်ထောင်သည်။ သမိုင်းကြောင်းအရ ၎င်းပြည်နယ် ၁၅ ခုမှာ သီးခြားစီ ဖြစ်ကြသည်။ ရုရှားပြည်၏ ဇာဘုရင်များ လက်ထက်က နယ်ချဲ့ဆက်စပ်လျက်ရှိသော ဥရောပနိုင်ငံငယ်ကလေးများကို နယ်ချဲ့ဝါးမြိုခဲ့၍ နောက်ပိုင်း၌ အရှေ့အာရှတိုက်ရှိ နိုင်ငံများ အထိ နယ်ချဲ့လာပြီး ကြီးမားကျယ်ပြန့်သော နိုင်ငံတစ်ခုဖြစ်လာသည်။ ပထမကမ္ဘာစစ်ကြီး ပြီးဆုံးခါနီး ၁၉၁၇ ခုနှစ်တွင်

ရုရှားပစ္စည်းမဲ့တော်လှန်ကြီး ဖြစ်ပွားခဲ့သဖြင့် လီနင်ဦးဆောင်သော ဘော်လ်ရှီဗစ်ပါတီက အာဏာသိမ်းခဲ့ပြီး ရုရှားနိုင်ငံတော်ကြီးကို ဆက်ခံရရှိခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည့်နောက် အာဏာရှင် စတာလင်ခေတ်တွင် ဘောလ်တစ်နိုင်ငံ ၃ ခုသော လတ်ဗီးယား၊ လစ်သူနီးယားနှင့် အက်စ်တိုးနီးယား သုံးနိုင်ငံကို သိမ်းသွင်းခဲ့ပြန်သည်။

ဆိုဗီယက်ယူနီယံတွင် နောက်ဆုံး ပြိုကွဲချိန် ၁၉၉၁ ခုနှစ်အထိ ပြည်နယ် (၃) သမ္မတနိုင်ငံ (၁၅) ခု ပါဝင်၍ ၎င်းတို့၏ အကျယ်အဝန်းနှင့် ဆိုဗီယက်ပြည်ထောင်စုအတွင်းသို့ စတင်ပါဝင်လာသော ခုနှစ်တို့က အောက်ပါဇယားတွင် ဖော်ပါသည်။

| ပြည်နယ်များ | စတုရန်းမိုင် | ပါဝင်သောနှစ် |
|---|---|---|
| ၁။ ရုရှား (အကျယ်ဆုံး) | ၆၅၉၂၈၅၀ | ၁၉၂၂ |
| ၂။ ကဇတ်စတန် | ၁၀၄၈၃၀၆ | ၁၉၃၆ |
| ၃။ ယူကရိန်း | ၂၃၃၀၉၀ | ၁၉၂၂ မတိုင်မီ |
| ၄။ တပ်မေနီစတန် | ၁၈၈၄၅၆ | ၁၉၂၅ |
| ၅။ ဥဇဘက်ကစ္စတန် | ၁၇၃၅၉၂ | ၁၉၂၅ |
| ၆။ ဘဲလိုရုရှ | ၈၀၁၅၅ | ၁၉၂၂ မတိုင်မီ |
| ၇။ ကာဂစ်စတန် | ၇၆၆၄၁ | ၁၉၃၆ |
| ၈။ တာဇစ်ကစ္စတန် | ၅၅၂၅၁ | ၁၉၂၉ |
| ၉။ အဇာဘိုက်ဂျန် | ၃၃၄၃၆ | ၁၉၂၂ မတိုင်မီ |
| ၁၀။ ဂျော်ဂျီယာ | ၂၆၉၁၁ | ၁၉၂၂ မတိုင်မီ |
| ၁၁။ လစ်သူယေးနီးယား | ၂၇၁၇၄ | ၁၉၄၀ |
| ၁၂။ လတ်ဗီးယား | ၂၄၅၉၅ | ၁၉၄၀ |
| ၁၃။ အက်စ်တိုးနီးယား | ၁၇၄၁၃ | ၁၉၄၀ |
| ၁၄။ မော်လီဒေးဗီးယား | ၁၃၀၁၂ | ၁၉၂၂ မတိုင်မီ |
| ၁၅။ အာမေးနီးယား (အကျဉ်းဆုံး) | ၁၁၅၀၆ | ၁၉၂၂ မတိုင်မီ |

အထက်ပါဇယာအရ အကျယ်ဆုံးနှင့် အကျဉ်းဆုံးပြည်နယ်မှာ အဆပေါင်း ၆၀ မျှ ကွာခြားသည်ကို တွေ့နိုင် ပေသည်။ (ပူးတွဲမြေပုံ - ခ ကိုကြည့်ရန်)




ထိုပြည်နယ် ၁၅ ခုကို ပြည်ထောင်စုသမ္မတနိုင်ငံများဟု ခေါ်တွင်၍ ၎င်းတို့အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ သမ္မတနိုင်ငံ ၂၀ ခု၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ၈ ခု၊ အမျိုးသား ဒေသ ၈ ခု ထပ်မံခွဲခြား ပေးထားသေးသည်။

လူဦးရေအရလည်း ၁၉၂၉ ခုနှစ် သန်းခေါင် စာရင်းအရ လူမျိုးစုအလိုက် အောက်ပါတိုင်း တွေ့ရှိရသည်။ လူမျိုးစုပေါင်း အားလုံး (၁၀၀) ခန့်ရှိ၍ လူမျိုးကြီးများကိုသာ ဖော်ပြထားပါသည်။

| လူမျိုးစု | လူဦးရေ (သန်း) | လူမျိုးစု | လူဦးရေ (သန်း) |
|---|---|---|---|
| ၁။ ရုရှ | ၁၃၃.၄ | ၁၃။ တာ့ခ်မင်း | ၂.၃ |
| ၂။ ယူကရေးနီးယန်း | ၄၂.၃ | ၁၄။ ဂျာမန် | ၁.၉ |
| ၃။ ဥဇဘက် | ၁၂.၅ | ၁၅။ တာဂဇ် | ၁.၉ |
| ၄။ ဘဲလိုရုရှ | ၉.၅ | ၁၆။ ဂျူး | ၁.၈ |
| ၅။ ကဇတ် | ၆.၆ | ၁၇။ ချုဗယ် | ၁.၈ |
| ၆။ တာတာ | ၆.၃ | ၁၈။ ခါဂေစတန် | ၁.၇ |
| ၇။ အဇာန်ဘိုင်ဂျန် | ၅.၅ | ၁၉။ လတ်ဗီယန် | ၁.၄ |
| ၈။ အာမေးနီးယန်း | ၄.၃ | ၂၀။ ဘက်ရှီကာ | ၁.၄ |

| | | | |
|---|---|---|---|
| ၉။ ဂျော်ဂျီယန် | ၃.၆ | ၂၁။ မော်လ်ဒိုးဗီးယန်း | ၁.၂ |
| ၁၀။ တာဒ်ဇစ် | ၂.၉ | ၂၂။ ပိုလန် | ၁.၂ |
| ၁၁။ မော်ဒေးဗီးယန်း | ၂.၉ | ၂၃။ အက်တိုးနီးယန်း | ၁.၀ |
| ၁၂။ လစ်သူယေနီယန် | ၂.၉ | ၂၄။ အခြား | ၃၁.၀ |
| စုစုပေါင်း | - | - | ၂၈၅.၀ |

အထက်ပါ ဇယားအရ လူဦးရေးအများဆုံး ရုရှသည် အနည်းဆုံး အက်စ်တိုးနီးယန်းထက် (၁၃၇) ဆ ကွာခြားသည်။ ဧရိယာအကျယ်ဆုံးနှင့် လူဦးရေအများဆုံး ရုရှသည် ဧရိယာ အကျဉ်းဆုံး၊ လူဦးရေးအနည်းဆုံး ပြည်နယ်များနှင့် တန်းတူရည်တူပေါင်းသည်ကို သတိပြုရန် ဖြစ်သည်။

ရုရှတော်လှန်ရေးပြီးနောက် တက်လာသော ဆိုဗီယက်အစိုးရသည် ၎င်းတို့၏ အခြေခံဥပဒေသစ်တွင် လူမျိုးစုများ၊ ပြည်နယ်များကို ယခင်ဇာဘုရင်များလက်ထက်ကထက် ပိုမို ကျယ်ပြန့်သော အခွင့်အရေးများပေးခဲ့သည်ဟု ယူဆရန်ရှိသည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတနိုင်ငံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ သမ္မတနိုင်ငံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အမျိုးသား ဧရိယာဟူ၍ အဆင့်အမျိုးမျိုးပြဋ္ဌာန်းကာ လူမျိုးစုများအား အခွင့်အရေး ပေးခဲ့သည်။ ထို့အပြင် မည်သည့်နိုင်ငံတွင်မှ မပေးဖူးသည့် လွတ်လပ်စွာ ခွဲထွက်ပိုင်ခွင့်ကိုလည်း ဦးဦးဖျားဖျား ထူးခြားစွာ ပြဋ္ဌာန်းပေးခဲ့သည်။ အတင်းအဓမ္မ ပူးပေါင်းခြင်းသဘောကို မဆောင်ဘဲ လွတ်လပ်စွာ ပူးပေါင်းနိုင်သလို လွတ်လပ်စွာခွဲထွက်နိုင်သည်ဟု သတ်မှတ်ပေးထားခဲ့သည်။ ခွဲထွက်ပိုင်ခွင့်နှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်ပင် မရှိခဲ့ပေ။

လွှတ်တော်နှစ်ရပ်ထားရှိ၍ လူမျိုးစု လွှတ်တော်တွင် အဖွဲ့ဝင် ပြည်ထောင်စု သမ္မတနိုင်ငံများမှ ဦးရေအညီအမျှ စေလွှတ်ခွင့်ရပြီး ၎င်းလွှတ်တော် နှစ်ရပ်ကိုလည်း အာဏာတူပေးထားသည်။ ထို့ကြောင့် အပေါ်ယံအားဖြင့် ကြည့်လျှင် အမေရိကန်၊ ဆွစ်ဇာလန်စသော အနောက်ဒီမိုကရေစီ ပြည်ထောင်စုများထက် သာလွန်သည်ဟု ယူဆရန် ရှိသည်။ သို့သော် လက်တစ်ဘက်ဖြင့် ပေး၍ အခြားလက်တစ်ဘက်ဖြင့် ပြန်ယူသွားသည်ကို တွေ့ရသည်။ ၎င်းမှာ တိုင်းပြည်၏ လူဦးရေ၂၈၅ သန်းခန့်အနက် ၁၅ သန်းခန့်သာ ပါဝင်သော ကွန်မြူနစ်ပါတီက အဘက်ဘက် အလွှာတိုင်းမှ တင်းကျပ်စွာ ချုပ်ကိုင်လိုက်သောကြောင့် ဖြစ်သည်။

လွတ်လပ်စွာ ခွဲထွက်ပိုင်ခွင့်ကို အခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပါလျက် ဆိုဗီယက်ယူနီယံသည် နှစ်ပေါင်း ၇၀ သက်တမ်းအတွင်း ခွဲထွက်လိုသည့်လေသံပင် မကြားခဲ့ရ။ လူနေမှု အဆင့်အတန်း၊ စီးပွားရေး၊ လူမှုရေး စသည်တို့ကို တိုးတက်မြင့်မားလာသဖြင့် မကျေနပ်စရာ မရှိသောကြောင့် ခွဲထွက်လိုစိတ် မရှိသဖြင့် ငြိမ်သက်နေကြခြင်း ဖြစ်သည်ဟုလည်း ထင်ခဲ့ကြသည်။ သို့သော် မိမိပြည်ထောင်စု အတွင်းမှ မဟုတ်ဘဲ မိမိသြဇာခံဒေသဖြစ်သော ချက်ကိုစလိုဗက်ကီးယား၊ ဟန်ဂေရီအုပ်စုတို့မှ ခွဲခွာရန် အနည်းငယ်လူးလွန့်ရုံမျှဖြင့် စစ်တပ်အင်အားသုံး၍ ဖြိုခွင်းခဲ့သည်ကို တစ်ကမ္ဘာလုံးက တွေ့မြင်နေခဲ့ရာ ဆိုဗီယက်ပြည်ထောင်စု အတွင်းမှ ခွဲထွက်ရန် မကြိုးစားကြခြင်းမှာ ကြောက်၍လောဟုလည်း စဉ်းစားစရာဖြစ်လာခဲ့သည်။

သမ္မတဂေါ်ဘာချော့လက်ထက်၊ ဂလပ်စနော့ပ် (ခ) လွတ်လပ်စွာတွေးခေါ်ပြောဆို ခွင့်ပြုသည့်နှင့် အနှစ်နှစ်အလလ မြုံသိပ်ခဲ့သမျှ ပေါက်ကွဲပွင့်ထွက်လာပြီး ပြည်ထောင်စုကြီး ပြိုကွဲခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့ကြရသည်။ ထိုသို့ပြိုကွဲရခြင်း၏ အကြောင်းအရင်းကို ယထာဘူတကျကျ စဉ်းစားသုံးသပ်ပါလျှင် (၁) ပြည်ထောင်စုတည်ထောင်စက မိမိတို့သဘောတူချက်မပါဝင်ဘဲ အာဏာဖြင့် သိမ်းသွင်းထားမှုကြောင့် မလွဲမရှောင်သာပါဝင်လာ ရခြင်း၊ (၂) အခြေခံဥပဒေတွင် တန်းတူရည်တူ အခွင့်အရေးများ ပြဋ္ဌာန်းထားသည်မှန်သော်လည်း အပေါ်ယံဟန်ပြမျှသာ ဖြစ်ခဲ့၍ တစ်ပါတီအာဏာရှင်စနစ်ဖြင့် တင်းကျပ်စွာ ချုပ်ကိုင်လိုက်သောကြောင့် ၎င်းအခွင့်အရေးများ လက်တွေ့တွင် ဆုံးရှုံးခဲ့ရခြင်း၊ (၃) မကျေနပ်ချက်များကို ရင်ဖွင့်ပြောဆိုနိုင်သော ဒီမိုကရေစီအခွင့်အရေးများ လုံးဝမရှိခြင်း၊ (၄) ဗဟိုဦးစီးစနစ်မှ ရုန်းကန်လွန်မြောက်လိုခြင်း၊ (၅) မဟာရုရှဝါဒအောက်မှ လွတ်မြောက်လိုခြင်း စသည်တို့မှာ အဓိကအကြောင်းအရင်းများ ဖြစ်၍၊ (၆) အခြေခံဥပဒေတွင် ခွဲထွက် ပိုင်ခွင့် ပြဋ္ဌာန်းပါရှိခြင်းမှာ သာမည အကြောင်းမျှသာ ဖြစ်သည်ကို တွေ့ရပေမည်။ အမှတ် (၁) မှ (၅) အထိ အကြောင်းများသည် ဂလပ်စနော့ပ်ခေါ် ပွင့်လင်းစွာပြောဆို ဝေဖန် နိုင်မှုနှင့် ပူးပေါင်းမိသောအခါ ခွဲထွက်ပိုင်ခွင့် ရှိသည် ဟူသော အမှတ် (၆) အကျိုးကို သုံးစွဲရန် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အကြောင်းများကြောင့် အကျိုးဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ အကျိုးကြောင့် အကြောင်း ဖြစ်ပေါ်လာရခြင်းမဟုတ်ပါ။ မဆလ၊ နဝတ၊ နအဖ ဖက်ဆစ်စစ်အုပ်စုက ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံနှင့် ယူဂိုစလားဗီးယား ပြည်ထောင်စု သမ္မတနိုင်ငံတို့ပြို

ကွဲရခြင်းသည် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကြောင့် ဖြစ်ကြောင်း ဥပမာပေးပြီး မကြာခဏ ထုတ်ဖော်ထားကြောင်း တွေ့ရှိရသည်။ အမှန်မှာ ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံနှင့် ယူဂိုစလားဗီးယား ပြည်ထောင်စု သမ္မတနိုင်ငံတို့ ပြိုကွဲရခြင်းသည် ဖက်ဒရယ် ပြည်ထောင်စု စနစ်ကြောင့်မဟုတ်ဘဲ ဒီမိုကရေစီလုံးဝမရှိသော ကွန်မြူနစ်တစ်ပါတီ အာဏာရှင်စနစ်ကြောင့် ဖြစ်သည်။ ဥပမာ- ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပြီး ဒီမိုကရေစီ အခွင့်အရေး အပြည့်အဝရရှိသော အမေရိကန် ပြည်ထောင်စု၊ ဆွစ်ဇာလန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဩစတေးလျနိုင်ငံ စသည့်နိုင်ငံများသည် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံများ ဖြစ်ကြသော်လည်း ဒီမိုကရေစီ အခွင့်အရေး အပြည့်အဝရှိသဖြင့် ပြိုကွဲခြင်းမရှိဘဲ စည်းလုံးညီညွတ်ကာ တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောကြောင်း ဖော်ပြလိုသည်။

အခြေခံဥပဒေတွင် ခွဲထွက်ပိုင်ခွင့် လုံးဝပြဋ္ဌာန်းခြင်းမရှိသော (၁) ပါကစ္စတန်နိုင်ငံမှ ဘင်္ဂလားဒေ့ရှ် ခွဲထွက်ခြင်း၊ (၂) ယူဂိုဆလားဗီးယားမှ ပြည်နယ်များခွဲထွက်ခြင်း၊ (၃) ချက်ကိုစလိုဗက်ကီးယားမှ စလိုဗက် ခွဲထွက်ခြင်း စသည်တို့ကို ကြည့်လျှင် အခြေခံဥပဒေတွင် ခွဲထွက်ပိုင်ခွင့် မပြဋ္ဌာန်းထားသည့်တိုင်အောင် ခွဲထွက်စေလိုသော အကြောင်းရင်းများရှိခဲ့၍ ခွဲထွက်နိုင်သည့် အခွင့်အရေး ပေါ်ပေါက်ခဲ့လျှင် ခွဲထွက်ကြသည်။ ခွဲထွက်ပိုင်ခွင့်သည် အခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်မဆိုင်၊ ပြည်နယ် (သို့မဟုတ်) လူမျိုးတိုင်း၏ အခြေခံအခွင့်အရေးသာ ဖြစ်ကြောင်း ထင်ရှားပါသည်။

## ၅။ ယူဂိုစလားဗီးယား ပြည်ထောင်စုသမ္မတနိုင်ငံ

အောက်ပါ ပြည်နယ် (၆) ခုတို့ ပေါင်းစပ်ဖွဲ့စည်းထားသည်။

၁။ ဆာဗီးယား

၂။ မန်တီနီဂရို

၃။ မာစီဒိုးနီးယား

၄။ စလိုဗေးနီးယား

၅။ ကရိုအေးရှား

၆။ ဘော့စနီးယားနှင့် ဟာစီဂိုဗီးနား

လူမျိုးစုအားဖြင့် အောက်ပါအတိုင်း (၈)မျိုးခန့် ပါဝင်သည်။

၁။ ဆာ့ဗ် - ၄၂ %

၂။ ဒရုဒ် - ၂၃ %

၃။ စလိုဗက် - ၈%

၄။ မာစီဒိုးနီးယန်း - ၆ %

၅။ ဟန်ဂေရီယန် - ၂ %

၆။ တူရကီ - ၁%

၇။ အယ်လ်ဘေးနီးယန်း၊ ဘောစ်နီးယန်း၊ မွန်တီနီဂရို ၃ %

ဘာသာစကားအားဖြင့်

(၁) ဆာဗို-ကရေရှင်း - ၆၅% နှင့် (၂) စလိုဗေးနီးယန်း၊ မာစီဒိုနီးယန်း၊ ဟန်ဂေရီယန်း၊ အယ်လ်ဗေးနီးယန်း တို့က ၃၅% သုံးစွဲကြသည်။ ဆာဗိုကရေရှင်းဘာသာ စကားသုံးစွဲသော သူများအနက် ၄၂% မှာ ဆာ့ဗ်လူမျိုးဖြစ်ပြီး ၂၃% မှာ ကရိုအေးရှင်းများ ဖြစ်ကြ၍ ၎င်းတို့ လူမျိုးစုအချင်းချင်းလည်း ရာစုနှစ်ပေါင်းများစွာ ရန်စောင်နေကြသော လူမျိုးများဖြစ်ကြသည်။

ကိုးကွယ်သည့်ဘာသာများအနေဖြင့်လည်း (၁) ရှေးရိုးဆာဗီယန် ၃၄%၊ (၂) ရိုမန်ကက်သလစ် ၂၄%၊ (၃) မူစလင် ၁၀% စသဖြင့် ကွဲပြားမှုရှိသည်။

လက်ရှိပြည်နယ် (၆) ခုသည် ၁၉၁၈ ခုနှစ် မတိုင်မီက တသီးတခြားစီ တည်ရှိကြသည်။ ဆာဗီးယား၊ မယ်စီဒိုနီးယန်းနှင့် မွန်တီနီဂရိုးတို့သည် တူရကီအောက်နှစ်ပေါင်းများစွာ နေခဲ့ရသည်။ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားသည် စောစောပိုင်းက တူရကီအောက်ကျရောက်ပြီး ၁၉၁၈ ခုနှစ်တွင် ဩစတြီးယားအောက် ကျရောက်သည်။ စလိုဗေးနီးယားနှင့် ခရိုအေးရှား တို့သည် ဩစတြီးယားနှင့် ဟန်ဂေရီတို့အောက်တွင် နှစ်ပေါင်းများစွာ နေခဲ့ရသည်။ ပထမကမ္ဘာစစ်ကြီးပြီးသည့်နောက် ၁၉၁၈ ခုနှစ်မှ လက်ရှိ ယူဂိုစလားဗီးယားနိုင်ငံအဖြစ် ဆာဗီးယားဘုရင် ပထမပီတာ လက်အောက်တွင် စုပေါင်းမိကြသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီဂျာမနီအောက် ကျရောက်ခဲ့စဉ် ခရိုအေးရှားလူမျိုးများသည် နာဇီဂျာမနီကို ကူညီခဲ့ရ၍ ဆာ့ဗ်လူမျိုးများစွာကို ကူညီသတ်ဖြတ်ခဲ့သဖြင့် မကျေနပ်မှုများ ရှိခဲ့ကြသည်။ သို့သော် မာရှယ်တီးတိုး၏ခေါင်းဆောင်မှုဖြင့် ယူဂိုစလားဗီးယားပြည်ထောင်စုကို ကွန်မြူနစ်တစ်ပါတီစနစ်ဖြင့် တင်းကြပ်စွာ အုပ်ချုပ်သောအခါ ငြိမ်ဝပ်၍သွားသည်။ စလိုဗေးနီးယားနှင့် ခရိုအေးရှားတို့သည် စက်မှုထွန်းကားသောပြည်နယ်များဖြစ်၍ ဥရောပတိုက်နှင့်လက်တွေ့အားဖြင့်လည်းကောင်း၊ စိတ်ဓါတ်ရေးအရလည်းကောင်း ဆက်သွယ်မှု ပိုများသည်။ ၎င်းပြည်နယ်နှစ်ခုသည် အမျိုးသားကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေအများဆုံး ရှာပေးသော ပြည်နယ်များဖြစ်ကြပြီး စီးပွားရေး အားဖြင့် နောက်ကျသော ဆာဗီးယားနှင့် မွန်တီနီဂရို စသောပြည်နယ်များသို့ မျှဝေခွဲခြမ်းထောက်ပံ့နေရသဖြင့် မကျေနပ်ကြ။

ဆာဗီးယားသည် စီးပွားရေးအရ တိုးတက်မှုမရှိသည့်တိုင်အောင် ယူဂိုဆလားဗီးယားတပ်မတော် နှင့် အုပ်ချုပ်ရေးဌာနကြီးများတွင် ကြီးစိုးခွင့်ရရှိထားကြသည်။ အိမ်နီးချင်းပြည်နယ်များ ဖြစ်ကြသော ခရိုအေးရှားနှင့် ဘော့စ်နီးယား၊ ဟာစီရိုဗီးနားတို့တွင် ဆာဗီးယားလူမျိုးများစွာ အခြေချပြောင်းရွှေ့နေထိုင်ကြသဖြင့် ဒေသခံများ မကျေနပ်ကြ။ ထိုမကျေနပ်မှုများသည် အရှေ့ဥရောပ ကွန်မြူနစ်နိုင်ငံအများတွင် ဒီမိုကရေစီထွန်းကားလာသောအခါ ခေါင်းထောင်လာပြီး ခွဲထွက်မှုများ၊ ပြိုကွဲမှုများ ပေါ်ပေါက်လာရသည်။ အခြေခံဥပဒေတွင် ခွဲထွက်ပိုင်ခွင့် မပါဝင်သဖြင့် ယင်းအခွင့်အရေးကြောင့် ပြိုကွဲခြင်းမဟုတ်ကြောင်း

ထင်ရှားသည်။ ပြည်နယ်များ တပြေးညီတိုးတက်ရေးအတွက် အခြေခံဥပဒေတွင် ပြဋ္ဌာန်းသော်လည်း အကောင်အထည်ဖော်ရန် နှေးကွေးသဖြင့် အထမမြောက်သေးခြင်း၊ ဆာဗီးယားတို့၏ မဟာလူမျိုးကြီးဝါဒကို လက်ခံလိုခြင်း၊ သမိုင်းကြောင်းအရ မပြေလည်မှုများကို အနှစ်သာရ အားဖြင့် မဖြေရှင်းဘဲ အပေါ်ယံကြော ဖာထေးခဲ့ခြင်းတို့ကြောင့် အခွင့်အရေးရသည်နှင့်ပြိုကွဲသွားရခြင်းဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

ပြည်နယ် (၆) ခုအနက် (၄) ခု ခွဲထွက်သွားရာ ဆာဗီးယားနှင့် မွန်တီနီဂရို နှစ်ခုသာ ကျန်ရစ်သည်။ ခရိုအေးရှားနှင့် ဘော့စ်နီးယား၊ ဟာစီဂိုဗီးနားတို့တွင် နေထိုင်ကြသော ဆာ့ဗ်လူမျိုးများက ခွဲထွက်ရေးကို သဘောမတူကြ။ သို့ဖြင့် ခွဲထွက်ပြီးသော မိမိတို့အခြေချနေထိုင်ရာပြည်နယ်များ၌ ဆန္ဒပြနေကြသည်။ “သွေးသန့်ရေး” တိုက်ပွဲအမည်ခံကာ မိမိတို့နေထိုင်ရာပြည်နယ်များ အထူးသဖြင့် ဘော့စ်နီးယား၊ ဟာစီဂိုဗီးနားတွင် ငြိမ်းချမ်း စွာအတူနေထိုင်ရေးကို ဆန့်ကျင်ပြီး လူမျိုးရေးခွဲခြားမှု၊ မုန်းတီးမှုများ ပြုလုပ်လာကြ သည်။ ထိုသို့နယ်မြေခွဲခြားမှု အောင်မြင်လျှင် မိခင် ဆာဗီးယားနှင့်ပေါင်းပြီး မဟာ ဆာဗီးယားနိုင်ငံထူထောင်ရန် အာသီသကို ဖော်ပြနေကြသည်။ ဘော့စ်နီးယား၊ ဟာစီဂိုဗီးနား တွင် မူစလင် ၄၄%၊ ခရိုအေးရှား ၁၇%၊ ဆာ့ဗ် ၃၁% နှင့် အခြားလူမျိုးစုများ ၈% ခန့် စုပေါင်းနေထိုင်ကြသော်လည်း “သွေးသန့်ရေး” တိုက်ပွဲများကြောင့် နောက်ဆုံးအခြေအနေ အရ နယ်မြေ၏ ၅၇% ကို ဆာ့ဗ်တို့က သိမ်းပိုက်ထားနိုင်သည်။ မွန်တီနီဂရိုသည် ဆာဗီးယားနှင့် ပြည်ထောင်စုမှခွဲထွက်ရာ ပြည်သူ့ဆန္ဒခံယူရာမှာ ပြည်သူလူထုအများစုသည် ခွဲထွက်ရန် ဆန္ဒသဘောထား ရရှိထားသော်လည်း ဆာဗီးယားနှင့် ယနေ့ထိ ပြည်ထောင်စုအဖြစ် ပူးပေါင်းနေထိုင်ကြပြီး အခြေအနေရှုပ်ထွေးလျက်ရှိဆဲဖြစ်သည်။

## ၆။ ချက်ကိုစလိုဗက်ကီးယား

ချက်ကိုစလိုဗက်ကီးယားသည် ချက်သမ္မတနိုင်ငံနှင့် ဆလိုဗက်သမ္မတနိုင်ငံနှစ်ခုကို ပူးပေါင်းဖွဲ့စည်းထားသည်။ ချက်လူမျိုး ၁၀ သန်းနှင့် ဆလိုဗက်လူမျိုး ၅ သန်းခန့် ပါဝင်သည်။ ဆလိုဗက် ၅ သန်းထဲတွင် ဟန်ဂေရီနှင့် အခြားလူနည်းစုမှ ၁၂% ခန့် ပါဝင်သည်။ ချက်နိုင်ငံသည် သမိုင်းကြောင်းနှင့် စီးပွားရေးအရ အနောက်ဥရောပ၊ အထူးသဖြင့် ဂျာမနီနှင့် ပိုမို နီးစပ်သည်။ ဆလိုဗက်တို့သည် သီးခြားလွတ်လပ်စွာ နေလိုကြသည်။ ချက်နှင့် ဆလိုဗက်တို့သည် သီးခြားလူမျိုးများ၊ နိုင်ငံများဖြစ်ကြပြီး ၁၉၁၈ ခုနှစ်တွင်မှ ဩစတြီးယား-ဟန်ဂေရီအင်ပါယာတွင် ပါဝင်လာပြီး ချက်ကိုစလိုဗက်ကီး ယားနိုင်ငံ ဖြစ်လာသည်။ ၎င်းလူမျိုးနှစ်မျိုးအကြား ခါးသီးသော မုန်းတီးမှု ရန်ငြိုးများ မရှိခဲ့ကြ။ သို့သော် မိမိတို့ဘာသာ သီးခြားရပ်တည်ကာ လွတ်လပ်စွာနေလိုသောဆန္ဒများ ဆလိုဗက် တို့တွင် ရှိကြသည်။ ချက်တို့က စီးပွားရေးအားဖြင့် ပိုမိုတောင့်တင်းပြီး ဆလိုဗက်တို့အား ကူညီထောက်ပံ့ခဲ့ရသည်။ ထို့ကြောင့် ပြည်ထောင်စုပြိုကွဲခဲ့ရလျှင် ချက်လူမျိုးထက် ဆလိုဗက်တို့က ပိုမိုအရှုံးပေါ်မည် ဖြစ်သည်။ ချက်လူမျိုးများက ခွဲထွက်ရေးကို မလိုလားကြ။ ဆလိုဗက်တို့ဘက်ကမူ လူထုဆန္ဒမဲကောက်ယူချက်အရ သီးခြား ကင်းလွတ်စွာ နေထိုင်လိုသူ ၁၄%၊ လျော့ရဲစွာ ဖွဲ့စည်းမည့် ကွန်ဖက်ဒရေးရှင်းပုံစံမျိုး လိုလားသူ ၂၇% ရှိသည်။ ၂၅% က အချုပ်အခြာအာဏာကို လိုလားကြသော်လည်း ချက်နှင့် သီးခြားကင်းလွတ်လိုမှုထက် ကမ္ဘာ့ကုလသမဂ္ဂတွင် သီးခြားနေရာရယူလိုမှုကို လိုလားကြသည်။ အရှုံးထွက်ရန် ပိုမိုများသည့်ကြားမှပင် ဆလိုဗက်တို့သည် ခွဲထွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အကြောင်းအရင်းမှာ ၁၉၁၈ ခုနှစ်က ပူးပေါင်းခဲ့ကြရခြင်းမှာ မိမိတို့၏ လွတ်လပ်စွာ သဘောတူညီမှုကြောင့် မဟုတ်ဘဲ အထက်နှင့် ပြင်ပအာဏာပိုင်များ၏ ဩဇာအာဏာကို မလွန်ဆန်နိုင်၍သာဖြစ်ရာ၊ ယခုကဲ့သို့ ဒီမိုကရေစီနည်းအရ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်ရသည့်အခါတွင် လွတ်လပ်စွာ ဆုံးဖြတ်ခဲ့ကြခြင်းဟုပင် ယူဆရသည်။ မချမ်းသာချင်နေပါစေ လွတ်လပ်စွာနေရလျှင် တော်ပြီ။ ကြီးပွားချမ်းသာရေးအတွက် ကိုယ့်ကံကြမ္မာကို ဖန်တီးယူမည်ဟု ဆုံးဖြတ်ကြဟန်ရှိပါသည်။ ထူးခြားသည်မှာ ၎င်းတို့၏ အခြေခံဥပဒေတွင် ခွဲထွက်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားခြင်းလည်း မရှိ။ ခွဲထွက်ခြင်း မပြုရန် ချက်တို့ဖက်မှ ဥပဒေအာဏာကို အသုံးပြုခြင်းလည်းမရှိဘဲ အေးချမ်းစွာ ခွဲထွက်ကြခြင်းကို တွေ့ရှိရသည်။

## (ဂ) အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများမှ ရယူရန် သင်ခန်းစာများ

နိုင်ငံပေါင်းများစွာအနက်ထင်ရှားပြီးလျှင် စာတမ်းနှင့်လည်းကောင်း၊ မျက်မှောက်ခေတ်နှင့်လည်းကောင်း၊ ကိုက်ညီဆီလျော်သည့် တပြည်ထောင်စနစ် နိုင်ငံ (၃) နိုင်ငံနှင့် ပြည်ထောင်စုစနစ် နိုင်ငံ (၆) နိုင်ငံ၊ ပေါင်း (၉) နိုင်ငံ တို့၏ နောက်ခံသမိုင်းနှင့် အခြေခံ ဥပဒေတို့ကို အကျဉ်းမျှတင်ပြခဲ့ပြီဖြစ်သည်။ ၎င်းတို့မှ အောက်ပါသင်ခန်းစာများကို ထုတ်နှုတ်ရယူနိုင်ပါသည်။

၁။ ယေဘုယျအားဖြင့် လူမျိုးစုအရေအတွက်နည်းပြီး လူမျိုးရေး ပြဿနာ အထူးမပေါ်ပေါက်သော နိုင်ငံများ၌ တပြည်ထောင်စနစ်ကို သုံးလေ့ရှိ၍ လူမျိုးစုအရေအတွက်များပြီး လူမျိုးရေး ပြဿနာရှိသော နိုင်ငံများ၌ ပြည်ထောင်စုစနစ်ကို သုံးလေ့ရှိသည်။

၂။ လူမျိုးရေးပြဿနာသည် တပြည်ထောင်စနစ်တွင် (ဥပမာ-ဗြိတိန်၊ တရုတ်) ၌ လည်းကောင်း၊ ပြည်ထောင်စုစနစ်တွင် (ဥပမာ-ဆိုဗီယက် ရုရှ၊ ယူဂိုစလားဗီးယား၊ ချက်ကိုစလိုဗက်ကီးယား) ၌ လည်းကောင်း ရှိကြသည်။ သို့ရာတွင် နိုင်ငံဖွဲ့စည်းပုံစနစ်ကြောင့် လူမျိုးရေး ပြဿနာ ပေါ်ပေါက်ခြင်းမဟုတ်။ လူမျိုးရေး ပြဿနာရှိသောကြောင့်သာ ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြခြင်း ဖြစ်သည်။ ပြည်ထောင်စု ပုံသဏ္ဍာန်ဖွဲ့စည်းပြီး လူမျိုးစုအချင်းချင်း အာဏာကို မျှတစွာ ခွဲဝေပေးထားနိုင်လျှင် ပြဿနာ ပြေလည်နိုင်သည်။ ဆိုဗီယက်ပြည်ထောင်စု၊ယူဂိုစလားဗီးယားတို့တွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ပုံသဏ္ဍာန်မှန်သည်။ သို့သော် ဒီမိုကရေစီအခွင့်အရေးမရှိသည့် ကွန်မြူနစ် တစ်ပါတီအာဏာရှင်စနစ်ကြောင့် ပြဿနာပေါ်ပေါက်ကြောင်း တွေ့ရှိရသည်။

၃။ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော လူမျိုးရေးဝါဒဟူသော အစွန်းနှစ်ဘက်ကို ရှောင်နိုင်ရမည်။မိသားစုစိတ်ဓာတ်အပြည့်အဝထားရှိရမည်။ လူမျိုးကြီးက လူမျိုးငယ်များ အပေါ် ဗိုလ်မကျရ၊ အနိုင်မကျင့်ရ၊ ငဲ့ညှာထောက်ထားရမည်။ လူမျိုးငယ်များက လည်း ကျဉ်းမြောင်းသော လူမျိုးရေးဝါဒ စွန့်ပယ်ရမည်။ လိုတာထက်ပို၍ မှီခိုအားထားခြင်းကို ရှောင်ရမည်။ ဒေသစွဲနှင့်လူမျိုးရေးအစွဲဆိုသည်မှာဖျောက်ဖျက်၍မရနိုင်။ အစွန်းမရောက် အောင်ထိန်းသိမ်းရမည်။

၄။ အခြေခံဥပဒေတွင် တန်းတူရည်တူ ပြည်ထောင်စုသဘောဆောင်သည်။ သို့သော် ဒီမိုကရေစီ အခွင့်အရေး မပေးထားဘဲ တစ်ပါတီအာဏာရှင် စနစ်ဖြစ်ပါက ဥပဒေတွင် ပေး

ထားသောအခွင့်အရေး လက်တွေ့တွင်ဆုံးရှုံးသွားပြီး မကျေနပ်မှုများ ကိန်းအောင်း နေတတ်သည်။ (ဥပမာ- ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုစလားဗီးယား ဖွဲ့စည်းပုံတို့ဖြစ်သည်။)

၅။ အာဏာဖြင့် သိမ်းသွင်းခြင်း၊ စစ်ရေးအရ သိမ်းပိုက်ခြင်းတို့ဖြင့် ပူးပေါင်းဖွဲ့စည်းသော ပြည်ထောင်စုမျိုးတွင် (ဥပမာ-ဆိုဗီယက်ယူနီယံ၊ ယူဂိုစလားဗီးယား၊ ချက်ကိုစလို ဗက်ကီးယား စသည်) တည်တံ့ခိုင်မြဲမှုမရှိ။ ဗဟိုမှ ချုပ်ကိုင်မှု လျော့ရဲလာလျှင် နိုင်ငံရေး၊ စီးပွားရေး အကြပ်အတည်း ကြုံလာလျှင် ပြိုကွဲသွားသည်။ အချင်းချင်း တန်းတူရည်တူ ပြည်ထောင်စု နိုင်ငံဖွဲ့စည်းရန် သဘောတူညီခြင်းဖြစ်သာလျှင် ရေရှည်တည်တံ့ နိုင်သည်။ (ဥပမာ-ဆွစ်ဇာလန်၊ အမေရိကန် တို့ဖြစ်သည်။)

၆။ ခွဲထွက်ပိုင်ခွင့်ကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းဖြင့် တိုင်းပြည်ပြိုကွဲနိုင်သည်ဟုသော အယူအဆမှာ မမှန်ပါ။ ထိုသို့မပြဋ္ဌာန်းထားသော ပြည်ထောင်စု နိုင်ငံများဖြစ်သော (ဥပမာ-ယူဂိုစလားဗီးယား၊ ချက်ကိုစလိုဗက်ကီးယား) နိုင်ငံများနှင့် တစ်ပြည်ထောင်နိုင်ငံများ ဖြစ်သော (ဥပမာ - ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ် စသည်) တို့ပြိုကွဲသည်။ ထို့ကြောင့် ခွဲထွက်ပိုင်ခွင့် ဥပဒေသည် အဓိကမဟုတ်၊ လူမျိုးရေးမကျေနပ်မှုများကို ပြေလည်အောင် မဖြေရှင်းနိုင်ခြင်းသာလျှင် အဓိကဖြစ်သည်။ မြန်မာနိုင်ငံ၏ ၁၉၄၇ ခု ဖွဲ့စည်းပုံတွင် ခွဲထွက်ခွင့်ပါရှိသော်လည်း တိုင်းရင်းသားများ တစ်ကြိမ်တစ်ခါမျှ တောင်းဆိုခြင်းမရှိပဲ တန်းတူပြည်ထောင်စုတည်ထောင်လိုခြင်းဖြစ်သည်။ လူမျိုးကြီးဝါဒဆွဲကိုင်ထားသော ဗိုလ်နေဝင်း စစ်အုပ်စုက အာဏာသိမ်းရာ၌ အကြောင်းပြချက်အဖြစ် ဖော်ပြခြင်းသာဖြစ်သည်။

၇။ ပြည်ထောင်စုအဖြစ် ပူးပေါင်းပါဝင်သော ပြည်နယ်များသည် မူလက အချုပ်အခြာအာဏာ တည်ရှိရမည်။ နိုင်ငံရေးဒေသအဖြစ် ရပ်တည်ဖူးရမည်။ နိုင်ငံရေးဒေသသည် အုပ်ချုပ်ရေး ဒေသနှင့် ကွဲပြားသည်။ (ဥပမာ - ၁၉၇၄ ခု၊ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် နဝတ/ နအဖ အတုအယောင် အမျိုးသားညီလာခံမှ ချမှတ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခြေခံထားရှိရမည့် မူ (၁၀၄) ချက်တွင် ပြည်နယ် ၇ ခုနှင့် တိုင်း ၇ တိုင်းကို တန်းတူထားရှိခြင်းသည် နိုင်ငံရေးဒေသနှင့် အုပ်ချုပ်ရေး ဒေသ ရောထွေးထားသဖြင့် တိုင်းရင်းသားများ တန်းတူရေးကို မဖော်ဆောင်ပေးနိုင်၊ ဖက်ဒရယ်ပြည်ထောင်စု ဟူ၍လည်း မခေါ်ဆိုနိုင်ပေ။ တစ်ပြည်ထောင်စနစ်သာဖြစ်ပြီး ဗမာလူမျိုးကြီးမှ တိုင်းရင်းသား လူမျိုးငယ်များအပေါ် အမြဲတမ်းအပေါ် စီး ရယူထားခြင်း ဖြစ်သည်။

၈။ နိုင်ငံရေးဒေသဟူသောအင်္ဂါနှင့် ညီညွတ်လျှင် အကျယ်အဝန်း၊ လူဦးရေ၊ စီးပွားရေး တို့သည် အဓိကမဟုတ်။ တန်းတူရည်တူ အမျိုးသားပြည်နယ်များ စုစည်းထားသော ပြည်ထောင်စု ဖြစ်ရမည်။ (ဆိုဗီယက်ယူနီယံ၊ အမေရိကန်စသည်)။

၉။ ပြည်ထောင်စုမှန်လျှင် မဲဆန္ဒရှင် လူဦးရေအလိုက် ရွေးကောက်တင်မြှောက်ရသော ပြည်သူ့ လွှတ်တော်နှင့် ပြည်ထောင်စုဝင်ပြည်နယ်များအလိုက်အရေအတွက် ညီတူညီမျှ ပါဝင်သော လူမျိုးစုလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ် ပါဝင်ရမည်။ ပြည်သူ့လွှတ်တော်သည် လူတိုင်းတူညီသော အခွင့်အရေးကိုရရှိစေသော ပါလီမန် ဒီမိုကရေစီ ဖြစ်သည်။ လူမျိုးစုလွှတ်တော်သည် လူမျိုးများနှင့်ပြည်နယ်များ တန်းတူညီမျှမှုကိုသရုပ်ဆောင်သည်။ ခြွင်းချက်အနေဖြင့် အချို့ပြည်ထောင်စုများတွင် ပြည်နယ်များသည် လူမျိုးစုလွှတ်တော်၌ အရေအတွက် အညီအမျှ မရရှိဘဲ အချိုးကျသာ ရရှိသဖြင့် တန်းတူရည်တူ ပူးပေါင်းခြင်း မှုနှင့် ကွဲလွဲသည်။ လူမျိုးစုများ၊ ပြည်နယ်များကို တန်းတူရည်တူ အခွင့်အရေးပေးခြင်း သည် ပြည်ထောင်စု ဒီမိုကရေစီဟု ခေါ်ဝေါ်သည်။

၁၀။ ပြည်ထောင်စုလွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့သည် အခွင့်အရေးအာဏာတူ ရရှိစေရမည်။ ပြည်နယ်များ တန်းတူရည်တူဆက်ဆံသည့် သရုပ်ဖြစ်သည်။ ပြည်သူ့ လွှတ်တော်တွင် လူမျိုးကြီးက အသာစီးရမည်သာဖြစ်သည်။ လူမျိုးစုလွှတ်တော်တွင် လူမျိုးစုများက အသာစီးရမည်ဖြစ်သည်။ ထိုနှစ်ခု အာဏာတူ ပေးထားခြင်းဖြင့် လူမျိုးကြီးအနေဖြင့် လူမျိုးငယ်များအပေါ် အနိုင်မကျင့်နိုင်အောင် ကာကွယ်ထားခြင်း ဖြစ်သည်။

၁၁။ ဒီမိုကရေစီစနစ်အောက်တွင်သာ ပြည်ထောင်စုစနစ်ရှင်သန်နိုင်သည်။ တစ်ပါတီအာဏာရှင် စနစ်အောက်တွင် ပြည်ထောင်စု စနစ်မရှင်သန်နိုင်။ အကြောင်းမှာ လူမျိုးရေးတန်းတူညီတူမှု အခွင့်အရေးကို အခြေခံဥပဒေတွင် မည်သို့ရေးဆွဲထားစေကာမူ ဒီမိုကရေစီ အခွင့်အရေး မရှိပါက အသုံးပြုခွင့် မရှိသောကြောင့် ဖြစ်သည်။ (ဥပမာ-ဆိုဗီယက်ယူနီယံ၊ ယူဂိုစလားဗီးယား၊ နောက်ဆုံးပြိုကွဲသွားသည်။)

၁၂။ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာ၌ ပြည်သူလူထု၏ နားလည်သဘောတူညီမှု အစစ်အမှန်ရရှိမှသာလျှင် တည်မြဲသည်။ ဟန်ပြမဲဖြင့် ပြဋ္ဌာန်းခြင်းသည် မတည်မြဲနိုင်။ ထိုင်းနိုင်ငံတွင် မကြာသေးမီက အဖြစ်အပျက်၊ မြန်မာနိုင်ငံတွင် ၁၉၇၄ ခုနှစ်က ဆန္ဒမဲကောက်ယူခြင်းမျိုးသည် ဤအမျိုးအစားတွင် ပါဝင်သည်။

၁၃။ ပြည်ထောင်စုဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူကို အဓိက အခြေခံထားရှိရမည် ဖြစ်သဖြင့် လူမျိုးကြီးတစ်ခု အများစု အင်အားဖြင့် အတင်းအကျပ် သတ်မှတ်သော ဖွဲ့စည်းအုပ်ချုပ်ပုံသည် မတည်မြဲပေ။ (ဥပမာ-ဆိုဗီယက်ယူနီယံနှင့် ယူဂိုစလားဗီးယားနိုင်ငံ ပြိုကွဲခြင်း၊ မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပျက်စီးခြင်း။) ပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများအားလုံး သဘောတူညီခြင်း အင်အားရရှိမှသာလျှင် ပြည်ထောင်စုသည် တည်တံ့ခိုင်မြဲမည်ဖြစ်သည်။

၁၄။ ဆိုဗီယက်ယူနီယံနှင့် ယူဂိုစလားဗီးယားနိုင်ငံတို့သည် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံများဖြစ်သော်လည်း ဒီမိုကရေစီ အခွင့်အရေးမရှိသော ကွန်မြူနစ် တစ်ပါတီ အာဏာရှင် စနစ်ကြောင့် ပြည်ထောင်စု ပြိုကွဲသွားသည်။ ထိုနည်းတူ ၁၉၇၄ ခု မြန်မာနိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေသည် တစ်ပြည်ထောင် စနစ်ဖြစ်သည့်အပြင် မဆလ တစ်ပါတီအာဏာရှင် စနစ်ကြောင့် ဒီမိုကရေစီ အခွင့်အရေး လုံးဝဆိတ်သုဉ်း သွားသဖြင့် ၁၉၈၈ ခု၊ (၁၄)နှစ် အကြာတွင် လုံးဝပျက်ဆီးသွားသည်။

## (ဃ) မြန်မာနိုင်ငံ ၁၉၄၇ ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခု၊ ဖွဲ့ စည်းပုံ အခြေခံ ဥပဒေအပေါ်သုံးသပ်ချက်။

၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နိဒါန်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံသားများ ဖြစ်ကြသော ကျွန်ုပ်တို့သည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံကို အခိုင်အခံ့၊ အညီအညွတ် တည်ထောင်ရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ လွတ်လပ်စွာ တွေ့ကြုံနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟရေးသားဖော်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန် စသည်တို့ သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာ မှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်း ညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို နိုင်ငံသားအားလုံးတို့ ရရှိခံစားနိုင်စေခြင်းငှာ အခိုင်အမာ ဝန်ခံပြုရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း ဟူ၍ နိဒါန်းပိုင်းတွင် အလွန်မှ နားဝင်ချိုသာ ဖော်ကျူးထားသော်လည်း ဖွဲ့စည်းပုံ အခန်းများ၊ ပုဒ်မများ၊ ရေးဆွဲပြဋ္ဌာန်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ သဘောတူညီ ချုပ်ဆိုထားသော ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓါတ်ဖြစ်သော တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ရှိသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးမူနှင့် များစွာခြားနားကြောင်း တွေ့ရှိရသည်။

၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံမူများဖြင့် ဗိုလ်ချုပ်အောင်ဆန်း ၏ အခြေခံမူ (၄) ချက်၊ လမ်းညွှန်ချက် (၇) ချက် ချမှတ်ထားသည့်အပြင် ဖဆပလ ပဏာမ ပြင်ဆင်ရေး ညီလာခံက လက်ခံချမှတ်ထားသော (၁၄) ချက်၊ တိုင်းပြုပြည်ပြု လွှတ်တော်က ပြည်ထောင်စုနိုင်ငံ ဥပဒေပြုကိစ္စ စာရင်း (၆) ပိုင်း ပြုစုထားသည်။ သို့ရာတွင် လက်တွေ့ အခြေခံဥပဒေရေးဆွဲရာမှာ -

၁။ ဗမာပြည်မနယ်မြေ (ပြည်ထောင်စု ဗဟိုအာဏာနှင့် တွဲထားပြီး ရှမ်း၊ ကချင်၊ ချင်း အမျိုးသား နယ်မြေများကို လက်အောက်ခံနယ်မြေအဖြစ် သတ်မှတ်ထားသဖြင့် တိုင်းရင်းသား တန်းတူအခွင့်အရေး ဆုံးရှုံးခြင်း။)

၂။ အမျိုးသားပြည်နယ် အဆင့်အတန်း ဂုဏ်အင်္ဂါရပ် လက္ခဏာနှင့် ပြည့်စုံသော ကရင်၊ မွန်၊ ရခိုင်ပြည်နယ်ကို ဖော်ထုတ်မပေးခြင်း။

၃။ သီးခြားလွတ်လပ်သော ကရင်နီပြည်ကို စောဖျာများနှင့် ပြည်သူလူထု ဆန္ဒမပါဘဲ လက်အောက်ပြည်နယ်အဖြစ် သတ်မှတ်ခြင်း စသည့်ပြဿနာများကြောင့် ပြည်တွင်းစစ်မီး တဆင့်ပြီးတဆင့် တောက်လောင်ကျွမ်းသွားသည်။

## ဒေါက်တာမောင်မောင် ဖွင့်ဆိုထားသော နိုင်ငံတော်အလံ၏ အဓိပ္ပါယ်[61] *

- အလံတော်ကို လွှင့်ထူလျှင် ကြယ်ဖြူကြီးနှင့်တကွ ကြယ်ရံများ၏ ရောင်ခြည်လက် တစ်ခုစီသည် အထက်ဖက်သို့ မတ်မတ်ညွှတ်လျက် ရှိစေရမည်။

- အလံတော်၏ အတိုင်းအတာမှာ အလျား ၉ ပေ၊ အနံ ၅ပေ၊ လက်ဝဲအထက်ဒေါင့် အပြာရင့်အခန်း၊ အလျား ၄ပေ၊ အနံ ၂ပေခွဲ ကြယ်ကြီးအတွက် ထောင့်ဖျားများကို ဖြတ်၍ဆွဲထားသော စက်ဝိုင်း၏အချင်းမှာ ၁ ပေ ၆လက်မ၊ ကြယ်ငယ်အတွက် ၉ လက်မ ဖြစ်သည်။ အလံကြီးငယ်မဟူ ၎င်းအချိုးအစားအတိုင်း မှန်ကန်ရမည်။

- အလံတော်သည် တော်လှန်ရေးမှ ပြည်ထောင်စု မြန်မာနိုင်ငံကို ထူထောင်ခဲ့ကြောင်း သရုပ်ဆောင်သည်။ အနီခံနှင့် လက်ဝဲအထက်ထောင့်၌ ကြယ်ကြီးတစ်ပွင့်ထားရှိခြင်းမှာ တော်လှန်ရေးအလံကို မတိမ်ကော၊ မပပျောက်စေရန် ထိန်းသိမ်းခြင်း သဘောသာ ဖြစ်သည်။

- ကြယ်ကြီးတစ်ပွင့်ကို ကြယ်ငယ် ငါးပွင့် ရံထားခြင်းမှာ ပြည်ထောင်စု အထိမ်းအမှတ်ဖြစ်သည်။ ကြယ်ငါးပွင့်မှာ မွန်၊ မြန်မာ၊ ရခိုင်၊ ကရင်၊ ရှမ်း၊ ကချင်နှင့် ချင်းလူမျိုးတို့

61 ဒေါက်တာမောင်မောင်၊ တို့ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ၊ ၁၉၅၉၊ နိုင်ငံတော်အလံ၊ စာ - ၁၁၈

ပါဝင်ပေါင်းစည်း၍ တည်ထောင်သော ပြည်ထောင်စုဟူသောအဓိပ္ပါယ်ကိုဆောင်၏။ တိုင်းရင်းသားလူမျိုးစု အားလုံးသည် ၎င်းလူမျိုးကြီး ၅ စုတွင် ပါဝင်ကြပြီးသာ ဖြစ်ပါသည်။

- အလံတော်ကို အနီခံခြင်း သဘောသည် ရဲရင့်ခြင်း၊ ဇွဲကောင်းခြင်း၊ သွေးစည်းညီညွတ်ခြင်းတို့ ဖြစ်သည်။ ကြယ်ကြီး၏ အရောင်ခြယ်လက်များအကြားတွင် ကြယ်ငယ်များကို သွင်းထားခြင်းမှာ တော်လှန်ရေးတွင် မြန်မာတိုင်းရင်းသား အားလုံးစည်းလုံးညီညွတ်ရန် ဆောင်ရွက်လာသော သဘောကို ထင်ရှားစေလိုသောကြောင့် ဖြစ်၏။

- လက်ဝဲဖက် အထက်ဒေါင့်ခန်းတွင် အပြာရင့်ရောင် ရေးခြယ်ထားခြင်းမှာ ကောင်းကင်၏ သဘော၊ နက်နဲသောသဘော၊ စိတ်အေးချမ်းကြည်လင်သောသဘော၊ ညဥ့်ကောင်းကင်မှာ အလင်းရောင် ပေါ်ပေါက်လာခြင်းသဘောတို့ကို ထင်ရှားစေလိုသောကြောင့် ဖြစ်သည်။

- အလံတော်တွင် ကြယ်ကိုအသုံးပြုခြင်းမှာ ကြယ်၏သဘောဖြစ်သော ခရီးလမ်းတွင် မရပ်မနားသွားတတ်ခြင်း၊ သွားမြဲခရီးကို မပျက်မစီး မစွန့်မလွှတ်သွားတတ်ခြင်း၊ အမြဲတစေ ရှေ့သို့ တက်ခြင်း၊ ခရီးသည်တို့ကို လမ်းညွှန်ခြင်း စသော ဂုဏ်အင်္ဂါတို့ဖြင့် ပြည့်စုံ၍ ဖြစ်သည်။ ထို့အပြင် ကြယ်သည် ကမ္ဘာတည်မှ စ၍ ကောင်းကင်၌ ကိုယ်ပိုင်ပကတိအလင်းရောင်ဖြင့် ထင်ရှားသကဲ့သို့ မြန်မာနိုင်ငံသည်လည်း ကမ္ဘာပေါ်တွင် ကိုယ်ပိုင်လွတ်လပ်သော ပကတိထင်ရှားခြင်းဖြင့် တည်ခြင်းသဘောကိုပြ၏။ ကြယ်များကို အဖြူရောင်ဖြင့် ရေးခြယ်ထားခြင်းမှာ ဖြူစင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ တည်ကြည်ခြင်းစသော ဂုဏ်အင်္ဂါရပ်တို့ကြောင့် တည်းဟူ၍ ဒေါက်တာ မောင်မောင်က အဓိပ္ပါယ်ဖွင့်ဆိုထားကြောင်း တွေ့ရှိရသည်။

* ဒေါက်တာမောင်မောင် အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ၁၉၄၇ ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် (ရှမ်းပြည်၊ ကချင်ပြည်၊ ကရင်နီပြည်၊ ချင်းပြည်၊ ဗမာပြည်မ) ဟူ၍ နယ်မြေ ၅ ခု ပိုင်းခြားထားသဖြင့် ကြယ်ကို လည်း ၅ လုံး ခြံရံထားသည်။ ထို့ကြောင့် နိုင်ငံတော်အလံတွင် ကြယ် ၅ လုံးအဓိပ္ပါယ် ဖော်ပြထားရာမှာ တိုင်းရင်းသားနယ်မြေများ ၅ ခုအတွက် ဖော်ညွှန်းထားခြင်း ဖြစ်သည်။ ကရင်ပြည်ကို ၁၉၅၂ ခုမှ တည်ထောင်ပေးသည်။ သို့သော် ကရင်ပြည်နယ်ထူထောင်ပြီးသည့်နောက် အလံတွင် ကြယ်တစ်လုံး ထပ်မံမတိုးသဖြင့် ဗမာပြည်မအတွက် အလယ်ကြယ်မကြီးကို ဖော်ညွှန်းသလို အဓိပ္ပါယ်သက်ရောက်သွားသည့် အပေါ် များယွင်းစွာ ယူဆခြင်းဖြစ်သည်။

နိဒါန်းပိုင်းတွင်လည်းကောင်း၊ အလံတွင်လည်းကောင်း၊ မည်ကဲ့သို့ အကြောင်းအမျိုးမျိုးဖြင့် ဖော်ညွှန်းထားသော်လည်း ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဗမာအမျိုးသား အတွက် ပြည်နယ်တစ်ခု မဖော်ဆောင်ပဲ ပြည်ထောင်စုနှင့် တွဲထားသဖြင့် ပြည်နယ်များသည် ဗမာပြည်မ၏ စိုးမိုးအာဏာလွှမ်းခြင်း ခံရသည်။ ပြည်ထောင်စုခေါ်တွင်သော်လည်း လူမျိုးတစ်မျိုးသာ တိုင်းပြည်၏ အချုပ်အခြာအာဏာကို စွဲကိုင်ပြီး အခြားတိုင်းရင်းသား လူမျိုးပေါင်းစုံ၏ ဘဝကံကြမ္မာကို စိတ်ကြိုက်ဖန်တီးပေးခြင်းသာ ဖြစ်သည်။ ပြည်ထောင်စု ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးချုပ်များကို တိုက်ရိုက်ခန့်ထားသည့် အာဏာအပ်နှင်း ထားသည်အထိ ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ပြည်နယ်များသည် ပြည်မအစိုးရ၏ လက်အောက်ခံဘဝသို့ လုံးလုံးလျားလျား ကျရောက်သွားသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေသက်တမ်းနှင့်တပြိုင်တည်း ပြည်တွင်းစစ်မီးသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် လောင်ကျွမ်းသွားသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ တည်ဆောက်ထားသော ပင်လုံစိတ်ဓါတ်၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးသည်လည်း တစတစ ယိမ်းယိုင်သွားသည်။ ပြည်တွင်းစစ်မီးကြောင့် နောက်ဆုံး ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းဦးဆောင်သော ဖက်ဆစ်စစ်အုပ်စုက တိုင်းပြည်အာဏာသိမ်းယူသွားသည်အထိ ဖြစ်ပွားခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံရေးပညာရှင်တစ်ချို့က ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်းပြည်ထောင်စု ဟူ၍လည်း ခေါ်ဝေါ်ကြသည်။

ထို့ကြောင့် တိုင်းရင်းသားများ တန်းတူရေးမရှိသော ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေသည်လည်း ၁၄ နှစ်ကြာတွင် ပျက်ဆီးသွားလေသည်။

၁၉၇၄ ခုနှစ်တွင် မဆလ တပါတီဖက်ဆစ်စစ်အုပ်စုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ၎င်းတို့ စိတ်ကြိုက်ရေးဆွဲ ပြဋ္ဌာန်းလိုက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်း (၇)တိုင်းနှင့် ပြည်နယ် (၇)ခုကို ပြည်ထောင်စုဟု ခေါ်တွင်ခဲ့ သော်လည်း အမှန်မှာ တပြည်ထောင်စနစ်ပင် ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေနိဒါန်းတွင် တိုင်းရင်းသားများအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေ တည်းသောက်၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် ရာသက်ပန်ပူးပေါင်းနေထိုင်ရေး ဟူ၍ စကားလုံးလှလှ သုံးထားသော်လည်း တိုင်းရင်းသားများ တန်းတူအခွင့်အရေး မရှိရုံမျှမက တိုင်းရင်းသားများ အခြေခံအခွင့်အရေးများသည်ပင်လျှင် အားလုံးဆုံးရှုံးသွားသည်။ မဆလ တပါတီအာဏာရှင်လူတစ်စုက တိုင်းပြည်အချုပ်အခြာအာဏာကို စွဲကိုင်ပြီး တိုင်းရင်းသား

လူမျိုးပေါင်းစုံ ပြည်သူလူထုတစ်ရပ်လုံးအပေါ် အာဏာရှင်စနစ်ဖြင့် အုပ်စိုးခြင်းပင် ဖြစ်သည်။ ၁၉၈၈ ခု၊ ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် မဆလ အာဏာရှင်စနစ် ချုပ်ငြိမ်းသွား သည်။ စစ်အုပ်စုက စိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်း ၎င်းတို့ကိုယ်တိုင် ဖျက်သိမ်းလိုက် ရသည်။ ထို့ကြောင့် ဒီမိုကရေစီ အခွင့်အရေးမရှိသော ၁၉၇၄ ခု၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသည်လည်း ၁၄ နှစ်အကြာတွင် ပျက်ဆီးသွားတော့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ အခြေခံပြဿနာသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဿနာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဿနာဆိုရာမှာ တိုင်းရင်းသားများ တန်းတူအခွင့်အရေး ဆုံးရှုံးခြင်း ပြဿနာနှင့် ဒီမိုကရေစီ ဆိတ်သုဉ်းခြင်း ပြဿနာနှစ်ရပ်ဖြစ်သဖြင့် ယင်းဒွန်တွဲနေသော ပြဿနာ နှစ်ရပ်ကို တပြိုင်တည်း ဖြေရှင်းသွားမှသာလျှင် ငြိမ်းချမ်းရေးသာယာဝပြောသော ပြည်ထောင်စုနိုင်ငံတော်သစ်ကို တည်ဆောက်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရှေးပဒေသရာဇ်ခေတ်ကာလကတည်းက ယနေ့ထိကိုယ်ပိုင်နယ်မြေအဖြစ် အတူ ယှဉ်တွဲနေထိုင်လာကြသော ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင် စသည့် ဌာနေတိုင်းရင်းသားများသည် ကြီးငယ်မတူ တန်းတူရည်တူ ပင်လုံစိတ်ဓါတ်၊ ပြည်ထောင်စု စိတ်ဓါတ်အပြည့်အဝဖြင့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံကို တည်ဆောက်သွားကြရမည် ဖြစ်ပေသည်။

# အခန်း (၁၄)
# စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော် တည်ဆောက်ရေး

# အခန်း (၁၄)

# စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး

## (က) နဝတ၊ နအဖ စစ်အုပ်စုမှ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ပြင်ဆင်ခြင်း

နအဖစစ်အုပ်စုသည် ၁၉၄၇ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ တိုင်းရင်းသားများ တန်းတူအခွင့်အရေး ဆုံးရှုံးခြင်းပြဿနာကြောင့် ပြည်တွင်းစစ်မီး တဆင့်ပြီး တဆင့် လောင်ကျွမ်းသွားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသည် (၁၄) နှစ်အကြာတွင် ပျက်စီးသွားသည်ကိုလည်းကောင်း၊ ဗိုလ်နေဝင်းဦးဆောင်သည့် မဆလ တပါတီအာဏာရှင်က စိတ်ကြိုက်ရေးဆွဲပြဋ္ဌာန်းထားသော ၁၉၇၄ ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီအခွင့်အရေးဟူသမျှ ဆိတ်သုဉ်းသွားသဖြင့် ၁၉၈၈ ခု၊ ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် မိမိရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်ပိုင်ဖျက်ဆီးလိုက်ရသည်ကိုလည်းကောင်း ပြောင်ပြောင်တင်းတင်းပင် မျက်ကွယ်ပြုထားသည်။

နအဖ စစ်အုပ်စုသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွဲကိုင်၍ ပြည်သူတရပ်လုံးအပေါ် ဆက်လက်စိုးမိုးချယ်လှယ်နေနိုင်ရန် မိမိတို့စိတ်ကြိုက် လက်ထောင်ခေါင်းညိတ် ကိုယ်စားလှယ်များ လွှမ်းမိုးထားသော ညီလာခံကိုယ်စားလှယ်များဖြင့် ဟန်ပြအမျိုးသားညီလာခံ[62] ကို ဒရွတ်တိုက် ကျင်းပလျက်ရှိသည်။

62 ဒယ်နီရယ်အောင်၏ 'နဝတ/ နအဖ အမျိုးသားညီလာခံအတွေ့အကြုံရှင်းလင်းချက်' (၂၀၀၁) * နောက်ဆက်တွဲတွင်ဖော်ပြထားသည်။

နအဖကျင်းပပြုလုပ်သော အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆) ချက်မှာ ...

(၁) ပြည်ထောင်စုမပြိုကွဲရေး၊

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

(၄) စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊

(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး။

(၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်ဟူ၍ ပါရှိသည်။

အထက်ပါ ဦးတည်ချက် (၅) ရပ်သည် ဒီမိုကရေစီတည်ဆောက်ရေးနှင့် အလွန်သင့်မြတ်လှပေသည်။ သို့သော် ဦးတည်ချက် (၆) သည် အထက်ပါဦးတည်ချက် (၅) ရပ်နှင့် လုံးလုံးလျားလျား ဆန့်ကျင်ပြီး မည်သို့မှ ပေါင်းစပ်ဆက်စပ်၍မရနိုင်ပေ။

နအဖ၏ အမျိုးသားညီလာခံမှ ဦးတည်ချက် (၆) ချက်ပါရှိသည့်အတိုင်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမည့်အခြေခံမူ (၁၀၄) ချက်နှင့် အသေးစိတ် အခြေခံထားရှိရမည့်မူများကို ချမှတ်ရာတွင် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး အမျိုးသားတန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် လုံးဝဆန့်ကျင် လျက်ရှိသည်။

## အခြေခံမူ ၁၀၄ ချက် (အကျဉ်းချုပ်)

၁။နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်။

၂။နိုင်ငံတော်သမ္မတအကြီးအကဲသည် နိုင်ငံရေး၊အုပ်ချုပ်ရေး၊စီးပွားရေး၊စစ်ရေး စသည့်အမြင်များရှိရမည်။

၃။ပြည်ထောင်စု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်များနှင့်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များတို့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများ ၂၅ ရာခိုင်နှုန်း ပါဝင်သည်။

၄။ ပြည်ထောင်စု၊ ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် ခရိုင် အုပ်ချုပ်ရေးတို့တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ တာဝန်များထမ်းဆောင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားများပါဝင်သည်။

၅။ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။

၆။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့်ရယူရန် ကြိုးပမ်းအားထုတ်ခြင်းကြောင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင်ဖြစ်၊ ပေါ်ပေါက်ရန် လုံလောက်သောအကြောင်း ရှိလျှင်ဖြစ်စေ၊ ပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အခြေအနေပေါ်ပေါက်လျှင်ဖြစ်စေ၊ သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တားဆီးကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။

## အသေးစိတ်အခြေခံရမည့်မူများ (အကျဉ်းချုပ်)

၁။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၄၄၀) ဦးအနက် တပ်မတော်သား (၁၁၀) ဦးနှင့် အမျိုးသားလွှတ်တော် (၂၂၄) ဦး အနက် တပ်မတော်သား (၅၆) ဦးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်ပါဝင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ကော်မတီတွင် ကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စများကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာကိစ္စများကိုလည်းကောင်း၊ အကြောင်းပေါ်ပေါက်က အမျိုးသားလွှတ်တော်သည် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

၃။ ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံတပုံနှင့်ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် ကိုယ်စားလှယ်များပါဝင်ရမည်။

၄။နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများနှင့်ဒုဝန်ကြီးများကို လွှတ်တော်ကိုယ်စားလှယ်ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်စေ ခန့်အပ်ခြင်းနှင့် ရပ်စဲခြင်း ပါရှိသည်။

၅။ နိုင်ငံတော်သမ္မတသည် (ပြည်ထောင်စု၊ ပြည်နယ်များ၊ တိုင်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ဒေသ) တွင် ကာကွယ်ရေးဝန်ကြီး၊ လုံခြုံရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် လိုအပ်သောဝန်ကြီးများနှင့် ဒုဝန်ကြီးများခန့်ထားရန်အတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းရမည်။

၆။ နိုင်ငံတော်သမ္မတသည် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်က ရွေးချယ်ထားသောလွှတ်တော်ကိုယ်စားလှယ်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်။ ဝန်ကြီးချုပ်နှင့် လွှတ်တော်က တင်ပြထားသော (ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေး တိုင်းဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ဒေသဥက္ကဋ္ဌနှင့် တိုင်းရင်းသားရေးရာ တာဝန်ခံကို သမ္မတက ခန့်အပ်ခြင်းနှင့် ရပ်စဲခြင်း ပါရှိသည်။

၇။ ပြည်ထောင်စုသမ္မတသည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတို့တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးတာဝန်ပေးအပ်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ တပ်မတော်သားများ၏ အမည်စာရင်းကို တောင်းခံရမည်။

၈။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း ဦးစီးအဖွဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ဦးစီးအဖွဲ့တွင် အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ လေးပုံတပုံကို တပ်မတော်သားများဖြင့် တာဝန်ပေးအပ်ရမည်။

၉။ ကိုယ်ပိုင်အုပ်ချုပ်ရတိုင်း (သို့) ကိုယ်ပိုင်အုပ်ချုပ်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်အားလည်းကောင်း၊ နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်။

၁၀။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့ကို ခန့်အပ်ခြင်းနှင့် ရုပ်စဲခြင်း ပါရှိသည်။

အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံထားရှိရမည့် အခြေခံမူ(၁၀၄)ချက်နှင့် အသေးစိတ်အခြေခံထားရှိရမည့် အချက်များကိုသုံးသပ်ပါက စစ်အုပ်စုသည် တိုင်းပြည်တွင် အာဏာသုံးရပ်ဖြစ်သော ဥပဒေပြုအာဏာအဆင့်ဆင့်၊ အုပ်ချုပ်ရေး အာဏာအဆင့်ဆင့်၊ တရားစီရင်ရေးအာဏာ အဆင့်ဆင့်တို့ကို ဆင်လက်၍စိုးမိုး ထားလိုခြင်းပင်ဖြစ်သည်။

## (ခ) စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး

ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြေခံဇစ်မြစ်မူရင်းပြဿနာသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဿနာဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ပြဿနာကို ခွဲခြမ်းစိတ်ဖြာ ပါက ၁၉၄၇ ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ် အခြေခံမူ လမ်းစဉ်အပေါ် အားနည်းသေွဖည်သွားသဖြင့် တိုင်းရင်းသားများတန်းတူအခွင့်အရေး ဆုံးရှုံးခြင်း ပြဿနာရပ်အခြေခံ၍ ပြည်တွင်းစစ်မီး တဆင့်ပြီးတဆင့် လောင်ကျွမ်းပြီး စစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၄ နှစ် သက်တမ်းအကြာတွင် ပျက်စီးသွားသည်။

ဗိုလ်နေဝင်းဦးဆောင်သော မဆလတပါတီအာဏာရှင်စစ်အုပ်စုသည် မိမိတို့စိတ်ကြိုက် ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေတခုကို ရေးဆွဲပြဋ္ဌာန်းလိုက်သည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေသည် တိုင်းရင်းသားများတန်းတူရေးနှင့် ပြည်သူများဒီမိုကရေစီ အခွင့်အရေး ဟူသမျှ လုံးဝဆိတ်သုဉ်းသွားသဖြင့် ပြည်တွင်းစစ်မီးဟုန်းဟုန်းတောက်လောင် ကျွမ်းခြင်းနှင့် အတူ ၁၉၈၈ ခု၊ ပြည်သူလူထုဒီမိုကရေစီ အရေးတော်ပုံကြီးကြောင့် မဆလ တပါတီ အာဏာရှင်စနစ် ပြုတ်ကျသွားခဲ့ပြီး ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ၎င်းတို့ကိုယ်တိုင် ဖျက်သိမ်းလိုက်ရသည်။ တိုင်းရင်းသားတန်းတူရေးနှင့် ပြည်သူ့ဒီမိုကရေစီရေး မရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း (၁၄) နှစ်အကြာတွင် ပျက်စီးသွားသည်။

နောက်ဆုံးရလဒ်သည် ယင်းပြဿနာနှစ်ရပ်ကြောင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ဘဝသို့ ကျဆင်းပြီး ပြည်သူများ စားဝတ်နေရေးသည်လည်း အတိဒုက္ခမျိုးစုံကြုံတွေ့နေရသည်။ တပြိုင်တည်း ဖြေရှင်းသွားမည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကို တည်ဆောက်သွားရန် လိုအပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများဖြစ်ကြသော (ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း) စသည့် တိုင်းရင်းသားများသည် ရှေးပဒေသရာဇ်ခေတ်ကတည်းက သီးခြားလွတ်လပ်စွာ ကိုယ်ပိုင်နယ်မြေဖြင့် အုပ်ချုပ်နေထိုင်လာကြသော ဌာနေတိုင်းရင်းသား ဖြစ်ကြသည်။ ထိုသို့ မိမိအစဉ်အလာနှင့်နေထိုင်လာကြသော လူမျိုးတမျိုးမှာ အခြားလူမျိုး တမျိုး၏လက်အောက်ခံဘဝ မနေလိုခြင်းသည်သဘာဝကျသည်။ အင်္ဂလိပ်

ကိုလိုနီနယ်ချဲ့ လက်အောက်တွင်လည်း မနေလိုကြပါ။ သီးခြားစီတည်ရှိသောနယ်မြေများ တပြိုင်တည်း လွတ်လပ်ရေးရယူပြီး တန်းတူရည်တူ ပြည်ထောင်စုတည်ဆောက်ရေးသည် သာလျှင် တိုင်းပြည်၏ လုံခြုံရေး၊ စီးပွားရေး၊ အင်အားတောင့်တင်းမည်ဟု ယုံကြည်သည်။ ထိုသို့ပြည်ထောင်စုတည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးနှင့် ပြည်သူတရပ်လုံးဒီမိုကရေစီ လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်သွားပေး ရမည်ဖြစ်သည်။ ဤသည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားချမှတ်ထားသော ပင်လုံ စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အစစ်အမှန်ပင်ဖြစ်သည်။

အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး နှင့် ပတ်သက်၍ ပြည်တွင်းတွင်ရှိသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေး အဖွဲ့အစည်းများတို့သည် အပြည့်အဝရေးဆွဲပိုင်ခွင့်ရှိသည်။ သို့သော် နအဖစစ်အုပ်စုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်သူလူထုတိုင်း တာဝန်ရှိသည်ဟု ဟန်ပြ ထုတ်ပြန်ထားသော်လည်း ၎င်းတို့၏ အတုအယောင် အမျိုးသားညီလာခံကို ထိပါးလာပါက အမိန့်အမှတ် ၅/၉၆[63] အရ ထောင်ဒဏ် ၅ နှစ်မှ ၂၀ နှစ် အထိချမှတ်နိုင်ကြောင်း အမိန့်ထုတ် ပြန်ထားပြန်သည်။ သို့ဖြစ်ပါ၍ ပြည်တွင်းတွင်ရှိသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များ၊ နိုင်ငံရေးခေါင်းဆောင်များသည် လုံးဝ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်သည့် အခွင့်အရေးမရှိပါ။

သို့ရာတွင် လွတ်မြောက်နယ်မြေနှင့် နိုင်ငံတကာမှာရောက်ရှိနေကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ၃၃ ဦးတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပိုင်ခွင့်ရှိသည်။ ထို့အပြင် ပြည်သူလူထုကို ကိုယ်စားပြုပြီး ဖွဲ့စည်းထားသော ဒီမိုကရေစီအင်အားစု အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုထားသော အင်အားစုအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် လူငယ်အဖွဲ့အစည်းများတို့သည်လည်း ပြည်သူလူထုများမှ မွေးဖွားပေးလိုက်သော အဖွဲ့အစည်းများဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပိုင်ခွင့် ရှိကြသည်။

---

63 နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့်အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆ ဖြင့် ၁၉၉၆ခုနှစ်၊ဇွန်လ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထိုဥပဒေ၏ ပုဒ်မ ၄ အရ ကျူးလွန်သူသည် ထောင်ဒဏ်အနည်းဆုံး (၅) နှစ်မှ အများဆုံး (၂၀) နှစ်အထိ ချမှတ်ခံရမည့်အပြင်၊ ငွေဒဏ်လည်း ကျခံနိုင်သည်။

ထို့ကြောင့် ၂၀၀၄ ခုနှစ်အတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအဖွဲ့အစည်းများတို့သည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံမှုနှင့် ပတ်သက်၍ တနှစ်အတွင်း အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီး ၂၀၀၅ ခု၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ ပင်လုံစာချုပ် ချုပ်သော (၅၇) နှစ် နှစ်ပတ်လည်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းပေါင်း (၄၂) ဖွဲ့ မှကိုယ်စားလှယ်များ (၁၀၄) ဦးတို့သည် အခြေခံမှု (၈) ချက် သဘောတူလက်မှတ်ထိုးထားကြသည်။

၁) အချုပ်အခြာ (Sovereign power) နိုင်ငံတော်အချုပ်အခြာအာဏာဟူသမျှသည် ပြည်သူ့ထံမှသာ ဆင်းသက်စေရမည်။

၂) တန်းတူရေး (Equality) တိုင်းရင်းသားလူမျိုးတိုင်း နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူရည်တူ အခွင့်အရေးရှိရမည်။

၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည်။

၄) ဖက်ဒရယ်ပြည်ထောင်စုများ (Federal principles) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့်ဖွဲ့စည်းထားသော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် အာဏာတူလွှတ်တော်နှစ်ရပ် ထားရှိရမည်။

၅) လူနည်းစုများအခွင့်အရေး (Minority Rights) ပြည်ထောင်စုဖွဲ့ဝင် နိုင်ငံများအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းရမည်။

၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမှု (Democracy Human Right and Gender Equality) ဘာသာအယူဝါဒ၊ အသားအရောင်ကွဲပြားမှုများကို အခြေခံသော ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းရမည်။

၇) ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular state) ဖြစ်ရမည်။

၈) ပါတီစုံဒီမိုကရေစီစနစ် (Multi-party Democracy system) ဖက်ဒရယ်ပြည်ထောင်စု၏ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။

ထိုနှီးနှောဖလှယ်ပွဲကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်ဆောင်များ ချမှတ်ထားခဲ့သော အခြေခံမူများသည် အထက်ပါ (၈) ချက်အပြင် လွတ်လပ်စွာပူးပေါင်းခြင်းနှင့် လွတ်လပ်စွာ ခွဲထွက်ခွင့်နှင့် ပတ်သက်၍လည်း ထည့်သွင်းရန်မလိုကြောင်း၊ ခွဲထွက်ခွင့် ထည့်သွင်းခြင်းမပြုပဲ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်သွားရန် နှီးနှောဖလှယ်ပွဲက သဘောတူချမှတ်ထားကြပါသည်။

အထက်ပါ အခြေခံထားရှိရမည့်အခြေခံမူ (၈) ချက်ပါရှိသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရာတွင် ...

(၁) တိုင်းရင်းသားပြည်သူလူထုများ နိုင်ငံရေးအရ ဒီမိုကရေစီအခွင့်အရေး ဖော်ဆောင်ပေးရေး။

(၂) တိုင်းရင်းသားများ တန်းတူရည်တူ နိုင်ငံရေးအခွင့်အရေး ဖော်ဆောင်ပေးရေး။

(၃) ပြည်သူတရပ်လုံးအခြေခံလူ့အခွင့်အရေး ဖော်ဆောင်ပေးရေး

စသည့် အခွင့်အရေးကြီး (၃) ရပ်ကို ကာကွယ်ပြဋ္ဌာန်း ရေးဆွဲရမည်ဖြစ်သည်။

သို့ ဖြင့်ပါ၍ အခြေခံမူ (၈) ချက် ပါသည်အတိုင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ (MPU)၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (NDF)၊ ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (DAB)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွတ်မြောက်နယ်မြေ (NLD-LA) နှင့် မြန်မာပြည် အမျိုးသမီးများအဖွဲ့ချုပ် (WLB)၊ ဗမာပြည်ကျောင်းသားလူငယ်အဖွဲ့အစည်းများ (SYCB) နှင့် ပြည်သူလူထုအခြေပြုထားသော အဖွဲ့အစည်းများတို့သည် တိုင်းရင်းသားပြည်သူများချမှတ်ပေးနိုင်ရန် အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယမူကြမ်း ကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ၄ နှစ် ကာလအတွင်း အကြိမ်ကြိမ် တိုင်ပင်ဆွေးနွေးကြပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဒုတိယမူကြမ်းကို ရေးဆွဲချမှတ်လိုက်သည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချမှတ်ထားသော ပင်လုံစာချုပ်အခြေခံမူများ၊ အခြေခံကျောရိုးများပါအတိုင်း ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ မြန်မာ၊ ရှမ်း၊ ရခိုင် အမျိုးသားများပြည်နယ် (၈) ခု သတ်မှတ်ပြီး ယနေ့ မျက်မှောက်ကာလ အခြေအနေအရ ပထဝီကို အခြေခံပြုမည့် ပြည်နယ်များ (၄) ပြည်နယ် ရာထားသည့်အပြင်၊ ပြည်နယ်သစ်များအခန်းကဏ္ဍ၊ ပြည်နယ်များ တဆက်တစပ်တည်း နေထိုင်သည့် လူမျိုးတမျိုးသည် ပြည်နယ်တခုတည်းအတွင်း ပါဝင်နိုင်ခွင့်၊ တိုင်းရင်းသားလူမျိုးစုများ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၊ အမျိုးသားနယ်မြေများ၊ သတ်မှတ်နိုင်ရေးသည်အထိရေးဆွဲပြီး တိုင်းရင်းသားပြည်သူများသို့တင်ပြ၍ ဆွေးနွေးစေကာ သတ်မှတ်သွားရန်ဖြစ်သည်။

ယင်းကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေသာလျှင် တိုင်းရင်းသားများတန်းတူရေး၊ ပြည်သူများဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးစုများ အခွင့်အရေး စသည့်ပြဿနာများကိုဖြေရှင်းနိုင်မည်ဖြစ်ပြီး စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသမ္မတနိုင်ငံတော်တည်ဆောက်ခြင်းသည်သာလျှင် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်သစ်ကိုတည်ဆောက်နိုင်မည်ဖြစ်ပေသည်။

အထက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယမူကြမ်းကို အပြည့်အစုံဖော်ပြထားနိုင်ခြင်းမရှိသော်လည်း ဥပမာ အောက်ဖော်ပြပါ ပုံစံဇယားပါအတိုင်း ဖော်ပြအပ်ပါသည်။




**ပြည်သူလူထုများ နိုင်ငံရေး၊ ဒီမိုကရေစီအခွင့်အရေး နှင့် တိုင်းရင်းသားများတန်းတူရေး ဖော်ဆောင်ပေးခြင်း ဥပမာပုံစံဇယား**

## (၁) ပြည်သူလူထုများ ဒီမိုကရေစီအခွင့်အရေးဖော်ဆောင်ခြင်း

တိုင်းပြည်တပြည်တွင် ပြည်သူလူထုသည်သာလျှင် အာဏာအရပ်ရပ်ကို ပိုင်ဆိုင်ထားသော မူလ အာဏာပိုင်ရှင် အစစ်အမှန်ဖြစ်သည်။ အာဏာအရပ်ရပ်သည် ပြည်သူ့ထံမှ ဆင်းသက်စေရမည်။

နိုင်ငံအတွင်းနေထိုင်ကြသည့် သန်း (၅၀) သော ပြည်သူလူထုသည်သာလျှင် မူလ အာဏာပိုင်ရှင် အစစ်အမှန်ဖြစ်သည်။ ပြည်သူလူထု တဦးစီ တန်းတူရည်တူ ပိုင်ဆိုင်ထားသည့် အာဏာကို လက်တွေ့ကျင့်သုံး၍မရပါ။ သို့ဖြစ်၍ လူဦးရေ (၅၀) သန်းရှိသော အာဏာကို တည်ဆောက်ရန် လူဦးရေ တသိန်းလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးကျစီ ရွေးချယ်တင်မြှောက်မည်ဆိုပါက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ပေါင်း (၅၀၀) ဦး ရရှိမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅၀၀) ဦးသည် ပြည်သူလူထုထံမှ အာဏာရရှိထားသော်လည်း လက်တွေ့မကျင့်သုံးနိုင်ပါ။ ပြည်သူ့လွှတ်တော်ကိုခေါ်ယူကျင်းပပြီးမှ ပြည်သူ့လွှတ်တော်က ဝန်ကြီးချုပ်ကို ရွေးချယ်တင်မြှောက်ရမည်။ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ပိုင်ခွင့်ရှိသည်။ ဤသည်မှာ ပြည်သူလူထုထံမှ ပြည်သူလူထုဆီသို့ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား လည်ပတ်ခြင်း ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူဦးရေ သန်း (၅၀) ရှိသည့်အနက် မြန်မာတိုင်းရင်းသား သန်း (၃၀) ရှိပြီး အခြားတိုင်းရင်းသားများအားလုံးမှာ သန်း (၂၀) ရှိမည်ဆိုကြပါစို့။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရွေးချယ်ရာမှာ ဗမာတိုင်းရင်းသားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၃၀၀) ဦးရရှိပြီး၊ အခြားတိုင်းရင်းသားလူမျိုးများအားလုံး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၀၀) ဦးသာ ရရှိနိုင်မည်ဖြစ်သည်။

တိုင်းရင်းသားများမှကိုယ်စားလှယ် (၂၀၀) ဦးသာရပြီး မြန်မာ တိုင်းရင်းသားတမျိုးတည်းမှ လွှတ်တော်ကိုယ်စားလှယ် ပေါင်း (၃၀၀) ဦးရသည်ကို မတရားဘူးဟု ပြော၍မရပါ။ ဤကဲ့သို့ ပြောဆိုပါက လူတဦးချင်း၏ နိုင်ငံရေး ဒီမိုကရေစီပိုင်ခွင့်ကို ဆန့်ကျင်ရာ ရောက်သွားမည်။ ဗမာ တိုင်းရင်းသား သန်း (၃၀) ရှိ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပေါင်း (၃၀၀) ဦး ရရှိခြင်းသည် ပြည်သူလူထုတဦးချင်း၏ တန်းတူရည်တူ အခွင့်အရေး အကောင်အထည်ဖော်ဆောင်ခြင်းပင်ဖြစ်သည်။

ထိုနည်းတူစွာ ပြည်သူလူထုများကို နေ့စဉ်နှင့်အမျှ စီမံအုပ်ချုပ်ရန် ပြည်သူ့လွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ ဝန်ကြီးချုပ်ရွေးချယ်ရာတွင် မြန်မာတိုင်းရင်းသား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသဖြင့် ဝန်ကြီးချုပ်လည်း မြန်မာတိုင်းရင်းသား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထဲမှ အများဆုံးဖြစ်နိုင်ပါသည်။ ထိုနည်းတူ ဝန်ကြီးချုပ်က ဝန်ကြီးအဖွဲ့ (၂၄) ဦး ရွေးချယ်ရာတွင်လည်း မြန်မာတိုင်းရင်းသား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ ဝန်ကြီး (၁၆) ဦးနှင့် အခြားတိုင်းရင်းသား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၈) ဦးသာ ပါမည်ဖြစ်နိုင်ပါသည်။ ဤသည်မှာ ပြည်သူလူထု ထံမှ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် အုပ်ချုပ်ပိုင်ခွင့်သာရသည်။ ဥပဒေပြု ပိုင်ခွင့်မရှိပါ။ အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်သည် ထပ်တူဥပဒေပြုအာဏာ ရှိသဖြင့် မည်သည့်လွှတ်တော်ကမှ လွှမ်းမိုးထားခြင်းမရှိပါ။ ထိုသို့ လွှတ်တော်နှစ်ရပ်သည် ထပ်တူဥပဒေပြုအာဏာ ရှိမှသာလျှင် တိုင်းရင်းသားများတန်းတူရေးကို အကောင်အထည် ဖော်နိုင်မည်ဖြစ်သည်။

## (၂) တိုင်းရင်းသားလူမျိုးများ တန်းတူရေးဖော်ဆောင်ခြင်း

တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးဖော်ဆောင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်း လိုသည်မှာ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ် (၁၂) ပြည်နယ်ရှိသည်ဆိုကြပါစို့။ တပြည်နယ်လျှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၂) ဦးစီရွေးချယ်မည်ဆိုပါက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၄၄) ဦးရှိမည်။ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်နယ်များ (၁၂) ခုနှင့် စုစည်းဖွဲ့စည်းထား သည့်အတွက် ပြည်ထောင်စုတခုလုံး၏သမ္မတသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များထဲမှ ရွေးချယ်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အထွဋ် အထိပ် ဥသျှောင်ကြီးဖြစ်သည့်အပြင် စစ်သေနာပတိချုပ်လည်းဖြစ်သဖြင့် အရေးပေါ်ကာလ တွင် တိုင်းပြည်တခုလုံးကို စီမံခန့်ခွဲ အုပ်ချုပ်ပိုင်ခွင့်သတ်မှတ်ထားသည်။

အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်တို့သည် ထပ်တူဥပဒေပြုအာဏာ သတ်မှတ်ထားသဖြင့် ပြည်သူ့လွှတ်တော်က ဥပဒေပြုပါက အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်က သဘောတူမှသာလျှင် ဥပဒေဖြစ်သည်၊ သဘောမတူပါက ဥပဒေဖြစ်ပိုင်ခွင့်မရှိပါ။ ထိုနည်းတူ အမျိုးသားလွှတ်တော်က ဥပဒေပြုရာတွင်လည်း ပြည်သူ့လွှတ်တော်သို့ ပို့ပေးရမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော်က သဘောတူမှသာလျှင် ဥပဒေဖြစ်သည်။ သဘောမတူပါက ဥပဒေဖြစ်ပိုင်ခွင့်မရှိစေရဟူ၍ ထပ်တူပြုဥပဒေ သတ်မှတ်ထားသည်။ ထို့ကြောင့် လွှတ်တော်တခုနှင့်တခု ထိန်းညှိထားခြင်းဖြင့် တိုင်းရင်းသားများ တန်းတူညီမျှရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

အထက်ပါရှင်းလင်းတင်ပြသကဲ့သို့ မြန်မာပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သည် လူဦးရေ ပိုများပြီး နယ်မြေလည်းပိုကျယ်သည်။ ချင်းပြည်နယ်နှင့် ကရင်နီပြည်နယ်တို့သည် လူဦးရေလည်းနည်းပြီး၊ နယ်မြေလည်းကျဉ်းသည်။ ထို့ကြောင့် အမျိုးသားလွှတ်တော်တွင် (၁၂) ဦးစီရရှိသည်မှာ နစ်နာသည်ဟု မြန်မာနှင့် ရှမ်းတို့ကပြောမည်ဆိုပါက လူမျိုးရေးတန်းတူ ညီမျှမှုကို လက်မခံဘူးလား၊ လူမျိုးရေးတန်းတူညီမျှမှုကို လက်ခံပါက လူဦးရေများပြီး နယ်မြေလည်းကျယ်သော မြန်မာနှင့် ရှမ်းလူမျိုးတို့သည် ပြည်သူ့လွှတ်တော်တွင် မြန်မာ (၃၀၀) ဦး၊ ရှမ်းက (၈၀) ဦး ရရှိပြီး ချင်း (၃၀) ဦးနှင့် ကရင်နီက (၂၀) ဦးသာရရှိသည်။ ပြည်သူ တဦးချင်း ဒီမိုကရေစီနိုင်ငံရေး အခွင့်အရေးရရှိပြီးဖြစ်၍ အမျိုးသားတန်းတူရေး အကောင်အထည်ဖော်ဆောင်ရာတွင် ပြည်နယ်တပြည်နယ်လျှင် အမျိုးသားလွှတ်တော် (၁၂)ဦးစီ အညီအမျှရရှိစေခြင်းသည် အမျိုးသားတန်းတူရည်တူ ဖော်ဆောင်ခြင်းပင်ဖြစ်သည်။

(ဥပမာ - ညီရင်းအကို မောင်နှမများသည် တန်းတူရည်တူရှိပြီး အမွေများခွဲဝေရာတွင် အသက် ၄၀ နှစ်ရှိသော အစ်ကိုကြီးက လယ်မြေဧက (၄၀) ယူမည်။ အလတ် ၂၀ နှစ်က(၂၀) ဧက ယူမည်။ ၁၀ နှစ်အရွယ်ညီအငယ်ဆုံးကို (၁၀) ဧက ခွဲပေးမည်ဆိုပါက ညီအကိုများ တန်းတူရည်တူ မဟုတ်တော့ပါ။)

အထက်ပါကဲ့သို့ သန်း (၅၀) ရှိသော ပြည်သူလူထုတဦးချင်းစီ၏ ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးများတန်းတူအခွင့်အရေးကို ဖော်ဆောင်ပေးခြင်းဖြင့် ပင်လုံစိတ်ဓာတ်၊ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ် တည်ဆောက်ခြင်းသည်သာလျှင် မဟာလူမျိုးကြီးဝါဒ

နှင့် ကျဉ်းမြောင်းသော လူမျိုးရေးဝါဒကို ဖယ်ရှားနိုင်ပြီး တိုင်းရင်းသားလူမျိုးများအချင်းချင်း လူမျိုးကြီးလူမျိုးငယ် ဖိနှိပ်ချုပ်ချယ်သောပုံစံအားလုံးကိုလည်း ဖယ်ရှားနိုင်ပြီး ငြိမ်းချမ်းသာယာဝပြောသော ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကို တည်ဆောက် သွားနိုင်မည်ဖြစ်သည်။

## (၃) ပြည်သူများ အခြေခံအခွင့်အရေးများဖော်ဆောင်ခြင်း

ပြည်သူများ ဒီမိုကရေစီအခွင့်အရေးတွင် နိုင်ငံရေးအရ ဒီမိုကရေစီအခွင့်အရေးနှင့် အခြေခံလူ့အခွင့်အရေးဟူ၍ နှစ်မျိုးရှိသည်။ ပြည်သူများ နိုင်ငံရေးဒီမိုကရေစီအခွင့်အရေးနှင့် ပတ်သက်၍ အပိုဒ် (၁) တွင် ဥပမာ ပုံစံအားဖြင့် ရှင်းလင်းတင်ပြပြီးဖြစ်သည်။

ပြည်သူလူထု အခြေခံလူ့အခွင့်အရေးများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရုပ်သိမ်း၍မရသော အခြေခံလူ့အခွင့်အရေးများအပြင် လွတ်လပ်စွာ အသင်းအဖွဲ့ထူထောင်ပိုင်ခွင့်၊ လွတ်လပ်စွာရေးသား ထုတ်ဝေပိုင်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးဟောပြောပိုင်ခွင့်၊ လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့်၊ လွတ်လပ်စွာ စီးပွားရှာဖွေပိုင်ခွင့် စသည့်အခြေခံအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းထားရမည်ဖြစ်သည်။

# နိဂုံး

# ပင်လုံစိတ်ဓါတ်သည်မှ ပင်လုံသစ္စာဆီသို့

# နိဂုံး
# ပင်လုံစိတ်ဓာတ်သည်မှ ပင်လုံသစ္စာဆီသို့

တိုင်းရင်းသားများဖြစ်ကြသော (ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ မြန်မာ၊ ရှမ်း၊ ရခိုင်) စသော တိုင်းရင်းသားများသည် ရှေးနှစ်ပေါင်းထောင်ချီကတည်းက မိမိကိုယ်ပိုင်နယ်မြေတွင် လွတ်လပ်စွာနေထိုင်လာကြသော ပင်ရင်းဌာနေတိုင်းရင်းသား ညီအကိုများဖြစ်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် သီးခြားစီတည်ရှိသော နယ်မြေများတပြိုင်တည်း လွတ်လပ်ရေးရယူရန်နှင့် တန်းတူရည်တူပြည်ထောင်စုတည်ဆောက်ရန် ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ပေးခဲ့သည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားပြီးနောက် ပင်လုံစိတ်ဓာတ်အခြေခံမှုနှင့် သွေဖည်အားနည်းသွားပြီး ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဋ္ဌာန်းရာ၌ တိုင်းရင်းသားများ တန်းတူရေးကို မဖော်ဆောင်ပေးသဖြင့် ပြည်တွင်စစ်မီး စတင် တောက်လောင် ရခြင်းအကြောင်းများအနက် အဓိကအချက်ပင်ဖြစ်သည်။ ပြည်တွင်း စစ်မီး အရှိန်မြင့်လာသည်နှင့်အမျှ စစ်တပ်အခန်းကဏ္ဍပေါ်လာပြီး နောက်ဆုံးဗိုလ်နေဝင်း ဦးဆောင်သော စစ်အုပ်စု အာဏာသိမ်းယူသည်အထိဖြစ်ပေါ်သည်။ ဖက်ဆစ်စစ်အုပ်စုအုပ်စိုးသည့် နှစ်ပေါင်း (၅၀) ကျော်ကာလတွင် တိုင်းရင်းသားလူမျိုးစုများ အခွင့်အရေးအားလုံး ဆုံးရှုံးသွားသည့်အပြင် ပြည်သူတရပ်လုံး၏ဒီမိုကရေစီအခြေခံလူ့အခွင့်အရေး ဟူသမျှ သည်လည်း လုံးဝဆိတ်သုဉ်းသွားသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ အခြေခံနိုင်ငံရေးပြဿနာသည် ဒီမိုကရေစီလူ့အခွင့်အရေးများ ဆိတ်သုဉ်းခြင်းပြဿနာနှင့် တိုင်းရင်းသားများ တန်းတူရည်တူ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပြဿနာ နှစ်ရပ်ပင်ဖြစ်သည်။ ၎င်းပြဿနာနှစ်ရပ်သည် ပိုက်ဆံတချပ်လို ခွဲခြမ်း၍ မရ ပိုင်းခြား၍ မရပါ။ ဒွန်တွဲလျက်ရှိသည်။

ထိုဒွန်တွဲနေသောပြဿနာနှစ်ရပ်ကို တပြိုင်တည်း ဖြေရှင်းရန်လိုအပ်သည်။ ဒီမိုကရေစီပြဿနာကို သော်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စုပြဿနာကို သော်လည်းကောင်း၊ တခုခုကို ဖြေရှင်းရန် ချန်လှပ်ထားပါက ပြည်တွင်းစစ်မီးသည် ပြီးဆုံးနိုင်မည်မဟုတ်ပေ။ တချိန်မဟုတ်တချိန်တွင် ပြည်တွင်းစစ်မီးအရှိန်အမြင့်လာသည်နှင့်အမျှ စစ်အာဏာရှင် အခန်းကဏ္ဍသည် ပြန်ပေါ်လာပြီး စစ်တပ်အာဏာသိမ်းခြင်း၊ ဒီမိုကရေစီလူ့အခွင့်အရေးဆိတ်သုဉ်းခြင်း သံသရာသည်လည်း နောက်တကျော့လည်မြဲလည်မည်ဖြစ်သည်။

ယနေ့ ဒီမိုကရေစီအရေးတော်ပုံကြီးသည် နှစ်ပေါင်း (၃၀) ကျော်နီးပါးရှိသော်လည်း အရှိန်အဟုန်မြင့်မားဆဲရှိပြီး တိုင်းရင်းသားများတန်းတူရေးတိုက်ပွဲသည် နှစ်ပေါင်း (၇၀) ကျော်ရှိသော်လည်း ထုထည်ကြီးမားစွာတည်ရှိလျှက်ရှိသည်။

ဒီမိုကရေစီအရေးအရှိန်အဟုန်နှင့် တိုင်းရင်းသားများတန်းတူရေးထုထည်ကြီးသည် လှည်းဘီးနှစ်ဘီးကဲ့သို့ အချင်းတူညီဘို့လိုသည်၊ လှည်းဘီးတဘက်သည်အချင်းလေးတောင် ရှိပြီး တဘက်တွင် အချင်းတတောင်သာရှိပါက သွားလိုသောခရီးပေါက်ရောက်နိုင်မည်မဟုတ်ပါ။ ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစုတို့သည်လည်း လှည်းဆွဲ နွားတရှဉ်းကဲ့သို့ အတွဲညီရန်လိုအပ်သည်။

နောက်ဆုံးအနေဖြင့်တင်ပြလိုသည်မှာ ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစုများတို့သည် ပင်လုံစိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံကတိကဝတ် ခံယူချက် အပြည့်အဝဖြင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်သစ်ကြီး တည်ဆောက်သွားရန်ဖြစ်ကြောင်း။

ပင်လုံစိတ်ဓာတ်သည်မှ ပင်လုံသစ္စာဆီသို့ ...

စာရေးပြုစုသူ

ခွန်းမတ်ရ်ကိုဘန်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဟောင်း (၁၉၉၀ ခုနှစ်)

ဖယ်ခုံမြို့နယ်။

# နောက်ဆက်တွဲ
# ဓာတ်ပုံများ

**မြိတိသျှအစိုးရ နန်းရင်းဝန် အက်တလီ ဦးဆောင်သော လန်ဒန်ဆွေးနွေးပွဲသို့ရောက်ရှိလာသော ဗမာပြည်ကိုယ်စားလှယ်ခေါင်းဆောင် ဦးအောင်ဆန်းနှင့် သခင်မြတို့အား ဗမာပြည်ဆိုင်ရာ မြိတိသျှဝန်ကြီး Lord Pethick-Lawrence မှ ကြိုဆိုနှုတ်ဆက်စဉ်**



ပုံ - Hugh Tinker (ed.) (1984), BURMA: The Struggle for Independence (1944 – 1948), Vol. 2

လွတ်မြောက်နယ်မြေရှိ ဒီမိုကရေစီအင်အားစုအဖွဲ့အစည်းများ အမျိုးသားရင်ကြားစေ့ရေးနှင့် ပတ်သက်၍ နှီးနှောဖလှယ်ပွဲအပြီး အမှတ်တရပုံ




ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB ဆဌမအကြိမ် ညီလာခံအပြီး အမှတ်တရပုံ



**ပဉ္စမအကြိမ် NCUB ညီလာခံ ခန်းမတွင် တက်ရောက်နေသည့် ကိုယ်စားလှယ်များပုံ**



**ဒုတိယအကြိမ် ပြည်နယ်များ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ပြုစုရေးဆွဲရေး နှီးနှောဖလှယ်ပွဲတွင် တက်ရောက်ကြသည့် ပြည်နယ်ဖွဲ့စည်းပုံအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မရှင်/ ကော်မတီ ကိုယ်စားလှယ်များပုံ**



## အမျိုးသားပြန်လည်ရင်ကြားစေ့ရေး နှီးနှောဖလှယ်ပွဲတွင် တက်ရောက်ကြသည့် ကိုယ်စားလှယ်များပုံ



# စာချုပ်၊ စာတမ်းများ

## ၁။ အောင်ဆန်း - အက်တလီစာချုပ်

## Conclusions reached in the Conversations between His Majesty's Government and the Delegation from the Executive Council of the Governor of Burma, January 1947. Cmd. 7029

### DOWNING STREET, 27 JANUARY 1947

His Majesty's Government and the Delegation of the Burma Executive Council having discussed all the matters affecting the future relations between Great Britain and Burma which were raised by the Delegation have reached the following agreed conclusions as to the methods by which the people of Burma may achieve their independence, either within or without the Commonwealth, as soon as possible: ---

### 1) The Constituent Assembly

In order that the people of Burma may decide on the future constitution of their country as soon as possible a Constituent Assembly shall be elected instead of a Legislature under the Act of 1935. For this purpose the electoral machinery of the 1935 Act will be used.

Elections will take place in April for the general non-communal, the Karen, and the Anglo-Burman constituencies as constituted under the Act of 1935, and for each constituency two members shall be returned. Any Burma nationals (as defined in Annex A) registered in a general constituency other than one of those mentioned above shall be placed on the register of a general non-communal constituency.

### 2) Transitional Form of Government

During the period of transition the Government of Burma will be carried on as at present under the special powers of Section 139 of the Act of 1935 and the

Temporary Provisions Act of 1945 together with any Orders in Council made thereunder.

If any exceptional circumstances arise which, in the opinion of either Government require special treatment, His Majesty's Government will consider what, if any, alteration can be made to meet such circumstances.

## 3) Interim Legislature

During the interim period there will be a Legislative Council as provided by the Act of 1945. Power will be sought by His Majesty's Government by Order in Council to increase the numbers authorized from 50 to 100.

As soon as the elections to the Constituent Assembly are completed, the Governor will nominate a Legislative Council of 100. It will be drawn from among those elected to the Constituent Assembly with the inclusion of a small number of persons to represent the non-indigenous minorities.

The power of the Legislative Council will be identical with those possessed by the recently dissolved Legislative Council of 50.

## 4) Interim Government

The Executive Council of the Governor will constitute the Interim Government of Burma.

While it is not possible to alter the legal powers of the Executive Council, or of the Governor, which must continue within the framework set out in paragraph 2 above, the Interim Government will be conducted generally in the same manner as the Interim Government of India at the present time, and in particular:---

(a) The Executive Council will be treated with the same close consultation and consideration as a Dominion Government, and will have the greatest possible freedom in the exercise of the day-to-day administration of the country.

The convention exercised during the country the currency of the Act of 1935

as to the Governor presiding at the meetings of the Council of Ministers shall be continued in relation to the Executive Council.

(b) His Majesty's Government agree in principle that the Government of Burma shall have financial autonomy (see Annex B).

(c) Matters concerning Defence and External Affairs will be brought before the Executive Council, which will be fully associated with the disposal of business in such matters.

(d) The Governor will depute to his Counsellor for Defence and External Affairs the day-to-day administrations of those subjects.

Subject only to the limitations inherent in the legal position, the Executive Council will be at full liberty to raise, consider, discuss and decide on any matters arising in the field of policy and administration.

## 5) External Affairs

There shall be appointed forthwith a High Commissioner for Burma to represent the Burmese Government in London. His Majesty's Government will request the Governments of the countries with which Burma wishes to exchange diplomatic representatives to agree to such an exchange.

## 6) Membership of International Organisations

His Majesty's Government will lend their full support to any application by Burma for membership of the United Nations Organisation as soon as Burma's constitutional position makes it possible for such an application to be entertained. In the meantime His Majesty's Government will explore with the Secretary-General how far it is possible for Burma to be represented at any meetings of, or under the auspices of the United Nations Organisation. They will also approach any other international bodies which the Government of Burma may desire, with a view to ascertaining whether Burma can be associated with the work of such

bodies as a member nation or otherwise.

## 7) Defence

(a) In accordance with settled practice all British forces stationed in Burma will remain under the ultimate control of His Majesty's Government.

(b) All Burmese forces will forthwith come under the control of the Government of Burma.

(c) His Majesty's Government have agreed in principle that the GOC in Burma shall become subordinate to the Governor and Government of Burma at the earliest practicable moment, but for the present, until the liquidation of inter-Allied arrangements of Command which cover many countries, the GOC in Burma will remain under SEALF. During this period there will of course be close collaboration between the Governor, the Government of the Burma and the authorities concerned. Appropriate arrangements on similar lines will apply in respect of the naval and Air Services.

(d) The question of assistance in building up the Defence Forces of Burma will be a matter for discussion between the two Governments. His Majesty's Government wish to do their utmost to help the Government of Burma in this matter, but must have regard to their already heavy commitments in other parts of the world.

(e) The question of the retention or use of any British Forces in Burma after the coming into operation of the new Constitution will be a matter for agreement between His Majesty's Government and the Government of Burma.

## 8) Frontier Areas

It is agreed objective of both His Majesty's Government and the Burmese Delegates to achieve the early unification of the Frontier Areas and Ministerial Burma with the free consent of the inhabitants of those areas. In the meantime, it is agreed that the people of the Frontier Areas should, in respect of subjects

of common interest, be closely associated with the Government of Burma in a manner acceptable to both parties. For these purposes it has been agreed:

(a) There shall be free intercourse between the peoples of the Frontier Areas and the people of Ministerial Burma without hindrance.

(b) The leaders and representatives of the peoples of the Frontier Areas shall be asked, either at the Panglong Conference to be held at the beginning of next month or at a special Conference to be convened for the purpose, to express their views upon the form of association with the Government of Burma which they consider acceptable during the transition period: whether –

(i) by the appointment of a small group of Frontier representatives to advise the Governor on Frontier affairs and to have close liaison with the Executive Council; or

(ii) by the appointment of the Frontier Area representative as Executive Councillor in charge of Frontier affairs; or

(iii) by some other method.

(c) After the Panglong meeting, or the special conference, His Majesty's Government and the Government of Burma will agree upon the best method of advancing their common aims in accordance with the expressed views of the peoples of the Frontier Areas.

(d) A Committee of Enquiry shall be set up forthwith as to the best method of associating the Frontier peoples with the working out of the new Constitution for Burma. Such Committee will consist of equal numbers of person from Ministerial Burma, nominated by the Executive Council, and persons from the Frontier Areas, nominated by the Governor after consultation with the leaders of those areas, with a neutral Chairman from outside of Burma selected by agreement. Such Committee shall be asked to report to the Government

of Burma and His Majesty's Government before the summoning of the Constituent Assembly.

## 9) Finance

A number of financial questions have been considered and an agreement has been arrived at as to how these matters should be dealt with, which is set out in Annex B attached hereto.

## 10) Other Matters

A number of other questions will arise for settlement between His Majesty's Government and the Government of Burma connected with the change in the status of Burma. These will be taken up as they arise and will dealt with in the same friendly and cooperative spirit that has marked the present discussions.

Both His Majesty's Government and the Delegates of the Burma Executive Council are convinced that by a continuation of the present method towards their common objective of a free and independent Burma, whether within or without the British Commonwealth of Nations, and they have, therefore, agreed to cooperate in the settlement of all future matters which shall arise between them through the transitional period until Burma's new Constitution comes into operation.

**C. R. Atlee** **Aung San**

Note: The Hon. Thakin Ba Sein and the Hon. U Saw are unable to associate themselves with these conclusions.

## ANNEX A

A Burma National is defined for the purposes of eligibility to vote and to stand as a candidate at the forthcoming elections as a British subject or the subject of an Indian State who was born in Burma and resided there for a total period

of not less than eight years in the ten years immediately preceding either 1st January, 1942, or 1st January, 1947.

C.R.A. A.S.

## ANNEX B

1) His Majesty's Government have agreed in principle that Burma should have financial autonomy.

2) His Majesty's Government have undertaken to do all they can to secure her effective membership, as soon as she is in a position to make the application and should she so desire, of the International Monetary Fund and the International Bank.

3) Burma has received as an interest-free loan approximately 8£ million (net) for the Burma financial year October 1945 September 1946 to September 1947, she should receive a further 7.5£ million (net). His Majesty's Government have now agreed that they will make a further contribution towards this year's deficit on the Ordinary Budget, taking account of any contribution for the Frontier Areas.

4) s regards the Projects Budget (which deals mainly with the governmental trading activities) His Majesty's Government will examine the possibility of a credit with a definite ceiling, without United Kingdom control, but with the fullest exchange of information.

5) His Majesty's Government are prepared to agree in principle to the possibility of converting a part of any interest-free loan into an outright grant in the light of the results of the further joint study of the facts of the financial situation (see next paragraph).

6) It is agreed that there should be a further joint study in Burma of the facts of the financial situation, without commitment on either side. Should further

financial assistance be needed from His Majesty's Government beyond that agreed in paragraphs 3 and 4 of this Annex, this assistance, if given, will be subject to such conditions as may be agreed upon.

C.R.A. A.S.

## ၂။ ပင်လုံစာချုပ်

### Panglong Agreement

### TEXT OF THE AGREEMENT SIGNED AT PANGLONG ON THE 12th FEBRUARY, 1947, BY SHAN, KACHIN, AND CHIN LEADERS, AND BY REPRESENTATIVES OF THE EXECUTIVE COUNCIL OF THE GOVERNOR OF BURMA

A conference having being held at Panglong, attended by certain members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hill, and the Chin Hills, the members of the conference, believing that freedom will be more speedily achieved by the Shans the Kachins and the Chins by their immediate co-operation with the interim Burmese Government, have accordingly and without dissentients agreed as follows:

(I) A representative of the Hill peoples selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples, shall be appointed a Counsellor to the Governor to deal with the Frontier Areas.

(II) The said counsellor shall also be appointed a member of the Governor's Executive Council without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by constitutional convention as

in the case of Defence and External Affairs. The Counselor for Frontier Areas shall be given executive authority by similar means.

(III) The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas, and the Counsellor with all remaining parts of the Frontier Areas, they should by constitutional convention act on the principle of joint responsibility.

(IV) While the Counsellor in his capacity of member of the Executive Council will be the only representative of the Frontier Areas on the Council, the Deputy Counsellor(s) shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

(V) Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

(VI) Though the question of demarcating and establishing a separate Kachin State within a unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part 2 Scheduled Areas under the Government of Burma Act of 1935.

(VII) Citizens of Frontier Area shall enjoy the rights and privileges which are regarded as fundamental in democratic countries.

(VIII) The arrangements accepted in this agreement are without prejudice to the financial autonomy now vested in the Federated Shan States.

(IX) The arrangements accepted in this agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellor(s) the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

## SIGNATORIES

| For the Shan Committee: | For the Kachin Committee: | For the Burmese Govt': |
|---|---|---|
| Sawbwas--- | | |
| Tawngpeng | Sinwa Nawng | Aung San[1] |
| Yawnghwei | Zau Rip (Myitkyina) | |
| North Hsenwi | Dinra Tang | |
| Laikha | Zau La | |
| Mong Pawn | Zau Lawn (Bhamo) | |
| Hsamonghkam | Labang Grong | |
| and representative of | | |
| Panglawng | | |
| Shan people: | For the Chin Committee: [2] | |
| Tin E | U Hlur Hmung | |
| Htun Myint | U Thawng Za Khup | |
| Kya Bu | U Kio Mang | |
| Hkun Saw | | |
| Sao Yape Hpa | | |
| Hkun Htee | | |

1) The text of the Agreement was telegraphed by Aung San to the Secretary of Shan direct in an unnumbered telegram sent from Panglong at 1015 hours on 12 February 1947.

2) The leader of the Chin delegation, Vum Ko Hau, did not sign the agreement because he was still in Government service.

## ၃။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ပထမအကြိမ် ညီလာခံသို့ တင်သွင်းသော စာတမ်း[64]

" နဝတ/ နအဖ အမျိုးသားညီလာခံအတွေ့အကြုံ ရှင်းလင်းချက်"

ဇန်နဝါရီ ၁၅ - ၁၉ ရက်၊ ၂၀၀၁ ခုနှစ်

ပြုစုတင်ပြသူ

ဒယ်နီယယ်အောင်

ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်

နာယက အဖွဲ့ဝင်၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ

### " နဝတ/ နအဖ အမျိုးသားညီလာခံအတွေ့အကြုံ ရှင်းလင်းချက်"

လေးစားအပ်သော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား။

အခုလို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ပြန်လည်ဖွဲ့စည်းခြင်း ပထမအကြိမ် ညီလာခံမှာ နဝတ/ နအဖ အတုအယောင် အမျိုးသားညီလာခံနဲ့ပတ်သက်ပြီး စကားပြောခွင့်ရတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။ ရှေးဦးစွာ ဒီညီလာခံဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များ၊ အထူးသဖြင့် ခွန်မားကိုဘန်၊ စိုင်းတွိ၊ ဆလိုင်းလျန်မှုန်းဆာခေါင်း နဲ့ ဘဏ္ဍာရေး အထောက်အကူရှာဖွေပေးကြတဲ့ ညောင်ရွှေ ညီအစ်ကိုတော်များကို အထူးကျေးဇူးဥပကာယ တင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

နဝတ/ နအဖ စစ်အုပ်စုရဲ့အတုအယောင်အမျိုးသားညီလာခံနဲ့ ပတ်သက်လို့ အားလုံးသိထား ကြတဲ့အတိုင်း ၁၉၉၃ ခု နှစ်ဦးပိုင်းကစပြီး ၁၉၉၅ ခု ဒီဇင်ဘာလမှာ ရပ်နားထားခဲ့ တာဟာ

64 ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ပထမအကြိမ်ညီလာခံ မှတ်တမ်း၊ ဇန်နဝါရီလ ၁၄ - ၁၉ ရက်၊ ၂၀၀၁ ခုနှစ်၊ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် စိုင်းတွိ စုစည်းတင်ပြ၊ စာ - ၉၉

အခုဆိုရင် (၆) နှစ်ထဲရောက်နေပြီဖြစ်ပါတယ်။ ဘာဖြစ်လို့ ရပ်နား ထားရသလဲ ဆိုရင် အကြောင်းရင်းကတော့ ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်များ အားလုံးနီးပါး ဆက်မတက်ကြတော့လို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ နဝတ/ နအဖ နေ့စဉ်သတင်းစာတွေမှာတော့ အမျိုးသားညီလာခံ ဆက်လက်ကျင်းပနေသယောင် မကြာမကြာဖော်ပြနေတာ အခုဆိုရင် အကြိမ်ပေါင်း (၂၀၀) ကျော် (၃၀၀) နီးပါး ရှိသွားပြီးဖြစ်ပါတယ်။ အမျိုးသားညီလာခံ လုပ်ထုံးလုပ်နည်း ပုဒ်မ ၂၇ (က) အရ ညီလာခံကိုယ်စားလှယ် ဦးရေ ထက်ဝက်တက်ရောက်လို့ရှိရင် ညီလာခံအထမြောက်တယ်လို့ ဆိုထားပါတယ်။ ဒီလိုဆိုရင် ညီလာခံကိုယ်စားလှယ်လို့ဆိုတဲ့ ပုဂ္ဂိုလ် (၇၀၀) ထဲမှ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ အရွေးချယ်ခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ် (၉၀) ကျော်လောက် မတက်ရောက်ရုံနဲ့ ညီလာခံတခုလုံးကို ဘာဖြစ်လို့ရပ်ထားရတာလဲ။ အဖြေကရှင်းပါတယ်။ ကျန် (၆၀၀) ကျော်ထဲက အများစုဟာ စစ်အုပ်စုက ၎င်းတို့စိတ်ကြိုက်ရွေးချယ်ထားတဲ့ အတုအယောင် ကိုယ်စားလှယ်များ ဖြစ်ကြလို့ပါဘဲ။

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ (၈) ဖွဲ့ရှိပါတယ်။ အဲတာတွေကတော့ ...

(၁) နိုင်ငံရေးပါတီများ အစုအဖွဲ့

(၂) အရွေးချယ်ခံကိုယ်စားလှယ်များ အစုအဖွဲ့ (လွှတ်တော်ကိုယ်စားလှယ်များ)

(၃) တိုင်းရင်းသားကိုယ်စားလှယ်များ အစုအဖွဲ့

(၄) တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

(၅) အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

(၆) အသိပညာရှင် အတတ်ပညာရှင်များ ကိုယ်စားလှယ်များ အစုအဖွဲ့

(၇) ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့

(၈) ဖိတ်ကြားထိုက်သူကိုယ်စားလှယ်များ အစုအဖွဲ့

တို့ဖြစ်ကြပါတယ်။

သဘာပတိကြီးခင်ဗျာ ...

ညီလာခံကိုယ်စားလှယ် အတော်များများဟာ နိုင်ငံရေးဆိုတာ ဘာမှန်းမသိတဲ့အပြင် ပညာအရည်အချင်းဆိုတာလည်း နတ္ထိ၊ ဗမာစကားတောင် ကောင်းကောင်းနားမလည်ကြရှာပါဘူး။ နမူနာပြရမယ်ဆိုရင် ကျနော်တို့ လားဟူတိုင်းရင်းသားကိုယ်စားလှယ်ဆိုသူ (၂) ဦးဟာဆိုရင် လက်မှတ်တောင် မထိုးတတ်ဖူး။ ဦးကျဒယ်ရဲ့လက်မှတ်ဆိုရင် တုတ်ကောက်ကလေး တချောင်းပဲ။ ဒါတောင် ဦးနေဝင်းကသင်ပေးထားတာလို့ကြားလိုက်သေးတယ်။ အသက်ကလည်းကြီး ကျန်းမာရေးကလည်း ချို့တဲ့တဲ့သူဆိုတော့ တချိန်လုံးလိုလို ဆေးရုံတက်နေရတယ်။ သူတို့ နှစ်ဦးစလုံး အခုမရှိကြတော့ပါဘူး။ သေဆုံးကုန်ကြရှာပါပြီ။ ကျနော်ဆိုလိုတာက အဲဒီလို ပုဂ္ဂိုလ်မျိုးတွေက နိုင်ငံတခုရဲ့အရေးအကြီးဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအခြေခံမူ တွေကို ဘယ်လိုရေးဆွဲကြမှာလဲ။ နဝတ/ နအဖ တို့ကတော့ သူတို့ကိုထောက်ခံမဲ့လူအရေအတွက် များများရှိဘို့ ရည်ရွယ်ချက်တခုတည်းအတွက်နဲ့ အခုလိုခေါ်ထားတာပါ။

နိုင်ငံရေးပါတီများ အစုအဖွဲ့နဲ့ အရွေးချယ်ခံကိုယ်စားလှယ်များအစုအဖွဲ့ကလွဲရင် ကျန် (၆) ဖွဲ့စလုံးကို ဦးဆောင်ပြီး စာတမ်းရေးသားပြုစုသူတွေဟာ နဝတ/ နအဖ တို့သာဖြစ်ပါတယ်။ နိုင်ငံရေးပါတီအစုအဖွဲ့နဲ့ အရွေးချယ်ခံကိုယ်စားလှယ်များအစုအဖွဲ့ နှစ်ခုပေါင်းမှ လူဦးရေ (၁၄၀) လောက်ပဲရှိပါတယ်။ အဲဒီတော့ မဲခွဲလိုက်ရင် ဒီမိုကရေစီစနစ်အရ သူတို့က အမြဲတမ်းအသာစီးရအောင် လုပ်ထားတာပါ။ ဒါကြောင့်မို့လို့ အခြေခံမူတွေ အချက် အလက်တွေ ချမှတ်တဲ့အခါ ဒီမိုကရေစီနဲ့ မကိုက်ညီတဲ့၊ တနည်းအားဖြင့် ပြည်သူ့ဆန္ဒနဲ့ ဆန့်ကျင်တဲ့မူတွေ ဥပဒေတွေ ချမှတ်တာတွေ့ရပါတယ်။ ဥပမာ အခြေခံမူ (၁၀၄) ချက် ထဲမှာဆိုရင် ... " နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး"၊ " ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု နှင့် ခရိုင်အုပ်ချုပ်ရေးတို့တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ်အုပ်ချုပ်ရေး စသည့်တာဝန်များထမ်းဆောင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားများပါဝင်သည်'' လို့ ပါရှိပါတယ်။ အဲဒီအချက်တွေဟာ နိုင်ငံတော်တခုလုံးရဲ့ အုပ်ချုပ်ရေးယန္တယားကို ထိပ်ဆုံးမှ အောက်ခြေအထိ အမြဲတမ်း ချုပ်ကိုင်သွားဘို့ ရည်ရွယ်တာဖြစ်ပါတယ်။ နောက်ပြီး " တပ်မတော်သည် နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့် ရှိသည်" လို့ ပါရှိပါတယ်။ အဲဒီအချက်တွေကတော့

အတင်း အဓမ္မ လုပ်အားပေးစေခိုင်းခြင်း၊ ပေါ်တာ ဆွဲခြင်း၊ မတရားဆက်ကြေးကောက်ခံခြင်း စတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို တရားဝင်ဖြစ်အောင် ပြုလုပ်ဘို့ရည်ရွယ်ပြီး ချမှတ်ထားတာဖြစ်ပါတယ်။

ချမှတ်ထားတဲ့ အခြေခံမူအားလုံးမကောင်းတာတော့ မဟုတ်ပါဘူး။ ကောင်းတာတွေလည်း အများကြီးပါပါတယ်။ ဥပမာ " ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး" စတဲ့ မူတွေဟာ ဒီမိုကရေစီရဲ့ အနှစ်သာရများဖြစ်ပါတယ်။ ဒါပေမဲ့ ဝန်ထမ်းအဖွဲ့အစည်းတခုဖြစ်တဲ့ တပ်မတော်က ပါဝင်စွက်ဖက်မှာဖြစ်တဲ့အတွက် လက်တွေ့အားဖြင့် ဒီမိုကရေစီစနစ်နဲ့ လုံးဝဆန့်ကျင်ဘက်ဖြစ်သွားပြီး စစ်အာဏာရှင်စနစ်သာ ဆက်လက်ရှင်သန်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လဲ ဒေါ်အောင်ဆန်းစုကြည်က သူမ အကျယ်ချုပ်မှ လွတ်လာတဲ့အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်တဖွဲ့လုံးကို ၁၉၉၆ ခုနှစ်တွင် အမျိုးသားညီလာခံမှ ရုတ်သိမ်းလိုက်ခြင်းဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား ...

ကျနော်ဟာ အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်မှ ၁၉၉၄ ခု ဧပြီလ (၉) ရက်နေ့အထိ တက်ခဲ့ပါတယ်။ ဆက်တိုက်တော့ မဟုတ်ပါဘူး။ နှစ်လ သုံးလ ကျင်းပလိုက်၊ နှစ်လ သုံးလ ရပ်နားလိုက်နဲ့ ပြတ်တောင်းပြတ်တောင်း ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက် စနေနေ့က ဖွင့်လှစ်လိုက်တဲ့ အမျိုးသားညီလာခံကို ဇန်နဝါရီလ (၁၁) ရက် တနင်္လာနေ့မှာ ရုတ်တရက်ရပ်နားလိုက်ပါတယ်။ ဘာဖြစ်လို့ ရပ်နားလိုက်ရသလဲ ဆိုတာကို ကိုယ်စားလှယ်တွေ ဘယ်သူမှ မသိကြပါဘူး။ အဲဒီတုန်းက အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးညွန့်က အဖွင့်မိန့်ခွန်းရှည်ကြီးကို တစ်နာရီနီးပါးလောက်ပြောသွားပါတယ်။ သူ့မိန့်ခွန်းရဲ့သုံးပုံနှစ်ပုံဟာ တပ်မတော်ကို ချီးမွမ်းခန်းထုတ်ထားတာဖြစ်ပါတယ်။ " တပ်မတော်ဟာ မြန်မာနိုင်ငံရဲ့တစ်ခုတည်းသောကယ်တင်ရှင်ဖြစ်တယ်။ ဒါကြောင့် တပ်မတော်သည် အနာဂတ် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ထိုက်ထိုက်တန်တန် ပါဝင်ခွင့်ရှိရမည်" လို့အတိအလင်း ကြေညာသွားပါတယ်။ အဲဒါကို မခံမရပ်နိုင် ကြည့်မရတော့

တွဲကျနော်တို့မိတ်ဆွေကြီး ဦးခွန်မားကိုဘန် တစ်ယောက် ဖေဖော်ဝါရီလ (၁) ရက် ညီလာခံ ပြန်လည်ကျင်းပတဲ့အခါ ပေါ်မလာတော့ပါဘူး။ တခါတည်း ထိုင်းနယ်စပ်ဘက်ကို တချိုးတည်းလစ်တော့တာပါပဲ။ ညီလာခံ ဆက်မတက်ချင်တော့ရင် လုပ်လို့ရတာ ဒီတနည်းပဲရှိပါတယ်။ ညီလာခံမတက်ပဲ ကိုယ့်အိမ်မှာဇိမ်နဲ့နှံ့နေမယ် လို့တော့ မကြံလိုက်ပါနဲ့၊ တခါတည်း မော်စကို ရောက်ပြီသာမှတ်။

သဘာပတိကြီးခင်ဗျား...

ညီလာခံလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးကလည်း ခေသူမဟုတ်ပါဘူး။ ညီလာခံစတင်တဲ့နေ့က သူ့ကျေးဇူးရှင် ဗိုလ်ချုပ်တွေအလိုကျ မျိုးညွန့်မိန့်ခွန်းရှည်ကြီးကို အပြည့်အဝ ထောက်ခံလိုက်ပါတယ်။ အဲဒီနောက် ညီလာခံရဲ့ လုပ်ထုံးလုပ်နည်းကိုတော့ ညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်အောင်သိန်းက အသေးစိပ်ရှင်းလင်းသွားပါတယ်။ ညီလာခံလုပ်ထုံးလုပ်နည်းဟာ ကိုယ်စားလှယ်တွေ ဘာမှလုပ်လို့မရအောင် တင်းကြပ်စွာဘောင်ခတ်ထားပါတယ်။ ဥပမာ လုပ်ထုံးလုပ်နည်း ပုဒ်မ ၈ (ခ) မှာ "ညီလာခံကိုယ်စားလှယ်များသည် အစုအဖွဲ့၏သဘာပတိ သို့မဟုတ် ညီလာခံ သဘာပတိအဖွဲ့၏ ညွှန်ကြားချက်များကို လိုက်နာရမည်၊ မလိုက်နာပါက လက်ရှိ ဥပဒေအရ အရေးယူခံရမည်" လို့ပါရှိပါတယ်။ တကယ်မှာတော့ အစုအဖွဲ့ သဘာပ တိတွေရော၊ ညီလာခံ သဘာပတိအဖွဲ့ဝင်အားလုံးကပါ စစ်အုပ်စုရဲ့ညွှန်ကြားချက်တွေကိုပဲ လိုက်နာကြရတာပါ။ မိမိတို့ဖါသာ ဘာညွှန်ကြားချက်မှ ထုတ်ပိုင်ခွင့် လုံးဝ မရှိပါဘူး။

ကျနော်ကိုယ်တိုင် သဘာပတိ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပါတယ်။ ညီလာခံမှာ တင်သွင်းမယ့် စာတမ်းအားလုံးကို ပထမဆုံး ကျိုက္ကစံကွင်း အစုအဖွဲ့အလိုက်အစည်းအဝေးမှာ အရင်ဖတ်ကြားတင်သွင်းရပါတယ်။ အစုအဖွဲ့သဘာပတိတွေက စာတမ်းတွေကို ညီလာခံလုပ်ငန်းကော်မတီထံ ပေးပို့ရပါတယ်။ လုပ်ငန်းကော်မတီထံ မပေးပို့ခင် သဘာပတိတွေက ဘယ်လိုတည်းဖြတ်ရမယ် ဘာတွေမပါစေရ စတဲ့ညွှန်ကြားချက်တွေပေးထားပါတယ်။ ပထမ ပိုင်းမှာတော့ ကျနော်တို့လည်းတိုင်ပင်ပြီး လျှော့လျှော့ပေါ့ပေါ့တည်းဖြတ်ပြီးတော့ လုပ်ငန်းကော်မတီထံ ပေးပို့လိုက်ပါတယ်။ ပြန်ကျလာတဲ့အခါ အများကြီးဖြတ်တောက်ထားတဲ့အတွက် စာတမ်းရှင်တွေက ကျနော်တို့ကိုအထင်မှားပြီး ကက်ကက်လန်ရန်တွေ့တော့တာပေါ့။ နောက်တော့

သေသေချာချာပြန်ရှင်းပြလိုက်တော့မှ သဘောပေါက်သွားကြပါတယ်။ ဖြစ်ပုံက ကျနော်တို့ အရွေးချယ်ခံကိုယ်စားလှယ်အစုအဖွဲ့သဘာပတိ (၅) ဦးစလုံးထဲမှာ ဗမာတယောက်မှမပါတဲ့ အပြင်၊ ဦးမန်းတင်အောင်သန်းမှလွဲရင် ဗမာစကားကိုလည်လည်ဝယ်ဝယ်ပီပီသသလဲ မပြော နိုင်ကြဆိုတော့ စာတမ်းရှင်တွေက " ဒီကောင်တွေကို စစ်အုပ်စုက ဘာတွေကျွေးမွေး ထားပါ လိမ့်" လို့ သံသယစိတ်ရှိနေကြဟန် တူပါတယ်။ နောက်ပိုင်းတော့ အားလုံး အဆင်ပြေ သွား ကြပါတယ်။ စာတမ်းရှင်တွေဒေါသထွက်ဟာ မလွန်ပါဘူး၊ ထွက်လောက် ပါတယ်။ တချို့ စာတမ်းတွေဆိုရင် ဖြတ်တောက်ထားလိုက်တာ သုံးပုံ ပုံ တပုံလောက်ပဲ ကျန်တော့တယ်။ မဖြတ်မတောက် မပြင်မဆင်တဲ့ စာတမ်းရယ်လို့ မရှိပါဘူး။ အဲဒီအပိုင်းအစ စစာတမ်းတွေ ကို စာတမ်းရှင်တွေက ဟိုတပိုင်း ဒီတပိုင်းပြန်လည်စုစည်းရေးသားပြီးမှ သမ္မတအိမ်တော် ဝင်း စည်းဝေးခန်းမဆောင်မှာ သွားဖတ်ရပါတယ်။ စာတမ်းဖတ်မဲ့လူနဲ့ အရံတဦးရဲ့နာမည် စာရင်းပါ ပေးထားရပါတယ်။ တခြားလူတွေဖတ်ခွင့် လုံးဝမရှိပါဘူး။ အဲဒီတော့ ညီလာခံ ကိုယ်စားလှယ်တွေက ကျေနပ်မှုမရှိကြပဲ စိတ်ဆင်းရဲကြရပါတယ်။

နောက်တခါ ပုဒ်မ ၄၅ (ဈ) က ဘယ်လိုဆိုထားသလဲ ဆိုတော့ "ညီလာခံ ကိုယ်စားလှယ်များသည် မိမိတို့၏စာတမ်းများကို ကြိုတင်ပြင်ဆင်ထားသည့်အတိုင်းသာ ဖတ်ကြားတင်သွင်းရမည်။ စာတမ်းတွင် မပါသောကိစ္စရပ်များကို ပြောဆိုခြင်းမပြုရ။ ဖေါက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေအရအရေးယူခြင်းခံရမည်" လို့ပါရှိပါတယ်။ အဲဒီ ပုဒ်မကြောင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ကိုယ်စားလှယ် စိုင်းညွှန့်လွင် သတိပေးခံခဲ့ရပါတယ်။ သူက " ကျနော်တို့ သမိုင်းတရားခံမဖြစ်ဘို့ အရေးကြီးပါတယ်" လို့ ပြောလိုက်မိလို့ဖြစ်ပါတယ်။ အဲဒီ ပုဒ်မကြောင့်ပါပဲ ကရင်နီပြည် ဒီမောဆို မဲဆန္ဒနယ်မှ ဦးခမ်းမောင်ချိုတယောက် ညီလာခံကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ခြင်းခံခဲ့ရပါတယ်။ သူက " ရန်ကုန်မြို့တော်ကြီး မီးထိန်ထိန်လင်းနေတာဟာ လောပီတရေတံခွန်ရဲ့ကျေးဇူးကြောင့်ပါ။ လောပီတ ဓါတ်ကြိုးအောက်မှာ နေထိုင်ကြတဲ့ရွာသူရွာသားတွေကျတော့ ထင်းရှူးမီး၊ ဖယောင်းတိုင်မီး၊ ရေနံမီးခွက်တွေနဲ့ ကြုံသလို နေထိုင်ကြရပါတယ်။ မတရားဘူး ထင်ပါတယ်" လို့ ရင်ဖွင့်လိုက်မိလို့ဖြစ်ပါတယ်။

နောက်တခါ ပုဒ်မ ၄၇ (စ) မှာတော့ " မည်သူမဆို ညီလာခံနှင့် သက်ဆိုင်သောစာရွက်စာတမ်း အားလုံးကို လျှို့ဝှက်စွာထားရှိရမည်။ ညီလာခံ၏ ခွင့်ပြုချက်မရပဲ ပြင်ပသို့မပေါက်ကြားစေရ။ စာတမ်းပါအကြောင်းအချက်များကို ပြင်ပတွင်ပြောဆိုခြင်း၊ ရေးသားပြုစုခြင်း၊ ပုံနှိပ်ထုတ်

ဝေခြင်း မပြုလုပ်ရ။ ဖေါက်ဖျက်ကျူးလွန်သူအား တည်ဆဲဥပဒေ အရအရေးယူမည်” လို့ ဆိုထားပါတယ်။ ဒီပုဒ်မကြောင့် ဒေါက်တာအောင်ခင်ဆင့်တယောက် ညီလာခံကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ခြင်းခံရတဲ့အပြင် ထောင်သွင်းအကျဉ်းချခံခဲ့ရပါတယ်။ သူက သဘောကျတဲ့စာတမ်းတချို့ကိုတပည့်တဦးမှတဆင့် အပြင်မှာ ရိုက်နှိပ်ထုတ်ဝေခဲ့တယ်လို့ သိရပါတယ်။

နောက်တခါ ပုဒ်မ ၄၅ (ည) မှာတော့ “ ညီလာခံကို ဆန့်ပြသည့်အနေဖြင့် တစ်ဦးချင်းသော်ငင်း၊ အစုလိုက်သော်ငင်း၊ အစည်းအဝေးခန်းမဆောင်မှ ထွက်ခွာခြင်း မပြုရ။ ဖေါက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်” လို့ ပါရှိပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တွေ အနေနဲ့ စည်းဝေးမတက်ချင်လို့ရှိရင် မဖျားမနာပါပဲနဲ့ ကျိုက္ကစံကွင်း အဆောင်တွေမှာ နေခဲ့လို့မရသလို အစည်းအဝေးကျင်းပနေတဲ့ သမ္မတအိမ်တော်ဝင်းအပြင်ဘက်ကိုလည်း ထွက်လို့မရပါဘူး။ ဒါပေမဲ့ သူတို့လုပ်နိုင်တာ နည်းတနည်းတော့ရှိပါတယ်။ အိမ်သာထဲမှာ သွားနေပြီး သောင်းပြောင်းထွေလာ အာလူးဖုတ်ကြဖို့ ပါပဲ။ မိန်းမအိမ်သာမှာတော့ ဘယ်လိုရှိသလဲ မသိဘူး။ ယောကျ်ားမှာတော့ အမြဲတမ်းပြည့်လျှံနေတာပဲ။

တနေ့ကျတော့ ကျနော်တို့ သဘာပတိအဖွဲ့က အမိန့်စာတစောင်လက်ခံရရှိပါတယ်။ အစုအဖွဲ့ တိုင်းမှာ ကိုယ်စားလှယ်တွေ ခွင့်ယူတာများလွန်းလို့ ကြည့်ထိန်းကြပါဦးတဲ့။ နောင်ဆိုရင် ခွင့်ယူသူ ၂၀ ရာခိုင်နှုန်းထက်မကျော်စေရဘူး တဲ့။ ကျနော်တို့ ကိုယ့်အဖွဲ့ကိုယ်ရှင်းပြရပါတယ်။ ရှင်းပြလိုက်တော့မှပဲ “ ပိုယူကြပါ” လို့ ပြောလိုက်သလိုပါပဲ။ ငြိမ်းချမ်းရေးယူထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဆိုရင် တဖွဲ့မှာ တဦးလောက်ပဲထားခဲ့ပြီး အားလုံး ကုန်ကူးနေကြတယ် လို့သိရပါတယ်။ ဘာမှဂရုမစိုက်ကြပါဘူး။ တိုင်းရင်းသား ကိုယ်စားလှယ်များတွေက ပိုပြီးခွင့်ယူကြတယ် လို့ သိပါတယ်။ ဒါကြောင့် လုပ်ငန်းကော်မတီက သတိပေးလို့ သဘာပတိတွေကိုခေါ်ယူတဲ့အခါ သဘာပတိ အားလုံးနီးပါးကလဲ ခွင့်ယူထားတာ တွေ့ရတယ် လို့ ပြောပါတယ်။

သဘာပတိကြီးခင်ဗျား ...

အမျိုးသားညီလာခံ တခုလုံးကိုခြုံကြည့်လိုက်မယ်ဆိုရင် အမျိုးသားညီလာခံကျင်းပခြင်းသည် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တွန်းပို့မဲ့အစား စစ်အာဏာရှင်စနစ်ကိုသာ တရားဝင်ဖြစ်အောင်ပြုလုပ်ရန် ကြိုးပမ်းနေတဲ့ နဝတ/ နအဖ တို့ရဲ့လုပ်ရပ်တခုလို့မြင်

ပါတယ်။ တကယ်လို့များ အမျိုးသားညီလာခံသာ လျှောလျှောရှူရှူပြီးစီးသွားပြီး သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခွင့်ရသွားမယ် ဆိုရင် အနာဂတ်မြန်မာနိုင်ငံတော်ရဲ့ ကံကြမ္မာကို တွေးတောင်မတွေးဝံ့စရာပါပဲ။ တဖက်ကြည့်မယ်ဆိုရင်လည်း ညီလာခံတက်နေသူတွေဟာ သက်သက်မဲ့ခေါ်ယူနှိပ်စက်ခံနေရတာနဲ့ အတူတူပါပဲ။ သူတို့တတွေဟာ ဓားစာခံဖြစ်လို့ဖြစ်မှန်းမသိ ဖြစ်နေကြရရှာသူတွေပါ။ နအဖ တွေပြောနေကျ " အစိုးရဉ္စည့်ဂေဟာမှာကောင်းမွန်စွာခေါ်ယူထားပြီး ဆွေးနွေးခံနေကြရသူတွေ" ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို သူတို့ရေးဆွဲကြတာပါ" လို့ လက်ညှိုးထိုးခံဘို့ ခေါ်ယူထားတာ ဖြစ်ပါတယ်။

အဲဒီတော့ နဝတ/ နအဖ တို့ရဲ့ အတုအယောင် အမျိုးသားညီလာခံကိုသော်လည်းကောင်း၊ ထိုအတုအယောင်ညီလာခံကရေးဆွဲပါတယ်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ မြန်မာနိုင်ငံသားအားလုံးနဲ့တကွ ဒီမိုကရေစီလိုလားသော ကမ္ဘာ့နိုင်ငံအားလုံးတို့ကပါ တက်ညီလက်ညီဆန့်ကျင်သွားကြပါစို့ လို့မေတ္တာရပ်ခံသလို၊ နအဖ စစ်အုပ်စုကိုလည်း တိုင်းပြည်၏ ဂုဏ်သိက္ခာနဲ့ပြည်သူလူထုကိုငဲ့ညာသောအားဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ရှေ့ရှုလျက် ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးခြင်းကို အရှိန်အဟုန်မပျက် ဆက်လက်၍ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်သည်အထိ လုပ်ဆောင်သွားကြပါ။ အခုလို စတင်တွေ့ဆုံဆွေးနွေးနေကြပြီ လို့ ကြားသိရတဲ့အတွက် လှိုက်လှဲစွာကြိုဆိုပါတယ်။ အပေါ်ယံ ဆွေးနွေးရုံမဟုတ်ပဲ စေတနာမှန်ဘို့လည်း လိုအပ်ပါတယ်။ တွေ့ဆုံဆွေးနွေးအဖြေရှာတဲ့ နည်းသာလျှင် မြန်မာနိုင်ငံရဲ့ အနာဂတ်ကံကြမ္မာကောင်းကို ဖန်တီးပေးနိုင်မည့် တခုတည်းသောနည်းလမ်းဖြစ်တယ် လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# Biliography

## ကိုးကားမှီငြမ်းသည့် စာအုပ်များနှင့် စာစောင်များ


၁။ ဦးရွှေအုံး (၁၉၉၈) ၊ တတိယပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ (ဘယ်တော့ ဘာ့ကြောင့် ဘယ်လို)၊ သျှမ်းသံတော်ဆင့်သတင်းဌာန၊ ချင်းမိုင်။ (မူရင်းစာတမ်းအား ၁၉၉၃ ခုနှစ်တွင်ရေးသား၍ အမျိုးသားညီလာခံသို့ တင်ပြခဲ့သည်)။

၂။ ဦးအုန်းဖေ (၂၀၁၃)၊ ပင်လုံစစ်တမ်း၊ စာ ၃၄၅ - ၃၄၆

၃။ ဒေါက်တာမောင်မောင် (၁၉၅၉)၊ တို့ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ၊ ပထမအကြိမ်ထုတ်ဝေမှု၊ ×××××၊ စိတ်ကူးချိုချို ပုံနှိပ်တိုက် (ဒုတိယအကြိမ်)၊ ၂၀၁၂ ခုနှစ်။ ရန်ကုန်။

၄။ ဦးဖေခင် (၁၉၉၀)၊ ကိုယ်တွေ့ပင်လုံ၊ ဘာသာပြန်ဆိုသူ (ရဲခေါင်မောင်မောင်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းစာနှင့် ဂျာနယ်လုပ်ငန်း၊(သတ္တမအကြိမ်ထုတ်ဝေမှု)၊ ရန်ကုန်။

၅။ ဦးကျော်ဝင်း၊ ဦးမြဟန်၊ ဦးသိန်းလှိုင် (၁၉၉၀)၊ တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေပထမတွဲ၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်။

၆။ ဦးကျော်ဝင်း၊ ဦးမြဟန်၊ ဦးသိန်းလှုင် (၁၉၉၀)၊ တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ ဒုတိယတွဲ၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်။ စာ ၆၀၄၊ ၆၁၀ - ၆၁၂။

၇။ ရှမ်းပြည်နယ်မှ တင်သွင်းသော ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးစာတမ်း၊ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ တောင်ကြီးမြို့တွင်ကျင်းပသော ပြည်လုံးကျွတ်ညီလာခံကြီးမှ အတည်ပြုသည်။

၈။ ဖဆပလအဖွဲ့ချုပ် ပဏ္ဍာမပြင်ဆင်မှုညီလာခံမှတ်တမ်း။

၉။ ခူးဦးရယ်၊ အမျိုးသားရေးလှုပ်ရှားမှုနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အခန်းကဏ္ဍ တစေ့တစောင်း၊ ပထမအကြိမ် ၂၀၁၄ ဇန်နဝါရီလ၊ ပန်းဝေဝေစာပေ၊ ရန်ကုန်။

၁၀။ ကယားဦးစိန်၊ ၁၉၆၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ပြည်ထောင်စု မြန်မာနိုင်ငံကို အာဏာသိမ်းခြင်းနှင့် ကယားဦးစိန်၏ (လက်ရေးမူ) မှတ်တမ်းများ၊ နေရီရီစာအုပ်တိုက်၊ ၂၀၁၈ ခုနှစ်။

၁၁။ ၁၉၄၇ ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ။ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂ ဖြင့် ပြင်ဆင်ထားသည့်အတိုင်း။)

၁၂။ တင်မောင်ဝင်း (၂၀၀၀)၊ နိုင်ငံရေးသမားနှင့် နိုင်ငံရေး၊ ခေတ်ပြိုင်ဂျာနယ်တိုက် (ပထမအကြိမ်ထုတ်ဝေမှု)၊ ထိုင်းနိုင်ငံတွင်ပုံနှိပ်။

၁၃။ မရန်ဘောက်လာ (၁၉၈၀)၊ ဆမားဒူးဝါဆင်ဝါးနောင်အတ္ထုပ္ပတ္တိ၊ နေရီရီစာအုပ်တိုက်၊ ရန်ကုန်။ စာ ၃၉-၄၀။

၁၄။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ထုတ်၊ ဗမာ့သံတော်ဆင့် သတင်းစာမှ ကောက်နုတ်ချက်။

၁၅။ မိုးကြိုး သတင်းစဉ် (အမှတ် ၆)၊ မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ၊ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ။

၁၆။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ ၁၉၄၅-၁၉၄၇ (၁၉၇၁)၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်။

၁၇။ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပေါင်းချုပ် (၁၉၄၁ မှ ၁၉၄၇ အထိ)၊ ဒို့ကျေးရွာစာပေ၊ ရန်ကုန်။

၁၈။ ၁၉၆၂ ခု၊ ပြည်လမ်းအသံလွှင့်ရုံခန်းမတွင် ကျင်းပပြုလုပ်သော မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုမှုနှင့်ပတ်သက်သော နီးနှောဖလှယ်ပွဲမှတ်တမ်းကြီး။

၁၉။၂၀၀၅ ခု၊ ဖေဖော်ဝါရီလ ၉ - ၁၂ ရက်အထိကျင်းပသောလွတ်မြောက်နယ်မြေရောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအဖွဲ့အစည်းများ နီးနှောဖလှယ်ပွဲကြီး မှတ်တမ်း။

၂၀။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ညောင်နှစ်ပင်ညီလာခံမှ ဖွဲ့စည်းပုံ ရေးဆွဲရာတွင် အခြေခံထားရှိရမည့်မူ ၁၀၄ ချက်နှင့် အသေးစိတ်အခြေခံထားရှိရမည့်မူ များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ။

၂၁။ ဦးထွန်းမြင့် (တောင်ကြီး) (၂၀၁၆)၊ သဲတစ်ပွင့် အုတ်တစ်ချပ် - နိုင်ငံရေးအတွေ့အကြုံများ၊ လောကသစ်စာပေ၊ ရန်ကုန်၊ စာ၂၁၄၊ ၁၉၄ -၂၆၂၊ ၃၂၈ - ၃၂၉၊ ၃၇၁ ။ (မူရင်းစာတမ်းအား ၁၉၈၇ ခုနှစ်တွင်ရေးသားခဲ့သည်)။

၂၂။ ဦးထွန်းမြင့် (တောင်ကြီး) (၂၀၁၃)၊ ဖက်ဒရယ်မူဆိုတာဘာလဲ၊ နေရီရီစာအုပ်တိုက်၊ ရန်ကုန်။ (ဤစာအုပ်တွင်အခန်းတစ်ခုချင်းစီအဖြစ်ပါဝင်သော (၁) ရှမ်းပြည်နှင့်စော်ဘွားစာတမ်းအား ၁၉၅၃ ခုနှစ်၊ (၂) ရှမ်းပြည်ဘယ်လစဲစာတမ်းအား ၁၉၅၆ ခုနှစ်၊ (၃) ခွဲရေးတွဲရေးပြဿနာ နှင့် (၄) ရှမ်းပြည်နယ်၏ နစ်နာချက်များစာတမ်းတို့ အား ၁၉၅၇ ခုနှစ်၊ (၅) ပြည်ထောင်စုတွင်းမှ တန်းတူသောရှမ်းပြည်စာတမ်းအား ၁၉၆၁ ခုနှစ်တွင် စာအုပ်ငယ်များအဖြစ်အသီးသီးမူလက ထုတ်ဝေခဲ့သည်)။

၂၃။ ဦးနု (၁၉၉၈)၊ တာတေစနေသား၊ ရှောဝတီစာပေတိုက်၊ နယူးဒေလီ။ စာ - ၁၁၆။

၂၄။ Government of Burma Act, 1935. SECOND SCHEDULE, AREAS IN BURMA TO WHICH SPECIAL PROVISIONS APPLY, p. 94

၂၅။ Thant Myint-U (2001). The Making of Modern Burma. Cambridge University Press. Cambridge. Pp. 24-25.

၂၆။ Tinker, Hugh, ed. (1983), BURMA: The Struggle for Independence 1944-1948. Volume 1: From Military Occupation to Civil Government, 1 January 1944 to 31 August 1946. Her Majesty's Stationery Office, London.

၂၇။ Tinker, Hugh, ed. (1983), BURMA: The Struggle for Independence 1944-1948. Volume 2: From General Strike to Independence, 31 August 1946 to 4 January 1948. Her Majesty's Stationery Office, London. p. 218, 279,381, 403, 425, 619, 404-405.

၂၈။ Agreement between Burma and Great Britain regarding the Independence of Western Karenni. Signed 21 June 1875. Bilateral treaties, Oxford Historical Treaties, Oxford Public International Law.

၂၉။ The Secretary of State of Burma to Parliament (1947), Report of Frontier Areas Committee Enquiry, 1947, Appendix 1, The Shan States Council, p. 5 – 6

၃၀။ Furnivall (1961), The Gorvernment of Modern Burma, Institute of Pacific Relations, New York

၃၁။ ဆလိုင်းလျန်မှုန်းဆာခေါင်း (၁၉၉၉)၊ ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေးဝါဒမှသည် စစ်မှန်သောပြည်ထောင်စုစနစ်ဆီသို့ (ပထမတွဲ) - ဒီမိုကရေစီရေးနှင့် တန်းတူရေးတိုက်ပွဲကာလအတွင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၏ သမိုင်းဝင်မှတ်တမ်းများ၊ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ချင်းမိုင်။

၃၂။ ဆလိုင်းလျန်မှုန်းဆာခေါင်း နှင့် စိုင်းတွိ (၂၀၀၁)၊ ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးဝါဒမှသည် စစ်မှန်သောပြည်ထောင်စုစနစ်ဆီသို့ (ဒုတိယတွဲ) - ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ပထမအကြိမ်ညီလာခံမှတ်တမ်း ခရစ်သက္ကရာဇ် ၂၀၀၁ ခုနှစ်၊ ဇန္နဝါရီလ ၁၄ ရက်မှ ၁၉ ရက်၊ ပြည်ထာင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ ချင်းမိုင်။

၃၃။ ဦးမြဟန် နှင့် ဦးသန်းလှိုင် (၁၉၉၁)၊ ၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး စတုတ္ထတွဲ၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်။

၃၄။ မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်ညီလာခံမှတ်တမ်း (၁၉၄၇ ခုနှစ်)၊ စာတွဲ ၁၊ အစည်းအဝေးအမှတ် ၁၊ အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်။

## ရေးသားပြုစုသူ၏ ကိုယ်ရေးအကျဉ်း

- ၁၉၄၆ ခုနှစ် ကရင်နီပြည်၊ မိုးဗြဲနယ်၊ လွယ်ယင်းရွာတွင် မွေးဖွားခဲ့သည်။
- ၁၉၆၄ ခုနှစ်၊ အထက်တန်းပညာအောင်မြင်ခဲ့သည်။
- ကယန်း အမျိုးသားစာပေနှင့်ယဉ်ကျေးမှု လုပ်ဆောင်ခြင်းကြောင့် (မဆလ) လက်ထက် စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးအကျဉ်းချခြင်း (၃) ကြိမ်ခံခဲ့ရသည်။
- ၁၉၇၂ ခုနှစ်မှ၊ ၁၉၈၁ ခုနှစ်အထိ မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့သည်။
- ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကာလတွင် ဖယ်ခုံမြို့နယ်နှင့် ကရင်နီပြည်တွင် တက်ကြွစွာ လှုပ်ရှား ပါဝင်ခဲ့သည်။
- ၁၉၈၈ ခုနှစ် ပါတီစုံဒီမိုကရေစီကာလတွင် ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ (D. O. K. N. U) ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူသည်။
- ၁၉၉၀ ခုနှစ်၊ ပါတီစုံရွေးကောက်ပွဲတွင် ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်ရွေးချယ်ခြင်းခံရသည်။
- ၁၉၉၃ ခုနှစ်၊ နဝတ/ နအဖ ကျင်းပပြုလုပ်သော အတုအယောင်အမျိုးသားညီလာခံ သို့ ရွေးကောက်တင်မြှောက်ခြင်းခံရသော အစုအဖွဲ့အနေဖြင့် ပါဝင်တက်ရောက်ခဲ့ပြီး၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်း ဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်ဆိုသည့်အချက်နှင့် ပတ်သက်၍ လုံးဝ လက်မခံနိုင်သဖြင့် ညီလာခံမှ ပထမဦးစွာ ထွက်ခွာလာသူဖြစ်သည်။
- ၁၉၉၃ ခုနှစ်၊ ဧပြီ (၅) ရက်နေ့၊ ကေအဲန်ယူဌာနချုပ် မာနယ်ပလောတွင် ညီလာခံ ကိုယ်စားလှယ်တဦးအနေဖြင့် နဝတကျင်းပပြုလုပ်သောညီလာခံသည် အတုအယောင် ဖြစ်ကြောင်းကို လုပ်ထုံးလုပ်နည်းဥပဒေ၊ နည်းဥပဒေစာအုပ် အထောက်အထားများဖြင့် သက်သေခံပြီး သတင်းစာရှင်းလင်းပွဲတရပ်ပြုလုပ်ခဲ့သည်။

- ၁၉၉၃ ခုနှစ်၊ မေလတွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) အကြံပေး အဖွဲ့ဝင်အဖြစ် စတင်ပါဝင်လာပြီး၊ အထွေထွေအတွင်းရေးမှူးအဖွဲ့တွင်လည်းကောင်း၊ သဘာပတိအဖွဲ့တွင်လည်းကောင်း (၂၀၁၄ ခုနှစ်အထိ) တာဝန်ထမ်းဆောင်လာခဲ့သည်။
- ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့မှစ၍ ၂၀၁၂ ခုနှစ် အထိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) တွင် ဖက်ဒရယ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လာပြီး၊ အနာဂတ်စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံ တည်ဆောက်ရာတွင် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ပြင်ဆင်ရေးဆွဲရေး ကော်မတီတွင်လည်းကောင်း၊ အနာဂတ်ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်း၌ ဦးဆောင်ကြီးကြပ်ရေးကော်မတီတွင်လည်းကောင်း လုပ်ဆောင်လာခဲ့သည်။
- ၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၀ပြည့်နှစ်အထိ ကယန်းအမျိုးသားပါတီ (KNP) နာယက အဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည်။

PYIDAUNGSU INSTITUTE

*for peace & dialogue*

ပြည်ထောင်စုအင်စတီကျူ့သည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ဖွဲ့စည်းတည်ထောင်သည့်
လွတ်လပ်သော အရပ်ဘက်အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊
တရားမျှတရေး၊ တိုင်းရင်းသားများအကြား ပြန်လည်ရင်ကြားစေ့ရေး၊
တန်းတူအခွင့်အရေး ရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက်
ပါဝင်ပတ်သက်သော အဖွဲ့အစည်း အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်ရေးရသည့်အချိန်မှစပြီး ယနေ့အထိ မွန်းကျပ်သော နိုင်ငံရေးအခြေအနေများ၊ သွေးစွန်းသောလူထုလှုပ်ရှားမှုများ၊ အနိဋ္ဌာရုံနှင့် ပြည့်နေသော ပြည်တွင်းစစ် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများနှင့် ရုန်းကန်နေရပြီး ၂၁ ရာစုလို တိုးတက်သောခေတ်ကြီးမှာ မျက်နှာငယ်လေးနှင့် ကမ္ဘာ့အလယ်တွင် ရပ်တည်နေသောနိုင်ငံ ဖြစ်ပါသည်။ ဤပြည်ထောင်စုကို တန်းတူညီမျှ၍ အပြန်အလှန်လေးစားချစ်ခင်မှုရှိကြပြီး ခေတ်မီတိုးတက်သော နိုင်ငံတစ်ခုတည်ဆောက်ရန် ပြည်ထောင်စုဖခင်ကြီးများဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ရည်မှန်းခဲ့ကြပါသည်၊ ခိုင်မာသော နိုင်ငံရေးသဘောတူညီမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် လမ်းညွှန်ချက်များကိုလည်း ချမှတ်ခဲ့ပါသည်။

ပြည်ထောင်စုကို ဘယ်လိုသန္ဓေတည်ခဲ့သလဲဆိုသည်ကို အသိအမှတ်မပြုဘဲ မျက်ကွယ်ပြု နေမည်ဆိုလျှင် ပြည်ထောင်စုကြီးသည် ပြဿနာအဖုံဖုံ၊ ဆင်းရဲဒုက္ခအဝဝနှင့် ဆက်လက် ရင်ဆိုင်နေရအုံးမည် ဖြစ်ပါသည်။ **‘ပင်လုံစိတ်ဓါတ်သည်မှ ပင်လုံသစ္စာဆီသို့’** စာအုပ်သည် တန်းတူသော ပြည်ထောင်စုကြီးကို ဖွဲ့စည်းရန် ကြိုးပမ်းခဲ့ကြသော သမိုင်းဝင်မှတ်တမ်းများကို အကိုးအကား အထောက်အထား မှန်ကန်စွာ တင်ပြထားပါသည်၊

PYIDAUNGSU INSTITUTE
*for peace & dialogue*

EBO MYANMAR